ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၁)

ဘာသာပြန်=လျှမ်းလျှမ်းဝေ

အပိုင်း(၁၂၀၁) လျှို့ဝှက်ရတနာ

ဗုဒ္ဓရှန်းလျူ၏ တိုက်ခိုက်မှုကို တွေ့လျှင် ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက စိတ်သက်သာရာ ရသွားသည်။

ဘယ်လိုနည်းလမ်းနှင့် ဖြစ်ဖြစ် အမှောင်ထု နတ်ဘုရားသားတော်ကို ဟန့်တားနိုင်ရန် ၎င်းတို့က အလိုရှိခဲ့ကြသည်။

သို့ရာတွင် လူတိုင်း ထင်မှတ်မထားသည့်အရာက ဗုဒ္ဓရှန်းလျူက ငါးရုပ်ပုံသစ်သားတုံးဖြင့် အလစ် ရိုက်ချလိုက်ခြင်းပင်။

ဗုဒ္ဓရှန်းလျူ၏ စွမ်းအားကြောင့် အမှောင်ထု နတ်ဘုရားသားတော်က တုံ့ပြန်မှုပင် မလုပ်နိုင်ဘဲ ဖုန်မှုန့်များ အဖြစ်သို့ ပြောင်းလဲသွားပြီး ၎င်း၏ အနက်ရောင် ဝတ်စုံပင် အပိုင်းပိုင်း အစစ ဖြစ်သွားသည်။

"အမ် သေသွားပြီလား"

ဗုဒ္ဓရှန်းလျူက တအံ့တသြ ရေရွတ်လိုက်သည်။

သူက သက်ရှိတစ်ယောက်ကို မတော်တဆ သတ်မိပြီဟု တွေးမိကာ ကြောက်လန့်သွားသည်။

သို့သော် မကြာမီမှာပင် သူက အတွေးလွန်သွားမှန်း သိလိုက်သည်။

သစ်သားတုံးဖြင့် ရိုက်မိသည့် အမှောင်ထု နတ်ဘုရားသားတော်က ခန္ဓာကိုယ် အလွတ်သာ ဖြစ်ပြီး ၎င်း၏ ခန္ဓာကိုယ် အစစ်အမှန်က တခြားနေရာကို ဘယ်အချိန်ကတည်းက ပြေးသွားမှန်းပင် မသိလိုက်ရချေ။

အံ့သြဖို့ကောင်းသည်က အနီးအနားတွင် တစ်ချိန်လုံး ရှိနေသည့် ဗုဒ္ဓရှန်းလျူပင် မသိလိုက်ခြင်းပင်။

ဗုဒ္ဓဘာသာ၏ ခေါင်းဆောင် တစ်ဦးအနေဖြင့် ဤဖြစ်ရပ်က ရှုန်းလျှုအတွက် သိက္ခာကျဆင်းစရာ ဖြစ်နေသည်။

"အနောက် ကောင်းကင်ဘုံရဲ့ အမွေဆက်ခံသူ.. မင်းငါ့အနားမှာ ပုန်းကွယ်ပြီး နေတာကို ငါမသိဘူးလို့များ ထင်နေလား"

အမှောင်ထု နတ်ဘုရား သားတော်၏ အသံက ရုတ်တရက်ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အသံသာ ကြားရသော်လည်း ၎င်း၏ အရိပ်အယောင်ကိုအစအနပင် မမြင်ရချေ။

"သူဘယ်ရောက်သွားတာလဲ"

ကျင့်ကြံသူများက ပတ်ဝန်းကျင်တွင် လှည့်ပတ် ရှာကြည့်သော်လည်း အမှောင်ထု နတ်ဘုရားသားတော်ကို မတွေ့ရပေ။

ဗုဒ္ဓ ရှင်းလျှုံက ဤကိစ္စ၏ လေးနက်မှုကို ရိပ်စားမိပြီးလက်အုပ်ချီ၍ ဂါထာရွတ်ဆိုလိုက်သည်။

ဗုဒ္ဓရှင်းလျှုံ၏ နှုတ်မှ ဂါထာရွတ်ဆိုသံနှင့် အတူ ဗုဒ္ဓရှင်းလျှုံ၏ ခန္ဓာကိုယ်က တောက်ပလာပြီး ပတ်ဝန်းကျင် တစ်ခုလုံးကိုပင် ထွန်းလင်း တောက်ပစေခဲ့သည်။

မူလတွင် ဤမြေအောက်နန်းတော်ကို အမှောင်ထုက ဖုံးလွှမ်းထားသော်လည်း ဗုဒ္ဓ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသောအလင်းရောင်ကြောင့် ပတ်ဝန်းကျင် အမှောင်ထုက ပြိုကွဲသွားခဲ့ပြီ ဖြစ်သည်။

ရှင်းလျှုံက ပြဿနာ၏ လေးနက်မှုကို သိပြီး အမှောင်ထု နတ်ဘုရားသားတော်၏ တည်နေရာကို ရှာဖွေရန် ဗုဒ္ဓဘာသာ၏ သဘာဝလွန် စွမ်းအားများကို ချက်ချင်း အသုံးပြုခဲ့သည်။

"ဗုဒ္ဓဘာသာရဲ့ သဘာဝလွန် စွမ်းရည်တွေအောက်မှာ အရာအားလုံးက ဖုံးကွယ်ထားလို့ မရပါဘူး.. အလင်းက အမှောင်ကို

ဖြိုဖျက်နိုင်တယ် ဆိုပေမဲ့ ငါကတော့ ခြွင်းချက်ပဲ.. မင်းနဲ့ငါက အလင်းနဲ့အမှောင်လို အစွန်းနှစ်ဖက်လိုပဲ.. ငါ့ရဲ့တည်ရှိမှုကအလင်းရောင်ရဲ့ ပြင်ပမှာပဲ.. မင်းရဲ့ကျင့်ကြံမှု အခြေခံက အရမ်း အားကောင်းတယ်.. မှော်စွမ်းအား တစ်ခုထဲနဲ့ ကမ္ဘာကြီးကို မင်းတောက်ပအောင် လုပ်ဆောင်နိုင်တယ်.. ဒါပေမဲ့ငါ့ရဲ့ မှော်စွမ်းအားကို ချိုးဖျက်ချင်တယ် ဆိုရင်တော့ စိတ်ကူးသာ ယဥ်နေလိုက်တော့"

ဗုဒ္ဓ၏ အလင်းရောင်က မြေအောက်နန်းတော် တစ်ခုလုံးကို လင်းထိန်သွားစေပြီး အမှောင်ရိပ်ကို အားနည်းစေသည်။

အမှောင်ထု နတ်ဘုရားသားတော်၏ အသံက အရပ်မျက်နှာပေါင်းစုံကနေ ထွက်ပေါ်လာသည်။

ဗုဒ္ဓ ရှန်းလျူက မျက်မှောင်ကြုတ်သွားသည်။

သူ၏မှော်အစွမ်းတွေက အမှောင်ထု နတ်ဘုရားသားတော် ပုန်းကွယ်နေသည့် နေရာကို ရှာမတွေ့ခဲ့ပေ။

ဒဏ္ဍာရီလာ အမှောင်မျိုးနွယ်စုများက ထာဝရ အမှောင်ထုထဲတွင် မွေးဖွားလာသော သတ္တဝါများဖြစ်ပြီး အလင်းရောင်ဖြင့် ရှာဖွေ၍ မရသော သတ္တဝါများ ဖြစ်သည်။

ဤသည်က ဗုဒ္ဓဘာသာအတွက် ဖြေရှင်း၍ မရသောသဘာဝတရား တစ်ခု ဆိုလည်း မမှားပေ။

"သူ့ခန္ဓာကိုယ်အစစ်က ဘယ်မှာလဲ"

ဗုဒ္ဓရှန်းလျူ၏ တည်ငြိမ်သော နှလုံးသားတွင် စိုးရိမ်သောကများ မလွဲမရှောင်သာ မွေးဖွားလာသည်။

"ရှီး.. "

ရုတ်တရက် ကျယ်လောင်သော အသံကို ကြားလိုက်ရသဖြင့် ဗုဒ္ဓရှန်းလျူက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ယင်းအသံက တိုက်ပွဲတစ်ရာစစ်ဝိညာဉ်(ဝါ) နတ်ဆိုးခန္ဓာကိုယ်ထံမှ

ဖြစ်သည်။

ဖန်ရှင်းက နတ်ဆိုးခန္ဓာကိုယ်၏ တတိယမျက်လုံး စွမ်းအားကို အသုံးပြုလိုက်ရာ တတိယမျက်လုံးထံမှ မှော်ဆန်သောစွမ်းအားများ ထွက်ပေါ်လာပြီး ကောင်းကင်ပေါ်တွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော ပုံရိပ်ယောင် မြင်ကွင်းတစ်ခု ပေါ်ပေါက်လာသည်။

ယင်းမြင်ကွင်းမှာ နေမင်းကို ဖုံးလွှမ်းနိုင်လောက်အောင် ကြီးမားသည့် ရောမသားရဲကြီး တစ်ကောင်က သူ့ရှေ့တွင် ရှိနေသည့် အနက်ရောင် အလုံးကြီးကို မျိုချရန် ဖြည်းဖြည်းချင်း ကြိုးစားနေသော မြင်ကွင်း ဖြစ်သည်။

အကယ်၍ ရောမသားရဲကြီးက ထိုအနက်ရောင် အလုံးကြီးကို မျိုချလိုက်မည်ဆိုလျှင်...

"ရောမသားရဲကြီးက အမှောင်ထု နတ်ဘုရားသားတော်လား"

"သူက ကြောက်စရာကောင်းတဲ့ မှော်အစွမ်းကို သုံးပြီး မြေအောက်နန်းတော် ထဲမှာရှိတဲ့ ဒီကမ္ဘာငယ်လေးကို တိုက်ရိုက်

သိမ်းပိုက်ချင်နေတာလား"

နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်များ ဖြစ်စေ.. ဖုန်းထျန်းမဟာမိတ် အဖွဲ့မှဖြစ်စေ..အားလုံးက ကျောက်တံတား တစ်ဖက်ရှိ လှိုဏ်ဂူအိမ်ကလေး အတွက် အပြိုင်အဆိုင် ဖြစ်နေသော အချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်က ဤနေရာ တစ်ခုလုံးကို သိမ်းပိုက်ရန် ကြိုးစားနေမည်ဟု မည်သူက ထင်မိမည်နည်း။

အနက်ရောင် အလုံးကြီးကို မျိုချလိုက်သည်နှင့် အမှောင်ထု နတ်ဘုရား သားတော်က ဤနေရာ တစ်ခုလုံးကို ထိန်းချုပ်ခွင့် ရသွားမည် ဖြစ်သည်။

"ဒီအကြံအစည်က ကြောက်ဖို့ ကောင်းလွန်းတယ်"

"သူဘာလို့ ဒီလိုလုပ်ရတာလဲ"

"ဒီလုပ်ရပ်က လှိုဏ်ဂူအိမ်လေး ထဲက ပစ္စည်းကို အနှောင့်အယှက် ပေးသလို ဖြစ်သွားမှာ မကြောက်ဘူးလား.. ဒီပစ္စည်းက နောက်ထပ်

နေရာ ရွှေ့သွားရင် ဘယ်လိုလုပ်မလဲ"

ယခုအချိန်တွင် လူတိုင်းက အမျိုးမျိုး ပြောဆိုနေကြသည်။

၎င်းတို့၏ ရင်ထဲမှနေ၍ အတိုင်းအဆမရှိ အံ့သြနေကြသည်။

အချို့လူများကမူ အမှောင်ထု နတ်ဘုရားသားတော်၏ အစွမ်းသတ္တိကြောင့် ထိတ်လန့် တုန်လှုပ်နေကြသည်။

အမှောင်ထု နတ်ဘုရားသားတော်က ကမ္ဘာငယ်လေးကို လွှမ်းမိုးနိုင်စွမ်း ရှိသည်ဟု ခန့်မှန်းရသည်။

ဤမြေအောက်နန်းတော် ကမ္ဘာငယ်လေးက နတ်ဆိုးတွေ ထားရစ်ခဲ့သည့် ကမ္ဘာငယ်လေး ဖြစ်သည်။

နှစ်ပေါင်း ထောင်သောင်းမက ကုန်လွန်သွားသော အခါတွင် ၎င်းက အချိန်နှင့်အမျှ ပျက်စီးလာပြီး ထျန်းယွမ်တိုက်၏ တည်ရှိမှု နှင့်

တဖြည်းဖြည်း ရောနှောသွားခဲ့သည်။

ထိုကဲ့သို့ တည်ရှိမှုကို အမှောင်ထု နတ်ဘုရားသားတော်က မည်ကဲ့သို့ မျိုချရန် ကြိုးစားနေပါသနည်း။

အမှောင်ထု နတ်ဘုရားသားတော်၏ ဤလုပ်ရပ်ကို သူတော်စင်ငယ်များက တုန်လှုပ်နေကြပြီး အင်မော်တယ်သတ်ဖြတ်ခြင်း ဓားအစီအရင်ထဲ ဝင်ရောက်တာထက်ပင် ပို၍ အန္တရာယ်များသည်ဟု ကောက်ချက်ချလိုက်ကြသည်။

သူတော်စင်ငယ်များက အင်မော်တယ် သတ်ဖြတ်ခြင်း အစီအရင်ထဲသို့ ဝင်ရောက်လျှင် ၎င်းတို့၏ အော်ရာကြောင့် လှိုဏ်ဂူအိမ်လေးထဲရှိ နတ်ပစ္စည်းများ ထွက်ပြေးသွားမည်ကို ကြောက်ရွံ့နေကြသည်။

"သူက ချောက်အောက်ခြေမှာ ရှိနေတယ်"

ဖန်ရှင်း..လုဖုန်းရှန်းနှင့် ရှောင်ရွှယ်တို့က တစ်ချိန်တည်းမှာပင်

ရှန်းလျူကို သတိပေးလိုက်သည်။

တခြားသူတွေက ကောင်းကင်ပေါ်ရှိ မြင်ကွင်းကို အကြမ်းဖျင်းလောက်သာ ခန့်မှန်းနိုင်သော်လည်း သူတို့ သုံးယောက်ကမူ ထိုထက်ပို၍ မှန်းဆနိုင်ခဲ့ကြသည်။

ယင်းမှာ ဖန်ရှင်းက နတ်ဆိုးဦးခေါင်းဆီမှ ဘယ်မျက်လုံးအမွေအနှစ်ကို ရရှိထားသောကြောင့် ဖြစ်သည်။

လုဖုန်းရှန်းကမူ နတ်ဆိုးစစ်မြေပြင်တွင် ကျင့်ကြံခဲ့သောကြောင့် သူ၏ ဝိညာဉ် အသိစိတ်ထက် ကျော်လွန်သော ဤကမ္ဘာငယ်လေးနှင့် ဆက်စပ်မှု ရှိနေခဲ့သည်။

ရှောင်ရှယ် မှန်းဆနိုင်ခဲ့သည့် အကြောင်းရင်းကိုမူ အတိအကျ မသိရသော်လည်း သူတို့ သုံးယောက်လုံးက အမှန်တရားကို တစေ့တစောင်း သိထားကြသည်။

အမှောင်ထု နတ်ဘုရားသားတော်က ဤကမ္ဘာငယ်လေး၏

အလယ်ဗဟိုချက် နေရာကို သိမ်းပိုက်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

ယင်းက ရွှေကျီးကန်းတို့လူစု ရှောင်ချန်းကမ္ဘာကို သိမ်းပိုက်ဖို့ ကြိုးစားသည်နှင့် ဆင်တူသည်။

ရှရှောင်ချန်းကမ္ဘာ၏ ပင်မဗဟိုချက်နေရာရှိ အစီအရင်ကို ဖြိုခွဲပြီးနောက် ရွှေကျီးကန်းက ရှောင်ချန်းကမ္ဘာ၏ သခင်အသစ်ဖြစ်လာသည်။

ယနေ့တွင် အမှောင်ထု နတ်ဘုရားသားတော်ကလည်း ရွှေကျီးကန်းကဲ့သို့ မြေအောက်နန်းတော် ကမ္ဘာငယ်လေးကို သိမ်းပိုက်ရန် ကြိုးစားနေခြင်းပင်။

ထို့ကြောင့် ကမ္ဘာငယ်လေးကို လွှမ်းခြုံနေသော ရောမသားရဲကြီး၏ ပုံရိပ်က ကောင်းကင်ပေါ်တွင် ရှိနေခြင်း ဖြစ်သည်။

ထိုသို့ အမှန်တရားကို မြင်နိုင်ခဲ့လျှင်ပင် ဖန်ရှင်းနှင့် အခြားသူများ နားမလည်နိုင်ဖြစ်နေသော မေးခွန်းများရှိသည်။

ထိုသို့ လုပ်ဆောင်ခြင်းက နတ်ပစ္စည်းကို ထွက်ပြေးအောင် တမင်တကာ လှုံ့ဆော်သလို ဖြစ်နေပါသလော။

ထိုအတွေးမျိုး ဝင်ရောက်လာသည်နှင့် ကျင့်ကြံသူများက အင်မော်တယ် သတ်ဖြတ်ခြင်း ဓားအစီအရင် ရှိနေသည့် ကျောက်တံတားကို ကြည့်လိုက်ကြသည်။

သို့သော် သိပ်မကြာခင်မှာပင် သူတို့က အဖြေရသွားကြသည်။

"ဝှစ် ဝှစ် ဝှစ်"

အစီအရင်၏ အနီးတစ်ဝိုက်တွင် ရောင်စုံအလံငါးခု ရုတ်တရက် ပေါ်ပေါက်လာသည်။

၎င်းအလံမှ ထွက်ပေါ်လာသော စွမ်းအားများက အစီအရင်ကို ထိန်းချုပ်လိုက်သဖြင့် အစီအရင်က တဆက်ဆက် တုန်ခါသွားသည်။

အင်မော်တယ် သတ်ဖြတ်ခြင်း ဓားအစီအရင်ထဲမှနေ၍ အပြင်ဘက်သို့ ယင်တစ်ကောင်ပင် မထွက်နိုင်တော့ချေ။

ရှင်းလင်စွာဆိုရလျှင် အစီအရင်က လှိုဏ်ဂူအိမ်လေးထဲသို့မည်သို့မျှ လှုံ့ဆော်မှု မလုပ်နိုင်တော့ချေ။

ယင်းအတွက်ကြောင့် နတ်ပစ္စည်းကလည်း ထွက်ပြေးစရာအကြောင်း မရှိတော့ပေ။

"အကျဥ်းစံ နှလုံးသားချောက်ကမ်းပါးရဲ့ လျှို့ဝှက်ရတနာ.."

အလံပေါ်ရှိ အော်ရာကို သတိပြုမိသည်နှင့် ဖန်ရှင်း၏ မျက်လုံးက ရုတ်တရက် အေးစက်သွားသည်။

"မိစ္ဆာလေး.. ဒီအတွက် မင်းကို ကျေးဇူးတင်ရမယ်..မင်းသာ အကျဥ်းစံ နှလုံးသား ချောက်ကမ်းပါးကို မဖြိုခွင်းနိုင်ခဲ့ရင် ဒီလျှို့ဝှက်ရတနာက ငါ့လက်ထဲကို ရောက်မှာ မဟုတ်ဘူး"

အမှောင်ထု နတ်ဘုရားသားတော်၏ လေသံက တိုးညင်းစွာထွက်ပေါ်လာသည်။

ဖန်ရှင်းက အကျဉ်းစံနှလုံးသား ချောက်ကမ်းပါးကို ဖြိုခွင်းခဲ့သော်လည်း နတ်ဘုရားဘုရင် နှစ်ပါး၏ လိုက်လံ သတ်ဖြတ်မှုကြောင့် အကျဉ်းစံ နှလုံးသား ချောက်ကမ်းပါး၏ ရတနာများကို ကောင်းစွာ မရိတ်သိမ်းနိုင်ခဲ့ပေ။

ယခုတော့ အမှောင်ထု နတ်ဘုရားသားတော်က ဤလျှို့ဝှက်ရတနာကို အင်မော်တယ် သတ်ဖြတ်ခြင်း ဓားအစီအရင်ကို တားမြစ်ရာတွင် အသုံးပြုခဲ့သည်။

အခက်အခဲတချို့ ရှိသော်လည်း ၎င်း၏လုပ်ရပ်က အောင်မြင်မှု ရှိသည်ဟု ဆိုရမည်။

ယခုဆိုလျှင် ပင်မအူတိုင်၏ အစီအရင်ကို ရှာဖွေဖြေရှင်းပြီး ဤမြေအောက်နန်းတော် ကမ္ဘာငယ်လေးကို သိမ်းပိုက်ရန်သာ ကျန်ရှိတော့သည်။

"ဒါက ငါ့ထက်တောင် ကြမ်းနေတာပဲ.. ဒီကောင်က ကမ္ဘာငယ်တစ်ခုကိုတောင် တိုက်ရိုက် ဓားပြတိုက်နေတယ်"

ဖန်ရှင်းက ထိုသို့ တွေးမိလိုက်ပြီး ဗုဒ္ဓရှန်းလျူကို လှမ်းကြည့်ကာ အော်ဟစ် အမိန့်ပေးလိုက်သည်။

"ရှန်းလျူ.. သူ့လုပ်ရပ်ကို ချက်ချင်းဟန့်တားလိုက်"

အပိုင်း(၁၂၀၁) ပြီး၏

အပိုင်း(၁၂၀၂) နေလဆေးလုံးသောက်သုံးခြင်း

မြေအောက်နန်းတော် ကမ္ဘာငယ်လေးရှိ သူတော်စင်ငယ်များနှင့် ကျင့်ကြံသူ အားလုံးက အမှောင်ထု နတ်ဘုရား သားတော်၏ ရည်ရွယ်ချက်ကို သိရှိပြီးနောက် တုန်လှုပ်သွားကြသည်။

ရှန်းလျူက ဖန်ရှင်း၏ အမိန့်ပေးမှုကို ရရှိပြီး မျက်နှာပေါ်တွင် လေးနက်သော အမူအရာများ ပေါ်ပေါက်လာသည်။

သူက မတုံ့ဆိုင်းဝံ့ဘဲ ချောက်အောက်ခြေသို့ ဆင်းသက်လိုက်သည်။

ဗုဒ္ဓရှန်းလျူက အမှောင်ထု နတ်ဘုရား သားတော် မြေအောက် နန်းတော် ကမ္ဘာငယ်လေးကို မသန့်စင်မီ ပင်မအူတိုင်ကို ရှာဖွေရမည် ဖြစ်သည်။

ထိုသို့ မဟုတ်လျှင် ၎င်းတို့အားလုံးက မြေမမြုပ်ရဘဲ သေဆုံးသွားရလိမ့်မည် ဖြစ်သည်။

ရှန်းလျူက အရှိန်အဟုန်ဖြင့် ချောက်အောက်ခြေသို့ ဆင်းသက် လိုက်သော်လည်း ချောက်ထဲမှ နတ်ဆိုးစွမ်းအင်များက ရုတ်တရက် သိပ်သည်းစွာ ထွက်ပေါ်လာရာ ရှန်းလျူက ချက်ချင်းပင် ပြန်ထွက်လာခဲ့သည်။

အဆုံးမရှိ ညစ်ညမ်းနေသော နတ်ဆိုးစွမ်းအင်များကြောင့်

ဗုဒ္ဓရှန်းလျူ၏ သက်န်းတော်ပင် အနည်းငယ် စွန်းထင်သွားသည်။

"ငါ.. မဆင်းနိုင်ဘူး..."

ယခုအချိန်တွင် ရှန်းလျူ၏ အမူအရာက တကယ်ကို လေးနက်နေသည်။

သူက ချောက်အောက်ခြေရှိ နတ်ဆိုးစွမ်းအင်ကြောင့် ပြန်ထွက်လာခဲ့ရသော်လည်း အလွန်ဆိုးရွားသော ပြဿနာတစ်ခုကိုမူ နားလည်ခဲ့သည်။

မြေအောက်နန်းတော် ကမ္ဘာငယ်လေးက မူလက နတ်ဆိုးများနေထိုင်သည့် နေရာ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓ ချဥ်းကပ်သည့်အခါတွင် မသိစိတ်ကနေ တန်ပြန်တိုက်ခိုက်ခဲ့ခြင်းပင်။

ဗုဒ္ဓ၏ အလင်းစွမ်းအားနှင့် နတ်ဆိုးများ၏

မော်စွမ်းအားကသဘာဝအတိုင်း ရန်သူများပင် ဖြစ်သည်။

ဗုဒ္ဓရှန်းလျူက အမှောင်ထု နတ်ဘုရားသားတော်၏ ခွန်အားကြောင့် သူကိုယ်တိုင် သီးသန့် စောင့်ကြည့်ခဲ့သော်လည်း အမှောင်ထု နတ်ဘုရားသားတော်က ၎င်းကို အခွင့်အရေးကို ယူကာ လွတ်မြောက်ရန် ကြိုတင် ပြင်ဆင်ထားခဲ့သည့်အပြင် ဤမြေအောက်နန်းတော် ကမ္ဘာငယ်၏ အူတိုင်ကိုပင် သန့်စင်နေခဲ့သည်။

တခြားသူတွေအနေဖြင့် နတ်ဆိုးစွမ်းအင်ကို အနှောင့်အယှက် မဖြစ်နိုင်သော်လည်း ဗုဒ္ဓဘာသာကတော့ ခြွင်းချက် ဖြစ်သည်။

ထိုအင်အားနှစ်ခုက ရေနှင့်မီး၏ သဘာဝနှင့် ဆင်တူသည်။

"အစ်ကိုတော်..."

ရှန်းလျူက ခေါင်းမော့လိုက်ပြီး ဖန်ရှင်းကို အော်ခေါ်လိုက်သည်။

"ငါလာပြီ.."

ဖန်ရှင်းက ရှန်းလျူ၏ အသံကိုကြားသည်နှင့် ချက်ချင်းပင်နားလည် သဘောပေါက်သွားပြီး ချောက်နက်ထဲသို့အပြေးအလွှား သွားရန် ပြင်လိုက်သည်။

ဖုန်းထျန်းမဟာမိတ် အဖွဲ့၌ ရှန်းလျူက လွဲလျှင် အမှောင်ထုနတ်ဘုရား သားတော်ကို တားဆီးရန် အသင့်တော်ဆုံးလူမှာ ဖန်ရှင်း.. လုဖုန်းရှန်း နှင့် ရှောင်ရှွယ်တို့သာ ရှိသည် မဟုတ်ပါလား။

ဤကမ္ဘာငယ်လေးက နတ်ဆိုးများ ထားရစ်ခဲ့သည့် ကမ္ဘာငယ်လေးဖြစ်ရာ နတ်ဆိုးများ၏ အမွေအနှစ်ဟုပင် ဆိုရမည်။

ထို့ကြောင့် ဤကမ္ဘာငယ်လေး၏ ပိုင်ရှင် ဖြစ်လာလျှင် နတ်ဆိုးများ၏ အမွေအနှစ် တစ်စိတ်တစ်ပိုင်းကို အမွေဆက်ခံခြင်းဟု ဆိုနိုင်ပေသည်။

"ဟားဟား..ဘယ်သူမှ သွားလို့မရဘူး.."

ချောက်နက်ထဲ ဆင်းခါနီး အချိန်တွင် ဖန်ရှင်း၏ ပတ်ပတ်လည်၌ လှောင်ပြောင် ရယ်မောသော အသံများ ထွက်ပေါ်လာသည်။

ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများ သာမက နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်များကလည်း အရေးပါသော အချိန်ကာလကို ရောက်ရှိနေပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။

နေလဆေးလုံးကို မျိုချရန် တုံ့ဆိုင်းနေသော ၎င်းတို့က နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခု ချခဲ့သည်။

"ဒီအမွေးတိုင် တစ်တိုင်စာ အချိန်က အောင်ပွဲ ဒါမှမဟုတ် ရှုံးနိမ့်မှုကို ဆုံးဖြတ်ပြီး နတ်ဘုရား နန်းတော်နဲ့ ထျန်းယွမ်တိုက်ရဲ့ကံကြမ္မာကို အဆုံးအဖြတ် ပေးသွားမှာပဲ.. ငါတို့ တွန့်ဆုတ်နေလို့ မရတော့ဘူးနဲ့ တူတယ်"

ထိုအတွေးမျိုး ဝင်ရောက်လာသည်နှင့် ဟွာမိန်အာ.. ဝူရှန်းကျီနှင့် လီဟော်တို့၏ မျက်နှာက ပြာနှမ်းသွားသည်။

၎င်းတို့က နေလဆေးလုံးကို ယခုအချိန်အထိ မသောက်ရသေးပေ။

ယခုအခါတွင် ၎င်းတို့အတွက် ရွေးချယ်စရာ မရှိသည့် အခြေအနေကို ရောက်ရှိနေသည်။

ဤအချိန်မှ မသောက်လျှင် အန္တရာယ်က ၎င်းတို့ဆီသို့ ကျရောက်လာမည်မှာ သေချာသလောက်ပင် ရှိနေသည် မဟုတ်ပါလား။

"ငါတော့ ဆေးလုံးကို သောက်ပြီ"

ဟွာမိန်အာက သက်ပြင်းချကာ နေလဆေးလုံးကို သောက်လိုက်သည်နှင့် သူမ တစ်ကိုယ်လုံးရှိ အော်ရာက ချက်ချင်းပြောင်းလဲသွားသည်။

"ဝုန်း"

ဖော်မပြနိုင်သော အော်ရာက သူမ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည်။

ထိုအော်ရာက နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံထားသည့် အော်ရာမျိုး ဖြစ်နေသည်။

တစ်ချိန်တည်းမှာပင် သူမ၏ မျက်လုံးနှစ်ဖက်က တောက်ပလာသည်။

သူမ၏ ဦးခေါင်းထက်တွင် နေနှင့်လ၏ စွမ်းအားက အဆုံးမရှိ လှည့်ပတ်နေသည်။

ဝမ်ချင်းက နူးညံ့သိမ်မွေ့သော မိန်းကလေး ဖြစ်သော်လည်း သူတပါးကို တိုက်ခိုက်သည့် အခါမျိုးတွင် ရက်ရက်စက်စက်တိုက်ခိုက်တတ်သူ ဖြစ်သည်။

ထို့ကြောင့် သူမ၏ တိုက်ကွက်တွေက အားမာန်ပါပြီး အတော်ပင်

ပြင်းထန်သည်။

ရုတ်တရက် သူမနှင့် တိုက်ခိုက်နေသော ဟွာမိန်အာက နေလဆေးလုံးကို သောက်သုံးကာ စွမ်းအားများ အဆမတန်တိုးပွားလာသည်။

ဝမ်ချင်းက ဘီးနှစ်ဖက်ဖြင့် ဟွာမိန်အာ၏ ကိုယ်ပွားပျားများကို အသားပြားဖြစ်အောင် ချေမွပစ်နိုင်သော်လည်း ဟွာမိန်အာ၏ သွယ်လျသော လက်နှစ်ဖက်ကိုတော့ မရှောင်တိမ်းနိုင်ခဲ့ပေ။

"ဝုန်း"

ဝမ်ချင်းက ဟွာမိန်အာ၏ လက်ဝါးရိုက်ချက်ကြောင့် ဆယ်ပေခန့် လွင့်စင်သွားသည်။

"ဟင်းဟင်း.. ထျန်းယွမ်တိုက်ရဲ့ ကျွန်စုတ်မ.. ငါတို့ နတ်ဘုရားသတ္တဝါတွေကို ယှဉ်နိုင်မယ်လို့ နင့်ကိုယ်နင် ထင်နေလား"

ဟွာမိန်အာက သူမ၏ တောက်ပသော မျက်လုံးများဖြင့် ဝမ်ချင်းကို စေ့စေ့ကြည့်ကာ လှောင်ပြောင်လိုက်သည်။

"ဟက်.. နင်တို့ နတ်ဘုရား သတ္တဝါတွေကမှ ငါတို့ရဲ့ကျွန်တွေဟဲ့.. ကောင်မရဲ့"

ဝမ်ချင်းက ဟွာမိန်အာ၏ လက်ဝါးရိုက်ချက် မိထားသော်လည်း တစ်စက်မှ ကြောက်ရွံ့ခြင်းမရှိဘဲ ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"သေလိုက်စမ်း"

ဟွာမိန်အာက ဒေါသအိုး ပေါက်ကွဲသွားပြီး ထူးဆန်းသော အနက်ရောင်ဓားရှည် တစ်ချောင်းကို ထုတ်ယူကာ ဝမ်ချင်းကိုတိုက်ခိုက်လိုက်သည်။

"ဝုန်း ဝုန်း"

ယင်းအချိန်တွင် သူမတို့နှင့် မနီးမဝေးရှိ ဝူရှန်းကျီနှင့်

လီဟော်တို့ကလည်း နေလဆေးလုံးကို မျိုချလိုက်ကြပြီ ဖြစ်သည်။

၎င်းတို့နှစ်ယောက်၏ အော်ရာက ကောင်းကင်ထိပင် ထိုးတက်သွားပြီး ခွန်အားက အဆမတန် တိုးပွားလာသည်။

နေလဆေးလုံးကို တစ်ဝက်ခန့်သာ သောက်သုံးခဲ့သည့် မရဏနတ်ဘုရား သားတော် တိုင်ယွမ်ထက်ပင် ၎င်းတို့၏ ခွန်အားကပို၍ ကြောက်စရာ ကောင်းနေသည်။

ကူဟဲနှင့် ပါရမီရှင်ဓားသမားကမူ နေလဆေးလုံးကို မသောက်သုံးခဲ့ပေ။

အကြောင်းရင်းမှာ ၎င်းတို့က လူသားများ ဖြစ်သောကြောင့် နေလဆေးလုံး၏ စွမ်းအားကို ခံနိုင်ရည် မရှိသောကြောင့်ပင်။

ဟွာမိန်အာ.. ဝူရှန်းကျီနှင့် လီဟော်နှင့် တိုင်ယွမ်တို့ကမူ ခွန်အားအဆမတန် တိုးတက်လာပြီးနောက် ရှူးသွပ်လုနီးပါး တရကြမ်း တိုက်ခိုက်နေကြသည်။

တိုက်ပွဲ၏ချိန်ခွင်လျှာက ရုတ်ခြည်း ပြောင်းလဲသွားပြီး ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက ဖရိုဖရဲ ဖြစ်လာသည်။

အစီအရင်၏ ထောက်ပံ့မှုသာ မပါလျှင် ၎င်းတို့၏ အခြေအနေက ထိုထက် ဆိုးရွားသွားလိမ့်မည် ဖြစ်သည်။

"အခြေအနေ မကောင်းတော့ဘူး.."

ဖန်ရှင်းနှင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ လူများက စိုးရိမ်ထိတ်လန့်နေကြပြီ ဖြစ်သည်။

လက်ရှိတိုက်ပွဲ၏ အခြေအနေအောက်တွင် ၎င်းတို့က သူတော်စင်ငယ်များကို အနိုင်ယူပြီး အမှောင်ထု နတ်ဘုရားသားတော်ကို တားဆီးရန်မှာ သဘာဝအားဖြင့် မဖြစ်နိုင်သလောက် ခက်ခဲနေသည်။

"ဒီအတိုင်းသာ ဆက်သွားနေရင်တော့ ရှုံးမှာ သေချာတယ်"

ယင်းအချိန်ကို အခွင့်ကောင်းယူကာ အမှောင်ထုနတ်ဘုရားသားတော်က နှောင့်နှေးမနေဘဲ အနက်ရောင်အလုံးကြီး(၀)) မြေအောက်နန်းတော် ကမ္ဘာငယ်လေး၏ထက်ဝက်နီးပါးကို မျိုချလိုက်သည်။

မူလကတည်းက အစွမ်းထက်သော သူတော်စင်ငယ်များမှာ နေလဆေးလုံးကို သောက်ပြီးနောက်တွင် ပို၍ ကြောက်မက်ဖွယ် အစွမ်းထက်နေကြပြီ ဖြစ်သည်။

အမွေးတိုင်တစ်တိုင်စာ အချိန်အတွင်းမှာပင် အမှောင်ထုနတ်ဘုရားသားတော်က ကမ္ဘာငယ်လေးကို မျိုချတော့မည်ဖြစ်သည်။

အချိန် အကန့်အသတ်သာ မရှိလျှင် ဖုန်းထျန်း မဟာမိတ်ဘက်က အနိုင်ရရန် မျှော်လင့်ချက် အချို့တော့ ရှိနေပါသေးသည်။

အဆုံးသတ်တွင် နေလဆေးလုံးက ရောင်စဉ်ငါးပါး ဆေးလုံးနှင့် မတူညီပေ။

ရောင်စဥ်ငါးပါး ဆေးလုံးက ယာယီခွန်အားတိုးစေသည့် ဆေးသာဖြစ်ပြီး ဘာဆိုးကျိုးမှ မရှိသော်လည်း နေလဆေးလုံးကမူ ယာယီ မဟုတ်သည့် ခွန်အားတိုးဆေး ဖြစ်သည်။

ထို့ကြောင့် နေလဆေးလုံးတွင် ကြောက်မက်ဖွယ် ကောင်းသည့် ဆိုးကျိုးများလည်း ရှိနေသည်။

ထိုဆေးလုံးက အသုံးပြုသူ၏ တာအိုအုတ်မြစ်ကို ယိုင်နဲ့စေပြီး အနာဂတ် တက်လမ်းများကို ပိတ်ဆို့စေသည်။

အမှောင်ထု နတ်ဘုရားသားတော်က အမွေးတိုင် တစ်တိုင်စာအချိန်အတွင်း ကမ္ဘာငယ်လေးကို သိမ်းပိုက်တော့မည် ဖြစ်သောကြောင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့၏ အောင်မြင်မှု ရရန် မျှော်လင့်ချက်က သုညနှင့် အဆမတန် နီးကပ်နေသည်။

"ငွေရောင်နဂါးဘုရင်.. အရိုးနန်းတော်ထဲမှာတုန်းက နတ်ဘုရားသတ္တဝါတွေကို သတ်ပြီး နတ်ဘုရားဘုရင် သုံးပါးကို ငတုံးငအတွေလို့ ဆူပူကြိမ်းမောင်းခဲ့တာ မှတ်မိသေးလား.. မင်းရဲ့

တကယ့်သရုပ်မှန်ကို
ဖော်ထုတ်လိုက်တော့လေ..ဘာလို့ဟန်ဆောင်နေဦးမှာလဲ"

ဤအရေးကြီးသော အခြေအနေတွင် ဖန်ရှင်းက တံ့ဆိုင်းမနေနိုင်တော့ဘဲ အရိုးနန်းတော်ကို ချက်ချင်း သစ္စာဖောက်လိုက်သည်။

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်ကို တားမြစ်ရန် ငွေရောင်နဂါးဘုရင်နှင့် အောင်းခွမ်းတို့သာ ကျန်တော့သည် မဟုတ်ပါလား။

အပိုင်း(၁၂၀၂) ပြီး၏

အပိုင်း(၁၂၀၃) အမိုးအကာစုတ်ပြဲခြင်း

ဖန်ရှင်းက နတ်ဘုရားသတ္တဝါများကို သစ္စာဖောက်လိုက်ကတည်းက ၎င်းတို့အရိုးနန်းတော်နှင့် လက်ဝါးရိုက်ထားသည့်အရာများအား ဖော်ထုတ်လိုက်မည်ကို ငွေရောင်နဂါးဘုရင်က စိုးရိမ်ခဲ့သည်။

သူက ယခုအချိန်တွင် အရှေ့ပင်လယ် နဂါးနန်းတော်၏ စတုတ္ထမင်းသား အောင်းခွမ်းနှင့် ဟန်ပြ တိုက်ခိုက်နေခဲ့သည်။

ယင်းအချိန်၌ ဖန်ရှင်း၏ ကျယ်လောင်သော အော်သံက ထွက်ပေါ်လာရာ ငွေရောင်နဂါးဘုရင်က တုန်လှုပ်သွားသည်။

သူနှင့် အောင်းခွမ်း၏ ဟန်ပြတိုက်ပွဲကို မည်သူမျှ ဝင်မစွက်ဖက်လောက်ဟု ထင်ထားခဲ့သော်လည်း လက်ရှိပြဿနာ၏ အဓိက အချက်က ၎င်းတို့ဆီသို့ မမျှော်လင့်ဘဲရောက်လာခဲ့သည်။

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရား သားတော်ကို ရပ်တန့်ရန် လုံလောက်သော စွမ်းအားရှိနေသောသူမှာ ၎င်းတို့ နှစ်ယောက်သာ ကျန်ရှိတော့သည်။

"ငါ မိစ္ဆာလေးရဲ့အမိန့်ကို လျစ်လျူရှုလို့ မဖြစ်ဘူး.. ငါ့အဖေက သူ့စကားကို နားထောင်ရမယ်လို့ ငါ့ကို အမိန့်ပေးထားတယ်"

ငွေရောင်နဂါးဘုရင်က အောင်းခွမ်းကို တည်ငြိမ်စွာ ပြောလိုက်သည်။

"အမှောင်ထု နတ်ဘုရားသားတော်သာ နတ်ပစ္စည်းကို ရသွားရင် ထျန်းယွမ်တိုက်ရဲ့ နောက်ဆုံး မျှော်လင့်ချက်က ပျက်သုန်းသွားလိမ့်မယ်.. ငါ့အဖေက အကိုဖန်ရဲ့ အမိန့်ကို နားထောင်ဖို့ အမိန့်ပေးလိုက်တာ ဒီနတ်ပစ္စည်းကြောင့်ပဲ.. ဒါကြောင့် ငါက ဘယ်လိုလုပ် လျစ်လျူရှုနိုင်မှာလဲ"

ထိုသို့ ပြောပြီးနောက် ငွေရောင်နဂါးဘုရင်က ချောက်ထဲသို့ ဆင်းရန် ပြင်လိုက်သည်။

ယင်းအချိန်တွင် အောင်းခွမ်းတစ်ဖြစ်လဲ ခေါင်းကိုးလုံး အပြာရောင်နဂါးက သူ့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ကာ ဟန့်တားလိုက်သည်။

ငွေရောင်နဂါးဘုရင်က အနည်းငယ် အံ့သြသွားပြီး နောက်သို့ အလျင်အမြန် ဆုတ်လိုက်ရသည်။

"မင်း ဒါဘာလုပ်တာလဲ"

"ဘယ်ဘက်က အနိုင်ရမလည်း ဆိုတာ အဖြေ မပေါ်မချင်း ဘယ်ဘက်ကိုမှ ပြတ်ပြတ်သားသား မရပ်တည်ဘူးလို့ ငါတို့ညှိနှိုင်းထားခဲ့တယ်.. အခုတော့ မင်းက ရပ်တည့်မဲ့ဘက်ကို ကြိုပြီး ရွေးချယ်လိုက်ပြီလား"

"ငါ့မှာ ရွေးချယ်စရာမှ မရှိတော့တာ ဘယ်တတ်နိုင်ပါ့မလဲ.. အောင်းခွမ်း.. မင်းနဲ့ငါနဲ့ ပူးပေါင်းလိုက်ရင် အမှောင်ထု နတ်ဘုရားသားတော်ကို တားလို့ရမှာပါ"

"ဟားဟားဟား.. မဖြစ်နိုင်ဘူး.. ငါက မင်းနဲ့ ဆန့်ကျင်ဘက်ကပဲ ရပ်တည်မယ်"

အောင်းခွမ်းက ရယ်မော၍ ပြောလိုက်သည်။

"မင်းက လူသားမျိုးနွယ်ဘက်က ရပ်တည်လို့ ဘာပြဿနာမှ မရှိဘူး.. ဒါပေမဲ့ ငါက မင်းနဲ့မတူဘူး.. နတ်ဘုရား သတ္တဝါတွေ ထျန်းယွမ်တိုက်ကို ရောက်လာတာ ငါတို့နဲ့ အများကြီး

သက်ဆိုင်နေတယ်.. နတ်ဘုရားသတ္တဝါတွေ ရှုံးရင် ငါတို့အရှေ့ပင်လယ်က သေချာပေါက် ထျန်းယွမ်မှာ ရပ်တည်နိုင်မှာမဟုတ်ဘူး.. ဒါကြောင့် ငါက နတ်ဘုရား သတ္တဝါတွေ ဘက်ကပဲ နေရလိမ့်မယ်"

"မင်းက ထျန်းယွမ်တိုက်ကို သစ္စာဖောက်မယ်လို့ ပြောချင်တာလား"

ငွေရောင်နဂါးဘုရင်က အောင်းခွမ်းကို ဒေါသတကြီး ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

"မင်းကြိုက်သလို ပြောလို့ရတယ်.. ဒါပေမဲ့ အမှောင်ထု နတ်ဘုရားသားတော်ကို နှောင့်ယှက်ဖို့တော့ ငါမင်းကို ခွင့်မပြုနိုင်ဘူး"

အောင်းခွမ်းက အေးစက်စက် ပြောလိုက်သည်။

"ဒါဆိုလည်း မင်းဆီမှာ နဂါးမျိုးနွယ်စုရဲ့သွေး ဘယ်လောက်ပါလည်း ကြည့်ရသေးတာပေါ့"

ငွေရောင်နဂါးဘုရင်က ပြင်းထန်စွာ ကြုံးဝါးလိုက်ပြီး ကြောက်မက်ဖွယ် ကောင်းသော ခြေသည်း တိုက်ကွက်များဖြင့် အောင်းခွမ်းကို တိုက်ခိုက်လိုက်သည်။

"ငါ့ခန္ဓာကိုယ်ထဲမှာ တကယ့် နဂါးသွေးအစစ် ရှိတယ်.. မင်းတို့ဘိုးဘေးတွေက ငါတို့ ဘိုးဘေးတွေရဲ့လက်ထဲမှာ အရှုံးသမားတွေ ဖြစ်ဖူးတယ်ဆိုတာ မှတ်မိသေးလား"

အောင်းခွမ်းကလည်း ပြင်းထန်စွာ ကြုံးဝါး၍ ပြန်လည်တိုက်ခိုက်လိုက်သည်။

မူလက နှစ်ဖက် ရလဒ်ကို စောင့်မျှော်ပြီး ဟန်ပြတိုက်ခိုက်နေသော ၎င်းတို့ နှစ်ယောက်က ယခုအချိန်တွင် အမှန်တကယ် တိုက်ခိုက်နေကြပြီ ဖြစ်သည်။

၎င်းတို့၏ ဘိုးဘေးများက မည်သူက "နဂါးအစစ်"ဟူသော ဂုဏ်ပုဒ်ကို တစ်ချိန်က ပြိုင်ဆိုင်ခဲ့ကြသလိုပင် ၎င်းတို့နှစ်ဦးကလည်း အပြင်းအထန် တိုက်ခိုက်ကာ ပြိုင်ဆိုင်နေကြသည်။

ငွေရောင်နဂါးဘုရင် ဖြစ်စေ.. အရှေ့ပင်လယ်၏ စတုတ္ထမင်းသားဖြစ်စေ.. ၎င်းတို့ နှစ်ဦးစလုံးက ခွန်အားကြီးမားပြီး အစွမ်းထက်သဖြင့် ၎င်းတို့ထဲမှ အနိုင်ရသူကို အချိန်တိုအတွင်း အဖြေထုတ်ရန်မှာ မလွယ်ကူပေ။

ယင်းအချိန်တွင် ကမ္ဘာငယ်လေးကို ဝါးမျိုသန့်စင်နေသော အမှောင်ထု နတ်ဘုရား သားတော်၏ လုပ်ငန်းစဉ်က သိသိသာသာပင် မြန်ဆန်လာသည်။

ငါးဆယ်ရာခိုင်နှုန်း.. ခြောက်ဆယ်ရာခိုင်နှုန်း.. ခုနစ်ဆယ်ရာခိုင်နှုန်း...

ဖန်ရှင်း၏ နှလုံးသားထဲတွင် စိုးရိမ်သောကစိတ်များ အဆီးအတားမရှိ ထွက်ပေါ်လာသည်။

ရောမသားရဲကြီးက အနက်ရောင်အလုံးကြီးကို မျိုချနေသည်မှာ တစ်ဝက်ကျော်သာ အပြင်မှာ ကျန်ရှိတော့သည်။

ဤအနက်ရောင် အလုံးကြီးကို ရောမသားရဲကြီးက လုံးလုံးလျားလျား

မျိုချလိုက်သည်နှင့် အရာအားလုံးက ပြီးဆုံးသွားလိမ့်မည် ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်လာလျှင် ဤမြေအောက်နန်းတော် ကမ္ဘာငယ်လေးက အမှောင်ထု နတ်ဘုရားသားတော်၏ ထိန်းချုပ်မှုအောက် ကျရောက်သွားမည် ဖြစ်သောကြောင့် ၎င်းတို့အားလုံးက ဤနေရာမှ လွတ်မြောက်ရန် မည်သို့မျှ မလွယ်ကူနိုင်တော့ပေ။

ဖန်ရှင်း၏ နှလုံးသားထဲ၌ ဖော်ပြ၍မရနိုင်သည့် ကူကယ်ရာမဲ့သော ခံစားချက်ကို ခံစားနေရသည်။

နေဝင်လျှင် အမှောင်ထုက ကမ္ဘာကြီးက ဝါးမျိုသွားသလိုပင်.. အမှောင်ထု နတ်ဘုရားသားတော်က အနက်ရောင် အလုံးကြီးကို ဝါးမျိုရန် အစွမ်းကုန် ကြိုးစားနေသည်။

"အတတ်နိုင်ဆုံး ဟန့်တားကြ"

ယင်းမြင်ကွင်းကို မြင်လျှင် ဖုန်းထျန်းမဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက အထိတ်တလန့် ဖြစ်ကာ အော်ဟစ်လိုက်ကြသည်။

တိုက်ပွဲ စစ်မြေပြင်တစ်ခုလုံးက လုံးဝ ဖရိုဖရဲ ဖြစ်နေသည်။

အမှောင်ထု နတ်ဘုရားသားတော်၏ အကွက်ကျကျ စီမံမှုကြောင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့က နတ်ဘုရား သတ္တဝါများထက် ခြေတစ်လှမ်း နောက်ကျခဲ့ရသည်။

အစီအရင်က ဘယ်လောက်ပင် ထောက်ပံ့မှု ပေးနေပါစေ.. သူတော်စင်ငယ်များက နေလဆေးလုံးကို သောက်ထားသဖြင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများကို လုံးဝ ထိန်းထားနိုင်ပေသည်။

"အမွှေးတိုင် တစ်ချောင်းစာ အချိန်ကုန်တာနဲ့ ဒီနေရာ တစ်ခုလုံးက အမှောင်ထု နတ်ဘုရားသားတော်ရဲ့ လက်ထဲကို ကျရောက်သွားတော့မယ်"

"အင်မော်တယ် သတ်ဖြတ်ခြင်း ဓားအစီအရင်ကို ထိန်းချုပ်ထားတဲ့ အလံငါးခုကို ဖျက်ဆီးပစ်လိုက်"

ဖန်ရှင်းက ကျယ်လောင်စွာ အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

ယခုအချိန်တွင် တစ်ခုတည်းသော နည်းလမ်းမှာ အလံကိုဖျက်ဆီးပစ်ရန်ပင် ဖြစ်သည်။

အလံပျက်စီးသွားသည်နှင့် အစီအရင်က အသက်ဝင်လာပြီး နတ်ပစ္စည်းကို နေရာ ရွှေ့သွားစေရန် လှုံ့ဆော်မည် ဖြစ်ရာ အမှောင်ထု နတ်ဘုရားသားတော်၏ လက်ထဲသို့ ကျရောက်လိမ့်မည် မဟုတ်တော့ပေ။

"အကြံကောင်းပဲ"

ဖန်ရှင်း၏ အမိန့်ပေးသံကို ကြားသည်နှင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများကို အလံငါးခုကို ဖျက်ဆီးရန် ၎င်းတို့၏ မှော်စွမ်းအားများကို အသုံးပြုလိုက်ကြသည်။

သို့ရာတွင် ၎င်းတို့၏စွမ်းအားက အလံငါးခုကို ဖျက်ဆီးရန်

လုံလောက်မှုမရှိပေ။

"ငါတို့ရဲ့စွမ်းအားက အလံကို ဖျက်ဆီးဖို့တောင် မလုံလောက်ဘူးလား.. ဒီအတိုင်းဆို အမှောင်ထု နတ်ဘုရားသားတော်က မြေအောက်နန်းတော် ကမ္ဘာငယ်ကို သိမ်းပိုက်သွားတော့မှာပဲ"

အလံငါးခုကို မဖျက်ဆီးနိုင်၍ လူတိုင်းက စိတ်ဓာတ်ကျလုနီးပါး ဖြစ်သွားသည်။

"ဟားဟားဟား"

အမှောင်ထု နတ်ဘုရားသားတော်၏ လှောင်ပြောင်ရယ်မောသော အသံက နောက်ဆုံးတွင် ထွက်ပေါ်လာသည်။

"အကျဉ်းစံနှလုံးသား ချောက်ကမ်းပါးရဲ့ အထွတ်အမြတ် ရတနာကို အလွယ်တကူ ဖျက်ဆီးလို့ရမယ်များ ထင်နေလား.. မိစ္ဆာလေး ဒီအတွက် မင်းကို ငါကျေးဇူးတင်ရမယ်.. မင်းကြောင့်သာ မဟုတ်ရင် ငါဒီအလံတွေကို ရမှာ မဟုတ်သလို အခုလို အစီအမံမျိုးလည်း

ချနိုင်မှာ မဟုတ်ဘူး"

"မင်းတို့ ထျန်းယွမ်တိုက်ရဲ့ ကံကြမ္မာကို ထျန်းယွမ်တိုက်က မျှော်ရတနာနဲ့ပဲ ဖျက်ဆီးရတာ တကယ်ကို အရသာရှိတာပဲ.. ဟားဟား.."

အမှောင်ထု နတ်ဘုရားသားတော်က ကောက်ကျစ်စွာ ရယ်မောလိုက်သည်။

ယခုအခါတွင် ရောမသားရဲကြီးက အနက်ရောင် အလုံးကြီး တစ်ခုလုံးကို မျိုချလိုက်ပြီး ပါးစပ်ကို ပိတ်တော့မည် ဖြစ်သည်။

ထိုသို့ ပိတ်လိုက်သည်နှင့် ထျန်းယွမ်တိုက်၏ ကံကြမ္မာက ပြီးဆုံးသွားတော့မည် ဖြစ်သည်။

"ငါတို့ ရှုံးနိမ့်ပြီ"

မည်မျှပင် ဆန္ဒမရှိစေကာမူ ဤတစ်ကြိမ်တွင် ၎င်းတို့က လက်ရှိ

အခြေအနေကို ပြောင်းပြန်လှန်ရန် စွမ်းအားမဲ့နေကြောင်း ဝန်ခံရပေမည်။

နတ်ဘုရား သတ္တဝါများ၏ အကွက်ချ ကြံစည်မှုက အလွန်ကြောက်စရာကောင်းပြီး လူသားမျိုးနွယ်များကို ကူကယ်ရာမဲ့စေခဲ့သည်။

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်ကို မည်သူက တားဆီးနိုင်မည်နည်း။

"ဒီကမ္ဘာငယ်လေးကို သိမ်းပြီးတာနဲ့ ထျန်းယွမ်တိုက်ရဲ့ ကံတရားနဲ့ ပတ်သက်တဲ့ နတ်ပစ္စည်းက ငါ့အပိုင်ပဲ"

အမှောင်ထု နတ်ဘုရားသားတော်က ဝင့်ကြွားသော လေသံဖြင့် အော်ဟစ်လိုက်သည်။

သူက ဖုန်းထျန်းမဟာမိတ် အဖွဲ့မှ ကျင့်ကြံသူများ စိတ်ပျက်အားငယ်စေရန် တမင်တကာ ပြောနေပုံရသည်။

ယင်းအချိန်မှာပင် ရောမသားရဲကြီးက အနက်ရောင် အလုံးကြီးကို မျိုချလိုက်ပြီး ပါးစပ်ကို ပိတ်လိုက်သည်။

"ထျန်းယွမ်တိုက်ရဲ့ကံကြမ္မာက ဒီလိုနဲ့ပဲ ကျရှုံးသွားပြီလား"

ဖန်ရှင်း၏ နှလုံးသားထဲသို့ မျှော်လင့်ချက် ကင်းမဲ့သော ခံစားချက်တစ်ခုက လွှမ်းခြုံသွားပြီး ခန္ဓာကိုယ်တစ်ခုလုံးက လေးလံသွားသလို ခံစားလိုက်ရသည်။

ယင်းအချိန်မှာပင် သူက တစ်စုံတစ်ရာကို သတိပြုမိသွားပြီး ရောမသားရဲကြီးကို ကြည့်လိုက်သည်။

ရောမသားရဲကြီးက ပါးစပ်ကို လုံးဝပိတ်တော့မည့် အချိန်တွင်အနက်ရောင် အလုံးကြီးက ရုတ်တရက် တုန်ခါသွားပြီး အလင်းရောင်များ တောက်ပလာသည်။

တစ်စုံတစ်ယောက်က အနက်ရောင် အလုံးကြီးကို

လှီးဖြတ်လိုက်သလိုမျိုး အလင်းရောင်က ပို၍တောက်ပလာသည်။

သူတို့အားလုံး ရှိနေသည့် ဤမြေအောက်နန်းတော် ကမ္ဘာက ရုတ်တရက် ပြင်းထန်စွာ တုန်ခါသွားပြီးနောက်တွင် သူတို့အားလုံး၏ ဦးခေါင်းအထက်၌ အလင်းတန်းတစ်ခု ပေါ်ပေါက်လာသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ "

အမှောင်ထု နတ်ဘုရားသားတော်က ထိတ်လန့်အံ့ဩသော လေသံဖြင့် ရေရွတ်လိုက်သည်။

သူက အနက်ရောင် အလုံးကြီးကို မျိုချခါနီး အချိန်တွင် အနက်ရောင် အလုံးကြီးက တစ်စုံတစ်ယောက်၏ လှီးဖြတ်ခြင်း ခံလိုက်ရသကဲ့သို့ အထဲမှ စွမ်းအားတွေ အားလုံး ယိုစိမ့်ထွက်သွားခဲ့သည်။

အားလုံး အဆင်ပြေခါနီးသည့် အချိန်မှ အဘယ်ကြောင့် ဤသို့ဖြစ်လာရပါသနည်း။

အမှောင်ထု နတ်ဘုရားသားတော်က စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေသည်။

ဖန်ရှင်းနှင့် အခြားသူများကမူ အံ့သြထိတ်လန့်စွာဖြင့် မြေအောက်နန်းတော်၏ အမိုးအကာကို မျှော်ကြည့်လိုက်ကြသည်။

ကမ္ဘာငယ်လေးကို မျိုချခါနီးတွင် မြေအောက်နန်းတော်၏ အမိုးအကာက ရုတ်ချည်း ကွဲပြဲသွားသည်ကို ၎င်းတို့အားလုံး နားမလည်နိုင် ဖြစ်နေသည်။

အမိုးအကာ၏ အက်ကွဲကြောင်းမှတဆင့် ဌက်တစ်ကောင်၏ ဦးခေါင်းက ရုတ်တရက် ထွက်လာခဲ့သည်။

၎င်းက အတွင်းဘက်သို့ ချောင်းကြည့်လိုက်ပြီး ဖန်ရှင်းကို မြင်လျှင် ရုတ်တရက် ပြုံးပြလိုက်သည်။

မြေအောက်နန်းတော် ကမ္ဘာငယ်လေးထဲမှ လူများအားလုံးက ၎င်းကို ထူးဆန်းသော မျက်လုံးများဖြင့် တအံ့တသြ ငေးကြည့်နေကြသည်။

"မင်းတို့အားလုံး ငါ့ကို ဘာလို့ ဒီလိုမျိုး ကြည့်နေကြတာလဲ"

အပိုင်း(၁၂၀၃) ပြီး၏

အပိုင်း(၁၂၀၄) ဝူရှန်းကျီ၏ဇာတ်သိမ်း

ရောက်လာသူက ဖန်ရှင်းတို့လူစု ကာလကြာရှည်စွာ စောင့်မျှော်နေခဲ့သော ရွှေကျီးကန်းပင် ဖြစ်သည်။

သူက ဖုန်းထျန်း မဟာမိတ်အဖွဲ့ နှင့်အတူ မြေအောက်နန်းတော်သို့ ဝင်ရောက်ရန် စီစဥ်ခဲ့သော်လည်း တကယ်တမ်းတွင် မလိုက်ဖြစ်ခဲ့ပေ။

ယခုအခါတွင် ရှောင်ချန်းကမ္ဘာ အားကိုးဖြင့် ရွှေကျီးကန်းက နတ်ဆိုးပြည်နယ်၏ နံပါတ်တစ် ပုဂ္ဂိုလ် ဖြစ်လာပြီ ဖြစ်သည်။

ထိုသို့ သတ်မှတ်ခံထားရသော်လည်း သူ၏ခွန်အားက ဝမ်ချင်းနှင့်

အခြားသူများထက် ပိုပြီး အားမကောင်းပေ။

သူက အခွင့်အလမ်းကောင်းကို ပိုင်ဆိုင်ရ၍ ရှောင်ချန်း ကမ္ဘာ၏ သခင်ဖြစ်လာသော်လည်း ယင်းက သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုကို မတိုးတက်စေခဲ့ချေ။

"ငါနောက်ကျသွားလား"

ရွှေကျီးကန်းက လူအများ၏ ထူးဆန်းသော မျက်ဝန်းများနှင့်ရင်ဆိုင်ရ၍ ရုတ်တရက် တအံ့တသြ ဖြစ်ကာ မေးလိုက်သည်။

"သူတို့အားလုံးက ဘာလို့ ငါ့ကို ဒီလို အကြည့်နဲ့ ကြည့်နေတာလဲ"

ယခုအချိန်တွင် သူက မည်မျှ ခမ်းနားကြီးကျယ်သော ကိစ္စကို ဆောင်ရွက်လိုက်မှန်း သူကိုယ်တိုင်ပင် မသိသေးချေ။

"ဝုန်း.. ဝုန်း.. ဝုန်း"

ဤကမ္ဘာငယ်လေး၏ အမိုးအကာကို ဆုတ်ဖြဲလိုက်ပြီးနောက် မှော်စွမ်းအင်များက မမြင်နိုင်သော လှိုင်းလုံးများကဲ့သို့ တရကြမ်း ဝင်ရောက်လာသည်။

ကောင်းကင်၏ အမိုးခုံး ပြိုကျသွားသကဲ့သို့ မြေအောက်နန်းတော် ကမ္ဘာငယ်လေးက တောက်ပလာပြီး ကန့်သတ်ချုပ်ချယ်မှု ဥပဒေသတွေ အားလုံး ပျောက်ကွယ်သွားသည်။

ဆိုရလျှင် ကမ္ဘာငယ်လေးက ကမ္ဘာကြီးနှင့် ပေါင်းစည်းနေပြီဖြစ်သည်။

"မင်း.. မင်း ဘာလုပ်လိုက်တာလဲ"

ဖုန်းထျန်းမဟာမိတ် အဖွဲ့မှ ကျင့်ကြံသူများက ထိတ်လန့်သွားကြသည်။

အချို့သော လူများကမူ လေထဲမှ ရွှေကျီးကန်းကို ကြည့်ကာ ထိတ်လန့်တကြား မေးခွန်းထုတ်လိုက်ကြသည်။

"ငါက ဒီကမ္ဘာငယ်လေးရဲ့ ဥပဒေသတွေကို ခံစားမိလိုက်တယ်.. ဒီကမ္ဘာငယ်လေးထဲမှာဆိုရင် ငါ့ရဲ့ ရှောင်ချန်းကမ္ဘာလည်း အသုံးဝင်မှာ မဟုတ်ဘူး.. အဲ့အချိန်မှာ ဒီကမ္ဘာငယ်လေးက ကမ္ဘာကြီးနဲ့တစ်စိတ်တစ်ပိုင်း ပေါင်းစည်းနေပြီ ဆိုတာငါသိလိုက်ရတယ်.. ဒါကြောင့် ကမ္ဘာငယ်လေးရဲ့ အမိုးအကာကို အပေါက်ဖောက်ပြီး ကမ္ဘာကြီးနဲ့ တစ်သားတည်းဖြစ်အောင် ပြုလုပ်လိုက်တာပဲ"

ရွှေကျီးကန်းက သိသိသာသာ ထိတ်လန့်နေသော်လည်း ကျင့်ကြံသူများ၏ မေးခွန်းကို ပြန်ဖြေလိုက်သည်။

အမှန်စစ်စစ် ဤမြေအောက်နန်းတော် ကမ္ဘာက နတ်ဆိုးများ၏ သင်္ချိုင်းတည်ရှိရာ ဖြစ်ပြီး နတ်ဆိုးများ၏ အမွေအနှစ် ဆက်ခံသည့် နေရာတစ်ခု ဖြစ်သည်။

နတ်ဘုရားများနှင့် နတ်ဆိုး စစ်ပွဲအပြီးတွင် ဤကမ္ဘာငယ်လေးက

ဘယ်သောအခါမှ ပိတ်သွားခြင်း မရှိခဲ့ပေ။

နှစ်ပေါင်းသောင်းချီ ကြာပြီးနောက် ၎င်းက ထျန်းယွမ်တိုက်နှင့်အတိုင်းအတာ တစ်ခုအထိ တစ်နေရာထဲတွင် ပေါင်းစည်းသွားခဲ့ခြင်း ဖြစ်သည်။

၎င်းကို ပြီးပြည့်စုံသော ကမ္ဘာငယ်လေးတစ်ခုဟု ပြောမည့်အစား မြေအောက်နန်းတော်ဟု ခေါ်ဆိုလျှင် ပို၍ သင့်လျော်ပေသည်။

ရှေးကျီးကန်းက ဤကမ္ဘာငယ်လေး၏ အမိုးအကာကို ထိုးဖောက်ရသည့် အကြောင်းရင်းက ရိုးရှင်းသည်။

ကမ္ဘာငယ်လေးကိုသာ ထိုသို့ မထိုးဖောက်လျှင် သူ၏ ရှောင်ချန်းကမ္ဘာကို ကမ္ဘာငယ်လေး၏ ဥပဒေသများက ဟန့်တားထားမှာကို စိုးရိမ်သောကြောင့်ပင်။

ရှောင်ချန်းကမ္ဘာကိုသာ အသုံးမချနိုင်လျှင် သူ၏ဂုဏ်သိက္ခာက ကျဆင်းသွားလိမ့်မည် မဟုတ်ပါလား။

ရွှေကျီးကန်းက ၎င်းတို့ သေရေးရှင်ရေး အခြေအနေတွင် ကမ္ဘာငယ်လေးကို ထိုးခွဲ၍ ကယ်တင်ခဲ့သည်ဟု ထင်ခဲ့သော်လည်း တကယ်တမ်းတွင် ရွှေကျီးကန်းက ရှောင်ချန်းကမ္ဘာ အားကိုးဖြင့် ဆောင့်ကြွားကြွား လုပ်ခွင့်မရမည်ကို စိုးရိမ်သောကြောင့် အမိုးအကာကို အပေါက်ဖောက် လိုက်ခြင်းသာ ဖြစ်သည်။

"ဟားဟားဟား"

"ငါက အချိန်မီ ရောက်လာတဲ့ပုံပဲ"

ရွှေကျီးကန်းက ချောလဲရောထိုင်၍ ရယ်မောကာ ပြောလိုက်သည်။

"ရွှေကျီးလေး ဒီတစ်ခေါက်တော့ မင်းက ထျန်းယွမ်တိုက်ကို ကယ်လိုက်တာပဲ"

ဖန်ရှင်း.. ရှောင်ရှယ်.. လုဖုန်းရှန်းနှင့် အခြား သူများအားလုံးက အလွန်ပင် စိတ်လှုပ်ရှားနေကြပြီး ၎င်းတို့၏ စိတ်ထဲ၌ ထူးဆန်းသော

ခံစားချက်များ ဖြစ်ပေါ်လာကြသည်။

၎င်းတို့၏ မျက်စိရှေ့မှာပင် ရောမသားရဲကြီးက အနက်ရောင်အလုံးကြီးကို မျိုချခဲ့သော်လည်း ရွှေကျီးကန်း၏ လက်ချက်ဖြင့် အနက်ရောင် အလုံးကြီးက ရုတ်တရက် ကွဲထွက်သွားပြီး ကမ္ဘာကြီးနှင့် ရုတ်ခြည်းပေါင်းစည်းသွားခဲ့သည်။

အကယ်၍ ရွှေကျီးကန်းသာ အချိန်မီ ရောက်မလာခဲ့လျှင် ၎င်းတို့အားလုံး၏အဖြစ်က တွေးဝံ့စရာပင် မရှိချေ။

ယင်းအချိန်တွင် ချောက်နက်ကြီး၏ အနက်ရှိုင်းဆုံး နေရာမှ အမှောင်ထု နတ်ဘုရား သားတော်၏ အော်ညီးသံ ထွက်ပေါ်လာသည်။

သို့ရာတွင် ထိုအသံက ကမ္ဘာငယ်လေး၏ ပြိုကွဲသံနှင့် ရောနှောနေသောကြောင့် သိပ်မကြားရချေ။

ဖန်ရှင်းက ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်၏

ခံစားချက်ကို အမှန်တကယ် သိချင်နေခဲ့သည်။

"အကြီးမားဆုံး အန္တရာယ်ကို ဖြေရှင်းပြီးပြီ.. နတ်ဘုရားသတ္တဝါတွေကို သတ်ကြရအောင်"

ဖန်ရှင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"သတ်ပစ်.. သတ်ပစ်.. နတ်ဘုရားသတ္တဝါတွေကို သတ်ပစ်"

ဖုန်းထျန်းမဟာမိတ်အဖွဲ့မှ လူမည်မျှ ကြွေးကြော်လိုက်သည်ကိုပင် မရေတွက်နိုင်တော့ပေ။

တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ခန္ဓာကိုယ်က ပြင်းထန်သောလူသတ်ငွေ့များ ထွက်ပေါ်လာသည်။

၎င်းတို့၏အမြင်အရ အရေးပါသော အကျပ်အတည်းကို ဖြေရှင်းပြီးပြီဟု ခံစားမိလိုက်သည်။

"ဝုန်း"

ယခုအချိန်တွင် နေလဆေးလုံးကို သောက်ထားသော ဝူရှန်းကျီနှင့် မဟာမြင့်မြတ်သော တောင်တန်းမှ မျောက်ဝံဘုရင်တို့တိုက်ခိုက်နေကြသည်။

သို့ရာတွင် အမှောင်ထု နတ်ဘုရား သားတော်၏အစီအစဥ် ကျရှုံးသွားပြီကို သိလိုက်ရလျှင် အရာအားလုံးက အချည်းနှီး ဖြစ်သွားပြီဟု တွေးမိကာ ဝူရှန်းကျီက တုန်လှုပ်သွားမိသည်။

ယင်းအချိန်တွင် ဝူရှန်းကျီ တုန်လှုပ်နေသည်ကို အခွင့်ကောင်းယူကာ တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်ဖြင့် ဖန်ရှင်းက တိုက်ခိုက်လိုက်သည်။

တိုက်ပွဲ တစ်ရာစစ်ဝိညာဥ်က ဧရာမလက်အဖြစ်သို့ ပြောင်းလဲသွားပြီး ဝူရှန်းကျီကို ဆုပ်ကိုင်လိုက်သည်။

ထိုအခါမှ ဝူရှန်းကျီက အသိဝင်လာပြီး ရုန်းထွက်ရန်

ကြိုးစားလိုက်သည်။

"မျောက်ဝံဘုရင်.. ဝူရှန်းကျီကို မြန်မြန်သတ်လိုက်"

ဖန်ရှင်းက တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ဖြင့် ဝူရှန်းကျီကို အစွမ်းကုန် ဖမ်းချုပ်ထားရင်း အော်ဟစ်လိုက်သည်။

"ငါလာပြီ"

မျောက်ဝံဘုရင်က သံမဏိတုတ်ကို ဝှေ့ရမ်းလိုက်ရာ သံမဏိတုတ်က လေထဲတွင် ပင်လယ်ထိန်း ကျောက်စိမ်းတိုင်ကဲ့သို့ ထူထဲလာသည်။

ဝူရှန်းကျီက ထိုမြင်ကွင်းကိုမြင်ကာ အဆုံးစွန်အထိ ကြောက်ရွံ့သွားသည်။

မိစ္ဆာလေးက သူ့ကို ဖမ်းချုပ်ထားသဖြင့် မျောက်ဝံဘုရင်၏ သံမဏိတုတ်ရိုက်ချက်ကို သူက မည်ကဲ့သို့ ရှောင်ရှားနိုင်ပါမည်နည်း။

"ဝုန်း"

သံမဏိတုတ်က ၎င်း၏ဦးခေါင်းကို ပြင်းထန်စွာ ရိုက်မိပြီး စူးစူးဝါးဝါး အော်ဟစ်သံ နှင့်အတူ ဝူရှန်းကျီ၏ ခန္ဓာကိုယ်တစ်ခုလုံးက ယိမ်းယိုင်သွားသည်။

"ဒီလောက်နဲ့တော့ မသေလောက်ဘူး"

ဖန်ရှင်းက ဝူရှန်းကျီ၏ ကြောက်မက်ဖွယ် ကောင်းသော ရုပ်ပိုင်းဆိုင်ရာ သန်မာမှုကို သိရှိထားသည်။

ထို့ကြောင့် သူက တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို ခေါင်းဖြတ်စက်အဖြစ် အသွင်ပြောင်းလိုက်ပြီး သံမဏိတုတ်ချက်ဖြင့် မူးဝေနေသည့် ဝူရှန်းကျီ၏ ဦးခေါင်းကို တိခနဲ ဖြတ်ချလိုက်သည်။

"ဝုန်း"

မြေအောက်နန်းတော် တစ်ခုလုံးက တုန်ယင်သွားသည်။

ဝူရှန်းကျီက ခေါင်းနှင့်ကိုယ် တခြားစီဖြစ်ကာ သေဆုံးသွားပြီ ဖြစ်သည်။

ယခုအချိန်တွင် တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်၏ ခန္ဓာကိုယ်ပေါ်၌ ဝူရှန်းကျီ၏ သွေးများ စွန်းပေနေသည်။

ဝူရှန်းကျီ၏ ခန္ဓာကိုယ်ကမူ ဤနေရာရှိ နတ်ဆိုးစွမ်းအင်များကြောင့် တခဏအတွင်းမှာပင် ပြာမှုန်များအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

လူတိုင်းက ထိုမြင်ကွင်းကို ကြည့်ကာ အံ့သြနေကြသည်။

၎င်းတို့က နတ်ဘုရား သတ္တဝါများနှင့် အချိန်အတော်ကြာတိုက်ခိုက်ခဲ့သော်လည်း မျက်စိရှေ့မှ မြင်ကွင်းကို မယုံနိုင်အောင် ဖြစ်နေသည်။

ဂုဏ်သိက္ခာ ကြီးမားသည့် နွားရိုင်းမျိုးနွယ်စု၏ နတ်ဘုရားသားတော်က ဒီလိုပဲ ခေါင်းဖြတ်ခံလိုက်ရတယ်လား။

"ဟားဟားဟား "

"ဟားဟားဟား"

ဖန်ရှင်းနှင့် မျောက်ဝံဘုရင်တို့က ဝမ်းသာအားရ ရယ်မောလိုက်ပြီး နောက်ထပ် ၎င်းတို့၏ ပစ်မှတ်တစ်ခု ဖြစ်သည့် လီဟော်ဆီသို့ လျင်မြန်စွာ ပြေးလွှားလိုက်သည်။

"သတ်.. သူတို့အားလုံးကို သတ်"

အပိုင်း(၁၂၀၄) ပြီး၏

အပိုင်း(၁၂၀၅) အတူတူတက်ကြမယ်

နွားရိုင်းနတ်ဆိုး ဝူရှန်းကျီက ဖန်ရှင်း၏ တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်အောက်တွင် ပထမဆုံး အသတ်ခံခဲ့ရပြီး သူတော်စင်ငယ်များနှင့် ထျန်းယွမ်တိုက်တို့ အကြား ပထမဆုံး အသတ်ခံရသူ ဖြစ်လာခဲ့သည်။

ဝူရှန်းကျီ၏ ခေါင်းပြတ်မှ သွေးများ စီးကျနေသည်ကို ကြည့်ကာ လူတိုင်းက ထိတ်လန့်သွားသည်။

ယင်းဖြစ်ရပ်က နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်များကို တပ်လှန့်သလို ဖြစ်စေခဲ့ပြီး တိုက်ပွဲ၏အရှိန်ကို တဖန် မြင့်တက်စေခဲ့သည်။

"ဝုန်ႈ

တိုက်ပွဲစစ်မြေပြင်တွင် လူသတ်ငွေ့ အပြင်းထန်ဆုံးသောသူမှာ ဖန်ရှင်းနှင့် မျောက်ဝံဘုရင်တို့ ဖြစ်သည်။

၎င်းတို့က ဝူရှန်းကျီကို ခေါင်းဖြတ်သတ်ပြီးသည်နှင့် ချက်ချင်းပင် လီဟော်ဆီသို့ ဦးတည်လာရာ လီဟော်က တုန်လှုပ်ချောက်ခြားသွားပြီး ချက်ချင်းပင် နှင်းခဲများ ဖုံးအုပ်နေသော သားရဲတစ်ကောင် အဖြစ်သို့ ပြောင်းလဲလိုက်သည်။

ထို နှင်းခဲများ ဖုံးအုပ်နေသော သားရဲက ဦးခေါင်းမရှိ.. အမြီးမရှိ.. ခြေထောက် မရှိသောကြောင့် နှင်းလုံးကြီး ကဲ့သို့ ဖြစ်နေသည်။

၎င်းသားရဲက ခန္ဓာကိုယ်ကို ကြုံ့လိုက်ပြီး လေထဲသို့ ခုန်တက်ကာ လေးနှင့်မြားကဲ့သို့ တစ်ရှိန်ထိုး ပျံသန်း၍ ထွက်ပြေးလိုက်သည်။

၎င်း၏ အမြန်နှုန်းက အံ့သြစရာ ဖြစ်ပြီး အဝေးမှကြည့်လျှင် နှင်းလုံးကြီးက အဖြူရောင် အလင်းစက် ဖြစ်လုနီးပါးပင်။

"ငါ့လက်ထဲကနေ လွတ်မြောက်ဖို့ လွယ်မယ် ထင်နေလား"

လီဟော်နှင့် တိုက်ခိုက်နေသည့် စုန့်ကွေးချန်က အေးစက်စက်

ရေရွတ်လိုက်ပြီး ချက်ချင်းပင် စည်းတံဆိပ် တစ်ခုကို ထုတ်ဖော်လိုက်သည်။

"စစ်သည်တစ်ရာ သင်္ချိုင်း တံဆိပ်တော်"

စုန့်ကွေးချန်က စည်းတံဆိပ်ကို ထုတ်သုံးလိုက်ရာ သူ၏စွမ်းအားက ရုတ်တရက် ဟင်းလင်းပြင်ဆီသို့ စီးဆင်းသွားသည်။

"ဝုန်း"

လီဟော် တစ်ဖြစ်လဲ အဖြူရောင် နှင်းလုံးကြီးက စုန့်ကွေးချန်လက်ထဲမှ မလွတ်မြောက်ဘဲ ဆယ်မိုင်ကျော်ခန့်တွင် ရုတ်တရက် ကပ်ဆိုးတစ်ခုနှင့် ကြုံလိုက်ရသည်။

ပြင်းထန်သော နတ်ဆိုးစွမ်းအင်များက ကောင်းကင်ကနေ ကျဆင်းလာပြီး လီဟော်၏ ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက် ကျရောက်လာသည်။

"အား.."

လီဟော်က နာကျင်စွာ အော်ဟစ်လိုက်ပြီးနောက် သူ၏ မူလပုံသဏ္ဍာန်သို့ ပြန်လည် ပြောင်းလဲလိုက်ရာ နတ်ဆိုးစွမ်းအင်၏ ဖိအားအောက်တွင် ခန္ဓာကိုယ်အပြင်ဘက်ရှိ နှင်းခဲအလွှာက သူ့ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်နေသည်။

ဤကြီးမားသော ဒဏ်ရာအောက်တွင် လီဟော်က သေလုမတတ် နာကျင်နေခဲ့သည်။

"မျောက်ဝံဘုရင် မြန်မြန် အဆုံးသတ်လိုက်"

ဖန်ရှင်း၏ အမိန့်ပေးမှုကြောင့် မျောက်ဝံဘုရင်က လက်ထဲမှ သံမဏိတုတ်ကို ဝှေ့ရမ်းလိုက်ရာ သံမဏိတုတ်က ပေ၁၀၀ခန့်ရှည်လျားလာပြီး လီဟော်ကို ရိုက်ချလိုက်သည်။

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ သံမဏိတုတ်က လီဟော်၏ မျက်နှာကို ထိမှန်သွားသော်လည်း လီဟော်က ဒဏ်ရာမရရှိခဲ့ပေ။

သူက စွမ်းအား အကုန်အစင်ကို ချက်ချင်း စုစည်းလိုက်ပြီး လျှပ်စီးကဲ့သို့ မြန်နှုန်းဖြင့် ထွက်ပြေးလိုက်သည်။

ယင်းအခြေအနေကို ကြိုတင် တွက်ဆထားသော ဖန်ရှင်းက လီဟော် ထွက်ပြေးသည့် လမ်းကြောင်းသို့ တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို မီးတောက်လုံးအဖြစ် ပြောင်းလဲကာ ပစ်လွှတ်လိုက်သည်။

"မကောင်းတော့ဘူး"

ကူဟဲ.. ပါရမီရှင်ဓားသမားနှင့် ဟွာမိန်အာတို့က ၎င်းတို့နှင့် တိုက်ခိုက်မည့် သူများကို ဂရုမစိုက်နိုင်တော့ဘဲ တစ်ချိန်တည်းမှာပင် လီဟော်ကို ကယ်တင်ရန် ပြေးတက်လာကြသည်။

၎င်းတို့က တစ်ယောက်နှင့် တစ်ယောက် ခင်မင်ရင်းနှီးမှု သိပ်မရှိကြသော်လည်း တစ်ဖွဲ့တည်းသားချင်းဖြစ်ရာ ယခုလို လွယ်လွယ်နှင့် အသတ်ခံရမည်ကို သဘာဝအတိုင်း

မကြည့်ရက်နိုင်ကြပေ။

ရှောင်ရှယ်.. လုဖုန်းရှန်း.. ဝမ်ချင်းနှင့် တခြားသူတွေကလည်း ၎င်းတို့၏ ရည်ရွယ်ချက်ကို သိသောကြောင့် ချက်ချင်းပင် ဟန့်တားလိုက်ကြသည်။

ယင်းအချိန်တွင် ဗုဒ္ဓရှန်းလျူက ငါးရုပ်ပုံသစ်သားတုံးကို တစ်ချက်ပြီး တစ်ချက် ခေါက်လိုက်ရာ သူတော်စင်ငယ်များက ဗုဒ္ဓ ရှန်းလျူနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်ပြီး လီဟော်ကို သွားမကယ်ဝံ့ဘဲ စောင့်ကြည့်ရုံသာ တတ်နိုင်တော့သည်။

လီဟော်က အခြေအနေ မဟန်သည်ကို ရိပ်စားမိသည်နှင့် သူ၏ လျှို့ဝှက်စွမ်းအားကို ထုတ်သုံးလိုက်ရာ သူ၏ခန္ဓာကိုယ်ပေါ်တွင် အပြာရောင်မီးတောက်များ တောက်ပလာပြီး ခန္ဓာကိုယ် အကာအကွယ်အဖြစ် အပြင်ဘက်တွင် နှင်းလုံးကြီးတစ်လုံး ဖြစ်ပေါ်လာသည်။

ထိုနှင်းလုံးကြီးက အချိန်နှင့်အမျှ ကြီးမားလာပြီး မည်မျှအထိ ကြီးမားလာမည်ကို မည်သူမှ မသိနိုင်ချေ။

"မင်းရဲ့မီးတောက်လုံက ငါ့ရဲ့ နှင်းခဲ အကာအကွယ်ကို ဘယ်လိုမှ ထိုးဖောက်နိုင်မှာ မဟုတ်ဘူး"

လီဟော်က မောက်မာစွာ အော်ဟစ်လိုက်သည်။

"မင်းမှာပဲ မှော်အစွမ်းရှိတယ် ထင်နေလား.. ငါ့မှာလည်း ရှိတယ်"

ဖန်ရှင်းက ပြင်းထန်စွာ ကြုံးဝါးလိုက်ပြီး မီးတောက်လုံ၏ ပတ်ပတ်လည်တွင် သမာဓိမီးကို ထုတ်ဖော်လိုက်သည်။

ယခုအချိန်တွင် ဖန်ရှင်း၏ လူသတ်ငွေ့က သိသိသာသာပင် မြင့်တက်လာသည်။

"ဝုန်း"

သမာဓိမီးတောက်များ ရစ်သိုင်းနေသည့် မီးတောက်လုံက လီဟော်၏

ခန္ဓာကိုယ် တစ်ဝိုက်ရှိ နှင်းခဲအားလုံးကို ကွဲကြေသွားစေပြီး လီဟော်၏ ခန္ဓာကိုယ်ပေါ်ရှိ အပြာရောင် မီးတောက်များကို ဖြိုခွင်းလိုက်ရာ ပတ်ဝန်းကျင်တွင် မီးစများနှင့် ရေခဲအစအနများ ဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို မြူခိုးများကဲ့သို့ ဖုံးလွှမ်းသွားသည်။

တခဏအကြာတွင် လေပြင်းများ တိုက်ခတ်လာပြီး ပတ်ဝန်းကျင်က မြူခိုးများ ကင်းစင်သွားရာ မြင်လိုက်ရသောမြင်ကွင်းကြောင့် လူတိုင်းက ထိတ်လန့်သွားကြသည်။

ဖန်ရှင်း၏လှံက လီဟော်၏ခန္ဓာကိုယ်ကို တိုက်ရိုက်ဖောက်ဝင်နေပြီး လီဟော်၏ သွေးများက လှံတွင် စီးကျနေသည်။

"ဝုန်း"

ဖန်ရှင်းက လှံကိုရုတ်သိမ်းလိုက်ရာ ပေါက်ကွဲသံနှင့်အတူ လီဟော်၏ ခန္ဓာကိုယ်က တစ်စစီ ဖြစ်သွားသည်။

ဤသို့ဖြင့် နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်

နောက်ထပ်တစ်ယောက်.. ဆီးနှင်းကမ္ဘာတိုက်ကြီး၏ သူတော်စင်ငယ် လီဟော်က ဤနေရာတွင် အမှန်တကယ် အသတ်ခံခဲ့ရပြန်သည်။

နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်များ၏ ကြောက်ရွံ့စိတ်က ယခုအချိန်တွင် လုံးဝ ထိန်းချုပ်၍ မရတော့ပေ။

"ငါတို့ဘက်က အားသာလာပြီ"

မျောက်ဝံဘုရင်.. လီယန်.. ဟန်ယန်.. ဝူဖန့်နှင့် အခြားသူများကအားတက်သွားပြီး မျက်လုံးများပင် တောက်ပလာသည်။

လီဟော်နှင့် အစောပိုင်းက တိုက်ခိုက်နေသည့် စုန့်ကွေးချန်ပင် လီဟော် သေဆုံးသွားသည်ကို တအံ့တသြ ဖြစ်နေသည်။

"အကိုတော်ဖန်ရဲ့ စွမ်းအားက အတော် တိုးတက်လာတာပဲ"

ရွှေကျီးကန်းကြီးက အလွန်စိတ်လှုပ်ရှားကာ သက်ပြင်းချ၍

ရေရွတ်လိုက်သည်။

ယင်းအချိန်တွင် ဟွာမိန်အာက မရေမတွက်နိုင်သော ကိုယ်ပွားပျားများကို ဖန်တီးကာ ထွက်ပြေးရန် ပြင်လိုက်သည်။

ပျားတစ်ကောင်ချင်းစီက အလွန်ရုန့်ရင်းသော စွမ်းအားများကိုပိုင်ဆိုင်ထားကြပြီး တောင်ကြီးတစ်ခုကိုပင် အလွယ်တကူ ထိုးဖောက် ဝင်ရောက်နိုင်သည့် အစွမ်းသတ္တိများ ပိုင်ဆိုင်ထားကြသည်။

ဟွာမိန်အာက သူမ၏ ကိုယ်ပွားပျားများကို အရပ်မျက်နှာပေါင်းစုံသို့ ပျံသန်းစေလိုက်သည်။

ထိုပျားအားလုံးက သူမ၏ ကိုယ်ပွားများဖြစ်၍ ပျားတစ်ကောင် လွတ်မြောက်လျှင်ပင် သူမက အသက်ရှင်နိုင်မည် ဖြစ်သည်။

သို့ရာတွင် သူမ၏ ကိုယ်ပွားပျားများက ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ထိန်းချုပ်ထားသည့် အစီအရင်နံရံကို မကျော်ဖြတ်နိုင်ခဲ့ပေ။

ပျားများက မျက်စိဖြင့် မမြင်ရသည့် အစီအရင်နံရံကို ကျော်ဖြတ်၍ မရသောကြောင့် နောက်ပြန်ဆုတ်သွားခဲ့သည်။

ပျားတစ်ကောင်က အေးစက်ပြီး မာနကြီးသည့် စုန့်ကွေးချန်အနားကနေ ပျံသန်းသွားမိရာ စုန့်ကွေးချန်၏ လက်ချက်ဖြင့် ထိုပျားက ကြေမွ သေဆုံးသွားခဲ့သည်။

"ငါအရှုံးပေးပါတယ်"

မည်သို့မှ မလွတ်မြောက်နိုင်တော့မှန်း သိလိုက်ရသဖြင့် ပျားများအားလုံးက ပြန်လည်စုစည်းသွားပြီး နူးညံ့သိမ်မွေ့သောမိန်းကလေး တစ်ဦး အဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုမိန်းကလေးက ဟွာမိန်အာပင် ဖြစ်သည်။

သူမက ဒူးထောက်ထိုင်ချလိုက်ပြီး

"ငါ့ကို မသတ်ပါနဲ့.. ငါရှုံးနိမ့်တာကို ဝန်ခံပါတယ်.. ငါ့ကို မသတ်ရင် နင်တို့ကို ကျေးကျွန်အဖြစ် ခစားပါ့မယ်"

"မင်းတကယ် အရှုံးပေးနေတာလား"

ဖန်ရှင်း၏ အခြားသူများက ဟွာမိန်အာ အရှုံးပေးလိမ့်မည်ဟု မမျှော်လင့်ထား၍ မယုံနိုင်အောင် ဖြစ်နေကြသည်။

သူမ၏ပုံစံက သခင်ကို သစ္စာဖောက်ပြီးမှ ခွင့်လွှတ်ဖို့ ဒူးထောက်တောင်းပန်နေသော အစေခံလိုပင်။

ယင်းအချိန်တွင် မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာသည်။

ဖန်ရှင်းတို့လူစုက သူမကို ခွင့်လွှတ်ရန် မဆွေးနွေးရသေးခင်မှာပင် ဝမ်ချင်းက ရှေ့သို့ လျှပ်တပြက် ပြေးတက်သွားပြီး ရေမီး ဘီးနှစ်ဖက်ဖြင့် ဟွာမိန်အာ၏ ခေါင်းကို ဖြတ်ချလိုက်ရာ

ဟွာမိန်အာက အော်ပင် မအော်လိုက်နိုင်ခဲ့ပေ။

ခေါင်းပြတ်ကြီးက ချောက်နက်ထဲသို့ ကျဆင်းသွားခဲ့သည်။

ချောက်နက်ထဲသို့ ကျဆင်းသွားသော်လည်း အသိစိတ်လက်ကျန် မပျောက်ကွယ်သေးသော ခေါင်းပြတ်၏ မျက်လုံးတွင် စိတ်ပျက်အားငယ်မှု နှင့် နောင်တရမှု အရိပ်အယောင်များ ပြည့်နှက်နေသည်။

"မင်း ဘာလို့ သူမကို သတ်လိုက်တာလဲ"

ဖန်ရှင်းနှင့် မျောက်ဝံဘုရင်က အနည်းငယ် စိတ်မကောင်းသလို ခံစားလိုက်ရပြီးဝမ်ချင်းကို မကျေမနပ်ကြည့်၍ မေးလိုက်ကြသည်။

၎င်းတို့၏ မေးခွန်းကိုကြားလျှင် ဝမ်ချင်းက ၎င်းတို့နှစ်ယောက်ကို ဒေါသတကြီး ကြည့်ကာ အေးစက်စွာ ပြောလိုက်သည်။

"သူမက မိန်းမသား ဖြစ်တာနဲ့ပဲ ငါတို့က သနားနေလို့ မရဘူး..

တိုက်ပွဲမှာ အကြောင်းပြချက် မရှိဘူး.. ရန်သူကို သနားရအောင်နင်တို့ခေါင်းတွေက ဝက်ခေါင်းလို ဖြစ်နေပြီလား"

ဖန်ရှင်းနှင့် မျောက်ဝံဘုရင်က မည်သို့ပြန်ဖြေရမည်ကို မသိသောကြောင့် တစ်ချိန်တည်းမှာပင် အခြားတစ်ဖက်ဘို့ လှည့်ကြည့်လိုက်ကြသည်။

"ငါတို့ရှုံးသွားပြီလား"

"အားနည်းတဲ့ လူသားမျိုးနွယ်က ဘာလို့ နတ်ဘုရားသတ္တဝါတွေကို အနိုင်ရခဲ့တာလဲ"

"ထျန်းယွမ်တိုက်ကို လူသားမျိုးနွယ်ရဲ့ နတ်ဘုရားဘုရင် အဖြစ် အုပ်စိုးဖို့ ခြေတစ်လှမ်းသာ လိုတော့တာလေ.. အခုလိုအခြေအနေနဲ့ဆို ငါ့ရဲ့အိပ်မက်က ဘယ်လိုလုပ် အကောင်အထည် ပေါ်နိုင်တော့မှာလဲ"

"ဟားဟားဟား... "

ရှူးသွပ်စွာ ရယ်မော၍ အော်ဟစ်နေသည့်သူမှာ တင်းပုလက်နက်ကို ကိုင်စွဲသည့် ကူဟဲပင် ဖြစ်သည်။

သူ၏ပုံစံက တည်ငြိမ်မှု မရှိတော့ဘဲ တစ်စုံတစ်ရာ ခံစားချက်ကြောင့် စိတ်ဖောက်သွားပုံရသည်။

"ဒီကောင်က ခွင့်လွှတ်ဖို့ ပိုတောင် မဖြစ်နိုင်ဘူး..."

မျောက်ဝံဘုရင်က သတ်ဖြတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြောလိုက်သည်။

"သိပ်မှန်တယ်.."

ဖန်ရှင်းက ခေါင်းညိတ်၍ ပြန်ဖြေလိုက်ပြီး မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကူဟဲကို ကြည့်လိုက်သည်။

"ငါတို့အားလုံး ဒီကောင့်ကို အတူတူ သတ်ရအောင်"

အပိုင်း(၁၂၀၅) ပြီး၏

အပိုင်း(၁၂၀၆) စွန့်ပစ်ခံလိုက်ရသောကူဟဲ

"သစ္စာဖောက်ကို သတ်ပစ်"

ကျင့်ကြံသူများစွာက ဒေါသတကြီး ကြုံးဝါးလိုက်ကြပြီး ကူဟဲထံသို့ ပြေးဝင်သွားကြသည်။

လက်ရှိအချိန်တွင် ကျင့်ကြံသူ အားလုံး၏ အမုန်းတီးဆုံးလူကိုမေးလျှင် ကူဟဲကိုသာ ညွှန်ပြကြမည် ဖြစ်သည်။

ကူဟဲက သန့်စင်သောပြည်နယ်၏ ခေါင်းဆောင်တစ်ဦး ဖြစ်ပြီး အင်မော်တယ် မဟာမိတ်အဖွဲ့၏ အရေးပါသောသူ တစ်ဦးလည်း ဖြစ်သည်။

သို့ရာတွင် သူက ထာဝရနတ်ဘုရားထံ တိတ်တဆိတ် ခိုလှုံခဲ့ပြီး ထျန်းယွမ်တိုက်၏ ကံကြမ္မာကို ထိခိုက်စေမည့် နတ်ပစ္စည်းကို အရယူပေးလျှင် လူသားမျိုးနွယ်၏ နတ်ဘုရားဘုရင် အဖြစ်သတ်မှတ်ပေးရမည်ဟု အမှောင်ထု နတ်ဘုရားသားတော်မှ တဆင့် ထာဝရနတ်ဘုရားနှင့် အပေးအယူလုပ်ခဲ့သည်။

အင်မော်တယ် မဟာမိတ်အဖွဲ့၏ အားထားရသော အင်မော်တယ် စစ်တပ်တွင် စစ်သည်တစ်ထောင်ခန့် ရှိပြီး အားလုံးက ရွှေအမြုတေအဆင့် ကျင့်ကြံသူများ ဖြစ်သည်။

ထျန်းယွမ်တိုက်၏ ကျင့်ကြံခြင်း ကမ္ဘာတွင် အင်မော်တယ် စစ်သည် တစ်ထောင်ကို ပျိုးထောင်ရန် အချိန်မည်မျှ ကြာပြီးအရင်းအမြစ် မည်မျှကုန်သည်ကို ခန့်မှန်း၍ပင် မရနိုင်ချေ။

သို့ရာတွင် ကူဟဲက ထိုသူအားလုံးကို မှော်တိမ်တိုက်တွင် ယဇ်ပူဇော်ရန် လုပ်ဆောင်ခဲ့သည်။

၎င်းတို့ကို ဗုဒ္ဓရှန်းလျူ နှင့် ဖုန်းထျန်းမဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက ကယ်တင်ရန် ကြိုးစားခဲ့သော်လည်း

စစ်သည်အများစုမှာ အသက်ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ထျန်းယွမ်တိုက် အတွက် ကူဟဲက သေသင့်သောအပြစ်သားပင် ဖြစ်သည်။

"ဝှစ် ဝှစ် ဝှစ် ဝှစ်"

ဖန်ရှင်း.. မျောက်ဝံဘုရင်.. ဝမ်ချင်းနှင့် စုန့်ကွေးချန်တို့က ကူဟဲဆီသို့ ပျံသန်းလိုက်ကြသည်။

ယခုအချိန်တွင် ကူဟဲက လုဖုန်းရှန်းနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေခဲ့သည်။

သူတို့ လေးယောက် ရောက်ရှိလာသည်နှင့် ပတ်ဝန်းကျင်က လူသတ်ငွေ့များ ဖုံးလွှမ်းသွားသည်။

"မင်းတို့ အကူအညီ မလိုပါဘူး.. ငါသူ့ကို သတ်နိုင်တယ်"

လုဖုန်းရှန်းက ဒေါသတကြီး ကြုံးဝါးလိုက်ပြီး လှံရှည်ကို ဝှေ့ရမ်းကာ ကူဟဲကို ဖိတိုက်လိုက်သည်။

ဖန်ရှင်းတို့လူစု ရောက်လာသည်က သူ့ကို အလွန်ပင် စိတ်မချမ်းမသာ ဖြစ်စေသည်။

ဖန်ရှင်းတို့၏ အသွင်အပြင်က သားကောင်ကို လုယက်ရန်ရောက်လာသော မုဆိုးများကဲ့သို့ ဖြစ်နေ၍ သူ့ကို ပို၍ပြီး စိတ်ဓာတ်ကျစေသည်ဆိုလည်း မမှားပေ။

လုဖုန်းရှန်းက ဖန်ရှင်းကို အေးစက်စက် ကြည့်လိုက်သည်။

သာမာန်လူတွေသာ ယခုလို အကြည့်ခံရလျှင် တုပ်တုပ်မျှ လှုပ်ဝံ့မည် မဟုတ်သော်လည်း အကြည့်ခံရသူက ဖန်ရှင်း ဖြစ်နေသည်။

ထို့ကြောင့် ဖန်ရှင်းက လုဖုန်းရှန်း၏အကြည့်ကို လျစ်လျူရှုလိုက်ပြီး တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို မော်ဓား အသွင်ပြောင်းကာ ကူဟဲကို

တိုက်ရိုက် တိုက်ခိုက်လိုက်သည်။

"လုဖုန်းရှန်း.. မင်းဘယ်လောက် အစွမ်းထက်လည်း ငါသိပါတယ်.. ဒါပေမဲ့ ငါလည်း ဒီကောင့်ခေါင်းကို ဖြတ်ချင်နေတော့ဘယ်တတ်နိုင်ပါ့မလဲ"

ထိုစကားကို ကြားလျှင် လုဖုန်းရှန်းက ခဏမျှ ထိတ်လန့်သွားပြီးမှ

"အဲ့ဒါဆို မင်းပြိုင်ဘက် တစ်ယောက် သွားရှာလိုက်လေ"

ဟု ပြောလိုက်သည်။

ဖန်ရှင်းက ရယ်မောလိုက်ပြီး

"မင်းမှာ အရည်အချင်း တကယ်ရှိရင် ဒီကောင့်ခေါင်းကို ဘယ်သူ အရင်ယူနိုင်မလည်း ပြိုင်ကြရအောင်"

"ဟားဟား ငါသဘောတူတယ်"

မျောက်ဝံဘုရင်က ရယ်မော၍ ကြားဖြတ်ဖြေလိုက်ပြီး ရှေ့သို့ ပြေးတက်သွားလိုက်သည်။

လုဖုန်းရှန်းက ခဏမျှ မှင်တက်သွားသော်လည်း လှံရှည်ကိုဝှေ့ယမ်းရုံမှတပါး ရွေးချယ်စရာ မရှိတော့ချေ။

သူ၏မျက်နှာတွင် ဒေါသနှင့်မုန်းတီးမှုများ ပြည့်နှက်နေသည်။

အတိတ်ဘဝကိုသာ သိခွင့်ရှိခဲ့လျှင် သူအရင်ဘဝတုန်းက ဤဓားပြကို ဘယ်လိုအပြစ်တွေ ကျူးလွန်ခဲ့လည်း ဆိုတာ သိချင်မိသည်အထိပင်။

မည်သို့ပင် ဖြစ်စေ.. သူက ဖန်ရှင်းကို အရှုံးမပေးချင်၍ ကူဟဲကို တိုက်ခိုက်လိုက်သည်။

"မင်းတို့ အားလုံး တစ်ပြိုင်တည်း တက်လာခဲ့..

တင်းပုစာကျွေးပစ်မယ်"

ကူဟဲက ဒေါ်သတကြီး ကြုံးဝါးလိုက်သည်။

လူတစ်ယောက်၏အောက်.. လူတစ်သောင်း၏ အထက်တွင် နတ်ဘုရားဘုရင် အဖြစ် နေထိုင်မည့် သူ၏အိပ်မက်က ဆပ်ပြာပူဖောင်း အဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်သည်။

အမှောင်ထု နတ်ဘုရားသားတော်က အနက်ရောင် အလုံးကြီးကို မျိုချလိုက်သော အချိန်တွင် သူ၏အိပ်မက်နှင့် နီးစပ်ခဲ့သေးသော်လည်း ကျီးကန်း တစ်ကောင်ကြောင့် အရာအားလုံးက ပြောင်းပြန်ဖြစ်ခဲ့ရသည် ဆိုလည်း မမှားပေ။

ယနေ့တွင် သူ၏အနာဂတ်က မသေချာတော့သလို သေခြင်းတရားကလည်း မှန်းဆ၍ မရတော့ချေ။

ကျင့်ကြံသူ များစွာ၏ ဝန်းရံတိုက်ခိုက်မှုနှင့် အစီအရင်၏ ချုပ်နှောင်မှု အောက်တွင် လွတ်မြောက်ရန် ဖြစ်နိုင်ပါသလော။

အကယ်၍ လွတ်မြောက်သွားလျှင်ပင် မည်ကဲ့သို့ မျှော်လင့်ချက်ရှိလာနိုင်မည်နည်း။

"အရာအားလုံးက ပြီးဆုံးသွားပြီလား.."

စိတ်ပျက်အားငယ်သော ခံစားမှုက ကူဟဲကို လွှမ်းခြုံသွားပြီး ရှုးသွပ်မတတ် ဖြစ်စေခဲ့သည်။

ဤအချိန်တွင် ခွန်အားသည်သာ အဆုံးအဖြတ်ဟု သူကသတ်မှတ်လိုက်ပြီး တင်းပုလက်နက် အားကိုးဖြင့် ဖောက်ထွက်ရန် ကြိုးစားလိုက်သည်။

သူ၏ တင်းပုကို အဆက်မပြတ် ဝှေ့ရမ်းကာ သူ့ရှေ့တွင် ပိတ်ဆို့နေသည့် အရာအားလုံးကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

အထူးသဖြင့် သူက မိစ္ဆာလေး၏ ဦးခေါင်းကို တင်းပုဖြင့် ရိုက်ခွဲချင်နေခဲ့သည်။

"ငါ့ရဲ့ ကောင်းကင်တင်းပုကို ရင်ဆိုင်ကြည့်စမ်း"

ကူဟဲက ခန္ဓာကိုယ်မှ စွမ်းအားများကို တင်းပုထံတွင် စုစည်းလိုက်ပြီး ပြေးတက်လာခဲ့သည်။

ယခုအချိန်တွင် ကူဟဲ၏ အော်ရာက အလွန် အားကောင်းနေသဖြင့် ဖန်ရှင်းတို့လူစု၏ ထိုးစစ်က နှေးကွေးသွားသည်။

သို့ရာတွင် ထင်မှတ်မထားသည့် ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာသည်။

ကူဟဲ၏လက်ထဲတွင် ကိုင်ထားသော တင်းပုလက်နက်က ရုတ်တရက် ကူဟဲ၏ လက်ထဲမှ ရုန်းထွက်လိုက်ပြီး ကောင်းကင်ဆီသို့ တိုက်ရိုက် ပျံသန်းသွားလိုက်သည်။

၎င်း၏ပုံစံက ကူဟဲကို နှုတ်ဆက်နေသလို ဒါမှမဟုတ် ဦးတည်ရာ အသစ်ကို ရှာဖွေနေသလိုပင်။

တင်းပုက နောက်ပြန် မလှည့်လာတော့ဘဲ အရှေ့တောင်ဘက် အရပ်သို့ ပျံသန်းသွားခဲ့သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ"

ထိုဖြစ်ရပ်ကြောင့် ဖန်ရှင်းနှင့် အခြားသူများသာမက ကူဟဲကိုယ်တိုင်ပင် ထိတ်လန့်သွားခဲ့သည်။

ဤမှော်လက်နက်က သူ၏ နာမည်ကြီးလက်နက် ဖြစ်ပြီး အတိုင်းအတာ တစ်ခုအထိ သူ၏နာမည်ကို မြှင့်တင်ပေးခဲ့ဖူးသည်။

ယခုတော့ ထိုလက်နက်က သူအခက်ခဲဆုံး အချိန်တွင် သူ့ကိုထားရစ်ခဲ့လေပြီ။

ဤမှော်လက်နက်က သူ့ကို စွန့်ပစ်ပြီး တိုက်ရိုက် ထွက်ပြေးသွားလိမ့်မည်ဟု သူစိတ်ကူးပင် မယဉ်ခဲ့ဖူးပေ။

"မင်းတောင် ငါ့ကို ထားခဲ့ပြီလား"

အချိန်အနည်းငယ်ကြာအောင် မှင်တက်သွားပြီးနောက် ကူဟဲက ဝမ်းနည်းပူဆွေးစွာ ရေရွတ်လိုက်သည်။

သူ၏တစ်ကိုယ်လုံးက ဒဏ်ရာရရှိထားသော သားရဲတစ်ကောင် ကဲ့သို့ပင်။

"မှော်လက်နက်မှာ စိတ်ဝိညာဉ်ရှိတယ်.. မင်းက သူ့ကို ရွေးချယ်ခဲ့တာ မဟုတ်ဘူး.. သူက မင်းကို ရွေးချယ်ခဲ့တာ.. ဒါပေမဲ့ မင်းက သူ့ရဲ့စံနှုန်းနဲ့ မကိုက်ညီတော့လို့ သူက မင်းကို စွန့်ပစ်လိုက်တာပဲ"

အနက်ရောင် ဝတ်စုံဝတ်ထားသည့် စုန့်ကွေးချန်က ကူဟဲကိုပြောလိုက်သည်။

"ငါနားလည်ပြီ"

ဝမ်းနည်းမှုတွေ ပြင်းထန်လာပြီးနောက် ကူဟဲက လေးနက်သော အသံဖြင့် ပြောလိုက်သည်။

ထို့နောက် သူက တင်းပု ပျံသန်းသွားသည့် လမ်းကြောင်းကိုမျှော်ကြည့်လိုက်ပြီး

"ငါ့ကို စွန့်လွှတ်လိုက်တာ မင်းရဲ့အကြီးမားဆုံး အမှားတစ်ခု ဖြစ်စေရမယ်"

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက် သူက အရူးတစ်ယောက်လို ဖန်ရှင်းတို့လူစုကို ပြေးဝင်တိုက်ခိုက်လိုက်သည်။

ကူဟဲ၏ သူသေကိုယ်သေ တိုက်ခိုက်ပုံကို ကြည့်ပြီးဖန်ရှင်း.. မျောက်ဝံဘုရင်နှင့် အခြားသူတွေအားလုံးက ထိတ်လန့်သွားကြသည်။

တင်းပုလက်နက် စွန့်ပစ်သွားသော်လည်း ကူဟဲ၏ ကျင့်ကြံမှုက ပေါ့သေးသေး မဟုတ်သဖြင့် ၎င်းနှင့် ထိပ်တိုက် ရင်မဆိုင်မိအောင် သတိထား၍ တိုက်ခိုက်နေရသည်။

သေခါနီးကျားနာနှင့် ယှဉ်ပြိုင်ရလောက်သည်အထိ မည်သူမှမမိုက်မဲပေ။

ဖန်ရှင်းနှင့် မျောက်ဝံဘုရင်တို့ကမူ ကူဟဲ၏ လက်ရှိအခြေအနေကို နားလည် သဘောပေါက်ကြသည်။

ကူဟဲက ဤနေရာမှ လွတ်မြောက်ခဲ့လျှင်ပင် အလကားလူ အဖြစ်သာ ရှင်သန်နိုင်တော့မည် ဖြစ်သည်။

ယခုအချိန်တွင် ကူဟဲ၏ခေါင်းပေါ်မှ သရဖူက ကွဲအက်နေပြီး ဆံပင်ရှည်များက ဖားလျားကျနေသည်။

"ငါက ရှေးခေတ် ယွင်ခုန်းမျိုးနွယ်စုက အကြီးအကဲ"

"မင်းတို့ထဲက ဘယ်သူ ငါ့ကိုသတ်ရဲလဲ"

"လူတစ်ယောက်ရဲ့အောက်.. လူတစ်သောင်းရဲ့အထက်မှာ ငါစိုးမိုးဖို့ ရည်မှန်းထားတယ်.. "

"ငါ့ကို လွန်ဆန်ရဲသူ အားလုံး သေရမယ်"

"......."

ကူဟဲက မောက်မာစွာ ကြုံးဝါးလိုက်သည်။

ယင်းအချိန်တွင် သူ၏ရင်ဘတ်ထဲမှ သွေးရောင်လက်သည်းများထွက်ပေါ်လာသည်။

ရင်ဘတ်မှသွေးများ ဒရဟော စီးကျလာပြီးနောက် ကူဟဲက လေပေါ်မှ ပြုတ်ကျသွားသည်။

ကူပဲ လေထဲမှ ပြုတ်ကျသွားပြီးနောက်တွင် ရွှေကျီးကန်းတစ်ကောင်၏ပုံရိပ်က လေထဲတွင် ပေါ်လာသည်။

"မင်းနာမည်က ကူပဲဆိုတော့ ကြိုးကြာဆိုတဲ့ အဓိပ္ပါယ်ပေါ့.. ဒါဆို သခင်ရွှေရဲ့ ထူးခြားတဲ့စွမ်းရည်က ကြိုးကြာတွေကို သတ်ဖြတ်ဖို့ ဆိုတာ မင်းသိလား"

ရွှေကျီးကန်းက ဝင့်ကြွားစွာ ပြောဆိုလိုက်သည်။

အပိုင်း(၁၂၀၆) ပြီး၏

အပိုင်း(၁၂၀၇) ငါ့အတွက် စိတ်မပူနဲ့

ရှေးခေတ် မျိုးနွယ်စု၏ နံပါတစ် ပုဂ္ဂိုလ်အဖြစ် လူသိများသော ပြိုင်ဘက်ကင်း ကျင့်ကြံသူ ကူပဲက ရွှေကျီးကန်း၏ ခြေသည်းချက်ဖြင့် သေဆုံးသွားခဲ့သည်။

ယနေ့တွင် ကမ္ဘာပေါ်၌ ဖူစန်းတောင်မှ ရွှေကျီးကန်းကို ကြောက်မက်ဖွယ် အစွမ်းရှိသည်ဟု သတ်မှတ်ထားကြသည်။

ဤအခြေအနေ အတိုင်းသာ ဆိုလျှင် ရွှေကျီးကန်းက ကူဟဲကို မျက်တောင် တစ်ခတ် အတွင်း သတ်ဖြတ်နိုင်သည့် သတင်းကထျန်းယွမ်တိုက်ကြီးတွင် ပျံ့နှံ့သွားမည်မှာ အသေအချာပင်။

ကူဟဲ သေဆုံးသွားသည်ကို မြင်လျှင် ကျင့်ကြံသူများ၏ နှလုံးသားထဲ၌ အလွန်ရှုပ်ထွေးသော ခံစားချက်များဖြစ်ပေါ်လာသည်။

ဒီရှေးခေတ် မျိုးနွယ်စု၏ နံပါတ်တစ် ပုဂ္ဂိုလ်က သေဖို့ မထိုက်တန်ပေ။

ကူဟဲက ခြေတစ်လှမ်း အရွှေ့မှားပြီး တောက်ပသော အနာဂတ်ကို ဆုံးရှုံးလိုက်ရခြင်း ဖြစ်သည်။

ဖန်ရှင်းနှင့် အခြားသူများ၏ အမြင်တွင် ကူဟဲက ရွှေကျီးကန်း၏ စွမ်းရည်ကြောင့် သေဆုံးသွားသည်ဟု မခံစားရပေ။

တင်းပုလက်နက်၏ စွန့်ပစ်ခြင်းကို ခံလိုက်ရသဖြင့် ကူဟဲ စိတ်ဖောက်နေသည့် အချိန်နှင့် တိုက်ဆိုင်သွား၍သာ ရွှေကျီးကန်းက လုပ်ကြံနိုင်ခဲ့ခြင်း ဖြစ်သည် မဟုတ်ပါလား။

"အားလုံးသေကုန်ပြီ.."

"သူတို့အားလုံး သေကုန်ပြီ.. နတ်ဘုရားနန်းတော်က ရှုံးနိမ့်သွားပြီလား"

"အားနည်းတဲ့ လူသားတွေက ငါတို့ နတ်ဘုရား သတ္တဝါတွေကို ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ"

အမိုးအကာ ပြိုကျပြီးနော် ဤမြေအောက်နန်းတော်၏ ဥပဒေသများက ပျောက်ကွယ်သွားပြီး ကမ္ဘာကြီးနှင့်တစ်သားတည်း ဖြစ်သွားခဲ့သည်။

ထို့နောက်တွင် ဖုန်းထျန်းမဟာမိတ် အဖွဲ့က တခဏအတွင်းမှာပင် အားသာမှု ရရှိသွားပြီး သူတော်စင်ငယ်များကို သတ်ဖြတ်နိုင်ခဲ့သည်။

ယခုအခါတွင် အနက်ရောင် အလုံးကြီးကို မျိုချရင်း ဒဏ်ရာရရှိသွားသည့် အမှောင်ထု နတ်ဘုရားနှင့် ပါရမီရှင်ဓားသမားအပြင် မရဏနတ်ဘုရား သားတော် တိုင်ယွမ်သာ ကျန်ရှိတော့သည်။

တိုင်ယွမ်က အကျဉ်းစံနှလုံးသား ချောက်ကမ်းပါးတွင် ဖန်ရှင်း၏ လှည့်စားမှုကြောင့် သေမတတ် ဖြစ်ခဲ့သော်လည်း ယခုအခါတွင် နေလဆေးလုံးကို သောက်သုံးထားသဖြင့် သူ့တစ်ကိုယ်လုံးက မှင်စာတစ်ကောင်လို ဖြစ်နေသည်။

ထိုသို့ နေလဆေးလုံးကို သောက်သုံးရခြင်းမှာ ရှောင်ရှယ်၏ ခွန်အားကို သူက နားမလည်နိုင်သလို ခံစားရပြီး အနိုင်ရရှိရန် အခွင့်အရေး နည်းပါးသည်ဟု ခံစားရသောကြောင့်ဖြစ်သည်။

တိုင်ယွမ်က သူ့မျက်စိရှေ့မှာပင် သူတော်စင်ငယ်များ

သေဆုံးသွားသောကြောင့် ဒေါသတကြီး ဖြစ်ကာ ကျယ်လောင်စွာကြုံးဝါးလိုက်သည်။

"အင်မော်တယ် လူသားတွေရဲ့ စကြဝဠာတစ်ခွင် လှည့်လည်အနိုင်ကျင့်တဲ့ခေတ်ကို ပြန်ရောက်မယ်လို့ မင်းတို့ ထင်နေလား.. ငါသေရင် မင်းတို့အားလုံးလည်း သေစေရမယ်"

ပြင်းထန်သော ကြုံးဝါးသံနှင့်အတူ သူ၏ခန္ဓာကိုယ်ပေါ်ရှိ အော်ရာက သိသိသာသာပင် ပြောင်းလဲသွားသည်။

သူ၏ ဦးခေါင်းထက်တွင် လှည့်ပတ်နေသော နေနှင့်လ၏ စွမ်းအားက ပို၍ မြင့်တက်လာသည်။

သူက အစောပိုင်းတွင် ရှောင်ရှယ်ကို သတ်ဖြတ်ရန် အမျိုးမျိုး ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ရှောင်ရှယ်က သူ့ကို အချိန်မရွေးသတ်ဖြတ်နိုင်သည်ဟု သဘောထား၍ ကစားနေသလို သူက ခံစားနေရသည်။

ယခုအချိန်တွင် သူ၏စိတ်လှုပ်ရှားမှုကြောင့် နေလဆေးလုံး၏ သက်ရောက်မှုက အကန့်အသတ်ကို ရောက်ရှိသွားပြီ ဖြစ်သည်။

ယင်းအခိုက်မှာပင် သူ၏ဦးခေါင်းထက်မှ နေနှင့်လ၏ စွမ်းအားက ရပ်တန့်သွားသည်။

ထိုသို့ဖြစ်ရခြင်းမှာ တိုင်ယွမ်က လျှို့ဝှက်နည်းလမ်းဖြင့် ရပ်တန့်အောင် ပြုလုပ်လိုက်သောကြောင့် ဖြစ်သည်။

ယင်းသို့ ရပ်တန့်လိုက်သဖြင့် မူလက လည်ပတ်နေသောစွမ်းအားနှစ်ခုက အချင်းချင်းတိုက်မိပြီး ကမောက်ကမ ဖြစ်ကုန်သည်။

ယင်း၏ ရလာဒ်အဖြစ် အချိန်နှစ်တွေ၏ စွမ်းအားက ရုတ်တရက် ပြောင်းလဲသွားပြီး တိုင်ယွမ်၏ ခွန်အားက တစ်ဟုန်ထိုး မြင့်တက်လာသည်။

"ဟားဟား ငါသေမယ် ဆိုရင်တောင် မင်းတို့အားလုံး မလွတ်မြောက်စေရဘူး"

တိုင်ယွမ်က သွေးနီရောင် သန်းနေသော မျက်လုံးများဖြင့် ကြည့်ကာ ရူးသွပ်စွာ အော်ဟစ်လိုက်သည်။

ချောက်နက်ကြီးထဲတွင် အဆုံးမဲ့ နတ်ဆိုးစွမ်းအင်များ ကျန်ရှိနေသည်။

နတ်ဆိုးများ သေဆုံးပြီးနောက် ၎င်းတို့၏ နတ်ဆိုးချီများကချောက်နက်ထဲတွင် စုဝေး၍ ကျန်ရှိနေခြင်းပင်။

တိုင်ယွမ်က ထိုနတ်ဆိုးချီများကို လှုံ့ဆော်လိုက်ရာ နတ်ဆိုးချီများက ကောင်းကင်ပေါ်သို့ တက်သွားပြီး ကြောက်မက်ဖွယ် ကောင်းသော နတ်ဆိုးတိမ်တိုက်များ အဖြစ်သို့ ပြောင်းလဲသွားသည်။

"မဟုတ်သေးဘူး.. ဒီကောင်က ငါတို့ကို သူသေကိုယ်သေ တိုက်ဖို့ စိတ်ကူးနေတာပဲ"

ဖန်ရှင်းက တိုင်ယွမ်ကို တအံ့တသြ ကြည့်နေရင်းမှ လျင်မြန်စွာ သတိပေးလိုက်သည်။

သူ၏ကျင့်ကြံမှု အဆင့်ဖြင့် တစ်ချက်မျှ ကြည့်ရုံဖြင့် တိုင်ယွမ်၏ ရည်ရွယ်ချက်ကို သူက သိမြင်နိုင်သည်။

တိုင်ယွမ်က နှစ်ပေါင်းများစွာ ကျင့်ကြံလာသော စွမ်းအားကိုအသုံးပြုကာ နတ်ဆိုးစွမ်းအင်များကို လှုံ့ဆော်ခဲ့ခြင်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် ထိုလုပ်ရပ်က ကိုယ့်ကိုယ်ကို သတ်သေခြင်းပင်။

သို့ရာတွင် တိုင်ယွမ်က ၎င်းတို့ကိုပါ သေရွာသို့ အပါခေါ်ရန် ကြိုးစားနေသည်။

တိုင်ယွမ်က မင်မျိုးနွယ်စုမှ မွေးဖွားလာသူ ဖြစ်သည်။

ကောလဟာလအရ မင်မျိုးနွယ်စုမှာ စကြာဝဠာတွင် နာမည်ကျော်ကြားသည့် ငရဲ မကောင်းဆိုးဝါး သတ္တဝါကြီး၏ မျိုးဆက် ဖြစ်သည်။

ထို့ကြောင့် မင်မျိုးနွယ်စု၏ အသွေးအသားထဲတွင် မကောင်းဆိုးဝါး သတ္တဝါကြီး၏ ငရဲချီများက တံဆိပ်ရိုက်ထားသလို နက်နက်ရှိုင်းရှိုင်း ရှိနေခဲ့သည်။

ငရဲချီက နတ်ဆိုးချီနှင့် အနည်းငယ် ဆင်တူသော်လည်း ယခုအချိန်တွင် ပေါင်းစည်းသွားပြီး တိုင်ယွမ်ကို အဆုံးမဲ့ စွမ်းအားများ ပေးစွမ်းနေသည်။

"ဟားဟား.. ငါတို့ ဘိုးဘေးလို အင်မော်တယ်တွေရဲ့ မျိုးဆက်တွေကို ဖျက်ဆီးရမှာ ကျေနပ်စရာပဲ"

"ဟားဟားဟား.."

ကျယ်လောင်သော ရယ်မောသံနှင့်အတူ ကမ္ဘာကြီး၏ အငွေ့အသက်များက နိုးကြားလာပြီး နတ်ဆိုးတိမ်တိုက်က ဒီရေကဲ့သို့ ယိမ်းခါနေသည်။

ထိုတိမ်တိုက်အောက်တွင် ထျန်းယွမ်တိုက်၏ ကျင့်ကြံသူများကို မြုပ်နှံရန် သူက စဥ်းစားထားသည်။

"မြန်မြန်ဝင်ကြ"

ဤအခိုက်အတန့်တွင် ဖန်ရှင်းက အရိုးစု ဦးခေါင်းခွံကို ဖွင့်ထုတ်လိုက်သည်။

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ အရိုးစုဦးခေါင်းခွံက ပါးစပ်ကို ခပ်ကျယ်ကျယ် ဟလိုက်ရာ နက်နဲသည့် တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်သကဲ့သို့ပင်။

ယခုအခါတွင် ကမ္ဘာငယ်လေးက ကမ္ဘာကြီးနှင့် ပေါင်းစည်းသွားပြီး

၎င်း၏ ဥပဒေသများ မရှိတော့သဖြင့် ဖန်ရှင်းက အရိုးစုဦးခေါင်းခွံကို ဖွင့်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဖန်ရှင်းက အရိုးစုဦးခေါင်းထဲတွင် နတ်နန်းတော်ကိုပါ ဖွင့်လှစ်ထားသည်။

တိုင်ယွမ်၏ နတ်ဆိုးတိမ်တိုက်ကို ရှောင်တိမ်းရန် နည်းလမ်းမရှိတော့သဖြင့် သူက အရိုးစုဦးခေါင်းခွံကို ဖွင့်ကာ လူအများကို ကယ်တင်ရန် အရင် ကြိုးစားလိုက်သည်။

"ရှောင်ချန်းကမ္ဘာထဲ မြန်မြန်ဝင်ကြ"

တစ်ချိန်တည်းမှာပင် ရွှေကျီးကန်းကလည်း အော်ဟစ်လိုက်ပြီး ပါးစပ်ထဲမှ အနက်ရောင် အလုံးတစ်လုံးကို ထွေးထုတ်လိုက်ရာ မှော်ဆန်သော အနက်ရောင် ဝင်ပေါက်တစ်ခုက ဖြစ်ပေါ်လာသည်။

ထိုကမ္ဘာငယ်လေး၏ အော်ရာကြောင့် ဖန်ရှင်း၏ နတ်နန်းတော်ထက် အဆများစွာ သာလွန်နေသည်မှာ ထင်ရှားနေသည်။

၎င်းတို့ကို နှိုင်းယှဥ်လျှင် ဖန်ရှင်း၏ နတ်နန်းတော်က တဲအိမ်လောက်သာ အဆင့်ရှိပြီး ရွှေကျီးကန်း၏ ရှောင်ချန်းကမ္ဘာကမူ နန်းတော်ကြီးလောက် အဆင့်ရှိနေသည်။

"အားပါးပါး.. ဒီကောင့် ရှောင်ချန်းကမ္ဘာက ကောင်းလှချည်လား "

ဖန်ရှင်းက ရှောင်ချန်းကမ္ဘာကို ကြည့်ကာ မနာလိုသော လေသံဖြင့် ရေရွတ်လိုက်သည်။

"ဝှစ်.. ဝှစ်.. ဝှစ်.. "

နတ်ဆိုးတိမ်တိုက်၏ စွမ်းအားကို သိသည့် ပတ်ဝန်းကျင်မှ လူတွေက စဥ်းစားနေဖို့ အချိန်မရှိသဖြင့် ကမ္ဘာငယ်နှစ်ခု ဆီသို့ ကပျာကယာ ပြေးသွားကြသည်။

စုန့်ကွေးချန်နှင့် လုဖုန်းရှန်းတို့ကမူ အနည်းငယ် တုံ့ဆိုင်းနေပြီးမှ တစ်ယောက်က ရွှေကျီးကန်းဆီသို့ ပြေးသွားပြီး

နောက်တစ်ယောက်က ဖန်ရှင်းဆီသို့ ပြေးသွားခဲ့သည်။

"အမတော်ရှောင်ရွှယ် အမြန်လာခဲ့တော့လေ"

ယခုအချိန်တွင် အန္တရာယ်အရှိဆုံးလူမှာ တိုင်ယွမ်နှင့် တိုက်ခိုက်နေသည့် ရှောင်ရွှယ်ပင် ဖြစ်သည်။

ထို့ကြောင့် ဖန်ရှင်းက စိုးရိမ်ကာ သတိပေးလိုက်သော်လည်း သူမက ကမ္ဘာငယ်လေးတွင် ပုန်းအောင်းရန် ရည်ရွယ်ချက် အနည်းငယ်မျှပင် ရှိပုံမရချေ။

သူမက ဖန်ရှင်းဘက်သို့ လှည့်၍ ပြုံးပြလိုက်ပြီးခေါင်းကိုညင်သာစွာ ခါလိုက်သည်။

"မောင်လေးဖန်.. ငါ့အတွက် စိတ်မပူပါနဲ့"

သူမ၏ မျက်နှာပြင်ပေါ်ရှိ အေးစက်စက် အသွင်အပြင်နှင့်

နှိုင်းယှဉ်လျှင် သူမ အသံက နူးညံ့ပြီး ကြင်နာရိပ် လွှမ်းနေသည်။

"ဝုန်း"

ယင်းအချိန်မှာပင် နတ်ဆိုးတိမ်တိုက်၏ အဆုံးမဲ့ ဖျက်ဆီးနိုင်သော စွမ်းအားများက သူမ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။

ထိုသို့ နတ်ဆိုးစွမ်းအင် ဖုံးလွှမ်းနေသော အချိန်မှာပင် ရှောင်ရွှယ်၏ စကားသံက ထွက်ပေါ်လာသည်။

"ငါရှိနေသရွေ့ မင်းကို ဘယ်သူမှ အနိုင်မကျင့်စေရဘူး.. မောင်လေးဖန်"

သူမ၏အသံတွင် မောက်မာဝင့်ကြွားသော အရိပ်အယောင်များ လွှမ်းခြုံနေသည်။

"ငါက ရှေးနတ်ဆိုးတွေရဲ့ မျိုးဆက်တွေထဲက တစ်ယောက်ပဲ"

အပိုင်း(၁၂၀၇) ပြီး၏

အပိုင်း(၁၂၀၈) နတ်ဆိုးနှလုံးသား

အဆုံးမဲ့ နတ်ဆိုးစွမ်းအင်များက နတ်ဆိုးတိမ်တိုက်များ အဖြစ်သို့ ပြောင်းလဲသွားသည်။

ယင်းနတ်ဆိုးတိမ်တိုက်တွင် ဖော်ပြ၍ မရနိုင်သည့် ထိတ်လန့်စရာ စွမ်းအားများ ပါဝင်နေသည်။

သူတော်စင်များပင် ထိုစွမ်းအားများနှင့် ရင်ဆိုင်ရမည်ကို နှစ်သက်မည် မဟုတ်ပေ။

နတ်ဆိုးတိမ်တိုက်ကို လက်နက်တစ်ခုအဖြစ် သတ်မှတ်ရလျှင်အင်မော်တယ် အဆင့်ကိုပင် ကျော်လွန်နေသော လက်နက်ဟု ဆိုနိုင်ပေသည်။

ကျင့်ကြံသူ အားလုံးက ဖန်ရှင်းနှင့် ရွှေကျီးကန်း၏ ကမ္ဘာငယ်လေးတွင် ခိုလှုံခဲ့ကြသော်လည်း ထိုမျှ ကြောက်မက်ဖွယ်ကောင်းသည့် နတ်ဆိုးစွမ်းအင်များကို ခံစားမိသည့် အခါတွင် ထိတ်လန့်ကုန်ကြသည်။

ရှောင်ရှယ်ကမူ တစ်ကိုယ်လုံးကို နတ်ဆိုးစွမ်းအင်များ လွှမ်းခြုံသွားသော်လည်း စိတ်အေးလက်အေးပင် ရှိနေသည်။

"အမတော် ရှောင်ရှယ်က ဒီလို ကြောက်စရာကောင်းတဲ့ စွမ်းအားကို ဘယ်လို ရင်ဆိုင်နိုင်မှာလဲ"

ဖန်ရှင်းက အထိတ်တလန့် ရေရွတ်လိုက်ပြီး ရှောင်ရှယ် အတွက် စိုးရိမ်စိတ်ဝင်လာသည်။

တကယ်တမ်း ပြောရလျှင် ရှောင်ရှယ်၏ ခွန်အားကို သူသိပ်နားမလည်ခဲ့ပေ။

သူက ရှောင်ရွှယ်နှင့် ပြန်တွေ့သည့်အခါတွင် ရှောင်ရွှယ်၏ ခွန်အားက နှစ်အနည်းငယ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာသည်ကို မြင်လိုက်ရသည်။

ဖန်ရှင်းနှင့် လမ်းခွဲသောအခါက မြွေဖြူလေးက သူမလက်တွင် ပတ်ထား၍ရသည့် အရွယ်အစားသာ ရှိသော်လည်း ယခုအခါတွင် နဂါးဖြူ တစ်ကောင်လိုဖြစ်လာပြီး ခွန်အားက အဆတစ်သိန်းလောက် တိုးတက်လာသည်။

သူ၏ ကျင့်ကြံမှုပင် ကပ်ဘေး တတိယအဆင့်ကို ရောက်ရှိသွားခဲ့ရာ ရှောင်ရွှယ်က နှစ်အနည်းငယ် အတွင်း ထိုမျှ တိုးတက်လာသည်မှာ အံ့သြစရာတော့ မဟုတ်ချေ။

သူမ၏ တည်ငြိမ်အေးဆေးမှုနှင့် စွမ်းရည်ကို တွက်ဆကြည့်လျှင် သူမက ကပ်ဘေးအဆင့် နယ်ပယ်သို့ ဝင်ရောက်နေပြီဟု ခန့်မှန်း၍ ရပေသည်။

သို့ရာတွင် မှော်တိမ်တိုက်ကို တိုက်ရိုက် ရင်ဆိုင်ဖို့ ရွေးချယ်လိုက်သည်ကတော့ အတော်လေး ရူးသွပ်လွန်းနေသည်

မဟုတ်ပါလား။

ရှောင်ရှယ်က တခြားသူများ၏ အသက်ကို ကာကွယ်ရန် သူမအသက်နှင့် ရင်း၍ ကြိုးစားနေသည်ဟု ဖန်ရှင်းက တွေးမိလိုက်သည်။

ရှောင်ရှယ်၏ ပါးစပ်မှ

"နတ်ဆိုးတွေ၏ မျိုးဆက်တွေထဲမှ တစ်ယောက်"

ဟူသော စကားကိုကြားရမှ သူက တစ်စုံတစ်ခုကို ရိပ်မိသွားခဲ့သည်။

ဖန်ရှင်းက မေ့ပျောက်လုနီးပါး ဖြစ်နေသည့် မှတ်ဉာဏ် အပိုင်းအစများကို ချက်ချင်းပင် ပြန်လည် စုစည်းခဲ့သည်။

"နတ်ဆိုးတွေရဲ့ မျိုးဆက်တွေထဲက တစ်ယောက်..."

ဤမြေအောက်နန်းတော် ကမ္ဘာငယ်လေးကို ရောက်လာသောအခါတွင် ဒဏ္ဍာရီလာ ကောင်းကင်နတ်ဆိုး၏ မျက်လုံးပွင့်လာသည်ကို သူမြင်ခဲ့ရပြီး ကောင်းကင်နတ်ဆိုးက ၎င်း၏ အမွေအနှစ် ဆက်ခံမည့်သူကို ရှာဖွေနေသည်ဟု သိခဲ့ရသည်။

ဒဏ္ဍာရီအရ မျက်လုံးပွင့်သည်က ဆက်ခံသူ ပေါ်ထွက်လာမှုကိုကိုယ်စားပြုသည်ဟု ဆိုကြသည်။

သူက သူတော်စင်ငယ်များနှင့် တိုက်ပွဲဝင်၍ ကောင်းကင်နတ်ဆိုး၏ ရွေးချယ်မှုကို ခံခဲ့ရသော်လည်း အမွေဆက်ခံခွင့်မရခဲ့ပေ။

သို့ဆိုလျှင် ကောင်းကင်နတ်ဆိုးက ဆက်ခံသူကို ကြိုတင်ရွေးချယ်ထားတာ ဖြစ်နိုင်ပါသလော။

"အဲ့ဒါက အမတော် ရှောင်ရှယ်များလား"

ထိုအတွေး ပေါ်လာသည့်အခါတွင် ရှောင်ရှယ်က နတ်ဆိုးစွမ်းအင်များအောက်၌ လုံး၀ နစ်မြုပ်သွားပြီ ဖြစ်သည်။

ထိုစွမ်းအားတွင် အရာအားလုံးကို ဖျက်ဆီးနိုင်သော စွမ်းအားများ ပါဝင်ပြီး လေနှင့်တိမ်များကို လှုံ့ဆော်ကာ မြေအောက်နန်းတော် ကမ္ဘာငယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ဖန်ရှင်းပင်လျှင် အရိုးစု ဦးခေါင်းခွံ အတွင်းသို့ အချိန်တိုအတွင်း ဝင်ရောက်နိုင်ခဲ့၍သာ လွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကောင်းကင်တစ်ခုလုံးက မှောင်မိုက်နေပြီး ကြယ်များ စုံလင်စွာ တောက်ပနေသည်။

ယခုအချိန်တွင် နတ်ဆိုးစွမ်းအင်၏ ကြောက်မက်ဖွယ် တည်ရှိမှုကို ဖော်ပြရန်ပင် ခက်ခဲနေသည်။

"ဒါက ကမ္ဘာကြီးကို ဖျက်ဆီးနိုင်တဲ့ စွမ်းအားပဲ.."

နတ်နန်းတော်နှင့် ရှောက်ချန်းကမ္ဘာသာ မရှိလျှင် ဖုန်းထျန်းမဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက လုံးဝ

ရှင်သန်နိုင်မည်မဟုတ်ပေ။

ထိုသို့ ရှုပ်ထွေးမှုများကြားမှာပင် တည်ငြိမ်သော အသံတစ်သံက ထွက်ပေါ်လာသည်။

"တိုင်ယွမ်.. နင်က နတ်ဆိုးစွမ်းအင်တွေကို လှုံ့ဆော်ပြီး ထျန်းယွမ်က ကျင့်ကြံသူတွေကို နင်နဲ့အတူ သေရွာကို အပါခေါ်ဖို့ကြိုးစားခဲ့တယ်"

"ဒါပေမဲ့ ငါက နတ်ဆိုးတွေရဲ့ မျိုးဆက် ဆိုတာကိုတော့ နင်မသိခဲ့ဘူး.. ဒီနတ်ဆိုးစွမ်းအင်တွေက ငါ့ကို ဘယ်လိုလုပ် အန္တရာယ်ပြုနိုင်မှာလဲ.. ဟင်းဟင်း "

ရှောင်ရွှယ်က နတ်ဆိုးစွမ်းအင်များ ဖုံးလွှမ်းနေသည့် ကြားမှ တိုင်ယွမ်ကို ခနဲ့လိုက်သည်။

ထို့နောက်တွင် သူမက သက်ပြင်းချကာ လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

"ထျန်းယွမ်တိုက်က ရှောင်ရှယ်.. ရှောင်မျိုးနွယ်စုရဲ့ သမီးက ကောင်းကင်နတ်ဆိုးရဲ့ အမွေအနှစ်အတွက် ရောက်ရှိလာပါပြီ"

"ငါငယ်စဉ်ကတည်းက ဓားပညာကိုသာ တစိုက်မတ်မတ် လေ့ကျင့်ခဲ့တယ်.. နောက်ပိုင်းမှာ ချူနိုင်ငံရဲ့နဂါးဓား နန်းတော်မှာ လေ့ကျင့်ခဲ့တယ်.. ထျန်းယွမ်တိုက်ကြီးမှာ အနှစ်၃၀ ဖြတ်သန်းပြီး နောက်မှာတော့ တာအိုအုတ်မြစ်က ပျက်စီးသွားခဲ့တယ်.. တာအိုအုတ်မြစ်ကို ကုသဖို့ လူတွေဆီက အသက်ဓာတ်တွေ စုပ်ယူပြီး အသက်ဆေးလုံး ဖန်တီးခဲ့တယ်.. အဲ့ဒီနောက်ပိုင်းမှာ တဖြည်းဖြည်း အထီးကျန်လာခဲ့ပြီး ဆံဖြူမိစ္ဆာမ အဖြစ် အသက်ရှင်ခဲ့ရတယ်.. မောင်လေးဖန် ရောက်မလာခင်အထိပေါ့.. "

သူမက ခပ်တိုးတိုးလေး ညီးညူနေသည်။

ယင်းအချိန်တွင် နတ်ဆိုးစွမ်းအင်များက သူမ၏စကားကို ငြိမ်သက်စွာ နားထောင်နေသကဲ့သို့ တိတ်တဆိတ် ရှိနေကြသည်။

"ဒီအလှည့်အပြောင်း အားလုံးကို ကျော်ဖြတ်ပြီးတဲ့ နောက်မှာ ဝိညာဉ်တောင်တန်း ဘုရားကျောင်းရဲ့ ကျောင်းထိုင်ပုဂ္ဂိုလ် တုလင်းနဲ့ အရက်အသား ဘုန်းတော်ကြီးတို့က ငါ့ကို ကုသပေးခဲ့ပြီး လမ်းညွှန်မှု

ပေးခဲ့တယ်.. ငါတစ်ခုလောက် မေးချင်တယ်.. ငါက နတ်ဆိုးနှလုံးသားကို ဆက်ခံဖို့ လုံလောက်တဲ့သူလား"

သူမက ကောင်းကင်နတ်ဆိုးကို မေးခွန်းထုတ်လိုက်သည်

"ကောင်မလေး မင်းက ဘာလို့ နတ်ဆိုးနှလုံးသားကို ဆက်ခံချင်တာလဲ"

"ငါနတ်ဆိုးဖြစ်သွားရင် ဓားတစ်ချောင်းကို ကိုင်ဆွဲပြီး စကြဝဠာကို ဖြတ်သန်း သွားလာမယ်.. ကောင်းကင်ဘုံ ကျင့်စဉ်တွေကို ကျင့်ကြံမယ်.. လောကတစ်ခုလုံးကို လွတ်လွတ်လပ်လပ် သွားလာမယ်.. စကြဝဠာကို ဖြတ်သန်းပြီး သတ္တဝါ သန်းပေါင်းများစွာကို သတ်ဖြတ်မယ်"

သူမ၏အသံက ကောင်းကင်နှင့်မြေကြီးကြားသို့ ပျံ့နှံ့သွားရာ သူမ နံဘေးရှိ နတ်ဆိုးချီများက နိုးကြားလာပြီး သခင်ကို ပြန်လည် မှတ်မိသွားသကဲ့သို့ ရှောင်ရွှယ်၏ ပတ်ပတ်လည်တွင် လှည့်ပတ်နေသည်။

ထိုမြင်ကွင်းကို မြင်လျှင် အသက်နှင့် ရင်း၍ နတ်ဆိုးစွမ်းအင်များကို လှုံ့ဆော်ခဲ့သော တိုင်ယွမ်က ထိတ်လန့် တုန်လှုပ်သွားသည်။

ဤပုံအတိုင်းဆိုလျှင် သူမက နတ်ဆိုးနှင့် ပထမအကြိမ် ဆုံဖူးခဲ့ပုံရသည်။

သို့ရာတွင် နတ်ဆိုး၏ ခွင့်ပြုချက်မရသဖြင့် သူမက အမွေအနှစ်ကို အပြည့်အဝ ဆက်ခံခဲ့ပုံ မရချေ။

ယခုအခါတွင် သူမက နတ်ဆိုးဆီမှ ခွင့်ပြုချက် ရရှိရန် အတွက် နတ်ဆိုး၏ မေးခွန်းကို ဖြေကြားနေသည်။

လက်ရှိအချိန်တွင် ပတ်ဝန်းကျင်မှ နတ်ဆိုးစွမ်းအင်များက သူမနှင့် လုံးဝ သဟဇာတ ဖြစ်လာသည်။

"ကောင်မလေး မင်းပြောတာ သေချာရင်တော့ နတ်ဆိုးနှလုံးသားကို ငါပေးလိုက်မယ်.. ဒါပေမဲ့ အသိစိတ် ပျောက်ပြီး မင်း တန်ဖိုးထားတဲ့ သူတွေကို သတ်ဖြတ်မိမှာကိုတော့ ငါသတိပေးချင်တယ်..

မင်းသေချာစဥ်းစားပါဦး"

ကောင်းကင်နတ်ဆိုးက နောက်ဆုံး အကြိမ် အတည်ပြုသည့်သဘောဖြင့် မေးမြန်းလိုက်သည်။

ရှောင်ရှယ်ကသာ လက်ခံလိုက်လျှင် ကောင်းကင်နတ်ဆိုး၏ အမွေအနှစ်ကို အပြည့်အ၀ ဆက်ခံခွင့် ရရှိလိမ့်မည် ဖြစ်သည်။

ယင်းအချိန်တွင် ရှောင်ရှယ် ပြောလိုက်သော စကားက အားလုံးကို မှင်တက်စေခဲ့သည်။

"ကမ္ဘာပေါ်မှာရှိတဲ့ လူတိုင်းကို ငါသတ်ဖြတ်နိုင်ပေမဲ့ လူတစ်ယောက်ကိုတော့ ငါဘယ်တော့မှ သတ်ဖြတ်မှာ မဟုတ်ဘူး..လူတိုင်းက ငါ့ကို ဆံဖြူမိစ္ဆာမအဖြစ် စွန့်ပစ်ခဲ့ပေမဲ့ သူကတော့ငါ့ကို ဘယ်တော့မှ လက်မလျော့ဘူး.. မညီးညူခဲ့ဘူး.. ဒါကြောင့်.. "

ရှောင်ရှယ်က ခဏမျှတိတ်ဆိတ်သွားသည်။

ကောင်းကင်နတ်ဆိုး၏ နောက်ဆုံးမေးခွန်း အဖြေက သူမထံတွင် ရှိနေပြီ ဖြစ်သည်။

သူမက အရိုးစုဦးခေါင်းခွံဆီသို့ လှမ်းမျှော် ကြည့်လိုက်ပြီး

"ငါ့ရဲ့ဓားနဲ့ ငါ့ကိုယ်ငါ သတ်ချင်သတ်လိုက်မယ်.. မောင်လေးဖန်ကိုတော့ ဒီတစ်သက် ငါဘယ်လိုမှ သတ်နိုင်မှာ မဟုတ်ဘူး"

သူမ၏ စကားဆုံးသည်နှင့် အချိန်နှင့် ဟင်းလင်းပြင် လှုပ်ရှားမှုက ရပ်တန့်သွားပြီး နတ်ဆိုးစွမ်းအင် များကလည်း ရုတ်တရက် ရပ်တန့်သွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေပြီး ဘာသံမှ မကြားရတော့ပေ။

ယင်းအချိန်တွင် ဝိညာဉ် အသိစိတ်တစ်ခုက ရှောင်ရှုယ်၏ အနားတွင်

လှည့်ပတ်ပျံသန်းရင်း

"မင်းက နတ်ဆိုးနှလုံးသားထက် ဟိုငမျောက်ကို ရွေးချယ်လိမ့်လို့ ငါမထင်ထားမိဘူး"

"ငါမင်းကို သေချာစဥ်းစားဖို့ ပြောခဲ့တယ်.. ဒါက မင်းရဲ့အဖြေဆိုတာ သေချာလား"

ကောင်းကင်နတ်ဆိုး၏ မေးခွန်းကိုကြားလျှင် ရှောင်ရှယ်က တုံ့ဆိုင်းမနေဘဲ

"သေချာပါတယ်"

ဟု ပြန်ဖြေလိုက်သည်။

"မင်းသာ အရာအားလုံးကို ဖြတ်တောက်နိုင်ရင် ငါ့ရဲ့မျှော်အစွမ်းအပြင် ငါ့ရဲ့ နတ်ဆိုးနှလုံးသားကိုပါ အမွေဆက်ခံခွင့် ရလာလိမ့်မယ်.. ငါ့ရဲ့တစ်ဦးတည်းသော ဆက်ခံသူ ဖြစ်လာပြီး

စကြဝဠာကြီးမှာ အကန့်အသတ်မရှိ သွားလာနိုင်မယ်.. အကယ်၍ မင်းရဲ့နှလုံးသားထဲမှာ တစ်စုံတစ်ယောက် ရှိနေရင်တော့ ငါ့ရဲ့ နတ်ဆိုး နှလုံးသားကို အမွေဆက်ခံဖို့ ခံနိုင်ရည် မရှိတဲ့အတွက် ငါ့ရဲ့မှော်အစွမ်းကိုသာ အမွေဆက်ခံနိုင်လိမ့်မယ်"

"ကျေးဇူးပါပဲ.. ရှောင်ရှယ် သေချာဆုံးဖြတ်ပြီးပါပြီ"

ရှောင်ရှယ်၏နှုတ်မှ ထိုစကားများ ထွက်လာသည်နှင့်တစ်ပြိုင်နက် ကမ္ဘာကြီးက အချိန်အတော်ကြာ တိတ်ဆိတ်သွားခဲ့သည်။

"ဟားဟား.. ဘာပဲဖြစ်ဖြစ် မင်းက ငါ့ရဲ့ ဂုဏ်ယူစရာကောင်းတဲ့ ဆက်ခံသူပဲ..."

"ကောင်းပြီလေ.. ငါမင်းကို နတ်ဆိုး နှလုံးသား မပေးအပ်နိုင်ပေမဲ့ ကောင်းကင်နတ်ဆိုး စွမ်းအားကိုတော့ လွှဲပေးလိုက်မယ်"

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ နတ်ဆိုးစွမ်းအင်များက ကြီးမားသော လက်တစ်ဖက် အဖြစ်သို့ ပြောင်းလဲသွားပြီး ရှောင်ရှယ်၏ ဦးခေါင်းကို ညင်သာစွာ ဖိချလိုက်သည်။

ရှောင်ရှယ်က ထိုဖိအားအောက်တွင် အချိန်မည်မျှ ကြာသွားမှန်းပင် မသိတော့ချေ။

သူမ၏ခန္ဓာကိုယ်ထဲတွင် လျှို့ဝှက်ဆန်းကြယ်သောအပြောင်းအလဲ တချို့ ဖြစ်ပေါ်လာသည်။

"ဒီကလေးက တကယ်ကို စိတ်ဝင်စားဖို့ ကောင်းသားပဲ.. နတ်ဆိုး နှလုံးသားကိုတောင် စွန့်လွှတ်ရဲတယ်.. တကယ်တော့ ဒီလို စိတ်ဓာတ်မျိုးကသာ အကြင်နာကင်းမဲ့တဲ့ နတ်ဆိုးနှလုံးသား ပိုင်ရှင် ဖြစ်ဖို့ သင့်လျော်တယ်.. တကယ် နှမြောစရာပဲ"

အပိုင်း(၁၂၀၈) ပြီး၏

အပိုင်း(၁၂၀၉) ငါနဲ့လောင်းကြေးထပ်ရဲလား

"ဝုန်း.. ဝုန်း.. ဝုန်း"

ပေါက်ကွဲသံကြီးများ ဆက်တိုက်ဆိုသလို ထွက်ပေါ်လာသည်။

ကောင်းကင်နှင့် မြေပြင်တစ်ခုလုံးက မှောင်မဲနေပြီး တောင်တန်းများက ပြိုလဲသွားသည်။

ဖန်ရှင်းနှင့် ကမ္ဘာငယ်လေးထဲရှိ အခြားသူများပင်လျှင် ထိတ်လန့်တုန်လှုပ်ဖွယ် ခံစားချက်ကို ခံစားခဲ့ကြရသည်။

ရှောင်ချန်းကမ္ဘာနှင့် နတ်နန်းတော်၏ အကာအရံက အပြင်ဘက်ရှိ နတ်ဆိုးစွမ်းအင်ကြောင့် မပျက်စီးပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေခဲ့ရသည်။

ခဏတာ ပြင်းထန်စွာ လှုပ်ခတ်သွားပြီးနောက် အပြင်ဘက်က ငြိမ်သက်သွားခဲ့သည်။

ဘေးကင်းကြောင်း အတည်ပြုပြီးသည်နှင့် ဖန်ရှင်းနှင့် အခြားသူများက အတွင်းမှ အလျင်အမြန် ခုန်ထွက်ကာ ရှောင်ရှားယ်ကိုလှည့်ပတ် ရှာဖွေလိုက်ကြသည်။

မြေအောက်နန်းတော် ကမ္ဘာငယ်လေးက ရောမ ကျောက်တုံးများ ပြန့်ကျဲနေပြီး ကြီးမားသည့် အပျက်အစီး နေရာ တစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။

ကျောက်တုံးတံတားနှင့် လှိုဏ်ဂူအိမ်ကလေးသာ လေထုထဲတွင် ကျန်ရစ်နေဆဲ ဖြစ်သည်။

မရဏနတ်ဘုရား သားတော် တိုင်ယွမ်ကမူ ပျောက်ကွယ်သွားချေပြီ။

အခိုးအငွေ့များကြားတွင် သူ၏ပုံသဏ္ဍာန်ကို ခပ်ရေးရေးသာ တွေ့နိုင်တော့သည်။

ယင်းအချိန်တွင် ကောင်းကင်ပေါ်၌ ချိုနှစ်ချောင်းနှင့်

ခြေသည်းလေးခုရှိသည့် နဂါးဖြူတစ်ကောင် ပျံဝဲနေသည်။

ထိုနဂါးဖြူ၏ ဦးခေါင်းထက်တွင် ဆံဖြူအမျိုးသမီး တစ်ဦးက တပုလ္လင်ခွေကာ မျက်လုံးမှိတ်၍ ထိုင်နေသည်။

သူမက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ခြေအိတ်အဖြူ.. ဖိနပ်အဖြူ.. ခါးတွင် ချိတ်ထားသော အရိုးဖြူဓားပင် အဖြူရောင် ဖြစ်သော်လည်း ထူးခြားချက်မှာ သူမ၏ အဖြူရောင် ဝတ်စုံပေါ်တွင် အနက်ရောင်အစင်းကြောင်း ကိုးခု ဖြစ်ပေါ်နေခြင်းပင်။

"အမတော် ရှောင်ရွှယ် အဆင်ပြေပါ့မလား"

ဖန်ရှင်းက စိုးရိမ်စွာ ရေရွတ်လိုက်သည်။

ရှောင်ရွှယ်၏ အော်ရာက ယခုအချိန်တွင် ကြောက်မက်ဖွယ်

ကောင်းအောင် ပြီးပြည့်စုံမှု ရှိနေသည်။

နတ်ဆိုး၏အမွေအနှစ်ကို ဆက်ခံလိုက်သောကြောင့် ရှောင်ရှယ်က နှလုံးသားကင်းမဲ့ပြီး တရားမရှိသောသူ တစ်ယောက် ဖြစ်လာမည်ကို ဖန်ရှင်းက စိတ်ပူနေခဲ့သည်။

ဖန်ရှင်းက လေထဲတွင် လမ်းလျှောက်လာရာ ရှောင်ရှယ်ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားသည်။

သူမက မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး ဖန်ရှင်းကို ကြည့်လိုက်သည်။

"မောင်လေးဖန် မင်္ဂလာပါ "

ရှောင်ရှယ်က ဖန်ရှင်းကို ပြုံးပြလိုက်ပြီး နူးညံ့စွာ ပြောလိုက်သည်။

"ငါ မင်းအကြည့်နဲ့ ရင်ဆိုင်ရတာကို ကြောက်ရွံ့သလို ခံစားရတယ်"

ဖန်ရှင်းက ရင်ဘတ်ကို လက်ဖြင့်ဖိချ၍ ထိတ်လန့်တကြား ပြောလိုက်သည်။

"ဘာကို ကြောက်နေတာလဲ"

ရှောင်ရှယ်က နူးညံ့သိမ်မွေ့စွာ ပြုံးပြီး မေးခွန်း ထပ်မေးလိုက်သည်။

"မင်း.. နတ်ဆိုး ဖြစ်သွားပြီလား"

ဖန်ရှင်းက မရဲတရဲ ကြည့်၍ မေးလိုက်သည်။

ရှောင်ရှယ်က ပြုံးလိုက်ပြီး

"ငါတကယ်ကို ကောင်းကင်နတ်ဆိုးရဲ့အမွေအနှစ်ကို ဆက်ခံခွင့်ရခဲ့ပြီး နတ်ဆိုးနှလုံးသားကိုပါ အမွေဆက်ခံဖို့ အရည်အချင်း ပြည့်မီခဲ့တယ်.. ဒါပေမဲ့ နောက်ဆုံး ရွေးချယ်မှုတစ်ခုမှာ နတ်ဆိုး

နှလုံးသားကို ငါစွန့်လွှတ်ခဲ့ရတယ်.. ဒါကြောင့် ငါ့ရဲ့ စိတ်ဝိညာဉ်က အခုထိ နတ်ဆိုး မဖြစ်ဘဲ ကျန်ရှိခဲ့တာပဲ"

ရှောင်ရှွယ်က နတ်ဆိုးနှလုံးသား စွန့်လွှတ်လိုက်ရသည့်အကြောင်းရင်းကို အသေအချာ မရှင်းပြခဲ့သလို ဖန်ရှင်းကလည်း မမေးမြန်းခဲ့ချေ။

"ဟားဟား.. ဒါလည်း ကောင်းတာပဲ... အမတော်ကို မဆုံးရှုံးရတော့ဘူးပေါ့"

"တကယ်တမ်း ပြောရရင် ကောင်းကင်နတ်ဆိုးရဲ့ အမွေဆက်ခံဖို့ နတ်ဆိုး မျိုးဆက် သုံးယောက် ရှိတယ်.. ငါက နတ်ဆိုးနှလုံးသားကို အမွေဆက်ခံခွင့် မရလည်း ကောင်းကင်နတ်ဆိုးအတွက် စိုးရိမ်စရာ မရှိပါဘူးလေ"

ရှောင်ရှွယ်က တည်ငြိမ်သောလေသံဖြင့် ပေါ့ပါးစွာ ပြောလိုက်သည်။

"နတ်ဆိုးမျိုးဆက်က သုံးယောက်တောင်လား"

စုန့်ကွေးချန်က သူမ၏စကားကို ကြားလျှင် မျက်လုံးများ ကျဉ်းမြောင်းသွားပြီး စဥ်းစားခန်း ဝင်နေခဲ့သည်။

ကောင်းကင်နတ်ဆိုးတွင် မျိုးဆက်သုံးယောက် ရှိနေလျှင် တစ်ဦးတည်းသာ ကောင်းကင်နတ်ဆိုး အစစ် ဖြစ်လာနိုင်မည်မှာ သံသယရှိနေစရာပင် မလိုချေ။

ယခုတော့ ထိုက်ချီရေကန်မှ လနတ်သမီးက နတ်ဆိုး နှလုံးသားကို စွန့်လွှတ်လိုက်သည်။

ယင်းက ကောင်းကင်နတ်ဆိုး ဖြစ်နိုင်မည့် အခွင့်အရေးကို စွန့်လွှတ်လိုက်သည်နှင့် ညီမျှနေမည်ကို သူကြောက်ရွံ့မိသည်။

သို့ဆိုလျှင် ကျန်ရှိသည့် မျိုးဆက် နှစ်ယောက်က မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

"အရှုပ်တွေရှင်းဖို့ အချိန်ရောက်ပြီ…"

ဖန်ရှင်းက သူ၏ ဝိညာဥ်အသိစိတ် စေ့ဆော်မှုအောက်တွင် လူတစ်ဦးကို ရုတ်တရက် တွေ့ရှိခဲ့ပြီး အမြန် ပြေးလာခဲ့သည်။

သူတွေ့ရှိလိုက်သည့်သူက အလွန် သနားစရာ ကောင်းစွာပင် ခန္ဓာကိုယ် တစ်ခုလုံး စုတ်ပြဲနေပြီး အရိုးများ ကျိုးကြေနေသည်။

ထိုလူ၏ဒဏ်ရာ တချို့တွင် နတ်ဆိုးစွမ်းအင်များ စွဲကျန်နေသည်။

ထိုလူက အသားများ တဆက်ဆက် တုန်ယင်နေသည့်ကြားမှ ကုစားရန် ကြိုးစားခဲ့သော်လည်း နတ်ဆိုးစွမ်းအင်များ၏ တိုက်စားမှု အောက်တွင် ဒဏ်ရာက ပို၍ နက်နဲလာခဲ့သည်။

ထိုလူက တခြားလူ မဟုတ်ပေ.. အင်မော်တယ် ဘုံငယ်၏ ဆက်ခံသူ ပါရမီရှင် ဓားသမားပင် ဖြစ်သည်။

"လိုက်လာခဲ့"

ဖန်ရှင်းက ပါရမီရှင်ဓားသမားကို ဂုတ်ကနေ ဆွဲကိုင်ပြီး ခေါ်လာခဲ့ရာ ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူ အားလုံးက မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒီကောင် အခုထိ မသေသေးဘူးလား"

တိုင်ယွမ်၏လက်ချက်ကြောင့် မြေအောက်နန်းတော် ကမ္ဘာငယ်လေးက ပျက်စီးသွားပြီး ဖန်ရှင်းတို့ပင် ရှောင်ချန်းကမ္ဘာ နှင့် နတ်နန်းတော်ထဲ ဝင်ပုန်းနေ၍သာ လွတ်မြောက်ခဲ့ရသည်။

သို့ရာတွင် ထိုသို့ ဝင်ပုန်းရန် နတ်နန်းတော် မရှိသည့် ပါရမီရှင်ဓားသမားကမူ နတ်ဆိုးစွမ်းအင်များကို အစွမ်းကုန် တွန်းလှန်ရင်း အကြီးအကျယ် ဒဏ်ရာရရှိခဲ့သည်။

သူက ယခုထိ အသက်ရှင်နေဆဲ ဖြစ်သော်လည်း သူ၏ အသွင်အပြင်ကို ကြည့်ရုံဖြင့် ထိုဒဏ်ရာမှ မကျော်လွှန်နိုင်တော့မှန်း သိသာနေသည်။

နတ်ဆိုးတိမ်တိုက်၏ စွမ်းအားက အလွန်ပင် ကြောက်စရာကောင်းပြီး အစစ်အမှန် အင်မော်တယ်ပင် ခံနိုင်ရည် မရှိလောက်ပေ။

ပါရမီရှင်ဓားသမား ယခုအချိန်ထိ အသက်ရှင်နေသေးသည်က အံ့သြစရာ ဖြစ်နေသည်။

"အင်မော်တယ်ဘုံငယ်ရဲ့ ပြစ်မှုက သေထိုက်တယ်... နတ်ဘုရားသတ္တဝါတွေ ထျန်းယွမ်တိုက်ဆီ ကျူးကျော်လာတာ သူတို့ရဲ့ စနက်ပဲ"

မျောက်ဝံဘုရင်က ကြုံးဝါးလိုက်ပြီး သံမဏိတုတ်ဖြင့် ရိုက်သတ်ရန် ပြင်လိုက်သည်။

"ခဏနေပါအုံး "

ဖန်ရှင်းက ရုတ်တရက် ဟန့်တားလိုက်ရာ မျောက်ဝံဘုရင်က ကြောင်စီစီ ဖြစ်သွားသည်။

"အကိုဖန်က ဘယ်အချိန်ကစပြီး ကြင်နာတတ်သွားတာလဲ"

ဖန်ရှင်းက မျောက်ဝံဘုရင်ကို ရှင်းပြမနေတော့ဘဲ အရိုးစုဦးခေါင်းခွံဆီသို့ ပျံသန်းသွားပြီး

"ရှောင်ချင်း.. ချင်းယွီကို ခေါ်ပြီး အပြင်ထွက်လာခဲ့"

ဟု အော်ဟစ်လိုက်သည်။

ထို့နောက်တွင် ယောင်းချီမင်းသမီးလေး ရှောင်ချင်းက နတ်သမီးချင်းယွီကို တွဲကာ အရိုးစုဦးခေါင်းခွံထဲမှ ထွက်လာခဲ့သည်။

ချင်းယွီက ကောင်းကင်ဘုံမေ့ပျောက်ခြင်း ကျင့်စဉ်ကြောင့် ရုပ်သေးရုပ်ကဲ့သို့ ဖြစ်နေသည်။

"သူမကို ကုသပေး.. ပျောက်အောင် မကုသနိုင်ဘူးလို့

တစ်ခွန်းပြောတာနဲ့ မင်းကိုနုတ်နုတ်စင်းပြီး အချဉ်ရည်နဲ့ တို့စားပစ်မယ်"

"ငါသူမရဲ့ စိတ်ဝိညာဉ်ကို အကောင်းအတိုင်း ဖြစ်အောင် ကုသပေးနိုင်ပါတယ်.. ဒါပေမဲ့"

ပါရမီရှင်ဓားသမားက လေသံတိုးတိုးဖြင့် ခက်ခက်ခဲခဲ အားယူ ပြောလိုက်ရသည်။

ထိုသို့ပြောရင်း သူ၏ ပါးစပ်ထောင့်မှ သွေးများပင် စီးကျလာသည်။

ဖန်ရှင်းနှင့် အခြားသူများက ချက်ချင်းပင် မျက်မှောင်ကြုတ်သွားသည်။

၎င်းတို့၏ အကြည့်အားလုံးက ပါရမီရှင်ဓားသမားဆီသို့ စုပုံ၍ ကျရောက်သွားသည်။

ပါရမီရှင်ဓားသမားထံတွင် တောင်းဆိုစရာ တစ်ခုခု ရှိနေသည်မှာ

သိသာ ထင်ရှားနေသည်။

ကျင့်ကြံသူများက နတ်ဆိုးစွမ်းအင်များ အောက်တွင် ရှင်သန်နိုင်ခဲ့သော ပါရမီရှင်ဓားသမားကို ကြည့်ကာ စိတ်ထဲတွင် လေးလံလာသလို ခံစားနေရသည်။

အကယ်၍သာ ပါရမီရှင်ဓားသမားက ဒဏ်ရာ မရထားလျှင်လက်ရှိ အခြေအနေကို ကိုယ်တွင်ဖြေရှင်းဖို့ မလွယ်ကူမည်ကို ၎င်းတို့က ကြောက်မိသည်။

"ငါ့အတွက် မေးခွန်းတချို့ ဖြေပေးနိုင်မလား"

ပါရမီရှင်ဓားသမားက ဖန်ရှင်းကို ခက်ခက်ခဲခဲ စိုက်ကြည့်ရင်း တိုးတိုးလေး ပြောလိုက်သည်။

ဖန်ရှင်းက ခဏမျှ အံ့အားသင့်သွားပြီးမှ လက်ကို ဟန်ပါပါ ဝှေ့ရမ်းလိုက်ပြီး

"မင်းမေးစရာရှိတာ မေးလို့ရတယ်"

ထိုစကားကို ကြားလျှင် ပါရမီရှင်ဓားသမားက ကူကယ်ရာမဲ့စွာပြုံးလိုက်ပြီး သက်ပြင်းချလိုက်သည်။

"ထျန်းယွမ်တိုက်က အနာဂတ်မှာ နတ်ဘုရားသတ္တဝါတွေကို အနိုင်ရနိုင်ပါ့မလား"

ပါရမီရှင်ဓားသမားက မည်သူမျှ မထင်မှတ်ထားသည့် ရိုးရှင်းသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"သေချာတယ်.. ငါတို့ပဲအနိုင်ရမှာ"

ဖန်ရှင်းက တုံ့ဆိုင်းမှုမရှိဘဲ ချက်ချင်း ပြန်ဖြေလိုက်သည်။

သို့ရာတွင် ပါရမီရှင်ဓားသမားက ဖန်ရှင်း၏ အဖြေကို လျစ်လျူရှုလိုက်ပြီး အထွန့်တက်လိုက်သည်။

"မင်းဘာလို့ ဒီလိုပြောတာလဲ.. နတ်ဘုရားသတ္တဝါတွေမှာ နတ်ဘုရားဘုရင် ဆယ်ပါးတောင်ရှိတယ်.. စကြဝဠာတိုက် တစ်ခွင်မှာလည်း မရေမတွက်နိုင်တဲ့ မျိုးနွယ်စုတွေ ရှိတယ်..အားလုံးက အစွမ်းထက်တဲ့ သူတွေချည်းပဲ.. သူတို့ထဲက တချို့ဆိုရင် နတ်ဘုရားဘုရင် တွေကိုတောင် ယှဉ်နိုင်လောက်တဲ့ အစွမ်းအစ ရှိတယ်.. နတ်ဘုရားဘုရင် သုံးပါးနဲ့တင် ထျန်းယွမ်တိုက်က ဖရိုဖရဲ ဖြစ်နေတာကိုပဲ ကြည့်လေ.. လက်ရှိ ထျန်းယွမ်တိုက်မှာ အစစ်အမှန် အင်မော်တယ်ကို မြင်ရဖို့တောင် ခဲယဉ်းနေတာ.. နတ်ဘုရား သတ္တဝါတွေကို အနိုင်ရမယ်လို့ မင်းဘယ်လိုလုပ် ပြောနိုင်တာလဲ"

ဤမေးခွန်းက ဖန်ရှင်းကို အတော်ပင် စိတ်ရှုပ်ထွေးစေသည်။

အခြေအနေ တစ်ရပ်လုံးကို ခွဲခြမ်းစိတ်ဖြာထားသော မေးခွန်းမျိုးကို ဖြေရလိမ့်မည်ဟု သူတစ်ခါမှ မတွေးခဲ့ဖူးပေ။

သို့ရာတွင် သူက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြတ်သားစွာ ပြောချလိုက်သည်။

"ငါဒီမှာရှိနေလို့ပဲ"

ထိုအဖြေက ပါရမီရှင်ဓားသမားကို ခဏမျှ ဆွံ့အစေခဲ့သည်။

"ငါဒီမှာရှိလို့ ဆိုတာက အဖြေလား"

"ဟုတ်တယ်.. ငါရှိရင် ထျန်းယွမ်တိုက်မှာ ခုခံမဲ့သူ ရှိလိမ့်မယ်.. နောက်ထပ် ငါ့လိုလူတွေ ပိုများလာရင် ထျန်းယွမ်တိုက်က ပိုပြီး ခံနိုင်ရည် ရှိလာလိမ့်မယ်"

"ငါတို့ အင်မော်ဘုံငယ်က သခင်၁၂ပါးကတော့ ငါ့ကို ငယ်စဉ်ကတည်းက နတ်ဘုရားနန်းတော်မှာ ထားခဲ့တယ်.. အကယ်၍ အင်မော်တယ် ဘုံငယ်မှာ ငါ့လို လူတွေများလာရင် ငါတို့ အင်မော်တယ် ဘုံငယ်ကလည်း နတ်ဘုရားသတ္တဝါတွေကို အနိုင်ယူနိုင်မှာလား"

"မင်းမေးခွန်းတွေက များနေပြီ.. ချင်းယွီကို အရင်ကယ်စမ်းပါ"

ဖန်ရှင်းက အမေးအမြန်းထူသော ပါရမီရှင်ဓားသမားကို စိတ်မရှည်သော လေသံဖြင့် အော်ငေါက်လိုက်သည်။

"ငါ့မေးခွန်း မပြီးသေးဘူး"

ပါရမီရှင်ဓားသမားက ခေါင်းကို ညင်သာစွာ ခါရမ်း၍ ပြောလိုက်သည်။

ဖန်ရှင်းက ဒေါသတကြီးဖြစ်ကာ ပါရမီရှင်ဓားသမားကို လက်ဝါးစာ ကျွေးရန် ပြင်လိုက်သော်လည်း ပါရမီရှင်ဓားသမားက နောက်ထပ် စကားတစ်ခွန်းကို လျင်မြန်စွာ ပြောလိုက်သည်။

"မင်းရဲ့အဖြေကို ငါနားလည်ပါတယ်.. ဒါပေမယ့် ငါ့စိတ်ထဲကသံသယတွေကိုတော့ မဖြေရှင်းနိုင်သေးဘူး.. ငါသိချင်တာ နတ်ဘုရား သတ္တဝါတွေကို ဆန့်ကျင်တာက ထျန်းယွမ်တိုက်ကို ကယ်တင်တာလား ဒါမှမဟုတ် ကပ်ဘေးကို ယူဆောင်လာစေတာလား"

ဖန်ရှင်းက ပါရမီရှင်ဓားသမားကို ရိုက်သတ်ရန် လက်အတော်ယားနေပြီ ဖြစ်သည်။

ချင်းယွီကို ကုသရန် အတွက်သာ မဟုတ်လျှင် သူက ပါရမီရှင်ဓားသမားနှင့် ဆွေးနွေးနေမည် မဟုတ်ချေ။

"မင်းရဲ့စကားကို ယုံကြည်ရင် ငါနဲ့ လောင်းကြေး ထပ်ရဲလား"

ပါရမီရှင်ဓားသမားက ရုတ်တရက် ပြောလိုက်သည်။

သူ၏အသွင်အပြင်က လက်ရှိတွင် ပုံပျက်ပန်းပျက် ဖြစ်နေသော်လည်း မျက်လုံးများကမူ ပုံမှန်မဟုတ်သော တောက်ပမှုမျိုးဖြင့် တောက်ပနေသည်။

"မင်းအနိုင်ရရင် ငါချင်းယွီကို ကုသပေးမယ်လေ"

အပိုင်း(၁၂၀၉) ပြီး၏

အပိုင်း(၁၂၁၀) တစ်ယောက်ချင်းတိုက်ရဲလား

"မင်းနဲ့ အလောင်းအစား လုပ်ဖို့ ငါသခင်လေးက စိတ်မပါဘူး"

ဖန်ရှင်းက ပါရမီရှင်ဓားသမား၏ စကားကို လုံးဝ ဂရုမစိုက်ဘဲ ပါရမီရှင်ဓားသမား၏ အင်္ကျီကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

ယင်းအချိန်မှာပင် ချောက်အောက်ခြေမှ အသက်ရှူသည့် အသံကို ကြားလိုက်ရသည်။

ထိုအသံက အမှောင်ထု နတ်ဘုရားသားတော်ထံမှ ထွက်ပေါ်လာပုံရပြီး အလွန်ပင် ကြောက်စရာ ကောင်းနေသည်။

၎င်း၏ အသက်ရှူသံက ပို၍ ကျယ်လောင်လာသည်နှင့် အမျှ ကျင့်ကြံသူ အားလုံးက ထူးခြားသော ခံစားချက်တစ်ခုကို

ခံစားလိုက်ရသည်။

မမြင်နိုင်သော ရောမလက်ကြီး တစ်ဖက်က လေထုကို ဆုပ်ချည်ဆန့်ချည် လုပ်နေသကဲ့သို့ ပတ်ဝန်းကျင်လေထုက အနည်းငယ် တုန်ခါသွားသည်။

ချောက်နက်ထဲမှ အသက်ရှူသံတစ်ခုက ကျင့်ကြံသူများကို စိတ်လှုပ်ရှားကာ ကြောက်လန့်စေခဲ့သည်။

"ငါ့ရဲ့လောင်းကြေးက အရမ်းရိုးရှင်းပါတယ်.."

ဖုန်းထျန်းမဟာမိတ်မှ ကျင့်ကြံသူများက ချောက်အောက်ခြေမှ အသက်ရှူရှိုက်သံကြောင့် ထိတ်လန့်နေကြသည်ကို ကြည့်ပြီး ပါရမီရှင်ဓားသမားက ရယ်မောလိုက်ရာ မျက်နှာတစ်ဝိုက်ရှိ အသားများ လှုပ်ရှားသွားသဖြင့် အတော်လေး နာကျင်သွားရသည်။

ထိုနာကျင်မှုကြားမှ သူက ခက်ခက်ခဲခဲ ကြိုးစား၍ ပြုံးလိုက်ပြီး

"ငါတကယ် နားမလည်ဘူး.. နှစ်ဖက်အင်အားက ဒီလောက်ကွာဟချက် ကြီးမားနေတာကို မင်းက ဘာလို့ မာန်တက်နေရတာလဲ.. ငါတကယ်ပဲ သိချင်တယ်.. အင်အားနည်းတဲ့ဘက်က တကယ်ပဲ အနိုင်ယူဖို့ အအခွင့်အရေး ရှိလား ဆိုတာကိုပေါ့"

စကားပြောပြီးနောက်တွင် သူက ခေါင်းမော့၍ ဖန်ရှင်းကို တည့်တည့် စိုက်ကြည့်လိုက်ပြီး

"အမှောင်ထု နတ်ဘုရားသားတော်က နတ်ဘုရား သတ္တဝါတွေထဲမှာ အစွမ်းထက်ဆုံး ပါရမီရှင်ပဲ.. မြေအောက်နန်းတော် ကမ္ဘာ ပြိုကျမှုလောက်က သူ့ကို ပြင်းပြင်းထန်ထန် ထိခိုက်စေလိမ့်မယ်လို့ မင်းထင်လား.. သူ့ရဲ့ စွမ်းအားက မင်းတို့တွေ ထင်ထားတာထက် အများကြီး ကျော်လွန်နေတယ်.. သူတော်စင်ငယ်ဖန်ရှင်း.. မှားလို့.. မိစ္ဆာလေးဖန်ရှင်း.. မင်းသူ့ကို အနိုင်ယူနိုင်မလား ဆိုတာ ငါမင်းနဲ့ လောင်းချင်တယ်.. "

......

......

"အမှောင်ထု နတ်ဘုရားသားတော်က အခုထိ မသေသေးဘဲ ချောက်နက်ထဲမှာ ရှိနေခဲ့တာလား"

ယင်းအချိန်တွင် ပါရမီရှင်ဓားသမားကို မည်သူမျှ ဂရုမစိုက်အားတော့ချေ။

လူတိုင်းက စိုးရိမ်ထိတ်လန့်သော မျက်လုံးများဖြင့် ချောက်နက်ထဲသို့ ငုံ့ကြည့်လိုက်ကြသည်။

နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်များ၏ ခေါင်းဆောင်.. အမှောင်ထု နတ်ဘုရားသားတော်..

ဤလူက အတွေးအခေါ် ကောင်းပြီး အစီအစဉ်များကိုအသေးစိတ် ချမှတ် အကောင်အထည် ဖော်ရာတွင် ထူးချွန်သည်။

သူက ကျင့်ကြံသူ အားလုံးကို လှည့်စားပြီး မြေအောက်နန်းတော်

ကမ္ဘာငယ်လေးကို မျိုချလုနီးပါး စွမ်းဆောင်နိုင်ခဲ့သည်။

ဖန်ရှင်းပင်လျှင် သူ၏လှည့်ကွက်ထဲ၌ နှစ်ကြိမ်ခန့် လှည့်စားခံခဲ့ရသည်။

ပထမတစ်ကြိမ်က လှိုဏ်ဂူအိမ်လေးထဲမှ နတ်ပစ္စည်းကို ယူရန် ကျောက်တံတားပေါ်သို့ တက်တော့မည့် အချိန်တွင် ဖြစ်သည်။

ယင်းအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်က သူ၏ ဝှက်ဖဲတစ်ခု ဖြစ်သည့် ကူပဟဲကို ထုတ်ဖော်၍ ဖန်ရှင်းကိုလှည့်စားနိုင်ခဲ့သည်။

ထို့ကြောင့် ဖန်ရှင်းက သူတော်စင်ငယ်များကို လှိုဏ်ဂူအိမ်ကလေးဆီသို့ မသွားနိုင်ရန် ဟန့်တားခဲ့ရသည်။

ဖုန်းထျန်း မဟာမိတ်အဖွဲ့သာ အချိန်မီ ရောက်မလာလျှင်သူ၏အဖြစ်က တွေးဝံ့စရာပင် မရှိချေ။

ဒုတိယအကြိမ်တွင် ဖန်ရှင်းက ၎င်း၏ လှည့်ကွက်အောက်သို့ကျဆင်းလုနီးပါး ဖြစ်ခဲ့ရသည်။

၎င်းက နှစ်ဖက်ကျင့်ကြံသူများ အပြန်အလှန် တိုက်ခိုက်နေကြသောအချိန်တွင် ဗုဒ္ဓရှန်းလျူကိုပင် လှည့်စားကာမြေအောက်နန်းတော် ကမ္ဘာငယ်လေးကို ဝါးမျိုသိမ်းပိုက်ရန် ကြိုးစားခဲ့သည်။

မြေအောက်နန်းတော် ကမ္ဘာငယ်လေးကိုသာ ၎င်းက မျိုချနိုင်ခဲ့လျှင် ဖန်ရှင်းနှင့် အခြားသူများအားလုံးက စိတ်ပျက်လက်ပျက် ဖြစ်ကုန်လိမ့်မည် ဖြစ်သည်။

သို့ရာတွင် ၎င်း၏ အကြံအစည်က ရွှေကျီးကန်း၏ ဖျက်ဆီးမှုကြောင့် မထင်မှတ်ဘဲ ပျက်စီးသွားရသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ၎င်း၏ အစီအစဥ်ဆွဲမှု ညံ့ဖျင်းမှုကြောင့် မဟုတ်ဘဲ ကံဆိုးမှုကြောင့်သာ ဖြစ်သည်။

နတ်ဘုရားသတ္တဝါများကို ဉာဏ်ရည်နိမ့်ပါးသည်ဟု နှိမ်ချ

ပြောဆိုလေ့ ရှိသော်လည်း အမှောင်ထု နတ်ဘုရားသားတော်ကမူ ထူးထူးခြားခြား ဉာဏ်ရည် မြင့်မားသော ပါရမီရှင်ဖြစ်သည်။

ထို့ကြောင့်ပင် ထာဝရနတ်ဘုရားက သူတော်စင်ငယ်များကို ဦးဆောင်ရန် ၎င်းကို တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည် မဟုတ်ပါလား။

ဒဏ္ဍာရီအရ ဆိုလျှင် ၎င်းက အစစ်အမှန် အင်မော်တယ်ကိုပင် သတ်ဖြတ်နိုင်စွမ်း ရှိသည်ဟု ဆိုကြသည်။

ရွှေကျီးကန်း၏ လက်ချက်ကြောင့် အမိုးအကာ ပေါက်ပြဲပြီး နောက်တွင် သူ၏ အသက်ရှူသံက တိတ်ဆိတ်သွားသဖြင့် ဒဏ်ရာ အပြင်းအထန် ရသွားသည်ဟု ကျင့်ကြံသူများက မှတ်ချက်ချခဲ့ကြသည်။

တိုင်ယွမ်၏ လက်ချက်ကြောင့် နတ်ဆိုးတိမ်တိုက်များက မြေအောက်နန်းတော် ကမ္ဘာငယ်ကို ဖျက်ဆီးလိုက်သော အခါတွင်မူ အမှောင်ထု နတ်ဘုရားသားတော်က သေဆုံးသွားလောက်ပြီဟု အားလုံးက ထင်ခဲ့ကြသည်။

အမှောင်ထု နတ်ဘုရားသားတော်သာ ကိုယ်ထင်မပြလျှင် ဖန်ရှင်းတို့လူစုက သတိထားမိမည် မဟုတ်ချေ။

ဆိုရလျှင် ၎င်းက အလွန်သန်မာပြီး အလွန်ပင် အန္တရာယ်များသည်။

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်၏ အသက်ရှူသံက ချောက်အောက်ခြေကနေ ပြင်းထန်စွာ ထွက်ပေါ်လာသည်။

၎င်း၏အစွမ်းဖြင့် ဤနေရာမှ ထွက်ပြေးနိုင်သော်လည်း အမှောင်ထု နတ်ဘုရားသားတော်က တမင်တကာပင် အသိပေးခဲ့သည်။

ထိုအပြုအမူက ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများကို ဂရုမစိုက်သည့် အဓိပ္ပါယ်ကို သက်ရောက်နေပါသလော။

၎င်း၏အော်ရာက ဒဏ်ရာရရှိထားသော သားရဲတစ်ကောင်ကဲ့သို့ပင် ကြောက်စရာကောင်းနေသည်။

"ဒီကောင်က ဘာလို့ အခွင့်အရေးယူပြီး ထွက်မပြေးတာလဲ"

ဖန်ရှင်းက ချောက်နက်ထဲကို ကြည့်၍ ထူးဆန်းသော အမူအရာဖြင့် ပြောလိုက်သည်။

ရှေကျီးကန်းကလည်း ငုံ့ကြည့်လိုက်ပြီး

"ထွက်မပြေးတော့လည်း သခင်ရှေနဲ့ ထိပ်တိုက်တွေ့ပြီပေါ့ကွာ"

ဟု ကြုံးဝါးလိုက်သည်။

ထိုစကားကိုကြားလျှင် ဖန်ရှင်းက ရှေကျီးကန်းကိုကြည့်၍ ပြောလိုက်သည်။

"သူက နတ်ဘုရားဘုရင်တွေရဲ့ အောက်မှာ နံပါတ်တစ်ပဲ.. အစစ်အမှန် အင်မော်တယ်ကိုတောင် သတ်နိုင်တယ်လို့ ကောလဟာလ ရှိတယ်"

ရွှေကျီးကန်းက ခဏမျှ တိတ်ဆိတ်နေပြီးမှ

"ဒါဆိုလည်း ငါတို့နှစ်ယောက် အတူတူ သတ်ကြတာပေါ့"

......

......

"အစီအရင် ခင်းကျင်းရအောင်"

ဖန်ရှင်းက ရုတ်တရက် အမိန့်ပေးလိုက်ရာ ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက ချောက်ပတ်ပတ်လည်တွင် အစီအရင်တစ်ခု ခင်းကျင်းရန် အစီအရင် အလံများကို ပစ်လွှတ်လိုက်ကြသည်။

ထို့နောက် ၎င်းတို့က သတ်မှတ် နေရာအသီးသီးသို့ အပြေးအလွှား သွားရောက်ကာ အစီအရင်ကို ထိန်းချုပ်လိုက်ကြသည်။

ထိုအစီအရင်ထဲတွင် မပါဝင်သော သူများမှာ ဖန်ရှင်း.. ရှောင်ရွှယ်..လုဖုန်းရှန်း..ရွှေကျီးကန်း.. စုန့်ကွေးချန်.. လီဟုန်ကျီ.. လီယန်.. ဟန်ယန်.. ဝမ်ချင်း.. မျောက်ဝံဘုရင်နှင့် အခြားသူအနည်းငယ်တို့ ဖြစ်ကြသည်။

သူတို့အားလုံးက တိုက်ပွဲဝင်လိုစိတ်များ ပြည့်နှက်နေသောကြောင့် အစီအရင်ကို ထိန်းချုပ်သည့် အထဲတွင် မပါဝင်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့က တစ်ယောက်ကို တစ်ယောက်ကြည့်ကာ တိတ်တဆိတ် ခေါင်းညိတ်လိုက်ကြသည်။

"ဘယ်လိုနည်းလမ်းနဲ့ပဲ ဖြစ်ဖြစ်.. သူ့ကို ဒီနေ့ အသက်ရှင်ခွင့်ပေးလို့ မဖြစ်ဘူး

"ဒီနတ်ဘုရား သတ္တဝါတွေက အရင်တုန်းက ငါတို့ရဲ့ကျွန်တွေပဲ.. ဘာမှကြောက်နေစရာ မလိုဘူး.. ဒီနေ့တိုက်ပွဲမှာ ငါတို့ဘက်က အသာရထားတာပဲ.. အမှောင်ထု နတ်ဘုရားသားတော် ဘယ်လောက်ပဲ အစွမ်းထက်ထက် ငါတို့ အားလုံး ပေါင်းတိုက်ရင်

သူအသက်ရှင်လျက် ဒီနေရာကနေ ထွက်သွားနိုင်မယ်လို့ ငါမထင်ဘူး "

ကျင့်ကြံသူများက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

၎င်းတို့တစ်ဦးစီ၏ အသံထဲတွင် အမှောင်ထု နတ်ဘုရားသားတော်ကို သေစေလိုသော ဆန္ဒများ ပါဝင်နေသည်။

အတိအကျပြောရလျှင် အမှောင်ထု နတ်ဘုရားသားတော်က ယခုအချိန်ထိ ၎င်းတို့၏ မြင်ကွင်းထဲသို့ ပေါ်မလာသေးသော်လည်း တစ်ဦးချင်းစီက စိတ်လှုပ်ရှားနေကြပြီ ဖြစ်သည်။

"ငါတို့ထျန်းယွမ်ရဲ့ ဂုဏ်သိက္ခာကို သက်သေပြဖို့ တစ်ယောက်ချင်း တိုက်သင့်လား"

ယင်းအချိန်တွင် လုဖုန်းရှန်းက ရုတ်တရက် အသံတိုးတိုးဖြင့် ပြောလိုက်ရာ ပတ်ဝန်းကျင် တစ်ခုလုံးမှ ကျင့်ကြံသူ အားလုံးက တခဏအတွင်းမှာပင် သူ့ကို စိုက်ကြည့်လိုက်ကြသည်။

ရွှေကျီးကန်း.. ရှောင်ရှယ်နှင့် တခြားသူများပင် သူ့ကို မကျေမနပ်ကြည့်နေသည်။

၎င်းတို့၏အကြည့်ကြောင့် လုဖုန်းရှန်းက သူ့စကားမှားသွားပြီဟု သိလိုက်ပြီး အနည်းငယ် စိတ်မသက်သာသော အမူအရာဖြင့်

"ငါက စကားအဖြစ် ပြောတာပါ"

ဟု ပြန်လည် ပြောဆိုလိုက်သည်။

အခြားသူများက သူ့ကို မကြည့်တော့ဘဲ ချောက်နက်ထဲသို့ငုံ့ကြည့်လိုက်ကြသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

"ဒီလိုအခြေအနေမျိုး ဘယ်လိုဖြစ်လာတာလဲ"

"ထျန်းယွမ်တိုက်က စကြဝဠာရဲ့ ဗဟိုအချက်အချာ ဖြစ်လို့ကံကြမ္မာက အကာအကွယ် ပေးထားတာ များလား"

ချောက်အောက်ခြေမှ နက်နဲသောအသံက ထွက်ပေါ်လာသည်။

ထိုအသံထဲတွင် စကားလုံးဖြင့် ဖော်ပြ၍ပင် မရနိုင်သည့် ဒေါသများနှင့် နာကြည်းမှုများ ပါဝင်နေသည်။

ကျီးကန်းတစ်ကောင်၏ လုပ်ရပ်က အရာအားလုံးကိုပြောင်းပြန် ဖြစ်စေခဲ့သည်။

အတိအကျပြောရလျှင် သူ၏ရှုံးနိမ့်မှုကို ကံဆိုးခြင်းဟုသာ ယူဆနိုင်သည်။

ချောက်အောက်ခြေရှိ နတ်ဆိုးစွမ်းအင်များက တဟုန်ထိုး တုန်လှုပ်သွားပြီး စက္ကူပါးပါးပေါ်တွင် မှင်ထူထူများ ပက်ဖြန်းလိုက်သကဲ့သို့ မှောင်မိုက်သောညက ကောင်းကင်သို့

အရှိန်အဟုန်ဖြင့် တိုးဝင်လာသည်။

ည၏ ကောင်းကင်ယံထက်တွင် နေနှင့်လတို့က လည်ပတ်နေပြီး အချိန်စွမ်းအားကို လွှမ်းခြုံထားသည်။

"နေလဆေးလုံးလား"

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်က နေလဆေးလုံးကို သောက်သုံးလိုက်ပြီ ဖြစ်သည်။

ကြည့်ရသည်မှာ မြေအောက်နန်းတော် ကမ္ဘာငယ်လေး ပြိုကျသွားသောအခါတွင် သူက အမှန်တကယ် ထိခိုက်ဒဏ်ရာရထားပုံ ရသည်။

ထို့ကြောင့် သူက တိုင်ယွမ်ကဲ့သို့ နေလဆေးလုံးကို တိုက်ရိုက်မျိုချကာ ၎င်း၏သွေးသားကို လှုံ့ဆော်ပေးရန်အတွက် အချိန်စွမ်းအားကို အသုံးပြုလိုက်ခြင်းပင်။

နေလဆေးလုံးကို သောက်သုံးလိုက်သဖြင့် သူ၏ဒဏ်ရာက ပျောက်ကင်းသွားပြီး ခွန်အားများ တစ်ဟုန်ထိုး တိုးတက်လာသည်။

ကျင့်ကြံသူများက ၎င်း၏စွမ်းအားကို ခံစားမိကာ အထိတ်တလန့် ဖြစ်လာကြပြီး အစစ်အမှန် အင်မော်တယ်ကို သတ်ဖြတ်နိုင်သည် ဟူသော ကောလဟလကိုပင် ယုံကြည်လာကြသည်။

"ဟားဟားဟား..

၎င်းတို့၏ စိုးရိမ်ထိတ်လန့်နေသော မျက်နှာအမူအရာကို ကြည့်ကာ ပါရမီရှင် ဓားသမားက ရယ်မောလိုက်ပြီး

"နတ်ဘုရားသတ္တဝါတွေနဲ့ လူသားတွေ ဘာတွေ ကွာခြားလည်းဆိုတာ မင်းမြင်ပြီလား.. ငါတို့ အင်မော်တယ် ဘုံငယ်က ဆန့်ကျင်ဖို့ မဖြစ်နိုင်မှန်းသိလို့ ခေါင်းငုံ့ခဲ့တာပဲ.. အင်အားကြီးမားတဲ့ ပြိုင်ဘက်နဲ့တွေ့ရင် မင်းဘာမှ လုပ်လို့မရဘူး.. ငါတို့ အင်မော်တယ် ဘုံငယ်ရဲ့ ရွေးချယ်မှုကို မင်းအပြစ် တင်ချင်သေးလား"

"ဖန်ရှင်း.. ထျန်းယွမ်တိုက်က နတ်ဘုရားသတ္တဝါတွေကို

အနိုင်ယူနိုင်တယ် ဆိုတာကို အမှောင်ထု နတ်ဘုရားသားတော်နဲ့ တစ်ယောက်ချင်း တိုက်ခိုက်ပြီး မင်းငါ့ကို သက်သေပြနိုင်မလား.. "

"မင်းအနိုင်ရရင်တော့ ထျန်းယွမ်တိုက်က အောင်မြင်နိုင်ချေရှိတယ်လို့ ငါယုံလိုက်ပြီး ချင်းယွီကို ကုသပေးမယ်.. ဒါက ငါတို့ အင်မော်တယ်ဘုံငယ်က မှားယွင်းတဲ့လမ်းကို လျှောက်မိပြီလို့ သက်သေပြတာနဲ့ အတူတူပဲ"

"မင်းရှုံးခဲ့ရင်တော့ ငါတို့ အင်မော်တယ်ဘုံငယ်ရဲ့ ရွေးချယ်မှုက မှန်ကန်တယ်လို့ ယူဆရမှာပဲ"

"......"

"......"

ပါရမီရှင်ဓားသမား၏ စကားကြောင့် ကျင့်ကြံသူအားလုံးကဒေါသအိုးပေါက်ကွဲသွားသည်။

"ပါးစပ်ပိတ်ထားစမ်း"

ရွှေကျီးကန်းက စိတ်မထိန်းနိုင်တော့ဘဲ ပါရမီရှင်ဓားသမားကို ပိတ်ဟောက်လိုက်သည်။

၎င်းတို့အားလုံး ပူးပေါင်းလျှင်ပင် အမှောင်ထု နတ်ဘုရားသားတော်ကို အနိုင်ရဖို့ မသေချာသော်လည်း ပါရမီရှင်ဓားသမားက အမှောင်ထု နတ်ဘုရားသားတော်နှင့် တစ်ယောက်ချင်းတိုက်ခိုက်ရန် ဖန်ရှင်းကို ဖိအားပေးနေသည်။

ရွှေကျီးကန်းက သူ၏တောင်ပံဖြင့် ဖန်ရှင်း၏လက်ကို ပုတ်လိုက်သည်။

ထို့နောက် စိုးရိမ်သော မျက်လုံးများဖြင့် ဖန်ရှင်းကို ကြည့်လိုက်ပြီး

"မင်း.. မင်း ဒီအလောင်းအစားကို သဘောတူလို့ မဖြစ်ဘူး.. ဒီကောင်က အရမ်း အစွမ်းထက်တယ်"

ဟု တုန်ယင်သော လေသံဖြင့် ပြောလိုက်သည်။

ရွှေကျီးကန်း၏ စကားကိုကြားလျှင် ဖန်ရှင်းက အသက်ကို ခပ်ပြင်းပြင်းရှူရှိုက်၍ ပြုံးလိုက်ပြီး

"တကယ်တော့ ငါလည်း တော်တော် အစွမ်းထက်နေပြီ ထင်တယ် ရွှေကျီးလေး"

အပိုင်း(၁၂၁၀) ပြီး၏

အပိုင်း(၁၂၁၁) အမှောင်ထုနတ်ဘုရားသားတော်ကို စိန်ခေါ်ခြင်း

ကျင့်ကြံသူများက ပါရမီရှင်ဓားသမား၏ အလောင်းအစားကို မယုံကြည်ကြပေ။

ပါရမီရှင်ဓားသမားက ၎င်းတို့ကို သွေးဆောင်ရန်လည်း အခွင့်အရေး

မရှိချေ။

နတ်ဘုရားသတ္တဝါများနှင့် စစ်ပွဲကြီးစတင်ရန် ၎င်းတို့ကကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြပြီ ဖြစ်သည်။

ရွှေကျီးကန်းတို့ လူစုက ပိုင်တွမ်တောင်တန်းမှ ရရှိသည့်အရင်းအမြစ်များကို အင်မော်တယ် စစ်တပ်တည်ဆောက်ရာတွင် အသုံးပြုရန် ဖုန်းထျန်း မဟာမိတ်အဖွဲ့၏ ခေါင်းဆောင်များ ဖြစ်သည့် ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲဘုရင်တို့ထံ ပေးပို့ထားပြီးပြီ ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့က အင်မော်တယ် ဘုံငယ်ကိုလည်း ဟိုယခင်ကလို ကြောက်ရွံ့ခြင်း မရှိတော့ချေ။

၎င်းတို့၏စိတ်ထဲတွင် ပါရမီရှင်ဓားသမားက တစ်ဖက်လှည့်နှင့် ဖန်ရှင်းကို သတ်ဖြတ်ရန် အမှောင်ထု နတ်ဘုရားသားတော်နှင့် တစ်ယောက်ချင်း တိုက်ခိုက်အောင် ဖိအားပေးနေသည်ဟုသာ ထင်နေခဲ့သည်။

နတ်ဘုရားနန်းတော်၏ သူတော်စင်ငယ် ခေါင်းဆောင်ကို မဆိုထားနှင့်.. သူတော်စင်ငယ် အားလုံးပင် အလွန်ကြောက်မက်ဖွယ် အစွမ်းအစ ရှိကြသည်။

ဖုန်းထျန်းမဟာမိတ်မှ ကျင့်ကြံသူများက ၎င်းတို့အားလုံးပူးပေါင်းလျှင်ပင် အမှောင်ထု နတ်ဘုရား သားတော်ကို အလွယ်တကူ နှိမ်နင်းနိုင်မည် မဟုတ်ဟု ခန့်မှန်းမိသည်။

အနိုင်ရရှိခဲ့လျှင်လည်း ပေးဆပ်မှု ကြီးမားမည်မှာ သံသယရှိနေစရာပင် မလိုချေ။

ယခုတော့ ပါရမီရှင်ဓားသမားက ချင်းယွီဖြင့် အကျပ်ကိုင်၍ ဖန်ရှင်းကို ဖိအားပေးနေသည်။

ဤကဲ့သို့ မိုက်မဲသည့် အလောင်းအစားကို မည်သူက လုပ်ဝံ့မည်နည်း။

သို့ရာတွင် ဖန်ရှင်းက လိုလိုလားလား သဘောတူလိုက်သောအခါတွင်

ကျင့်ကြံသူများက ထိတ်လန့် အံ့သြ သွားကြသည်။

"အကိုတော် ဒီလိုလုပ်လို့ မဖြစ်ဘူး"

လီယန်နှင့် ဟန်ယန်တို့က ဖန်ရှင်းကို စိုးရိမ်တကြီး ဟန်တားလိုက်ကြသည်။

ယင်းအချိန်မှာပင် ချောက်အောက်ခြေမှ ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

အမှောင်ထု နတ်ဘုရားသားတော်က အနက်ရောင် အလင်းတန်းကဲ့သို့ ချောက်နက်ထဲမှ ပျံသန်းလာသည်။

သူ၏အရှိန်အဟုန်က ဥက္ကာပျံကဲ့သို့ ကြောက်မက်ဖွယ် ကောင်းနေသည်။

အပေါ်သို့ ရောက်သည်နှင့် အမှောင်ထု နတ်ဘုရားသားတော်က

နီးစပ်ရာ ကျင့်ကြံသူများကို တိုက်ခိုက်လိုက်သည်။

"ရှောင်ကြရအောင်"

စုန့်ကွေးချန်.. ရွှေကျီးကန်းနှင့် အခြားသူများက တစ်ချိန်တည်းမှာပင် အမှောင်ထု နတ်ဘုရား သားတော်နှင့် ဝေးရာသို့ရှောင်တိမ်းလိုက်ကြသည်။

လုဖုန်းရှန်းက ထွက်မပြေးဘဲ လှံကိုဝှေ့ရမ်း၍ အမှောင်ထုနတ်ဘုရားသားတော်နှင့် အကဲစမ်းရန် ပြင်လိုက်ရာ မျောက်ဝံဘုရင်က သံမဏိတုတ်ဖြင့် လုဖုန်းရှန်း ဖင်ကို ရိုက်ချလိုက်ပြီး

"သောက်ရူး.. မရှောင်ဘဲ ဘာလုပ်နေတာလဲ"

ဟု ကြိမ်းမောင်းလိုက်သည်။

"မောင်လေးဖန်... "

ဝမ်ချင်းက အခြားသူများထက် အနည်းငယ် နှေးကွေးနေ၍ ဖန်ရှင်းဆီမှ အကူအညီရရန် အော်ဟစ်လိုက်သည်။

လီဟုန်ကျိက သူမနှင့် ပိုမိုနီးစပ်သော်လည်း သူမကို ကယ်တင်ဖို့ သိသိသာသာပင် အားနည်းနေသည်။

ဝမ်ချင်း၏ အကူအညီတောင်းသံကို ကြားသည်နှင့် ဖန်ရှင်းကအရိုးစုဦးခေါင်းခွံကို လျင်မြန်စွာ မောင်းနှင်ပြီး အရိုးစု ပါးစပ်ကို ကျယ်လောင်စွာဟ၍ ဝမ်ချင်းကို တိုက်ရိုက် မျိုချကာ အဝေးသို့ သယ်ဆောင်သွားလိုက်သည်။

"ဝုန်း"

အမှောင်ထု နတ်ဘုရားသားတော်က နေရာပေါင်းစုံသို့ ပျံသန်း၍ တိုက်ခိုက်ခဲ့သည်။

ဖန်ရှင်းတို့ လူစုသာ သတိမရှိခဲ့လျှင် နှစ်ယောက် သုံးယောက်လောက် အသက် ဆုံးရှုံးရလိမ့်မည်မှာ အသေအချာပင်။

အထူးသဖြင့် ဝမ်ချင်း ဖြစ်သည်။

သူမ၏ ကျင့်ကြံမှုက ခရီး သိပ်မရောက်သေးသဖြင့် အမှောင်ထု နတ်ဘုရားသားတော်နှင့် ရင်ဆိုင်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။

ကျင့်ကြံသူအားလုံးက ရှောင်ချန်းကမ္ဘာနှင့် နတ်နန်းတော်ထဲ ပုန်းအောင်းလိုက်သည့် အချိန်တွင် လုဖုန်းရှန်းက လှံကို ဝှေ့ရမ်း၍ အမှောင်ထု နတ်ဘုရား သားတော်ထံ ခုန်ဝင်သွားခဲ့သည်။

လုဖုန်းရှန်းက သတ္တိရှိရှိ ဝင်ရောက် တိုက်ခိုက်နေသဖြင့် မျောက်ဝံဘုရင်ကလည်း ရပ်ကြည့် မနေနိုင်တော့ပေ။

"ကမ္ဘာပေါ်မှာ ငါ့ထက် သန်မာတဲ့ သတ္တဝါရှိမယ်လို့ ငါမယုံဘူး"

မျောက်ဝံဘုရင်က ကြုံးဝါးလိုက်ပြီး သံမဏိတုတ်ကို အစွမ်းကုန်

ဝှေ့ရမ်းလိုက်ရာ သံမဏိတုတ်မှ မီးတောက်များပင် ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် နှင်းဖုံးတောင်တန်း၏ တပည့်ကြီး ဟန်ယန်ကလည်း ၎င်းတို့နှစ်ဦးနှင့်အတူ လက်တွဲ၍ ဝင်တိုက်လိုက်သည်။

ယင်းအချိန်တွင် သန့်ပြန့်သော အဖြူရောင်ဝတ်စုံကို ဝတ်ထားသည့် ဗုဒ္ဓရှန်းလျူကလည်း အမှောင်ထု နတ်ဘုရားသားတော်၏ နောက်တွင် တိတ်တဆိတ်ပေါ်လာပြီး သစ်သားတုံးဖြင့် ထုရိုက်ရန် အသင့်ဖြစ်နေသည်။

အမှောင်ထု နတ်ဘုရားသားတော်၏ စွမ်းရည်ကို ထျန်းယွမ်တိုက်၏ ကျင့်ကြံသူများက လျော့မတွက်ထားမှန်း သိသာနေသည်။

ယခုအချိန်တွင် ၎င်းကို ဝိုင်းရံတိုက်ခိုက်သူ လေးယောက်ပင် ရှိနေပြီ ဖြစ်သည်။

သို့ရာတွင် နေလဆေးလုံးကို သောက်ထားသည့်

အမှောင်ထုနတ်ဘုရား သားတော်က ယင်းအခိုက်အတန့်တွင် သူ၏ ရုန့်ရင်းသော စွမ်းအားကို ပြသလိုက်သည်။

ရှန်းလျူ၏ သစ်သားတုံးက သူ့အပေါ်သို့ ပြုတ်ကျလာသည်နှင့် တစ်ပြိုင်နက် အမှောင်ထု နတ်ဘုရားသားတော်က အနက်ရောင် အခိုးအငွေ့များ အဖြစ် ပြောင်းလဲသွားပြီး အမှောင်ထုထဲ တိုးဝင် နစ်မြုပ်သွားခဲ့သည်။

ထိုအခိုက်မှာပင် ၎င်း၏အသံက အမှောင်ထုထဲမှ ထွက်ပေါ်လာသည်။

"အနောက်ကောင်းကင်ဘုံရဲ့ ဆက်ခံသူ.. မင်းက အစစ်အမှန်အင်မော်တယ်တွေကို အလစ် တိုက်ခိုက်နိုင်ရင်တောင် ငါတို့ အမှောင်မျိုးနွယ်စုတွေကို အလစ် တိုက်ခိုက်လို့ မရဘူး"

"ငါတို့ အမှောင်မျိုးနွယ်စုက မင်းတို့ အနောက်ကောင်းကင်ဘုံနဲ့ ဆန့်ကျင်ဘက်မှာပဲ အမြဲနေခဲ့တယ်"

"ဗုဒ္ဓဒဏ္ဍာရီထဲက အကြီးမားဆုံး ရန်သူဖြစ်တဲ့ မဟာနတ်ဆိုးဘုရင်က

ငါတို့ရဲ့ အမှောင်မျိုးနွယ်စုက လာခဲ့တာပဲ.."

အေးစက်စက်အသံက ပျောက်ကွယ်သွားသည်နှင့် ရောမအနက်ရောင် လက်တစ်ဖက်က ဟင်းလင်းပြင်ကနေ ကျဆင်းလာပြီး စုန့်ကွေးချန်ဆီသို့ ဦးတည်သွားသည်။

စုန့်ကွေးချန်က တခြားသူတွေလို ရှောင်ချန်းကမ္ဘာထဲသို့ မဝင်ရသေးပေ။

ကျင့်ကြံသူများကလည်း သူနှင့်အတော်လေး အလှမ်းဝေးနေသောကြောင့် ယခုအခါ၌ ကူကယ်ရာမဲ့နေပြီ ဆိုလည်း မမှားချေ။

စုန့်ကွေးချန်က ထိတ်လန့်သွားပြီး ရောမ အနက်ရောက်လက်ကြီးကို ခုခံရန် အနက်ရောင်ရေကန်ကို ထုတ်ဖော်လိုက်သည်။

သို့ရာတွင် ရောမ အနက်ရောင်လက်ကြီး၏ အောက်တွင် အနက်ရောင်ရေကန်က အသုံးမဝင်ဘဲ တိုက်ရိုက် ပျက်စီးသွားသည်။

အနက်ရောင်လက်ကြီးက အရှိန်မလျော့သေးဘဲ ဆက်လက်တိုးဝင်လာပြီး သူ၏ခန္ဓာကိုယ်ကို ဆွဲညှစ်ရုံသာ ကျန်ရှိတော့သည်။

ဤအခိုက်အတန့်တွင် စိတ်ပျက်အားငယ်သော အမူအရာများက စုန့်ကွေးချန်၏ မျက်နှာပေါ်တွင် ပေါ်ပေါက်လာသည်။

"ငါသေရင်တောင် ဂုဏ်သိက္ခာရှိရှိပဲ သေချင်တယ်"

စုန့်ကွေးချန်က ထိုသို့တွေးလိုက်ပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ သူ့ထံသို့ တိုးဝင်လာသည့် ရောမလက်ကြီးကို ဟန်ပါပါ ကြည့်လိုက်သည်။

သူ၏အမူအရာက အတော်လေး တည်ငြိမ်လွန်းနေသည်။

"ဟော့ကောင်.. အဲ့ဒါက ဘာလုပ်နေတာလဲ.. သေခါနီးဟိတ်ဟန်ထုတ်နေတာလား"

ယင်းအချိန်တွင် ဖန်ရှင်း၏ ကြိမ်းမောင်းသောအသံက စုန့်ကွေးချန်၏ နားထဲသို့ ရောက်ရှိသွားသည်။

ယခုလိုအချိန်တွင် စုန့်ကွေးချန်ကို မည်သူမျှ မကယ်တင်ရဲသော်လည်း ဖန်ရှင်းကတော့ ကယ်တင်ဖို့ တတ်နိုင်ပါသေးသည်။

ဖန်ရှင်းက တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို လျှပ်စီးလက်ဝါးအဖြစ် အသွင်ပြောင်းလိုက်ပြီး အမှောင်ထု နတ်ဘုရားသားတော်၏ ရောမအနက်ရောင် လက်ဝါးကို ခုခံလိုက်သည်။

"ဝုန်း.. ဝုန်း.. "

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက် ရောမ အနက်ရောင် လက်ဝါးကြီးက ပျောက်ကွယ်သွားခဲ့သည်။

"မပြေးခင် ငါ့ကို ကျေးဇူးတင် စကားပြောဦးလေ"

ဖန်ရှင်း၏ စကားကြောင့် ထွက်ပြေးရန် စိုင်းပြင်းနေသော စုန့်ကွေးချန်က စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ဖန်ရှင်းကို စိုက်ကြည့်လိုက်သည်။

သူ့အတွက် အရေးကြီးသော အချိန်တွင် ဖန်ရှင်းက သူ့ကိုကယ်တင်လိမ့်မည်ဟု မမျှော်လင့်ထားပုံ ရသည်။

"ငါ မင်းကို ကျေးဇူးတင်မှာ မဟုတ်ဘူး"

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ သူက ရုတ်တရက် စကား ပြန်ပြောလိုက်သည်။

သူ၏စကားကို ကြားလျှင် ဖန်ရှင်းက ပြုံးလိုက်ပြီး

"ရပါတယ်.. မင်းဘယ်လိုပဲပြောပြော မင်းငါ့ဆီမှာ အကြွေးတင်နေတယ်လို့ ငါမှတ်ယူထားလိုက်မယ်"

ဖန်ရှင်း၏ စကားကြောင့် စုန့်ကွေးချန်က အနည်းငယ် ထိတ်လန့်သွားပြီး အသက်ရှူရပင် ကြပ်သွားသော်လည်း ဘာစကားမှ ပြန်မပြောခဲ့ပေ။

"ဟားဟားဟား…"

ဖန်ရှင်းက သူ့ကို ဆက်မပြောတော့ဘဲ ရယ်မော၍ ကောင်းကင်ပေါ်သို့ ပျံသန်းလိုက်သည်။

"အမှောင်ထုဇီးကွက်ကြီး.. သတ္တိရှိရင် ငါ့သခင်လေးနဲ့ လာတိုက်စမ်း.."

"ဝုန်း"

သူက ကောင်းကင်ပေါ်သို့ တည့်မတ်စွာ ပျံသန်းလိုက်သည်။

သူနှင့် အတူ တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်လည်း ပါလာသည်။

"ငါ အမြင်မမှားသေးဘူး ဆိုရင် မင်းက ငါနဲ့ယှဉ်ဖို့ မလုံလောက်သေးဘူး ထင်တယ်"

အမှောင်ထု နတ်ဘုရားသားတော်က မထီမဲ့မြင် အမူအရာဖြင့်အေးစက်စက် ပြောလိုက်သည်။

သူက ဖန်ရှင်း၏ စိန်ခေါ်မှုကြောင့် အနည်းငယ် အံ့အားသင့်နေသည် ကတော့ အသေအချာပင်။

"မင်း အမြင်မှားတာ မဟုတ်ဘူး.. မင်းကို ငါက ဒဲ့မေးနေတာ.. မင်းငါနဲ့ တိုက်ရဲလား"

"ငါတို့ တစ်ယောက်ချင်းပဲ တိုက်ခိုက်မယ်"

ဖန်ရှင်း၏ စကားကိုကြားလျှင် အမှောင်ထု နတ်ဘုရားသားတော် သာမက ဖုန်းထျန်းမဟာမိတ် အဖွဲ့မှ

ကျင့်ကြံသူများပင်ထိတ်လန့်ကုန်ကြသည်။

ပါရမီရှင်ဓားသမားကမူ ဖန်ရှင်း၏စိန်ခေါ်မှုကို မြင်လျှင် ရုတ်တရက် ရယ်မောလိုက်သည်။

ကပ်ဘေးတတိယအဆင့် ကျင့်ကြံသူက အစစ်အမှန် အင်မော်တယ်တွေကိုတောင် သတ်နိုင်တယ်လို့ ကောလဟာလ ထွက်နေတဲ့ အမှောင်ထု နတ်ဘုရားသားတော်နဲ့ တကယ်ပဲ တိုက်ခိုက်ချင်နေပါသလော။

မည်သို့ပင်ဆိုစေကာမူ အင်မော်တယ်ဘုံငယ်မှ ဆင်းသက်လာသူ တစ်ဦး၏ စကားက မိစ္ဆာလေး ဖန်ရှင်းကို မိုက်မဲသော ဆုံးဖြတ်ချက် ချစေခဲ့သည်ဟု ကျင့်ကြံသူများက ကောက်ချက်ချခဲ့ကြသည်။

ယင်းအချိန်တွင် ရှောင်ရွှယ်က သက်ပြင်းချ၍ တိတ်တဆိတ်ရေရွတ်လိုက်သည်။

"အမှောင်ထု နတ်ဘုရားသားတော်ကို အားလုံး ပူးပေါင်းပြီး တိုက်ခိုက်ရင် လူပေါင်းများစွာ သေဆုံးမှာကို စိတ်ပူနေတာကြောင့်

မောင်လေးဖန်က ဒီလိုမျိုး ဆုံးဖြတ်လိုက်တာပဲ ဖြစ်ရမယ်"

အပိုင်း(၁၂၁၁) ပြီး၏

အပိုင်း(၁၂၁၂) အမှောင်ထု နတ်ဘုရားသားတော်၏ လျှို့ဝှက်ချက်

"မင်းလို အဆင့်နိမ့် အင်မော်တယ်ကများ ငါ့ကို စိန်ခေါ်ဝံ့တယ်ပေါ့လေ"

ဖန်ရှင်း၏ မမျှော်လင့်ထားသော စိန်ခေါ်ချက်ကြောင့် ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများ သာမက အမှောင်ထုနတ်ဘုရား သားတော်ပင် အံ့အားသင့်သွားရသည်။

ဖန်ရှင်း၏ သတ္တိရှိရှိ စိန်ခေါ်မှုနှင့် ရင်ဆိုင်ရလျှင် အမှောင်ထုနတ်ဘုရား သားတော်၏ စိတ်ထဲ၌ အဓိပ္ပါယ်မရှိသော ခံစားချက်များ ဖြစ်ပေါ်လာသည်။

"ဒီလောက်တောင် သေချင်နေမှတော့ မင်းဆန္ဒကို

ဖြည်းဆည်းပေးရတာပေါ့"

ဖန်ရှင်း၏ အမှောင်ထု နတ်ဘုရား သားတော်ကို တစ်ယောက်ချင်း စိန်ခေါ်သောကိစ္စက အခြားသူများအတွက် ကြီးမားသောကိစ္စဖြစ်သည်မှာ သိသာထင်ရှားသော်လည်း အမှောင်ထု နတ်ဘုရားသားတော် အတွက်မူ ဘာမဟုတ်သော အသေးအဖွဲ ကိစ္စလေးသာ ဖြစ်သည် မဟုတ်ပါလား။

အစောပိုင်းက စုန့်ကွေးချန်ကို တိုက်ခိုက်လိုက်သော ရောမအနက်ရောင်လက်ကြီးက လေထဲတွင် တဖန် ပြန်လည်ပေါ်ပေါက်လာသည်။

ထို ရောမ အနက်ရောင်လက်ကြီးက တောက်ပသော ရောမ အနက်ရောင် လက်ရှည်ကြီး အဖြစ် ပြောင်းလဲကာ ဖန်ရှင်းဆီသို့ တည့်မတ်စွာ ရောက်ရှိလာသည်။

ထို ရောမ အနက်ရောင် လက်ရှည်ကြီးက စွမ်းအားကြီးမားသော အနက်ရောင် လှံတစ်ချောင်း ကဲ့သို့ပင်။

"အကိုဖန် သတိထား"

"ဓားပြလေး သတိထား"

ယင်းအချိန်တွင် လူမည်မျှ အော်ဟစ်လိုက်မှန်းပင် မသိနိုင်တော့ချေ။

၎င်းတို့က မသိစိတ်ကနေ ဖန်ရှင်းကို ကူညီချင်နေကြသည်။

"အသွင်ပြောင်းစမ်း"

အနက်ရောင်လှံကြီးက ဖန်ရှင်း၏ဦးခေါင်းကို မဖောက်မီတွင် ဖန်ရှင်းက တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်ကို ဒိုင်းကာတစ်ခု အဖြစ် ပြောင်းလဲ၍ ခုခံလိုက်သည်။

"ဝုန်း"

ဖန်ရှင်းက ဒိုင်းကာဖြင့် ခုခံလိုက်သော်လည်း အနက်ရောင်လှံ၏

စွမ်းအားကြောင့် မီတာ ရာဂဏာန်းမျှ လွင့်ထွက်သွားသည်။

"အကိုတော်ဖန်.. "

ရွှေကျီးကန်းတို့ လူစုက ချက်ချင်းပင် သူ့အနားသို့ ရောက်ရှိလာကြသည်။

"မင်းတို့ဘာလို့ ငါ့ဆီရောက်လာတာလဲ.. ငါ့ကို သိက္ခာကျအောင် လုပ်နေတာလား"

ဖန်ရှင်က လေးနက်သော အမူအရာဖြင့် ရွှေကျီးကန်းတို့ကိုအော်ငေါက်လိုက်သည်။

ရွှေကျီးကန်းနှင့် အခြားသူများက သူ၏စကားကို ကြားလျှင်ချက်ချင်းပင် ဆွံ့အသွားကြသည်။

"ဒီကောင်က ဘယ်တုန်းက သိက္ခာရှိခဲ့လို့လဲ"

"မင်းကျင့်ကြံခြင်း လမ်းစဉ်ပေါ် စလျှောက်ကတည်းက ငါမင်းနဲ့အတူ ရှိခဲ့တာပါ.. မင်းမှာ ဘယ်တုန်းကစပြီး သိက္ခာတွေ ရှိသွားရတာလဲ"

ရွှေကျီးကန်းက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

သို့ရာတွင် ဖန်ရှင်း၏လေးနက်သော မျက်နှာ အမူအရာကြောင့် ထိုစကားက နောက်ပြောင်နေခြင်း မဟုတ်ကြောင်း ၎င်းတို့က နားလည်ခဲ့ကြသည်။

ဖန်ရှင်းက အခြားသူများ ဝင်ရောက်ကူညီပေးမည်ကို အမှန်တကယ်ပင် အလိုမရှိပုံရသည်။

ရွှေကျီးကန်းတို့လူစုက ဖန်ရှင်း၏ သဘောထားကို စိတ်ထဲတွင်နားလည်ခဲ့ပြီး စိတ်ရှုပ်ထွေးမှုများ ပြည့်နှက်နေသော်လည်း တစ်ယောက်ကို တစ်ယောက် ကြည့်ကာ တညီတညာတည်းပင် ဖြည်းညင်းစွာ နောက်ဆုတ်လိုက်ကြသည်။

၎င်းတို့၏ နှလုံးသားက အံ့ဩမှုများဖြင့် ပြည့်နှက်နေသည်။

အမှောင်ထု နတ်ဘုရားသားတော်နှင့် တိုက်ခိုက်ရဲသည့် သတ္တိကို ဘယ်ကနေရလာမှန်း မသိရသော်လည်း မိစ္ဆာလေးက တိုက်ပွဲကို တရားမျှတစွာ သတ္တိရှိရှိ တိုက်ခိုက်ခဲ့သည်။

ဖန်ရှင်း၏စွမ်းရည်ကို မည်သူမျှ သံသယ မရှိကြပေ။

သို့သော်လည်း သူမည်မျှပင် အစွမ်းထက်ပါစေ.. အမှောင်ထုနတ်ဘုရား သားတော်ကို တိုက်ခိုက်ရန်မှာ မည်သို့မျှ ဖြစ်နိုင်မှုမရှိပေ။

အမှောင်ထု နတ်ဘုရားသားတော်က အစစ်အမှန် အင်မော်တယ်ကိုပင် သတ်ဖြတ်ဖူးသည်ဟု ကောလဟာလ ထွက်ပေါ်ခဲ့ဖူးသည် မဟုတ်ပါလား။

"မင်း ငါနဲ့ တကယ် တိုက်ချင်နေတာလား"

အမှောင်ထု နတ်ဘုရားသားတော်က ရွှေကျီးကန်းတို့ကို နောက်ဆုတ်စေခဲ့သော ဖန်ရှင်း၏ လုပ်ရပ်ကိုမြင်လျှင် သိသိသာသာပင် အံ့သြသွားခဲ့သည်။

ထို့ကြောင့် သူက တစ္ဆေသရဲကဲ့သို့ အေးစက်စက် မျက်လုံးနှစ်လုံးဖြင့် ဖန်ရှင်းကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်.. ငါမင်းနဲ့တိုက်ချင်တယ်"

ဖန်ရှင်းက တည်ငြိမ်သော အမူအရာဖြင့် အမှောင်ထု နတ်ဘုရားသားတော်ကို မျက်နှာချင်းဆိုင်ကာ ပြန်ဖြေလိုက်သည်။

"မင်းလို အားနည်းတဲ့ လူသားက ဘာလို့ စွမ်းအား ကြီးမားတဲ့နတ်ဘုရား သတ္တဝါတွေကို အံတုဖို့ ကြိုးစားနေတာလဲ"

အမှောင်ထု နတ်ဘုရားသားတော်က မထီမဲ့မြင် ပြုံး၍ မေးလိုက်သည်။

သူ၏မေးခွန်းက ပါရမီရှင်စားသမား၏ မေးခွန်းနှင့် တူညီနေသည်။

ဖန်ရှင်းက ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းကိုခါရမ်းလိုက်ပြီး

"အံတုဖို့ ကြိုးစားနေတာ မဟုတ်ဘူး.. အင်မော်တယ်တွေရဲ့မျိုးဆက်ဖြစ်တဲ့ ငါတို့က ငါတို့ရဲ့ ကျွန်တွေကို လိမ်မာယဥ်ကျေးအောင် ဆုံးမဖို့ ကြိုးစားနေတာပါ"

"မင်း.."

အမှောင်ထု နတ်ဘုရား သားတော်၏ အမူအရာက လုံးဝပြောင်းလဲသွားသည်။

၎င်းတို့ နတ်ဘုရားသတ္တဝါများမှာ တစ်ချိန်က အင်မော်တယ်တွေ၏ ကျေးကျွန်များ ဖြစ်ခဲ့ဖူးသည်။

ယင်းဖြစ်ရပ်က နတ်ဘုရားသတ္တဝါ အားလုံး၏ နှလုံးသားထဲတွင်

ထာဝရနာကျင်မှု ဆိုသည်ကို သံသယဖြစ်စရာပင် မလိုချေ။

ဖန်ရှင်း၏စကားက သူ၏အနာဟောင်းကို တူးဆွလိုက်သကဲ့သို့ အမှောင်ထုနတ်ဘုရားကို ဒေါသအိုး ပေါက်ကွဲစေခဲ့သည်။

"ရွှေထီးဆောင်းခဲ့တဲ့ခေတ်ကို လာမပြောနဲ့.. မင်းတို့ ဘိုးဘေးတွေရဲ့ ခေတ်ကို ဘယ်တော့မှ ပြန်မရောက်နိုင်တော့ဘူး"

အေးစက်စက် ကြုံးဝါးပြီးသည်နှင့် အမှောင်ထု နတ်ဘုရားသားတော်က ဖန်ရှင်း၏ အနားသို့ ချက်ချင်း ရောက်ရှိလာပြီး သူ့ခန္ဓာကိုယ်ကို အနက်ရောင် လက်ဖဝါးကြီး အဖြစ် တိုက်ရိုက်အသွင်ပြောင်းကာ ချုပ်နှောင်ရန် ကြိုးစားလိုက်သည်။

သူ၏ လက်ဖဝါးထဲတွင် ဖော်မပြနိုင်သော စွမ်းအားတစ်ခု ပါဝင်နေသည်။

ကြည့်ရသည်မှာ အမှောင်ထု နတ်ဘုရား သားတော်က အဆုံးမဲ့ အမှောင်စွမ်းအင်ကို လက်ဖဝါးထဲတွင် ထည့်သွင်းထားပုံရသည်။

၎င်းလက်ဖဝါး၏ ဖိအားက ကမ္ဘာကြီးတစ်ခု၏အလေးချိန်ကဲ့သို့ပင်။

ဤလက်ဖဝါး တစ်ဖက်တည်း၏ ခွန်အားက အကျဉ်းစံနှလုံးသား ချောက်ကမ်းပါးသခင်၏ ခွန်အား၇၀%သို့မဟုတ် ၈၀%ခန့် ရှိသည်။

ဖန်ရှင်းက အမှောင်ထု နတ်ဘုရား သားတော်ကို တစ်ယောက်ချင်း စိန်ခေါ်ရသည့် အကြောင်းရင်းမှာ သူ့မိတ်ဆွေများ အပေါ် အသက်အန္တရာယ် ကျရောက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

ထိုထက်ပို၍ အရေးကြီးသော အကြောင်းပြချက်မှာ ဖန်ရှင်း၏ စိတ်ထဲတွင် အမှောင်ထု နတ်ဘုရားသားတော်ကို အနိုင်ရမည်ဟု ယုံကြည်ချက် တချို့ ရှိနေသောကြောင့်ပင်။

အမှောင်ထု နတ်ဘုရားသားတော် မည်မျှ အစွမ်းထက်သည်ကိုမည်သူမှ အတိအကျ မပြောနိုင်ပေ။

ဒဏ္ဍာရီအရ နတ်ဘုရားဘုရင်အောက်တွင် သူက

အစွမ်းအထက်ဆုံးဖြစ်ပြီး အစစ်အမှန် အင်မောတယ်ကိုပင် သတ်နိုင်စွမ်းရှိသည်ဟု ဆိုကြသည်။

သို့ရာတွင် ခရီးလမ်းတစ်လျှောက် အကဲခတ်မှုအရ အမှောင်ထု နတ်ဘုရား သားတော်က အစစ်အမှန် အင်မော်တယ် အဆင့်သို့ မရောက်သေးကြောင်း ဖန်ရှင်းက သတိပြုမိခဲ့သည်။

သူက နတ်ဆိုးတွင်းနက် ထဲတွင် အမှောင်ထု နတ်ဘုရားသားတော်နှင့် အရိုးဖြူဧကရာဇ်တို့၏ တိုက်ခိုက်မှုကို မြင်ဖူးခဲ့သည်။

အမှောင်ထု နတ်ဘုရား သားတော်က အရိုးဖြူ ဧကရာဇ်၏ တိုင်ခိုက်မှုကို ခုခံနိုင်ခဲ့သော်လည်း အရိုးဖြူ ဧကရာဇ်လောက် အစွမ်းမရှိကြောင်း ဖန်ရှင်းက သိသည်။

သူ၏ တွက်ဆမှုအရ အမှောင်ထု နတ်ဘုရားသားတော်က ကောလဟာလထဲကလို အစစ်အမှန် အင်မော်တယ်ကို သတ်ဖြတ်ရန် ဘယ်လိုမှ မဖြစ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ ၎င်းနှင့် တိုက်ခိုက်ရမည် ဆိုကတည်းက ဖန်ရှင်းက

ကြိုတင်ပြင်ဆင်မှု လုပ်ထားပြီးပြီ ဖြစ်သည်။

"သူတော်စင်နည်းစနစ်"

အမှောင်ထု နတ်ဘုရားသားတော်၏ လက်ဝါးက သူ့ဆီသို့လျင်မြန်စွာ ရောက်လာသော အချိန်တွင် ဖန်ရှင်းက အေးစက်စွာ အော်ဟစ်လိုက်သည်။

သူ၏ ဦးခေါင်းအထက်တွင် ထူးဆန်းသော မီးတောက်တစ်ခု ဖြစ်ပေါ်လာပြီး သူ၏ ကျောနောက်တွင်မူ ပုံရိပ်များစွာပေါ်ပေါက်လာသည်။

ထိုပုံရိပ်များထဲတွင် နွားရိုင်းတစ်ကောင်.. အဖြူရောင်ဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ဦးနှင့် ရှေးဟောင်း ဝတ်စုံဝတ် ထားသည့် သတ်လတ်ပိုင်း လူတစ်ဦးလည်း ပါဝင်နေသည်။

ထိုလူများက ဝူရှန်းကျီ.. ဟွာမိန်အာ..လီဟော်နှင့် အခြားလူများ

ဖြစ်ပြီး ယခုအချိန်တွင် ဆင့်ခေါ်ခံရသူများဖြစ်သည်။

"ဝုန်း.. "

ဖန်ရှင်းက ထိုတစ္ဆေသရဲများကို ဆင့်ခေါ်လိုက်သောအခါ ဦးခေါင်းပေါ်မှ ကြောက်မက်ဖွယ် မီးတောက်က ၎င်းတို့၏ ခန္ဓာကိုယ်ကို လောင်ကျွမ်းသွားပြီး အလွန်ရုန့်ရင်းသော မှော်စွမ်းအားများ အဖြစ်သို့ ပြောင်းလဲလိုက်ကာ ဖန်ရှင်း၏ ခန္ဓာကိုယ်သို့ တိုက်ရိုက် ပို့ဆောင်လိုက်သည်။

ဖန်ရှင်း၏ခွန်အားက ချက်ချင်းပင် မြင့်တက်လာပြီးအလယ်အလတ် အင်မော်တယ်နီးပါး အစွမ်းထက်သွားသည်။

သူ၏ အရပ်က အဆအတန် မြင့်မားလာပြီး နောက်တွင် တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်က မှော်ဓားအဖြစ် ပြောင်းလဲကာသူ၏လက်ထဲသို့ ရောက်ရှိသွားသည်။

"ဝုန်း.."

ဖန်ရှင်းက သူ့ထံသို့ တိုးဝင်လာသော လက်ဝါးကို အနက်ရောင်ဓားဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

"သြော် မင်းက သူတော်စင် နည်းစနစ်ကိုတောင် ထုတ်သုံးနေပြီကိုး"

အမှောင်ထု နတ်ဘုရားသားတော်ကမျက်မှောင်ကြုတ်၍ မုန်းတီးစွာ ရေရွတ်လိုက်သည်။

သူ၏စွမ်းရည်အရ ဖူယောင်နန်းတော် သခင်များသာတတ်ကျွမ်းသည့် ဤသူတော်စင် နည်းစနစ်ဖြင့် အစိမ်းသက်သက်တော့ မဟုတ်ပေ။

ဤနည်းစနစ်က နတ်ဘုရားသတ္တဝါများကို ဆုံးမရန် သူတော်စင်များ တီထွင်ခဲ့သော နည်းစနစ် ဖြစ်သော်လည်း ထိုနည်းစနစ်၏ အားနည်းချက်မှာ အသက်တိုမြန်ခြင်းပင် ဖြစ်သည်။

မိစ္ဆာလေး၏လက်ထဲကို ထိုနည်းစနစ် ရောက်သွားသောအခါတွင်မူ မိစ္ဆာလေးက မည်သို့ မည်ပုံ ပြုပြင်လိုက်မှန်း မသိရသော်လည်း မူရင်း

သူတော်စင် နည်းစနစ်နှင့် ကွဲပြားနေသည်ကိုတော့ သူကောင်းစွာ သိသည်။

ထာဝရနတ်ဘုရားထံတွင် မိစ္ဆာလေး အပ်နှံထားသောသူတော်စင် နည်းစနစ်မှာ မိစ္ဆာလေး၏ ဆင့်ကဲ တီထွင်ထားသော သူတော်စင်နည်းစနစ်သာ ဖြစ်သည်။

ယင်းက အမှန်တကယ်တွင် နတ်ဘုရားသတ္တဝါများ အတွက် အကျိုးမရှိပေ။

နတ်ဘုရားသတ္တဝါများ အတွက် အမှန်တကယ် အကျိုးများနိုင်သော နည်းစနစ်မှာ မူလ သူတော်စင်နည်းစနစ် ဖြစ်သည်။

ထူးခြားသည်မှာ ထာဝရ နတ်ဘုရားထံ မိစ္ဆာလေး ခိုလှုံခဲ့သည့်သက်တမ်း တစ်လျှောက်တွင် ထာဝရနတ်ဘုရားက မိစ္ဆာလေးဘက်မှ ပြတ်ပြတ်သားသား ရပ်တည်ခဲ့ခြင်းပင်။

ထိုအချက်ကိုတော့ သူက ယနေ့အထိ နားမလည်နိုင်သေးပေ။

"ဝုန်း.."

လက်ဖဝါးနှင့်ဓားက ထိပ်တိုက်ဆုံမိကြပြီး လေထုပေါက်ကွဲမှုဖြစ်ပေါ်ကာ စွမ်းအားများက လှိုင်းလုံးကြီးများကဲ့သို့ ဖြာထွက်သွားသည်။

ဤတိုက်ခိုက်မှုတွင် အမှောင်ထု နတ်ဘုရားသားတော်က တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့သော်လည်း ဖန်ရှင်းကမူ ပေတစ်ရာအကွာသို့ လွင့်ထွက်သွားသည်။

သို့ရာတွင် ဖန်ရှင်းက မည်သည့် ဒဏ်ရာဒဏ်ချက် မရရှိခဲ့ချေ။

"ကပ်ဘေးတတိယအဆင့်က ငါ့ရဲ့ လက်ဝါးရိုက်ချက်ကို ခုခံနိုင်တယ်လား"

အမှောင်ထု နတ်ဘုရားသားတော်က သက်ပြင်းချ၍ တအံ့တသြ ရေရွတ်လိုက်သည်။

ဖုန်းထျန်းမဟာမိတ် အဖွဲ့မှ ကျင့်ကြံသူများကလည်း ဖန်ရှင်း၏ စွမ်းရည်ကို ကြည့်ကာ ပြောမပြတတ်အောင်ပင် ထိတ်လန့်ကုန်ကြသည်။

"ထျန်းယွမ်.. ထျန်းယွမ်.. အင်မော်တယ်တွေရဲ့ မွေးရပ်မြေ စကြဝဠာရဲ့ မူလဗဟိုချက်မှာ အမွေအနှစ်တွေ ဘယ်လောက်တောင် ရှိနေတာလဲ"

အမှောင်ထုနတ်ဘုရားသားတော်က ခပ်တိုးတိုး ရေရွတ်နေချိန်တွင် သူ့ဦးခေါင်းထက်က နေနဲ့လ၏ စွမ်းအားက တစ်ဟုန်ထိုး လျင်မြန်စွာ လည်ပတ်လာသည်။

အချိန်နှစ်တွေ၏ စွမ်းအားကြောင့် သူ၏ခွန်အားက မူလထက်ပင် တိုးတက်လာသည်။

"ကွာဟတာကတော့ ကွာဟတာပါပဲ.. ငါက မင်းထက် အနှစ်သုံးရာ စောပြီး လေ့ကျင့်ခဲ့ရတာကိုး"

"မင်းကို အနှစ်သုံးရာ အချိန်ပေးလိုက်ရင်တော့ ငါ့ကို ယှဉ်နိုင်ကောင်း ယှဉ်နိုင်လိမ့်မယ်.. ဒါပေမဲ့ အခုချိန်မှာတော့ ငါ့ကို ယှဉ်နိုင်ဖို့ လုံးဝ မဖြစ်နိုင်ဘူး"

အမှောင်ထု နတ်ဘုရားသားတော်က မထီမဲ့မြင် အမူအရာဖြင့်ပြောလိုက်သည်။

"မင်းကို ငါ့ရဲ့လျှို့ဝှက်ချက် ပြောပြမယ်"

"အစစ်အမှန်အင်မော်တယ်ကို ငါက သတ်ဖြတ်လိုက်တယ်လို့ တချို့က ပြောကြတယ်.. တကယ်တော့ အဲ့ဒီကောလဟာလကလွဲမှားနေတာပဲ"

"တကယ်တမ်းမှာ အစစ်အမှန် အင်မော်တယ်ကို ငါက သတ်လိုက်တာ မဟုတ်ဘူး.. ကိုက်စားပစ်လိုက်တာ"

အပိုင်း(၁၂၁၂) ပြီး၏

အပိုင်း(၁၂၁၃) အစစ်အမှန်အင်မော်တယ်မျိုးစေ့

ဤမြေအောက်နန်းတော် ကမ္ဘာတွင် ကမ္ဘာပျက်စေမည့် တိုက်ပွဲတစ်ခု ပေါ်ပေါက်လာပြီး တိုက်ပွဲ၏ ပြင်းထန်မှုက လူတိုင်း၏ စိတ်ကူးထားသည် ထက်ပင် ကျော်လွန်နေသည်။

ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်၏ တိုက်ကွက်များကို ခုခံနိုင်လိမ့်မည်ဟု မည်သူမှ မထင်ထားခဲ့ကြပေ။

ဖန်ရှင်း၏ နည်းစနစ်ကို ရှောင်ရှယ်.. ရှန်းလျူနှင့် လူနည်းစုလောက်သာ သတိပြုမိခဲ့ကြသည်။

မိစ္ဆာလေးက သေဆုံးသွားသော တစ္ဆေသရဲ ဝိညာဉ်များကို သူ၏ဦးခေါင်းပေါ်မှ မီးတောက်ဖြင့် လောင်ကျွမ်းစေကာ စွမ်းအား တိုးမြင့်အောင် လုပ်ဆောင်ခဲ့သည်။

ထိုနည်းစနစ်က အမှောင်ထု နတ်ဘုရား သားတော်၏

ကြောက်မက်ဖွယ် လက်ဝါးကို ခုခံရန် ယုံကြည်မှု ရှိစေပုံရသည်။

နတ်ဘုရား သတ္တဝါများ၏ အကြီးမားဆုံး အားနည်းချက်မှာနည်းစနစ် အနည်းငယ်သာ တတ်ကျွမ်းခြင်းပင်။

ထိုအချက်ကို သိထား၍ ဖန်ရှင်းက ပို၍ ရဲရင့်လာသည်။

သူက တစ္ဆေသရဲများ၏ စွမ်းအားကို လက်ခံ ရရှိထား၍ ကောင်းကင်နှင့် မြေကြီးကြားတွင် အရဲရင့်ဆုံးသော တည်ရှိမှုအဖြစ်သို့ ပြောင်းလဲသွားသည်။

"မင်းတို့ နတ်ဘုရား သတ္တဝါတွေက ထျန်းယွမ်တိုက်က လူတွေကို အားနည်းတယ်လို့ ပြောပြီး ကိုယ့်ကိုယ်ကိုယ်တော့ သန်မာတဲ့ သွေးကြောတွေ နဲ့ အဆုံးမဲ့ ခွန်အားတွေ ရှိတယ်လို့ အမြဲပြောကြတယ်.. ငါဒီနေ့ မေးချင်တာက မင်းတို့ နတ်ဘုရားသတ္တဝါတွေမှာ ခွန်အားကလွဲရင် ဘာတွေ ရှိသေးလို့လဲ"

စကားစစ်ထိုးရင်း ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်ကို

တိုက်ခိုက်နေသည်။

ယခုအခါတွင် တိုက်ပွဲတစ်ရာ စစ်ဝိဇ္ဇာဥ်က သူ၏လက်ထဲ၌ အံ့သြဖွယ် အသွင်ပြောင်းနိုင်စွမ်းကို ပြသနေသည်။

၎င်းက တစ်ခါတရံတွင် ဓားဖြစ်လိုက်.. လှံဖြစ်လိုက်.. ဒိုင်းကာဖြစ်လိုက်ဖြင့် အမျိုးမျိုး အသွင်ပြောင်းနေသည်။

မှော်လက်နက်တစ်ခုက အတိုင်းအတာတစ်ခု အထိ လူသားမျိုးနွယ်၏ ဉာဏ်ပညာကို ကိုယ်စားပြုသည်။

သမိုင်းမစတင်မီတွင် လူသားများက အစွမ်းထက်သော သားရဲများကို တိုက်ခိုက်ရန် လက်နက်များကို တီထွင်ခဲ့ကြသည်။

ထို့ကြောင့် လက်နက်တစ်ခုက လူသားမျိုးနွယ်၏ ဉာဏ်ပညာတစ်မျိုးကို ကိုယ်စားပြုနိုင်ပေသည်။

ယင်းကြောင့် လက်နက်အမျိုးမျိုး အသွင်ပြောင်းနိုင်ခြင်းက

ဘယ်လောက်အထိ ဉာဏ်ကစားနိုင်မှန်း သိသာနေသည်မဟုတ်ပါလား။

ဆိုရလျှင် ဖန်ရှင်းက ဉာဏ်ရည်ပိုင်းတွင် မြင့်မားသည့်အပြင် လူသားမျိုးနွယ်၏ ကိုယ်ခံပညာ မျိုးစုံကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ထားသူ ဖြစ်သည်။

ထို့ကြောင့် သူက မည်သည့် ဖြစ်တည်မှုကို မဆို စိန်ခေါ်ဝံ့ပြီး မထီမဲ့မြင် ပြုဝံ့ခြင်း ဖြစ်သည်။

အမှောင်ထု နတ်ဘုရား သားတော်နှင့် ခွန်အားချင်း ကွာခြားသော်လည်း လက်ရှိတွင် သူက ဝူရှန်းကျီ.. ဟွာမိန်အာနှင့် လီဟော်တို့ဆီမှ စွမ်းအား အရင်းအမြစ်ကို လက်ခံရရှိထားသည်။

ဖန်ရှင်းက အမှောင်ထု နတ်ဘုရား သားတော်ကို စိန်ခေါ်ရဲသည်မှာ ထိုစွမ်းအား အရင်းအမြစ်ကြောင့်ပင်။

သူတော်စင်နည်းစနစ်၏ စွမ်းအား မကုန်ဆုံးခင် အမှောင်ထုနတ်ဘုရား သားတော်ကို မသတ်ဖြတ်နိုင်ဟု မည်သူက

ပြောနိုင်မည်နည်း။

"ဝုန်း.. ဝုန်း.. ဝုန်း "

ဖန်ရှင်း၏ တိုက်ခိုက်မှုကြောင့် အမှောင်ထု နတ်ဘုရားသားတော်က နောက်သို့ ဆုတ်လိုက်ရသည်။

"မောင်လေးဖန်ရဲ့ လက်ရှိ ခွန်အားက ငါတို့ထက် အများကြီး သာလွန်နေပြီ.."

တိုက်ပွဲကိုကြည့်ရင်း ဝမ်ချင်းက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

"မိစ္ဆာလေးရဲ့ ကိုယ်ခံပညာမှာ ငါ့လောက် မတော်ပေမဲ့ သူက ဒီလို မှော်လက်နက် တစ်ခုကို ဖန်တီးနိုင်ခဲ့တယ်.. သူနဲ့ လက်ရည်စမ်းဖို့ ငါတကယ်ပဲ မစောင့်နိုင်တော့ဘူး "

လုဖုန်းရှန်းက တောက်ပသော မျက်လုံးများဖြင့် ဖန်ရှင်းကို ကြည့်ရင်း

ရေရွတ်လိုက်သည်။

ယခုအချိန်တွင် သူက ဖန်ရှင်းနှင့် ယှဉ်ပြိုင်ရန် စိတ်ကူးနေလိမ့်မည်ဟု မည်သူမှ ထင်မိမည် မဟုတ်ပေ။

"အကိုတော်ဖန်က လျှို့ဝှက်နည်းလမ်းနဲ့ တစ္ဆေဝိညာဥ်တွေကို လောင်ကျွမ်းစေပြီး မှော်စွမ်းအားအဖြစ် ပြောင်းလဲပစ်လိုက်တာပဲ.. တကယ်ကို အံ့သြဖို့ ကောင်းတယ်"

ရှန်းလျူက တအံ့တသြ ရေရွတ်လိုက်သည်။

"ဟားဟား တော်သေးတာက မိစ္ဆာလေးရဲ့ နတ်နန်းတော်ထက် ငါ့ရဲ့ရှောင်ချန်းကမ္ဘာက အများကြီး ပိုကြီးနေတာပဲ.. ဒီလိုမှ မဟုတ်ရင် မိစ္ဆာလေးကို ငါဘယ်နေရာမှာမှ ယှဥ်နိုင်မှာ မဟုတ်တော့ဘူး"

ရွှေကျီးကန်းက ဖန်ရှင်းကို ချီးမွမ်းသလိုလိုနှင့် သူ၏ရှောင်ချန်းကမ္ဘာကို ကြွားလုံး ထုတ်လိုက်သည်။

ပတ်ဝန်းကျင်မှ ကျင့်ကြံသူများက သူ့စကားကို ကြားလျှင် ထူးဆန်းသော အကြည့်များဖြင့် ဝိုင်းဝန်းကြည့်လိုက်ရာ ရွှေကျီးကန်းက အရှက်ရသွားပြီး ကြွားလုံး ဆက်မထုတ်ရဲတော့ချေ။

"ငါတို့နတ်ဘုရား သတ္တဝါတွေက ခွန်အားတစ်ခုပဲ သန်မာတယ်လို့ မင်းထင်လား"

"လူသားတွေရဲ့ ကိုယ်ခံပညာတွေက တကယ်ကို အံ့မခန်းပါပဲ.. ငါတို့ နတ်ဘုရားသတ္တဝါတွေက မင်းတို့လောက် မတော်ပါဘူး.. ဒါပေမဲ့ ငါတို့မှာလည်း မင်းတို့ လူသားမျိုးနွယ်ရဲ့ကိုယ်ခံပညာတွေကို တတ်မြောက်နိုင်တဲ့ နည်းလမ်းတွေ ရှိပါသေးတယ်"

ယင်းအချိန်တွင် ဖန်ရှင်း၏ ဓားအလင်းက အမှောင်ထုနတ်ဘုရားသားတော်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ရန် ရောက်ရှိလာသည်။

သို့ရာတွင် အမှောင်ထု နတ်ဘုရား သားတော်က ထူးဆန်းသောဓားကွက်များကို ထုတ်ဖော်၍ ဖန်ရှင်း၏ ဓားအလင်းကို

ခုခံလိုက်သည်။

ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်၏ ဆန်းကြယ်သော ဓားကွက်များကို မြင်လျှင် အံ့သြသွားမိသည်။

နတ်ဘုရားသတ္တဝါများက ဓားရေး နည်းစနစ်များကို နားလည်နိုင်ပါသလော။

၎င်းတို့က သတ္တဝါများ ဖြစ်ကြပြီး လူသားအသွင် ပြောင်းလဲကာ ဓားနှင့် တိုက်ခိုက်နိုင်သော်လည်း ဓားကွက်၏ လေးနက်သော သဘောတရားများကို မည်ကဲ့သို့ နားလည်နိုင်မည်နည်း။

ဖန်ရှင်းက မျက်လုံးများ ကျဥ်းမြောင်းသွားပြီး အသိအမြင်ကျမ်း၏ စွမ်းအားကို နှိုးဆွကာ အမှောင်ထု နတ်ဘုရားသားတော်ကို လေးနက်စွာ ကြည့်လိုက်ရာ တခဏမျှ ကြာလျှင် သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားလိုက်ရသည်။

အမှောင်ထု နတ်ဘုရားသားတော်က ကမ္ဘာငယ်လေးကို ဝါးမျိုရန် ကြိုးစားခဲ့သော်လည်း ရွှေကျီးကန်း၏

အမှတ်မထင်ဖျက်ဆီးမှုကြောင့် သူ၏ခန္ဓာကိုယ်တွင် ဒဏ်ရာ အပြင်းအထန် ရရှိခဲ့သည်။

သူက မည်မျှပင် မွေးရာပါ သွေးစွမ်းအား ပြင်းထန်ပါစေ.. သူ၏အကန့်အသတ်ကို ကျော်လွန်၍ ဒဏ်ရာ ပြင်းထန်စွာ ရရှိနေသော အချိန်တွင် သူ၏ခန္ဓာကိုယ်က ကြွေထည်လို ဖြစ်နေသည်။

နေလဆေးလုံးကို သောက်သုံးပြီးနောက် သူ၏ခန္ဓာကိုယ်က အကောင်းပကတိ ပြန်ဖြစ်လာသည်ဟု ဆိုသော်လည်း ကြွေထည်ကို သံထည်ဖြင့် အစားထိုးသည့် သဘောမျိုးသာ ဖြစ်ပြီး ဒဏ်ရာက ကျန်ရှိနေတုန်းပင်။

ဖန်ရှင်းက အသိအမြင်ကျမ်းဖြင့် စစ်ဆေးလိုက်ရာ အမှောင်ထုနတ်ဘုရား သားတော်၏ ဦးခေါင်းထက်တွင် နေနှင့်လ၏ စွမ်းအားအပြင် အင်မော်တယ် အော်ရာများ ထွက်ပေါ်နေသည့် ကျင့်ကြံသူ တစ်ဦး ရှိနေသည်။

ထိုအင်မော်တယ်က အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး ဓားရှည်တစ်လက်ကို ကိုင်ဆောင်ထားသဖြင့် ဓားကို အထူးပြုသည့်

အင်မော်တယ်တစ်ဦး ဖြစ်မှန်း သိသာနေသည်။

နေနှင့်လ၏ စွမ်းအားကြားတွင် ယင်းအင်မော်တယ်၏ မသိစိတ်က လွင့်မျောနေပုံ ရသော်လည်း အမှောင်ထု နတ်ဘုရားသားတော်က ၎င်းအင်မော်တယ်၏ အသိစိတ်နှင့် စွမ်းအားများကို စုပ်ယူလိုက်ရာ ချက်ချင်းပင် သူက အစစ်အမှန် အင်မော်တယ် လူသားအဖြစ်သို့ ပြောင်းလဲသွားသည်။

အစစ်အမှန် အင်မော်တယ် ဖြစ်သွားသောကြောင့် အမှောင်ထု နတ်ဘုရား သားတော်၏ ခန္ဓာကိုယ်ကပါ အင်မော်တယ်ခန္ဓာကိုယ် အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

အမှောင်ထု နတ်ဘုရားသားတော်က အင်မော်တယ်ချီများကို စုစည်းလိုက်ရာ ချီများက ဓားရှည်တစ်လက် အဖြစ်သို့ ပြောင်းလဲသွားသည်။

အမှောင်ထု နတ်ဘုရားသားတော်က တိုက်ပွဲအတွင်း အစစ်အမှန် အင်မော်တယ် ဖြစ်လာလိမ့်မည်ဟု မည်သူမှ မထင်မိပေ။

ပြီးပြည့်စုံသော အင်မော်တယ် မဟုတ်သော်လည်း ထွက်သက်ဝင်သက်နှင့် အော်ရာကမူ အစစ်အမှန် အင်မော်တယ်မှန်း ထင်ရှားနေသည်။

"ဒါဆို အမှောင်ထု နတ်ဘုရားသားတော်ရဲ့ ဒဏ္ဍာရီက တကယ်ပဲ မှန်ကန်နေပြီလား"

ကျင့်ကြံသူများက အမှောင်ထု နတ်ဘုရား သားတော်ကို ကြည့်ကာ ထိတ်လန့်ကုန်ကြသည်။

တကယ်တမ်းတွင် အစစ်အမှန် အင်မော်တယ်ထဲမှ အင်အားနည်းသော အင်မော်တယ် တစ်ယောက်ကို အမှောင်ထု နတ်ဘုရားဘုရင်က ဖမ်းဆီးပြီး သူ့ကို မျိုချစေခဲ့ခြင်း ဖြစ်သည်။

ထိုမျိုချလိုက်သော အင်မော်တယ်ကို အမှောင်ထု နတ်ဘုရားဘုရင်က အမှောင်ထု မျိုးနွယ်စု၏ လျှို့ဝှက်နည်းလမ်း တချို့ဖြင့် မျိုးစေ့အသွင် ပြောင်းလဲပြီး သူ၏ ခန္ဓာကိုယ်ထဲတွင်နက်ရှိုင်းစွာ မြုပ်နှံပေးထားခဲ့သည်။

ထိုမျိုးစေ့က သူ၏ သွေးစွမ်းအင်ဖြင့် တဖြည်းဖြည်း ကြီးထွားလာပြီး အဆုံးသတ်တွင် သူ၏ ကိုယ်ပိုင်စွမ်းအား အဖြစ် လုံးဝ ပြောင်းလဲသွားမည် ဖြစ်သည်။

အမှောင်ထု နတ်ဘုရားဘုရင်က အင်မော်တယ် မျိုးစေ့ကို သန့်စင်သည့် နည်းလမ်းနှင့် ထိန်းချုပ်သည့် နည်းလမ်းများကို သင်ကြားပေးခဲ့ပြီး တင်းကျပ်သော စံနှုန်းများဖြင့် ကန့်သတ်ထားခဲ့သည်။

သူ၏ အသွေးအသား အစွမ်းထက်ဆုံး အချိန်ကို မရောက်သေးသ၍ အင်မော်တယ် မျိုးစေ့၏ စွမ်းအားကို ထုတ်ဖော်ရန် ခွင့်မပြုခဲ့ပေ။

အကယ်၍ အချိန်မတိုင်ဘဲ ထုတ်သုံးခဲ့လျှင် အင်မော်တယ်မျိုးစေ့၏ စွမ်းအား အစစ်အမှန်ကို ဘယ်သောအခါမှ ရရှိလိမ့်မည် မဟုတ်တော့ချေ။

သို့ရာတွင် လက်ရှိအချိန်၌ ဖန်ရှင်း၏ ဖိနှိပ်မှုကို ခံနေရသောကြောင့် အမှောင်ထု နတ်ဘုရားသားတော်က စိတ်မထိန်းနိုင်တော့ဘဲ ဒေါသအိုး ပေါက်ကွဲလာသည်။

ကပ်ဘေးတတိယအဆင့် ကျင့်ကြံသူ၏ ဖိနှိပ်မှုကို သူက မည်သို့ ခံနိုင်ပါမည်နည်း။

သူသာ ဤနေရာမှ ထွက်သွားချင်လျှင် အစီအရင်ပင် မတားဆီးနိုင်မည်ကို စိုးရိမ်မိသည်။

"သတ်ပစ်မယ်.. ထျန်းယွမ်တိုက်က ကျင့်ကြံသူတွေ အားလုံးကို သတ်ပစ်မယ်"

ထို့ကြောင့် သူက နေလဆေးလုံးကို အသုံးပြု၍ အချိန်စွမ်းအားကို အသုံးပြုကာ အင်မော်တယ်မျိုးစေ့ကို လှုံ့ဆော်ခဲ့ခြင်းပင်။

အစစ်အမှန် အင်မော်တယ် အဖြစ် ပြောင်းလဲသွားသည်နှင့် အဆုံးမဲ့ ဓားစွမ်းအင်များက ကောင်းကင်ပေါ်က သက်ဆင်းလာပြီး ဖန်ရှင်း၏ တိုက်ကွက်များကို ဖျက်ဆီးလိုက်သည်။

ဖန်ရှင်း၏ ပြိုင်ဘက်က ရုတ်ခြည်းပင် အင်မော်တယ် အဖြစ်သို့

ပြောင်းလဲသွားခဲ့သည်။

အမှောင်ထု နတ်ဘုရားသားတော်က အင်မော်တယ် မှတ်ဉာဏ်များကိုပါ ဆက်ခံလိုက်၍ ကိုယ်ခံပညာတွင် တစ်ဟုန်ထိုး မြင့်တက်လာရာ ဖန်ရှင်းက ချက်ချင်းပင် အောက်စည်းသို့ ရောက်ရှိသွားသည်။

ဖန်ရှင်းက တစ္ဆေသရဲများ၏ စွမ်းအားများကြောင့်သာ အလယ်အလတ် အဆင့် အင်မော်တယ်နှင့် ညီမျှသည့် ခွန်အားများကို ယာယီ ထုတ်သုံးနိုင်သော်လည်း အမှောင်ထု နတ်ဘုရားသားတော်ကို ယခုအချိန်ထိ မနှိမ်နင်းနိုင်ခဲ့ပေ။

သူ၏အဖြစ်က မီးပုံထဲသို့ ထင်းစများ ထပ်ထည့်နေသော်လည်း ထင်းလည်းကုန် ရေလည်း မဆူသလို ဖြစ်နေသည်။

"အခြေအနေ မကောင်းတော့ဘူး.. ဓားပြလေးကို သွားကယ်ရမယ်"

ရွှေကျီးကန်းက ရေရွတ်လိုက်ပြီး စွမ်းအားများကို အသင့် စုစည်းထားလိုက်ရာ သူ၏ တောင်ပံနှစ်ဖက်က ရွှေရောင်အလင်းများ

တောက်ပလာသည်။

ဖန်ရှင်း အန္တရာယ်နှင့် တွေ့နေသ၍ သူက ဘာကိုမှ ဂရုမစိုက်နိုင်တော့ပေ။

"အားနည်းတာက အားနည်းတာပါပဲ.. ခွန်အားချင်း ကွာခြားချက်က ကြီးမားလွန်းတယ်.. နောက်ဆုံးတော့ မိစ္ဆာလေးလည်း ကောင်းကင်ရဲ့ အလိုကို မလွန်ဆန်နိုင်ပါဘူး"

ပါရမီရှင်ဓားသမားက ပြုံး၍ ပြောလိုက်သည်။

ဖန်ရှင်း ရှုံးနိမ့်လျှင် သူက အလောင်းအစားကို အနိုင်ရတော့မည် ဖြစ်သော်လည်း သူ့မျက်နှာပေါ်တွင် ပျော်ရွှင်မှု အရိပ်အယောင်ကို မတွေ့ရဘဲ ခါးသီးသော အပြုံးကိုသာ တွေ့ရသည်။

"ဟူး.. "

သူက စိတ်ပျက်အားငယ်စွာဖြင့် သက်ပြင်းရှည်ကို ချလိုက်ရာသူ၏

အသက်ဓာတ်က လေထဲက ဖယောင်းတိုင်လို ပျောက်ကွယ်လုနီးပါး ဖြစ်သွားသည်။

ယင်းအချိန်မှာပင် နတ်ဆိုးစွမ်းအင် တစ်ခုက သူ့ခန္ဓာကိုယ်ထဲသို့ ရုတ်တရက် စီးဝင်လာပြီး သူ၏ အသက်ဓာတ်ကို ထိန်းညှိပေးလိုက်သည်။

ပါရမီရှင်ဓားသမားက သူ့အသက်ကို ကယ်တင်လိုက်သည့် သူကို တအံ့တသြ ငေးကြည့်လိုက်ရာ ရှောင်ရှွယ် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"နင်သေလို့ မရသေးဘူး.. တိုက်ပွဲက အခုထိ အဖြေမပေါ်သေးဘူးလေ.. မောင်လေးဖန်က သေချာပေါက် ရှုံးနိမ့်မှာ မဟုတ်ဘူး"

ရှောင်ရှွယ်က ပါရမီရှင်ဓားသမားကို ပြောလိုက်သည်။

"မင်းသူ့ကို ဒီလောက်တောင် ယုံကြည်တယ်လား"

ပါရမီရှင်ဓားသမားက သက်ပြင်းချကာ ရှောင်ရွှယ်ကိုလှောင်ပြုံးဖြင့် ကြည့်လိုက်သည်။

"အဖြေကို စောင့်နေစရာ လိုသေးလို့လား.. မိစ္ဆာလေး နဲ့ အမှောင်ထု နတ်ဘုရားသားတော်က စွမ်းအား ကွာခြားချက်ကြီးမားလွန်းတာ မင်းမတွေ့ဘူးလား"

သူ၏ စကားကို ကြားလျှင် ရှောင်ရွှယ်က စိတ်မရှည် ဖြစ်လာပြီး

"ငါပြောတာပဲ နားထောင်.. ငါက စောင့်ဆိုစောင့်လိုက်.. ခဏလောက် စောင့်လိုက်တာနဲ့ ငါပြောတာ မှန်မမှန် နင်သိလာရလိမ့်မယ်"

အပိုင်း(၁၂၁၃) ပြီး၏

အပိုင်း(၁၂၁၄) ငါသခင်လေးမှာနည်းလမ်းအများကြီး ရှိတယ်

မည်သို့သောလူများကို အင်မော်တယ်ဟု ခေါ်ဆိုသနည်း။

ရှေးဦးလူသားတို့ကမူ သာမန်ထက် ထူးကဲသော စွမ်းအားကို ပိုင်ဆိုင်ထားသူများအား အင်မော်တယ်ဟု ခေါ်ဆိုခဲ့ကြသည်။

ယခုမူ ဖန်ရှင်းက အင်မော်တယ်၏ စွမ်းအားကို အမှန်တကယ်ခံစားလိုက်ရသည်။

အမှောင်ထု နတ်ဘုရားသားတော်တွင် ဤမျှ ကံကောင်းမှုမျိုး ရှိလိမ့်မည်ဟု မည်သူမှ ထင်မိမည် မဟုတ်ချေ။

ဖန်ရှင်းက ယခုအခါတွင် သူ၏ ခွန်အားကို သက်သေပြခဲ့ပြီး အမှောင်ထု နတ်ဘုရား သားတော်ကို တိုက်ခိုက်ရန် အမှန်တကယ် အရည်အချင်း ပြည့်မီနေပြီဖြစ်သည်။

သူက တစ္ဆေသရဲများကို ယဇ်ပူဇော်ခြင်းဖြင့် အမှောင်ထု နတ်ဘုရားသားတော်နှင့် ယှဉ်နိုင်သော စွမ်းအားကို အချိန်တိုအတွင်း

ရရှိစေခဲ့သည်။

တစ်ဖက်တွင်လည်း တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်က အဆုံးမရှိ အသွင်ပြောင်း၍ တစ်ဖက်တစ်လမ်းက သူ့ကိုထောက်ပံ့နေသည်။

ဤစွမ်းအားနှစ်ခုဖြင့် သူက အချိန်အတိုင်းအတာ တစ်ခုအထိ အမှောင်ထု နတ်ဘုရား သားတော်ကို တိုက်ရိုက် နှိမ်နင်းခဲ့ပြီးအောင်ပွဲ၏ အရိပ်အယောင်ကိုပင် မြင်ခဲ့ရသည်။

သို့သော် အမှောင်ထု နတ်ဘုရားသားတော်က အင်မော်တယ်အဖြစ်သို့ ပြောင်းလဲသွားပြီးနောက်တွင် အရာအားလုံးက အချည်းနှီး ဖြစ်ခဲ့ရသည်။

ပို၍ဆိုးရွားစေသည့် အချက်မှာ အမှောင်ထု နတ်ဘုရားသားတော် ဝါးမျိုခဲ့သည့် အင်မော်တယ်က ဓားအင်မော်တယ်ဖြစ်နေခြင်းပင်။

ထို့ကြောင့် ဖန်ရှင်းက တိုက်ပွဲတိုက်ရာ စစ်ဝိညာဥ်ကို အသွင်အမျိုးမျိုး ပြောင်းလဲ၍ တိုက်ခိုက်သော်လည်း နောက်သို့သာတစ်ဆုတ်တည်း

ဆုတ်နေရသည်။

တစ္ဆေသရဲများကို ယင်ဇ်ပူဇော်၍ လက်ခံရရှိထားသော စွမ်းအင်များကလည်း တဖြည်းဖြည်း ဆုံးရှုံးလာသည်။

……

……

ဖန်ရှင်းထံတွင် အနိုင်ရရန် အခွင့်အရေး ရှိသေးသည်ဟု လူတိုင်းက မထင်ကြတော့ပေ။

အင်မော်တယ်ဘုံငယ်မှ ပါရမီရှင်ဓားသမားကမူ အဖြေကိုကြိုတင်သိနှင့်ထား သကဲ့သို့ စိတ်အေးလက်အေး ရှိနေသည်။

တိုက်ပွဲကို ငေးကြည့်နေသော ရှောင်ရွှယ်၏ မျက်ဝန်းတွင် စိုးရိမ်သော

အရိုပ်အယောင်များ ပေါ်ပေါက်လာသည်။

……

……

"ငါရှုံးနိမ့်တော့မှာလား"

ဖန်ရှင်း၏ စိတ်ထဲသို့ ထိုအတွေးမျိုး ဝင်ရောက်လာသောအခါ ဖန်ရှင်းက အံကို ခပ်တင်းတင်း ကြိတ်လိုက်သည်။

အမှောင်ထု နတ်ဘုရားသားတော်၏ ဤဝှက်ဖဲက သူ့ကို တကယ်ပင် အံ့အားသင့်စေခဲ့သည်။

၎င်းက သူ၏ အကြံအစည် အားလုံးကို အနှောင့်အယှက် ဖြစ်စေပြီး ခံစားမှုတစ်ခုကို ဖြစ်ပေါ်စေသည်။

ထိုအရာက အခိပ်ပွါယ်ဖော်ပြ၍ မရသော ခံစားချက်မျိုး ဖြစ်သည်။

ယခင်ကဆိုလျှင် ယခုကဲ့သို့ တစ်ယောက်ချင်း အမိုက်ခံ၍ တိုက်ခိုက်နေမည် မဟုတ်ဘဲ နောက်ထပ် လူသွားခေါ်ကာ ပြန်လည် တိုက်ခိုက်မည် သို့မဟုတ် တချိုးတည်း ထွက်ပြေးမည် ဖြစ်သည်။

"နတ်ဘုရား သတ္တဝါတွေက ဘယ်လောက်ပဲ ကြောက်စရာကောင်းနေပါစေ.. သူတို့က သေသင့်တဲ့ သတ္တဝါတွေပဲ"

"သူတို့သခင် ဖြစ်ခဲ့ဖူးတဲ့ အင်မော်တယ်တွေရဲ့ မျိုးဆက်တွေကို ကျွန်အဖြစ် ပြန်အနိုင်ကျင့်ဖို့ ကြိုးစားခဲ့တယ်"

"ဘာပဲပြောပြော ငါက ကွေးရန်တောင်တန်းက ဓားပြခေါင်းဆောင် တစ်ယောက်ပဲ.. ဒီသေသင့်တဲ့ ငမိုက်သားက ငါ့ကို ဘယ်လိုလုပ် ထိန်းချုပ်နိုင်မှာလဲ"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်ရာ သူ၏ အော်ရာက တဖြည်းဖြည်း မြင့်တက်လာသည်။

ကမ္ဘာပေါ်ရှိ လူများက နတ်ဘုရားသတ္တဝါများကို မည်ကဲ့သို့သဘောထားမှန်း သူ မသိရသော်လည်း အင်မော်တယ်များနှင့် နတ်ဘုရား သတ္တဝါများ၏ ဆက်နွယ်မှုကို ကြားပြီးကတည်းက နတ်ဘုရား သတ္တဝါများကို သူ မုန်းတီးနေခဲ့သည်။

နတ်ဘုရားသတ္တဝါများက ထျန်းယွမ်တိုက်မှ လူများ၏ အိပ်မက်ဆိုးဆိုလည်း မမှားပေ။

"မင်းက လူသားအသွင် ပြောင်းထားပေမဲ့ အတော်ရုပ်ဆိုးတယ်.. ငါ့ရဲ့ခန့်ညားတဲ့ ရုပ်ရည်ကို ဌားပေးရမလား.. ဟားဟား.. လူသားမျိုးနွယ်ကို နှိမ်ချပြီး လူသားအသွင် ယူထားတာ တကယ်ကို အရှက်မရှိတာပဲ"

ဖန်ရှင်းက ယခုအချိန်အထိ ဖိနှိပ်ခံလာရသော်လည်း ပြိုင်ဘက်ကို စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။

သူ၏ စိတ်ထဲတွင်တော့ လက်ရှိ အကျပ်အတည်းမှ ရုန်းထွက်နိုင်မည့်

နည်းလမ်းကို အပူတပြင်း စဥ်းစားနေခဲ့သည်။

"အမှောင်ထု နတ်ဘုရားသားတော်သာ အင်မော်တယ်ကို မျိုမချထားရင် မြေအောက်နန်းတော် ကမ္ဘာငယ်လေး ပြိုကွဲမှုကို ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"သူက သူ့ရဲ့ ပုံသဏ္ဍာန် အစစ်အမှန်ကို မပြောင်းလဲရဲဘူး.. သူက အင်မော်တယ်ဆီကနေ ရရှိတဲ့ ကိုယ်ခံပညာကို အသုံးပြုပြီး ငါ့ကိုထိန်းချုပ်ဖို့ လိုအပ်နေတာကြောင့် လူသားခန္ဓာကိုယ်ကို အသုံးပြုဖို့ လိုအပ်နေတယ်.. သူ့ရဲ့ပုံသဏ္ဍာန် အစစ်အမှန်ကို မပြောင်းလဲရဲတဲ့ အတွက် သူ့ကိုယ်သူ ယုံကြည်မှု သိပ်မရှိဘူးလို့ ဆိုရမယ်"

"ရှေးသူတော်စင်တွေရဲ့အဆိုအရ နတ်ဘုရားသတ္တဝါတွေက ဒီလောက်အထိ ကြောက်စရာ မဟုတ်ပါဘူး"

"မင်းမှာ အရည်အချင်းကောင်းတွေ ရှိတယ်ဆိုပေမဲ့ ငါသခင်လေးမှာလည်း လှည့်ကွက်တွေ အများကြီး ရှိပါသေးတယ်.."

ထိုသို့ တွေးမိလိုက်သည်နှင့် ဖန်ရှင်း၏ မျက်လုံးက တောက်ပလာခဲ့သည်။

တစ္ဆေသရဲများကို လောင်ကျွမ်းစေ၍ ရရှိလာသော စွမ်းအား အရင်းအမြစ်ကို ဆုံးရှုံးသွားခဲ့သော်လည်း အဆုံးသတ်တွင်ကိုင်တွယ်ဖြေရှင်းဖို့ နည်းလမ်းတစ်ခု ရလာခဲ့သည်။

သူ့စိတ်တွေက အထပ်ထပ်အခါခါ ပျံ့လွင့်နေသောကြောင့် အမှောင်ထု နတ်ဘုရားသားတော်က အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ကာ ဓားဖြင့် ခုတ်ချလိုက်သည်။

"ဝှစ်"

ဓားက အလွန် လျင်မြန်သော အရှိန်အဟုန်ဖြင့် ချက်ချင်းပင် သူ့ထံသို့ ရောက်ရှိလာသည်။

"အားနည်းတယ်.. မင်းက သိပ်ပြီးအားနည်းတယ်.. မင်းက ရှေးသူတော်စင်တွေရဲ့ အမွေကို ဆက်ခံထားရရင်တောင်

ကောင်းကင်ကိုတော့ လှည့်စားလို့မရဘူး..."

အမှောင်ထု နတ်ဘုရားသားတော်က အေးစက်စက် ပြောလိုက်သည်။

သူ၏အသံက ဖန်ရှင်း၏ သေဒဏ်ကို ကြေငြာနေသလိုပင်။

သူ၏ ဓားက ဖန်ရှင်း၏ ရင်ဘတ်ကို ထိုးဖောက် ဝင်ရောက်ရန် အသင့် ဖြစ်နေသည်။

ကပ်ဘေး နယ်ပယ်ကို ရောက်သည့်အခါ ရင်ဘတ် ဒဏ်ရာက အသက်အန္တရာယ်ကို မထိခိုက်စေမှာ သေချာသော်လည်း အမှောင်ချီမှ အသွင်ပြောင်းထားသော ဓားကမူ ထိုမျှမလွယ်ကူပေ။

ထိုဓားတစ်ချောင်းက ဖန်ရှင်း၏ ခန္ဓာကိုယ် ရှင်သန်မှုကိုဖျက်ဆီးပစ်နိုင်သည်။

ဖန်ရှင်းက ဒဏ်ရာ အကြီးအကျယ် မရလျှင်ပင် စိတ်ဝိညာဉ်ညိုးနွမ်းမှု

ဖြစ်ပေါ်လာလိမ့်မည် ဖြစ်သည်။

ထိုစားကို သူက တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်ဖြင့် ခုခံ၍ရသော်လည်း သံသရာလည်နေမည် စိုးသောကြောင့် ထုတ်မသုံးတော့ပေ။

အမှောင်ထု နတ်ဘုရားသားတော် အင်မော်တယ် ဖြစ်ပြီးကတည်းက တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်ဖြင့်ကို အားကိုး၍ ဖန်ရှင်းက တောက်လျှောက် ခုခံခဲ့ရသည် မဟုတ်ပါလား။

"ဟားဟား ... ငါ့မှာ ရှေးသူတော်စင် နည်းစနစ်ပဲ ရှိတယ်လို့ ဘယ်သူပြောလဲ"

ဖန်ရှင်းက လုံးဝ ကြောက်ရွံ့မှုမရှိဘဲ ခပ်ထေ့ထေ့ ပြုံး၍ စကားတစ်ခွန်းကို ပြောလိုက်ရာ အမှောင်ထု နတ်ဘုရားသားတော်က အံ့အားသင့်သွားခဲ့သည်။

ရုတ်တရက် ဖန်ရှင်းထံမှ အလွန်အန္တရာယ်များသော အော်ရာတချို့ကို သူခံစားမိလိုက်သည်။

အမှောင်ချီမှ အသွင်ပြောင်းထားသော ဓားကို ကိုင်ထားသည့် သူ့လက်ကို ခရမ်းရောင် မီးတောက်တစ်ခုက စီးဆင်းလာပြီးခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသလို ခံစားလိုက်ရသည်။

သူ၏ အဆင့်ဖြင့် ထိုမီးတောက်၏ ဇစ်မြစ်ကို လျင်မြန်စွာ ခန့်မှန်းနိုင်ခဲ့သည်။

ထိုမီးတောက်က စစ်မှန်သော သမာဓိမီးကို ကိုယ်စားပြုနေသည်။

မိစ္ဆာလေးက ကပ်ဘေး တတိယအဆင့်သာ ရှိသေးသော်လည်း သမာဓိမီးကို အမှန်တကယ် ထိန်းချုပ်နိုင်ပါသလော။

"ဝုန်း ဝုန်း ဝုန်း"

သူတို့ နှစ်ဦးက ထိပ်တိုက်ဆုံမိပြီး ပြင်းထန်စွာ တိုက်ခိုက်ခဲ့သော်လည်း သမာဓိမီးက အမှောင်ထု နတ်ဘုရားသားတော်ကို မထိခိုက်စေခဲ့ပေ။

"မင်းရဲ့သမာဓိမီးက ငါ့ကို ဝါးမျိုးနိုင်မယ်လို့များ ထင်နေလား"

အမှောင်ထု နတ်ဘုရားသားတော်က ဒေါသထွက်ကာ ကျယ်လောင်စွာ ကြုံးဝါးလိုက်ပြီး ဓားရှည်ဖြင့် တိုက်ခိုက်လိုက်သည်။

"ဟက်.. နတ်ဘုရား သတ္တဝါတွေထဲမှာ ဉာဏ်ရည်အမြင့်ဆုံး ဖြစ်တဲ့ အမှောင်ထု နတ်ဘုရားသားတော်က အခုချိန်ထိ ငါ့ရဲ့ရည်ရွယ်ချက်ကို မသိသေးဘူးပဲ"

ထိုစကားကိုကြားလျှင် အမှောင်ထု နတ်ဘုရား သားတော်က တစ်စုံတစ်ရာကို တွေးတောမိကာ ရုတ်တရက် ထိတ်လန့်သွားပြီး ပေရာချီအကွာသို့ အလျင်အမြန် ဆုတ်လိုက်ရသည်။

သမာဓိမီးက တာအိုအရင်းအမြစ်ကဲ့သို့ အစစ်အမှန် အင်မော်တယ်များ၏ အခြား လက္ခဏာတစ်ခု ဖြစ်သည်။

အင်မော်တယ်မျိုးစေ့ကို သန့်စင်သောအခါ အကြီးမားဆုံး

အခက်အခဲက အင်မော်တယ်၏ သမာဓိမီးကို သန့်စင်ဖို့ဖြစ်သည်။

အတိအကျပြောရလျှင် ယခုထိ သူက ထိုသမာဓိမီးကို မသန့်စင်ရသေးဘဲ နေလဆေးလုံး၏ စွမ်းအားဖြင့် ထိန်းချုပ်ထားခဲ့သည်။

ယခုဖန်ရှင်း၏ အစစ်အမှန် သမာဓိမီးက သူ့ထံသို့ ဝင်ရောက်လာသောအခါ နေလဆေးလုံးကြောင့် ငြိမ်ဝပ်နေသော သမာဓိမီးက လောင်စာ ထည့်ပေးလိုက်သကဲ့သို့ အဆပေါင်းများစွာ ပြင်းထန်လာခဲ့သည်။

"ဟားဟားဟား.. သမာဓိမီးကို မသန့်စင်နိုင်ရင်တော့ မင်းက ငါ့လက်ထဲမှာပဲ သေရတော့မယ်"

ဖန်ရှင်းက ရယ်မောလိုက်ပြီး တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို လှံရှည်အဖြစ် အသွင်ပြောင်းကာ လှမ်းထိုးလိုက်သည်။

"ဟားဟား.. ငါသခင်လေးမှာ နည်းလမ်းတွေ အများကြီးရှိတယ်..

မင်းငါ့ကို တိုက်ဖို့ ဘာနည်းလမ်းတွေ သုံးချင်သေးလဲ"

အပိုင်း(၁၂၁၄) ပြီး၏

အပိုင်း(၁၂၁၅) ငါ့ဆီမှာလည်းရှိတယ်

"ဝုန်း"

ဖန်ရှင်း၏ လှံရှည်က အဆိပ်ပြင်းသော နဂါးတစ်ကောင်ကဲ့သို့အမှောင်ထု နတ်ဘုရားသားတော်ထံ ရောက်ရှိလာသည်။

သူ၏ လှံရှည်တိုက်ကွက်က အလွန် ဆန်းကြယ်သောကြောင့် အမှောင်ထု နတ်ဘုရား သားတော်က မရှောင်တိမ်းနိုင်ခဲ့ပေ။

သူက နောက်ထပ် လှံရှည်တိုက်ကွက်များဖြင့် အမှောင်ထု နတ်ဘုရားသားတော်ကို အစိတ်စိတ် ပိုင်းဖြတ်ချင်သော်လည်း ကံမကောင်းစွာဖြင့်ပင် အမှောင်ထု နတ်ဘုရားသားတော်က

အခိုးအငွေ့ အဖြစ် အသွင်ပြောင်းကာ ထွက်ပြေးသွားခဲ့သည်။

တိုက်ပွဲကို စိတ်ဝင်တစား ကြည့်ရှုနေသည့် ရွှေကျီးကန်းနှင့်အခြားသူများကလည်း တစ်ချိန်တည်းမှာပင် ထိတ်လန့်တုန်လှုပ် ကုန်ကြသည်။

ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်ကို ဓားဖြင့်ထိုးလုနီးပါး ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ ၎င်းတို့က အပြေးအလွှား သွားခဲ့ကြသည်။

ဖန်ရှင်းက အခြေအနေကို အမှန်တကယ်ပင် အောင်မြင်စွာ ပြောင်းပြန်လှန်ပစ်နိုင်ခဲ့သည်။

သူက အစစ်အမှန်အင်မော်တယ် ဖြစ်လာသည့် အမှောင်ထု နတ်ဘုရား သားတော်ကိုပင် ပြင်းထန်စွာ ဒဏ်ရာရရှိစေခဲ့သည်။

ထိုအဖြစ်အပျက်မျိုး ဖြစ်လာလိမ့်မည်ဟု မည်သူမှ မမျှော်လင့်ထားကြပေ။

တိုက်ပွဲ၏အစမှ ရေတွက်လျှင် ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်ကို ပထမဆုံးအကြိမ် ပြင်းထန်စွာ ဒဏ်ရာရရှိစေခဲ့ခြင်း ဖြစ်သည်။

"သူဘယ်လိုလုပ်ခဲ့တာလဲ"

ကျင့်ကြံသူများက သမာဓိမီးဖြင့် တိုက်ခိုက်လိုက်သည်ကို မမြင်နိုင်ခဲ့ကြပေ။

"ဟားဟား.. လူယုတ်မာ.. မင်းသမာဓိမီးကို မသန့်စင်နိုင်တော့ဘူး ထင်တယ်.. "

ဖန်ရှင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး မဆိုင်းမတွပင် မီးခိုးငွေ့၏ ဦးတည်ရာဆီသို့ အပြေးအလွှား သွားရောက်လိုက်သည်။

ထိုသို့ အမှောင်ထု နတ်ဘုရားသားတော်၏ တည်နေရာကို သိနေခြင်းမှာ အသိအမြင်ကျမ်းကို နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သော

အကျိုးကျေးဇူးပင်။

ဖန်ရှင်းက ကပ်ဘေး တတိယအဆင့် စွမ်းအားကို စုစည်းလိုက်ပြီး မီးနဂါးကြီးတစ်ကောင်ကို ဖန်တီးလိုက်ကာ အမှောင်ထုနတ်ဘုရားသားတော်မှ အသွင်းပြောင်းထားသည့် အမှောင်အခိုးအငွေ့များကို တိုက်ခိုက်လိုက်သည်။

အမှောင်ထု နတ်ဘုရားသားတော်က မီးနဂါး၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရန် ရည်ရွယ်ချက် မရှိပေ။

အမှောင်အခိုးအငွေ့များက ရောမ လက်ကြီးတစ်ဖက် အဖြစ် အသွင်ပြောင်းသွားပြီး မီးနဂါးကို လက်ထဲတွင် အခိုင်အမာ ဆုပ်ကိုင်လိုက်သည်။

မှောင်မိုက်နေသော အခိုးအငွေ့ထဲတွင် အမုန်းတရားများ ပြည့်နှက်နေသော မျက်လုံးတစ်စုံက ဖန်ရှင်း ဆီသို့ပြင်းပြင်းထန်ထန် လှမ်းကြည့်နေသည်။

သူ၏ အသံက ဒဏ်ရာရရှိနေသော သားရဲတစ်ကောင်ကဲ့သို့ပင်။

"မင်း ငါ့ကို သတ်ချင်နေတာလား..."

"ဟားဟား.. သေချာတာပေါ့.. ငါ မင်းကို သတ်ချင်တယ်"

ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်၏ အကြည့်ကိုလှမ်းမြင်လိုက်သော်လည်း ကြောက်ရွံ့မှု အနည်းငယ်မျှ မရှိဘဲရယ်မောလိုက်သည်။

ယင်းအချိန်တွင် အစစ်အမှန် သမာဓိမီးများက ထကြွလာကြပြီး နေလဆေးလုံးဖြင့်ပင် ထိန်းချုပ်၍ မရတော့ပေ။

အမှောင်ထု နတ်ဘုရားသားတော်က ချက်ချင်းပင် အမှောင်ရိပ်ကြီးအဖြစ် မီတာရာပေါင်း များစွာသို့ ပျံသန်းကာ နောက်ဆုတ်လိုက်သည်။

ထိုအမှောင်ရိပ်ကြီးက ကျင့်ကြံသူ အားလုံး၏ အာရုံကို

ဆွဲဆောင်နိုင်ခဲ့ပုံ ရသည်။

ထိုအမှောင်ရိပ်ထဲတွင် တောက်ပသော မျက်လုံးနှစ်လုံး ရှိနေသည်။

ထိုမျက်လုံးက ဖန်ရှင်း၏ မျက်နှာကို စိုက်ကြည့်လိုက်ပြီး

"မင်းငါ့ကို ဒီလို အတင်းအကြပ် ဖိအားပေးတာကို နောင်တရစေရမယ်"

အမှောင်ထု နတ်ဘုရားသားတော်၏ ကြောက်စရာကောင်းသော အသံက အမှောင်ရိပ်ထဲမှ တိုက်ရိုက်ထွက်ပေါ်လာသည်။

"ဟားဟား.. ငါ့ရဲ့ သမာဓိမီးကိုတောင် သန့်စင်အောင် မလုပ်နိုင်ဘဲနဲ့ ငါ့ကို နောင်တရအောင် ဘယ်လိုလုပ်မလည်း ဆိုတာ ငါစောင့်ကြည့်ချင်သေးတယ်.."

ဖန်ရှင်းက ရယ်မောလိုက်ပြီး နောက်တစ်ကြိမ် တိုက်ခိုက်ရန်

အသင့်ပြင်လိုက်သည်။

ယင်းအချိန်မှာပင် ထင်မှတ်မထားသော မြင်ကွင်းတစ်ခုက ဖြစ်ပေါ်လာသည်။

အမှောင်ထု နတ်ဘုရားသားတော်က သွေးနှံ့ပြင်းသော ဆေးလုံးတစ်လုံးကို တစ်ကျိုက်တည်း မျိုချလိုက်ခြင်းပင်။

တစ်ချိန်တည်းမှာပင် သူ၏ ဦးခေါင်းထက်တွင် အနည်းငယ်မှေးမှိန်နေသော နေနှင့်လ၏ စွမ်းအားက ရုတ်တရက် တောက်ပစွာ လင်းလက်လာခဲ့သည်။

အချိန်နှစ်တွေ၏ စွမ်းအားများက နေနှင့်လ၏ လည်ပတ်မှုကနေ ထွက်ပေါ်လာပြီး အမှောင်ထုက ပတ်ဝန်းကျင်မှ အလင်းအားလုံးကို ဆွဲယူသွားသကဲ့သို့ ပို၍ပင် မှောင်လာခဲ့သည်။

လုံးဝနီးပါး အမှောင်ထု ဖြစ်သွားသလို ကြယ်ရောင်စုံသော ကောင်းကင်ကြီးကိုပင် မမြင်ရသလောက်ပင်။

"နေလဆေးလုံး.. ဒါ နေလဆေးလုံးရဲ့အစွမ်းပဲ.. ဘယ်လိုလုပ်သူ့ဆီမှာ နေလဆေးလုံး ရှိနေသေးတာလဲ"

ဖန်ရှင်းက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

ထာဝရနတ်ဘုရားက သူတော်စင်ငယ်များအား နေလဆေးလုံးကို တစ်ယောက်တစ်လုံးစီ ပေးအပ်ခဲ့သော်လည်း အမှောင်ထုနတ်ဘုရားသားတော်ကိုမူ အရေးပေါ် အခြေအနေအတွက် အပိုတစ်လုံး ပေးအပ်ထားပုံရသည်။

"ငါ့မှာ နေလဆေးလုံး တစ်လုံးပဲ ရှိတယ်လို့ မင်းထင်လား"

"တကယ်တော့ ဒါက မင်းရဲ့ကျေးဇူးကြောင့်ပဲ.. မင်းလက်ချက်နဲ့ ရွှေရောင်အရိုး မျိုးနွယ်စုက ဖိုဖုန်း သေသွားတော့ သူ့ရဲ့ဆေးလုံးက ငါ့လက်ထဲကို ရောက်လာခဲ့တယ်"

"ဘာပဲဖြစ်ဖြစ် မင်းကို ငါသတ်မှ ဖြစ်တော့မယ်.. မင်းကြောင့်

ငါမမျှော်လင့်ဘဲ ဆေးလုံးနှစ်လုံးကို ဆက်တိုက် သောက်လိုက်ရတယ်"

နေလဆေးလုံး နှစ်လုံးကို သောက်သုံးပြီးနောက် အချိန်၏ စွမ်းအားက ထိန်းချုပ်ရန် အလွန် ခက်ခဲသော စွမ်းအားတစ်ခု ဖြစ်လာသည်။

အချိန်၏စွမ်းအားက ထိန်းချုပ်ရန် အလွန်ခက်ခဲသော စွမ်းအားတစ်ခု ဖြစ်သည်။

ထိန်းမနိုင်သိမ်းမရ ဖြစ်သော တည်ရှိမှုတိုင်း အတွက် ဆိုးကျိုးကတော့ ရှိစမြဲပင်။

အမှောင်ထု နတ်ဘုရားသားတော်က ဆေးလုံးနှစ်လုံးကို သောက်သုံးပြီးနောက် သမာဓိမီး၏ ထကြွမှုကို ထိန်းနိုင်ခဲ့သော်လည်း အချိန်စွမ်းအားက ထိန်းမနိုင်သိမ်းမရ ဖြစ်နေသောကြောင့် စွမ်းအားက အဆက်မပြတ် တိုးတက်လာသည်။

အချိန်စွမ်းအားက နှစ်ထောင်ပေါင်း များစွာကို တခဏအတွင်း

ဖြုတ်သန်း စီးဆင်းကာ သူ၏ အလားအလာများကို ကုန်ဆုံးလုမတတ် ဖြစ်သွားစေခဲ့သည်။

သူက လူသားအသွင်ကို မည်သို့မျှ မထိန်းသိမ်းနိုင်တော့ဘဲ ရောမလင်းနို့ ပုံသဏ္ဍာန် အဖြစ်သို့ အသွင်ပြောင်းသွားခဲ့သည်။

......

......

"မကောင်းတော့ဘူး"

ထိုမြင်ကွင်းကို မြင်လိုက်ရလျှင် အားလုံးက ထိတ်လန့်သွားပြီး နှလုံးများပင် တဒိတ်ဒိတ် ခုန်လာသည်အထိ တုန်လှုပ်သွားကြသည်။

အမှောင်ထု နတ်ဘုရားသားတော်က သူ၏ အလားအလာ အားလုံးကို နှိုးဆွလိုက်ပြီး အစစ်အမှန် အင်မော်တယ်ထက်ပင် ပို၍ ကြောက်စရာ

ကောင်းလာခဲ့သည်။

"မောင်လေးဖန်.. မြန်မြန် နောက်ဆုတ်လိုက်တော့"

"ဓားပြလေး မင်းဘာလုပ်နေတာလဲ ပြေးတော့လေ.."

"မောင်လေးဖန် ငါလာပြီ..."

ရှောင်ရှယ်က ဓားကိုဝှေ့ရမ်း၍ ပျံသန်းလာရာ သူမ၏ ဆံပင်ဖြူများက လေထဲတွင် တဖျပ်ဖျပ် ယိမ်းခါနေသည်။

ဝမ်ချင်းနှင့် ယောင်းချီမင်းသမီးလေး ရှောင်ချင်းတို့ကလည်း အရိုးစုဦးခေါင်းခွံထဲမှ ခုန်ထွက်လာကြသည်။

ရွှေကျီးကန်းကလည်း ရွှေရောင် တောက်ပနေသော နေလုံးငယ် လွင့်ပျံလာသကဲ့သို့ အပြင်းအထန် ပျံသန်းလာသည်။

ဗုဒ္ဓရှန်းလျူက ရွှေကျီးကန်းထက်ပင် ပို၍ မြန်ဆန်နေသည်။

အမှောင်ထု နတ်ဘုရားသားတော်က ဤအချိန်တွင် အန္တရာယ်များလွန်းသည်ကို သိလျက်နှင့် ဖန်ရှင်း၏ သူငယ်ချင်းများက ပြေးတက်လာကြသည်။

"ဟားဟား.. အံ့သြစရာကောင်းတဲ့ ရလဒ်ကို မြင်ရတော့မယ်ထင်တယ်."

ပါရမီရှင်ဓားသမားက လေသံတိုးတိုးဖြင့် ရယ်မောလိုက်သည်။

......

......

"ဒီကိုမလာနဲ့..."

လူတိုင်းက သူ့ဆီသို့ အလျင်အမြန် ပျံသန်းလာသည်ကို မြင်လျှင် ဖန်ရှင်းက စိုးရိမ်စိတ်ဖြင့် ဒေါသတကြီး အော်ငေါက်လိုက်သည်။

ဤမျှ အန္တရာယ်များသော အခြေအနေတွင် ရှောင်ရှားယ်နှင့်အခြားသူများကို သူ့နားသို့ ချဉ်းကပ်ခွင့် မပြုနိုင်ပေ။

သူမတို့ ရောက်လာလျှင်လည်း သူ့ကို မကူညီနိုင်သည့်အပြင် အချည်းနှီး သေဆုံး သွားနိုင်ပေသည်။

ဖန်ရှင်း၏ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်စွာ အော်ငေါက်မှုကြောင့် ကျင့်ကြံသူများက ထိတ်လန့်သွားပြီး အနည်းငယ် တုံ့ဆိုင်းသွားသည်။

ယင်းအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော်က အဆုံးမဲ့ အမှောင်ထု စွမ်းအင်များဖြင့် မိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် ပါးစပ်ကြီးတစ်ခုကို ဖန်တီးကာ ဖန်ရှင်းကို ဝါးမျိုရန် ကြိုးစားလိုက်သည်။

သူ၏ ပါးစပ်ကြီးက ရောမ တောင်တန်းများကိုပင် ဝါးမျိုနိုင်စွမ်း

ရှိနေသည်။

"ဒါကြီးကို ဘယ်လိုရပ်တန့်မှာလဲ"

ဖန်ရှင်းက ပါးစပ်ကြီး၏ ရှေ့တွင် ပုရွက်ဆိတ်လောက်ပင် မရှိချေ။

ရှောင်ရွှယ်နှင့် အခြားသူများက ပါးစပ်ကြီးကို ကြည့်ကာ မှင်တက်ကုန်ကြသည်။

ပါရမီရှင်ဓားသမားကမူ ငိုမှန်းရယ်မှန်း မသိရသော ရှုးသွပ်သော အမူအရာဖြင့် ယင်းမြင်ကွင်းကို ကြည့်ရှုနေသည်။

"စိတ်မပူကြနဲ့.. ငါ့မှာ သူ့ကို ရင်ဆိုင်ဖို့ နည်းလမ်း ရှိတယ်"

သူ့အတွက် စိတ်ပူပန်နေသည့် မိတ်ဆွေများကို ဖန်ရှင်းက အေးပြောလိုက်သည်။

ထို့နောက် သူက ပါးစပ်ကြီးကို အေးစက်စက် ကြည့်လိုက်ပြီး သိုလှောင်အိတ်ထဲမှ ဆေးလုံးသုံးလုံးကို ထုတ်လိုက်သည်။

ထိုဆေးလုံးများထံမှ သွေးနံ့များ ပြင်းထန်စွာ ထွက်ပေါ်လာသည်။

ထိုဆေးလုံးက တခြားမဟုတ်ပေ.. နေလဆေးလုံးပင် ဖြစ်သည်။

"မင်းဆီမှာပဲ နေလဆေးလုံး ရှိတယ် ထင်နေလား"

ဖန်ရှင်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဟားဟား.. ငါ့ဆီမှာရှိတာ မင်းထက်တောင် တစ်လုံး ပိုနေသေးတယ်"

ဖန်ရှင်းက လက်ထဲတွင် ဆေးလုံးသုံးလုံးကို ကိုင်ထားရင်းကျယ်လောင်စွာ ရယ်မောလိုက်သည်။

သူ၏မျက်လုံးက သွေးမျက်လုံးကဲ့သို့ နီရဲနေသည်။

"မောင်လေးဖန်...မလုပ်နဲ့.. မင်းရဲ့ခန္ဓာကိုယ်က အဲ့ဒီဆေးတွေရဲ့အစွမ်းကို ခံနိုင်မှာ မဟုတ်ဘူး"

ရှောင်ရှယ်က ထိုမြင်ကွင်းကို အဝေးမှ လှမ်းမြင်လိုက်ရလျှင် ကပျာကယာ ဟန့်တားလိုက်သည်။

သူမ၏ နှလုံးသားထဲသို့ စိတ်ပျက်အားငယ်သော ခံစားချက်က တိုးဝင်လာသည်။

အပိုင်း(၁၂၁၅) ပြီး၏

စာစဥ်(၈၁) ပြီးပါပြီ။

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၂)

ဘာသာပြန်=လျှမ်းလျှမ်းဝေ

အပိုင်း(၁၂၁၆) ငါကိုယ်တိုင် စားမယ်လို့ ဘယ်သူပြောလဲ

အမှောင်ထု နတ်ဘုရားသားတော်၏ နေလ ဆေးနှစ်လုံးတွင် တစ်လုံးမှာ ဖိုဖုန်းထံမှဖြစ်ပြီး ကျန်တစ်လုံးမှာ ထာဝရနတ်ဘုရားထံမှ ဖြစ်သည်။

နေလဆေးလုံးက ကောင်းမွန်သည့်အရာ မဟုတ်မှန်း သိသော်လည်း အမှောင်ထု နတ်ဘုရား သားတော်က လက်အောက်ခံ နတ်ဘုရား မျိုးနွယ်စုကို လက်ဆောင်ပေးရန် သိမ်းဆည်းထားခဲ့သည်။

သို့ရာတွင် ဖန်ရှင်း၏ ဖိအားပေးမှုကြောင့် ထိုဆေးလုံးနှစ်လုံးကို ဆက်တိုက်ဆိုသလို သောက်ရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပေ။

ဖန်ရှင်း၏ နေလဆေးလုံးကို သိမ်းဆည်းထားသည့် ရည်ရွယ်ချက်ကတော့ ဘာမှ အထွေအထူး မရှိချေ။

အချောင်ရလျှင် သိမ်းယူတတ်သည့် အကျင့်စရိုက်ကြောင့်သာ နေလဆေးလုံးကို အမှတ်မထင် သိမ်းဆည်းထားမိခြင်း ဖြစ်သည်။

သူ၏ နေလဆေးလုံးတွင် တစ်လုံးမှာ ထာဝရနတ်ဘုရားထံမှ ဖြစ်ပြီး ကျန်နှစ်လုံးမှာ ကျောင်းဟုန်ရင်းနှင့် ချင်းလျူတို့ထံမှ ဖြစ်သည်။

ဆေးလုံးကို လက်ထဲတွင် ကိုင်ထားသော ဖန်ရှင်း၏ အမူအရာက လေးနက်နေသည်။

သူ၏ ရည်ရွယ်ချက်ကို မှန်းဆမိလျှင် ကျင့်ကြံသူအားလုံးကချက်ချင်းပင် စိုးရိမ်သွားသည်။

နေလဆေးလုံး၏ စွမ်းအားက အလွန်ပြင်းထန်ပြီး လူသားများကဲ့သို့ သာမန် သွေးကြောရှိသူများ သောက်သုံး၍ မရချေ။

မွေးရာပါ သန်မာသည့် သွေးကြောများကို ပိုင်ဆိုင်ထားသော နတ်ဘုရား သတ္တဝါများပင် နေလဆေးလုံးကို သောက်သုံးလျှင် ဆေးလုံး၏ ဘေးထွက်ဆိုးကျိုးကို အပြင်းအထန် ခံစားရမည်

ဖြစ်သည်။

ယခုတော့ လူသားမျိုးနွယ် ဖြစ်သည့် မိစ္ဆာလေး ဖန်ရှင်းက နေလ ဆေးလုံး သုံးလုံးကို တစ်ပြိုင်ထဲ သောက်သုံးရန် ကြံစည်နေသည်။

"နတ်ဘုရား သတ္တဝါတွေက ထူးခြားတဲ့ သွေးကြောရှိလို့ ဆေးလုံးရဲ့ အစွမ်းကို တွန်းလှန်နိုင်တယ်.. မောင်လေးဖန်.. နင်မဆင်မခြင် သောက်လို့ မဖြစ်ဘူး"

"ဓားပြလေး ငါတို့ သူ့ကို ပူးပေါင်းပြီး တိုက်ခိုက်ရအောင်.. အနိုင်မရတော့လည်း ပြေးကြတာပေါ့.. ဆေးလုံးကိုတော့ မသောက်ပါနဲ့"

"အကိုဖန်.. မင်းရဲ့မိတ်ဆွေတွေ အားလုံး ဒီနေရာမှာ ရှိတယ်.. မင်းတစ်ယောက်ထဲ ဒုက္ခခံစရာ မလိုပါဘူး"

ရွှေကျီးကန်းတို့ လူစုက ဖန်ရှင်း အတွက် စိုးရိမ်ပူပန်စွာဖြင့် အော်ဟစ်လိုက်ကြသည်။

ဖန်ရှင်းက နေလဆေးလုံး ၃လုံးကို သောက်သုံး၍ ကြောက်မက်ဖွယ် ကောင်းသော စွမ်းအားကို နှိုးဆွကာ အမှောင်ထု နတ်ဘုရားသားတော်ကို သတ်ဖြတ်ရန် တကယ်ပင် ဖြစ်နိုင်ချေရှိသည်။

သို့ရာတွင် ပေးဆပ်ရမည့် တန်ဖိုးက အလွန်ကြီးမားသည်။

လူသားမျိုးနွယ်၏ ပုံမှန်သက်တမ်းက နှစ်၁၀၀ အောက် ဖြစ်ပြီး အခြေတည်အဆင့် ကျင့်ကြံသူမှာ နှစ်ပေါင်း ၃၀၀ခန့်သက်တမ်း ရှိသည်။

ရွှေအမြုတေအဆင့်ကို ရောက်လျှင် နှစ်၁၀၀၀ခန့် သက်တမ်းရှိပြီး ဝိညာဉ်ဖူးငုံအဆင့်သို့ ရောက်လျှင် နှစ်၃၀၀၀ခန့်သက်တမ်း ရှိလာမည် ဖြစ်သည်။

ကပ်ဘေးအဆင့်ကို ရောက်သောအခါတွင်မူ အဆင့်တစ်ဆင့်ကို နှစ်ပေါင်း တစ်ထောင်ခန့်ဖြင့် တွက်ချက်နိုင်ပေသည်။

ထို့ကြောင့် သီအိုရီအရ ဖန်ရှင်း၏ လက်ရှိသက်တမ်းမှာ နှစ်ပေါင်း ငါးထောင် သို့မဟုတ် ခြောက်ထောင်ခန့် ရှိသည်။

ဤတိုက်ပွဲအတွက် နေလဆေးလုံးကို သောက်သုံးခဲ့လျှင် သူ၏ အသက် အဆီအနှစ်က တိုက်ရိုက် ကုန်ခမ်းသွားနိုင်သည်။

အမှောင်ထု နတ်ဘုရားသားတော်ကို သတ်နိုင်လျှင်ပင် သူသည်လည်း သေဆုံးရလိမ့်မည် ဖြစ်သည်။

အကယ်၍ ကံကောင်းထောက်မပြီး မသေဆုံးခဲ့လျှင်ပင် သူ၏ ကျင့်ကြံမှု လမ်းကြောင်းက ပြတ်တောက်သွားနိုင်ပြီး နောက်ထပ် ကပ်ဘေးဗေဒခုကို ရင်ဆိုင်ရန် မည်သို့မျှ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ဆိုရလျှင် ဖန်ရှင်း အတွက် ပေးဆပ်ရမှာတွေက များပြားလွန်းနေသည်။

နေလဆေးလုံး နှစ်လုံးကို သောက်သုံးထားသည့်

အမှောင်ထုနတ်ဘုရား သားတော်ကို အနိုင်ရရှိရန် အဖိုးအခ ကြီးကြီးမားမား ပေးဆပ်ရမည်မှာ သေချာပြီး အခန့်မသင့်လျှင် ၎င်းတို့အားလုံးပင် သေကြေပျက်စီးရန် အလားအလာ ရှိနေသည်။

ထိုသို့ ၎င်းတို့အားလုံး သေဆုံးရန် အလားအလာ ရှိနေလျှင်ပင် ဖန်ရှင်း၏ ပုခုံးပေါ်သို့ လေးလံသည့် ဝန်ထုပ်ဝန်ပိုးကို မတင်လိုကြချေ။

၎င်းတို့က စဥ်းစားနေဖို့ အချိန်မရှိတော့၍ ဖန်ရှင်းဆီသို့ အရှူးအမူး ပြေးသွားကြသည်။

"မောင်လေးဖန် ငါလာပြီ"

ရှောင်ရှယ်က အော်ဟစ်လိုက်ပြီး နဂါးဖြူပေါ်သို့ ခုန်တက်လိုက်ရာ နဂါးဖြူက အဖြူရောင် လျှပ်စီးကြောင်း အဖြစ်သို့ ပြောင်းလဲသွားပြီး ကောင်းကင်ပေါ်သို့ ခုန်တက်သွားသည်။

နဂါး၏ ဦးခေါင်းပေါ်တွင် မတ်တပ်ရပ်နေသည့် ရှောင်ရှယ်၏

အမူအရာက မိုးကြိုးမြစ်အတွင်းရှိ စစ်နတ်ဘုရား ကဲ့သို့ပင်။

ရှောင်ရှယ်က သူမနှင့် မီတာသုံးရာ အကွာတွင် ရှိနေသည့် အမှောင်ထု နတ်ဘုရား သားတော်ကို အရိုးဖြူဓားဖြင့် တိုက်ခိုက်လိုက်သည်။

အရိုးဖြူဓားက စူးရှတောက်ပသော အလင်းရောင်တစ်ခု အဖြစ် ပေါက်ကွဲ ထွက်လာခဲ့ပြီး ၎င်း၏စွမ်းအားက အမှောင်ထု နတ်ဘုရားသားတော်၏ ဘယ်ဘက်ခြမ်းရှိ ကောင်းကင်ယံကို လွှမ်းခြုံသွားသည်။

"မဟာနေမင်းကျမ်း"

ယခုအချိန်တွင် အလျင်မြန်ဆုံးလူမှာ ဗုဒ္ဓ ရှန်းလျူ ဖြစ်သည်။

သူက ချက်ချင်းပင် လေထုထဲသို့ ခုန်တက်လိုက်ပြီး ဟင်းလင်းပြင်ထဲတွင် လေးနက်စွာ တပုလ္လင် ခွေထိုင်လိုက်သည်။

ဤတစ်ကြိမ်တွင် သူက အမှောင်ထု နတ်ဘုရား

သားတော်ကိုအလစ်တိုက်ခိုက်ရန် မကြိုးစားတော့ချေ။

တပုလ္လင်ခွေထိုင်နေသည့် သူ၏ ရုပ်ဆင်းသဏ္ဍာန်က အလွန်ပင်ကြည်ညိုဖွယ် ကောင်းပြီး အဖြူရောင်သင်္ကန်းက တစ်လက်လက် တောက်ပနေသည်။

သူက ငါးရုပ်ပုံ သစ်သားတုံးကို တစ်ဒေါက်ဒေါက် ခေါက်၍ မဟာနေမင်း ကျမ်းစာကို ရွတ်ဆိုလိုက်ရာ သူ၏ခန္ဓာကိုယ်က အဆမတန် ကြီးမားလာသည်။

ထို့နောက်တွင် ရှန်းလျူက အမှောင်ထု နတ်ဘုရားသားတော်ကို လက်ဝါးဖြင့် တိုက်ခိုက်လိုက်သည်။

"ဝှစ်.. ဝှစ်.. ဝှစ်"

ဝမ်ချင်း.. လီယန်.. လီဟုန်ကျီ.. ဟန်ယန်နှင့် အခြားသူများက ရှန်းလျူ နှင့်ရှောင်ရွှယ်တို့ကဲ့သို့ လျင်မြန်မှု မရှိသော်လည်း အူယားဖားယား အစွမ်းကုန် ပြေးလာကြသည်။

"မကြောက်နဲ့ ဓားပြလေး.. ငါလာကယ်ပြီ"

ရွှေကျီးကန်းက လေးနက်စွာ ပြောလိုက်သည်။

သူ၏ မျက်နှာ အမူအရာကို ကြည့်၍ အပေါ်ယံ ဟန်ဆောင်၍ ပြောနေခြင်း မဟုတ်မှန်း သိသာနေသည်။

"ဘာလို့ သူ့ကို ကာကွယ်ဖို့ လူတွေအများကြီး ရှိနေတာလဲ"

စုန့်ကွေးချန်က မယုံကြည်နိုင်သော လေသံဖြင့် ရေရွတ်လိုက်သည်။

ယခုအချိန်တွင် ဖန်ရှင်းက ဆေးလုံးသုံးလုံးကို လက်ထဲတွင်တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

သူ၏အမူအရာက အမှောင်ထု နတ်ဘုရားသားတော်နှင့်အတူတူသေပွဲဝင်ဖို့ ယတိပြတ်

ဆုံးဖြတ်ထားပုံ ရနေသည်။

"မင်းလို လူတစ်ယောက်ကတောင် ထျန်းယွမ်တိုက်ကို ကာကွယ်ဖို့အတွက် အနာဂတ်ကို စတေးတော့မှာလား"

စုန့်ကွေးချန်က စိတ်ရှုပ်ထွေးနေ သကဲ့သို့ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဒီလို သူရဲကောင်းမျိုးနဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူစရာပဲ"

မျောက်ဝံဘုရင်က ဦးခေါင်းကို အနည်းငယ်ငုံ့ကာ ဖန်ရှင်းကို အဝေးကနေ ဦးညွှတ် ဂါရဝပြုလိုက်သည်။

"အထီးကျန်ဓားတောင်က နတ်ဆိုးသားရဲဘုရင်ရဲ့ မြေးလို့ မပြောရဘူး.. ဘိုးဘေးဖန်က အတော်သတ္တိရှိတာပဲ.. "

တောင်ပံဘုရင်ရှောင်ဖန်းက ဂုဏ်ယူစွာရေရွတ်လိုက်သည်။

"ဖန်ရှင်းက ဒီလိုနဲ့ပဲ သေရတော့မှာလား.. "

ချိုးရှန်းကျီက စိုးရိမ်သောလေသံဖြင့် ရေရွတ်လိုက်သည်။

သူမ၏ နူးညံ့သိမ်မွေ့သော မျက်နှာပေါ်တွင် ထိတ်လန့်မှုများဖြင့် ဖုံးလွှမ်းနေသည်။

အမှောင်ထု နတ်ဘုရားသားတော်က အချိန်နှစ်များ၏ စွမ်းအားကြောင့် အဆက်မပြတ် ခွန်အားတိုးတက်လာသည်။

ရောမ ပါးစပ်ကြီးက အကန့်အသတ်မဲ့ ကြီးမားလာပြီး ကောင်းကင်တစ်ခုလုံးကိုပင် ဖုံးလွှမ်းကာ အရာအားလုံးကို ဝါးမျိုရန် အသင့် ဖြစ်နေသည်။

ဤကဲ့သို့ အခြေအနေမျိုးနှင့် ရင်ဆိုင်ရလျှင် လူ၁၀၀၀၀တွင် ၉၉၉၉ယောက်က မသိစိတ်ကနေ အလိုလိုနေရင်း ထွက်ပြေးရန် ဆုံးဖြတ်ကြလိမ့်မည် ဖြစ်သည်။

သို့ရာတွင် မိစ္ဆာလေးကမူ ဆေးလုံးသုံးလုံးကို ကိုင်ထားရင်းဧရာမပါးစပ်ကြီးကို ရဲဝံ့စွာ ကြည့်နေခဲ့သည်။

"ညီအကိုတို့"

ဖန်ရှင်းက ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သူက ဖုန်းထျန်းမဟာမိတ် အဖွဲ့မှ ကျင့်ကြံသူများ၏ စိုးရိမ်စိတ်များကို ခံစားမိလိုက်သည်။

၎င်းတို့ တစ်ယောက်ချင်းစီက သူ့ကို စိုးရိမ်နေကြောင်း ရိပ်စားမိလျှင် စိတ်ရှုပ်ထွေးသော အပြုံးတစ်ခုက သူ့မျက်နှာပေါ်တွင် နေရာယူလာသည်။

"ဒီလူယုတ်မာတွေက အမှောင်ထု နတ်ဘုရားသားတော် ဘယ်လောင်တောင် အန္တရယ်များလည်း ဆိုတာ မသိဘူးလား"

"ဒီကောင်တွေက ဘယ်လိုတောင် အရူးထနေကြတာလဲ.. "

"ဘယ်လိုပဲဖြစ်ဖြစ် ငါ့အပေါ် စိုးရိမ်ကြတာကို မြင်ရတာ တကယ်ကို ကြည်နူးဖို့ကောင်းတယ်"

ဖန်ရှင်းက ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရပြီး မျက်ရည်များပင် စို့လာသည်။

ထို့နောက် သူက စိတ်လှုပ်ရှားစွာဖြင့် သက်ပြင်းချလိုက်ပြီး ရွှေကျိုးကန်း.. ရှောင်ရွှယ်.. ရှန်းလျူ.. လီဟုန်ကျီ.. ဝမ်ချင်း.. ဟန်ယန်.. လီယန်နှင့် အခြားသူများ ဘက်သို့ လှည့်လိုက်ကာ

"ငါကိုယ်တိုင် စားဖို့ စိတ်ကူးထားတယ်လို့ ဘယ်သူက မင်းတို့ကို ပြောတာလဲ.. ငါသခင်လေးက မင်းတို့ စိတ်ထဲမှာ အရမ်းတုံးအတဲ့ ငမိုက်သား ဖြစ်နေပြီလား"

အပိုင်း(၁၂၁၇) နေလဆေးလုံးကိုတိုက်ကျွေးခြင်း

မူလက လေးနက်ပြီး ဂုဏ်သိက္ခာရှိပုံ ရသည့် ပတ်ဝန်းကျင်ကရုတ်ခြည်း အဆင်မပြေသည့် လေထုနှင့် ပြည့်နှက်သွားသည်။

ဖန်ရှင်းအတွက် အစိုးရိမ်လွန်ပြီး အမှောင်ထု နတ်ဘုရား သားတော်ကို အသက်စွန့် တိုက်ခိုက်ရန် ပြေးလာကြသည့် ရှောင်ရွှယ်.. ရွှေကျီးကန်းနှင့် အခြားသူများ၏ အဖြစ်က ဖန်ရှင်း၏ စကားကြောင့် ရယ်စရာ ဖြစ်ကုန်သည်။

မူလက ဖန်ရှင်း၏ လုပ်ရပ်ကို ဂုဏ်ယူနေကြသည့် ကျင့်ကြံသူများက ချက်ချင်းပင် မျက်နှာများ နီရဲသွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကာ အရှက်ရသွားသည်။

ဖြောင့်မတ် တည်ကြည်သော ပုံစံနှင့် မိစ္ဆာလေးကို ၎င်းတို့က တစ်ခါမှ တွေ့၍ မတွေ့ဖူးသော်လည်း မျက်ကန်းလို ယုံကြည်မိခဲ့ကြသည် မဟုတ်ပါလား။

မိစ္ဆာလေးက နေလဆေးလုံးအား အမှောင်ထု နတ်ဘုရားသားတော်ကို

ကျွေးဖို့ စီစဉ်နေသည်ဟု မည်သူက ထင်မိမည်နည်း။

ရှောင်ရှယ်.. ရွှေကျီးကန်းနှင့် အခြားသူတွေ အားလုံးက အလှည့်စား ခံလိုက်ရသလို မတင်မကျ ခံစားလိုက်ရသည်။

ရွှေကျီးကန်းက လေထဲတွင် ပျံသန်းရင်း အတောင်ပံဖြင့် သူ့မျက်နှာသူ ရိုက်လိုက်ကာ ရေရွတ်လိုက်သည်။

"ဓားပြလေးက သူ့ကိုယ်သူ စတေးမယ်လို့ ငါက ဘယ်လိုလုပ် တွေးမိသွားတာလဲ.. ငါသခင်ရွှေရဲ့ မျက်စိက ဒီလောက်ထိတောင် ကန်းသွားခဲ့ပြီလား"

ယင်းအချိန်တွင် ရှောင်ရှယ်က သူမ၏ ဓားကွက်ကို ပြန်လည်ရုတ်သိမ်း၍ ဖန်ရှင်းကို သဘောကျစွာ ကြည့်နေသည်။

"မောင်လေးဖန်.. ငါနင့်ကိုယုံသင့်တယ်"

"အကိုတော်.. ဘယ်လိုလုပ် ဒီလိုနည်းလမ်းကို စဥ်းစားမိတာလဲ.."

ရှန်းလျူက လက်ဝါးကို ရုတ်သိမ်းကာ တအံ့တသြ ရေရွတ်လိုက်သည်။

"ဟမ့်.. မင်းက ဒီလောက်ထိ ပေးဆပ်ဖို့ မရူးမိုက်သေးဘူး ဆိုတာ ငါသိသားပဲ"

စုန့်ကွေးချန်က ဖန်ရှင်းကို တိတ်တဆိတ် စိုက်ကြည့်ရင်း အေးစက်စွာ ပြောလိုက်သည်။

သူ့မျက်နှာပေါ်တွင် အနည်းငယ် အားကိုးရာမဲ့နေသည့်အမူအရာကို တွေ့ရသည်။

ဖန်ရှင်းကို ခေါင်းငုံ့၍ ဦးညွှတ် ဂါရဝပြုနေသည့် မျောက်ဝံဘုရင်ကမူ ရှက်ရွံ့နေပြီး တစ်စုံတစ်ခုကို ရှာဖွေနေသည့်ပုံစံ ဟန်ဆောင်နေသည်။

တောင်ပံဘုရင် ရှောင်ဖန်းနှင့် ချိုးရှန်းကျီတို့ကမူ တစ်ယောက်ကို

တစ်ယောက် ကြည့်လိုက်ကြပြီး တစ်ချိန်တည်းတွင် ခေါင်းခါလိုက်ကြသည်။

သိပ်မကြာမီမှာပင် ကျင့်ကြံသူ အားလုံး၏ စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာပြီး မိစ္ဆာလေးက အမှန်တကယ်ပင် အကြံကောင်း တစ်ခုကို စဉ်းစားနိုင်ခဲ့ကြောင်း သဘောပေါက်သွားခဲ့သည်။

အမှောင်ထု နတ်ဘုရား သားတော်ကို နေလဆေးလုံး ကျွေးလိုက်လျှင် အမှောင်ထု နတ်ဘုရား သားတော်က ဖန်ရှင်း ကိုယ်တိုင် စားသုံးသည်ထက်ပင် ပို၍ အစွမ်းထက်သွားမည် ဖြစ်သည်။

လက်ရှိအချိန်တွင် အမှောင်ထု နတ်ဘုရား သားတော်က နေလဆေးလုံး နှစ်လုံးကို စားသုံးပြီးပြီ ဖြစ်သည်။

အကယ်၍ နောက်ထပ်သုံးလုံးကို မျိုချမိလျှင် နောက်ဆက်တွဲ ဆိုးကျိုးများကို မှန်းဆ၍ပင် မရချေ။

မိစ္ဆာလေးက အမှောင်ထု နတ်ဘုရားသားတော်ကို နေလဆေးလုံး

ချောချောမွေ့မွေ့ ကျွေးနိုင်ပါမည်လော။

အကယ်၍ ကျွေးနိုင်လျှင်ပင် ပြန်၍ မထွေးထုတ်နိုင်အောင် လုပ်ဆောင်နိုင်ပါမည်လော။

အဆုံးသတ်တွင် အမှောင်ထု နတ်ဘုရားသားတော်က ဤနေလဆေးသုံးလုံးကို ၎င်း၏ ဆန္ဒအလျောက် မျိုချခြင်း မဟုတ်၍ ၎င်း၏သွေးစွမ်းအားဖြင့် သန့်စင်လိမ့်မည် မဟုတ်ပေ။

ထိုကဲ့သို့ အတွေးများ ဝင်ရောက်လာပြီးနောက် လူတိုင်း၏ အာရုံစူးစိုက်မှုက အမှောင်ထု နတ်ဘုရားသားတော် ဆီသို့ ရောက်ရှိသွားသည်။

"ဝှစ်.. ဝှစ်.. ဝှစ်"

ဖန်ရှင်းက နေလဆေးလုံး သုံးလုံးကို ကောင်းကင်ကို လွှမ်းမိုးမတတ် ကျယ်လောင်သည့် ပါးစပ်ကြီးထဲသို့ ပစ်လွှင့်လိုက်ရာ ဆေး၃လုံးက ဥက္ကာပျံသုံးစင်း ကဲ့သို့ ရောမ ပါးစပ်ကြီးထံ တည့်မတ်စွာ

ပျံသန်းသွားသည်။

ယင်းအချိန်တွင် တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်က ဆေးလုံးသုံးလုံးနှင့်အတူ ပြေးထွက်လာခဲ့သည်။

အနက်ရောင် အလင်းတန်းနှင့် အတူ ဆေးလုံး၃လုံးက လျှပ်စီးလက်သလို မမြင်နိုင်လုနီးပါး အမြန်နှုန်းဖြင့် ရောမ ပါးစပ်ကြီးထံ ပျံသန်းလာသည်။

ယခုအချိန်တွင် အမှောင်ထု နတ်ဘုရားသားတော် တစ်ဖြစ်လဲ ရောမပါးစပ်ကြီးက အရာအားလုံးကို ရူးသွပ်စွာ ဝါးမျိုနေသည်။

တိုက်ပွဲတစ်ရာ စစ်ဝိညာဥ်နှင့် ဆေးလုံးသုံးလုံးက ပါးစပ်ကြီးထဲသို့ ချက်ချင်းပင် ကျရောက်သွားသည်။

တိုက်ပွဲတစ်ရာစစ်ဝိညာဥ်က ပါးစပ်ထဲသို့ ရောက်သည်နှင့် ဆေးသုံးလုံးကို ယူလိုက်ကာ အတွင်းပိုင်း အင်္ဂါများထံသို့ တိုးဝင်၍ သွေးကြောများထဲ ရောက်ရှိအောင် လုပ်ဆောင်လိုက်ရာ အမှောင်ထု

နတ်ဘုရား သားတော်က သတိထားမိသွားသည်။

ဆေးလုံး၏စွမ်းအားက သွေးကြောများထဲ ရောက်ရှိသွားသဖြင့် အမှောင်ထုက ပို၍ပင် မည်းမှောင်လာသည်။

အဆုံးမဲ့ ကြီးမားသော ပါးစပ်ကြီးက တဆက်ဆက် တုန်ခါသွားပြီး ပတ်ပတ်လည်တွင် လှိုင်းလုံးများ ဖြစ်ပေါ်လာသည်။

ကောင်းကင်နှင့်မြေကြီး ကြားရှိ အရာအားလုံးကို မျိုချနေသည့်ပါးစပ်ကြီးက ဖြည်းဖြည်းချင်း ရပ်တန့်သွားသည်။

ထိုဖြစ်ရပ်ကို ကြည့်၍ အမှောင်ထု နတ်ဘုရား သားတော်က မျိုချထားသည့် ဆေးလုံးများကို ပြန်လည် အန်ထုတ်ရန် ကြံစည်နေမှန်း ကျင့်ကြံသူများက ရိပ်စားမိလိုက်သည်။

နေလဆေးလုံးကိုသာ အန်ထုတ်လိုက်လျှင် ဖန်ရှင်း၏ အစီအစဉ်က အကောင်အထည် ပေါ်နိုင်မည် မဟုတ်တော့ပေ။

ကျင့်ကြံသူ အားလုံး၏ နှလုံးသားက တင်းကျပ်သလို ခံစားလိုက်ရသည်။

ဤအချိန်က အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုကို အဆုံးအဖြတ်ပေးမည့် အချိန်အခါ ဆိုလည်း မမှားပေ။

အရာခပ်သိမ်းကို ဝါးမျိုနိုင်သော အမှောင်ထု နတ်ဘုရား သားတော်၏ ကြောက်မက်ဖွယ်ကောင်းသော တန်ခိုးနှင့် ရင်ဆိုင်ရသောကြောင့် ဖန်ရှင်းက ၎င်းကို တားဆီးရန် စွမ်းအားမရှိသလောက်ပင်။

အမှောင်ထု နတ်ဘုရားသားတော်က သူ့ဗိုက်ထဲက အရာအားလုံးကို အန်ထုတ်ချင်လျှင်ပင် မိစ္ဆာလေးက မည်သည့်နည်းလမ်းဖြင့် တားဆီးနိုင်ပါမည်နည်း။

သို့ရာတွင် ဖန်ရှင်း၏ အမူအရာက ထိုအတွက် စိုးရိမ်ပူပန်နေပုံ မရချေ။

"မင်း ငါ့ဆေးလုံးကို စားပြီးမှတော့ ထွေးထုတ်ဖို့ မကြိုးစားနဲ့တော့"

ဖန်ရှင်းက အမှောင်ထုနတ်ဘုရား သားတော် ထိုသို့ လုပ်ဆောင်မည်ဟု ကြိုတင် မျှော်လင့်ထားပုံရပြီး လေထဲသို့ ခုန်တက်လိုက်သည်။

သို့ရာတွင် ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်ထံ သွားရမည့်အစား သူနှင့် အနီးဆုံးတွင်ရှိသည့် ရွှေကျီးကန်းဆီသို့ ပြေးသွားလိုက်သည်။

"ဓားပြလေး မင်းရဲ့ အကြံအစည်က တကယ်ကောင်းပါတယ်.. ဒါပေမဲ့ အမှောင်ထု နတ်ဘုရားသားတော် အန်ထုတ်မှာကိုလည်း ကြိုတင် တွက်ဆထားသင့်တယ်"

ရွှေကျီးကန်းက သူ့ဆီသို့ ပျံသန်းလာသည့် ဖန်ရှင်းကို ဆရာကြီး ဟန်ပန်ဖြင့် ရှင်းပြလိုက်သည်။

သူက ယခင်လို ဖန်ရှင်းနောက်ကို လိုက်နေသည့် သူခိုးကျီးကန်း မဟုတ်တော့ချေ။

နတ်ဆိုးပြည်နယ်၏ နံပါတ်တစ်ပုဂ္ဂိုလ် ဖြစ်လာပြီ ဖြစ်သည်။

ယင်းအတွက်ကြောင့် မာန်တက်ပြီး ဆရာကြီးဟန်ပန်ကို ခပ်တည်တည် ဖမ်းထားလိုက်သည်။

"ငါသိပါတယ်.. ငါသိပါတယ်.. သခင်ရွှေကြီးက ငါ့ကို တစ်ခုလောက် အကူအညီပေးလို့ ရမလား"

ဖန်ရှင်းက ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်ရာ ရွှေကျီးကန်းက ရင်ထဲဒိတ်ခနဲ ဖြစ်သွားပြီး

"မင်းငါ့ကို ဘာအကူအညီ တောင်းမလို့လဲ"

ဟု အလန့်တကြား မေးလိုက်သည်။

"ဟိုကို ကြည့်လိုက်စမ်း.. အမှောင်ထု နတ်ဘုရားသားတော်ကို

ဘယ်လို ကိုင်တွယ်ရင် ကောင်းမယ်လို့ ထင်လဲ"

ဖန်ရှင်းက လေးနက်သော အမူအရာဖြင့် မီတာတစ်ရာ အကွာရှိ ရောမပါးစပ်ကြီးကို ရွှေကျီးကန်းအား ညွှန်ပြလိုက်သည်။

ရွှေကျီးကန်းက ရောမပါးစပ်ကြီးကို မသိစိတ်ကနေ လှမ်း၍ ကြည့်မိလိုက်သည်။

ယင်းအချိန်မှာပင် ဖန်ရှင်း၏ မျက်နှာပေါ်၌ ရုတ်တရက် ကောက်ကျစ်သော အပြုံးတစ်ခု ပေါ်ပေါက်လာသည်။

"ဘုန်း"

ဖန်ရှင်းက ရွှေကျီးကန်း၏ဖင်ကို အသားကုန် ကန်ကျောက်လိုက်သည်။

"အား.. "

ရွှေကျီးကန်းက နာကျင်စွာ အော်ဟစ်ရင်း ပါးစပ်ကြီးထံသို့ လွင့်ပျံသွားသည်။

ဖန်ရှင်း၏ လက်ရှိခွန်အားကြောင့် ရွှေကျီးကန်းက အမှောင်ထုနတ်ဘုရားသားတော် အသွင်ပြောင်းထားသည့် ဧရာမ ပါးစပ်ကြီး ထဲသို့ တန်းဝင်သွားသည်။

ပါးစပ်ကြီးထဲမှ ကြီးမားလှသော အစွယ်များကို မြင်လိုက်ရလျှင် ရွှေကျီးကန်းက ထိတ်လန့်သွားပြီး သူ၏ အကြီးမားဆုံး ဝှက်ဖဲ ဖြစ်သည့် ရှောင်ချန်းကမ္ဘာကို ထုတ်ယူလိုက်သည်။

ပြိုးပြိုးပြက်ပြက် တောက်ပနေသည့် အလင်းတန်းက ရွှေကျီးကန်း၏ ပါးစပ်ထဲမှ ထွက်ပေါ်လာပြီး တဖြည်းဖြည်း ကြီးမားလာကာ ဧရာမပါးစပ်ကြီး၏ ဝင်ပေါက်ကို ပိတ်ဆို့သွားစေသည်။

ထို ပြိုးပြိုးပြက်ပြက် တောက်ပနေသော အရာက တခြားအရာမဟုတ်ပေ.. ရှောင်ချန်းကမ္ဘာပင် ဖြစ်သည်။

"ဓားပြလေး.. ငါသခင်ရွှေ ဒီကိစ္စ ပြီးရင် မင်းနဲ့ စာရင်းရှင်းမယ်"

ရွှေကျီးကန်း၏ စကားမဆုံးခင်မှာပင် ပါးစပ်ထဲမှ ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

အမှောင်ထု နတ်ဘုရားသားတော်က သူမျိုချထားသည့် တောင်တန်းများ.. မြစ်များနှင့် တိမ်တိုက်များကို ပြန်လည် မအန်ထုတ်နိုင်တော့ သဖြင့် ၎င်းအရာများက ဗိုက်ထဲသို့ တစ်ဟုန်ထိုး ပြန်လည်ပြုတ်ကျသွားသည်။

ယင်းအတွက်ကြောင့် နေလဆေးလုံးက အပြင်သို့ပြန်ထွက် မလာတော့ဘဲ အမှောင်ထု နတ်ဘုရား သားတော်၏ သွေးကြောများထဲသို့ လုံး၀ ပျော်ဝင်သွားသည်။

ပေါက်ကွဲမှု တွန်းကန်အားကြောင့် ရွှေကျီးကန်းက ရောမ ပါးစပ်ထဲမှ ပြန်ထွက်လာသော်လည်း သူ့တစ်ကိုယ်လုံးတွင် ချွဲသလိပ် အညစ်အကြေးများ ကပ်ညိနေပြီး နံဟောင်နေသည်။

"ဓားပြလေး.. မင်းငါနဲ့တွေ့မယ်"

ရွှေကျီးကန်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထိုမြင်ကွင်းကို မြင်လိုက်ရလျှင် အားလုံးက မှင်တက်နေကြသည်။

ဤတစ်ချီ မိစ္ဆာလေး၏ အကြံအစည်ကို ၎င်းတို့က မချီးကျူးဘဲ မနေနိုင်တော့ချေ။

အမှောင်ထု နတ်ဘုရား သားတော်က မူလကပင် နေလဆေးလုံး နှစ်လုံး၏ စွမ်းအားကြောင့် ထိန်းမနိုင်သိမ်းမရ ဖြစ်နေခဲ့သည်။

ယင်းအချိန်တွင် နောက်ထပ် ဆေးလုံး သုံးလုံး၏ စွမ်းအားက မူလဆေးလုံး နှစ်လုံး၏ စွမ်းအားနှင့် ပေါင်းစည်းသွားသောကြောင့် အင်အားကောင်းသော စွမ်းအင် မုန်တိုင်း တစ်ခုက အမှောင်ထု နတ်ဘုရားသားတော်၏ အတွင်းအင်္ဂါများထဲ စတင်မွှေနှောက်လာသည်။

"မိစ္ဆာလေး ငါမင်းကို သတ်မယ်"

ခန္ဓာကိုယ်ထဲမှ ပေါက်ကွဲခါနီး စွမ်းအင်များကို ခံစားမိလျှင် အမှောင်ထု နတ်ဘုရားသားတော်က စိတ်ပျက် အားငယ်သလို ခံစားလိုက်ရသည်။

သူက ဖန်ရှင်းကို အဆုံးမဲ့ မုန်းတီးလာပြီး ဖန်ရှင်းဆီသို့ ဦးတည်၍ ရွေ့လျားလိုက်သည်။

ယခုအချိန်တွင် သူက ရှင်သန်လိုစိတ် မရှိတော့ဘဲ ဖန်ရှင်းကို မျိုချရန်သာ စိတ်စောနေခဲ့သည်။

သူ၏ နောက်ဆုံးဆန္ဒက ဖန်ရှင်းကို မျိုချရန် ဖြစ်လာသည်။

"ဘန်း"

ယင်းအချိန်မှာပင် ပေါက်ကွဲသံ ထွက်ပေါ်လာပြီး အမှောင်ထုနတ်ဘုရား သားတော်၏ တည်ရှိမှုက နေ့းကွေးသွားသည်။

"မင်းလို သတ္တဝါလေးက ငါ့ရဲ့ အကိုတော်ကို သတ်မယ်လို့ ကြုံးဝါးရဲတယ်.."

အဖြူရောင်သက်န်းကို ဝတ်ထားသည့် ရှန်းလျူက လေးနက်သော အမူအရာဖြင့် ရေရွတ်လိုက်သည်။

အပိုင်း(၁၂၁၇) ပြီး၏

အပိုင်း(၁၂၁၈) နောက်ဆုံးတိုက်ပွဲ၏အစ

"ဝုန်း"

ရှန်းလျူ၏ လက်ထဲတွင် ရှိသည့် ငါးရုပ်ပုံ သစ်သားတုံးကြီးက အမှောင်ထု နတ်ဘုရားသားတော်၏ နောက်ဆုံး အသိစိတ်

အမျှင်တန်းကို ဖယ်ရှားပစ်ခဲ့သည်။

အမှောင်ထု နတ်ဘုရားသားတော်က လေထဲတွင် ခဏမျှ ငြိမ်သက်သွားပြီးမှ ခန္ဓာကိုယ် တစ်ခုလုံး တစ်ဟုန်ထိုး ပေါက်ကွဲထွက်သွားသည်။

ထိုမြင်ကွင်းကို ကြည့်ရင်း ဖုန်းထျန်းမဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက ထိတ်လန့်နေကြသည်။

နေလဆေးလုံး၏ စွမ်းအားဖြင့် အချိန်နှစ်များကို ရွှေ့လျားစေပြီးနောက် အမှောင်ထု နတ်ဘုရားသားတော်၏ စွမ်းအားက ထိန်းချုပ်၍ မရနိုင်တော့သည့် အကန့်အသတ်ကို ရောက်ပြီးပေါက်ကွဲ ထွက်သွားခဲ့ခြင်း ဆိုလည်းမမှားပေ။

အမှောင်ထု နတ်ဘုရားသားတော်၏ အော်ရာက လုံးဝ ပျောက်ကွယ်သွားခဲ့သည်။

ယခုအချိန်တွင် လူတိုင်း၏ အမူအရာက မယုံကြည်နိုင်မှုများဖြင့်

ပြည့်နှက်နေသည်။

"အမှောင်ထု နတ်ဘုရားသားတော်က ဒီလိုပဲရှုံးခဲ့တာလား"

"မိစ္ဆာလေးက တစ်ယောက်ထဲနဲ့ သတ်လိုက်နိုင်တာလား"

ယင်းအခြေအနေက သူတို့ကို နည်းနည်းလေးပင် အံ့ဩပွါယ်မဲ့စေခဲ့သည်။

မည်သို့ပင်ဆိုစေ ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်၏ ပြိုင်ဘက် မဟုတ်သော်လည်း အနိုင်ရရှိခဲ့သည်။

ထိုအောင်ပွဲက သဘာဝလွန်စွမ်းအားများ.. ခွန်အားများနှင့် မသက်ဆိုင်ပေ။

မိစ္ဆာလေး၏ မမျှော်လင့်ထားသော စိတ်ကူးတစ်ခုကြောင့် ရရှိခဲ့ခြင်း ဖြစ်သည်။

အမှောင်ထု နတ်ဘုရားသားတော်က အစီအစဥ်ကို အသေးစိတ် တွက်ချက်တတ်သူ ဖြစ်သော်လည်း မထင်မှတ်သည့် လုပ်ရပ်တစ်ခုကြောင့် သေရလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးခဲ့မိမည် မဟုတ်ချေ။

ထို့ကြောင့် ၎င်းသေဆုံးရသည်မှာ အနည်းငယ် မတရားသလိုပင် ဖြစ်နေသည်။

သူ၏အစစ်အမှန် ခွန်အားအရ ယခုလောက်ထိ မဖြစ်သင့်ဘူး မဟုတ်လော။

သူ၏ ဦးဆောင်မှုအောက်တွင် သူတော်စင်ငယ်များက ဖုန်းထျန်းမဟာမိတ်မှ ကျင့်ကြံသူများကို ထိပ်တိုက်ရင်ဆိုင်ပြီးအသာစီးမှ တိုက်ခိုက်နိုင်ခဲ့ကြသည်။

အကယ်၍ ရှန်းလျူသာ အမှောင်ထု နတ်ဘုရား သားတော်၏ ဦးခေါင်းကို မထုချနိုင်ခဲ့လျှင် အခြေအနေက တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပေသည်။

အဆုံးသတ်တွင် နတ်ဘုရား နန်းတော်က အစီအစဉ် ချမှတ်ရာ၌ ကျွမ်းကျင်ပြီး ခွန်အားကြီးမားသည့် အမှောင်ထု နတ်ဘုရားသားတော်ကို ဆုံးရှုံးခဲ့ရသည်။

ယင်းအချိန်တွင် လူတိုင်း၏ အကြည့်က အင်မော်တယ် ကွပ်မျက်ရေးစားအစီအရင် ရှိနေသည့် ကျောက်တံတားဆီသို့ ရောက်ရှိသွားသည်။

"ငါ့သား.. ငါ့သားရဲ့ အော်ရာကို ဘာလို့ မခံစားနိုင်တော့တာလဲ"

"ဘယ်လိုဖြစ်နိုင်မှာလဲ.. ငါ့သားက တကယ်ပဲ သေသွားခဲ့ပြီလား"

အမှောင်ထု နတ်ဘုရားသားတော် သေဆုံးသွားသော အခါတွင် ထျန်းယွမ်တိုက်၏ အခြေအနေက ကြီးကြီးမားမား ပြောင်းလဲသွားခဲ့သည်။

နတ်ဘုရား သတ္တဝါများက သန့်စင်သော ပြည်နယ်သို့ မရပ်မနား ချီတက်လာကြသည်။

၎င်းတို့က အင်မော်တယ် စစ်တပ်နှင့် ရင်ဆိုင်ရန် အသင့်ဖြစ်နေကြပြီ ဆိုလျှင်လည်း မမှားပေ။

ထျန်းယွမ်တိုက်နှင့် နတ်ဘုရားသတ္တဝါများ၏ တိုက်ပွဲက မကြာမီ ရောက်လာတော့မည်လော။

ထိုသို့ ဖြစ်ရသည့် အကြောင်းရင်းမှာ အမှောင်ထု နတ်ဘုရား သားတော်၏ အော်ရာ ပျောက်ကွယ်သွားခြင်းကို အမှောင်ထုနတ်ဘုရား ဘုရင်က သတိပြုမိသွားသောကြောင့် ဖြစ်သည်။

သူက ချက်ချင်းပင် သန့်စင်သော ပြည်နယ်ဆီသို့အသည်းအသန် ပြေးသွားခဲ့သည်။

ကောင်းကင်ထက်တွင် အော်ရာများ ထူထဲစွာ ထွက်ပေါ်လာပြီး သန့်စင်သောပြည်နယ် ဆီသို့ ဦးတည် ပျံသန်းလာသည်။

ညနက်ထဲတွင် အဆုံးမဲ့ ဟိန်းဟောက်သံများ.. မရေမတွက်နိုင်သော အော်သံများက လူသတ်ငွေ့များဖြင့် ပေါင်းစည်းကာ မိုင်ထောင်ပေါင်း များစွာသို့ ခရီးနှင်လာခဲ့သည်။

အမှောင်ထု နတ်ဘုရား ဘုရင်ကမူ နတ်ဘုရား တပ်များကို ကျော်လွန်၍ နာရီဝက်အတွင်းမှာပင် သန့်စင်သော ပြည်နယ်၏ အနီးသို့ ရောက်ရှိလာသည်။

ယင်းအချိန်တွင် သန့်စင်သောပြည်နယ်မှ ကျင့်ကြံသူအားလုံး က ထိတ်လန့် တုန်လှုပ်သွားကြသည်။

"ဘာကြောင့်လဲ.. ဆွေးနွေးညှိနှိုင်းဖို့ အခွင့်အရေးရှိရက်နဲ့ ဘယ်သူက နတ်ဘုရားနန်းတော်ကို ဒေါသထွက်စေခဲ့တာလဲ"

အင်မော်တယ် မဟာမိတ်အဖွဲ့မှ နတ်ဘုရား သတ္တဝါများနှင့် ဆွေးနွေးညှိနှိုင်းရန် ဆန္ဒရှိသည့် ကျင့်ကြံသူများက

အထိတ်တလန့်ဖြစ်ကာ ကျယ်လောင်စွာ ဆူပူကြိမ်းမောင်း နေကြသည်။

"ဒီတိုက်ပွဲက အစကတည်းက ရှောင်လွှဲဖို့ မဖြစ်နိုင်တဲ့တိုက်ပွဲပဲ"

တောင်ထိပ်တစ်ခုပေါ်တွင် အဖြူရောင်ဝတ်စုံဝတ် ပိုင်ချန်းကျောင်းနှင့် ရွှေရောင်ဝတ်စုံဝတ် နတ်ဆိုးသားရဲဘုရင်တို့က အဝေးကို လှမ်းကြည့်နေကြသည်။

တောင်အောက်ရှိ တောင်တန်းနှင့် လွင်ပြင်များကြားတွင် မှော်လက်နက်နှင့် ချပ်ဝတ်တန်ဆာများ အပြည့်အစုံ တပ်ဆင်ထားသည့် အင်မော်တယ် စစ်တပ်ကို ဖုံးကွယ်၍ တပ်ဖြန့်ထားသည်။

၎င်းတို့အားလုံးက အချိန်မရွေး တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေကြသည်။

မရဏနတ်ဘုရား ဘုရင်နှင့် အင်မော်တယ် နတ်ဘုရားဘုရင်တို့ကလည်း အမှောင်ထု နတ်ဘုရားဘုရင်ထံသို့ အလျင်အမြန် ရောက်ရှိလာကြသည်။

ထို့နောက်တွင် နတ်ဘုရားဘုရင်သုံးပါးက သန့်စင်သောပြည်နယ်သို့ အပြေးအလွှား ခရီးနှင်ခဲ့ကြသည်။

အမှောင်ထု နတ်ဘုရား သားတော် သေဆုံးရခြင်းက နတ်ဘုရား နန်းတော်၏ မဟာအစီအစဉ် ရှုံးနိမ့်သွားကြောင်းကို ဖော်ပြနေသည်။

ထို့ကြောင့် ထာဝရနတ်ဘုရား ကိုယ်တိုင်က ဒေါသထွက်ပြီး မရဏ နတ်ဘုရားဘုရင်နှင့် အင်မော်တယ် နတ်ဘုရားဘုရင်ကို စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ထာဝရနတ်ဘုရား၏ ညွှန်ကြားမှု မပါဘဲ ၎င်းတို့က ထျန်းယွမ်တိုက်နှင့် နောက်ဆုံး တိုက်ပွဲကို စတင်ဝံ့မည် မဟုတ်ချေ။

"ဒီတစ်ခေါက်တော့ ထာဝရနတ်ဘုရားက ထျန်းယွမ်တိုက်ကို ပြင်းပြင်းထန်ထန် ဖိနှိပ်ဖို့ ကြိုးစားလိမ့်မယ် ထင်တယ်..

ငါတို့နှစ်ယောက်ထဲနဲ့ နတ်ဘုရားဘုရင် သုံးပါးကို တားဆီးဖို့ ဖြစ်နိုင်ပါ့မလား"

နတ်ဆိုးသားရဲဘုရင်က ပိုင်ချန်းကျောင်းကို ပြောလိုက်သည်။

"ငါတို့နဲ့တင် မလုံလောက်ဘူးလား"

ပိုင်ချန်းကျောင်းက ခါးပေါ်တွင် ချိတ်ထားသည့် ဓားပေါ်သို့ လက်တင်၍ ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကန့်သတ်နယ်မြေ အားလုံးထဲမှာ သန့်စင်သော ပြည်နယ်ကို နံပါတ်တစ် အဖြစ် သတ်မှတ်ထားခဲ့ကြတဲ့ အကြောင်းရင်းက သူတော်စင်တွေ နီးပါး အစွမ်းထက်တဲ့ ကျင့်ကြံသူတွေကြောင့်ပဲ.. သူတို့ကြောင့်ပဲ နတ်ဘုရားနန်းတော်က မဆင်မခြင် မပြုမူရဲတာပေါ့.. ဒါ့အပြင် ငါတို့ရဲ့ ကလေးတွေကလည်း ငါတို့ စိတ်ကူးထားတာထက် ပိုကောင်းပြီး အနာဂတ်မှာ ငါတို့ထက် သန်မာလာလိမ့်မယ်.. ဒါပေမဲ့ အခုချိန်မှာတော့ သူတို့က အားနည်းနေသေးတယ်.. ဒါကြောင့် လက်ရှိ ထျန်းယွမ်တိုက်ရဲ့ကံကြမ္မာက ငါတို့ လူကြီးတွေ အပေါ်ကို ကျရောက်လာပြီ.."

ပိုင်ချန်းကျောင်းက လက်ကိုဝှေ့ရမ်း၍ ခိုင်မာသော လေသံဖြင့်ပြောလိုက်သည်။

"ငါမင်းနဲ့အတူ ထျန်းယွမ်တိုက်ကို အသက်ပေးပြီး ကာကွယ်မှာပါ"

နတ်ဆိုးသားရဲဘုရင်က အေးစက်စွာ ပြုံး၍ ပြောလိုက်သည်။

"ဟားဟား.. ငါ့မှာ မင်းကို ပြောစရာတစ်ခု ရှိသေးတယ်"

ပိုင်ချန်းကျောင်းက နတ်ဆိုးသားရဲဘုရင်ကို ကြည့်၍ပြောလိုက်သည်။

သူ့မျက်နှာပေါ်တွင် ခံစားချက်အချို့ ရှိနေသည်။

"ဘာပြောမလို့လဲ.. ပြောလေ"

နတ်ဆိုးသားရဲဘုရင်က စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

ပိုင်ချန်းကျောင်းက ရုတ်တရက် သက်ပြင်းချလိုက်ပြီး

"ငါချင်းယွမ်ဂိုဏ်းမှာတုန်းက မင်းကို နှစ်ပေါင်းများစွာ အကျဉ်းချခဲ့မိတယ်.. ဒီကိစ္စကို ပြန်တွေးမိတိုင်း ငါစိတ်မကောင်း ဖြစ်မိလာတယ်"

ထိုစကားကို ကြားလျှင် နတ်ဆိုးသားရဲဘုရင်၏ မျက်လုံးက တောက်ပသွားပြီး

"မင်းငါ့ကို တောင်းပန်နေတာလား"

ဟု မေးခွန်းထုတ်လိုက်သည်။

ပိုင်ချန်းကျောင်းက ခေါင်းသာ ညိတ်ပြလိုက်ပြီး စကားပြန်မပြောခဲ့ပေ။

"ဟားဟားဟား "

နတ်ဆိုးသားရဲ ဘုရင်က ရုတ်တရက် ရယ်မောလိုက်ပြီး အမွေးနီရဲသော ဌက်ကြီးတစ်ကောင် အဖြစ်သို့ အသွင်ပြောင်းလဲလိုက်သည်။

သူ့တစ်ကိုယ်လုံးက တောင်ကုန်းတစ်ခုလိုပင်။

ခန္ဓာကိုယ် တစ်ခုလုံးကို ကြောက်မက်ဖွယ်ကောင်းသော မီးတောက်များဖြင့် ဖွဲ့စည်းထားသည်။

နတ်ဆိုးသားရဲ ဘုရင်၏ လက်ရှိအော်ရာက ပိုင်ချန်းကျောင်းထက်ပင် အားကောင်းနေသည်။

"ဟားဟား.. မင်းက ငါ့ကို အကြွေးတင်နေတယ် ဆိုပြီး စိတ်မကောင်း ဖြစ်နေတာလား.. ငါ့မြေး ဖန်ရှင်းက မင်းရဲ့အကြွေးကို ပြန်ဆပ်ပြီးပါပြီ"

နတ်ဆိုးသားရဲဘုရင်က အတောင်ပံကိုဝှေ့ရမ်း၍ ပေါ့ပါးစွာပြောလိုက်သည်။

"သူက ငါတပည့်ပဲ.. ဒါပေမဲ့ မင်းက ကိုယ့်ကိုယ်ကို သူ့အဖိုးလို့ပြောတယ်.. ဒါက ငါ့အပေါ် အခွင့်အရေး ယူနေတာ မဟုတ်လား"

"ဟားဟား.. အခွင့်အရေးယူလည်း ဘာဖြစ်လဲ.. နောက်ထပ် ရေနွေးတစ်အိုး ကျက်စာလောက်ဆို ငါတို့ နှစ်ယောက်လုံး သေသွားနိုင်တာပဲလေ"

နတ်ဆိုးသားရဲဘုရင်က ရယ်မော၍ ပြောလိုက်သည်။

"မင်းပြောတာမှန်တယ် "

ပိုင်ချန်းကျောင်းက သက်ပြင်းချ၍ ပြန်ဖြေလိုက်ပြီး အဝေးကို လှမ်းကြည့်လိုက်သည်။

အပိုင်း(၁၂၁၈) ပြီး၏

အပိုင်း(၁၂၁၉) ဖန်ရှင်းကိုသတ်ပြီးလက်စားချေမယ်

နတ်ဆိုးသားရဲဘုရင်နှင့် ပိုင်ချန်းကျောင်းတို့နှင့် နှိုင်းယှဥ်လျှင် နတ်ဘုရား ဘုရင်၃ပါး၏ အော်ရာက အလွန်ပင် ရုန့်ရင်းပြီးကြောက်စရာ ကောင်းနေသည်။

ကျင့်ကြံမှု နှင့် ခွန်အားအရဆိုလျှင် နတ်ဆိုးသားရဲဘုရင်နှင့် ပိုင်ချန်းကျောင်းတို့က ၎င်းတို့ထက် အလွန် အားနည်းနေသည်မှာ သံသယရှိစရာပင် မလိုချေ။

ထို့ကြောင့် သူတို့နှစ်ဦးထဲဖြင့် နတ်ဘုရားဘုရင်၃ပါးကို ပိတ်ဆို့ရန် ကြိုးစည်နေသည်မှာ ကိုယ်သေတွင်း ကိုယ်တူးသော လုပ်ရပ်လို ဖြစ်နေသည်။

အဆုံးသတ်တွင် သူတို့နှစ်ယောက်က နတ်ဘုရားဘုရင် ၃ပါးကို

အသေခံ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ငါရောက်လာပြီ.. သန့်စင်သောပြည်နယ်မှာ ငါ့ကိုဘယ်သူ ဟန့်တားရဲလား"

အမှောင်ထု နတ်ဘုရားဘုရင်က ကြုံးဝါးလိုက်သည်။

ယခုအခါတွင် သူက ပိုင်ချန်းကျောင်း.. နတ်ဆိုးသားရဲဘုရင်တို့နှင့် မိုင်ပေါင်း၁၀၀၀၀ အကွာတွင် ရှိနေသည်။

သူ၏ ကျင့်ကြံမှု အဆင့်ဖြင့် မိုင်၁၀၀၀၀ အဝေးတွင် ရှိနေသည့် ပိုင်ချန်းကျောင်းတို့ နှစ်ဦးကို သတိထားမိခဲ့ပြီး နောက်တွင် သူ၏ အမုန်းတရားများက ပေါက်ကွဲထွက်လာခဲ့သည်။

ထို့နောက် သူက အနက်ရောင်လှံနက်တစ်ခုကို ဖန်တီးပြီး ပိုင်ချန်းကျောင်းတို့ဆီသို့ ပစ်လွှင့်လိုက်ရာ အနက်ရောင်လှံက လေထုကို ထိုးခွင်းလာပြီး ၎င်းတို့ဆီသို့ တည့်မတ်စွာ ပျံသန်းလာသည်။

"ငါ့ကိုတားတဲ့သူ သေစေရမယ်"

ထိုလုံ့နက်က အမှောင်ထု နတ်ဘုရားဘုရင်၏ ကြောက်စရာအကောင်းဆုံး အစွမ်းသတ္တိနှင့် ပြည့်နှက်နေသည်။

၎င်းက နေရောင်အောက်တွင်ပင် အမှောင်စွမ်းအင်များ ပြည့်နှက်စွာဖြင့် ပျံသန်းနေသည်။

အောက်ဘက်ရှိ ပင်လယ်ပြင်ပင် လှံ့နက်၏ အော်ရာကြောင့် လှိုင်းဂယက်များ ထသွားသည်။

ထျန်းယွမ်ကုန်းမြေ တိုက်ကြီးမှာရှိတဲ့ တိုက်ကြီးလေးခုမှာ ရှိတဲ့လူသားတွေ.. တစ္ဆေသရဲတွေနဲ့ နတ်ဆိုးတွေ အားလုံး ငါပြောတာကို နားထောင်ပါ.. နတ်ဘုရားသတ္တဝါတွေက ငါတို့ဆီကို ကျူးကျော်လာပြီး ငါတို့ရဲ့ဆွေမျိုးသားချင်းတွေကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်.. အဲ့ဒီနောက်ပိုင်းမှာ ထရီလျံနဲ့ ချီတဲ့ ထျန်းယွမ်တိုက်က လူတွေက နတ်ဘုရား သတ္တဝါတွေကို ဒူးထောက်ပြီး ကျွန်အဖြစ် ခစားခဲ့ရတယ်.. အခု

ဖုန်းထျန်းမဟာမိတ်အဖွဲ့က နတ်ဘုရား သတ္တဝါတွေကို မောင်းထုတ်ပြီး သူသေကိုယ်သေ တိုက်ခိုက်ဖို့ ဆန္ဒရှိနေတယ်.. ဒီသေခြင်းရှင်ခြင်းတိုက်ပွဲမှာ အားလုံးက ဝိုင်းဝန်းကူညီကြဖို့ မေတ္တာရပ်ခံချင်ပါတယ်.. ဖုန်းထျန်းမဟာမိတ် အဖွဲ့က အားလုံးရဲ့ ကြင်နာမှုတွေကို ထာဝရ အမှတ်ရနေမှာပါ.. မကူညီတဲ့ ငကြောက်တွေကိုတော့ ငါတို့ ထျန်းယွမ်တိုက်ရဲ့ လွတ်လပ်မှုကို ပြန်လည်ရရှိတဲ့နေ့ကျမှ စာရင်းပေါင်းရှင်းမယ်"

ကြောက်မက်ဖွယ် ကောင်းသည့် အနက်ရောင်လုံ့ကို တွေ့လိုက်ရလျှင် ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲဘုရင်တို့က တစ်ချိန်တည်းမှာပင် တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြသည်။

အစစ်အမှန် အင်မော်တယ်၏ စွမ်းအားထက် သာလွန် အစွမ်းထက်သည့် ဤအနက်ရောင်လုံ့ဖြင့် ရင်ဆိုင်ရသောကြောင့် ၎င်းတို့အတွက် ခုခံနိုင်ရန် မဖြစ်နိုင်သလောက်ပင်။

သို့ရာတွင် ပိုင်ချန်းကျောင်းက အရှုံးပေးရန် ရည်ရွယ်ချက် လုံးဝမရှိဘဲ သူ၏ သဘာဝလွန်စွမ်းအားကို အသုံးပြုကာ ထျန်းယွမ်တိုက်၏ ကန့်သတ်နယ်မြေများကို သူ၏စကားအား သတင်းအဖြစ် ပေးပို့လိုက်သည်။

ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများကလည်း နတ်ဘုရားဘုရင်၃ပါး အတူတကွ ထွက်လာသည်ကို တိတ်တဆိတ် စောင့်ကြည့်နေကြသည်။

ယခု ပိုင်ချန်းကျောင်း၏ သတင်းစကားက ၎င်းတို့အတွက် အမိန့်တစ်ခုနှင့် မခြားပေ။

အနှစ်ချုပ်လိုက်လျှင် စာက နှစ်ကြောင်းတည်းသာ ရှိသည်။

နတ်ဘုရား သတ္တဝါတွေကို ငါတို့တိုက်ခိုက်တော့မည်.. ကူညီနိုင်လျှင်ကူညီ.. မကူညီချင်လျှင်လည်း ဆက်လက် စောင့်ကြည့်နိုင်သည်ဟု အဓိပ္ပါယ်ရနေသည်။

အကူအညီ ပေးတဲ့သူတွေကို ၎င်းတို့၏ ကြင်နာမှုအတွက် ထာဝရ ကျေးဇူးတင်နေမည် ဖြစ်ပြီး လျစ်လျူရှုတဲ့သူတွေကိုတော့ နတ်ဘုရားသတ္တဝါတွေကို နှင်ထုတ်ပြီး ထျန်းယွမ်ရဲ့ နေ့သစ်ကို ရောက်တဲ့အခါ အပြစ်ပေးမည်ဟု ခြိမ်းခြောက်လိုက်သည်နှင့် မခြားပေ။

ပိုင်ချန်းကျောင်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် ယဥ်ကျေးနေရန် အချိန်မရှိသောကြောင့်ပင်။

ဖုန်းထျန်းမဟာမိတ် အဖွဲ့ကို တည်ထောင်ခါစက ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများကို ဖိတ်ခေါ်ခဲ့ရာ မျိုးဆက်သစ် လူငယ်အများအပြားက ဖုန်းထျန်းမဟာမိတ်တွင် ပါဝင်ရန် စိတ်အားထက်သန် ခဲ့ကြသော်လည်း ကံမကောင်းစွာဖြင့် မျိုးဆက်ဟောင်းများ.. အချိန်အတော်ကြာ ဇာတ်မြုပ်နေခဲ့သော ကျင့်ကြံသူများက ဖုန်းထျန်း မဟာမိတ်အဖွဲ့၏ ဖိတ်ခေါ်မှုကို လျစ်လျူရှု ခဲ့ကြသည်။

ယခုမူကား သေခြင်းရှင်ခြင်း တိုက်ပွဲမတိုင်မီ ပိုင်ချန်းကျောင်း၏ နောက်ဆုံး ဖိတ်ကြားချက် ဖြစ်သည်။

သူနှင့် နတ်ဆိုးသားရဲဘုရင်က ထျန်းယွမ်တိုက်ကို သိမ်းပိုက်ဖို့ မလွယ်ကူသော တိုက်ကြီးအဖြစ် ပြောင်းလဲရန် စိတ်ကူးရှိခဲ့ကြသည်။

ဒါက အလောင်းအစား တစ်ခုလည်း ဖြစ်သည်။

ယင်းက လျစ်လျူရှု ဇာတ်မြုပ်နေသည့် ကျင့်ကြံသူများ အပေါ်တွင် အများကြီး မူတည်နေသည်။

သူတို့နှစ်ဦး ပူးပေါင်း ဖန်တီးထားသော မှော်စွမ်းအားတွေ ဖြစ်သည့် ရွှေရောင်နဲ့ အဖြူရောင် စွမ်းအားနှစ်ခုက ထိုက်ကျိစက်ဝိုင်းကဲ့သို့ ရောထွေးသွားပြီး အမှောင်ထု နတ်ဘုရားဘုရင်၏ အနက်ရောင်လှံဆီသို့ ဦးတည်သွားကြသည်။

သို့ရာတွင် ကွာဟချက် ကြီးမားလွန်းသောကြောင့် ၎င်းတို့နှစ်ယောက်၏ စွမ်းအားက အမှောင်ထု နတ်ဘုရားသားတော်၏ အနက်ရောင်လှံကို တွန်းလှံရန် မည်သို့မျှ မဖြစ်နိုင်ပေ။

၎င်းတို့၏ သဘာဝလွန် စွမ်းအားနှစ်ခု ထွက်ပေါ်လာချိန်တွင် အောက်ဘက်မှနေ၍ အင်မော်တယ် စွမ်းအားများ ပြည့်နှက်နေသည့် အရိုးလှံတစ်ချောင်းက လေထဲကို ပျံသန်းလာပြီး ၎င်းတို့၏

မှော်စွမ်းအားများနှင့် ပေါင်းစည်းလိုက်ရာ ရွှေရောင်နှင့် အဖြူရောင် အလင်းတန်းတွေ၏ စွမ်းအားများက တဟုန်ထိုး မြင့်မားလာသည်။

"ငါနှစ်ထောင်ပေါင်းများစွာ အေးဆေး အိပ်စက်ခဲ့ရပေမဲ့ ဒီကောင်တွေ ကျူးကျော်လာမှပဲ ခဏခဏ အိပ်ရေးပျက်ရတယ်"

တစ်စုံတစ်ယောက်၏ ကျိန်ဆဲသောအသံက ထွက်ပေါ်လာသည်။

ထိုလူက တခြားသူမဟုတ်ပေ.. နတ်ဆိုးတွင်းနက်ထဲမှ အရိုးဖြူဧကရာဇ်ပင် ဖြစ်သည်။

ယခုအချိန်တွင် အရိုးဖြူဧကရာဇ်က ပထမဆုံး ကူညီသူ ဖြစ်လာသည်။

အနောက်ဘက် ပင်လယ်က ကျွန်းတစ်ကျွန်းပေါ်ရှိ အုတ်ဂူတစ်လုံးက ရုတ်တရက် ပေါက်ကွဲထွက်သွားပြီး အထဲမှ ခေါင်းတလားတစ်လုံး ထွက်ပေါ်လာသည်။

ထိုခေါင်းတလား အတွင်းမှ အနက်ရောင် အလင်းတန်းတစ်ခု နှင့်အတူ ကြောက်မက်ဖွယ် ကောင်းသော အငွေ့အသက်များ ထွက်ပေါ်လာသည်။

"အကူအညီပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ပိုင်ချန်းကျောင်းက လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်သည်။

"ဟားဟား.. ကျေးဇူးတင်စရာ မလိုပါဘူး.. မင်းရဲ့ တပည့်လေးကို သတ်ပြီးတဲ့ တစ်နေ့ကျရင် မင်းနဲ့ငါလည်း တိုက်ရဦးမှာပဲ"

အရိုးဖြူဧကရာဇ်က မောက်မာစွာ ကြုံးဝါးလိုက်သည်။

သူ၏ မျက်နှာတွင် ရက်စက်ကြမ်းကြုတ်လိုသော အရိပ်အယောင်များ ပြည့်နှက်နေသည်။

"အမ်.. ဘာလို့ သူ့ကို သတ်ချင်တာလဲ"

နတ်ဆိုးသားရဲ ဘုရင်က ဖန်ရှင်းအတွက် စိုးရိမ်သွားပြီး မမေးဘဲ မနေနိုင်တော့ချေ။

ထိုစကားကို ကြားလျှင် အရိုးဖြူဧကရာဇ်က နတ်ဆိုးသားရဲဘုရင်ကို မကျေမနပ် စိုက်ကြည့်လိုက်ပြီး

"ဒီကောင်လေးက ငါ့ကိုဆဲဆိုနေလို့ပဲ"

"......"

နတ်ဆိုးသားရဲဘုရင်နှင့် ပိုင်ချန်းကျောင်းတို့က ရုတ်တရက် ဘာပြန်ပြောရမှန်းကိုပင် မသိတော့ချေ။

"မင်းတို့လောကရေးရာတွေ ငါမစွက်ဖက်ချင်ဘူး.. ဒါပေမဲ့ နတ်ဘုရားသတ္တဝါတွေက ဒီလောက်ထိ ရမ်းကားနေတာကို ငါကြည့်မနေနိုင်တော့ဘူး"

"ကမ္ဘာကြီးရဲ့ လက်ရှိအခြေအနေက ရှုပ်ထွေးလွန်းတယ်.. ဘာပဲဖြစ်ဖြစ် ထျန်းယွမ်တိုက်ရဲ့ ရှင်သန်မှုကိုတော့ နတ်ဘုရား သတ္တဝါတွေကို ဖျက်ဆီးဖို့ ခွင့်မပြုနိုင်ဘူး"

အမြဲလိုလို အနက်ရောင် မြူခိုးများ ဖုံးလွှမ်းနေသည့် ကျွန်းတစ်ကျွန်းပေါ်တွင် တစ်စုံတစ်ယောက်က သက်ပြင်းကို တိုးတိုးလေး ချလိုက်သည်။

တစ်ချိန်တည်းမှာပင် အနက်ရောင် အခိုးအငွေ့များက ကောင်းကင်ပေါ်သို့ လွင့်ပျံလာပြီး အနက်ရောင် ဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ဦး အဖြစ် ပြောင်းလဲသွားသည်။

ထိုအမျိုးသမီးက အလွန်ငယ်ရွယ်ပုံ ရသော်လည်း သူမ၏ မျက်လုံးအကြည့်များက အလွန်ပင် နက်ရှိုင်းနေသောကြောင့် နှစ်ပေါင်းများစွာ ကြာအောင် အသက်ရှင်ခဲ့ကြောင်း ညွှန်ပြနေသည်။

ဤနေရာ၌ တစ်စုံတစ်ဦးသာ ရှိနေလျှင် သူမက ကန့်သတ်နယ်မြေကိုးခုတွင် ဒုတိယနေရာတွင် ရှိသည့်

ကန့်သတ်နယ်မြေ၏ အရှင်သခင်ဖြစ်ကြောင်း သိနိုင်မည် ဖြစ်သည်။

နတ်ဘုရားဘုရင် ၃ပါးလုံး သန့်စင်သောပြည်နယ်ကို ရောက်လာသည့်အခါ ပိုင်ချန်းကျောင်း၏ စကားကြောင့် နှစ်ထောင်ပေါင်းများစွာ ဇာတ်မြုပ်နေသည့် ကျင့်ကြံသူများ ထွက်ပေါ်လာကြသည်။

ထို့အတူပင် လက်ရှိအချိန်ထိ လျစ်လျူရှုနေသည့် ကျင့်ကြံသူများလည်း ရှိနေပါသေးသည်။

ဖုန်းထျန်းမဟာမိတ် အဖွဲ့က အဆုံးသတ်တွင် အမှန်တကယ် အောင်မြင်မှု ရနိုင်မလား ဆိုသည်ကို ကံသေကံမ မပြောနိုင်သောကြောင့် ဆက်လက် လျစ်လျူရှုခဲ့ခြင်း ဆိုလည်းမမှားပေ။

ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲ ဘုရင်တို့၏ မှော်စွမ်းအားက အနက်ရောင်လုံးဖြင့် တိုက်မိသွားပြီးနောက် အနက်ရောင်လုံးက အပိုင်းအစများ အဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုမြင်ကွင်းကို တွေ့လိုက်ရလျှင် နတ်ဘုရားဘုရင်၃ပါးက ရပ်တန့်လိုက်သည်။

သူ၏ အနက်ရောင်လုံ ဖျက်ဆီးခံလိုက်ရသဖြင့် အမှောင်ထုနတ်ဘုရားဘုရင်က ဒေါသထွက်ကာ အံကြိတ်လိုက်ပြီး မီးဝင်းဝင်း တောက်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူ၏အနားတွင် ရှိနေသည့် မရဏနတ်ဘုရားဘုရင်နှင့် အင်မော်တယ် နတ်ဘုရားဘုရင်တို့ကလည်း ပတ်ဝန်းကျင်ကို စူးရှသောအကြည့်များဖြင့် အကဲခတ်လိုက်ရာ လေထုထဲတွင် ကျင့်ကြံသူ အယောက်၂၀ခန့် ရှိနေသည်ကို တွေ့လိုက်ရသည်။

၎င်းတို့ တစ်ဦးချင်းစီ၏ နက်ရှိုင်းသော အော်ရာကြောင့် နှစ်ပေါင်းများစွာ အသက် ရှင်သန်ခဲ့သူများ ဖြစ်ကြောင်း ထင်ရှားနေသည်။

၎င်းတို့အားလုံးက သူ့ခေတ်သူ့အခါက ဆိုလျှင် ဒိတ်ဒိတ်ကြဲ ကျင့်ကြံသူများ ဖြစ်ကြသည်။

၎င်းတို့က သူတော်စင် ကိုးပါးလောက် မဖြစ်ထွန်းခဲ့၍ စိတ်ဓာတ်ကျကာ အချိန်အတော်ကြာ အထီးကျန်စွာ ဇာတ်မြုပ်နေခဲ့ရသူများ ဆိုလည်း မမှားပေ။

ယခုတော့ ပိုင်ချန်းကျောင်း၏ ဆွပေးလိုက်သော စကားကြောင့် ၎င်းတို့အားလုံး ရှေ့ထွက်လာကြပြီ ဖြစ်သည်။

"မင်းတို့ကများ ငါ့ရဲ့လမ်းကို တားဆီးရဲတယ်"

အမှောင်ထု နတ်ဘုရားဘုရင်က ဒေါသတကြီး ကြုံးဝါးလိုက်သည်။

ဤလူများလောက်ကို သူက မျက်လုံးထဲပင် မထည့်ပေ။

"တိုက်ပွဲမှာ အရှုံးနဲ့အနိုင်ပဲရှိတယ်.. ဘာလို့မတိုက်ဘဲ စကားများနေတာလဲ"

"ငါဒီမှာစောင့်နေတယ်.. သတ္တိရှိရင် မင်းတို့၃ယောက်လုံး တက်လာခဲ့"

အရိုးဖြူဧကရာဇ်က စိတ်မရှည်သော လေသံဖြင့် ကြုံးဝါးလိုက်သည်။

"ဟားဟား.. ထျန်းယွမ်တိုက်က ငကြောက်တွေ ဘယ်တုန်းက ဒီလောက်တောင် သတ္တိရှိသွားတာလဲ"

အမှောင်ထုနတ်ဘုရား ဘုရင်၏နောက်မှ အင်မော်တယ် နတ်ဘုရားဘုရင်က ဒေါသတကြီး အော်ဟစ်ကာ ရှေ့တက်လာသည်။

"ဒီနေ့ ဖန်ရှင်းကိုသတ်ပြီး ငါ့သားနှစ်ယောက်ဖြစ်တဲ့ ကွေးမူနဲ့ဖိုဖုန်းအတွက် လေးစားချေမယ်.. မင်းတို့ထဲက ဘယ်သူ ငါ့ကိုတားရဲလဲ"

"ဟားဟား.. နတ်ဘုရားနန်းတော်က သစ္စာဖောက် ဖန်ရှင်းကို သတ်ပစ်မယ်.. မင်းတို့ ဘာပြောစရာရှိလဲ"

မရဏ နတ်ဘုရားဘုရင်က အင်မော်တယ် နတ်ဘုရားဘုရင်၏ စကားကို ထောက်ခံလိုက်သည်။

သူ၏ သားတော်က ဖန်ရှင်းကြောင့် အကျဉ်းစံနှလုံးသား ချောက်ကမ်းပါးတွင် သေလုနီးပါး ဖြစ်ခဲ့ရသော်လည်း ယခုအခါတွင် အမှန်တကယ် သေဆုံးသွားရပြီ ဖြစ်သည်။

နတ်ဘုရားသတ္တဝါများ ထျန်းယွမ်တိုက်ကို ကျူးကျော်လာစဥ်က နတ်ဘုရားဘုရင်များ၏ သားတော်များ ဖြစ်သည့် လျှပ်စီးသခင်လေး.. ကွေးမူ.. ဖိုဖုန်းနှင့် တိုင်ယွမ်တို့ လေးဦး ရှိခဲ့သော်လည်း ယခုအခါတွင် ၎င်းတို့ အားလုံးက မိစ္ဆာလေး၏ လက်ချက်ဖြင့် သေဆုံးသွားပြီ ဖြစ်သည်။

"ဝုန်း"

နတ်ဘုရားဘုရင်၃ပါး တစ်ပြိုင်တည်း ချီတက်လာရာ မဟာပထဝီမြေကြီးပင် တုန်ခါသွားသည်။

"ငါတို့တွေ နတ်ဘုရားဘုရင်၃ပါးကို ရပ်တန့်ပြီး ထျန်းယွမ်တိုက်ရဲ့ သမိုင်းကို အသစ်ပြင်ဖို့ ကြိုးစားလိုက်ရအောင်"

ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲဘုရင်က တစ်ချိန်တည်းမှာပင် ရှေ့တက်လာကြသည်။

မြေအောက်နန်းတော် ကမ္ဘာတွင် မျိုးဆက်သစ် လူငယ်များ၏ ပြိုင်ဆိုင်မှုများ ပြီးဆုံးပြီးနောက် ခေါင်းဆောင်များ၏ တိုက်ပွဲက စတင်လာသည်။

ဤသို့ဖြင့် အနောက်ပင်လယ်အထက် သန့်စင်သောပြည်နယ်၏ အစွန်းဘက်တွင် အင်အားကြီး ကျင့်ကြံသူများကြား၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာသည်။

တိုက်ပွဲစစ်မြေပြင်၏ ကောင်းကင်က မှောင်မိုက်နေပြီး ကျင့်ကြံသူများ၏ ကြိုးဝါးသံများက မိုင်ပေါင်းတစ်သိန်း အကွာကိုပင် ပျံ့နှံ့သွားသည်။

"နောက်ဆုံးမှာ ငါတို့ရှုံးခဲ့ရင်တောင် ငါတို့ရဲ့ မျိုးဆက်တွေက မင်းတို့ကို အစွမ်းကုန် မောင်းထုတ်မှာပဲ.."

အပိုင်း(၁၂၁၉) ပြီး၏

အပိုင်း(၁၂၂၀) ရွေးချယ်မှုစတင်ခြင်း

ယင်းအချိန်တွင် မြေအောက်နန်းတော် ကမ္ဘာငယ်လေး၌ ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများ.. ဖန်ရှင်း.. ရှောင်ရှယ်.. လုဖုန်းရှုန်းနှင့် အခြားသူများ အားလုံးက ကျောက်တံတားပေါ်ရှိ အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ကို စိတ်လှုပ်ရှားစွာ ကြည့်နေကြသည်။

"သူတော်စင်ငယ်တွေရဲ့ ခေါင်းဆောင်ကို ဖြိုခွဲရာမှာ မင်းကအဓိက ကျခဲ့တယ်.. ဒီသတင်းသာ ပျံ့နှံ့သွားရင် မင်းရဲ့ဂုဏ်သတင်းက ငါ့ထက်တောင် ကြီးကျယ် ခမ်းနားသွားလိမ့်မယ်"

ဖန်ရှင်းက အမှောင်ထု နတ်ဘုရားသားတော်၏ ပါးစပ်ထဲကနေ ချွဲသလိပ်များ ကပ်ညိပြီး ပြန်ထွက်လာသည့် ရွှေကျီးကန်းကို နှစ်သိမ့်လိုက်သည်။

သူ၏စကားကို ကြားလျှင် ရွှေကျီးကန်းက တုန်လှုပ်သွားပြီး

"တကယ်ကြီးလား"

ဟု ပြန်လည်မေးမြန်းလိုက်သည်။

"ဒါက လုံးဝကို ကြီးကျယ်ခမ်းနားတဲ့ လုပ်ရပ်ပဲလေ.. မင်းရဲ့ ဂုဏ်သတင်းကြောင့် မိန်းမလှလေးတွေက မင်းရဲ့အနားမှာ ဝဲနေလိမ့်မယ်"

ဖန်ရှင်း၏ မြှောက်ပင့်စကားကို ကြားရလျှင် ရွှေကျီးကန်းက အတောင်တွေကို မြှောက်ပြလိုက်ပြီး

"ငါ့ရုပ်ရည်က ချွဲသလိပ်တွေနဲ့ အတော်လေး ရုပ်ဆိုးနေလား"

ဖန်ရှင်းက ခေါင်းကို လျင်မြန်စွာခါလိုက်ပြီး

"ဒါကို ဘယ်သူမှ ညှိညှင်မှ မဟုတ်ဘူး.. ဒါက သူရဲကောင်းဆန်တဲ့ အသွင်အပြင်တစ်ခုပဲ"

ဟု ပြန်ဖြေလိုက်သည်။

ထိုစကားကို ကြားရမှ ရွှေကျိုးကန်းက ကျေနပ်မှု ရရှိသွားသည်။

ယင်းနောက် သူက တစ်စုံတစ်ရာကို ရုတ်တရက် စဉ်းစားမိပြီး ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

"မင်းရဲ့ အစွမ်းထက်တဲ့ နတ်ဆိုး ခန္ဓာကိုယ်ကို အမှောင်ထုနတ်ဘုရား သားတော်ရဲ့ပါးစပ်ထဲ ပစ်ထည့်လိုက်တာ ငါမှတ်မိတယ်.. အခု အမှောင်ထု နတ်ဘုရား သားတော် သေဆုံးသွားပြီဆိုတော့ ဒီလက်နက်ကို ဘယ်လိုပြန်ယူမှာလဲ"

ရွှေကျိုးကန်း၏ မေးခွန်းက လေးနက်သော မေးခွန်း ဖြစ်သော်လည်း ဖန်ရှင်းက ရွံ့ရှာသော အမူအရာဖြင့် လက်ဝှေ့ရမ်းလိုက်ပြီး

"ယူလို့ရရင်တောင် ဘာလို့ ပြန်ယူရမှာလဲ.. ရှုံစရာကြီး "

ထိုအဖြေကြောင့် ရွှေကျီးကန်းက အံ့အားသင့်သွားပြီး

"ဒါဆို ဘာလို့ အထဲကို ပစ်ချလိုက်တာလဲ.. မင်းက သောက်ရူးပဲ"

ဟု ဆဲဆိုလိုက်သည်။

ဖန်ရှင်းက ရွှေကျီးကန်းကို ပေါ့ပါးစွာ ပြောနေသော်လည်း တကယ်တမ်းတွင် သူ၏ တိုက်ပွဲတစ်ရာ စစ်ဝိညာဉ် (ဝါ) နတ်ဆိုးခန္ဓာကိုယ်ကို နှမြောနေခဲ့သည်။

အမှောင်ထု နတ်ဘုရား သားတော်၏ သွေးထဲတွင် နေလဆေး၅လုံး၏ စွမ်းအားများ ပေါင်းစပ်နေသောကြောင့် တိုက်ပွဲတစ်ရာ စစ်ဝိညာဉ်ကို ပြန်လည်ရယူရန် မလွယ်ကူပေ။

ထိုသို့ ပြန်လည်ရယူလိုလျှင် စွမ်းအားများစွာ လိုအပ်နေသည်။

ဖန်ရှင်းက ဤမျှ ကြီးမားသော စွမ်းအားမရှိ၍ ယုတ္တိပိုကျသည့် ကျောက်တံတားတစ်ဖက်မှ လှိုဏ်ဂူအိမ်လေးကိုသာ အာရုံစူးစိုက်နေခဲ့သည်။

"မင်းအနိုင်ရမယ်လို့ ငါတကယ် မျှော်လင့်မထားဘူး"

တစ်စုံတစ်ယောက်က ဖန်ရှင်းကို လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

အသံပိုင်ရှင်က အင်မော်တယ်ဘုံငယ်မှ ပါရမီရှင် ဓားသမားပင် ဖြစ်သည်။

သူ၏ အသက်ဓာတ်က အသက်တစ်ရှိုက်စာမျှသာ ကျန်တော့သော်လည်း မျက်လုံးများက တောက်ပနေသည်။

ထိုမျက်လုံးအကြည့်တွင် ထိတ်လန့်ခြင်း.. ဝေခွဲမရခြင်းနှင့်

နက်နဲသော ဆုံးရှုံးမှု အရိပ်အယောင်များ ရှိနေသည်။

"ဟားဟား.. ဒီအလောင်းအစားမှာ ငါအနိုင်ရခဲ့ပြီ.. မင်းလက်ခံတယ် မဟုတ်လား"

ဖန်ရှင်းက အေးစက်စက် ရယ်မော၍ ပြောလိုက်သည်။

"မင်းအနိုင်ရတယ်.. ငါရှုံးတာနဲ့ ပတ်သက်ပြီး ဘာမှ ဆင်ခြင်ပေးနေစရာ မရှိပါဘူး"

ပါရမီရှင်ဓားသမားက အားတင်း၍ စကား ပြောလိုက်ရာ သူ့မျက်နှာပေါ်ရှိ အသားများက နီမြန်းလာပြီး ပြာများ အဖြစ်သို့ ပြောင်းလဲသွားသည်။

"ဒါဆို မင်းချင်းယွီကို ကုသပေးသင့်ပြီ"

ဖန်ရှင်းက ချင်းယွီကို ကုသပေးရန် ပြောလိုက်သော အချိန်တွင်

ပါရမီဓားသမား၏ စကားကို ရုတ်တရက် ကြားလိုက်ရသည်။

"ငါမှားသွားပေမဲ့ ငါနောင်တမရပါဘူး.. မင်းသာ ငါ့နေရာမှာဆိုရင်လည်း ငါ့နဲ့ထပ်တူ ရွေးချယ်လိမ့်မယ်လို့ ငါထင်တယ်.. ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ပုခုံးပေါ်က ဖိအားတွေကို ဖယ်ထုတ်နိုင်ပြီး သက်သောင့်သက်သာ ရှိစေမဲ့ မင်းကို ငါရှာတွေ့ခဲ့ပြီ"

ပါရမီရှင်ဓားသမားက တဖြည်းဖြည်း ပြာမှုန်အသွင်သို့ ပြောင်းလဲနေ၍ စကားကို ခက်ခက်ခဲခဲ ပြောနေရသည်။

သူ၏ မျက်ခုံးနှစ်ဖက်ကြားမှ နတ်အလင်းတန်း သုံးစင်းက ပိုးစုန်းကြူးများလို ဖန်ရှင်းဆီ ပျံသန်းလာသည်။

"မော်အစွမ်း မျိုးစေ့တွေလား"

ဖန်ရှင်းက အနည်းငယ် ထိတ်လန့်သွားပြီး ညာလက်ဖဝါးကို ဖြန့်လိုက်ရာ နတ်အလင်းတန်း သုံးခုက သူ့လက်ဖဝါးထဲသို့ နစ်မြုပ်သွားခဲ့သည်။

"ဒါက မင်းအတွက် ငါ့ရဲ့လက်ဆောင်ပဲ"

ပါရမီရှင်ဓားသမားက ပြာများအဖြစ်သို့ ပြောင်းလဲနေပြီ ဖြစ်သည်။

နတ်အလင်းတန်း သုံးခုက လက်ဖဝါးထဲ စိမ့်ဝင်ပြီးနောက် ရှေးဟောင်း သံတုံးတစ်တုံးက ဖန်ရှင်း၏ လက်ပေါ်တွင် ပေါ်လာခဲ့သည်။

"မင်းအချိန်တန်ရင် ဒီရှေးဟောင်းသံတုံးကို ကိုင်ပြီး ပျက်စီးခြင်း အင်မော်တယ် ဥယျာဉ်ကို သွားရမယ်.. အဲ့ဒီမှာမင်းအတွက် ကံကောင်းမှုတွေ ရှိနေတယ်"

"ဘာကြီးလဲဟ"

ဖန်ရှင်းက ရှေးဟောင်း သံတုံးကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး တအံ့တဩ ရေရွတ်လိုက်သည်။

ယင်းအချိန်တွင် ပါရမီဓားသမား၏ တစ်ကိုယ်လုံးက မှိန်ဖျော့သွားပြီး ပြာမှုန်များအဖြစ်သို့ ပြောင်းလဲနေပြီ ဖြစ်သည်။

လေပြင်းတစ်ချက်တွေ့လိုက်သည်နှင့် ထိုပြာများက ပြန့်ကျဲသွားနိုင်သည်။

"နောက်ဆုံးအနေနဲ့ မင်းကို တစ်ခုလောက် တောင်းဆိုချင်တယ်.. မင်းလက်စားချေဖို့ အင်မော်တယ် ဘုံငယ်ကို သွားတဲ့အခါ.. လူတွေကို လျော့သတ်ပေးပါ..."

ထိုစကားကို ပြောပြီးသည်နှင့် ပါရမီရှင် ဓားသမားက ပြာမှုန်များအဖြစ်သို့ ပြောင်းလဲသွားပြီး သူ၏ အသံသာ လေထဲတွင် လွင့်မျော ကျန်ရစ်ခဲ့သည်။

"ဘာမှကတိမပေးနိုင်ဘူး"

ဖန်ရှင်းက ချက်ချင်းပင် ပြန်ဖြေလိုက်သော်လည်း သူ့ရှေ့တွင်

အင်မော်တယ် ဘိုင်ယ်မှ အမွေဆက်ခံသူ ဖြစ်သည့် ပါရမီရှင်ဓားသမားက မရှိတော့ပေ။

"အကိုတော်ဖန်.. ဒီကိုလာကြည့်ပါဦး"

ဖန်ရှင်းက လက်ထဲမှ ရှေးဟောင်းသံတုံးကို အထပ်ထပ် အခါခါ လေ့လာနေသော အချိန်တွင် အဝေးက လှမ်းပြောသည့်အသံကို ကြားလိုက်ရ၍ ခေါင်းကို အလျင်စလို လှည့်ကြည့်လိုက်ရာ လုဖုန်းရှန်း.. ဝမ်ချင်း.. လီဟုန်ကျီနှင့် တခြားလူတွေကို တွေ့လိုက်ရသည်။

ကြည့်ရသည်မှာ ၎င်းတို့က အင်မော်တယ် ကွက်မျက်ခြင်း ဓားအစီအရင်ကို ချိုးဖျက်ရန် လေ့လာနေပုံရသည်။

ယင်းအချိန်တွင် ထူးဆန်းသော အခြေအနေတစ်ခု ဖြစ်ပွားလာသည်။

အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်က သူ့အလိုလို ရပ်တန့်သွားပြီး နံဘေးရှိ ကျောက်စာတိုင် ပေါ်တွင် စာလုံးများ

ထွက်ပေါ်လာသည်။

"တိုက်ခိုက်ရေးမှာ ထူးချွန်ပြီး အလျှော့မပေးတတ်တဲ့ သိုင်းနတ်ဘုရား လုဖုန်းရှန်း.. အင်မော်တယ် နန်းတော်ကို ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်"

ကျောက်စာတိုင်ပေါ်မှ စာလုံးများ ထင်ရှားစွာ ထွက်ပေါ်လာသည်နှင့် အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်က နှစ်ဖက်စလုံးသို့ ကွဲထွက်သွားပြီး မမြင်နိုင်သော စွမ်းအားတစ်ခုက လုဖုန်းရှန်းကို ကျောက်တံတား တစ်ဖက်ဆီသို့ ဆွဲငင်သွားသည်။

လုဖုန်းရှန်းက အင်မော်တယ် ကွက်မျက်ခြင်း ဓားအစီအရင်ကို ချိုးဖြတ်ရန် မလိုအပ်ဘဲ တိုက်ရိုက် ခေါ်ဆောင်ခြင်း ခံခဲ့ရသည်။

ထိုမြင်ကွင်းကိုမြင်လျှင် ကျင့်ကြံသူများက အံ့အားသင့် မှင်တက်သွားကြသည်။

"အနောက်ကန္တာရ သမီးတော် ဝမ်ချင်း.. သူမက မာနကြီးတဲ့သူ ဖြစ်ပေမဲ့ အရည်အချင်းက ထူးခြားတယ်.. အင်မော်တယ်

နန်းတော်ကို ဝင်ရောက်ပြီး ကံကြမ္မာကို သိမ်းပိုက်ဖို့ ဖိတ်ခေါ်ပါတယ်"

"နတ်ဘုရားကုန်းမြေ မြောက်ပိုင်းက စုန့်ကွေးချန်က နည်းစနစ်ပေါင်းများစွာကို နှံ့စပ်ပြီး ထူးခြားတဲ့ အရည်အချင်းရှိတယ်.. အင်မော်တယ် နန်းတော်ကို ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်"

"နတ်ဆိုးသားရဲသွေးကို ပိုင်ဆိုင်ပြီး ပြိုင်ဘက်ကင်း ခွန်အားကို ပိုင်ဆိုင်တဲ့ မျောက်ဝံဘုရင်ကိုလည်း အင်မော်တယ် နန်းတော်ကို ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်"

"တောင်ပိုင်းကန္တာရက ဟန်မျိုးနွယ်စုရဲ့ သားတော် ဟန်ကျာကျီ.. ရဲရင့်ထက်မြက်ပြီး ခိုင်ကျည်တဲ့ နှလုံးသားကို ပိုင်ဆိုင်တဲ့အတွက် အင်မော်တယ် နန်းတော်က ဖိတ်ခေါ်ပါတယ်"

"......"

"......"

"အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ကို လုံးဝ ချိုးဖြတ်ဖို့ မလိုဘူးပဲ.. ကံကြမ္မာက ထိုက်တန်တဲ့သူတွေကို အစကတည်းက ရွေးချယ်ထားပုံရတယ်"

တချို့သော ကျင့်ကြံသူများက အံ့အားသင့်စွာ ရေရွတ်လိုက်ကြသည်။

ဤကံကြမ္မာက လောက၌ အကြီးမြတ်ဆုံး ကံကြမ္မာ ဖြစ်သည်ကို လူတိုင်း သိထားကြသည်။

သူတို့ မသိခဲ့သည့်အချက်က ကျောက်တိုင်ပေါ်မှ စာက ကျောက်တိုင် မျက်နှာပြင်ပေါ်တွင်သာ မကဘဲ ကောင်းကင်ပြင်တွင်ပါ ထင်ရှားနေခြင်းပင်။

နတ်ဘုရားဘုရင် သုံးပါး အပြင် ၎င်းတို့နှင့် တိုက်ပွဲဝင်နေသော ထျန်းယွမ်တိုက်၏ ကျင့်ကြံသူ အားလုံးက ကောင်းကင်ပေါ်မှ စာလုံးများကို မြင်လျှင် တုန်လှုပ်သွားကြသည်။

"သူတို့ကို ရပ်တန့်မှဖြစ်မယ်.."

နတ်ဘုရားဘုရင်သုံးပါးက သန့်စင်သော ပြည်နယ်သို့ အလျင်အမြန် ပြေးသွားရန် ပြင်လိုက်ရာ ကျင့်ကြံသူများက ၎င်းတို့ကို တားဆီးရန် အစွမ်းကုန် ကြိုးစားလိုက်ကြသည်။

"အနှစ်သုံးရာတောင် လိုသေးတာ ဘယ်လိုဖြစ်လို့ ရွေးချယ်မှု စတင်လိုက်တာလဲ"

ယင်းအချိန်တွင် ရှန်းရှောင်နန်းတော်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ အနက်ရောင် အရိပ်တစ်ခုက ကောင်းကင်ပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ပြီး သန့်စင်သော ပြည်နယ်ဆီသို့ တည့်မတ်စွာ ပြေးသွားလိုက်သည်။

"ဒါက ထာဝရနတ်ဘုရား မဟုတ်လား"

ဤကိစ္စကို ထာဝရနတ်ဘုရားက ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ရန် ဆုံးဖြတ်လိုက်ပုံရသည်။

အပိုင်း(၁၉၂၀) ပြီး၏

အပိုင်း(၁၂၂၁) တစ်စုံတစ်ယောက်ကဖျက်သွားတယ်

ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများ၏ နာမည်များကို ကျောက်စာတိုင်က ဖော်ပြပြီးသည်နှင့် မျက်စိဖြင့် မမြင်နိုင်သော အင်မော်တယ် စွမ်းအား တစ်ခုက ၎င်းတို့ကို ဆွဲငင်သွားခဲ့သည်။

"ဒါက တကယ့်ကံကြမ္မာပဲ"

အင်မော်တယ် နန်းတော်သို့ ဝင်ရောက်နိုင်လျှင် ခြေတစ်လှမ်းထဲဖြင့် အင်မော်တယ် ဖြစ်လာနိုင်သောကြောင့် ချက်ချင်းပင်အားလုံးက

လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"အိုး..ဒီလောက် ကြီးကျယ်တဲ့ ကံကြမ္မာမှာ သခင်ရွှေရဲ့ဝေစုလည်း ပါမှာ သေချာတယ်"

ရွှေကျီးကန်းက စိတ်အားတက်ကြွစွာ ပြေးတက်လာရာ အင်မော်တယ်စွမ်းအား တစ်ခုက တံတားတစ်ဖက်ဆီသို့ ဆွဲငင်သွားခဲ့သည်။

"ဒီတံတားက တကယ်ပဲ ဒဏ္ဍာရီလာ ရင်ရှန်း တံတားဆိုရင် ဒီနေရာက ရှေးဟောင်းကမ္ဘာရဲ့ အချက်အချာကျတဲ့ နေရာများ ဖြစ်နေမလား"

ဗုဒ္ဓရှန်းလျူက ယခုအချိန်တွင် အနည်းငယ် စိတ်လှုပ်ရှားနေပုံရသည်။

သူ၏အမူအရာက လေးနက်နေသော်လည်း တစ်စုံတစ်ရာကို တွေးတောနေမှန်း သိသာ ထင်ရှားနေသည်။

"ရှေးမှတ်တမ်းတွေအရ ရင်ရှန်း တံတားကို ဖြတ်သန်းပြီး ပျောက်ဆုံးသွားတဲ့ အနောက်ကောင်းကင်ဘုံကို ရှာတွေ့ဖို့

မျှော်လင့်ရတာပဲ"

သူက စိတ်ကူးရုံသာ ရှိသေးသည်.. အင်မော်တယ် စွမ်းအားကတံတားတစ်ဖက်ဆီသို့ သူ့ကို ဆွဲယူသွားခဲ့သည်။

အင်မော်တယ် နန်းတော်သို့ ဝင်ရောက်ခြင်းက မျှော်လင့်ထားသည်ထက်ပင် များစွာ လွယ်ကူနေသည်။

ယင်းက ၎င်းတို့ စိတ်ကူးထားတာထက်ပင် ကျော်လွန်နေသည်ဟု ဆိုရမည်။

မြေခွေးမင်းသမီး ချိုးရှန်းကျီ.. ရေနက်နန်းတော် သခင်လေးဝူဖန့်နှင့် အခြားသူများပင် ကျောက်စာတိုင်၏ စာရင်းထဲတွင်ပါဝင်နေသည်။

အင်မော်တယ် စွမ်းအားက ၎င်းတို့ကို ဆွဲယူ၍ အင်မော်တယ်ကွပ်မျက်ခြင်း ဓားအစီအရင်ကို ကျော်ဖြတ်ကာ တံတားတစ်ဖက်ကမ်းဆီသို့ ပို့ဆောင်ပေးခဲ့သည်။

ယင်းသို့ အားလုံး ပျော်ရွှင်စွာ စိတ်လှုပ်ရှားနေသော အချိန်တွင်အဝေးမှ ပြင်းထန်သော ဖိအားတစ်ခုကို ဖန်ရှင်းက ခံစားမိလိုက်သည်။

ထိုဖိအားက အသိစိတ်ကိုပင် ဆုံးရှုံးသွားစေနိုင်လောက်သည့်ဖိအား တစ်ခုဆိုလည်း မမှားပေ။

"ဒီလိုဖိအားမျိုး.. ထာဝရ နတ်ဘုရားကိုယ်တိုင် ဒီကို ရောက်လာတာများ ဖြစ်နေမလား"

ယင်းအခိုက်အတန့်တွင် ဖန်ရှင်း၏ အနားတွင် ရပ်နေသော ရှောင်ရွှယ်က အထိတ်တလန့် အမူအရာဖြင့် အရှေ့အရပ်ကို ကြည့်လိုက်ရာ ဖန်ရှင်းကလည်း သူမ ကြည့်သည့် နေရာသို့ လှမ်းကြည့်လိုက်သည်။

အရှေ့အရပ်တွင် ပြင်းထန်သော အော်ရာသုံးခု ရှိနေသည်။

ယခုအော်ရာက ထိုအော်ရာများထက် ပို၍ကြောက်စရာကောင်းပြီး သူနှင့် ရှောင်ရွှယ်၏ ဝိညာဥ်အပေါ် ဖိအားပေးနေသလို

ခံစားရစေသည်။

အော်ရာကို တွက်ဆ၍ မှန်းကြည့်လျှင် ထိုလူ၏ ကျင့်ကြံမှုက ၎င်းတို့ မထင်မှတ်ထားလောက်သည် အထိ မြင့်မားနေသည်။

"အင်မော်တယ် နန်းတော်ကို ဝင်ရတော့မယ်ထင်တယ်.. တကယ်လို့ အခုရောက်လာတာက ထာဝရ နတ်ဘုရား ဖြစ်နေရင် ဘယ်သူမှ ငါတို့ကို မကာကွယ်နိုင်မှာ ငါကြောက်မိတယ်.. အင်မော်တယ် နန်းတော်ထဲဝင်မှ ငါ့ရဲ့အသက်ကို ကယ်တင်နိုင်လိမ့်မယ်"

ဖန်ရှင်းက ထိုသို့ တွေးမိပြီး ပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်သည်။

ဤလူများကြားတွင် သူတစ်ယောက်သာ ထာဝရနတ်ဘုရားကို အနီးကပ် မြင်ဖူးသဖြင့် ထာဝရနတ်ဘုရား၏ စွမ်းအားကို အားလုံးထက် နားလည်သူ တစ်ဦးဆိုလည်း မမှားချေ။

သူ၏လက်ရှိ ကျင့်ကြံမှုအရ နတ်ဘုရား ဘုရင်များကိုပင် မယှဉ်နိုင်ရာ ထာဝရနတ်ဘုရား ဆိုလျှင် တိုက်ရိုက် ထွက်ပြေးတာက

ပိုကောင်းသည် မဟုတ်ပါလား။

သူတော်စင်ကဲ့သို့ အစွမ်းထက်သော ကျင့်ကြံသူများရောက်လာလျှင်ပင် ထာဝရနတ်ဘုရား လက်ထဲမှ သူ့အသက်ကို ကယ်တင်နိုင်မည် မဟုတ်ဟု သူက ခန့်မှန်းမိသည်။

"ငါက နတ်ဆိုးမှော်ပညာကို ကျင့်ကြံလိုက်ပြီဆိုတော့ ဒီအင်မော်တယ် နန်းတော်က ငါ့ကို လက်ခံပါ့မလား မသိဘူး.."

ရှောင်ရှယ်က လေးနက်သော အမူအရာဖြင့် သက်ပြင်းချ၍ ရေရွတ်နေစဉ်မှာပင် ကျောက်စာတိုင်ပေါ်၌ စာများထွက်ပေါ်လာသည်။

"ရှောင်မျိုးနွယ်စုက ရှောင်ရှယ်.. ဆင်းရဲမှု အမျိုးမျိုးကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်နိုင်ခဲ့တယ်.. အင်မော်တယ် နန်းတော်က ဖိတ်ခေါ်ပါတယ်"

ကျောက်စာတိုင်ပေါ်တွင် စာပေါ်လာသည်နှင့် နတ်အလင်းတန်းတစ်ခုက ရှောင်ရှယ်ကို ချက်ချင်းပင်

ဆွဲခေါ်သွားသည်။

"ဒီစာရင်းထဲမှာ ငါလည်း ပါနေတယ်လား"

ရှောင်ရှယ်က သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

သူမက အနည်းငယ် အံ့အားသင့်သွားသည်မှာ သိသာထင်ရှားနေသော်လည်း သူမ၏မျက်နှာပေါ်တွင် ရှင်ပြသော အမူအရာတော့ ရှိမနေချေ။

"မောင်လေးဖန်.. မြန်မြန်လာ"

"ဓားပြလေး.. မြန်မြန်လာလေ"

"လာခဲ့ပါ အကိုတော်.. ပျောက်ဆုံးနေတဲ့ အနောက်ကောင်းကင်ဘုံကို ရှာဖွေဖို့ ကျနော်နဲ့အတူ လိုက်ခဲ့ပါ"

"......"

မြေအောက်နန်းတော် ကမ္ဘာတွင် ပွဲတော်ကြီးတစ်ခုလို ဖြစ်နေသည်။

ရှောင်ရွှယ်.. လုဖုန်းရှန်းတို့အပြင် ဖုန်းထျန်းမဟာမိတ်မှ ကျင့်ကြံသူများကလည်း အင်မော်တယ် နန်းတော်သို့ ဝင်ရောက်ခွင့် ရခဲ့ကြသည်။

ဖန်ရှင်းက ထိုမြင်ကွင်းကို ကြည့်ကာ စိတ်လှုပ်ရှားနေသည်။

ရင်ရှန်း တံတားပေါ်မှ ဖြတ်သန်းသွားသူတိုင်းက ဖန်ရှင်းကို နှုတ်ဆက်နေကြသည်။

"အမရှောင်ရွှယ်လည်း ဝင်ခွင့်ရခဲ့တယ် ဆိုတော့ တော်သေးတာပေါ့"

ဖန်ရှင်းက သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

အင်မော်တယ် နန်းတော်သို့ ရှောင်ရှယ် မဝင်နိုင်မည်ကို စိုးရိမ်နေခဲ့သော်လည်း ထိုကိစ္စက အဆင်ပြေသွားသောကြောင့် ဖန်ရှင်းက စိုးရိမ်စိတ် ပျောက်သွားပြီး အော်ဟစ် ရယ်မောလိုက်သည်။

"ဟားဟား.. ငါသခင်လေးလည်း လာပြီ"

စကားဆုံးသည်နှင့် သူ၏ ဝိညာဥ် အတွေးတစ်စကို အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ထဲသို့ ထည့်လိုက်သည်။

"ဝုန်း"

ကျောက်စာတိုင်ပေါ်မှ အလင်းရောင်က စူးရှစွာ တောက်ပလာပြီး ရှောင်ရှယ်ကြောင့် ဖြစ်ပေါ်လာသော တုံ့ပြန်မှုထက်ပင် ပိုမိုပြင်းထန်နေသည်။

"ဓားပြလေးရဲ့ ကံကြမ္မာက ငါတို့ထက် အားကောင်းနေပုံပဲ.. "

ရှောင်ရှယ်.. လုဖုန်းရှန်းနှင့် ဖုန်းထျန်းမဟာမိတ်မှ ကျင့်ကြံသူများက တုန်လှုပ်ချောက်ခြားသွားပြီး မျက်နှာတစ်ခုလုံး ဖြူဖျော့သွားသည်။

ကျောက်စာတိုင်ပေါ်ရှိ အလင်းတန်းက ခွန်အားနှင့် ကံကြမ္မာကိုကိုယ်စားပြုနေသည်။

ဝူဖန့်နှင် ချိုးရှန်းကျီတို့ အလှည့်တွင် မှိန်ဖျော့ဖျော့သာ လင်းခဲ့သော်လည်း ရှောင်ရှယ်.. လုဖုန်းရှန်းနှင့် ရွှေကျီးကန်းတို့ အလှည့်တွင် နတ်အလင်းတန်းက ပို၍ပြင်းထန်စွာ တုံ့ပြန်ခဲ့သည်။

အထူးသဖြင့် အစစ်အမှန် အင်မော်တယ်နီးပါး အစွမ်းထက်နေသော ရှောင်ရှယ်၏ အလှည့်တွင် ကျောက်စာတိုင်က သိသိသာသာပင် ထူးကဲစွာ တုံ့ပြန်ခဲ့သည်။

ယခုဖန်ရှင်း၏ အလှည့်တွင်လည်း ကျောက်စာတိုင်၏ တုံ့ပြန်မှုကို ကြည့်လိုက်လျှင် ၎င်းတို့ အားလုံးထက် ပြင်းထန်နေကြောင်း ထင်ရှားနေသည်။

"ငါ့ကို အတော် သဘောကျနေပုံရတယ်.. "

ဖန်ရှင်းက ရွှင်မြူးသော လေသံဖြင့် ရေရွတ်လိုက်သည်။

ကျောက်စာတိုင်ကို ကြည့်ရင်း သူ၏ မျက်လုံးများက တောက်ပလာသည်။

သို့ရာတွင် အချိန်ခဏကြာသည် အထိ အင်မော်တယ် စွမ်းအားက သူ့ကို တံတားတစ်ဖက်သို့ မဆွဲယူခဲ့သလို ကျောက်စာတိုင်ပေါ်တွင်လည်း သူနှင့်သက်ဆိုင်သည့် စာသားများ မပေါ်ခဲ့ချေ။

အစောပိုင်းက ကျောက်စာတိုင်ပေါ်တွင် ထွက်ပေါ်နေသည့် အလင်းရောင်ကလည်း ပြန်လည်မှိန်ဖျော့ကာ နဂို အခြေအနေသို့ ပြန်လည် ရောက်ရှိသွားသည်။

ဖန်ရှင်းက စိတ်နှလုံး တုန်လှုပ်သွားပြီး ဆိုးရွားသော ခံစားချက် တစ်ခုကို ရရှိခဲ့သည်။

"ဘာဖြစ်တာလဲ "

ဖုန်းထျန်း မဟာမိတ်အဖွဲ့မှ ကျင့်ကြံသူများက တုန်လှုပ်သွားပြီး မရေမတွက်နိုင်သော မျက်လုံးများက ဖန်ရှင်းကို ကြည့်နေကြသည်။

ယင်းအချိန်တွင် ၎င်းတို့နှင့် သိပ်မဝေးတော့သည့် အကွာအဝေးသို့ မထင်မှတ်လောက်အောင် အားကောင်းသည့် အော်ရာက ရောက်ရှိလာပြီ ဖြစ်သည်။

"ချီးထဲမှပဲ…ထာဝရနတ်ဘုရားက သိပ်မကြာခင် ရောက်လာတော့မှာ.. ငါအင်မော်တယ် နန်းတော်ထဲ အမြန်ဆုံး ဝင်ဖို့လိုအပ်နေပြီ"

ဖန်ရှင်းက အင်မော်တယ် ကွပ်မျက်ရေး ဓားအစီအရင်ဆီသို့ ချဉ်းကပ်လိုက်ရာ ရုတ်တရက် ဓားစွမ်းအင်များ ထွက်ပေါ်လာပြီး မရေမတွက်နိုင်သော အင်မော်တယ်ဓားများက သူ့ကိုတိုက်ရိုက် ချိန်ရွယ်ထားသည်ကို အံ့သြဖွယ် မြင်လိုက်ရသည်။

"အာ"

ဖန်ရှင်းက အတော်လေး ထိတ်လန့်သွားပြီး နောက်သို့ ကပျာကယာ ခုန်ဆုတ်လိုက်ရသည်။

"ငါကျတော့ ဘာလို့ ဝင်ခွင့်မပေးတာလဲ"

လူတိုင်းက အလွယ်တကူပင် ဖြတ်သန်းနိုင်သော်လည်း သူ့အလှည့်ကျမှ အထူးအဆန်း ဖြစ်နေသည်။

အကုန်လုံး လိုလို ဝင်ရောက်ခွင့်ရပြီး သူကျမှ တားဆီးခံနေရသောကြောင့် ဖန်ရှင်းက ရှက်ရွံ့ကာ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ဘာဖြစ်တာလဲ.. ဓားပြလေးက ဘာလို့ ဝင်မရတာလဲ"

"မောင်လေးဖန်.. နင်အဆင်ပြေရဲ့လား"

တံတားတစ်ဖက်သို့ ရောက်သွားသူများက ဖန်ရှင်း၏ အခြေအနေကို သတိပြုမိကာ စိုးရိမ်တကြီး အော်ဟစ်နေကြသည်။

လက်ရှိအချိန်တွင် ဖန်ရှင်းက တကယ်ကို ဒေါသထွက်နေသည်။

တစ်ဖက်တွင်လည်း ထာဝရနတ်ဘုရားက ရောက်လာတော့မည် ဖြစ်သည်။

သို့ရာတွင် သူက တံတားတစ်ဖက်ဆီသို့ ယခုထိ မရောက်နိုင်သေးချေ။

"ကုသိုလ်ကောင်းမှု ကြီးကြီးမားမားကို ပြုလုပ်ထားသူ.. အရည်အချင်း မြင့်မားတဲ့သူနဲ့ ထျန်းယွမ်တိုက်ရဲ့ အကျိုးကို သယ်ပိုးတဲ့ သူများသာ အင်မော်တယ် နန်းတော်ကို ဝင်ရောက်နိုင်မယ်.. ဒီလိုမှမဟုတ်ဘဲ အတင်းအကျပ်ဝင်ရင် အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်အောက်မှာ

သေဆုံးရလိမ့်မယ်"

ရုတ်တရက် ကျောက်စာတိုင်ပေါ်တွင် စာလုံးများ ပေါ်ပေါက်လာသည်။

"နင့်မေသောက်ဖုတ်"

ဖန်ရှင်းက ကျောက်တိုင်ပေါ်မှ စာများကိုမြင်လျှင် ဒေါသများ ထိန်းမနိုင်သိမ်းမရ ဖြစ်လာပြီး ဒေါသအိုး ပေါက်ကွဲလာသည်။

"ဒါဆို မင်းက ဘာလို့ ငါ့ကိုပေးမဝင်တာလဲ.. ငါက ထျန်းယွမ်တိုက်ကို မကူညီခဲ့ဘူးလား.. ငါသာ မတားထားရင် ဒီအင်မော်တယ်နန်းတော်က နတ်ဘုရားနန်းတော်ရဲ့ လက်ထဲ ပါသွားတာကြာပြီ.."

ဖန်ရှင်းက ဤအင်မော်တယ် နန်းတော်သို့ သူဘာကြောင့် ဝင်ရောက်ခွင့် မရသည်ကို နားမလည်နိုင် ဖြစ်နေသည်။

သူက ဘယ်ဘက်ကပဲ ကြည့်ကြည့် ဤနေရာကိုဝင်ဖို့ အရည်အချင်း

ရှိနေသည် မဟုတ်ပါလား။

သို့ရာတွင် ကျောက်စာတိုင်က သူ၏ စိတ်နှလုံးထဲမှ မေးခွန်းများကို စာတစ်ကြောင်းထဲဖြင့် ရှင်းရှင်းလင်းလင်း ဖြေကြားခဲ့သည်။

"အင်မော်တယ်နန်းတော်ထဲ ဝင်ချင်ရင် ကျန်းပူတိုက်ရဲ့ လျှို့ဝှက်ဆန်းကြယ် နယ်မြေမှာတုန်းက ထွက်ပေါ်လာတဲ့ ကျောက်စာတိုင်မှာ မင်းရဲ့ နာမည်ပါမှရမယ်"

"ကျန်းပူတိုက်ရဲ့ စာရင်းမှာ ငါ့နာမည် မပါဘူးဆိုတာ ဖြစ်နိုင်မလား"

ဖန်ရှင်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"အရင်က မင်းနာမည် ရှိခဲ့ပေမယ့် တစ်စုံတစ်ယောက်က ဖျက်သွားတယ်လေ"

အပိုင်း(၁၂၂၁) ပြီး၏

အပိုင်း(၁၂၂၂) ရှုးသွပ်နေသောမိန်းမ

"ငါ့နာမည်ကို ဘယ်သူက ဖျက်လိုက်တာလဲ"

ဖန်ရှင်း၏ ရင်ထဲ၌ မည်သို့ ခံစားနေရသည်ကို ရှင်းပြရန်ပင် ခက်ခဲနေသည်။

မည်သည့်စာရင်းပဲ ဖြစ်နေပါစေ.. ထျန်းယွမ်တိုက်နှင့် ပတ်သက်သည့် အကြောင်းအရာ ဖြစ်နေသ၍ သူက ဤစာရင်းထဲ ကျိန်းသေ ရှိသင့်သည်။

သူ၏ အနာဂတ် အလားအလာက အကန့်အသတ်မဲ့ဟုပင် ဆိုနိုင်ပြီး ကျင့်ကြံမှုနှင့် အရည်အချင်းကို အကြိမ်ကြိမ် သက်သေ ပြခဲ့ပြီးပြီ ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သာ အင်မော်တယ် နန်းတော်သို့ဝင်ရောက်ခွင့် ရမည်ဆိုလျှင် ထိုတစ်စုံတစ်ယောက်က

သူသာ ဖြစ်သင့်သည် မဟုတ်ပါလား။

လက်ရှိအချိန်တွင် မည်သူက ကျောက်စာတိုင်ပေါ်မှ သူ့နာမည်ကို ဖျက်သွားလည်း စဉ်းစားနေရန် အချိန်မရှိပေ။

သူက အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ကို ဖြတ်သန်းရန် တတ်နိုင်သမျှ ကြိုးစားခဲ့ပြီးပြီ ဖြစ်သည်။

ထာဝရနတ်ဘုရား ရောက်မလာခင်မှာပင် သူက ထျန်းယွမ်တိုက်၏ စာရင်းထဲမှ စွန့်ပယ်ခံရသူ ဖြစ်လာသည်။

ယင်းအချိန်တွင် သန့်စင်သောပြည်နယ်၏ အစွန်း၌ ကြေကွဲဖွယ် အသတ်ခံနေရသည့် မြင်ကွင်းတစ်ခု ရှိနေသည်။

ပိုင်ချန်းကျောင်း.. နတ်ဆိုးသားရဲဘုရင်တို့ ဦးဆောင်သည့် ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများက နတ်ဘုရားဘုရင် သုံးပါး၏ လက်ချက်အောက်တွင် ဖရိုဖရဲ ဖြစ်နေသည်။

အမွေးတစ်တိုင်စာ အချိန်အတွင်းမှာပင် ကျင့်ကြံသူ အတော်များများက အသတ်ခံခဲ့ရသည်။

ထူးခြားသည်မှာ ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများက နတ်ဘုရားဘုရင် သုံးပါးကို မကြောက်မရွံ့ တိုက်ခိုက်နေခြင်းပင်။

ထျန်းယွမ်တိုက်မှ ဒိတ်ဒိတ်ကြဲ ကျင့်ကြံသူများက အသေခံတိုက်ခိုက်နေကြသဖြင့် နတ်ဘုရားဘုရင် သုံးပါးက တခဏအတွင်း မကျော်ဖြတ်နိုင်ခဲ့ပေ။

ထို့ကြောင့် ၎င်းတို့ကို သတ်၍ သူတို့၏ ဒေါသကို ပြေလျော့စေခဲ့သည်။

"ငါတို့ သေသွားရင်တောင် သူတို့ကို တားရမယ်.. ကောင်းကင်နဲ့ မြေကြီးမှာ နှလုံးသားရှိတယ်.. သေရင်တောင် နောင်တမရဘဲ သေချင်တယ်"

ကျင့်ကြံသူများက စိတ်ဆန္ဒခိုင်မာစွာဖြင့် တိုက်ခိုက်နေကြသည်။

နတ်ဘုရားဘုရင်သုံးပါးက ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်နေသော်လည်း နောက်မဆုတ်တမ်း ခုခံခဲ့ကြသည်။

မိုးက သည်းထန်စွာ ရွာသွန်းလာပြီး တိုက်ပွဲစစ်မြေပြင်မှ သွေးများက မိုင်သန်းပေါင်းများစွာ ရှည်လျားသော ပင်လယ်ထဲကိုမိုးရေနှင့် အတူ စီးဝင်သွားသည်။

ပင်လယ်ပြင်တစ်ခုလုံးက သွေးနီရောင်သန်းလာပြီး ပင်လယ် သတ္တဝါ အတော်များများက ထိုသွေးများကို မျိုချမိခဲ့ကြသည်။

ထိုသွေးများက အစွမ်းထက် ကျင့်ကြံသူများထံမှ ဖြစ်သောကြောင့် မှော်အစွမ်းများ ပြည့်ဝစွာ ပါဝင်နေရာ ထိုသွေးကို မျိုချမိသည့် တချို့သော ပင်လယ်သတ္တဝါများက ခန္ဓာကိုယ် ပေါက်ကွဲ၍ သေဆုံးသွားပြီး တချို့ကမူ ဗီဇများ ဖွံ့ဖြိုးကာ လျင်မြန်စွာ ဆင့်ကဲ ပြောင်းလဲလာကြသည်။

သန့်စင်သောပြည်နယ်မှ အခြေအနေကြောင့် နတ်ဘုရား ဘုရင်သုံးပါး၏ တိုက်ခိုက်မှုက ရပ်တန့်သွားသဖြင့် ပိုင်ချန်းကျောင်း

ဦးဆောင်သည့် ကျင့်ကြံသူများကလည်း တိုက်ခိုက်မှုကို ခေတ္တ ရပ်တန့်လိုက်သည်။

ကောင်းကင်ပေါ်မှ စာသားများက အဆုံးမဲ့ စိတ်ပျက်အားငယ်နေသော ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ပင် ဖြစ်သည် မဟုတ်ပါလား။

ယင်းအချိန်မှာပင် အနက်ရောင်ဝတ် လူရိပ်တစ်ခုက သန့်စင်သော ပြည်နယ်ကို ဖော်မပြနိုင်သော အရှိန်အဟုန်ဖြင့် ပျံသန်းသွားသည်ကို အားလုံးက သတိထားမိလိုက်သည်။

ထိုအနက်ရောင်ဝတ် လူရိပ်၏ အော်ရာကို ခံစားမိလျှင် ကျင့်ကြံသူ အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။

"ဒီတစ်ခေါက် ထာဝရနတ်ဘုရား ကိုယ်တိုင် လှုပ်ရှားတော့မှာလား"

"ထာဝရနတ်ဘုရား ကိုယ်တိုင် လှုပ်ရှားမှတော့ ဘယ်သူက တားဆီးနိုင်တော့မှာလဲ"

"ဘယ်သူက သူ့ရဲ့နာမည်ကို ဖျက်လိုက်တာလဲ.. ဘာလို့ဒီလိုလုပ်တာလဲ"

အလွန် ဒေါသ ထွက်နေသော အသံတစ်သံက ထွက်ပေါ်လာသည်။

နတ်အလင်းတန်းများနှင့် အတူ ငယ်ရွယ်သော အမျိုးသမီး တစ်ဦးက ရောက်ရှိလာသည်။

ထိုအမျိုးသမီးက အလွန်တရာ ချောမောလှပပြီး မျက်ခုံးနှစ်ဖက်ကြားတွင် ကြာပန်းပုံ အမှတ်အသား ရှိနေသည်။

သူမ၏ အမူအရာကို ကြည့်၍ သူမက အကြီးအကျယ် ဒေါသပုန်ထနေမှန်း ထင်ရှားနေသည်။

"နင်ဘာဖြစ်လို့ သူ့နာမည်ကို ဖျက်လိုက်တာလဲ.. နင်သူ့ကို ဒုက္ခမပေးရဘူး.. ငါသူ့ကို နင့်လက်ထဲကနေ ရအောင် ကယ်တင်မယ်"

ကြာပန်းပုံ အမှတ်အသား ရှိသည့် အမျိုးသမီးက အနက်ရောင်ဝတ်စုံနှင့်လူကို ကြုံးဝါးလိုက်သည်။

ထိုအမျိုးသမီးမှာ တခြားသူမဟုတ်ပေ.. ကြာပန်းမိန်းကလေးပင် ဖြစ်သည်။

သူမ၏ ကိုယ်ပွားတစ်ခုက ထျန်းယွမ်တိုက်ကြီးတွင် ကျန်ရှိနေခဲ့သည်။

ထိုထက်ပို၍ အံ့ဩဖို့ ကောင်းနေသည်မှာ သူမ ကြိမ်းမောင်းနေသည့် အနက်ရောင် ဝတ်စုံဝတ်လူက ထာဝရနတ်ဘုရား ဖြစ်နေခြင်းပင်။

"ငါ့ရှေ့ကနေ ဖယ်စမ်း"

အနက်ရောင်ဝတ်စုံဝတ် ထာဝရနတ်ဘုရားက ကြာပန်းမိန်းကလေးကိုမြင်လျှင် လက်ဝှေ့ရမ်း၍

တိုက်ခိုက်လိုက်သည်။

သို့ရာတွင် ကြာပန်း မိန်းကလေးက အရောင်အသွေးတောက်ပသော ကြာပန်းတစ်ပွင့်ကို ဖန်တီး၍ ထာဝရနတ်ဘုရား၏ တိုက်ခိုက်မှုကို ခုခံလိုက်သည်။

"နင့်လိုအစေခံကများ ငါ့ကိစ္စကို အနှောင့်အယှက် ပေးရဲတယ်လား"

ကြာပန်းမိန်းကလေးက ထာဝရနတ်ဘုရားကို ခပ်တိုးတိုး ပြောလိုက်သည်။

"ငါဘယ်သူလဲဆိုတာ နင်သိနေတာလား"

ထာဝရနတ်ဘုရားက ကြာပန်းမိန်းကလေး၏ စကားကြောင့် ထိတ်လန့်သွားပုံရသည်။

သူမက ဓားကဲ့သို့ ထက်မြက်သော မျက်လုံးများဖြင့် မီတာတစ်ရာ အကွာအဝေးတွင် ရှိသည့် ကြာပန်းမိန်းကလေးကို

အကဲခတ်လိုက်သည်။

ထိုသို့ ကြည့်ရင်း သူမ၏ မျက်လုံးအရောင်က တဖြည်းဖြည်းပြောင်းလဲလာသည်။

သူမက အနည်းငယ် အံ့အားသင့်သွားပြီး သက်ပြင်းချကာ လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"နင် ကပ်ဆိုးကြီးမှာ မသေလိုက်ဘူးကိုး"

"ငါတကယ်သေခဲ့တယ်.. ဒါပေမဲ့ ငါ့အဖေက ငါအသက် ဆက်လက်ရှင်သန်ဖို့ အကူအညီ ပေးခဲ့တယ်လေ"

ကြာပန်းမိန်းကလေးက ခပ်တိုးတိုးလေး ပြောလိုက်သည်။

ထို့နောက် သူမက ထာဝရနတ်ဘုရားကို ကြည့်လိုက်ပြီး

"နင်နောက်ဆုတ်လိုက်တော့"

ဟု ဖျောင်းဖြလိုက်သည်။

"ငါက ဘာလို့ နောက်ဆုတ်ရမှာလဲ.. ငါသွားမဲ့လမ်းကို ဘယ်သူမှ တားခွင့်မရှိဘူး"

ထာဝရနတ်ဘုရားက သတ်ဖြတ်လိုသော လေသံဖြင့် အေးစက်စက် ပြောလိုက်သည်။

"နင်..."

ထာဝရနတ်ဘုရား၏ စကားကြောင့် ကြာပန်းမိန်းကလေးက ရုတ်တရက် ဘာပြန်ပြောရမှန်း မသိတော့ချေ။

ခဏမျှ ငြိမ်သက်သွားပြီးမှ သူမက အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"မင်းဒါကို တကယ်လုပ်ချင်တာလား"

"ငါ့ရဲ့ရည်ရွယ်ချက်က အင်မော်တယ်ကမ္ဘာကြီးကို လက်စားချေဖို့ပဲ.. ငါ့ရဲ့ရည်ရွယ်ချက်ကို ဘယ်တော့မှ မဖုံးကွယ်ခဲ့သလို ငါ့ကို ရန်ပြုမှာကိုလည်း မကြောက်ရွံ့ခဲ့ဘူး.. နင့်ရဲ့ ကိုယ်ပွားခန္ဓာကိုယ်က မူလခန္ဓာကိုယ်နဲ့ ယှဉ်ရင် ဆယ်ပုံတစ်ပုံလောက်ပဲ အစွမ်းထက်တယ် ဆိုတာ ငါသိထားတယ်.. ဒါပေမဲ့ ငါ့ရဲ့လူသားအသွင် ခန္ဓာကိုယ်ကတော့ ၃၀ ရာခိုင်နှုန်းလောက် အစွမ်းရှိနေတဲ့ အတွက် လက်လေး တစ်ချက် လှုပ်ရှားလိုက်ရုံနဲ့ နင့်ကို ပျောက်ကွယ်သွားအောင် လုပ်နိုင်တယ် ဆိုတာကိုတော့ နင်သိထားသင့်တယ်"

ထာဝရနတ်ဘုရားက ကြာပန်းမိန်းကလေးကို ရက်စက်လိုသော လေသံဖြင့် ပြောလိုက်သည်။

"နင်ငါ့ကို ခြိမ်းခြောက်ရဲတယ်"

ထာဝရနတ်ဘုရား၏ စကားကိုကြားလျှင် ကြာပန်းမိန်းကလေးက

စိတ်ဆိုးလာပြီး

"နင်ရှူးနေလား.. နင်တကယ်ပဲ အင်မော်တယ် ကမ္ဘာကြီးကို ဆန့်ကျင်နိုင်လို့လား.. လက်ရှိ နင့်ရဲ့လုပ်ရပ်တွေက ကိုယ့်သေတွင်းကိုယ်တူး နေသလိုပဲ ဆိုတာ မင်းသိသင့်တယ်.. နတ်ဘုရားသတ္တဝါတွေကို အသုံးချပြီး ထျန်းယွမ်တိုက်ကို ကျူးကျော်နေတဲ့ လုပ်ရပ်ကို ရပ်တန့်လိုက်တော့.. နင့်ရဲ့ရည်မှန်းချက်က အရမ်း ကြီးလွန်းနေတယ်.. ဒါက နင့်ကို အနေးနဲ့အမြန် သေဆုံးစေလိမ့်မယ်.. နင်အရူးထ မနေနဲ့တော့"

"ဟက်.. ငါက ရူးနေတာပဲလေ.. ငါ့ကို နင်သတိပေးစရာ မလိုပါဘူး.. ငါအရာအားလုံးကို ဆုံးရှုံးခဲ့ရပြီးပြီ.. ဒီထက် ဆုံးရှုံးစရာ ဘာမှ မရှိတော့ဘူး.. ငါ့သဘောထားကို နင်လည်း နားလည်နေ ပြီဆိုတော့ ငါ့လမ်းကနေ ဖယ်ပေးလိုက်တော့"

ထာဝရနတ်ဘုရားက အေးစက်စက် ပြောလိုက်ရင်း သူမ၏ လက်ကို ဝှေ့ရမ်းလိုက်ရာ အနက်ရောင် အလင်းတန်းများ ထွက်ပေါ်လာပြီး ထက်မြက်သော ဓားစွမ်းအင် အဖြစ်သို့ ပြောင်းလဲကာ ကြာပန်းမိန်းကလေးကို တိုက်ခိုက်လိုက်သည်။

ထာဝရနတ်ဘုရား၏ တိုက်ခိုက်မှုကို မြင်သည်နှင့် ကြာပန်းမိန်းကလေးက မျက်နှာပျက်သွားသည်။

သူမ၏ ကိုယ်ပွားခန္ဓာကိုယ်က ထာဝရနတ်ဘုရား၏ ပြိုင်ဘက်မဟုတ်ကြောင်း ကောင်းစွာသိသဖြင့် ကပျာကယာ နောက်ဆုတ်၍ ရှောင်တိမ်းလိုက်ရသည်။

သူမ နောက်ဆုတ်သည့် အချိန်ကို အခွင့်ကောင်းယူကာ ထာဝရနတ်ဘုရားက သန့်စင်သောပြည်နယ်သို့ တစ်ချိုးတည်း ပြေးတော့သည်။

"ဒီမိန်းမက တကယ်ကို ရူးနေတာပဲ"

ထိုမြင်ကွင်းကိုမြင်လျှင် ကြာပန်းမိန်းကလေးက တအံ့တသြ ရေရွတ်လိုက်ပြီး ထာဝရနတ်ဘုရား၏ နောက်သို့ ပြေးလိုက်လာခဲ့သည်။

သို့ရာတွင် စွမ်းအားချင်း ကွာဟနေသောကြောင့် သူမက

ထာဝရနတ်ဘုရားကို အမီလိုက်ရန် မည်သို့မျှ မဖြစ်နိုင်တော့ချေ။

အပိုင်း(၁၂၂၂) ပြီး၏

အပိုင်း(၁၂၂၃) တစ်ကိုယ်ကောင်းဆန်သော အရူးတစ်သိုက်

"ဘယ်လိုဖြစ်တာလဲ"

"မောင်လေးဖန်က ဘာလို့ ဝင်မရတာလဲ""

"အစ်ကိုတော် မြန်မြန်လာ.."

ရင်ရှန်းတံတားကို ဖြတ်ကျော်ပြီး တံတားတစ်ဖက်သို့ ရောက်သွားသူများက အင်မော်တယ်နန်းတော်ထဲ တိုက်ရိုက်ဝင်သွားခဲ့သော်လည်း လူတချို့ကတော့ ယခုချိန်ထိ မဝင်ရသေးပေ။

"အကိုတော် စိတ်မပူနဲ့.. ငါကူညီပေးမယ်"

ဖန်ရှင်း အခက်အခဲ ဖြစ်နေသည်ကိုမြင်လျှင် ရှန်းလျူက စိုးရိမ်သွားပြီး သက်န်းကိုချွတ်ကာ အတွင်းကနေ အပြင်သို့ လမ်းကြောင်း ချဲ့ထွင်ကာ ကြိုးရှည်ကဲ့သို့ ပစ်ပေးလိုက်သည်။

ရှန်းလျူ၏ အဖြူရောင်သက်န်းက အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ကို ကျော်ဖြတ်ကာ ဖန်ရှင်းဆီသို့ ရောက်ရှိသွားသည်။

"မင်းလုပ်တာ ကောင်းတယ် ရှန်းလျူ"

ဖန်ရှင်းက အဖြူရောင်သက်န်းကို ဆွဲကိုင်လိုက်ပြီး ရှန်းလျူကို ချီးကျူး လိုက်သည်။

"ငါက ဒဏ္ဍာရီလာ ရင်ရှန်းတံတားကို ဖြတ်ကျော်ရတော့မှာလား"

ဖန်ရှင်းက စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်သည်။

"ဟားဟား.. ဒီလိုအချိန်ကို ရောက်ဖို့ နှစ်ထောင်ပေါင်း များစွာ စောင့်ခဲ့ရတယ်.. နောက်ဆုံးတော့ ရောက်လာခဲ့ပြီ"

ဖန်ရှင်းက ရင်ရှန်းတံတားကို ဖြတ်ရန် ခြေလှမ်းစတော့မည့် အချိန်တွင် ရူးသွပ်စွာ ရေရွတ်လိုက်သော အသံတစ်သံက အဝေးကနေ ပျံ့လွင့်လာသည်။

တစ်ချိန်တည်းမှာပင် ဒါဇင်နှင့်ချီသည့် အော်ရာများက အဝေးကနေ ပျံသန်းလာကြပြီး အင်မော်တယ် ကွပ်မျက်ခြင်း အစီအရင်ထဲသို့ ပြေးဝင်သွားကြသည်။

ယခု ရောက်လာသော သူများ၏ ကျင့်ကြံမှုအဆင့်က အားအနည်းဆုံးပင် ကပ်ဘေး ဆဋ္ဌမအဆင့်၌ ရှိနေသည်။

ဖန်ရှင်းသာ မျက်မြင်ကိုယ်တွေ့ မဟုတ်လျှင် ထျန်းယွမ်တိုက်၌ ကပ်ဘေးအဆင့် ကျင့်ကြံသူ ဤမျှ အများအပြား ရှိနေလိမ့်မည်ဟု ယုံကြည်မိမည် မဟုတ်ပေ။

၎င်းတို့က အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ကို ဂရုမစိုက်သကဲ့သို့ ကျောက်တံတားပေါ်ကို ပြေးတက်သွားကြသည်။

"ရှော့ကဖယ်စမ်း"

ကျင့်ကြံသူများက မှင်တက်နေသည့် ဖန်ရှင်းကို လက်ဝါးဖြင့်ရိုက်ထုတ်လိုက်ရာ ဖန်ရှင်းက အဝေးကို လွင့်ထွက်သွားသည်။

ဖန်ရှင်းကို လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည့် ကပ်ဘေးဆဋ္ဌမ အဆင့် ကျင့်ကြံသူ၏ ခွန်အားက အဋ္ဌမအဆင့် နီးပါး အစွမ်းထက်နေသည်။

"ဒီလူတွေက ထျန်းယွမ်တိုက်ကြီးမှာ ဇာတ်မြုပ် နေထိုင်နေကြတဲ့ ကျင့်ကြံသူတွေပဲ"

လက်ဝါးရိုက်ချက်ကြောင့် လွင့်ထွက်သွားသည့် ဖန်ရှင်းက မျက်မှောင်ကြုတ်၍ ရေရွတ်လိုက်သည်။

ကျင့်ကြံခြင်း လမ်းစဥ်ပေါ် လျှောက်လှမ်းစဥ် ဤကမ္ဘာပေါ်၌ အထူး လူတစ်စု ရှိနေကြောင်း သူသိခဲ့သည်။

၎င်းတို့က ကပ်ဘေးကိုးခုကို ကျော်ဖြတ်ခဲ့သော သူတော်စင်များ မဟုတ်သလို တာအို အဆက်အနွယ်များ၏ ဘိုးဘေးများလည်း မဟုတ်ပေ။

ကြာပန်းမိန်းကလေးက သူတော်စင်များကို ခေါ်၍ ထျန်းယွမ်တိုက်မှ ထွက်ခွာလာသော အခါတွင် ၎င်းတို့ကို ဖိတ်ခေါ်ခဲ့သေးသော်လည်း အားလုံးက သူမ၏ဖိတ်ခေါ်မှုကို ငြင်းဆန်ခဲ့ကြသည်။

ဆိုရလျှင် ထိုလူများ အားလုံးက သူတော်စင်နီးပါး အစွမ်းထက်သော ကျင့်ကြံသူများ ဖြစ်ကြသည်။

၎င်းတို့က နတ်ဘုရားဘုရင် သုံးပါးကို တိုက်ခိုက်ရာတွင် မပါဝင်ခဲ့ခြင်းမှာ ရင်ရှန်းတံတားကို ဖြတ်သန်းရန် ရည်ရွယ်ချက် ရှိနေသောကြောင့် ဖြစ်သည်။

ထိုရည်ရွယ်ချက်မှ လွဲ၍ ၎င်းတို့ထံတွင် တခြား ရည်ရွယ်ချက် လုံးဝ မရှိချေ။

ကောင်းကင်ပေါ်မှ စာသားများကို မြင်ပြီးနောက် မျိုးဆက်သစ်လူငယ်များက ရင်ရှုန်းတံတားကို ဖြတ်သန်းနေပြီဟု ခန့်မှန်းမိပြီး ရောက်ရှိလာကြခြင်း ဖြစ်သည်။

ထိုကျင့်ကြံသူများက အလွန်သန်မာသူများ ဖြစ်သောကြောင့်ဖန်ရှင်းက လုံးဝ လျော့မတွက်ဝံ့ပေ။

"ထာဝရ နတ်ဘုရားက ရောက်လာတော့မယ်.. ငါနှောင့်နှေးနေရင် ရှန်းလျူပေးတဲ့ အခွင့်အရေးက ရေစုန်မျောသွားလိမ့်မယ်"

ထိုသို့ သူတွေးတောနေသည့် အချိန်မှာပင် လူတချို့က အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်ထဲသို့ တိုက်ရိုက်ဝင်သွားကြပြီး တချို့ကမူ ရှန်းလျူ၏ အဖြူရောင်သင်္ကန်းကို ဆွဲယူ၍ အစီအရင်ထဲသို့ ဝင်သွားကြသည်။

"စာရင်းထဲ မပါဝင်တဲ့သူတွေကို အင်မော်တယ်ကွပ်မျက်ခြင်းဓားအစီအရင်က ကွပ်မျက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ကျောက်စာတိုင်ပေါ်တွင် စာသားများ ပေါ်လာပြီး မကြာမီမှာပင် အစီအရင်ထဲမှ အင်မော်တယ် ဓားအလင်းများက အတင်းအကျပ်ဝင်ရောက်လာသည့် ကျင့်ကြံသူများကိုဖုံးလွှမ်းသွားသည်။

ကပ်ဘေးအဆင့် ကျင့်ကြံသူများက အစီအရင်ထဲသို့ ပြေးဝင်သွားသည်ကို ထောက်ရှုလျှင် အင်မော်တယ် ကွပ်မျက်ခြင်းဓားအစီအရင်ကို လျော့တွက်ထားမှန်း သိသာ ထင်ရှားနေသည်။

အင်မော်တယ် ဓားအလင်းများနှင့် ရင်ဆိုင်ရလျှင် ၎င်းတို့က ၎င်းတို့၏ အစွမ်းထက် မှော်လက်နက်များကို ထုတ်၍ ရင်ဆိုင်ရန် ပြင်လိုက်ကြသည်။

ယင်းအချိန်မှာပင် တစ်ဖက်ကမ်းမှ နားလည်ရခက်သော စွမ်းအားတစ်ခုက ၎င်းတို့၏ မှော်လက်နက်များကို တိုက်ရိုက်ဆွဲယူသွားခဲ့ရာ ကျင့်ကြံသူများက ထိတ်လန့်သွားကြသည်။

ကျင့်ကြံသူများက ကပ်ဘေးအဆင့် စွမ်းအားကို ထုတ်သုံးလိုက်သော်လည်း အသုံးမဝင်ခဲ့ပေ။

"ဝှစ်.. ဝှစ်.. ဝှစ်"

ဓားအလင်းများက ကျင့်ကြံသူများကို အပိုင်းပိုင်း ဖြတ်တောက်လိုက်ပြီး ၎င်းတို့၏ ဝိညာဉ်ကိုပင် အလွတ်မပေးခဲ့ပေ။

"တံတားတစ်ဖက်ကမ်းက အင်မော်တယ် စွမ်းအားက ကောင်လေးတွေရဲ့ ခန္ဓာကိုယ်မှာ ဝန်းရံနေလို့ ကောင်လေးတွေက ဓားအစီအရင်ကို ကျော်ဖြတ်နိုင်ခဲ့ပုံပဲ"

အမြင်စူးရှသည့် ကျင့်ကြံသူတစ်ယောက်က အလွန်လျင်မြန်စွာ သဘောပေါက်လိုက်သည်။

ထို့နောက် သူက တံတားတစ်ဖက်ကမ်းမှ ရှန်းလျူ.. ရှောင်ရွှယ် နှင့် ရွှေကျီးကန်းတို့ကို ကြည့်လိုက်ပြီး

"အင်မော်တယ်စွမ်းအား ငါတို့ဆီ ပို့လွှတ်ပေးစမ်း.. ဒီလိုမှမဟုတ်ရင် ဒီကောင့်ကို အစိတ်စိတ်အမွှာမွှာ ပိုင်းဖြတ်လိုက်မယ်"

သူ၏စကားကိုကြားလျှင် ရှေးကျီးကန်းတို့လူစုက ဖန်ရှင်း အတွက် အစိုးရိမ်လွန်ကာ ထိတ်လန့် တုန်လှုပ်သွားကြသည်။

"ငါ့အကိုတော်ကို သတ်ရဲရင် မင်းတို့အားလုံးကို သတ်ပစ်မယ်"

"ငါတို့ကို ဆွဲယူသွားတဲ့ အင်မော်တယ်စွမ်းအင်က အင်မော်တယ် နန်းတော်ထဲကနေ ထွက်ပေါ်လာတာပဲ.. ငါတို့နဲ့ ဘာမှမဆိုင်ဘူး "

"......"

တံတားတစ်ဖက်ရှိ ရှေးကျီးကန်းတို့လူစုက ထိတ်လန့်သွားသည်။

ရင်းတို့ထဲမှ တချို့က ကျင့်ကြံသူများကို

အော်ဟစ်ခြိမ်းခြောက်လိုက်သလို တချို့ကလည်း ရှင်းပြလိုက်သည်။

သို့ရာတွင် ကျင့်ကြံသူများက တံတားပေါ်သို့တက်ရန် အရူးတစ်ပိုင်း ဖြစ်နေကြရာ ၎င်းတို့၏ စကားကို မည်သူမှ နားမဝင်ကြပေ။

ထျန်းယွမ်တိုက်၏ အထွတ်အထိပ် ကာလတွင် ထိုကျင့်ကြံသူများက ရှေးဘိုးဘေးများ.. တာအို အဆက်အနွယ်၏ ဘိုးဘေးများနှင့် နှိုင်းယှဉ်နိုင်သည် အထိ အစွမ်းထက်ခဲ့ကြသည်။

သို့ရာတွင် ထိုဘိုးဘေးများနှင့် နှိုင်းယှဉ်လျှင် ထိုကျင့်ကြံသူများက ပို၍ တစ်ကိုယ်ကောင်း ဆန်သည်ဟု ဆိုရမည်။

၎င်းတို့က တပည့်များကိုပင် လက်ခံသင်ကြားပေးရန် စိတ်မဝင်စားတော့ဘဲ အင်မော်တယ် ဖြစ်ရန် အတွက်သာ ရည်ရွယ်ချက် ထားခဲ့ကြသူများ ဆိုလည်းမမှားပေ။

တစ်နည်းအားဖြင့် ပြောရလျှင် ၎င်းတို့ကို တစ်ကိုယ်ကောင်းဆန်သော အရူးတစ်သိုက်ဟု တင်စားရမည် ဖြစ်သည်။

ယခုအခါတွင် ဖန်ရှင်း၏ နှလုံးသားထဲ၌ ၎င်းတို့အပေါ် ရှိရှာသော ခံစားချက်များ ပြည့်နှက်လာသည်။

"ဝုန်း"

ဤလှိုဝှက် ကျင့်ကြံသူများ၏ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားများက စုစည်းသွားပြီး ဖန်ရှင်းဆီသို့ကရုဏာမဲ့စွာ ရောက်ရှိလာသည်။

ရွှေကျီးကန်း.. ရှန်းလျူ.. ရှောင်ရွှယ်နှင့် အခြားလူများက ဖန်ရှင်းအတွက် စိုးရိမ်ကာ အပြင်းအထန် အော်ဟစ်လိုက်ကြသည်။

၎င်းတို့က ဖန်ရှင်းဆီ သွားလိုသော်လည်း အင်မော်တယ်ကွပ်မျက်ခြင်း ဓားအစီအရင်က အတားအဆီး ဖြစ်နေသည်။

ဖန်ရှင်းက ကိုယ့်ကိုယ်ကို ကံဆိုးပြီဟု သတ်မှတ်လိုက်သော အချိန်တွင် ကြောက်မက်ဖွယ် ကောင်းသော

အော်ရာကကောင်းကင်ပေါ်မှ သက်ဆင်းလာခဲ့သည်။

အပိုင်း(၁၂၂၃) ပြီး၏

အပိုင်း(၁၂၂၄) သစ္စာဖောက်တာကိုင်ါအမုန်းဆုံးပဲ

ထာဝရနတ်ဘုရားက ထိုမျှ လျင်မြန်စွာ ရောက်လာလိမ့်မည်ဟုမည်သူမှ မထင်မိကြပေ။

နတ်ဘုရားဘုရင် သုံးပါးကို ရင်ဆိုင်ရန် သန့်စင်သော ပြည်နယ်၏ အစွန်းသို့သွားရန် မရွေးချယ်ဘဲ သိုသိပ်စွာ နေထိုင်ခဲ့ကြသော ကပ်ဘေးအဆင့် ကျင့်ကြံသူများက အင်မော်တယ် ကံကြမ္မာကို ရရှိရန် ကျောက်တံတားဆီသို့ ရောက်ရှိလာကြသည်။

ယင်းက တစ်သက်မှာ တစ်ခါသာ ရရှိနိုင်သည့် အခွင့်အရေးဖြစ်ရာ သဘာဝကျစွာပင် ၎င်းတို့က လက်မလွှတ်လိုကြပေ။

ကပ်ဘေးအဆင့် ကျင့်ကြံသူများက အဝေးမှ အားကောင်းသည့်

အော်ရာကို ရှင်းရှင်းလင်းလင်း ခံစားမိသော်လည်း လျစ်လျူရှုလိုက်ကြပြီး ဖန်ရှင်းကို သတ်ဖြတ်ရန် အရှူးအမူး လှုပ်ရှားလိုက်ကြသည်။

ယင်းအချိန်မှာပင် အဝေးမှ အော်ရာက ၎င်းတို့ ထင်မှတ်မထားသော အမြန်နှုန်းဖြင့် ရောက်ရှိလာသည်။

"ဝုန်း"

ကမ္ဘာကြီးက မှောင်မိုက်ကာ နှေးကွေးသွားပုံရသည်။

ကန့်သတ်ချက် ဥပဒေသကို ဖယ်ရှားလိုက်သကဲ့သို့ အချိန်ကာလက ရပ်တန့်သွားသည်။

ဤကပ်ဘေးအဆင့် ကျင့်ကြံသူတစ်စုက မည်သည့် တုံ့ပြန်မှုကိုမှ မပြုလုပ်လိုက်ရပေ။

သူတို့၏ ဦးခေါင်းထက်တွင် ကြောက်စရာ

ကောင်းသည့်စွမ်းအားတစ်ခုက အထိန်းအကွပ်မရှိ စီးဝင်နေသည်။

၎င်းတို့၏ အသက်ရှူသံက အလွန်ပြင်းထန်လာပြီး အသိစိတ်ထဲရှိ အချိန်တွေက အေးခဲကာ စီးဆင်းမနေတော့ချေ။

တကယ့် အရေးကြီးသော အချိန်တွင် ၎င်းတို့က လှုပ်ရှားမှု မရှိတော့ဘဲ လုံးဝ ရပ်တန့်သွားသည်။

ယင်းအချိန်မှာပင် အနက်ရောင်ဝတ်စုံဝတ် လူတစ်ယောက်ကကောင်းကင်ပေါ်မှ ဆင်းသက်လာသည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

ဖန်ရှင်းဆီသို့ ပြေးလွှားနေသော ကပ်ဘေးအဆင့် ကျင့်ကြံသူများက ရုတ်ခြည်းဆိုသလို ရပ်တန့်သွားပြီး အသက်တစ်ရှိုက်စာ အချိန်အတွင်းမှာပင် ပေါက်ကွဲထွက်ကာ မီးတောက်များ အဖြစ်သို့ ပြောင်းလဲသွားကြသည်။

၎င်းတို့၏ ဝိညာဥ်များပင် ပေါက်ကွဲထွက်ကာ ပြေးမလွတ်ခဲ့ပေ။

စိတ်ဝိညာဥ်ကို သုတ်သင်ဖယ်ရှားခြင်း ခံလိုက်ရပြီးနောက် ၎င်းတို့၏ အရိုးနှင့် အသွေးအသားများက ပြာများအဖြစ်သို့ ပြောင်းလဲကာ လေထဲတွင် ပျံ့လွင့်သွားသည်။

"ဝုန်း.. ဝုန်း.. ဝုန်း.. ဝုန်း "

ပြင်းထန်သော ပေါက်ကွဲအားကြောင့် ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူအားလုံးက မျက်စိပင် မဖွင့်နိုင်ခဲ့ချေ။

ဖန်ရှင်းက မျက်လုံးကို ပြန်လည် ဖွင့်လိုက်သည့်အခါတွင်ပတ်ဝန်းကျင်၌ ကပ်ဘေးအဆင့် ကျင့်ကြံသူများကို တစ်ယောက်မှ မတွေ့ရတော့ချေ။

မူလက ကပ်ဘေးအဆင့် ကျင့်ကြံသူ ခုနစ်ဦး.. ရှစ်ဦးခန့် သူ့ဆီသို့ အပြေးအလွှား လာခဲ့ကြသော်လည်း အနက်ရောင် ဝတ်စုံဝတ်လူ ရောက်လာပြီးနောက် အားလုံးက ပျောက်ကွယ်သွားခဲ့သည်။

အနက်ရောင် ဝတ်စုံဝတ်လူ ရောက်ရှိလာသည်နှင့် ကပ်ဘေးအဆင့် ကျင့်ကြံသူများ မီးရှူးမီးပန်းများကဲ့သို့ ပေါက်ကွဲထွက်သွားသည့် မြင်ကွင်းမှာ အမှန်တကယ်ပင် ကြောက်စရာကောင်းနေသည်။

၎င်းတို့ အားလုံးက ဂုဏ်သိက္ခာ ကြီးမားသည့် ကပ်ဘေးအဆင့် ကျင့်ကြံသူများ ဖြစ်ကြပြီး ဤကဲ့သို့ အလွယ်တကူ နှိပ်စက်ခံရလောက်သည်အထိ အနက်ရောင် ဝတ်စုံဝတ်လူ၏ အရှေ့တွင် အားနည်းခဲ့ကြသည်။

ဖန်ရှင်း ကိုယ်တိုင်ပင် လက်ရှိအချိန်၌ ဓားဖျားမှာ လျှောက်နေရသည့် ပုရွက်ဆိတ်လေးလို သူ့ကိုယ်သူ ခံစားမိနေသည်။

ကျောက်တံတား တစ်ဖက်ရှိ အင်မော်တယ် နန်းတော်၏ နှလုံးသားက ခံစားချက်အချို့ ရှိနေပုံရသည်။

အနက်ရောင် ဝတ်စုံဝတ်လူ ရောက်လာသည်နှင့် ကျောက်တံတား တစ်ဖက်ရှိ အင်မော်တယ် နန်းတော်က အလင်းစက်ဝန်းကြီး အဖြစ် ပြောင်းလဲသွားပြီး တွင်းနက်ကြီး တစ်ခုဆီသို့ ချက်ချင်း

ရွှေ့လျားသွားသည်။

အလင်းစက်ဝန်းကြီးက တဖြည်းဖြည်း တွင်းနက်ကြီးထဲ ဝင်ရောက်ပြီး နောက်တွင် တွင်းနက်ကြီးကလည်း ပျောက်ကွယ်သွားသည်။

အနက်ရောင် ဝတ်စုံဝတ်လူ ရောက်ရှိ လာသောကြောင့် အင်မော်တယ် နန်းတော်က ထွက်ပြေးရန် ရွေးချယ်ခဲ့ပုံရသည်။

"ငါသေရတော့မှာလား"

ယင်းအခိုက်အတန့်တွင် ဖန်ရှင်းက စိတ်ဓာတ် အပြင်းအထန် ကျသွားပြီး အသက်ရှင်ရန် မျှော်လင့်ချက်ကို လုံးဝ စွန့်လွှတ်လိုက်သည်။

အနက်ရောင် ဝတ်စုံဝတ်လူက ထာဝရနတ်ဘုရား ဖြစ်သည်ကိုသူကောင်းစွာ သိထားသည် မဟုတ်ပါလား။

ထာဝရနတ်ဘုရားက ယနေ့ထျန်းယွမ်၏ အရှင်သခင် ဖြစ်သည့်အပြင်

နတ်ဘုရား မျိုးနွယ်ပေါင်း ၃၀၀၀၏ အရှင်သခင် ဆိုလည်း မမှားပေ။

မထင်မှတ်ဘဲ သူက ထာဝရနတ်ဘုရား လက်ထဲ၌ သေရတော့မည်လော။

ဖန်ရှင်းက သူကျူးလွန်ခဲ့သည့် အပြစ်များကို ကောင်းစွာ သိထားသည်။

သူ၏ လက်ချက်ဖြင့် နတ်ဘုရားနန်းတော်မှ သူတော်စင်ငယ်အားလုံး သေဆုံးသွားကြသည် မဟုတ်ပါလား။

ထိုကဲ့သို့ပြစ်မှုမျိုး ကျူးလွန်ထားသည့် သူ့ကို ထာဝရနတ်ဘုရားက မည်ကဲ့သို့ ခွင့်လွှတ်နိုင်မည်နည်း။

ဖန်ရှင်းက သူ့ခေါင်းပေါ်သို့ ထာဝရနတ်ဘုရား၏ စွမ်းအားများ ကျဆင်းလာမည့် အချိန်ကို စောင့်မျှော်ရင်း မျက်လုံးကို ခပ်တင်းတင်း မှိတ်ထားလိုက်သည်။

သို့ရာတွင် အချိန်အတော်ကြာအောင် စောင့်ဆိုင်းနေခဲ့သော်လည်း သူ စိတ်ကူးထားသည့် အတိုင်း မည်သည့် အင်အားမှ ကျရောက်မလာခဲ့ပေ။

အဆုံးသတ်တွင် ဖန်ရှင်းက မျက်လုံးတစ်ဖက်ကို ဖြည်းညင်းစွာ ဖွင့်၍ ကြည့်လိုက်သည်။

သူ့ပတ်ဝန်းကျင်တွင် မည်သည့်အရာမှ မရှိတော့ဘဲ သူ့ရှေ့တွင်ရပ်နေသည့် လူတစ်ယောက်ကိုသာ တွေ့လိုက်ရသည်။

ထိုလူက အနက်ရောင်ဝတ်စုံကို ဝတ်ထားသည့် ထာဝရနတ်ဘုရားပင် ဖြစ်သည်။

ဆယ်ပေမျှ ကွာဝေးနေသော်လည်း ထာဝရနတ်ဘုရား၏ အသွင်အပြင်ကို ဖန်ရှင်းက ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ရသည်။

သူ၏ မျက်လုံးက ပြူးကျယ်သွားပြီး မျက်နှာတစ်ခုလုံးက ထိတ်လန့်အံ့သြသော အရိပ်အယောင်များဖြင့် ပြည့်နှက်သွားသည်။

ထာဝရနတ်ဘုရားက သူပထမဆုံး တွေ့စဉ်ကလို ရုပ်ထုမဟုတ်တော့မှန်း သိသာထင်ရှားနေသည်။

ယခု ထာဝရနတ်ဘုရား၏ အသွင်အပြင်က တကယ့် လူတစ်ယောက်လို ဖြစ်နေသည်။

ထာဝရနတ်ဘုရားက အလွန် ချောမောလှပပြီး သူ၏ မျက်နှာတွင် ဘာကိုမှ ဂရုမစိုက်သည့် အမူအရာများ ထင်ဟပ်နေသည်။

ဖန်ရှင်းက အလွန်တရာပင် အံ့အားသင့်သွားသည်။

"ဝိုး.. ထာဝရနတ်ဘုရားက မိန်းမလားဟ"

သူ၏ နှလုံးသားက တဒိတ်ဒိတ်ခုန်ကာ ကြောက်စိတ်များလွှမ်းမိုးသွားပြီး အထိတ်တလန့်ဖြင့် ထာဝရနတ်ဘုရားကို လက်ညှိုးထိုး၍ အော်ဟစ်လိုက်မိသည်။

"နင်.. နင်.. "

ထာဝရနတ်ဘုရားကလည်း သူကဲ့သို့ အံ့အားသင့်နေသည်မှာ သိသာထင်ရှားနေသည်။

ဖန်ရှင်း၏ စကားကြောင့် သူမက ရုတ်တရက် ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

"လှလိုက်တာ"

ဖန်ရှင်းက မထင်မှတ်ဘဲ နှုတ်မှ ရေရွတ်လိုက်မိသည်။

ထိုအခိုက်အတန့်မှာပင် ထာဝရနတ်ဘုရားက အော်ရာတစ်ခုကိုခံစားမိပြီး ဖန်ရှင်း၏လက်ကို ရုတ်တရက် ဆွဲကိုင်ကာ လေထဲသို့ ခုန်တက်လိုက်သည်။

"နင် ငါ့နောက်ကို ဆက်လိုက်နေရင် ဒီကောင်လေးရဲ့ဝိညာဥ်ကိုငါတစစီ ချေမွပစ်လိုက်မယ်"

ထာဝရနတ်ဘုရားက အေးစက်စက် ကြိုးဝါးလိုက်သည်။

သူမ နောက်သို့ လိုက်လာသည့်သူမှာ သဘာဝအတိုင်း ကြာပန်းမိန်းကလေးပင် ဖြစ်သည်။

ထို့နောက်တွင် ထာဝရနတ်ဘုရားက ကြာပန်းမိန်းကလေးနှင့် မိုင်ထောင်ပေါင်း များစွာ ဝေးသော အရပ်အထိ ဖန်ရှင်းကို လက်ဆွဲ၍ ပျံသန်းလာခဲ့သည်။

ကြာပန်းမိန်းကလေးက မူလတွင် ဖန်ရှင်း၏ လုံခြုံရေး အတွက် စိုးရိမ်နေသော်လည်း ယခုအချိန်တွင် သံသယများ ပြည့်နှက်နေသည်။

သူမက မျက်မှောင်ကြုတ်၍ တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

"ဒီမိန်းမက တကယ်ပဲ ရူးနေပြီလား.. ဖန်ရှင်းကို သူက

ဘာလို့ခေါ်သွားရတာလဲ.. နတ်ဘုရားနန်းတော်ရဲ့ သစ္စာဖောက်ကို သတ်သင့်တာ မဟုတ်ဘူးလား.. ကြည့်ရတာ မသတ်ခင် ညှဥ်းပန်းနှိပ်စက်ချင်လို့များ ဖြစ်နေမလား"

ထိုသို့ တွေးမိပြီးနောက် သူမက ခေါင်းကို အလျင်အမြန် ခါရမ်းလိုက်သည်။

"ဒီမိန်းမက ဒီလောက် အလုပ်ရှုပ်ခံမဲ့ပုံလည်း မပေါ်ပါဘူး"

အတွေးမျိုးစုံက ဝင်ရောက်လာပြီးနောက် သူမ၏ ရင်ထဲတွင် ပူလောင်လာသည်။

သူမက ဖန်ရှင်းအတွက် ဘာမှ မလုပ်ပေးနိုင်သဖြင့် အဝေးကိုလှမ်းကြည့်ရင်း သက်ပြင်းသာ ချလိုက်ရသည်။

ထာဝရနတ်ဘုရားက ဖန်ရှင်းကို လက်ဆွဲကာ ကောင်းကင်ကိုဖြတ်သန်း၍ ပျံသန်းလာခဲ့သည်။

သူ့နားထဲသို့ လေများ တိုးဝင်သည်အထိ လေပြင်းများ တိုက်ခတ်နေသဖြင့် ဖန်ရှင်းက မျက်လုံးကို မှိတ်ထား၍ လိုက်လာခဲ့သည်။

မျက်လုံး ပြန်ဖွင့်လိုက်သည့်အခါတွင် တိမ်တိုက်များ ဝိုင်းရံနေသည့် နေရာတစ်ခုသို့ ရောက်နေသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

ဖန်ရှင်းက သူ၏ ခန္ဓာကိုယ်ကို ကပျာကယာ စစ်ဆေးလိုက်ရာ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ကျန်ရှိနေသေးသဖြင့် စိတ်အနည်းငယ် သက်သာရာ ရသွားသည်။

သူနှင့် သုံးပေခန့်အကွာတွင် အနက်ရောင်ဝတ်စုံဝတ် ထာဝရနတ်ဘုရားက သူ့ကို အေးစက်စွာ စိုက်ကြည့်နေသည်။

ထာဝရနတ်ဘုရား၏ မျက်ဝန်းနှင့် ရင်ဆိုင်မိလျှင် ဖန်ရှင်း၏ ရင်ထဲ၌ ကြောက်စိတ်များ ဝင်ရောက်လာသည်။

"တကယ်တော့ သူတော်စင်ငယ်တွေ သေရတာ ငါ့အပြစ် မဟုတ်ပါဘူး.. အမှောင်ထု နတ်ဘုရားသားတော်ရဲ့

အသုံးမကျမှုကြောင့်ပဲ"

ဖန်ရှင်းက ထာဝရနတ်ဘုရား သတ်မည်စိုး၍ ဆင်ခြေပေးရန် ကြိုးစားလိုက်သည်။

"မင်းသိလား...ငါ့ကို သစ္စာဖောက်တဲ့သူတွေကို ငါအမုန်းဆုံးပဲ"

ထာဝရနတ်ဘုရားက အေးစက်သော လေသံဖြင့် ပြောလိုက်ရာ ဖန်ရှင်း၏ တစ်ကိုယ်လုံးက တုန်ဆင်းသွားသည်။

"ငါ.. ငါ ဘယ်တုန်းက သစ္စာဖောက်လို့လဲ"

ဖန်ရှင်းက မထူးဇာတ်ခင်း၍ ပြောင်ပြင်းရန် ကြိုးစားကြည့်လိုက်သည်။

"ငါမင်းကို တကယ် မသတ်ရဲဘူး ထင်နေလား"

စကားပြောရင်း ထာဝရ နတ်ဘုရားက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

သူမ၏ မျက်လုံးထဲမှ သတ်ဖြတ်လိုသော ရည်ရွယ်ချက်က ဖန်ရှင်း၏ နှလုံးခုန်နှုန်းကို ရပ်တန့်မတတ် ဖြစ်စေခဲ့သည်။

သို့ရာတွင် ခဏအကြာ၌ ဖန်ရှင်းက သူ၏ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ပြုလုပ်နိုင်ခဲ့သည်။

ထာဝရ နတ်ဘုရားက ငတုံး မဟုတ်သောကြောင့် သူမည်သို့မျှ လှည့်ဖြား၍ မရနိုင်ကြောင်း ဖန်ရှင်းက သိလိုက်သည်။

ထို့ကြောင့် သူက သေရမည့်အတူတူ ထာဝရနတ်ဘုရားကို မသေခင် ရဲဝံ့စွာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ် ငါမင်းကို လိမ်ခဲ့တာ.. ငါမင်းကို သစ္စာဖောက်ပြီး သူတော်စင်ငယ်တွေ အားလုံးကို သေတွင်းထဲ ပို့ပေးလိုက်တာ.. အဲ့ဒီတော့ မင်းဘာလုပ်ချင်လဲ.. မကျေနပ်ရင်

ငါ့ကိုသတ်ပစ်လိုက်လေ"

ဖန်ရှင်းက အကြောက်အလန့် ကင်းသော အမူအရာဖြင့် ထာဝရနတ်ဘုရား၏ မျက်လုံးကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

ထိုသို့ ပြောဆိုပြီးနောက် သူက အချိန်မရွေးသေရန် အသင့်ပြင်ထားလိုက်သည်။

သို့ရာတွင် ယင်းအချိန်၌ ထာဝရနတ်ဘုရားထံမှ မမျှော်လင့်ထားသော စကားကို ကြားလိုက်ရသည်။

"ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူမဆို ငါ့ကို သစ္စာဖောက်ခွင့်ရှိတယ်.. ဒါပေမဲ့ အဲ့ဒီထဲမှာ မင်းမပါဘူး"

အပိုင်း(၁၂၂၄) ပြီး၏

အပိုင်း(၁၂၂၅) ထာဝရနတ်ဘုရားငိုကြွေးခြင်း

ထာဝရနတ်ဘုရား တုံ့ပြန်လိုက်သော စကားက ဖန်ရှင်းကို အံ့အားသင့်စေခဲ့သည်။

ဖန်ရှင်းက ထာဝရနတ်ဘုရား၏ ထီမထင်သည့် မျက်နှာကို ကြည့်ရင်း ထာဝရနတ်ဘုရား၏ မျက်လုံးထဲမှ ရှုပ်ထွေးပွေလီသော ခံစားချက်များကို ခံစားခဲ့ရသည်။

"အခု မင်းငါ့ကို သတ်တော့မလို့လား"

ဖန်ရှင်းက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

ထာဝရနတ်ဘုရားက ဖန်ရှင်းကို အေးစက်ခက်ထန်သော အကြည့်ဖြင့် ကြည့်လိုက်ရာ ဖန်ရှင်းက သူမ၏ ကောင်းကင်နှင့် မြေကြီးကဲ့သို့ ဖိအားကြောင့် ထိတ်လန့်သွားပြီး ခြေတစ်လှမ်းပင် နောက်သို့ ဆုတ်မိသွားသည်။

"ရှင်က နှလုံးသားမရှိတဲ့လူပဲ.. ဘာလို့ ကျမကို သစ္စာဖောက်ဖို့

ဆန္ဒရှိနေတာလဲ"

အနက်ရောင် ဝတ်ထားသော ထာဝရနတ်ဘုရားက ဖန်ရှင်းကို ဖော်မပြနိုင်လောက်အောင် မုန်းတီးသော မျက်ဝန်းဖြင့် ကြည့်ရင်း ရေရွတ်လိုက်သည်။

"ငါ.. ငါမင်းကို သစ္စာဖောက်ခဲ့တယ်.. ဒါပေမဲ့ အဲ့ဒါက ဒီလောက်ထိ ကြီးကျယ်ဖို့ မလိုဘူး မဟုတ်လား"

ဖန်ရှင်းက နောက်သို့ တစ်လှမ်းချင်း ဆုတ်ရင်း အထိတ်တလန့်ရေရွတ်လိုက်သည်။

သူ့မျက်လုံးများက တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသလိုပင်။

"ရှင်ဒီထဲမှာ ရှိနေတာ ကျွမသိသားပဲ.. ရှင်ထွက်လာတဲ့ အထိ ကျွမ စောင့်ခဲ့တယ်.. ဒါပေမဲ့ ရှင် ကျွမကို ထွက်မတွေ့ခဲ့ဘူး.. အခု ကျွမ ရှင့်ကို တွေ့ဖို့ ကိုယ်တိုင် လာခဲ့ပြီ.. ရှင်ကျွမကို ပုန်းကွယ်ချင်သေးလား"

ထာဝရနတ်ဘုရားက ကျယ်လောင်စွာ အော်ဟစ်ကာ ဖန်ရှင်းကို ကြိမ်းမောင်းနေသည်။

"ဒီမိန်းမ ရူးနေတာလား.. ဘာတွေပြောနေတာလဲ"

ဖန်ရှင်းက ထိတ်လန့်တကြား ဖြစ်ကာ စိတ်ထဲကနေ တိတ်တဆိတ် ရေရွတ်လိုက်သည်။

ထာဝရနတ်ဘုရား ပြောသော စကားတချို့ကို သူသိပ်နားမလည်ခဲ့ပေ။

"ကျမကိုယ်တိုင် ရှင့်ဆီ လာမတွေ့ရင် ရှင်ကျမကို ဘယ်တော့မှ ထွက်မတွေ့ဘူး မဟုတ်လား"

ထာဝရနတ်ဘုရား၏ လေသံက မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်နေသည်။

သူမက စကားပြောရင်း ပြင်းထန်စွာ ဒေါသ ပေါက်ကွဲလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ယခုအချိန်တွင် ဖန်ရှင်းက အတော်လေး ကြောက်လန့်နေပြီး နှလုံးခုန်နှုန်းက အပြင်သို့ ခုန်ထွက်လုနီးပါး ဖြစ်နေသည်။

သူက ကပ်ဘေး တတိယအဆင့် စွမ်းအားဖြင့် ခုခံလိုက်သော်လည်း ထာဝရနတ်ဘုရား ရှေ့တွင် သူ၏ခုခံမှုက အလွန်ပင် အားနည်းနေသည်။

ထာဝရနတ်ဘုရား၏ လက်ဝါးက သူ၏ ကာကွယ်ရေးစွမ်းအားကို အလွယ်တကူ ချိုးဖြတ်၍ တောင်ကြီးကဲ့သို့ လေးလံစွာ ကျဆင်းလာသည်။

ထိုလက်ဝါးဖြင့် ထိမိသည်နှင့် ဖန်ရှင်း၏ ခန္ဓာကိုယ်ကချက်ချင်း အက်ကွဲပြီး သေဆုံးရမည်မှာ သေချာသည်။

ထိုလက်ဝါး၏ စွမ်းအားကြောင့် သူ၏ဝိညာဥ်က ပြန့်ကျဲကာ ဤကမ္ဘာပေါ်မှ ထာဝရ ပျောက်ကွယ်သွားမည် ဖြစ်သည်။

ယခုအချိန်တွင် ဖန်ရှင်းက ကူကယ်ရာမဲ့နေသလို ခံစားနေရသည်။

သစ္စာလေးဖောက်ရုံမျှဖြင့် ထာဝရနတ်ဘုရားက အဘယ်ကြောင့် ဤမျှထိ ဒေါသထွက်နေရပါသနည်း။

သို့ရာတွင် ထာဝရနတ်ဘုရား၏ လက်ဝါးက သူ့ကိုယ်ပေါ်သို့ မကျရောက်လာခဲ့ပေ။

လက်ဖဝါးက ဖန်ရှင်း၏ ဦးခေါင်းကို ထိမိဆဲဆဲ အချိန်တွင် ရုတ်တရက် နက်ရှိုင်းသော အသံတစ်ခုက ထွက်ပေါ်လာသည်။

"ရုပ်ဆိုးတဲ့ အစေခံ..မင်း ဘာပြဿနာ ရှာနေတာလဲ"

ထိုအသံကို ကြားသည်နှင့် တစ်ပြိုင်နက် ထာဝရနတ်ဘုရားက သူမ၏

လက်ဝါးကို ရုတ်သိမ်းလိုက်သည်။

ယခုအချိန်တွင် သူမ၏ အမူအရာက အလွန် စိတ်ရှုပ်နေပုံရပြီး နာကျည်းမှုများဖြင့် ပြည့်နှက်လာသည်။

အဆုံးမဲ့ စွမ်းအားကို ပိုင်ဆိုင်သော ထာဝရနတ်ဘုရားက ဤအချိန်တွင် မကျေနပ်သော အမူအရာကို အမှန်တကယ် ပြသခဲ့သည်။

"ဘယ်သူပြောနေတာလဲ "

ဖန်ရှင်းက ထိုအသံကြောင့် ထိတ်လန့်နေသော်လည်း အသံပိုင်ရှင်ကို သိလိုက်ရလျှင် သူက ပိုလို့ပင် တုန်လှုပ်သွားသည်။

သူ၏ အသိစိတ်ပင်လယ်ထဲတွင် ယခုအချိန်အထိ သူထိန်းချုပ် မနိုင်သေးသည့် မြူခိုး ဧရိယာတစ်ခု ရှိနေသည်။

ထိုမြူခိုးဧရိယာ၏ အနက်ရှိုင်းဆုံး နေရာတွင် ပုန်းအောင်းနေသည့်

တည်ရှိမှုတစ်ခု ရှိသည်။

ယခုအချိန်တွင် ထိုတည်ရှိမှုက ဖန်ရှင်း၏ မျက်ခုံးနှစ်ခု ကြားကနေ မြူခိုးများအသွင် ပျံသန်း ထွက်ပေါ်လာပြီး အပြင်သို့ရောက်သည်နှင့် အနက်ရောင်မြူခိုး အဖြစ်သို့ ပြောင်းလဲသွားသည်။

ယင်းအနက်ရောင်မြူထဲတွင် ပုံသဏ္ဍာန်တစ်ခုကို တွေ့လိုက်ရာဖန်ရှင်းက အံ့အားသင့်သွားသည်။

ထိုပုံသဏ္ဍာန်က ရှေးကျသည့် ဝတ်စုံကို ဝတ်ဆင်ထားသည့် လူတစ်ဦး၏ ပုံသဏ္ဍာန် ဖြစ်သည်။

ထိုလူ၏ ရုပ်ရှည်က ပြေပြစ်ချောမောပြီး အသက်သုံးဆယ်ခန့် ရှိမည်ဟု ထင်ရသည်။

သို့ရာတွင် မျက်လုံးများကမူ ဖော်ပြ၍ မရနိုင်သည့် မကောင်းဆိုးဝါး ချီများဖြင့် ပြည့်နှက်နေသည်။

ဤလူ၏ ရုပ်ရည်ကို သူမြင်ဖူးသမျှထဲတွင် ပိုင်ချန်းကျောင်းနှင့် ဗုဒ္ဓရှန်းလျူသာ နှိုင်းယှဉ်နိုင်ပေသည်။

ပိုင်ချန်းကျောင်းက အင်မော်တယ် ကဲ့သို့ ခန့်ညားသည့် အရှိန်အဝါရှိပြီး ဗုဒ္ဓရှန်းလျူက တုနှိုင်းမမီလောက်သည့် သန့်စင်သော အရှိန်အဝါကို ပိုင်ဆိုင်ထားသည်။

သို့ရာတွင် ဤလူ၏ အရှိန်အဝါကမူ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ကြောက်မက်ဖွယ် ကောင်းသည့် မကောင်းဆိုးဝါးအရှိန်အဝါကို ပိုင်ဆိုင်ထားသည်။

ထိုလူက ရုပ်ရည်ချောမောသော်လည်း တိုင်းပြည်နှင့် လူမျိုးကို သစ္စာဖောက်မည့် ကြင်အင်လက္ခဏာမျိုး ဖြစ်သည်။

ထို့ထက်ပို၍ အရေးကြီးသည်မှာ ဖန်ရှင်းက ဤလူကို ပထမဦးဆုံး မြင်ဖူးသော်လည်း အော်ရာအရ သူ့ကို ဓားနည်းစနစ်များ သင်ပေးခဲ့သည့် နတ်ဆိုးဘိုးဘေး ဖြစ်ကြောင်း သိလိုက်သည်။

၎င်းနတ်ဆိုးဘိုးဘေးက ယခုအချိန်တွင် နတ်ဆိုးစွမ်းအင်များ

ဝန်းရံနေသည့် သူ၏ အစစ်အမှန် ရုပ်ရည်ကို ပြသခဲ့ပြီဖြစ်သည်။

"နောက်ဆုံးတော့ ရှင် ကျမကို တွေ့ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"

ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေးကို မြင်လျှင် တုန်လှုပ်သွားပြီး ခါးသီးသော လေသံဖြင့် ပြောလိုက်သည်။

"ရုပ်ဆိုးတဲ့အစေခံ.. ငါမင်းကို မတွေ့ချင်တာ မဟုတ်ပါဘူး"

နတ်ဆိုးဘိုးဘေးက ကူကယ်ရာမဲ့သော အမူအရာဖြင့်သက်ပြင်းချကာ ပြောလိုက်သည်။

"ဆက်မပြောနဲ့တော့.. ကျမနားလည်တယ်"

နတ်ဆိုးဘိုးဘေးကို စိုက်ကြည့်နေသည့် သူမ၏ မျက်နှာပေါ်တွင် ဝမ်းနည်းသော အမူအရာများ ပြည့်နှက်လာသည်။

ရုတ်တရက် သူမက မြေပြင်ပေါ်သို့ ညင်သာစွာ ထိုင်ချလိုက်ပြီး ခေါင်းကိုငုံ့၍ မိဘမဲ့ ကလေးတစ်ယောက်လို ကျယ်လောင်စွာ ငိုကြွေးလိုက်သည်။

"အာ.. ထာဝရနတ်ဘုရားက ငိုနေတာလား"

မျက်စိရှေ့မှ မြင်ကွင်းကို ကြည့်ရင်း ဖန်ရှင်း၏ မျက်လုံးက ပြူးကျယ်သွားသည်။

ယင်းအချိန်မှာပင် သူက နတ်ဆိုးဘိုးဘေး၏ အကြောင်းကို ပြန်လည် စဉ်းစားမိလိုက်သည်။

နတ်ဆိုးဘိုးဘေးက အားကောင်းသော ရန်သူရှိသည်ဟု သူ့ကို ပြောခဲ့ဖူးပြီး မြူခိုးထူထပ်သော နေရာတွင်သာ အမြဲလိုလိုပုန်းအောင်းနေခဲ့သည်။

ထို့ကြောင့် နတ်ဆိုးဘိုးဘေး၏ ရန်သူမှာ နတ်ဘုရားဘုရင် တစ်ပါးပါး ဖြစ်နိုင်သည်ဟု ဖန်ရှင်းက ကောက်ချက်ချခဲ့သည်။

သို့ရာတွင် သူမျှော်လင့် မထားသည်က ထိုရန်သူဆိုသူမှာ ထာဝရနတ်ဘုရား ဖြစ်နေခြင်းပင်။

ရှင်းလင်းစွာ ဆိုရလျှင် ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေး၏ ကိုယ်လုပ်တော် ဖြစ်ပုံရပြီး ၄င်းက ထိုကိုယ်လုပ်တော်ကို ကြောက်ရွံ့၍ အသိစိတ်ပင်လယ်ထဲ၌ ပုန်းအောင်းနေခြင်း ဖြစ်နိုင်ပေသည်။

ထာဝရ နတ်ဘုရားက ဝမ်းနည်းစွာ ငိုကြွေးနေရင်းမှရုတ်တရက် ဖန်ရှင်းကို အေးစက်စက် ကြည့်လိုက်ရာ ဖန်ရှင်း၏ တစ်ကိုယ်လုံးက အေးခဲသွားသလို ခံစားလိုက်ရသည်။

ထို့နောက်တွင် ထာဝရနတ်ဘုရားက ဖန်ရှင်း၏ ခေါင်းကို ခွေးတစ်ကောင်ကို ပွတ်သပ်နေသကဲ့သို့ ညင်သာစွာ ပွတ်သပ်လိုက်သည်။

"ချီး.. ထာဝရနတ်ဘုရားက ငါ့ခေါင်းကို ဘာလို့ လာပွတ်နေတာလဲ"

ဖန်ရှင်းက စိတ်ထဲကနေ၍ ပြင်းထန်စွာ အော်ဟစ်လိုက်သည်။

သူက ဆိုးရွားသော ခံစားချက်မျိုးကို ခံစားနေရသည်။

ဤလူက ထာဝရနတ်ဘုရား ဖြစ်သည်။

နတ်ဘုရားမျိုးနွယ် ၃၀၀၀၏ အရှင်သခင်.. ဤကဲ့သို့သော လူက သူ၏ခေါင်းကို ယုယစွာ ပွတ်သပ်နေသဖြင့် ဖန်ရှင်းကကျောချမ်းနေသလို ခံစားနေရသည်။

"နတ်ဆိုးဘိုးဘေး.. မင်းမှာ လက်မပါဘူးလား.. သူမရဲ့လက်ကိုငါ့ခေါင်းပေါ်ကနေ ဘာလို့ မဖယ်ပေးရတာလဲ"

"မင်းက မိန်းမ စိတ်ဆိုးမှာကို ကြောက်နေတာလား"

ဖန်ရှင်း၏ ရေရွတ်သံကို ကြားလျှင် ထာဝရနတ်ဘုရားက ခန္ဓာကိုယ်

တစ်ခုလုံး တုန်လှုပ်သွားပြီး ချုံးပွဲချ ငိုကြွေးလိုက်သည်။

"ငါ.. ငါဘာလုပ်မိလို့လဲ"

ဖန်ရှင်းက အပြောင်းအလဲ မြန်သော ထာဝရနတ်ဘုရားကို ကြည့်ကာ အထိတ်တလန့် ရေရွတ်လိုက်သည်။

"ရုပ်ဆိုးတဲ့အစေခံ.. မငိုနဲ့တော့.. မင်းက ရုပ်ဆိုးတော့ ငိုရင်ဘယ်လိုမှ မလှတော့ဘူး"

"ကျမက နဂိုထဲက ရုပ်ဆိုးတဲ့မိန်းကလေးပါ.. ရှင့်ရဲ့ဘေးက သေးသိမ်တဲ့ အစေခံတစ်ယောက်ပါ"

ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေးကို ငိုကြွေး၍ ပြောလိုက်သည်။

"အင်မော်တယ်ဘုရင် ယန်ဟွမ်ရဲ့ အာဏာကို အံတုဝံ့တဲ့ နဝမမြောက် ကောင်းကင်ဓားနတ်ဆိုး.. ရှင်ဒုက္ခ တွေ့နေတဲ့အချိန်မှာ ကျမကို ဘာလို့ ပစ်ထားခဲ့တာလဲ.. ရှင့်မှာ အခက်အခဲတွေ ရှိတယ် ဆိုတာ

ကျမ သိပါတယ်.. ဒါပေမဲ့ ရှင်ဘာလို့ ဒီလောက် ရက်စက်ရတာလဲ.. ရှင်ပုန်းအောင်းနေတော့ ကျမ နှစ်ပေါင်းများစွာ ရှင်နဲ့ မတွေ့ခဲ့ရဘူး.. နောက်ဆုံး ကျမ ထျန်းယွမ်မှာ ရှိနေမှန်း သိနေတာတောင် ရှင်က ကျမကို ပုန်းကွယ်နေတုန်းပဲ"

"မင်းငါ့ကိုသတ်မယ် ထင်လို့ပါ"

နတ်ဆိုးဘိုးဘေးက သက်ပြင်းချ၍ လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

"မင်းက ငါ့ဆီမှာ အမှုထမ်းတဲ့ အစေခံ မဟုတ်တော့ဘူး.. မင်းက အခုငါ့ထက် အများကြီး သန်မာနေပါပြီ.. နတ်ဘုရား မျိုးနွယ်ပေါင်း ၃၀၀၀ရဲ့ အရှင်သခင်တောင် ဖြစ်နေပြီ"

"မဟုတ်ဘူး.. အဲ့ဒါတွေက အတုအယောင်တွေပါ.. အဲ့ဒါတွေကိုကျမ ဂရုမစိုက်ဘူး"

"ကျမ လုပ်နေသမျှ အရာအားလုံးက ယန်ဟွမ်နဲ့ မဟာအင်မော်တယ်ဘုံကို တွန်းလှန်ဖို့ လုံလောက်တဲ့ အင်အားကို

စုစည်းဖို့ အတွက်ပဲ"

သူမက စကားပြောရင်း မျက်လုံးများ ပျော့ပျောင်းလာသည်။

"တကယ်တော့ ကျမက ရှင့်အနားက ရုပ်ဆိုးဆိုး အစေခံလေးပဲ ဖြစ်ချင်ခဲ့တာပါ"

အပိုင်း(၁၂၂၅) ပြီး၏

အပိုင်း(၁၂၂၆) အရုပ်လေးအဖြစ်ဟန်ဆောင်ပေးပါ

"ကျမ ရှင့်အနားက ရုပ်ဆိုးဆိုး အစေခံ တစ်ယောက်ပဲ ဖြစ်ချင်တယ်.."

ထာဝရနတ်ဘုရားက လေသံတိုးတိုးဖြင့် ပြောလိုက်သော်လည်း နတ်ဆိုးဘိုးဘေးနှင့် ဖန်ရှင်းက တစ်ချိန်တည်းမှာပင်

တိတ်ဆိတ်သွားသည်။

ဖန်ရှင်းက အတော်လေး အံ့သြတုန်လှုပ်နေသည်။

ထာဝရနတ်ဘုရားထံမှ ထိုကဲ့သို့ စကားမျိုး ကြားရလိမ့်မည်ဟုသူ မမျှော်လင့်ထားခဲ့ပေ။

နတ်ဘုရား မျိုးနွယ်ပေါင်း ၃၀၀၀ကို အုပ်စိုးသော ထာဝရနတ်ဘုရား၏ အစွမ်းသတ္တိက အနှိုင်းမဲ့ဟုပင် ဆိုနိုင်သော်လည်း နတ်ဆိုးဘိုးဘေး ရှေ့တွင် သူမက ကြောင်တစ်ကောင် ကဲ့သို့ လိမ်မာရေးခြား ရှိနေမည်ဟု မည်သူက ထင်မိမည်နည်း။

နတ်ဆိုးဘိုးဘေးက ဤအခိုက်အတန့်တွင် ထာဝရ နတ်ဘုရား၏ ရည်ရွယ်ချက်ကို နားလည်နေပုံရသည်။

သူက သက်ပြင်းရှည်ကို ချ၍ မချိပြုံး ပြုံးလိုက်ပြီး

"ရုပ်ဆိုးတဲ့အစေခံ.. မင်းဘာဖြစ်လို့ ထျန်းယွမ်တိုက်ကို သိမ်းပိုက်ဖို့

နေတာလဲ.. ဒီအခြေအနေ ရောက်တဲ့အထိ မင်း တစ်ယောက်တည်း ရုန်းကန်လာရတာ မပင်ပန်းဘူးလား"

"ဘာလို့ ပင်ပန်းရမှာလဲ.. ကျမတို့ အပေါ် ပြုမူခဲ့သမျှကို ရှင်မေ့သွားပြီလား.. ရှင်နဲ့ ကလေးကို ကာကွယ်ဖို့ ကြိုးစားရင်း ကျမကို ဖမ်းမိတော့ ရက်ရက်စက်စက် ညှဥ်းပန်းနှိပ်စက်ခဲ့တယ်.. ဒီလုပ်ရပ်ကို လက်စားမချေလို့ မဖြစ်ဘူး.. အနေးနဲ့အမြန် ပြန်ပေးဆပ်ခိုင်းရမယ်"

ထာဝရနတ်ဘုရားက စကားပြောနေရင်း ဒေါသအိုး ပေါက်ကွဲလာပုံရသည်။

ယင်းအချိန်တွင် နတ်ဆိုးဘိုးဘေးက စကားသိပ်မပြောဘဲ ငြိမ်သက်စွာ ကြည့်နေခဲ့သည်။

"သူတို့ကြားမှာ ဇာတ်လမ်းတွေ ရှိပုံရတယ်"

ဖန်ရှင်းက ထာဝရနတ်ဘုရား၏ စကားကို စိတ်ဝင်တစား

နားထောင်ရင်း မျက်လုံးများ တောက်ပလာသည်။

"ငါလွတ်မြောက်ပြီးတဲ့ နောက်မှာ မင်းအတော် ဒုက္ခရောက်ခဲ့ပုံပဲ"

နတ်ဆိုးဘိုးဘေးက ခဏမျှ ငြိမ်သက်သွားပြီးမှ အပြစ်ရှိသောလေသံဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"အဲ့ဒီအချိန်က ရှင်နဲ့ကလေး လွတ်မြောက်သွားတော့ ကျမ အရမ်း ဝမ်းသာခဲ့ရတယ်"

ထိုစကားကိုပြောရင်း သူမက ဖန်ရှင်းကို ကြည့်လိုက်သည်။

"သူက အရုပ်လေး လူဝင်စားတာ မဟုတ်လား.. အရုပ်လေးက အရင်ကထက် ပိုပြီး ပါးနပ် လာသလိုပဲ.. ဒါပေမဲ့ ချစ်စရာတော့ကောင်းတုန်းပဲ"

"အဲဒါက ဘာကိုဆိုလိုတာလဲ"

ထာဝရနတ်ဘုရား၏ စကားကြောင့် ဖန်ရှင်းက အံ့အားသင့်ကာ မျက်လုံးပင် ပြူးကျယ်သွားသည်။

သူမ ပြောလိုက်သော စကား၏ ဆိုလိုရင်းကို နားမလည်သော်လည်း သူ့ကို ရည်ရွယ်၍ ပြောနေမှန်းတော့ သိလိုက်သည်။

အရုပ်လေးဆိုသည်မှာ မည်သူနည်း။

နတ်ဆိုးဘိုးဘေးပင် ခဏမျှ ထိတ်လန့်သွားပြီး ဖန်ရှင်းကို ဝေခွဲမရသော မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

နတ်ဆိုးဘိုးဘေးက ထာဝရ နတ်ဘုရားကို တစ်စုံတစ်ရာ ရှင်းပြချင်သော်လည်း ချီတုံချတုံ ဖြစ်နေပုံရသည်။

ယင်းအချိန်တွင် ထာဝရနတ်ဘုရားက

"ဒီကလေးကို ပထမဆုံး မြင်လိုက်ကတည်းက အရမ်း ရင်းနှီးတယ်လို့ ခံစားခဲ့ရတယ်.. သူ့ရဲ့ မျက်လုံးတွေက အရင်အတိုင်း အရုပ်လေးနဲ့ အတူတူပဲ.. သူက ရဲရင့်တယ်.. မကြောက်တတ်ဘူး.. သူ့ကို အကဲခတ်ရင်း ရှင့်ရဲ့အော်ရာကို ခံစားမိလိုက်တယ်.. အဲ့ဒီနောက်မှာတော့ ဒီကောင်လေးက အရုပ်လေး ဆိုတာ ငါသိလိုက်ရတယ်"

"ဒီတစ်ခါတော့ ဒုက္ခရောက်ပြီ.. "

နတ်ဆိုးဘိုးဘေးက ဖန်ရှင်းကို စိတ်ရှုပ်ထွေးသော မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

ဖန်ရှင်းက နတ်ဆိုးဘိုးဘေးနှင့် မျက်လုံးချင်း ဆိုင်မိသည်နှင့် သူ့မြင်ကွင်းများက မည်းမှောင်သွားပြီး အသိစိတ်ပင်လယ်၏ နက်နဲသော နေရာသို့ ဆွဲခေါ်ခံလိုက်ရသည်။

သူက သူ့ရှေ့မှာ ရပ်နေသည့် နတ်ဆိုးဘိုးဘေးကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်ပြီး

"အဘိုးကြီး.. ထာဝရ နတ်ဘုရားက တကယ်ပဲ မင်းရဲ့ကိုယ်လုပ်တော်လား"

ဟု မေးခွန်းထုတ်လိုက်သည်။

"မင်းငါ့ကို မေးခွန်းထုတ်နိုင် သေးတယ်နော်.. ငါတို့ အခု ပြဿနာ တက်နေပြီ ဆိုတာ မင်းသိလား"

နတ်ဆိုးဘိုးဘေးက ဖန်ရှင်းကို စိုက်ကြည့်ရင်း ကြောက်ရွံ့ တုန်လှုပ်စွာ ပြောလိုက်သည်။

"ဘာပြဿနာရှိလို့လဲ.. ထာဝရ နတ်ဘုရားက မင်းရဲ့ ကိုယ်လုပ်တော်မှန်း စောစောက သိခဲ့ရင်.. ငါ ဒီလောက်ထိ ပင်ပန်းခံနေမှာ မဟုတ်ဘူး"

ဖန်ရှင်းက နတ်ဆိုးဘိုးဘေး၏ လိမ်ညာခြင်းကို ခံခဲ့ရသောကြောင့် အလွန် ဒေါသထွက်နေသည်။

နတ်ဆိုးဘိုးဘေးက အင်အားကြီး ရန်သူ တစ်ယောက်ကို ပုန်းအောင်းရန်ဟု အကြောင်းပြကာ သူ၏ အသိစိတ်ပင်လယ်ထဲတွင် ပုန်းအောင်းနေခဲ့သည်။

တကယ်တမ်းတွင်မူ ၎င်း၏ရှေ့တွင် အိမ်မွေးကြောင် တစ်ကောင်ကဲ့သို့ ပြုမူနေထိုင်သည့် မိန်းမတစ်ယောက်ကို ရန်သူဟု သတ်မှတ်နေခြင်းပင်။

"မင်းက သူမကို အထင်သေးနေတာပဲ.. ဒီမိန်းမက အရူးလိုပဲ ဆိုတာ မင်းသိလား"

နတ်ဆိုးဘိုးဘေး၏ လေသံက အလွန် စိုးရိမ်ထိတ်လန့်ပုံ ပေါက်နေသည်။

"မိန်းမတစ်ယောက်လုံး လိုက်ရှာနေတာကို ပုန်းနေတာဆိုတော့ တကယ်တမ်း ရူးနေတာ မင်းပဲ ဖြစ်မယ်"

"ကောင်စုတ်လေး.. မင်းရဲ့မိုက်မဲတဲ့ စကားတွေ ရပ်လိုက်စမ်း.. ငါမင်းကို အသိစိတ် ပင်လယ်ထဲ ဆွဲခေါ်လိုက်တာ အရေးကြီးကိစ္စ

ရှိလို့ပဲ.. ငါတို့ ဒီမှာ အချိန်ကြာနေရင် ဟိုမိန်းမ ရိပ်မိသွားလိမ့်မယ်.. အခုငါပြောတာ သေချာနားထောင်.. ဒီမိန်းမက အရမ်းကြောက်ဖို့ကောင်းတယ်.. သူမမှာ ကြီးကျယ်ခမ်းနားတဲ့ အစွမ်းအစတွေ ရှိနေတယ်"

နတ်ဆိုးဘိုးဘေးက အလွန် ထိတ်လန့်နေပုံရပြီး စကားကို အလျင်စလို ပြောနေသည်။

"ဘာတွေဖြစ်နေတာလဲ.. ငါ့ကို အတိအကျ ပြောစမ်းပါ..."

ဖန်ရှင်းကို စူးစမ်းသော လေသံဖြင့် နတ်ဆိုးဘိုးဘေးကို ပြောလိုက်သည်။

"အခုပြောပြဖို့ အချိန်မရှိသေးဘူး.."

"အခုပြဿနာက မင်းပဲ...သူမက မင်းကို တခြားလူတစ်ယောက်နဲ့ အမှတ်မှားနေတာ မင်းသိလား ကောင်စုတ်လေး.. အရင်တုန်းက သူမမှာ အရုပ်လေးလို့ ခေါ်တဲ့ ခွေးလေးတစ်ကောင် ရှိခဲ့ဖူးတယ်.. သူမက အထူးခန္ဓာကိုယ် ပိုင်ဆိုင်ထားပြီး လိင်ဆက်ဆံလို့

မရတဲ့အတွက် ကလေးမမွေးနိုင်ဘူး.. ဒါကြောင့် သူမက ခွေးလေးကို သူမရဲ့ သားလေးလို ဂရုစိုက်ပြီး ဆက်ဆံခဲ့တယ်.. ငါတို့ကို ရန်သူတွေ လိုက်ဖမ်းတုန်းက သူမက ငါထွက်ပြေးလို့ ရအောင် ရန်သူတွေကို ဟန့်တားဖို့ ဆုံးဖြတ်လိုက်တယ်.. ငါထွက်မသွားခင်မှာ သူမက ငါ့ကို ခွေးလေးပေးပြီး လူပြန်ဝင်စားအောင် လုပ်ပေးရမယ်လို့ ကျိန်ဆိုစေခဲ့တယ်"

"နေပါဦး သူမကို ဘာလို့ လိင်ဆက်ဆံလို့ မရတာလဲ"

"သူမမှာ သဘာဝ ကျောက်စိမ်းခန္ဓာကိုယ် ရှိနေလို့လေ"

"မင်းပြောတိုင်း ငါယုံရမှာလား"

"ငါတကယ်ပြောနေတာ.. ငါ့စကားကို မင်းယုံတာ မယုံတာထက် အရုပ်လေး ပြဿနာကိုတော့ ကူညီပေးစမ်းပါ"

"ချီးထဲမှပဲ.. ငါက ဘယ်တုန်းက ခွေးဝင်စား ဖြစ်သွားတာလဲ.. ငါ့ရဲ့ရုပ်ရည်က ဘယ်နေရာမှာများ ခွေးနဲ့တူနေလို့လဲ"

ဖန်ရှင်းက ဒေါသတကြီး ပြောလိုက်သည်။

"ဒီကိစ္စကို အလေးအနက်ထား စဉ်းစားပေးလို့ရမလား"

နတ်ဆိုးဘိုးဘေးက ကပျာကယာ ပြောလိုက်သည်။

"သူမရဲ့ ခွေးကသေသွားလို့ ငါ့သူမကို ပုန်းနေတာပဲ..ခွေးသေမှန်း သူမ သိတာနဲ့ စိတ်ရှုးပေါက်ပြီး ငါ့ကို သတ်ပစ်မှာ သေချာတယ်.. ငါ့ရဲ့လက်ရှိ အခြေအနေနဲ့လည်း သူမကို ပြန်ခုခံနိုင်မှာ မဟုတ်ဘူး.. ကံကောင်းတာက သူမက မင်းကို သူမရဲ့ ခွေး ပြန်ဝင်စားတယ်လို့ ထင်နေတာပဲ.. ငါ့အမြင်အရတော့ မင်းကို အရုပ်လေး အဖြစ် ဟန်ဆောင်စေချင်တယ်"

"ငါက ဘာလို့ ခွေးလုပ်ရမှာလဲ"

"မင်းငါ့ကို မကူညီဘူးလား.. သူက မင်းကို အရုပ်လေး လူဝင်စားတယ်လို့ ထင်ပြီး နေရာတကာ သည်းခံနေတာနော်..

အမှန်တရားကို သိသွားတာနဲ့ မင်းရော ငါရော အသက်ရှင်မယ်လို့ မင်းထင်လား"

"ငါက တကယ်ကြီး အရုပ်လေး ဝင်စားတယ်လို့ ဟန်ဆောင်ရမှာလား"

ဖန်ရှင်းက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"တခြားနည်းလမ်း မရှိဘူး.. "

နတ်ဆိုးဘိုးဘေးက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ငါ့မှာရွေးချယ်စရာ မရှိတော့ဘူးလား.. ဒီကိစ္စသာ ပြန့်သွားရင် ငါ့မျက်နှာကို ဘယ်မှာ သွားထားရမလဲတောင် မသိတော့ဘူး"

ဖန်ရှင်းက နတ်ဆိုးဘိုးဘေးကို စူးစိုက်ကြည့်၍ ဒေါသတကြီး ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူမ အမှန်တရားကို ရှာတွေ့သွားရင် ပထမဆုံး အသတ်ခံရမဲ့သူက မင်းပဲ.. ငါလည်း သူမလက်ကနေ လွတ်မြောက်မှာ မဟုတ်ဘူး.. ဒါပေမဲ့ အရုပ်လေး အဖြစ် ဟန်ဆောင်တာ မင်းအတွက် မနစ်နာပါဘူးလေ.. သူမက နတ်ဘုရား မျိုးနွယ်စု ၃၀၀၀ရဲ့ အရှင်သခင် ဆိုတော့ မင်းက အဲ့ဒါကို သူမဆီက အမွေဆက်ခံခွင့် ရနိုင်လောက်တယ်"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ခဏမျှ တိတ်ဆိတ်သွားသည်။

ယင်းအချိန်မှာပင် သူက အသိစိတ်ပင်လယ်ထဲကနေ ပြင်ပကမ္ဘာသို့ ပြန်ရောက်လာသည်။

သူ၏ရှေ့တွင် ထာဝရနတ်ဘုရားနှင့် နတ်ဆိုးဘိုးဘေးတို့ ရှိနေသည်။

အသိစိတ်ပင်လယ်ထဲတွင် သူနှင့် နတ်ဆိုးဘိုးဘေးတို့ ဆွေးနွေးခဲ့သည်ကို ထာဝရနတ်ဘုရားက သိပုံမရပေ။

နတ်ဆိုးဘိုးဘေး၏ မျက်နှာကိုမြင်လျှင် ဖန်ရှင်းက နတ်ဆိုးဘိုးဘေး သူ့ကို ဘာလုပ်စေချင်တယ် ဆိုတာ သိလိုက်သည်။

"တကယ်ပါပဲ.. ငါက တကယ်ကြီး ခွေးဝင်စား ဟန်ဆောင်ရတော့မှာလား.. နတ်ဆိုးဘိုးဘေး.. ငါဒီအကြွေးကို ကောင်းကောင်း မှတ်ထားမယ်"

ဖန်ရှင်းက စိတ်ထဲကနေ နတ်ဆိုးဘိုးဘေးကို ကြိမ်းမောင်းလိုက်သည်။

ထို့နောက် သူက ခေါင်းမော့၍ ထာဝရနတ်ဘုရားကို ချစ်စဖွယ် ပြုံးပြလိုက်ပြီး

"အမေ"

ဟု အော်ဟစ်ကာ ရှေ့သို့ လှမ်း၍ ထာဝရနတ်ဘုရား၏ ခါးကိုတင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

အပိုင်း(၁၂၂၆) ပြီး၏

အပိုင်း(၁၂၂၇) အမွေတောင်းခြင်း

"အမေ"

ထိုအသံက နတ်ဆိုးဘိုးဘေးအား တုန်လှုပ်သွားစေခဲ့ပြီး ထာဝရနတ်ဘုရားအား သိသိသာသာ အံ့အားသင့်စေခဲ့သည်။

အထူးသဖြင့် ဖန်ရှင်းက ၎င်းတို့ထက်ပင် ပို၍ အံ့အားသင့်နေသည်။

သူက အခွင့်အရေး ရတုန်း ထာဝရနတ်ဘုရား၏ ခါးကို အားပါးတရ ပွေ့ဖက်လိုက်သော်လည်း စိတ် မသက်မသာ ခံစားလိုက်ရသည်။

သူထိတွေ့ဖူးသည့် မိန်းကလေးတွေရဲ့ ခါးက ပျော့ပျောင်းသော်လည်း ထာဝရနတ်ဘုရား၏ ခါးကမူ မာကျောနေသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ လက်ရှိခန္ဓာကိုယ်ကို သူမက ကျောက်စိမ်းဖြင့် တည်ဆောက်ထားသောကြောင့် ဖြစ်သည်။

သူမနှင့် လက်ရှိခန္ဓာကိုယ်က လိုက်လျောညီထွေ ရှိသည်ဟု ထင်ရသော်လည်း ကျောက်စိမ်း၏ အနှစ်သာရကမူ ပြောင်းလဲသွားမည် မဟုတ်ပေ။

သူမက ရုတ်တရက် အဖက်ခံလိုက်ရသောကြောင့် မသိစိတ်ကနေ ဖန်ရှင်း၏ လက်ကို ဖြည်ရန် ပြင်မိလိုက်သော်လည်း လက်တွေ့တွင်မူ မဖြည်ခဲ့ပေ။

ခဏအကြာတွင် သူမ၏ မျက်လုံးများက ပျော့ပျောင်းလာသည်။

"ကောင်စုတ်လေး.. နင်ငါ့ကို အရှက်ရအောင် လုပ်နေတာလား"

ထာဝရနတ်ဘုရားက ဖန်ရှင်း၏ ခေါင်းကို ဖွဖွလေး ပွတ်သပ်၍ ပြောလိုက်သည်။

"အပွတ်.. အပွတ်"

နတ်ဆိုးဘိုးဘေးက ထာဝရနတ်ဘုရားနှင့် ဖန်ရှင်းတို့ အဆင်ပြေနေသည်ကို မရှုစိမ့်နိုင့်သဖြင့် တမင်တကာ ချောင်းဟန့်လိုက်သည်။

ထို့နောက် သူက ထာဝရနတ်ဘုရားကို ခပ်တိုးတိုး ပြောလိုက်သည်။

"ရုပ်ဆိုးတဲ့အစေခံ.. ဘာပဲဖြစ်ဖြစ် ကလေးနဲ့ငါလည်း မင်းနဲ့ပြန်တွေ့ပြီ.. ဒါက မင်းရဲ့ဆန္ဒပဲ မဟုတ်လား.. အခု မင်းဘာမှ စိတ်မပူနဲ့တော့.. တိတ်ဆိတ်တဲ့ နေရာကို ရှာပြီး ငါ့ကို စောင့်နေပါ.. ငါ့မှာလည်း ငါ့ရဲ့ကိုယ်ပိုင် အစီအစဥ်တွေ ရှိပါတယ်"

ထိုစကားကို ကြားလျှင် ထာဝရနတ်ဘုရားက စိတ်ပျက်လက်ပျက်ဖြစ်ကာ နတ်ဆိုး ဘိုးဘေးကို ကြည့်လိုက်ပြီး

"ကျမတို့က အခုမှ ပြန်တွေ့တာလေ.. ရှင်က ပြန်သွားတော့မလို့လား"

ဟု မကျေမနပ် ပြောလိုက်သည်။

"မင်းစိတ်ပူစရာ မလိုပါဘူး.. တကယ်တော့ ငါဘာလိုချင်တယ်.. ငါဘာလုပ်နေတယ် ဆိုတာ ငါအမြဲသိပါတယ်"

နတ်ဆိုးဘိုးဘေးက ရှက်ရွံ့သော လေသံဖြင့် ပြောလိုက်သည်။

"အဲ့ဒီအချိန်က အင်မော်တယ်ဘုရင် ယန်ဟွမ်ရဲ့ ဖမ်းဆီးခြင်းကို ကျမ ခံခဲ့ရတယ်.. ပြင်းပြင်းထန်ထန် အပြစ်ပေးခံခဲ့ရပေမဲ့ ကံကောင်းစွာနဲ့ လွတ်မြောက်ခဲ့ရတယ်.. အဲ့ဒီနောက်မှာ နတ်ဘုရားမ တစ်ပါးရဲ့ အမွေအနှစ်ကို ဆက်ခံနိုင်ခဲ့တယ်.. ယန်ဟွမ်ရဲ့ လက်ထဲက လွတ်မြောက်ပြီးတဲ့ နောက်မှာ နှစ်ပေါင်းများစွာအပတ်တကုတ် ကျင့်ကြံခဲ့ပေမဲ့ ယန်ဟွမ်ကို မီဖို့ အဝေးကြီး လိုသေးတယ် ဆိုတာ သိလိုက်ရတယ်.. ငါတို့တွေ ထာဝရအတူ နေချင်ရင် ငါတို့ခွဲနေလို့ မဖြစ်ဘူး.. အတူတူ စွန့်စားရမယ်"

"ငါ့ကို မင်းကာကွယ်ဖို့ မလိုပါဘူး.. ငါမင်းနဲ့အတူ ရှိနေရင် မင်းအတွက် ဝန်ထုပ်ဝန်ပိုးပဲ ဖြစ်နေလိမ့်မယ်"

နတ်ဆိုးဘိုးဘေးက ထာဝရနတ်ဘုရား၏ ဆုံးဖြတ်ချက်ကိုပြောင်းလဲစေရန် ကြိုးစားကြည့်လိုက်သည်။

"ရှင်ကျမကို ကာကွယ်ဖူးတယ်.. အခု ကျမက ရှင့်ကို ကာကွယ်ရမဲ့ အလှည့်ရောက်ပြီ"

ထာဝရနတ်ဘုရားက ရေကဲ့သို့ ကြည်လင်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး ပေါ့ပါးစွာ ပြောလိုက်သည်။

"ဟားဟား ဒီအဘိုးကြီးတော့ တိုင်ပတ်နေပြီ.. "

ဖန်ရှင်းက နတ်ဆိုးဘိုးဘေးနှင့် ထာဝရ နတ်ဘုရားတို့ အပြန်အလှန် ပြောဆိုနေကြသည်ကို နားထောင်ရင်း စိတ်ထဲကနေ ဝမ်းပမ်းတသာ ရေရွတ်လိုက်သည်။

ထို့နောက် သူက ၎င်းတို့နှစ်ဦးလုံးကို မျက်လုံးများ တောက်ပစွာဖြင့် ကြည့်၍ ပြောလိုက်သည်။

"အမေတို့နှစ်ယောက်က အခုမှ တွေ့ကြတာဆိုတော့ ပြောစရာတွေ အများကြီး ရှိနေတာ ကျနော်သိတယ်.. ဒါပေမဲ့ ကျနော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုလို့ရမလား"

သူ၏ စကားကိုကြားလျှင် နတ်ဆိုးဘိုးဘေးနှင့် ထာဝရနတ်ဘုရားတို့ နှစ်ဦးလုံးက သူ့ကို စိတ်ဝင်တစား ကြည့်လိုက်ကြသည်။

အထူးသဖြင့် နတ်ဆိုးဘိုးဘေးဖြစ်သည်။

သူက ဖန်ရှင်းနှင့် အတော်ကြာ နေလာခဲ့သောကြောင့် ဖန်ရှင်းက အခွင့်အရေးယူ၍ တောင်းဆိုတော့မည်ကို ခန့်မှန်းမိလိုက်သည်။

ဖန်ရှင်းက မျက်နှာငယ်လေးဖြင့် ထာဝရနတ်ဘုရားကို ကြည့်လိုက်ပြီး

"အမေ.. ကျနော့်မှာ နည်းစနစ် ကောင်းကောင်း မရှိတော့ အစွမ်းထက် နည်းစနစ် တစ်ခုခုကို သင်ကြားပေးလို့ရမလား"

ထိုစကားကို ကြားလျှင် နတ်ဆိုးဘိုးဘေးက ချက်ချင်းပင် မျက်လုံးများ ပြူးကျယ်သွားသည်။

ဤမိစ္ဆာလေးကြောင့် သူ၏ဒေါသက ပေါက်ထွက်လုနီးနီး ဖြစ်လာသည်။

"မင်းကို ကြည့်ရသလောက်တော့ အစွမ်းထက် နည်းစနစ်တွေအတော်များများ တတ်ကျွမ်းထားပုံရတယ်.. ဒါပေမဲ့ မင်းစိတ်မပူပါနဲ့.. အဲ့ဒီနည်းစနစ်တွေထက် အစွမ်းထက်တဲ့ မှော်နည်းစနစ်တွေ မင်းကို ငါသင်ပေးနိုင်တယ်"

ထာဝရနတ်ဘုရားက လိုလိုလားလားပင် ပြောလိုက်သည်။

"ဟိုလေ.. အမေကျင့်နေတဲ့ ကျင့်စဉ်လေး ကျနော့်ကို လက်ဆင့်ကမ်းပေးလို့ မရဘူးလား"

ထိုစကားကိုကြားလျှင် ထာဝရနတ်ဘုရားက အနည်းငယ်

ထိတ်လန့်သွားပြီး ခပ်ယဲ့ယဲ့ ပြုံး၍ ပြန်ဖြေလိုက်သည်။

"မင်းက ငါ့သားပါ.. ဒါကြောင့် ငါသိသမျှ တတ်ကျွမ်းသမျှ အရာအားလုံးကို သင်ပေးမှာပါ.. ဒါပေမဲ့ ငါလက်ရှိကျင့်နေတဲ့ ကျင့်စဉ်ကို ကျင့်ဖို့က အထူးခန္ဓာကိုယ် လိုအပ်တယ်.. ဒါကြောင့် မင်းသင်ယူဖို့ မဖြစ်နိုင်ဘူး"

ထာဝရနတ်ဘုရား၏ စကားကြောင့် ဖန်ရှင်းက အံ့အားသင့်သွားသည်။

"ဘယ်လို အထူးခန္ဓာကိုယ်မျိုးလဲ"

ဖန်ရှင်း၏ မေးခွန်းကြောင့် ထာဝရနတ်ဘုရား၏ မျက်နှာက နီရဲသွားပြီး ဖန်ရှင်း၏ မေးခွန်းကိုပင် ပြန်မဖြေနိုင်တော့ပေ။

ဖန်ရှင်းက ထာဝရ နတ်ဘုရား၏ ရှက်ရွံ့သော အမူအရာကို မြင်ရလျှင် တစ်စုံတစ်ရာကို တွေးလိုက်မိသည်။

ထာဝရနတ်ဘုရားက ရှားပါးသော ခန္ဓာကိုယ်ဖြင့် မွေးဖွားလာပြီး လိင်ဆက်ဆံ၍ မရဟု နတ်ဆိုးဘိုးဘေးက ပြောခဲ့ဖူးသည်။

သို့ဆိုလျှင် အထူးခန္ဓာကိုယ် ဆိုသည်မှာ ဤသည်ကို ရည်ညွှန်းပါသလော။

ထိုအကြောင်းကို တွေးမိသည်နှင့် ထာဝရနတ်ဘုရား၏ ကျင့်စဉ်ကို သင်ယူရန်မှာ သူ့အတွက် လုံးဝမဖြစ်နိုင်ဟု ကောက်ချက်ချလိုက်သည်။

ထို့နောက်တွင် ဖန်ရှင်းက နောက်တစ်မျိုး တောင်းဆိုလိုက်ပြန်သည်။

"အမေ.. နင်က နတ်ဘုရား မျိုးနွယ်စု ၃၀၀၀ကိုတောင် အုပ်စိုးတဲ့ အရှင်သခင်ပဲ.. ကျနော့်ကို ထာဝရနတ်ဘုရား ရာထူးပေးလိုက်လို့ မရဘူးလား"

ဖန်ရှင်း၏ တောင်းဆိုမှုကြောင့် နတ်ဆိုးဘိုးဘေးက စားတော့မတတ် စိုက်ကြည့်နေပြီ ဖြစ်သည်။

"ဒီကောင့်ကို အရုပ်လေးအဖြစ် ဟန်ဆောင်ခိုင်းတာ ငါမှားသွားပြီထင်တယ်"

ယင်းအချိန်တွင် ထာဝရနတ်ဘုရားက ဖန်ရှင်းကို ပြုံးပြလိုက်ပြီး

"ငါက ထာဝရနတ်ဘုရား ဖြစ်တယ်.. မင်းက ငါ့ရဲ့သားတော်ဆိုတော့ နောင်တစ်ချိန်မှာ ဒီရာထူးက မင်းအတွက်ပဲ ဖြစ်လိမ့်မယ်.. ဒါပေမဲ့ ငါ့ရဲ့ကိစ္စတွေ မပြီးပြတ်ခင် အထိတော့ ဒီရာထူးကို မင်းဆီ ပေးလို့ မဖြစ်သေးဘူး.. အခုချိန်မှာ မင်းကို မင်းသားဘွဲ့ ပေးရုံနဲ့ အဆင်ပြေတယ်.. မင်းရဲ့အဆင့်အတန်းက ငါ့ရဲ့အောက်.. အားလုံးရဲ့အထက်မှာ ရှိတယ်.. ဘယ်သူမှ မင်းကို စော်ကားဖို့ သတ္တိရှိမှာ မဟုတ်တော့ဘူး"

"ဒီကောင်က သောက်ရူးပဲ.. ငါတောင် ဒီမိန်းမရဲ့ လွှမ်းမိုးမှုကနေ ဝေးချင်လို့ ထွက်ပြေးနေတာကို ဒီကောင်က ထာဝရနတ်ဘုရားရာထူးပါ တောင်းဆိုလိုက်သေးတယ်"

နတ်ဆိုးဘိုးဘေးက စိတ်ထဲကနေ ဖန်ရှင်းကို အပြစ်တင်လိုက်သည်။

ယင်းအချိန်တွင် ဖန်ရှင်းက ထာဝရနတ်ဘုရား၏ ခါးကို ပွေ့ဖက်၍ ချွဲလိုက်ပြီး

"အမေ.. ကျနော့်ကို ရာထူး ပေးတဲ့ကိစ္စကို နောက်မှ ဆွေးနွေးတော့မယ်.. ကျနော့်မှာ အခက်အခဲရှိရင် အမြဲတမ်း ကူညီပေးမယ်လို့ ကတိပေးနိုင်မလား"

"ငါတတ်နိုင်သလောက် ကူညီပေးမှာပါ.. ကတိပေးပါတယ်"

ထာဝရနတ်ဘုရားက ဖန်ရှင်းကို နူးညံ့သိမ်မွေ့စွာ ကြည့်၍ ပြောလိုက်သည်။

ထာဝရနတ်ဘုရားထံမှ ကတိကဝတ် ရသည်နှင့် ဖန်ရှင်း၏ အမူအရာက ပြင်းထန်လာပြီး

"ကျနော်အမေ့ကို တောင်းဆိုစရာ နှစ်ခုရှိတယ်.. ပထမတစ်ခုက အင်မော်တယ် ဘုံငယ်နဲ့ ပတ်သက်နေတယ်.. သူတို့မှာ ကြီးမားတဲ့

ရည်ရွယ်ချက် ရှိနေတာ အမေ မသိဘူး မဟုတ်လား.. သူတို့ ဆီမှာ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း နည်းစနစ် ဆိုတဲ့ အလွန် ကြောက်စရာကောင်းတဲ့ နည်းစနစ် ရှိတယ်.. ဒီနည်းစနစ်ကို လေ့ကျင့်အောင်မြင်သွားရင် အမေ့ကို ခြိမ်းခြောက်လာမှာ အသေအချာပဲ.. ဒီထက်ပိုပြီး စိတ်ပျက်ဖို့ ကောင်းတာက ဒီနည်းစနစ်ကို လေ့ကျင့်ဖို့ အမျိုးသမီးတွေကို ဖမ်းဆီးပြီး အသုံးချနေတာပဲ.. ကျနော့်ရဲ့ မိတ်ဆွေတွေတောင် ဒီထဲမှာ ပါနေခဲ့တယ်"

"တကယ်တော့ ဒီကိစ္စကို ငါသိပြီးသားပါ"

ထာဝရနတ်ဘုရားက မျက်မှောင်ကြုတ်၍ ပြန်ဖြေလိုက်သည်။

"ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို သူတို့ ဘယ်လိုမှ ကျင့်ကြံနိုင်မှာ မဟုတ်ဘူး.. ဒါကြောင့် ငါတမင် လွှတ်ထားပေးလိုက်တာ.. မင်းရဲ့ မိတ်ဆွေတွေကို ငါကယ်တင်ပေးပါ့မယ်.. ဒါပေမဲ့ အခုချိန်မှာ အင်မော်တယ် ဘုံငယ်က ငါ့အတွက် လိုအပ်နေသေးတယ်.. သူတို့ကို အသုံးချပြီးတာနဲ့ မင်းစိတ်ကြိုက် စီရင်ဖို့ ငါခွင့်ပြုပေးမယ်"

"ဟုတ်ကဲ့"

ဖန်ရှင်းက မကျေမနပ် ဖြစ်နေသော်လည်း အသေအချာ စဥ်းစားပြီးနောက် သဘောတူလိုက်သည်။

"နောက်ထပ် တောင်းဆိုစရာက အရှေ့ပင်လယ်နဲ့ ပတ်သက်နေတယ်.. အဲ့ဒီမှာ နဂါးဘုရင်ရဲ့ အုပ်ချုပ်မှု မရှိတော့ နဂါးမယ်တော် ဘွဲ့ကို ခံယူထားတဲ့ ခေါင်းကိုးလုံး မျိုးနွယ်စုက သတ္တဝါ တစ်ကောင်က ချယ်လှယ်နေတာ မြင်တောင် မကောင်းဘူး.. သူက အမေ့ရဲ့ချွေးမကို ဖမ်းထားပြီး ကျနော့်ဆီ ပြန်မပေးဘူး.. ဒီခေါင်းကိုးလုံးမကို အမေ အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ပိုင်းဖြတ်ပေးရမယ်"

"ခေါင်းကိုးလုံးသတ္တဝါလား"

ထာဝရနတ်ဘုရားက အနည်းငယ် တအံ့တသြ ဖြစ်ကာ ရေရွတ်လိုက်သည်။

"ဒါဆို အရှေ့ပင်လယ်ကို အမြန်သွားမှရမယ်.. ခေါင်းကိုးလုံးသတ္တဝါက မကြာခင် အင်မော်တယ်

လမ်းပေါ်တက်တော့မှာ"

"နဂါးမယ်တော်က ဘယ်လိုလုပ် အင်မော်တယ် လမ်းပေါ်ကို တက်ခွင့် ရသွားတာလဲ.."

ဖန်ရှင်းက နားမလည်နိုင်သော အမူအရာဖြင့် မေးလိုက်သည်။

သူသိရသလောက် အင်မော်တယ် လမ်းပေါ်သို့ တက်ရန်မှာ ရင်ရှန်းတံတားကို ဖြတ်ကျော်ရမည် ဖြစ်သည်။

လျှို့ဝှက်စွာ ဇာတ်မြုပ်နေထိုင်သည့် ကျင့်ကြံသူများပင် ရင်ရှန်းတံတားပေါ်သို့ တက်ရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသည်။

သို့ဆိုလျှင် နဂါးမယ်တော်က အင်မော်တယ်လမ်းပေါ်သို့ မည်သည့် နေရာကနေ တက်လှမ်းရန် ကြိုးစားနေပါသနည်း။

"နဂါးမယ်တော် ခရီးထွက်မဲ့ အင်မော်တယ်လမ်းက

တာအိုမျိုးနွယ်စုတွေရဲ့ တာအိုလမ်း မဟုတ်ဘူး.. နဂါးမျိုးနွယ်စုက သီးသန့် ဖောက်ထားတဲ့ လမ်းကြောင်းတစ်ခုပဲ.. သူမ ဘဝ တစ်လျှောက်လုံး လုပ်သမျှက အဲ့ဒီအတွက်လို့တောင် ပြောလို့ရတယ်"

ထာဝရနတ်ဘုရားက ဖန်ရှင်းကို ရှင်းပြလိုက်သည်။

အပိုင်း(၁၂၂၇) ပြီး၏

အပိုင်း(၁၂၂၈) အောင်မြင်နိုင်ချေက ဆယ်ရာခိုင်နှုန်းအောက်

"နဂါးမျိုးနွယ်တွေမှာ အင်မော်တယ် လမ်းကြောင်း တစ်ခုတောင် ရှိသေးတယ်လား"

ဖန်ရှင်းက ထာဝရနတ်ဘုရား၏ နှုတ်မှ ထွက်ပေါ်လာသော သတင်းကြောင့် ချက်ချင်း စိတ်ရှုပ်သွားသည်။

ကျင့်ကြံသူ တစ်ဦးအနေဖြင့် ရင်ရှုန်းတံတားကို ကောင်းကင်ကိုတက်လှမ်းမည့် အင်မော်တယ်လမ်းဟု မျှော်လင့်ထားသော်လည်း တခြား အင်မော်တယ်လမ်းများ ရှိနေသေးသည်ကိုတော့ မသိခဲ့ပေ။

သူက သိချင်စိတ် ပြင်းပြစွာဖြင့် ထာဝရနတ်ဘုရားကို ကြည့်လိုက်သည်။

"အင်မော်တယ်လမ်း ဆိုတာ ရှင်းရှင်းလင်းလင်း ပြောရရင် မဟာအင်မော်တယ်ဘုံကို သွားတဲ့လမ်းပဲ"

ဖန်ရှင်း၏ နှလုံးသားထဲမှ သံသယများကို မြင်မြင်ချင်း ထာဝရနတ်ဘုရားက တိုးတိုးလေး ရှင်းပြခဲ့သည်။

"အင်မော်တယ်ဘုံကို သွားတဲ့လမ်းက တစ်လမ်းတည်း ရှိတာတော့ မဟုတ်ဘူး.. တကယ်တော့ တာအိုဘာသာလမ်း.. ဗုဒ္ဓဘာသာလမ်း.. နတ်ဆိုးလမ်း နဲ့ နဂါးလမ်း ဆိုပြီး လမ်းစုစုပေါင်း လေးခုရှိတယ်.."

"ဒီလမ်းလေးခုလုံးက မဟာအင်မော်တယ်ဘုံကို ဦးတည်သွားတာ မှန်ပေမဲ့ ကွဲပြားမှုတော့ရှိတယ်.. ဒီထဲမှာ ဗုဒ္ဓဘာသာရဲ့လမ်းက အနောက်ကောင်းကင်ဘုံကို ဦးတည်ပြီး နဂါးမျိုးနွယ်ရဲ့လမ်းက ထျန်းလုံ ရှေးဟောင်းနယ်မြေကို ဦးတည်တယ်.. နတ်ဆိုးတွေရဲ့လမ်းက ထိုက်ခုကုန်းမြေတိုက်ကို ဦးတည်နေပြီး တာအိုဘာသာကမူ နယ်မြေ၃၃ကို ဦးတည်နေသည်။

လမ်းကြောင်းတစ်ခုစီက နယ်မြေတစ်ခုစီကို ဦးတည်တယ်.. နယ်မြေလေးခုလုံးက ကြယ်တစ်ပွင့်အဖြစ် တည်ရှိနေပြီး အဲ့ဒါကို မဟာအင်မော်တယ်ဘုံလို့ ခေါ်ဆိုကြတယ်"

"ကျင့်ကြံသူတွေက အင်မော်တယ် ဖြစ်လာဖို့ အရည်အချင်း မရှိလည်း အင်မော်တယ်လမ်းနဲ့ ကြယ်မြေပုံသာ ရှိရင် မဟာအင်မော်တယ်ဘုံကို တက်လှမ်းနိုင်တယ်"

ထာဝရနတ်ဘုရားက သက်ပြင်းတစ်ချက် ချကာ တိမ်ပင်လယ်ကြီးနှင့် ကြယ်ရောင်စုံသော ကောင်းကင်ကြီးကို မျှော်ကြည့်လိုက်သည်။

"ကမ္ဘာကြီးရဲ့ အပြင်ဘက် ကောင်းကင်ယံက ကျယ်ပြောလွန်းပြီး အကန့်အသတ် မရှိကြီးမားတယ်..ကျင့်ကြံသူတွေကဘယ်လောက်ပဲ အစွမ်းထက်ပါစေ.. ကြယ်မြေပုံ မရှိရင်တော့မဟာ အင်မော်တယ်ဘုံကို ဘယ်လိုမှ ရောက်မှာ မဟုတ်ဘူး"

"ကြယ်မြေပုံလား"

ဖန်ရှင်းက အနည်းငယ် မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"ဟုတ်တယ်.. မဟာ အင်မော်တယ်ဘုံကို သွားဖို့ အရေးကြီးဆုံးက ကြယ်မြေပုံပဲ"

နတ်ဆိုးဘိုးဘေးက ပြဿနာ၏ လေးနက်မှုကို သဘောပေါက်သောကြောင့် မျက်မှောင်ကြုတ်ကာ ဖန်ရှင်းကို တိုးတိုးလေးရှင်းပြလိုက်သည်။

"ကြယ်ပင်လယ်တွေရဲ့ ကြားမှာ အကျပ်အတည်းနဲ့ အန္တရာယ်တွေက အရမ်းများတယ်.. ကြယ်ပင်လယ်ထဲမှာ ပျောက်ဆုံးပြီး လုယက်ခံရနိုင်တဲ့ အခြေအနေလည်း ရှိတယ်.. မမျှော်လင့်ထားတဲ့

အခြေအနေတွေကြောင့် လမ်းပျောက်ခြင်းလည်း ဖြစ်နိုင်တယ်.. ဒါကြောင့် တစ်ချိန်က အင်အားကြီးခဲ့တဲ့ တာအိုဘာသာ.. ဗုဒ္ဓဘာသာ.. နတ်ဆိုးနဲ့နဂါးတွေက သူတို့တွေရဲ့မျိုးဆက်တွေ အတွက် ကိုယ်ပိုင်လမ်းတွေကို ဖောက်လုပ်ခဲ့ကြတယ်.. တစ်ချိန်ချိန်မှာ သူတို့တွေရဲ့ မျိုးဆက်တွေက အင်မော်တယ် နီးပါး ထူးချွန်လာတာနဲ့ တမန်တော်တွေ စေလွှတ်ပြီး လာရောက် ခေါ်ဆောင်ဖို့ လုပ်လာကြလိမ့်မယ်"

နတ်ဆိုးဘိုးဘေး၏ ရှင်းပြမှုကြောင့် ဖန်ရှင်းက စိတ်ဝင်စားလာသည်။

သူက ကျင့်ကြံခြင်း လမ်းစဥ်ပေါ်တွင် လျှောက်လှမ်းနေခဲ့တာ ကြာပြီ ဖြစ်သောကြောင့် ဒဏ္ဍာရီ တော်တော်များများကို ကြားဖူးနားဝ ရှိခဲ့သည်။

တချို့သော ဒဏ္ဍာရီအရ ကောင်းကင်နှင့်မြေကြီး အရောင်ပြောင်းသွားသည့် အချိန်တွင် ကောင်းကင်တမန်များ ရောက်ရှိလာပြီး ကျောက်စိမ်းရထားဖြင့် လာရောက် ခေါ်ဆောင်သွားကြသည်။

နတ်ဆိုးဘိုးဘေးက သက်ပြင်းတစ်ချက်ချကာ ဆက်ပြောလိုက်သည်။

"ဒီလိုမျိုးဆက်သစ်တွေကို လမ်းဖွင့်ပေးသူတွေက နက်နဲတဲ့နောက်ခံကောင်း ရှိကြတယ်.. မင်းအရင်က မြင်ဖူးခဲ့တဲ့ ရင်ရှန်းတံတားက တာအိုဘာသာနဲ့ ပတ်သက်တဲ့ အင်မော်တယ်လမ်းပဲ.. နောက်ပိုင်းမှာတော့ ဗုဒ္ဓဘာသာ.. နတ်ဆိုးတွေနဲ့ နဂါးတွေကလည်း တာအိုဘာသာရဲ့ ထိန်းချုပ်မှု မခံရအောင် သူတို့ရဲ့ကိုယ်ပိုင်လမ်းတွေကို ဖောက်လုပ်ခဲ့တယ်.. ထျန်းယွမ်တိုက်က ကျင့်ကြံသူတွေက ဒီလမ်းလေးခုကို ကျော်ဖြတ်ပြီး မဟာအင်မော်တယ်ဘုံကို သွားလို့ရနိုင်တယ်"

ဖန်ရှင်းက နတ်ဆိုးဘိုးဘေး ဆီကနေ သူမသိသော အကြောင်းအရာ များစွာကို ကြားလိုက်ရသည်။

ခဏအကြာတွင် နတ်ဆိုးဘိုးဘေးက သက်ပြင်းချလိုက်သည်။

"ကောင်းကင်ဘုံကို တက်လှမ်းမယ် ဆိုတာက တကယ်တော့ မဟာအင်မော်တယ်ဘုံကို ခရီးဆက်နေတာပဲ"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အနည်းငယ် စိတ်ရှုပ်ထွေးလာပြီး အသိစိတ် ပျောက်ဆုံးသွားသလို ခံစားခဲ့ရသည်။

ကောင်းကင်ဘုံကို တက်လှမ်းမည်ဟု ဆိုခြင်းမှာ တကယ်တမ်းတွင် ထျန်းယွမ်တိုက်မှ အခြား ကြယ်ဂြိုဟ်တစ်ခုသို့ ခရီးနှင်ခြင်းသာ ဖြစ်ကြောင်း ဖန်ရှင်းက နားလည် သဘောပေါက်လာခဲ့သည်။

အသေအချာ စဥ်းစားကြည့်လျှင် မိုင်ရာနဲ့ချီ ကျယ်ဝန်းသည့် ကြယ်ပင်လယ်ကို ခရီးနှင်သည်မှာ အတော်ပင် အန္တရာယ်များသည်။

"အင်မော်တယ်လမ်းတွေက ငါစိတ်ကူး ထားသလောက်လည်း မရှုပ်ထွေးပါဘူး.. ဒါဆို ထျန်းယွမ်တိုက်ကနေ တိုက်ရိုက် ခရီးနှင်လိုက်ရုံပဲပေါ့"

ထိုစကားကို ကြားလျှင် နတ်ဆိုးဘိုးဘေးက သက်ပြင်းတစ်ချက်ချ၍ မချိပြုံး ပြုံးပြလိုက်သည်။

"မင်းထင်နေသလို ဒီကိစ္စက မလွယ်ကူဘူး.. ထျန်းယွမ်ရဲ့ကောင်းကင်က စည်းခတ်ခံ ထိထားတော့ ဘယ်လောက်ပဲ

အဆင့်မြင့်တဲ့ ကျင့်ကြံသူဖြစ်ပါစေ.. ထျန်းယွမ်တိုက်ကနေ ပြင်ပကို ထွက်လို့ မရတော့ဘူး"

"အင်မော်တယ် လမ်းကြောင်း လမ်းခုကို ညွှန်ပြတဲ့ ကြယ်မြေပုံသာ မရှိရင် အင်မော်တယ် ဘုရင်တောင် ကျယ်ပြောလှတဲ့ ကြယ်ပင်လယ်ထဲမှာ လမ်းပျောက်မှာ အသေအချာပဲ"

"ကြယ်နယ်မြေတွေက အရမ်းကြောက်ဖို့ ကောင်းတယ်.. တွေးကြည့်ရုံနဲ့တင် အဆုံးမဲ့ အန္တရာယ် များတယ်လို့ ခံစားရစေတယ်.. ရှေးခေတ်ကဆိုရင် ကြယ်နယ်မြေထဲကို နှင်ထုတ်ခံရတဲ့ သတ္တဝါတွေ တော်တော်များများ ရှိခဲ့တယ်.. အဲ့ဒီထဲမှာ တချို့ဆိုရင် အင်မော်တယ် သတ္တဝါတွေတောင် ဖြစ်ကုန်ကြတယ်"

"မင်းပြောတဲ့ အတိုင်းဆို ကပ်ဘေးကိုးခုကို မဖြတ်ကျော်နိုင်ရင်တောင် ကြယ်မြေပုံတွေရှိရင် အင်မော်တယ် ဖြစ်နိုင်တာပေါ့"

ဖန်ရှင်းက ခဏမျှ တွေးတောလိုက်ပြီးမှ မေးခွန်းတစ်ခုကို

မေးလိုက်သည်။

"သီအိုရီအရ ဖြစ်နိုင်တယ်.. ဒါက ပါးစပ်နဲ့ ပြောရင်တော့ လွယ်ကူသလိုပဲ.. တကယ် လက်တွေ့လုပ်ရင်တော့ အရမ်းခက်တယ်"

"အခြေခံအားဖြင့် သတ်မှတ်ရရင် အလုပ်မဖြစ်နိုင်ဘူးလို့ ပြောရမယ်"

ထာဝရ နတ်ဘုရားက ပေါ့ပါးစွာ ပြောလိုက်သည်။

"ကပ်ဘေးကြီးပြီးတဲ့ နောက်မှာ.. အင်မော်တယ်လမ်းတွေက ပျက်စီးခဲ့ရတယ်.. ဗုဒ္ဓဘာသာရဲ့လမ်းက လုံးဝ ပျက်စီးလုနီးပါး ဖြစ်နေခဲ့ပြီ.. ဗုဒ္ဓဘာသာရဲ့ ခေါင်းဆောင် ရှန်းလျူသာ အနောက်ကောင်းကင်ဘုံကို ရှာဖွေလိုရင် တာအိုဘာသာရဲ့ လမ်းကို ဌားရမ်းပြီး တာအိုစည်းမျဉ်းတွေကို လိုက်နာဖို့ လိုအပ်တယ်"

"နတ်ဆိုးတွေ ဖောက်လုပ်ထားတဲ့ လမ်းက နတ်ဘုရား သတ္တဝါတွေရဲ့ လက်ထဲမှာ အမြဲရှိတယ်.. ငါက နတ်ဘုရား သတ္တဝါတွေကိုဦးဆောင်ပြီး နတ်ဆိုးလမ်းကနေ ထျန်းယွမ်တိုက်ကို ရောက်လာခဲ့တာပဲ.. ဒီကိုရောက်တဲ့အခါ

ပြဿနာအနည်းငယ်ကြုံရပြီး ထျန်းယွမ်တိုက်က ကြယ်ထုထပ်တဲ့ နေရာကနေ ဖယ်ခွာသွားခဲ့တယ်"

"ထျန်းယွမ်တိုက်ကို ရောက်တော့ နဂါးမယ်တော်က ကြယ်မြေပုံကို ချီးမြှင့်ဖို့ ပထမဦးဆုံး တောင်းဆိုခဲ့တယ်.. ဘာလို့လည်းဆိုတော့ နဂါးမျိုးနွယ်စုရဲ့လမ်းက သူမ အင်မော်တယ်ဖြစ်ဖို့ တစ်ခုတည်းသော အခွင့်အရေး ဖြစ်နေပုံပဲ"

"လမ်းလေးခုမှာ နဂါးမျိုးနွယ်စုရဲ့ လမ်းက အန္တရာယ် အရှိဆုံးလို့ ပြောကြတယ်.. နဂါးသွေးသားက လွဲပြီး အပြင်လူတွေအတွက် ဒီလမ်းက မဖြစ်နိုင်လောက်ဘူး"

"နဂါးမယ်တော်က ကြယ်မြေပုံကို ရရှိခဲ့ပေမဲ့ တက်ဖို့ အချိန်နှောင်းသွားခဲ့တယ်.. ဒီကိစ္စကြောင့် ကြီးမား ကျယ်ပြန့်တဲ့ ကြယ်ပင်လယ်ထဲမှာ အန္တရာယ် အမျိုးမျိုးနဲ့ ရင်ဆိုင်ရနိုင်တယ်.. သူမရဲ့ အောင်မြင်နိုင်ချေက ဆယ်ရာခိုင်နှုန်း ထက်တောင် နည်းနေသေးတယ်.. နဂါးမျိုးနွယ်စုရဲ့လမ်းမှာ ခြေချရဲတဲ့အတွက် ငါသူ့ကို နည်းနည်းတော့ လေးစားမိတယ်.."

"ဆယ်ရာခိုင်နှုန်းအောက်လား"

ဖန်ရှင်းက တအံ့တသြ ရေရွတ်လိုက်သည်။

ထို့နောက် သူက

"ဒါဆို သူဘာလို့ သွားရတာလဲ"

ဟုမေးခွန်းထုတ်လိုက်သည်။

ထာဝရနတ်ဘုရားက သက်ပြင်းချလိုက်ပြီး

"ဒါက အင်မော်တယ်ဖြစ်ဖို့ နောက်ဆုံး အခွင့်အရေး ဆိုတာ သူမနားလည်ထားလို့ပဲ"

အပိုင်း(၁၂၂၈) ပြီး၏

အပိုင်း(၁၂၂၉) ဟိုစာအုပ်တွေမဖတ်ဘူးလား

"နောက်ဆုံး အခွင့်အရေးလား"

ထာဝရနတ်ဘုရား၏ စကားကိုကြားလျှင် ဖန်ရှင်းက အံ့အားသင့်သွားသည်။

ထာဝရ နတ်ဘုရားက ဒီထက် ပို၍ အသေးစိတ် ရှင်းမပြတော့ချေ။

"မင်းမကြာခင် နားလည်နိုင်မယ်လို့ ငါမျှော်လင့်တယ်.. ဒီအချိန်မှာ ရှင်းပြလည်း မင်းအတွက် ဘာမှအသုံးဝင်မှာ မဟုတ်ဘူး"

ဖန်ရှင်းက နဂါးမယ်တော်၏ ရည်ရွယ်ချက်ကို ထာဝရနတ်ဘုရား၏ စကားမှတဆင့် နောက်ဆုံးတွင် နားလည်သွားခဲ့သည်။

အင်မော်တယ်ဘုံကို တက်လှမ်း၍ အင်မော်တယ် ဖြစ်လာခြင်းသည်

ကျင့်ကြံခြင်းလောက၌ အထူး အခွင့်အရေး တစ်ခုလိုဖြစ်သည်။

ကပ်ဘေးကိုးခုကို ဖြတ်ကျော်နိုင်ခဲ့လျှင် အစစ်အမှန် အင်မော်တယ်ဟု ခေါ်ဆိုလေ့ ရှိသော်လည်း အင်မော်တယ်ဘုံသို့ မတက်လှမ်းနိုင်လျှင် အစစ်အမှန် အင်မော်တယ်ဟု ခေါ်ဆို၍ မရသေးပေ။

ထို့ကြောင့် ကျင့်ကြံသူများက အင်မော်တယ်လမ်းနှင့် ခြားနားသောလမ်း ဖြစ်သည့် သူတော်စင်များ ဖြစ်လာရန်သာ ရွေးချယ်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် အင်မော်တယ်ဘုံကို တက်လှမ်း၍ အင်မော်တယ် ဖြစ်ရန် မျှော်လင့်နေကြသော လူတစ်စုလည်း ရှိသည်။

၎င်းတို့က အင်မော်တယ်လမ်း ပြန်ဖွင့်မည့် အချိန်ကို စောင့်မျှော်လျက် ဇာတ်မြုပ် နေထိုင်ခဲ့ကြသည်။

ထိုလူစုထဲမှ တချို့က ပိုင်ချန်းကျောင်း.. နတ်ဆိုးသားရဲ ဘုရင်တို့နှင့် အတူ ထျန်းယွမ်ကို ကာကွယ်ဖို့ ရွေးချယ်ခဲ့ကြသော်လည်း

အများစုကမူ ရင်ရှန်းတံတားဆီ လာရန် ရွေးချယ်ခဲ့ကြသည်။

၎င်းတို့က ထျန်းယွမ်တိုက်ကို တစ်စိတ်တစ်ပိုင်း ကိုယ်စားပြုပြီး လျစ်လျူရှု၍ မရသည့် လူများ ဆိုလည်း မမှားပေ။

အကြောင်းရင်းမှာ ၎င်းတို့တွင် နက်ရှိုင်းသော ကျင့်ကြံမှုအခြေခံ ရှိနေသောကြောင့်ပင်။

ဆိုရလျှင် ၎င်းတို့က သူတော်စင်များမှလွဲလျှင် ထျန်းယွမ်တိုက်တွင် အမြင့်မားဆုံး ကျင့်ကြံသူများ ဖြစ်ကြသည်။

အတိုင်းအတာ တစ်ခုအထိ ဤလူများကို ထျန်းယွမ်တိုက်၏ လျှို့ဝှက် ကျင့်ကြံသူများဟု ခေါ်ဆိုနိုင်သည်။

၎င်းတို့က အင်မော်တယ် ဖြစ်လာရန် နက်နက်ရှိုင်းရှိုင်း စွဲလမ်းမှုရှိသည်။

"ခေါင်းကိုးလုံး သတ္တဝါက ဒီလူအုပ်စုမှာ အင်မော်တယ် ဖြစ်လာဖို့

အလားအလာ အရှိဆုံး သတ္တဝါတွေထဲက တစ်ကောင်ပဲ"

"ဒီလူတွေက အင်မော်တယ်လမ်း ပြန်ဖွင့်ဖို့ကို စောင့်နေကြပြီး အင်မော်တယ် ကံကြမ္မာကို မျှော်လင့်နေခဲ့ကြတယ် ဆိုပေမဲ့ ခေါင်းကိုးလုံး သတ္တဝါကတော့ သူ့နည်းသူ့ဟန်နဲ့ လုပ်ဆောင်နေခဲ့တယ်"

"အင်မော်တယ် ဖြစ်လာဖို့ ရည်ရွယ်ချက်နဲ့ သူက နဂါးမျိုးနွယ်စုရဲ့ အန္တရာယ်ရှိတဲ့ ရှေးဟောင်းလမ်းကိုတောင် စွန့်စားရဲတယ်"

ထာဝရနတ်ဘုရားက ခေါင်းကိုးလုံး သတ္တဝါကို ချီးမွမ်းလိုက်သည်။

"နဂါးမယ်တော်တို့ မောင်နှမက နဂါးမျိုးနွယ်စုရဲ့ ရှေးကျတဲ့ အင်မော်တယ်လမ်းကို သွားမှာသေချာရင် ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားမှာ သေချာတယ်"

"နဂါးမျိုးနွယ်စုရဲ့ ရှေးခေတ်လမ်းက နဂါးသွေးအစစ်နဲ့ ပတ်သက်နေတယ် ဆိုတော့ ငါ့မိန်းမ ယန်ကျာမှာ အန္တရာယ်ရှိနေပြီ"

"နဂါးမယ်တော်က ယန်ကျာရဲ့သွေးကို အသုံးပြုပြီး သူမရဲ့ရည်မှန်းချက် အောင်မြင်ဖို့ စတေးလောက်တယ်"

"ဘာပဲဖြစ်ဖြစ် ဒီကမ္ဘာကြီးမှာ နဂါးသွေးအစစ်ဆုံးက ငါ့မိန်းမပဲ.. ယောက်ဖနဂါးလည်း နဂါးသွေးစစ်တယ် ဆိုပေမဲ့ လက်ရှိအချိန်မှာ သူ့အတွက် စိတ်ပူစရာတော့ လိုမနေဘူး"

"ငါမစောင့်နိုင်တော့ဘူး.. ငါ့မိန်းမကို အမြန်ပြန်ခေါ်မှ ဖြစ်တော့မယ်"

ဖန်ရှင်းက ထိုသို့တွေးမိပြီးနောက် ထာဝရနတ်ဘုရားကို ကပျာကယာ မေးမြန်းလိုက်သည်။

"အမေ.. ခေါင်းကိုးလုံးသတ္တဝါက ဘယ်အချိန် ခရီးထွက်မှာလဲ"

"ငါလည်း အတိအကျမသိဘူး.. ဒါပေမဲ့ ဒီအခွင့်အရေးကို ရဖို့နှစ်ပေါင်းများစွာ စောင့်ခဲ့ရတဲ့အတွက် တတ်နိုင်သမျှ စောစောထွက်မှာတော့ သေချာတယ်"

"စောစောထွက်သွားမှာလား.. သူဘယ်အချိန် နဂါးမျိုးနွယ်စုရဲ့ အင်မော်တယ် လမ်းပေါ်တက်မလည်း ဆိုတာ အမေတောင် မသိဘူးလား.. ကျနော် သိရသလောက်တော့ သူမက အမေ့လက်အောက်က နတ်ဘုရားဘုရင် တစ်ပါးဆို"

ထိုစကားကိုကြားလျှင် ထာဝရနတ်ဘုရားက ပေါ့ပါးစွာခေါင်းညိတ်လိုက်သည်။

"တကယ်တော့ နတ်ဘုရားဘုရင်တွေထဲက ဘယ်နတ်ဘုရားဘုရင်မှ ငါ့အပေါ် လုံး၀ သစ္စာမရှိကြဘူး.. ခေါင်းကိုးလုံး သတ္တ၀ါက ငါနဲ့ အပေးအယူ လုပ်ခဲ့ရုံပါပဲ.. ဒါကြောင့် နဂါးမျိုးနွယ်စုရဲ့ အင်မော်တယ်လမ်းကို သူခြေချတော့မဲ့ အချိန်က အစ ငါ့ကို သတင်းပို့ဖို့ မလိုအပ်ဘူးလေ.. ငါ့သူ့ကို သဘောမကျဘူး ဆိုတာ သူ့စိတ်ထဲမှာလည်း နားလည်ပြီးသားပါ.. "

"ဒီထာ၀ရနတ်ဘုရား ဆိုတဲ့ မိန်းမက အရူးပဲ.. ခေါင်းကိုးလုံးမ အချိုးမပြေတာ သိရက်နဲ့ ကြယ်မြေပုံကိုတောင် ပေးလိုက်သေးတယ်.. လက်အောက်ငယ်သားတွေကို ဘယ်လို ထိန်းချုပ်နေလည်း မသိဘူး"

ဖန်ရှင်းက စိတ်ထဲကနေ ထာဝရနတ်ဘုရားကို အပြစ်တင်လိုက်သည်။

"မင်းဘာတွေတွေးနေတာလဲ"

ထာဝရနတ်ဘုရားက နူးညံ့စွာ ပြုံးပြ၍ မေးလိုက်သည်။

ဖန်ရှင်းက ရုတ်တရက် ခေါင်းမော့၍ ထာဝရနတ်ဘုရားကို ကြည့်လိုက်ပြီး

"ကျနော့် မိန်းမကို ကယ်မလို့ စဉ်းစားနေတာပါ"

ဟု ပြန်ဖြေလိုက်သည်။

ထိုစကားကို ကြားလျှင် နတ်ဆိုးဘိုးဘေးကလည်း ဝင်၍ ထောက်ခံလိုက်သည်။

"ဟုတ်တယ်.. ငါ့ချွေးမကို ကယ်ရမယ်.. ဒီကိစ္စက အရမ်းအရေးကြီးတယ်"

ထိုစကားကို ပြောပြီးသည်နှင့် နတ်ဆိုးဘိုးဘေးက ထာဝရနတ်ဘုရားကို ကြည့်လိုက်ပြီး

"မင်းရဲ့ မျက်နှာက ငိုထားတော့ ကြည့်လို့မကောင်းဘူး.. မသွားနဲ့တော့"

ဟု ပြောလိုက်သည်။

"ကျမ မသွားပါဘူး"

ထာဝရနတ်ဘုရားက ပြန်ဖြေလိုက်သည်။

ထိုစကားကြောင့် ထာဝရနတ်ဘုရားကို ရှောင်ပုန်းရန်

ကြိုးစားနေသော နတ်ဆိုးဘိုးဘေးက ဝမ်းသာသွားသော်လည်း ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေးကို နူးညံ့စွာ ကြည့်လိုက်ပြီး

"ကျမနဲ့ ရှင်နဲ့ ပြန်ဆုံရတာ လွယ်တာ မဟုတ်ဘူး.. ရှင်က ကျမကို ဘာလို့ ဒီလောက်မြန်မြန် ခွဲခွာချင်ရတာလဲ.. ကျမက ထာဝရ နတ်ဘုရားလို့ ဘွဲ့ခံထားပေမဲ့ ကျမဆီမှာ လက်နက် မချသေးတဲ့ ယူနီကွန်းလို ဒဏ္ဍာရီလာ မျိုးနွယ်စုတွေ ရှိပါသေးတယ်.. ဒါကြောင့် ကျမရဲ့အကြံအစည်တွေကို အကောင်အထည် ဖော်ဖို့ ရှင့်ရဲ့အကူအညီကို လိုအပ်တယ်.. အခုရှင်က ဝိညာဉ်အမျှင်တန်းလေးပဲ ကျန်ရှိတော့တယ် ဆိုတော့ ရှင့်ရဲ့ခန္ဓာကိုယ်ကို ပြန်ရအောင် ကျမ ကူညီပေးမယ်"

"အခုချိန်မှာ ငါ့ရဲ့ခန္ဓာကိုယ်ကို ပြန်လည်ပုံဖော်ဖို့ မလိုသေးပါဘူး"

ထိုစကားကိုပြောရင်း နတ်ဆိုးဘိုးဘေးက ဖန်ရှင်းကို လက်ညှိုး ထိုးပြလိုက်ပြီး

"ဒီကောင်လေးရဲ့ အသိစိတ်ပင်လယ်ထဲမှာ နေရရင် ငါ့အတွက်လုံလောက်နေပါပြီ"

ဟု ပြုံး၍ ပြောလိုက်သည်။

"ငါ့ရဲ့ လက်ရှိအနေအထားနဲ့ မင်းကို မကူညီနိုင်တာ မင်းသိသင့်တယ်"

ထိုစကားကြောင့် ထာဝရနတ်ဘုရားက ဝမ်းနည်းကာ မျက်လုံးများ နီရဲလာသည်။

"ကျမ သေသွားခဲ့ရင်တောင် ရှင့်အတွက် ခန္ဓာကိုယ်ကို ရအောင် တည်ဆောက်ပေးမယ်.. ရှင်သာ ကျမအနားမှာ ရှိနေရင် ကျမထက် သန်မာတဲ့ ရန်သူနဲ့ ရင်ဆိုင်ရလည်း ကျမ ဂရုစိုက်နေမှာ မဟုတ်ဘူး"

ထိုသို့ပြောရင်း ထာဝရနတ်ဘုရားက ဖန်ရှင်းကို အဓိပ္ပါယ်ပါသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"သူမက နတ်ဆိုးဘိုးဘေးကို သူမဆီ ထားခဲ့စေချင်တာလား"

"အဟမ်း.. အဟမ်း.."

ဖန်ရှင်းက လည်ချောင်း ရှင်းလိုက်ပြီး

"တကယ်တော့ အမေပြောတာလည်း မမှားဘူး.. နှစ်ယောက်သားက အခုမှ ပြန်တွေ့ရတာ ဆိုတော့ မခွဲခွာသင့်သေးဘူး.. ကျနော်က အားနည်းတော့ အဖေ့ရဲ့ ဝိညာဥ်ကိုလည်း အကာအကွယ် ပေးနိုင်မှာ မဟုတ်ဘူး.. အမေနဲ့ပဲ နေခဲ့လိုက်တော့"

"အရုပ်လေး ပြောတာက အဓိပ္ပါယ်ရှိတယ်.. ရှင်ကျမနဲ့ နေခဲ့သင့်တယ်"

ထာဝရနတ်ဘုရားက ရွှင်လန်းသောလေသံဖြင့် ပြောလိုက်သည်။

တစ်ဖက်တွင်လည်း နတ်ဆိုးဘိုးဘေးက ဖန်ရှင်းကို အသိစိတ်ပင်လယ်ကို ဆင့်ခေါ်ပြီး ပယ်ပယ်နယ်နယ် ကျိန်ဆဲနေပြီ ဖြစ်သည်။

"ငါတို့နှစ်ယောက် အတူတူလက်တွဲပြီး ဒီမိန်းမနဲ့ အဝေးကိုထွက်ပြေးသင့်တာလေ.. မင်းက ဘာလို့ ငါ့ကိုထားခဲ့ဖို့ ပြောဆိုရတာလဲ"

"ငါမပြောလည်း အဲ့ဒီမိန်းမက မင်းကို လွှတ်ပေးမယ် ထင်လို့လား.. အဆိုးဆုံးက ငါတို့ နှစ်ယောက်လုံး ဒီမှာနေနေရမယ်.. တကယ်တော့ ငါက မင်းကို စေတနာနဲ့ ထားခဲ့တာပါ.. မင်း ဒီမိန်းမနဲ့ ဟိုဟာ မလုပ်ရသေးဘူး မဟုတ်လား"

"မင်းကို ငါပြောပြီးပြီလေ.. သူမကို လိင်ဆက်ဆံလို့ မရပါဘူးဆို"

"ဒါကြောင့် မင်းကို တုံးအတယ်လို့ ငါပြောတာပေါ့.. မင်းဟိုစာအုပ်တွေ မဖတ်ဘူးလား.. မင်းရဲ့ပြဿနာကို အဲ့ဒီစာအုပ်ထဲမှာ ရှင်းပြထားတယ်"

"အိုး... ဘာစာအုပ်လဲ"

နတ်ဆိုးဘိုးဘေးက စိတ်ဝင်တစား မေးမြန်းလိုက်သည်။

"ကဲ.. ငါပဲ စာအုပ်ထဲက မင်းနဲ့ ပတ်သက်တဲ့ စာသားကို ရွတ်ပြလိုက်တော့မယ်.. လိင်ဆက်ဆံမှုဆိုတာ ယောကျာ်းနဲ့ မိန်းမကြားထဲက သာမန်ကိစ္စတစ်ခုသာ ဖြစ်တယ်.. စစ်မှန်တဲ့ ချစ်ခြင်းတရားကို ဖော်ပြတာ ဒီတစ်မျိုးထဲ မဟုတ်ဘူး"

အပိုင်း(၁၂၂၉) ပြီး၏

အပိုင်း(၁၂၃၀) အနောက်ပင်လယ်မှ အာဟာရအဆီအနှစ်

"အိုး ငါမေ့သွားတယ်.. စာအုပ်ထဲက နည်းလမ်းတွေကို မင်း အသုံးပြုလို့ရမှာ မဟုတ်ဘူး.. မင်းမှာ ခန္ဓာကိုယ်မှ မရှိတာလေ.. ဟားဟား.. ခန္ဓာကိုယ် မရသ၍ မင်းတစ်သက်လုံး ဟိုဟာလုပ်လို့ ရမှာမဟုတ်ဘူး.. "

ဖန်ရှင်းက အသိစိတ်ပင်လယ်ထဲတွင် နတ်ဆိုးဘိုးဘေးကို လှောင်ပြောင်လိုက်သည်။

တကယ်တမ်းတွင် ဖန်ရှင်းက သူနှင်လိုက်လာခဲ့လျှင် နတ်ဆိုးဘိုးဘေး အန္တရာယ်နှင့် တွေ့မည်စိုး၍ ထာဝရနတ်ဘုရားဆီ ထားခဲ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေး၏ မိသားစုဝင် ဖြစ်နေသည့် အတွက် ဖန်ရှင်းက စိတ်ချခဲ့သည်။

ဖန်ရှင်းက ထာဝရနတ်ဘုရားကို ပြုံး၍ ကြည့်လိုက်ပြီး

"အမေ ကျနော့်ကို အမွေမပေးသေးဘူးလား"

ဟု ပြောလိုက်သည်။

ယင်းအချိန်မှာပင် ကျောက်စိမ်း အပိုင်းအစ တစ်ခုကို ထာဝရနတ်ဘုရားက ဖန်ရှင်းဆီ ပေးလိုက်သည်။

"ဒါက မင်းရဲ့ကိုယ်ပိုင် သင်္ကေတပဲ.. ဒီကျောက်စိမ်းတုံး ရှိနေသ၍ ဘယ်သူမှ မင်းကို ရိုင်းရိုင်းစိုင်းစိုင်း မလုပ်ရဲဘူး.. ဒါက

အင်မော်တယ်ဘုံနဲ့ အရှေ့ပင်လယ်မှာ ပျောက်ဆုံးနေတဲ့ မင်းရဲ့မိန်းမနဲ့ သူငယ်ချင်းတွေကို ကယ်တင်ဖို့ လုံလောက်မယ်လို့ ငါထင်တယ်.. "

"ဒါပေမဲ့ အရှေ့ပင်လယ်ကိုတော့ အမြန်ဆုံး ခရီးထွက်သင့်တယ်.. ခေါင်းကိုးလုံးသတ္တဝါ ရှေးခေတ်နဂါးလမ်းကို ခြေချပြီးရင် မင်း ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး"

"ငါ့မှာ ဖြေရှင်းစရာ တစ်ခုရှိလို့ မင်းနဲ့ မလိုက်ခဲ့တော့ဘူး.. မင်းတစ်ခုခု လိုအပ်ရင် ရှန်းရှောင်နန်းတော်ဆီ လာခဲ့လို့ရတယ်"

"ဒါဆိုလည်း အဖေနဲ့အမေ ကံကောင်းခြင်းတွေနဲ့ ထာဝရ အတူ နေနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်.."

စကားဆုံးသည်နှင့် ဖန်ရှင်းက အနက်ရောင် အလင်းတန်းအဖြစ် ပြောင်းလဲကာ လျင်မြန်စွာ ပျံသန်းသွားခဲ့သည်။

နတ်ဆိုးဘိုးဘေးက ဖန်ရှင်းနှင့် လိုက်ချင်ခဲ့သော်လည်း ဆန္ဒမပြည့်ဝခဲ့ပေ။

ထာဝရနတ်ဘုရားက သူ၏လက်ကို ညင်သာစွာ ဖမ်းဆုပ်ထားခဲ့သည် မဟုတ်ပါလား။

ယခုအခါတွင် သူက ဝိညာဥ်အမျှင်တန်းလောက်သာ ကျန်ရှိတော့ရာ ထာဝရနတ်ဘုရားလက်ထဲမှ ရုန်းထွက်ရန်မှာ မည်သို့မှ မဖြစ်နိုင်တော့ပေ။

"လူယုတ်မာလေး.. မင်းက ငါ့ကို အကျိုးအမြတ်နဲ့ လဲလှယ်ပြီး သစ္စာဖောက်ခဲ့တယ်.. မင်းက တကယ့် လူယုတ်မာပဲ"

နတ်ဆိုးဘိုးဘေး၏ အသံက ဖန်ရှင်း၏ နှလုံးသားထဲ၌ ထွက်ပေါ်လာသော်လည်း တဖြည်းဖြည်း ဝေးကွာလာသည်နှင့်အမျှထိုအသံက တိုးသွားခဲ့သည်။

အဆုံးသတ်တွင် ထိုအသံက လုံးဝ ပျောက်ကွယ်သွားပြီး နတ်ဆိုးဘိုးဘေးက ထာဝရနတ်ဘုရားနှင့် ကျန်ရစ်ခဲ့သည်။

"တကယ်တော့ ဒါက ငါနဲ့ ဘာမှမဆိုင်ပါဘူး.. ထာဝရ နတ်ဘုရားကသာ မင်းကို အစိုးရိမ်လွန်ပြီး သူ့နားကို ခေါ်ထားချင်ခဲ့တာ"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်ပြီး ဥက္ကာပျံကဲ့သို့ အရှိန်အဟုန်ဖြင့် တိမ်များထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။

ဖန်ရှင်း ထွက်ခွာသွားပြီး နောက်တွင် ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေး၏ ဝိညာဉ်ကို ကျောက်စိမ်းသေတ္တာလေး ထဲတွင် ထည့်၍ သိမ်းဆည်းလိုက်သည်။

ထို့နောက် သူမက သေတ္တာကိုငုံ့ကြည့်၍ ဝမ်းနည်းစွာ ပြုံးလိုက်ပြီး

"အရုပ်လေး သေသွားလို့ ကျမက ရှင့်ကို အပြစ်တင်မှာကို စိုးရိမ်နေတာလား.. တကယ်တော့ ရှင့်မှာ အပြစ်ရှိတယ်လို့ ခံစားရပြီး ကျမကို ရှောင်နေမှာစိုးလို့ ကျမက အလိုက်သင့်လေး ဟန်ဆောင်ခဲ့တာပါ.. "

"ရှင်က ကျမကို လိမ်ညာဖို့ မိစ္ဆာလေးနဲ့ ဆွေးနွေးနေတာ ကျမ

မသိဘူးလို့များ ထင်နေလား"

......

......

ထာဝရနတ်ဘုရားနှင့် နတ်ဆိုးဘိုးဘေးတို့ကို ခွဲခွာလာပြီးနောက် ဖန်ရှင်း၏ အမူအရာက လေးနက်သွားသည်။

သူ့မျက်နှာပေါ်တွင် ဝမ်းနည်းသော အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

ထာဝရနတ်ဘုရား ရင်ရှုန်းတံတားကို ရောက်လာစဥ်က သူ တစ်ချိန်လုံး စိတ်ပူခဲ့ရသည်။

ထာဝရနတ်ဘုရားက အန္တိုင်းမဲ့စွမ်းအား ကြီးမားသောကြောင့်တကယ်တမ်း ရန်ပြုလျှင် ခုခံရန်အင်အားက

မရှိသလောက်ပင်။

ယင်းအချိန်တွင် အင်မော်တယ် ကွက်မျက်ခြင်း ဓားအစီအရင်ကလည်း ရင်ရှုန်းတံတားကို ကျော်ဖြတ်ခွင့် မပေးခဲ့ပေ။

အဆုံးသတ်တွင် သူက ထျန်းယွမ်တိုက်၏ စွန့်ပယ်ခြင်း ခံခဲ့ရပြီး အသက်ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့ရသည်။

နတ်ဆိုးဘိုးဘေးသာ ထာဝရနတ်ဘုရား၏ အဆက်ဟောင်း မဟုတ်ခဲ့လျှင် ယခုလိုတောင် ရှင်သန်နေမည် မဟုတ်ချေ။

ကံတရားကို မယုံကြည်တတ်သည့် ဖန်ရှင်းပင် ယခုအချိန်၌ သူ့ကံတရားက အလွန်ကောင်းမွန်သည်ဟု အမှန်တကယ် ခံစားမိနေသည်။

ထာဝရနတ်ဘုရားက သူ့ကို ရင်ရှုန်းတံတားကနေ အတော်ဝေးဝေးသို့ ခေါ်လာသောကြောင့် ဖန်ရှင်းက အရှေ့ပင်လယ်ကို သွားရန် လမ်းပျောက်နေခဲ့သည်။

ဖန်ရှင်းက တဖြည်းဖြည်း ပျံသန်းလာရင်း ပင်လယ်လေညင်းက သူ့ဆီသို့ တိုက်ခတ်လာသည်ကို ခံစားမိလိုက်သည်။

သူက အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ ပင်လယ်ထဲတွင် အမည်မသိငါးများ.. နတ်ဆိုးများ.. သားရဲများနှင့် မကောင်းဆိုးဝါး အများအပြား ရှိနေသည်ကို တွေ့လိုက်ရသည်။

ထူးဆန်းသည်မှာ ၎င်းတို့က အသည်းအသန် တိုက်ခိုက်နေကြခြင်းပင်။

ဖန်ရှင်းက ဆူဖြိုးသော ဝေလငါးတစ်ကောင်ကို ကပ်ဘေးအဆင့်စွမ်းအားဖြင့် ဖိနှိပ်လိုက်ပြီး

"မင်း ငါ့ဆီလာခဲ့စမ်း"

ဟု အမိန့်ပေးလိုက်ရာ ဝေလငါးက လေထဲသို့ ခုန်တက်လာခဲ့သည်။

"ငါသခင်လေးကို ဘယ်လို စော်ကားမိလိုက်လည်း မသိဘူး.. ငါ့ကို ခွင့်လွှတ်ပေးပါ"

ဝေလငါးက ဖန်ရှင်း၏ ဖိနှိပ်မှုကို ခံနိုင်ရည် မရှိသည့် အမူအရာဖြင့် သနားစဖွယ် တောင်းပန်လိုက်သည်။

"ဒါက ဘယ်နေရာလည်း ငါ့ကို မြန်မြန်ပြောစမ်း"

"ဒါက အနောက်ပင်လယ်ပါ.. ဒီကနေ အနီးဆုံးနေရာက သန့်စင်သော ပြည်နယ်ပါ သခင်လေး"

ဝေလငါးက အထိတ်တလန့်ဖြင့် ရိုးသားစွာ ပြန်ဖြေလိုက်သည်။

"ဒါက အနောက်ပင်လယ်လား.. ငါသဘောပေါက်ပြီ.. ဒါနဲ့ မင်းတို့ အနောက်ပင်လယ်မှာ ဘာတွေ ဖြစ်နေကြတာလဲ"

ဖန်ရှင်းက ဝေလငါးကို မေးခွန်းထုတ်လိုက်သည်။

"သန့်စင်သော ပြည်နယ်ရဲ့ အစွန်းမှာ တိုက်ပွဲတစ်ခု အကြီးအကျယ် ဖြစ်နေတယ် သခင်လေး.. အဲ့ဒီတိုက်ပွဲမှာ ကပ်ဘေးအဆင့် ကျင့်ကြံသူ အများအပြား ကျဆုံးသွားကြတယ်.. သူတို့ရဲ့သွေးတွေက ပင်လယ်ထဲကို စီးဆင်းလာပြီး မိုင်ပေါင်းတစ်သိန်း ပတ်လည်ကို သွေးရောင်လွှမ်းစေခဲ့တယ်.. သူတို့ရဲ့သွေးက အဆီအနှစ် ပြည့်ဝတော့ ကျနော်တို့ကို အာဟာရဖြစ်စေပြီး ကျင့်ကြံမှုမှာ တိုးတက်စေတယ်"

ဝေလငါးထံမှ စကားကိုကြားလျှင် ဖန်ရှင်းက တစ်စုံတစ်ရာကို သတိရကာ ရုတ်တရက် ထိတ်လန့်သွားသည်။

သူက ထာဝရနတ်ဘုရားနှင့် တွေ့ပြီးနောက် ပိုင်ချန်းကျောင်းတို့လူစု နတ်ဘုရား ဘုရင်များနှင့် သေခြင်းရှင်ခြင်း တိုက်ပွဲ ဆင်နွှဲနေသည်ကို မေ့လျော့သွားခဲ့သည်။

သူက ရုတ်တရက် ဝေလငါးကို လွှတ်ချလိုက်ပြီး ပင်လယ်ဘက်သို့ အူယားဖားယား ပြေးကြည့်လိုက်ရာ ကျင့်ကြံသူများက တိုက်ပွဲ၌ ကျဆုံးသွားသော ကျင့်ကြံသူများ၏ အလောင်းများနှင့် အရိုးများကို

ပင်လယ်ထဲတွင် ဆည်ယူနေသည်ကို တွေ့လိုက်ရသည်။

"ဒီလူကြီးတွေရဲ့ အရိုးတွေကို ငါးပုဇွန်တွေ မဖျက်ဆီးပါစေနဲ့"

ဖန်ရှင်းက ဆုတောင်းလိုက်ပြီး ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီအကဲခတ်ကြည့်ရာ ငိုကြွေးနေသော လူအများအပြားကို တွေ့လိုက်ရသည်။

ထို့နောက် သူက ကျင့်ကြံသူ တစ်ယောက်ကို မေးခွန်းထုတ်လိုက်သည်။

"ဖုန်းထျန်း မဟာမိတ်အဖွဲ့ ခေါင်းဆောင်တွေရဲ့ အရိုးကို ရှာတွေ့လား"

"အဲ့ဒါတော့ သေချာမသိဘူး.. ကျနော် သိရသလောက်တော့ သူတို့အားလုံးကို နတ်ဘုရားဘုရင်က သတ်သွားတယ်ဆိုပဲ.. သူတို့ရဲ့ အသွေးအသားတွေက အခုချိန်လောက်ဆို ငါးပုဇွန်တွေရဲ့ဗိုက်ထဲကို ရောက်နေလောက်ပြီပေါ့"

အပိုင်း(၁၂၃၀) ပြီး၏

စာစဥ်(၈၂) ပြီးပါပြီ

စာရှုသူများကိုလေးစားလျက်

လှျမ်းလှျမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၃)

ဘာသာပြန်=လှျမ်းလှျမ်းဝေ

အပိုင်း(၁၂၃၁) အင်မော်တယ်အကာအကွယ်ကို ဌားပေးပါ

"ကျနော် သိရသလောက်တော့ သူတို့အားလုံးကို နတ်ဘုရားဘုရင်၃ပါးက သတ်သွားတာဆိုပဲ.. သူတို့ရဲ့ အသွေးအသားတွေက အခုချိန်လောက်ဆို ငါးပုဇွန်တွေရဲ့ဗိုက်ထဲကို ရောက်နေလောက်ပြီပေါ့"

ဖန်ရှင်းက ထိုစကားများကို ပထမဆုံးအကြိမ် ကြားလိုက်ရလျှင် နှလုံးသား တစ်ခုလုံး တုန်ခါသွားသလို ခံစားလိုက်ရပြီး

ခေါင်းအနည်းငယ် မူးဝေကာ လဲကျမလိုပင် ဖြစ်သွားရသည်။

"အဲ့ဒီထဲမှာ ဦးလေးရှီရီနဲ့ နတ်ဆိုးသားရဲဘုရင်တို့ ပါလား"

သူက ထိုကျင့်ကြံသူကို တအံ့တဩ စိုက်ကြည့်ကာ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

ထိုကျင့်ကြံသူက ဖန်ရှင်း၏ အမူအရာကြောင့် ထိတ်လန့်တုန်လှုပ်နေသော်လည်း ဖန်ရှင်း၏ မေးခွန်းကို ဖြေကြားရန်မှတပါး တခြား ရွေးချယ်စရာ မရှိခဲ့ချေ။

"ဖုန်းထျန်း မဟာမိတ်အဖွဲ့ရဲ့ ခေါင်းဆောင်တွေ ဖြစ်တဲ့ ဆရာကြီး ပိုင်ချန်းကျောင်းနဲ့ နတ်ဆိုး သားရဲဘုရင်တို့က ဇာတ်မြုပ် ကျင့်ကြံနေကြတဲ့ ဆရာကြီး၂၀နဲ့ အတူ နတ်ဘုရားဘုရင် ၃ပါးနဲ့ အပြင်းအထန် တိုက်ခိုက်ခဲ့ကြတယ်.. ထာဝရနတ်ဘုရားက စစ်မိန့်ကို ပြန်လည် ရုတ်သိမ်းခဲ့ပေမဲ့ခေါင်းဆောင် နှစ်ဦးလုံးနဲ့ ကျင့်ကြံသူအယောက်၂၀လုံး သေဆုံးခဲ့ရတယ်"

"ဘာ... ဒါဆို တကယ်ပဲ သေဆုံးသွားတာလား"

ဖန်ရှင်းက တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

ထို့နောက် သူက ခန္ဓာကိုယ်ကို တစ်ချက် လှုပ်ရမ်းလိုက်ရာ အဆုံးမဲ့ ပင်လယ်ပြင်၏ မိုင်ထောင်ပေါင်းများစွာ အကွာအဝေးသို့ ရောက်ရှိသွားပြီး ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲ ဘုရင်တို့၏ အော်ရာကို ရှာဖွေရန် ကြိုးစားလိုက်သည်။

ထိုသို့ ရှာဖွေရင်း သူ၏ နှလုံးသားက အေးသထက် အေးစက်လာသည်။

အချိန်အတော်ကြာ ရှာဖွေပြီးမှ အဖြူရောင်ဝတ်စုံ အပိုင်းအစများနှင့် အနီရောင် အမွေးအတောင် များစွာကို ပင်လယ်ထဲတွင် တွေ့ရှိခဲ့သည်။

အဖြူရောင်ဝတ်စုံပေါ်တွင် ဦးလေး ရှီရီ၏ အော်ရာ ရှိနေပြီး မီးဌက်၏ အမွေးအတောင် ဖြစ်သည့် အနီရောင်အမွေးတွင် နတ်ဆိုးသားရဲဘုရင်၏ အော်ရာအနည်းငယ် ရှိနေသည်။

ထိုအရာဝတ္ထု နှစ်ခုပေါ်၌ အော်ရာမှလွဲ၍ ၎င်းတို့၏ အော်ရာများကို ခြေရာခံ၍ မရချေ။

ထိုဖြစ်ရပ်က ဖန်ရှင်း၏ နှလုံးသားကို အဆုံးမရှိသော တွင်းနက်ကြီးထဲသို့ နစ်မြုပ်သွားသလို ခဏမျှ တင်းကျပ်စွာ ခံစားရစေသည်။

"ဦးလေး ရှီရီ သေပြီ... နတ်ဆိုးသားရဲဘုရင်လည်း သေပြီ"

ဖန်ရှင်းက တစ်ကိုယ်တည်း ဝမ်းနည်းစွာ ရေရွတ်လိုက်သည်။

သူ့စိတ်ထဲတွင် အဆုံးမရှိ မှိုင်တွေနေသော ခံစားချက်များက ပြည့်နှက်နေသည်။

ဤတိုက်ပွဲက အမှန်တကယ်ပင် သူသေကိုယ်သေ တိုက်ပွဲအမျိုးအစား ဖြစ်ကြောင်း သူ့စိတ်ထဲတွင် သဘာဝကျကျ နားလည် သဘောပေါက်ခဲ့သည်။

နတ်ဘုရားဘုရင် ၃ပါးက သန့်စင်သော ပြည်နယ်ကို အတင်းအကျပ် ဝင်ရောက်၍ ရင်ရှုန်းတံတားကို ဖြတ်သန်းမည့် ကျင့်ကြံသူများကို တားဆီးလိုသော်လည်း ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲဘုရင်တို့က အသေခံ တားဆီးခဲ့ကြသည်။

ရှင်းလင်းစွာ ဆိုရလျှင် ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲ ဘုရင်တို့က ထျန်းယွမ်တိုက် အတွက် အသက်ပေးခဲ့ကြခြင်းပင်။

"ဦးလေးတို့ နှစ်ယောက်က ဉာဏ်ကောင်းတဲ့သူတွေပါ.. ဘာလို့ ဒီလောင်ထိ မိုက်မဲရတာလဲ"

ဝမ်းနည်းပူဆွေးသော စိတ်ခံစားချက်က အချိန် အတိုင်းအတာတစ်ခု အထိ ဖန်ရှင်းကို သက်ရောက်နေသည်။

"အဲ့ဒီလူက ဒဏ္ဍာရီလာ မိစ္ဆာလေး ဖန်ရှင်းများ ဖြစ်နေမလား"

"သူက ဘာလို့ အင်မော်တယ် နန်းတော်နဲ့ လိုက်မသွားဘဲ

ဒီကိုရောက်နေတာလဲ"

"သူ့ရဲ့ နာမည်ဂုဏ်သတင်းနဲ့ ကျင့်ကြံမှု အခြေခံအရဆို သူက ဘယ်လိုပဲ ဖြစ်ဖြစ် အင်မော်တယ် နန်းတော်ကို ဝင်ခွင့်ရမှာပဲ.. တခြားအကြောင်းကြောင်း တွေကြောင့် တမင်နေရစ်ခဲ့တာများ ဖြစ်နေမလား"

ကျင့်ကြံသူ အတော်များများက ဖန်ရှင်းကို့ကြည့်၍ ကောက်ချက်ချနေကြသည်။

သူတို့ရဲ့ အမူအရာတွေက အလွန် စိတ်ရှုပ်ထွေးနေပုံရသည်။

တချို့က နတ်ဘုရားသတ္တဝါများ လက်အောက်ကို ခိုလှုံခဲ့သည့် ဖန်ရှင်းကို ထျန်းယွမ်တိုက်၏ သစ္စာဖောက်ဟု ထင်နေကြတုန်းပင်။

တချို့ကမူ ဖုန်းထျန်းမဟာမိတ် အဖွဲ့၏ သတင်းစကားကြောင့် မိစ္ဆာလေးက ထျန်းယွမ်တိုက်ကို လျှို့ဝှက်ကူညီခဲ့သည့် အဖြစ်မှန်ကို သိရှိခဲ့ကြသည်။

သို့ရာတွင် ၎င်းတို့အားလုံးက ယခုလိုအချိန်တွင် ဖန်ရှင်းကို မြင်လိုက်ရသောကြောင့် အံ့အားသင့်နေကြသည်။

ကျော်ကြားမှုအရ ဖြစ်စေ.. ကျင့်ကြံမှုနှင့် ခွန်အားအရ ဖြစ်စေ မိစ္ဆာလေးက အင်မော်တယ် နန်းတော်သို့ ဝင်ရောက်ခွင့် ကဲ့သို့ကြီးမြတ်သော ကံကြမ္မာကို ရရှိရန် လုံလောက်သည် မဟုတ်ပါလား။

"မိတ်ဆွေလေးဖန်ရှင်း.. "

စကားသံနှင့်အတူ အဝေးမှနေ၍ အင်္ကျီလက်ပြတ်နှင့် အဖိုးအိုတစ်ဦး ရုတ်တရက် ပျံသန်းလာသည်။

ထိုအဖိုးအို၏ ဝတ်စုံက စုတ်ပြတ်နေပုံ ပေါ်သော်လည်း အလွန်အရည်အသွေး ကောင်းသော နတ်ဘုရားဝတ်စုံ ဖြစ်ကြောင်းသိသာ ထင်ရှားနေသည်။

အဖိုးအို၏ ခန္ဓာကိုယ်ပေါ်ရှိ နတ်ဘုရား အလင်းရောင်က ကောင်းကင်နှင့် မြေကြီးတို့၏ အလင်းရောင် နှင့်အတူ တဖျပ်ဖျပ် တောက်ပနေသည်။

၎င်းက အဝေးမှနေ၍ အလွန်အံ့သြဖွယ် ကောင်းသော ခွန်အားကို ထုတ်ဖော်ပြသရင်း ဖန်ရှင်းကို စိုက်ကြည့်ကာ ဖြည်းဖြည်းချင်း ပျံသန်းလာခဲ့သည်။

ဖန်ရှင်းက အဖိုးအိုအား အေးစက်သော မျက်လုံးများဖြင့်သာ ပြန်လည် စိုက်ကြည့်လိုက်သည်။

အဖိုးအို၏ ကျင့်ကြံမှု အခြေခံက ကပ်ဘေးအဆင့် နယ်ပယ်ဖြစ်ကြောင်း ထင်ရှားနေသည်။

ဆိုရလျှင် ထိုအဖိုးအိုက လျှို့ဝှက်စွာ ဇာတ်မြုပ် နေထိုင်သည့်ကျင့်ကြံသူ တစ်ဦး ဖြစ်ပုံရသည်။

"မိတ်ဆွေလေး.. ခဏနေပါဦး.. မိတ်ဆွေလေးက ရင်ရှန်းတံတားကို မျက်မြင်တွေ့ခဲ့ရသူလို့ သိရတယ်.. ဒီအဖိုးကြီးကို မေးခွန်း

နည်းနည်းလောက် မေးခွင့်ပြုလို့ရမလား"

အဖိုးအိုက အလွန်ယဉ်ကျေးစွာ ပြောရင်း ဖန်ရှင်းဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။

"လာပြန်ပြီ.. တစ်ကိုယ်ကောင်းဆန်တဲ့ လျှို့ဝှက်ကျင့်ကြံသူတစ်ယောက်"

ဖန်ရှင်းက စိတ်ထဲကနေ ကျိန်ဆဲလိုက်သည်။

"ဒီအဖိုးအို ကြားခဲ့ရသလောက် ထျန်းယွမ်တိုက်ရဲ့ လူငယ်တွေအားလုံးနီးပါးက အင်မော်တယ်နန်းတော်ကို ဝင်ရောက်ခွင့် ရခဲ့တယ်တဲ့.. မိတ်ဆွေလေးဖန်ရှင်း.. မင်းကရော ဘာလို့ အင်မော်တယ် နန်းတော်ထဲ မဝင်ခဲ့တာလဲ"

အဖိုးအို၏ စကားကို ကြားသည်နှင့် ဖန်ရှင်းက အဖိုးအို၏ လာရင်းကိစ္စကို ခန့်မှန်းမိလိုက်သည်။

ထို့ကြောင့် သူက ပေါက်ကရပြောရန် ဆုံးဖြတ်လိုက်တော့သည်။

"အင်မော်တယ် နန်းတော်ထဲ ငါတမင် မဝင်ခဲ့တာ.. အင်မော်တယ်နန်းတော်က အနောက် ပင်လယ်ဘက်မှ ပေါ်လာဦးမှာလေ.. ဒါကြောင့် အင်မော်တယ် နန်းတော်ထဲ မဝင်ခင် အနောက်ပင်လယ်ကို လည်ပတ်ချင်လို့ ရောက်လာတာပဲ"

"ငါကြားဖူးသလောက်တော့ အင်မော်တယ် နန်းတော်ထဲ ဝင်ဖို့ ကျောက်စာတိုင် စာရင်းမှာ နာမည်ပါရတယ်ဆို"

"ဟုတ်တယ်.. အဲ့ဒီ စာရင်းထဲပါတဲ့သူမှ အင်မော်တယ် အလင်းရောင်ရဲ့ အကာအကွယ်ကို ရမှာလေ.. အဲ့ဒါမှ အင်မော်တယ် နန်းတော်ထဲ အန္တရာယ်ကင်းကင်းနဲ့ ဝင်လို့ရမှာပေါ့"

"ဟူး.. ဒါဆို ငါက ကံဆိုးပြီပေါ့.. အင်မော်တယ် နန်းတော်ထဲ ဝင်ဖို့ အခွင့်အရေး မရှိတော့ဘူးပေါ့"

ထိုစကားကို ပြောရင်း အဖိုးအို၏ မျက်နှာပေါ်ရှိ ကြင်နာသော

အပြုံးက ရုတ်တရက် အနည်းငယ် အကျည်းတန်လာသည်။

"ဒါပေမယ့် မင်းမှာတော့ အင်မော်တယ် အကာအကွယ် ရှိတယ်မဟုတ်လား"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ခဏမျှ အံ့အားသင့်သွားပြီး ရယ်ရမလား ငိုရမလားပင် မသိတော့ချေ။

မူလက ကျောက်စာတိုင်တွင် သူ့နာမည် ရှိသော်လည်း ပယ်ဖျက်ခြင်း ခံလိုက်ရသည် မဟုတ်ပါလား။

ဖန်ရှင်းက ခဏလောက်နေပြီးမှ လှောင်ရိပ်သန်းသော လေသံဖြင့် မေးလိုက်သည်။

"အင်မော်တယ် အကာအကွယ်ရှိရင်ရော ဘာလုပ်မလို့လဲ.. မရှိတော့ရော မင်းက ဘာလုပ်ချင်လို့လဲ"

"ရှိတယ် ဆိုရင်တော့ ငါ့ကို ဌားပေးဖို့သာပြင်ထား"

အဖိုးအိုက ရုတ်တရက် ကျယ်လောင်စွာ ကြုံးဝါးလိုက်ရင်း သူ၏ ပိန်လှီသော လက်ငါးချောင်းဖြင့် ဖန်ရှင်းကို လှမ်းဆွဲလိုက်သည်။

တစ်ချိန်တည်းမှာပင် ကျင့်ကြံသူ တချို့က ပြေးတက်လာကြပြီး ဖန်ရှင်းကို ဝိုင်းရံလိုက်ကြသည်။

၎င်းတို့အားလုံးက အင်မော်တယ် အခွင့်အရေးကို နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေကြသည့် လျှို့ဝှက်ကျင့်ကြံသူများ ဖြစ်ကြသည်။

၎င်းတို့၏ အမူအရာကို ကြည့်ခြင်းအားဖြင့် အင်မော်တယ် နန်းတော်ထဲသို့ ဝင်ရန် တစ်ခုတည်းသော အခွင့်အရေးမှာ ဖန်ရှင်းဟု ယူဆထားသည်မှာ ထင်ရှားနေသည်။

"ထျန်းယွမ်တိုက် တစ်ခုလုံး ဒုက္ခပင်လယ်ဝေနေတဲ့ အချိန်မှာ မင်းတို့ကို ငါမတွေ့ခဲ့ဘူး"

"လူသားမျိုးနွယ် အားနည်းနေတဲ့ အချိန်မှာလည်း မင်းတို့တွေ ထွက်မလာခဲ့ကြဘူး.. "

"နတ်ဘုရားသတ္တဝါတွေကို မင်းတို့တွေ သတ်ဖြတ်တာလည်း ငါမတွေ့ခဲ့ဘူး"

ဖန်ရှင်းက ထိုကျင့်ကြံသူများ၏ ချီကို အာရုံခံမိသော်လည်း အထိတ်တလန့် မဖြစ်သည့်အပြင် အဆုံးမဲ့ ဒေါသများပင် ထွက်ပေါ်လာသည်။

"ကဲ.. မင်းတို့တွေအားလုံး.. အင်မော်တယ် ဒီလောက်တောင် ဖြစ်ချင်နေရင်လည်း တစ်ခါတည်း တက်ခဲ့ကြတော့"

ဖန်ရှင်းက ဒေါသတကြီး ကြုံးဝါးလိုက်ပြီ ဖြစ်သည်။

ဤကျင့်ကြံသူများကို သူတစ်ခါမှ မတွေ့ဖူးသော်လည်း ယခုအချိန်တွင် သူ၏ အတွေးထဲ၌ ၎င်းတို့ကို သတ်ပစ်ချင်စိတ်များသာ ကြီးစိုးနေသည်။

အပိုင်း(၁၂၃၁) ပြီး၏

အပိုင်း(၁၂၃၂) လျှို့ဝှက်ကျင့်ကြံသူများနှင့် တိုက်ခိုက်ခြင်း

လျှို့ဝှက် ကျင့်ကြံသူများက ဖန်ရှင်းကို ဝန်းရံလိုက်ကြသည်။

၎င်းတို့၏ စိတ်ထဲတွင် ဖန်ရှင်းထံ၌ အင်မော်တယ် အကာအကွယ် ရှိနေမည်ဟု ယူဆနေကြသည်။

ရှင်းလင်းစွာဆိုရလျှင် အင်မော်တယ် ဖြစ်နိုင်မည့် နောက်ဆုံးအခွင့်အရေး အဖြစ် ဖန်ရှင်းထံမှ အင်မော်တယ် အကာအကွယ်ကို လုယူမည်ဟု ၎င်းတို့က ဆုံးဖြတ်ထားကြခြင်းပင်။

ယင်းအချိန်တွင် ဖန်ရှင်းက ဤတစ်ကိုယ်ကောင်း ဆန်သောကျင့်ကြံသူများကို မုန်းတီးလာပြီး စိတ်ထဲတွင် ဒေါသများ ပြင်းထန်လာသည်။

"သေစမ်း"

ဖန်ရှင်းက ကြုံးဝါးလိုက်ပြီး စတင် တိုက်ခိုက်လိုက်သည်။

သူက ကပ်ဘေးတတိယ အဆင့်သာ ရှိသော်လည်း သူ၏ ကြောက်မက်ဖွယ် စွမ်းအားက ပြိုင်ဘက် စိတ်ကူးထားသည်ထက် များစွာ ကျော်လွန်နေသည်။

သူက လျင်မြန်စွာ ပြေးတက်လာ၍ ဝိုင်းရံထားသည့် ကျင့်ကြံသူများကို ဦးတည်လိုက်စဉ် ရုတ်တရက် သွယ်လျလှပသောအမျိုးသမီးတစ်ဦးက သူ့နောက်တွင် ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအမျိုးသမီးက သူမ၏ မျက်နှာကို ပုဝါဖြင့် ဖုံးအုပ်ထားသဖြင့် ရုပ်ရည်ကို အတိအကျ မသိရပေ။

ဖန်ရှင်းက လက်ချောင်းဖြင့် အဖိုးအိုကို တိုက်ခိုက်လိုက်ရာ သူ၏

လက်ချောင်းက လေဟာနယ်ကိုပင် ထိုးဖောက်သွားသည်။

ကောင်းကင်နှင့် မြေကြီး၏ ဥပေဒသ တချို့က ထိုလက်ချောင်း၏ အမိန့်နှင့် စွမ်းအားအောက်တွင် ကျိုးပျက်သွားပုံရသည်။

ယင်းလက်ချောင်း စွမ်းအားက ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်၏ မှော်အစွမ်းတစ်ခု ဖြစ်သည်။

အင်မော်တယ်ဘုံငယ်မှ ပါရမီရှင် ဓားသမားထံတွင် ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်၏ သဘာဝလွန် စွမ်းအား ၃မျိုးကို အသုံးပြုနိုင်သည့် မှော်မျိုးစေ့၃စေ့ ရှိနေသည်။

ဖန်ရှင်းနှင့် အလောင်းအစားတွင် ရှုံးနိမ့်ပြီးနောက် သူသေဆုံးသွားသော အခါတွင် ထိုမျိုးစေ့၃စေ့ကို ဖန်ရှင်းအား လက်ဆောင် အဖြစ် ပေးအပ်ခဲ့သည်။

ဖန်ရှင်းက မှော်မျိုးစေ့၏ ဖြစ်တည်ရာကို အသိအမြင်ကျမ်းဖြင့် အကဲဖြတ်ပြီးနောက် မှော်မျိုးစေ့ကို သန့်စင်လိုက်ရာ မှော်မျိုးစေ့၏

မူလပိုင်ရှင်က သူ့နောက်တွင် ပေါ်လာခဲ့ခြင်းပင်။

လက်ရှိအချိန်တွင် ဖန်ရှင်းက ထိုမူလပိုင်ရှင် အမျိုးသမီး၏ စွမ်းအားကို ငှားယူ သုံးစွဲထားခဲ့သည်။

"ဖောက်"

သူ၏ လက်ချောင်းက ဖော်မပြနိုင်အောင် အစွမ်းထက်ပြီး သူ့ကို ဖမ်းဆုပ်ရန် ရောက်လာသော အဖိုးအို၏ လက်ငါးချောင်းကို တိုက်ရိုက် ထိုးဖောက်ကာ အဖိုးအို၏ ခန္ဓာကိုယ် အကာအကွယ်ကိုပင် ချိုးဖျက်သွားသည်။

"ဝုန်း"

လက်ချောင်းက အကာအကွယ်များကို ကျော်ဖြတ်ပြီး အဖိုးအို၏ ရင်ဘတ်ကို ပြင်းထန်စွာ ထိမှန်သွားသည်။

"အား"

ငယ်သံပါအောင် အော်ဟစ်သံနှင့်အတူ နောက်သို့ အလျင်အမြန် ဆုတ်ခွာလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

အဖိုးအို၏ ခန္ဓာကိုယ်တစ်ခုလုံးက အသားစများ အဖြစ်ပေါက်ကွဲထွက်သွားပြီး သွေးအမှုန်အမွှားများက လေထဲတွင် ပြန့်ကျဲသွားသည်။

"ဒီတစ်ကိုယ်ကောင်းဆန်တဲ့ အင်မော်တယ်ရှူးတွေ အကုန်လုံးကို သတ်ပစ်မယ်"

ဖန်ရှင်းက ဒေါသတကြီး အော်ငေါက်လိုက်သည်။

သူက ဤလျှို့ဝှက် ကျင့်ကြံသူများကို တကယ်ပင် မုန်းတီးမိသည်။

၎င်းတို့က ထောင်သောင်းချီသော လူများ၏ အသက်ကို ဂရုမစိုက်သည့် အပြင် မျိုးနွယ်စု သံယောဇဉ်များကိုပါ

ဖြုတ်တောက်ကာ အင်မော်တယ် ဖြစ်ရန်သာ ဘဝတစ်လျှောက် လုံးပန်းနေခဲ့သည်။

လူသားမျိုးနွယ်တိုင်းက ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့် ရှိသည်ဟု ဆိုသော်လည်း နတ်ဘုရား သတ္တဝါများနှင့် တိုက်ပွဲလို ထျန်းယွမ်တိုက်၏ သမိုင်းဝင် တိုက်ပွဲကိုပါ လျစ်လျူရှုနိုင်သည် အထိ ၎င်းတို့က တစ်ကိုယ်ကောင်း ဆန်ခဲ့ကြပြီး အင်မော်တယ်နန်းတော် ပေါ်လာမှသာ ထွက်ပေါ်လာခဲ့ကြသည်။

အရှက်မရှိသည့် နေရာတွင် ပြိုင်ဘက်ကင်းသည့် ဖန်ရှင်းပင် ၎င်းတို့ကို မှီနိုင်မည် မဟုတ်ပေ။

ဖန်ရှင်းက သူ့ကိုယ်သူ တွေးကြည့်ရာ ၎င်းတို့လို လျစ်လျူရှု၍ ဘာသိဘာသာ နေနိုင်မည် မဟုတ်ဟုသာ အဖြေထွက်ခဲ့သည်။

သူက အရှက်မရှိသည့် ဓားပြ ဖြစ်သော်လည်း ဤနှစ်ပိုင်းများတွင် ထျန်းယွမ်တိုက်နှင့် ပတ်သက်ပြီး အတော်လေး အကျိုးဆောင်ခဲ့သည် မဟုတ်ပါလား။

အဖိုးအို သေဆုံးသွားသောကြောင့် ဖန်ရှင်းကို ဝိုင်းရံထားကြသည့် ကျင့်ကြံသူများက ထိတ်လန့် တုန်လှုပ်သွားကြသည်။

မိစ္ဆာလေးတွင် ထိုမျှလောက် အစွမ်းထက်သည့် စွမ်းရည်ရှိမှန်း မသိသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြသည်။

"ဝုန်း ဝုန်း ဝုန်း"

ဖန်ရှင်းက ကောင်းကင်ဘုံ မေ့ပျောက်ခြင်း စွမ်းအားဖြင့် တိုက်ခိုက်လိုက်ရာ ပတ်ဝန်းကျင်တွင် ကျင့်ကြံသူများ၏ အော်ဟစ်သံများဖြင့် ဆူညံသွားတော့သည်။

တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ခန္ဓာကိုယ်နှင့် ဝိညာဉ်က အပိုင်းပိုင်း ကွဲကြေကာ အမှုန်အမွှားများ ဖြစ်ကုန်ကြသည်။

"ငါမသေချင်သေးဘူး.. အင်မော်တယ် ဖြစ်ချင်သေးတယ်"

၎င်းတို့က နှစ်ပေါင်းများစွာ စွဲလမ်းခဲ့ရသည့် ဆန္ဒကို တောင့်တရင်း

ပြာမှုန်များ အဖြစ်သို့ ပြောင်းလဲကာ လေထုထဲတွင် ပျယ်ပြယ်သွားသည်။

"အင်မော်တယ် ဖြစ်ချင်တဲ့ အရူးတွေ.. ဒီလိုမျိုး ရက်ရက်စက်စက် သေဆုံးရလိမ့်မယ်လို့ စိတ်ကူးထားဖူးလား"

"မိစ္ဆာလေး.. ငါတို့ သေရင်တောင် မင်းကိုအပါ ခေါ်သွားမယ်"

ကျင့်ကြံသူတစ်ဦးက ဒေါသတကြီး ကြုံးဝါးပြီး ဝင်တိုက်လိုက်ရာ ကျန်ကျင့်ကြံသူများကလည်း အသေခံ တိုက်ခိုက်ရန် ပြေးတက်လာကြသည်။

ဖန်ရှင်းက အံကြိတ်လိုက်ပြီး ကောင်းကင်ဘုံ မေ့ပျောက်ခြင်းစွမ်းရည်ဖြင့် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ရာ ကျင့်ကြံသူများ၏ ခေါင်းအထက်တွင် ရောမ လက်ဝါးကြီးက ရုတ်တရက် ထွက်ပေါ်လာပြီး ၎င်းတို့အားလုံးကို ရိုက်ချလိုက်သည်။

ကျင့်ကြံသူများက ဖရိုဖရဲ ဖြစ်ကုန်ကြပြီး ကျင့်ကြံသူ လေးငါးယောက်ခန့်က အရပ်လေးမျက်နှာဆီသို့ တစ်ပြိုင်နက်

ပြေးထွက်သွားကြသည်။

ထိုကဲ့သို့ လွတ်မြောက်သူများ ရှိသလို ဖန်ရှင်း၏ လက်ဖဝါးအောက်၌ တိုက်ရိုက် ချိုးဖျက်ခြင်း ခံရသူများလည်း ရှိသည်။

၎င်းတို့၏ သွေးအမှုန်အမွှားများက လေထဲတွင် ပြန့်ကျဲနေသည်။

"အင်မော်တယ် အကာအကွယ်က ငါ့ဆီမှာလေ.. မင်းတို့ ဘာလို့ လာမယူတာလဲ"

ဖန်ရှင်းက ဒေါသတကြီး ကြုံးဝါးလိုက်ပြီး ကျင့်ကြံသူများကို လိုက်လံသတ်ဖြတ်ရန် ပြင်လိုက်သည်။

သူ၏လူသတ်ငွေ့က ယခုအချိန်တွင် အဆုံးမဲ့ ဖြစ်နေသည်။

ဤလူတွေသာ ထျန်းယွမ်တိုက် အတွက် ဝင်တိုက်ခဲ့ကြလျှင်ပိုင်ချန်းကျောင်းနှင့် နတ်ဆိုးသားရဲဘုရင်တို့က

အသက်သေချင်မှသာ သေလိမ့်မည် ဖြစ်သည်။

ဖုန်းထျန်းမဟာမိတ်လို ဘိုးဘေးများ၏ ဂုဏ်အသရေကို ပြန်အဖတ်ဆည်ရန် ကြိုးစားသည့် အဖွဲ့များ ရှိသလို အသက်သေဆုံးမှာကို ကြောက်ရွံ့ပြီး နတ်ဘုရား သတ္တဝါများကို မတွန့်မဆုတ် ဒူးထောက်လိုသည့် ကျင့်ကြံသူများလည်း ရှိသည်။

ဦးလေးရှီရီနှင့် အခြားသူများက ထျန်းယွမ်တိုက်၏ အကျိုးကိုဆောင်ရွက်ရင်း ပင်လယ်ထဲတွင် အဆုံးသတ်သွားကြသည်။

သူကိုယ်တိုင်ကလည်း ထျန်းယွမ်တိုက်၏ အကျိုးကို ရှုပ်ရှုပ်ချုံချုံ သယ်ပိုးခဲ့ရသည်ဟု ဆိုနိုင်သည်။

သို့ရာတွင် ဤလူတွေကမူ အရာအားလုံးကို လျစ်လျူရှုထားပြီး သူ့ဆီကပင် အမြတ်ထုတ်ရန် ကြိုးစားနေခဲ့သည်။

ထိုအချက်ကို ဖန်ရှင်းက ဘယ်လိုမှ လက်မခံနိုင် ဖြစ်နေသည်။

"မိစ္ဆာလေးက ဒီလောက်တောင် အစွမ်းထက်တာလား"

တိုက်ပွဲစတင်သည့် အချိန်ကတည်းက ကျင့်ကြံသူများက စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။

ဖန်ရှင်း၏ ဂုဏ်သတင်းနှင့် ခွန်အားက ထျန်းယွမ်တိုက်တွင် ပျံ့နှံ့နေပြီ ဖြစ်သော်လည်း လူတိုင်းက သူ့ကို ယခုလောက်ထိ ကြောက်ဖို့ကောင်းလိမ့်မည်ဟု မမျှော်လင့်ခဲ့ကြပေ။

ယခု ဝိုင်းရံ တိုက်ခိုက်နေသည့် ကျင့်ကြံသူ အားလုံးက ထျန်းယွမ်တိုက်၏ ကြောက်မက်ဖွယ် တည်ရှိမှု ဖြစ်သော ကပ်ဘေးအဆင့် ကျင့်ကြံသူများ ဖြစ်ကြသည်။

ထိုအထဲမှ အများစုမှာ ကျင့်ကြံခြင်းလောက၏ ဒဏ္ဍာရီများ ဖြစ်ကြသည်။

ထိုကြောက်မက်ဖွယ် အင်အားစုကြီးက မိစ္ဆာလေးကို

ဝိုင်းဝန်းတိုက်ခိုက် ခဲ့ကြသော်လည်း အဆုံးသတ်တွင် ၎င်းတို့သာ နှိမ်နင်းခံခဲ့ရသည်။

ယခုအချိန်တွင် ဖန်ရှင်းကို ဝိုင်းရံထားသူ အားလုံး သေဆုံးပြီးသုံးယောက်သာ အသက်ရှင်ရက် ကျန်ရှိတော့သည်။

၎င်းတို့အတွက် ဖန်ရှင်း၏ လက်မှ ထွက်ပြေးရသည်က အရှက်ရစရာ ဖြစ်သော်လည်း ၎င်းတို့တွင် ရွေးချယ်စရာ မရှိခဲ့ချေ။

ဖန်ရှင်း၏ လက်ထဲသို့ ကျရောက်သည်နှင့် ၎င်းတို့က ခေါင်းနှင့်ကိုယ် အိုးစာကွဲကာ ရက်ရက်စက်စက် သေဆုံးရလိမ့်မည် မဟုတ်ပါလား။

ဖန်ရှင်းက အနက်ရောင်ဓားကို ထုတ်ယူလိုက်ပြီး ကောင်းကင်ဘုံ မေ့ပျောက်ခြင်း စွမ်းအားဖြင့် ခုတ်ချလိုက်ရာ မိုင်သုံးရာကျော် အကွာအဝေးကို ရောက်နေသော ကျင့်ကြံသူက ခေါင်းပြတ်သွားသည်။

ထို့နောက်တွင် ဖန်ရှင်းက မိုင်ပေါင်း တစ်သောင်းနီးပါး ထွက်ပြေးနိုင်ခဲ့သည့် ကျင့်ကြံသူကိုပါ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း

စွမ်းအားဖြင့် သတ်ပစ်လိုက်သည်။

နောက်ဆုံး တစ်ယောက်ကမူ ထွက်ပြေးရန် မဖြစ်နိုင်တော့မှန်းရိပ်စားမိပြီး အသနားခံရန် ဆုံးဖြတ်လိုက်သည်။

"မိတ်ဆွေလေး.. ငါတို့က အင်မော်တယ်ပဲ ဖြစ်ချင်ခဲ့တာပါ.. မိတ်ဆွေလေး အပေါ် ဘာအမှားများ ကျူးလွန်မိလို့ ဒီလောက်ရက်ရက်စက်စက် လုပ်ရတာလဲ"

"အကြောင်းရင်းက မင်းတို့အားလုံး သေဖို့ထိုက်တန်လို့ပဲ"

ဖန်ရှင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ထိုကျင့်ကြံသူကို လက်ဝါးဖြင့် ရိုက်သတ်လိုက်သည်။

ဤတိုက်ပွဲကို မြင်တွေ့ခဲ့ရသော ကျင့်ကြံသူများက ဖန်ရှင်း၏ ရက်စက်ကြမ်းကြုတ်မှုနှင့် အာဏာရှင်ဆန်မှုကြောင့် ထိတ်လန့်သွားကြသည်။

ယခုတစ်ကြိမ်တွင် ဖန်ရှင်းက ကမ္ဘာပေါ်ရှိ ကျင့်ကြံသူအားလုံး၏ ရှေ့၌ သူ၏ ပုံရိပ်ကို ထုတ်ဖော်ပြသခဲ့သည်။

ပုံမှန်အားဖြင့် ကပ်ဘေး တတိယအဆင့် ကျင့်ကြံသူ တစ်ယောက်က လျှို့ဝှက် ကျင့်ကြံသူများကို မော်၍ပင် မကြည့်ဝံ့သော်လည်း မိစ္ဆာလေးကမူ ကြက်ကလေး ငှက်ကလေးလိုသဘောပိုက်၍ သတ်ဖြတ်ပစ်ခဲ့သည်။

ထိုတိုက်ပွဲအပြီးတွင် ဖန်ရှင်း၏ ဂုဏ်သတင်းက ထျန်းယွမ်တိုက်၏ အရပ်ရပ်သို့ ပျံ့နှံ့သွားပြီး ဂုဏ်သတင်းက အရင်ကထက်ပင် ပို၍ ကြီးမားလာသည်။

ဝိဒေဟရာဇ်၏ ထိပ်တန်း မျိုးနွယ်စုများပင် သူ၏ ဂုဏ်သတင်းကို မှီနိုင်မည် မဟုတ်တော့ချေ။

အပိုင်း(၁၂၃၂) ပြီး၏

အပိုင်း(၁၂၃၃) ရှောင်မန်လို့ခေါ်တဲ့အစီအစဉ်ရှိလား

"အကုန်လုံး သတ်လိုက်တာလား..."

ဖန်ရှင်းက လျှို့ဝှက် ကျင့်ကြံသူများကို ၎င်းတို့၏ ဝိညာဉ်များလုံးလုံး ပျက်စီးသွားသည်အထိ တိုက်ခိုက်လိုက်သည်ကို ကျင့်ကြံသူများက မြင်လိုက်ရသည်။

ဖန်ရှင်း၏ အကြည့်စူးစူးကို မြင်ပြီး ပတ်ဝန်းကျင်မှ ကျင့်ကြံသူများက ထိတ်လန့်တကြား ဖြစ်ကာ အဝေးကို ထွက်ပြေးသွားကြသည်။

ဖန်ရှင်းတစ်ယောက်သာ တောက်ပသော နေရောင်အောက်တွင်အထီးကျန်စွာ ကျန်ရှိနေခဲ့သည်။

တစ်ကိုယ်ကောင်း ဆန်သည့် ကျင့်ကြံသူများကို သတ်ဖြတ်ပြီးနောက် သူ့စိတ်ထဲမှ ညစ်ညူးမှုများက အနည်းငယ် ပြေပျောက်သွားသလို ခံစားလိုက်ရသည်။

ဖန်ရှင်းက ပင်လယ်ပြင်ထဲမှ ပိုင်ချန်းကျောင်း၏ ဝတ်စုံ အပိုင်းအစနှင့်

နတ်ဆိုးသားရဲဘုရင်၏ အမွေးအတောင်များကို လှမ်းကြည့်လိုက်သည်။

ထို့နောက် သူက နောက်ဆုံးအကြိမ် အနေဖြင့် သန့်စင်သောပြည်နယ်ကို စူးစိုက် ကြည့်လိုက်ပြီးနောက် အရှေ့ပင်လယ်သို့ ဦးတည်၍ ပျံသန်းလိုက်သည်။

ဤတိုက်ပွဲအပြီးတွင် သူ၏ ခွန်အားက သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိခဲ့ရသည်။

ဤမြေအောက်နန်းတော် ခရီးစဉ်က သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုနှင့် ခွန်အားကို သိသိသာသာ တိုးတက် ကောင်းမွန်စေခဲ့သည်မှာ ငြင်းမရသော အမှန်တရားတစ်ခုပင်။

ဖန်ရှင်းက အေးစက်သော မျက်နှာထားဖြင့် လေထဲတွင် ပျံသန်းနေသည်။

ထိုသို့ ပျံသန်းလာရင်း သူ့ပတ်ဝန်းကျင်၌ ရံဖန်ရံခါတွင် စူးရှသည့်

မျက်လုံးတချို့ကို သတိထားမိလိုက်သည်။

ထိုမျက်လုံးများကို သတိပြုမိသည်နှင့် ဇစ်မြစ်ကိုပါ ဖန်ရှင်းကခန့်မှန်းမိလိုက်သည်။

ထိုလူများက အစောပိုင်းက လူစုလို လျှို့ဝှက်စွာ ဇာတ်မြုပ်နေထိုင်ကြသည့် အင်မော်တယ် အရှုးများပင် ဖြစ်သည်။

အဆုံးသတ်တွင် သူသတ်လိုက်သော ကျင့်ကြံသူများမှာ ၎င်းတို့၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။

သူ၏ ထိတ်လန့် တုန်လှုပ်စရာ အစွမ်းသတ္တိကြောင့်သာ မဟုတ်လျှင် ၎င်းတို့က ချက်ချင်းပင် သူ့ရှေ့သို့ ရောက်လာလိမ့်မည် ဖြစ်သည်။

ဖန်ရှင်းထံ၌ အင်မော်တယ် အကာအကွယ် ရှိသည်ဟု ၎င်းတို့က ပို၍ ယုံကြည်လာကြသည်။

တစ်ရက်နှင့်တစ်ည ကြာပြီးနောက် သူ့နောက်တွင် လိုက်လာသည့်

လူက ပို၍ များပြား လာသော်လည်း မည်သူမျှ ရှေ့သို့ထွက်၍ ဖန်ရှင်း၏လမ်းကို မပိတ်ဆို့ဝံ့ကြပေ။

ထိုလူများထဲတွင် ကပ်ဘေးအဆင့် ကျင့်ကြံသူ အများအပြားမရှိတော့ပေ။

၎င်းတို့ထဲတွင် အစွမ်းထက်ဆုံးမှာ ကပ်ဘေး ပဥ္စမအဆင့် ကျင့်ကြံသူဖြစ်ပြီး ကျန်အများစုမှာ ကပ်ဘေး ပထမအဆင့်.. ဒုတိယအဆင့်နှင့် တတိယအဆင့်သာ ရှိကြသည်။

၎င်းတို့က ဖန်ရှင်း၏နောက်မှ မယောင်မလည် လိုက်လာကြသော်လည်း အနှောင့်အယှက်လည်း မပေးရဲကြပေ။

"သခင်လေးဖန်ရှင်း.. ကျေးဇူးပြုပြီး စောင့်ပါဦး"

ဖန်ရှင်းက တိမ်တိုက်များ၏ အထက်မှ အလျင်စလို ပျံသန်းနေချိန်တွင် ရုတ်တရက် အော်သံတစ်ခုကို ကြားလိုက်ရသည်။

ဖန်ရှင်းက အသံလာရာသို့ ကြည့်လိုက်ရာ တိမ်တိုက်ကို စီး၍ သူ့ဆီသို့ ဦးတည်လာသော အဖိုးအိုသုံးဦးကို တွေ့လိုက်ရသည်။

ထိုအဖိုးအို သုံးဦးလုံးက ထူးခြားသော အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။

"မင်းတို့လည်း ငါ့ဆီက အင်မော်တယ် အကာအကွယ်ကို လုချင်ပြန်ပြီလား"

ဖန်ရှင်း၏နှုတ်မှ လှောင်ရိပ်သန်းသော စကားသံ ထွက်ပေါ်လာပြီးနောက် ခန္ဓာကိုယ်ပေါ်ရှိ သတ်ဖြတ်လိုသော အော်ရာကပါ မြင့်တက်သွားသည်။

သူ့ဆီမှ ထွက်ပေါ်လာသည့် လူသတ်ငွေ့က အဖိုးအိုသုံးဦးကို ထိတ်လန့်စေခဲ့သည်။

အလယ်မှ အဖိုးအိုက ဖန်ရှင်း တစ်စုံတစ်ရာ အထင်လွဲနေသည်ကို သဘောပေါက်သွားပြီး အလျင်စလို ရှေ့ကို လှမ်းလိုက်ကာ

"သခင်လေးရဲ့လမ်းကို ပိတ်ဆို့မိတဲ့အတွက် ငါတို့ကို ခွင့်လွှတ်ပေးပါ.. ငါတို့က အင်မော်တယ်ဘုံငယ်က တမန်တော်တွေပါ.. သခင်လေးကို ငါတို့ရဲ့ အင်မော်တယ်ဘုံငယ်ဆီ ဖိတ်ခေါ်ဖို့ ရောက်လာတာပါ"

"အင်မော်တယ်ဘုံငယ်လား"

ဖန်ရှင်းက အံ့အားသင့်သော လေသံဖြင့် ရေရွတ်လိုက်ပြီး အေးစက်စက် မျက်ဝန်းများဖြင့် တမန်တော် သုံးယောက်ကို ကြည့်လိုက်သည်။

မူလက အင်မော်တယ် ဘုံငယ်သို့သွားပြီး ရှောင်မန်ကို ကယ်တင်ကာ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ကို အတင်းအကျပ် ကျင့်ကြံရန် ဖိအားပေးခဲ့သည့် သခင်များကို သတ်ပစ်ရန် အစီအစဥ် ရှိခဲ့သော်လည်း ၎င်းတို့ဘက်က အရင်ဆုံး ရောက်ရှိလာမည်ဟုတော့ မမျှော်လင့်ခဲ့ပေ။

ဒါက သူ့ကို သံသယ နည်းနည်းတော့ ဖြစ်စေသည်။

"မင်းတို့ အင်မော်တယ်ဘုံငယ်က ငါ့ကို ဘာပြောစရာရှိလို့ လာဖိတ်တာလဲ"

ဖန်ရှင်းက အနည်းငယ်ပင် နှိမ့်ချသော အမူအရာ မရှိဘဲ အပေါ်စီးကနေ ဆက်ဆံလိုက်သည်။

သူ့စကားကိုကြားလျှင် သံတမန် သုံးဦးက တစ်ဦးကို တစ်ဦး ကြည့်လိုက်ကြပြီးနောက် အလယ်မှ တမန်တော်က ဖန်ရှင်းကို ဦးညွှတ်က ာ

"သခင်လေးကို တောင်းပန်ဖို့ လာဖိတ်တာပါ"

ဟု တိုးညင်းသော လေသံဖြင့် ပြောလိုက်သည်။

"တောင်းပန်မလို့လား"

တမန်တော်၏စကားက ဖန်ရှင်းကို အံ့အားသင့်စေခဲ့ပြီး သူ၏ သံသယများကို နက်ရှိုင်းလာစေခဲ့သည်။

"သခင်လေး မစိုးရိမ်ပါနဲ့.. ငါတို့က မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ဖိတ်ခေါ်တာ မဟုတ်ပါဘူး.. ငါတို့အားလုံး ထာဝရ နတ်ဘုရား ဆီကနေ အမိန့်ရပြီးပါပြီ.. နတ်ဘုရားဘုရင်တွေ အပါအဝင် နတ်ဘုရား မျိုးနွယ်စုတွေ အားလုံးက သခင်လေးကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ်လို့ ထာဝရ နတ်ဘုရားက အမိန့်ချထားပါတယ်"

ထာဝရနတ်ဘုရား ကိုယ်တိုင် အမိန့်ချထားရာ အင်မော်တယ်ဘုံငယ်က ဖန်ရှင်းကို မည်ကဲ့သို့ မရိုမသေ လုပ်ဝံ့မည်နည်း။

ထို့ကြောင့်ပင် တမန်တော် သုံးယောက်က ရိုသေလေးစားမှု အပြည့်ဖြင့် ဖန်ရှင်းကို စကား ပြောဆိုနေကြခြင်း ဖြစ်သည်။

"ထာဝရနတ်ဘုရားက စကားတော့ တည်သားပဲ"

ဖန်ရှင်းက စိတ်ထဲကနေ တွေးမိလိုက်သည်။

"ကောင်းပြီလေ.. မင်းတို့က ရိုးရိုးသားသား လာဖိတ်တော့ မင်းတို့နောက်ကို ငါလိုက်ခဲ့မယ်"

သေသေချာချာ စဉ်းစားပြီးနောက် ဖန်ရှင်းက ခေါင်းညိတ်၍ သဘောတူလိုက်သည်။

အင်မော်တယ် ဘုံငယ်ကို သူအမှန်တကယ် မယုံကြည်သော်လည်း အသေအချာ စဥ်းစားပြီးနောက် ၎င်းတို့နှင့် လိုက်သွားသည်က အကောင်းဆုံးရွေးချယ်မှု ဖြစ်သည်ဟု သူခံစားခဲ့ရသည်။

သူ့တွင် သေရေးရှင်ရေး တမျှ အရေးကြီးသည့် ကိစ္စနှစ်ရပ်ရှိနေသည်။

ထိုကိစ္စနှစ်ရပ်တွင် နဂါးမင်းသမီးကို ကယ်တင်ရန်ထက်လက်ရှိတွင် ရှောင်မန်ကို ကယ်တင်ရန်က ပို၍ အရေးတကြီး ဖြစ်နေသည် မဟုတ်ပါလား။

လက်ရှိအချိန်တွင် ရှောင်မန်က ကောင်းကင်းဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ကြံနေပြီလားပင် မပြောတတ်ချေ။

"ဒါဆိုလည်း တိမ်တိုက်ပေါ်ကို ကြွပါ သခင်လေး"

ဖန်ရှင်းဆီမှ သဘောတူညီမှုကို ရရှိပြီးနောက် တမန်တော် သုံးဦးက ဝမ်းသာသွားကြပြီး တိမ်တိုက်ပေါ်သို့ တက်ရန် ပင့်ဖိတ်လိုက်ကြသည်။

လက်ရှိတွင် အင်မော်တယ်ဘုံငယ်က ဤနေရာမှ မိုင်နှစ်သိန်းအကွာရှိ ကျွန်းတစ်ကျွန်း ပေါ်တွင် အမှန်တကယ် တည်ရှိနေသည်။

နတ်ဘုရား သတ္တဝါများ ထျန်းယွမ်တိုက်ကို ဆင်းသက်လာပြီးနောက် သန့်စင်သော ပြည်နယ်မှ လွဲ၍ နယ်မြေ အားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။

၎င်းတို့၏ လက်အောက်ခံဖြစ်သည့် အင်မော်တယ် ဘုံငယ်ကလည်း

ဝိညာဉ်စွမ်းအင်များ ပြည့်ဝသော ကျွန်းတစ်ကျွန်းကို ရှာဖွေကာ အင်မော်တယ် နန်းတော်တစ်ခုကို တည်ဆောက်၍ နေထိုင်ခဲ့သည်။

"အင်မော်တယ်ဘုံငယ်က ကြိုဆိုပါတယ်.. သခင်လေးဖန်ရှင်း.."

အင်မော်တယ်ဘုံငယ် အခြေချထားသည့် ကျွန်းပိုင်နက်ထဲကို ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အင်မော်တယ် အော်ရာများ ပျံ့လွင့်နေသည့် ကျင့်ကြံသူရှစ်ဦးက သူ့ရှေ့တွင် ရုတ်တရက် ပေါ်လာပြီး နှုတ်ဆက်လိုက်သည်။

"အင်မော်တယ်ဘုံငယ်က သခင်ရှစ်ပါးလုံး ငါ့ကို လာကြိုဆိုကြတာလား.."

ဖန်ရှင်းက စိတ်ထဲတွင် အံ့အားသင့်နေသော်လည်း မျက်နှာထက်တွင်မူ ဘာကိုမှ အလေးအနက် မထားသည့် အေးစက်စက် အမူအရာကိုသာ ဆင်မြန်းထားသည်။

မူလက အင်မော်တယ် ဘုံငယ်တွင် သခင်၁၂ပါး ရှိခဲ့သည်။

နတ်ဘုရား သတ္တဝါများနှင့် ထျန်းယွမ်တိုက်၏ စစ်ပွဲတွင် ၎င်းတို့က နတ်ဘုရား သတ္တဝါများ ဘက်မှ ပံ့ပိုးပေးခဲ့ကြသော်လည်း ထိုတိုက်ပွဲတွင် သခင်၄ပါး ကျဆုံးခဲ့ရသည်။

"အပိုစကားတွေ ပြောမနေပါနဲ့.. မင်းတို့က ငါ့ကို တောင်းပန်ချင်တာ မဟုတ်လား"

ဖန်ရှင်းက လက်ဝှေ့ရမ်း၍ ပွင့်ပွင့်လင်းလင်းပင် ပြောဆိုလိုက်ရာ သခင်၈ယောက်က မျက်စိမျက်နှာ ပျက်သွားကြသည်။

ဖန်ရှင်းက ထိုသို့ တိုက်ရိုက် ပြောလိမ့်မည်ဟု အင်မော်တယ်ဘုံငယ်မှ သခင်၈ယောက်က မမျှော်လင့်ထားကြပေ။

ထာဝရနတ်ဘုရား၏ အမိန့်ကို ရရှိပြီးနောက် ၎င်းတို့က ဖန်ရှင်းကို လုံး၀ မလှုန်ရဲတော့သည်မှာ အမှန်တရားပင် ဖြစ်သည်။

ထာဝရနတ်ဘုရား၏ အမိန့်အာဏာက အရှေ့ပင်လယ်ကို

ချုပ်ကိုင်ထားသော ခေါင်းကိုးလုံး မျိုးနွယ်စုထက်ပင် အင်မော်တယ်ဘုံငယ်ကို သက်ရောက်မှု ရှိနေခဲ့သည်။

ခေါင်းကိုးလုံး မျိုးနွယ်စုကမူ ယခင်ကတည်းက ထာဝရနတ်ဘုရား၏ အမိန့်အာဏာကို လိုလားပုံ မပြခဲ့ချေ။

ရယ်စရာကောင်းသည်မှာ ဤသခင်ဂယောက်လုံးက ပါရမီရှင်ဓားသမား၏ သတင်းကို ကြားပြီးနောက် ဖန်ရှင်းကို အစိတ်စိတ်အမွှာမွှာ လုပ်ရန် ဆုံးဖြတ်ထားခဲ့ကြခြင်းပင်။

၎င်းတို့၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည့် ပါရမီရှင်ဓားသမား သေဆုံးသွားခြင်းကြောင့် ၎င်းတို့၏ ဆုံးဖြတ်ချက်မှာ အပြစ်တော့ မဆိုသာချေ။

သို့ရာတွင် နောက်တစ်နေ့မှာပင် ထာဝရ နတ်ဘုရား၏ အမိန့်က အင်မော်တယ် ဘုံငယ်သို့ ရောက်ရှိလာပြီးနောက်တွင် ၎င်းတို့၏ ဆုံးဖြတ်ချက်က ပြောင်းပြန် ဖြစ်သွားခဲ့သည်။

ထို့ကြောင့် ဖန်ရှင်းနှင့် ပြေလည်မှုယူရန်

အသည်းအသန်ကြိုးစားနေခြင်း ဆိုလည်းမမှားပေ။

"တကယ်ပဲ ငါ့ကို စိတ်ရင်းအတိုင်း ကြိုဆိုတယ် ဆိုရင် ရိုးသားမှုကို ပြသင့်တယ်လို့ မထင်ဘူးလား"

"ရိုးသားမှုကို ပြရမှာလား"

ဖန်ရှင်း၏ စကားကိုကြားလျှင် သခင်ဇပါးလုံးက ခဏမျှတိတ်ဆိတ်သွားပြီးမှ ပြန်ဖြေလိုက်သည်။

"သခင်လေး လိုအပ်တာရှိရင် ပြောပါ.. ငါတို့ ဘာမှ ငြင်းစရာ မရှိပါဘူး"

"အင်းဒါဆို ငါတစ်ခုမေးမယ်.. ငါ့ရဲ့ရှောင်မန်လို့ ခေါ်တဲ့ အစေခံက မင်းတို့ဆီမှာလား"

ဖန်ရှင်းက ရှောင်မန်၏ လုံခြုံရေးကို စိုးရိမ်နေ၍ တဲ့တိုးပင်

မေးလိုက်သည်။

အင်မော်တယ်ဘုံငယ်က မည်မျှပင် စိတ်ရင်းမှန်ဖြင့် ညှိနှိုင်းနေပါစေ.. ရှောင်မန်သာ တစ်ခုခု ဖြစ်သွားလျှင် အင်မော်တယ် ဘုံငယ်ကို ချက်ချင်း ဖျက်ဆီးပစ်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

"ရှောင်မန်လား.."

သူ၏နှုတ်မှ အမည်ကို ကြားသည်နှင့် တပြိုင်နက် သခင် ရှစ်ပါးက လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

၎င်းတို့၏ အမူအရာကို ကြည့်ခြင်းဖြင့် ရှောင်မန်က ဤနေရာတွင် ရှိနေသည်မှာ သိသာ ထင်ရှားနေသည်။

"သခင်လေး ကျေးဇူးပြုပြီး ငါတို့နောက်ကို လိုက်ခဲ့ပါ"

အချိန်အတန်ကြာ တိတ်ဆိတ်နေပြီးမှ အင်မော်တယ်ဘုံငယ်၏ သခင်၈ပါးထဲမှ တစ်ပါးက ဖန်ရှင်း၏ မေးခွန်းကို တိုက်ရိုက်မဖြေဘဲ

လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

အပိုင်း(၁၂၃၃) ပြီး၏

အပိုင်း(၁၂၃၄) ပျက်စီးခြင်းဇပါးတိမ်တိုက်စင်မြင့်

"ရှောင်မန်သာ တစ်ခုခု အဆင်မပြေရင် မင်းတို့ အင်မော်တယ်ဘုံငယ် တစ်ခုလုံးကို ရေအောက်ထဲ မြှုပ်နှံပစ်မယ်..."

သခင်ဇပါး၏ တုံ့ပြန်မှုကို မြင်သောအခါ ဖန်ရှင်းကသက်ပြင်းချလိုက်ပြီး စိတ်ထဲကနေ တိတ်တဆိတ် ကြိမ်းဝါးလိုက်သည်။

သို့ရာတွင် သူ၏ ခြေလှမ်းများကတော့ မျှော်လင့်ချက် အားမာန်များဖြင့် သခင်ဇပါးနှင့် အတူ လျှောက်လှမ်းနေဆဲ

ဖြစ်သည်။

သခင်ဇပါးလုံးက ဖန်ရှင်းကို စတွေ့ကတည်းကလေးလေးစားစား ဆက်ဆံခဲ့ကြသည်။

တခါတရံတွင် ၎င်းတို့က ဖန်ရှင်း၏ မျက်ဝန်းထဲမှ မုန်းတီးမှုအရိပ်အယောင်များကို သတိထားမိခဲ့သည်။

အစေခံတစ်ယောက်လုံး အဖမ်းခံထားရသည့် ဖန်ရှင်း အနေဖြင့် ၎င်းတို့၏ အင်မော်တယ်ဘုံငယ်ကို မုန်းတီးနေသည်မှာ သဘာဝကျကြောင်း ၎င်းတို့က နားလည်ခဲ့ကြသည်။

အစောပိုင်းတွင် ဖန်ရှင်းက အင်မော်တယ်ဘုံငယ်ကို ဖျက်ဆီးရန် အစီအစဉ် ရှိခဲ့သည်။

သို့ရာတွင် ရှောင်မန်၏ လုံခြုံရေးကို အတည်မပြုနိုင်သေးမီ သည်းခံနေရန်သာ ဖန်ရှင်းက ဆုံးဖြတ်ခဲ့သည်။

ဖန်ရှင်းက သခင်ဇပါး နောက်သို့ လိုက်လာရင်း ကျွန်း၏ အန္တရာယ်ရှိသည့် နေရာတစ်ခုသို့ ရောက်ရှိလာသည်။

ဤနေရာက အဆောက်အဦးများနှင့် အစီအရင်များဖြင့် ဝန်းရံထားသော ကျွန်း၏ဗဟိုချက် ဖြစ်သည်။

ဤဗဟိုချက်တွင် ကြီးမားသော အစီအရင်တစ်ခု ရှိနေပြီး မရေမတွက်နိုင်သော ဝိညာဉ်အလင်းတန်းများ ဖုံးလွှမ်းနေသည်။

ထိုဝိညာဉ် အလင်းတန်းများ၏ အတွင်းဘက်မှ မြင်ကွင်းကိုပြင်ပ လူများ မြင်ရန် မဖြစ်နိုင်ပေ။

စင်စစ်အားဖြင့် ဤနေရာက မိုင်တစ်သောင်း ပတ်လည်အတွင်း ဝိညာဉ်စွမ်းအင် အပြင်းထန်ဆုံး နေရာ ဖြစ်သည်။

"ဒီနေရာလား.."

ဖန်ရှင်းက တအံ့တသြ ရေရွတ်လိုက်သည်။

သူ၏ လက်ရှိ ကျင့်ကြံမှုအဆင့်အရ အသိအမြင်ကျမ်းကို အသုံးမပြုလျှင်ပင် ဤနေရာက ကျင့်ကြံရန် အတွက်အကောင်းဆုံး နေရာ ဖြစ်ကြောင်း သိနိုင်ပေသည်။

သူက သခင်ဇပါး၏ ပညာရပ်ကို ကျိတ်၍ ချီးကျူးမိခဲ့သည်။

မည်မျှ အန္တရာယ်များသည့် သဘာဝလွန် စွမ်းအားများကို ကျင့်ကြံနေ၍ ထိုကဲ့သို့ ကောင်းမွန်သည့် နေရာကို တည်ဆောက် ထားပါသနည်း။

"ငါတို့ အင်မော်တယ်ဘုံငယ်က အရည်အချင်းရှိတဲ့ အမျိုးသမီး အများအပြားကို ခေါ်ယူပြီး ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ကို လေ့ကျင့်ခိုင်းခဲ့တယ်.. ဒီနေရာက ကျင့်စဥ် လေ့ကျင့်တဲ့နေရာပဲ"

သခင်ဇပါးထဲမှ တစ်ပါးက လေးနက်စွာ ရှင်းပြလိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ကြောက်မက်ဖွယ် ကောင်းသော ရလဒ်ကို ကြိုတွေးထားခဲ့သည်။

သူက ဒေါသကိုထိန်းချုပ်ရင်း

"ရှောင်မန် အခု ဘယ်မှာလဲ"

ဟု မေးခွန်းထုတ်လိုက်သည်။

"ပျက်စီးခြင်းဂပါး တိမ်တိုက်စင်မြင့်ပေါ်မှာပါ"

ခဏတာ တိတ်ဆိတ်နေပြီးမှ သခင်တစ်ပါးက အဖြေပေးလိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ဒေါသများ ရုတ်တရက် ထပေါက်ကွဲလာပြီး မီးတောင် ပေါက်ကွဲသွားသလိုမျိုး အသက်ရှူရပင် ကြပ်လာသည်။

ရှောင်မန်က သူမျှော်လင့်ထားသည့် အတိုင်းပင် ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ကို ဖိအားပေး ကျင့်ကြံနေခဲ့ရသည်။

ပါရမီရှင်ဓားသမားက သူ့အမိန့်ကို နာခံသ၍ ရှောင်မန်ကို အလွန် အန္တရာယ်များသော ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ကို ကျင့်ကြံစေမည် မဟုတ်ဟု ပြောဆိုခဲ့ဖူးသော်လည်း လက်ရှိ အခြေအနေအရ ဆိုလျှင် အင်မော်တယ်ဘုံငယ်က စကားမတည်ခဲ့ပုံ ရသည်။

အင်မော်တယ်ဘုံငယ်က အမျိုးသမီးများကို ဤကျင့်စဥ်ကိုကျင့်ရန် အတင်းအကြပ် ဖိအားပေးပြီး မင်္ဂလာဝတ်စုံနည်းစနစ်ဖြင့် ၎င်းတို့ထံမှ မော်စွမ်းအားများကို ပြန်လည်စုပ်ယူခဲ့သည်။

ဤကျင့်စဥ်၏ ပန်းတိုင်ကို ရောက်ရန်မှာ အမျိုးသမီးများစွာလိုအပ်သည်။

ယခုဖန်ရှင်း၏ အဖြစ်က ကျောင်းဟုန်ရင်းလို ဖြစ်နေသည်။

ကျောင်းဟုန်ရင်းတုန်းကလည်း ၎င်းတို့၏အမိန့်ကို နာခံပါလျက်နှင့် အင်မော်တယ် ဘုံငယ်က ချင်းယွီကို ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ် ကျင့်ကြံခိုင်းခဲ့သည်။

အင်မော်တယ်ဘုံငယ်သို့ ရောက်လျှင် သူအစိုးရိမ်ဆုံး ကိစ္စမှာ ဤကိစ္စပင် ဖြစ်သည်။

ယခုတော့ သူထင်ထားသည့် အတိုင်း အမှန်တကယ် ဖြစ်နေချေပြီ။

ရှောင်မန်က တိမ်တိုက်စင်မြင့်ထက်တွင် ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ရန် အတင်းအကျပ် ဖိအားပေးခံထားရပုံ ရသည်။

ဤအခိုက်အတန့်တွင် ဖန်ရှင်းက ဒေါသတကြီး ဖြစ်နေပြီး သူ၏ ခန္ဓာကိုယ်မှ ထွက်သည့် လူသတ်ငွေ့များက ပတ်ဝန်းကျင် တစ်ခုလုံးကိုပင် ပြည့်နှက်သွားသည်။

"ရှောင်မန်သာ တစ်ခုခု ဖြစ်ခဲ့လို့ ရှိရင် အင်မော်တယ်ဘုံငယ်မှာ ရှိတဲ့ လူတိုင်းကို ရှောင်မန်နဲ့အတူ မြုပ်နှံပစ်မယ်"

ပြင်းထန်သော ကြိုးဝါးသံနှင့် အတူ ဖန်ရှင်းက ရုန့်ရင်းသော နတ်ဘုရား တစ်ဆူလို ခန္ဓာကိုယ်မှ လူသတ်ငွေ့များ ထွက်ပေါ်လာသည်။

ကောင်းကင်ကို ဖုံးလုမတတ် ဖြစ်နေသည့် ရောမလက်ကြီး တစ်ဖက်ကလည်း ရုတ်တရက် ပေါ်ထွက်လာခဲ့သည်။

ဖန်ရှင်းက ကပ်ဘေးတတိယ အဆင့်သာ ဖြစ်သော်လည်း သူ၏ ခွန်အားရှိသမျှကို ဖြည့်သွင်းထား၍ ထိုရောမလက်ကြီး၏ စွမ်းအားက ပဥ္စမအဆင့် သို့မဟုတ် ဆဋ္ဌမအဆင့်လောက် ရှိနေသည်။

ဖန်ရှင်းက သူ၏စွမ်းအားကို အင်မော်တယ်ဘုံငယ်တွင် တိုက်ရိုက်ပြသရန် သတ္တိရှိခဲ့သည်။

ယင်းမှာ ထာဝရနတ်ဘုရား၏ နောက်ခံကြောင့် သာမက

မော်မျိုးစေ့၏ အထောက်အပံ့ကြောင့်လည်း ပါဝင်သည်။

လက်ရှိ သူ၏ ကျင့်ကြံမှုက သခင်ဇပါးနှင့် ယှဉ်ပြိုင်ရန်လုံလောက်မှု မရှိသည်ကို သိသော်လည်း ဖန်ရှင်းက မကြောက်ရွံ့ခဲ့ပေ။

"သခင်လေး.. မင်းဒေါသထွက်ပြီး ငါတို့ကို နာကျင်စေရင် ရှောင်မန် အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရမှာကို ငါစိုးရိမ်မိတယ်"

သခင်ဇပါးထဲမှ တစ်ပါးက တည်ငြိမ်စွာ ပြောလိုက်သည်။

"ဟမ့်.. မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား"

ဖန်ရှင်းက ထိန်းမနိုင် သိမ်းမရ ဒေါသထွက်လာပြီး သခင်ဇပါးကို အေးစက်စွာ ကြည့်လိုက်သည်။

"သူတို့ရဲ့စကားအရတော့ ရှောင်မန်က အသက်ရှင်နေသေးတဲ့ပုံပဲ"

သူအကြောက်ဆုံး အရာက ကျင့်စဉ်ကို ကျင့်၍ ရှောင်မန် ရှုံးသွပ်သွားမည်ကို ဖြစ်သည်။

"အင်မော်တယ်ဘုံငယ်မှာ ပြန်လည်ကုသဖို့ နည်းလမ်း ရှိနေတာများလား"

"သခင်လေး.. ငါတို့ အင်မော်တယ်ဘုံငယ်က ထာဝရနတ်ဘုရားကို အကြွင်းမဲ့သစ္စာ ရှိပါတယ်..သခင်လေးကို မခြိမ်းခြောက်ဝံ့ပါဘူး.. ဒါကြောင့် သခင်လေးက အရင်မလိုဘဲ ငါတို့ရဲ့ စကားကို နားထောင်ပေးမယ်လို့ မျှော်လင့်ပါတယ်"

သခင်တစ်ပါးက ရိုသေစွာ ပြောလိုက်ပြီး တိမ်တိုက်စင်မြင့် ပေါ်သို့ ဖန်ရှင်းကို ခေါ်လာခဲ့သည်။

"ရှောင်မန်က ဒီနေရာမှာ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ကြံနေပါတယ် သခင်လေး"

သခင်ဂပါးထံမှ ထိုစကားကို ကြားလိုက်ရလျှင် ကြိုတင် မှန်းဆထားသော်လည်း ဖန်ရှင်းက သိသိသာသာပင်

တုန်လှုပ်သွားခဲ့သည်။

"ဘာ"

ဖန်ရှင်းက အနည်းငယ် ထိတ်လန့် တုန်လှုပ်သွားပြီး ခဏမျှ မတုံ့ပြန်နိုင်ခဲ့ပေ။

သခင်ဇပါးက ရှင်းပြဖို့ အရင်မလိုခဲ့ချေ။

၎င်းတို့ ရှင်းပြသည်က ဖန်ရှင်း မျက်မြင်တွေ့တာလောက် မကောင်းနိုင်ဟု မှတ်ယူထားကြသည်။

ပျက်စီးခြင်းဇပါး တိမ်တိုက်စင်မြင့်ကို ရောက်သည်နှင့် သခင်ဇပါးက လျှို့ဝှက်ဆန်းကြယ်သည့် နည်းစနစ်ကို ထုတ်ဖော်လိုက်ရာ စင်မြင့် ပတ်ပတ်လည်တွင် လွှမ်းခြုံထားသည့် ခရမ်းရောင် အခိုးအငွေ့များက တဖြည်းဖြည်း မှိန်ဖျော့သွားပြီး အတွင်းထဲမှ မြင်ကွင်းကို ထင်ထင်ရှားရှား မြင်လိုက်ရသည်။

အထဲတွင် မိန်းမပျိုလေး တစ်ဦးက တပုလ္လင်ခွေ၍ ထိုင်နေပြီးမျက်လုံးကို စုံမှိတ်ထားသည်။

သူမ၏အနားတွင် ကောင်းကင်နှင့် လိုက်လျောညီထွေ ရှိသည့် လျှို့ဝှက်ဆန်းကြယ်သော အလင်းတန်း၇ခုက ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသည်။

ထိုအလင်းတန်းများက အလွန် အားနည်းသေးသော်လည်း ၎င်းကို မြင်လိုက်ရလျှင် ဖန်ရှင်းက တုန်လှုပ် ချောက်ခြားသွားခဲ့သည်။

ဆိုရလျှင် ထိုအလင်းတန်းများထဲ၌ သူကို တုန်လှုပ်စေသောအော်ရာတစ်ခု ရှိနေခြင်းပင်။

ထိုထက်ပို၍ အံ့သြစရာဖြစ်ရပ်မှာ ထိုအလင်းတန်းများကိုရှောင်မန်က ထိန်းချုပ်နေခြင်း ဖြစ်သည်။

"သခင်လေး.. ငါတို့ မင်းကို မလှည့်စားခဲ့ပါဘူး.. ရှောင်မန်ကိုကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ် ငါတို့ မကျင့်စေခဲ့ဘူး.. ဒါပေမဲ့ ငါတို့ လေ့ကျင့်စေခဲ့တဲ့ မိန်းကလေး

အတော်များများ စိတ်ဝိညာဉ် ဆုံးရှုံးပြီးနောက်မှာ ရှောင်မန် ကိုယ်တိုင်က ဒီကျင့်စဉ်ကို ကျင့်ကြံဖို့ စိတ်ပါလက်ပါ ငါတို့ကို တောင်းဆိုခဲ့တာပါ.. ထင်မှတ်မထားတာက သူမရဲ့ သစ်သားဒြပ်စင်ခန္ဓာကိုယ်က ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ကြံဖို့ သင့်တော်နေခဲ့တာပဲ"

သခင်ဂပါးထဲမှ တစ်ပါးက ဖန်ရှင်း၏ မျက်နှာရိပ်ကို အကဲခတ်ရင်း တိုးတိုးလေး ရှင်းပြလိုက်သည်။

"သူမက တကယ်ကို ဒီကျင့်စဉ်အတွက် မွေးဖွားလာတယ်လို့ ဆိုရမလားပဲ.. အချိန်တိုလေး အတွင်းမှာ ကျင့်စဉ်ရဲ့ မော်အစွမ်း၇ခုကို ထိန်းချုပ်နိုင်ခဲ့တယ်"

ထိုသို့ပြောရင်း အဖိုးအိုက ပျက်စီးခြင်းဂပါး တိမ်တိုက်စင်မြင့်ပေါ်ရှိ ရှောင်မန်ကို ကြည့်လိုက်သည်။

သူ့မျက်လုံးများတွင် စိတ်လှုပ်ရှားမှုနှင့် ထိတ်လန့်နေသည့် အရိပ်အယောင်များ ပါဝင်နေသည်။

"ငါ့ရဲ့ အနှစ် ၄၅၀၀ လောက် ကျင့်ကြံလာတဲ့ သက်တမ်းတစ်လျှောက် သူမလို ပါရမီရှင်မျိုးကို မတွေ့ခဲ့ဖူးတာတော့ အမှန်ပဲ သခင်လေး"

အပိုင်း(၁၂၃၄) ပြီး၏

အပိုင်း(၁၂၃၅) မဟာအင်မော်တယ်ဘုံကလား

အင်မော်တယ် ဘုံငယ်မှ သခင်၏ စကားကိုကြားလျှင် ဖန်ရှင်းက တခဏမျှ မှင်တက်သွားပြီး ပျက်စီးခြင်းစပါး တိမ်တိုက်စင်မြင့်ထဲမှ ရှောင်မန်ကို လေးနက်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

ရှောင်မန်၏ သစ်သားဒြပ်စင် ခန္ဓာကိုယ် အကြောင်းကို နဂိုကတည်းက ဖန်ရှင်းက သိရှိခဲ့သည်။

ထိုခန္ဓာကိုယ်ကြောင့်ပင် ရှောင်မန်က ချင်းယွင်ဂိုဏ်းမှ အကြီးအကဲ ချင်းယောင်ကို ဆွဲဆောင်နိုင်ခဲ့သည် မဟုတ်ပါလား။

သစ်သားဒြပ်စင်က လျှို့ဝှက်ဆန်းကြယ်သော်လည်း သခင်စပါးကို

တုန်လှုပ်စေသည် အထိတော့ မဖြစ်တန်ရာဟု ဖန်ရှင်းက ရုတ်တရက် တွေးမိလိုက်သည်။

"ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်က ကမ္ဘာ့ပထမတန်းစား အမွေအနှစ်ပဲ.. ငါတို့ အင်မော်တယ် ဘုံငယ်က မရေမတွက်နိုင်တဲ့ အခက်အခဲတွေကို ကျော်ဖြတ်ပြီးမှ ဒီကျင့်စဉ်ရဲ့ အပိုင်းအစတွေကို စုစည်း ရရှိခဲ့တယ်.. ဒါပေမဲ့ ကျင့်စဉ်က ပြီးပြည့်စုံတဲ့ ကျင့်စဉ် မဟုတ်သေးတာကြောင့် မှားယွင်းနေတဲ့ အချက်အလက်တွေ အများကြီး ရှိနေသေးတယ်.. ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီကျင့်စဉ်ကို ကျင့်ကြံဖို့က မဖြစ်နိုင်သလောက်ပဲ.. လက်ရွေးစင် အယောက် တစ်ရာ လေ့ကျင့်ရင်တောင် အောင်မြင်နိုင်သူ တစ်ယောက်မှ မရှိမှာကိုတောင် စိုးရိမ်မိတယ်.. "

ထိုသို့ရှင်းပြရင်း အင်မော်တယ်ဘုံသခင်၏ မျက်နှာက ပို၍ လေးနက်လာသည်။

"နတ်သမီးရှောင်မန်က ပျက်စီးခြင်းစပါး တိမ်တိုက် စင်မြင့်ပေါ်ဝင်လိုက်တာနဲ့ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ရဲ့အလင်းတန်း ၇ခုလုံးကို လှုံ့ဆော်နိုင်ခဲ့တယ်.. သာမန် လူတွေသာဆိုရင် အလင်းတန်း၇ခုရဲ့ တုံ့ပြန်မှုကြောင့်

အမှုန့်ဖြစ်သွားမှာ အသေအချာပဲ.. ဒါပေမဲ့ သူမကတော့ အလင်းတန်း၇ခုကို မျှတအောင် ထိန်းညှိရင်း ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ဆက်လက် ကျင့်ကြံနိုင်ခဲ့တယ်"

"ငါတို့ သခင်ဇပါးကတော့ ရှောင်မန်ရဲ့ ခန္ဓာကိုယ်ထဲက သစ်သားဒြပ်စင်က သာမန် မဟုတ်ဘူးလို့ သံသယရှိနေတယ်"

အင်မော်တယ်ဘုံငယ်မှ သခင်က လေသံကို သိသိသာသာ နှိမ့်၍ ပြောလိုက်သည်။

"သူမက သစ်သားဒြပ်စင် သွေးကြော မဟုတ်ရင် နတ်ဘုရားသတ္တဝါတွေရဲ့ သွေးကြောလား"

ဖန်ရှင်းက ထိတ်လန့်တုန်လှုပ်ကာ မေးခွန်းထုတ်လိုက်သည်။

သွေးစွမ်းအားကို အမွေဆက်ခံသည့် ကိစ္စရပ်တွင် ထျန်းယွမ်တိုက်မှ လူများက နတ်ဘုရားသတ္တဝါများကို လိုက်မမီခဲ့ပေ။

နတ်ဘုရားသတ္တဝါများက သွေးစွမ်းအားကို အမွေဆက်ခံပြီး မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။

"ဒါက နတ်ဘုရားသတ္တဝါတွေရဲ့ သွေးမဖြစ်နိုင်ဘူး.. ဘာလို့လည်းဆိုတော့ နတ်ဘုရား သတ္တဝါတွေရဲ့ သွေးက ကျင့်ကြံဖို့ မသင့်တော်ပေမဲ့ နတ်သမီး ရှောင်မန်ရဲ့သွေးကတော့ ကျင့်ကြံဖို့ အရမ်း သင့်လျော်နေတယ်.. ငါ့အထင် သူ့ခန္ဓာကိုယ်ထဲက သွေးစွမ်းအား တချို့က စည်းခတ်ခံထားရပုံပဲ.. အဲ့ဒီ စည်းအနည်းငယ် ပျက်တဲ့ တစ်နေ့မှာ သွေးစွမ်းအား အနည်းငယ်ပေါက်ကြားလာတာကြောင့် လူတွေက သူမကို သစ်သားဒြပ်စင် သွေးကြောလို့ အထင်မှားသွားကြပုံပဲ.. သူမရဲ့သွေးကြောက ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်လို ပြင်းထန်တဲ့ ကျင့်စဉ်ကို ကျင့်ကြံဖို့တောင် လုံလောက်နေခဲ့တယ်"

ထိုစကားများကို ကြားလျှင် ဖန်ရှင်းက ရှောင်မန်ကို သံသယမျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်သည်။

သခင်ဇပါးလုံးကလည်း အချိန်အတော်ကြာ စကားမပြောနိုင် ဖြစ်နေကြသည်။

ထို့နောက်တွင် သခင်တစ်ပါးက ဖန်ရှင်းကို လေးနက်စွာ ကြည့်လိုက်ပြီး

"သခင်လေးကို မေးပါရစေ.. ဒီမိန်းကလေးကို ဘယ်နေရာမှာ စတွေ့ခဲ့တာလဲ"

"ကျွန်စျေးတန်းက ကုန်သည်တစ်ယောက် ဆီကနေ သူမကို ဝယ်ခဲ့တာပါ.. ဘာဖြစ်လို့လဲ"

ထိုစကားကို ကြားလျှင် အင်မော်တယ်ဘုံငယ်မှ သခင်က ဖန်ရှင်း၏ မေးခွန်းကို ချက်ချင်း ပြန်မဖြေသေးဘဲ ခဏမျှ နှုတ်ဆိတ်နေပြီးမှ

"နတ်သမီးရှောင်မန်က ထျန်းယွမ်ဇာတိ မဟုတ်ဘူးလို့ ငါတို့သံသယ ရှိနေတယ် သခင်လေး.. သူမက မဟာအင်မော်တယ်ဘုံက ဖြစ်နိုင်တယ်"..

"မဟာအင်မော်တယ်ဘုံလား"

ဖန်ရှင်းက အံ့ဩမှုကို မထိန်းနိုင်ဘဲ အသံထွက်၍ ရေရွတ်မိပြီး ရှောင်မန်ကို လှမ်းကြည့်လိုက်မိသည်။

"သွေးစွမ်းအားကို ဆက်ခံနိုင်တာက နတ်ဘုရားသတ္တဝါ မဟုတ်ရင် နတ်ဘုရား မျိုးနွယ်တွေပဲ ရှိတယ်"

"မဟာအင်မော်တယ်ဘုံက မွေးဖွားလာတဲ့ သားစဉ်မြေးဆက်တွေက ဘိုးဘေးဖြစ်တဲ့ အစစ်အမှန် အင်မော်တယ်ရဲ့ သွေးစွမ်းအားကို အမွေဆက်ခံပြီး ဝိညာဉ်ဖူးငုံ အဆင့်ထက် မနိမ့်ကျတဲ့ ခွန်အားနဲ့ မွေးဖွားလာကြတယ်"

"အစစ်အမှန် အင်မော်တယ် တစ်ယောက်က သွေးစွမ်းအားကိုသူ့ရဲ့မျိုးဆက်ဆီ လက်ဆင့်ကမ်းနိုင်တယ် ဆိုပေမဲ့ လောကဥပဒေသအရ ကလေးရဖို့အတွက်တော့ ပိုမို ခက်ခဲသွားလိမ့်မယ်"

သခင်ဇပါးထဲမှ မီးခိုးရောင် ဝတ်စုံဝတ်သခင်က ဖန်ရှင်းကို လေးနက်စွာ ရှင်းပြလိုက်သည်။

"ဒါဆိုရှောင်မန်က မဟာအင်မော်တယ်ဘုံက လူလို့ မင်းတို့သံသယ ရှိနေတယ်ပေါ့"

ဖန်ရှင်းက တောက်ပသော မျက်ဝန်းများဖြင့် အဖိုးအိုကို ကြည့်ရင်း မေးလိုက်သည်။

"မဟာအင်မော်တယ်ဘုံက မဟုတ်ဘဲ သူ့ရဲ့ သွေးစွမ်းအားက ဘာလို့ ဒီလောက်တောင် ပြင်းထန်နေမှာလဲ"

အဖိုးအိုက ဖန်ရှင်းကို ပြန်ဖြေလိုက်သည်။

"မင်းတို့ အတွေးလွန်နေပြီ ထင်တယ်.. ငါသူမကို ရွှေသစ်ရွက်အနည်းငယ်နဲ့ ဝယ်လာခဲ့တာပါကွာ"

ဖန်ရှင်းက မျက်မှောင်ကြုတ်၍ ရေရွတ်လိုက်သည်။

ထိုစကားကိုကြားသည်နှင့် သခင်ဇပါးက ဖန်ရှင်းက ထိုကိစ္စကို

လျှို့ဝှက်ထားလိုကြောင်း သဘောပေါက်သွားကြသည်။

"ငါတို့နားလည်ပါပြီ.. သခင်လေး စိတ်ချပါ.. ငါတို့ ဒီကိစ္စကို ဘယ်သူမှ မပြောပါဘူး.. ဒါ့အပြင် ရှောင်မန်ကိုလည်း မရရအောင် ကယ်တင်ဖို့ ငါတို့ ကြိုးစားမှာပါ"

"ဟားဟား..."

ထိုစကားကိုကြားလျှင် ဖန်ရှင်းက ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို အားရပါးရ ရယ်မောလိုက်သည်။

"မင်းတို့ပဲ ရှောင်မန်ကို ဒီလို ရက်စက်တဲ့ ကျင့်စဥ်ကို ကျင့်ကြံစေခဲ့တာလေ.. သူမ ဒီကျင့်စဥ်ကို အောင်မြင်ခဲ့ရင်တောင် မင်းတို့ရဲ့အပြစ်က ခွင့်လွှတ်ဖို့ မထိုက်တန်ဘူး.. ဒါတောင် သူမရဲ့ အသက်ကို ကယ်တင်မယ် ဆိုပြီး အရှက်မရှိ ပြောရဲသေးတယ်လား"

ဖန်ရှင်း၏ စကားကြောင့် သခင်ဇပါးလုံးက အနည်းငယ် မှိုင်တွေသွားကြသည်။

ခဏအကြာမှ မီးခိုးရောင်ဝတ် အဖိုးအိုက သက်ပြင်းချလိုက်ပြီး

"ငါတို့က မင်္ဂလာဝတ်စုံ နည်းလမ်းကို သုံးပြီး ငါတို့ တပည့်ကိုပြုစုပျိုးထောင်ခဲ့တယ်.. အဲ့ဒီအတွက် ငါတို့ရဲ့ စွမ်းအားတွေ အတော်များများ ဆုံးရှုံးခဲ့ရတယ်.. ပြောရရင် ငါတို့ ၈ယောက်လုံးက အချိန်အကြာကြီး အသက်ရှင်မှာ မဟုတ်တော့ဘူး.. ဒါကြောင့် ငါတို့မသေခင်မှာ ငါတို့ရဲ့ အမွေအနှစ် အဖြစ် ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ကို ရှောင်မန်ကို အောင်မြင်သွားစေချင်တယ်.. ဒါက ငါတို့ရင်ထဲက ဆန္ဒအမှန်ပါ"

"ဟားဟား.. "

ဖန်ရှင်းက သခင်ဇပါးကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ယင်းအချိန်မှာပင် သခင်ဇပါးထဲမှ မုတ်ဆိတ်ဖြူနှင့် အဖိုးအိုက လေးနက်သော လေသံဖြင့် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သခင်လေးက ငါတို့ကို နှလုံးသားနဲ့ ယုံကြည်ပေးပါ.. အခုရှောင်မန်က ကျင့်စဥ်ကို စတင် ကျင့်ကြံနေပြီဆိုတော့ အနှောင့်အယှက် လုံးဝ ဝင်လို့မရဘူး.. အနှောင့်အယှက် ဝင်တာနဲ့ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ်ရဲ့ တုံ့ပြန်မှုကြောင့် သူမရဲ့ ထူးခြားဆန်းကြယ်တဲ့ သွေးကြောတောင် ရလာဒ်ကို ထိန်းချုပ်နိုင်မှာ မဟုတ်တော့ဘူး.. ငါတို့မှာ ရှောင်မန်ကို ကယ်တင်ဖို့ နည်းလမ်းတော့ ရှိပါတယ်.. ဒါပေမဲ့ ဒီကျင့်စဥ်နဲ့ ပတ်သက်တဲ့ ကိစ္စကိုတော့ ထာဝရနတ်ဘုရား မသိအောင် ဖုံးဖိထားပေးဖို့ သခင်လေးကို အကူအညီ တောင်းဆိုပါတယ်"

"ဟားဟား.. ငါဒီကို စရောက်စဥ်က ရှောင်မန်ကို ကယ်တင်ပြီး မင်းတို့ အင်မော်တယ်ဘုံငယ်ကို ဖျက်ဆီးဖို့ စိတ်ကူးထားခဲ့တယ်.. အခုတော့ မင်းတို့တွေက ငါ့ကို ကူညီပေးစေချင်တာလား"

ဖန်ရှင်းက ခပ်ထေ့ထေ့ ပြောလိုက်ရာ သခင်ဇပါးလုံးက ခဏမျှ တိတ်ဆိတ်သွားကြသည်။

ခဏကြာမှ မီးခိုးရောင်ဝတ် အဖိုးအိုက

"ငါတို့ နားလည်ပါတယ်.. ဒါပေမဲ့ ရှောင်မန်က အခုချိန်မှာ အရမ်း အန္တရာယ်များတဲ့ အခြေအနေကို ရောက်နေပြီ.. ငါတို့တောင်းဆိုတာက သခင်လေးအတွက် ဘာဖိအားမှ မရှိလောက်ဘူးလို့ ထင်ပါတယ်"

"ဒီအဖိုးကြီးတွေရဲ့ အမူအရာက ဟန်ဆောင်နေပုံတော့ မရဘူး"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

သူက ၎င်းတို့ တောင်းဆိုသည့် ကတိကို ပေးလိုက်ရုံဖြင့် ၎င်းတို့က ရှောင်မန်ကို အန္တရာယ် မပေးသည့်အပြင် ကျင့်စဉ် အောင်မြင်ရန်ပါ အစွမ်းကုန် အကူအညီပေးမည် ဖြစ်သည်။

ဘယ်ဘက်ကပဲ ကြည့်ကြည့် သူ့ဘက်က အရှုံးမရှိ၍ ဖန်ရှင်းက လက်ခံရန် ဆုံးဖြတ်လိုက်သည်။

"ငါသဘောတူပါတယ်"

ဖန်ရှင်းက စိတ်ပါလက်ပါဖြင့် သဘောတူလိုက်သည်။

ထိုစကားကြောင့် သခင်ဇပါးလုံးက စိတ်လှုပ်ရှားနေသည့် အမူအရာများ ပြသနေသည့် အချိန်မှာပင် ဖန်ရှင်းက နောက်ထပ် စကားတစ်ခွန်းကို ပြောလိုက်သည်။

"ဒါပေမဲ့ ငါ့ရဲ့တောင်းဆိုမှု တစ်ခုကို မင်းတို့ လိုက်နာမယ်လို့ အရင် ကတိပေးရမယ်"

အပိုင်း(၁၂၃၅) ပြီး၏

အပိုင်း(၁၂၃၆) ငါ့ရဲ့ကလေးရော မွေးပြီးပြီလား

"သခင်လေးက ငါတို့ကို ဘာတောင်းဆိုချင်လို့လဲ.. သခင်လေးဘာပဲ

တောင်းဆိုပါစေ ငါတို့က သဘောတူမှာပါ"

အင်မော်တယ်ဘုံငယ်မှ သခင်များက ဖန်ရှင်းကို ရိုသေစွာ ပြောလိုက်သည်။

ထို့နောက်တွင် မီးခိုးရောင်ဝတ်စုံဝတ် အဖိုးအိုက ရှေ့ထွက်လာခဲ့ပြီး

"ရှောင်မန်ကို အန္တရာယ်ထဲ မကျရောက်စေမဲ့ နည်းလမ်းကို ငါတို့ ရှာတွေ့ထားတယ်.. အဲ့ဒီနည်းလမ်းက နောက်ထပ် ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် မိန်းကလေး ၆ယောက်ကို ရှာဖွေပြီး ရှောင်မန်နဲ့ အတူ ကျင့်ကြံစေဖို့ပါ.. ဒါဆို ရှောင်မန်အပေါ်သက်ရောက်နေတဲ့ ဖိအားတွေကို အထိုက်အလျောက် လျော့ချနိုင်ပြီး အောင်မြင်နိုင်ချေ ရာခိုင်နှုန်းလည်း တိုးတက်လာမှာပါ"

"နောက်ထပ် ၆ယောက် ရှာဖွေရဦးမှာလား"

ဖန်ရှင်းက အနည်းငယ် ထိတ်လန့် တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

သခင်ဇပါး၏ အကြံပြုချက်ကို သူကောင်းစွာ နားလည်သည်။

ရှောင်မန်က အလွန် ကောင်းမွန်သော သွေးကြောကို ပိုင်ဆိုင်ထားသော်လည်း ဤကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ကြံရန်မှာ အလွန်အန္တရာယ် များနေသည်။

ထို့ကြောင့် သူမ၏ ဖိအားကို လျော့ချရန် နောက်ထပ်အမျိုးသမီး ၆ဦးကို ရှာဖွေရမည် ဖြစ်သည်။

သဘာဝလွန် စွမ်းအား၇ခုကို တစ်ယောက်ချင်းစီ မျှဝေ ထိန်းချုပ်လိုက်လျှင် ကျင့်စဉ်ကို အောင်မြင်နိုင်ချေက တိုးမြင့်လာမည် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ရှောင်မန်ကို အောင်အောင်မြင်မြင် ထောက်ပံ့ ကူညီနိုင်ခဲ့လျှင် ထိုမိန်းကလေး ၆ယောက်လည်း အကျိုးကျေးဇူးတွေ အများကြီး ရရှိလိမ့်မည် ဖြစ်သည်။

"မင်းတို့ ဖမ်းထားတဲ့ မိန်းကလေးတွေထဲက မိန်းကလေး ၆ယောက်ကို ရွေးချယ်မလို့လား"

ဖန်ရှင်းက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"အင်း.. ငါတို့ မိန်းကလေး အတော်များများကို ချုပ်နှောင်ထားပေမဲ့ သူတို့ရဲ့ အရည်အချင်းတွေက သိပ်မမြင့်မားဘူး.. မိန်းကလေးတွေရဲ့ အရည်အချင်း မြင့်မားလေ အောင်မြင်နိုင်ချေ မြင့်မားလေပဲ.. ခက်တာက ငါတို့ဆီမှာ အဲ့လို ပါရမီ မြင့်မားပြီး အရည်အချင်း ရှိတဲ့သူက ၆ယောက် မပြည့်ဘူး ဖြစ်နေတာပဲ"

"အဲ့တော့ ငါက ကူရှာပေးရဦးမှာလား.."

ဖန်ရှင်းက အေးစက်စွာ ပြုံး၍ ပြောလိုက်သည်။

"အဲ့လို သဘောတော့ မဟုတ်ပါဘူး.. ရှောင်မန် အတွက် သခင်လေး စိတ်ကြိုက် ရွေးချယ်စေချင်လို့ပါ"

စကားဆုံးသည်နှင့် အင်မော်တယ် ဘုံငယ်သခင်က လက်ခုပ်တီး၍ အချက်ပေးလိုက်ရာ အင်မော်တယ် ဘုံငယ်မှ တပည့်တစ်ယောက်က အလံတစ်ခုကို လေထဲသို့ လွှင့်တင်လိုက်သည်။

ခဏအကြာတွင် တပည့်လေးဦးက တိမ်တိုက်ကိုစီး၍ အမျိုးသမီးတစ်စုကို ခေါ်ဆောင်လာခဲ့သည်။

အမျိုးသမီးများက စိတ်ပျက်နေသော အမူအရာများဖြင့် ဖန်ရှင်းတို့ ရှေ့ကို ရောက်လာကြသည်။

ထိုအထဲမှ ခရမ်းရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီး တစ်ဦးက ဖန်ရှင်းကို မြင်လျှင် ရုတ်တရက် မှင်သက်သွားခဲ့သည်။

ဖန်ရှင်းကလည်း သူမကို စူးစိုက်ကြည့်နေရင်း အမူအရာပြောင်းလဲလာသည်။

သူမက အချိန်အတော်ကြာ စကားမပြောနိုင်ဘဲ နောက်ဆုံးတွင်ခေါင်းငုံ့၍ နေလိုက်သည်။

"မိန်းမ မတွေ့တာကြာပြီနော်"

ဖန်ရှင်းက သူမကို ကြည့်ရင်း သက်ပြင်းချကာ ရေရွတ်လိုက်သည်။

"ဖန်ရှင်း.. ငါ.. ငါ"

အမျိုးသမီးက ခေါင်းမော့၍ ဖန်ရှင်းကို ကြည့်လိုက်သော်လည်း သူမ၏အသံက လည်ချောင်းဝတွင် တစ်ဆို့နေပြီး စကားမပြောနိုင်ဖြစ်နေသည်။

ဤအမျိုးသမီး နှင်းဖုံးတောင်တန်း၏ တပည့်တစ်ဦး ဖြစ်သည့် ကုချင်းနတ်သမီး ရွှယ်ကူရင် ဖြစ်သည်။

နှင်းဖုံး တောင်ခြေတွင် နှစ်ဝက်လောက် အထိ ဖန်ရှင်းက သူမနှင့်အတူ နေခဲ့ဖူးသော်လည်း ယနေ့လို အချိန်တွင် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

အင်မော်တယ်ဘုံငယ်က အရည်အချင်း ရှိသော အမျိုးသမီးများကို ပစ်မှတ်ထားခဲ့ပြီး သူမလို နှင်းဖုံးတောင်တန်း၏ တပည့်ကြီးကိုပင် အလွှတ်မပေးခဲ့ပေ။

သူမကို ဖမ်းဆီးသွားသည့် အင်မော်တယ် ဘုံငယ်ကြောင့်သာ မဟုတ်လျှင် သူမက ထျန်းယွမ်၏ စစ်ပွဲများကြား၌ သေဆုံးသွားလိမ့်မည်ကိုပင် ဖန်ရှင်းက စိုးရိမ်မိသည်။

သူတို့ နှစ်ယောက်က လင်မယားလို ပေါင်းသင်း နေထိုင်ခဲ့ကြပြီး အတော်ကြာမှ ပြန်တွေ့ခဲ့ရသဖြင့် သဘာဝအတိုင်း ပြောစရာ စကားတွေ များစွာ ရှိသော်လည်း ခဏမျှ တိတ်ဆိတ်သွားကြသည်။

အချိန်အတော်ကြာမှ ဖန်ရှင်းက တစ်စုံတစ်ခုကို စဉ်းစားမိပြီး မေးခွန်းတစ်ခုကို ကောက်မေးလိုက်သည်။

"ငါ့ရဲ့ ကလေးရော မွေးပြီးပြီလား"

ထိုစကားကို ကြားလျှင် ရွှယ်ကူရင်၏ မျက်နှာက ပြုံးတူးပြဲတဲဖြစ်သွားသည်။

ဖန်ရှင်းက တစ်စုံတစ်ရာ ပြောမည်ကို သူမက စောင့်ဆိုင်းနေခဲ့သော်လည်း ယခုလို ပြောလာလိမ့်မည်ဟု မထင်ခဲ့သဖြင့် အံ့သြ ရှက်ရွံ့ကာ မျက်နှာများ နီရဲလာသည်။

"ကလေးမရှိဘူး"

သူမက ပြတ်ပြတ်သားသားပင် ပြန်ဖြေလိုက်သည်။

ဖန်ရှင်းက အနည်းငယ် ကူကယ်ရာမဲ့သောအမူအရာဖြင့် ခေါင်းကုတ်လိုက်ပြီး

"တကယ်မရှိတာလား"

ထိုစကားကို ကြားလျှင် ရွှယ်ကူရင်က မနေနိုင်တော့ဘဲ ဒေါသတကြီး

ပြောလိုက်သည်။

"နွေဦးအိပ်မက်လို အခိပ္ပါယ် မရှိတာတွေ မပြောစမ်းပါနဲ့.. အဲ့ဒီအချိန်မှာ ရှင်က တာအိုအုတ်မြစ် ပျက်စီးနေတာလေ.. ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"အော် ဒါကို ငါမေ့နေတာ.."

ဖန်ရှင်းက သက်ပြင်းချ၍ စိတ်သက်သာရာရစွာ ရေရွတ်လိုက်သည်။

"ဟားဟား...တစ်နေ့နေ့မှာ မင်းက ကလေးတစ်ယောက် လက်ဆွဲပြီး ငါ့ဆီခေါ်လာမှာကို ငါအမြဲစိုးရိမ်နေခဲ့တာ"

"စိတ်မပူနဲ့.. ရှင်နဲ့ ကလေးရခဲ့ရင် အဲ့ဒီကလေးကို သတ်ပစ်လိုက်မယ်"

ရွှယ်ကူရင်က ဒေါသတကြီး ကြိမ်းဝါးလိုက်သည်။

"အင်း.. အဲ့ဒီလောက်ထိတော့ မရက်စက်ပါနဲ့ မိန်းမရယ်.. ငါကစတာပါ"

ရွှယ်ကူရင် အမှန်တကယ် ဒေါသထွက်နေမှန်း ရိပ်စားမိ၍ ဖန်ရှင်းက ပြန်လည် ချော့မော့လိုက်သည်။

ရွှယ်ကူရင်က ဖန်ရှင်းကို အချိန်အတော်ကြာ စိုက်ကြည့်နေခဲ့ပြီး တစ်စုံတစ်ရာကို တွေးနေခဲ့သည်။

ထို့နောက်တွင် သူမက ဖန်ရှင်းအပေါ် မုန်းတီးမှု မရှိသကဲ့သို့ ရုတ်တရက် ထရယ်လိုက်သည်။

သူမ၏ရယ်မောခြင်းက ဖန်ရှင်းကို အနည်းငယ် မှိုင်တွေစေခဲ့သည်။

ဖန်ရှင်းက တစ်စုံတစ်ရာကို ပြောရန် အချိန်အတော်ကြာတုံ့ဆိုင်းနေပြီးမှ

"တကယ်တော့.. ငါ..."

"ရှင်ပြောစရာ မလိုပါဘူး.. ငါ ဒီကိစ္စကို သိထားပြီးသားပါ.. သခင်ဇပါးက ငါတို့အားလုံးကို ပြောပြထားပါတယ်"

ရွှယ်ကူရင်က သူမစကားကို ခဏမျှ ရပ်တန့်လိုက်ပြီးမှ သက်ပြင်းချလိုက်ကာ စကားကို ပြန်ဆက်လိုက်သည်။

"ဒီကိစ္စရဲ့ အန္တရာယ်ကို ငါသိပါတယ်.. ဒါပေမယ့် ဒီကိစ္စ အောင်မြင်သွားရင် ငါပါ ကံကောင်းလိမ့်မယ် ဆိုတာ ငါသိတယ်.. ရှင့်ရဲ့ လက်ရှိ ကျင့်ကြံမှုက ကျမထက် အများကြီး သာလွန်သွားခဲ့ပြီ.. ရှင့်ကို အရာရာ အားကိုးရတဲ့ ခံစားချက်မျိုးကို ကျမ မလိုချင်ဘူး.. ငါ ညီမလေး ရှောင်မန်နဲ့ အတူတူ လေ့ကျင့်ဖို့ ဆုံးဖြတ်ထားတယ်.. ငါတို့ အောင်မြင်တဲ့ တစ်နေ့မှာ ရှင်နဲ့အတူ ရှိနေနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်"

ဖန်ရှင်းက သူမ၏စကားကို ကြားလျှင် အနည်းငယ် စိတ်လှုပ်ရှားသွားပြီး အချိန်အတော်ကြာ စကားမပြောနိုင် ဖြစ်နေသည်။

ရွှယ်ကူရင်က သူမ စကားကို ဆက်ပြောလိုက်သည်။

"ဖုန်းချန်းတောင်မှာ ငါ့ရဲ့ တာအိုနှလုံးသား ပျက်စီးခဲ့ရတယ်.. နောက်ပိုင်းမှာ ငါယုံကြည်မှု ပြန်ရလာပေမဲ့ ဟိုအရင်တုန်းကလို အခြေအနေမျိုး ငါပြန်လိုချင်သေးတယ်"

ထိုစကားကို ပြောလိုက်သည့် အချိန်တွင် သူမ၏ အမူအရာကအတော်ကို လေးနက်နေသည်။

သူမက အရင်ကထက်ပင် လှလာသည်ဟု ဖန်ရှင်းက ခံစားမိခဲ့သည်။

ဖန်ရှင်းက သူမကို စိုက်ကြည့်နေသဖြင့် ရွှယ်ကူရင်က ရှက်ရွံ့လာပြီး

"ရှင့်မှာ ကျမကို ပြောစရာစကား မရှိဘူးလား"

"ရှိတာပေါ့"

ထို့နောက် ဖန်ရှင်းက အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပြီး

"မင်းဒီညအားလား"

ဟု စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

ထိုစကားကို ကြားသည်နှင့် ရှယ်ကူရင်၏ အမူအရာက ပြောင်းလဲသွားပြီး ဖန်ရှင်းကို စိုက်ကြည့်ကာ

"ချိန်းထားတာတော့ မရှိဘူး "

ဟု ပြန်ဖြေလိုက်သည်။

……

......

"ကြားရတာ နည်းနည်းတော့ ရှက်ဖို့ကောင်းတယ်..."

ဖန်ရှင်းနှင့် ရွှယ်ကူရင်တို့ စကားပြောနေချိန်တွင် အင်မော်တယ်ဘုံငယ်မှ သခင်၈ပါးက မကြားချင်ဟန်ဆောင်ကာ နားရွက်ကို လက်ဖြင့် အုပ်ထားကြသည်။

အဆုံးသတ်တွင် ဖန်ရှင်းနှင့် ရွှယ်ကူရင်က စကား အနည်းငယ်ပြောဆိုပြီးနောက် ရွှယ်ကူရင်က ရှောင်မန်နှင့် အတူလေ့ကျင့်ရန် အတည်ပြု ဆုံးဖြတ်လိုက်တော့သည်။

ယင်းအချိန်တွင် အင်မော်တယ်ဘုံငယ်မှ သခင်တစ်ပါးက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး

"သခင်လေး.. နတ်သမီးရွှယ်က ရှောင်မန်နဲ့ လေ့ကျင့်ဖို့ သဘောတူလိုက်ပေမဲ့ နောက်ထပ် ငါးယောက်တော့ လိုအပ်နေတုန်းပဲ.. ကျန်တဲ့ မိန်းကလေးတွေကို အကဲခတ်

ကြည့်ဦးမလား"

"သူတို့ရဲ့ အရည်အချင်းက ရှောင်မန်နဲ့ ကျင့်ကြံဖို့ မလုံလောက်ဘူးလို့ ငါထင်တယ်"

ဖန်ရှင်းက ကျန်မိန်းကလေးများ ဘက်သို့ လှည့်ကြည့်၍ ရေရွတ်လိုက်သည်။

ထိုအမျိုးသမီး အားလုံးက ငယ်ရွယ်သော ကျင့်ကြံသူများ ဖြစ်ကြပြီး ရွယ်ကူရင်လို ထူးခြားသော အရည်အချင်း မရှိကြချေ။

ခက်တာက ထိုအမျိုးသမီးများမှ လွဲ၍ သူ့တွင် ရွေးချယ်စရာလည်း မရှိ ဖြစ်နေသည်။

ဖန်ရှင်းက စိတ်ရှုပ်ထွေးနေပြီး ဆုံးဖြတ်ချက် ချရန် ခက်ခဲနေသောအချိန်တွင် ရုတ်တရက် တစ်စုံတစ်ရာကို သတိထားမိပြီးအရှေ့အရပ်ဆီသို့ မျက်မှောင်ကြုတ်၍ လှမ်းကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် သခင်ဇပါးကလည်း သူ့နည်းတူ အရှေ့အရပ်သို့ မျှော်ကြည့်လိုက်ကြသည်။

အရှေ့အရပ်တွင် ရွှေရောင်ကဲ့သို့ နေဝင်ချိန်ကို ရောင်ပြန်ဟပ်နေသော လှိုင်းလုံးကြီးများက ဟုန်းဟုန်းထနေသည်။

ယခုအချိန်တွင် ပင်လယ်ထဲ၌ လေမတိုက်သော်လည်း လှိုင်းလုံးကြီးများက ပို၍ပင် ပြင်းထန်လာသည်။

ရုတ်တရက် ထိုလှိုင်းလုံးကြီးက ဘေးနှစ်ဖက်သို့ ကွဲထွက်သွားပြီးနောက်တွင် ဧကြိုက်ကျွန်းထက်ပင် ကြီးမားသော ရောမလိပ်တစ်ကောင်ကို ၎င်းတို့က တွေ့လိုက်ရသည်။

"ဒါက ဘာမကောင်းဆိုးဝါးများလဲ"

အင်မော်တယ်ဘုံငယ်မှ တပည့်များက အထိတ်တလန့် ရေရွတ်လိုက်ကြသည်။

ယခုအချိန်တွင် သခင်ဇပါးနှင့် အင်မော်တယ်ဘုံငယ်မှ ကျင့်ကြံသူအားလုံးက လေးနက်သော အမူအရာဖြင့် ရှိနေသည်။

လိပ်နက်ကြီးက အတော်ပင် ကြောက်စရာ ကောင်းသော်လည်း ၎င်းတို့၏ အင်မော်တယ် ဘုံငယ်ကို ရန်မူလိုသော အရိပ်အယောင်ကို မတွေ့ရချေ။

သို့ရာတွင် အင်မော်တယ် ဘုံငယ်မှ တပည့်များက တုန်လှုပ်ချောက်ခြားနေကြပြီး လိပ်နက်နှင့်ဝေးရာသို့ ဆုတ်ခွာသွားကြသည်။

ယင်းအချိန်တွင် ဖန်ရှင်းက လိပ်နက်ကြီး၏ ကျောပေါ်မှ လူများကို မြင်လိုက်ရလျှင် စိတ်အနည်းငယ် လှုပ်ရှားသွားသည်။

"မင်းတို့ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာကြတာလဲ"

"ဒီနေရာမှာ အခွင့်အရေး ကြီးကြီးမားမား ရှိမယ်လို့

တွေးပြီးခရီးထွက်ခဲ့တာလေ"

ရောမလိပ်နက်ကြီး၏ ကျောပေါ်မှ အမျိုးသမီးတစ်ဦးက ပြုံးရွှင်စွာ ပြောလိုက်သည်။

နေဝင်ဆည်းဆာ၏ အောက်တွင် သူမက အလွန်တရာ လှပနေခဲ့သည်။

အပိုင်း(၁၂၃၆) ပြီး၏

အပိုင်း(၁၂၃၇) ရောမတောင်ပင်လယ်လိပ်

ရောမလိပ်ကြီးက လှိုင်းလုံးကြီးများထဲမှ ထွက်လာပြီးနောက်တွင် ၎င်း၏ ရှေ့ခြေသည်းများကို ကျွန်း၏အစွန်းတွင် ကုပ်၍ ငြိမ်သက်စွာ ရှိနေခဲ့သည်။

ခြေသည်းကို အနည်းငယ် လှူပ်ရှားရုံဖြင့် ဤကျွန်းတစ်ခုလုံးက ဆတ်ဆတ်ခါအောင် လှုပ်ယမ်းသွားမည်မှာ သေချာပေသည်။

ရောမလိပ်နှင့် နှိုင်းယှဉ်လျှင် အင်မော်တယ်ဘုံငယ် အခြေချနေထိုင်သည့် ကျွန်းက အမှန်တကယ်ပင် သေးငယ်နေသည် မဟုတ်ပါလား။

လိပ်၏ကျောပေါ်တွင် လှပသော အမျိုးသမီး သုံးဦးကို ဖန်ရှင်းက တွေ့လိုက်ရသည်။

ပထမတစ်ယောက်က အစိမ်းရောင်ပိတ် စကပ်ကို ဝတ်ဆင်ထားပြီး မျက်နှာထားက ပြုံးရွှင်နေသည်။

ဒုတိယတစ်ဦးကမူ အဖြူရောင်အင်္ကျီကို ဝတ်ဆင်ထားသည့် ဓားရှည်ကို ဆွဲကိုင်ထားသော အမျိုးသမီးတစ်ဦး ဖြစ်သည်။

ကျန်တစ်ဦးကမူ အပြာရောင် အဝတ်အစားကို

ဝတ်ဆင်ထားသော်လည်း အသွင်အပြင်က ထင်ရှားမှု သိပ်မရှိချေ။

အစိမ်းရောင် ပိတ်စကပ်ကို ဝတ်ဆင်ထားသည့် အမျိုးသမီးကို မြင်လိုက်ရလျှင် ဖန်ရှင်းက ခဏမျှ အံ့အားသင့်သွားပြီး စိတ်အနည်းငယ် လှုပ်ရှားသွားသည်။

သူမက တခြားသူ မဟုတ်ပေ.. နတ်ဘုရားကုန်းမြေ မြောက်ပိုင်းမှ လက်ဖက်ရည် နတ်သမီးပင် ဖြစ်သည်။

ခွမ်းကျီတောင် တိုက်ပွဲတွင် ဖန်ရှင်းက သူမကို ကယ်တင်ခဲ့ဖူးပြီး နောက်ပိုင်းတွင် ဝေးကွာခဲ့ရသည်။

ယခုလိုအချိန်တွင် သူမနှင့် ပြန်တွေ့လိမ့်မည်ဟု သူတစ်ခါမှ မတွေးမိခဲ့ပေ။

သူမ၏စကားအရ ရှောင်မန်၏ ကိစ္စနှင့် ပတ်သက်ပြီး ဤကျွန်းသို့ ရောက်လာသည်မှာ ထင်ရှားနေသည်။

သူမထက်ပို၍ ဖန်ရှင်းကို ဆွဲဆောင်နေသည်မှာ သူမ နောက်ဘက်ရှိ အမျိုးသမီးတစ်ဦး ဖြစ်သည်။

ထိုအမျိုးသမီးက အလွန်တည်ငြိမ်ပုံရပြီး စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာ ရပ်နေခဲ့သည်။

ဖန်ရှင်း၏ မျက်လုံးက သူမ ဘက်ကို ရောက်လာသည်နှင့် သူမက ဖန်ရှင်းကို ဖော်ရွေစွာ ပြုံးပြလိုက်သည်။

"အမတော်လင်းယွင်.. အမတော်နဲ့ ဒီနေရာမှာ ပြန်ဆုံရမယ်လို့ တကယ် မမျှော်လင့်ထားမိဘူး"

ဖန်ရှင်းက စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်သည်။

စုလင်းယွင်က လီဟန်ထျန်း နန်းတော်၏ တပည့်ကြီး အဖြစ်ရွေးချယ်ခံခဲ့ရပြီး နတ်ဘုရားမ တစ်ပါးအဖြစ်ပင် တင်စားခံခဲ့ရသည်။

အင်မော်တယ်ဘုံငယ် ရောက်လာသော ကိစ္စနှင့် ပတ်သက်ပြီးလီဟန်ထျန်း နန်းတော် ပြိုကွဲပြီးနောက်တွင် သူမ၏သတင်းကစုန်းစုန်း မြုပ်သွားခဲ့သည်။

စုလင်းယွင်၏ သတင်းကို အစအနပင် မရသဖြင့် ဖန်ရှင်းကထျန်းယွမ်တိုက်၏ စစ်ပွဲတွင် သေဆုံးသွားပြီဟုပင် ထင်မြင်ခဲ့သည်။

ယခုတော့ စုလင်းယွင်ကို အရှင်လတ်လတ် မြင်တွေ့လိုက်ရသဖြင့် ဖန်ရှင်းက အတော်လေး စိတ်သက်သာရာ ရသွားသည်။

....

....

"အိုး.. အဲဒါက ကိုးခုမြောက် တားမြစ်နယ်မြေရဲ့ ဒဏ္ဍာရီလာ တောင်ပင်လယ်လိပ် မဟုတ်လား"

ဖန်ရှင်းက အမျိုးသမီး နှစ်ယောက်နှင့် စကားပြောနေသောအချိန်တွင် အင်မော်တယ်ဘုံငယ်မှ လူများက ကမ္ဘာပျက်မတတ် ကြောက်ရွံ့နေပြီ ဖြစ်သည်။

၎င်းတို့က မှော်လက်နက်ကို အသုံးပြု၍ ရောမလိပ်ကို ခုခံရန် အသင့်ပြင်ထားကြသည်။

ရောမလိပ်၏ ပုံသဏ္ဍာန်က ကျွန်းကို ဖျက်ဆီးလိုပုံ မရသော်လည်း ၎င်း၏ အရွယ်အစားကြောင့် အင်မော်တယ်ဘုံငယ်မှ လူများက ကြောက်ရွံ့နေကြခြင်း ဖြစ်သည်။

နတ်ဘုရားသတ္တဝါများ ကျူးကျော်လာသည့်အခါ ထျန်းယွမ်တိုက်တွင် တားမြစ်နယ်မြေ ကိုးခုရှိခဲ့သည်။

ပထမဆုံး တားမြစ်နယ်မြေမှာ သန့်စင်သော ပြည်နယ် ဖြစ်ပြီး နဝမမြောက် တားမြစ်နယ်မြေမှာ ပင်လယ်ထဲကို ထွက်ပြေးသွားသည့် လိပ်ကြီးတစ်ကောင် ဖြစ်သည်။

ထျန်းယွမ်တိုက်၏ လူအနည်းငယ်က ရောမလိပ်၏ မူလဇစ်မြစ်ကို

သိသော်လည်း ၎င်း၏ ကြီးမားသော ခန္ဓာကိုယ်ကြောင့် "တောင်ပင်လယ်လိပ်" ဟု အမည်ပေးခဲ့သည်။

ဆိုရလျှင် တားမြစ်နယ်မြေဟု သတ်မှတ်ထားသည့် ဧရာမလိပ်ကို အင်မော်တယ် ဘုံငယ်မှ သတိထားခြင်းမှာ အံ့သြစရာတော့ မဟုတ်ပေ။

"လက်ဖက်ရည်နတ်သမီး.. အမတော်လင်းယွင်.. မင်းတို့ ဘာလို့ ဒီကို ရောက်လာတာလဲ"

ဧရာမလိပ်ကြီး လုံးဝ ရပ်တန့်သွားမှ ဖန်ရှင်းက ရယ်ပြီး သူမတို့ကို အစပျိုး နှုတ်ဆက်လိုက်သည်။

"ဘာလို့ ရောက်လာတာလည်း ဆိုတော့ ငါတို့ရဲ့ ကျင့်ကြံမှုကို မြှင့်တင်မလို့ပဲ.. နင်က တစ်ရက်ပြီး တစ်ရက် ငါတို့ထက် ပိုသန်မာလာတော့ ငါတို့ မနာလိုတော့ဘူးလေ"

လက်ဖက်ရည်နတ်သမီးက ပြုံးရွှင်စွာ ပြောလိုက်ပြီး စုလင်းယွင်၏

လက်ကိုဆွဲကာ ဖန်ရှင်းဆီသို့ လျှောက်လာခဲ့သည်။

"ငါတို့က တုံးအတဲ့ မိန်းကလေးတွေပဲလေ.. ငါတို့မှာ နင့်လိုအရည်အချင်းလည်း မရှိဘူး.. အခု ရောက်လာတာကလည်းကံကောင်းခြင်းတွေ ရမလား ဆိုပြီးတော့ပေါ့"

"မင်းတို့တွေ ရှောင်မန်အတွက် ဒီကို လာခဲ့တာလား"

ဖန်ရှင်းက ပြုံး၍ မေးလိုက်သည်။

"မဟုတ်ဘူး.. ဒဏ္ဍာရီလာ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဥ် အတွက်ကြောင့်ပါ"

လက်ဖက်ရည်နတ်သမီးက ဖန်ရှင်း၏ စကားကိုပြုံး၍ ပြန်ဖြေလိုက်သည်။

ခွမ်းကျီတောင် တိုက်ပွဲတွင် ဖန်ရှင်းက သူမကို ကယ်တင်ပြီးနောက်

ဖန်ရှင်းနှင့် သူမ၏ ဆက်ဆံရေးက ပို၍ နီးစပ်လာခဲ့သည်။

လက်ဖက်ရည် နတ်သမီးနှင့် ဆန့်ကျင်ဘက်ပင် စုလင်းယွင်က ပေါ့ပါးစွာ ခေါင်းညိတ်လိုက်ပြီး

"ငါတို့က အမျိုးသမီးငယ် တစ်ယောက်ရဲ့ လမ်းညွှန်ပြမှုကို ရရှိခဲ့တယ်.. ဒါကြောင့် ညီမတော် ရှောင်မန်ကို ကူညီရင်း ကံကြမ္မာကောင်းကို ရှာဖွေဖို့ ရောက်လာတာပဲ"

စကားစမြည် ပြောဆိုရင်း ဖန်ရှင်းက သူမတို့နှင့် လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ရန် ပျက်စီးခြင်းဇပါး တိမ်တိုက်စင်မြင့် အနီးရှိ ဆိတ်ငြိမ်သော တဲအိမ်လေး တစ်လုံးသို့ ခေါ်သွားလိုက်သည်။

သခင်ဇပါးကမူ အလိုက်သိစွာပင် အဝေးကနေ ရပ်၍ စောင့်နေခဲ့သည်။

ဖန်ရှင်းက သူမတို့နှစ်ယောက်အား လမ်းညွှန်လိုက်သည့် သူကို စဉ်းစားနေသည်။

ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်နှင့် ပတ်သက်၍ အင်မော်တယ် ဘုံငယ်က နက်ရှိုင်းစွာ ဖုံးကွယ်ထားသောကြောင့် အပြင်လူက ထိုကိစ္စကို မည်သို့မျှ သိရှိရန် မဖြစ်နိုင်ပေ။

စုလင်းယွမ်က တိမ်တိုက်စင်မြင့်ပေါ်ရှိ ရှောင်မန်ကို ခဏမျှတိတ်ဆိတ်စွာ ကြည့်ရှုလိုက်ပြီးနောက် သက်ပြင်းချလိုက်ကာ ဖန်ရှင်းကို စကားစမြည် ပြောဆိုလိုက်သည်။

"ငါတို့ကို လမ်းညွှန်လိုက်တာက ငယ်ရွယ်တဲ့ မိန်းမပျိုလေး တစ်ယောက်ပါ.. ရှောင်မန် ကိစ္စကို ဖြေရှင်းပြီးတာနဲ့ နဂါးမင်းသမီးကို သွားကယ်ဖို့ ငါတို့က တဆင့် နင့်ကို မှာလိုက်တယ်.. နင် မုဆိုးဖို မဖြစ်ချင်ရင် အရှေ့ပင်လယ်ကို အမြန်ဆုံးသွားသင့်တယ်"

စုလင်းယွင်၏ စကားကို ကြားသည်နှင့် သူမတို့ကို လမ်းညွှန်လိုက်သူမှာ ကြာပန်းမိန်းကလေး ဖြစ်ကြောင်း ဖန်ရှင်းက သိလိုက်သည်။

"အလှလေးက ဘာလို့ ငါ့ဆီ တိုက်ရိုက် လာမပြောတာလဲ"

"မိန်းမပျိုလေးက ပြောတယ်.. နင့်ကို ဒေါသ ထွက်နေလို့ မတွေ့ချင်သေးဘူးတဲ့"

"ငါနားလည်ပြီ"

ဖန်ရှင်းက ကြာပန်းမိန်းကလေး၏ ဘူးဆို ဖရုံမသီးသည့် စိတ်ဓာတ်ကို ကောင်းကောင်းသိသည်။

ထို့ပြင် ကြာပန်းမိန်းကလေးက လျှို့ဝှက်ဆန်းကြယ်သူ တစ်ဦး ဖြစ်ပြီး သူမ ပြောလိုက်သော စကား အများစုကလည်း မှားယွင်းမှု မရှိခဲ့ပေ။

"ငါတို့ ဒီကျွန်းကို လာတာ ကံကောင်းမှုကို အရယူဖို့ပဲ.. ငါတော့ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ဖို့ ဘယ်လိုမှမစောင့်နိုင်တော့ဘူး"

လက်ဖက်ရည်နတ်သမီးက ခိုင်မာသော လေသံဖြင့် ပြောလိုက်ရာ ဖန်ရှင်းပင် တုန်လှုပ်သွားသည်။

ယင်းအချိန်တွင် သူမတို့နှင့် လိုက်လာသည့် အပြာဝတ်စုံဝတ်မိန်းကလေးက လက်ဖက်ရည် နတ်သမီးကို သတိပေးလိုက်သည်။

"အမတော်.. ဟိုမိန်းကလေးရဲ့စကားက ယုံရလို့လား.. ဒီမှော်အစွမ်းကို ကျင့်ကြံဖို့က အန္တရာယ်များလွန်းတယ်.. အမတော်ပြန်မစဥ်းစားတော့ဘူးလား"

ထိုသို့ ပြောပြီးနောက် သူမက ဖန်ရှင်းဘက်သို့ လှည့်၍

"အကိုတော်ဖန်.. ငါ့ကို အပြစ်မတင်ပါနဲ့.. အဲ့ဒီမိန်းကလေးက ဘယ်က ထွက်ပေါ်လာမှန်း မသိဘဲ ငါ့အမတော်တွေက သူပြောတဲ့အတိုင်း လိုက်လံ လုပ်ဆောင်ဖို့ သင့်လျော်ရဲ့လား.. အဲ့ဒီမိန်းကလေးက ဘာမို့လို့လဲ"

ဟု ဒေါသတကြီး ပြောလိုက်သည်။

"ထျန်းယွမ်တိုက်ကို လျှို့ဝှက်ဆန်းကြယ် ခေါင်းတလားတွေ ကျရောက်ပြီး ဖရိုဖရဲ ဖြစ်နေတဲ့အချိန်မှာ သူတော်စင်တွေကို ဆင့်ခေါ်ပြီး ထျန်းယွမ်တိုက်ကို ငြိမ်သက်အောင် အစည်းအဝေး လုပ်ခဲ့တဲ့သူကို ဘယ်သူမှ မသိခဲ့ကြဘူး.. သူတော်စင်တွေကို ဆင့်ခေါ်ခဲ့တဲ့သူက အဲ့ဒီမိန်းကလေးပဲ"

ဖန်ရှင်းက ပေါ့ပေါ့ပါးပါး ပြောလိုက်ရာ အားလုံးက ထိတ်လန့်သွားကြသည်။

အပြာရောင်ဝတ် အမျိုးသမီးပင် ဖန်ရှင်း၏ စကားကြောင့် ပါးစပ်ပိတ်သွားပြီး သံသယ မဝင်ရဲတော့ချေ။

ထို့နောက်တွင် လက်ဖက်ရည် နတ်သမီးက ဖန်ရှင်းနှင့် စုလင်းယွင်ကို လက်ဖက်ရည် ဖျော်တိုက်ခဲ့သည်။

အဆုံးသတ်တွင် စုလင်းယွင်က ဖန်ရှင်းကိုကြည့်ပြီး ခပ်တိုးတိုးရယ်၍ ပြောလိုက်သည်။

"တကယ်တမ်းပြောရရင် အဲ့ဒီမိန်းကလေးကို ယုံလို့ ငါတို့လာခဲ့တာ

မဟုတ်ဘူး.. မောင်လေးဖန်ကို ယုံလို့လာခဲ့တာပဲ"

အပိုင်း(၁၂၃၇) ပြီး၏

အပိုင်း(၁၂၃၈) ချင်းယွင်ကိုကုသခြင်း

သဘာဝလွန် စွမ်းအား မျိုးစေ့များ၏ အန္တရာယ်ကို မျှဝေရန် လူခြောက်ယောက် လိုအပ်ခဲ့သည်။

ယခုမူ ရှယ်ကူရင်.. လက်ဖက်ရည် နတ်သမီး.. စုလင်းယွင်တို့ကြောင့် အင်မော်တယ်ဘုံငယ်မှ သခင်ဇပါးက အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့သည်။

ယခုအခါတွင် သူမတို့ သုံးဦးကို ရရှိသွားသောကြောင့် နောက်ထပ် ကျင့်ကြံသူ သုံးဦးသာ ရှာဖွေရတော့မည် ဖြစ်သည်။

သခင်ဇပါးက အင်မော်တယ်ဘုံငယ်မှ ဖမ်းဆီးထားသည့်အမျိုးသမီးများထဲမှ ရွေးချယ်ရန်

ပြင်လိုက်သော်လည်း ဖန်ရှင်းက ငြင်းဆိုလိုက်သည်။

ထို့နောက် သူက ခါးတွင်ချိတ်ထားသည့် အရိုးစုဦးခေါင်းခွံကို လေထဲသို့ ပစ်လွှင့်လိုက်ရာ အရိုးစု ဦးခေါင်းခွံက လေထဲတွင်တဖြည်းဖြည်း ကြီးမားလာသည်။

ယင်းနောက်တွင် အရိုးစုဦးခေါင်းခွံ၏ ပါးစပ်က ပွင့်သွားပြီး ယောင်းချီမင်းသမီးလေး ရှောင်ချင်းနှင့် နတ်သမီး ချင်းယွီ တို့က ထွက်လာသည်။

အပြင်သို့ ရောက်သည်နှင့် ရှောင်ချင်းက လူအများအပြားကို တွေ့လိုက်ရာ အံ့အားသင့်သွားသည်။

"သူမက ကျောင်းမျိုးနွယ်စုက ကျောင်းချင်းယွီပဲ"

သခင်ဇပါးက စိတ်ဝိညာဉ် ပျောက်ဆုံးနေသည့် ချင်းယွီကို ရုတ်တရက် တွေ့လိုက်ရသောအခါ အံ့အားသင့် ထိတ်လန့် တုန်လှုပ်သွားကြသည်။

ထိုမိန်းကလေးနှင့် သူတို့က အစိမ်းသက်သက်တော့ မဟုတ်ပေ။

သူတို့ ဖမ်းခေါ်လာခဲ့သည့် အမျိုးသမီးများထဲတွင် ထိုမိန်းကလေးက အရည်အချင်း အမြင့်မားဆုံး ဖြစ်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ၎င်းတို့က သူမကို အတင်းအကျပ် ဖိအားပေး၍ ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို ကျင့်ကြံခိုင်းခဲ့သည်။

ထိုကဲ့သို့ သူတို့လက်ချက်နှင့် မကင်းသည့် ချင်းယွီကို ပြန်တွေ့လိုက်ရသောကြောင့် ၎င်းတို့က အကြီးအကျယ် မျက်နှာပျက်နေကြသည်။

"ငါ့ကို ပါရမီရှင်ဓားသမားက မှော်မျိုးစေ့သုံးစေ့ ပေးခဲ့တယ်.. သူ့ရဲ့ ရည်ရွယ်ချက်ကို မင်းတို့ နားလည်မယ်လို့ ငါထင်တယ်"

စကားဆုံးသည်နှင့် ဖန်ရှင်းက လက်ဖဝါးကို ဖြန့်လိုက်ရာအလင်းစက်လုံး သုံးခုက လက်ဖဝါးထက်တွင်

ထွက်ပေါ်လာသည်။

ယင်းနောက်တွင် ထိုမှော်မျိုးစေ့သုံးစေ့က အမျိုးသမီးသုံးယောက် အဖြစ် ပြောင်းလဲသွားခဲ့သည်။

လက်ဝဲဘက်မှ အမျိုးသမီးကို ကြည့်ရင်း ဖန်ရှင်း၏ မျက်ခုံးက တွန့်ကွေးသွားသည်။

"ဒါက ချင်းယွီရဲ့စိတ်ဝိညာဉ်ပဲ.. ဒီစိတ်ဝိညာဉ်ကို ပြန်ရမှ ချင်းယွီက ပုံမှန်အတိုင်း ပြန်ဖြစ်မယ် ထင်တယ်"

ဖန်ရှင်းက စိတ်ဝိညာဉ်ကို ကြည့်ရင်း တိတ်တဆိတ် ရေရွတ်လိုက်သည်။

အလယ်နှင့် လက်ယာဘက်မှ အမျိုးသမီးနှစ်ယောက် မှာမူ တည်ငြိမ်သော အသွင်အပြင်နှင့် အေးဆေးစွာ ရှိနေသည်။

သူမတို့ကလည်း ချင်းယွီနည်းတူ စိတ်ဝိညာဥ်ပင် ဖြစ်သည်။

သူမတို့နှစ်ယောက်၏ ခန္ဓာကိုယ်ကိုမူ သခင်ဇပါးက ရတနာဗိမာန်ထဲတွင် သေချာသိမ်းဆည်းထားခဲ့သည်။

"ဒါက တိုင်အာ ချန်ထားခဲ့တာလား"

မှော်မျိုးစေ့ သုံးစေ့ကို မြင်လိုက်ရလျှင် သခင်ဇပါးနှင့် အတူ အင်မော်တယ် ဘုံငယ်မှ ကျင့်ကြံသူ အားလုံးက ရုတ်တရက်တုန်လှုပ်သွားကြသည်။

"ဒီကလေးက ငါတို့ပေးခဲ့တဲ့ အရာအားလုံးကို ပြန်ပေးခဲ့တာပဲ"

မုတ်ဆိတ်ဖြူနှင့် သခင်က မျက်ရည်များ စီးကျလာပြီးဝမ်းနည်းစွာ ရေရွတ်လိုက်သည်။

သခင်ဇပါးက သဘာဝလွန် မှော်မျိုးစေ့သုံးစေ့ကို ကြည့်ကာသက်ပြင်း

အဆက်မပြတ် ချနေရသည်။

"တိုင်အာက ထူးခြားတဲ့ ပါရမီရှင်ပဲ.. ငါတို့ ၁၂ယောက်က ဒီကလေး အပေါ်ကို မျှော်လင့်ချက်တွေ ပုံအပ်ခဲ့တယ်.. ဒီကလေးက ဖိအားတွေ အရမ်းများပေမဲ့ ငါတို့ စကားကိုနားထောင်ပြီး လူသားမျိုးနွယ်ရဲ့ နတ်ဘုရားဘုရင် ဖြစ်အောင် ကြိုးစားခဲ့တယ်.. အောင်မြင်မှု မရခဲ့ဘူး ဆိုပေမဲ့ ဒီကလေးအတွက် ငါတို့ ဂုဏ်ယူပါတယ်"

"ဘာပဲဖြစ်ဖြစ် တိုင်အာက ဒီဒုက္ခတွေကနေ ကျွတ်လွတ်သွားတာပေါ့လေ"

အင်မော်တယ်ဘုံငယ်မှ သခင်များက ဝမ်းနည်းစွာ ရေရွတ်လိုက်ကြသည်။

ထို့နောက်တွင် အင်မော်တယ်ဘုံငယ်မှ တပည့်အားလုံးက ပါရမီရှင်ဓားသမားကို ရည်မှန်း၍ တိတ်ဆိတ်စွာ ဦးညွှတ်လိုက်ကြသည်။

ဖန်ရှင်းနှင့် အခြားသူများကလည်း အလိုက်တသိဖြင့် ၎င်းတို့

ဂါရဝပြုနေသည်ကို အနှောင့်အယှက် မပေးခဲ့ပေ။

"ငါတို့ မမျှော်လင့်ထားတဲ့ အရာက ငါတို့ သူ့ကို ပေးထားတဲ့အရာတွေကို ပြန်ပေးခဲ့တာပဲ.. သူက ငါတို့ မျှော်လင့်ချက်တွေကို မဖြည့်ဆည်းနိုင်ဘူးလို့ ထင်ခဲ့တယ်.. ဒါကြောင့် ငါတို့ မှော်မျိုးစေ့ကို ပြန်မယူချင်တော့ဘူး.. ဒါက အခုချိန်ကစပြီး မင်းရဲ့အပိုင် ဖြစ်သွားပြီ"

"ဒီကလေးက တော်တော်မိုက်မဲတာပဲ.. ဘယ်လို အခြေအနေမျိုးပဲ ရောက်နေပါစေ.. ဒီမှော်မျိုးစေ့ကို အသုံးချပြီး လူပြန်ဝင်စားနိုင်ပေမဲ့ ဒီကလေးက အသုံးမချခဲ့ဘူး"

....

....

မကြာခင်မှာပင် ဖန်ရှင်းက အင်မော်တယ်ဘုံယံမှ လူတွေအလွန် ဝမ်းနည်းနေရသည့် အကြောင်းရင်းကို နားလည်လိုက်သည်။

ပါရမီရှင်ဓားသမားက သေဆုံးခါနီး အချိန်တွင် သူ၏ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်သည့် လူဝင်စားခြင်း မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ပြီး အင်မော်တယ်ဘုံငယ်ကို မှော်မျိုးစေ့ ပြန်ပေးလိုက်ခြင်းပင်။

ထိုမှော်မျိုးစေ့ သုံးစေ့တွင် ပါရမီရှင်ဓားသမားက သခင်၁၂ယောက်ထံမှ မင်္ဂလာဝတ်စုံနည်းလမ်းဖြင့် ရရှိခဲ့သည့်စွမ်းအားများကိုပါ ထည့်သွင်းထားခဲ့သည်။

ရှင်းလင်းစွာ ပြောရလျှင် ပါရမီရှင်ဓားသမားက အင်မော်တယ်ဘုံငယ်၏ မြင့်မားသော မျှော်လင့်ချက်ကို မဖြည့်ဆည်းနိုင်ခဲ့သောကြောင့် အဆုံးသတ်တွင် အရာအားလုံးကို ပြန်ပေးလိုက်ခြင်း ဖြစ်သည်။

"သူမသေခင်မှာ ဒီမှော်မျိုးစေ့နဲ့ နတ်သမီးချင်းယွှီကို ကုသလို့ ရတယ်လို့ ငါ့ကိုမှာခဲ့တယ်"

ဖန်ရှင်းက မုတ်ဆိတ်ဖြူနှင့် အဖိုးအိုကို ပြောလိုက်သည်။

"စိတ်ချပါ သခင်လေး.. ချင်းယွီ အပါအဝင် စိတ်ဝိညာဉ်၃ခုလုံးအကောင်းအတိုင်း ဖြစ်အောင် ငါတို့ ကုသပေးမှာပါ.. ဒါ့အပြင်မျော်မျိုးစေ့ပေါ်က မင်္ဂလာဝတ်စုံ နည်းလမ်းနဲ့ တိုင်အာကို ပေးထားတဲ့ စွမ်းအားတွေကိုလည်း သူမတို့ကို ခွဲဝေပြီး ပေးလိုက်ပါ့မယ်.. အဲ့ဒါဆိုရင် သူမတို့ရဲ့စွမ်းအားက အရင်ထက် နှစ်ဆလောက် တိုးတက်သွားလိမ့်မယ်"

မုတ်ဆိတ်ဖြူ အဖိုးအိုက လေသံကို နှိမ့်၍ ပြောပြလိုက်သည်။

"ဒါဆိုလည်း ကုသပေးပါ.. ဒါက သူမတို့ ခံစားခဲ့ရတဲ့ ဒုက္ခအတွက် ထိုက်တန်တဲ့အရာပါပဲ"

ဖန်ရှင်းက သခင်ဇပါး၏ နှလုံးသားထဲမှ ဝမ်းနည်းကြေကွဲမှုကို နားလည်ရန် မကြိုးစားဘဲ မှုန်ကုပ်ကုပ် အမူအရာဖြင့် ပြောလိုက်သည်။

သိပ်မကြာခင်မှာပင် သခင်ဇပါးက မျော်မျိုးစေ့သုံးစေ့ကို ကိုယ်စားပြုသည့် ချင်းယွီအပါအဝင် အမျိုးသမီးသုံးဦးကို

စိတ်ဝိညာဉ် ထည့်သွင်းကာ ကုသပေးလိုက်သည်။

ထို့နောက်တွင် မှော်စွမ်းအားများကိုပါ မျှဝေပေးလိုက်ရာ သူမတို့၏ စွမ်းအားက နှစ်ဆခန့် တိုးတက်လာသည်။

....

....

ယခုအချိန်တွင် ရှောင်မန်ကို ကူညီထောက်ပံ့ရန် ကောင်းမွန်စွာပြင်ဆင်ပြီးပြီဟု ပြောနိုင်ပြီ ဖြစ်သည်။

သခင်ဇပါးက ထက်မြက်ထူးချွန်သော မိန်းကလေး၆ယောက်ကို ရှာဖွေပြီး ပျက်စီးခြင်းဇပါး တိမ်တိုက်စင်မြင့်ထဲသို့ ဝင်ရောက်ရန် စီစဉ်ခဲ့သည်။

ထိုသို့ ဝင်ရောက်ခြင်းဖြင့် ထိုမိန်းကလေး ၆ယောက်၏ အလားအလာမှာလည်း ရှောင်မန်နှင့် ထပ်တူ တိုးတက်လာမည်

ဖြစ်သည်။

ယခုဆိုလျှင် ရွယ်ကူရင်.. လက်ဖက်ရည် နတ်သမီး.. စုလင်းယွင်.. ချင်းယွီနှင့် မော်မျိုးစေ့ပိုင်ရှင် အမျိုးသမီးနှစ်ဦးက ပျက်စီးခြင်းစပါး တိမ်တိုက်စင်မြင့်ထဲသို့ ဝင်ရောက်ရန် အသင့် ဖြစ်နေသည်။

ရှောင်မန်ကိစ္စ အဆင်ပြေသွားသောကြောင့် အင်မော်တယ်ဘုံငယ်က ဖန်ရှင်းကို နှုတ်ဆက်ပွဲ ပြုလုပ်ပေးခဲ့သည်။

ထိုနှုတ်ဆက်ပွဲတွင် စုလင်းယွမ်.. ရွယ်ကူရင်နှင့် အခြားသူများက သူမတို့၏ အတွေ့အကြုံများကို ဖန်ရှင်းအား ပြောပြခဲ့ကြသည်။

ထိုသို့ပြောဆိုနေသည့် အချိန်တွင် သူမတို့က အင်မော်တယ်ဘုံငယ်အပေါ်၌ အနည်းငယ် ဒေါသထွက်နေကြောင်းဖန်ရှင်းက မြင်တွေ့ခဲ့ရသည်။

ဖန်ရှင်းက စိတ်အေးလက်အေးဖြင့်ပင် အရက်သောက်လိုက် သူမတို့ စကားကို နားထောင်လိုက်ဖြင့် ဇိမ်ကျနေခဲ့သည်။

"မောင်လေးဖန်.. ငါတို့ တိမ်တိုက်စင်မြင့်ကနေ ထွက်လာရင် ပြန်ဆုံတွေ့ဖို့ မျှော်လင့်ပါတယ်"

နောက်တစ်နေ့ နံနက်စောစော အချိန်တွင် မိန်းကလေးများက တိမ်တိုက်စင်မြင့်ထဲသို့ ဝင်ရောက်ရန် အသင့်ဖြစ်နေကြသည်။

စုလင်းယွင်နှင့် အခြားသူများက ဖန်ရှင်းကို နှုတ်ဆက်လိုက်ကြသည်။

"ဟားဟား ဘာမှစိတ်မပူနဲ့.. ရှောင်မန်နဲ့ အတူ အေးဆေး ကျင့်ကြံလိုက်ဦး.. ငါမင်းတို့ကို သေချာပေါက် ပြန်လာခေါ်မှာပါ"

ဖန်ရှင်းက ကျယ်လောင်စွာ ရယ်မော၍ ပြောလိုက်ပြီး လက်သီးဆုပ်၍ ဂါရဝပြုလိုက်သည်။

"ငါနင်နဲ့အတူ ရှိချင်တယ်"

ယောင်းချီမင်းသမီးက ဖန်ရှင်းကို နီရဲနေသော မျက်လုံးများဖြင့် ကြည့်၍ ပြောလိုက်သည်။

"မင်းက ငါ့ရဲ့ကိုယ်ပွားပဲလေ.. ငါ့ရဲ့အသက်က မင်းနဲ့ ဆက်စပ်နေတယ်ဆိုတာ မေ့နေပြီလား.. မင်းဒီမှာနေခဲ့မှ ငါဘေးကင်းနိုင်လိမ့်မယ်.."

ဖန်ရှင်းက လေသံတိုးတိုးဖြင့် ရှောင်ချင်းကို ပြောလိုက်သည်။

ထို့နောက်တွင် သူက သခင်ဇပါး ဘက်သို့ လှည့်လိုက်ပြီး

"မင်းတို့ ငါ့ဘာပဲခိုင်းခိုင်း လုပ်ပေးမယ်လို့ ကတိပေးခဲ့တာ မှတ်မိသေးလား"

ဟု မေးလိုက်ရာ သခင်ဇပါးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

မူလက ဖန်ရှင်းကို သဘောတူလိုက်ခြင်းမှာ ရှောင်မန်၏ ပြဿနာကို နှစ်ရက်အတွင်း ဖြေရှင်းနိုင်မည်ဟု မမျှော်လင့်ထားသောကြောင့်

ဖြစ်သည်။

ထို့ကြောင့် ဖန်ရှင်း၏ စကားကို ကြားလိုက်ရလျှင် ၎င်းတို့က စိတ်ပူစပြုလာသည်။

မိစ္ဆာလေးက မြစ်ကိုဖြတ်ပြီးသည်နှင့် တံတားကို ဖြိုချပစ်သည့် ဥပမာအတိုင်း ကျင့်သုံးလာမည်ကို ၎င်းတို့က စိတ်ထဲကနေ စိုးရိမ်လာခြင်းပင်။

"သခင်ဇပါး.. မင်းတို့တွေ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ငါခွင့်လွှတ်ပေးမယ်.. ထာဝရနတ်ဘုရား ရှေ့မှာလည်း ငါကာကွယ်ပေးနိုင်တယ်.. အနာဂတ်မှာ အင်မော်တယ် ဘုံငယ် အခက်အခဲကြုံခဲ့ရင် အနည်းဆုံး တစ်ကြိမ်လောက်တော့ ငါအကူအညီပေးနိုင်တယ်"

ဖန်ရှင်း၏စကားက သူတို့ထင်ထားသည်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် သခင်ဇပါးက အလွန်အမင်း ပျော်ရွှင်သွားကြသည်။

သို့ရာတွင် ဖန်ရှင်း နောက်ထပ် ပြောလိုက်သော စကားကမူ ၎င်းတို့ကို ချက်ချင်းပင် တုန်လှုပ်စေသည်။

"ဒါပေမဲ့ ငါ့အတွက် ကိစ္စတစ်ခုကို အရင်ဆုံး ဆောင်ရွက်ပေးရမယ်.. အဲ့ဒီကိစ္စက အရှေ့ပင်လယ်ကို စစ်ချီဖို့ပဲ"

အပိုင်း(၁၂၃၈) ပြီး၏

အပိုင်း(၁၂၃၉) အရှေ့ပင်လယ်ကိုစစ်ချီခြင်း

ရွှေကျီးကန်းတို့ အဖွဲ့ကလည်း ရင်ရှုန်းတံတားကို ဖြတ်ကျော်ပြီး အင်မော်တယ် နန်းတော်သို့ ဝင်ရောက်သွားခဲ့သည်။

ဦးလေးရှီရီနှင့် နတ်ဆိုးသားရဲဘုရင် တို့ကလည်း နတ်ဘုရားဘုရင်၃ပါးနှင့် တိုက်ပွဲတွင် ကျဆုံးသွားသည်ဟု သတင်းထွက်လာသည်။

ယခုစုလင်းယွင်တို့ဘအလှလေး တစ်သိုက်ကလည်း ပျက်စီးခြင်းစပါး

တိမ်တိုက်စင်မြင့်ကို ဝင်ရောက်သွားကြပြီ ဖြစ်သည်။

၎င်းတို့အားလုံးနှင့် ဘယ်အချိန်မှာ ပြန်ဆုံမလည်း မသိနိုင်သောကြောင့် ဖန်ရှင်း၏ နှလုံးသားက အနည်းငယ် ဟာတာတာ ဖြစ်သွားသလို ခံစားလိုက်ရသည်။

ဘာပဲဖြစ်နေပါစေ သူ့တွင် လုပ်စရာ ကိစ္စတစ်ခု ကျန်ရှိနေပါသေးသည်။

ထိုကိစ္စမှာ နဂါးမင်းသမီး အောင်းယန်ကျာကို အရှေ့ပင်လယ်မှ ကယ်တင်ရန်ပင် ဖြစ်သည်။

နဂါးမင်းသမီး အန္တရာယ် ကျရောက်နေသည်ကို ထာဝရနတ်ဘုရားထံမှ သိခဲ့ရသည်။

ထို့ပြင် ကြာပန်းမိန်းကလေး ပေးပို့လိုက်သည့် သတင်းစကားအရ ထိုသတင်းမှာ အမှန်အကန် ဖြစ်ကြောင်း ဖန်ရှင်းက အတည်ပြုလိုက်သည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဖန်ရှင်းက အတော်လေး စဉ်းစားခဲ့ရသည်။

အရှေ့ပင်လယ်ကို ကိုင်တွယ်ခြင်းနှင့် အင်မော်တယ် ဘုံငယ်ကို ကိုင်တွယ်ခြင်းသည် တူညီသော အခြေအနေတွင် ရှိမနေပေ။

အင်မော်တယ်ဘုံငယ်က ထာဝရနတ်ဘုရားကို အသေအလဲ ကြောက်လန့်ကြပြီး ပါရမီရှင်ဓားသမား အတွက် ဖန်ရှင်းကို လက်စားချေမည့် သူတို့၏ အစီအစဉ်ကိုပင် စွန့်လွှတ်ခဲ့ကြသည်။

သို့သော် အရှေ့ပင်လယ်ကမူ ၎င်းတို့နှင့် မတူပေ။

ထာဝရနတ်ဘုရားပင် ခေါင်းကိုးလုံး မျိုးနွယ်၏ ကိစ္စကို ဝင်ရောက် စွက်ဖက်လိုပုံ မပြချေ။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ခေါင်းကိုးလုံး မျိုးနွယ်စုက မည်မျှ အားကောင်းသည်ကို သိနိုင်ပေသည်။

သူ့ကိုယ်ပိုင် အင်အားဖြင့်သာ ဆိုလျှင် ဖန်ရှင်းက ခေါင်းကိုးလုံးမျိုးနွယ်စုကို တိုက်ခိုက်ရန်မှာ အလွန်ပင် အလှမ်းဝေးနေသည်။

လက်ရှိတွင် အရှေ့ပင်လယ်က ခေါင်းကိုးလုံး မျိုးနွယ်စု လက်ထဲသို့ ကျရောက်သွားပြီ ဖြစ်ရာ ပင်လယ် လေးစင်းကို စိုးမိုးထားသည့် ၎င်း၏ အင်အားက အလွန်ပင် ကြောက်စရာကောင်းနေသည်။

ထို့ကြောင့်ပင် ဖန်ရှင်းက သူ့ကို အကူအညီ ပေးနိုင်မည့်သူကို သဘာဝကျစွာ ရှာဖွေခဲ့ခြင်း ဖြစ်သည်။

အင်မော်တယ်ဘုံငယ်၏ အင်အားက အမှန်တကယ် မဆိုးလှပေ။

၎င်းတွင် ထောင်သောင်းချီသည့် တပည့်တပန်းများ ရှိပြီး အင်မော်တယ် စစ်သည် ၃၀၀၀နှင့် ကပ်ဘေးအဆင့် ကျင့်ကြံသူ ၈ဦး ရှိသည်။

တစ်ခုတည်းသော အားနည်းချက်မှာ ထိုကပ်ဘေးအဆင့် သခင်ဇပါးက မင်္ဂလာဝတ်စုံ နည်းစနစ်ဖြင့် မှော်စွမ်းအားများလွှဲပြောင်း ပေးထားသောကြောင့် ၎င်းတို့၏ မှော်စွမ်းအားကို အပြည့်အဝ ထုတ်မသုံးနိုင်တော့ခြင်းပင်။

မည်သို့ပင်ဖြစ်စေ အရှေ့ပင်လယ်ကို တစ်ယောက်တည်း သွားတိုက်ရတာထက် စာလျှင်တော့ ပို၍ ကောင်းမွန်သည် မဟုတ်ပါလား။

ထိုသို့ အရှေ့ပင်လယ်ကို တိုက်ခိုက်ရန် အင်မော်တယ်ဘုံငယ်၏ စွမ်းအားကို အသုံးပြုခြင်းသည် ဟိုးအရင်ကတည်းက သူ စဉ်းစားခဲ့သော အခြေအနေများထဲမှ တစ်ခုဖြစ်သည်။

ရှောင်မန်က ကောင်းကင်ဘုံ မေ့ပျောက်ခြင်း ကျင့်စဉ်ကို အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့လျှင်ပင် ဖန်ရှင်းက ၎င်းတို့ကို ခွင့်လွှတ်မည် မဟုတ်ပေ။

ဆိုရလျှင် ၎င်းတို့က ထာဝရနတ်ဘုရား၏ အမိန့်ကြောင့်သာ သူ့ကို လေးစားစွာ ဆက်ဆံနေခြင်း ဖြစ်သည် မဟုတ်ပါလား။

"ငါမင်းတို့ရဲ့ အပြစ်ကို ခွင့်လွှတ်ပေးမယ်"

"ဒါပေမဲ့ အရှေ့ပင်လယ်ကို စစ်ချီဖို့တော့ ငါ့ကို ကူညီရမယ်"

အရှေ့ပင်လယ်ကို စစ်ချီဖို့က ဘယ်လောက်ထိ အန္တရာယ်များမှန်း သိသော်လည်း အင်မော်တယ်ဘုံငယ်က ဖန်ရှင်း၏ တောင်းဆိုမှုကို ငြင်းဆန်ရန် ခက်ခဲနေသည်။

လက်ရှိအချိန်တွင် သူတော်စင်ငယ် အားလုံး သေဆုံးသွားသောကြောင့် မိစ္ဆာလေးက လူသားမျိုးနွယ်၏ နတ်ဘုရားဘုရင် ဖြစ်မည်မှာ သေချာသလောက် ရှိနေသည်။

သူတော်စင်ငယ်များက မိစ္ဆာလေး လက်ချက်ဖြင့် မြေအောက်နန်းတော် ကမ္ဘာလေးတွင် သေဆုံးခဲ့ရ၍ ထာဝရ နတ်ဘုရားကမိစ္ဆာလေးကို အပြစ်ပေးတော့မည်ဟု အားလုံးက ထင်နေကြသော အချိန်တွင် ထာဝရနတ်ဘုရားက မိစ္ဆာလေးကို သခင်တစ်ပါးကဲ့သို့ ဆက်ဆံရန်ပါ အမိန့်ထုတ်ခဲ့သည်။

ထိုအချင်းအရာကို ထောက်ရှု၍ မိစ္ဆာလေးကို ထာဝရနတ်ဘုရားက လူသားမျိုးနွယ်၏ နတ်ဘုရားဘုရင် အဖြစ်ရွေးချယ်ထားမှန်း သိသာနေသည် မဟုတ်ပါလား။

ယခင်က ပါရမီရှင် ဓားသမားကို လူသားမျိုးနွယ်၏ နတ်ဘုရားဘုရင် ဖြစ်ရန် ၎င်းတို့က မျှော်လင့်ခဲ့ကြသည်။

မိစ္ဆာလေးကို ကြည့်ရင်း ၎င်းတို့က ပါရမီရှင်ဓားသမားကိုပင်အမှတ်ရမိနေသည်။

၎င်းတို့၏ အမြင်တွင် ပါရမီရှင်ဓားသမား ကဲ့သို့ပင် မိစ္ဆာလေး၏ ကျင့်ကြံမှုအခြေခံက အလွန်အံ့သြဖွယ် ကောင်းသည့်အပြင် စွမ်းရည်ကလည်း အမှန်တကယ် အံ့အားသင့်ဖို့ ကောင်းနေသည်။

....

....

"ငါတို့ သခင်လေးရဲ့ စကားကို လိုက်နာပါ့မယ်"

သခင်ဇပါးက လေသံတိုးတိုးဖြင့် ဆွေးနွေးပြီး မကြာမီမှာပင်တညီတညွတ်တည်း သဘောတူလိုက်ကြသည်။

"မိစ္ဆာလေးက စိတ်အရမ်းထက်တယ်.. အခု ငါတို့ကို အမုန်းဆုံးကသူပဲ.. သူ ငါတို့နဲ့ ရှိနေတုန်း သူ့ဒေါသတွေကို မြန်မြန်ဖြေဖျောက်ပေးရမယ်.. ဒီလိုမှ မဟုတ်ရင် သူနတ်ဘုရားဘုရင် ဖြစ်လာတဲ့အခါ အင်မော်တယ်ဘုံငယ်ကို ဖျက်ဆီးမှာ ငါစိုးရိမ်မိတယ်.. ငါတို့ရဲ့အင်မော်တယ်ဘုံငယ်ကို ရန်ငြိုးတွေ ထပ်မပွားအောင် သူ့ရဲ့အလိုကို လိုက်ရမယ်"

"ဒီစကားကို ငါလည်း ထောက်ခံတယ်.. ငါတို့ရဲ့ တပည့်တပန်းတွေ အကုန်လုံးကိုခေါ်ပြီး အရှေ့ပင်လယ်ကို စစ်ချီမယ်.. အဲ့ဒါဆို သူ့ရဲ့ဒေါသတွေ ပြေပျောက်ပြီး ငါတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံမယ်လို့ မျှော်လင့်ရတာပဲ"

....

....

အင်မော်တယ်ဘုံငယ်မှ သခင်ဇပါးက အလျင်အမြန် ညှိနှိုင်း၍ သဘောတူခဲ့သည်။

ဖန်ရှင်းပင်လျှင် ၎င်းတို့၏ တက်ကြွနေမှုကြောင့် အနည်းငယ် အံ့ဩသွားရသည်။

ထို့နောက်တွင် သခင်ဇပါးက တစ်ရက်အတွင်း မှော်လက်နက်များ.. ဆေးလုံးများနှင့် အခြား အရင်းအမြစ်များကို ကိုယ်တိုင်ကိုယ်ကျ ပြင်ဆင်ခဲ့ကြသည်။

အရှေ့ပင်လယ်ကို စစ်ချီမည့်သတင်းက ကမ္ဘာကြီးကိုပင် တုန်လှုပ်စေခဲ့သည်။

နဂါးမျိုးနွယ်စု၏ ဘိုးဘွားပိုင်မြေ.. ထျန်းယွမ်တိုက်၏ တန်ခိုးအကြီးဆုံး အမွေအနှစ်များထဲမှ တစ်ခုဖြစ်သည့်

အရှေ့ပင်လယ်က မည်သို့သော တည်ရှိမှုနည်း။

အတိုင်းအတာ တစ်ခုအထိ နဂါးမျိုးနွယ်စု.. တာအိုဘာသာ.. နတ်ဆိုးမျိုးနွယ်နှင့် ဗုဒ္ဓဘာသာကို ကြီးမြတ်သော အမွေအနှစ် လေးပါးဟုပင် ခေါ်ဝေါ်ကြသည်။

သို့သော် ယခုအချိန်တွင် မိစ္ဆာလေးဖန်ရှင်းက အင်မော်တယ်ဘုံငယ်၏ ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များကို အရှေ့ပင်လယ်ကို တိုက်ခိုက်ရန် ဦးဆောင်လာတော့မည် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒါက ထိတ်လန့်စရာကောင်းသည့် ဖြစ်ရပ်တစ်ခုပင်။

သန့်စင်သောပြည်နယ်မှ ကျင့်ကြံသူများကမူ ဖန်ရှင်း၏ အနေအထားကို နားမလည်နိုင် ဖြစ်နေသည်။

မြေအောက်နန်းတော် ကမ္ဘာငယ်လေးထဲမှ ကောလဟာလ အရမိစ္ဆာလေးက နတ်ဘုရား နန်းတော်ကို ခိုလှုံခဲ့သည့် ထျန်းယွမ်တိုက်မှ သူလျှိုတစ်ဦး ဖြစ်နေခဲ့သည်။

ထို့ပြင် သူတော်စင်ငယ်များကို ရင်ရှုန်း တံတားပေါ်သို့ မတက်နိုင်စေရန် ရှုပ်ရှုပ်ချွံချွံ စွမ်းဆောင်ပေးခဲ့သည်။

မိစ္ဆာလေးကြောင့်ပင် ထျန်းယွမ်တိုက်မှ လူငယ်များက ရင်ရှုန်းတံတားကို ဖြတ်ကာ အင်မော်တယ် နန်းတော်ကို ဝင်ရောက်ခွင့်ရရှိခဲ့ခြင်း ဆိုလည်းမမှားပေ။

သို့ဆိုလျှင် မိစ္ဆာလေးက အဘယ်ကြောင့် နတ်ဘုရား သတ္တဝါများနှင့် ပြတ်ပြတ်သားသား မဖြစ်ဘဲ သန့်စင်သော ပြည်နယ်ကို ပြန်မလာရပါသနည်း။

ဤအဖြစ်အပျက်များ ပြီးနောက်တွင် ထာဝရနတ်ဘုရားက မိစ္ဆာလေးကို အပြစ်မယူသည့် အပြင် ရာထူးပါ တိုးမြှင့် ပေးလိုက်သေးသည်။

ထိုထက်ပို၍ အရေးကြီးသည်မှာ အင်မော်တယ် ဘုံငယ်က ထျန်းယွမ်တိုက်၏ သစ္စာဖောက်အဖွဲ့ ဖြစ်မှန်း သိရက်ဖြင့် အဘယ်ကြောင့် ပူးပေါင်းနေရပါသနည်း။

မည်သို့ပင်ဖြစ်စေ.. အင်မော်တယ်ဘုံငယ်ကို ဦးဆောင်၍ အရှေ့ပင်လယ်ကို စစ်ချီခြင်းက နတ်ဘုရားနန်းတော် လက်အောက်ရှိ အဖွဲ့အစည်းနှစ်ခုကို အချင်းချင်း တိုက်ခိုက်ရန် လှုံ့ဆော်ခြင်း မဟုတ်ပေလော။

ထို့ကြောင့် ထျန်းယွမ်တိုက်မှ ကျင့်ကြံသူများက ဖန်ရှင်း၏ ရပ်တည်ချက် အမှန်ကို နားမလည်နိုင် ဖြစ်နေကြသည်။

အဆုံးသတ်တွင် ဖန်ရှင်းက အင်မော်တယ်ဘုံငယ်မှ စစ်တပ်များကို ဦးဆောင်ကာ အရှေ့ပင်လယ်ကို စစ်ချီလာပြီ ဖြစ်သည်။

သူက ရွှေရောင်မျက်လုံးနှင့် သားရဲကိုစီးကာ အနီရောင် မင်္ဂလာဝတ်စုံကို ဝတ်ဆင်၍ ရှေ့ကနေ ဦးဆောင်လာခဲ့သည်။

စစ်ချီလာသည်ဟု ဆိုသော်လည်း အရှေ့ပင်လယ်ကို မိန်းမတောင်းရန် သွားသည်နှင့် မခြားပေ။

အကယ်၍ မပေးခဲ့လျှင် အရှေ့ပင်လယ်နဲ့ စစ်ခင်းမည်ဖြစ်သည်။

ခေါင်းကိုးလုံး မကလို့ ခေါင်းဘယ်နှစ်လုံးရှိရှိ သူက သောက်ဂရုစိုက်နေမည် မဟုတ်ချေ။

သူဦးဆောင်လာသည့် အဖွဲ့က ထျန်းယွမ်တိုက်၏ နှစ်ပေါင်းတစ်ထောင် အတွင်း အင်အားအကောင်းဆုံး အဖွဲ့ဟုပင် ဆိုနိုင်သည်။

အင်မော်တယ်ဘုံငယ်နှင့် အရှေ့ပင်လယ်က မိုင်တစ်သိန်းကျော် ကွာဝေးသော်လည်း ဖန်ရှင်းက အလျင်အမြန် ခရီးနှင်လိုက်ရာ တစ်ရက်ခန့်သာ အချိန်ယူလိုက်ရသည်။

သမုဒ္ဒရာလေးစင်း၏ ဝိညာဉ်သွေးပြန်ကြောများ စုဝေးရာနေရာ ဖြစ်သည့် အရှေ့ပင်လယ်ထဲတွင် ဝိညာဉ်စွမ်းအင်များ ကြွယ်ဝစွာ ရှိနေသည်။

"ဒါက အရှေ့ပင်လယ်ရဲ့ ပိုင်နက်ပဲ.. ငမိုက်သားတွေ မင်းတို့တွေ

အခုချက်ချင်း ရပ်လိုက်စမ်း"

ချပ်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထားသည့် ပုဇွန်စစ်သည်နှင့် ဂဏာန်းဗိုလ်ချုပ်များက ကျယ်လောင်စွာ အော်ဟစ်၍ ဟန့်တားလိုက်ကြသည်။

"ဟားဟား.. ငါက ငမိုက်သား မဟုတ်ဘူး.. ငါက နဂါးဘုရင်ရဲ့သမက်တော်ပဲ"

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်သည်။

"ဘယ်က သမက်တော်လဲ.. မယ်တော်ကြီးက မှာထားတယ်.. နတ်ဘုရားသတ္တဝါတွေ လာရင်တောင် ဝင်ခွင့် မပေးရဘူးတဲ့.. ဒီဗိုလ်ချုပ်ကို အာရုံ လာမနှောက်စမ်းနဲ့.. မသေချင်ရင် မြန်မြန်ပြန်သွားစမ်း"

ဂဏာန်းဗိုလ်ချုပ်က မောက်မာစွာ ပြောလိုက်ရာ ဖန်ရှင်းကဒေါသအိုး ပေါက်ကွဲသွားပြီး" သတ်ပစ်လိုက်" ဟု အမိန့်ပေးလိုက်သည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

ဖန်ရှင်းထံမှ အမိန့်ကိုရသည်နှင့် သခင်ဇပါးက တိုက်ခိုက်လိုက်ရာ ပေါက်ကွဲသံများဖြင့် ဆူညံသွားပြီး ဂဏာန်းနှင့်ပုဇွန်စစ်သည် အားလုံးက နိဂုံးချုပ်သွားကြသည်။

"ဘယ်သူ ငါ့ကို ဟန့်တားရဲလဲ"

ဖန်ရှင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူ၏မှော်အစွမ်းကို အသုံးပြုကာ အရှေ့ပင်လယ်၏ ကာကွယ်ရေး စည်းများကို ချိုးဖြတ်လိုက်သည်။

"အားလုံးတက်ကြ"

ဖန်ရှင်းက စစ်သူကြီးတစ်ယောက်လို တပ်ဖွဲ့ကို စနစ်တကျ ဦးဆောင်ရင်း အရှေ့ပင်လယ်၏ ပိုင်နက်ထဲသို့ ဝင်ရောက်လာခဲ့သည်။

ထိုသို့ သွားရင်း သူ့စိတ်ထဲကို အတွေးတချို့ ဝင်ရောက်လာသည်။

"ငါ နဂါးဘုရင်လုံကျွင့်ကနေ ယောက်ဖနဂါးအထိ သိကျွမ်းခဲ့ပေမဲ့ ဒီဒဏ္ဍာရီလာ အရှေ့ပင်လယ်ထဲကိုတော့ တစ်ခါမှ မရောက်ဖူးသေးဘူး.. အခု လာရတာတော့ အရမ်းလွယ်ကူပြီး သက်သောင့်သက်သာ ရှိနေသလိုပဲ"

အပိုင်း(၁၂၃၉) ပြီး၏

အပိုင်း(၁၂၄၀) ခြေတစ်လှမ်းနောက်ကျခြင်း

ဖန်ရှင်း ဦးဆောင်သည့် အင်မော်တယ်ဘုံငယ်မှ စစ်တပ်ကြီးက သန္တာကျောက်တန်းများ ပြည့်နှက်နေသော အရှေ့ပင်လယ်၏ ပိုက်နက်ထဲကို ဝင်ရောက်လာခဲ့ကြသည်။

ပင်လယ်ကြမ်းပြင်၏ ရှုခင်းများနှင့် ပေါင်းစပ်၍ ခင်းကျင်းထားသော အစီအရင်များကို မြင်လိုက်ရလျှင် ဖန်ရှင်းနှင့်သခင်ဇပါးက

အရှေ့ပင်လယ်ကို ကျိတ်၍ ချီးကျူးမိလိုက်ကြသည်။

ပင်လယ်ရှုခင်းများနှင့် ပေါင်းစပ်ထားသော အစီအရင်များက အလွန်ပင် ကြောက်မက်ဖွယ် ကောင်းပြီး အထဲတွင် ပုဇွန်စစ်သားများနှင့် ဂဏန်းဗိုလ်ချုပ်များက အစီအရင်ထဲတွင် ပုန်းအောင်း၍ ရှိနေကြသည်။

ကံကောင်းစွာပင် အင်မော်တယ်ဘုံငယ်မှ သခင်ဇပါးက ကောင်းမွန်စွာ ကြိုတင် ပြင်ဆင်ထားခဲ့ပြီး အစီအရင်ကျွမ်းကျင်သူများကို ရှေ့ကနေ လမ်းရှင်း ခိုင်းထားသောကြောင့် လွယ်လွယ်ကူကူပင် ဝင်ရောက်နိုင်ခဲ့သည်။

"သခင်လေး.. ငါအဖိုးကြီးက တစ်ခုခု မှားနေတယ်လို့ ခံစားနေရတယ်.. အရှေ့ပင်လယ်ရဲ့ လှည့်ကွက်တွေကို သတိမပြတ်စေနဲ့"

သခင်ဇပါးက အရှေ့ပင်လယ်၏ ပိုင်နက်ထဲ ရောက်လာသဖြင့်အလွန် သတိထားနေခဲ့ပြီး ဖန်ရှင်းကိုပါ သတိပေးခဲ့သည်။

"ဘာကို ကြောက်နေတာလဲ.. အတားအဆီး မှန်သမျှကို ဖျက်ဆီးလိုက်ရုံပေါ့"

ဖန်ရှင်းက ကြောက်ရွံ့မှု လုံးဝမရှိသည့် မျက်နှာထားဖြင့် အလံကို ဝှေ့ရမ်းရင်း ပြောလိုက်သည်။

သို့ရာတွင် သူ၏စိတ်ထဲကမူ သခင်ဂပါး၏ သတိပေးချက်ကို လျစ်လျူ မရှုခဲ့သလို အရမ်းကြီးလည်း စိုးရိမ်မနေခဲ့ပေ။

အကယ်၍ ဘေးအန္တရာယ် တစ်စုံတစ်ရာနှင့် ကြုံတွေ့ခဲ့လျှင် အရိုးစု ဦးခေါင်းခွံထဲ ဝင်နေလိုက်ရုံသာ ဖြစ်သည်။

အရိုးစု ဦးခေါင်းခွံရှိနေသ၍ ထွက်ပြေးဖို့က ပြဿနာကြီးကြီးမားမား မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ.. သူ မသေဖို့က အရေးကြီးဆုံးပင် ဖြစ်သည်မဟုတ်ပါလား။

ဖန်ရှင်းတို့က စစ်ချီလာရင်း ပင်လယ်ထဲမှ မြင့်မြတ်သည့် အလင်းရောင်များနှင့် ဝိညာဥ် လှိုင်းတံပိုးများကို မြင်လိုက်ရသည်။

"သခင်လေး.. ဒီအဖိုးအိုက အရှေ့ပင်လယ်ကို တစ်ခေါက် ရောက်ဖူးတယ်.. ဒီနေရာက နဂါးနန်းတော်နဲ့ သိပ်မဝေးတော့ဘူး.. ငါတို့က စစ်ချီလာတယ် ဆိုပေမဲ့လည်း လောကဝတ် အရ အရင်ဆုံး သတင်းပို့သင့်တယ်လို့ ငါထင်တယ်"

အင်မော်တယ်ဘုံငယ်မှ သခင်၏ အကြံပြုချက်က သင့်လျော်သော အကြံအစည် ဖြစ်နေသောကြောင့် ဖန်ရှင်းက နဂါးနန်းတော် ရှိရာသို့ ရည်ရွယ်၍ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"သူတော်စင်ငယ် ဖန်ရှင်းက အရှေ့ပင်လယ် နဂါးနန်းတော်ကိုအလည်လာပါတယ်.. ကျေးဇူးပြုပြီး အကြောင်းပြန်ပေးပါ"

သူ၏အသံက ပင်လယ်ရေနှင့် ရောနှောသွားပြီး အရှေ့ပင်လယ် နဂါးနန်းတော် ရှိရာသို့ ပျံ့နှံ့သွားကာ ရေအမှတ်အသားများကိုပင် တုန်လှုပ်စေခဲ့သည်။

"သူတော်စင်ငယ်ဖန်... အရှေ့ပင်လယ်က ညှော်သည်အဝင်ကို ပိတ်လိုက်ပြီ.. မင်းမြန်မြန် ပြန်ထွက်သွားရင် ကောင်းမယ်.. နောက်မှ ငါ့ကို အဆိုးမဆိုနဲ့"

"အမ်.. "

ဖန်ရှင်းက နဂါးနန်းတော်မှ တုံ့ပြန်မှုကို နားထောင်ရင်း မျက်မှောင်ကြုတ်သွားသည်။

သူ၏ နှလုံးသားထဲတွင် ဆိုးရွားသော သတိပေးချက် တစ်ခုဝင်ရောက်လာသည်။

"တစ်ခုခုတော့ လွဲနေပြီ..."

ဖန်ရှင်း အနားရှိ အင်မော်တယ်ဘုံငယ်မှ သခင်တစ်ပါးကလည်း မျက်မှောင်ကြုတ်ကာ ရေရွတ်လိုက်သည်။

အမှန်စစ်စစ် ထာဝရနတ်ဘုရား၏ တမန်တော်တစ်ပါး ရောက်လာလျှင် နဂါးမယ်တော်နှင့် သွေးနှော နဂါးများက လာရောက်ကြိုဆိုသင့်သည် မဟုတ်ပါလော။

သို့ရာတွင် ၎င်းတို့က ထိုသို့ မပြုလုပ်ခဲ့သည့်အပြင် ပြန်လည်နှင်လွှတ်နေခဲ့သည်။

"သခင်လေး.. "

သခင်တစ်ပါးက အနည်းငယ် ချီတုံချတုံဖြစ်သော အမူအရာဖြင့် ဖန်ရှင်းကို ကြည့်လိုက်သည်။

"သွားကြမယ်"

ဖန်ရှင်းက ရွှေရောင်မျက်လုံးနှင့် သားရဲကိုစီးကာ ရှေ့ကနေ ပြေးတက်သွားခဲ့သည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

သူက မော်စွမ်းအားကို အကန့်အသတ်ထိ ထုတ်သုံးထားသဖြင့် သူသွားရာ လမ်းတစ်လျှောက်တွင် ပေါက်ကွဲမှုများ ဖြစ်ပေါ်လာပြီး ကြောက်မက်ဖွယ် ရေလှိုင်းများ ဖြစ်ပေါ်လာသည်။

"ဂျိန်း"

ယင်းအချိန်တွင် ရောမ ကြေးတံခါးကြီး တစ်ချပ်က ရုတ်တရက်ပေါ်လာပြီး သူ၏လမ်းကို ပိတ်ဆို့ထားလိုက်သည်။

ထိုကြေးတံခါးကြီးက နဂါးနန်းတော်၏ အကာအကွယ်ပင် ဖြစ်သည်။

"ဖွင့်စမ်း"

ဖန်ရှင်းက အေးစက်စက် ကြုံးဝါးလိုက်ပြီး လက်ဝါးဖြင့်

ရိုက်ထုတ်လိုက်ရာ ရောမ ကြေးတံခါးကြီးက အပြင်းအထန် တုန်ခါသွားပြီး တစ်စစီ ပေါက်ကွဲထွက်သွားသည်။

"ဒါက ကပ်ဘေးတတိယအဆင့် ခွန်အားမှ ဟုတ်ရဲ့လား"

အင်မော်တယ်ဘုံငယ်မှ သခင် ရှစ်ပါးက ဤထိုးနှက်ချက်ကို မြင်သောအခါတွင် တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသကဲ့သို့ တုန်လှုပ် ချောက်ခြားသွားကြသည်။

သူတို့၏မျက်လုံးများက သဘာဝအတိုင်း ထူးထူးခြားခြား တောက်ပလာပြီး သူတို့၏ နှလုံးသားထဲတွင် တစ်စုံတစ်ခုကို အတည်ပြုမိလိုက်သည်။

"ဒီမိစ္ဆာလေးရဲ့ အနာဂတ်က မှန်းဆလို့ မရလောက်အောင်ပဲ"

ရောမ ကြေးတံခါးကြီးကို ဖျက်ဆီးပြီးနောက် မြင်လိုက်ရသောမြင်ကွင်းက ဖန်ရှင်းကို ကြက်သေသေစေခဲ့သည်။

သူ့ရှေ့တွင် နဂါးနန်းတော် ရှိမနေဘဲ အစီအရင် အလံတချို့နှင့်ပုလဲရတနာများသာ ပြန့်ကျဲနေသည်။

ဤနေရာက ကမ္ဘာပေါ်တွင် အခမ်းနားဆုံးဟု လူသိများသော နဂါးနန်းတော်၏ တည်နေရာဟု ယူဆရသော်လည်း ယခုအခါတွင် စစ်တလင်း တစ်ခုလို ဖြစ်နေသည်။

ထိုထက် ပို၍ အရေးကြီးသည်မှာ နဂါးနန်းတော်၏ မူလနေရာ၌ ကြီးမားသော တွင်းနက်ကြီး တစ်ခုသာ ရှိနေခြင်းပင်။

ကြည့်ရသည်မှာ တစ်စုံတစ်ဦးက နဂါးနန်းတော် တစ်ခုလုံးကို အောက်ခြေကနေ တိုက်ရိုက် ဆွဲထုတ်သွားပုံရသည်။

ယခုအချိန်တွင် နဂါးနန်းတော်၏ အခြေခံအုတ်မြစ်က လုံးဝပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

ဤနေရာက နဂါးမျိုးနွယ်စု၏ အချက်အချာ နေရာ ဖြစ်ပြီး မျိုးဆက်ပေါင်း များစွာ ထွန်းကားခဲ့သော နေရာ ဖြစ်သည်။

"ဘာဖြစ်တာလဲ"

"နဂါးနန်းတော် ဘယ်မှာလဲ"

"ဒါက ဘယ်လိုဖြစ်ရတာလဲ.. နဂါးနန်းတော်ကို ဖြိုဖျက်ပစ်တဲ့ စွမ်းအားရှင်က ဘယ်သူလဲ"

ယင်းအချိန်တွင် အင်မော်တယ်ဘုံငယ်မှ သခင်ဇပါးက တပ်ဖွဲ့များကို စစ်တိုက်ရန် အမိန့်ပေး၍ အပြေးလေး ရောက်လာကြသော်လည်း မျှော်လင့်မထားသော မြင်ကွင်းကြောင့် မှင်တက်သွားကြသည်။

၎င်းတို့အားလုံးက တွင်းနက်ကြီးကို တုန်လှုပ်ချောက်ခြားစွာ ကြည့်နေကြသည်။

ယင်းက သဘာဝ ဘေးအန္တရာယ် တစ်ခုကြောင့်လော သို့မဟုတ် လူလုပ်သော ဘေးအန္တရာယ် တစ်ခုလော။

စစ်မှန်တဲ့ နဂါးတွေရဲ့ ဘိုးဘွားပိုင်မြေ ဖြစ်သည့် ဂုဏ်သိက္ခာရှိသော ပင်လယ် နဂါးနန်းတော်က မည်ကဲ့သို့သော အခြေအနေကိုရောက်သွားရသနည်း။

အားလုံး ထိတ်လန့် တုန်လှုပ်နေသော အချိန်တွင် ဖန်ရှင်းက ထိုမြင်ကွင်းကို ကြည့်ရင်း ငူငူငိုင်ငိုင် ဖြစ်နေသည်။

ပင်ပန်းနွမ်းနယ်သော ဝေဒနာက သူ့ရင်ထဲကို ဝင်ရောက်လာပြီးနောက် ဖန်ရှင်းက သက်ပြင်းချ၍ ခေါင်းခါရမ်းကာခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ငါနောက်ကျသွားပြီလား"

သူက စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

ကျိုးပဲ့ ကျန်ရစ်နေသော အစီအရင်အလံများကို ကြည့်၍ တည်နေရာ ရွှေ့ပြောင်းခြင်း အစီအရင်၏ အကြွင်းအကျန် ဖြစ်ကြောင်း

သူသိလိုက်ရသည်။

ထိုအချင်းအရာကို ကြည့်၍ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် တည်နေရာ ရွှေ့ပြောင်းသွားမှန်း သိသာနေသည်။

နဂါးနန်းတော်နှင့် အတူ နဂါးမျိုးဆက်၏ သားမြေးများအားလုံးနှင့် ပင်လယ်မိုလ်ချုပ် အားလုံးက လိုက်ပါသွားကြပုံရသည်။

ဖန်ရှင်းက ပင်လယ်ရေပြာပြာထဲကနေ ကောင်းကင်ပေါ်သို့ အားလျော့စွာ မော့ကြည့်လိုက်သည်။

သူက နဂါးနန်းတော်ကို အလျင်အမြန် လာခဲ့သော်လည်း ခြေတစ်လှမ်း နောက်ကျခဲ့ရသည်။

ယင်းအချိန်တွင် သူ့စိတ်ထဲ၌ ရှုပ်ထွေးသွားပြီး ထူးခြားသောခံစားချက်တချို့ ဖြစ်ပေါ်လာသည်။

သူက အရာအားလုံးကို တခဏအတွင်း ဆုံးရှုံးသွားသည်ဟုခံစားနေရသည်။

ရွှေကျီးကန်း.. ရှန်းလျူ.. ရှောင်ရှယ်.. ဟန်ယန်.. လီယန်.. လီဟုန်ကျီနှင့် ဝမ်ချင်းတို့ကလည်း အင်မော်တယ် နန်းတော်သို့ ဝင်ရောက်သွားကြသည်။

ဦးလေးရှီရီ နှင့် နတ်ဆိုး သားရဲဘုရင်တို့ကလည်း ကွယ်လွန်သွားကြသည်။

ရှောင်မန်.. အမတော်လင်းယွင်.. ရွှယ်ကူရင်နှင့် အခြားသူများအားလုံးကလည်း ပျက်စီးခြင်းဇပါး တိမ်တိုက်စင်မြင့်ထဲသို့ ဝင်ရောက်သွားကြသည်။

ယခုအချိန်၌ သူ့အနားတွင် မည်သူမှ မရှိတော့သလို ဘယ်ကိုသွားရမှန်းလည်း သူမသိတော့ပေ။

ကမ္ဘာကြီးက ကြီးမားကျယ်ပြောပြီး အကန့်အသတ် မရှိသော်လည်း

ဖန်ရှင်း၏ ရင်ထဲ၌မူ လုံး၀ ဗလာကျင်းကာဟာတာတာ ဖြစ်နေသည်။

နှလုံးသားတစ်ခုလုံးက အခေါင်းပေါက်လို နေရာလွတ် ဖြစ်နေပြီး သူ့အတွက် အဆင်မပြေ ဖြစ်နေခဲ့သည်။

အပိုင်း(၁၂၄၀) ပြီး၏

အပိုင်း(၁၂၄၁) တာအိုနှလုံးသားထိခိုက်ခြင်း

"သခင်လေး.. ငါတို့ ဒီက စစ်သည်တွေကို ခေါ်စစ်ပြီးပြီ.. အရှေ့ပက်လယ်ကို လွန်ခဲ့တဲ့ ၃ရက်ကတည်းက ပိတ်ထားတယ်တဲ့.. နဂါးနန်းတော်က ဝိညာဥ်ဖူးငုံ အထက်အဆင့် ရေနေသတ္တဝါ အားလုံးကို နန်းတော်ဆီ ဆင့်ခေါ်ခဲ့တယ်.. အောက်ခြေစစ်သည်တွေ ဖြစ်တဲ့ ပုဇွန်နဲ့ ဂဏန်းတွေလောက်ပဲ အစောင့်အကြပ်အဖြစ် ချန်ရစ်ခဲ့တယ်.. လွန်ခဲ့တဲ့ ၃ရက်ထဲက အောက်ခြေစစ်သည်တွေ အားလုံးကို နဂါးနန်းတော်ရှိတဲ့ ဧရိယာထဲကို ဝင်ခွင့် မပေးတော့ဘူး.. သူတို့ စကားအရတော့ လွန်ခဲ့တဲ့၂ရက်က မြေပြိုကျသံတွေ နဂါးနန်းတော် ဘက်ကနေ ကြားရတယ်တဲ့.. ဒီအဖိုးကြီးရဲ့

အမြင်အရတော့ နဂါးနန်းတော်က တည်နေရာ ရွှေ့ပြောင်းသွားတာ ပုံမှန်တော့ မဟုတ်ဘူး.. ကြိုတင် ပြင်ဆင်ထားတဲ့ အစီအစဥ်တစ်ခု ရှိပုံရတယ်"

မီးခိုးရောင်ဝတ် အဖိုးအိုက ပုဇွန်စစ်သားများနှင့် ကဏန်းဗိုလ်ချုပ်များကို စစ်ဆေး မေးမြန်းပြီးနောက် ဖန်ရှင်းထံသို့သတင်းပို့လိုက်သည်။

ဖန်ရှင်းက ဤအရာများကို မှန်းဆထားပြီးသား ဖြစ်သော်လည်း စိတ်ပျက်လက်ပျက် အမူအရာဖြင့် မည်သို့မျှ ပြန်လည် မတုံ့ပြန်ခဲ့ပေ။

သခင်ဇပါးက အနှောင့်အယှက် မပေးရဲဘဲ ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေကြသည်။

ဖန်ရှင်းက ရုတ်တရက် မတ်တပ် ထရပ်လိုက်ပြီး တည်နေရာရွှေ့ပြောင်းရင်း ကျန်ခဲ့သည့် အကြွင်းအကျန် ပစ္စည်းများကို သူ၏ နတ်ဘုရား စိတ်အာရုံဖြင့် သဲလွန်စ ရှာဖွေရန် ကြိုးစားသော်လည်း မည်သည့် သဲလွန်စမှ ရှာမတွေ့ခဲ့ပေ။

နဂါးနန်းတော်က အခြားကမ္ဘာတစ်ခုသို့ ရွှေ့ပြောင်းသွားပုံရသည်။

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်း"

ခေါင်းကိုးလုံး မျိုးနွယ်စုက အရှေ့ပင်လယ်မှ အစွမ်းထက်ရေနေသတ္တဝါ အားလုံးကို လွှမ်းမိုး ချုပ်ကိုင်ပြီး နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းကို ခေါ်ဆောင် သွားလိမ့်မည်ဟု ဖန်ရှင်းက မမျှော်လင့်ထားခဲ့ပေ။

ဤနဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းက အလွန်ပင် အန္တရာယ်များသည်ဟု ထာဝရနတ်ဘုရား ကပင် ပြောခဲ့ဖူးပြီး အောင်မြင်နိုင်ခြေက ဆယ် ရာခိုင်နှုန်းထက်ပင် နည်းပါးနေသည်။

သို့ဆိုလျှင် ခေါင်းကိုးလုံး မျိုးနွယ်က ပင်လယ်အင်အားစု တစ်ခုလုံးကို သူနှင့်အတူ ကြယ်နယ်မြေတွင် မြုပ်နှံရန် အလိုရှိနေပါသလော။

ဖန်ရှင်း၏အဓိကပြဿနာမှာ ကြယ်မြေပုံ မရှိခြင်းပင်။

ထို့ကြောင့် သူက နဂါးမင်းသမီးကို ကယ်တင်ချင်သောစိတ် ပြင်းပြနေလျှင်ပင် ကယ်တင်နိုင်မည် မဟုတ်ပေ။

"သူမ အဆင်ပြေပါ့မလား"

ဖန်ရှင်းက အထီးကျန်သော အမူအရာဖြင့် ရေရွတ်လိုက်ပြီး ကျောက်စိမ်းတိုင်လုံး တစ်လုံးပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်နေလိုက်သည်။

သူ၏ သူငယ်ချင်းများက ထွက်ခွာသွားကြသလို ဆရာသမားများကလည်း ဆုံးပါးသွားကြသည်။

သူချစ်ခင်မြတ်နိုးရသော မိန်းကလေးများကလည်း ပျက်စီးခြင်းစပါး တိမ်တိုက်စင်မြင့်ထက်တွင် ကျင့်ကြံနေကြပြီး သူမတို့၏ ကံကြမ္မာကလည်း မရေမရာ ဖြစ်နေသည်။

မူလက သူ့ဇနီးကို ကယ်တင်ရန် အရှေ့ပင်လယ်ကို လာခဲ့သော်လည်း

လက်ရှိတွင် မည်သည့် နေရာကိုသွား၍ မည်သို့ကယ်တင်ရမည်ကိုပင် မသိတော့ပေ။

သူသည် အမြဲတမ်း အကောင်းမြင်တတ်ပြီး စိတ်အားထက်သန်သူ ဖြစ်သော်လည်း ယခုအချိန်တွင် ဖော်မပြနိုင်သော အထီးကျန်မှုကို မလွဲမသွေ ခံစားခဲ့ရသည်။

သူ၏ တက်ကြွမှုတွေ အားလုံးက ရုတ်တရက် ပျောက်ဆုံးသွားပုံရပြီး ဘယ်ကိုမှ မသွားချင်တော့ချေ။

"သခင်လေး.. ငါတို့ နတ်ဘုရား နန်းတော်ကို သတင်းပို့ပြီး မေးပြီးပြီ.. သူတို့က နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို မသိဘူးလို့ အကြောင်း ပြန်လာခဲ့တယ်.. "

"သခင်လေး.. ငါတို့ပင်လယ်ပြင်ဧရိယာ မိုင်ပေါင်း တစ်သိန်းပတ်လည်ကို ရှာဖွေခဲ့ပေမယ့် ဘာအဖိုးတန် သဲလွန်စ တစ်ခုမှကို မတွေ့ရဘူး.."

"သခင်လေး.. နတ်ဘုရားနန်းတော်က သန့်စင်သော ပြည်နယ်ကို

စစ်ချီဖို့ ငါတို့ရဲ့ တပ်တွေကို လွှတ်ပေးဖို့ အမိန့်ပေးနေတယ်.."

"သခင်လေး.. ထာဝရနတ်ဘုရားက ရှန်းရှောင်နန်းတော်ကို လာဖို့ သခင်လေးကို အမိန့်ပေးလိုက်တယ်"

ဖန်ရှင်းက မည်သို့မျှ ပြန်မဖြေဘဲ ကျောက်စိမ်းတိုင်လုံး ပေါ်တွင် သုံးရက်ကြာ မလှုပ်မယှက် ထိုင်နေခဲ့သည်။

သူက ထာဝရနတ်ဘုရား၏ အမိန့်အပါအဝင် အရာအားလုံးကို လျစ်လျူရှုထားခဲ့သည်။

"သခင်လေး ငါတို့ဒီမှာ မစောင့်နိုင်တော့ဘူး.. ငါတို့ တပ်ဆုတ်တော့မယ်"

သုံးရက်မြောက်နေ့တွင် ဖန်ရှင်းဆီမှ တပ်ဆုတ်ရန် ခွင့်တောင်းခဲ့သော်လည်း ဖန်ရှင်းက ပြန်မဖြေသဖြင့် အစီအစဉ် အတိုင်းတပ်ဆုတ်ရန် ဆုံးဖြတ်လိုက်သည်။

အင်မော်တယ်ဘုံငယ်၏ စစ်တပ်က အရှေ့ပင်လယ်ကနေ ပြန်လည်ဆုတ်ခွာသွားကြသည်။

သို့ရာတွင် အင်မော်တယ်ဘုံငယ်၏ သခင်၈ပါးထဲမှ ၄ပါးကမူ ဖန်ရှင်းကို စောင့်ရှောက်ရန် ခဏ နေရစ်ခဲ့ကြသည်။

"ဒီကလေးက တစ်ခုခုမှားနေပြီ.. သူ့ကို ကြည့်ရတာ တာအိုနှလုံးသား ထိခိုက်သွားတဲ့ လက္ခဏာပဲ"

"အဲ့ဒါသာ တကယ်ဆိုရင်တော့ ဒီကလေးရဲ့ အလားအလာက အတော်နှမြောဖို့ ကောင်းတယ်..

သခင်၄ပါးက ဖန်ရှင်းနှင့် ပတ်သက်၍ ဆွေးနွေးနေကြသည်။

"သူ့မှာ အရည်အချင်းတွေ ရှိရက်နဲ့ တာအိုနှလုံးသားက ဘယ်လိုလုပ် ထိခိုက်သွားရတာလဲ မသိဘူး"

"သူက နဂါးမင်းသမီးကို ကယ်ဖို့လာပေမယ့် အစအနတောင်

မတွေ့ရတော့ တာအိုနှလုံးသား ထိခိုက်သွားပုံပဲ"

"ဒီကလေးရဲ့ ကျင့်ကြံမှု တိုးတက်နှုန်းက အရမ်းကြောက်ဖို့ကောင်းပေမဲ့ စိတ်ထဲမှာတော့ ချို့ယွင်းချက်တချို့ ရှိနေသေးတယ်"

"ဘယ်လိုဖြစ်ရတာလဲ"

သခင်၄ပါးက ဖန်ရှင်းနှင့် ပတ်သက်ပြီး လေးလေးနက်နက် ဆွေးနွေးရင်း မျက်မှောင်ပင် ကြုတ်လာကြသည်။

အဆုံးသတ်တွင် ၎င်းတို့က ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေသည့် ဖန်ရှင်းကို တစ်ယောက်ထဲ ထားခဲ့ကာ အင်မော်တယ်ဘုံငယ်သို့ ပြန်သွားကြတော့သည်။

....

....

"ဒီကလေးက လွတ်လွတ်လပ်လပ် နေထိုင်တတ်ပေမဲ့ တကယ်တော့ သနားဖို့ကောင်းတယ်.."

ကောင်းကင်ကိုးပါး အထက်ရှိ တိမ်တိုက်ထဲတွင် အရှေ့ပင်လယ်ကို ကြည့်နေသော လူသုံးဦး ရှိနေသည်။

၎င်းတို့အနက်မှ တစ်ဦးက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အင်မော်တယ်ကဲ့သို့ ခန့်ညားစွာ ချောမောနေသည်။

ထူးခြားသည်မှာ ထိုလူ၏ဆံပင်များက အဖြူရောင် ဖြစ်နေခြင်းပင်။

ထိုလူက ရိုးရှင်းသော စာလိပ်တစ်လိပ်ကို လက်ထဲတွင် ကိုင်ထားပြီး သက်ပြင်းချကာ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီကလေးက ကောက်ကျစ်ပြီး မကောင်းမှုတွေမျိုးစုံ ပြုလုပ်ထားပေမဲ့ သူငယ်ချင်းတွေ အပေါ်မှာတော့ အတော် သံယောဇဥ်ကြီးတယ်.. အခု သူ့သူငယ်ချင်းတွေနဲ့ သူချစ်ခင်

နှစ်သက်တဲ့သူတွေ အားလုံးရဲ့ ကံကြမ္မာက မရေမရာ ဖြစ်နေတော့ အဲ့ဒီဒဏ်တွေကို သူ ခံနိုင်ရည်မရှိတော့ပုံပဲ.."

ယင်းအချိန်တွင် သူ့နံဘေးရှိ အနီရောင်ဝတ်စုံဝတ် အဖိုးအိုကဝင်ပြောလိုက်သည်။

"သူတစ်ခုခု ဖြစ်သွားမှာကို ငါစိုးရိမ်မိတယ်.. ငါတို့ နှစ်ယောက် သူ့ဆီ သွားဖျောင်းဖြလိုက်ရင်တော့ သူစိတ်သက်သာရာ ရသွားမယ် ထင်တယ်"

"မင်းတို့ သူ့ကိစ္စတွေကို ဂရုစိုက်စရာ မလိုဘူး.. ငါ့မှာ သူနဲ့ပတ်သက်ပြီး အစီအစဉ်ရှိတယ်.. မင်းတို့ လုပ်ရမှာက မင်းတို့ သူ့ဆီ မျက်နှာသွားမပြဖို့ပဲ"

ထိုလူနှစ်ယောက်၏ ဘေးမှ နဖူးတွင် ကြာပန်း အမှတ်အသားရှိသည့် မိန်းမပျိုလေးက ပြောလိုက်သည်။

သူမက သူမဘေးမှ လူနှစ်ယောက်ထက် အတော်လေး အသက်ငယ်ရွယ်ပုံ ရသော်လည်း အော်ရာကမူ ၎င်းတို့ထက်

နိမ့်ပါးမှုမရှိချေ။

သူမက ဖန်ရှင်းကို တစ်ချက် ကြည့်လိုက်ပြီးနောက် သက်ပြင်းချလိုက်ပြီး ဆံပင်ဖြူနှင့် အမျိုးသား လက်ထဲမှစာလိပ်ကို ညွှန်ပြလိုက်ကာ

"ဒါက နတ်ဘုရား ထိန်းချုပ်စာရင်းပဲ.. ဒီနေ့တော့ ငါမင်းလက်ထဲကို အပ်လိုက်မယ်.. ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့သူတွေကို အင်မော်တယ် ဖြစ်ဖို့ အခွင့်အရေး ပေးထားတယ်"

ဆံဖြူအမျိုးသားက သူမ စကားကို နားထောင်ပြီးနောက် သူ့လက်ထဲမှ စာလိပ်ကို ဖြည်းညှင်းစွာ ဖွင့်လိုက်သည်။

ထိုစာအုပ်ပေါ်တွင် နာမည်များစွာ ရှိနေပြီး အရိုးဖြူဧကရာဇ်.. နဂါးဘုရင် နှင့် အခြား အမည်များစွာလည်း ပါဝင်နေသည်ကိုသတိပြုမိလိုက်သည်။

ခဏမျှအကြာတွင် သူက သက်ပြင်းချလိုက်ပြီး လေသံတိုးတိုးဖြင့်

ပြောလိုက်သည်။

"ငါနဲ့အတူ တိုက်ပွဲဝင်ပြီး အသက်ပေးသွားတဲ့ လျှို့ဝှက်ကျင့်ကြံသူတွေက သနားစရာပဲ.. နှစ်ထောင်ချီ စောင့်ဆိုင်းခဲ့ပေမဲ့ အင်မော်တယ် ဖြစ်ချင်တဲ့ သူတို့ရဲ့ ဆန္ဒတွေ မပြည့်မြောက်ခဲ့ဘူး"

ထိုသို့ တီးတိုး ရေရွတ်ပြီးနောက် သူက ပဟေဠိဆန်သော မျက်ဝန်းများဖြင့် အမျိုးသမီးကို ကြည့်လိုက်ပြီး

"မင်းဘာဖြစ်လို့ ဒီစာရင်းကို ငါ့လက်ထဲအပ်တာလဲ"

ဟု မေးခွန်းထုတ်လိုက်သည်။

သူ၏စကားကို ကြားလျှင် နဖူးတွင် ကြာပန်း အမှတ်အသား ရှိသည့် မိန်းကလေးက အဝေးကို လှမ်းကြည့်ရင်း

"မင်းရဲ့နှလုံးသားက ဖြူစင်လို့ပဲ.. မင်းမှာ ဂိုဏ်းဂဏအစွဲ မရှိဘူး..

ထျန်းယွမ်တိုက် အတွက် အကျိုးဆောင်ဖို့ပဲ စိတ်ထဲ အပြည့်ရှိတယ်.. ဒါကြောင့် ဒီစာလိပ်ကို အပ်နှံဖို့ အသင့်တော်ဆုံးလူ အဖြစ် ဆုံးဖြတ်ခဲ့တာပဲ"

ဟု လေသံတိုးတိုးဖြင့် ပြန်အဖြေပေးလိုက်သည်။

ဆံပင်ဖြူနှင့်လူက အချိန်အတော်ကြာ ငြိမ်သက်စွာ နားထောင်ပြီးနောက် ခန္ဓာကိုယ်ကို ကိုင်းညွတ်ကာ တလေးတစား ဦးညွတ်၍ ပြောလိုက်သည်။

"ငါဒီစာရင်းကို လက်ခံလိုက်ပါပြီ"

ထို့နောက် အမျိုးသမီးက အနီရောင်ဝတ်စုံဝတ် အဖိုးအိုကို ကြည့်လိုက်ပြီး

"ထျန်းယွမ်တိုက်ရဲ့ အဆုံးသတ်စစ်ပွဲက နီးစပ်လာပြီ.. မင်းကဖုန်းထျန်း မဟာမိတ်အဖွဲ့ကို သေချာဖွဲ့စည်းပြီး နတ်ဘုရားသတ္တဝါတွေနဲ့ စစ်ခင်းဖို့ အသင့်ပြင်ထားရမယ်"

ဟု အမိန့်ပေးလိုက်သည်။

"သခင်မလေး ပြောတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်.. ဒါက ငါလုပ်သင့်တဲ့အရာပဲလေ"

အနီရောင်ဝတ် အဖိုးအိုက ပြုံး၍ ပြန်ဖြေလိုက်သည်။

"ကောင်းပြီလေ.. ဒါဆို ငါဝင်မစွက်ဖက်တော့ဘူး.. ထျန်းယွမ်တိုက်ရဲ့ ကံကြမ္မာက မင်းတို့နှစ်ယောက်ရဲ့ လက်ထဲမှာဆိုတာ မမေ့လိုက်နဲ့"

အဖြူရောင်ဝတ် မိန်းကလေးက လေးနက်စွာ ပြောလိုက်သည်။

ဆံဖြူအမျိုးသား နှင့် အနီရောင်ဝတ်စုံဝတ် အဖိုးအိုက တစ်ချိန်တည်းတွင် သဘောတူညီခဲ့ကြသော်လည်း ချီတုံချတုံ အမူအရာဖြင့် အရှေ့ပင်လယ်ဘက်ကို လှည့်မကြည့်ဘဲ မနေနိုင်ခဲ့ကြပေ။

"ဒီကလေးအတွက်ရော ဘယ်လိုစီစဉ်ထားလဲ"

အဖြူရောင်ဝတ် မိန်းကလေးက ပေါ့ပါးစွာ ပြုံးလိုက်ပြီး

"သူ့အတွက် ငါ့မှာ သီးသန့် အစီအစဉ်တွေ ရှိပြီးသားပါ"

၎င်းတို့သုံးယောက် စကားပြောနေသော အချိန်တွင် ဖန်ရှင်းကအရှေ့ပင်လယ်၌ အထီးကျန်ဝေဒနာကို အပြင်းအထန် ခံစားနေရသည်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့ဘဲ နှလုံးသားတစ်ခုလုံး ခြောက်သွေ့သလိုခံစားလာရသည်။

သူက ကျောက်စိမ်းတိုင်လုံး ပေါ်တွင် ကျောက်တုံးကြီး ကဲ့သို့ငြိမ်သက်စွာ ထိုင်နေခဲ့သည်။

ထိုသို့ သူ့စိတ်က သုံးလေးရက်ခန့် ဦးတည်ချက်မရှိ လွင့်မျောနေသော အချိန်တွင် အနောက်ကနေ ဒေါသတကြီး ကြိမ်းဝါးလိုက်သော အသံကို ရုတ်တရက် ကြားလိုက်ရသည်။

ဖန်ရှင်းက ရုတ်တရက် ထိတ်လန့်သွားပြီး ခေါင်းကို လှည့်ကြည့်လိုက်ရာ လူငယ်တစ်ယောက်က သံသယ မျက်ဝန်းဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"မင်းဘယ်သူလဲ"

အပိုင်း(၁၂၄၁) ပြီး၏

အပိုင်း(၁၂၄၂) ယောက်ဖနဂါးအောင်းလီ

နဂါးနန်းတော် အပျက်အစီးများ ကြားမှ ရုတ်တရက် ပေါ်ထွက်လာသောသူက ဖန်ရှင်းကို လုံးဝ အံ့အားသင့်စေခဲ့သည်။

ထိုလူကို ပထမဆုံး မြင်ဖူးခြင်း ဖြစ်သော်လည်း မြင်လိုက်တာနှင့်

စိတ်ထဲတွင် သိကျွမ်းသလို ခံစားမိနေသည်။

ထိုလူက ပိန်လှီပြီး အသားအရေက ရောဂါမှ နလန်ပြန်ထလာသော လူပမာလို ဖြူဖျော့နေသည်။

သူ့မျက်လုံးများကမူ အတွင်း၌ ကြယ်ရောင်စုံသော ကောင်းကင်ကြီး ရှိနေသကဲ့သို့ တောက်ပနေသည်။

ထိုလူငယ်က သံသယ မျက်ဝန်းများဖြင့် ဖန်ရှင်းကို သတိထား၍ ကြည့်နေသည်။

ဖန်ရှင်းက ထိုလူငယ်ကို တစ်ခါမှ မမြင်ဖူးသော်လည်း လူငယ်၏ ခန္ဓာကိုယ်ပေါ်မှ အော်ရာများက သူ့နှလုံးသားထဲရှိ မရေမတွက်နိုင်သော ပုံရိပ်များနှင့် မြင်ကွင်းများကို မနေ့တစ်နေ့ကလို ပြန်လည် အမှတ်ရစေသည်။

အရှေ့ပင်လယ် နဂါးနန်းတော်၏ တတိယမင်းသား အောင်းလီ..

မိုးကြိုးရေကန်ထဲတွင် အိပ်စက်ရင်း ကျင့်ကြံနေခဲ့သည့် ယောက်ဖနဂါး(ဝါ) အရှူးနဂါး..

ဖန်ရှင်းက အလွန် အထီးကျန်နေသော အချိန်တွင် သူ့ဘဝ၏ အရင်းနှီးဆုံး လူများထဲမှ တစ်ဦးကို ရုတ်တရက် တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

မိုးကြိုးရေကန်ထဲတွင် အိပ်စက်နေသည့် အောင်းလီက ဆယ်စုနှစ် အကြာမှာပင် နိုးထလာပြီး နဂါးနန်းတော်ကို ပြန်လာခဲ့သည်။

ယခုအချိန်တွင် အောင်းလီက လူသား အသွင်ယူထားသော်လည်း ဖန်ရှင်းကမူ တစ်ချက် ကြည့်ရုံမျှဖြင့်ပင် မှတ်မိနေသည်။

အစောပိုင်းက စိတ်ဓာတ် ကျဆင်းနေသည့် ဖန်ရှင်း၏ အသွင်အပြင်က ချက်ချင်းပင် လန်းဆန်း တက်ကြွသွားသည်။

"မင်းက ဘယ်သူလဲ.. ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ"

အောင်းလီ၏ သူစိမ်းဆန်သော စကားကိုကြားလျှင် ဖန်ရှင်းကအနည်းငယ် စိတ်ရှုပ်သွားသည်။

သူ့ဆီမှာလည်း အောင်းလီနည်းတူ မေးစရာ မေးခွန်းများစွာရှိနေသည်။

"မင်းက မိုးကြိုးရေကန်ကနေ ဘာကြောင့် စောစီးစွာ နိုးထလာတာလဲ"

"မင်းရဲ့ခေါင်းပေါ်မှာ စီးနင်းခဲ့တဲ့ မင်းရဲ့ယောက်ဖကို မှတ်မိသေးရဲ့လား"

"......"

"......"

ဖန်ရှင်း၏ နှလုံးသားထဲတွင် မေးခွန်းများစွာ ထွက်ပေါ်လာသော်လည်း

နှုတ်ခမ်းဖျားဆီသို့ အရောက်တွင် ပြင်ပသို့ ထွက်မလာခဲ့ချေ။

"မင်းဘယ်သူလဲ"

အောင်းလီက ဖန်ရှင်းကို ခပ်ထန်ထန် မေးလိုက်သော်လည်း ဖန်ရှင်းက အသိအကျွမ်းဟောင်းကဲ့သို့ ပြန်ကြည့်နေ၍ အောင်းလီက ဇဝေဇဝါ ဖြစ်သွားသည်။

ခဏအကြာတွင် သူက အပျက်အစီးများကို လက်ညှိုးညွှန်ပြလိုက်ပြီး

"ဒါက ဘာဖြစ်တာလည်း မင်းသိလား.. ငါနိုးထလာပြီး နောက်မှာ အိမ်ကို တန်းပြန်ခဲ့ပေမဲ့ နဂါးနန်းတော်က ရှိမနေတော့ဘူး.. ငါ့ရဲ့ နဂါးနန်းတော်ကို ဘယ်သူ ဖျက်ဆီးသွားလည်း ဆိုတာ မင်းသိလား"

အောင်းလီက ဖန်ရှင်းကို မေးခွန်းထုတ်ရင်း အေးစက်စက် စိုက်ကြည့်လိုက်သည်။

"ဒါနဲ့ မင်းက ဘယ်သူလဲ.. ဘာလို့ ဒီမှာ အသေကောင်လို ထိုင်နေတာလဲ"

"မင်းရဲ့ယောက်ဖကို ဘယ်လိုလေသံနဲ့ ပြောနေတာလဲ"

ဖန်ရှင်းက ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး ဒေါသတကြီး အော်ငေါက်လိုက်သည်။

"ငါမေးတာကိုသာ ဖြေစမ်းပါ"

ထိုစကားကို ပြောရင်း အောင်းလီက သူ၏အော်ရာဖြင့် ဖန်ရှင်းကိုဖိနှိပ်လိုက်သည်။

အောင်းလီ၏ ကြီးမားလှသော အော်ရာကို ခံစားမိလျှင် ဖန်ရှင်း၏ နှလုံးသားက အနည်းငယ် တုန်လှုပ်သွားသည်။

မိုးကြိုးရေကန်တွင် အိပ်စက်ခဲ့သည့် အကျိုးကျေးဇူးကို အောင်းလီက

ခံစားနေရကြောင်း ထင်ရှားနေသည်။

ဤဆယ်စုနှစ်အတွင်း အောင်းလီ၏ တိုးတက်မှုက နောက်ကျမကျန်ခဲ့ပေ။

လက်ရှိတွင် အောင်းလီ၏ ခွန်အားက ကပ်ဘေး အဌမအဆင့်လောက်ရှိနေသဖြင့် အစစ်အမှန် အင်မော်တယ် ဖြစ်ရန် ခြေတစ်လှမ်းသာလိုတော့သည့် အဆင့်ဟု ဆိုနိုင်သည်။

အဓိက ပြဿနာတစ်ခုမှာ အောင်းလီက သူ့ကို မမှတ်မိတော့ခြင်းဖြစ်သည်။

ထိုအတွက် အနည်းငယ် စိတ်ပျက်မိသော်လည်း သူ့စိတ်ထဲကမူ ကြိုတင် ပြင်ဆင်ပြီးသားဖြစ်သည်။

ထိုစဥ်က စိတ်ဝိညာဥ် ဆိုးရွားစွာ ထိခိုက်ခဲ့သည့် အောင်းလီကိုမိုးကြိုးရေကန်တွင် အိပ်စက်၍ ကုသစေခဲ့သည်။

နတ်ဆိုးသားရဲဘုရင်ကမူ မိုးကြိုးရေကန်တွင် ကုသလျှင်ပင် အောင်းလီက မှတ်ဉာဏ်တချို့ကို ဆုံးရှုံးရလိမ့်မည်ဟု ကြိုတင် ဟောကိန်းထုတ်ခဲ့၏။

"ငါ့နာမည် ဖန်ရှင်း.. မင်းငါ့ကို မှတ်မိလား"

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံး၍ မေးလိုက်သည်။

"ဖန်ရှင်းလား"

အောင်းလီက အံ့အားသင့်သွားပြီး တစ်စုံတစ်ခုကို တွေးတောနေသကဲ့သို့ အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့သည်။

ထိုအချင်းအရာကို မြင်လျှင် ဖန်ရှင်းက ဝမ်းသာသွားပြီး

"ငါက ဖန်ရှင်းလေ.. မင်းငါ့ကိုသိပါတယ်.. အသေအချာ စဥ်းစားစမ်းပါဦး"

ဟု အလောတကြီး ပြောလိုက်သည်။

"ဖန်ရှင်း.. ထာဝရနတ်ဘုရား လက်အောက်က သူတော်စင်ငယ် ဖန်ရှင်းလား"

ထိုသို့ ရေရွတ်လိုက်ရင်း အောင်းလီ၏ မျက်ဝန်းများက ရုတ်တရက် အေးစက်သွားသည်။

"ငါ မိုးကြိုးရေကန်ကနေ အိမ်ပြန်လာတဲ့လမ်းမှာ အရှေ့ပင်လယ်ကို သူတော်စင်ငယ် ဖန်ရှင်းက စစ်ချီလာတယ် ဆိုတဲ့ သတင်းကို ကြားခဲ့ရတယ်.. ငါဒီကို ရောက်တော့ အပျက်အစီးတွေပဲ တွေ့ရတယ်.. မင်းက တပ်ဖွဲ့တွေကို ဦးဆောင်ပြီး ငါ့ရဲ့ နဂါးနန်းတော်ကို ဖျက်ဆီးခဲ့တာ မဟုတ်လား.. တပ်ဖွဲ့တွေကို ခေါ်ခဲ့တာက အရှေ့ပင်လယ်ကို ဖျက်ဆီးချင်လို့ မဟုတ်လား"

"ငါမင်းရဲ့အသက်ကို လိုချင်တယ်"

အောင်းလီက ကြုံးဝါးလိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်း တိုးကာ ဖန်ရှင်းကို လက်ငါးချောင်းဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သူ၏ လက်ငါးချောင်း တစ်ဝိုက်တွင် ခရမ်းရောင် အလင်းတန်းများ အပြင် နဂါးခြေသည်း ပုံသဏ္ဍာန်ကို မှိန်ဖျော့ဖျော့ တွေ့ရသည်။

လက်ငါးချောင်း ဖြတ်သန်းသွားသည့် လမ်းကြောင်းရှိ ပင်လယ်ရေများက တုန်ခါသွားပြီး ပတ်ဝန်းကျင်မှ အဆောက်အဦး တချို့ပင် ပြိုကျသွားသည်။

အောင်းလီက လက်ငါးချောင်း တိုက်ကွက်ဖြင့် ဖန်ရှင်း၏ ပတ်ဝန်းကျင်ကို တိုက်ရိုက် ထိန်းချုပ်လိုက်သည်။

"ယောင်ဖနဂါးရဲ့ စွမ်းအားက အရမ်းပြင်းထန်လွန်းတယ်"

ဖန်ရှင်းက တအံ့တသြ ရေရွတ်လိုက်သည်။

အစစ်အမှန် နဂါးသွေးမျိုးဆက်၏ စွမ်းအားက

သူ့မျှော်လင့်ထားသည့် ထက်ပင် ပြင်းထန်လွန်းနေသည်။

သူက အောင်းလီ၏ ရုန့်ရင်းသော စွမ်းအားအောက်တွင် ရှူးရှူးမိုက်မိုက် တိုက်ခိုက်ရန် မဖြစ်နိုင်ပေ။

သူ၏ စစ်မှန်သော ခွန်အားက ကပ်ဘေး တတိယအဆင့် ဖြစ်သော်လည်း အောင်းလီနှင့် ယှဉ်ပြိုင်ရန်မှာမူ လုံလောက်မှု မရှိချေ။

ကံကောင်းထောက်မစွာပင် ဖန်ရှင်းက တိုက်ပွဲပေါင်း ရာနှင့်ချီအတွေ့အကြုံ ရှိထားသူ ဖြစ်ရာ သူ၏ ကိုယ်ခံပညာက ကျွမ်းကျင်မှုက ကောင်းကင်နှင့် ထိလုနီးပါး မြင့်မားနေသည်။

ထို့ကြောင့် အောင်းလီ၏ လက်ချောင်းတိုက်ကွက် ထိန်းချုပ်မှုမှ ရှောင်တိမ်းလိုက်ပြီး တိမ်တိုက်ခြေလှမ်း နည်းစနစ်ကို သုံးကာ အောင်းလီ၏ နောက်ကျောဘက်သို့ ရွေ့လျားလိုက်သည်။

"နေပါဦး.. ငါတို့ ခဏလောက် စကားပြောရအောင်"

"လျှာမရှည်နဲ့.. ငါမင်းကို မရရအောင် သတ်ပြမယ်"

အောင်းလီက လက်ငါးချောင်းကို ဖွေ့ရမ်းကာ ဖန်ရှင်း၏ ပတ်ဝန်းကျင် တစ်ခုလုံးကို ဖိနှိပ်လိုက်သည်။

အောင်းလီ၏ တိုက်ကွက် ပြင်းအားကို ကြည့်ရင်း ဖန်ရှင်း၏ စိတ်ထဲ၌ အေးတိအေးစက် ခံစားလိုက်ရသည်။

ထိုတိုက်ကွက်ကို သူသာ မခုခံနိုင်ခဲ့လျှင် အမှုန့် ဖြစ်သွားနိုင်ပေသည်။

အစစ်အမှန် နဂါးတစ်ကောင်၏ စွမ်းရည်က ပင်လယ်ကြမ်းပြင်ကိုပင် တုန်ခါစေသည်။

အောင်းလီသာ နဂါးခန္ဓာကိုယ် အစစ်အမှန်ဖြင့် တိုက်ခိုက်လျှင် မည်မျှ အစွမ်းထက်မည်ကို မှန်းဆ၍ပင် မရပေ။

ယခုအချိန်၌ ဖန်ရှင်းတွင် ထိုအရာများကို စဉ်းစားရန် အချိန်မရှိတော့ချေ။

အောင်းလီက မှတ်ဉာဏ် ပျောက်နေသောကြောင့် သူ့ကို သတ်တော့မည်မှာ သံသယရှိစရာပင် မလိုချေ။

သူ့အတွက် တစ်ခု ကံကောင်းသည်မှာ အောင်းလီက ဆယ်စုနှစ်တစ်ခုကြာ အိပ်ပျော်နေသောကြောင့် အောင်းလီ၏ ကိုယ်ခံပညာနှင့် တိုက်ခိုက်ရေး အသိအမြင်များက လွန်ခဲ့သည့် ဆယ်စုနှစ်က အတိုင်းသာ ရှိနေခြင်းပင်။

ထို့ကြောင့် လက်ရှိခွန်အားကို ထိထိမိမိ အသုံးချရာတွင် သိသိသာသာပင် အားနည်းနေခဲ့သည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

မျက်စိတစ်မှိတ် အတွင်းမှာပင် သူတို့နှစ်ဦးက တိုက်ကွက်အနည်းငယ် တိုက်ခိုက်ခဲ့ကြပြီ ဖြစ်သည်။

ပင်လယ်ကြမ်းပြင် တစ်ခုလုံးက ဆူနာမီ ကဲ့သို့ ဝုန်းဒိုင်းကြဲနေသည်။

"ရပ်လိုက်ပါ.. နားလည်မှုလွဲနေပြီ"

ဖန်ရှင်းက အောင်းလီနှင့် တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိသဖြင့် အလျင်စလို အော်ဟစ်လိုက်သည်။

"အမှန်တရားက ငါ့မျက်စိရှေ့မှာပဲ.. နဂါးနန်းတော်ကို ဖျက်ဆီးခဲ့တာ မင်းမဟုတ်ပါဘူးလို့ ငြင်းဦးမလို့လား"

အောင်းလီက ဖန်ရှင်း ဘာပြောပြော ဂရုမစိုက်ဘဲ တိုက်ခိုက်ရန်သာ ဆန္ဒရှိနေခဲ့သည်။

အချီပေါင်းများစွာ တိုက်ခိုက်ပြီးနောက် ဖန်ရှင်းက သူ၏ ထူးကဲသော အမြင်အာရုံနှင့် တိုက်ပွဲဝင်စွမ်းရည်ကို အားကိုးကာ အောင်းလီ၏ တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်ခဲ့သော်လည်း အောင်းလီက ဖန်ရှင်းထက် ကျင့်ကြံခြင်း နယ်ပယ်တွင် မြင့်မားနေသဖြင့်

အမြဲတစေတော့ မရှောင်တိမ်းနိုင်ခဲ့ချေ။

တစ်ချီတွင် အောင်းလီ၏ လက်သည်းများကြောင့် ဖန်ရှင်း၏ ရင်ဘတ်က စုတ်ပြတ်သွားပြီး သွေးချင်းချင်း နီရဲသွားသည်။

လက်သည်းသာ ဒီထက်ပို၍ နက်ရှိုင်းစွာ ထိုးဖောက်မိလျှင် သူ၏ ဗိုက်တစ်ခုလုံးက ပေါက်ထွက်သွားလိမ့်မည် ဖြစ်သည်။

ရင်ဘတ်တွင် ဒဏ်ရာ ရရှိသွားသောကြောင့် ဖန်ရှင်းက ဒေါသတွေ တလိမ့်လိမ့် တက်လာပြီး

"ခွေးကလေး.. မင်းက ငါ့ရဲ့ယောက်ဖ ဆိုတာနဲ့ပဲ မရိုက်ရဲဘူးထင်နေလား"

ဟု ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။

ဖန်ရှင်း၏ ဆူပူကြိမ်းမောင်းသံကို ကြားလျှင် အောင်းလီက အံ့အားသင့်သွားပြီး မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးသောအမူအရာများ

ဖြစ်ပေါ်လာသည်။

"ခွေးကလေး.. အဲ့ဒါက ဘယ်သူလဲ"

အောင်းလီက တစ်စုံတစ်ရာကို ယောင်ဝါးဝါး သတိရနေသလိုမျိုး သူ့ကိုယ်သူ တိုးတိုးလေး ရေရွတ်လိုက်သည်။

အပိုင်း(၁၂၄၂) ပြီး၏

အပိုင်း(၁၂၄၃) မင်းပြောတာတွေက အမှန်ပဲလား

"မှတ်မိသွားတာများလား"

ဖန်ရှင်းက အောင်းလီ၏ မျက်နှာပေါ်မှ ဝေခွဲမရသော အကြည့်ကို မြင်လိုက်ရလျှင် စိတ်အားတက်ကြွသွားသည်။

သူက ယောက်ဖနဂါးနှင့် စတင်တွေ့စဉ်က ခွေးကလေးဟု

ခေါ်ခဲ့သည်ကို သတိရမိလိုက်သည်။

ထိုစဥ်က ခွေးကလေးဟု ခေါ်လိုက်သည်နှင့် ယောက်ဖနဂါးက ပျော်ရွှင်စွာဖြင့် သူ့အနားကို ရောက်လာလေ့ ရှိသည်။

သို့ဆိုလျှင် အောင်းလီက "ခွေးကလေး"ဟူသည့် နာမည်ကို ပြန်အမှတ်ရသွားတာမျိုး ဖြစ်နိုင်ပါသလော။

"ခွေးကလေးလား"

အောင်းလီက ထိုစကားကိုသာ ထပ်တလဲလဲ ညီးညူခဲ့သည်မှာအချိန်မည်မျှ ကြာသွားမှန်းပင် မသိလိုက်ပေ။

သူ့မျက်နှာပေါ်ရှိ ဝေခွဲမရသော အမူအရာများက ရုတ်တရက်ပျောက်ကွယ်သွားခဲ့သည်။

"မှတ်မိသွားပြီလား"

ဖန်ရှင်းက အောင်းလီ၏ အမူအရာကို ကြည့်ရင်း မျက်ရည်ကျလုမတတ် ဝမ်းသာသွားပြီး ပွေ့ဖက်ရန် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။

သို့ရာတွင် မထင်မှတ်ဘဲ အောင်းလီက ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီး

"မင်းကများ ငါ့လိုနဂါးကို ခွေးကလေးလို့ ဆဲဆိုရဲတယ်လား"

"ဝုန်း.. "

အောင်းလီ၏ လက်သည်း တိုက်ကွက်က ဖန်ရှင်းဆီသို့တိုက်ရိုက် ရောက်ရှိသွားပြီး ပင်လယ်ရေတစ်ဝက်ကိုပင် ကွဲလုနီးပါး ဖြစ်သွားစေသည်။

ဖန်ရှင်းက ငိုရမလား.. ရယ်ရမလားပင် မသိတော့ချေ။

ထိုကဲ့သို့ ခွန်အားကြီးပြီး ရုန့်ရင်းသော ပြိုင်ဘက်နှင့် ရင်ဆိုင်ရသဖြင့် ဖန်ရှင်းက ကူကယ်ရာမဲ့သလို ခံစားခဲ့ရသည်။

ယနေ့ အောင်းလီက အရင်ကလို မဟုတ်တော့ဘဲ အတော်ပင်ကြောက်စရာ ကောင်းနေပြီ ဖြစ်သည်။

"မင်းရဲ့ကျင့်ကြံမှုက ငါ့လောက် မမြင့်မားပေမဲ့ မင်းမှာ အဆင့်မြင့် နည်းစနစ် တွေတော့ ရှိသားပဲ"

အောင်းလီက ဖန်ရှင်း၏ ထက်မြက်သော တိုက်ပွဲ အတွေ့အကြုံနှင့် လိမ်မာပါးနပ်သော လှုပ်ရှားမှုများကြောင့် အနည်းငယ် အံ့အားသင့်ကာ ရေရွတ်လိုက်သည်။

"ငါမင်းကို ပြောစရာရှိတယ်လို့ ပြောနေတယ်လေ.. မင်း အခုချိန်ထိ တိုက်ပွဲကို မရပ်သေးဘူးလား.."

ဖန်ရှင်းက အောင်းလီ၏ တိုက်ကွက်ကို

အသည်းအသန်ရှောင်တိမ်းရင်း အော်ဟစ်လိုက်သည်။

"ဘာပြောစရာရှိလို့လဲ"

အောင်းလီက ဖန်ရှင်းကို စကားသာ ပြန်ပြောနေသော်လည်းတိုက်ခိုက်မှုကို မရပ်တန့်လိုက်သည့် အပြင် ပို၍ပင် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

"ငါက မင်းရဲ့ ယောက်ဖပါ"

ဖန်ရှင်းက အောင်းလီ၏ တိုက်ခိုက်မှုကို အလွန် စိုးရိမ်လာပြီး ကပျာကယာ ပြောဆိုလိုက်သည်။

"မင်း.. ငါ့ကို အခွင့်အရေးယူပြီး ပြောနေတာလား"

အောင်းလီက ဒေါသတကြီး အော်ဟစ်လိုက်ပြီး သူ၏ တိုက်ခိုက်မှုကို ပို၍ပင် အရှိန်မြှင့်လိုက်သည်။

"ငါက မင်းရဲ့ ယောက်ဖအစစ်ပဲ.. မင်းအဖေ ကိုယ်တိုင် ငါ့ကိုအသိအမှတ်ပြုခဲ့တယ်"

"ငါ့အမတော်က ကမ္ဘာပေါ်မှာ အမွန်မြတ်ဆုံး အရှေ့ပင်လယ် နဂါးမင်းသမီးကြီးပဲ.. မင်းလို အကျင့်မကောင်းတဲ့ လူသားနဲ့လက်ထပ်ဖို့ ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ဖန်ရှင်း၏ ရှင်းပြမှုကို အောင်းလီက လုံးဝ မယုံကြည်ခဲ့ပေ။

"ဝုန်း.. ဝုန်း.. ဝုန်း"

ပင်လယ်ရေအောက်ထဲတွင် ပေါက်ကွဲသံများဖြင့် ဆူညံနေသည်။

ဖန်ရှင်းနှင့် အောင်းလီတို့က သူသေကိုယ်သေ တိုက်ခိုက်ရန် ဝန်လေးနေကြပြီး တစ်ယောက်ကို တစ်ယောက် အရှင်ဖမ်းရန်သာ ကြံရွယ်နေကြသည်။

သူတို့ နှစ်ယောက်စလုံးက စွမ်းအားကို အကုန်အစင် မထုတ်သုံးခဲ့သော်လည်း တိုက်ခိုက်မှုက အလွန်ပင် ကြောက်မက်ဖွယ်ကောင်းနေသည်။

အချီအနည်းငယ် တိုက်ခိုက်ပြီးနောက် ဖန်ရှင်းက တိုက်ပွဲကို မထိန်းထား နိုင်တော့ပေ။

အောင်းလီ၏ ကျင့်ကြံမှုနှင့် ခွန်အားက သူ့ထက်များစွာသာလွန်နေသည် မဟုတ်ပါလား။

သူသာ အောင်းလီနှင့် ဆက်လက် တိုက်ပွဲဝင်နေလျှင် အမောဆို့၍ သေသွားနိုင်ပေသည်။

ထို့ကြောင့် အောင်းလီ ယုံကြည်အောင် ထပ်မံကြိုးစားမည်ဟုဆုံးဖြတ်လိုက်ပြီး လေထဲသို့ ခုန်တက်လိုက်သည်။

"ငါက မင်းရဲ့ ယောက်ဖအစစ်ပဲ.. မင်းငါ့ကို မယုံရင် မင်းအဖေ နဂါးဘုရင် သင်ပေးထားတဲ့ မှော်နည်းစနစ် နှစ်ခုကို ငါလုပ်ပြမယ်"

စကားဆုံးသည်နှင့် ဖန်ရှင်းက ပင်လယ်ရေ အနည်းငယ်ကို ယူကာ လေထဲသို့ ပက်ဖြန်းလိုက်သည်။

လက်ဖဝါးကနေ ပက်ဖြန်းလိုက်သော ပင်လယ်ရေက အနည်းငယ်မျှသာ ဖြစ်သော်လည်း လေထဲသို့ လွင့်စင်သွားသည်နှင့် ထူထဲသော တိမ်တိုက် အမည်းရောင်များကို ဖြစ်ပေါ်စေကာ ကောင်းကင်ယံ တစ်ခုလုံး မှောင်မိုက်သွားပြီးနောက် မိုးစက်များက စတင် ကျဆင်းလာသည်။

ဤနည်းစနစ်က နဂါးဘုရင် လုံကျင့် ကိုယ်တိုင် လက်ဆင့်ကမ်း ပေးလိုက်သော နဂါးမျိုးနွယ်စု၏ မိုးရွာသွန်းကြီးနည်းစနစ် ဖြစ်သည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဖန်ရှင်းက ဂါထာတစ်ပုဒ်ကို တိတ်တဆိတ် ရွတ်ဆိုလိုက်ရာ ကောင်းကင်ထက်တွင် မိုးခြိမ်းသံများ ထွက်ပေါ်လာသည်။

များမကြာမီမှာပင် မိုးကြိုးမြွေများက ဝုန်းဒိုင်းကြဲကာ ကျဆင်းလာတော့သည်။

ယင်းက နဂါးဘုရင် လုံကျွင့် သင်ပေးထားသော နဂါးမျိုးနွယ်စု၏ မိုးကြိုး နည်းစနစ်ပင် ဖြစ်သည်။

ဤနည်းစနစ်နှစ်မျိုးက နဂါးမျိုးနွယ်စု၏ လျှို့ဝှက်နည်းစနစ်ဖြစ်ပြီး နဂါးမျိုးနွယ်စုမှ လူများသာ မသင်ပေးခဲ့လျှင် ပြင်ပ၌ တွေ့မြင်ရန် လုံးဝမဖြစ်နိုင်ပေ။

ဖန်ရှင်းက နဂါးမျိုးနွယ်စု၏ လျှို့ဝှက်နည်းစနစ် နှစ်မျိုးအား တတ်ကျွမ်းနေသည်ကို မြင်လျှင် အောင်းလီက အနည်းငယ် ထိတ်လန့်ကာ မျက်လုံးများပင် ပြူးကျယ်သွားသည်။

ထို့နောက်တွင် သူက မိုးကြိုးမြွေ အများအပြားကို တစ်ချက်ထဲ မျိုချလိုက်ပြီး ကောင်းကင်ယံမှ လေနှင့်မိုးများ အပြင်ထူထပ်နေသော တိမ်တိုက်များကိုပါ မျိုချပစ်လိုက်သည်။

ထိုသို့မျိုချလိုက်သဖြင့် တိမ်ထူထပ်နေသည့် ကောင်းကင်ကြီးက

မှန်တစ်ချပ်လို ပြန်လည် ကြည်လင်သွားခဲ့သည်။

"ယောက်ဖနဂါးက အဲ့ဒီလောက်တောင် သန်မာနေပြီလား"

ထိုမြင်ကွင်းကို ကြည့်ရင်း ဖန်ရှင်းက အနည်းငယ် အံ့အားသင့်ကာ ရေရွတ်လိုက်သည်။

"ငါမင်းအဖေရဲ့ နည်းစနစ်တွေကို ထုတ်သုံးပြတာတောင် မင်းငါ့ကို မယုံသေးဘူးလား"

"မင်းက အရှေ့ပင်လယ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတယ်လို့တော့ ငါယုံပါတယ်"

အောင်းလီက တိမ်တိုက် အမည်းရောင် များကို မျိုချလိုက်ပြီးနောက် ဖန်ရှင်းကို နက်ရှိုင်းသော အကြည့်များဖြင့် ကြည့်လိုက်သည်။

သူ၏ အသံကမူ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်နေသည်။

"ဒါပေမဲ့ ငါ့ယောက်ဖလို့တော့ ငါမယုံဘူး"

ဖန်ရှင်းက အောင်းလီ၏ စကားကိုကြားလျှင် ကူကယ်ရာမဲ့သလို ခံစားလိုက်ရ၏။

အောင်းလီက ထိုစကားကို ပြောရင်း သူ၏မူလပုံစံ ဖြစ်သည့်နဂါးအသွင်သို့ ပြောင်းလဲလိုက်သည်။

ခန္ဓာကိုယ်ပေါ်တွင် ရွှေရောင်အလင်းတန်းများ တလက်လက် တောက်ပနေသော အောင်းလီ၏ နဂါး အသွင်အပြင်မှာ အလွန်ပင် ခန့်ညားနေသည်။

"ဘာပဲဖြစ်ဖြစ် နဂါးနန်းတော်ရဲ့ ဘေးဆိုးက မင်းရဲ့လက်ချက်ပဲ ဖြစ်ရမယ်.. ဒါကြောင့် မင်းကို ဖမ်းပြီး နဂါးမျိုးနွယ်စု အတွက် စီရင်ရမယ်"

နဂါးပုံသဏ္ဍာန်သို့ ပြောင်းလဲလိုက်သော အောင်းလီက ဖန်ရှင်းကို

လက်သည်းများဖြင့် ဖမ်းဆုပ်ရန် ပြင်လိုက်ရာ ဖန်ရှင်းက ဒေါသအိုး ပေါက်ကွဲလာသည်။

သူက အောင်းလီ ယုံကြည်စေရန် နဂါးမျိုးနွယ်၏ လျှို့ဝှက်နည်းစနစ်ကို ထုတ်ဖော် ပြသခဲ့သော်လည်း အောင်းလီက မယုံကြည်သည့် အပြင် သူ့ကိုသတ်ရန်ပါ ကြိုးစားလာခဲ့သည်။

"ငါမင်းကို ပညာမပေးဘူးဆိုရင် ယောက်ဖဆိုတဲ့ စာလုံးကို ဘယ်လို ပေါင်းရလည်း ဆိုတာ မင်းသိမှာ မဟုတ်ဘူး"

ဖန်ရှင်းက အတိုင်းထက် အလွန် သဘောကောင်းသည့်သူတော့ မဟုတ်ချေ။

အစောပိုင်းတွင် အောင်းလီနှင့် အချိန်အတော်ကြာ ခွဲခွာပြီးမှ ပြန်တွေ့ရသဖြင့် အနည်းငယ် သည်းခံနိုင်ခဲ့သော်လည်း အောင်းလီ၏ ပြုမူပုံကြောင့် ရင်ထဲက ဒေါသကို မမျိုသိပ်ထားနိုင်တော့ပေ။

ထို့နောက် သူက ခါးတွင် ချိတ်ထားသော အရိုးစုဦးခေါင်းခွံကို ထုတ်ဖော်ရန် လက်ဆန့်ထုတ်လိုက်ရင်း ရွှေနဂါးကြီး တစ်ဖြစ်လဲ

အောင်းလီကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

"ငါပြောတာကို ဘာမှ နားမဝင်တဲ့ကောင် သေစမ်း"

ဖန်ရှင်းက ဒေါသတကြီး ကြုံးဝါးလိုက်ပြီး အရိုးစုဦးခေါင်းခွံကို တောင်ကုန်း အရွယ်အစားခန့် ပြောင်းလိုက်ကာ ရွှေရောင်နဂါးဆီသို့ ပြေးဝင်သွားခဲ့သည်။

အရိုးစုဦးခေါင်းခွံက တောင်ကုန်း အရွယ်အစားခန့်ကြီးမားသော်လည်း ဖန်ရှင်း၏ လက်ထဲတွင် အလေးချိန် လုံးဝမရှိသလောက်ပင်။

ဖန်ရှင်းက ရွှေရောင်နဂါးဆီသို့ ပြေးဝင်သွားပြီး အရိုးစု ဦးခေါင်းခွံဖြင့် နဂါးဦးခေါင်းကို ရိုက်ချလိုက်သည်။

ရွှေရောင်နဂါးက ဦးခေါင်း အထုခံရသဖြင့် ဆတ်ဆတ်ခါနာကျင်သွားပြီး အမြီးပါ လှုပ်ယမ်းသွားသည်။

အောင်းလီက အရင်ဦးဆုံး ညှာတာမှု မရှိသဖြင့် ဖန်ရှင်းကညှာတာမှု ကင်းမဲ့စွာဖြင့် အောင်းလီကိုရိုက်နှက်ခဲ့ခြင်း ဖြစ်သည်။

"မင်းက အကြင်နာမဲ့တဲ့ နဂါးပဲ.. မင်းသေရတော့မဲ့ အချိန်မှာမိုးကြိုးရေကန်ဆီ ငါပို့ပေးပြီး ကုသပေးခဲ့တယ်.. မင်းလို မှတ်ဉာဏ်ပျောက်ပြီး ထင်ရာစိုင်းနေတဲ့ ကောင်ကများ ငါ့ကို တရား စီရင်ချင်သတဲ့လား.. "

"ဝုန်း.. ဝုန်း.. ဝုန်း"

သူတို့နှစ်ယောက်က စကားပြောရင်း ပြင်းထန်စွာ ဆက်လက်တိုက်ခိုက်နေကြသည်။

"မင်းရဲ့ နဂါးနန်းတော်က ဘာဖြစ်သွားလည်း ဆိုတာ အခုထိ စဥ်းစားလို့ မရသေးဘူးလား.. ခေါင်းကိုးလုံး မျိုးနွယ်က ကြယ်မြေပုံကို ရရှိသွားပြီ ဆိုတာ မင်းသိလား.. အခု သူတို့က မင်းရဲ့ အမတော်ကို ကြယ်နယ်မြေဆီ ခေါ်ဆောင်သွားခဲ့ပြီ.. ငါသခင်လေးက မင်းအမတော်ကို စိတ်ပူလို့ ဆံပင်တွေတောင် ဖြူလာခဲ့တယ်.. ဒါပေမဲ့ မင်းကတော့ စိတ်ရင်းအတိုင်း မဆက်ဆံဘဲ ငါနဲ့ တိုက်ခိုက်ဖို့ပဲ ကြိုးစားနေခဲ့တယ်.. ပြောရရင် ငါတကယ်ကို ဒေါသမထွက်ဘဲ

မနေနိုင်တော့ဘူး"

ဖန်ရှင်းက အောင်းလီကို ပြင်းထန်စွာ ကြိမ်းမောင်း၍ တိုက်ခိုက်လိုက်ရာ အောင်းလီ၏ ခေါင်းထဲတွင် နောက်ဆုတ်ချင်သည့် အတွေးတချို့က သူ့အလိုလို ထွက်ပေါ်လာသည်။

အောင်းလီက သူ၏ ရွှေရောင်ခြေသည်းများကို ဝှေ့ရမ်း၍ ဖန်ရှင်း၏ တိုက်ခိုက်မှုကို ခုခံလိုက်ပြီး မေးခွန်းတစ်ခုကို မေးမြန်းလိုက်သည်။

"မင်း.. မင်းပြောတာတွေက အမှန်တွေပဲလား"

အပိုင်း(၁၂၄၃) ပြီး၏

အပိုင်း(၁၂၄၄) ဝမ်းမီးကိုဖြေရှင်းခြင်း

"မင်း.. မင်းပြောတာတွေက အမှန်တွေပဲလား"

အောင်းလီ၏ စကားကြောင့် ဖန်ရှင်းက အနည်းငယ် အံ့အားသင့်သွားသည်။

မူလက သူ့ပြောစကားကို နားမထောင်ဘဲ လျစ်လျူရှုနေသောကြောင့် ဒေါသထွက်ကာ ဆူပူကြိမ်းမောင်းရန် ပြင်ဆင်ထားသော်လည်း အောင်းလီက ရုတ်တရက် သူ့ကို ယုံကြည်သောအရိပ်အယောင် ပြလာမည်ဟု မမျှော်လင့်မိပေ။

၎င်းက သူ ကောင်းမွန်စွာ ရှင်းပြစဉ်က နားမဝင်ဘဲ အရိုးစု ဦးခေါင်းခွံဖြင့် ခေါင်းခေါက်လိုက်မှသာ နားဝင်ခဲ့သည်။

ထို့ကြောင့် စကားကောင်းကောင်း ပြောလျှင် အောင်းလီက မာန်တက်ပြီး ထင်ရာစိုင်းချင်နေသည်မှာ ထင်ရှားနေသည်။

ဦးခေါင်းကို အခေါက်ခံရပြီးနောက် အောင်းလီက အချိုးပြောင်းသွားပြီး ဖန်ရှင်းကို မျက်မှောင်ကြုတ်၍ ထူးဆန်းစွာ ကြည့်နေသည်။

ဖန်ရှင်းက စိတ်ထဲကနေ ကျိတ်၍ သက်ပြင်းချလိုက်ပြီး

"ငါက မင်းရဲ့ မေးခွန်းကို ဘာလို့ ပြန်ဖြေပေးရမှာလဲ"

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

ဖန်ရှင်း၏ အမူအရာကို ကြည့်ပြီး အောင်းလီက အံ့အားသင့်နေသည်။

သူက သူ၏မောက်မာသော အပြုအမူကို အတတ်နိုင်ဆုံး ထိန်းသိမ်း၍ မေးခွန်းထုတ်လိုက်သော်လည်း သူတော်စင်ငယ် ဖန်ရှင်းက ဒေါသတကြီးသာ တုံ့ပြန်ခဲ့သည်။

"မင်းခုနက ပြောတဲ့ထဲမှာ ငါ့ရဲ့ နဂါးနန်းတော်ကို ဖျက်ဆီးတာ ခေါင်းကိုးလုံး မျိုးနွယ်စုလို့ ပြောလိုက်တာလား"

"ချီးထဲမှပဲ.. ခေါင်းကိုးလုံး မျိုးနွယ်စု မဟုတ်ရင် တရားခံက ငါလား"

ဖန်ရှင်းက အောင်းလီကို အလွန်အမင်း ဒေါသထွက်ကာ သတ်ပစ်ချင်စိတ်ပင် ပေါက်လာသည်။

"ငါလုပ်ရင်သေတော့မယ်.. မင်းရဲ့ခေါင်းမှာ အမာရွတ်ဖြစ်ချင်နေတာလား"

"မင်းလုပ်ရဲလား"

အောင်းလီက အနည်းငယ် လန့်ဖြန့်သွားပြီး အော်ငေါက်လိုက်သည်။

ဖန်ရှင်းက တကယ် မလုပ်သည်ကို တွေ့ရမှ သူ၏ စိတ်ခံစားချက်များကို ငြိမ်သက်အောင် ထိန်းချုပ်ကာ မေးခွန်းထုတ်လိုက်သည်။

"ငါမင်းနဲ့ ရန်မဖြစ်ချင်ဘူး.. ငါမင်းကို မေးခွန်း နည်းနည်းတော့ မေးချင်တယ်.. ခေါင်းကိုးလုံး မျိုးနွယ်စု ခေါင်းဆောင်က ငါတို့နဂါးနန်းတော်နဲ့ ခင်မင်ရင်းနှီးတဲ့သူ တစ်ယောက်ပါ.. သူ့ညီမက ငါ့အဖေနဲ့ လက်ထပ်ပြီး နဂါးမယ်တော်ဘွဲ့ကို ရယူခဲ့တယ်.. ဆွေမျိုးစပ်မယ် ဆိုရင် သူက ငါ့ဦးလေးလို့တောင် ပြောလို့ရတယ်..

မင်းမှာ ခေါင်းကိုးလုံး မျိုးနွယ်စုက တရားခံလို့ ပြောရအောင် ဘာသက်သေရှိလဲ"

"ငတုံးကောင်.. ဟိုက မင်းအမတော်ကို ဖမ်းခေါ်သွားပြီ.. မင်းက ဘာကို သက်သေ ရှာချင်သေးတာလဲ"

ဖန်ရှင်းက အောင်းလီကို ကြိမ်းမောင်းလိုက်ပြီး နဂါးခေါင်းကို ပြင်းထန်စွာ ရိုက်ချရန် ပြင်လိုက်ရာ အောင်းလီက ဖန်ရှင်းနှင့် ထိပ်တိုက် ရင်မဆိုင်ဝံ့ဘဲ မသိစိတ်ကနေ နောက်ဆုတ်လိုက်မိသည်။

ယခုအချိန်တွင် သူက အတော်လေး စိတ်ရှုပ်ထွေးနေသည်။

"ဒီလူကို ငါတစ်ခါမှ မတွေ့ဖူးပေမဲ့ သူ ဒေါသထွက်တာ မြင်ရင် ငါက ဘာလို့ ကြောက်နေမိတာလဲ"

ပုံမှန်အားဖြင့် နဂါးသွေးမျိုးဆက် အစစ်အမှန် ဖြစ်သည့် သူက မည်သူ့ကိုမှ မကြောက်တတ်ပေ။

ထို့အပြင် သူ၏ ကျင့်ကြံမှုကလည်း ဖန်ရှင်းထက်ပို၍ မြင့်မားနေသည် မဟုတ်ပါလား။

ဖန်ရှင်းက အရိုးစုဦးခေါင်းခွံဖြင့် ရှယ်လိုက်ရုံသာ ဖြစ်ပြီး အောင်းလီ၏ ဦးခေါင်းကို မထုနှက်ခဲ့ချေ။

အဆုံးသတ်တွင် နဂါးနန်းတော်၏ တတိယမင်းသား ဖြစ်သည့် အောင်းလီက တကယ်ကို အစွမ်းထက်မှန်း ဖန်ရှင်းက သိနေသည်။

သူနှင့် ယှဥ်လျှင် အောင်းလီက အဆများစွာ သာလွန်နေသောကြောင့် တိုက်ပွဲကို အစဆွဲမထုတ်ချင်တော့ပေ။

သို့ရာတွင် ဖန်ရှင်းက သူဒေါသထွက်နေသည့် အချိန်တွင် အောင်းလီက အနည်းငယ် ကြောက်ရွံ့နေသည်ကို သတိပြုမိလိုက်သည်။

"ဒီကောင်က သတ္တိကြောင်တဲ့သူများလား"

တကယ်တမ်းတွင် အောင်းလီက သတ္တိကြောင်ခြင်း မဟုတ်ဘဲစိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုတစ်ခုကို ခံစားခဲ့ရခြင်း ဖြစ်သည်။

"မင်းရဲ့ဦးခေါင်းထဲကို အစီအရင်ထည့်ပြီး ရူးအောင် လုပ်ခဲ့တာရော မင်းသိလား.. ခေါင်းကိုးလုံးမက မင်းရဲ့ မောင်နှမတွေကို စားသောက်ပြီး မင်းရဲ့အမကို နှင်ထုတ်ခဲ့တာ မင်းသိရဲ့လား.. မင်းရဲ့အမက နဂါးနန်းတော်က ထွက်လာပြီးတဲ့ နောက်မှာ နာမည်ကောင်းနဲ့တောင် မနေရဲခဲ့ရှာဘူး.. ဒါတောင် မင်းက ခေါင်းကိုးလုံး မျိုးနွယ်စုကို ယုံကြည်နေတုန်းပဲလား"

ဖန်ရှင်းက အောင်းလီ သူ့စကားကို နားဝင်နေတုန်း အလျင်အမြန် ရှင်းပြလိုက်သည်။

"ငါ...ငါရူးဖူးတယ်လား"

အောင်းလီက ဖန်ရှင်း၏ စကားကြောင့် အနည်းငယ် စိတ်ရှုပ်သွားသည်မှာ သိသာထင်ရှားနေသည်။

အောင်းလီက သူ၏ ကြီးမားသော နဂါးခေါင်းကို အကြိမ်အနည်းငယ်

ခါရမ်းလိုက်သည်။

သူ၏ မျက်လုံးကြီးများတွင် သံသယ အရိပ်အယောင်များ ပြည့်နှက်နေသည်မှာ သိသာထင်ရှားနေသည်။

"ငါ့မှာ မှတ်ဉာဏ်တွေက ပျောက်ကွယ်နေခဲ့တာလား.. ငါ့ဦးခေါင်းထဲမှာ နေရာလွတ် ရှိနေတာကိုတော့ ငါသတိထားမိတယ်"

"အဲ့ဒီအချိန်ကဆိုရင် မင်းက အရှူးထက်တောင် သာလွန်နေသေးတယ်.. မင်းက လုံးဝ သုံးစားလို့ မရတော့တဲ့ အထိပဲ.. ငါသာ မင်းကို မစောင့်ရှောက်ခဲ့ရင် မင်းဒီနေ့လို အခြေအနေမျိုးမှာ ရှိနေမယ်လို့ ထင်လား"

ဖန်ရှင်းက စကားကို ခေတ္တရပ်တန့်လိုက်ပြီးမှ ပြန်ဆက်လိုက်သည်။

"အခု မင်းရဲ့ချစ်လှစွာသော မယ်တော်နဲ့ ဦးလေးက မင်းအမတော်ကို နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကနေ ခေါ်သွားခဲ့ကြပြီ.. မင်းက မင်းအမတော်ကို ကယ်ဖို့ မကြိုးစားဘဲ

ငါနဲ့တိုက်ခိုက်ချင်သေးတာလား"

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းလား"

ထိုစကားကို ရေရွတ်ရင်း အောင်းလီက ကောင်းကင်ပေါ်သို့နက်နဲစွာ လှမ်းကြည့်လိုက်သည်။

"မင်း အဲ့ဒီလမ်းကို သိလား"

ဖန်ရှင်းက အနည်းငယ် အံ့အားသင့်သွားပြီး အောင်းလီကို အလောတကြီး မေးလိုက်သည်။

နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းက နဂါးမျိုးနွယ်၏ အကြီးမားဆုံး လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။

ယေဘုယျအားဖြင့် အောင်းလီက ထိုရှေးဟောင်းလမ်းကိုသိစရာ အကြောင်းမရှိချေ။

"မင်းအစောပိုင်းက ပြောခဲ့တာတွေက အမှန်ပဲလား"

အောင်းလီက ဖန်ရှင်း၏ မေးခွန်းကို ပြန်မဖြေဘဲ အချိန်အတော်ကြာသည်အထိ အလွန် လေးနက်သော အကြည့်ဖြင့် ဖန်ရှင်းကို ကြည့်လိုက်သည်။

"ငါမင်းကို ထပ်ရိုက်ရမလား"

ဖန်ရှင်းက လက်ကိုမြှောက်၍ ကြိမ်းမောင်းလိုက်သော်လည်းအောင်းလီ၏ လေးနက်သော အမူအရာကို တွေ့လိုက်ရလျှင် လက်ကို ပြန်ချလိုက်ပြီး သက်ပြင်းချ၍ ပြောလိုက်သည်။

"ခေါင်းကိုးလုံး မျိုးနွယ်စုက နဂါးနန်းတော်ကို ခြယ်လှယ်ပြီး မင်းရဲ့မောင်နှမတွေကို နဂါးမယ်တော်က စားပစ်လိုက်တယ် ဆိုတာ အမှန်တရားပဲ.. မင်းငါ့စကားကို မယုံရင် နဂါးနန်းတော်ရဲ့ စစ်သည်တချို့ကို စစ်မေးလို့ရတာပဲ"

"မင်းငါ့ကိုစောင့်နေ"

စကားဆုံးသည်နှင့် အောင်းလီက သန္တာကျောက်တန်း နောက်တွင် ပုန်းအောင်းနေသည့် ရွှေအမြူတေအဆင့် ပင်လယ်မိစ္ဆာ အချို့ကို ဆင့်ခေါ်လိုက်သည်။

ပင်လယ်မိစ္ဆာများက အောင်းလီ၏ စစ်မှန်သောနဂါး အရှိန်အဝါကြောင့် ထိတ်လန့်နေကြသည်။

"ဘာမှမစိုးရိမ်နဲ့.. ငါမေးတာကို အမှန်အတိုင်းဖြေ"

အောင်းလီက သူ၏ အရှိန်အဝါကို သုံး၍ ပင်လယ်မိစ္ဆာများကို စစ်မေးနေသော အချိန်တွင် ဖန်ရှင်းက စစ်ပွဲတွင် သေဆုံးသွားသည့် ပုဇွန်နှင့် ဂဏန်းများကို မီးဖုတ်၍ စားသောက်နေခဲ့သည်။

ဂဏန်းနှင့် ပုဇွန်များကို ဗိုက်ဖြည့်ပြီးသော အချိန်တွင် အောင်းလီက အဝေးကနေ ပျံသန်းလာခဲ့သည်။

"မင်းပြောတာ အကုန်မှန်တယ်.. ခေါင်းကိုးလုံး မျိုးနွယ်စုက နဂါးနန်းတော်ကို ခြယ်လှယ်ခဲ့ကြတယ်.. ငါတကယ် ကိုယ့်ကိုယ်ကိုယ် မုန်းတီးမိတယ်.. တစ်ချိန်လုံး သူတို့အကြောင်းကို မသိခဲ့ဘဲ လူကောင်းတွေအဖြစ် မှတ်ယူမိခဲ့တယ်"

ထို့နောက် အောင်းလီက ကြယ်ရောင်စုံသော ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် အမတော်က ငါ့ရဲ့ တစ်ဦးတည်းသော ဆွေမျိုးပဲ.. ဒါကြောင့် ငါသူ့ကို သေချာပေါက် ပြန်ကယ်ရမယ်.. မိတ်ဆွေ.. မင်းအပေါ် အထင်မှားမိတဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ"

အောင်းလီက စကားပြောရင်း ဖန်ရှင်း၏ထံမှ ပုဇွန်တူးနဲ့ အချို့ကို ရလိုက်သည်။

"မင်းဘာတွေလုပ်နေတာလဲ"

"ပုဇွန်လေးတွေရဲ့အလောင်းကို မြေမြုပ်ပေးနေတာပါ"

ဖန်ရှင်းက လက်တွင် ပေကျံနေသော ပုဇွန်အဆီများကို အဝတ်အစားတွင် သုတ်လိုက်ရင်း ပြန်ဖြေလိုက်သည်။

ထို့နောက် သူက အောင်းလီကို လေးနက်စွာ ကြည့်လိုက်ပြီး

"မင်းရဲ့အမက ငါ့မိန်းမပဲ.. ငါ့မှာလည်း သူ့ကို ကယ်တင်ဖို့ ဝတ္တရားရှိတယ်.. ငါ့ကို အမှန်အတိုင်း ပြောပါ.. မင်းက နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်း တည်နေရာကို သိထားလား"

ဖန်ရှင်းထံမှ ထင်မှတ်မထားသည့် မေးခွန်းကို ကြားလိုက်ရလျှင် အောင်းလီ၏ အမူအရာက ရုတ်တရက် ပြောင်းလဲသွားပြီး

"ဟမ့်.. မင်းက ငါ့ရဲ့ရန်သူမဟုတ်ဘူး ဆိုတာကို ငါယုံကြည်ပေမဲ့ ရှေးဟောင်းလမ်းက နဂါးမျိုးနွယ်စုရဲ့ အမွေအနှစ်ပဲ.. ငါတို့ရဲ့ အကြီးမားဆုံး လျှို့ဝှက်ချက်ကို မင်းကို ဘယ်လို ပြောပြလို့ ဖြစ်မှာလဲ.. မင်းပြောသမျှကို ငါယုံတယ် ဆိုရင်တောင် အဲ့ဒါကိုတော့

ပြောပြလို့ မဖြစ်ဘူး"

"မင်းက ငါ့ကို မယုံကြည်တာလား"

ဖန်ရှင်းက အောင်းလီကို စူးစူးရဲရဲကြည့်၍ မေးလိုက်သည်။

"ငါပြောတာ အဲ့လိုအဓိပ္ပါယ် မဟုတ်ပါဘူး"

အောင်းလီ၏ လေသံကို ထောက်ရှု၍ အောင်းလီက ဖန်ရှင်းကိုအနည်းငယ် ကြောက်ရွံ့နေမှန်း သိသာ ထင်ရှားနေသည်။

သူက ဖန်ရှင်းကို ဘာစကားမှ ထပ်မပြောတော့ဘဲ ကောင်းကင်ပေါ်သို့ ပျံတက်သွားခဲ့သည်။

အောင်းလီက ရုတ်တရက် ပျံသန်းသွားသဖြင့် ဖန်ရှင်းကအသေအလဲ နောက်ကနေ လိုက်ခဲ့ရသည်။

"မင်းသွားလို့မဖြစ်ဘူး.. ကြယ်နယ်မြေကို ရောက်ရင် အန္တရာယ်တွေက အရမ်းများပြားတယ်.. အဲ့ဒီကို ရောက်တာနဲ့ မင်းသေသွားလိမ့်မယ်.. ခေါင်းကိုးလုံး မျိုးနွယ်စုတောင် နှစ်ပေါင်းများစွာ ပြင်ဆင်ခဲ့ရတယ် ဆိုတာ မင်းမမေ့နဲ့.. မင်းအမကို မကယ်တင်နိုင်ခင်မှာပဲ မင်းအရင်ဆုံး သေသွားလိမ့်မယ်"

"မင်းဘယ်လိုလုပ်သိတာလဲ"

အောင်းလီက သူ၏ ပျံသန်းမှုကို ရပ်တန့်လိုက်ပြီး အံ့အားသင့်စွာ မေးမြန်းလိုက်သည်။

"မင်းသိချင်ရင် ဒီထက် ငါပြောပြနိုင်ပါတယ်"

ဖန်ရှင်းက ဝင့်ကြွားသော လေသံဖြင့် ပြောလိုက်သည်။

အပိုင်း(၁၂၄၄) ပြီး၏

အပိုင်း(၁၂၄၅) မင်းထက်ဘယ်သူကပိုရူးမှာလဲ

ဖန်ရှင်း၏ စကားကို ကြားလျှင် အောင်းလီက ထူးဆန်းသောမျက်ဝန်းများဖြင့် ဖန်ရှင်းကို ကြည့်လိုက်သည်။

သူက အချိန်အတော်ကြာသည် အထိ တိတ်ဆိတ်နေပြီးမှရုတ်တရက် လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ငါ့စိတ်ထဲမှာ မင်းကို ရင်းနှီးနေသလို ခံစားနေရတယ်"

"အင်း.. တကယ်လည်း မင်းနဲ့ငါနဲ့က အတော်လေး ရင်းနှီးခဲ့ကြတယ်.. "

ထိုစကားကို ပြောရင်း ဖန်ရှင်းက အောင်းလီနှင့်အတူ ရှိခဲ့သည့် အမှတ်ရစရာများကို ပြန်သတိရလိုက်သည်။

ထို့နောက် သူက ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်ပြီး

"ရှေးဟောင်းလမ်းပေါ် ခြေချဖို့က အန္တရာယ် များလွန်းတယ်.. အထူးသဖြင့် မင်းတို့ နဂါးမျိုးနွယ်ရဲ့ ရှေးဟောင်းလမ်းက ပိုလို့တောင် အန္တရာယ် အကြပ်အတည်းတွေ ပြည့်နှက်နေတယ်.. မင်းရဲ့လက်ရှိခွန်အားက ငါ့ရှေ့မှာ အလုပ်ဖြစ်ပေမဲ့ ခေါင်းကိုးလုံး မောင်နှမရဲ့ ရှေ့မှာ အလုပ်ဖြစ်မယ်လို့ ထင်နေလား"

ဖန်ရှင်း၏ စကားကြောင့် အောင်းလီက စိတ်မရှည်စွာဖြင့် မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

"မင်းငါ့ကို ကူညီချင်ရင် ငါဘာပြင်ဆင်ရမလည်း ဆိုတာ ငါ့ကိုပြောစမ်းပါ"

"ငါမင်းကို ကူညီပေးမယ်.. အဲ့ဒီအတွက် ပြင်ဆင်ချိန် လိုအပ်တယ်"

ထိုစကားကို ကြားလျှင် အောင်းလီက အနည်းငယ် မကျေမနပ်ဖြစ်ကာ မျက်မှောင်ကြုတ်လိုက်သည်။

သူက ဘာမှပြန်မပြောဘဲ ငြိမ်သက်စွာဖြင့် အတန်ကြာ စဥ်းစားနေခဲ့သည်။

ထို့နောက် သူက ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

"မင်းရဲ့ ပြင်ဆင်ချိန်က ဘယ်လောက်တောင် ကြာမှာလဲ"

"သုံးရက်"

ဖန်ရှင်းက လက်သုံးချောင်းကို ထောင်ပြလိုက်ပြီးနောက် ခဏမျှ စဥ်းစားလိုက်ကာ

"နှစ်ရက်နဲ့လည်း ဖြစ်နိုင်တယ် "

ဟု ပြုံးရွှင်စွာ ပြောလိုက်သည်။

ထို့နောက် သူက လေထဲသို့ ခုန်တက်ကာ

"ငါ့ကိုဒီနေရာကနေ နှစ်ရက်လောက်စောင့်နေပါ"

ဟု အောင်းလီကို အော်ပြောလိုက်သည်။

အောင်းလီက လေထဲသို့ ပျံသန်းသွားသော ဖန်ရှင်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

အချိန်အတော်ကြာမှ သူက သက်ပြင်းကို ဖြည်းညင်းစွာ ချလိုက်တော့သည်။

....

....

ဖန်ရှင်းက မူလတွင် စိတ်ဓာတ် ကျနေသော်လည်း အောင်းလီ နှင့်

တွေ့ပြီးနောက် နဂါးမင်းသမီးကို ကယ်တင်ရန် မျှော်လင့်ချက် ရှိလာသည်။

ယခုအချိန်တွင် သူ့အတွက် လိုအပ်နေသည့် အဓိက ပြဿနာမှာ ကြယ်မြေပုံပင် ဖြစ်သည်။

ကြယ်မြေပုံကို ရရှိဖို့က အခြားသူများ အတွက် ခက်ခဲနိုင်သော်လည်း သူ့အတွက်က ခက်ခဲမှုမရှိချေ။

ထာဝရနတ်ဘုရားကို မေမေဟု ခေါ်လိုက်ရုံဖြင့် ကြယ်မြေပုံကိုတောင်းဆို၍ ရနိုင်သည် မဟုတ်ပါလား။

ယနေ့ခေတ် ထျန်းယွမ်တွင် နေရာတိုင်း၌ စစ်မြေပြင်များကို တွေ့နိုင်သည်။

ဖုန်းထျန်းမဟာမိတ် အဖွဲ့ကလည်း အင်အား ပြန်လည် တောင့်တင်းလာခဲ့ပြီး နတ်ဘုရား သတ္တဝါများကို အခွင့်အရေး ရလျှင်ရသလို တိုက်ခိုက် သတ်ဖြတ်ခဲ့သည်။

သာမန် အချိန်များတွင် ဖန်ရှင်းက ဖုန်းထျန်းမဟာမိတ် အဖွဲ့၏ သတင်းကို စုံစမ်းမိမည် ဖြစ်သော်လည်း ယခုအချိန်တွင် နဂါးမင်းသမီးကို ကယ်တင်ရန်သာ စိတ်စောနေသည်။

နတ်ဘုရား သတ္တဝါဖြစ်စေ.. ထျန်းယွမ်တိုက်ဖြစ်စေ.. ယခုအချိန်တွင် နဂါးမင်းသမီးထက် ဘယ်အရာမှ အရေးမကြီးပေ။

....

....

"ထာဝရမေမေ.. ငါမင်းကို တွေ့ဖို့ ရောက်လာပြီ."

ဖန်ရှင်း၏ လက်ရှိအဆင့်ဖြင့် ရှန်းရှောင်နန်းတော်ကို ရောက်ရန် တစ်ရက်သာ အချိန်ယူလိုက်ရသည်။

နန်းတော်ရှေ့ကို ရောက်သည်နှင့် သူက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

" ရှန်းရှောင် နန်းတော်ရှေ့မှာ ဘယ်သူ အော်ဟစ် ရမ်းကားနေတာလဲ "

နန်းတော်ထဲမှ မီးခိုးရောင်ဝတ် အစေခံတချို့ ထွက်လာကြပြီး ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

"မင်းရဲ့ ခွေးမျက်လုံးက ကန်းနေလား.. ငါက သူတော်စင်ငယ်ဖန် ဆိုတာ မင်းမသိဘူးလား"

ထိုအခါမှ မီးခိုးရောင်ဝတ် အစေခံများက ပြူးတူးပြဲတဲ ဖြစ်ကုန်ကြသည်။

သူတော်စင်ငယ်ဖန်က ထာဝရနတ်ဘုရား၏ မျက်စိကျခြင်းကို ခံထားရသည့်သူ ဖြစ်ကြောင်း ၎င်းတို့အားလုံး သိထားကြသည်။

"သခင်လေးဖန်.. လွန်ခဲ့တဲ့ ၃ရက်လောက် ကတည်းက

ထာဝရနတ်ဘုရားက သခင်လေးကို လာတွေ့ဖို့ အမိန့်ပေးလိုက်တာ မဟုတ်လား.. ဘာလို့ အခုမှ ရောက်လာရတာလဲ"

မီးခိုးရောင်ဝတ် အစေခံတစ်ယောက်က ဖန်ရှင်းကို အပြစ်တင်သော လေသံဖြင့် ပြောလိုက်သည်။

ထို့နောက် သူက စကားကို ပြန်ဆက်လိုက်သည်။

"လွန်ခဲ့တဲ့၃ရက် ကတည်းက ထာဝရနတ်ဘုရားက ကျောက်စိမ်းနက် တစ်တုံးကို သန့်စင်နေခဲ့တယ်.. သူက သခင်လေးကို မစောင့်နိုင်တော့လို့ ရှန်းရှောင်နန်းတော်ရဲ့ အနောက်ဘက်က တောင်အုပ်ထဲကို ထွက်သွားခဲ့ပြီ.. သခင်လေးရောက်လာရင် ခေါ်ခဲ့ဖို့ ငါ့ကို မှာထားပါတယ်.. ကျေးဇူးပြုပြီး ငါ့နောက်ကို လိုက်လာခဲ့ပေးပါ"

"ထာဝရနတ်ဘုရားက နတ်ဆိုးဘိုးဘေးအတွက် ကျောက်စိမ်းနက်ကို သန့်စင်နေတာများလား"

ဖန်ရှင်းက ခဏမျှ စဉ်းစားပြီးနောက် မီးခိုးရောင်ဝတ်

အစေခံနောက်သို့ လိုက်လာခဲ့သည်။

ရှန်းရှောင်နန်းတော်၏ အနောက်ဘက်တွင် မြင့်မားသော တောင်တန်းများ အပြင် တောအုပ်ကြီးတစ်ခု ရှိသည်။

မီးခိုးရောင်ဝတ် အစေခံက ထိုတောအုပ်ထဲသို့ ပို့ဆောင်ပြီးနောက် ပြန်လှည့်ထွက်သွားခဲ့သည်။

"ခေါင်းကိုးလုံး သတ္တဝါက သွားပြီ မဟုတ်လား"

ဖန်ရှင်းက ထာဝရနတ်ဘုရားကို အော်ခေါ်ရန် စဉ်းစားလိုက်သော အချိန်မှာပင် ထာဝရနတ်ဘုရား၏ အသံက လေထဲကနေပျံ့လွင့်လာသည်။

"ခေါင်းကိုးလုံးသတ္တဝါက ပင်လယ်ပြင်မှာ ကြီးမားတဲ့ အစီအရင် ခင်းကျင်းထားတော့ နဂါးနန်းတော် ပျောက်ကွယ်သွားတဲ့အမှန်တရားကို ဘယ်သူမှ မသိလိုက်ကြဘူး"

"သူက တည်နေရာ ရွှေ့ပြောင်းခြင်း အစီအရင်ကို အသုံးပြုသွားတာပါ အမေ"

ဖန်ရှင်းက ထာဝရနတ်ဘုရားကို ပြန်ပြောလိုက်သည်။

"ဒါဆို မင်းမှာ ဘာအစီအစဉ်ရှိလဲ"

ထာဝရနတ်ဘုရား၏ စကားကိုကြားလျှင် ဖန်ရှင်းက အံကြိတ်လိုက်ပြီး

"ငါ ကြယ်နယ်မြေကို ဖြတ်သန်းဖို့ ဆုံးဖြတ်ထားတယ်.. ငါ့မိန်းမကို ခေါင်းကိုးလုံး သတ္တဝါ လက်ထဲကနေ ကယ်တင်ရမယ်"

"ဒါဆို မင်းက ငါ့အနားမှာနေဖို့ ပြန်လာတာ မဟုတ်ဘူးပေါ့.."

ထာဝရနတ်ဘုရား၏ လေသံက အနည်းငယ် စိတ်ပျက်နေပုံပေါ်နေသည်။

ထို့နောက်တွင် ထာဝရနတ်ဘုရား၏ အသံက ထွက်ပေါ်လာပြန်သည်။

"ကြယ်နယ်မြေကို ခရီးသွားဖို့က အရမ်း အန္တရာယ်များတယ်.. ကပ်ဘေးကိုးခုကို ဖြတ်ကျော်ပြီး အင်မော်တယ် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရင်တောင် ကျော်ဖြတ်နိုင်ဖို့ မသေချာဘူး.. မင်းက အခုမှ ကပ်ဘေးတတိယ အဆင့်ပဲ ရှိသေးတယ်.. အဲ့ဒီကို သွားဖို့က အရမ်း အန္တရာယ်များတယ်.. မင်းငါ့ကို ခေါင်းကိုးလုံး သတ္တဝါရဲ့အောင်မြင်နိုင်ချေ ရာခိုင်မှုန်းကို မေးဖူးတာ မှတ်မိသေးလား.. အဲ့ဒီတုန်းက ငါဆယ်ရာခိုင်နှုန်းလို့ ဖြေခဲ့တယ်.. ဒါပေမဲ့ မင်းဆိုရင်တော့ အောင်မြင်နိုင်ချေက တစ်ရာခိုင်နှုန်းပဲရှိတယ်"

"ဘာပဲဖြစ်ဖြစ် ငါသွားမှာပါ"

ဖန်ရှင်းက ထာဝရ နတ်ဘုရား၏ စကားကို ဆုံးတဲ့အထိ မစောင့်ဘဲ ပြတ်ပြတ်သားသား ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် ထာဝရနတ်ဘုရားက နှုတ်ဆိတ်သွားပြီး

စကားဆက်မပြောဘဲ ခေတ္တရပ်တန့်လိုက်သည်။

ထို့နောက်တွင် ထာဝရ နတ်ဘုရားက

"မင်းသွားလို့ရပြီ"

ဟု အမိန့်ပေးလိုက်သည်။

"အမ်.. ငါဘာမှ မတောင်းဆို ရသေးဘူးလေ.. ဘာလို့ အတင်းနှင်လွှတ်နေတာလဲ"

ဖန်ရှင်းက စိတ်ထဲကနေ မကျေမချမ်း ရေရွတ်လိုက်မိသည်။

ကံကောင်းထောက်မစွာပင် ထာဝရနတ်ဘုရား၏ စကားသံကထပ်မံ ထွက်ပေါ်လာသည်။

"မင်း ဘာလိုအပ်နေတယ် ဆိုတာ ငါသိတယ်.. ငါ့ရဲ့ အစေခံကို

မင်းလိုအပ်တာ ငါညွှန်ကြားထားပြီးသား"

ဖန်ရှင်းက ထိုစကားကို ကြားရလျှင် အလွန် ဝမ်းသာသွားပြီး ရိုသေစွာ ဦးညွတ်လိုက်သည်။

"ဒါဆို ငါသွားတော့မယ်.. မင်းကိုယ်မင်း ဂရုစိုက်ပါ အမေ"

"မင်းလည်း ဂရုစိုက်နော်.. အကယ်၍ ကြယ်နယ်မြေကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်ခဲ့ရင် အထူး သတိထားပြီးနေပါ.. မဟာ အင်မော်တယ်ဘုံက လူတွေကို လျော့မတွက်မိစေနဲ့"

"ငါနားလည်ပါပြီ"

ထို့နောက်တွင် ဖန်ရှင်းက ရှန်းရှောင်နန်းတော် ဆီကို ထွက်ခွာသွားခဲ့သည်။

ဖန်ရှင်းထွက်သွားပြီး မကြာမီမှာပင် ထာဝရနတ်ဘုရားက အဝေး

တစ်နေရာသို့ စူးစိုက်ကြည့်၍ ရေရွတ်လိုက်သည်။

"ရလာဒ်က ဘယ်လို ထွက်လာမလည်း မသိဘူး.. တကယ်ဆို နင်သူ့ကို ဒီအရှုပ်ထဲ ဆွဲမသွင်းသင့်ဘူး.. ကြယ်နယ်မြေမှာ သူ့အတွက် အဖော်ရအောင် မိုးကြိုးရေကန်မှာ အိပ်စက်နေတဲ့ နဂါးကို နင်သွားနှိုးခဲ့တယ်.. နင်သူ့ကို ယုံကြည်မှု လွန်ကဲနေတာလား.. ဒါမှမဟုတ် သေတွင်းထဲ ပို့နေတာလား"

"ငါ့ကို ရူးသွပ်နေတဲ့ မိန်းမလို့ ပြောကြပေမဲ့ ဒီလောကကြီးမှာ နင့်ထက်တော့ ဘယ်သူက ပိုရူးမှာလဲ"

ထာဝရနတ်ဘုရားက ဒေါသတကြီး ရေရွတ်လိုက်သည်။

အပိုင်း(၁၂၄၅) ပြီး၏

စာစဥ်(၈၃) ပြီးပါပြီ။

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၄)

ဘာသာပြန်=လျှမ်းလျှမ်းဝေ

အပိုင်း(၁၂၄၆) ထျန်းယွမ်တိုက်ရဲ့ နောက်ဆုံးလက်ဆောင်

ဖန်ရှင်းက ကြယ်ရောင်စုံ ကောင်းကင်ကြီးကို ငေးကြည့်ရင်း သူ့တွင် လုပ်စရာတွေ အများကြီး ရှိသေးသည်ကို တွေးမိလိုက်သည်။

ထို့ကြောင့် ကြယ်မြေပုံကို ယူရန် ရှန်းရှောင်နန်းတော်သို့ လျင်မြန်စွာ ပျံသန်းလာခဲ့သည်။

နန်းတော်သို့ သက်ဆင်းလိုက်သည်နှင့် မီးခိုးရောင်ဝတ် အစေခံက သူ့ကို အသင့်စောင့်ကြိုနေသည်။

"သခင်လေး လာမယ်ဆိုလို့ ကြိုစောင့်နေခဲ့တာ"

"ငါ့အတွက် ထာဝရနတ်ဘုရားက အပ်ထားတဲ့

ပစ္စည်းကိုထုတ်ပေးစမ်း"

ဖန်ရှင်း၏ အော်ငေါက်မှုကြောင့် မီးခိုးရောင်ဝတ် အစေခံကထိတ်လန့်သွားပြီး

"ဟို.. အမှန်တော့ ထာဝရနတ်ဘုရားက ဘာပစ္စည်းမှ ငါ့ကို မအပ်ထားပါဘူး"

"ငါ့ကို လိမ်ရဲတယ် ဆိုတော့ မင်းသေချင်နေပြီလား"

"ထာဝရနတ်ဘုရားက ငါ့ကို မှာလိုက်တယ်.. တကယ်တော့ ကြယ်မြေပုံဆိုတာ မင်းကို ထာဝရနတ်ဘုရား ချီးမြှင့်ထားတဲ့ နတ်နန်းတော်နဲ့ သဘောတရားချင်း အတူတူပဲတဲ့"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အလွန် အံ့အားသင့်သွားသဖြင့် ရုတ်တရက် စကားမပြောနိုင်တော့ပေ။

ခဏမျှကြာမှ သူက မီးခိုးရောင်ဝတ် အစေခံကို

မေးခွန်းထုတ်လိုက်သည်။

"ထာဝရနတ်ဘုရားက ငါနဲ့ ပတ်သက်ပြီး ဘာတွေပြောခဲ့သေးလဲ"

"ကြယ်နယ်မြေက အဆုံးမဲ့ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတယ်.. အထူးသဖြင့် သခင်လေးလို ကပ်ဘေးတတိယ အဆင့်အတွက် ဆိုရင် ဒီအကန့်အသတ်မဲ့ ကြယ်နယ်မြေထဲကို ခရီးထွက်ဖို့က အလွန် အန္တရာယ်များတယ်.. နတ်နန်းတော်လို အကာအကွယ် ရတနာသာ မရှိရင် တစ်လက်မတောင် ရွှေ့လျားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး.. သခင်လေးက ကပ်ဘေးအဆင့်ဆိုတော့ ဝိညာဉ် စွမ်းအင်ကို ရှူရှိုက်ပြီး အသက်ရှင်နိုင်ပေမဲ့ အဲ့ဒီနေရာကို သွားဖို့ အတွက်က ပစ္စည်းကောင်းတွေပြင်ဆင်ထားဖို့ လိုအပ်နေတယ်"

"ရေတို့ အရက်တို့ကို ပြောနေတာလား"

ဖန်ရှင်းက လေးနက်စွာ မေးလိုက်သည်။

"ဝိညာဉ်စွမ်းအင် အမြောက်အများကို ပြင်ဆင်ထားဖို့ လိုအပ်တယ်..

များလေလေ ပိုကောင်းလေပဲ.. အကန့်အသတ် မရှိဘူး"

"အဲ့ဒါတွေအပြင် ပြင်ဆင်ထားရမဲ့ အရာတွေ အများကြီးပဲ.. ဝိညာဥ်ဆေးလုံးနဲ့ အဆိပ်ဖြေဆေးလုံး အမျိုးမျိုးတို့လိုပေါ့.. ကြယ်နယ်မြေမှာ မထင်မှတ်ထားတဲ့ အရာတွေ အများကြီး ရှိတယ်.. သခင်လေးသာ ဒီကမ္ဘာကနေ မယူဆောင်သွားရင် ဟိုမှာ ဘယ်လိုမှ မရနိုင်ဘူး.. ဒီအမှန်တရားကိုတော့ သခင်လေး လက်ခံတယ် မဟုတ်လား"

"ငါနားလည်ပါတယ်.. ဆက်ပြောစမ်းပါ"

ဖန်ရှင်းနှင့် အစေခံအိုကြီးက မေးခွန်း ထုတ်လိုက် ဖြေလိုက်ဖြင့် အလုပ်ရှုပ်နေသည်။

အစေခံအိုကြီးက ယေဘုယျ ကိစ္စတွေကို သေသေချာချာ ရှင်းပြခဲ့ပြီး ပစ္စည်းပေါင်းများစွာ သယ်ဆောင်သွားရန် ဖန်ရှင်းကို တိုက်တွန်းလိုက်သည်။

ထိုအကြောင်းအရာများကို ပြောပြပြီးသောအခါ မီးခိုးရောင်ဝတ်

အစေခံက ဘဏ္ဍာတိုက်ထဲမှ အင်မော်တယ် ရွှေတစ်ထောင်ကို ယူကာ လေးနက်သော အမူအရာဖြင့် ဖန်ရှင်းကို ပေးလိုက်သည်။

"ဒီပစ္စည်းက ဘာလုပ်ဖို့လဲ"

ဖန်ရှင်းက အနည်းငယ် မျက်မှောင်ကြုတ်၍ မေးခွန်းထုတ်လိုက်သည်။

ထိုမတိုင်မီကလည်း နတ်ဘုရား ဘုရင်နှစ်ပါးထံမှ အင်မော်တယ် ရွှေနှစ်ရာဆီကို ရရှိခဲ့သော်လည်း ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။

"ကြယ်နယ်မြေထဲ ရောက်တဲ့အခါ ဒီရွှေတွေက အသုံးဝင်လာလိမ့်မယ်.. ငါလည်း အဲ့ဒီလောက်ပဲ သိထားတယ်.. "

မီးခိုးရောင်ဝတ် အစေခံအိုကြီးက ဖန်ရှင်းကို ရှင်းပြလိုက်သည်။

ယင်းနောက်တွင် ဖန်ရှင်းက အရှေ့ပင်လယ်သို့ ပြန်ရန်

ဆုံးဖြတ်လိုက်တော့သည်။

ယခုအချိန်တွင် သူ့အတွက် အချိန်က အလွန် အရေးပါနေသည် မဟုတ်ပါလား။

ထာဝရနတ်ဘုရားက ကြယ်မြေပုံကို မပေးလိုက်သော်လည်း ကြယ်နယ်မြေထဲတွင် သွားလာနိုင်ရန်နှင့် အရေးကြီးသော အရာများကို ပြောပြခဲ့သည်။

ယနေ့နှင့်ပါ ဆိုလျှင် ခေါင်းကိုးလုံး မောင်နှမ ထျန်းယွမ်တိုက်က ထွက်ခွာသွားသည်မှာ ငါးရက်ခန့်ရှိပြီ ဖြစ်ရာ ဖန်ရှင်းက နဂါးမင်းသမီး အတွက် အလွန် စိုးရိမ်နေခဲ့သည်။

ဖန်ရှင်းက အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။

ဖုန်းချန်းတောင်မှ ထွက်ခွာပြီးနောက် ဖန်ရှင်းက ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ခဲ့ပြီး တိမ်ပေါ်သို့ ခုန်တက်ကာ တစ်နေရာသို့ ခရီး

ထွက်လာခဲ့၏။

ခဏအကြာတွင် နတ်ဘုရား နန်းတော်၏ ထိန်းချုပ်မှုအောက်ရှိ တာအိုစံအိမ်ကြီး တစ်ခု ဆီသို့ ရောက်ရှိလာသည်။

ဖန်ရှင်းက ထိုတာအိုစံအိမ်ကြီး တည်ရှိနေသည့် တောင်တန်းကိုခြေထောက်ဖြင့် ကန်လိုက်ရာ စံအိမ်ကြီးက သွက်သွက်ခါအောင် လှုပ်ရမ်းသွားသည်။

"မကောင်းတော့ဘူး"

"အင်အားကြီးမားတဲ့ ရန်သူ ရောက်လာပြီ"

"ငါ့ရဲ့ ပိုင်နက်ကို ကျူးကျော်ဖို့ အတင့်ရဲတဲ့သူက ဘယ်သူလဲ"

"အိုး.. ကြည့်ရတာ နတ်ဘုရားနန်းတော်က တမန်တော်တွေ ရောက်လာတာများလား"

၎င်းတို့က နတ်ဘုရား နန်းတော်၏ ထိန်းချုပ်မှုအောက်ရှိ အေးချမ်းစွာ နေထိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

စံအိမ် အကြီးအကဲက အထိတ်တလန့် ဖြစ်ကာ လေထဲသို့ ခုန်တက်၍ ရန်သူကို ရှာဖွေရင်း ကပ်ဘေးတတိယအဆင့် အော်ရာများ ထွက်ပေါ်နေသည့် ဖန်ရှင်းကို တွေ့လိုက်ရသည်။

"သခင်လေးက ဘယ်သူလည်း ဆိုတာ ပြောပြပေးလို့ ရမလား"

"မင်းက ယဉ်ကျေးမှုတော့ ရှိသားပဲ.."

"သခင်လေး ဘာအလိုရှိလဲ ကျနော့်ကိုပြောပါ.. ကျနော်တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါ့မယ်"

စံအိမ် အကြီးအကဲက ပျာပျာသလဲ ပြောလိုက်သည်။

ကပ်ဘေးအဆင့် ကျင့်ကြံသူရှေ့တွင် သူက ဟိတ်ဟန်သွားမထုတ်ဝံ့ချေ။

"ငါက နတ်ဘုရားနန်းတော်က သူတော်စင်ငယ် ဖန်ရှင်းပဲ.. ငါ့အကြောင်းကို ကြားဖူးတယ် မဟုတ်လား"

ဖန်ရှင်း၏ သူ့ကိုယ်သူ မိတ်ဆက်သည့် စကားကိုကြားလျှင် မုတ်ဆိတ်မွေးရှည်များ ခန့်ညားစွာ ပေါက်နေသည့် စံအိမ်အကြီးအကဲက တစ္ဆေသရဲကို မြင်လိုက်ရသကဲ့သို့ တုန်လှုပ်သွားပြီး ရိုသေစွာ ပြောလိုက်သည်။

"သခင်လေးက ဖန်ရှင်းကိုး.. သခင်လေး အလိုရှိတာ ကျနော့်ကိုပြောပါ.. စံအိမ်တစ်ခုလုံးကို လိုချင်တယ်ဆိုလည်း ရပါတယ်"

စံအိမ်သခင်၏ ပျူငှာသော စကားကိုကြားလျှင် ဖန်ရှင်းက သက်ပြင်းချလိုက်ပြီး

"မင်းက ဒီလောက် ရက်ရောနေမှတော့ အသားတန်ချိန်တစ်သန်း..

ရေကန်ဆယ်ကန်.. အရက်အိုးပေါင်း တစ်သောင်း.. ဝိညာဉ်ဖူးငုံ အဆင့် ကျင့်ကြံသူတွေ သန့်စင်ထားတဲ့ ဆေးလုံးတစ်သိန်းနဲ့ လှတပတ မိန်းကလေးတွေကို ယူလာခဲ့ပေး.. "

"အိုး.. သခင်လေးက ဒီလောက် အများကြီးကို ဘာလုပ်မလို့လဲ"

စံအိမ်တစ်ခုလုံးကို ယူလိုက ယူနိုင်သည်ဟု လောကွတ်ချောခဲ့သော စံအိမ် အကြီးအကဲပင် ဖန်ရှင်း၏ တောင်းဆိုမှုကို ကြားသောအခါ ထိတ်လန့်တကြား ဖြစ်သွားသည်။

ပတ်ဝန်းကျင်တွင် ပုန်းအောင်းနေသည့် တာအိုစံအိမ်မှ ကျင့်ကြံသူ တချို့ကလည်း ဖန်ရှင်း၏ တောင်းဆိုမှုကို ကြားလျှင် အံ့အားသင့်သွားကြသည်။

ဖန်ရှင်း၏ တောင်းဆိုမှုက အမှန်တကယ်ပင် ဒေါသထွက်စရာ ကောင်းနေသည်။

အသားတန်ချိန် တစ်သန်း.. ရေကန်ဆယ်ခုနှင့်

အရက်အိုးတစ်သောင်းက သူတို့စံအိမ်အတွက် ခံနိုင်ရည်ရှိသေးသည်။

သို့သော် ဝိညာဉ်ဖူးငုံ အဆင့်ကျင့်ကြံသူများ သန့်စင်ထားသည့် ဆေးလုံးတစ်သိန်းမှာမူ ၎င်းတို့အတွက် ကြီးမားသောဝန်ကိုထမ်းလိုက်ရသလို ဖိအားဖြစ်စေသည်။

၎င်းတို့က ပထမတန်းစား ဂိုဏ်းတစ်ခု ဖြစ်သော်လည်း စံအိမ်တစ်ခုလုံးကို ရောင်းချလျှင်ပင် ထိုမျှ မရရှိနိုင်ပေ။

ဖန်ရှင်းက သူတော်စင်ငယ်သာ ဖြစ်သော်လည်း ကိုယ်ပိုင်နယ်မြေ မရှိချေ။

ထို့ကြောင့် ကြယ်နယ်မြေသို့ သွားရန် လိုအပ်သည့် ပစ္စည်းများကို အေးဆားပြတိုက်နေရခြင်း ဖြစ်သည်။

ဖန်ရှင်း၏ ယုတ္တိမတန်သည့် တောင်းဆိုမှုကြောင့် စံအိမ်အကြီးအကဲက မေ့လဲကျမတတ်ပင် ဖြစ်သွားရသည်။

ယင်းနောက်တွင် ဖန်ရှင်းက အကြီးအကဲ၏ ပြုံတော့မည့်မိုးကဲ့သို့ ငိုကြွေးခါနီး မျက်နှာကို စေ့စေ့ ကြည့်လိုက်ပြီး

"ငါက ဓားပြတိုက်နေတာပဲ"

ဟု ခပ်ယဲ့ယဲ့ ပြုံး၍ ပြောလိုက်သည်။

....

....

တာအိုစံအိမ်ကို အေးဓားပြတိုက်ပြီး နောက်တွင် ဖန်ရှင်းကနတ်ဘုရား နန်းတော် လက်အောက်ရှိ ဂိုဏ်းအဖွဲ့အစည်းအားလုံး နီးပါးကို လှည့်ပတ်၍ ဓားပြတိုက်ခဲ့သည်။

ဖန်ရှင်း၏ တနင့်တပိုး တောင်းဆိုမှုကို မည်သူမှ မလိုလားသော်လည်း ဖန်ရှင်း၏ လက်ရှိ ခွန်အားနှင့် အဆင့်အတန်းကိုမည်သူက

အံတုနိုင်ပါမည်နည်း။

ပုံမှန်အားဖြင့် ထိုသို့ ကျူးလွန်သည့် အမှုမျိုးကို နတ်ဘုရားဘုရင်သုံးပါးက ကိုင်တွယ်လေ့ရှိသော်လည်း နတ်ဘုရားဘုရင်သုံးပါးပင် ဖန်ရှင်းကို ပေါ့ပေါ့တန်တန် သဘောမထားရဲလေရာ ၎င်းတို့အတွက်က သနားစရာ ဖြစ်နေသည်။

သိပ်မကြာခင်မှာပင် ဖုန်းချန်းတောင်ရှိ ရှန်းရှောင်နန်းတော်သို့တိုင်ကြားမှုမျိုးစုံ ရောက်ရှိလာသည်။

ထာဝရနတ်ဘုရား ကိုယ်စား ကိစ္စရပ်များကို ကိုင်တွယ်နေသည့် မီးခိုးရောင်ဝတ် အစေခံအိုကြီးပင် ခေါင်းကိုက်လာပြီး ထာဝရနတ်ဘုရား၏ အကြံဉာဏ်ကို လာရောက် တောင်းခံရသည် အထိပင်။

အစေခံအိုကြီးထံမှ ဖြစ်ကြောင်း ကုန်စင်ကို နားထောင်ပြီးလျှင် ထာဝရနတ်ဘုရားက ခဏမျှ နှုတ်ဆိတ်နေပြီးမှ ရယ်မောလိုက်ပြီး

"ဒီကိစ္စကို မေ့လိုက်ပါ.. ဘာလို့လည်းဆိုတော့ ဒီပစ္စည်းတွေက

ဒီကောင်လေး အတွက် ထျန်းယွမ်တိုက်ရဲ့ နောက်ဆုံးလက်ဆောင် ဖြစ်သွားနိုင်လို့ပဲ"

အပိုင်း(၁၂၄၆) ပြီး၏

အပိုင်း(၁၂၄၇) ကောင်းကင်ထက်တွင် ကြက်ဝက်ဘဲများ ပျံသန်းခြင်း

ယနေ့ခေတ်တွင် ထျန်းယွမ်တိုက်ကြီး တစ်ခုလုံးက ကမောက်ကမ ဖြစ်နေသည်။

အကြောင်းရင်းမှာ ဖန်ရှင်းက ရက်အနည်းငယ် အတွင်း ထျန်းယွမ်တိုက်၏ တာအိုဂိုဏ်း အားလုံးကို ဓားပြတိုက်သွားသောကြောင့်ပင်။

ထိုကြောက်စရာ ကောင်းသော ဓားပြမှုက နတ်ဘုရား ကုန်းမြေ မြောက်ပိုင်းကနေ စတင်လာခဲ့ပြီး ဝိဒေဟရာဇ် အပါအဝင် နိုင်ငံပေါင်း များစွာကို ဖြတ်သန်းသွားခဲ့သည်။

တောင်ပိုင်း ကျန်းပူတိုက်ကြီးပင် သူ၏လက်မှ မလွတ်မြောက်ခဲ့ပေ။

ထို့အပြင် သူလိုအပ်သည့် အရင်းအမြစ်များအား အင်မော်တယ်ဘုံငယ်မှ သခင်ဇပါးကို ရှာခိုင်းလိုက်သေးသည်။

ထျန်းယွမ်တိုက်ကို ကိုင်တွယ်နေသည့် နတ်ဘုရားဘုရင်များ၏ တိတ်ဆိတ်နေမှုက ဖန်ရှင်းကို စိတ်တိုင်းကျ ဓားပြတိုက်ရန် လွှတ်ပေးထားသလို ဖြစ်နေသည်။

ရက်အနည်းငယ်အတွင်း တာအိုဂိုဏ်း အားလုံး နီးပါး မည်မျှ ချွတ်ခြုံကျပြီး နိုင်ငံပေါင်း မည်မျှ မွဲပြာကျသွားသည်ကိုပင် မသိနိုင်တော့ချေ။

လယ်ကွင်းများကို ဖျက်ဆီးသော ကျိုင်းကောင်များ ကဲ့သို့ပင် သူလာသည်နှင့် ထိုနေရာက ပြောင်သလင်းခါသွားခဲ့သည်။

စစ်ပွဲကြီး နီးကပ်လာ၍ နေရာတိုင်းတွင် အန္တရာယ်များရှိနေသော်လည်း အဆုံးသတ်တွင် ထျန်းယွမ်တိုက်ရှိ ကျင့်ကြံသူများ၏ အာရုံက ဖန်ရှင်းအပေါ် တွင် အလုံးစုံ

ကျရောက်သွားခဲ့ကြသည်။

ကံကောင်းထောက်မစွာပင် ဖန်ရှင်းက အလျင်လိုနေခဲ့သည့် အတွက် ဓားပြေတိုက်သည့် ခရီးစဉ်ကို သုံးရက် ကြာပြီးနောက် ရပ်တန့်ပစ်လိုက်သည်။

သူက အရှေ့ပင်လယ်ကို စောစောစီးစီး သွားပြီး အောင်းလီနှင့်အတူ နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းကို သွားရန် စိတ်စောနေခဲ့သည်။

ကံကောင်းစွာပင် သူမျှော်လင့်ထားတာထက် နောက်ကျပြီးမှ ရောက်လာသော်လည်း အောင်းလီက ထိုနေရာမှာပဲ ရှိနေပါသေးသည်။

"ဘာလို့ ဒီလောက် နောက်ကျနေတာလဲ"

နဂါးနန်းတော်၏ မူလ နေရာတွင် တပုလ္လင်ခွေ၍ ထိုင်နေသော တတိယမင်းသား အောင်းလီက အနည်းငယ် စိတ်မရှည်သော လေသံဖြင့် မေးလိုက်သည်။

"မင်းက ငါ့ကို အပြစ်တင်နေတာလား.."

ဖန်ရှင်းက သိုလှောင်အိတ်ပေါင်း အများအပြားကို ထုတ်ပြ၍ ပြောလိုက်သည်။

ထို သိုလှောင်အိတ်များထဲတွင် သောင်းနှင့်ချီသော ပစ္စည်းများရှိနေမည်မှာ သေချာနေသော်လည်း မည်သည့်ပစ္စည်းများ ရှိနေမည်ကို အောင်းလီက မသိချေ။

ဖန်ရှင်းက ဒေါသထွက်နေသော လေသံဖြင့်

"ဦးလေးဖန်က ဒီအထောက်အပံ့ ပစ္စည်းတွေရဖို့ သုံးရက်အတွင်း တာအိုဂိုဏ်း ဘယ်လောက်အထိကို ဓားပြတိုက်ခဲ့ရလည်း မင်းသိလား"

ဟု ပြောလိုက်သည်။

"နေပါဦး.. မင်းဘာတွေ စုဆောင်းလာတာလဲ"

သိုလှောင်အိတ် အများအပြားကို တွေ့လိုက်ရ၍ အံ့အားသင့်နေသော အောင်းလီက မေးခွန်းထုတ်လိုက်သည်။

ဖန်ရှင်းက ဘူးသီးခြောက် အရက်ဘူးထဲမှ အရက်ကို မော့သောက်လိုက်ပြီး

"တောင်တန်းတွေမှာ ကျင်လည်တဲ့ ဌက်တွေနဲ့ သားရဲတွေ ရာချီကို ငါစုဆောင်းထားတယ်.. ရေကန်နှစ်ဆယ်လည်း ပါတယ်.. နက်ရှိုင်းတဲ့ တောင်တန်းကနေ စီးဆင်းလာတဲ့အတွက် ရေအရင်းအမြစ် ကလည်း ကောင်းတယ်.. ဒါ့အပြင် ပိုင်ယွီမြို့တော်က အရက်အိုး တစ်သိန်းလည်း ပါတယ်.. တခြားဆေးဖက်ဝင် အပင်တွေ.. အသီးအနှံတွေနဲ့ ဝိညာဉ် ဆေးလုံးတွေကတော့ တစ်ညလုံး ထိုင်ရေတွက် နေရင်တောင် ပြီးမှာမဟုတ်ဘူး.. "

"မင်းရူးနေတာလား"

အောင်းလီက အစောပိုင်းတွင် တင်းမာသော မျက်နှာထား ရှိသော်လည်း ဖန်ရှင်း၏ စကားကို ဂရုတစိုက် နားထောင်ပြီးနောက် အနည်းငယ် မှင်တက်သွားခဲ့သည်။

"ဘယ်လိုအရူးက ဒီလောက် ပစ္စည်းအများကြီးကို ဓားပြတိုက်နိုင်လို့လဲ"

ဖန်ရှင်းက အောင်ပွဲခံသော အမူအရာဖြင့် ရင်ဘတ်ကို ပုတ်ပြကာ ပြောလိုက်သည်။

အောင်းလီက ဖန်ရှင်း၏လုပ်ရပ်ကို နားလည်ဖို့ ခက်ခဲနေသော်လည်း လက်ရှိအချိန်၌ ဖန်ရှင်းနှင့် မငြင်းခုံသင့်မှန်း သိထား၍ ခဏမျှ နှုတ်ဆိတ်နေလိုက်သည်။

အတန်ကြာမ ှ

"ခရီးထွက်ဖို့ လိုအပ်တဲ့ပစ္စည်း အားလုံး အဆင့်သင့်ဖြစ်ပြီလား"

ဟု မေးလိုက်သည်။

"အဆင်သင့် ဖြစ်လုနီးပါးပဲ"

"ဘာလို့ဖြစ်လုနီးပါးလို့ ပြောတာလဲ"

"ဘာလို့လည်းဆိုတော့ ကျန်းပူတိုက်ကနေ အဆိုမယ်လေးတချို့ကို ပို့ခိုင်းထားပေမဲ့ အခုထိ ရောက်မလာသေးလို့လေ"

ဖန်ရှင်းက ခေါင်းခါ၍ စိတ်ပျက်စွာ ပြောလိုက်သည်။

"မင်း.. မင်းက အဆိုမယ်လေးတွေကို ဘာလို့ခေါ်ချင်တာလဲ"

အောင်းလီက ဖန်ရှင်း၏ စကားကြောင့် ရှုးသွပ်လုမတတ် ဖြစ်နေပြီး မမေးဘဲ မနေနိုင်တော့ချေ။

"ခရီးစဉ်က အထီးကျန်တယ်လေ.. သူတို့ပါလာတော့ မပျင်းရဘူးပေါ့"

ဖန်ရှင်းက တည်တည်တံ့တံ့ အမူအရာဖြင့် ပြောလိုက်သည်။

အောင်းလီက အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ရင်း ဖန်ရှင်းနှင့် ရန်မဖြစ်မိစေရန် မနည်း ထိန်းချုပ်လိုက်ရသည်။

ထို့နောက် အောင်းလီက လေးနက်သော အသံဖြင့်

"ဘာပဲဖြစ်ဖြစ် မင်းငါ့ကို ကူညီလို့ ကျေးဇူးတင်ပါတယ်.. ရှေးဟောင်းလမ်းပေါ် ခြေချဖို့ ဘာတွေ ပြင်ဆင်ရမလည်း ဆိုတာ ငါတကယ် မသိခဲ့ဘူး.. မင်းဒီက ထွက်သွားတော့ ဘိုးဘေးတွေရဲ့ မှတ်တမ်းကို ငါ ဖတ်ရှုခဲ့တယ်.. အတော်များများက ရှေးဟောင်းလမ်းကနေ ခရီးထွက်ရင်း သေဆုံးကုန်ကြတာပဲ.. ဟိုနေ့ကသာ မင်းငါ့ကို မဟန့်တားခဲ့ရင် ကြယ်နယ်မြေမှာ ငါဒုက္ခ အကြီးအကျယ် တွေ့မှာ အသေအချာပဲ.."

အောင်းလီ၏ ရိုးသားစွာ ဝန်ခံမှုကို ကြားရလျှင် ဖန်ရှင်းကအနည်းငယ် စိတ်သက်သာရာ ရသွားသည်။

"နောက်ဆုံးတော့ ငါ့ယောက်ဖ ငါ့ကို နားလည် လက်ခံလာခဲ့ပြီ"

အောင်းလီနှင့် ပြန်လည်တွေ့ဆုံစဉ်က ပြေလည်မှု မရခဲ့ဘဲ သေခြင်းရှင်ခြင်း တိုက်ပွဲကို ဆင်နွှဲခဲ့ရသည်။

ယခုတော့ အောင်းလီက သူ့အားနည်းချက်တချို့ကို ဝန်ခံလာခဲ့သည့်အတွက် သူနှင့် ဆက်ဆံရေးက အရင်ထက် နွေးထွေးလာသည်ဟု ဆိုနိုင်သည် မဟုတ်ပါလား။

"မင်းက ငါ့ယောက်ဖပဲလေ.. မင်းမဆင်မခြင် လုပ်တာ တွေ့ရင် ငါတား..."

ဖန်ရှင်းက အောင်းလီကို နှစ်သိမ့်ပေးရန် ပြင်လိုက်သော်လည်း သူ့စကား မဆုံးခင်မှာပင် အောင်းလီက ကြားဖြတ် ပြောလိုက်သည်။

"ကျေးဇူးတင်တယ် ဆိုပေမဲ့ ငါ့မှာ ပြောစရာတွေ ရှိသေးတယ်"

ထိုစကားကို ကြားလျှင် ဖန်ရှင်း၏ မျက်နှာက ခဏမျှအေးစက်သွားပြီး

"ဘာပြောမလို့လဲ "

ဟု ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"မင်းဟာမင်း ဘယ်သူပဲ ဖြစ်နေပါစေ.. နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို ဘယ်သူ့ကိုမှ ခြေချခွင့် မပြုနိုင်ဘူး"

ထိုသို့ ပြောရင်း အောင်းလီ၏ မျက်လုံးများက ရုတ်တရက် အေးစက်လာခဲ့သည်။

"ဒါက..."

ဖန်ရှင်းက အောင်းလီ၏ စကားကြောင့် ရုတ်တရက် မှင်သက်သွားခဲ့သည်။

"ငါ့မှာ အရင်းအမြစ်တွေ အဆင်သင့် ဖြစ်နေပြီလေ.. ဘာလို့ ငါ့ကို ခေါ်မသွားချင်ရတာလဲ"

ဖန်ရှင်း၏ စကားမဆုံးမီမှာပင် အောင်းလီက ရုတ်တရက် နဂါးအသွင်သို့ ပြောင်းလဲလိုက်ပြီး လေထဲသို့ မပျံတက်ခင် သိုလှောင်အိတ်များကို ယူငင်လိုက်သည်။

သူ၏ ကြောက်မက်ဖွယ် နဂါးအော်ရာကြောင့် ဖန်ရှင်းပင်နောက်သို့ ကပျာကယာ ဆုတ်လိုက်ရသည်။

အောင်းလီက နဂါးအမြီးကို တဖျပ်ဖျပ် ခတ်လိုက်ပြီး တိမ်ကြားထဲသို့ တိုးဝင်ကာ ကောင်းကင်ဆီသို့ တန်းတန်းမတ်မတ် ပျံသန်းသွားသည်။

"နင့်မေသောက်ဖုတ်.. ဒီလူယုတ်မာက ငါ့ပစ္စည်းကို ခိုးရဲတယ်"

ဖန်ရှင်းက ဒေါသတကြီး ရေရွတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူက အောင်းလီ၏ အကြံအစည်ကိုနားလည်သွားခဲ့သည်။

အောင်းလီက အရင်းအမြစ်ကို ရယူပြီးသည်နှင့် သူ့ကို ကန်ထုတ်ရန် ကြိုတင် စီစဥ်ထားပုံရသည်။

ယခုအချိန်တွင် ဖန်ရှင်းက ဒေါသ အကြီးအကျယ် ထွက်နေသည်။

ယောက်ဖနဂါးက မိုးကြိုးရေကန်တွင် ကုသရင်း အတိတ်မေ့ခဲ့သော်လည်း တစ်ချိန်က သူနှင့် အတူ လုယက်ခဲ့သည့် အလေ့အထများကိုမူ မေ့ပျောက်သေးပုံ မရချေ။

သူဒေါသထွက်နေသည်က သူ၏ လုယက်သော ပညာရပ်ဖြင့် သူ့ကို ပြန်လုယက်သွားသောကြောင့်ပင်။

"အောင်းလီ.. မင်းက ငါ့လို ဓားပြဘိုးအေ အဆင့်ကို လုယက်နိုင်မယ်လို့များ ထင်နေလား.. မင်းက အရမ်း သနားစရာကောင်းတဲ့ ကောင်ပဲ"

စကားပြောရင်း သူက ခါးတွင် ချိတ်ထားသည့် အရိုးစု ဦးခေါင်းခွံကို လေထဲသို့ ပစ်တင်လိုက်ရာ အရိုးစုဦးခေါင်းခွံကတဖြည်းဖြည်း ကြီးမားလာသည်။

ထို့နောက် သူက အရိုးစု ဦးခေါင်းခွံကို စီးကာ အောင်းလီ၏ နောက်သို့ လိုက်လာခဲ့သည်။

နတ်နန်းတော်ကိုလည်း အရိုးစုဦးခေါင်းခွံထဲတွင် ဖွင့်ထားလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ လျောင်ရယ်သံများက လေထဲတွင် ပျံ့နှံ့သွားခဲ့သည်။

"ဟားဟား မင်းက ငါ့ဆီက အကုန်လုံး လုယူသွားနိုင်တယ်လို့

ထင်နေလား.. ပစ္စည်းကောင်းမှန်သမျှကို ငါ့ရဲ့ နတ်နန်းတော်ထဲမှာ ငါသိမ်းထားပြီးသား.. ယောက်ဖ.. အရင်းအမြစ်တွေ သိပ်မရှိဘဲနဲ့ မင်းဘယ်လို ခရီးသွားမလည်း ငါကြည့်ချင်သေးတယ်"

အရိုးစုဦးခေါင်းခွံ၏ မြန်နှုန်းကြောင့် သိပ်မကြာခင်မှာပင် အောင်းလီကို နီးကပ်စွာ လိုက်မီလာခဲ့သည်။

အောင်းလီက ယခုအချိန်တွင် အလွန်အရှက်ရနေသည်။

သူက ဖန်ရှင်းထံမှ အရင်းအမြစ်ကို လုယူကာ ထွက်သွားရန်ကြံစည်ထားခဲ့ပြီး နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းသို့ ခေါ်ဆောင်သွားရန် ရည်ရွယ် မထားခဲ့ပေ။

ယခု သူ့လက်ထဲက ဝန်ထုပ်ဝန်ပိုးက သူ၏ အမြန်နှုန်းကိုထိခိုက်စေပြီး ဖန်ရှင်းကို မျက်ခြေဖြတ်မည့် သူ၏ အကြံအစည်ကို အနှောင့်အယှက် ပေးနေခဲ့သည်။

ယင်းသို့သော အချိန်တွင် ဖန်ရှင်း၏ လှောင်ပြောသံများကိုကြားလျှင်

သူက ဒေါသထွက်ကာ အရင်းအမြစ်များကို လွှင့်ပစ်လိုက်သည်။

လက်ရှိအချိန်တွင် အရင်းအမြစ်ထက် ဖန်ရှင်းကို မျက်ခြေဖြတ်ရန်သာ သူက ဆုံးဖြတ်လိုက်သည်။

လူတစ်ဦးနှင့် နဂါးတစ်ကောင်က တစ်ဦးကပြေး.. တစ်ဦးကလိုက်ဖြင့် အလင်းတန်းနှစ်စင်း အသွင် ပြောင်းလဲကာ ကောင်းကင်ပေါ်သို့ ပြေးထွက်သွားကြသည်။

"ငါသခင်လေးက မင်းနဲ့အတူ ရှေးဟောင်းလမ်းကို လျှောက်ဖို့စိတ်ပိုင်း ဖြတ်ထားပြီးပြီ.. မင်းငါ့ကို ထားခဲ့လို့ မရစေရဘူး"

ဖန်ရှင်း၏ နောက်ဆုံး ကြွေးကြော်သံက ကောင်းကင်နှင့်မြေကြီးသို့ ပျံ့နှံ့သွားပြီး ထျန်းယွမ်တိုက် တစ်ခုလုံးကို ကြားစေသည်။

ထိုအသံက လူပေါင်းများစွာကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့သည်။

"ဘယ်သူ ကောင်းကင်ကို တက်သွားတာလဲ"

"အဲဒါ မိစ္ဆာလေးပဲ... သူ အင်မော်တယ် အဆင့်ကို တက်တော့မှာများလား"

မရေတွက်နိုင်သည့် ကျင့်ကြံသူများက တုန်လှုပ်ခြောက်ခြားသွားပြီး ကောင်းကင်ကို မျှော်ကြည့်ကာ အံ့သြတကြီး အော်ဟစ်လိုက်ကြသည်။

ထျန်းယွမ်တိုက်မှ ဖန်ရှင်း ထွက်ခွာရန် ပြင်ဆင်နေသည်ကို လူအနည်းငယ်လောက်သာ သိထားကြသည်။

ထိုအထဲတွင် အရင်းအမြစ်များကို ကိုယ်တိုင်ကိုယ်ကျ ရှာဖွေပေးခဲ့ရသည့် အင်မော်တယ် ဘုံငယ်မှ သခင်ရှစ်ပါးလည်း ပါဝင်သည်။

ထင်မှတ်မထားသည့် အရာမှာ တကယ်တမ်း ဖန်ရှင်း ထွက်ခွာသွားသောအခါ ၎င်းတို့အားလုံးက ဝမ်းနည်းနေခဲ့ကြခြင်းပင်။

ထျန်းယွမ်တိုက်မှ လူများက ကမ္ဘာ့အပြင်ဘက်ကို ပျံသန်းသွားသည့် လူနှစ်ယောက်ကို ကြည့်နေကြသည်။

ယင်းအချိန်မှာပင် လေထုထဲမှ ကျလာသော သိုလှောင်အိတ်များက ပွင့်ထွက်သွားပြီး အထဲမှ ရတနာပစ္စည်းများနှင့် သားရဲများက ပြုတ်ကျလာသည်။

ထိုအထဲတွင် ကြက်.. ဝက်.. ဘဲ.. ငါး.. သိုးနှင့် ငါးအချို့ပင် ပါဝင်နေသည်။

အမျိုးအမည် စုံလင်သော သားရဲများက ကောင်းကင်တစ်ခုလုံး ပြန့်ကျဲ၍ ကျလာသဖြင့် ကောင်းကင်ကို မျှော်ကြည့်နေကြသည့် လူများ၏ မြင်ကွင်းကို ဖုံးကွယ်သလို ဖြစ်စေသည်။

ပိုဟိုင်နိုင်ငံ၏ တောင်ဘက်အရပ်တွင် အဖြူရောင် ဝတ်စုံဝတ်ထားသည့် ကြာပန်းမိန်းကလေးက ကောင်းကင်ကို မော့ကြည့်နေသည်။

ကောင်းကင်ပေါ်မှ ထူးခြားသော မြင်ကွင်းကို မြင်ရလျှင် သူမ မပြုံးဘဲ မနေနိုင်တော့ချေ။

"ဟိုးအရင်တုန်းကတော့ ထျန်းယွမ်တိုက်ရဲ့ ကောင်းကင်ထက်မှာ အင်မော်တယ်တွေ ပျံသန်းနေတာ မကြာခဏ တွေ့ခဲ့ရတယ်.. အခုတော့ ကြက်တွေဘဲတွေတောင် မိစ္ဆာလေး ကောင်းမှုနဲ့ ပျံသန်းနေကြပြီပဲ"

အပိုင်း(၁၂၄၇) ပြီး၏

အပိုင်း(၁၂၄၈) မင်းဘယ်လိုချန်ရစ်မလည်း သိချင်သေးတယ်

တစ်ချိန်တည်းမှာ ကောင်းကင်ယံဆီသို့ ပျံသန်းကြသော်လည်း အောင်းလီက ဖန်ရှင်း ထက် များစွာ ပိုမြန်နေသည်မှာ ထင်ရှားသည်။

၎င်းက နဂါးအစစ်အမှန် ဖြစ်၍ ၎င်း၏ ကျင့်ကြံမှု အခြေခံက ရိုးရိုးရှင်းရှင်းပင် ကြောက်မက်ဖွယ် ကောင်းနေသည်။

အောင်းလီက အမြန်နှုန်းကို မြှင့်တင်လိုက်သည်နှင့် ဖန်ရှင်းနှင့် ပို၍ ဝေးကွာသွားခဲ့သည်။

ထိုသို့ ဖြစ်ရခြင်းမှာ အောင်းလီက ဖန်ရှင်းကို နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းကို မလိုက်စေချင်သောကြောင့် ဖြစ်သည်။

ကြယ်ရောင်စုံများ တောက်ပနေသည့် ကောင်းကင်ကြီးထဲကို ပျံသန်းနေသည့် အောင်းလီက တကယ်ကို မြန်ဆန်နေ၏။

သိပ်မကြာခင်မှာပင် အောင်းလီက ဖန်ရှင်းနှင့် မိုင်တစ်ထောင်နီးပါး ဝေးကွာသွားခဲ့သည်။

"ငါ့ကို ချန်ခဲ့လို့ရမယ် ထင်နေရင်တော့ မင်းမှားသွားပြီ"

အရိုးစုဦးခေါင်းခွံထဲတွင် ထိုင်နေသည့် ဖန်ရှင်းက ရယ်ရမလား ငိုရမလားပင် မသိတော့ဘဲ ခေါင်းရမ်းကာ သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

ယောက်ဖနဂါးက သူ့ကို မျက်ခြေပြတ်ရန် အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည့် အရင်းအမြစ်များကိုပင် လွှင့်ပစ်ခဲ့သေး၏။

အဆုံးသတ်တွင် သူတို့နှစ်ဦးလုံးက ထျန်းယွမ်တိုက်၏ ကန့်သတ်ချက်မှ နေ၍ ခွဲထွက်သွားကြပြီး ကြယ်များ ဝိုင်းရံနေသည့် နေရာသို့ ရောက်ရှိသွားကြသည်။

ထျန်းယွမ်တိုက်၏ အပြင်ဘက်ကို ရောက်သည်နှင့် တခြားကမ္ဘာတစ်ခုကို ရောက်သွားသလိုမျိုး လှပသည့် မြင်ကွင်းများကို မြင်လိုက်ရလျှင် ဖန်ရှင်းက အံ့အားသင့်သွားသည်။

သူတို့နှစ်ဦးက ထျန်းယွမ်တိုက်၏ နယ်နမိတ်ထဲကနေ လုံးဝ ကွဲထွက်လာခဲ့ပြီး ခန္ဓာကိုယ် တစ်ခုလုံး၏ ခံစားချက်တွေက တခဏချင်း ပြောင်းလဲသွားခဲ့သည်။

အဝေးကနေ အကဲခတ်လိုက်လျှင် ထျန်းယွမ်တိုက်က ကြီးမားပြီး တုန့်နှိုင်းမရသည့် ဂြိုဟ်ကြီးတစ်လုံး အဖြစ် ပြောင်းလဲသွားပြီ ဖြစ်သည်။

ကြယ်ပင်လယ်၏ ပတ်ပတ်လည်ရှိ ကြယ်များထက် မရေမတွက်နိုင်သော သေးငယ်သည့် ကြယ်များက ထျန်းယွမ်တိုက်ကို လှည့်ပတ်နေသည်ကို တွေ့ရှိဖြင့် ထျန်းယွမ်တိုက်က စကြဝဠာ၏ အလယ်ဗဟိုချက် ဖြစ်ပြီး အင်မော်တယ် အားလုံး၏ မွေးရပ်မြေနှင့် ကံတရား စုဝေးရာ နေရာမှန်း ထင်ရှားနေသည်။

ကြယ်ပင်လယ်၏ ရှုထောင့်မှ ကြည့်လျှင် ထျန်းယွမ်တိုက်သည် အမှန်တကယ်ပင် ဗဟိုချက် ဖြစ်၏။

၎င်း၏ပုံသဏ္ဍာန်နှင့် အရွယ်အစားက မည်သို့ပင် ရှိစေကာမူ ၎င်းသည် ကြယ်ပွင့်များ၏ အလယ်တွင် ထိုက်တန်စွာ ရှိနေခဲ့သည်။

ကြယ်များ ကြားထဲကို ရောက်သည်နှင့် ပတ်ဝန်းကျင်အခြေအနေက ချက်ချင်းပင် ပြောင်းလဲသွားသည်။

ရေထဲမှငါးက ရေထဲကနေ ခုန်ထွက်လာသကဲ့သို့ပင် ၎င်းတို့နှင့် အသားမကျသော ပတ်ဝန်းကျင်ကို ဖန်ရှင်းတို့က ရင်ဆိုင်လိုက်ရသည်။

ဤနေရာတွင် အပူချိန်က မရှိသလောက်ဖြစ်ပြီး ဖော်မပြနိုင်လောက်အောင် အေးစက်နေသည်။

ဖန်ရှင်းနှင့် အောင်းလီတို့က အင်မော်တယ် စွမ်းအားများကိုလှုံ့ဆော်၍ အအေးဓာတ်ကို ခံနိုင်ရည်ရှိစေရန် တုံ့ပြန်လိုက်ကြသည်။

ဖန်ရှင်းအတွက်က အရိုးစုဦးခေါင်းခွံနှင့် နတ်နန်းတော်၏ ကာကွယ်မှုကြောင့် အခြေအနေ မဆိုးရွားခဲ့သော်လည်း အောင်းလီကမူ သနားစရာကောင်းနေသည်။

သူ၏ နဂါးအကြေးခွံတွင် ကပ်နေသည့် ရေငွေ့တွေကချက်ချင်းပင် နှင်းခဲဖြစ်သွားပြီး ခန္ဓာကိုယ်က အေးခဲသွားသည်။

အောင်းလီက သူ၏ ကြောက်မက်ဖွယ် အစွမ်းထက်သော ချီဖြင့် အအေးဒဏ်ကို အံတုရင်း ရှေ့ကို ဆက်လက် ပျံသန်းနေခဲ့သည်။

"ဒီယောက်ဖနဂါးက တကယ်ကို ခေါင်းမာတာပဲ.."

ဖန်ရှင်းက ခေါင်းရမ်းကာ သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

အောင်းလီက ကြယ်များကြားမှ အေးမြသော လေထုကို ခံစားပြီးနောက် အချိန်အတော်ကြာ တုံ့ဆိုင်းသွားသော်လည်း ကျယ်ပြောလှသော ကြယ်ပင်လယ်ထဲတွင် ဆက်လက် ပျံသန်းနေခဲ့သည်။

"အစေခံအိုကြီး ပြောတာ မမှားဘူးပဲ.. နတ်နန်းတော်သာ မရှိရင် ငါ့အတွက် တကယ် မလွယ်ကြောပဲ.. ဟက်.. မင်းငါ့ကို ဘယ်လို မျက်ခြေဖြတ်မလည်း ငါ အရမ်းသိချင်တယ်"

ဖန်ရှင်းက သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

သူက ကြယ်ပင်လယ်ကြားတွင် ခရီးဆက်နိုင်သည်ကို ဂုဏ်ယူသလိုမျိုး ခံစားနေရ၏။

အောင်းလီ၏ အရှိန်က သူ့ထက် ပိုမြန်သော်လည်း ယခုအချိန်တွင်

အအေးဒဏ်ကို အံတုနေရသဖြင့် အရှိန်က အနည်းငယ် နှေးကွေးသွားသည်။

"ဟော့ ယောက်ဖ.. မင်း အပြင်မှာ အေးနေပြီလား"

ဖန်ရှင်းက အရိုးစုဦးခေါင်းခွံကို မောင်းနှံ၍ ကြယ်ကြီးများကို ကျော်ဖြတ်ကာ သူ့ရှေ့မှ ပျံဝဲနေသော ရွှေနဂါးတစ်ကောင် ဆီသို့ အပြေးအလွှား သွားနေသည်။

ထိုသို့သွားရင်းဖြင့် ဖန်ရှင်းက အောင်းလီကို လှမ်းပြောလိုက်သည်။

"ဒီထဲမှာ အရမ်း နွေးထွေးတာပဲ.. အပြင်မှာဆို အဆင်မပြေဘူးလေ"

အောင်းလီက ပျံသန်းရင်း ဖန်ရှင်းကို ဒေါသတကြီး လှည့်ကြည့်လိုက်ပြီး

"ပြန်တော့.. မင်းငါနဲ့အတူ လိုက်လာလို့မဖြစ်ဘူး.. "

"မင်းပြန်လို့ ပြောတိုင်း ငါက ပြန်ရမှာလား.. ငါက မင်းနောက်ကို လိုက်နေတယ်များ ထင်နေလား.. ကြယ်ပင်လယ်ကြီးက ဒီလောက် ကျယ်ပြောတာ ငါ့ဘာသာ ဘယ်ဆီကို သွားသွားပေါ့"

"မင်းက အတော်မုန်းဖို့ ကောင်းတယ်"

အောင်းလီက ဒေါသတကြီး ပြောလိုက်သည်။

"ဟားဟား.. လာခဲ့ပါ ယောက်ဖရေ.. မင်းဒီထဲကို လာရင်နွေးနွေးထွေးထွေး နေရမှာ"

ဖန်ရှင်းက အောင်းလီ ဒေါသထွက်နေသည်ကို လျစ်လျူရှုလိုက်ပြီး ဖိတ်ခေါ်လိုက်သည်။

သူက အောင်းလီနှင့် ပြေလည်မှုရရန် အတတ်နိုင်ဆုံး ကြိုးပမ်းနေသည်။

သို့ရာတွင် အောင်းလီလို မာနကြီးသည့် ဒေါသ နဂါးအတွက် ဖန်ရှင်း၏ စေတနာ စကားများကို ယုံကြည်မှုမရှိခဲ့ပေ။

"ငါက ထျန်းယွမ်တိုက်ရဲ့ ဂုဏ်အသရေရေ အမြင့်ဆုံး နဂါးမျိုးရိုးပဲ.. မင်းက ငါ့နောက်ကို လိုက်ချင်လို့ စေတနာထားချင်ယောင်ဆောင်နေတာ မဟုတ်လား.. ငါပြောလိုက်မယ်.. အခုက ထျန်းယွမ်တိုက်နဲ့ သိပ်မဝေးသေးဘူး.. ကြယ်နယ်မြေထဲကို ရောက်သွားတဲ့ အခါကျမှ ပြန်ချင်တယ်ဆိုရင် အရမ်းနောက်ကျသွားလိမ့်မယ်.. နောက်မှ ငါသတိမပေးခဲ့ဘူးလို့ အပြစ်မတင်နဲ့"

"ဒီကောင်က အရမ်းခေါင်းမာတာပဲ.. ငါ့ကိုတောင် ခေါင်းကိုက်စေတယ်..."

ဖန်ရှင်းက ကူကယ်ရာမဲ့စွာ ရေရွတ်လိုက်ပြီး အရိုးစု ဦးခေါင်းခွံကို အမြန်မောင်းနှင်ကာ အောင်းလီ၏ နောက်သို့ လိုက်လာခဲ့၏။

လူတစ်ယောက်နှင့် နဂါးတစ်ကောင်က ကြယ်ပင်လယ်ထဲတွင်

ပျံ့သန်းနေကြသည်။

ထျန်းယွမ်တိုက်က ထွက်လာပြီး ကြယ်ပင်လယ်ထဲကို ရောက်ခါစက စိတ်လှုပ်ရှားလွန်း၍ အလွန် ကြောက်လန့်ခဲ့ရသော်လည်း ယခုအချိန်တွင် သူတို့နှစ်ဦးလုံးက ထိုခံစားချက်မျိုး လုံးဝ မရှိတော့ပေ။

ဖန်ရှင်းက အောင်းလီကို သိမ်းသွင်းနိုင်မည့် နည်းလမ်းကိုအလေးအနက် စဥ်းစားနေသည်။

ထျန်းယွမ်တိုက်နှင့် လုံးဝခြားနားပြီး မှန်းဆမရသောပတ်ဝန်းကျင်က သူ့ကို အခွင့်အရေးများ ဖန်တီး ပေးနေသလိုပင်။

အောင်းလီက သူ၏ ပြင်းထန်သောချီဖြင့် အအေးဒဏ်ကို အံတုနေရသည်။

ဖန်ရှင်းကမူ ဦးခေါင်းခွံထဲတွင် အရက်ခွက်ကို ဟန်ပါပါကိုင်ရင်း ရယ်မောနေသည်။

"အိုး.. ယောက်ဖ ငါ့ကို အလျှော့ပေးလိုက်ပါလား.. မင်းနွေးနွေးထွေးထွေး နေရတာပေါ့"

ထိုစကားကို ကြားလျှင် အောင်းလီက ပို၍ပင် ဒေါသထွက်လာသော်လည်း သူ၏ဒေါသကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်သည်။

နေနှင့် ကြယ်များ တည်ရှိခြင်း မရှိသည့် ကြယ်ပင်လယ် တစ်ခုလုံးကို ဖြတ်သန်းပြီးနောက် အပူချိန်က အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့သည်။

ယင်းအချိန်တွင် အောင်းလီ၏ တစ်ကိုယ်လုံးက ခိုက်ခိုက်တုန်နေအောင် ခံစားနေရသော်လည်း ဖန်ရှင်းကမူ ထူထဲသော အနွေးထည်ကို ဝတ်ဆင်ထားခဲ့သည်။

ထို့အပြင် သူက ဂျင်ဆင်း ဟင်းချို ပူပူနွေးနွေးကို သောက်ရင်းအောင်းလီကို ဖိတ်ခေါ်လိုက်သည်။

"ယောက်ဖ... ပူပူနွေးနွေးလေး လာသောက်လိုက်ပါလား"

အောင်းလီက ဖန်ရှင်း၏ ရည်ရွယ်ချက်ကို သိနေသောကြောင့် အရိုးစုဦးခေါင်းခွံကို လှည့်မကြည့်မိစေရန် စိတ်ကိုမနည်း ထိန်းချုပ်ထားရသည်။

အအေးဒဏ်ကို ခံစားနေရသော အောင်းလီအတွက် ဖန်ရှင်း၏လုပ်ရပ်က ပို၍ပင် သည်းမခံနိုင်စရာ ဖြစ်နေသည်။

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို ရောက်တော့မယ်.. မင်းငါ့နောက်ကို ဘယ်လို ဆက်လိုက်မလည်း ကြည့်ချင်သေးတယ်"

အောင်းလီက အအေးဒဏ်ကို ကြိတ်မှိတ်အံတုရင်း စိတ်ထဲကနေ ရေရွတ်လိုက်သည်။

"ကြယ်တွေ ပြည့်နှက်နေတဲ့ ကောင်းကင်ကြီးက အဆုံးမရှိဘူး.. မရေမတွက်နိုင်တဲ့ အန္တရာယ်တွေက စောင့်နေတယ်လို့ မင်းငါ့ကို ပြောမလို့လား.. မင်းငါ့ကို ဘယ်လို ချန်ရစ်ခဲ့မလည်း

သိချင်သေးတယ်"

ဖန်ရှင်းကလည်း အောင်းလီ၏ စိတ်ထဲက အတွေးကို သိနှင့်နေသည့် အလား ခပ်တိုးတိုး ရေရွတ်လိုက်သည်။

အပိုင်း(၁၂၄၈) ပြီး၏

အပိုင်း(၁၂၄၉) မင်းအရင်ဆုံးဝယ်ရမယ်

ကြယ်ရောင်စုံသော ကောင်းကင်တွင် ကောင်းကင်မရှိ.. မြေမရှိ.. နေ့မရှိ.. ညမရှိ.. အသံမရှိ.. အရိပ်မရှိသလို မည်သူမှလည်း ရှိမနေခဲ့ချေ။

ထို့ကြောင့် ကြယ်ရောင်စုံသော ကောင်းကင်ကြီးက အရွယ်အစား အမျိုးမျိုးရှိသော ဂြိုဟ်များဖြင့် ပြည့်နှက်နေသည့် ထာဝရ လေဟာနယ်နှင့်ပင် တူနေသည်။

ကြယ်တွေ ထူထပ်နေသည့် ကောင်းကင်၏ နက်နဲသော နေရာတွင်

အရင်က တစ်ခါမှ မကြားဖူးသည့် လျှို့ဝှက်ဆန်းကြယ်သော အသံတချို့ကို ကြားနေရသည်။

ထိုအရာက စိတ်ကူးယဉ်ဆန်ပြီး တစ်ခါတလေ အစစ်အမှန်လား ဒါမှမဟုတ် ထင်ယောင်ထင်မှားလားပင် မသိတော့ချေ။

လမ်းခရီးမှာ ဖုန်မှုန့် အရွယ်အစားရှိသည့် ကြယ်တစ်ပွင့်ကို တွေ့လျှင်ပင် ထိုကြယ်ရှိရာဘက်ကို ဆက်လက် ပျံသန်းမည်ဆိုပါက တိုက်ကြီးတစ်ခုလို ကြီးမားသည့် ဂြိုဟ်ကြီးကို တွေ့ရမည် ဖြစ်သည်။

အဆုံးသတ်တွင် ကြယ်ရောင်စုံသော ကောင်းကင်ကို ဖြတ်ကျော်နေရသည်က ဖန်ရှင်းအတွက် ရင်ခုန် စိတ်လှုပ်ရှားဖွယ် ကောင်းနေသည်။

ထိုနေရာသို့ ခြေချမိပြီးနောက် ဖန်ရှင်းက ထိတ်လန့်စရာကောင်းသော အမှန်တရား တစ်ခုကို တွေ့ရှိခဲ့သည်။

ထျန်းယွမ်တိုက်မှ နှင်ထုတ်ခံရသော အင်မော်တယ် သတ္တဝါများက ထျန်းယွမ်တိုက်၏ အပြင်သို့ရောက်လျှင် ၎င်းတို့ ကျင့်ကြံရန်

သင့်တော်မည့် ဒုတိယ နယ်မြေတစ်ခုကို ဘယ်သောအခါမှ ရှာတွေ့နိုင်ဖို့ မလွယ်ပေ။

ယနေ့တွင်တော့ အောင်းလီနှင့် ဖန်ရှင်းတို့က ဤကြယ်ရောင်စုံသော ကောင်းကင်၏ တစ်ဖက်ခြမ်းတွင် သာယာဝပြောသော မဟာ အင်မော်တယ်ဘုံ တည်ရှိနေတယ် ဆိုတာ သိနေပါသေးသည်။

ဤကြယ်ပင်လယ်တွင် လူသား ကျင့်ကြံသူများ နေထိုင်သောအင်မော်တယ် ဘုံငယ်များစွာလည်း ရှိနေကြသည်။

ယင်းအတွက်ကြောင့် မည်သူမှ အထီးကျန်ဆန်၍ အန္တရာယ် အလွန်များသော ဤနေရာသို့ ခြေမဆန့်ခဲ့ကြပေ။

ကြယ်ပင်လယ်ကြီး၏ လမ်းကြောင်းကို ရှင်းရှင်းလင်းလင်း သိနိုင်သော လမ်းညွှန်ချက် မရှိသဖြင့် အနည်းငယ် မှားယွင်းသည်နှင့် အမည်မသိ နေရာတစ်ခုသို့ ရောက်ရှိ သွားနိုင်ပေသည်။

ဖန်ရှင်းကလည်း သဘာဝအတိုင်းပင် ထိတ်လန့် ကြောက်ရွံ့မှုတွေ

ရှိခဲ့သည်။

သို့ရာတွင် အောင်းလီကို အနီးကပ်လိုက်နေသ၍ လမ်းပျောက်မည်ကို စိတ်ပူစရာမလိုပေ။

အောင်းလီက ဖန်ရှင်း၏ လှုံ့ဆော်မှုကြောင့် တခါတရံ ဒေါသထွက်နေသော်လည်း တိကျသော လမ်းကြောင်းက သူ့လက်ထဲတွင် ခိုင်မြဲစွာရှိနေသည်။

သူက ဉာဏ်နီဉာဏ်နက်များကို အသုံးပြုကာ ကွေ့ပတ် ပျံသန်းလိုက်ပြီး ဖန်ရှင်းကို တမင်တကာ ချန်ရစ်ရန် ကြိုးစားခဲ့၏။

သို့ရာတွင် ဖန်ရှင်းက လမ်းကြောင်း ပျောက်မသွားဘဲ သူ၏နောက်သို့ ဆက်ဆက် လိုက်လာနိုင်ခဲ့သည်။

အောင်းလီက ဖန်ရှင်း၏ တောက်လျှောက် လှောင်ပြောင်ခြင်းကို ခံနိုင်ရည် ရှိအောင် ကြိုးစားနေရသည်။

ကြယ်ရောင်စုံသော ကောင်းကင်တွင် နေ့ရောညပါ မရှိသောကြောင့် သဘာဝအတိုင်းပင် အချိန်ကို အကဲဖြတ်ရန် မဖြစ်နိုင်ပေ။

သူတို့က နောက်သို့ လှည့်ကြည့်လိုက်ရာ အနီရောင် ကြယ်တစ်ပွင့်ကို ခပ်ဝါးဝါး တွေ့လိုက်ရ၏။

ယင်းက သူတို့၏ မွေးရပ်မြေဖြစ်သည့် ထျန်းယွမ်တိုက်ပင် ဖြစ်သည်။

"ထျန်းယွမ်တိုက်ကို မကြာခင် မျက်ခြေပြတ်တော့မှာပဲ.. ဒါပေမဲ့ နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကိုတော့ အခုထိ မရောက်သေးဘူး.. ဒီကြယ်ရောင်စုံတဲ့ ကောင်းကင်ကြီးက တကယ်ကို ကြီးမားပြီး စိတ်လှုပ်ရှားစရာ ကောင်းတယ်.. "

ဖန်ရှင်းက ထျန်းယွမ်တိုက်ကို ကြည့်၍ ရေရွတ်လိုက်ပြီး နတ်နန်းတော်ထဲတွင် ပါလာသည့် ဝက်တစ်ကောင်ကို ခုတ်ထစ်ကာ စွပ်ပြုတ်လုပ်လိုက်သည်။

ထို့နောက် သူက ဝက်စွပ်ပြုတ်မြည်းလိုက်

အရက်တစ်ငုံသောက်လိုက်ဖြင့် ဇိမ်ကျနေခဲ့သည်။

အရိုးစုဦးခေါင်းခွံထဲရှိ ဖန်ရှင်း၏ ရည်ရွယ်ချက်ကို သေချာသိမထားလျှင် ပျော်ပွဲစား ထွက်နေသည်ဟုပင် ထင်နိုင်သည်။

"ယောက်ဖက တကယ့် နဂါးသွေးအစစ် ဆိုတော့ ခံနိုင်ရည်အား အတော်ကောင်းတာပဲ.. "

သူ့ရှေ့မှ အောင်းလီ တစ်ဖြစ်လဲ ရွှေရောင်နဂါးကြီးက ဖြည်းညင်းစွာ သွားလာနေသည်။

သူက အရိုးစုဦးခေါင်းခွံထဲတွင် သောက်စရာ စားစရာများဖြင့် ဇိမ်ကျနေခဲ့သော်လည်း ယောက်ဖအောင်းလီက ကြယ်ရောင်စုံသော ကောင်းကင်၏ အအေးဒဏ်ကို အပြင်းအထန် အံတုနေရသည်။

ထျန်းယွမ်ကနေ ထွက်သွားပြီး ကတည်းက ယခုချိန်အထိ အနားယူခြင်း မရှိဘဲ ပျံသန်းနေသည်မှာ အံ့သြစရာ ကောင်းနေသည်။

"အိုး.. ဝက်စွပ်ပြုတ်နဲ့ အရက်က အတော်လိုက်ဖက်တာပဲ"

"ယောက်ဖ.. စားဦးမလား"

ဖန်ရှင်းက အောင်းလီကို လှမ်းမေးလိုက်သော်လည်း အောင်းလီက မကြားချင်ဟန်ဆောင်ကာ လျစ်လျူရှုလိုက်သည်။

သိပ်မကြာခင်မှာပင် ပုံမှန်မဟုတ်သည့် ကြယ်နေရာလွတ် တစ်ခုသို့ ရောက်ရှိလာသည်။

ယင်းနေရာက မှောင်မိုက်နေပြီး ကြယ်တစ်ပွင့်မှပင် ရှိမနေခဲ့ချေ။

အောင်းလီက သူ၏ပျံသန်းမှုကို ရုတ်တရက် ရပ်တန့်လိုက်သည်။

"အမ်.. ဒီကောင်က ဘာလို့ ရပ်လိုက်ရတာလဲ"

ဖန်ရှင်းက အောင်းလီကို ကြည့်ရင်း ထူးဆန်းစွာ ရေရွတ်လိုက်သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ကြယ်ရောင်ကောင်းကင်က မည်မျှပင် ရှုပ်ထွေးနေပါစေ.. ယောက်ဖနဂါးက အနည်းငယ်မျှပင် မရပ်တန့်ခဲ့ချေ။

"ယောက်ဖ.. မင်းပျံသန်းရတာ တကယ် ပင်ပန်းနေပြီ ဆိုရင်အနားလာယူပါ"

ဖန်ရှင်းက အောင်းလီကို နွေးထွေးသော လေသံဖြင့် ပြောလိုက်၏။

ယင်းအချိန်တွင် အောင်းလီက လျောင်ရိပ်သန်းသော အမူအရာဖြင့် ဖန်ရှင်းကို ကြည့်လိုက်ပြီး

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို တကယ်ပဲ ခြေချချင်တာလား"

ဟု မေးခွန်းထုတ်လိုက်သည်။

"ဒီကောင်က ငါ့ရဲ့စိတ်ကို စမ်းသပ်ဖို့ ကြိုးစားနေတာ များလား"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

ယင်းအချိန်မှာပင် အောင်းလီက ပါးစပ်ကနေ ရွှေရောင်သွေးများကို အန်ထုတ်လိုက်သည်။

ထိုမြင်ကွင်းကို မြင်လျှင် ဖန်ရှင်းက လုံးဝ အံ့အားသင့်သွားသည်။

အောင်းလီ အန်ထုတ်လိုက်သည်မှာ တကယ့်နဂါးသွေးအဆီအနှစ် ဖြစ်နေခဲ့၏။

သူဆွံ့အနေသည့် အချိန်မှာပင် ကြယ်တစ်ပွင့်မှ ရှိမနေသည့် ဤနေရာက အောင်းလီ၏ ရွှေရောင်သွေးများ စီးကျလာပြီးနောက် ထူးထူးခြားခြား ပြောင်းလဲသွားသည်ကို တွေ့လိုက်ရသည်။

မှောက်မိုက်နေသော နေရာတွင် အလင်းရောင် တစ်ခုကပေါ်ပေါက်လာသည်။

သိပ်မကြာခင်မှာပင် ထိုအလင်းရောင်များက ဖယောင်းတိုင်မီးများ ကူးလိုက်သလို မှောင်မိုက်နေသော နေရာတစ်ခုလုံးကို လင်းထိန်စေခဲ့၏။

ဆိုရလျှင် ထိုအလင်းရောင်များက အမှောင်ထုကို ဖြိုခွင်းသော နေလုံးငယ်များကဲ့သို့ပင်။

ယင်းအချိန်မှာပင် ကြေးတံခါးကြီး တစ်ချပ်က အမှောင်ထုထဲကနေ ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။

ကြေးတံခါးကြီး၏ အစွန်းနှင့် ထောင့်များတွင် ထူးဆန်း၍ အေးစက်သော အလင်းတန်းများ ဖြာထွက်နေ၏။

ထိုမြင်ကွင်းကို တစ်ချက် ကြည့်လိုက်သည်နှင့် ခြေဖျားလက်ဖျားများ အေးစက်သွားသလို ခံစားလိုက်ရသည်။

ကြေးဝါ တံခါးကြီးပေါ်တွင် နဂါးပုံသဏ္ဍာန် ရုပ်ပုံများကို တွေ့ရ၏။

ရွှေရောင် သွေးစက်များသာ မရှိခဲ့လျှင် ဤကြေးတံခါးကြီးကိုမည်သူက ရှာတွေ့နိုင်မည်နည်း။

အတွင်းကျကျသာ သိမထားလျှင် ယခုလိုနေရာ၌ လျှို့ဝှက်ဆန်းကြယ်သည့် တံခါးကြီး ရှိနေလိမ့်မည်ဟု မည်သူမှ မသိနိုင်ချေ။

"ဒါက နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို တရားဝင် ဝင်ရောက်နိုင်တဲ့ တံခါးပဲ.. တကယ်တော့ ဒါက နဂါးဘိုးဘေးတွေချန်ရစ်ခဲ့တဲ့ ကြီးမားတဲ့ တည်နေရာ ရွှေ့ပြောင်းခြင်း အစီအရင်ပဲ.. နဂါးမျိုးနွယ်ရဲ့ မျိုးဆက် အစစ်အမှန်တွေသာ ခြေချခွင့်ရှိတယ်"

ဤတံခါးကို မြင်ပြီးနောက် အောင်းလီက စိတ်သက်သာရာရစွာ ရေရွတ်လိုက်ပြီး ဖန်ရှင်းကို ရှင်းပြလိုက်၏။

ထို့နောက် သူက ဖန်ရှင်းကို အေးစက်စက် ကြည့်လိုက်ပြီး

"မင်းငါနဲ့ တကယ် လိုက်ချင်တာလား"

ဟု မေးလိုက်သည်။

"တကယ်ပါ "

ဖန်ရှင်းက စိတ်လှုပ်ရှားစွာ ဖြေလိုက်ရာ သူ့လက်ထဲတွင် ကိုင်ထားသော စွပ်ပြုတ်ဝက်သားတုံးပင် လွတ်ကျသွားရသည်။

သူ့တွင် ဟန်လုပ်နေရန် အချိန်မရှိပေ။

သို့ရာတွင် ယင်းအချိန်၌ အောင်းလီ၏ မျက်ဝန်းထဲတွင် ကောက်ကျစ်သော အရိပ်အယောင်တစ်ခု ပေါ်ပေါက်လာသည်။

"မင်းလိုက်ချင်ရင်ရတယ်.. ဒါပေမဲ့ ငါတောင်းဆိုတာ တစ်ခုကိုမင်းလုပ်ပေးရမယ်"

"အိုး ငါက ဘာလုပ်ပေးရဦးမှာလဲ"

ဖန်ရှင်းက တခဏမျှ မှင်တက်သွားပြီး အောင်းလီကို အေးစက်စက် ကြည့်လိုက်သည်။

အောင်းလီက အောင်နိုင်သူ၏ အပြုံးမျိုးဖြင့် ပြုံးလိုက်ပြီးဂုဏ်ယူသောလေသံဖြင့်

"ဒီရှေးဟောင်းလမ်းက နဂါးဘိုးဘေးတွေရဲ့ အကြီးကျယ်ဆုံးဖန်တီးမှုပဲ.. မင်းငါနဲ့အတူ လိုက်ချင်တယ်ဆိုရင် မင်းအရင်ဆုံး ဝင်သွားရမယ်.. ဒီထဲမှာ အန္တရာယ်တွေ အများကြီး ရှိနိုင်တယ်နော်.. မင်းသေချာဆုံးဖြတ်ပါ"

အောင်းလီ၏ စကားမဆုံးခင်မှာပင် ဖန်ရှင်းက

တွေဝေမနေဘဲကြေးတံခါးဆီသို့ ပြေးဝင်သွားခဲ့သည်။

ထိုမြင်ကွင်းကို မြင်လျှင် အောင်းလီက ထိတ်လန့် တုန်လှုပ်သွား၏။

"ငါထင်သလို မဟုတ်ဘူးပဲ"

သူက ကြေးတံခါးဆီသို့ စိတ်အားထက်သန်စွာ ပြေးဝင်သွားသော ဖန်ရှင်းကိုကြည့်၍ ရေရွတ်လိုက်သည်။

အပိုင်း(၁၂၄၉) ပြီး၏

အပိုင်း(၁၂၅၀) အကျပ်အတည်းထဲ ကျရောက်ခြင်း

"ငါမှားသွားပြီ"

အောင်းလီက စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

လွှန်ခဲ့သည့် ရက်အနည်းငယ် အတွင်း ဖန်ရှင်း၏ စိတ်ရင်းကို သူအနည်းငယ် ခံစားမိခဲ့၏။

သို့ရာတွင် နဂါးမျိုးနွယ်၏ ရှေးဟောင်းလမ်းကို ထုတ်ဖော်ပြီးနောက် ဖန်ရှင်း၏ စိတ်ရင်းကို ထပ်မံ စမ်းသပ်ရန် သူက ဆုံးဖြတ်ခဲ့သည်။

တကယ့်အန္တရာယ်နှင့် ခြိမ်းခြောက်လိုက်လျှင် ဖန်ရှင်းကနောက်ဆုတ်သွားလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်းလက်တွေ့တွင် စိတ်အားထက်သန်စွာ ပြေးဝင်သွားသော မြင်ကွင်းကိုသာ တွေ့လိုက်ရသည်။

"ငါမိန်းမကို ကယ်ဖို့ အမြန်ဆုံး သွားရမယ်"

ဖန်ရှင်းက အူယားဖားယား ပြေးလာသော်လည်း လက်ထဲတွင်အရက်အိုးကိုတော့ ကိုင်ထားဆဲ ဖြစ်သည်။

"ဝုန်း"

ယင်းအချိန်မှာပင် အင်မော်တယ် စွမ်းအင်တစ်ခုက ကြေးတံခါးကနေ ထွက်ပေါ်လာပြီး ဖန်ရှင်းကို အဝေးသို့ တွန်းထုတ်လိုက်သည်။

လွင့်ထွက်သွားသော ဖန်ရှင်းက ကြေးဝါတံခါးကို မှင်တက်စွာကြည့်နေမိ၏။

သိပ်မကြာခင်မှာပင် သူက ကြေးဝါတံခါးကို နားလည်သွားခဲ့သည်။

၎င်းက အင်မော်တယ် ကွပ်မျက်ရေး ဓားအစီအရင်နှင့် သဘောတရားချင်း အတူတူ ဖြစ်ပြီး အကန့်အသတ်မဲ့ အစွမ်းထက်သော အစီအရင် ဖြစ်နေသည်။

"မင်းဒါက ဘာသဘောလဲ"

ဖန်ရှင်းက အောင်းလီကို ဒေါသတကြီး အော်ငေါက်လိုက်သည်။

အောင်းလီက ကြေးဝါတံခါးကို ထုတ်ဖော်ပြီးကတည်းက လူ့အသွင်သို့ ပြောင်းလဲလိုက်ပြီ ဖြစ်၏။

ယခု သူ၏ ဖြူဝင်းသော မျက်နှာက ရှက်ရွံ့စွာဖြင့် နီရဲနေသည်။

အောင်းလီက သက်ပြင်းရှည်ကို ချလိုက်ပြီး

"ငါ့အမှားပါ.. ငါမင်းကို ခေါ်သွားလို့ မဖြစ်ဘူး.. မင်းပြန်လိုက်ပါ"

"အောင်းလီ.. မင်းယောက်ဖက ဒီနေရာထိတောင် ရောက်လာခဲ့ပြီ.. ဒါတောင် မင်းက နောက်ပြန်လှည့်ခိုင်းနေတာလား"

ဖန်ရှင်းက ဒေါသတကြီး အော်ဟစ်လိုက်ပြီး တစ်ချိန်တည်းမှာပင် အစီအရင်၌ ချို့ယွင်းချက် ရှိမရှိကို စူးစမ်းလိုက်သည်။

အောင်းလီက သက်ပြင်းချလိုက်ပြီး

"အခု ငါတို့ ခရီးထွက်လာတာ သုံးရက်လောက်ပဲ ရှိဦးမယ်.. ထျန်းယွမ်တိုက်ရဲ့ တာအိုချီကို ဒီနေရာကနေ ခံစားလို့ ရတုန်းပဲ.. မင်းနောက်ပြန်လှည့်ရင် လမ်းပျောက်မှာ မဟုတ်ဘူး.. ဒါကမင်းအတွက် နောက်ဆုံး အခွင့်အရေးပဲနော်"

"ငါမပြန်ဘူး ငါ့မိန်းမကို ကယ်တင်ရဦးမယ်"

အောင်းလီ၏ ဖျောင်းဖြသော စကားကိုကြားလျှင် ဖန်ရှင်းကဒေါသတကြီး ပြန်ပြောလိုက်၏။

"မင်းက.. ဘာလို့ ခေါင်းမာနေတာလဲ"

ထိုသို့ ရေရွတ်ရင်း အောင်းလီက ဖန်ရှင်း၏ မျက်လုံးကို စေ့စေ့ကြည့်လိုက်သည်။

"မင်းကို ငါက နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို ခြေမချစေချင်လို့ မဟုတ်ဘူး.. အဓိက အကြောင်းရင်းက ဒီကိစ္စမှာမင်းက အပြင်လူပဲ.. ငါနဲ့အတူ လိုက်လာစရာ မလိုဘူး.. ဒီရှေးဟောင်းလမ်းက နဂါးဘိုးဘေးတွေ တည်ဆောက်ခဲ့တာပဲ..

အပြင်လူတွေ အတွက် အရမ်းခက်ခဲတယ်.. အထူးသဖြင့် အပြင်လူတွေ ဝင်ရောက်မယ်ဆိုရင် သေဆုံးဖို့ တစ်လမ်းပဲ ရှိတယ်.. ကပ်ဘေး နဝမ အဆင့်လောက် အစွမ်းထက်တဲ့ ငါတောင် ဒီလမ်းကို ဖြတ်ကျော်ဖို့ အလွန်ခဲယဉ်းတယ်.. မင်းလိုကပ်ဘေး တတိယအဆင့်က ဒီအန္တရာယ်များတဲ့ လမ်းကို ဘယ်လိုလုပ် ခြေချနိုင်မှာလဲ"

"အပွင့်လင်းဆုံး ပြောရရင် ငါရှေးဟောင်းလမ်းကို တကယ်ခြေမချချင်ဘူး.. ထျန်းယွမ်တိုက်က ထွက်မလာခင် ငါအများကြီး စဉ်းစားခဲ့သေးတယ်.. ဒါပေမဲ့ ငါက အရှေ့ပင်လယ်ရဲ့ နဂါးမျိုးနွယ် အစစ်အမှန်မို့ ငါ့မှာ ရွေးချယ်စရာ မရှိခဲ့ဘူး.. ငါရှေးဟောင်းလမ်းကို သေချာပေါက် ခြေချပြီး ငါ့အမတော်ကို ကယ်တင်ရမယ်.. ခေါင်းကိုးလုံးမောင်နှမကို အမှုန့်ခြေပစ်မယ်.. ငါသေခဲ့ရင်တောင် နောင်တမရဘူး.. ဒါပေမဲ့ မင်းက ဘာလို့ ငါ့နောက်ကို ဒီလောက် လိုက်ချင်နေတာလဲ"

"မင်းထျန်းယွမ်တိုက်ကိုသာ ပြန်လိုက်ပါ"

အောင်းလီက လေသံတိုးတိုးဖြင့် ပြောလိုက်ပြီး ကြေးတံခါးကြီးဆီသို့ လျှောက်လှမ်းသွားလိုက်သည်။

"ခွေးကလေး.. ရပ်လိုက်စမ်း.. ငါမင်းကို ပြောစရာရှိတယ်"

ဖန်ရှင်း၏ အော်ဟစ်သံက အောင်းလီ၏ နှလုံးသားထဲမှ သံယောဇဉ်ကြိုးမျှင်ကို လှုပ်ယမ်းလိုက်ပုံရသည်။

အဆုံးသတ်တွင် အောင်းလီက ကြေးတံခါးကြီးဆီသို့ ပြတ်သားစွာ မလှမ်းတော့ဘဲ ခြေလှမ်းကို ရပ်တန့်လိုက်သည်။

"ငါက အပြင်လူလို့ ပြောလိုက်တာလား"

"သောက်ရူး.. မင်းအခက်အခဲတွေတုန်းက ငါဘယ်လို ကူညီခဲ့ရလည်း မင်းသိလား.. ငါနဲ့ မင်းအမက မင်းအဖေ ကိုယ်တိုင်အသိအမှတ်ပြုထားတဲ့ လင်မယားပဲ.. အခု သူမက ငါ့အတွက် သမီးတစ်ယောက်တောင် မွေးထားပြီးပြီ.. ဒါတောင် မင်းက ငါ့ကို အပြင်လူတစ်ယောက်လို့ ပြောဖို့ ဘယ်က သတ္တိတွေ ရလာတာလဲ"

"သမီးလား"

အောင်းလီက အံ့အားသင့်စွာ ရေရွတ်လိုက်ပြီး ဖန်ရှင်းကို မယုံကြည်နိုင်သော အမူအရာဖြင့် ကြည့်လိုက်သည်။

"မင်းရဲ့ သောက်သုံးမကျတဲ့ ဦးနှောက်က အရာအားလုံးကို တကယ်ပဲ မေ့ပစ်လိုက်တာလား"

ထိုစကားကို ပြောနေသည့် ဖန်ရှင်း၏ မျက်နှာထက်တွင် ဒေါသရိပ်များ လွှမ်းခြုံနေသည်။

"ကွေးရှီနယ်မြေကို ရောက်တော့ မင်းရဲ့အသက်ကို ငါကယ်တင်ခဲ့ရတယ်.. မိုးကြိုး ရေကန်ထဲမှာ မင်းကို ကုသဖို့ ငါအခက်အခဲ အဆင့်ဆင့်ကို ကျော်ဖြတ်ခဲ့ရတယ်.. မင်းရဲ့ ဦးခေါင်းမှာ နဂါးမယ်တော်က မှော်ပုတီးစေ့ကို မြုပ်နှံပြီး ရှုးသွပ်အောင် ပြုလုပ်ခဲ့တယ်.. မင်းအဲ့ဒါကို မမှတ်မိဘူးဆိုရင် မှန်ထုတ်ပြီး မင်းရဲ့ခေါင်းက အမာရွတ်ကို ရှာကြည့်.. အဲ့ဒီနေရာမှာ ငါ့နာမည် ရေးထိုးထားတာကို တွေ့ရလိမ့်မယ်"

"ငါ့ရဲ့ခေါင်းမှာ မင်းနာမည် ရေးထားတာလား.."

အောင်းလီက တအံ့တသြ ရေရွတ်လိုက်ပြီး သူ၏ဦးခေါင်းကိုနဂါးအသွင်သို့ ပြောင်းလဲ၍ ဝိညာဉ်အာရုံဖြင့် စစ်ဆေးလိုက်သော်လည်း မည်သည့် စာတန်းကိုမှ မတွေ့ခဲ့ရချေ။

"မင်းသတိမထားမိအောင် ငါဦးချိုအနောက်မှာ ရေးထားခဲ့တာ"

ထိုအခါမှ အောင်းလီက သူ၏ နဂါးဦးချို အနောက်ကို ဝိညာဉ်အာရုံဖြင့် ကြည့်လိုက်ရာ ဖန်ရှင်း၏ နာမည်ကို တွေ့လိုက်ရ၏။

အောင်းလီက အတော်လေး ဆွံ့အသွားခဲ့သည်။

သူက ဘယ်လို အခြေအနေမျိုးထိ ရောက်ခဲ့လို့ သူ့ဦးခေါင်းပေါ်တွင် စာလုံးရေးထိုးခွင့် ပြုမိသည်နည်း။

အစကတည်းက ရင်းနှီးသလို ခံစားရပြီး ထိုလူ ဒေါသထွက်လျှင် မသိစိတ်ကနေ ကြောက်ရွံ့သလို ခံစားနေမိသည်။

"ဒါက လွမ်းဆွတ်တဲ့ ခံစားချက်ဆိုတာများလား"

သူ့စိတ်ထဲတွင် မရေမတွက်နိုင်သော မေးခွန်းများစွာ ပေါ်ပေါက်ခဲ့ပြီး နောက်တွင် ဖန်ရှင်းဆီသို့ လှမ်းကြည့်လိုက်၏။

"ဒီလူယုတ်မာက ငါ့စကားကို နားမဝင်တာများလား.. အတိတ်တုန်းက ငါသူ့အပေါ် ကောင်းခဲ့တာတွေက မလုံလောက်သေးလို့လား"

"တကယ်လို့ အတိတ်က အရာအားလုံးကိုသာ မေ့သွားခဲ့ရင် ဒီစကားတွေက သူ့ကို စိတ်လှုပ်ရှားစေမှာ မဟုတ်ဘူး...

ဖန်ရှင်းက အလွန် လေးနက်သော အသွင်အပြင်ဖြင့် အောင်းလီကို စေ့စေ့ကြည့်နေသည်။

သူတို့နှစ်ဦးက မျက်လုံးချင်းဆိုင်၍ ကြည့်နေကြ၏။

"သတိထား"

ရုတ်တရက် နှစ်ယောက်လုံးက တစ်ဦးကိုတစ်ဦး သတိပေးလိုက်သည်။

ဖန်ရှင်း၏ နောက်ကွယ်ကနေ ရောမ အပြာရောင် ကျောက်တုံးတစ်တုံးက လျင်မြန်စွာ ပျံသန်းလာသည်။

ဖန်ရှင်းသာ သတိမထားမိလျှင် ထိုအပြာရောင် ကျောက်တုံးကဖန်ရှင်း၏ဇီဝိန်ကို ခြွေချသွားမည် ဖြစ်၏။

ထို့ကြောင့် အောင်းလီက ကပျာကယာ သတိပေးလိုက်ခြင်းပင်။

ထို့အတူ ဖန်ရှင်း၏ မျက်လုံးထဲ၌လည်း ကြေးဝါတံခါးကြီး၏ အနောက်ကနေ မှော်လက်နက်တစ်ခုစီ ကိုင်ဆွဲထားသည့် လူရိပ်များကို တွေ့လိုက်ရ၏။

သူတို့နှစ်ဦးလုံးက တစ်ချိန်တည်းမှာပင် ကြောက်စရာ ကောင်းသော

အကျပ်အတည်း တစ်ခုထဲသို့ ကျရောက်ခဲ့သည်။

တစ်ခုက အပြာရောင် ကျောက်တုံး ဖြစ်ပြီး.. တစ်ခုကကြေးဝါတံခါး၏ နောက်ကွယ်မှ လူများ ဖြစ်သည်။

အပိုင်း(၁၂၅၀) ပြီး၏

အပိုင်း(၁၂၅၁) လျှို့ဝှက်ကျင့်ကြံသူငါးယောက်

အကျပ်အတည်းက ရုတ်တရက် မထင်မှတ်ဘဲ ထွက်ပေါ်လာခဲ့သည်။

ကြယ်ရောင်စုံသော ကောင်းကင်ကြီး၌ သူတို့နှစ်ယောက်သာ ရှိနေသည်ဟု ထင်နေသော အချိန်တွင် ယခုကဲ့သို့ မြင်ကွင်းမျိုးကို ရုတ်ခြည်း မြင်ရလိမ့်မည်ဟု မမျှော်လင့်မိပေ။

အန္တရာယ်က သူတို့ နှစ်ယောက်၏ အနောက်ကနေ ထိုးစစ်ဆင်လာ၏။

ကြယ်ရောင် ကောင်းကင်ရှိ ပတ်ဝန်းကျင်က ထျန်းယွမ်နှင့် လုံးဝ မတူဘဲ တိတ်ဆိတ်နေရာ မည်သည့်ရန်သူက အလစ်အငိုက် တိုက်ခိုက် နိုင်ပါမည်နည်း။

အောင်းလီက သူ၏ ရှန့်ရင်းသော စွမ်းအားဖြင့် ဖန်ရှင်း၏ နောက်ကွယ်သို့ ရောက်လာသော ကျောက်တုံးကို လက်သည်းဖြင့် ရိုက်ထုတ်လိုက်သည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

ကျောက်တုံးက အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲထွက်သွားပြီး နေရာအနှံ့သို့ ပျံ့နှံ့သွားသည်။

ယင်းအချိန်မှာပင် ထိုပေါက်ကွဲသွားသော ကျောက်တုံးကို အကာအကွယ်ယူ၍ အပြာရောင် ကြယ်တစ်စင်းက ပျံသန်းလာခဲ့၏။

အနီးသို့ရောက်သည်နှင့် အပြာရောင်ကြယ်က ရုတ်တရက်

ရပ်တန့်သွားပြီး အထဲမှ အလင်းတန်း ငါးခု အပြင်သို့ ခုန်ထွက်လာခဲ့သည်။

ထိုအလင်းတန်းငါးခုမှာ အပြင်သို့ ရောက်သည်နှင့် လူငါးယောက် အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

၎င်းတို့၏ အော်ရာကို ထောက်ရှု၍ ၎င်းတို့က ကပ်ဘေး သတ္တမအဆင့် ကျင့်ကြံသူများ ဖြစ်ကြောင်း ထင်ရှားနေသည်။

"ဟက်.. ကောင်လေးဆီက အင်မော်တယ် အကာအကွယ် လုယူဖို့ လိုက်လာခဲ့တာ.. မမျှော်လင့်ဘဲ နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းဆီ ရောက်လာခဲ့တယ်"

ထိုလူစုထဲမှ တစ်ယောက်က အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး သမင်ကို စီးထားသည့် အဖိုးအိုတစ်ဦး ဖြစ်သည်။

ထိုအဖိုးအိုက အောင်းလီကို စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းက ကောလဟာလတွေ အရဆိုရင် သွားလာဖို့ အလွန် ခက်ခဲပေမဲ့ အမွေအနှစ်နဲ့ ကံကောင်းမှုတွေကတော့ အလွန် များပြားတယ်"

ခပ်ပိန်ပိန် အဖွားအို တစ်ဦးက ရယ်မော၍ ပြောလိုက်သည်။

"ဒီကို ရောက်လာနိုင်တာ ဆရာကြီးလန်ရဲ့ ကမ္ဘာငယ်လေးကြောင့်ပဲ.. အကယ်၍ ငါတို့သာ ဒီကမ္ဘာငယ်လေးမှာ ပုန်းအောင်းပြီး လိုက်မလာခဲ့ရင် သူတို့နောက်ကို ချောချောမွေ့မွေ့ နောက်ယောင်ခံနိုင်မှာ မဟုတ်ဘူး.. "

ထိုစကားကို ပြောလိုက်သူက စာပေပညာရှင် တစ်ယောက်လို ဝတ်စားထားသည့် ချောမောခန့်ညားသော သတ်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး ဖြစ်သည်။

"ဟားဟား.. ရှေးဟောင်းလမ်းကို ရှာဖွေတွေ့ရှိတာက မမျှော်လင့်ထားတဲ့ ပျော်ရွှင်မှုတစ်ခုပဲ.. ဒီလမ်းကို ကျော်လွန်တာနဲ့ ငါတို့တွေ အင်မော်တယ် ဖြစ်ပြီ"

နောက်ဆုံးစကားကို ပြောလိုက်သူက တာအိုဝတ်စုံကို ဝတ်ဆင်ထားသည့် အပြာရောင်ကြယ် ကမ္ဘာငယ်လေး၏ ပိုင်ရှင်ဖြစ်၏။

ဤလူငါးဦးက ထျန်းယွမ်တိုက်၏ လျှို့ဝှက်ကျင့်ကြံသူများ ထဲတွင် အစွမ်းအထက်ဆုံးများ ဖြစ်ကြသည်။

၎င်းတို့က ဖန်ရှင်းဆီမှ အင်မော်တယ် အကာအကွယ်ကို လုယူရန် ဆရာကြီးလန်၏ ကမ္ဘာငယ်လေးတွင် လိုက်ပါလာကြခြင်း ဖြစ်၏။

ဆရာကြီးလန်က အပြာရောင် ကြယ်ကမ္ဘာငယ်ကို ဖန်ရှင်းတို့နှင့် နီးနီးကပ်ကပ် မမောင်းနှင်ခဲ့သဖြင့် ဖန်ရှင်းတို့နှစ်ဦးက သတိ မပြုမိခဲ့ကြခြင်း ဖြစ်သည်။

၎င်းတို့၏ အကြံအစည်က လျှို့ဝှက် ကျင့်ကြံသူများထံတွင် အစွမ်းထက်ဆုံး ဖြစ်စေရန် အမှန်တကယ် ထိုက်တန်ပေ၏။

ယင်းအချိန်တွင် ဖန်ရှင်းက ကြေးတံခါးဆီသို့ အော်ဟစ်လိုက်၏။

"ခေါင်းကိုးလုံးရဲ့ တပည့်တပန်းတွေ ငါ့ကိုထွက်တွေ့စမ်း"

ကြေးတံခါးကြီးထံ၌ နဂါးဘိုးဘေးများ စီရင်ခဲ့သည့် ထူးခြားသော အစီအရင်တစ်ခု ရှိနေသည်။

၎င်းက အင်မော်တယ် ကွပ်မျက်ခြင်း ဓားအစီအရင်နှင့် သဘောတရားချင်း တူသော်လည်း အဓိပ္ပါယ်ကတော့ကွဲပြား၏။

ဖန်ရှင်း၏ အော်ဟစ်သံကို ကြားသည်နှင့် မှော်လက်နက်မျိုးစုံကို ကိုင်ဆောင်ထားသည့် မကောင်းဆိုးဝါး ၈ယောက်က ကြေးတံခါး နောက်ကွယ်မှ ထွက်ပေါ်လာ၏။

၎င်းတို့၏ လက်ထဲတွင် ထူးဆန်းသော လက်နက်မျိုးစုံကို တွေ့ရသည်။

ဖန်ရှင်းက ခပ်သွက်သွက်ပင် အရိုးစုဦးခေါင်းခွံထဲသို့ ပြန်ဝင်လိုက်ပြီး

၎င်းတို့ထံသို့ မောင်းနှင်လိုက်၏။

အနီးကပ် ကြည့်လိုက်သောအခါမှ အစွမ်းထက်သော ပင်လယ် မကောင်းဆိုးဝါးများ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

၎င်းတို့၏ ကျင့်ကြံမှုက အလွန်တရာ မြင့်မားခြင်းမရှိပေ။

အားလုံးလိုလိုက ဝိညာဉ်ဖူးငုံ အထွတ်အထိပ်များ ဖြစ်ကြပြီး တစ်ယောက်သာလျှင် ကပ်ဘေးပထမအဆင့် ကျင့်ကြံသူဖြစ်သည်။

၎င်းတို့၏ အမူအရာအရ အချိန်အတော်ကြာ ကတည်းက ဤနေရာတွင် စောင့်ကြပ်နေကြောင်း ထင်ရှားနေသည်။

ထို့ပြင် အားကောင်းသော ရန်သူများကို ရင်ဆိုင်ရန် အစွမ်းထက် မှော်လက်နက်များကို ကိုင်ဆောင်ထားကြ၏။

အစောပိုင်းတွင် ဖန်ရှင်းက ၎င်းတို့၏ အထောက်အထားတွေကို

ခန့်မှန်းမိပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်ခြင်းဖြစ်သည်။

သူ့ကို ဤနေရာတွင် စောင့်ဆိုင်းနေပြီး နဂါးမျိုးနွယ်၏ မှော်လက်နက်များကို ပြင်ဆင်ထားသောကြောင့် ခေါင်းကိုးလုံး မျိုးနွယ်စုမှ လူများဖြစ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

"ဟားဟား.. ငါတို့ သခင် ခေါင်းကိုးလုံးက နဂါးမျိုးနွယ်စုရဲ့လမ်းပေါ်ကို ခြေချနေပြီ.. ဒီနေရာကို မင်းလိုက်လာမှာ သိလို့ ငါတို့ရှစ်ယောက်ကို နဂါးတံခါးကို စောင့်ရှောက်ဖို့ တမင်ထားခဲ့တာပဲ.. မင်းရဲ့ စိတ်ကူးအိပ်မက်တွေကို ရုတ်သိမ်းပြီး ထျန်းယွမ်တိုက်ဆီကို ပြန်သွားလိုက်တော့"

မကောင်းဆိုးဝါး ရှစ်ယောက်ထဲမှ ဌက်ခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် တစ်ယောက်က အေးစက်စက် ပြောလိုက်၏။

ထိုလူက ဝိညာဉ်ထိန်း နဂါးလက်သည်းကို လက်နက်အဖြစ် ကိုင်ဆောင်ထားသည်။

"ဒီခေါင်းကိုးလုံးမောင်နှမက တော်တော်စေ့စပ်သားပဲ"

ဖန်ရှင်းက စိတ်ထဲကနေ ချီးကျူးလိုက်သည်။

မကောင်းဆိုးဝါးဘုရင် ဇယောက်က မှော်လက်နက် တစ်ခုစီကို ကိုင်ဆောင်ထားသဖြင့် ဖောက်ထွက်ရန် မလွယ်ကူပေ။

ထို့အပြင် ၎င်းတို့က နဂါးတံခါး အစီအရင်နှင့် ချိတ်ဆက်ထားကြသည်ကို ဖန်ရှင်းကို သတိထားမိလိုက်သည်။

အစီအရင်ထဲ ၎င်းတို့ ရှိနေသဖြင့် ၎င်းတို့ကို ဖိနှိပ်ရန် လွယ်ကူမည် မဟုတ်ချေ။

ခေါင်းကိုးလုံး မောင်နှမ၏ ကြိုတင်စီစဉ်ထားမှုက တကယ့်ကိုလက်ဖျားခါစရာ ကောင်းနေသည်။

လျှို့ဝှက်ကျင့်ကြံသူ ငါးယောက်ကလည်း မကောင်းဆိုးဝါးဘုရင်ရှစ်ပါးကို အစီအရင်ထဲတွင်

တွေ့လိုက်ရသောကြောင့် အနည်းငယ် စိတ်ပျက်သွားခဲ့၏။

"ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းရှာရမယ်.."

ဖန်ရှင်း၏ မျက်နှာက ငြိမ်သက်နေသော်လည်း စိတ်ထဲကမူ လျင်မြန်စွာ တွေးတောနေမိတော့သည်။

အောင်းလီ၏ အတွေးများကမူ သူနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်မှာ သိသာထင်ရှားလှပေသည်။

ထိုနဂါးကြီးက လျှို့ဝှက် ကျင့်ကြံသူများ၏ အသွင်အပြင်ကို လှမ်းကြည့်ပြီးနောက် ခန္ဓာကိုယ်မှ စွမ်းအားများကို လှုံ့ဆော်လိုက်၏။

သတ်ဖြတ်လိုသော အော်ရာတစ်ခုက ခန္ဓာကိုယ်ကနေ ပြင်းထန်စွာ ထွက်ပေါ်လာသည်။

"ဒါက နဂါးမျိုးနွယ်ရဲ့ အထွတ်အမြတ် နေရာပဲ.. မင်းတို့ကဘာကောင်တွေမို့လို့ နဂါးမျိုးနွယ်ရဲ့ ရှေးဟောင်းလမ်းကို

ခြေချဖို့ စိတ်ကူးယဉ်နေတာလဲ"

အောင်းလီက ဒေါသတကြီး ကြုံးဝါးလိုက်၏။

ကပ်ဘေးအဆင့် ကျင့်ကြံသူ ငါးဦး၏ ရည်ရွယ်ချက်ကို သိလိုက်ရလျှင် သူက ဒေါသအိုး ပေါက်ကွဲသွားခြင်း ဖြစ်သည်။

တစ်ခဏအတွင်းမှာပဲ အောင်းလီတစ်ဖြစ်လဲ ရွှေနဂါးကြီးက ကောင်းကင်ကို ပျံသန်းသွားခဲ့၏။

"ဂျိန်း.. ဂျိန်း"

ပြင်းထန်သော မိုးခြိမ်းသံများက ကောင်းကင်မှာ ပြည့်နှက်သွားပြီး မိုးကြိုးများက အဆက်မပြတ် ကျဆင်းလာသည်။

ထိုမိုးကြိုးများ ကျဆင်းလာသည်နှင့် တစ်ချိန်တည်းမှာပင် အောင်းလီက သမင်စီးလာသည့် အဖိုးအိုကို တိုက်ခိုက်လိုက်သည်။

အောင်းလီ၏ ခွန်အားက လျှို့ဝှက် ကျင့်ကြံသူ ငါးဦး မျှော်မှန်းထားသည်ထက် များစွာ သာလွန်နေခဲ့သည်။

အထူးသဖြင့် သမင်ကို စီးနင်းလာတဲ့ အဘိုးအိုပင်...

သူက ဤနဂါးကြီး၏ ခွန်အားနှင့် အရှိန်က ခန့်မှန်းထားသည်ထက် အဆများစွာ မြင့်မားနေသည်ကို တွေ့ရှိခဲ့ပြီး သမင်ကို စွန့်လွှတ်ကာ မိုင်တစ်ရာအကွာသို့ ရွှေ့လျား၍ ရှောင်တိမ်းလိုက်သည်။

"ဂျွတ်.. ဂျွတ်"

အဖိုးအိုက လွတ်မြောက်သွားသော်လည်း သူစီးလာသည့်သမင်ကမူ အောင်းလီ၏ တစ်လုတ်ထဲ စားသောက်ခြင်းကို ခံခဲ့ရသည်။

ရွှေနဂါးကြီးက လေပျို့ခြင်းပင် မရှိဘဲ ချောမွေ့စွာပင် မျိုချလိုက်၏။

ရွှေနဂါးကြီး၏ သွေးလွှမ်းသော မျက်လုံးများတွင် ရက်စက်လိုသော အရိပ်အယောင်များကို ထင်ရှားစွာ တွေ့နေရသည်။

"နဂါးမျိုးနွယ်စုရဲ့ စွမ်းအား အစစ်အမှန်ကို ယှဉ်နိုင်မယ်လို့ မင်းတို့ကိုယ် မင်းတို့ထင်နေလား"

ထိုစကားကိုပြောရင်း အောင်းလီ၏ ခန္ဓာကိုယ်တွင် လူသတ်ငွေ့များ ပြင်းထန်စွာ ထွက်ပေါ်လာခဲ့သည်။

အပိုင်း(၁၂၅၁) ပြီး၏

အပိုင်း(၁၂၅၂) ငါတို့က ရည်ရွယ်ချက်ခြင်း အတူတူပဲ

"ခွေးလေးက အတော်ကြမ်းတာပဲဟ.."

ဖန်ရှင်းက အောင်းလီ ဤမျှ အစွမ်းထက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

၎င်းက လျှို့ဝှက်ကျင့်ကြံသူကို တိုက်ရိုက် တိုက်ခိုက်လိုက်ပြီး ထိုလူ၏ အစီးအနင်းကိုပင် မျိုချလိုက်သည်။

အောင်းလီ၏ ရက်စက်သော အပြုအမူကြောင့် ကျင့်ကြံသူ ငါးဦး၏ စိတ်ထဲသို့ အန္တရာယ် အချက်ပေး ခေါင်းလောင်း ထိုးလိုက်သလို အသိစိတ်ဝင်လာသည်။

ဆရာကြီးလန်ပင် ရှုးသွပ်လုမတတ် ထိတ်လန့်သွားသည်။

"ဒီနဂါးကို ငါတို့အတူတကွ သတ်လိုက်ရအောင်"

စကားဆုံးသည်နှင့် ဆရာကြီးလန်က လေထဲတွင် လွင့်မျောနေသော အပြာရောင်ကြယ်ကို ဆွဲငင်လိုက်ပြီး ဥက္ကာပျံကဲ့သို့ အရှိန်အဟုန်ဖြင့် အောင်းလီဆီသို့ ပစ်လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ခပ်ပိန်ပိန် အဖွားအိုကလည်း အပြာရောင်ကြယ်နှင့် ရင်ဆိုင်နေသည့် အောင်းလီ ဆီသို့တိတ်တဆိတ်

ချဥ်းကပ်သွားပြီး အလစ်လုပ်ကြံရန် ကြိုးစားလိုက်၏။

"ပြိုကွဲစမ်း"

အောင်းလီက ကျယ်လောင်စွာ ကြုံးဝါးလိုက်ပြီး ဦးချိုနှစ်ချောင်းကို ဝှေ့ရမ်းလိုက်ရာ ဦးချိုထဲမှ ထူးဆန်းသော ဓားအလင်းများ ပေါ်ထွက်လာသည်။

"အစစ်အမှန် နဂါးရဲ့ ဦးချို"

နဂါးတို့၏ဦးချိုကို ကောင်းကင်ဘုံမှ အပ်နှင်းထားသောရတနာတစ်ပါးဟု ကမ္ဘာက ဆိုကြသည်။

နဂါးဦးချိုများ.. နဂါးကြေးခွံများ.. နဂါးခြေသည်းများ.. နဂါးအမြီးများ.. နဂါးမုတ်ဆိတ်များ.. နဂါးမျက်လုံးများ.. နဂါးသွားများ စသည့် နဂါးနှင့် ပတ်သက်သော အရာအားလုံးက အစွမ်းများ ရှိကြပြီး နတ်လက်နက်များ အဖြစ်သို့ ပြောင်းလဲနိုင်၏။

နဂါးဦးချိုများက ကမ္ဘာပေါ်ရှိ အရာအားလုံးကို ချိုးဖြတ်နိုင်သော နတ်လက်နက်များ ဆိုလျှင်မမှားပေ။

ဆိုရလျှင် အောင်းလီက မိုးကြိုးရေကန်တွင် အိပ်စက်ခဲ့သည်မှာ အချည်းနှီး မဖြစ်ခဲ့မှန်း သေချာနေသည်။

သူက ကပ်ဘေး နဝမအဆင့်နှင့် ညီမျှသည့် ခွန်အားကို ပိုင်ဆိုင်ထားရာ အင်မော်တယ် တစ်ပိုင်း အဆင့်သို့ပင် ရောက်ရှိလာပြီး ဦးချို၏ စွမ်းအားကလည်း မထင်မှတ်လောက်အောင် တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

"ဝုန်း.. ဝုန်း"

ဦးချိုနှစ်ချောင်းက အပြာရောင်ကြယ်ကို ပဲ့ထွက်စေပြီး လာရာလမ်းအတိုင်း ပြန်လှည့်စေခဲ့၏။

ထိုမြင်ကွင်းကို မြင်လိုက်ရလျှင် ဆရာကြီးလန်က ဒေါသတကြီး ဆဲဆိုလိုက်သည်။

"ဒီနဂါးစုတ်က တော်တော် အစွမ်းထက်တယ်.. သူ့ရဲ့ဦးချိုက ငါ့ရဲ့ ကမ္ဘာငယ်လေးကို ဖျက်ဆီးလုနီးပါပဲ"

အပြာရောင်ကြယ်က အောင်းလီကို မထိခိုက်စေသော်လည်းပိန်ပါးပါး အဖွားအို၏ လက်ဝါးကမူ အောင်းလီ၏ ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

အဖွားအိုက သူ၏လက်ဝါးရိုက်ချက် အောင်းလီကို ထိမှန်သွားသောကြောင့် ပြုံးလိုက်ပြီး

"နဂါးလေး.. အခုတော့ ဘာတတ်နိုင်သေးလဲ"

"ထွက်သွားစမ်း.. "

အောင်းလီက ကျယ်လောင်စွာ ကြုံးဝါးလိုက်ရာ သူ၏ ရွှေရောင်အကြေးခွံကနေ ရွှေရောင် အလင်းတန်းများ ထွက်ပေါ်လာသည်။

"ဂျိန်း.. ဂျိန်း.."

ယင်းအခိုက်အတန့်မှာပင် ထူးဆန်းသော မိုးကြိုးများက အဖွားကြီးဆီသို့ ကျရောက်လာရာ အဖွားကြီးက မပြိုးနိုင်တော့ဘဲ နောက်သို့ ဆုတ်လိုက်ရသည်။

"နဂါးသွေးအစစ်က..တကယ်ကို အစွမ်းအစရှိသားပဲ.."

အောင်းလီ၏ အစွမ်းအစမှန်ကို မြင်ပြီးနောက် လျှို့ဝှက်ကျင့်ကြံသူ ငါးဦး၏ အမူအရာများက လေးနက်လာခဲ့သည်။

၎င်းတို့က အောင်းလီကို အထင်မသေးဝံ့ကြတော့ပေ။

တစ်ခဏအတွင်း လျှို့ဝှက်ကျင့်ကြံသူနှစ်ဦးကို အနိုင်ယူလိုက်သောကြောင့် ရွှေရောင်နဂါးကို အားလုံးက ထိတ်လန့်သွားကြသည်။

"ညတာရှည်ရင် အိပ်မက်တွေ မက်နေဦးမယ်.. ငါတို့နဂါးကိုတစ်ခါတည်း နှိမ်နင်းရမယ်"

စာပေပညာရှင် ပုံပေါက်နေသည့် သတ်လတ်ပိုင်းအရွယ် ကျင့်ကြံသူက ပြောလိုက်သည်။

ယင်းအချိန်မှာပင် ရွှေရောင်နဂါးက ဟိန်းဟောက်၍ ၎င်းတို့ဆီသို့ ပြေးတက်လာသည်။

သိပ်မကြာမီမှာပင် ရွှေရောင်နဂါးနှင့် ကျင့်ကြံသူ ၅ယောက်က အပြင်းအထန် တိုက်ပွဲဝင်ခဲ့ကြသည်။

၎င်းတို့၏ ပြင်းထန်သော စွမ်းအားများကြောင့် ပတ်ဝန်းကျင်တွင် သဘာဝလွန် စွမ်းအားများ ပြည့်နှက်နေ၏။

....

....

"ဖန်ရှင်း ငါတို့ဆီ လာအသေခံစမ်း"

တစ်ချိန်တည်းမှာပင် ဖန်ရှင်းကလည်း အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ခေါင်းကိုးလုံးမောင်နှမ အစောင့်ထားခဲ့သော မကောင်းဆိုးဝါးဘုရင်ဇပါးက နတ်လက်နက်များကို ကိုင်ဆွဲကာ နဂါးတံခါး အစီအရင်ထဲတွင် စောင့်ကြပ်နေသည်။

၎င်းတို့က ဖန်ရှင်းကို သိကြသော်လည်း နဂါးတံခါး အစီအရင်နှင့် မှော်လက်နက်များကို အားကိုး၍ သောက်ဂရုမစိုက်သည်မှာ ထင်ရှားနေသည်။

"မင်းတို့ အဲ့လောက်ထိ သတ္တိရှိနေရင် ငါ့ကို လာတိုက်စမ်း"

ဖန်ရှင်းက မကောင်းဆိုးဝါး ဘုရင်ဇပါးကို စူးစိုက်ကြည့်၍ စိန်ခေါ်လိုက်၏။

သဘာဝအားဖြင့် မကောင်းဆိုးဝါး ဘုရင်ဇပါးက ဖန်ရှင်း၏ ပြိုင်ဖက် မဟုတ်ချေ။

၎င်းတို့က နဂါးတံခါး အစီအရင်ကို မီခိုနေရသောကြောင့် ဖန်ရှင်းကို ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေသည်။

"ငတုံးဇကောင်.. တကယ်တော့ ခေါင်းကိုးလုံး မောင်နှမက မင်းတို့ကို ဒီမှာ သေဖို့ ချန်ရစ်ခဲ့တာပဲ"

ဖန်ရှင်းက အေးစက်စက် ရေရွတ်လိုက်ပြီးနောက် ခေါင်းလှည့်၍ အောင်းလီ၏ တိုက်ပွဲကို အကဲခတ်လိုက်သည်။

အောင်းလီက ကျင့်ကြံသူ ငါးဦးကို အပေါ်စီးမှ တိုက်ခိုက်နေပြီးကျင့်ကြံသူများက အတတ်နိုင်ဆုံး အောင်းလီနှင့်

ထိပ်တိုက်တွေ့ဆုံမည်ကို ရှောင်ရှားနေကြသည်။

၎င်းတို့ငါးဦးလုံးက ကပ်ဘေး သတ္တမအဆင့် ဖြစ်ကြသော်လည်း နဂါးတစ်ကောင်ကို ဤမျှအထိ တိုက်ခိုက်နေရသည်မှာ တကယ်ကို ရုပ်ပေါက်လွန်းနေ၏။

"ယောက်ဖ အရမ်းတော်တယ်.. ငါ အရင်က မင်းကို လျှော့တွက်ခဲ့မိတယ်"

ဖန်ရှင်းက သက်ပြင်းချ၍ လေသံတိုးတိုးဖြင့် ရေရွတ်လိုက်၏။

အောင်းလီက မိုးကြိုးရေကန်တွင် အိပ်စက်ပြီးနောက် ကျင့်ကြံမှုတွင် တိုးတက်လာသော်လည်း တိုက်ပွဲဝင် စွမ်းရည်ကမူ တိုးတက်မလာခဲ့ပေ။

ဤသည်က အစပိုင်းမှာသာ ဖြစ်ပြီး တိုက်ပွဲ ဆက်လာသည်နှင့်အမျှ နဂါးမျိုးနွယ်၏ ပင်ကို တိုက်ပွဲဝင်စွမ်းရည်က နိုးကြွလာခဲ့၏။

ဖန်ရှင်းနှင့် တိုက်ခိုက်သည့် အချိန်က တိုက်ပွဲဝင် စွမ်းရည် နိုးထလာခဲ့သော်လည်း သူ၏ မသိစိတ်ကနေ ညှာတာနေမိ၍သာ ယခုအချိန်ထိ အသက်ရှင်နေရခြင်း ဖြစ်သည်။

"တော်သေးတယ်.. နောက်ကျရင် မင်းကိုထိန်းချုပ်ဖို့ မင်းအမကို အားကိုးရမှာပဲ"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

အောင်းလီက အပေါ်စီးမှ တိုက်ခိုက်နေသော်လည်း ကျင့်ကြံသူငါးဦးကို ထိခိုက်အောင် မလုပ်နိုင်သေးပေ။

ဤသည်ကိုကြည့်၍ ကျင့်ကြံသူ ငါးဦးကလည်း ကြောက်မက်ဖွယ်ကောင်းသော စွမ်းရည်ကို ပိုင်ဆိုင်ထားမှန်း သိသာနေသည်။

၎င်းတို့က နဂါးမျိုးနွယ်၏ လျှို့ဝှက်ချက်ကို စစ်ဆေးမေးမြန်းရန် အတွက် အောင်းလီကို အရှင်ဖမ်းချင်နေခဲ့၏။

သူတို့က အောင်းလီနှင့် သူသေကိုယ်သေ မတိုက်ခိုက်လိုကြပေ။

"သေစမ်း"

ဖန်ရှင်းက အတွေးနက်နေသော အချိန်တွင် ရုတ်တရက်အော်ငေါက်သံက ထွက်ပေါ်လာသည်။

အသံပိုင်ရှင်မှာ သမင်ကို အောင်းလီ၏ အစာအဖြစ် ဆုံးရှုံးခဲ့ရသော အဖိုးအို ဖြစ်သည်။

အဖိုးအိုက တောင်ဝှေးဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်၏။

သို့ရာတွင် နဂါးသွေးအစစ် ဖြစ်သော အောင်းလီအတွက်က တောင်ဝှေး ရိုက်ချက်လောက်ကို ဂရုပင် မစိုက်ချေ။

အောင်းလီတစ်ဖြစ်လဲ ရွှေရောင်နဂါးက အမြီးဖြင့် ရိုက်ချလိုက်ရာ အဖိုးအိုက နောက်ပြန် လွင့်ထွက်သွားသည်။

"အောင်းလီ.. မင်းနဲ့ငါနဲ့ ပူးပေါင်းတိုက်ရင်တောင် ဒီလူငါးယောက်လုံးကို သတ်ဖို့ မလွယ်ကူဘူး.. သူတို့နဲ့ တိုက်ခိုက်နေမဲ့အစား သူတို့ကိုပါ ငါတို့နဲ့အတူ ခေါ်သွားလိုက်ရင် မကောင်းဘူးလား"

ဖန်ရှင်းက တိုက်ပွဲ အခြေအနေကို အသေးစိတ် အကဲခတ်ပြီးနောက် အောင်းလီကို ဖျောင်းဖြကြည့်လိုက်၏။

"ပါးစပ်ပိတ်ထားစမ်း"

"ငါက အစစ်အမှန် နဂါးတစ်ကောင်ပဲ.. ဒီလူတွေနဲ့ ဘာလို့ပူးပေါင်းရမှာလဲ.. ဘယ်လိုလုပ်ပြီး ဒီလူတွေကို နဂါးဘိုးဘေးတွေရဲ့ အမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းလမ်းကို ခြေချဖို့ ခွင့်ပြုပေးရမှာလဲ"

ဖန်ရှင်း၏ စကားကိုကြားလျှင် အောင်းလီက ဒေါသတကြီး ပြန်ဖြေလိုက်၏။

ယင်းနောက်တွင် အောင်းလီက ကျင့်ကြံသူ ငါးယောက်ဆီသို့လှည့်၍ တိုက်ခိုက်လိုက်ပြန်သည်။

ဒီခွေးလေးကတော့ ငါ့စကားကို နားမထောင်ချင်ဘူး.. ဒီအတိုင်းဆို မင်းကိုငါ နည်းနည်းတော့ ရက်စက်ရတော့မယ်"

ထိုစကားကို ရေရွတ်ရင်း ဖန်ရှင်းက အောင်းလီကို စူးစိုက်ကြည့်လိုက်သည်။

ထိုအချိန်မှာပင် ဆရာကြီးလန်က ဖန်ရှင်းကို တိုက်ခိုက်ရန်ရောက်ရှိလာသည်။

ဆရာကြီးလန်၏ သတ်ဖြတ်လိုသော အော်ရာများက ဖန်ရှင်း၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားခဲ့၏။

ဖန်ရှင်းက ရုတ်တရက် ပြုံးရွှင်စွာ ပြောလိုက်သည်။

"ငါ့နဲ့တိုက်ဖို့ လောမနေနဲ့.. အရင်ဆုံး ဆွေးနွေးကြည့်ရအောင်"

"ဆွေးနွေးဖို့လား"

ဖန်ရှင်းထံမှ ထင်မှတ်မထားသည့် စကားကို ကြားလိုက်ရလျှင် ဆရာကြီးလန်က အံ့အားသင့်ကာ သံသယ မျက်လုံးများဖြင့် ဖန်ရှင်းကို ကြည့်လိုက်သည်။

"ဟုတ်တယ်.. ငါတို့က ရည်ရွယ်ချက်ခြင်း အတူတူပဲလေ"

ဖန်ရှင်းက လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

အပိုင်း(၁၂၅၂) ပြီး၏

အပိုင်း(၁၂၅၃) ငါ့ကိုကူတိုက်ဦး

"မင်းက ဘာတွေ ဆွေးနွေးချင်လို့လဲ"

ယခုလို အန္တရာယ်များသော အခြေအနေတွင် ဖန်ရှင်းထံမှ မမျှော်လင့်ထားသည့် စကားကို ကြားလိုက်ရသောကြောင့် ဆရာကြီးလန်က မမေးဘဲ မနေနိုင်တော့ချေ။

သူတို့၏ တစ်ခုတည်းသော မျှော်လင့်ချက်က အင်မော်တယ်ဖြစ်လာဖို့ဖြစ်သည်။

အစောပိုင်းတွင် ၎င်းတို့က ဖန်ရှင်းထံမှ အင်မော်တယ် အကာအကွယ်ကို လုယူရန် ကြံစည်ခဲ့ကြသည်။

ထျန်းယွမ်တိုက်မှာ ကတည်းက ဝင်တိုက် လိုခဲ့သော်လည်း အစွမ်းထက် ကျင့်ကြံသူများက အာရုံစိုက်နေသောကြောင့် သည်းခံခဲ့ပြီး ဤနေရာအထိ လိုက်လာခဲ့ခြင်းဖြစ်၏။

ယခုတော့ ဖန်ရှင်း၏ နောက်သို့ လိုက်လာရင်း နဂါးမျိုးနွယ်စု၏

ရှေးဟောင်းလမ်းသို့ ရောက်ရှိလာသည်။

နဂါးမျိုးနွယ်၏ လမ်းက တာအိုဘာသာ၏ လမ်းနှင့် အလွန်နီးကပ်စွာ ချိတ်ဆက်ထားသောကြောင့် လမ်းကြောင်းက အတူတူပဲဟုပင် ဆိုနိုင်သည်။

ထို့ကြောင့် အောင်းလီကို ဖမ်းပြီး နဂါးမျိုးနွယ်စု၏ လမ်းပေါ်သို့ ခေါ်ချရန် ကြံစည်နေခဲ့ခြင်းပင်။

အောင်းလီက ပြတ်သားလွန်းပြီး ဆွေးနွေး ညှိနှိုင်းမည့် နည်းလမ်းကို မသုံးဘဲ တိုက်ခိုက်ရန်ကိုသာ ရွေးချယ်ခဲ့သော်လည်း ဖန်ရှင်းကမူ ၎င်းတို့ကို ညှိနှိုင်းရန် အစပြုတောင်းဆိုခဲ့၏။

"ဘာတွေလုပ်ညှိစားမလို့လဲ"

ဆရာကြီးလန်က သတိမပြတ်စေဘဲ ဖန်ရှင်းကို သံသယမျက်ဝန်းများဖြင့် ကြည့်၍ မေးလိုက်၏။

ဖန်ရှင်းက ဆရာကြီးလန်ကို ပြုံးပြလိုက်ပြီး

"ဒီနဂါးမိုက် အကြောင်း ငါအသိဆုံးပဲ.. သူ့အသက်သာ အသေခံသွားမယ်.. မင်းတို့ကို ဘယ်လိုမှ ရှေးဟောင်းလမ်းဆီ ခြေချခွင့်ပြုမှာ မဟုတ်ဘူး.. ဟက်.. မင်းတို့ ကံကောင်းတာက ငါ့ရဲ့ ရည်ရွယ်ချက်က မင်းတို့နဲ့ အတူတူ ဖြစ်နေတာပဲ"

"ဟားဟားဟား "

ဆရာကြီးလန်က ဖန်ရှင်း၏ စကားကို လုံးဝ မယုံကြည်ဘဲ လှောင်ပြောင် ရယ်မောလိုက်၏။

"ချီးထဲမှပဲ.. ငါက အလေးအနက် ပြောနေတာ မတွေ့ဘူးလား"

ဖန်ရှင်းက ဆရာကြီးလန်ကို ကြိမ်းမောင်းလိုက်သည်။

"မင်းလို နောက်ပေါက် တစ်ယောက်က ငါ့ကို ဆဲဆိုဝံ့တယ်ပေါ့လေ"

ဆရာကြီးလန်က ဒေါသတကြီး ရေရွတ်လိုက်သည်။

သူက နှစ်ပေါင်းများစွာ ရှင်သန်လာခဲ့သည့် ထျန်းယွမ်တိုက်၏ ဒဏ္ဍာရီဆန်သော လူတစ်ယောက် ဖြစ်သည်။

သူ့ကို မည်သူမှ မဆဲဆိုရဲကြချေ။

ထို့ကြောင့် ဆရာကြီးလန်က ဒေါသအိုး ပေါက်ကွဲကာ သူလျှို့ဝှက်လှံ့ဆော်ထားသည့် စွမ်းအားကို လက်ဝါးထဲတွင်စုစည်းကာ ဖန်ရှင်းကို ရိုက်ချလိုက်သည်။

ဖန်ရှင်းကလည်း ဆရာကြီးလန်၏ တုံ့ပြန်မှုကို ကြိုတင်မျှော်လင့်ထားပြီးသား ဖြစ်၏။

သူက အရိုးစုဦးခေါင်းခွံကို မောင်းနှင်၍ ရှောင်တိမ်းလိုက်သော်လည်း ဆရာကြီးလန်၏ လက်ဝါးရိုက်ချက်မှ မလွတ်မြောက်ခဲ့ပေ။

"ဝုန်း"

ပေါက်ကွဲသံ ထွက်ပေါ်လာသော်လည်း အရိုးစုဦးခေါင်းခွံကမူလေထဲတွင် ရှိနေသေးပြီး ဘာထိခိုက်မှုမှ မရှိခဲ့ချေ။

ဖန်ရှင်းက အရိုးစုဦးခေါင်းခွံကို လေထဲတွင် စက်ဝိုင်းပုံသဏ္ဍာန် မောင်းနှင်လိုက်ရင်း ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"ဟားဟား.. ငါ့သခင်လေးကို ထိခိုက်အောင် လုပ်နိုင်မယ်များ ထင်နေလား"

"ဒီကောင်က အံ့သြဖို့ကောင်းသားပဲ.. ကမ္ဘာငယ်လေး တစ်ခုလိုတောင် ပိုင်ဆိုင်ထားတယ်.. ဟိုတုန်းက ဆိုရင် တကယ့်အစစ်အမှန် အင်မော်တယ်တွေကသာ ဒီလိုမျိုး .မှော်ပစ္စည်းတွေကို ပိုင်ဆိုင်ခဲ့ကြတယ်"

.

ဆရာကြီးလန်က သက်ပြင်းချလိုက်ပြီး လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

"ဟက်.. ငါ့ရဲ့မှော်ရတနာက ထာဝရနတ်ဘုရား ပေးထားတာပဲ.. ဒီအရိုးစု ဦးခေါင်းခွံကတော့ အရိုးနန်းတော်က ရရှိခဲ့တဲ့ပစ္စည်းပဲ.. အကျဉ်းစံနှလုံးသား ချောက်ကမ်းပါး သခင်ရဲ့မြားတောင် ဒီအရိုးစုခေါင်းခွံကို ဖောက်မဝင်နိုင်ခဲ့ဘူး.. မင်းရဲ့ကမ္ဘာငယ်လေးက ရှေးဟောင်းလမ်းက အန္တရာယ်တွေကို ရင်ဆိုင်နိုင်မှာ သေချာလို့လား.. မင်းမှာ ယုံကြည်မှု ဘယ်လောက်ထိရှိလဲ"

ထိုစကားကိုကြားလျှင် ဆရာကြီးလန်၏ မျက်ဝန်းက တောက်ပသွားပြီး အေးစက်စက် ပြောလိုက်၏။

"ပြောပါ.. မင်းဘာတောင်းဆိုချင်လဲ"

"နောက်ဆုံးတော့ ငါ့စကားကို နားထောင်ပြီပေါ့"

ဖန်ရှင်းက သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

ထို့နောက် သူက ဆရာကြီးလန်ကို အေးစက်စက် ကြည့်လိုက်ကာ

"မင်းတို့တွေ နဂါးနဲ့ အသေအကြေ တိုက်ရင် ဘယ်လိုရလာဒ်မျိုး ထွက်လာမယ်လို့ ထင်လဲ"

ဟု မေးခွန်းထုတ်လိုက်သည်။

ဆရာကြီးလန်က သူဆိုလိုချင်သည့် အဓိပ္ပါယ်ကိုကောင်းကောင်း သိပြီး အောင်းလီဆီသို့ လှမ်းကြည့်လိုက်၏။

"နှစ်ဖက်စလုံးမှာ အထိအခိုက် ရှိမှာတော့ သေချာတယ်"

"ဟုတ်တယ်.. ငါ့ယောက်ဖကို မင်းတို့ သတ်နိုင်ရင်တောင် မင်းတို့ထဲက အနည်းဆုံး နှစ်ယောက်ကတော့ သေရမှာပဲ"

ထိုစကားကို ကြားလျှင်ဆရာကြီးလန်ကပြုံးလိုက်ပြီး

"မင်းပြောတာ ငါလက်ခံပါတယ်.. ဒါပေမဲ့ နဂါးမျိုးနွယ်စုရဲ့ လမ်းထဲ ခြေချခွင့်သာ ရမယ်ဆိုရင် ဒါက ကြီးမားတဲ့ ဆုံးရှုံးမှုတော့ မဟုတ်ဘူး"

ဟု ပြန်ဖြေလိုက်သည်။

"ဒီစကားက မှန်သင့်သလောက်တော့ မှန်ပါတယ်.. ငါပြောချင်တာက အားလုံးရဲ့ပန်းတိုင်က တူနေမှတော့ ငါတို့တွေ ပူးပေါင်းလို့ မရဘူးလား"

ဖန်ရှင်းက ပြုံးရွှင်စွာ ပြောလိုက်၏။

"ဒါဆို မင်းက ငါတို့ကို နဂါးလမ်းထဲ ဝင်ခွင့်ပြုမှာလား.. အဲ့ဒါက ဖြစ်နိုင်လို့လား.. မင်းသဘောတူရင်တောင် နဂါးက သဘောမတူလောက်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

ဖန်ရှင်း၏ ယုံကြည်မှုရှိသော စကားကို ကြားလိုက်ရလျှင် ဆရာကြီးလန်က ဖန်ရှင်းကို သံသယ မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

"ဟားဟား..ဒီအဘိုးကြီးက ဇာတ်မြုပ်နေတယ် ဆိုပေမဲ့ မင်းရဲ့ အကြောင်းကိုတော့ ကြားဖူးတယ်.. လွန်ခဲ့တဲ့နှစ်တွေမှာ မင်းက ထျန်းယွမ်တိုက်ကို အတော်လေး မွှေနှောက်ပြီး ရောက်လေရာ အရပ်မှာ ဓားပြတိုက်ခဲ့တယ်.. မင်းမှာ အစွမ်းအစ ရှိတာ ငါသိပေမဲ့ ငါတို့က မင်းကလိမ်ကျလို့ ရမဲ့ လူစားတွေ မဟုတ်ဘူး"

ဆရာကြီးလန်က ရယ်မော၍ ပြောလိုက်သည်။

"ငါက မင်းကို တောင်းဆိုနေတာပါ.. ငါအကူအညီ လိုအပ်နေတယ်"

ဖန်ရှင်းက ဆရာကြီးလန်၏ ခပ်ထေ့ထေ့ စကားကို လျစ်လျူရှု၍ ပြောလိုက်သည်။

"ဒါဆို မင်းက ဘာလို့ ရှေးဟောင်းလမ်းကို ခြေချချင်တာလည်း ငါ့ကို ပြောပြလို့ရမလား"

ဆရာကြီးလန်က အေးစက်စက် မေးလိုက်၏။

ထိုစကားကိုကြားသည်နှင့် ဖန်ရှင်းက ခက်သွက်သွက်ပင် ပြန်ဖြေလိုက်သည်။

"ငါ့မိန်းမက နဂါးမင်းသမီးပါ.. သူ့ကို ခေါင်းကိုးလုံး မောင်နှမက ရှေးဟောင်းလမ်းဆီ ခေါ်ဆောင်သွားကြတယ်.. ငါ့မှာ ငါ့မိန်းမကို ပြန်ကယ်တင်ဖို့ ဝတ္တရား ရှိနေတယ်.. အကယ်၍ မင်းတို့သာ ငါနဲ့ပူးပေါင်းမယ် ဆိုရင် ဒီရှေးဟောင်းလမ်းမှာအန္တရာယ် ကြုံခဲ့ရင်တောင် ငါတို့စုပေါင်းအားနဲ့ ကျော်ဖြတ်နိုင်မှာပဲ"

"ဒါဆို မင်းက တကယ်ပဲ ငါတို့နဲ့ ပူးပေါင်းချင်နေတာပေါ့"

ဆရာကြီးလန်က အံ့အားသင့်သွားပြီး ဖန်ရှင်းကို သံသယမျက်ဝန်းများဖြင့် ကြည့်လိုက်၏။

"အဲ့ဒါဆို နဂါးလေးကို ငါတို့ လက်ထဲအပ်ရမယ်"

ခဏအကြာတွင် ဆရာကြီးလန်က သူ၏ ဆုံးဖြတ်ချက်ကို ဖန်ရှင်းအား ပြောလိုက်သည်။

"ငါငတုံး မဟုတ်ဘူး.. ဆရာကြီး "

"ဒီလို မလုပ်ရင် မင်းငါတို့ကို မလှည့်စားဘူးလို့ ဘယ်လိုလုပ် အာမခံနိုင်မှာလဲ"

ဆရာကြီးလန်က ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

ဖန်ရှင်းက

"ငါ့ယောက်ဖကို ငါ့ဘာသာ ဖမ်းထားမယ်.. ငါ့ယောက်ဖကို ငါဖမ်းထားပြီးမှတော့ ငါ့ရဲ့ခွန်အားနဲ့ မင်းတို့ ၅ယောက်ကို ဘယ်လိုမှ

အံတုဖို့ မဖြစ်နိုင်ဘူးလေ.. ငါက မင်းတို့ကို အန္တရာယ် မပေးတဲ့အပြင် မင်းတို့ရဲ့ ရန်ပြုမှုကို ကြောက်လို့ အရိုးစုခေါင်းခွံထဲမှာပဲ နေရတော့မှာ.. မင်းတို့လို ဂုဏ်သိက္ခာ ကြီးမားတဲ့ ထျန်းယွမ်တိုက်ရဲ့ ဂန္ဓဝင်တွေက ငါ့ကို စိုးရိမ်နေတာလား"

ဖန်ရှင်း၏ ချက်ကျလက်ကျ စကားက ဆရာကြီးလန်ကို တွေဝေစေခဲ့သည်။

အချိန်အနည်းငယ် ကြာပြီးနောက် သူက ရုတ်တရက် ခေါင်းကိုမော့၍

"မင်းပြောတာမှန်ပါတယ်.. ဒါပေမဲ့ နဂါးသွေးစက်တော့ ငါတို့ကိုပေးရမယ်.. မင်းသဘောတူလား"

ဟု မေးခွန်းထုတ်လိုက်သည်။

"ငါသဘောတူတယ်"

ဆရာကြီးလန်၏ အမေးကို ဖြေပြီးသည်နှင့် ဖန်ရှင်းက

အရိုးစုဦးခေါင်းခွံကို မောင်းနှင်ကာ တိုက်ပွဲစစ်မြေပြင်ထဲသို့ ဝင်ရောက်သွားခဲ့သည်။

အောင်းလီကမူ အခြားကျင့်ကြံသူ ၄ယောက်နှင့် အပြင်းအထန် တိုက်ခိုက်နေသည်။

၎င်းက ဖန်ရှင်းနှင့် ဆရာကြီးလန်တို့ စကား ပြောဆိုနေသည်ကို သတိထားမိသော်လည်း ဖန်ရှင်းကို သံသယမဝင်ခဲ့ပေ။

ထို့ကြောင့် သူက ဖန်ရှင်း သူ့ဆီသို့ အရိုးစုဦးခေါင်းခွံကို စီး၍ ပျံသန်းလာသည်ကို မြင်လျှင် အားတက်သွားပြီး

"ညီနောင်.. မြန်မြန်လာပြီး ငါ့ကိုကူတိုက်ပေးဦး"

ဟုအော်ဟစ်လိုက်သည်။

ရောမအရိုးစုက လေထဲမှ ပျံသန်းလာရင်း အရွယ်အစားက

တောင်တန်း တစ်ခုလို ကြီးမားလာသည်။

မျက်စိတစ်မှိတ် အတွင်းမှာပင် အရိုးစုဦးခေါင်းခွံက အောင်းလီဆီသို့ ရောက်ရှိလာသည်။

ယင်းအချိန်မှာပင် ထင်မှတ်မထားသော ဖြစ်ရပ်က ဖြစ်ပေါ်လာသည်။

အရိုးစု ဦးခေါင်းခွံ၏ ပင်လယ်ကဲ့သို့ ကျယ်လောင်သည့် ပါးစပ်ကြီးက အောင်းလီကို တစ်ကိုက်တည်းဖြင့် မျိုချလိုက်ခြင်းပင်။

အောင်းလီက အံ့အားသင့် သွားသော်လည်း ဖန်ရှင်း၏ ကမ္ဘာငယ်လေးထဲသို့ မတော်တဆ ကျရောက်သွားခဲ့သည်။

အပိုင်း(၁၂၅၃) ပြီး၏

အပိုင်း(၁၂၅၄) ပူးပေါင်းမှုအထမြောက်ခြင်း

အောင်းလီက ဖန်ရှင်း သူ့ကို လှည့်စားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

အရိုးစုဦးခေါင်းခွံထဲမှ နတ်နန်းတော်က လျှို့ဝှက်ဆန်းကြယ်သော ကမ္ဘာငယ်လေးတစ်ခု ဖြစ်၏။

သူ သတိလက်လွတ် ဖြစ်သွားသည့် အချိန်တွင် ဖန်ရှင်းက ဦးခေါင်းခွံထဲသို့ မျိုချလိုက်ခြင်းပင်။

"ဒီကလေးက ကမ္ဘာငယ်လေးထဲ နဂါးကို လွယ်လွယ်ကူကူပဲ ဖမ်းထည့်လိုက်တာလား"

ယင်းအခိုက်အတန့်မှာပင် ကျင့်ကြံသူ ငါးဦး၏ မျက်လုံးထဲ၌ ထိတ်လန့် တုန်လှုပ်သော အရိပ်အယောင်များ ယှက်သန်းသွား၏။

၎င်း၏ စိတ်ထဲတွင် ဖန်ရှင်းက နဂါးကို ထိန်းသိမ်းထားမည်ဟုပြောစဉ်က လှောင်ပြောင်နေခဲ့၏။

သို့ရာတွင် ဖန်ရှင်း၏ နဂါးဖမ်းသည့် နည်းလမ်းက

သူမျှော်လင့်ထားသည့် ထက်ပင် ဆန်းပြားနေ၏။

ယင်းအချိန်တွင် ဖန်ရှင်းက အရိုးစုဦးခေါင်းခွံထဲရှိ နတ်နန်းတော်တွင် အေးစက်စက် အမူအရာဖြင့် ထိုင်နေခဲ့သည်။

"ငါ့ကိုလွှတ်ပေးစမ်း"

အောင်းလီတစ်ဖြစ်လဲ ရွှေရောင်နဂါးက ပြင်းထန်စွာ ကြုံးဝါးလိုက်သည်။

သို့ရာတွင် ဖန်ရှင်း၏ ဒေါသထွက်နေသော မျက်နှာထားကို မြင်လျှင် မသိစိတ်ကနေ အနည်းငယ် ကြောက်ရွံ့သွားခဲ့သော်လည်း ထိုခံစားမှုက ခဏမျှသာ ဖြစ်ပြီး ဆက်လက်ရုန်းကန်နေခဲ့သည်။

ယင်းအချိန်မှာပင် ရုတ်တရက် နတ်နန်းတော်ထဲရှိ ကမ္ဘာငယ်လေး၌ ဗုဒ္ဓတရားတော်သံ ထွက်ပေါ်လာပြီး ကောင်းကင်ယံကနေ ဗုဒ္ဓက ဖြည်းညင်းစွာ ဆင်းသက်လာသည်။

ဗုဒ္ဓက ကမ္ဘာငယ်လေးထဲတွင် သောင်းကျန်းနေသော အောင်းလီကို လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ကမ္ဘာငယ်လေး၏ ထက်ဝက်မျှ ကြီးမားသော အောင်းလီ၏ ခန္ဓာကိုယ်က ဗုဒ္ဓ၏ လက်ဖဝါးအောက်တွင် သေးငယ်သွားသည်။

အဆုံးသတ်တွင် အောင်းလီက လက်မောင်းလုံးခန့် အရွယ်အစားထိ သေးငယ်သွားပြီး ခွန်အားပါ ယုတ်လျော့သွားသည်။

"ဟားဟား.. ထာဝရမေမေ ပေးလိုက်တဲ့ နတ်နန်းတော်ထဲမှာ ဗုဒ္ဓရဲ့ စွမ်းအားအကြီးဆုံး အစီအရင် ရှိနေတယ်လေ..တခြား ကမ္ဘာငယ်လေးတွေက ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ.."

ဖန်ရှင်းက ဂုဏ်ယူသော လေသံဖြင့် ရယ်မောလိုက်သည်။

"မင်း ငါ့ကို နာကျင်အောင် လုပ်ရဲတယ်လား.."

အောင်းလီက ဒေါသတကြီးဖြင့် သူ၏ နဂါးလက်သည်းများကို ဓားရှည်ကဲ့သို့ အသုံးပြုကာ ဖန်ရှင်း၏ မျက်နှာကို

ဖမ်းကုတ်လိုက်သည်။

အောင်းလီ၏ ခွန်အား အပြည့်နှင့်သာ ဆိုလျှင် ဖန်ရှင်းက ထိုကုတ်ချက်ကို ခံနိုင်ရည် ရှိမည်မဟုတ်ပေ။

သို့ရာတွင် လက်ရှိ အောင်းလီ၏ ခန္ဓာကိုယ်က မြွေသေးသေးလေး အရွယ်အစားမျှသာ ရှိလေရာ ဖန်ရှင်းကို မည်ကဲ့သို့ နာကျင်အောင်လုပ်နိုင်မည်နည်း။

ဖန်ရှင်းက အောင်းလီကို အမြီးကနေ ဆုပ်ကိုင်လိုက်ပြီး

"ငါက မင်းကို ဒုက္ခပေးနေတာ မဟုတ်ဘူး.. ကယ်နေတာ သောက်ရူးရ"

ဟု ဆဲဆိုလိုက်သည်။

"ငါ မင်းကို အရမ်းယုံပေမယ့် မင်းက ငါ့ကို ဒုက္ခပေးဖို့ သူတို့နဲ့

ပူးပေါင်းခဲ့တယ် မဟုတ်လား.."

အောင်းလီက ဒေါသတကြီး အော်ဟစ်ပြီး အပြင်းအထန် ရုန်းကန်နေသော်လည်း ဖန်ရှင်း၏လက်ထဲတွင် သူက ခွေးတစ်ကောင်လို ဖြစ်နေ၏။

"မင်းကို ငါမထိန်းသိမ်းလို့ မရတော့ဘူး"

ဖန်ရှင်းက မျက်လုံးများကို မှိတ်လိုက်ပြီး လက်ငါးချောင်းဖြင့်ဆွဲယူလိုက်ရာ သေတ္တာတစ်ခုထဲမှ အင်မော်တယ် ရွှေများ လွင့်ပျံလာသည်။

ဖန်ရှင်း၏ မျော်စွမ်းအားအောက်တွင် အင်မော်တယ်ရွှေက လှောင်အိမ် အဖြစ်သို့ ပြောင်းလဲသွားပြီး အောင်းလီကို ထိန်းသိမ်းထားလိုက်သည်။

အင်မော်တယ် ရွှေများကို အသုံးမကျဟု တစ်ချိန်လုံး ထင်ခဲ့မိသော်လည်း အောင်းလီကို ထိန်းချုပ်ရာတွင် အသုံးဝင်

သွားခဲ့သည်။

လှောင်အိမ်ထဲကို ရောက်နေသည့် အောင်းလီက ပြောင်းဆန်အောင် သောင်းကျန်း နေသော်လည်း သူ၏ လက်ရှိ ခွန်အားဖြင့် ရုန်းထွက်ရန် မည်သို့မှ မဖြစ်နိုင်ခဲ့ချေ။

"ဒီမှာ နွေးနွေးထွေးထွေးလေး နေခဲ့ဦး.. အပြင်မှာထက် စာရင် ဒီထဲမှာက ပိုပြီးနေလို့ကောင်းတယ်"

ထို့နောက် ဖန်ရှင်းက အောင်းလီကို လျစ်လျူရှုကာ အရိုးစုဦးခေါင်းခွံ၏ ပါးစပ်ဝ ဆီသို့ လျှောက်သွားခဲ့သည်။

"ဟေ့ လူကြီးတွေ ဘာတွေ ဒီလောက် လေးနက်နေတာလဲ"

ဖန်ရှင်းက ရယ်မောရင်း ပြောလိုက်သည်။

ဆရာကြီးလန်က ဖန်ရှင်းကို တအံ့တသြ ကြည့်နေရင်းမှ

သတိဝင်လာပြီး ပေါ့ပါးစွာပြုံး၍ ပြောလိုက်သည်။

"မိတ်ဆွေလေး မင်းရဲ့ကတိကို ဖြည့်ဆည်းဖို့ အချိန်ရောက်ပြီ"

"ငါသိပါတယ်.. ခဏလေး နေပါဦး"

ဖန်ရှင်းက ပြုံး၍ ပြောလိုက်ရာ ကျင့်ကြံသူ၅ဦး၏ အမူအရာက ချက်ချင်းပင် ပြောင်းလဲသွားသည်။

ဆရာကြီးလန်က ဖန်ရှင်းကို အေးစက်စက် ကြည့်လိုက်ပြီး

"မင်းက ကတိကို ဖျက်ချင်နေတာလား"

ဟု မေးခွန်းထုတ်လိုက်သည်။

ဖန်ရှင်းသာ ကတိဖျက်လျှင် ထွက်ပြေးရန် ခွင့်ပြုမည် မဟုတ်ဘဲ

တစ်ခါတည်း သတ်ပစ်ရန် ၎င်းတို့က ဆုံးဖြတ်ထားကြသည်။

"ငါကတိမဖျက်ပါဘူး.. ငါ့ရဲ့ကတိက သံမဏိလိုခိုင်ခဲ့ပါတယ်"

ယင်းနောက် ဖန်ရှင်းက နဂါးတံခါးရှိရာသို့ ကြည့်လိုက်ပြီး

"နဂါးတံခါး အစီအရင်ကို ဖြေရှင်းဖို့ လိုအပ်နေတယ်.. ဒါ့အပြင်ခေါင်းကိုးလုံး မောင်နှမက ရှေးဟောင်းလမ်းထဲ အလွယ်တကူခြေချလို့ မရအောင် မကောင်းဆိုးဝါးဘုရင် ၈ပါးကို အစောင့်အဖြစ် ထားရစ်ခဲ့တယ်.. "

"အစီအရင်ကိုဖြေရှင်းဖို့လား"

ကျင့်ကြံသူငါးဦးက တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး အချိန်ခဏမျှ ဆွေးနွေးလိုက်ကြသည်။

ခဏအကြာတွင် ဆရာကြီးလန်က ၎င်းတို့ထဲမှ

စာပေဝတ်စုံဝတ်ကျင့်ကြံသူကို ညွှန်ပြလိုက်ပြီး

"ဒါက အစီအရင် ပညာရှင် လုကျန်းပဲ.. ငါတို့ထက် အများကြီးငယ်ရွယ်ပေမဲ့ အစီအရင်နဲ့ ပတ်သက်လာရင်တော့ ပြိုင်ဘက်ကင်းအဆင့်ပဲ.. မင်းဘာမှစိတ်မပူနဲ့.. လန်ကျန်းက နဂါးတံခါး အစီအရင်ကို သေချာပေါက် ဖြိုခွဲနိုင်တယ်"

ဒီလူကြီးတွေမှာ တကယ်ကို အစွမ်းထက်တဲ့ နည်းစနစ်တွေ ရှိတဲ့ပုံပဲ"

ဖန်ရှင်းက စိတ်ထဲက တွေးရင်း ဆရာကြီးလန်၏ စကားကို ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်သည်။

"လုကျန်း မင်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ထဲက အစီအရင်နဲ့ပတ်သက်ပြီး နာမည်ကြီးခဲ့တယ် ဆိုပေမဲ့ နဂါးတံခါး အစီအရင်ကို ဖြိုခွဲနိုင်မှာ သေချာလို့လား"

သမင်ကို အောင်းလီ လက်ချက်ဖြင့် ဆုံးရှုံးခဲ့ရသည့် အဖိုးအိုက ပြောလိုက်၏။

"နဂါးတံခါး အစီအရင်ကို ဖြိုခွဲဖို့က ဘာမှ မခက်ပါဘူး.. ဒါပေမဲ့ လူတစ်ယောက်ရဲ့ အကူအညီကိုတော့ လိုအပ်တယ်"

လုကျန်းက ထိုစကားကိုပြောရင်း ခပ်ပိန်ပိန်အဖွားအိုကို လှမ်းကြည့်လိုက်သည်။

"အိုး မခက်ဘူးလား"

လုကျန်း၏ စကားကိုကြားလျှင် ဖန်ရှင်းက အလွန် ပျော်ရွှင်သွားခဲ့သည်။

မူလကတည်းကပင် ထိုကျင့်ကြံသူ ငါးဦးကို သာမန် ကျင့်ကြံသူများ မဟုတ်ဟု ဖန်ရှင်းက တွေးလိုက်မိသည်။

၎င်းတို့ တစ်ဦးချင်းစီတွင် ကိုယ်စီ အားသာချက်များ ရှိနေပုံရသည်။

ထိုကျင့်ကြံသူများက နှစ်ပေါင်းထောင်ချီ အသက်ရှင်လာသူများဖြစ်ရာ ထိုမျှ ထူးချွန်သည်မှာ အံ့သြစရာတော့ မဟုတ်ချေ။

မကောင်းဆိုးဝါး ဘုရင်ဇပါးက သူ့အတွက် ဘာမှမဟုတ်သော်လည်း နဂါးတံခါး အစီအရင်ကမူ သူ့ကို အတော်လေး စိတ်အနှောင့်အယှက်ပေးနေခဲ့သည်။

ထို့ကြောင့် ထိုပြဿနာကို ဖြေရှင်းရန် ကျင့်ကြံသူ ငါးဦးနှင့် ပူးပေါင်းခဲ့ခြင်းပင်။

"အိုး.. ငါဘယ်လို ကူညီရမှာလဲ.. အစီအရင်နဲ့ ပတ်သက်ပြီး ဘာမှ မမှတ်မိတော့ဘူး"

ခပ်ပိန်ပိန်အဖွားအိုက စိတ်ပျက်သော အမူအရာဖြင့် ညီးတွားလိုက်သည်။

"မင်းမမှတ်မိရင် ဒီနေရာကနေ လှည့်ပြန်တာ အကောင်းဆုံးပဲ"

လုကျန်းက အဖွားအိုကို ဒေါသတကြီး ပြောဆိုလိုက်ပြီး နဂါးတံခါးအစီအရင်ကို ကြည့်ကာ တွက်ချက်နေခဲ့သည်။

"ငါက နောက်တာပါ.. လုကျန်းရယ်.. ငါနင့်ကိုကူညီပေးပါ့မယ်"

ပိန်ပါးပါး အဖွားအိုထံမှ စကားကိုကြားလျှင် ဖန်ရှင်းက စိတ်လှုပ်ရှား ပျော်ရွှင်သွားသည်။

ယင်းအချိန်တွင် ဆရာကြီးလန်က ဖန်ရှင်းကို စူးစိုက်ကြည့်လိုက်ပြီး

"မိတ်ဆွေလေး.. မင်းရဲ့ မင်းရဲ့ရိုးသားမှုကို ပြသဖို့ အချိန်ရောက်ပြီ"

"ဟားဟား.. ငါကတိတည်ပါတယ်"

ချက်ချင်းပင် ဖန်ရှင်းက နတ်နန်းတော်ထဲသို့ ဝင်ကာ အောင်းလီ၏ အမြီးထိပ်ဖျားမှ သွေးတစ်စက်ကို ယူလိုက်ပြီး ခြောက်ပုံခွဲလိုက်သည်။

တစ်စက်ကို သူဘာသာ ယူထားလိုက်ပြီး ကျန်ငါးစက်ကို လေထဲသို့ ပစ်လွှင့်လိုက်ရာ ကျင့်ကြံသူ ငါးဦးက ကိုယ်စီ ဖမ်းဆုပ်လိုက်ကြ၏။

ယင်းနောက်တွင် သူတို့အားလုံးက နဂါးတံခါးဆီသို့ လျှောက်လှမ်းလာကြသည်။

"ပြန်သွားကြစမ်း.. ခေါင်းကိုးလုံး သခင်ကြီးရဲ့ အမိန့်ကို အာခံမလို့လား"

မကောင်းဆိုးဝါး ဘုရင်ဇပါးက အော်ငေါက်လိုက်သည်။

ထိုစကားကို ကြားလျှင် ဆရာကြီးလန်၏ ခန္ဓာကိုယ်မှ လူသတ်ငွေ့များက တားဆီးမရစွာ ထွက်ပေါ်လာခဲ့သည်။

"မင်းတို့လို မကောင်းဆိုးဝါး ဘုရင်လေးတွေက ငါ့ကိုအော်ငေါက်ရဲတယ်လား.. မင်းတို့ရဲ့ ခေါင်းကိုးလုံး သခင်ကြီးက ဘာမို့လို့လဲ"

စကားဆုံးသည်နှင့် ဆရာကြီးလန်က မကောင်းဆိုးဝါး ဘုရင်ဇပါးကို စတင် တိုက်ခိုက်လိုက်တော့သည်။

အပိုင်း(၁၂၅၄) ပြီး၏

အပိုင်း(၁၂၅၅) မကောင်းဆိုးဝါး ဘုရင်များကို သတ်ဖြတ်ခြင်း

ဆရာကြီးလန်၏ တိုက်ခိုက်မှုက အမှန်တကယ်ပင် ကြောက်စရာကောင်းနေခဲ့သည်။

နဂါးတံခါး အစီအရင်ထဲမှ မကောင်းဆိုးဝါး ဘုရင်ဇပါးသာမက ဖန်ရှင်းနှင့် အခြားသူများပင် ထိတ်လန့်သွားခဲ့သည်။

ဆရာကြီးလန်ကဲ့သို့ ထျန်းယွမ်တိုက်မှ ဒဏ္ဍာရီလာ တစ်ဦး၏ စွမ်းအားက ဖန်ရှင်း စိတ်ကူးထားသည်ထက်ပင် သိသိသာသာ

ကျော်လွှန်နေသည်။

သူ၏ လက်ဝါးရိုက်ချက် စွမ်းအားက နဂါးတံခါး အစီအရင်ထဲကို တိုးဝင်သွားပြီး နေရာအနှံ့ ဖြန့်ကျက်သွားသည်။

လက်ဝါးတိုက်ကွက်၏ ဆန်းပြားမှုကို မြင်လျှင် ဖန်ရှင်းကကျိတ်၍ ချီးကျူးမိလိုက်သည်။

သို့ရာတွင် ခေါင်းကိုးလုံး မောင်နှမ ချန်ရစ်ခဲ့သော နဂါးတံခါး အစီအရင်မှာ ဖျက်ဆီးရန် မလွယ်ကူကြောင်း ထင်ရှားနေသည်။

မကောင်းဆိုးဝါး ဘုရင်ဇပါးက ဆရာကြီးလန်၏ လက်ဝါးရိုက်ချက်ကို မြင်လျှင် ထိတ်လန့် တုန်လှုပ်သွားပြီး မှော်လက်နက်များကို ပေါင်းစည်းလိုက်ရာ အလင်းစက်ဝိုင်း တစ်ခု ဖြစ်ပေါ်လာသည်။

ထိုအလင်းစက်ဝိုင်းမှ ဖြာထွက်လာသော လှိုင်းဂယက်များကဆရာကြီးလန်၏ စွမ်းအားများကို

ပိတ်ဆို့ထားလိုက်သည်။

ဆရာကြီးလန်၏ လက်ဝါးရိုက်ချက်က ဆန်းပြားသော်လည်းမှော်လက်နက်စခု ရှိနေသ၍ ၎င်းတို့ကို ထိခိုက်စေမည် မဟုတ်ချေ။

ဆရာကြီးလန်သာ ယခုထက်ပို၍ ခွန်အားကို ထုတ်သုံးနိုင်လျှင်မူ အဖြေက တစ်မျိုး ပြောင်းလဲသွားနိုင်ပေသည်။

အဆုံးသတ်တွင် မကောင်းဆိုးဝါး ဘုရင်ဇပါးမှာ ခေါင်းကိုးလုံးမောင်နှမ၏ လက်ရင်းတပည့်များ ဖြစ်ကြရာ တခြားသူများက အလွယ်တကူ မနှိမ်နင်းနိုင်သည်မှာ သဘာဝကျပေသည်။

သို့ရာတွင် ၎င်းတို့ ချန်ရစ်ခဲ့သော မကောင်းဆိုးဝါး ဘုရင်ဇပါးမှာ နဂါးဘုရင်လုံကျွင့် ချန်ရစ်ခဲ့သော အောင်းလီလို နဂါးသွေးအစစ် မဟုတ်ပေ။

ယခု သူတို့ ရင်ဆိုင်နေရသည်က ထျန်းယွမ်တိုက်၏ ဒဏ္ဍာရီလာ

လျှို့ဝှက် ကျင့်ကြံသူ ၅ယောက် ဖြစ်သည်။

နဂါးတံခါး အစီအရင်သို့ မဝင်မီ လုကျန်းက ထိုအစီအရင်အား ချိုးဖြတ်ရန် ခက်ခဲမည် မဟုတ်ကြောင်း သေချာစွာ ပြောထားပြီးသား ဖြစ်သည်။

"ဟားဟား .. ငါက မင်းတို့ကို မသတ်နိုင်ဘူးလို့ ထင်နေလား မင်းတို့ရဲ့ တုံ့ပြန်မှုကို ကြည့်ပြီး နဂါးတံခါး အစီအရင်ရဲ့အားနည်းချက်ကို ရှာချင်လို့ပဲ"

ဆရာကြီးလန်က ရယ်လိုက်ပြီး လုကျန်းနှင့် ပိန်ပါးပါး အဖွားအိုကို လှမ်းကြည့်လိုက်သည်။

"ဟင်းဟင်း.. မကောင်းဆိုးဝါးလေးတွေ ငါ့ရဲ့အစွမ်းကို ကြည့်လိုက်စမ်း"

အဖွားအိုက လှောင်ရယ်လိုက်ပြီး သူမ၏ ဦးခေါင်းကို လှုပ်ခါလိုက်ရာ သူမ ခေါင်းပေါ်မှ ညိုးခြောက်နေသော ဆံပင်များက မြွေတစ်ကောင်နှယ် ပျံသန်းသွားပြီး မျက်စိတစ်မှိတ် အတွင်းမှာပင်

မကောင်းဆိုးဝါး ဘုရင်ဇပါး၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသွားသည်။

"ဒါ ဒါက ဘာကောင်တွေလဲ"

မကောင်းဆိုးဝါး ဘုရင်ဇပါးလုံးက ထိတ်လန့်စွာ အော်ဟစ်လိုက်ကြသည်။

သိပ်မကြာခင်မှာပင် ညိုးခြောက်သော ဆံပင်များ ပထမဆုံးကပ်ညိသွားသည့် မကောင်းဆိုးဝါး ဘုရင်နှစ်ပါးက မျက်စိမျက်နှာ ပျက်ကာ ထွက်ပြေးရန် ပြင်လိုက်သည်။

"ဟမ့် ထွက်ပြေးလို့ လွတ်မယ်များ ထင်နေလား"

လုကျန်းက ထွက်ပြေးရန် ပြင်နေသော မကောင်းဆိုးဝါးများကို လိုက်လံ သတ်ဖြတ်လိုက်သည်။

နဂါးတံခါး အစီအရင်က အစွမ်းထက်သည်

ဆိုသော်လည်းမကောင်းဆိုးဝါး ဘုရင်ဇပါးက အစီအရင်၏ ဗဟိုချက်တွင်အဓိက ဖြစ်နေကြောင်း လုကျန်းက တွေ့ရှိလိုက်သည်။

ထို့ကြောင့်ပင် အစီအရင်ထဲမှ ၎င်းတို့ကို ဦးစွာဖယ်ရှား၍ အစီအရင်ကို ဖြိုခွင်းရန် လုကျန်းက ဆုံးဖြတ်လိုက်ခြင်းပင်။

မကောင်းဆိုးဝါး ဘုရင်ဇပါး သေဆုံးသွားပြီးနောက် လုကျန်းက အစီအရင်ကို ဖြိုဖျက်လိုက်သည်။

ဖန်ရှင်းကို ကူကယ်ရာမဲ့ ဖြစ်စေသော အစီအရင်ကို လုကျန်းတို့ ငါးဦးက အလွယ်တကူပင် ဖြေရှင်းနိုင်ခဲ့၏။

မကောင်းဆိုးဝါး ဘုရင်ဇပါးက အစွမ်းထက်သော်လည်း လျှို့ဝှက်ကျင့်ကြံသူ ၅ဦးရှေ့တွင် စက္ကူကဲ့သို့ ဖြစ်နေသည်။

အောင်းလီနှင့် အပြင်းအထန် တိုက်ခိုက်စဉ် ဤလူငါးဦးကို ရှုံ့မုန်းမိသော်လည်း ယခုတော့ ထိုလူများက သူ့အတွက် အလွန် အသုံးဝင်နေခဲ့၏။

မကောင်းဆိုးဝါး ဘုရင် ဧပါး သေဆုံးပြီး အစီအရင် ပျက်စီးသွားသည်နှင့် ဖန်ရှင်းက ၎င်းတို့ ကျန်ရစ်ခဲ့သော မှော်လက်နက်များကို ကောက်ယူရန် ပြေးဝင်သွားခဲ့သည်။

သို့ရာတွင် ဆရာကြီးလန်နှင့် ပိန်ပါးပါး အဖွားအိုကလည်း သူ့ထက် လက်မနှေးချေ။

ဆရာကြီးလန်နှင့် ဖန်ရှင်းက မှော်လက်နက် သုံးခုစီ ရရှိသွားပြီး ပိန်ပါးပါး အဖွားအိုက မှော်လက်နက် နှစ်ခုကို ရရှိသွားခဲ့သည်။

ဤမှော်လက်နက် အားလုံးက နဂါးမျိုးနွယ်စု၏ မှော် လက်နက်များ ဖြစ်သည်။

"ကဲ.. ရှေးဟောင်းလမ်းက ပွင့်သွားပြီ... တာအိုမိတ်ဆွေတွေအားလုံးသွားကြရအောင်"

စာပေသမားဝတ်စုံကို ဝတ်ဆင်ထားသည့် လုကျန်းက ကြေးတံခါးကို

စိုက်ကြည့်၍ စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ကြေးတံခါး၏ အနောက်ဘက်တွင် လျှို့ဝှက်ဆန်းကြယ်မှုများ ရှိနေပြီး အင်မော်တယ် အော်ရာများ စိမ့်ထွက်လာသည်ဟုပင် ၎င်းတို့အားလုံး ခံစားနေရသည်။

"ခဏစောင့်ပါဦး"

ယင်းအသံကို ကြားလျှင် ဆရာကြီးလန်တို့ လူစုက ဖန်ရှင်းကို စိုက်ကြည့်လိုက်ကြသည်။

"ဆရာကြီး.. ငါတို့တွေက အခုတစ်ဖွဲ့ထဲ ဖြစ်သွားပြီ မဟုတ်လား"

ဖန်ရှင်းက ရိုသေစွာ ပြောလိုက်ရာ ဆရာကြီးလန်တို့ လူစုက ကျေနပ်သွားသည်။

သူက ဆရာကြီးလန်တို့ကို ယဉ်ကျေးစွာ ဆက်ဆံနေသော်လည်း

ကြောက်ရွံ့မှု မရှိချေ။

အကယ်၍ ၎င်းတို့သာ သူ့ကို ရန်ပြုလျှင် အောင်းလီကို လှောင်အိမ်ထဲမှ လွှတ်ပေးလိုက်ရုံသာ ဖြစ်သည်။

သူ့ရှေ့မှ လူငါးယောက်က အင်မော်တယ်ဖြစ်ရန် ရူးသွပ်နေကြသူများ ဖြစ်၏။

ထို့ကြောင့် ဖန်ရှင်းက ၎င်းတို့၏ အညာကို ကိုင်၍ အသုံးချရန်ဆုံးဖြတ်ခဲ့ခြင်းပင်။

ယင်းအချိန်မှာပင် ဆရာကြီးလန်က ကြင်နာသော လေသံဖြင့်ပြောလိုက်၏။

"မိတ်ဆွေလေး.. ဒီကြေးတံခါးကြီးထဲ ဝင်တာနဲ့ တည်နေရာရွှေ့ပြောင်းတဲ့ အစီအရင်ဆီ ရောက်သွားလိမ့်မယ်.. တည်နေရာ ရွှေ့ပြောင်းရင်း မတော်တဆ မဖြစ်ရအောင် ငါတို့ကမ္ဘာငယ်လေးဆီ လာနေမလား.. ဒါမှမဟုတ်

ကမ္ဘာငယ်လေးနှစ်ခုကို မှော်လက်နက်တွေနဲ့ ချိတ်ဆက်ထားမလား"

ထိုသို့မေးရခြင်းမှာ ဖန်ရှင်းက ၎င်းတို့အား လှည့်စားမည်ကို စိုးရိမ်နေခြင်းကြောင့် ဖြစ်သည်။

"ဒါကိစ္စကို ပူမနေနဲ့.. ငါဘယ်တော့မှ ထွက်မပြေးဘူး.. ငါ့စကားကို မယုံရင် ငါ့ရဲ့ စိတ်ဝိညာဉ်ကို မင်းတို့နဲ့ ချိတ်ဆက်ထားလို့ရတယ်" "

"ဒီကလေးက ငါတို့ကို အမှန်အတိုင်း ပြောနေတဲ့ပုံပဲ"

မည်သို့ပင်ဖြစ်စေ ဖန်ရှင်း၏ စကားက သူတို့ကို အနည်းငယ်စိတ်ချလက်ချ ဖြစ်စေသည်။

ကျင့်ကြံသူ ငါးဦးက အတန်ကြာ ဆွေးနွေးပြီးနောက် ကျင့်ကြံသူတစ်ဦးက အနက်ရောင် ကြိုးတစ်စကို အပြာရောင် ကြယ်ကမ္ဘာငယ်လေးနှင့် ဖန်ရှင်း၏ ဦးခေါင်းတွင် ချိတ်ဆက်လိုက်သည်။

ထို့နောက် သူက ဂါထာအနည်းငယ် ရွတ်ဖတ်လိုက်ရာ ကြိုးစက ပျောက်ကွယ်သွားသည်။

ဖန်ရှင်းက ထိုကျင့်ကြံသူ၏ ရုပ်သွင်ကို အကဲခတ်လိုက်သော်လည်း ၎င်း၏ခန္ဓာကိုယ်တွင် အခိုးအငွေ့များ ဖုံးလွှမ်းနေပြီး ရုပ်သွင်ကို ရှင်းရှင်းလင်းလင်း မမြင်ရချေ။

ထိုကိစ္စကို ပြုလုပ်ပြီးနောက် ကျင့်ကြံသူငါးဦးက ကျေနပ်သွားကြသည်။

"အင်မော်တယ်ဖြစ်ဖို့ အခွင့်အရေးက မျက်စိရှေ့မှာပဲ.. သွားကြရအောင်"

ဆရာကြီးလန်က မျက်လုံးများ တောက်ပစွာဖြင့် ကျယ်လောင်စွာ ကြွေးကြော်လိုက်ပြီး ကြေးတံခါးဆီသို့ လျှောက်သွားလိုက်၏။

"နှစ်ပေါင်းထောင်ချီ ဒီအခွင့်အရေးကို စောင့်မျှော်နေခဲ့တာ.. အခုတော့ အခွင့်အရေး ရရှိခဲ့ပြီ"

အပိုင်း(၁၂၅၅) ပြီး၏

အပိုင်း(၁၂၅၆) ဆွေမျိုးတစ်ယောက်ရဲ့ဝတ္တရား

ကြေးတံခါး၏ အနောက်ဘက်တွင် ကြယ်ပင်လယ်တစ်ခု ရှိနေသည်။

ယင်းကြယ်ပင်လယ်ကြီး ထဲတွင် ကြည်လင်သော ရေကန်နှင့်တူသည့် အရာတစ်ခုကို တွေ့လိုက်ရသည်။

ယင်းနေရာတွင် ကြယ်ကြီးရှစ်လုံးက ဖြည်းညင်းစွာ လှည့်ပတ်နေပြီး ကြီးမားသည့် ရေဝဲကို ဖြစ်ပေါ်လာစေသည်။

ကြယ်များ စုဝေးနေသည့် ဂလက်ဆီကို တည်နေရာ ရွှေ့ပြောင်းခြင်း အစီအရင် တည်ဆောက်ရန် ရွေးချယ်ခဲ့သည့် နဂါးမျိုးနွယ်စု၏ အကြံအစည်မှာ တကယ်ကို လက်ဖျားခါလောက်သည်။

ယင်းရေကန်ကို မြင်လျှင် အကြီးအကဲ ၅ဦးလုံး အံ့အားသင့်ခဲ့ကြပြီး နှလုံးသားထဲမှ နေ၍ သဘောကျ နှစ်ခြိုက် သွားကြသည်။

"ဟားဟား.. ငါအရင်ဝင်သွားတော့မယ်"

ဖန်ရှင်းက အရိုးစုဦးခေါင်းခွံကို မောင်းနှင်ကာ ကြယ်ရှစ်လုံးဝိုင်းရံနေသော ရေဝဲထဲသို့ ပြေးဝင်သွားခဲ့သည်။

အာကာပြင်က ရှုံ့တွသွားပြီး အချိန်စွမ်းအားက ကပြောင်းကပြန် ဖြစ်သွား၏။

ကြယ်ရှစ်လုံး ဝိုင်းရံထားသော ရေဝဲကြီးတွင် နဂါးမျိုးနွယ်၏ အစီအရင်က မှော်ဆန်သော အကျိုး သက်ရောက်မှု ရှိနေသည်။

ရေဝဲထဲသို့ ရောက်သွားသည့် ဖန်ရှင်းက ဦးခေါင်းခွံ၏ မျက်လုံးမှ တဆင့် ပြင်ပကမ္ဘာမှ ဖျော့တော့တော့ အလင်းရောင်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသည်။

လျှပ်စီးကြောင်းများကလည်း ရှုပ်ရှပ်ခက်စွာ ရှိနေသည်။

သူ့တွင်သာ အရိုးစု ဦးခေါင်းခွံနှင့် နတ်နန်းတော် မရှိခဲ့လျှင် အသက်ရှင်နိုင်မည် မဟုတ်ချေ။

"ကြယ်တွေ ပြည့်နှက်နေတဲ့ ကောင်းကင်ကြီးမှာ ဒီလို အစီအရင်တစ်ခုကို ဘယ်လိုတောင် တည်ဆောက်လိုက်တာလဲ.."

ဖန်ရှင်းက အရိုးစုဦးခေါင်းခွံထဲတွင် လက်နှစ်ဖက် နောက်ပစ်ကာ ဟန်ပါပါ ရပ်နေရင်း ရှေ့ကို မျှော်ကြည့်၍ ရေရွတ်လိုက်သည်။

သူက တိုက်ခိုက်ရေးနှင့် ပတ်သက်သည့် နည်းစနစ်များကိုသာ လေ့လာခဲ့ပြီး တခြားသော ပညာရပ်များကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့ဖူးခြင်း မရှိ၍ နဂါးမျိုးနွယ်စု၏ တည်နေရာရွှေ့ပြောင်းခြင်း အစီအရင်နှင့် ကြယ်များ ဝန်းရံနေသည့် ထူးခြားသော ဝဲဂယက်ကို တအံ့တသြ ငေးမောကြည့်နေသည်။

"တကယ် မိုက်တယ်ဟ"

ဖန်ရှင်းက အပြင်ဘက်မှ ကြယ်ရောင်စုံသော ကောင်းကင်ကြီးကို စိုက်ကြည့်ရင်း ရေရွတ်လိုက်သည်။

"မင်းကို သူငယ်ချင်းလို ဆက်ဆံပြီး ကရုဏာ ထားခဲ့တယ်.. ဒါပေမဲ့ မင်းကတော့ ငါ့ကို တခြားသူတွေနဲ့ ပူးပေါင်းပြီး ထိခိုက်အောင် လုပ်ရဲတယ်"

"မင်း ငါတို့ နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းဆီ တခြားသူတွေကို ခေါ်မလာသင့်ဘူး"

ဖန်ရှင်းက အပြင်ဘက်မှ ရှုခင်းကို ငေးမောနေသည့် အချိန်မှာပင် အောင်းလီ၏ ရေရွတ်သံက ထွက်ပေါ်လာသည်။

အောင်းလီက ဖန်ရှင်းကို အလွန် ဒေါသထွက်နေသည်။

သူက ဖန်ရှင်းကို နှလုံးသားထဲကနေ အားကိုးထိုက်သူဟု

မှတ်ယူထားသော်လည်း ဖန်ရှင်းက မမျှော်လင့်ဘဲ သူ့ကို ဖမ်းချုပ်ကာ လှောင်အိမ်ထဲတွင် ထိန်းသိမ်းထားခဲ့၏။

"ဘာတွေ အော်နေတာလဲ"

ဖန်ရှင်းက အောင်းလီကို အော်ငေါက်လိုက်ပြီး လှောင်အိမ်ကို ခြေထောက်ဖြင့် ကန်လိုက်သည်။

"ခွေးကလေး မင်းက ဘာတွေ ပြောနေတာလဲ.. ငါ့သခင်လေးက မင်းရဲ့သူငယ်ချင်း ဘယ်တုန်းက ဖြစ်သွားတာလဲ"

ထိုစကားကိုကြားလျှင် လှောင်အိမ်ထဲမှ အောင်းလီ တစ်ဖြစ်လဲ လက်မောင်း အရွယ်အစားရှိ နဂါးငယ်လေးက ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။

လှောင်အိမ်ကိုသာ အင်မော်တယ်ရွှေဖြင့် မလုပ်ထားလျှင် အောင်းလီ၏ ချွန်ထက်သော လက်သည်းများဖြင့် အပိုင်းပိုင်း ဖြစ်သွားမည်မှာ သေချာသည်။

"ကောင်းပြီလေ.. ငါက မင်းကို မျက်စိကန်းပြီး သူငယ်ချင်းလို့ သတ်မှတ်ခဲ့မိတယ်.. ငါ့ကို အခုလွှတ်ပေး.. မင်းနဲ့ သူသေကိုယ်သေ တိုက်ခိုက်မယ်"

အောင်းလီ၏ လေသံတွင် အဆုံးမဲ့ နာကြည်းမှုများနှင့် ရောထွေးနေသည်။

သူ၏ မကျေနပ်မှုက ကလေးတစ်ယောက် သစ္စာဖောက်ခံရပြီးနောက် ဖြစ်ပေါ်လာသည့် မကျေနပ်မှုမျိုး ဖြစ်သည်။

အောင်းလီက နဂါးမျိုးနွယ်မှ ဆယ်ကျော်သက် အရွယ်သာဖြစ်၍ လူသားအနေနှင့် ကြည့်လျှင် ကလေးဟုသာ မှတ်ယူနိုင်မည် ဖြစ်သည်။

ထိုသို့ မဟုတ်လျှင် မိုးကြိုးရေကန်ထဲတွင် အိပ်စက်ပြီး စိတ်က မရင့်ကျက် လာခြင်းမျိုးလည်း ဖြစ်နိုင်သည်။

တစ်နည်းဆိုရလျှင် အောင်းလီက မည်မျှပင် သန်မာပါစေ.. ကလေး တစ်ယောက်၏ စိတ်မျိုးသာ ဖြစ်သည်။

မာနကြီးပြီး ထိလွယ်ရှလွယ် ကလေး တစ်ယောက် ဖြစ်သည့်အောင်းလီက သူ အရမ်းယုံကြည်ရသည့် ဖန်ရှင်း၏ သစ္စာဖောက်မှုကို ခံခဲ့ရသည့်အပြင် သူငယ်ချင်း မဟုတ်ဘူးဟုပင် အပြောခံခဲ့ရသည်။

"ငါမင်းကို သေအောင် သတ်ပစ်မယ်.. မင်းက လူယုတ်မာပဲ"

ဖန်ရှင်းက အောင်းလီ၏ စကားကို လျစ်လျူရှုလိုက်ပြီး လှောင်အိမ်ကို ပိတ်ကန်လိုက်ကာ

"ငါက မင်းသူငယ်ချင်း မဟုတ်ဘူး.. မင်းယောက်ဖ.. မင်းရဲ့ဆွေမျိုး အပေါင်းအသင်းပဲ.. သူငယ်ချင်းကတော့ မင်းဘာပဲလုပ်လုပ် မင်းကို မျက်နှာသာပေးမှာ အသေအချာပဲ.. မင်း မကောင်းတာ လုပ်ရင်တောင် အတူတူ ကျူးလွန်မှာပဲ.. ဒါပေမဲ့ဆွေမျိုးကျတော့ မတူတော့ဘူး.. မင်းမကောင်းတာ လုပ်ရင်ပါးရိုက်သင့် ရိုက်ရမယ်.. မင်းကို လမ်းကြောင်းမှန်ပေါ် ရောက်ဖို့ ဖမ်းချုပ်သင့် ဖမ်းချုပ်ရမယ်..

ဒါက ဆွေမျိုးတစ်ယောက်ရဲ့ ဝတ္တရားပဲ.. မင်းနားလည်လား"

ဟု ရှင်းပြလိုက်၏။

ဖန်ရှင်း၏ စကားကြောင့် အောင်းလီက အနည်းငယ် ထိတ်လန့်သွားပြီး ငြိမ်ကျသွားသည်။

ခဏအကြာတွင် သူက ဖန်ရှင်းကို မေးခွန်း ထုတ်လိုက်သည်။

"မင်းငါ့ကို ဆွေမျိုးတစ်ယောက်လို ဆက်ဆံရင် ဘာလို့ ငါ့ကိုအန္တရာယ်ပြုပြီး ဟိုလူတွေကို ရှေးဟောင်းလမ်းဆီ ခြေချခွင့် ပြုရတာလဲ"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အရက်ကို မော့သောက်ကာ သက်ပြင်းချလိုက်ပြီး အောင်းလီကို မထီမဲ့မြင် ကြည့်လိုက်၏။

"မင်းကိုငါပြောမယ်.. မင်း သူတို့ ငါးယောက်ကို အနိုင်ရမှာသေချာလား.. ငါပါ ဝိုင်းတိုက်ရင်တောင် သူတို့ကို

အနိုင်ရဖို့က မသေချာဘူး.. အခု ငါတို့က ခေါင်းကိုးလုံး မောင်နှမ လက်ထဲကနေ မင်းအမကို ကယ်တင်ရမယ်.. ဟိုငါးယောက်က လူကောင်းတွေ မဟုတ်ဘူး ဆိုပေမဲ့ အရည်အချင်းတွေကတော့ အစစ်အမှန်ပဲ.. နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကိ ု

မင်းက ကောင်းကောင်းသိတယ် ဆိုတော့ သူတို့က မင်းကို ကာကွယ်ကြမှာ အသေအချာပဲ.. ဘာပဲဖြစ်ဖြစ် သူတို့ငါးယောက်ကို အခမဲ့ရတဲ့ ကူလီငါးယောက်လို ငါတို့ အသုံးချလို့ ရတာပေါ့"

အောင်းလီက ခေါင်းမာသော လူငယ်တစ်ဦး ဖြစ်သည်။

ဖန်ရှင်း၏ စကားကို နားလည်သော်လည်း နဂါးမျိုးနွယ်စု၏ ဂုဏ်အသရေနှင့် သက်ဆိုင်နေသဖြင့် လက်ခံရန် ခက်ခဲနေသည်။

"မင်းရဲ့အမကို တကယ်ပဲ ကယ်တင်ချင်ရင်တော့ လှည့်ကွက်အနည်းငယ် သုံးမှရမယ်.. အရာအားလုံးကို အမြင်ကျယ်ရမယ်"

ဖန်ရှင်းက အောင်းလီကို ထပ်မံ ဖျောင်းဖြလိုက်၏။

"ငါသိရသလောက်တော့ အင်မော်တယ် ဖြစ်ချင်ရင် အင်မော်တယ် နှလုံးသားနဲ့ ဇွဲသတ္တိရှိရမယ်.. လှည့်ကွက်တွေ သုံးနေမှတော့ ဘယ်လိုလုပ် အင်မော်တယ် ဖြစ်လာနိုင်မှာလဲ"

အချိန်အတော်ကြာ ငြိမ်သက်နေပြီးနောက် အောင်းလီက လေးနက်သော အမူအရာဖြင့် ဖန်ရှင်းကို အထွန့်တက်လိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အောင်းလီကို အေးစက်စက် ကြည့်လိုက်ပြီး

"မင်းပြောတာမှန်တယ်.. ငါ့မှာ အင်မော်တယ် နှလုံးသား မရှိဘူး.. ငါက အင်မော်တယ်လည်း ဖြစ်ဖို့ မသေချာဘူး.. ဒါပေမဲ့သေချာတာ တစ်ခုကိုတော့ ငါသိတယ်"

ထိုစကားကို ပြောရင်း ဖန်ရှင်းက ခဏမျှ တိတ်ဆိတ်သွားပြီးမှ

"သေသွားတဲ့လူတွေက ဘယ်တော့မှ အင်မော်တယ် ဖြစ်လာမှာ

မဟုတ်ဘူး "

"မင်း.. "

အောင်းလီက ဘာပြန်ပြောရမှန်း မသိအောင်ပင် ဆွံ့အသွားသည်။

စကားပြောစွမ်းရည်နှင့် ပတ်သက်လျှင် အောင်းလီက ဖန်ရှင်း၏ ပြိုင်ဘက် လုံးဝမဟုတ်ပေ။

သူက ဘယ်လိုပြန်ပြီး ချေပရမလည်း ဆိုသည်ကို မသိသော်လည်း နှလုံးသားထဲတွင်မူ ပြင်းပြင်းထန်ထန် ရှုံ့ချနေခဲ့၏။

ဖန်ရှင်းက အောင်းလီ၏ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကို လျစ်လျူရှုလိုက်ပြီး အပြင်ဘက်သို့ ငေးကြည့်လိုက်သည်။

"မကြာခင်မှာ တည်နေရာရွှေ့ပြောင်းမှု အစီအရင်ကနေ ထွက်ခွာတော့မယ်.. နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်း

မြေပုံကမင်းမှာ ရှိနေတယ် မဟုတ်လား.. ငါ့ကိုထုတ်ပေးဦး"

"ဘာလို့ပေးရမှာလဲ.. မင်းက မြေပုံကိုယူပြီး ဟိုလူတွေကိုပါ မျှဝေမလို့ မဟုတ်လား"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ဒေါသထွက်ပြီး အောင်းလီကို စိုက်ကြည့်လိုက်သည်။

အောင်းလီကလည်း အံကိုကြိတ်ထားပြီး မြေပုံကို ဘယ်တော့မှမပေးရန် ဆုံးဖြတ်ထား၏။

ယင်းအချိန်မှာပင် ဖန်ရှင်းဆီမှ ခပ်ထေ့ထေ့ စကားသံ ထွက်ပေါ်လာသည်။

"မင်းကို ငါမေးမယ်.. မင်းငယ်ငယ်က အရိုက်ခံရဖူးလား"

အပိုင်း(၁၂၅၆) ပြီး၏

အပိုင်း(၁၂၅၇) မြေပုံပေးအပ်ခြင်း

အောင်းလီက တစ်ခါမှ အရိုက်နှက် မခံရဖူးချေ။

သူက ငယ်စဉ်ကပင် နဂါးနန်းတော်၏ တတိယမြောက်မင်းသား ဖြစ်ခဲ့၏။

သူကဲ့သို့ အထွတ်အထိပ် အဆင့်အတန်း ရှိသူကို မည်သူကနစ်နာအောင် ရိုက်ရဲမည်နည်း။

နဂါးမယ်တော် ယွဲ့မိန်အာက မျော်ပုတီးစေ့များဖြင့် ရှုးသွပ်အောင် လုပ်ခဲ့ဖူးသော်လည်း နဂါးမယ်တော်မှာ နဂါးနန်းတော်၏ အဓိပတိ ဖြစ်သည်။

"မင်းငါ့ကိုရိုက်ရဲလား.."

"လူကြီးတွေ ပြောတာကို နားမထောင်ရင်တော့ ရိုက်သင့် ရိုက်ရမှာပဲ"

"ဖြန်း.. ဖြန်း"

ဖန်ရှင်းက နဂါးငယ်လေးကို လျှောင်အိမ်ထဲမှာ ဆွဲထုတ်ကာ တင်ပါးနေရာကို နှစ်ချက်မျှ ဆင့်ရိုက်လိုက်သည်။

အောင်းလီက ဒေါသအိုး ပေါက်ကွဲသွားပြီး ဖန်ရှင်း၏ လက်မောင်းကို လှမ်းကိုက်လိုက်၏။

"ငါ့ကို ကိုက်ရဲတယ်ပေါ့လေ"

ဖန်ရှင်းက သိုလှောင်အိတ်ထဲမှ အင်မော်တယ်ကြိုးများကို ထုတ်၍ အောင်းလီ၏ ပါးစပ်ကို ချည်နှောင်လိုက်ပြီး ကြိမ်လုံးဖြင့် ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်သည်။

"မင်း ငါ့ကို သေအောင်ရိုက်လည်း နဂါးဖေဖေ ပေးထားတဲ့မြေပုံကို

ရမယ်လို့မထင်နဲ့"

အောင်းလီက ကြိမ်လုံးဖြင့် အရိုက်ခံရ၍ မူးလဲလုနီးပါး ဖြစ်နေသော်လည်း ဒေါသက ထိန်းမနိုင်သိမ်းမရ ထွက်နေတုန်းပင်။

"ဟားဟား.. မင်းရဲ့ယောက်ဖရှေ့မှာ မာနကြီးချင်သေးတယ်ပေါ့"

ဖန်ရှင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး အောင်းလီ၏ ရင်ဘတ်ဆီသို့ လှမ်းကြည့်လိုက်သည်။

"မင်းဘာလုပ်မလို့လဲ"

အောင်းလီက ဖန်ရှင်း၏ အကြည့်ကို သတိထားမိသောအခါ အံ့အားသင့်သွားပြီး လက်သည်းများကို ဆန့်ထုတ်၍ ရင်ဘတ်ကို ဖုံးလိုက်သည်။

ဖန်ရှင်းက အောင်းလီကို ခပ်ထေ့ထေ့ ကြည့်ကာ လှောင်ရယ်လိုက်ပြီး

"မင်းကို ငါက တကူးတက မေးစရာ လိုမယ်လို့ ထင်နေလား.. ငါသာ ကြိုသိခဲ့ရင် ငါတို့ အတူရှိတဲ့ ဟိုးအရင်အချိန် ကတည်းက မင်းဆီကနေ မြေပုံကို အေးအေးဆေးဆေး ယူထားလိုက်လို့တောင် ရတယ်..

ဟု ပြောလိုက်သည်။

ထို့နောက် အောင်းလီကို စိုက်ကြည့်နေသည့် သူ၏ မျက်နှာထက်တွင် ကောက်ကျစ်သော အပြုံးတစ်ခု ထွက်ပေါ်လာသည်။

အောင်းလီက မလှုပ်ရှားနိုင်၍ တဖြည်းဖြည်း ထိတ်လန့်ကာ စိတ်မသက်မသာ ဖြစ်လာသည်။

ဖန်ရှင်း၏ မျက်လုံးများက အောင်းလီ၏ ရင်ဘတ်ပေါ်ရှိ ရွှေရောင် အကြေးခွံနေရာသို့ ရောက်ရှိသွားသည်။

ရွှေရောင်အကြေးခွံက သလင်းကျောက်ကဲ့သို့ ကြည်လင်ပြီး

မြင့်မြတ်သော အော်ရာများ ပျံ့နှံ့နေသည်။

ဖန်ရှင်းက အောင်းလီ၏ ခန္ဓာကိုယ်ကို အသိအမြင်ကျမ်းဖြင့် စစ်ဆေးပြီးနောက် မြေပုံဖွက်ထားသည့် နေရာကို အတိအကျ သိရှိနေခြင်းပင်။

ယင်းအချိန်မှာပင် အောင်းလီဆီမှ ဖော်ပြ၍ မရနိုင်သော လူသတ်ငွေ့များ ထွက်ပေါ်လာ၏။

"ဟားဟား.. နဂါးအကြေးခွံနဲ့ ဖုံးကွယ်ထားတာနဲ့ပဲ ငါမသိနိုင်ဘူးလို့ ထင်နေလား"

ဖန်ရှင်းက လှောင်ရယ်၍ ပြောလိုက်သော်လည်း အတော်လေး စိတ်လှုပ်ရှားနေသည်။

မြေပုံက တကယ်ပင် အောင်းလီ၏ ခန္ဓာကိုယ်ပေါ်၌ ရှိနေသည်။

၎င်းကို အသွေးအသားထဲတွင် သိမ်းထားပြီး

ကြီးမားသည့်အော်ရာများဖြင့် ဖုံးကွယ်ထားသည့် အတွက် သဘာဝအားဖြင့် မည်သို့မျှ ရှာတွေ့ရန် မဖြစ်နိုင်ပေ။

ဆိုရလျှင် နဂါးဘုရင် လုံကျွင့်၏ သားတော်ထဲတွင် အကြီးဆုံးဖြစ်သည့် အောင်းလီမှာ နဂါးနန်းတော်၏ ကံကြမ္မာနှင့် အမွေအနှစ်များကို ရရှိထားခဲ့သည်။

"မင်းမြေပုံကိုယူလို့မဖြစ်ဘူး"

ဖန်ရှင်းက သူ၏ လျှို့ဝှက်ချက်ကို သိရှိသွားမှန်း ရိပ်စားမိသွားသော အောင်းလီက ဒေါသတကြီးဖြင့် စိတ်ပျက်လက်ပျက် အော်ဟစ်လိုက်သည်။

....

....

"မိတ်ဆွေလေးဖန်ရှင်း.. မင်းထွက်လာပြီး စကားပြောလို့ ရမလား"

ယင်းအချိန်တွင် ကျင့်ကြံသူ ငါးဦး၏ အော်ဟစ်သံက အပြင်ဘက်မှ ထွက်ပေါ်လာသည်။

၎င်းတို့၏ မျက်နှာက အနည်းငယ် မှုန်ကုပ်ကုပ် ဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲ"

ဖန်ရှင်း၏ အရိုးစုခေါင်းခွံ၏ ပါးစပ်ဝကန မေးခွန်းထုတ်လိုက်၏။

"ငါတို့ အင်မော်တယ်လမ်းကို ရောက်နေပြီ"

ဆရာကြီးလန်က လေးနက်သော အသံဖြင့် ဖန်ရှင်းကို သတိလှမ်းပေးသလိုမျိုး ပြောဆိုလိုက်သည်။

"ငါသိပါတယ် "

ဖန်ရှင်းက အေးဆေးစွာပင် ရေရွတ်လိုက်သည်။

ယခု သူတို့က အင်မော်တယ်လမ်းကို ရောက်ရှိနေပြီ ဖြစ်၏။

သူတို့၏ အနောက်ဘက်တွင်မူ အာကာသ ဟင်းလင်းပြင်နှင့် တဖြည်းဖြည်းခြင်း ပျောက်ကွယ်သွားမည့် ရေဝဲတစ်ခုသာ ကျန်ရှိခဲ့သည်။

ယခု သူတို့က ရေဝဲကနေ ထွက်ခွာခဲ့ကြပြီ ဖြစ်သည်။

၎င်းတို့နှင့် ရင်းနှီးနေသည့် ထျန်းယွမ်တိုက်ကို ကိုယ်စားပြုသည့် အနီရောင် ဂြိုဟ်ကြီးကိုလည်း မမြင်ရတော့ချေ။

ဆိုရလျှင် ၎င်းတို့လူစုက ၎င်းတို့နှင့် လုံးဝ ရင်းနှီးမှု မရှိသည့် ကြယ်နယ်မြေထဲသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

သိပ်မကြာခင်မှာပင် တည်နေရာ ရွှေ့ပြောင်းရာတွင် ပို့ဆောင်ပေးခဲ့သည့် ရေဝဲကြီးက ပျောက်ကွယ်သွားခဲ့ရာ ၎င်းတို့အတွက် နောက်ပြန်ဆုတ်ရန် မည်သို့မှ မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် မဟာအင်မော်တယ်ဘုံသို့ ဖြောင့်ဖြောင့်တန်းတန်းသွားရန်နှင့် ကြယ်ရောင်စုံသော ကောင်းကင်ကြီးထဲတွင် ထာဝရ ပျောက်ဆုံးသွားရန် ဟူသည့် ရွေးချယ်စရာ လမ်းနှစ်သွယ်သာ ရှိတော့သည်။

ဤကြယ်ကောင်းကင်တွင် ၎င်းတို့၏ သက်တမ်းက အခြားသူများထက် ပိုရှည်သွားမည် ဖြစ်သော်လည်း ထျန်းယွမ်တိုက်ကို ဘယ်တော့မှ ပြန်မလာနိုင်မည့် အလားအလာ ရှိနေသည်။

၎င်းကြယ်ရောင်စုံသည့် ကောင်းကင်ကြီးက ဘယ်လောက်ပင် ကျယ်ပြောပြီး ၎င်းတို့ကို သာမန်ထက် အသက်ရှည်စေပါစေ.. အစားအစာ အလုံအလောက် မရှိလျှင် အသက်ရှင်နိုင်ဖို့ မလွယ်ချေ။

ထို့ကြောင့် ကျင့်ကြံသူ ငါးယောက်က ထိတ်လန့်တကြား ဖြစ်သွားပြီး ဖန်ရှင်းနှင့် လာရောက်တိုင်ပင်ခြင်း ဖြစ်၏။

"မိတ်ဆွေလေး.. ငါတို့က အင်မော်တယ်လမ်းကို အတူတူလျှောက်နေကြပြီပဲ.. မြေပုံကို ငါတို့ လက်ထဲ အပ်သင့်တယ်"

ဆရာကြီးလန်က လေးနက်စွာ ပြောလိုက်သော်လည်း သူ့လေသံတွင် ဖန်ရှင်းနှင့် စေ့စပ်ညှိနှိုင်းဖို့ မလုပ်ချင်သည့် အမိန့်ပေးသံက ပါဝင်နေသည်။

ဖန်ရှင်းက ကျယ်ပြောလှသော ကြယ်နယ်မြေကြီးတွင် မြေပုံက အသက်ရှင်သန်ရန် တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်ကြောင်း နားလည်၏။

သူသာ မြေပုံကို မပေးခဲ့လျှင် ကျင့်ကြံသူ ငါးယောက်နှင့် ယုံကြည်မှု ပျက်ပြားသွားမည် ဖြစ်ကာ သေခြင်းရှင်ခြင်း တိုက်ပွဲကို နေရင်းထိုင်ရင်း ဆင်နွှဲနေရဦးမည် ဖြစ်သည်။

"အိုး ရော့.. ဒီမှာမြေပုံပဲ.. ယူသွားလိုက် "

ဖန်ရှင်းက ပြုံးရွှင်စွာဖြင့်ပင် အစောပိုင်းက ကူးယူထားသည့် မှင်မခြောက်သေးသော မြေပုံကို ပေးလိုက်သည်။

ဆရာကြီးလန်က မြေပုံကို စိတ်လှုပ်ရှားစွာ လှမ်းယူလိုက်၏။

ကျန်လေးယောက်ကလည်း မှင်တက်ကာ မယုံကြည်နိုင်ဖြစ်နေကြသည်။

"ဘာလဲ ငါ့ကိုမယုံလို့လား"

"ဒီမြေပုံက အစစ်အမှန် ဆိုတာ ငါအာမခံတယ်.. ငါက မင်းတို့ကို လိမ်လည်ပြီး ဘာလုပ်ရမှာလဲ.. ငါတို့ နှစ်ယောက်က မင်းတို့ကိုအနိုင်ရဖို့ မဖြစ်နိုင်ဘူးလေ.. အခု ငါနဲ့ မင်းတို့က တစ်ခရီးတည်းကို အတူတူ သွားနေကြပြီ.. မင်းတို့ကို ယုံကြည်လို့ မြေပုံရဲ့မူရင်းကိုတောင် ငါဖျက်ဆီးလိုက်ပြီ.. ဒါကြောင့် မြေပုံက မင်းတို့ဆီမှာပဲ ရှိတော့တယ်"

"ငါတို့ နှစ်ယောက်မှာ မင်းတို့ကို ယုံကြည်ဖို့က လွဲပြီး တခြားရွေးချယ်စရာ မရှိတော့ဘူး"

ထိုစကားကို ကြားလျှင် ကျင့်ကြံသူ ငါးဦးက စိတ်ရှုပ်ထွေးလာပြီး လေးနက်သော မျက်ဝန်းများဖြင့် ဖန်ရှင်းကို ကြည့်လိုက်ကြသည်။

"ကဲ ငါတို့သွားရအောင်.. ဒီအင်မော်တယ်လမ်းက ခက်ခဲတယ် ဆိုရင်တောင်မှ ငါတို့ အံကြိတ်ပြီး သွားရမယ်.. ငါတို့ နှစ်ယောက်ကိုတော့ တတ်နိုင်သမျှ ကာကွယ်ပေးဖို့ တောင်းဆိုပါတယ်"

"မင်းက ငါတို့ကို နွားတွေ မြင်းတွေလို ရှေ့ကနေ ရုန်းခိုင်းဖို့ကြိုးစားနေတာလား"

"ငါတို့က ရှေ့ကနေ ပြဿနာ အားလုံးကို ဖြေရှင်းပေးတာကတော့ ဟုတ်ပါပြီ.. မင်းနဲ့နဂါးကရော ဘာတွေလုပ်မှာလဲ"

ကျင့်ကြံသူ တစ်ယောက်က ဒေါသတကြီး ပြောလိုက်သည်။

"ဒါဆို မင်းတို့က ငါထွက်မပြေးဘူးလို့ ယုံကြည်ထားတယ်ပေါ့.. ငါတို့က တစ်စုံတစ်ရာ လှည့်စားနိုင်တယ် ဆိုတာ မတွေးတော့ဘူးလား"

ဖန်ရှင်းက သံသယမျိုးစေ့ကို ပစ်သွင်းလိုက်ရာ ကျင့်ကြံသူ ငါးယောက်က တိတ်ဆိတ်သွားကြသည်။

အပိုင်း(၁၂၅၇) ပြီး၏

အပိုင်း(၁၂၅၈) ကျမ်းစာကို မီးရှို့ပစ်မယ်

ကြီးကြီးမားမား ခေါင်းကိုက်နေပုံရသည့် မည်သည့် ပြဿနာ မဆို လွယ်ကူသော အဖြေတစ်ခု ရှိသည်။

နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းက အန္တရာယ် များပြားသည်ကို

သိသောကြောင့် ဖန်ရှင်းက ၎င်းတို့နှင့် ပူးပေါင်းလိုက်ခြင်း ဖြစ်၏။

ကျင့်ကြံသူ ငါးယောက်ကို သံသယမျိုးစေ့ ထည့်ပေးလိုက်ခြင်းက သူ့အတွက် အံ့ဖွယ် အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ယခုအခါတွင် ကျင့်ကြံသူငါးယောက်က အရိုးစုဦးခေါင်းခွံ၏ အပြင်ဘက်ကနေ စောင့်ရှောက်ရင်း လိုက်ပါလာ၏။

၎င်းတို့လူစုက အင်မော်တယ်လမ်းကို စတင်ခဲ့ကြပြီ ဖြစ်သည်။

ကျင့်ကြံသူ ငါးယောက်က ဖန်ရှင်း ထွက်ပြေးမည်ကို စိုးရိမ်၍ အပြာရောင် ကြယ်ကမ္ဘာငယ်ထဲတွင် မနေတော့ဘဲ အရိုးစုဦးခေါင်းခွံ၏ အပြင်ဘက်ကနေ လိုက်ပါလာသည်။

အကြောင်းရင်းကိုသာ စေ့စေ့ငုံငုံ မသိလျှင် ၎င်းတို့ကို အရိုးစုဦးခေါင်းခွံကို ကာကွယ်နေသည့် ကိုယ်ရံတော် ငါးယောက်ဟု ထင်မိကြမည် ဖြစ်သည်။

....

....

"အင်မော်တယ်လမ်းကို ဖြတ်ကျော်ပြီးရင်တောင် မင်းကို အင်မော်တယ်လို့ ယူဆဖို့ မဖြစ်နိုင်ဘူး"

အောင်းလီက ဖန်ရှင်းကို မထီမဲ့မြင် ပြောလိုက်သည်။

ကြယ်တွေ ပြည့်နှက်နေသည့် ကောင်းကင်တွင် အချိန်တွေက ရွေ့လျားနေသည်ဟု ဆိုနိုင်သလို နောက်ပြန်လှည့်ရန် မဖြစ်နိုင်တော့၍ အထီးကျန်မှု တွေကလည်း ရှိနေသည်။

လအတန်ကြာအောင် ဆက်တိုက် ခရီးနှင်ခဲ့မည် ဆိုလျှင်ပင် အပြင်က ကြယ်တွေ လင်းလက်နေသည့် ကောင်းကင်ကြီးက အတိုင်းအတာ တစ်ခုအထိ အတူတူ ဖြစ်နေမည်သာ။

အနီးကပ်သာ မကြည့်လျှင် မြင်ကွင်းက အပြောင်းအလဲ မရှိဟုပင်

လူတွေကို ခံစားရစေသည်။

သာမန်အချိန်များတွင် ကြယ်ကြွေသော အကျပ်အတည်းတချို့ ရှိသော်လည်း ကြယ်ရောင် ကောင်းကင်ကြီးက ဖန်ရှင်းတို့နှစ်ဦးကို မခြိမ်းခြောက်နိုင်ခဲ့ပေ။

အဘယ်ကြောင့် ဆိုသော် အပြင်ဘက်တွင် စောင့်ကြပ်နေသည့်ကျင့်ကြံသူ ငါးဦးက ဖြေရှင်းပေးထားသောကြောင့် ဖြစ်သည်။

ဖန်ရှင်းကမူ အရက်သောက်လိုက် ကျင့်ကြံလိုက် ဝက်စွပ်ပြုတ် သောက်လိုက်ဖြင့် အရိုးစု ဦးခေါင်းခွံထဲတွင် ဇိမ်ကျနေခဲ့သည်။

လအနည်းငယ် ကြာလာသော်လည်း လျှောင်အိမ်ထဲတွင် ထိန်းသိမ်း ခံထားရသည့် အောင်းလီ၏ ဒေါသက လျော့ပါးမသွားခဲ့ချေ။

ဖန်ရှင်း၏ အကြံအစည်က မှန်ကန်ခဲ့သည်ဟု ဆိုရမည်။

ကြယ်ရောင်စုံသော ကောင်းကင်၏ အန္တရာယ် တချို့က အမှန်တကယ် ဖြေရှင်းရန် မလွယ်ကူသော အန္တရာယ်များ ဖြစ်နေသည်။

အောင်းလီကမူ နဂါးသွေး အစစ်အမှန် ဖြစ်၍ နဂါးမျိုးနွယ်စု၏ ရှေးဟောင်း လမ်းပေါ်သို့ လျှောက်လှမ်းနေသော ကျင့်ကြံသူငါးဦးကို အတိုင်းအတာ တစ်ခုအထိ အလိုမကျ ဖြစ်နေခဲ့၏။

ဖန်ရှင်းသာ မချုပ်နှောင်ထားလျှင် သူက ကျင့်ကြံသူ ငါးဦးနှင့် သူသေကိုယ်သေ တိုက်ခိုက်မိမည်မှာ အသေအချာပင်။

ထို့ကြောင့် ဖန်ရှင်းက အောင်းလီကို အနီးကပ် စောင့်ကြည့်နေခဲ့ပြီး အချိုးမပြေလျှင် ကြိမ်လုံးစာ ကျွေးခဲ့ခြင်းပင်။

"ငါမင်းကို ရိုက်နှက်ချင်တယ်.. မင်းက ငါ့ဆီက မြေပုံကို မလုယက်သင့်ဘူး"

အောင်းလီ၏ မကျေမနပ် ကြိမ်းမောင်းသော စကားသံက

ထွက်ပေါ်လာသည်။

ယင်းအချိန်တွင် ဖန်ရှင်းက အေးအေးလူလူ အရက်သောက်နေခဲ့ခြင်း ဖြစ်သည်။

ဖန်ရှင်းက အောင်းလီကို လှည့်ကြည့်လိုက်ပြီး

"ငါခန့်မှန်းတာ မမှားရင် ဒီကို ခရီးထွက်လာတဲ့ အရင်က လူတွေ အကုန်လုံး အသက်ရှင်သန်ဖို့ မဖြစ်နိုင်ဘူး.. အစားအစာ လုံလုံလောက်လောက် မရှိဘဲနဲ့ မဟာအင်မော်တယ်ဘုံကို ရှာတွေ့တဲ့အထိ တောင့်ခံနိုင်မယ်လို့ မထင်ဘူး"

"ဒါက ခန့်မှန်းချက် တစ်ခုပဲလေ.. အဲ့ဒီလူတွေ သေဆုံးသွားတာ သေချာလို့လား.."

အောင်းလီက ခနဲ့၍ ပြောလိုက်၏။

"အရိုက်ခံချင်နေပြီလား"

ဖန်ရှင်းက ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ အောင်းလီကို ကြိမ်းမောင်းလိုက်ရာ အောင်းလီက ပါးစပ်ပိတ်သွားသည်။

ထို့နောက်တွင် ဖန်ရှင်း သူ့ကို ပေးထားသည့် အရက်ကို သောက်လိုက်ပြီး အေးအေးအေးဆေးသာ နေလိုက်တော့သည်။

သူ၏ စိတ်ထဲတွင်မူ ဖန်ရှင်းကို လက်စားချေနိုင်မည့် နည်းလမ်းကို စဉ်းစားနေမိသည်။

"ဘာကြည့်နေတာလဲ"

ဖန်ရှင်းက သူ့ကို စကားတစ်ခွန်းမှ မပြောတော့ဘဲ တစ်စုံတစ်ရာကို စိတ်ဝင်တစား ကြည့်နေသောကြောင့် အောင်းလီက မေးမြန်းလိုက်၏။

"သူငယ်ချင်း တစ်ယောက်ဆီက ရတဲ့ ကျမ်းစာတစ်ခုကို

ဖတ်နေတာပါ"

ဖန်ရှင်းက ဖုံးကွယ်မထားဘဲ သက်ပြင်းချကာ ပေါ့ပါးစွာ ပြောလိုက်သည်။

"ဘယ်ကျမ်းစာတွေလဲ"

"ဒါက ဝိညာဉ်ကျင့်စဉ် ထဲမှာ အရေးကြီးဆုံး ကျင့်စဉ်ပဲ.. ခေါင်းတလားထဲကနေ ရရှိတဲ့ ကျင့်စဉ်တစ်ခုပေါ့.. ခေါင်းတလား ကိုးခုလုံးက ကျမ်းစာတွေ အားလုံးကို ရနိုင်ရင် ငါ့ရဲ့ ကျင့်ကြံမှု လမ်းကြောင်းက အထွတ်အထိပ်သို့ ရောက်ရှိသွားမယ်လို့ ယူဆပြီး သူငယ်ချင်း တစ်ယောက်က ပေးအပ်သွားခဲ့တာပဲ.."

"အေးလေ.. အဲ့ဒါဆိုလည်း ဘာလို့ တစ်နေကုန် မျက်မှောင်ကြုတ်နေတာလဲ"

အောင်းလီက အနည်းငယ် စိတ်ရှုပ်ထွေးသွားပြီးမျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"ခေါင်းတလားထဲက ကျမ်းစာတွေက တစ်နည်းနည်းနဲ့ ငါ့လက်ထဲကို ရောက်လာတော့ ငါအမှန်တရား တစ်ခုကို သိပြီး တုန်လှုပ်ခဲ့ရတယ်.. ကျမ်းစာတွေ အားလုံးမှာ ဝိညာဉ်ရှိနေပြီး သူတို့ရဲ့သခင်ကို အလိုအလျောက် ရှာဖွေနေကြတာပဲ.. အခု ငါဖတ်နေတဲ့ ကျမ်းစာက ငါ့ကို နောက်တစ်ဆင့် မြှင့်ပေးနိုင်မဲ့ ကျမ်းစာ ဖြစ်ပေမဲ့ တကယ် ဖတ်ကြည့်တဲ့အခါ အခက်တွေ့ခဲ့ရတယ်"

"ဒီကျမ်းစာမှာပါတဲ့ စကားလုံးတွေကို ငါသိတယ်.. ဒါပေမဲ့အဓိပ္ပါယ်ကို နားမလည်ဘူး.. ကြည့်ရတာ ငါ့သူငယ်ချင်းက ကျမ်းစာကို နားမလည်လို့ ငါ့ကို ပေးလိုက်တာလား မသိဘူး"

"အိုး ဖတ်လို့ မရဘူးလား"

အောင်းလီက တအံ့တသြ ရေရွတ်လိုက်သည်။

သူက နဂါးမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်ပြီး တိုက်ခိုက်ရေးနှင့် ပတ်သက်သည့် ဗီဇအများစုက မွေးကတည်းကပင် စိတ်ဝိညာဉ်ထဲ၌ ရှိနေခဲ့သည်။

ထို့ကြောင့် ကျင့်ကြံခြင်းနှင့် ပတ်သက်သည့် အခက်အခဲများကိုလည်း တစ်ခါမှ မကြုံတွေ့ခဲ့ရချေ။

ယင်းနောက်တွင် အောင်းလီက

"နားမလည်ရင် လွှတ်ထားလိုက်.. အချိန်မဖြုန်းနဲ့.. ဒီထက်အရေးကြီးတာတွေ အများကြီး ရှိသေးတာပဲ"

ထိုစကားကိုကြားလျှင် ဖန်ရှင်းက အောင်းလီကို စူးစိုက်ကြည့်လိုက်၏။

"နားမလည်ပေမဲ့ အသုံးတော့ ဝင်ပါသေးတယ်"

ဖန်ရှင်းက ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။

"အစကတော့ ဒီကြယ်ရောင်စုံ ကောင်းကင်ထဲမှာ ပျင်းလာလို့ ကျမ်းစာကို ဖတ်ကြည့်တာ.. ဒါပေမဲ့ မထင်မှတ်ဘဲ ဒီကျမ်းစာက ငါ့ကို စွမ်းအားတချို့ ပေးစွမ်းနေသလိုပဲ"

"တကယ်ကြီးလား.. ဒါဆို အဲ့ဒီကျမ်းစာကို ငါ့ဆီ တစ်ချက်ပြကြည့်"

အောင်းလီက တအံ့တသြ အမူအရာဖြင့် ဖန်ရှင်းဆီကနေ ကျမ်းစာကို တောင်းလိုက်၏။

ဖန်ရှင်းက အောင်းလီကို သံသယမဝင်ဘဲ ကြည်ကြည်ဖြူဖြူပင် လွှဲပေးလိုက်ပြီး

"မင်းဘယ်လိုမြင်လဲ"

ဟု မေးလိုက်သည်။

ယင်းအချိန်မှာပင် အောင်းလီက ကျမ်းစာကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး ဖန်ရှင်းကို ကောက်ကျစ်စွာ ကြည့်လိုက်သည်။

"ငါ့ကို အခုလွှတ်ပေးစမ်း.. ဒီလိုမှမဟုတ်ရင် ကျမ်းစာကို မီးရှို့ပစ်လိုက်မယ်"

အောင်းလီက ကျမ်းစာအားကိုးဖြင့် ဖန်ရှင်းကို ခြိမ်းခြောက် အကျပ်ကိုင်လိုက်သည်။

ထိုအချင်းအရာကို မြင်လျှင် ဖန်ရှင်းက အောင်းလီကို သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်လိုက်ပြီး

"ကျမ်းစာထဲက စာတွေကို ငါကူးထားပြီးပြီ.. မီးရှို့တော့ရော ဘာဖြစ်မှာမို့လဲ"

ဟု လှောင်ပြောင်လိုက်သည်။

ထိုစကားကိုကြားလျှင် အောင်းလီက အနည်းငယ် ရှက်ရွံ့သွားပြီး ဖန်ရှင်း သူ့အပေါ် ဒေါသအိုး ပေါက်ကွဲ၍ တင်ပါးကို ကြိမ်ဖြင့် ဆော်မည်ကို တွေးမိကာ လန့်ဖြန့်သွားခဲ့သည်။

ထို့ကြောင့် သူက ဟန်လုပ်၍ ပြုံးကာ ကပျာကယာ ပြောလိုက်သည်။

"စတာပါ.. စတာပါ.. ငါပြောချင်တာက ငါတို့အတူတူ ကျမ်းစာကို လေ့လာကြမယ်လို့ ပြောချင်တာပါ"

အပိုင်း(၁၂၅၈) ပြီး၏

အပိုင်း(၁၂၅၉) တာအိုနှလုံးသား၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အဆုံးသတ်တွင် အောင်းလီက သူ၏ အကြံအစည်ကို စွန့်လွှတ်လိုက်၏။

"ဒါက မဟာအင်မော်တယ်ဘုံက ဖန်တီးထားတဲ့ ကျမ်းစာ တစ်မျိုးလို့ ငါ သံသယဖြစ်မိတယ်.. ဒီကျမ်းစာထဲက စာတွေက လေးနက်တဲ့ အမှန်တရားတစ်ခုလို့ ထင်ရပေမယ့် တကယ်တမ်းမှာ ဒါက အဓိပ္ပါယ်မဲ့ပြီး ဘာကို ဆိုလိုတယ်ဆိုတာကို နားလည်ဖို့ မလွယ်ကူဘူး.. ကြည့်ရတာ မင်းသူငယ်ချင်းက ကျမ်းစာထဲက စာတွေကို နားလည်ရ ခက်နေလို့ မင်းကို ပေးလိုက်တာပဲ ဖြစ်ရမယ်"

အောင်းလီ၏ စကားအရ အောင်းလီက ကျမ်းစာအပေါ်တွင်ကောင်းမွန်သော အမြင် ရှိမနေသည်မှာ ထင်ရှားနေသည်။

"အရင်က ငါလည်း ဒီလိုပဲထင်ခဲ့တာ.. ဒါပေမဲ့ ဒီကျမ်းစာကိုပထမဆုံး အကြိမ် မြင်လိုက်ကတည်းက ငါ့စိတ်တွေ အရမ်းလှုပ်ရှားခဲ့ရပြီး ဒီကျမ်းစာက သာမန်မဟုတ်ဘူးလို့ ခံစားခဲ့ရတယ်.. ကျမ်းစာကို လွှန်ခဲ့တဲ့ ရက်အနည်းငယ်က သေချာဖတ်ကြည့်ခဲ့တယ်.. ကျမ်းစာရဲ့ အဓိပ္ပါယ်ကို နားမလည်ပေမယ့်လည်း ခံစားချက်တွေက ပြောင်းလဲသွားသလိုပဲ.. အဲ့ဒါကြောင့် ငါအပြင်းအထန် လေ့လာခဲ့တယ်.. ဒါပေမဲ့ ရလာဒ်ကောင်းကိုတော့ မရခဲ့ဘူး"

ဖန်ရှင်း၏ အမူအရာက အလွန် လေးနက်နေပြီး ကျမ်းစာနှင့်ပတ်သက်၍ ဖိအားများစွာကို ခံစားနေရမှန်း သိသာနေသည်။

ဖန်ရှင်းက ထျန်းယွမ်တိုက်မှ လျှို့ဝှက် ကျင့်ကြံသူ ငါးဦးကို နွားနှင့် မြင်းများ အဖြစ် သဘောထားကာ ရှေ့ကနေ လမ်းဖွင့်ရန် အတင်းအကြပ် ခိုင်းစေခဲ့သည်။

ထို့အတူပင် အောင်းလီကိုလည်း လျော့မတွက်ဝံ့ပေ။

အောင်းလီက စွမ်းအားများ မတော်တဆ ပြန်လည် ရရှိသွားမည်ကို သူက သတိထားနေရသည်။

ဟိုအရင်ကလို တိုက်ပွဲတစ်ရာ စစ်ဝိညာဉ် ရှိနေလျှင်မူ သူ့အတွက် အကြောင်း မဟုတ်ချေ။

ခေါင်းကိုးလုံး မောင်နှမနှင့် ထိပ်တိုက်တွေ့လျှင် ရင်ဆိုင်ရမည့်နည်းလမ်းကိုလည်း ဖန်ရှင်းက အချိန်ရတိုင်း

စဉ်းစားနေခဲ့သည်။

"မင်းက နဂါးအစစ်အမှန်ဖြစ်ပြီး ဘာမှ အားကိုးမရဘူး"

ဖန်ရှင်းက အောင်းလီကို ခနဲ့လိုက်ရာ အောင်းလီက မျက်နှာပျက်သွားသည်။

သူ၏ နဂါးခန္ဓာကိုယ်က အင်မော်တယ် နီးပါး အစွမ်းထက်သော်လည်း ကျမ်းစာကို နားလည်နိုင်စွမ်း မရှိသည်မှာ ရှက်စရာ ကောင်းနေသည် မဟုတ်ပါလား။

"ငါ အရိုးနန်းတော်က ရွှေရောင် ဂြိုဟ်နဂါးဘုရင်နဲ့ ပူးပေါင်းပြီး ထျန်းယွမ်တိုက် အတွက် အများကြီး လုပ်ပေးခဲ့တယ်.. ဒါပေမဲ့ငါသူငယ်ချင်းတွေ အားလုံး အင်မော်တယ် လမ်းပေါ် လျှောက်လှမ်းခွင့်ရတဲ့ အချိန်မှာ ငါ့နာမည်ကို တစ်ယောက်ယောက် ဖျက်သွားတာ ခံခဲ့ရပြီး ကွက်ကျန်ရစ်ခဲ့ရတယ်.. ဒီခံစားချက်က ငါ့ကို အတော်လေး စိတ်မသက်မသာ ဖြစ်စေတယ်"

ထိုစကားကို ပြောပြီးနောက် ဖန်ရှင်းက သက်ပြင်းချ၍

ခဏမျှရပ်နားလိုက်ပြီးမှ စကားကို ပြန်ဆက်လိုက်သည်။

"အဲ့ဒီနောက်မှာ ထာဝရနတ်ဘုရားဆီကနေ မင်းအမရဲ့ သတင်းကို ကြားပြီး နဂါးနန်းတော်ကို ပြန်လာခဲ့တယ်.. လမ်းခရီးမှာ အကြီးအကဲ နှစ်ယောက်ရဲ့ သတင်းဆိုးကို ကြားခဲ့ရတယ်.. သူတို့ သေလားရှင်လား ဆိုတာ အခုချိန်ထိ တိတိကျကျ မသိရသေးဘူး.. ဒီလိုနဲ့ နဂါးနန်းတော်ကို ရောက်တော့ အပျက်အစီးတွေပဲ ငါတွေ့လိုက်တယ်.. မင်းအမကိုလည်း မတွေ့ခဲ့ရတဲ့အပြင်.. နဂါးနန်းတော် တစ်ခုလုံးက တည်နေရာ ရွှေ့ပြောင်းသွားတာနဲ့ပဲ ကြုံခဲ့ရတယ်"

ယင်းနောက်တွင် ဖန်ရှင်းက အောင်းလီကို စိုက်ကြည့်လိုက်ပြီး

"အဲ့ဒီအချိန်တုန်းကဆိုရင် ကမ္ဘာကြီးက အရမ်းငြိမ်းချမ်းတယ်လို့ ခံစားခဲ့ရတဲ့အထိပဲ"

"အထီးကျန်လွန်းတဲ့ စိတ်ကြောင့် အရှေ့ပင်လယ် နဂါးနန်းတော်ရဲ့ အပျက်အစီး နေရာမှာ သုံးရက်တိတိ ထိုင်နေမိခဲ့တယ်"

"ငါသာ ဆက်ပြီး ထိုင်နေမယ်ဆိုရင် ကျောက်တုံးတောင် ဖြစ်သွားမလားပဲ"

"အဲ့ဒါက ကျင့်ကြံခြင်း လမ်းကြောင်းမှာ ကြီးမားတဲ့ အတားအဆီး တစ်ခု ဖြစ်စေတယ်.. မင်းရဲ့ တာအိုနှလုံးသားက ထိခိုက်သွားသေးလား"

ဖန်ရှင်း၏ စကားကိုကြားပြီးနောက် အောင်းလီက ခဏမျှ နှုတ်ဆိတ်နေပြီးမှ မေးခွန်းထုတ်လိုက်သည်။

"ငါက တာအိုနှလုံးသား ထိခိုက်သွားတာလား"

ဖန်ရှင်းက အောင်းလီကို စိတ်ဝင်တစား ပြန်မေးလိုက်သည်။

ဟုတ်တယ်လေ.. မင်းက ရင်ရှန်းတံတားမှာလည်း စွန့်ပစ်ခံခဲ့ရတယ်.. မင်းရဲ့အကြီးအကဲတွေ သေလားရှင်လား ဆိုတဲ့ သတင်းကိုလည်း တိတိကျကျ မရခဲ့ဘူး.. ဒါ့အပြင် ငါ့အမကို ကယ်တင်ဖို့ နဂါးနန်းတော်ကို လာတော့လည်း ခြေတစ်လှမ်း နောက်ကျခဲ့ရတယ်.. ဖိအားတွေ တအားများပြီး ဒီလို ဖြစ်ခဲ့တာပဲ.. သေချာပါတယ်.. ဒါက

ပြင်ပက လှမ်းမိုးမှုကြောင့် စိတ်ဂယောက်ဂယက် ဖြစ်သွားတာပဲ"

"ငါတကယ် သိချင်တယ်.. မင်းကျင့်ကြံခြင်း လမ်းစဥ်ကို ပထမဆုံး ခြေချတုန်းက မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ"

"မင်းရဲ့ နှလုံးသားထဲမှာ ရည်မှန်းထားတာတွေ ရှိခဲ့လား"

အောင်းလီက ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

ထိုစကားကြောင့် ဖန်ရှင်းက ခဏမျှ အံ့အားသင့်သွားပြီး

"အစတုန်းကတော့ ငါ့ဦးလေးတွေကို သတ်သွားတဲ့ အခြေတည်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို သတ်ချင်ခဲ့တာ"

အောင်းလီက ဖန်ရှင်း၏ ဦးလေးများက မည်သူဖြစ်သည်ကိုမေးမြန်းရန် စိတ်မဝင်စားဘဲ

"နောက်တော့ ဘာဆက်ဖြစ်လဲ"

ဟု မေးလိုက်၏။

ထိုစကားကိုကြားလျှင် ဖန်ရှင်း၏ မျက်လုံးက ရုတ်တရက်တောက်ပလာသည်။

သူက အတိတ်ကို ပြန်လည် လွမ်းဆွတ်နေမှန်း သိသာနေသည်။

"အဲ့ဒီနောက်မှာငါ အရက်စက်ဆုံးလူနဲ့ ခင်မင်ခဲ့တယ်.. အယုတ်မာဆုံး ကျီးကန်းကို စီးနင်းခဲ့ရတယ်.. ရတနာတွေ သွားခိုးရင်း မင်းအမနဲ့ ဖူးစာဆုံခဲ့တယ်.. ထျန်းယွမ်တိုက်ကို လှည့်ပတ်ပြီး ဓားပြတိုက်ခဲ့တယ်.. ဘာပဲဖြစ်ဖြစ် ငါ့ဘဝက တစ်ခါတလေ အန္တရာယ်များပေမဲ့ စိတ်ဝင်စားဖို့တော့ ကောင်းခဲ့တယ်.. ငါ့နာမည်ကို ထျန်းယွမ် တစ်တိုက်လုံးက သိကြပြီး ငါနဲ့ ပတ်သက်ရမှာကို လူတိုင်းက ကြောက်ရွံ့ခဲ့ကြတယ်"

"ဓားပြတိုက်တာက လွဲရင် တခြားဘာကိုမှ ရည်ရွယ်ချက်

မရှိခဲ့ဘူးလား”

အောင်းလီက မျက်မှောင်ကြုတ်လိုက်ပြီး နားမလည်နိုင်သော အမူအရာဖြင့် မေးလိုက်သည်။

"တခြားရည်ရွယ်ချက်လား.."

အောင်းလီ၏ မေးခွန်းကြောင့် ဖန်ရှင်းက အပြင်းအထန် စဥ်းစားလိုက်သည်။

"မင်းအမနဲ့ ကလေးရရင် ဘယ်လိုရုပ်မျိုး ထွက်လာမလည်း ဆိုတာတော့ တွေးဖူးတယ်...အဲ့ဒါကို ငါ့ရဲ့ရည်ရွယ်ချက်လို့ ပြောလို့ရလား"

"ဘာ"

အောင်းလီက ရုတ်တရက် ဒေါသထွက်လာပြီး နှာခေါင်းထဲကနေ

ရုတ်တရက် မီးတောက်များ ထွက်ပေါ်လာသည်။

"တော်ပြီ.. ငါမင်းနဲ့ မပြောတော့ဘူး"

ဖန်ရှင်းက သူ့လက်ကို အလျင်စလို လက်ဝှေ့ရမ်း၍ ပြောလိုက်၏။

"တကယ်တမ်း ပြောရရင် ငါ့မှာ ဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူး"

"အိုး.. တကယ်ကြီးလား"

အောင်းလီက တအံ့တဩ ရေရွတ်လိုက်သည်။

ထို့နောက် သူက စိတ်ရင်းမှန်ဖြင့် ဖန်ရှင်းကို ဆက်ဆံရန်ဆုံးဖြတ်လိုက်သည်။

"ပြတ်ပြတ်သားသား ပြောရရင် မင်းက တာအိုနှလုံးသား အားနည်းနေတာပဲ.. ငါငယ်ငယ်တုန်းက အဖေပြောတာ

ကြားဖူးတယ်.. တာအိုဆိုတာ နှလုံးသားထဲက အတောင့်တဆုံး ဆန္ဒတစ်ခုပဲတဲ့"

"တာအိုနှလုံးသားကို နားလည်ရင် လူပေါင်းများစွာကို ကယ်တင်နိုင်တယ်"

"တာအိုနှလုံးသားက ပျက်စီးနေတဲ့ အခြေခံအုတ်မြစ်နဲ့ တစ်စစီ ပြန့်ကျဲနေတဲ့ အရိုးတွေကိုတောင် ပြန်လည် တည်ဆောက်နိုင်တယ်"

"တာအို နှလုံးသားနဲ့ အဝေးကို မျှော်ကြည့်နိုင်တယ်.. ရုပ်ခန္ဓာကို ထောက်ပံ့ပေးနိုင်တယ်.. အဆုံးမှာ ကျင့်ကြံမှု လမ်းကြောင်းရဲ့ အသီးအပွင့်ကို တွေ့နိုင်တယ်..."

အောင်းလီက စကားပြောရင်း စိတ်လှုပ်ရှားကာ မျက်လုံးကအေးစက်စက် ဖြစ်လာသည်။

"မင်းက တာအိုနှလုံးသား ချိုတဲ့နေတယ်လို့ ငါမြင်တယ်.. အပြင်က အဖိုးကြီးတွေကတော့ အင်မော်တယ် အသေအလဲ ဖြစ်ချင်နေကြပြီး အင်မော်တယ် ဖြစ်ဖို့အတွက် အရာအားလုံးကို သတ်ပစ်ရမယ်

ဆိုရင်တောင် မျက်ခုံးတစ်ချက် တွန့်မဲ့ လူစားတွေ မဟုတ်ဘူး.. အကြမ်းအားဖြင့် ပြောရရင် အဲ့ဒီစိတ်ဓာတ်က တာအိုနှလုံးသားပဲ"

"အင်မော်တယ်ဖြစ်ဖို့ အတွက် အရာအားလုံးကို စတေးရမှာလား"

ဖန်ရှင်းက အနည်းငယ် စိတ်ရှုပ်ထွေးကာ ရေရွတ်လိုက်သည်။

သူက အင်မော်တယ် ဖြစ်ရန် ဘာမဆို လုပ်ဝံ့သည့် ခေါင်းကိုးလုံး မောင်နှမကိုတော့ မြင်ဖူးသည်။

၎င်းတို့၏ လုပ်ရပ်က တကယ်ကို ရွံစရာ ကောင်းသည်ဟု သူ ကောက်ချက်ချခဲ့သည်။

တာအိုနှလုံးသားအတွက် အရာအားလုံးကို စွန့်ပယ်နိုင်ရမည်ဟူသည့် ဥပဒေသကို သူလက်မခံနိုင် ဖြစ်နေသည်။

အောင်းလီ၏ စကားက ကျင့်ကြံခြင်းလောက၏ အရိုးရှင်းဆုံးအမှန်တရား တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း

၎င်းကို သူတစ်ခါမှ မကြားဖူးခဲ့ပေ။

သူက တာအိုနှလုံးသားနှင့် ပတ်သက်၍ မည်သည့်အခါမှ မတွေးခဲ့ဖူးပေ။

ယင်းအချိန်မှာပင် အောင်းလီက လေးနက်သောအသံဖြင့် ပြောလိုက်သည်။

"ငါပြောချင်တာက အရာအားလုံးကို စွန့်ပယ်ရမယ်လို့ မဆိုလိုဘူး.. ကျင့်ကြံခြင်း လမ်းစဥ်ပေါ်မှာ တွေဝေမနေဖို့ ပြောချင်တာ.. အကြောင်းတရားနဲ့ အကျိုးတရားပေါ် မူတည်ပြီး ဖြစ်ပေါ်လာတဲ့ အတွေးတွေကို ကာကွယ်ရမယ်"

"အမှန်တရားက လွဲပြီး အရာအားလုံးကို စွန့်လိုက်.. အဲ့ဒါကတာအိုရဲ့ နှလုံးသားပဲ"

အောင်းလီ၏ မှတ်ချက်စကားက ဖန်ရှင်းကို စိတ်လှုပ်ရှားစေခဲ့သည်။

အချိန်အတော်ကြာမှ ဖန်ရှင်းက

"တာအိုနှလုံးသားနဲ့ ပတ်သက်ပြီး မင်းရှင်းပြတာကို ငါနားလည်လာသလိုပဲ.. ဒါပေမဲ့ ဒီကျမ်းစာရဲ့ အဓိပ္ပါယ်ကို ငါတကယ် စဉ်းစားမရဘူး ဖြစ်နေတယ်"

ဟု ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် အောင်းလီက

"ဒါဆို မင်းဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး"

ဟု သက်ပြင်းချ၍ ပြောလိုက်သည်။

အပိုင်း(၁၂၅၉) ပြီး၏

အပိုင်း(၁၂၆၀) ဆရာကြီးတစ္ဆေ

"ဒီကျမ်းစာကို ငါတကယ်ပဲ နားမလည်တော့ဘူးလား"

ဖန်ရှင်းက စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သည်။

လူတိုင်း ငမ်းငမ်းတက် လိုချင်နေကြသည့် ကျမ်းစာက သူ့လက်ထဲကို ရောက်လာသော်လည်း ကျမ်းစာ၏ အဓိပ္ပါယ်ကို နားမလည်သည်က သူ့ကို အရှက်ရစေသည်။

အကယ်၍သာ တာအိုနှင့် ပတ်သက်၍ ရည်ရွယ်ချက်ရှိမှ ဤကျမ်းစာကို နားလည်နိုင်မည် ဆိုလျှင် သူတစ်သက်လုံး နားလည်နိုင်မည်ဟု မထင်ချေ။

ကျင့်ကြံခြင်း လမ်းစဥ်ပေါ်ကို မတော်တဆ ခြေချမိခဲ့သော်လည်း သူ့တွင် ရည်ရွယ်ချက် ကြီးကြီးမားမား ရှိမနေခဲ့ပေ။

သူက သူ့ကိုယ်သူ ယုံကြည်မှု သိပ်မရှိသော်လည်း

ကျမ်းစာကိုလေ့လာရန် လက်မလျှော့ချင်ခဲ့ချေ။

ဤကျမ်းစာ၏ အဓိကအချက်က တာအိုနှလုံးသားဟု သူ့စိတ်ထဲတွင် ခံစားမိနေသည်။

သူ၏ လက်ရှိ ကျင့်ကြံခြင်း အဆင့်ဖြင့် တာအိုနှလုံးသားကို ရှာတွေ့လျှင် မည်သို့သော ရလာဒ်များ ထွက်ပေါ်လာနိုင်မည်ကို သူတကယ် သိချင်နေမိသည်။

....

....

"အဖိုးကြီးလု.. ငါ့မှာ အရက်ကောင်းကောင်း ရှိတယ်.. သောက်ဦးမလား"

အရိုးစုဦးခေါင်းခွံ၏ ပါးစပ်ဝကနေ ဖန်ရှင်းက အော်ဟစ်လိုက်သည်။

"လူယုတ်မာလေး.. မင်းငါ့ကို ဘာလုပ်စားဦးမလို့လဲ"

စကားသံနှင့်အတူ လုကျန်းက ရောက်ရှိလာသည်။

ဖန်ရှင်းက အရက်အိုးကို မြှောက်ပြလိုက်ပြီး

"တကယ် မသောက်ချင်ဘူးလား"

ဟု မေးခွန်းထုတ်လိုက်သည်။

"ဒီတစ်ခေါက်ရော ဘာနဲ့ လဲရဦးမှာလဲ.. ငါ့ရဲ့ အစီအရင် နည်းစနစ်ကို လိုချင်တာလား.. မှော်ဆေးလုံးတွေကို လိုချင်တာလား"

လုကျန်းက ဖန်ရှင်း၏ လက်ထဲမှ အရက်အိုးကို မြင်လျှင် လျှာသပ်၍ မေးခွန်းထုတ်လိုက်သည်။

"ဒါက အရက်ကောင်းအတွက် တန်ရာတန်ကြေး လဲလှယ်မှုတစ်ခုပဲလေ"

ဖန်ရှင်းက ရယ်မော၍ လုကျန်းကို ပြောလိုက်သည်။

ထို့နောက်တွင် ဖန်ရှင်းက လုကျန်းကို အရက်အိုး ပစ်ပေးလိုက်သည်။

"မင်းငါ့ဆီက ပစ္စည်းတွေကို ယူတာ အားမရသေးဘူးလား.. ထျန်းယွမ်တိုက်မှာ ဆိုရင် ငါ့ကို ဂိုဏ်းတွေက လက်ဆောင်ပေးထားတာ မသောက်ချင်မှ အဆုံးပဲ"

လုကျန်းက အရက်ကို တစ်ငုံ မော့သောက်လိုက်ပြီးနောက် မကျေမနပ် ပြောလိုက်၏။

"ထျန်းယွမ်တိုက်က ထျန်းယွမ်တိုက်ပဲ.. ကြယ်နယ်မြေက ကြယ်နယ်မြေပဲ.. ငါကလွဲပြီး ဒီနေရာမှာ အရက်ဝယ်လို့ရတဲ့နေရာ ရှိလို့လား"

ဖန်ရှင်းက ဂုဏ်ယူသော အမူအရာဖြင့် ပြုံးရွှင်စွာ ပြောလိုက်သည်။

သူက ဤလအနည်းငယ် အတွင်း လုကျန်းနှင့် ခင်မင်ရင်းနှီးခဲ့သည်။

ခရီးစဉ်က ပျင်းရိဖွယ် ကောင်းသောကြောင့် ဖန်ရှင်းနှင့် ကျင့်ကြံသူ ၅ယောက်က စကားပြောဖော်များ ဖြစ်လာကြသည်။

အားလုံးထဲတွင် သူနှင့် ပေါင်းရသင်းရ အဆင်ပြေဆုံးမှာ လုကျန်းပင် ဖြစ်သည်။

ထိုသို့ ပေါင်းသင်းရ လွယ်သည့် အဓိက အကြောင်းရင်းမှာ လုကျန်းက အရက်ဂျိုး ဖြစ်နေသောကြောင့်ပင်။

သို့ရာတွင် ဖန်ရှင်းက အရက်ကို အလကား မတိုက်ခဲ့ချေ။

ပထမအကြိမ်သာ အမြည်းတိုက်ခဲ့ပြီး ဒုတိယအကြိမ်မှစ၍

အရင်းအမြစ်များနှင့် လဲလှယ်စေခဲ့သည်။

လုကျန်းက ကြယ်နယ်မြေသို့ ခရီးထွက်ရန် စွမ်းအင်ဖြည့် ဆေးလုံးများကို ယူဆောင်ခဲ့သော်လည်း အရက်အိုးကို ယူလာရန် မေ့လျော့ခဲ့မိသည်။

သူ့လို အရက်ချိုး တစ်ဦး အတွက် အရက် မသောက်ရလျှင် နေမထိ ထိုင်မသာ ဖြစ်စေ၏။

ထို့ကြောင့် လုကျန်းမှာ ဖန်ရှင်း၏ ဖောက်သည် တစ်ယောက်ဖြစ်လာခဲ့သည်။

တစ်လမပြည့်မီမှာပင် လုကျန်း၏ အရင်းအမြစ် အားလုံး နီးပါးက ဖန်ရှင်း ဆီသို့ ရောက်ရှိသွားသည်။

"မင်းဟာက အာတောင်မကပ်ဘူး.. နောက်တစ်အိုးပေးဦးကွာ"

လုကျန်းက ဖန်ရှင်းကို တောင်းဆိုလိုက်သည်။

"ဟားဟား သောက်ချင်ရင် တစ်ခုခုနဲ့ လဲလှယ်မှ ရမယ်လေ"

ဖန်ရှင်းက အရက်အိုးကို ရင်ဘတ်နားတွင် ပွေ့ပိုက်ထားရင်းပြောလိုက်ရာ လုကျန်းက ဖန်ရှင်းကို ဒေါသတကြီး ကြည့်လိုက်သည်။

ဖန်ရှင်းက စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး အကြွေးစာရင်းကို ဖတ်ပြလိုက်သည်။

"အရင်တစ်ခေါက်က စားတဲ့ သစ်သီးခြောက်ဖိုးနဲ့.. ဝက်စွပ်ပြုတ်ဖိုးကို အခုထိ မပေးရသေးဘူးနော်"

ထိုစကားကို ကြားလျှင် လုကျန်းက အရှက်ရသွားပြီး ဖန်ရှင်း၏ စပ်ဖြဲဖြဲ မျက်နှာကို ပါးရိုက်ချင်စိတ်ပင် ပေါက်လာသည်။

"ငါ့မှာ မင်းကို ပေးလိုက်လို့ ဘာမှမရှိတော့ဘူး.. မင်းငါ့ကိုစေတနာနဲ့

အရက်အလကား တိုက်လို့ မဖြစ်ဘူးလား"

အရက်ဂျိုးကြီး လုကျန်း၏ စကားကြောင့် ဖန်ရှင်းက အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။

တကယ်တမ်း လုကျန်းဆီမှ မယူသင့်မှန်း သူကောင်းစွာ သိသည်။

လုကျန်းက အရက်စွဲနေသည့် ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်ပြီး ကျန်အဖိုးအို လေးယောက်ထက် စာလျှင် သူနှင့် ခင်မင်ရင်းနှီးသူလည်း ဖြစ်၏။

"ကဲပါ.. ဒီတစ်ခေါက်တော့ အလကား တိုက်ပါ့မယ်.. "

ဖန်ရှင်းက ပြုံးရွှင်စွာ ပြောလိုက်ရာ လုကျန်းက ပျော်ရွှင်သွား၏။

"သူတို့ကိုပါ ခေါ်လိုက်လေ.. ငါဒီနေ့ စိတ်ကောင်းဝင်နေတုန်း အားလုံးကို အလကား တိုက်ပါ့မယ်"

"မင်းတိုက်သင့်တာကြာပေါ့.. ငါတို့ အကုန်လုံးက မင်းထွက်ပြေးမှာစိုးလို့ မျက်လုံးတောင် မမှိတ်ရဲဘဲ စောင့်နေရတာ.. မင်းငါတို့ရဲ့ စေတနာကို အသိအမှတ် ပြုသင့်တယ်"

"စိတ်မပူပါနဲ့.. ငါက အဲ့ဒီလောက်ထိ လူမှုရေးခေါင်းပါးတဲ့သူ မဟုတ်ပါဘူး"

ထိုစကားကို လုကျန်းအား ပြောပြီးသည်နှင့် ဖန်ရှင်းက ကျန်ကျင့်ကြံသူများကိုပါ အရက်သောက်ရန် ဖိတ်ခေါ်လိုက်သည်။

သို့ရာတွင် ကျင့်ကြံသူများထဲမှ အနက်ရောင်ဝတ်စုံနှင့် ကျင့်ကြံသူကမူ အေးစက်စက် မျက်နှာထားဖြင့်သာ ရှိနေခဲ့ပြီး ဖန်ရှင်း၏ စကားကို လျစ်လျူရှုနေခဲ့သည်။

"ဟေ့လူကြီး.. ပျံသန်းရတာ မမောဘူးလား.. ဒီနေ့ အလကားတိုက်ဖို့ ဖိတ်ခေါ်နေတာနော်.. သောက်ချင်ရင် အမြန်လာခဲ့"

ဖန်ရှင်းက လိုလိုလားလားပင် ဖိတ်ခေါ်ခဲ့သော်လည်း အနက်ရောင် ဝတ်စုံဝတ်အမျိုးသားက မကြားချင်ဟန်သာ ဆောင်နေခဲ့သည်။

အနက်ရောင် ဝတ်စုံဝတ် အမျိုးသား၏ လျှို့ဝှက်လွန်းသော အနေအထားကြောင့် ဖန်ရှင်းက စိတ်ဝင်စားလာ၏။

"မင်းဖိတ်နေလည်း အပိုပဲ.. သူစိတ်ဝင်စားမှာ မဟုတ်ဘူး.. သူ့ကိုယ်စား ငါပဲ သောက်ပေးလိုက်မယ်"

လုကျန်းက ဖန်ရှင်းကို ပြုံး၍ ပြောလိုက်သည်။

"အလကား တိုက်တာတောင် စိတ်မဝင်စားဘူး ဆိုတော့ ဒီလူက ငတုံးလား"

အနက်ရောင် ဝတ်စုံဝတ် ကျင့်ကြံသူ၏ လျစ်လျူရှုခြင်းကို ခံရသောကြောင့် ဖန်ရှင်းက အနည်းငယ် စိတ်ဆိုးသွားပြီး ဒေါသတကြီး ရေရွတ်လိုက်သည်။

"သူက အမြဲဒီလိုပဲ.. ငါတို့ကိုတောင် လျစ်လျူရှုထား တတ်တယ်"

လုကျန်းက ဖန်ရှင်းကို ရှင်းပြလိုက်သည်။

"အိုး.. ဘယ်လိုကြီးလဲဟ.. အဲ့ဒီလူက ဘယ်သူလည်း ဆိုတာ ပြောပြလို့ရမလား"

ဖန်ရှင်းက စိတ်ဝင်တစား မေးမြန်းလိုက်သည်။

သူက ကျင့်ကြံသူငါးဦးတွင် လေးဦးနှင့် အထိုက်အလျောက် ရင်းနှီးခဲ့သော်လည်း ထိုအနက်ရောင်ဝတ်စုံနှင့် ကျင့်ကြံသူကိုမူ စကားပင် မပြောဖူးချေ။

အနက်ရောင်ဝတ် ကျင့်ကြံသူက အလွန်သိုဝှက်ပြီး မျက်နှာကိုအခိုးအငွေ့များဖြင့် ဖုံးကွယ်ထားလေ့ရှိသည်။

"သူ့ကို ဘယ်သူလည်းတော့ ငါလည်းမသိဘူး.. ငါတို့

အကုန်လုံးကတော့ ဆရာကြီး တစ္ဆေလို့ ခေါ်ကြတယ်"

လုကျန်၏ စကားကိုကြားလျှင် ဖန်ရှင်းက အနည်းငယ် အံ့သြသွားသည်။

"မင်းတို့ ငါးယောက်က တစ်ဖွဲ့ထဲ ဖြစ်ပြီး သူဘယ်သူလည်း ဆိုတာတောင် မသိဘူးလား"

"ငါ့ကို သံသယမဝင်ပါနဲ့.. ငါလုကျန်းက သူဘယ်သူလည်း ဆိုတာကို တကယ်မသိတာ.. တခြားသူတွေလည်း သိပုံမရဘူး"

ထိုစကားကို ပြောပြီးသည်နှင့် လုကျန်းကို အရက်ကို မော့သောက်လိုက်ပြီး ပြုံးရွှင်စွာ ပြောလိုက်သည်။

"ငါတို့အားလုံးက တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူတွေလည်းဆိုတာ သိကြပေမဲ့ ဆရာကြီးတစ္ဆေ ကတော့ အနည်းငယ် ဆန်းကြယ်တယ်.. သူ့ရဲ့ဇစ်မြစ်ကို ငါတို့ ဘယ်လိုမှ ခန့်မှန်းလို့ မရခဲ့ဘူး.. သေချာတာက ဒီလူရဲ့ခွန်အားက ငါတို့ထက်

မနိမ့်ကျဘူး ဆိုတာပဲ"

"ဒါဆို ဆရာကြီး တစ္ဆေက ပဟေဠိဆန်တဲ့ လူတစ်ယောက်ပဲ"

ဖန်ရှင်းက အနက်ရောင်ဝတ် ကျင့်ကြံသူကို သံသယ မျက်ဝန်းများဖြင့် စိုက်ကြည့်ရင်း ရေရွတ်လိုက်သည်။

အပိုင်း(၁၂၆၀) ပြီး၏။

စာစဥ်(၈၄) ပြီး၏။

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ်

ဘာသာပြန်=လျှမ်းလျှမ်းဝေ

အပိုင်း(၁၂၆၁) ပြိုင်ဘက်ကင်းစိတ်အာရုံပိုင်ရှင်

တစ်ချိန်ကဆိုလျှင် ဤကျင့်ကြံသူ ငါးယောက်က ထျန်းယွမ်တိုက်၏
အထွတ်အထိပ် နေရာတွင် ရပ်တည်ခဲ့သော ကျင့်ကြံသူများ
ဖြစ်ကြသည်။

၎င်းတို့က အင်မော်တယ် အစစ်အမှန် ဖြစ်ရန်အတွက်
အခွင့်ကောင်းကို စောင့်မျှော်ရင်း ဇာတ်မြုပ် နေထိုင်ခဲ့ကြသည်။

သူတို့ ငါးယောက်လုံးက တစ်ယောက်နှင့် တစ်ယောက်
သိပ်မရင်းနှီးကြပေ။

ဆရာကြီးလန်၏ မိတ်ဆက်ပေးမှုဖြင့်သာ ငါးယောက်
တစ်ဖွဲ့ဖြစ်လာကြခြင်း ဖြစ်သည်။

သို့ရာတွင် ၎င်းတို့က အချိန်အကြာကြီး
အသက်ရှင်နေထိုင်ခဲ့ကြသူများ ဖြစ်ရာ မည်မျှပင် သိုသိပ်စွာ
ဇာတ်မြုပ် နေထိုင်သူ ဖြစ်ပါစေ.. ဝိသေသ လက္ခဏာကိုတော့
ခန့်မှန်းနိုင်ခဲ့ကြသည်။

ကျင့်ကြံသူ ငါးယောက်လုံးက အကြောင်းတရားနှင့်
အကျိုးတရားများကို ရှေးရှု၍ ၎င်းတို့၏ အမည်မှန်များကို

စွန့်လွှတ်ကာ အမည်ဝှက်များကို အသုံးပြုခဲ့သည်။

သမင်စီးလာသည့် အဘိုးအိုက သူ့ကိုယ်သူ ဆရာကြီးဝမ်ဟု အမည်ပေးခဲ့ပြီး ပိန်ပါးပါး အဘွားအိုကမူ သူ့ကိုယ်သူ စုန်းမကြီးဟု အမည်ပေးခဲ့သည်။

ထိုသို့ နာမည်ဝှက်များ ပေးထားသော်လည်း တစ်ဦး၏ သရုပ်မှန်ကို တစ်ဦးက သိထားကြသည်။

သို့ရာတွင် အနက်ရောင်ဝတ်စုံဝတ်လူ၏ အကြောင်းကိုမူ ၎င်းတို့က အနည်းငယ်မျှပင် သိမထားကြပေ။

"သူ့ရဲ့ သရုပ်မှန်ကို နည်းနည်းလေးတောင် မသိဘဲ ဘာလို့ သူနဲ့အင်မော်တယ်လမ်းကို အတူတူသွားဖို့ ဆန္ဒရှိနေကြတာလဲ"

ဖန်ရှင်းက အနည်းငယ် မယုံကြည်သော လေသံဖြင့် လုကျန်းကို ခေါင်းငဲ့၍ ကြည့်ကာ မေးလိုက်သည်။

အင်မော်တယ်လမ်းသည် ကလေးကစားစရာ မဟုတ်ပေ။

အထူးသဖြင့် ဤ အကြီးအကဲ ငါးဦး အတွက် အင်မော်တယ်လမ်းက အသက်သွေးကြောတမျှ အရေးကြီးသည်။

ဖန်ရှင်းက အနည်းငယ် မယုံကြည်နိုင်စရာ ဖြစ်နေသည်။

လျှို့ဝှက် ကျင့်ကြံသူများက ၎င်းတို့ တစ်သက်တာ အတွက် အရေးကြီးဆုံးသော ကိစ္စရပ် တစ်ခုတွင် အခြေအမြစ် အနည်းငယ်မျှ မသိသည့် လူတစ်ယောက်ကို အဘယ်ကြောင့် ထည့်သွင်းထားရပါသနည်း။

"ငါတို့ အဖွဲ့ထဲမှာ သူ့ကို ဘာကြောင့် ထည့်သွင်းခဲ့လည်း ဆိုတာမင်းသိချင်နေတယ် မဟုတ်လား"

လုကျန်းက ခပ်ယဲ့ယဲ့ပြုံး၍ ပြောလိုက်ပြီး အရက်ခွက်ကို ဖန်ရှင်းထံ ထိုးပေးကာ အရက်ငှဲ့ပေးရန် အချက်ပြလိုက်သည်။

ဖန်ရှင်းက မကျေမနပ် အမူအရာဖြင့် လုကျန်း၏ အရက်ခွက်ထဲသို့ အရက် အနည်းငယ် ငှဲ့ပေးလိုက်သည်။

"ကောင်လေး.. မင်းက စေတနာ မပါဘူးကွာ"

လုကျန်းက အရက် အနည်းငယ်သာ ငှဲ့ပေးသည့် ဖန်ရှင်းကို ကြိမ်းမောင်းလိုက်၏။

"ဆရာကြီးတစ္ဆေ အကြောင်း ပြောချင်ပြော.. မပြောချင်နေ.. ဈေးကိုင်နေရင် ထပ်မတိုက်တော့ဘူး"

ဖန်ရှင်းက လုကျန်း၏ လက်ထဲမှ အရက်ခွက်ကို လှမ်းယူရန် ပြင်လိုက်သည်။

"အိုး.. ပေးပြီးသား အရက်ကို ပြန်မယူရဘူးလေ"

စကားဆုံးသည်နှင့် လုကျန်းက အရက်ခွက်ထဲမှ အရက်ကိုလျင်မြန်စွာ မော့ချလိုက်သည်။

ထို့နောက် သူက သက်ပြင်းချလိုက်ပြီး

"အင်မော်တယ်လမ်းပေါ် ခြေချဖို့ ငါတို့ ငါးယောက်လုံးက နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရတယ်.. အခုလို အခွင့်အရေးနဲ့ ကြုံတော့ ဘယ်လိုလွယ်လွယ်နဲ့ လက်လွှတ်နိုင်မှာလဲ... ထျန်းယွမ်တိုက်မှာ ငါတို့လို ဇာတ်မြုပ်နေတဲ့ ကပ်ဘေးအဆင့် ကျင့်ကြံသူတွေ အများကြီးရှိတယ်.. ဒီထဲကမှ ငါတို့ ငါးယောက်ကို ဆရာကြီးလန်က ရွေးချယ်ခဲ့တာပဲ"

လုကျန်း၏ အမူအရာကို ကြည့်လျှင် ဆရာကြီးလန်၏ ရွေးချယ်ခြင်း ခံရသည်ကို အတော်လေး ဂုဏ်ယူနေမှန်း ထင်ရှားနေသည်။

လုကျန်းပြောသော စကားက သူ့အတွက် အကျိုးရှိသည်ဟုခံစားမိသောကြောင့် ဖန်ရှင်းက လုကျန်းကို အရက်ထပ်ထည့်ပေးလိုက်သည်။

လုကျန်းက အရက်ကို တစ်ကျိုက်တည်း မော့သောက်ပြီးနောက် ကျေနပ်သွားဟန်ဖြင့်

"အင်မော်တယ်လမ်းကို လျှောက်ဖို့ အတွက် အနည်းဆုံးကပ်ဘေး ဆဋ္ဌမအဆင့် ရှိနေဖို့တော့ လိုအပ်တယ်.. ဒီထက်ပိုပြီး

အရေးကြီးတာက ကိုယ်ပိုင် စွမ်းရည် တစ်ခုခု ထူးချွန်ရမယ်.. ကြယ်နယ်မြေတွေမှာ အန္တရာယ်တွေ အများကြီးရှိတယ်.. ရုန်းရင်းတဲ့ စွမ်းအားတွေ ရှိမနေရင် ဖြေရှင်းဖို့ မလွယ်ကူဘူး"

"ငါတို့ ငါးယောက်က တစ်ယောက် တစ်မျိုးစီ ထူးချွန်ကြတယ်.. ငါလုကျန်းကတော့ ဒီအုပ်စုထဲမှာ အစီအရင် ပညာရပ်နဲ့ ပတ်သက်ရင် အထူးချွန်ဆုံးပဲ.. လက်ရှိ ထျန်းယွမ်တိုက်မှာကျော်ကြားတဲ့ အစီအရင်ပညာရှင်တွေ အားလုံးက လုကျန်းဆိုတဲ့ ငါ့ကို အစီအရင် ပညာရပ်ရဲ့ နတ်ဘုရားတစ်ပါးလို့ သတ်မှတ်ထားကြတယ်.. ဒါပေမဲ့ ငါ့ကို ယှဉ်ပြိုင်နိုင်တဲ့ အစီအရင် ပညာရှင် တစ်ယောက် ထျန်းယွမ်တိုက်မှာ ရှိသေးတာ သူတို့ မသိကြဘူး.. အဲ့ဒီလူက ဖူစန်းတောင်က လူထူးဆန်းပဲ"

"ဖူစန်းတောင်က လူထူးဆန်းဆိုတာ ဦးလေး သစ်ပင်နတ်ဆိုးကို ပြောတာဖြစ်မယ်"

ဖန်ရှင်းက အတော်လေး အံ့အားသင့်သွားပြီး စိတ်ထဲကနေ ရေရွတ်လိုက်သည်။

သစ်ပင်နတ်ဆိုး၏ အစီအရင် ပညာရပ်ကို လုကျန်း၏ နှုတ်မှ

ချီးကျူးနေသောကြောင့် သစ်ပင်နတ်ဆိုးက လျှော့တွက်၍ မရဟု ဖန်ရှင်းက တွေးမိလိုက်သည်။

လုကျန်းက သူ့အကြောင်း ပြောပြီးသည်နှင့် နောက်ထပ် တစ်ယောက် အကြောင်း ဆက်ပြောလိုက်သည်။

"ဆရာကြီးဝမ်လို့ ခေါ်တဲ့သူကလည်း ထူးခြားတဲ့ ပညာရှင် တစ်ယောက်ပဲ.. တစ်ချိန်က ဆိုရင် လျှမ်းလျှမ်းတောက် နာမည်ကြီးတဲ့ ကျန်းဖူတာအိုဂိုဏ်းကို ထူထောင်ခဲ့ဖူးပြီး ထူးချွန်တဲ့ တပည့် အမြောက်အမြားကိုလည်း မွေးထုတ်နိုင်ခဲ့တယ်.. ကျန်းဖူတာအိုဂိုဏ်းရဲ့ ဂုဏ်သတင်းက ဖူယောင်နန်းတော်နဲ့တောင် ယှဉ်နိုင်ခဲ့တယ်.. နောက်ပိုင်းမှာ ကျန်းဖူတာအိုဂိုဏ်းက ဖူယောင်နန်းတော်သခင်ရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရတယ်.. အဲ့ဒီကနေစပြီး ဆရာကြီးဝမ်က ဇာတ်မြုပ်နေထိုင်ခဲ့တာပဲ.. ဒါနဲ့ ငါသိရသလောက်တော့ ဖူယောင်နန်းတော်ရဲ့ သခင်တွေက အသက်တိုကြတယ်ဆိုပဲ"

"ကျနော်သိရသလောက်တော့ ဖူယောင်နန်းတော်ရဲ့ သခင်တွေအားလုံးက အသက်မတိုပါဘူးဗျာ"

ဖန်ရှင်းက လုကျန်း၏ စကားကို တုံ့ပြန်ပြောဆိုလိုက်ပြီး ဖူယောင်နန်းတော်၏ သခင်အဖြစ် ရက်အနည်းငယ် တာဝန်ထမ်းဆောင်ခဲ့သည်ကို သတိရမိလိုက်သည်။

ရိုးရှင်းစွာ ပြောရလျှင် သူက ယခုအချိန်အထိ ဖူယောင်နန်းတော်၏ နန်းတော် သခင်ရာထူးကနေ တရားဝင် မဆင်းရသေးပေ။

"နောက်ပြီး စုန်းမကြီးလို့ သူ့ကိုယ်သူ ခေါ်တွင်တဲ့ မိန်းမရဲ့ သရုပ်မှန်ကလည်း နှယ်နှယ်ရရ မဟုတ်ဘူး.. လွန်ခဲ့တဲ့ နှစ်ထောင်ချီက ဆိုရင် နတ်ဘုရားကုန်းမြေ မြောက်ပိုင်းက တာအိုဂိုဏ်းတစ်ခုရဲ့ ဆက်ခံသူတောင် ဖြစ်ခဲ့တယ်.. ဝိဒေဟရာဇ်တိုက် တစ်ခုလုံးကိုတောင် သူမက သိမ်းပိုက်လုနီးနီးပဲ.. သူမက အလွန် ရည်မှန်းချက် ကြီးမားခဲ့ပေမဲ့ နောက်ဆုံးမှာ ဆွေမျိုးတွေရဲ့ သစ္စာဖောက်မှုကို ခံခဲ့ရတယ်.. သူက မှော်ပညာကိုပဲ အဓိက လိုက်စားခဲ့ပြီး မှော်ရုပ်သေး ပညာရပ်မှာ အတိုင်းအတာ တစ်ခုအထိ ခရီးရောက်ခဲ့တယ်"

လုကျန်းက စကားကို ခေတ္တ ရပ်တန့်လိုက်ရာ ဖန်ရှင်းက ချက်ချင်းပင် လုကျန်း၏ ခွက်ထဲသို့ အရက်ဖြည့်ပေးလိုက်သည်။

"ဆရာကြီးလန်က သူမ ထက်တောင် ပိုနာမည်ကြီးသေးတယ်.. သူက သန့်စင်သောပြည်နယ်မှာ မွေးဖွားခဲ့ပေမဲ့ နတ်ဘုရားကုန်းမြေမှာ ကျင့်ကြံခဲ့တယ်.. သူက အလွန်စွမ်းအားကြီးပြီးနဂါးဘုရင်နဲ့လည်း အတော်လေး ခင်မင်ကြတယ်.. နဂါးဘုရင်က သူ့မွေးနေ့တိုင်းမှာ တလေးတစား ဖိတ်ကြားခဲ့တယ်.. ဒါ့အပြင် ယောင်းချီပွဲတော် ကျင်းပရင်လည်း အရေးအပါဆုံးထိုင်ခုံနေရာမှာ သူတော်စင်ကုန်းလီနဲ့ တစ်တန်းထဲ ထိုင်ခွင့်ရတယ်.. သူတော်စင် ကုန်းလီက သူ့ဆီ လာလည်လေ့ရှိပြီး ကျင့်ကြံခြင်း နဲ့ပတ်သက်တဲ့ ပြဿနာတွေကို ဆွေးနွေးလေ့ ရှိကြတယ်"

"သူတော်စင်ကုန်းလီနဲ့ နဂါးဘုရင်ကတောင် ဆရာကြီးလန်ကို အရေးပေးရတယ်လား"

ဆရာကြီးလန်၏ သရုပ်မှန်ကို သိရလျှင် ဖန်ရှင်းက အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

ယခုအချိန်ထိ အသက်ရှင်နေသေးသည့် ဤမွန်းစတား ဆန်သော ဆရာကြီးလန်မှာ အမှန်တကယ်ပင် ကြောက်စရာကောင်းသော လူတစ်ဦး ဖြစ်နေသည်။

"ငါတို့တွေက ထျန်းယွမ်မှာ နှစ်အတော်ကြာ ဇာတ်မြုပ်ပြီးမှ ပြန်ပေါ်လာတယ် ဆိုပေမဲ့ အတိတ်ရဲ့ ခြေရာတွေကိုတော့ ဖျောက်ဖျက်လို့ မရဘူးလေ"

"ဒါပေမဲ့ အနက်ရောင်ဝတ်စုံဝတ် လူရဲ့ သရုပ်မှန်ကိုတော့ ငါတကယ် မသိဘူး.. ဆရာကြီးလန်က သူနဲ့ ငါတို့ကို မိတ်ဆက်ပေးတဲ့ အချိန်မှာတောင် သူ့ရဲ့ရုပ်ရည်ကို ငါတို့ မမြင်တွေ့ခဲ့ရဘူး.. သူကလည်း ငါတို့နဲ့ စကား ပြောလေ့ပြောထ မရှိဘူး.. ဒါပေမဲ့ သူက ငါတို့တွေ လိုက်မမှီနိုင်တဲ့ နတ်ဘုရား စိတ်အာရုံမျိုးကို ပိုင်ဆိုင်ထားတယ်.. မိုင်တစ်သိန်း အကွာက လာတဲ့ အပျက်အစီး မုန်တိုင်းကို ငါတို့ သတိမထားမိပေမဲ့ သူကတော့ သတိထားမိတယ်"

"ငါတို့တွေက တစ်ယောက်တစ်မျိုးစီ ထူးချွန်ကြတော့ လက်တွဲဖို့ ဆုံးဖြတ်ခဲ့ကြတယ်"

"ဒါဆို ဆရာကြီးတစ္ဆေရဲ့ စိတ်အာရုံက အတော် အစွမ်းထက်တာပဲ.."

ဖန်ရှင်းက တအံ့တသြ ရေရွတ်လိုက်ပြီး လွန်ခဲ့သည့် ရက်အနည်းငယ်က သူတို့ ကြုံတွေ့ခဲ့ရသည့် ကျောက်ခဲမိုး ရွာသွန်းခြင်း ဖြစ်စဉ်ကို ရုတ်တရက် သတိရမိလိုက်သည်။

ထိုအချိန်က ဆရာကြီးလန်က လမ်းကြောင်းပြောင်းကာ တခြားနေရာကနေ သွားရန် ရုတ်တရက် ပြောခဲ့သည်။

ဖန်ရှင်းက ၎င်းတို့လူစု လျှို့ဝှက်နည်းစနစ် တစ်မျိုးမျိုးဖြင့်တွက်ချက်၍ ကြိုတင် သိရှိနေသည်ဟု ထင်မှတ်ခဲ့သော်လည်း တကယ်တမ်းတွင် အနက်ရောင်ဝတ်လူ၏ စူးရှသော စိတ်အာရုံကြောင့် ဖြစ်နေခဲ့သည်။

သူက ခေါင်းတလားမှ ရရှိသည့် အမြင့်မြတ်ဆုံး စိတ်အာရုံ ကျမ်းကို ကျင့်ကြံထားသော်လည်း ထိုလူနှင့် ယှဉ်လိုက်လျှင် အတော်လေး လိုအပ်နေသေးသည်ကိုတော့ ဝန်ခံရပေမည်။

"သူက တကယ် အစွမ်းအစ ရှိလို့ ငါတို့အဖွဲ့ဝင် ဖြစ်လာတာပေါ့ကွ"

လုကျန်းက ခေါင်းရမ်း၍ သက်ပြင်းချကာ ပြောလိုက်ပြီးအရက်အိုးကို လှမ်းယူရန် ပြင်လိုက်သည်။

"တော်ပြီလေ.. ခင်ဗျားသောက်နေတာ လေးအိုးတောင် ရှိပြီ"

ဖန်ရှင်းက အရက်အိုးကို ကပျာကယာ လှမ်းယူ၍ ပြောလိုက်သည်။

"ဒီခွေးကောင်လေးက တကယ် အကျင့်မကောင်းဘူး.. ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ ငါ့အတွက် လုံလောက်သွားပြီ"

လုကျန်းက မတ်တပ်ရပ်၍ ခါးဆန့်ကာ ပြောလိုက်၏။

ယင်းအချိန်မှာပင် ဆရာကြီးတစ္ဆေထံမှ စကားသံ ထွက်ပေါ်လာသည်။

"မိတ်ဆွေတို့ အားလုံး မြန်မြန်ထွက်လာကြ..
ရှေ့မှာပြဿနာအကြီးကြီး ရှိနေပုံပဲ"

"ဘာပြဿနာလဲ"

စကားသံနှင့်အတူ ကျင့်ကြံသူ အားလုံးက အပြာရောင်ကျောက်တုံး ကမ္ဘာငယ်ထံမှ ထွက်ကာ ဆရာကြီးတစ္ဆေ
နားသို့ရောက်ရှိသွားကြသည်။

၎င်းတို့က ဖန်ရှင်းနှင့် ရင်းနှီးလာပြီးနောက်တွင် ဖန်ရှင်းကို အသေအလဲ စောင့်ကြည့် မနေတော့ဘဲ အပြာရောင် ကျောက်တုံး ကမ္ဘာငယ်လေး ထဲတွင်သာ နေထိုင်ကြသည်။

သို့ရာတွင် ဖန်ရှင်းကိုတော့ ဒီအတိုင်း လွှတ်မထားဘဲ အလှည့်ကျ စောင့်ကြည့်သည့် စနစ်ကိုတော့ ကျင့်သုံးခဲ့ကြသည်။

"ပြဿနာလား"

ဖန်ရှင်းကလည်း အံ့အားသင့်သွားပြီး အရိုးစု ဦးခေါင်းခွံ ထဲကနေ အပြင်သို့ထွက်၍ ကြည့်လိုက်သည်။

အပိုင်း(၁၂၆၁) ပြီး၏

အပိုင်း(၁၂၆၂) အလောင်းများကိုတွေ့ရှိခြင်း

ဆရာကြီး တစ္ဆေထံမှ သတိပေးချက်ကို ရသည်နှင့်အကြီးအကဲ အားလုံးက ကမ္ဘာငယ်လေး၏ အပြင်ဘက်သို့ထွက်၍ ဆရာကြီးတစ္ဆေ

နားသို့ ရောက်လာကြသည်။

သူတို့ အားလုံးက ဆရာကြီ တစ္ဆေ၏ နတ်ဘုရား စိတ်အာရုံအစွမ်းကို ယုံကြည်ထားကြ၏။

ဖန်ရှင်းကမူ အရိုးစုဦးခေါင်းခွံထဲတွင် ပုန်းနေသော်လည်း အန္တရာယ်ကို စိုးရိမ်စိတ်ကြောင့် ဦးခေါင်းခွံ အဝကနေသာ ချောင်းကြည့်နေလိုက်သည်။

အေးစက်သော လေထုအောက်တွင် သူ့ရှေ့ရှိ ကြယ်ရောင်စုံကောင်းကင်ကြီးက လုံးဝ ပြောင်းလဲသွားခြင်း မရှိပေ။

သူတို့ လူစုက ဆရာကြီးတစ္ဆေ၏ သတိပေးမှုကြောင့် အရှိန်အနည်းငယ် လျော့လိုက်ပြီး ရှေ့သို့ဖြည်းညင်းစွာ ပျံသန်းသွားခဲ့သည်။

မိုင်ထောင်ပေါင်းများစွာ ခရီးဆက်ပြီး သိပ်မကြာခင်မှာပင် ရှည်လျားသော မြစ်တစ်စင်းကို အဝေးကနေ မှုန်ဝါးဝါးတွေ့လိုက်ရသည်။

တဖြည်းဖြည်း နီးကပ်လာသော အခါတွင် မရေမတွက်နိုင်သော အဖြူရောင် ကျောက်တုံးများဖြင့် ဖွဲ့စည်းထားသည့် ကြယ်စီးကြောင်း တစ်ခုကို အံ့သြဖွယ် တွေ့လိုက်ရ၏။

၎င်းကြယ်စီးကြောင်း၏ အစွန်းတစ်ဖက်က မြင်တွေ့ရဖို့ ခက်ခဲနေပြီး ဘယ်ဘက်ကို ဦးတည်နေမှန်းလည်း အတိအကျ မသိရချေ။

"ဒီနေရာမှာ ရပ်လိုက်တော့ "

ဆရာကြီးတစ္ဆေက ကြယ်စီးကြောင်းကို မြင်သည်နှင့် လေးနက်စွာ အော်ဟစ် သတိပေးလိုက်သည်။

ဆရာကြီးတစ္ဆေ၏ စကားကို ကြားသည်နှင့် လူတိုင်းက မပေါ့ဆဝံ့တော့ဘဲ ထူးဆန်းသော အကြည့်များဖြင့် မျက်စိရှေ့မှမြင်ကွင်းကို ကြည့်လိုက်ကြသည်။

"ကြည့်ရတာ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုက ကြယ်စီးကြောင်းထဲမှာ ပျော်ဝင်နေပုံပဲ.. ဒါက ကြယ်ရောင်စုံ

ကောင်းကင်ထက်က ရှည်လျားတဲ့ မြစ်တစ်စင်းလိုပဲ.. ဒီထဲကိုဝင်ဖို့က အန္တရာယ်များပေမဲ့ ငါတို့ရဲ့ ခွန်အားနဲ့ ကြယ်စီးကြောင်းကို ကျော်ဖြတ်ဖို့က ဘာမှ မခက်လောက်ဘူး ထင်တာပဲ.. ဆရာကြီးတစ္ဆေရဲ့အမြင်မှာ ဘာပြဿနာများ ရှိနေလို့လဲ"

အချိန်အတော်ကြာ ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် ဆရာကြီးဝမ်က စိတ်အနည်းငယ် ရှုပ်ဟန်ဖြင့် ခပ်တိုးတိုး ညီးညူလိုက်သည်။

သူ၏စကားကို ကြားလျှင် ကျန်လူအားလုံးက ဆရာကြီး တစ္ဆေကို ကြည့်လိုက်ကြသည်။

၎င်းတို့ရှေ့ရှိ ကြယ်စီးကြောင်းက ကြယ်ရောင်စုံသော ကောင်းကင်တခွင်တွင် ကျယ်ပြောစွာ ဖြန့်ကျက်ထား၍ အံ့သြနေမိကြသော်လည်း ၎င်းတို့က ထိတ်လန့်မှု သိပ်မရှိကြပေ။

ဆိုရလျှင် ၎င်းတို့က ခရီးစဥ် တစ်လျှောက်လုံး ထိုကဲ့သို့ ကြယ်စီးကြောင်းများကို ရှောင်ရှားနိုင်ခဲ့ကြသည်။

ထို့အပြင် ၎င်းတို့ စီးနင်းလာသည့် အပြာရောင်

ကျောက်တုံးကမ္ဘာငယ်လေးကလည်း အကာအကွယ် စွမ်းအား တချို့ကို ပိုင်ဆိုင်ထားပါသေးသည်။

"ဒီနေရာမှာ ဘာအန္တရာယ် ရှိနေလည်းတော့ ငါမသိဘူး.. ဒါပေမဲ့ဒီနေရာက မှုမမှန်ဘူးလို့ ငါခံစားနေရတယ်.. ဒီနေရာမှာ တစ်ခုခု ထူးခြားတာများ ရှိနေမလားပဲ"

ဆရာကြီး တစ္ဆေက လေးနက်သော အသံဖြင့် ပြောလိုက်သော်လည်း သူပြောလိုက်သည့် စကားကြောင့် အားလုံးက ထိတ်လန့်သွားကြသည်။

"ဟော့.. ဟိုမှာ တစ်ယောက်ယောက် ရှိနေသလိုပဲ.."

ရုတ်တရက် ဆရာကြီးလန်၏ အသံက ထွက်ပေါ်လာရာအားလုံးက ဆရာကြီးလန်၏ အကြည့်နောက်သို့ လိုက်ကြည့်လိုက်ကြသည်။

ကြယ်စီးကြောင်း၏ အစွန်းအဖျား မှိုင်ထောင်ချီ ဝေးသောနေရာတွင် လူပုံသဏ္ဍာန်ရှိသည့် အနက်ရောင် အစက်အပျောက်လေးကို ၎င်းတို့အားလုံးက ခပ်ဝါးဝါး တွေ့လိုက်ရသည်။

စုန်းမကြီးဟုခေါ်သော ခပ်ပိန်ပိန်အဖွားကြီးက သူမ၏ ဆံပင်ဖြင့် ယင်းအနက်ရောင် အစက်အပျောက်ကို မိုင်တစ်ရာ အကွာသို့ တိုက်ရိုက် ဆွဲယူလိုက်သည်။

ထိုအခါမှ အနက်ရောင် အစက်အပျောက်၏ ပုံသဏ္ဌာန်အစစ်အမှန်ကို အားလုံးက တွေ့လိုက်ရသည်။

၎င်းမှာ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး လှံတစ်ချောင်းကို ကိုင်ဆောင်ကာ မလှုပ်မယှက် ငြိမ်သက်နေသည့် စစ်သည်တစ်ဦး ဖြစ်နေသည်။

"ဒါက အရှေ့ပင်လယ် တော်ဝင်နဂါးနန်းတော်က မကောင်းဆိုးဝါး ဗိုလ်ချုပ် မဟုတ်လား"

ဆရာကြီးလန်က လေသံတိုးတိုးဖြင့် ထိုလူ၏ သရုပ်မှန်ကိုထုတ်ဖော်လိုက်သည်။

တကယ်လည်း ထိုလူက အရှေ့ပင်လယ်မှ မကောင်းဆိုးဝါးဗိုလ်ချုပ်

ဖြစ်သည်။

၎င်း၏ ဦးခေါင်းပိုင်းက ငါးပုံသဏ္ဌာန် ထင်ရှားပြီး ခန္ဓာကိုယ်ကမူ လူပုံသဏ္ဌာန် ဖြစ်သည်။

မကောင်းဆိုးဝါး မိုလ်ချုပ်၏ ကြယ်ရောင်စုံသော ကောင်းကင်ကြီးကို ငေးကြည့်နေသည့် မျက်ဝန်းတွင် ကြောက်ရွံ့မှုများလွှမ်းခြုံနေသည်ကို တွေ့ရ၏။

"အရှေ့ပင်လယ်ရဲ့မကောင်းဆိုးဝါး မိုလ်ချုပ်က ဘယ်လိုလုပ် ဒီနေရာမှာ သေနေတာလဲ.. ဒါက ခေါင်းကိုးလုံး မောင်နှမရဲ့ လက်ချက်များလား"

ဆရာကြီးဝမ်က လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

သူ၏မျက်ဝန်းထဲတွင် ထိတ်လန့်သော အရိပ်အယောင် တချို့ ရှိနေသည်။

"ဒီနေရာမှာ သေသွားတာ လူတစ်ယောက်ထက် မကဘူး ဆိုတာ

မင်းတို့ သတိထားမိလား"

ဆရာကြီးတစ္ဆေက ရုတ်တရက် တစ်နေရာသို့ ညွှန်ပြလိုက်သည်။

အားလုံးက ဆရာကြီးတစ္ဆေ ညွှန်ပြရာသို့ ကြည့်လိုက်ရာ တစ်ချိန်တည်းမှာပင် ဆွံ့အသွားကြသည်။

ထိုနေရာတွင် အရှေ့ပင်လယ်မှ ဗိုလ်ချုပ်များ သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

နီးကပ်စွာကြည့်လိုက်မှ အရှေ့ပင်လယ် နဂါးနန်းတော်၏ ချပ်ဝတ်တန်ဆာဝတ် မကောင်းဆိုးဝါး ဗိုလ်ချုပ် တစ်ရာခန့် အသက်ကင်းမဲ့စွာဖြင့် ကြယ်များပေါ်တွင် လွင့်မျောနေသည်ကို တွေ့လိုက်ရ၏။

"ခေါင်းကိုးလုံး မောင်နှမက ဒီနေရာကို ဖြတ်သန်းသွားတဲ့အခါမှာ ပေးဆပ်မှု ကြီးမားသွားပုံပဲ"

ဆရာကြီးလန်၏ သုံးသပ် ပြောဆိုလိုက်သော အသံက ကျင့်ကြံသူ

အားလုံး၏ စိတ်နှလုံးကို ကျေက်ခဲဆွဲလိုက် သကဲ့သို့လေးလံ
သွားစေသည်။

ယခုသေဆုံးနေသော လူတစ်စုက ခေါင်းကိုးလုံး မောင်နှမ
နဂါးနန်းတော်မှ ခေါ်လာခဲ့သော လူတစ်စု ဖြစ်ကြောင်း
ထင်ရှားနေသည်။

ခေါင်းကိုးလုံး မောင်နှမက ဝိညာဉ်ဖူးငုံ အဆင့်များကို နဂါးမျိုးနွယ်၏
ရှေးဟောင်းလမ်းပေါ်သို့ ခေါ်ဆောင်သွားခဲ့ပြီး ကဏာန်းနှင့်
ပုဇွန်များကိုသာ အရှေ့ပင်လယ်တွင် ချန်ရစ်ထားခဲ့သည်။

ထို့အပြင် နောက်မှ လိုက်ပါလာသည့် သူများကို
တားဆီးရန်မကောင်းဆိုးဝါး ဘုရင် ရှစ်ပါးကိုလည်း နဂါးတံခါးဝတွင်
အစောင့်အကြပ် အဖြစ် ထားရှိခဲ့သည်။

နဂါးနန်းတော်မှ လက်အောက်ငယ်သားများ၏ အလောင်းများကို
မြင်လိုက်ရလျှင် ကျင့်ကြံသူ အားလုံးက ထိတ်လန့် အံ့သြသွားသလို
ဝမ်းလည်း သာသွားကြသည်။

အဘယ်ကြောင့်ဆိုသော် ခေါင်းကိုးလုံး မောင်နှမ၏

ခြေရာကိုကောက်မိသွားသောကြောင့်ပင်။

ရှင်းလင်းစွာ ဆိုရလျှင် ၎င်းတို့ ခရီးနှင်လာသော အင်မော်တယ် လမ်းကြောင်းက မှန်ကန်သည်ဟု ပြသနေသည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ ဤကြယ်စီးကြောင်းက အန္တရာယ်များမှန်းအတော်လေး သိသာနေသည်။

"စုန်းမကြီး.. နင်ဘာလုပ်ရမလည်း သိတယ်မလား"

ဆရာကြီးလန်က ပိန်ပါးပါးအဖွားအိုကို ကြည့်၍ ပြောလိုက်သည်။

"ဟင်းဟင်း.. ငါသိပါတယ် "

ပိန်ပါးပါးအဖွားအိုက ဆရာကြီးလန်ကို ခပ်ထေ့ထေ့ ပြန်ဖြေလိုက်ပြီး နဂါးတံခါးဝမှ သိမ်းယူထားသည့် မကောင်းဆိုးဝါး ဘုရင် ရှစ်ပါးထဲမှ နှစ်ပါး၏ အလောင်းကို ရုပ်သေးရုပ် အသွင် ထိန်းချုပ်ကာ ကြယ်စီးကြောင်းထဲသို့ ပစ်သွင်းလိုက်သည်။

ရုပ်သေးရုပ် နှစ်ရုပ်က ကြယ်စီးကြောင်းထဲသို့ အရှိန်ဖြင့် ပြေးဝင်သွားသည်။

ယင်းအချိန်မှာပင် ကြယ်စီးကြောင်းထဲရှိ ကျောက်တုံးများမှ အနက်ရောင် အလင်းမျှင်တန်းများ ထွက်ပေါ်လာပြီး ရုပ်သေးရုပ် အသွင်ပြောင်းထားသော မကောင်းဆိုးဝါး ဘုရင်၏ ခန္ဓာကိုယ်ထဲသို့ ထိုးဖောက် ဝင်ရောက်သွားကြသည်။

သိပ်မကြာခင်မှာပင် မကောင်းဆိုးဝါး ဘုရင်နှစ်ပါး၏ ခန္ဓာကိုယ်က ညိုးနွမ်းသွားပြီး သွေးများက လုံးဝခန်းခြောက်ကာ ငြိမ်သက်သွား၏။

"သိပ်အံ့သြဖို့ ကောင်းတာပဲ.. ရုပ်သေးရုပ်ပေါ်မှာ ငါချန်ထားတဲ့ စိတ်အာရုံကိုပါ ဝါးမျိုသွားတယ်"

ပိန်ပါးပါး အဖွားအိုက လေးနက်သော အမူအရာဖြင့်သက်ပြင်းချကာ ရေရွတ်လိုက်သည်။

"အဲ့ဒါက ဘာလဲ"

"ကြယ်သတ္တဝါတွေလား"

ဆရာကြီးလန်နှင့် ဆရာကြီးဝမ်တို့က တစ်ချန်တည်းမှာပင် ရေရွတ်လိုက်သည်။

"ဒီလိုထူးဆန်းတဲ့ သတ္တဝါမျိုးတွေ ကောင်းကင်ပေါ်မှာ မွေးဖွားလာမယ်လို့ တကယ် မထင်မိဘူး.. အများအားဖြင့်တော့ သူတို့က ကျောက်တုံးတွေ ကြားထဲမှာ အိပ်ပျော်နေလေ့ ရှိတယ်.. သွေးနံ့ရမှသာ စုပ်ယူဖို့ နိုးထလာတတ်ကြတယ်.. အခု ငါတို့ ဖြတ်သန်းရမှာက ကြယ်စီးကြောင်း မဟုတ်ဘူး.. ဒီထူးဆန်းတဲ့ သတ္တဝါတွေရဲ့ အန္တရာယ်ပဲ"

ထိုစကားကို ကြားလျှင် လုကျန်းက

"ငါတို့ရဲ့အော်ရာကို အပြင်မထွက်အောင် ထိန်းချုပ်ထားရင်တော့ ဖြတ်သန်းနိုင်မလား မသိဘူး"

ဟုဝင်ရောက်ပြောဆိုလိုက်သည်။

"ငါလွှတ်လိုက်တဲ့ ရုပ်သေးနှစ်ရုပ်က အလောင်းကောင်တွေပဲ..
ဒါတောင် ဒီသားရဲတွေက အလောင်းကောင်တွေရဲ့
သွေးနံ့နဲ့စွမ်းအင်ကို မပြောင်းလဲဘဲ အာရုံခံနိုင်တုန်းပဲ"

ပိန်ပါးပါးအဖွားအိုက ခေါင်းခါ၍ ပြောလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ"

"ခေါင်းကိုးလုံး မောင်နှမက ဒီနေရာကနေ ထွက်သွားနိုင်တယ်ဆိုတော့
နည်းလမ်း တစ်ခုခုရှိမှာ သေချာတယ်..

"ဒီလိုထွက်သွားနိုင်ဖို့ ကြီးမားတဲ့ အရင်းအနှီးတစ်ခုကို
ပေးဆပ်လိုက်ရတာ ဖြစ်ဖို့များတယ်.. ဒီကြယ်စီးကြောင်းထဲ
လွင့်မျောနေတဲ့ အလောင်းကောင်တွေက သက်သေတွေပဲ"

"......."

"......."

အကြီးအကဲငါးယောက် ဆွေးနွေးနေသော အချိန်တွင် ဖန်ရှင်းနှင့်အောင်းလီက လေးနက်သော အမူအရာများဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ငါသိရသလောက်တော့ အင်မော်တယ်လမ်းမှာ အခက်အခဲသုံးခုရှိတယ်.. ဒီကြယ်စီးကြောင်းက ပထမအခက်အခဲ ဖြစ်ပုံရတယ်"

"ငါတို့ နဂါးမျိုးနွယ်စု ဘိုးဘေးတွေက နောင်လာနောက်သားတွေ မဟာအင်မော်တယ်ဘုံမှာ အခက်အခဲတွေကို ကျော်ဖြတ်နိုင်အောင် စာမေးပွဲ စစ်တဲ့အနေနဲ့ အင်မော်တယ်လမ်းမှာ အနှောင့်အယှက်တချို့ ချန်ထားခဲ့ကြတယ်"

အောင်းလီက နဂါးဘိုးဘေး၏ မှတ်စုထဲမှ အကြောင်းအရာများကို ရှင်းပြလိုက်သည်။

"မင်းတို့ နဂါးမျိုးနွယ်စု ဘိုးဘေးတွေက တကယ်ကို အားယားနေကြပုံပဲ.. နေပါဦး.. မင်းက အရည်အချင်း ရှိတယ်လို့ တစ်ချိန်လုံး ကြွားလုံး ထုတ်နေတယ် မဟုတ်လား.. တကယ်အရည်အချင်းရှိရင် သွားစမ်းကြည့်လိုက်လေ"

ဖန်ရှင်းက အကွက်ရတုန်း အောင်းလီကို နှိပ်ကွပ်လိုက်သည်။

"ချီးထဲမှပဲ.. နဂါးဘိုးဘေးက မှတ်စုထဲမှာ အင်မော်တယ်လမ်းကို ဖြတ်ကျော်ဖို့ ရုန်းရင်းတဲ့ အင်အားတွေ အသုံးပြုရင် မှားမယ်လို့ ရေးထားတယ်.. မင်းပြောတဲ့အတိုင်း လုပ်ရအောင် ငါက အရူးနဂါး မို့လို့လား"

အောင်းလီက ဒေါသတကြီး အော်ဟစ်လိုက်သည်။

အပိုင်း(၁၂၆၂) ပြီး၏။

အပိုင်း(၁၂၆၃) မင်းကအားနည်းတယ်

အောင်းလီက ရက်စက်ပြီး ရန်သူအားလုံးကို မကြောက်ရွံ့သော်လည်း

ငတုံးအေ မဟုတ်သည်မှာ ထင်ရှားနေသည်။

အားကောင်းသည့် ရန်သူမျိုးက သူ၏ လမ်းကို ပိတ်ဆို့ထားလျှင် သူက မကြောက်မရွံ့ တိုက်ခိုက်မည် ဖြစ်သော်လည်း ထူးဆန်းသည့် တည်ရှိမှုနှင့် ရင်ဆိုင်ရလျှင်မူ သူက အလျင်စလို တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"မင်းက ကမ္ဘာငယ်လေးထဲမှာ ပုန်းပြီး ပြေးမလို့ ကြံစည်နေတာလား.. ငါတော့ အကြီးအကဲ ငါးယောက် နည်းလမ်း ရှာနေတာ စောင့်ကြည့်လိုက်ဦးမယ်"

"ခေါင်းကိုးလုံး မောင်နှမက နဂါးနန်းတော် တစ်ခုလုံးကို အင်မော်တယ်လမ်းဆီ ယူသွားခဲ့တယ်.. ဒဏ္ဍာရီအရ အရှေ့ပင်လယ် နဂါးနန်းတော်က ကမ္ဘာငယ်လေး တစ်ခုပဲ.. ဒါကြောင့် ကမ္ဘာငယ်ထဲ ဝင်ပုန်းပြီး ပြေးတဲ့ နည်းလမ်းက မသင့်တော်ဘူး ဆိုပေမဲ့ ဖြစ်နိုင်ချေ အနည်းငယ်တော့ ရှိတယ်.. "

"ခေါင်းကိုးလုံး မောင်နှမကတော့ ဖြတ်ကျော်သွားပြီ.. ဒီနည်းလမ်းက

စိတ်မချရဘူးဆိုရင်လည်း ငါတို့ တခြား နည်းလမ်း တစ်ခုခုကိုတော့ စဥ်းစားရမယ်"

ဖန်ရှင်းနှင့် အောင်းလီတို့ အပြန်အလှန် ပြောဆိုနေသော အချိန်တွင် အကြီးအကဲ ငါးဦးကလည်း ၎င်းတို့၏ အမြင်များကိုဖလှယ်၍ ဆွေးနွေးနေကြသည်။

အဆုံးသတ်တွင် ဆရာကြီးလန်က ကျန်အကြီးအကဲ လေးဦးကိုပြောလိုက်သည်။

"ဒီကြယ်စီးကြောင်းထဲက အန္တရာယ်တွေကို ဖြေရှင်းဖို့ အစောပိုင်းကလို ရုပ်သေးရုပ်တွေနဲ့ စမ်းသပ်သင့်တယ်လို့ ငါထင်တယ် "

"တကယ်ခေါင်းကိုက်စရာပဲ.. ဒီသတ္တဝါတွေက မီးနဲ့လည်း ရှို့လို့မရဘူး.. ဓားနဲ့လည်း သတ်လို့မရဘူး.. မိုးကြိုးနဲ့လည်း ပစ်လို့မရဘူး"

"အဲ့ဒီသတ္တဝါက စိတ်အာရုံကိုပါ ဝါးမျိုနိုင်တယ်.. မှော်လက်နက်နဲ့

ခုခံဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ"

"ငါ ဒီသတ္တဝါတွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားခဲ့ပေမယ့် ငါ့ရဲ့ စိတ်အာရုံကိုပါ မျိုချသွားတယ်.. ဒီသတ္တဝါမှာ အသိဉာဏ်သိပ်ရှိပုံမရဘူး.. မျိုချရမယ်ဆိုတာပဲ သိတဲ့ပုံပဲ"

"..."

"..."

အချိန်အတော်ကြာ အမြင်ချင်း ဖလှယ်၍ ဆွေးနွေးပြီးနောက်တွင် ၎င်းအားလုံး၏ မျက်နှာက မသာမယာ ဖြစ်လာသည်။

စကြာဝဠာက အကန့်အသတ်မရှိ လျှို့ဝှက်ဆန်းကြယ်ပြီး ရှုန့်ရင်းသော တည်ရှိမှုများ ဖြစ်နေပြီဟု မှတ်ယူရမလိုပင်.. ကြယ်ရောင်စုံသော ကောင်းကင်တွင် ကိုင်တွယ်ရခက်ခဲသော သတ္တဝါများ မွေးဖွားလာသည်။

ထိုသတ္တဝါများက ကြောက်မက်ဖွယ် ကောင်းသော်လည်း

နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းတွင် တည်ရှိနေသောကြောင့် နဂါးမျိုးနွယ်စုက တစ်ချိန်က ၎င်းတို့ကို အနိုင်ယူခဲ့ကြောင်း ထင်ရှားနေသည်။

ထို့ကြောင့် သီအိုရီအရ ဆိုလျှင် နဂါးမျိုးနွယ်စု၏ သားစဥ့်မြေးဆက်များက ၎င်းတို့ကို နှိမ်နင်းနိုင်စွမ်း ရှိသည်ဟု သတ်မှတ်နိုင်ပေသည်။

သို့ရာတွင် ထိုသဘောတရားက ဖြစ်နိုင်ချေသာ ဖြစ်ပြီး အန္တရာယ်မရှိဟု မည်သူမှ အတိအကျ မပြောနိုင်ချေ။

....

....

"သူတို့ကို ကြည့်ရတာ အခက်တွေ့နေတဲ့ပုံပဲ"

အောင်းလီက ရေရွတ်လိုက်သည်။

"အင်း.. မင်းဘိုးဘေးတွေ ချန်ထားတဲ့ အခက်အခဲ သုံးခုထဲက ပထမတစ်ခုကိုတောင် မဖြေရှင်းနိုင်ဘူးဆိုရင် ဒီလူတွေကတကယ်ကို အရည်အချင်း မရှိတဲ့လူတွေပဲ"

ဖန်ရှင်းက လေးနက်သော အမူအရာဖြင့် ရေရွတ်လိုက်သည်။

....

....

"ခေါင်းကိုးလုံး မောင်နှမက ဒီအခြေအနေကို ဘယ်လိုနည်းလမ်းနဲ့ ဖြတ်ကျော်သွားလည်း ငါမသိပေမဲ့ ငါ့မှာ အကြံတစ်ခုတော့ရှိတယ်"

ပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်းကို အားလုံးက ခေါင်းခြောက်အောင် စဥ်းစားနေရသော အချိန်တွင် ဆရာကြီးတစ္ဆေထံမှ စကားသံ ထွက်ပေါ်လာသည်။

"မြန်မြန်ပြောစမ်းပါ"

အားလုံးက ဆရာကြီးတစ္ဆေ၏ စကားကိုကြားလျှင် ချက်ချင်းပင် စိတ်လှုပ်ရှားလာကြသည်။

တခဏအတွင်းမှာပင် ဆရာကြီးတစ္ဆေက သူ၏ အကြံအစည်ကို အကြီးအကဲများ၏ အသိစိတ်အာရုံထဲသို့ ပို့လွှတ်လိုက်သည်။

"ဒီနည်းလမ်းကို အသုံးပြုမယ်ဆိုရင် ဖြစ်နိုင်ချေ အတော်များတယ်"

ဆရာကြီးတစ္ဆေ၏ အကြံအစည်ကို ကြားရလျှင် ဆရာကြီးလန်ကပါ ထောက်ခံလိုက်၏။

"ဒါဆိုလည်း လုပ်ငန်းစလိုက်တော့မယ်"

လုကျန်းက စိတ်အားတက်ကြွစွာ ပြောလိုက်ပြီး လက်နှစ်ဖက်ကို ဝှေ့ရမ်းလိုက်ရာ အလံရှစ်ခု ပေါ်ပေါက်လာသည်။

ယင်းနောက်တွင် လုကျန်းက အလံရှစ်ခုကို အစီအရင်ခင်းကျင်းကာ မှော်စွမ်းအား အမြောက်အမြားကို အစီအရင်ထဲသို့ ထည့်သွင်းလိုက်၏

တစ်နာရီမျှကြာပြီးနောက်တွင် သူ၏အစီအရင်က ပြီးစီးသွားခဲ့သည်။

သူ ခင်းကျင်းထားသော အလံရှစ်ခုက တစ်ခုနှင့် တစ်ခုပေါင်းစည်းသွားပြီ ဖြစ်သည်။

အလံရှစ်ခုက တသီးတခြားစီ ရှိနေသေးသော်လည်း လူတိုင်း၏အမြင်တွင် တစ်ခုတည်းလို ဖြစ်နေသည်။

အစီအရင် ပြီးဆုံးသွားသည်နှင့် လုကျန်း၏ မျက်နှာကမီးခိုးရောင်ပင် သန်းနေသည်။

ယင်းကိုကြည့်၍ ဤအစီအရင်ကို တည်ဆောက်ရန် လုကျန်း မည်မျှ အားထုတ်ခဲ့မှန်း သိသာနေသည်။

"စုန်းမကြီး.. မင်းရဲ့ ကျန်နေတဲ့ မကောင်းဆိုးဝါး ဘုရင် ၆ကောင်ကို

ငါ့ဆီ လွှဲပေးဦး"

အစီအရင်ကို တည်ဆောက်ပြီးနောက် လုကျန်းက သက်ပြင်းရှည်ကိုချကာ လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"ကောင်းပြီလေ"

ပိန်ပါးပါးအဖွားအိုက ချက်ချင်းပင် ရုပ်သေးအသွင်ပြောင်းထားသည့် မကောင်းဆိုးဝါးဘုရင် ၆ပါးကို အစီအရင်ထဲသို့ ထည့်သွင်းလိုက်သည်။

ထို့နောက်တွင် သူမက ဆရာကြီးဝမ်ကို ကြည့်လိုက်ပြီး

"ငါ့မှာ ရုပ်သေးခြောက်ရုပ်ပဲ ရှိတော့တယ်…အလံက ရှစ်လက်ဆိုတော့ လိုအပ်တဲ့ နှစ်နေရာကို ဖန်တီးပေးဖို့က နင့်ရဲ့တာဝန်ပဲ.. နင်လုပ်နိုင်ပါ့မလား"

"ဟားဟားဟား.. ငါအဘိုးကြီး မလုပ်နိုင်ရင် ထျန်းယွမ်တိုက်မှာ ဘယ်သူမှ လုပ်နိုင်မှာ မဟုတ်တော့ဘူး"

ဆရာကြီးဝမ်က ဝင့်ကြွားသော လေသံဖြင့် ပြောလိုက်သည်။

ထို့နောက်တွင် သူက ရှေးဟောင်းမှော်စာလုံးနှစ်လုံးကို ထုတ်ယူလိုက်သည်။

ယင်းမှော်စာလုံး တစ်လုံးစီကို သေးငယ်သော မှော်စာလုံးအများအပြားဖြင့် ဖွဲ့စည်းထားသည်။

ဆရာကြီးဝမ်က မှော်စာလုံးနှစ်လုံးကို လေထဲသို့ ပစ်လွှင့်လိုက်ရာ မှော်စာလုံးနှစ်လုံးက မီးခိုးရောင် တိမ်တိုက်နှင့်တောက်ပသော တိမ်တိုက် အဖြစ်သို့ ပြောင်းလဲသွားကြသည်။

ယင်းအချိန်မှာပင် ဆရာကြီးဝမ်က လက်ဝှေ့ရမ်း၍

"နိုးထလော့"

ဟု ရေရွတ်လိုက်ရာ တိမ်တိုက်နှစ်ခုက တစ်ချိန်တည်းတွင်

ပျက်သုန်းသွားပြီး လူနှစ်ဦး အသွင်သို့ ပြောင်းလဲသွားသည်။

တစ်ဦးက တောက်ပသော ဝတ်ရုံရှည်ကို ဝတ်ထားပြီး ကျန်တစ်ဦးက အပြာရောင် ပိုးသား ဝတ်စုံကို ဝတ်ဆင်ထားသည်။

"ဆရာကြီးဝမ်ရဲ့ မှော်စွမ်းရည်ကတော့ ချီးကျူးစရာပဲ.. ဒီလူနှစ်ယောက်က တကယ့် လူသား အစစ်အမှန်အတိုင်းပဲ"

ကျန်အကြီးအကဲများက ဆရာကြီးဝမ်ကို ချီးကျူးလိုက်ကြသည်။

"သွားတော့ "

ဆရာကြီးဝမ်၏ အမိန့်ကိုရသည်နှင့် မှော်စာလုံးမှ အသွင်ပြောင်းထားသော လူသားနှစ်ယောက်က မကောင်းဆိုးဝါး ဘုရင်ခြောက်ပါးနှင့် အတူ အစီအရင် အလံများကို ကိုင်ဆောင်၍ ကြယ်စီးကြောင်းထဲသို့ ထွက်ခွာသွားကြသည်။

ထူးဆန်းသည်မှာ ၎င်းတို့ ရှစ်ဦးက တစ်ဦးတည်းကဲ့သို့ ဖြစ်သွားခြင်းပင်။

သိပ်မကြာခင်မှာပင် ၎င်းတို့ရှစ်ဦးက ကြယ်စီးကြောင်းထဲမှပြန်လည် ထွက်ခွာခဲ့ကြသည်။

"ဒီနည်းလမ်းက အဆင်ပြေတဲ့ပုံပဲ"

အကြီးအကဲငါးဦးက ဝမ်းသာအားရ ရေရွတ်လိုက်ကြသည်။

"ဒီအင်မော်တယ်လမ်းကို ဖြတ်ကျော်ဖို့ နည်းလမ်းတစ်ရာလောက် ကျွမ်းကျင်ဖို့ လိုအပ်တဲ့ပုံပဲ"

ဆရာကြီးလန်က သက်ပြင်းချ၍ စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

ထို့နောက် သူက လုကျန်းကို ကြည့်လိုက်ပြီး

"မိတ်ဆွေကြီး.. ဟိုကလေးကို ငါတို့ကိုယ်စား ရှင်းပြပေးပါဦးကွာ"

ဟု ပြောလိုက်သည်။

၎င်းတို့ငါးဦးတွင် လုကျန်းက ဖန်ရှင်းနှင့် အရင်းနှီးဆုံး ဖြစ်သောကြောင့် ဆရာကြီးလန်က လုကျန်းကို တောင်းဆိုလိုက်ခြင်းပင်။

ဆရာကြီးလန်၏ တောင်းဆိုမှုကြောင့် လုကျန်းက ချက်ချင်းပင် ဖန်ရှင်းဆီသို့ ရောက်လာ၍ ရှင်းပြလိုက်သည်။

"ငါတို့ ငါးယောက်က ခရီးလမ်းတစ်လျှောက် အခက်အခဲတွေအများကြီးကို ဖြေရှင်းခဲ့တယ်..ဒါပေမဲ့ ဒီတစ်ခေါက်အခက်အခဲက ငါတို့ ငါးယောက်ထဲရဲ့ အားနဲ့ ကျော်ဖြတ်လို့ မရဘူး.. လူရှစ်ဦးကို တစ်သားတည်း ဖြစ်စေတဲ့ အစီအရင်တစ်ခုနဲ့ ကျော်ဖြတ်မှပဲ ရလိမ့်မယ်.. ငါတို့ စမ်းသပ်ပြီးပြီ.. သီအိုရီအရတော့ ဖြစ်နိုင်ချေ အရမ်းများတယ်.. ဆရာကြီးဝမ်ရဲ့ မှော်စာလုံး အသွင်ပြောင်း လူသားနှစ်ဦးကြောင့် ငါတို့ငါးယောက်နဲ့မင်းနဲ့ဆို အစီအရင်က ပြည့်စုံသွားပြီ"

"ဒါပေမဲ့ မင်းထက်စာရင် နဂါးမင်းသား အောင်းလီက ငါတို့ငါးယောက်နဲ့ အစီအရင်ထဲ ဝင်ဖို့ ပိုသင့်တော်တယ်.. ငါတို့ငါးယောက်ရဲ့ အော်ရာတွေကို ဟန်ချက်ညီအောင် ထိန်းသိမ်းဖို့လွယ်ကူပေမဲ့ မင်းကတော့ အရမ်း အားနည်းနေတယ်လို့

ငါမြင်တယ်"

လုကျန်းက ဖန်ရှင်း၏ အားနည်းမှုကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ငါသွားမယ်"

အောင်းလီက ချက်ချင်းပင် ဝင်ပြောလိုက်သည်။

"မင်းကို ဘယ်သူက ပေးသွားလို့လဲ"

ဖန်ရှင်းက အောင်းလီကို အော်ငေါက်လိုက်ပြီး လုကျန်းကို တစ်ခါတည်း အဖြေပေးလိုက်သည်။

"ကောင်းပြီလေ.. မင်းတို့နဲ့ အတူ အစီအရင်ထဲကို ငါဝင်မယ်"

"အစီအရင်ထဲ ဝင်တာတော့ ဟုတ်ပါပြီ.. ငါတို့ငါးယောက်က နွားတွေမြင်းတွေ ကျနေတာပဲ.. မင်းကို စောင့်ကြပ်နေရတဲ့အပြင်

အင်မော်တယ်လမ်းမှာ တွေ့ရတဲ့ အခက်အခဲတွေကိုလည်း ဖြေရှင်းပေးရတယ်.. မင်းငါ့ကို အရက်နည်းနည်းလောက်တော့ တိုက်သင့်တယ်လို့ မထင်ဘူးလား"

လုကျန်းက နှုတ်ခမ်းကို သပ်လိုက်ပြီး အရက်တိုက်ရန် ဖန်ရှင်းကို သွယ်ဝိုက် ပြောဆိုလိုက်သည်။

အပိုင်း(၁၂၆၃) ပြီး၏

အပိုင်း(၁၂၆၄) ခရမ်းရောင်ဝိညာဥ်အဆီအနှစ်

"ဒီနည်းလမ်းကို လုပ်ဆောင်ဖို့အတွက် တစ်ဦးနဲ့ တစ်ဦး အပြန်ပြန် အလှန်လှန် ဖေးမဖို့ လိုအပ်တယ်.. အလံ ရှစ်ခုရဲ့ စွမ်းအားနဲ့ ငါတို့အားလုံးက တကယ့်အစစ်အမှန် တစ်သားတည်း ဖြစ်သွားနိုင်တယ်.. တစ်ခု သတိထားရမှာက ငါတို့ အချင်းချင်း စွမ်းအား လည်ပတ်တဲ့ နေရာမှာ ပြဿနာ မဖြစ်ဖို့ပဲ"

ဆရာကြီးလန်က အလံတစ်ချောင်းစီကို ကျင့်ကြံသူအသီးသီး၏ လက်ထဲသို့ ဖြန့်ဝေပေးလိုက်ရင်း တိုးညှင်းသော လေသံဖြင့်

ရှင်းပြလိုက်သည်။

သူ့စကား၏ အဓိပ္ပါယ်ကို လူတိုင်းက လေးလေးနက်နက် နားလည်ကြသည်။

ယခုသူတို့လူစု ကြုံတွေ့နေရသည့် အကျပ်အတည်းက အန္တရာယ်များနှင့် ပြည့်နှက်နေပြီး ဖြေရှင်းရန် ခက်ခဲသည်။

တစ်ချက်မှျ သတိမထားမိသည်နှင့် ထူးဆန်းသော ကြယ်သတ္တဝါများ၏ အလင်းမျှင်များဖြင့် သေဆုံးနေသော မကောင်းဆိုးဝါး မိုလ်ချုပ်များ၏ နောက်သို့ လိုက်သွားရမည် ဖြစ်သည်။

အကယ်၍သာ ကြီးကြီးမားမား အဖြစ်အပျက်တွေ ကြုံလာခဲ့လျှင် တစ်ဦးတည်း ခံရမည် မဟုတ်ဘဲ တစ်အုပ်စုလုံး သေဆုံးသွားနိုင်သည်။

"ဒီနည်းလမ်းက နည်းနည်းတော့ အန္တရာယ်ရှိပေမဲ့ အင်မော်တယ်လမ်းကို ဖြတ်ကျော်ဖို့ အတွက်တော့ စွန့်စားရမှာပဲ"

"ငါတို့အားလုံး တစ်ယောက်ကို တစ်ယောက်ဖေးမဖို့
ငါမျှော်လင့်ပါတယ်"

ဆရာကြီးလန်၏ စကားကိုကြားလျှင် ဖန်ရှင်းက
ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး အရိုးစုဦးခေါင်းခွံကို လက်သီးဆုပ်အရွယ်
ပြောင်းလဲလိုက်ကာ ခါးတွင် ချိတ်ဆွဲလိုက်သည်။

ယင်းနောက်တွင် ဖန်ရှင်းက ထူးဆန်းသော ကြယ်သတ္တဝါများကို
မျက်နှာမူလိုက်သည်။

အဆုံးသတ်တွင် ဤပြဿနာက နဂါးမျိုးနွယ်စု၏
အင်မော်တယ်လမ်းတွင် ပထမဆုံး ကြုံတွေ့ရသည့် အခက်အခဲ
ဖြစ်ရာ မည်ကဲ့သို့ လွယ်လွယ်နှင့် ကျော်ဖြတ်နိုင်ပါမည်နည်း။

အကယ်၍ ဤကြယ်သတ္တဝါများ ရှေ့တွင် သူတစ်ယောက်တည်းသာ
ရှိနေမည် ဆိုလျှင် ကူကယ်ရာမဲ့နေမည်မှာ သေချာပေသည်။

"မင်းငါ့ကို လွှတ်ပြီး အလံကိုင်ခွင့် ပေးလိုက်သင့်တယ်.. မင်းရဲ့

ကျင့်ကြံမှုက နိမ့်ပါးလွန်းတယ်.. တစ်စုံတစ်ခု ချွတ်ချော်သွားရင်
မင်းဘယ်လို ဖြေရှင်းမလဲ"

ခါးတွင် ချိတ်ဆွဲထားသော အရိုးစုဦးခေါင်းခွံထံမှ အောင်းလီ၏
အသံက အဆက်မပြတ် ထွက်ပေါ်လာသည်။

ဤနဂါးလေးက ဖန်ရှင်းဆီမှ လွတ်မြောက်ရန် အချိန်ပြည့်
ကြံစည်နေခဲ့သော်လည်း ဖန်ရှင်းက အလွတ်ပေးမည် မဟုတ်ပေ။

သူလွှတ်လိုက်သည်နှင့် အောင်းလီက ချက်ချင်းပင်
ရန်ပြုလာနိုင်သည်။

ရှင်းလင်းစွာဆိုရလျှင် ဖန်ရှင်းက အောင်းလီကို အပြည့်အ၀
ယုံကြည်မှု မရှိပေ။

"ငါမကြာခင် ကြယ်စီးကြောင်းထဲ ဝင်တော့မယ်..
မင်းငါ့ကိုအာရုံလာမများနဲ့.. ဒီနေရာမှာ မသေချင်သေးဘူး ဆိုရင်
မင်း ပါးစပ်ကို ပိတ်ထားလိုက်တော့"

ဖန်ရှင်းက အောင်းလီကို ပြင်းထန်စွာ သတိပေးလိုက်သည်။

ထို့နောက် သူက အသက်ကို ခပ်ပြင်းပြင်း ရှူက်သွင်းကာ အစီအရင် အလံကို ကိုင်ထားလိုက်သည်။

အစစ်အမှန် လူသားခြောက်ဦးနှင့် ပုံရိပ်ယောင် လူသားနှစ်ဦးက အစီအရင်၏ လည်ပတ်မှုအောက်တွင် တစ်စုတစ်စည်းတည်း ရှိနေကြသည်။

လုကျန်းကမူ အစီအရင် ပညာရပ်တွင် အထူးချွန်ဆုံး ဖြစ်သောကြောင့် အစီအရင်၏ အရေးကြီးဆုံးပိုင်းကို ထိန်းချုပ်ထားသည်။

သူတို့အားလုံး၏ ပတ်ပတ်လည်တွင် အဆုံးမရှိသော အဖြူရောင်ဖျော့ဖျော့ အလင်းတန်းများက မြူမှုန်များကဲ့သို့ သူတို့ခြောက်ယောက်နှင့် ပုံရိပ်ယောင် လူသားနှစ်ဦးကို ဖုံးအုပ်ထားသည်။

"သေခြင်းရှင်ခြင်း.. အောင်မြင်ခြြင်း ကျရှုံးခြင်းတွေကို အတူတူ

ရင်ဆိုင်ကြရအောင်"

လူခြောက်ယောက်က တစ်ချိန်တည်းမှာပင် စွမ်းအားများကိုချိတ်ဆက်လိုက်ပြီး အစီအရင် လည်ပတ်အောင် တက်ညီလက်ညီ လှုပ်ရှားလိုက်ကြသည်။

မကြာမီမှာပင် သူတို့လူစုက အဝေးမှကြည့်လျှင် မြစ်ရှည်ကြီးတစ်စင်းနှင့်တူသော ကြယ်စီးကြောင်းဆီသို့ ချဉ်းကပ်လာခဲ့ကြသည်။

ကြယ်စီးကြောင်းနှင့် နီးကပ်လာသည်နှင့် အမျှ ကြယ်စီးကြောင်းများထဲမှ အဖြူရောင် ကျောက်စလစ်များမှာ အဖြူရောင် ဧရာမကျောက်တုံးများ အဖြစ်သို့ ပြောင်းလဲသွားကြသည်။

ယင်းအချိန်မှာပင် ၎င်းတို့နှင့် အနီးဆုံးရှိ အဖြူရောင် ကျောက်တုံးများပေါ်ရှိ အပေါက်ငယ်များမှ အနက်ရောင် အရည်များ ရုတ်တရက် စိမ့်ထွက်လာပြီး သက်ရှိများကဲ့သို့ပင် ၎င်းတို့လူစုဆီသို့ တိုက်ရိုက် ရောက်ရှိလာသည်။

ထိုမြင်ကွင်းက အလွန်ပင် ကြောက်စရာ

ကောင်းသော်လည်းထင်မှတ်မထားသော ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာသည်။

အနက်ရောင်အရည်များက သူတို့လူစု ပတ်ပတ်လည်မှ အဖြူရောင်မြူခိုးကဲ့သို့ အလင်းတန်းများကို စားသုံး၍ ကျောက်တုံးထဲသို့ပြန်လည် ဝင်ရောက်သွားကြသည်။

"ဒီနည်းလမ်းက အဆင်ပြေသားပဲ"

ကြယ်သတ္တဝါများ၏ အန္တရာယ်မှ လွတ်မြောက်လာသောကြောင့် ကျင့်ကြံသူများက စိတ်လှုပ်ရှားစွာဖြင့် လက်သီးကို တင်းတင်းကျပ်ကျပ် ဆုပ်လိုက်ကြသည်။

သူတို့ အသုံးပြုလိုက်သည့် နည်းလမ်းက ကြယ်သတ္တဝါများကို အမှန်တကယ် လှည့်စားနိုင်ခဲ့သည်။

ငင်းသတ္တဝါများက ဖြူဖွေးလှပသော ကျောက်တုံးကြီးများထဲတွင် ပုန်းကွယ်၍ ကျင့်ကြံသူ အမြောက်အမြားကို အလစ်အငိုက်ဖမ်း သတ်ဖြတ်ခဲ့သော သတ္တဝါများ ဖြစ်ကြသည်။

အကြီးအကဲငါးဦးကဲ့သို့ စစ်မှန်သော နည်းဗျူဟာများကို မသိလျှင် ယင်းအန္တရာယ်ကို ဖြေရှင်းနိုင်မည် မဟုတ်ချေ။

ဖန်ရှင်းက အလွန်ကို ပျော်ရွှင်နေမိသည်။

ဤကြယ်စီးကြောင်းကို မည်သည့် နည်းလမ်းဖြင့် ဖြတ်ကျော်ရမလည်း ဆိုသည်ကို သူစဥ်းစား၍ မရခဲ့ပေ။

သူတစ်ဦးတည်းသာ ခရီးနှင်ခဲ့မိလျှင် ဤအခက်အခဲ တစ်ခုတည်းကပင် သူ့ကို ရှေ့ဆက်မသွားရန် ဟန့်တားဖို့ လုံလောက်နေလိမ့်မည်မှာ အသေအချာပင်။

ထိုသို့တွေးမိရင်း နဂါးဘိုးဘေးများ၏ ရည်ရွယ်ချက်ကို စဥ်းစားမိပြီး ရယ်မောချင်စိတ်ပင် ပေါက်လာသည်။

နဂါးဘိုးဘေးများက ၎င်းတို့၏ သားစဥ်မြေးဆက်များ ပိုမိုသန်မာလာစေရန် ကြယ်စီးကြောင်းထဲတွင် အန္တရာယ်များကိုချန်ထားရစ်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းက ၎င်းတို့၏ သားစဉ်မြေးဆက်များကို သေတွင်းထဲပို့ရန် ကြံဆောင်နေခြင်းနှင့် တူနေသည်မဟုတ်ပါလော။

ပတ်ဝန်းကျင်က အလွန် တိတ်ဆိတ်နေသလို ကျင့်ကြံသူ ခြောက်ယောက်ကလည်း အရှိန်ကို မမြှင့်ဝံ့ဘဲ ဖြည်းဖြည်းမှန်မှန်သာ ခရီးဆက်နေသည်။

ဤကြယ်စီးကြောင်း တစ်ခုလုံးက အဖြူရောင် ကျောက်တုံးများ သိပ်သည်းနေသည်တော့ မဟုတ်ပေ။

ပင်လယ်အတွင်းရှိ ကျွန်းများကဲ့သို့ ကျောက်တုံးနည်းသော နေရာများကိုလည်း တစ်ခါတရံတွင် တွေ့နိုင်ပေသည်။

သုံးရက်ကြာအောင် တည်ငြိမ်စွာ ပျံသန်းပြီးနောက် သူတို့လူစုက ကျောက်တုံး အနည်းငယ်သာ ရှိသော နေရာကို ရှာဖွေ၍ ခေတ္တ အနားယူခဲ့သည်။

ကြယ်ရောင်ကောင်းကင်ကြီးတွင် ဝိညာဉ်စွမ်းအင်များ

ရှိမနေသောကြောင့် သူတို့လူစု ဆက်လက် အသက်ရှင်ရန်အတွက် ဝိညာဉ် အဆီအနှစ်များကို စားသုံးရန် လိုအပ်ပေသည်။

"ကဲ တာအိုမိတ်ဆွေတို့.. ဝိညာဉ် အဆီအနှစ် တချို့ကို သုံးဆောင်ကြပါဦး"

ထိုစကားကို ပြောပြီးသည်နှင့် ဆရာကြီးလန်က ဝိညာဉ်အဆီအနှစ်တချို့ကို အပြာရောင် ကမ္ဘာငယ်လေးထဲမှ ထုတ်ယူကာ ကျင့်ကြံသူများကို ဝေငှပေးလိုက်သည်။

ဤကြယ်ရောင်စုံသော ကောင်းကင်ကြီးတွင် ဝိညာဉ် အဆီအနှစ်များ စားသုံးခြင်းက လူတစ်ဦး၏ စွမ်းအားကို ပြန်လည် ဖြည့်တင်းရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။

"ဟေ့ မိစ္ဆာလေး.. နင်က ကျင့်ကြံမှု နိမ့်ပါးတော့ ဝိညာဉ်အဆီအနှစ်တွေ သိပ်မလိုအပ်ဘူး.. ဒါကြောင့် ငါ့ကို ပိုပြီးဝေမျှသင့်တယ်"

ပိန်ပါးပါးအဖွားအိုက ဖန်ရှင်းကို လှောင်ရယ်၍ ပြောလိုက်သည်။

"ဆံပင်ခြောက်ကလောက် နေတဲ့ အဖွားကြီး.. ဘာလို့
ဝိညာဉ်အဆီအနှစ်တွေကို ဒီလောက်ထိ မက်မောနေရတာလဲ"

ဖန်ရှင်းက ပိန်ပါးပါးအဖွားအိုကို ခပ်ယဲ့ယဲ့ပြုံးပြ၍ ပြောလိုက်၏။

ကျန် ကျင့်ကြံသူများကမူ စုန်းမကြီး၏လုပ်ရပ်ကို
မကျေမနပ်ကြည့်နေကြသည်။

"ရော့.. ဒါဆိုလည်း ယူပါဗျာ"

ဖန်ရှင်းက ရက်ရောသော အမူအရာဖြင့် စုန်းမကြီး၏ လက်ထဲသို့
ဆရာကြီးလန် ပေးသော ဝိညာဉ်အဆီအနှစ်များကို
ထိုးထည့်ပေးလိုက်သည်။

ဖန်ရှင်း စိတ်မဆိုးသည်ကို တွေ့ရလျှင် အဖွားအိုက
ကျေနပ်စွာပြုံးလိုက်သည်။

သို့ရာတွင် နောက်တစ်စက္ကန့်မှာပင် သူမ၏ မျက်လုံးက ချက်ချင်း

ပြုံးကျယ်သွား၏။

ဖန်ရှင်းက အရိုးစု ဦးခေါင်းခွံ ထဲမှ ခရမ်းရောင် သန်းနေသော ဝိညာဉ် အဆီအနှစ်ကို ထုတ်ယူ၍ လက်ဖဝါးပေါ် တင်လိုက်သည်။

ခရမ်းရောင် ဝိညာဉ် အဆီအနှစ်မှာ ဆရာကြီးလန် ပေးသော ဝိညာဉ် အဆီအနှစ်ထက် အဆတစ်ထောင်လောက် တန်ဖိုးကြီးမားသော အဆီအနှစ် ဖြစ်သည်။

ပတ်ဝန်းကျင်က တိတ်ဆိတ် ငြိမ်သက်နေပြီး အားလုံး၏ အကြည့်က ဖန်ရှင်း၏ လက်ဖဝါးပေါ်မှ ခရမ်းရောင် ဝိညာဉ်အဆီအနှစ်ထံသို့ ရောက်ရှိနေသည်။

"ဒီလူယုတ်မာက သူ့ရဲ့ စည်းစိမ်တွေကို ထုတ်ကြွားနေတာပဲ..."

လူတိုင်းက ဖန်ရှင်း၏ ဝင့်ကြွားသော အမူအရာကို ကြည့်ရင်းစိတ်ထဲကနေ တိတ်တဆိတ် ရေရွတ်လိုက်ကြသည်။

"မိစ္ဆာလေး.. မင်းမှာ အရည်အသွေးကောင်းတဲ့

အဆီအနှစ်တွေအများကြီး ရှိနေမှတော့ မင်းရဲ့ စီနီယာတွေကို ဘာလို့ မပေးတာလဲ"

အဖွားအိုက တောက်ပသော မျက်ဝန်းများဖြင့် ခရမ်းရောင် ဝိညာဉ် အဆီအနှစ်ကို ကြည့်ရင်း ဖန်ရှင်းကို ပြောလိုက်သည်။

"လိုချင်လို့လား.. ရတယ်လေ.. မင်းပိုင်ဆိုင်တဲ့ ဝိညာဉ်ဆေးပြားတွေ.. မှော်ကျမ်းစာတွေ ငါ့ကို အရင်ထုတ်ပြ.. ငါသဘောကျရင် လဲလှယ်ပေးမယ်.. အလကားတော့ မရဘူး "

ဖန်ရှင်းက အထက်စီးဆန်သော လေသံဖြင့် အဖွားအိုကို ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် အဖွားအိုက စိတ်ဆိုးသွားပြီး

"မိစ္ဆာလေး.. မင်းက ငါ့ကို လှည့်စားဖို့ ကြိုးစားနေတာလား"

ဟု ကြုံးဝါးလိုက်သည်။

သူမ၏ ခန္ဓာကိုယ်မှ လူသတ်ငွေ့များကို
ခံစားမိလျှင်ဖန်ရှင်းကရယ်မောလိုက်ပြီး

"ဒါက မှျတတဲ့ လဲလှယ်မှုတစ်ခုပဲလေ.. ဘာလို့ ငါက
မင်းလိုအိုကြီးအိုမကို လှည့်စားရမှာလဲ"

ဟု ပြောလိုက်၏။

ထိုစကားကိုကြားလျှင် အဖွားအိုက ပိုမို၍ ဒေါသထွက်လာခဲ့ပြီး

"ငါက နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံလာတဲ့သူပဲ.. ငါ့ကိုဘယ်သူမှ
မင်းလို မဆဲဆိုရဲဘူး"

ဟု အော်ဟစ်လိုက်သည်။

"အဲ့ဒီတော့ ဘာဖြစ်လဲ.. ငါမိစ္ဆာလေးက ဆယ်စုနှစ်လောက်ပဲ
ကျင့်ကြံရသေးပေမဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်တွေပါ မချန် ဆဲဆိုရဲတာ

ထျန်းယွမ်တိုက် တစ်ခုလုံးက သိတယ်"

ဖန်ရှင်းက အဖွားအိုကို အလျော့မပေးဘဲ
လျှောင်ပြောင်သောလေသံဖြင့် ပြောလိုက်သည်။

အပိုင်း(၁၂၆၄) ပြီး၏

အပိုင်း(၁၂၆၅) ကြယ်ရောင်စုံ ကောင်းကင်ကြီး ပေါ်တွင် ငွေညှစ်ခြင်း

ထျန်းယွမ်တိုက်တွင် ရှိစဉ်က ဝိညာဉ်စွမ်းအင်များကို ရှူသွင်း၍
ထွက်သက်ဝင်သက်ကို ချိန်ညှိနိုင်ကြသော်လည်း
ဤကြယ်ရောင်စုံသော ကောင်းကင်ကြီးတွင်မူ ထိုကဲ့သို့
ဝိညာဉ်စွမ်းအင်များ ရှိမနေကြပေ။

ထို့ကြောင့် သူတို့လူစုက ခွန်အားကို ချွေတာ၍ ဖြည်းဖြည်းမှန်မှန်သာ
ခရီးဆက်ခဲ့ခြင်း ဖြစ်၏။

ယင်းအပြင် ကြယ်ရောင်စုံ ကောင်းကင်ကြီး၌ ဝိညာဉ်စွမ်းအင်များ
အချိန်မီ ဖြည့်တင်းခြင်းက ဦးစားပေး ဖြစ်လာသည်။

ဤနေရာ၌ မရေမတွက်နိုင်သော အန္တရာယ်များ ရှိနေသောကြောင့် မည်သူမျှ သတိလက်လွတ် မနေဝံ့ကြပေ။

ဆိုရလျှင် ကျင့်ကြံသူ၏ စွမ်းအားက အမြဲတမ်း အထွတ်အထိပ်သို့ ရောက်နေမှသာ အန္တရာယ်နှင့် ကြုံလာလျှင် ရင်ဆိုင်ရန် အသင့်ရှိနေမည် ဖြစ်သည်။

ဤသို့ဖြင့် ဝိညာဉ်အဆီအနှစ်က ၎င်းတို့၏ နေ့စဉ်ဘဝတွင် အရေးပါသော စားသုံးမှု အရင်းအမြစ် တစ်ခု ဖြစ်လာခဲ့သည်။

ရှင်းလင်းစွာ ဆိုရလျှင် ဝိညာဉ်အဆီအနှစ်က အတိုင်းအတာ တစ်ခုအထိ သာမန်လူများ စားသုံးလေ့ရှိသည့် အစားအစာကဲ့သို့ ကျင့်ကြံသူများ အတွက် တူညီသော အရေးပါမှုတစ်ခု ဖြစ်လာခဲ့သည်။

ဆရာကြီးလန်တို့ ကျင့်ကြံသူ ငါးယောက်၏ ကြိုတင်စီစဉ်ထားမှုက လက်ဖျားခါလောက်သော်လည်း ၎င်းတို့အားလုံး၏ ဝိညာဉ် အဆီအနှစ်များကို စုပေါင်းလျှင်ပင် ဖန်ရှင်းတစ်ယောက်တည်း ပိုင်ဆိုင်သည့် ဝိညာဉ်အဆီအနှစ် အရေအတွက်နှင့် အရည်အသွေးကို

မမိပေ။

ကျင့်ကြံသူများက ၎င်းတို့၏ ဝိညာဉ်
အဆီအနှစ်များကိုဆရာကြီးလန်ထံတွင် အပ်နှံထားကြပြီး
လိုအပ်မှာသာဆရာကြီးလန်က ပြန်လည် ဖြန့်ဝေပေးမည် ဖြစ်သည်။

ဝိညာဉ်အဆီအနှစ်က အဖိုးထိုက်တန်နေသော အချိန်တွင် ဖန်ရှင်းက
ခရမ်းရောင်ဝိညာဉ် အဆီအနှစ်ကို ထုတ်ပြလိုက်ရာ ကျင့်ကြံသူ
ငါးယောက်၏ မျက်လုံးက ဂဏာမငြိမ်သလိုပင် ဖြစ်လာသည်။

သူတို့၏ ကျင့်ကြံမှုအဆင့်က မည်မျှပင် မြင့်မားနေပါစေ..
ခရမ်းရောင်ဝိညာဉ်အဆီအနှစ်ကို လိုချင်သည့် လောဘတော့
ရှိနေကြဆဲ ဖြစ်၏။

စုန်းမကြီးကမူ ဖန်ရှင်း၏ ကမ်းလှမ်းမှုကို လက်မခံလိုဘဲ
ခရီးလမ်းတစ်လျှောက်လုံး စောင့်ရှောက်လာရသည့်
အဖိုးအခအနေဖြင့် ဝိညာဉ်အဆီအနှစ်ကို အလကား ရယူလိုနေသည်။

သို့ရာတွင် ဖန်ရှင်း၏ မချေမငံ ပြောဆိုမှုကြောင့် ဒေါသအိုး

ပေါက်ကွဲသွားပြီး ဖန်ရှင်းဆီ ပျံသန်းရန် ပြင်လိုက်သည်။

သူမ၏ ခွန်အားနှင့် ကျင့်ကြံမှုအရ အချိုးမပြေသည့် မိစ္ဆာလေးကို သင်ခန်းစာ ကောင်းကောင်းပေးနိုင်မည်ဟု သူမကတထစ်ချ တွက်ဆထား၏။

"အဖွားကြီး သေချင်နေပြီလား"

ဖန်ရှင်းက အစီအရင်အလံကို မြှောက်ပြ၍ ပြင်းထန်စွာကြိမ်းမောင်းလိုက်သည်။

အဖွားအိုက ဖန်ရှင်း၏ စကားကို မည်သို့မျှ ပြန်လည် မတုံ့ပြန်သော်လည်း ဆရာကြီးလန်နှင့် အခြားသူများကမူ ထိတ်လန့်သွားကြသည်။

၎င်းတို့က ဖန်ရှင်း၏ ရည်ရွယ်ချက်ကို ရိပ်စားမိလိုက်ပြီးချက်ချင်းပင် ဆရာကြီးဝမ်.. လုကျန်းနှင့် ဆရာကြီးလန်တို့က အဖွားအိုကို တားဆီးလိုက်ကြသည်။

"စုန်းမကြီး.. မင်းဘာလို့ ကလေးနဲ့ အဓိပ္ပါယ်မရှိတဲ့ တိုက်ပွဲကိုဆင်နွှဲချင်နေတာလဲ.. မင်း အင်မော်တယ် မဖြစ်ချင်တော့ဘူးလား"

ဆရာကြီးလန်၏ စကားကိုကြားလျှင် အဖွားအိုက ဖန်ရှင်းကို စိုက်ကြည့်လိုက်ပြီး အေးစက်စွာ ပြောလိုက်သည်။

"ငါ ခရီးလမ်း တစ်လျောက်လုံး မင်းကို ကာကွယ်ပေးခဲ့တယ်.. ဒါပေမဲ့ မင်းက ငါ့ကို လေးစားရကောင်းမှန်း မသိဘူး"

"မင်းက ငါ့ကို အနိုင်ကျင့်ချင်လို့လား.. သတ္တိရှိရင် ကွေးရန်တောင်တန်းက ငါ့ဦးလေး ကိုးယောက်နဲ့ သွားရှာပြီးချလေ"

ဖန်ရှင်းက ဒေါသအိုး ပေါက်ကွဲနေသော အဖွားအိုကိုပြုံး၍ ပြောလိုက်သည်။

"ငါအင်မော်တယ် ဖြစ်တာနဲ့ မင်းဦးလေး ကိုးယောက်ကို သွားရှာပြီး ဆုံးမမယ်"

"ဟက်.. ငါ့ဦးလေးတွေ သေတာ ဆယ်စုနှစ်တောင် ကြာနေပြီ.. မင်းအင်မော်တယ် ဖြစ်သွားလည်း ရှာတွေ့မှာ မဟုတ်ဘူး.. တစ္ဆေသရဲ ဖြစ်သွားရင်တော့ တစ်မျိုးပေါ့"

စကားဆုံးသည်နှင့် ဖန်ရှင်းက အဖွားအိုကို အရူးတစ်ယောက်ကို ကြည့်သလို ကြည့်လိုက်ပြီး လှောင်ပြောင် ရယ်မောလိုက်သည်။

"မင်း"

အဖွားအိုက ဒေါသ အကြီးအကျယ် ထွက်နေပြီး ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

သူမက ဖန်ရှင်းကို တစ်စုံတစ်ရာ ပြုလုပ်ရန် ကြံစည်လိုက်၏။

"လုံလောက်ပြီ"

ဆရာကြီးလန်က စုန်းမကြီးနှင့် ဖန်ရှင်းတို့ တိုက်ပွဲဖြစ်လျှင် သူတို့ပါ ရော၍ အန္တရာယ် ကျရောက်မည်ကို စိုးရိမ်ကာ ကပျာကယာ ဟန့်တားလိုက်သည်။

အဖွားအိုက အမှန်တကယ်ပင် ဒေါသထွက်နေသော်လည်း ဆရာကြီးလန်တို့၏ ဟန့်တားမှုကြောင့် သူမ၏ စွမ်းအားကို ရုတ်သိမ်းလိုက်ပြီး ဖန်ရှင်းကို မကျေမနပ် ကြည့်လိုက်သည်။

သူမက ဤမိန်းကလေးကို အမှန်တကယ်ပင် ကြည့်မရတော့ပေ။

ဝိညာဉ်အဆီအနှစ်ကို သူမဆီ မပေးချင်ဘဲ အဘယ်ကြောင့်ထုတ်ကြွား၍ သူမ၏ ရင်ကို နာကျင်စေရပါသနည်း။

ဖန်ရှင်းက သူမ၏ အတွေးကို မှန်းဆမိလိုက်ပြီး

"လိုချင်ရင် ပစ္စည်းချင်း လဲလှယ်လို့ရပါတယ်"

ဟု လေသံတိုးတိုးဖြင့် ပြောလိုက်၏။

သူ၏စကားကြောင့် အဖွားအို၏ စိတ်ထဲ၌ ဒေါသအကြီးအကျယ် ထွက်ကာ ကူကယ်ရာ မဲ့နေသည်ကိုတော့ မည်သူမှ မသိလိုက်ကြချေ။

"ကဲ.. ပတ်ဝန်းကျင်ကို အာရုံစိုက်ကြ.. သတိမလွတ်စေနဲ့.."

ရန်ပွဲ ငြိမ်သက်သွားသည်နှင့် ဆရာကြီးလန်က ကျင့်ကြံသူများကို
သတိပေးလိုက်သည်။

ဤသို့ဖြင့်ပင် သူတို့လူစုက ကြယ်စီးကြောင်းထဲတွင်
ခရီးဆက်ခဲ့ကြသည်။

သူတို့၏ စွမ်းအားများ အစီအရင်နှင့် ချိတ်ဆက်နေသ၍
ကျောက်တုံးထဲမှ ထူးဆန်းသောကြယ်သတ္တဝါများကို
စိတ်ပူစရာမလိုပေ။

ဖန်ရှင်းကမူ ကြယ်စီးကြောင်းထဲ
ဝင်ရောက်ကတည်းကတစ်စုံတစ်ခုကို ရှာဖွေနေသကဲ့သို့
ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် ကြည့်ရှုနေသည်။

ဤသည်ကို သတိထားမိသွားသော အဖွားအိုက

"ကောင်လေး.. မင်းဘာလို့ ပတ်ဝန်းကျင်ကို ဒီလောက်ထိ ပြူးပြဲကြည့်နေတာလဲ"

ဟု မကျေမနပ် ပြောလိုက်သည်။

"ရတနာရှာနေတာလေ.. ရှာလို့မရဘူးလား"

ဖန်ရှင်း၏ အဖြေကြောင့် အဖွားအိုက ဆွံ့အသွားသည်။

မိစ္ဆာလေးက ဤကဲ့သို့ သေရေးရှင်ရေး ခရီးစဥ်တွင် ရတနာကိုရှာဖွေရန် တွေးနေလိမ့််မည်ဟု သူမ အမှန်တကယ် မထင်မိခဲ့ချေ။

အဖွားအိုနှင့် ရန်ဖြစ်ပြီးနောက် ဖန်ရှင်းက နတ်နန်းတော်ထဲမှအောင်းလီနှင့် စကားစမြည် ပြောဆိုခဲ့သည်။

ဤနဂါးမင်းသားက သူ၏စကားကို အပြည့်အဝ မနာခံသေးသော်လည်း အဓိက အရေးပါသည့် အကြောင်းအရာများကိုမူ ပြောပြခဲ့၏။

နဂါးဘိုးဘေးများက ၎င်းတို့၏ သားစဉ်မြေးဆက်များ
အခက်အခဲတစ်ခုကို ကျော်ဖြတ်ပြီးတိုင်း ပျော်ရွှင်မှု ရှိစေရန်
လက်ဆောင်များကို ချန်ထားရစ်ခဲ့သည်။

နဂါးမျိုးဆက်များက အင်မော်တယ်လမ်းကို တခြားသူများအား
မဝေမျှလိုသည့် အကြောင်းရင်းမှာ နဂါးမျိုးနွယ်စု၏
ရှေးဟောင်းလမ်း(ဝါ) အင်မော်တယ်လမ်းက ၎င်းတို့၏
ဘဏ္ဍာတိုက်ကဲ့သို့ ဖြစ်နေသောကြောင့်ပင်။

မည်သို့သောသူက ပြင်ပသူစိမ်းများကို မိမိတို့၏
ကိုယ်ပိုင်ဘဏ္ဍာတိုက်ထဲသို့ ဝင်ခွင့်ပြုပါမည်နည်း။

ယခု ခေါင်းကိုးလုံး မောင်နှမက သူတို့ထက် အရင် ဖြတ်ကျော်သွားပြီ
ဖြစ်ရာ ရတနာများ ကျန်ရှိနေဦးမည်ဟု အတိအကျ
မပြောနိုင်တော့ချေ။

ထိုကဲ့သို့ တွေးမိလိုက်လျှင် ဖန်ရှင်းက ရတနာများအတွက်
စိုးရိမ်လာပြီး သက်ပြင်းကိုပင် စိတ်အေးလက်အေး မချနိုင်တော့ပေ။

ကြယ်စီးကြောင်းထဲတွင် ခရီးနှင်ပြီး ကိုးရက်မြောက်နေ့တွင် ဝိညာဉ်
အဆီအနှစ်က ကုန်ဆုံးသွားခဲ့ရာ ကျင့်ကြံသူ ငါးယောက်က ဖန်ရှင်းထံ
အကူအညီ တောင်းရုံသာ တတ်နိုင်တော့သည်။

သို့ရာတွင် ဖန်ရှင်းက ဝိညာဉ် အဆီအနှစ်များကို အခမဲ့ မဝေငှဘဲ
တန်ရာတန်ကြေး သတ်မှတ်၍သာ လဲလှယ်ပေးခဲ့သည်။

ဖန်ရှင်းက အခကြေးငွေ တောင်းခံရာတွင် ရှက်ရွံ့ခြင်း မရှိပေ။

ထိုသို့ လဲလှယ်ရာတွင် သူက ဇီဇာကြောင်မနေဘဲ
ဝိညာဉ်ဆေးလုံးများ.. မှော်လက်နက်များ သို့မဟုတ်
မှော်နည်းစနစ်များ ဖြစ်နေပါစေ.. ထိုက်တန်မှုရှိလျှင်
လဲလှယ်ပေးခဲ့၏။

ဆိုရလျှင် သူက ကြယ်ရောင်စုံ ကောင်းကင်ကြီးပေါ်၌ အကြီးအကဲ
ငါးဦးကို ခြိမ်းခြောက် ငွေညှစ်နေသကဲ့သို့ပင်။

ဤကျင့်ကြံသူများက နှစ်ထောင်ပေါင်းများစွာ ရှင်သန်လာကြသူများ

ဖြစ်ရာ တကယ်ကို ချမ်းသာကြသူများဟု ဆိုနိုင်သည် မဟုတ်ပါလား။

"မိတ်ဆွေလေး.. ငါတို့အားလုံးက တစ်လှေတည်း စီးကြတဲ့သူတွေပဲဟာ.. သက်သက်သာသာလေး လုပ်ပေးလို့ မရဘူးလား"

ဖန်ရှင်း၏ စီးပွားရေး သောင်းကျန်းမှုကြောင့် ဆရာကြီးလန်ပင် မနေနိုင်တော့ဘဲ ညိုးငယ်သော မျက်နှာဖြင့် တောင်းဆိုလိုက်သည်။

"လှေအတူတူစီးတယ် ဆိုတော့ တခြားသူတွေရဲ့ ကုန်ကျစရိတ်ကိုရော ဆရာကြီးလန်က ရှင်းပေးမလို့လား"

"မင်း.. "

ဆရာကြီးလန်က ဖန်ရှင်း၏ စကားကြောင့် ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

အဆုံးသတ်တွင်သူက အစွမ်းထက် မှော်လက်နက်တစ်ခုဖြင့်

ဝိညာဉ်အဆီအနှစ်ကို လဲလှယ်ခဲ့ရသည်။

အဖွားအိုကမူ ဝိညာဉ်အဆီအနှစ် တစ်ရာအတွက် မှော်ဓားတစ်ရာနှင့် အဖိုးတန် ရုပ်သေးသုံးရုပ်ဖြင့် လဲလှယ်ခဲ့ရ၏။

လျှို့ဝှက်ဆန်းကြယ်သည့် ဆရာကြီးတစ္ဆေပင် ဝိညာဉ်အဆီအနှစ်တစ်ရာ အတွက် ဆီးနှင်းကျောက်စိမ်းဖြင့် ဖန်ရှင်းထံ လဲလှယ်ခဲ့ရသည်။

အကြီးအကဲများက မှော်ပစ္စည်းများဖြင့် ဝိညာဉ်အဆီအနှစ်များကို လဲလှယ်နေသော်လည်း လုကျန်းကမူ တိတ်ဆိတ်နေသည်။

သူ၏ ရတနာပစ္စည်းများက ဖန်ရှင်းထံ အရက်နှင့် လဲသောက်ရင်း ကုန်ဆုံးသွားပြီ ဖြစ်သည်။

ထို့ကြောင့် လုကျန်းက ရှက်ရွံ့နေပြီး မျက်နှာငယ်လေးဖြင့် စောင့်ကြည့်ရုံသာ တတ်နိုင်ခဲ့သည်။

"အဖိုးကြီးလု.. ဘာကြည့်နေတာလဲ.. ရော့.. ကျန်တာ အကုန်လုံး

ယူလိုက်တော့"

ဖန်ရှင်းက ရာနှင့်ချီသည့် ဝိညာဥ်အဆီအနှစ်များကို လုကျန်း၏ လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

သူတပါးအပေါ် တွန့်တိုတတ်သည့် မိစ္ဆာလေးက ဝိညာဥ်အဆီအနှစ် ရာချီအား လုကျန်းဆီ ပေးလိုက်သည်ကို မြင်လျှင်ဆရာကြီးလန်တို့ သာမက ကာယကံရှင် လုကျန်းပင်လျှင် အံ့သြသွားသည်။

လုကျန်းက ဖန်ရှင်းကို တအံ့တသြ ကြည့်လိုက်ပြီး

"ကောင်လေး.. မင်းက ငါ့ထင်သလောက် မဆိုးရွားသေးဘူးပဲ"

ဟု လှိုက်လှဲသော လေသံဖြင့် ပြောလိုက်သည်။

"ငါက အမြဲတမ်း ရိုးသားခဲ့ပါတယ်.. အရင်က မင်းဆီကနေ အရက်ဖိုး တောင်းခဲ့တာကို စိတ်ကွက်မနေပါနဲ့တော့"

အပိုင်း(၁၂၆၅) ပြီး၏

အပိုင်း(၁၂၆၆) ဘယ်သူကငါ့ကိုလုပ်ကြံချင်နေတာလဲ

"ဒီကလေးက မညီမျှခြင်း ဥပဒေသကို သုံးပြီး ငါတို့အချင်းချင်း ရန်တိုက်ဖို့ ကြိုးစားနေတာလား.. ဒီနည်းလမ်းက ရိုးစင်းလွန်းပါတယ်..."

ဖန်ရှင်း၏ ရုတ်ချည်း ဆိုသလို ရက်ရောမှုက ဆရာကြီးလန်နှင့် အခြားသူများကိုပင် မယုံသင်္ကာ ဖြစ်စေသည်။

သူတို့ အားလုံးက နှစ်ပေါင်းများစွာ ကြာအောင် အသက်ရှင်နေထိုင်လာကြသူများ ဖြစ်ရာ လှည့်ကွက် အမျိုးမျိုးကို ကျွမ်းကျင်နေကြသူများ ဆိုလည်း မမှားပေ။

မိစ္ဆာလေးက သူတို့အပေါ်တွင် တွန့်တိုပြီး လုကျန်းအပေါ်တွင် ရက်ရောနေခြင်းက သူတို့လူစု၏ စည်းလုံးမှုကို ဖြိုခွဲလို၍ပင် မဟုတ်ပါလော။

တကယ်တမ်းတွင်မူ ၎င်းတို့က အတွေးချော်နေကြခြင်းသာ ဖြစ်ပြီး ဖန်ရှင်းက စိတ်ရင်းမှန်ဖြင့် လုကျန်းကို ပေးအပ်လိုက်ခြင်း ဖြစ်သည်။

"မင်းဒီလိုမျိုး ရက်ရောလိမ့်မယ်လို့ ငါတကယ် မယုံနိုင်ဘူး"

အဖွားအိုက လှောင်ပြောင်သော လေသံဖြင့် ရေရွတ်လိုက်သော်လည်း ဖန်ရှင်းက ဒေါသမထွက်ခဲ့ပေ။

ဤကဲ့သို့ အထင်လွဲနိုင်သည်ကို သူက အစောပိုင်း ကတည်းကပင် ကြိုတင် တွက်ဆထားပြီးပြီ ဖြစ်သည်။

အဖွားအိုကမူ သူမတို့ အပေါ် အမြတ်ထုတ်သွားသော ဖန်ရှင်းကို အမှန်တကယ် ဒေါသထွက်နေပြီး သတ်ဖြတ်လိုသော အော်ရာကိုပင် ဖုံးကွယ် မထားတော့ပေ။

ဖန်ရှင်းက အဖွားအို၏ အော်ရာကို ခံစားမိသော်လည်း ဂရုမစိုက်ချေ။

ဤအန္တရာယ်များသော ကြယ်စီးကြောင်းထဲတွင် အဖွားအိုကသူ့ကို

အမှန်တကယ် ထိခိုက်အောင် လုပ်ဆောင်ရဲမည်လော။

အဖွားအိုက ထိုသို့ ပြုလုပ်ရဲလျှင်ပင် ဆရာကြီးလန်နှင့်
အခြားသူများက သူမကို ဒီအတိုင်း လွှတ်ထားလိမ့်မည် မဟုတ်ပေ။

အဝေးကကြည့်လျှင် ကြယ်စီးကြောင်း သို့မဟုတ် နဂါးငွေ့တန်းသည်
မျဉ်းတစ်ကြောင်းကဲ့သို့ ထင်ရသော်လည်း အနီးကပ်လာသောအခါ
ပင်လယ်ကဲ့သို့ ကျယ်ပြန့်နေသည်။

သူတို့လူစု ကြယ်စီးကြောင်းထဲ ဝင်ရောက်လာခဲ့သည်မှာလည်း
တစ်လနီးပါးပင် ရှိနေပြီ ဖြစ်သည်။

၎င်းတို့အားလုံးသာ ဇွဲလုံ့လရှိသော လူများ မဟုတ်ခဲ့လျှင်
ဤအကန့်အသတ်မဲ့ ကျယ်ဝန်းသော ကြယ်ပင်လယ်လို ထူးဆန်းသော
သတ္တဝါများ ရှိနေသည့် နေရာက ၎င်းတို့အားလုံးကို
စိတ်ပျက်အားငယ်စေမည်မှာ အသေအချာပင်။

ဤကာလအတွင်း ဖန်ရှင်းက အကြီးအကဲများထံမှ
မှော်လက်နက်များ.. ဝိညာဉ် ဆေးလုံးများ.. မှော်နည်းစနစ်

အမြောက်အမြားကို ဝိညာဉ် အဆီအနှစ်နှင့် လဲလှယ် ရရှိခဲ့သည်။

အကြီးအကဲ အားလုံးထဲတွင် အပျော်ရွှင်ဆုံးလူမှာ လုကျန်းပင်ဖြစ်သည်။

သူ၏ဘဝတွင် ဤကဲ့သို့ ကောင်းမွန်သော ကံကြမ္မာမျိုးကို မကြုံဆုံဖူးဘူးဟုပင် ထင်ရသည်။

တခြားသူတွေက ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် လဲလှယ်ခဲ့ရသော်လည်း သူကမူ ဖန်ရှင်းဆီမှ အချိန်တိုင်းလိုလို အလကား ရနေခဲ့သည်။

ထို့ကြောင့် လုကျန်းက သူ၏အစီအရင် ပညာရပ်ကို ဆရာစားမချန် သင်ပေးမည်ဟု ဖန်ရှင်းကို ဂုဏ်ယူစွာ ကမ်းလှမ်းလိုက်၏။

ထျန်းယွမ်တိုက်၏ အစီအရင် ပညာရှင်များက သူ့ကို အစီအရင် နတ်ဘုရားဟုပင် ခေါ်ဝေါ်ကြပြီး သူ၏ ညွှန်ပြမှုကို ခံယူလိုသော ကျင့်ကြံသူ အရေအတွက်မှာ မည်မျှရှိမှန်းပင် မရေတွက်နိုင်သည် အထိပင်။

သို့ရာတွင် ထိုကဲ့သို့ သူ၏ ကမ်းလှမ်းမှုကို ဖန်ရှင်းက နှစ်ခါပင် မစဉ်းစားဘဲ ပယ်ချခဲ့သည်။

ဤဖြစ်ရပ်ကိုသာ အစီအရင် ပညာရှင်များ သိလျှင် အံ့သြလွန်း၍ မေးရိုးများပင် အောက်သို့ ပြုတ်ကျသွားလိမ့်မည် ဖြစ်သည်။

တစ်သက်မှာ တစ်ခါသာ ကြုံရနိုင်သည့် အခွင့်အရေးမျိုးကို ဖန်ရှင်းက မစဉ်းစားဘဲ ငြင်းဆန်ခဲ့သည်။

"အစီအရင် ပညာရပ်ကို သင်ယူချင်ရင် အစီအရင် သခင်တွေ အများကြီး ရှိတာပဲဟာ.. မင်းလို အရက်ချိုးကြီးဆီမှာ သင်ဖို့လိုအပ်လို့လား"

ဖန်ရှင်း၏စကားကြောင့် လုကျန်းက ဖန်ရှင်းကို လည်ပင်းညှစ်သတ်ချင်စိတ်ပင် ပေါက်လာသည်။

သူ၏ရှေ့တွင် ကိုယ့်ကိုယ်ကိုယ် အစီအရင်သခင်ဟု ဝင့်ကြွားရန် အရည်အချင်း ပြည့်မီသော ကျင့်ကြံသူ မည်မျှ ရှိနိုင်ပါမည်နည်း။

ထိုကိစ္စဖြစ်ပြီးသည့် နောက်တွင် လုကျန်းက အစီအရင်ပညာရပ်နှင့် ပတ်သက်ပြီး ဖန်ရှင်း၏ ရှေ့တွင် မပြောတော့ပေ။

သူတို့လူစုက ခရီးဆက်ရင်း အဖြူရောင်ကျောက်တုံး နည်းပါးသည့် နေရာမျိုးတွင် အနားယူခဲ့ကြသည်။

ဤသို့ဖြင့် ခရီးဆက်ရင်း တစ်လခွဲမျှ ထပ်မံ ကြာမြင့်သည့်အခါတွင် သူတို့လူစုထံ၌ ဝိညာဥ်အဆီအနှစ် ထက်ဝက်ခန့်သာကျန်ရှိတော့သည်။

ထိုအချက်ကို တွေးရင်း သူတို့အားလုံး စိတ်လေးနေသော အချိန်တွင် ဆရာကြီးတစ္ဆေက တစ်စုံတစ်ရာကို အာရုံခံစားမိလိုက်၏။

"ညာဘက်ကို သွားရအောင်"

ဆရာကြီးတစ္ဆေ၏ ထက်မြက်သော စိတ်အာရုံကြောင့် လူတိုင်းက ယုံကြည်ကြပြီး ဆရာကြီးတစ္ဆေ ညွှန်ပြသည့် နေရာသို့ အလျင်အမြန် သွားလိုက်ကြသည်။

နောက်ထပ် ဆယ်မိုင်ခန့် လမ်းလျှောက်ပြီးနောက်တွင် ကျင့်ကြံသူများ၏ မျက်လုံးထဲသို့ မြင်ကွင်းတစ်ခုက ဘွားခနဲပေါ်ပေါက်လာရာ အားလုံးက အံ့သြသွားကြသည်။

သူတို့၏အရှေ့ဘက်ရှိ အဖြူရောင်ကျောက်တုံးများကြားတွင်ကျွန်းကြီး တစ်ကျွန်းကဲ့သို့ နေရာတစ်ခု ဖြစ်ပေါ်နေသည်။

ပို၍ အံ့သြစရာကောင်းသည်က ထိုနေရာ၌ ဘုရားကျောင်းတစ်ခု အမှန်တကယ် တည်ရှိနေခြင်းပင်။

ဘုရားကျောင်း၏ ကိုယ်ထည် တစ်ခုလုံးကို အဖြူရောင်အရိုးများဖြင့် ပြုလုပ်ထားပုံရပြီး ပုံစံက အလွန်ထူးဆန်းသည်။

ဘုရားကျောင်း တစ်ခုလုံးက ကြယ်ရောင်စုံသော ကောင်းကင်ယံတွင် မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။

"ဒီဘုရားကျောင်းကနဂါးရဲ့အရိုးတွေနဲ့ တည်ဆောက်ထားခဲ့တာပဲ"

"အိုး.. ဒီလို ဘုရားကျောင်း တည်ဆောက်ဖို့
အရိုးဘယ်နှစ်ချောင်းတောင် လိုမလည်း မသိဘူး"

ဘုရားကျောင်းကို တွေ့သည်နှင့် ဆရာကြီးလန်နှင့် အခြားသူများက
လေသံတိုးတိုးဖြင့် သုံးသပ်လိုက်ကြသည်။

သူတို့ အားလုံးက သိသိသာသာပင် အံ့သြ တုန်လှုပ်နေသည်။

"ငါတို့ အဲ့ဒီနေရာမှာ အနားယူရအောင်"

ဆရာကြီးလန်က အလွန်အမင်း စဥ်းစားမနေတော့ဘဲ လျင်မြန်စွာ
ဆုံးဖြတ်ချက် ချလိုက်ပြီး နဂါးအရိုး ဘုရားကျောင်းသို့
ပြေးသွားခဲ့သည်။

"ဒီနေရာက နဂါးဘိုးဘေးတွေ ဆုလာဒ် ချန်ခဲ့တဲ့ နေရာများလား"

ဖန်ရှင်းက စိတ်လှုပ်ရှားနေပြီး မျက်လုံးများပင် တောက်ပလာသည်။

အောင်းလီ ပြောသည့် နဂါးဘိုးဘေးများ ချန်ရစ်ခဲ့သည့်ကံကြမ္မာကို ခရီးလမ်း တစ်လျှောက်တွင် မတွေ့ရသောကြောင့် နဂါးအရိုး ဘုရားကျောင်းကို ရုတ်တရက် တွေ့လိုက်ရသောအခါ နဂါးဘိုးဘေး၏ ရတနာများ ချန်ရစ်ခဲ့သည့်နေရာဟု ဖန်ရှင်းက သဘာဝကျစွာ တွေးတောမိလိုက်ခြင်းပင်။

ဆရာကြီးလန် ထွက်သွားပြီးနောက် လုကျန်းကလည်း နဂါးအရိုး ဘုရားကျောင်း ပတ်ပတ်လည်ရှိ လေဟာနယ်ထဲသို့ ခုန်ဝင်လိုက်သည်။

ယင်းနောက်တွင် ဆရာကြီးဝမ်နှင့် ဆရာကြီးတစ္ဆေတို့က အစဉ်လိုက် ထွက်ခွာသွားကြပြီး ဖန်ရှင်းနှင့် အဖွားအိုတို့သာ မထွက်ရသေးဘဲ ကျန်ရစ်ခဲ့၏။

ဖန်ရှင်းက လေဟာနယ်ထဲ ခုန်တော့မည့် အချိန်မှာပင်အပြောင်းအလဲ တစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာသည်။

ယင်းမှာ လုကျန်း ဖန်တီးထားသည့် ပျက်စီးခြင်းရှစ်ပါး သဟဇာတ ခြောက်ပါး အစီအရင်က ချို့ယွင်းချက်တစ်ခု ဖြစ်ပေါ်သွားခြင်းပင်။

ကျင့်ကြံသူများက ၎င်းတို့၏ ချီများကို စုပေါင်း၍ အစီအရင်ကို ထောက်ပံ့ပြီး ကြယ်စီးကြောင်းထဲရှိ ထူးဆန်းသော သတ္တဝါများ၏ ရန်မှ ကာကွယ်ခဲ့ကြသည်။

လုကျန်း၏ အစီအရင်က ပြီးပြည့်စုံပြီး နှစ်လနီးပါး ချို့ယွင်းချက် မရှိခဲ့သော်လည်း ဤအချိန်တွင် ချို့ယွင်းချက် အနည်းငယ် ဖြစ်ပေါ်လာ၏။

တစ်စုံတစ်ယောက်က တမင်တကာ အစီအရင်ကို ချို့ယွင်းချက်ဖြစ်အောင် ဖန်တီးလိုက်လေသလားပင် မပြောတတ်ချေ။

ယခုအခါတွင် ဖန်ရှင်းနှင့် အဖွားအိုက အဖြူရောင် ကျောက်တုံးများ၏ အလည်ဗဟိုတွင် ရှိနေဆဲ ဖြစ်သည်။

သူတို့၏ ချီသဲလွန်စ ပေါက်ကြားသွားသည်နှင့် ကျောက်တုံးထဲမှ ထူးဆန်းသော အနက်ရောင် အလင်းမျှင်များက ထွက်ပေါ်လာပြီး လှိုင်းတံပိုးများကဲ့သို့ ဖန်ရှင်းနှင့် အဖွားအိုထံ တည့်မတ်စွာ ပြေးဝင်လာသည်။

"မကောင်းတော့ဘူး"

ရုတ်တရက် အကျပ်အတည်းကို ခံစားမိလိုက်လျှင် ဆရာကြီး လန်နှင့် ဆရာကြီးဝမ်တို့က တုန်လှုပ်သွားကြသည်။

ယင်းအချိန်မှာပင် ဆရာကြီးတစ္ဆေက တံ့ဆိုင်းမနေဘဲ အနက်ရောင် ကြိုးမျှင်ကို ပစ်လွှတ်ကာ ဖန်ရှင်းကို ကယ်တင်ရန် ကြိုးစားလိုက်၏။

"ဝှစ်.. "

သို့ရာတွင် အဖွားအိုက သူမ၏ ဆံပင်များဖြင့် ဆရာကြီးတစ္ဆေ၏ အနက်ရောင်ကြိုးမျှင်ကို လမ်းတစ်ဝက်တွင် ဖြတ်၍ ရစ်ပတ်လိုက်ပြီး ဤနေရာမှ ခုန်ထွက်လိုက်ရာ ဖန်ရှင်းတစ်ယောက်သာ ကျန်ရှိတော့သည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်မှ ထူးဆန်းသော အနက်ရောင် အလင်းမျှင်များက ဖန်ရှင်းဆီသို့ ဝိုင်းရံလာသည်။

ဖန်ရှင်း အတွက်က မြေလျှိုးမိုးပျံလျှင်ပင် ဤအခက်အခဲမှ

လွတ်မြောက်ရန် နည်းလမ်း မရှိတော့ချေ။

ကျင့်ကြံသူများ သူ့အတွက် စိုးရိမ်နေသော အချိန်တွင် ကူကယ်ရာမဲ့နေသော ဖန်ရှင်းက ဒေါသတကြီး ကြုံးဝါးလိုက်သည်။

"ဘယ်သူက ငါ့ကို လုပ်ကြံဖို့ ကြိုးစားနေတာလဲ"

အပိုင်း(၁၂၆၆) ပြီး၏

အပိုင်း(၁၂၆၇) ကိုယ်စားဝင်ခံသူလုကျန်း

ပြဿနာက မျက်စိတစ်မှိတ် အတွင်းမှာပင် စတင် ဖြစ်ပွားခဲ့သည်။

လုကျန်း၏ အစီအရင်ဖြင့် သူတို့လူစု ခရီးဆက်ခဲ့သည်မှာ နှစ်လကြာ ပြဿနာ မရှိခဲ့သော်လည်း ဤအခိုက်အတန့်တွင် ပြဿနာတစ်ခု ကြုံလာခဲ့သည်။

လက်ရှိအချိန်တွင် ကောင်းကင်နှင့် မြေကြီးကိုပင် ဖုံးလွှမ်းနေသော

ထူးဆန်းသည့် အနက်ရောင် သတ္တဝါများက မရေမတွက်နိုင်သော အလင်းမျှင်များကို ဖြန့်၍ ဖန်ရှင်းကို ရစ်ပတ်ရန် ကြိုးစားနေရာ လူတိုင်းက ထိတ်လန့်သွား၏။

ဆရာကြီးလန်နှင့် ဆရာကြီးတစ္ဆေတို့ပင် ထိတ်လန့်တကြား ဖြစ်နေပြီး ယခုလို ဖြစ်ရပ်မျိုး ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ပေ။

ဆရာကြီးတစ္ဆေ၏ ကယ်တင်မှုကိုလည်း အဖွားအိုက ကြားဖြတ် အခွင့်အရေး ယူသွားသဖြင့် ဖန်ရှင်းတွင် လွတ်မြောက်ရန် အခွင့်အရေး မရှိသလောက် ဖြစ်နေသည်။

"ကောင်လေး စိတ်မပူနဲ့.. ငါမင်းကို ကယ်တင်မယ်"

လုကျန်းက ကျယ်လောင်စွာ ကြုံးဝါးလိုက်ပြီး လက်ထဲမှ အစီအရင် ထိန်းချုပ်သည့် အလံကို ဝှေ့ရမ်းလိုက်ရာ အစီအရင်က ပြောင်းပြန် သက်ရောက်သွားပြီး ဖန်ရှင်း၏ ပတ်ပတ်လည်မှ ချီစွမ်းအား ချို့ယွင်းချက်က လုကျန်းထံသို့ ရောက်ရှိသွားသည်။

တစ်ချိန်တည်းမှာပင် ချီ ချို့ယွင်းချက်နေရာ အပြောင်းအလဲက

အဖြူရောင် ကျောက်တုံးထဲမှ ထွက်လာသော ထူးဆန်းသော အနက်ရောင် သတ္တဝါများ၏ အာရုံကို ချက်ချင်းပင် ဖမ်းစားနိုင်ခဲ့သည်။

ဖန်ရှင်း၏ ပတ်ပတ်လည်မှ အလင်းမျှင်များက တခဏချင်းမှာပင် တိမ်တိုက်ကဲ့သို့ လွင့်ပျံလာပြီး လုကျန်းထံသို့ ရောက်ရှိသွားသည်။

ထိုအချိန်တွင် ဖန်ရှင်း၏ ပတ်ပတ်လည်၌ လေဟာနယ် တစ်ခုပေါ်ပေါက်လာသည်။

ဖန်ရှင်းက ခဏမျှ မှင်တက်သွားပြီး လုကျန်းကို မယုံကြည်နိုင်စွာ ကြည့်နေမိသည်။

"မြန်မြန်ထွက်လာခဲ့.. "

တစ်စုံတစ်ယောက်က ဖန်ရှင်းကို စိုးရိမ်တကြီး လှမ်းပြောလိုက်သည်။

ဖန်ရှင်းကလည်း ထိုလူ၏ စကားအတိုင်းပင် လေဟာနယ်ထဲသို့ ချက်ချင်း ခုန်ထွက်လိုက်သည်။

ယင်းအချိန်မှာပင် ဆရာကြီးလန်နှင့် ဆရာကြီးတစ္ဆေတို့က ဖန်ရှင်း၏အနားသို့ ရောက်လာကြသည်။

သူတို့နှစ်ဦး ရောက်လာသောကြောင့် ဖန်ရှင်းက ဘေးကင်းလုံခြုံသွားပြီဟု ဆိုနိုင်သည်။

ဖန်ရှင်းက ဘေးကင်း လုံခြုံသွားသည်နှင့် လုကျန်းဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအဖိုးအိုက အလွန်ထူးခြားပြီး ကြီးမားသော အစီအရင်ကိုပင် ပြောင်းပြန်လှန်ပစ်ကာ သူ၏ အခက်အခဲကို ဖြေရှင်းပေးခဲ့သည်။

သို့ရာတွင် လုကျန်းကမူ အနက်ရောင် သတ္တဝါများ၏ ပစ်မှတ်အဖြစ်သို့ ကျရောက်သွားခဲ့ရသည်။

လက်ရှိအချိန်တွင် အနက်ရောင် အလင်းမျှင် ခုနစ်ခု.. ရှစ်ခုခန့်က လုကျန်း၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားပြီ ဖြစ်သည်။

"အဖိုးကြီး.. မြန်မြန်ပြန်ဆုတ်လေ"

ဖန်ရှင်းက စိုးရိမ်တကြီး အော်ဟစ်လိုက်သည်။

ထိုမြင်ကွင်းကို ကြည့်ကာ အားလုံးက တုန်လှုပ်နေပြီး တစ်ပြိုင်နက် ဆုတ်ခွာလုနီးပါးပင် ဖြစ်သွားရသည်။

လက်ရှိတွင် လုကျန်းကို အပြင်းအထန် တိုက်ခိုက်နေသော အနက်ရောင် အလင်းမျှင်များ၏ နားသို့ မည်သူမျှ ချဉ်းကပ်ဝံ့ခြင်းမရှိပေ။

"ငါလာပြီ"

ဖန်ရှင်းက လုကျန်း၏ အဖြစ်ဆိုးကို မကြည့်ရက်နိုင်တော့ဘဲ ရှေးဟောင်းဓားကို ထုတ်ကာ လုကျန်းထံသို့ ပျံသန်းလာပြီး အနက်ရောင် အလင်းမျှင်များကို ခုတ်ဖြတ်လိုက်သည်။

ယင်းအချိန်မှာပင် အနက်ရောင် အလင်းမျှင်များကတစ်စုံတစ်ရာကို ခံစားမိသွားသကဲ့သို့ နောက်ဆုတ်သွားကြသည်။

ဖန်ရှင်းက လုကျန်း၏ ခန္ဓာကိုယ်ကို ထိုးဖောက်နေသည့် အလင်းမျှင်များကို ဓားဖြင့် ခုတ်ဖြတ်လိုက်ရာ အလင်းမျှင်များက လုကျန်း၏ ခန္ဓာကိုယ်ထဲမှ ပြန်လည် ထွက်သွားကြသော်လည်း အလင်းမျှင်သုံးခုကမူ လုကျန်း၏ ခန္ဓာကိုယ်ထဲသို့ မြွေတစ်ကောင်နှယ် ဝင်ရောက်သွားကြသည်။

"အဆင်ပြေရဲ့လား အဖိုးကြီး"

ဖန်ရှင်းက လုကျန်း၏ ဒဏ်ရာကို မြင်လျှင် စိုးရိမ်တကြီး မေးလိုက်ပြီး ဒဏ်ရာကို စစ်ဆေးရန် ပြင်လိုက်သည်။

ထိုအချိန်မှာပင် ရောမ လက်တစ်ဖက်က အဝေးကနေ ဖန်ရှင်းကို ဖမ်းဆွဲ၍ ဟန့်တားလိုက်ရာ ဖန်ရှင်းက ဒေါသတကြီးဖြင့် လှည့်ကြည့်လိုက်သည်။

ရောမလက်ပိုင်ရှင်မှာ ဆရာကြီးလန် ဖြစ်နေသည်။

"မင်းသူ့ကို သွားမကိုင်နဲ့.. လုကျန်းက ရက်စက် ကြမ်းကြုတ်တဲ့

ကြယ်သတ္တဝါကောင်ရဲ့ လက်ချက်မိသွားပြီ.. မင်းကို ကူးစက်သွားမှာ မကြောက်ဘူးလား"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ထိတ်လန့်သွားပြီး ဘေးဘီကို စေ့ကြည့်လိုက်သောအခါ အခြား အကြီးအကဲများက ပုန်းအောင်းနေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရသည်။

"ကြယ်ရောင်စုံ ကောင်းကင်မှာ မွေးဖွားလာတဲ့ သတ္တဝါတွေကအရမ်းထူးဆန်းတယ်.. သူတို့ရဲ့ လက်ချက်မိသွားရင် အဆိပ်ပြင်းမိသလို ချက်ချင်း သေကြတာ များတယ်.. ခုတော့ လုကျန်းက ခံလိုက်ရပြီ.. ဒီလို အဆိပ်မျိုးက ကူးစက်တတ်လို့ လုကျန်းနဲ့ ခပ်ခွာခွာနေတာ အကောင်းဆုံးပဲ"

"ငါ့အတွက် စိတ်မပူနဲ့ ကောင်လေး.. ငါအဆင်ပြေပါတယ်"

မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည့် လုကျန်းက အားတင်း၍ ပြောလိုက်သည်။

ယင်းနောက် သူက ခါးသီးစွာ ပြုံးလိုက်ပြီး

"ငါ အတွက်အချက် အနည်းငယ် မှားသွားလို့ ဖြစ်မှာပါ.. ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ ငါတကယ် မမျှော်လင့်ထားခဲ့ဘူး"

စကားဆုံးသည်နှင့် လုကျန်းက သက်ပြင်းချကာ ခွန်အားများကို စုစည်းလိုက်ပြီး ခန္ဓာကိုယ်ထဲမှ အနက်ရောင် အလင်းမျှင်များကို တွန်းလှန်ရန် ကြိုးစားလိုက်သည်။

သို့ရာတွင် သူ၏လုပ်ဆောင်ချက်က ထိရောက်မှု မရှိဘဲသူ၏ အော်ရာသာ လျင်မြန်စွာ အားနည်းလာခဲ့သည်။

"ဘာမှမထူးဘူး"

"ဒီအနက်ရောင် သတ္တဝါတွေက လုကျန်းရဲ့ခွန်အားတွေနဲ့ အော်ရာတွေကိုပါ ဝါးမျိုနေကြပုံပဲ"

ကျင့်ကြံသူများက လုကျန်းကို ကရုဏာသက်စွာ ကြည့်နေကြသည်။

ထိုကဲ့သို့ကြည့်ရင်း ၎င်းတို့၏ စိတ်ထဲတွင် မနှစ်မြို့စရာ

ခံစားချက်များ ပေါ်လာသည်။

"အဖိုးကြီး.. မင်းသေလို့မဖြစ်ဘူး"

"သွားစမ်း"

လူတိုင်းက ဝမ်းနည်း ပူဆွေးနေသော အချိန်တွင် ဖန်ရှင်းက ပြင်းထန်စွာ ကြုံးဝါးလိုက်ပြီး ခါးမှ အရိုးစုဦးခေါင်းခွံဖြင့် လုကျန်းကို ဆောင့်ထည့်လိုက်ရာ လုကျန်းက နဂါးအရိုး ဘုရားကျောင်းထဲသို့ လွင့်စင်သွားသည်။

ထိုလုပ်ရပ်က လူတိုင်းကို အံ့အားသင့်စေခဲ့သည်။

လုကျန်းက ဖန်ရှင်းကို ကယ်တင်ရင်း ထိုကဲ့သို့ ဖြစ်ရပ်ဆိုးကိုကြုံတွေ့ခဲ့ရခြင်း ဖြစ်ရာ ယခုလုပ်ရပ်က အသက်သခင် ကျေးဇူးရှင်ကို ကျေးစွပ်ရာ ရောက်နေသည် မဟုတ်ပါလော။

သို့သော် သိပ်မကြာခင်မှာပင် ဖန်ရှင်း၏ ရည်ရွယ်ချက်ကို သူတို့က နားလည်သွားကြသည်။

"ကျေးဇူးပဲ ကောင်လေး"

ဖန်ရှင်း၏ ရိုက်နှက်ခြင်းကို ခံခဲ့ရသော်လည်း လုကျန်းက ဖန်ရှင်းကို မမုန်းတီးရုံသာမက ကျေးဇူးပင် တင်နေသေးသည်။

နဂါးအရိုး ဘုရားကျောင်းသို့ ရောက်ပြီးနောက် လုကျန်း၏ ခန္ဓာကိုယ်ပေါ်ရှိ ရောင်ရမ်းမှု အရှိန်က သိသိသာသာပင် နှေးကွေးသွားသည်။

အနက်ရောင် သတ္တဝါများက နဂါးအရိုး ဘုရားကျောင်း၏ မီတာတစ်ရာ ပတ်လည်တွင်သာ ရှိကြသောကြောင့် ဘုရားကျောင်းကို ကြောက်လန့်ကြောင်း ဖန်ရှင်းက သိလိုက်ရသည်။

ထို့ကြောင့် သူက လုကျန်းကို နဂါးဘုရားကျောင်းသို့ ရွှေ့ပြောင်းလိုက်ခြင်းပင်။

ယင်းက လုကျန်းကို ချက်ချင်း မသေအောင် အချိန်ဆွဲထားခြင်းသာ ဖြစ်၏။

ကျင့်ကြံသူများက လုကျန်း၏ သွေးရောင် မရှိသော မျက်နှာကို ကြည့်ကာ စိတ်ထဲတွင် လေးလံသွားကြသည်။

"ငါ့ကို လုပ်ကြံချင်နေတာ ဘယ်သူလဲ"

ယင်းအချိန်မှာပင် ဖန်ရှင်းထံမှ ကျယ်လောင်သော ကြုံးဝါးသံ ထွက်ပေါ်လာသည်။

သူ့မျက်လုံးတွေက နီရဲနေပြီး အေးစက်သော အငွေ့အသက်များ ထွက်ပေါ်နေသည်။

သူ၏ ဒေါသရိပ်လွှမ်းသော အသံက လူတိုင်းကို ထိတ်လန့်စေခဲ့သည်။

တကယ်တမ်းတွင် ကျင့်ကြံသူများကလည်း ဖန်ရှင်းကဲ့သို့ပင်သံသယဝင်ခဲ့ကြသည်။

အစီအရင်ကို တစ်စုံတစ်ယောက်က တမင်ချို့ယွင်းချက် ဖြစ်အောင်

လုပ်လိုက်သည်မှာ ထင်ရှားနေသည်။

လုကျန်းသာ မကယ်တင်လျှင် ယခုအချိန်၌ ဖန်ရှင်းက အသက်ရှင်လျက် ရှိနေတော့မည် မဟုတ်ချေ။

သို့ရာတွင် တရားခံကို စဥ်းစားရင်း ခေါင်းကိုက်ရမည့် အချက်တစ်ချက်ကလည်း ရှိသေးသည်။

သူတို့ အားလုံးက တစ်လှေတည်းစီး ဖြစ်ရာ အကယ်၍ တစ်ယောက်ယောက်သာ သေခဲ့လျှင် ကျန်ငါးယောက်က မည်ကဲ့သို့ ရှင်သန်နိုင်ပါမည်နည်း။

အပိုင်း(၁၂၆၇) ပြီး၏

အပိုင်း(၁၂၆၈) အကြီးအကဲများကိုလှည့်စားခြင်း

"ဆရာကြီးဝမ်လား ဆံပင်ကောက်ကောက်နဲ့ အဖွားကြီးလား.. ဒါမှမဟုတ် တခြား တစ်ယောက်ယောက်လား"

ဖန်ရှင်း၏ ဒေါသရိပ်လွှမ်းသော မျက်လုံးများက အကြီးအကဲ
လေးဦး၏ မျက်နှာများပေါ်သို့ ကျရောက်လာသောအခါ
အကြီးအကဲများက တစ်ယောက်ကို တစ်ယောက်
ကြည့်လိုက်ကြသည်။

"ဘယ်သူလဲ.. ဘယ်သူက လှည့်ကွက်တွေကို သုံးနေတာလဲ"

မည်သို့သောသူက နှစ်လနီးပါး သေအတူရှင်မကွာ လက်တွဲလာသော
သူများကို ဒုက္ခပေးနိုင်ပါမည်နည်း။

ဖန်ရှင်း၏ အေးစက်သော မျက်ဝန်းက ဆရာကြီးဝမ်နှင့်
အဖွားအိုထံသို့ ရောက်ရှိသွားသည်။

သူ သံသယ အရှိဆုံးသူမှာ ၎င်းတို့နှစ်ဦးပင် ဖြစ်၏။

ဆရာကြီးဝမ်က သူနှင့် အဖွားအိုတို့ မတိုင်မီ လေဟာနယ်ထဲသို့
အရင်ဦးဆုံး ခုန်ထွက်သွားသူ ဖြစ်သည်။

အဖွားအိုကမူ ဖန်ရှင်းနှင့် အတူ ပိတ်မိနေသော်လည်း ဆရာကြီးတစ္ဆေ၏ အကူအညီကို ပိတ်ဆို့ခဲ့သည့် အပြင် လမ်းခရီး တစ်လျောက်လုံး ဖန်ရှင်းနှင့် အကြီးအကျယ် ပြဿနာ တက်ခဲ့သူ ဖြစ်၏။

အကယ်၍ အဖွားအိုကသာ တရားခံ ဖြစ်နေလျှင် အံ့သြစရာတော့ မဟုတ်ပေ။

အဖွားအိုက ဤအရာအားလုံးကို ရည်ရွယ်ချက်ရှိရှိ စီစဉ်ထားမှန်း မည်သူက သိနိုင်မည်နည်း။

လူတိုင်း၏ နှလုံးသားထဲတွင် အချိန် အတိုင်းအတာ တစ်ခုအထိ အတွေးမျိုးစုံဖြင့် လှည့်ပတ်နေသည်။

အဆုံးသတ်တွင် ဤကိစ္စက အလွန် အရေးကြီးပြီး သက်သေမယ်မယ်ရရ မရှိဘဲ အပြစ်တင်၍ ရသော ကိစ္စမဟုတ်ပေ။

"အခု ငါတို့ အားလုံးက တစ်လှေထဲစီးတွေ ဖြစ်ကြပြီး ကြယ်ပင်လယ်ကို ကျော်ဖြတ်ဖို့ အချင်းချင်း ပူးပေါင်းနေကြရတယ်.. ဒီလို အရေးကြီးတဲ့ အချိန်မှာ ဘယ်သူက မိုက်ရူးရဲဆန်ပြီး

ဒီလိုလုပ်ရပ်ကို ကျူးလွန်ရဲမှာလဲ.. ဒါက နားလည်မှုလွဲတာ ဖြစ်ဖို့များတယ်"

ဆရာကြီးဝမ်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ငါလည်း အဲ့လိုပဲထင်တယ်.."

ဆရာကြီးလန်က အချိန်အတော်ကြာအောင် နားထောင်ပြီးနောက် ဖြည်းညှင်းစွာ ခေါင်းညိတ်လိုက်သည်။

"ဒါက ချီသဲလွန်စ ပေါက်ကြားလို့ ဖြစ်လာရတာပဲ.. တစ်စုံတစ်ဦးက ရည်ရွယ်ချက် ရှိရှိ ပြုလုပ်တယ်လို့တော့ ငါမထင်ဘူး.. မိတ်ဆွေလေး ဒါက မင်းရဲ့ ကျင့်ကြံမှုအခြေခံ မကောင်းလို့ဖြစ်လာတဲ့ ချို့ယွင်းချက်လို့ ငါထင်တယ်"

ဆရာကြီးဝမ်က ဖန်ရှင်းကို ဖျောင်းဖြလိုက်သည်။

သို့ရာတွင် သူ၏ သုံးသပ်ချက်က ယုတ္တိမရှိပေ။

ကပ်ဘေးအဆင့် ကျင့်ကြံသူက ချီစွမ်းအားကိုပင် မထိန်းချုပ်နိုင်ဟု ကြားဖူးပါသလော။

"ဒီကလေးက ငါတို့ကို သက်သက် အာရုံနောက်နေတာပဲ.. ဒီလိုကြယ်ရောင်စုံ ကောင်းကင်ကြီးမှာ ဘယ်သူက လုပ်ကြံရဲမှာလဲ.. ဒါက ကိုယ့်ဘာသာ သက်သေတာနဲ့ တူမနေဘူးလား.. ဒီကောင်လေးက ငါတို့ကို စွပ်စွဲချင်နေတယ်.. ကောင်လေး.. မင်းသိထားရမှာက ရွှံ့ရေထဲမှာ ငါးရှာလို့ မရဘူး ဆိုတာပဲ"

အဖွားအိုက အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"ဟားဟား.. ငါသာ မင်းတို့ကို မယုံကြည်ခဲ့ရင် နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းဆီ ခေါ်လာမှာ မဟုတ်ဘူး.. မင်းတို့နဲ့ပူးပေါင်းဖို့ ငါ့ယောက်ဖကိုတောင် ထိန်းသိမ်းပြီး နဂါးဘိုးဘေးချန်ခဲ့တဲ့ မြေပုံကိုပါ ဝေမျှခဲ့တယ်.. ဒါပေမယ့် အခုလိုမျိုး ငါ့အပေါ် လုပ်ကြံနေမယ် ဆိုရင်တော့ ငါတို့ရဲ့ ပူးပေါင်းမှုကို အဆုံးသတ် ရလိမ့်မယ်"

ဖန်ရှင်းက အဖွားအိုကို စူးစိုက်ကြည့်၍ သူ၏ သဘောထားကိုထုတ်ဖော်လိုက်သည်။

သူ၏စကားက ကျင့်ကြံသူများကို တကယ်ပင် ခေါင်းကိုက်စေသည်။

ဖန်ရှင်း ပြောသွားသည့် စကားက အမှန်တရားများ ဖြစ်ပြီး ဖန်ရှင်း၏ ညှိနှိုင်းမှုကြောင့် နဂါးမင်းသားနှင့် အသေအကျေ မတိုက်လိုက်ရသည့် အပြင် နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းကို လျှောက်ရာ၌ ထင်ထားတာထက်ပင် ရလာဒ်က အဆများစွာ ပိုကောင်းခဲ့သည်။

ဤကဲ့သို့ ပြီးပြည့်စုံနေသည့် အခြေအနေကို အနှောင့်အယှက်ပေးသည့်သူက မည်သူနည်း။

ကျင့်ကြံသူများက အမှောင်ထဲမှနေ၍ လှည့်စားသည့်သူကို ဒေါသထွက်နေကြသည်။

ဆရာကြီးတစ္ဆေကမူ ဘာမှတ်ချက်မှ ဝင်မပေးဘဲ လုကျန်း၏ အခြေအနေကိုသာ တည်ငြိမ်စွာ ကြည့်ရှုနေသည်။

အမည်မသိ တရားခံက ဖန်ရှင်းကို အန္တရာယ်ပြုမည့် အစီအစဉ် မအောင်မြင်သော်လည်း အဆုံးသတ်တွင် အကြီးအကဲ

တစ်ဦးကိုတော့ ထိခိုက်အောင် ပြုလုပ်နိုင်ခဲ့သည်။

နဂါးအရိုး ဘုရားကျောင်းထဲရှိ လုကျန်းက ယခုအချိန်အထိ မသေဆုံးသေးပေ။

သူက တပုလ္လင်ခွေ၍ ထိုင်ကာ ခန္ဓာကိုယ်ထဲမှ အနက်ရောင်သတ္တဝါများကို တွန်းလှန်ရန် ကြိုးစားနေသည်။

ယခုလက်ရှိတွင် သူ၏ပုံစံက အတော်လေး ဆိုးရွားနေပြီးအဆိပ်မိထားသူ တစ်ဦးနှင့်ပင် တူနေသည်။

ဖန်ရှင်း မရှိလျှင် ဤခရီးလမ်း၌ သွားလာရ အခက်အခဲ အနည်းငယ်သာ တွေ့မည်ဖြစ်ပြီး လုကျန်း မရှိလျှင်မူ ဤကြယ်ပင်လယ်ကြီးကို မည်သည့်နည်းနှင့်မျှ ဖြတ်ကျော်နိုင်မည် မဟုတ်ချေ။

ဤအခက်အခဲက သူတို့လူစု ဖြတ်သန်း လာခဲ့သည့် ခရီးစဉ်တစ်လျှောက် ပထမဆုံး ကြုံတွေ့ရသည့် အကြီးမားဆုံး အခက်အခဲဟုပင် ဆိုနိုင်ပေသည်။

ထိုကိစ္စကို တွေးမိလျှင် ကျင့်ကြံသူ အားလုံး၏ ရင်ထဲ၌ လေးလံသွားကြသည်။

"ဟင်းဟင်း.. လုကျန်း နေရာမှာ နဂါးကောင်လေးကို အစားထိုးလို့ ရနေတာပဲလေ"

အားလုံး စိတ်သောက ရောက်နေသော အချိန်တွင် အဖွားအိုက ရယ်မော၍ ပြောလိုက်သည်။

ကျင့်ကြံသူများက ထိုစကားကိုကြားလျှင် စိတ်လှုပ်ရှားသွားကြသည်။

လုကျန်းသာ သေဆုံးသွားလျှင် ဖန်ရှင်း ချုပ်နှောင်ထားသည့်နဂါးမင်းသားကို အစားထိုးရန် အဖွားအိုက ကြံစည်ထားပုံရသည်။

နဂါးမင်းသား၏ ကျင့်ကြံမှု အဆင့်ကလည်း လုကျန်းနှင့် မတိမ်းမယိမ်း ဖြစ်ရာ ပြီးပြည့်စုံသော အစားထိုးမှုဟုပင် ခေါ်နိုင်ပေသည်။

အဖွားအိုရဲ့ စကားကြောင့် ကျင့်ကြံသူ အားလုံးက ဖန်ရှင်းကို ကြည့်လိုက်ကြသည်။

"လူတောင် မသေသေးဘူး.. မင်းတို့ရဲ့ အကြံအစည်က မလွန်လွန်းဘူးလား"

ဖန်ရှင်းက ဒေါသတကြီး ကြုံးဝါးလိုက်သည်။

အထူးသဖြင့် အဖွားအိုကို ရိုက်သတ်ချင်စိတ်များ တားဆီးမရစွာ ဖြစ်ပေါ်လာသည်။

"ဟမ့်"

သို့ရာတွင် အဖွားအိုကမူ ဖန်ရှင်း၏ စကားကို အလေးအနက် မထားဘဲ ဖန်ရှင်းကို ခပ်ထေ့ထေ့သာ ကြည့်နေလိုက်သည်။

"ဒီကိစ္စကို နောက်မှ ဆက်ဆွေးနွေးမယ်.. အခု ငါတို့က နဂါးအရိုး ဘုရားကျောင်းဆီတော့ ရောက်လာခဲ့ပြီ.. ဒီဘုရားကျောင်းက အနက်ရောင် သတ္တဝါတွေကို ဟန့်တားနိုင်ပုံရတယ်..

ဘုရားကျောင်းက အတော်လေး လျှို့ဝှက်ဆန်းကြယ်နေတယ်လို့
ငါထင်တယ်.. ငါတို့တွေ သေချာ စူးစမ်းကြည့်ရမယ်"

ဆရာကြီးလန်က ပြောလိုက်ရာ အားလုံးက
ခေါင်းညိတ်လိုက်ကြသည်။

ဆရာကြီးလန်က သက်သေ မရှိဘဲ တစ်ဦးကို တစ်ဦး အပြစ်တင်ရင်း
စည်းလုံးမှု ပြိုကွဲသွားမည်ကို မလိုလားပုံ ရနေသည်။

အဆုံးသတ်တွင် အောင်းလီက သူတို့အပေါ် ခါးခါးသီးသီး
ရန်လိုနေသည်။

မိစ္ဆာလေးက သဘောတူလျှင်ပင် အောင်းလီက သဘောမတူမည်မှာ
သေချာသလောက် ဖြစ်၏။

နဂါးအရိုး ဘုရားကျောင်းက ဤနေရာတွင် ပေါ်ထွက်လာပြီး
ကျင့်ကြံသူများ၏ နှလုံးသားကို လှုပ်ရှားစေခဲ့သည်။

"ဟမ့်.. မင်းတို့ရဲ့ မိတ်ဆွေကိုတောင် မကယ်တင်ရသေးဘဲ

ကံကြမ္မာကောင်းတွေ ရှာဖို့ စဉ်းစားနေတာလား"

ဖန်ရှင်းက လှောင်ပြောင်၍ ပြောလိုက်ပြီး
လုကျန်းနားသို့လျှောက်သွားလိုက်သည်။

သူ၏ ခန့်တဲ့တဲ့ စကားက နဂါးအရိုး ဘုရားကျောင်းကို
အာရုံရောက်နေသော ကျင့်ကြံသူများကို အနည်းငယ်
ရှက်ရွံ့သွားစေခဲ့သည်။

ဖန်ရှင်းက လုကျန်း၏ ဒဏ်ရာကို ကြည့်ရှုစစ်ဆေးရန်
နဂါးအရိုးဘုရားကျောင်းကို သွားနေသည်ဟု သူတို့ အားလုံး
ထင်မှတ်နေသော အချိန်တွင် ဖန်ရှင်းက နဂါးအရိုး ဘုရားကျောင်း၏
အတွင်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားခဲ့သည်။

တကယ်တမ်းတွင် ဖန်ရှင်းက လုကျန်းကို ဗန်းပြ၍ မလိမ့်တပတ်
လုပ်သွားခြင်းပင်။

"ဒီကောင်.. ငါတို့ကို ကလိမ်ကျသွားပြီ "

"သွားကြရအောင် သူ့ကို မဦးစေနဲ့"

ကျင့်ကြံသူ လေးဦးကလည်း ဘုရားကျောင်းကို ဦးတည်၍ လျင်မြန်စွာပင် ပြေးသွားကြသည်။

သူတို့က မိစ္ဆာလေး၏ အကျင့်စရိုက်ကို ယုံကြည်မှု သိပ်မရှိပေ။

ပစ္စည်းကောင်း တစ်ခုခုကို ရှာတွေ့လျှင် မိစ္ဆာလေးက နတ်နန်းတော် ကမ္ဘာငယ်လေးထဲတွင် ဖွက်ထားလိုက်မည်ကို ကြိုသိနေခဲ့၏။

"အိုး.. "

ယင်းအချိန်မှာပင် ဖန်ရှင်း၏ ဝမ်းနည်းပူဆွေးစွာ ရေရွတ်သံကို ဘုရားကျောင်းထဲကနေ ရုတ်တရက် ကြားလိုက်ရ၏။

ထိုအသံကြောင့် ကျင့်ကြံသူလေးဦးက တုန်လှုပ်သွားပြီး ခန္ဓာကိုယ်ပင် အနည်းငယ် အေးခဲသွားသည်။

တစ်ချိန်တည်းမှာပဲ ၎င်းတို့က ဘုရားကျောင်း အတွင်းထဲသို့ အလျင်စလို စွပ်စွက် မဝင်ရဲတော့ဘဲ ကြောက်မက်ဖွယ်ရာ အတွေးတစ်ခုက နှလုံးသားထဲတွင် ပေါ်ပေါက်လာခဲ့သည်။

"ဘုရားကျောင်းထဲမှာ အန္တရာယ်တစ်ခုခု ရှိနေတာများလား"

အပိုင်း(၁၂၆၈) ပြီး၏

အပိုင်း(၁၂၆၉) နဂါးအရိုးဘုရားကျောင်း

နဂါးအရိုး ဘုရားကျောင်းထဲ ဖန်ရှင်း ပြေးဝင်သွားသည်ကို မြင်သည်နှင့် ဘုရားကျောင်းထဲမှ ကံကြမ္မာ အားလုံး သိမ်းကြုံးယူသွားမည်ကို ကျင့်ကြံသူများက စိုးရိမ်သွားကြသည်။

သူတို့ထဲမှ တစ်စုံတစ်ယောက်သာ ကံကြမ္မာကောင်းကို ရရှိလျှင် ညီတူညီမျှ ဝေစုရယူရန် တောင်းဆိုနိုင်သော်လည်း မိစ္ဆာလေး လက်ထဲသို့ ရောက်သွားလျှင်မူ ၎င်းတို့ဆီ လက်ဆင့်ကမ်းဖို့ ခက်ခဲသွားလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့က ဘုရားကျောင်းထဲသို့ အပြေးအလွှား သွားခဲ့ကြခြင်း ဖြစ်၏။

သို့ရာတွင် မိစ္ဆာလေး၏ ဝမ်းနည်း ပူဆွေးသော အသံကို ဘုရားကျောင်း အထဲမှ ရုတ်တရက် ကြားလိုက်ကြရာ ၎င်းတို့၏ နှလုံးသားများ တုန်လှုပ်သွားကြသည်။

ထို့နောက်တွင် ကျင့်ကြံသူ တစ်ဦးစီက ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းများဖြင့် ဘုရားကျောင်းထဲသို့ စူးစမ်း လေ့လာခဲ့ကြသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဆရာကြီးလန်က ခန္ဓာကိုယ် နှစ်ခုကို ခွဲထုတ်လိုက်၏။

မူလခန္ဓာကိုယ်က ဘုရားကျောင်းအဝတွင် ရှိနေဆဲ ဖြစ်သော်လည်း ကိုယ်ပွားကမူ ဘုရားကျောင်း အထဲသို့ ဝင်ရောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် မှော်နည်းစနစ် ပညာရှင် ဖြစ်သော ဆရာကြီးဝမ်ကလည်း မှော်အကွခရာ စာရွက်ကို လူသားအသွင်

ဖန်တီးလိုက်ပြီး ဘုရားကျောင်းထဲသို့ စေလွှတ်လိုက်သည်။

အဖွားအိုနှင့် ဆရာကြီး တစ္ဆေကလည်း ဤကိစ္စမျိုးတွင် မနေးချေ။

အဖွားအိုက ရုပ်သေး တစ်ကောင်ကို စေလွှတ်လိုက်ပြီး ဆရာကြီးတစ္ဆေကမူ အနက်ရောင် အခိုးအငွေ့ကို ထုတ်ဖော်ကာ ဘုရားကျောင်းထဲသို့ တိုက်ရိုက် စီးဆင်းစေခဲ့သည်။

ဤကဲ့သို့ ကိုယ်စား စေလွှတ်မှုများကြောင့် ဘုရားကျောင်းထဲ၌ အမှန်တကယ် အန္တရာယ် ရှိနေလျှင်ပင် ၎င်းတို့က ကြောက်ရွံ့မှုသိပ်မရှိပေ။

လက်ရှိအချိန်တွင် သူတို့ အတွက် အရေးကြီးဆုံး အရာက ဘုရားကျောင်းထဲမှ အခြေအနေကို သိရှိရန်ပင် ဖြစ်သည်။

အကယ်၍ ဖန်ရှင်း အန္တရာယ် တစ်ခုခု ကြုံတွေ့လျှင်လည်း ကူညီရန် ချက်ချင်း ပြေးလာကြမည် ဖြစ်၏။

သို့ရာတွင် သူတို့၏ မှော်အစွမ်းများဖြင့် အတွင်းပိုင်းအခြေအနေကို

စောင့်ကြည့်ပြီးနောက် အံ့သြသွားကြသည်။

ဤနဂါး အရိုးဘုရားကျောင်း၏ အတွင်းနေရာက အရမ်းကြီး မကျယ်ဝန်းပေ။

ထျန်းယွမ်တိုက်ရှိ တာအိုဘိုးဘေး ခန်းမများလောက်သာ ကျယ်ဝန်း၏။

အလျားနှင့်အနံက ပေအနည်းငယ်မျှသာ ရှည်လျားပြီး အဆုံးကို တစ်ချက်ကြည့်လိုက်ရုံဖြင့်ပင် မြင်နိုင်သည်။

ဘုရားကျောင်းတွင် စင်အများအပြား ရှိနေသည်ကို တွေ့ရသော်လည်း ထိုစင်များပေါ်၌ မည်သည့် ပစ္စည်းမှ မတွေ့ရဘဲ လစ်လပ်နေခဲ့သည်။

ဘုရားကျောင်း၏ အဆုံးတွင်မူ လေးထောင့် ပုံသဏ္ဍာန် သေတ္တာတစ်လုံး ရှိနေသည်။

အကြမ်းဖျင်း သုံးသပ်ရလျှင် ဤနဂါးအရိုး ဘုရားကျောင်း၌ မည်သည့် ရတနာမှ မတွေ့ရဘဲ အရာအားလုံးက ဗလာနတ္ထိ

ဖြစ်နေသည်။

အန္တရာယ် မရှိသည်ကို သတိထားမိသည်နှင့် ကျင့်ကြံသူများက အတွင်းထဲသို့ ဝင်ရောက်လာကြသည်။

"မိတ်ဆွေလေး.. အစောပိုင်းက ဘာကို သတိထားမိလို့ အော်ဟစ်လိုက်တာလဲ"

ဆရာကြီးဝမ်က ဘုရားကျောင်း အတွင်းထဲကို ရောက်သည်နှင့် ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

ကျင့်ကြံသူများက သံသယ မျက်ဝန်းများဖြင့် ဖန်ရှင်းကို ကြည့်လိုက်ကြသည်။

"ငါအော်ဟစ်လိုက်တဲ့ အကြောင်းရင်းက ဘုရားကျောင်းထဲက ရတနာတွေ အားလုံးကို ခေါင်းကိုးလုံးမောင်နှမ ယူသွားတာ သတိထားမိလိုက်လို့ပဲ"

ဖန်ရှင်းက ဗလာဖြစ်နေသော စင်များကို ညွှန်ပြကာ နာကျင်သော

လေသံဖြင့် ပြောလိုက်သည်။

ထိုအခါမှပင် ကျင့်ကြံသူများက အနီးအနားရှိ စင်များကို ကြည့်လိုက်ရာ တစ်စုံတစ်ရာ တင်ထား၍ ကျန်ရစ်ခဲ့သော အရာများကိုသာ တွေ့လိုက်ရသည်။

ရှင်းလင်းစွာ ဆိုရလျှင် ခေါင်းကိုးလုံး မောင်နှမက သူတို့လူစုထက် ဦးစွာ ရတနာများကို ယူဆောင်သွားပြီ ဖြစ်သည်။

"ဒါက အတော် ရက်စက်လွန်းတယ်.. ဒီနေရာမှာ ရတနာတွေအများအပြား ရှိခဲ့မှာ အသေအချာပဲ.. အခုတော့ အားလုံး သိမ်းခံလိုက်ရပြီ"

ဖန်ရှင်းက အံကြိတ်၍ ကျိတ်မနိုင်ခဲမရ ရေရွတ်လိုက်သည်။

သူက ခါးသီးစွာ ကျိန်ဆဲရင်း ရှေ့သို့ လျှောက်လာခဲ့သည်။

ကျင့်ကြံသူများကလည်း ၎င်းတို့၏ ပစ္စည်း အလုခံလိုက်ရသကဲ့သို့ စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။

"ငါ့လို ဒဏ္ဍာရီလာ ဓားပြကို လာကျော်ရအောင် ခေါင်းကိုးလုံးမောင်နှမက သူတို့ကိုယ်သူတို့ ဓားပြအစစ်လို့ ထင်နေလား မသိဘူး"

ဖန်ရှင်း၏ ရေရွတ်သံကြောင့် ပတ်ဝန်းကျင်မှ ကျင့်ကြံသူများက ထူးဆန်းသော အကြည့်များဖြင့် ဖန်ရှင်းကို ကြည့်လိုက်ကြသည်။

ဓားပြဟူသည့် ဂုဏ်ပုဒ်ကို ဝင့်ကြွားစွာ ရွတ်ဆိုရဲသည့် လူငယ်ကို ထျန်းယွမ်တိုက်၏ လူငယ်မျိုးဆက်များထဲမှ တွေ့ရလိမ့်မည်ဟု ကျင့်ကြံသူများက မမျှော်လင့်ထားကြပေ။

"မိတ်ဆွေတို့ ဟိုနေရာကို ကြည့်လိုက်ပါဦး"

ယင်းအခိုက်အတန့်မှာပင် အနက်ရောင်ဝတ် ဆရာကြီး တစ္ဆေက ရုတ်တရက် တစ်နေရာကို ညွှန်ပြ၍ ပြောလိုက်၏။

တကယ်တမ်းတွင် လူတိုင်းက ဆရာကြီးတစ္ဆေ ညွှန်ပြသည့်အရာကို သတိပြုမိပြီးသား ဖြစ်သည်။

ဘုရားကျောင်း၏ အဆုံးတွင် ဆယ်ပေခန့်ရှည်သော အဖြူရောင် အရိုးသေတ္တာ တစ်လုံးရှိနေပြီး ရွှေစာရွက်ဖြင့် စည်းပိတ်ထားသည်။

ထိုအရာကိုကြည့်၍ ဤသေတ္တာကို မည်သူမျှ မဖွင့်ရသေးကြောင်း ထင်ရှားနေသည်။

"ဒီသေတ္တာက တစ်ခုခုပဲ"

ဖန်ရှင်းက ထိုသေတ္တာကို မူမမှန်ဟု ခံစားနေရပြီး လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

ထို့အတူပင် လူတိုင်းကလည်း ထိုသေတ္တာကို သံသယ ဖြစ်နေကြသည်။

သေတ္တာပေါ်တွင် စည်းတံဆိပ်တစ်ခု ရှိနေသော်လည်း အော်ရာအတက်အကျ ရှိမနေချေ။

ထို့ကြောင့် ရွှေစာရွက်က သာမန် စက္ကူတစ်ရွက်မှန်း

ထင်ရှားနေသည်။

သို့ဆိုလျှင် ခေါင်းကိုးလုံး မောင်နှမက အဘယ်ကြောင့် မယူသွားရသနည်း။

"ဆရာကြီးတစ္ဆေ ညွှန်ပြတဲ့ သေတ္တာထဲမှာ ရတနာတွေ ရှိမှာသေချာတယ်.. စုန်းမကြီး.. မင်းသွားမကြည့်ဘူးလား"

ဖန်ရှင်းက ခပ်ယဲ့ယဲ့ပြုံး၍ အဖွားအိုကို ပြောလိုက်သည်။

"ဟမ့်.. စုန်းမကြီး ဆိုတဲ့ နာမည်က မင်းခေါ်စရာလား"

အဖွားအိုက သေတ္တာကို ကြည့်နေရင်းမှ ဖန်ရှင်းကို အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"မင်းရဲ့ အကျိုးအတွက် ငါပြောနေတာနော်.. ဘာလဲ ရတနာတွေကို မလိုချင်တော့ဘူးလား"

ဖန်ရှင်းက အဖွားအိုကို လုံးဝ ကြောက်ရွံ့မှု မရှိဘဲ ပြုံး၍ပြောလိုက်သည်။

"ဒီသေတ္တာကို ပုံမှန်လို့ ငါမထင်ဘူး.. သတိထားတာ ပိုကောင်းမယ်"

ဆရာကြီးလန်က အားလုံးကို သတိပေးလိုက်သည်။

ဖန်ရှင်းကလည်း ငတုံးငအ မဟုတ်ချေ။

ဘုရားကျောင်းထဲကို ရောက်သည်နှင့် ဤသေတ္တာက မူမမှန်သည်ကို သတိထားမိခဲ့သည်။

ခေါင်းကိုးလုံး မောင်နှမက ပစ္စည်းအားလုံးကို သိမ်းယူသွားပြီးမှ ဤသေတ္တာကို အဘယ်ကြောင့် ကွက်၍ ချန်ရစ်ခဲ့ပါသနည်း။

"ဒီသေတ္တာက တစ်ခုခုပဲ"

ကျင့်ကြံသူများက နှစ်ပေါင်းများစွာ အသက်ရှင်လာသူများ ဖြစ်ရာ

အန္တရာယ်နှင့် ကြုံတွေ့နိုင်သော အဆုံးအဖြတ်မျိုးတွင် အလွန်ပင်
သတိရှိနေကြသည်။

ထို့ကြောင့် ၎င်းတို့က တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး မည်သူမှ
ရှေ့တိုး၍ သေတ္တာကို စူးစမ်းလိုစိတ် မရှိကြပေ။

"ဒီနဂါးအရိုး ဘုရားကျောင်းက အင်မော်တယ်လမ်းမှာ တွေ့ရတဲ့
အတွက် နက်နဲတဲ့ အဓိပ္ပါယ် တစ်ခုခု ရှိနေနိုင်တယ်.. ဘာပဲဖြစ်ဖြစ်
သေတ္တာက ငါတို့ကို သဲလွန်စတစ်ခုခု ပေးတာလည်း ဖြစ်ကောင်း
ဖြစ်နိုင်တယ်.. ငါတို့ အလွယ်တကူ လက်လွှတ်ခံလိုက်လို့တော့
မဖြစ်ဘူး.. တစ်နည်းနည်းနဲ့တော့ သေတ္တာကို ဖွင့်မှရမယ်"

ဆရာကြီးလန်က တွေးတွေးဆဆ ပြောလိုက်၏။

"ဒါဆို ငါ့ရဲ့မှော်အကွာရာနဲ့ စမ်းကြည့်လိုက်မယ်"

စကားဆုံးသည်နှင့် ဆရာကြီးဝမ်က မှော်စာရွက် တစ်ရွက်ကို
သေတ္တာဆီသို့ ပစ်လွှတ်လိုက်ရာ မှော်စာရွက်က လေပွေအဖြစ်သို့
ပြောင်းလဲသွားပြီး သေတ္တာကိုဖွင့်ရန် ကြိုးစားလိုက်သည်။

ယင်းအချိန်မှာပင် ထင်မှတ်မထားသော မြင်ကွင်းက ဖြစ်ပေါ်လာသည်။

မော်စာရွက်မှ အသွင်ပြောင်းထားသည့် လေပွေက သေတ္တာနားသို့ ရောက်သည်နှင့် အစအန မကျန်အောင် ပျောက်ကွယ်သွားခြင်းပင်။

"ဒီအရိုးသေတ္တာထဲမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာတစ်ခု ရှိနေတယ်.. အဲ့ဒါက ငါ့ရဲ့မော်အက္ခရာကိုပါ ဝါးမျိုးပစ်လိုက်တယ်"

ဆရာကြီးဝမ်က ထိတ်လန့်သွားပြီး လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"ငါကြိုးစားကြည့်မယ်"

အဖွားအိုက သေတ္တာဆီသို့ မကောင်းဆိုးဝါး မိုလ်ချုပ်ကို အသွင်ပြောင်းထားသည့် ရုပ်သေးရုပ်ကို စေလွှတ်လိုက်သည်။

ရုပ်သေးရုပ်က ပေါင်ထောင်သောင်းချီသည့် အလေးကိုပင်

အသာအယာ မနိုင်သော်လည်း သေတ္တာ၏ အဖုံးကိုမူ မဖွင့်နိုင်ခဲ့ပေ။

"ကြည့်ရတာ ဒီသေတ္တာကို သာမန်နည်းလမ်းတွေနဲ့
ဖွင့်မရဘူးထင်တယ်"

ဆရာကြီးလန်က မျက်မှောင်ကြုတ်၍ ရေရွတ်လိုက်သည်။

"သေတ္တာပေါ်မှာ အော်ရာ အတက်အကျ မရှိတဲ့ စည်းတံဆိပ်စာရွက်
တစ်ခု ရှိနေတယ်.. ရုတ်တရက် ကြည့်ရင် သာမန်စာရွက်တစ်ခုလို
ထင်ရပေမဲ့ စာရွက်ထဲမှာ ဆန်းကြယ်တဲ့ မှော်အစီအရင်တွေ ရှိနေပုံပဲ"

"သာမန် နည်းလမ်းတွေနဲ့တော့ အရိုးသေတ္တာကို ဘယ်လိုမှ ဖွင့်နိုင်မှာ
မဟုတ်ဘူး...ငါတို့ အားလုံးရဲ့ အင်မော်တယ် စွမ်းအားတွေ ပူးပေါင်း
လိုက်ရင်တော့ သေတ္တာကိုဖွင့်ပြီး သေတ္တာထဲက ကံကြမ္မာတွေကို
ရရှိနိုင်လိမ့်မယ်"

ဖန်ရှင်းက ပြုံး၍ ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် ဆရာကြီးလန်၏ အမူအရာက

လေးနက်သွား၏။

ယင်းနောက်တွင် ကျင့်ကြံသူများက ဖန်ရှင်း၏ အကြံကို သဘောတူလိုက်ကြသည်။

"ခေါင်းကိုးလုံး မောင်နှမက ဒါကြောင့် မယူသွားတာ ဖြစ်ရမယ်.. ငါတို့ငါးယောက်ရဲ့ စွမ်းအားတွေကိုသာ စုစည်းလိုက်ရင် သေတ္တာကို ဘာအကြောင်းနဲ့မှ မဖွင့်နိုင်စရာ မရှိဘူး"

ဆရာကြီးဝမ်က တက်ကြွစွာ ပြောလိုက်သည်။

"သေတ္တာထဲမှာ အန္တရာယ် တစ်ခုခု ရှိနေရင် ဘယ်လိုလုပ်မလဲ"

ဆရာကြီးတစ္ဆေက တွေးတွေးဆဆ အမူအရာဖြင့် ပြောလိုက်ရာ အားလုံးက ခဏမျှ တိတ်ဆိတ်သွားကြသည်။

"ဟားဟား.. ဝံပုလွေတွေ ကျားတွေကို ဇွတ်ကြောက်နေရင်ဘယ်လိုလုပ် အင်မော်တယ် ဖြစ်နိုင်မှာလဲ"

ဖန်ရှင်းက ရုတ်တရက် လှောင်ပြောင်လိုက်ပြီး အရိုးသေတ္တာဆီသို့ သူ၏ လက်ဖဝါးကို ဆန့်ထုတ်လိုက်သည်။

ထို့နောက်တွင် သူက နောက်သို့ လှည့်ကြည့်လိုက်ပြီး

"အသုံးမကျတဲ့သူတွေ ဘာကြောင့်ကြည့်နေတာလဲ.. မြန်မြန် လာကူကြလေ"

ဟု ကြိမ်းမောင်းလိုက်သည်။

အပိုင်း(၁၂၆၉) ပြီး၏

အပိုင်း(၁၂၇၀) အရိုးသေတ္တာ၏လျှို့ဝှက်ချက်

ဖန်ရှင်း၏ ကြိမ်းမောင်းမှုကြောင့် အကြီးအကဲများက အရိုးသေတ္တာဆီသို့ ရဲဝံ့စွာ လှမ်းလာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူတို့က လက်ဝါးကို ပြိုင်တူ ဆန့်ထုတ်လိုက်ပြီး အရိုးသေတ္တာကို ရွယ်လိုက်ကြသည်။

သူတို့၏ လက်ချောင်းထိပ်ဖြင့် ထိတွေ့လိုက်ရုံဖြင့် ဤသေတ္တာက အလွန် လေးလံသော ပစ္စည်း ဖြစ်ကြောင်း ခံစားလိုက်ရသည်။

"ကဲ စလိုက်ရအောင်"

ဆရာကြီးလန်က သေတ္တာကို အနီးကပ် လေ့လာပြီးနောက် ကျင့်ကြံသူများကို တိုက်တွန်းလိုက်သည်။

အကြီးအကဲ လေးဦးနှင့် ဖန်ရှင်းတို့က အရိုးသေတ္တာ၏ အဖုံးပေါ်တွင် လက်ဖဝါးကို တစ်ပြိုင်တည်း တင်ကာ ဘေးချင်းကပ်လျက် ရပ်လိုက်ကြသည်။

ထို့နောက်တွင် ၎င်းတို့က စိတ်ဝိညာဉ် အတွေးအမြင်များကို ထုတ်လွှတ်ကာ လေထဲတွင် ပေါ့ပါးစွာ ထိတွေ့လိုက်ခြင်းဖြင့် အချင်းချင်း အတွေးများကို နားလည်ခဲ့ကြသည်။

လက်ဖဝါး ငါးခုမှ စွမ်းအားများက တစ်စုတစ်စည်းထဲ ပေါင်းစည်း သွားပြီးနောက်တွင် ဖော်မပြနိုင်လောက်အောင် ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားများ ထွက်ပေါ်လာသည်။

ထိုစွမ်းအားက အရိုးသေတ္တာပေါ်သို့ သက်ရောက်သွားသည်နှင့် သေတ္တာအဖုံးက တုန်ခါသွားပြီး အနည်းငယ် ပွင့်သွားပြီဟု သူတို့က ခံစားမိလိုက်သည်။

ယင်းနောက်တွင် သူတို့လူစုက ခဏကြာ စောင့်ဆိုင်းလိုက်သော်လည်း ထူးထူးခြားခြား တစ်စုံတစ်ရာ မပေါ်လာသေးသောကြောင့် တစ်ယောက်ကို တစ်ယောက် အဓိပ္ပါယ်ပါသော မျက်ဝန်းများဖြင့် ကြည့်လိုက်ကြသည်။

ဤအခိုက်အတန့်မှာပင် ပြင်းထန်သော အန္တရာယ်အငွေ့အသက်ကို သူတို့လူစုက ရရှိလိုက်ပြီး ပေဒါဇင်နဲ့ချီ နောက်သို့ တစ်ပြိုင်နက် ဆုတ်လိုက်ကြသည်။

ယင်းအချိန်မှာပင် အစောပိုင်းက သူတို့ ဖွင့်ထားသည့် အရိုး သေတ္တာထဲမှ ထူးဆန်းသော အနက်ရောင် အလင်းမျှင်များ ထွက်ပေါ်လာသည်။

ထိုအရာကို မြင်သည်နှင့် သူတို့၏ နှလုံးသားထဲ၌ ဆိုးရွားသော ခံစားချက်ကို ရရှိခဲ့ပြီး အနည်းငယ်ပင် ကြောက်လန့်သွားခဲ့သည်။

တစ်ချက်ကြည့်လိုက်ရုံဖြင့်ပင် နှလုံးသား တစ်ခုလုံး စုံးစုံးမြုပ်သွားသလို ခံစားလိုက်ရ၏။

သေတ္တာထဲမှ ကြီးကျယ် ခမ်းနားသော ကံကြမ္မာဟု သူတို့ ထင်နေသော အရာမှာ အဖြူရောင် ကျောက်တုံးတစ်တုံး ဖြစ်နေသည်။

အဖြူရောင် ကျောက်တုံးက ဖရဲသီး အရွယ်အစားရှိပြီး သာမန်မျက်စိဖြင့် မမြင်နိုင်သော အပေါက်ငယ်များလည်း ရှိနေသည်။

အနက်ရောင် အလင်းမျှင်များက ထိုအပေါက်ငယ်များမှ စိမ့်ထွက်လာကြခြင်း ဖြစ်သည်။

"ဒါက ကြယ်စီးကြောင်းထဲမှာ ငါတို့ကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ ကျောက်တုံး မဟုတ်လား"

ထိုကျောက်တုံးကို သေတ္တာထဲသို့ ထည့်ပြီး ရတနာသေတ္တာကဲ့သို့ ပြင်ဆင်ထားသည်မှာ အံ့အားသင့်စရာ ကောင်းနေသည်။

ဤမြင်ကွင်းက တကယ်ကို ရယ်စရာကောင်းသော ခံစားချက်ကို ပေးစွမ်းနေ၏။

"သေတ္တာထဲက ရတနာ အစစ်အမှန်ကို ခေါင်းကိုးလုံး မောင်နှမသိမ်းသွားတာ ဖြစ်နိုင်တယ်.. ဒီမောင်နှမက သူတို့ အနောက်ကနေ လိုက်မလာနိုင်အောင် သေသေချာချာ ကြံစည်ထားကြတာပဲ.. နဂါးတံခါးဝ မှာတုန်းကလည်း မကောင်းဆိုးဝါးဘုရင် ရှစ်ပါးကို အစောင့်ထားခဲ့ပြီး ငါတို့ကို ဟန့်တားခဲ့သေးတယ်.."

ဖန်ရှင်းက အဖြူရောင် ကျောက်တုံးကို ငေးကြည့်ရင်း ပြောလိုက်သည်။

ယင်းအချိန်တွင် ဆရာကြီးဝမ်က ထူးဆန်းသော အမူအရာဖြင့်

"ဒါပေမဲ့ ငါကြည့်တာ သေတ္တာမှာ ကပ်ထားတဲ့ စည်းတံဆိပ်က စုတ်ပြဲမနေဘူးလေ.. အဲ့ဒါက မဖွင့်ရသေးတဲ့ အစိပ္ပါယ်ကို သက်ရောက်မနေဘူးလား"

ဟု ပြောလိုက်သည်။

"အဲ့လောက်ကတော့ လွယ်ပါတယ်.. သေတ္တာမှာ စာရွက်အသစ်တစ်ရွက် ကပ်လိုက်ရင် ပြီးနေတာပဲ မဟုတ်လား"

ဖန်ရှင်းက ဆရာကြီးဝမ်ကို ရှင်းပြလိုက်သည်။

ထိုအခါမှ ဆရာကြီးဝမ်က သူ့နဖူးကိုသူ လက်ဝါးဖြင့် ရိုက်လိုက်ပြီး

"ဤမျှ ရိုးရှင်းသော နည်းလမ်းကို မသိရကောင်းလား"

ဟု သူ့ကိုယ်သူ အပြစ်တင်လိုက်၏။

"ဟားဟား.. အခုတော့ သိသွားပြီ မဟုတ်လား"

ဖန်ရှင်းက နဂါးအရိုး ဘုရားကျောင်း၏ အဝတွင်ထိုင်၍ လွတ်လပ်စွာ ရယ်မောလိုက်ပြီး ဘူးသီးခြောက် အရက်ဗူးထဲမှ အရက်များကို မော့သောက်လိုက်သည်။

ဤနဂါးအရိုး ဘုရားကျောင်း၌ ကံကြမ္မာ အခွင့်အလမ်း များပြားစွာ ရှိသော်လည်း ထောင်ချောက်မှလွဲ၍ ဘာမှ မကျန်ရှိတော့ပေ။

"ခေါင်းကိုးလုံး မောင်နှမထက် နောက်ကျပြီး ရောက်လာမှတော့ ငါတို့အတွက် ဘာမှ မျှော်လင့်စရာ မရှိတော့ပါဘူး.. ဘာပဲဖြစ်ဖြစ် ငါတို့ အနားယူပြီးရင် ရှေ့ဆက်လိုက်ရအောင်.. ကြယ်ပင်လယ်ကို ဖြတ်ကျော်လို့ ပြီးတဲ့အခါမှပဲ ဒီအကြောင်းတွေကို ဆွေးနွေးကြတာပေါ့"

ဆရာကြီးလန်က သက်ပြင်းချကာ တိုးတိုးလေး ပြောလိုက်သည်။

"ဟုတ်တယ် အနားယူပြီးတာနဲ့ ငါတို့ ရှေ့ဆက်ရမယ်.. အခွင့်အလမ်းတွေက ဘာမို့လို့လဲ.. အင်မော်တယ် ဖြစ်ဖို့ကသာ ငါတို့အတွက် အရေးကြီးဆုံးပဲ"

အဖွားအိုကလည်း ဆရာကြီးလန်၏ စကားကို ထောက်ခံလိုက်သည်။

အကြီးအကဲလေးဦး စကားစမြည် ပြောဆိုနေသော
အချိန်တွင်ဖန်ရှင်းက လုကျန်း၏ အခြေအနေကို အကဲခတ်နေသည်။

သိပ်မကြာခင်မှာပင် ဆရာကြီးလန်.. ဆရာကြီးဝမ်နှင့် အဖွားအိုတို့က
ဖန်ရှင်း၏ အနားသို့ ချဉ်းကပ်လာကြသည်။

"နဂါးမင်းသား အောင်းလီကို အခုကတည်းက လွှတ်ပေးထားရင်
ကောင်းမယ်ထင်တယ်.. ဒါမှ အစားထိုးတဲ့အခါ
ငါတို့နဲ့ရင်းနှီးနေပြီးသား ဖြစ်မှာ "

ဆရာကြီးဝမ်က ပေါ့ပေါ့ပါးပါးပင် ဖန်ရှင်းကို ပြောလိုက်သည်။

အနက်ရောင် သတ္တဝါများ(ဝါ) ကြယ်သတ္တဝါများ၏ အန္တရာယ်ကို
ကာကွယ်ရန် ပျက်စီးခြင်းရှစ်ပါး သဟဇာတ ခြောက်ပါး အစီအရင်ကို
လုကျန်းက ပြုလုပ်ပေးခဲ့သည်။

သို့သော် ယင်း အစီအရင်ကို ထိန်းချုပ်ရန် အနည်းဆုံး လူခြောက်ဦးခန့် လိုအပ်သည်။

အကယ်၍သာ လုကျန်းက သေဆုံးသွားပြီး အောင်းလီက လုကျန်း နေရာကို အစားမဝင်ဘူး ဆိုလျှင် သူတို့အားလုံးက ဤနဂါးဘုရားကျောင်းတွင် သောင်တင် နေလိမ့်မည် ဖြစ်၏။

"မဖြစ်နိုင်ဘူး"

ဖန်ရှင်းက ဆရာကြီးဝမ်၏ စကားကို ကြားသည်နှင့် ပြတ်ပြတ်သားသားပင် ငြင်းဆိုလိုက်သည်။

သူ၏ ခါးခါးသီးသီး အမူအရာကို မြင်လျှင် ဆရာကြီးဝမ်တို့က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

၎င်းတို့၏ အကြည့်များထဲတွင် ဒေါသရိပ်များ ပါဝင်နေသည်။

"မိတ်ဆွေလေးက လွယ်လွယ်နဲ့ သဘောမတူနိုင်ဘူးလို့ ငါ ခန့်မှန်းထားပြီးသားပါ.. ဒါပေမယ့် ဒီလောက်ထိ ခါးခါးသီးသီး

ဖြစ်နေမယ်လို့တော့ ငါ မမျှော်လင့်ထားဘူး"

"မိစ္ဆာလေး.. မင်း ဒီနဂါးအရိုး ဘုရားကျောင်းမှာ ထာဝရ နေသွားမလို့လား"

အဖွားအိုက အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

ဆရာကြီးဝမ်က သက်ပြင်းချလိုက်ပြီး

"မိတ်ဆွေလေး.. ငါတို့ ခရီး တစ်ဝက်တောင် ကျိုးနေပြီ.. ငါတို့ရဲ့ ပန်းတိုင်ကို တစ်ဝက်တစ်ပျက်နဲ့ စွန့်လွှတ်လိုက်ရမှာလား.. ငါတို့ ရှေ့ဆက်သွားချင်ရင် နဂါးမင်းသားကို လွှတ်ပေးဖို့က တစ်ခုတည်းသော နည်းလမ်းပဲ"

ဟု ဖန်ရှင်းကို ဖျောင်းဖြလိုက်သည်။

"ချီးထဲမှပဲ.. အစောပိုင်းက ငါ့ကို တစ်ယောက်ယောက်ကလုပ်ကြံချင်နေတာ မင်းမတွေ့ဘူးလား.. အဲ့ဒီလူက ငါတို့ထဲကပဲလို့ ငါထင်တယ်.. အဲ့ဒီလူကို

မဖော်ထုတ်ရသေးဘဲနဲ့ အစီအရင်ထဲ ဝင်သွားရင် ကိုယ့်သေတွင်း ကိုယ်တူးနေသလို ဖြစ်မနေဘူးလား"

ဖန်ရှင်း၏ ချက်ကျလက်ကျ စကားကြောင့် ဆရာကြီးဝမ်တို့၏ အမူအရာက အေးစက်သွားသည်။

ထိုကဲ့သို့ ပြောဆိုလိမ့်မည်ဟု ၎င်းတို့က မမျှော်လင့်ထားကြပေ။

"မင်းက ငါ့ကို နားလည်မှု လွဲနေတဲ့ပုံပဲ.. အစီအရင်မှာ ချို့ယွင်းချက် ဖြစ်တာက ငါနဲ့မဆိုင်ဘူးနော်.. အကယ်၍ တရားခံအစစ်အမှန် မရှိဘဲ မတော်တဆ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ.. ငါတို့က ဒီနေရာမှာပဲ ထာဝရ နေရတော့မှာလား"

အဖွားအိုက အကျပ်ကိုင်သော လေသံဖြင့် ဖန်ရှင်းကို ပြောလိုက်သည်။

"ငါ့ဆီက ဝိညာဉ် အဆီအနှစ်တွေ မလိုချင်တော့ဘူးနဲ့ တူတယ်"

ဖန်ရှင်းက အဖွားအိုကို ရိုးရှင်းသော စကားဖြင့်ပင်

ခွန်းတုံ့ပြန်လိုက်သည်။

ထိုစကားကြောင့် အဖွားအိုက စွေ့စွေ့ခုန်ကာ သူမ၏ ဆံပင်များကို ဖန်ရှင်းဆီသို့ ပျံသန်းစေလိုက်သည်။

"စိတ်လိုက်မာန်ပါ မလုပ်နဲ့"

ဆရာကြီးလန်နှင့် ဆရာကြီးဝမ်တို့က ထိတ်လန့် တုန်လှုပ်သွားပြီး အဖွားအိုကို ဟန့်တားလိုက်ကြသည်။

"တားမနေနဲ့ လွှတ်ပေးလိုက်.. မင်းတို့ကို ဘယ်သူ တားခိုင်းလို့လဲ"

ဖန်ရှင်း၏ ဒေါသတကြီး အော်ဟစ်သံကြောင့် ဆရာကြီးဝမ်နှင့် ဆရာကြီးလန်တို့က မှင်တက်သွားကြသည်။

ယင်းအချိန်မှာပင် ဆရာကြီးတစ္ဆေက သူတို့အနားသို့ ရောက်ရှိလာသည်။

ဆရာကြီးတစ္ဆေ၏ အမူအရာက အလွန် စိတ်လှုပ်ရှားနေပုံရသည်။

ဆရာကြီးတစ္ဆေ ရောက်လာသည်နှင့် ဆရာကြီးဝမ်က ပြုံး၍ အစောပိုင်းက ပြဿနာကို ရှင်းပြလိုက်သည်။

"ငါတို့က လုကျန်းနေရာမှာ နဂါးမင်းသားကို အစားထိုးဖို့တိုက်တွန်းနေပေမဲ့ မိတ်ဆွေလေးဖန်က သဘောမတူဘူးလို့ငြင်းဆန်နေတယ်လေ"

ထိုစကားကိုကြားလျှင် ဆရာကြီးတစ္ဆေက

"နဂါးနန်းတော်ရဲ့ တတိယမင်းသားက မာနကြီးတယ်.. သူ့ကိုလွှတ်ပေးရင်တောင် ငါတို့နဲ့ ပူးပေါင်းမှာ မဟုတ်ဘူး.. "

ဟု တွေးတွေးဆဆဖြင့် ပြောဆိုလိုက်သည်။

ဆရာကြီးတစ္ဆေ၏ စကားကြောင့် ဆရာကြီးဝမ်တို့ သုံးယောက်က အနည်းငယ် မျက်စိမျက်နှာ ပျက်သွားကြ၏။

ယင်းအချိန်မှာပင် ဆရာကြီး တစ္ဆေက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"နောက်ဆုံးတော့ ခေါင်းကိုးလုံး မောင်နှမက ကြယ်ပင်လယ်ကို ဖြတ်ကျော်သွားတာကို ငါ ရှာဖွေတွေ့ရှိခဲ့တယ်"

ထိုစကားကို ကြားသည်နှင့် တပြိုင်နက် လူတိုင်းက ငြင်းခုံခြင်းများကို ရပ်တန့်လိုက်ပြီး ဆရာကြီးတစ္ဆေကို တောက်ပသော မျက်ဝန်းများဖြင့် ကြည့်လိုက်ကြသည်။

အပိုင်း(၁၂၇၀) ပြီး၏

အပိုင်း(၁၂၇၁) ငါတို့မှာလည်းစတေးဖို့လူရှိတယ်

ရှေးဟောင်းလမ်းကို ပျက်စီးခြင်းရှစ်ပါး သဟဇာတခြောက်ပါး အစီအရင်ဖြင့် ဖြတ်ကျော်ခြင်းက ဖန်းရှင်းနှင့် သက်ကြီးငါးဦးတို့အတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သော်လည်း ခေါင်းကိုးလုံး မောင်နှမကမူ ၎င်းတို့နှင့် သိသိသာသာ ကွဲပြားနေသည်။

ခရီးလမ်း တစ်လျှောက် အခက်အခဲများကို ဖြတ်ကျော်၍ နဂါးအရိုး ဘုရားကျောင်းသို့ အန္တရာယ်ကင်းစွာ ရောက်ရှိလာနိုင်သည့် အဓိက အကြောင်းရင်းမှာ ထိုနည်းစနစ်ကြောင့်ဟုပင် ဆိုရမည်။

ယခုတော့ ဆရာကြီးတစ္ဆေ၏ စကားက လှိုင်းလုံးကြီးကဲ့သို့တုန်လှုပ် ချောက်ခြားစရာ ဖြစ်နေသည်။

ထိုစကား အတိုင်းသာဆိုလျှင် ခေါင်းကိုးလုံး မောင်နှမက မည်သည့် နည်းလမ်းကို အသုံးပြု၍ ဖြတ်ကျော်သွားကြပါသနည်း။

"ဆရာကြီးတစ္ဆေရဲ့ စကားက အမှန်ပဲလား"

ကျင့်ကြံသူ အားလုံးက ဆရာကြီးတစ္ဆေကို အံ့အားသင့်စွာ ကြည့်နေကြသည်။

"ဟားဟား.. သူတို့ နည်းလမ်းက တကယ်ကို ရိုးရှင်းပါတယ်.. ငါတို့ ဟိုးအရင်ကတည်းက ဒီလိုနည်းလမ်းမျိုး စဉ်းစားမိသင့်တယ်.."

ဆရာကြီးတစ္ဆေက ခပ်ယဲ့ယဲ့ပြုံး၍ သက်ပြင်းချလိုက်သည်။

ထို့နောက် သူက တစ်နေရာကို လက်ညိုးညွှန်ပြလိုက်၏။

"မိတ်ဆွေတို့.. ဟိုးရှေ့က မြင်ကွင်းကို သေချာကြည့်စမ်း"

ဆရာကြီးတစ္ဆေ၏ စကားကြောင့် ကျင့်ကြံသူများက အာရုံစူးစိုက်၍ ထိုနေရာကို ကြည့်လိုက်ကြသည်။

ယင်းနေရာတွင် အဖြူရောင် ကျောက်တုံးများ ရှိနေပြီး မကောင်းဆိုးဝါး မိုလ်ချုပ် ရှစ်ဦးခန့် သေဆုံးနေကြသည်။

ထိုမြင်ကွင်းမျိုးကို လွန်ခဲ့သည့် နှစ်လကတည်းက သုံးလေးရက် တစ်ခါခန့် မြင်တွေ့ဖူးခဲ့၏။

"အလောင်းတွေကို ကြယ်စီးကြောင်းထဲမှာ တွေ့တာ မအံ့သြတော့ပါဘူး.. ဒီအလောင်းတွေက ရှေးဟောင်းလမ်းရဲ့ အန္တရာယ်ကို စမ်းသပ်ဖို့ ခေါင်းကိုးလုံး မောင်နှမ စေလွှတ်လိုက်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေမဲ့ တစ်ခုခု မှားယွင်းနေတယ်လို့တော့ ငါခံစားမိလိုက်တယ်.. အဲ့ဒီနောက်မှာ

ခေါင်းကိုးလုံး မောင်နှမက လက်အောက်ငယ်သားတွေကို စတေးပြီး အခက်အခဲတွေကို ကျော်ဖြတ်သွားတာလို့ ငါသုံးသပ်ခဲ့တယ်"

ဆရာကြီးတစ္ဆေက လေးနက်သော အသံဖြင့် ရှင်းပြလိုက်သည်။

"နဂါးအရိုး ဘုရားကျောင်းကို ရောက်ခါစက ပတ်ဝန်းကျင်မှာ ရှိတဲ့ အနက်ရောင် သတ္တဝါလေးတွေ ဘုရားကျောင်းကို မချဉ်းကပ်ရဲတာ ငါသတိထား မိလိုက်တယ်.. ဒါက အရိုးနဂါး ဘုရားကျောင်းရဲ့ စွမ်းအားကြောင့်လို့ ငါထင်ခဲ့ပေမဲ့ လေးထောင့် သေတ္တာထဲက အဖြူရောင် ကျောက်တုံးကို မြင်ပြီးနောက်မှာ ငါ့ရဲ့ အတွေးတွေ ပြောင်းလဲသွားခဲ့တယ်.. တကယ်တော့ နဂါးအရိုး ဘုရားကျောင်းက အနက်ရောင် သတ္တဝါတွေကို အမှန်တကယ် မဟန့်တားနိုင်ဘူး.. မဟုတ်ရင် အဖြူရောင် ကျောက်တုံးကို ဘုရားကျောင်းထဲမှာ ဘယ်လိုလုပ် ထားလို့ရမှာလဲ.. "

ဆရာကြီးတစ္ဆေ၏ စကားကို ကျင့်ကြံသူ အားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။

သေသေချာချာ တွေးကြည့်လျှင် ဆရာကြီးတစ္ဆေ၏ စကားက ယုတ္တိရှိကြောင်း သိနိုင်ပေသည်။

"ဆရာကြီး တစ္ဆေက ဘာကို ဆိုလိုချင်တာလဲ"

"အနက်ရောင် သတ္တဝါတွေ ဘုရားကျောင်းနားကို မချဥ်းကပ်ဝံ့တာက ခေါင်းကိုးလုံး မောင်နှမရဲ့ အော်ရာကြောင့်ပဲ"

ဆရာကြီးတစ္ဆေ၏ စကားကြောင့် အားလုံးက ထိတ်လန့်သွားကြသည်။

"ဆရာကြီးတစ္ဆေ ဆိုလိုချင်တာက အနက်ရောင် သတ္တဝါတွေက ခေါင်းကိုးလုံး မောင်နှမရဲ့အော်ရာကို ကြောက်ရွံ့တယ်လို့ ပြောချင်တာလား"

ဆရာကြီးဝမ်က မျက်မှောင် ခပ်တင်းတင်း ကြုတ်၍ မေးလိုက်သည်။

သူ၏ လေသံတွင် လျှောင်ရိပ်သန်းသော အငွေ့အသက်များ ပါဝင်နေသည်။

"ခေါင်းကိုးလုံး မောင်နှမက တကယ်ကို အစွမ်းထက်ပေမယ့်

ကောင်းကင်က သတ္တဝါတွေကို တုန်လှုပ် ချောက်ချားစေတဲ့ အဆင့်ကိုတော့ မရောက်သေးဘူးလို့ ငါထင်တယ်.. သူ့မှာ အရည်အချင်း ရှိတယ်ဆိုရင် ဘာလို့ ဒီခရီးလမ်းမှာ အသက်ပေါင်း များစွာကို ဖြုန်းတီးပစ်မှာလဲ"

ဆရာကြီးဝမ်က ဆရာကြီးတစ္ဆေကို ပြောလိုက်သည်။

"သူက ဒီလူတွေရဲ့ အသက်ကို စတေးလိုက်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲ"

ဆရာကြီးတစ္ဆေက ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေလိုက်၏။

"ဆရာကြီးတစ္ဆေ ဘာကို ဆိုလိုချင်တာလဲ..."

ဆရာကြီးလန်.. ဆရာကြီးဝမ်နှင့် တခြားလူများက ကူကယ်ရာမဲ့စွာဖြင့် တစ်စုံတစ်ရာကို ခပ်ရေးရေး မှန်းဆနေကြသည်။

"ခေါင်းကိုးလုံး မောင်နှမရဲ့ နည်းလမ်းက ငါတို့နဲ့ မတူဘူး.. ငါတို့က အစီအရင်ထဲ ပေါင်းစည်းပြီး ငါတို့ရဲ့ အစစ်အမှန်ခန္ဓာကိုယ်ကို

အနက်ရောင် သတ္တဝါတွေ ရှာမတွေ့အောင် ကျော်ဖြတ်ခဲ့ပေမဲ့ ခေါင်းကိုးလုံး မောင်နှမကတော့ အနက်ရောင်သတ္တဝါတွေကို ဟန့်တားနိုင်မဲ့ နည်းလမ်းကို ရှင်းရှင်းလင်းလင်း တွေ့ရှိခဲ့တယ်.. ငါတို့ရဲ့ နည်းလမ်းကသမုဒ္ဒရာထဲ ဖောင်စီးနေသလိုပဲ.. အချိန်မရွေး လှိုင်းပုတ်လို့ မှောက်သွားနိုင်တယ်.. သူတို့ရဲ့ နည်းလမ်းကတော့ ငါတို့ထက် အများကြီး ပိုမို ကောင်းမွန်တယ်"

စကားဆုံးသည်နှင့် ဆရာကြီး တစ္ဆေက သက်ပြင်းချလိုက်သည်။

"ခေါင်းကိုးလုံး မောင်နှမက ဘယ်လို နည်းလမ်းကို အသုံးပြုခဲ့တယ် ဆိုတာ မိတ်ဆွေကြီးမှာ သဲလွန်စရှိလို့လား"

ဆရာကြီးလန်က တစ်စုံတစ်ရာကို သဘောပေါက်ပြီး ချက်ချင်း မေးခွန်းထုတ်လိုက်သည်။

ဆရာကြီး တစ္ဆေက သက်ပြင်းချလိုက်ပြီး သူ၏ လက်ကောက်ဝတ်ကို လှုပ်ခါလိုက်ရာ အနက်ရောင် ကြိုးမျှင်က ဖြောင့်တန်းစွာ ပျံသန်းသွားပြီး ပေပေါင်းတစ်သိန်း အကွာမှ မကောင်းဆိုးဝါးမိုလ်ချုပ်၏ အလောင်းကို ဆွဲယူလိုက်သည်။

ထို့နောက်တွင် ဆရာကြီးတစ္ဆေက အလောင်းကို လေးနက်စွာ ကြည့်လိုက်ပြီး

"ခေါင်းကိုးလုံး မောင်နှမရဲ့လျှို့ဝှက်နည်းလမ်းက ဒီအလောင်းကောင် ထဲမှာ ဖြစ်နိုင်တယ်"

ဟု ရေရွတ်လိုက်သည်။

စကားဆုံးသည်နှင့် ဆရာကြီးတစ္ဆေက အလောင်းကောင်ကိုလက်ဝါးဖြင့် ရုတ်တရက် ရိုက်ချလိုက်ရာ မရေမတွက်နိုင်သော အသားစများက ကြယ်ရောင်စုံသော ကောင်းကင်တွင် အစိတ်စိတ်အမွှာမွှာ လွင့်ပျံသွားသည်။

အလောင်းကောင်က အသွေးအသားကို ဆုံးရှုံးလိုက်ရသော်လည်း အတွင်းအင်္ဂါ ဖြစ်သည့် သွေးကြောမျှင် နေရာတွင် သတ္တုကွဲသို့ ရွှေအိုရောင် ဖျော့ဖျော့ အရာတစ်ခု ရှိနေသည်။

သို့ရာတွင် ခန္ဓာကိုယ် ပွင့်ထွက်ကာ အသားများ တစ်စစီ ဖြစ်သွားပြီးနောက် ယင်း ရွှေအိုရောင်ဖျော့ဖျော့ အရာလေးမှာလည်း

အမှုန့်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထိုမြင်ကွင်းကိုမြင်လျှင် ကျန်ကျင့်ကြံသူများက အလောင်းတွေကို ကိုယ်စီ ဆွဲယူလိုက်ကြပြီး စစ်ဆေးလိုက်ရာ ဆရာကြီးတစ္ဆေထံမှ အလောင်းကောင်နှင့် ဆင်တူနေသည်ကို တွေ့လိုက်ရသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဆရာကြီးလန်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

သူ၏အမူအရာက အလွန်တရာ လေးနက်နေ၏။

"ဒါက ရိုးရှင်းပါတယ်.. ငါတို့က အနက်ရောင် သတ္တဝါတွေကိုရှောင်တိမ်းချင်ပေမဲ့ ခေါင်းကိုးလုံး မောင်နှမကတော့ လက်အောက်ငယ်သားရဲ့ အသက်ကို စတေးပြီး အနက်ရောင် သတ္တဝါတွေကို ရင်းနှီးအောင် လုပ်နိုင်ခဲ့တယ်"

ဆရာကြီးတစ္ဆေ၏ စကားက ကျင့်ကြံသူအားလုံးကို အံ့အားသင့်စေသည်။

"တကယ်တော့ ငါတို့ကိုက သူတို့မောင်နှမထက် ဉာဏ်နည်းနေတာပဲ..
"

သူ့စကား၏ အဓိပ္ပါယ်ကို အခြားသူများ နားလည်ရန် ခက်ခဲကြောင်း ဆရာကြီးတစ္ဆေက သိသဖြင့် လေသံတိုးတိုးဖြင့် ရှင်းပြလိုက်သည်။

"ဒီအနက်ရောင် သတ္တဝါတွေက အခြား သတ္တဝါတွေရဲ့ သွေးနဲ့အော်ရာတွေကို ဝါးမျိုပြီး ရှင်သန်လာတဲ့ သတ္တဝါတွေလို့ပဲ ငါထင်ခဲ့တာ.. ဒါပေမဲ့ ဒီကျယ်ပြောလှတဲ့ ကြယ်ပင်လယ်ကြီးထဲမှာ နှစ်ပေါင်းထောင်နဲ့ချီပြီး လူသားတစ်ဦးတစ်လေမှ မရှိဘူးလေ.. သူတို့တွေ ဘယ်လိုရှင်သန်ကြလည်း ငါတကယ် စဥ်းစားမရဘူး.. ငါ့အမြင်တော့ ဒီသတ္တဝါတွေက သက်မဲ့ဖြစ်ပြီး သံလိုက်အိမ်မြှောင်လို အဖိုအမဆွဲငင်တဲ့ သဘောတရားရှိတဲ့ပုံပဲ.. ဒါကြောင့် ငါတိုရဲ့သွေးနဲ့ အော်ရာတွေက သူတို့ကို ဆွဲဆောင်နေသလို ဖြစ်နေခဲ့တယ်"

"အံ့သြစရာပဲ"

ဆရာကြီးတစ္ဆေ၏ သုံးသပ်ချက်ကြောင့် လူတိုင်းက ထိတ်လန့်ကာ တိတ်ဆိတ်နေသော်လည်း ဖန်ရှင်းကမူ လေးစားမှုအပြည့်ဖြင့်

သက်ပြင်းချလိုက်သည်။

ဆရာကြီးတစ္ဆေက ပေါ့ပါးစွာပြုံး၍ သူ၏စကားကို ပြန်ဆက်လိုက်သည်။

"အခုလေးတင် ငါနဂါးအရိုး ဘုရားကျောင်းရဲ့ ပတ်ဝန်းကျင်ကိုလေ့လာ စူးစမ်းနေတာ.. နောက်ဆုံးတော့ သူတို့ ဘယ်လိုလုပ်ခဲ့လည်းဆိုတာ ငါရှင်းရှင်းလင်းလင်း သိခဲ့ရပြီ.. သူတို့လုပ်ခဲ့တာက ငါတို့ ထင်ထားတာထက် အများကြီး ရိုးရှင်းတယ်.. ခေါင်းကိုးလုံး မောင်နှမက သူတို့ရဲ့ လက်အောင်ငယ်သားတွေကိုစတေးပြီး အသက် ဆေးလုံးတွေ အဖြစ် ဖန်တီးခဲ့တာပဲ"

သူက စကားပြောရင်း လက်ဖဝါးကို ရုတ်တရက် ကြယ်ရောင်စုံသော ကောင်းကင်၌ ပွတ်ဆွဲလိုက်ရာ သူ့လက်ဖဝါးပေါ်တွင် ချက်ချင်းဆိုသလို ထိုက်ကျိုက်ခဲ့သို့ အဖြူအမည်းအလုံးလေး တစ်လုံး ဖြစ်ပေါ်လာသည်။

ဆရာကြီးတစ္ဆေက ပတ်ဝန်းကျင်တွင် ကျန်ရှိသော ဆေးလုံး၏ အော်ရာကို ဖမ်းဆုပ်၍ ဆေးလုံး၏ မူလပုံသဏ္ဌာန်ကို

ပုံရိပ်ယောင်အဖြစ် ဖော်ထုတ် ပြသလိုက်ခြင်း ဖြစ်၏။

ယင်းအချိန်မှာပင် အနီးပတ်ဝန်းကျင်မှ အနက်ရောင် သတ္တဝါများက ဆေးလုံးအနံ့ကြောင့် အနားသို့ ချဥ်းကပ်လာရာ ဆရာကြီးတစ္ဆေက လက်ဖဝါးကို လှုပ်ခါ၍ ပုံရိပ်ယောင်ဆေးလုံးကို ဖျက်ဆီးလိုက်၏။

ဆေးလုံး၏ အနံ့အသက်ကမူ ပတ်ဝန်းကျင်တွင် ပျံ့နှံ့သွားသောကြောင့် အနက်ရောင် သတ္တဝါများက သူတို့လူစုနားမှ ရှောင်ရှားသွားကြသည်။

"ဝိညာဥ်ကို မီးအဖြစ်.. သွေးကို လောင်စာအဖြစ် သုံးပြီး လူကိုတော့ ဆေးမီးဖိုအဖြစ် အသုံးပြုတဲ့ နည်းလမ်းပဲ.. ဒါက ခေါင်းကိုးလုံး မောင်နှမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ နည်းလမ်း တစ်ခုပဲ"

ခေါင်းကိုးလုံး မောင်နှမ၏ ရက်စက်မှုကို သိရလျှင် ဆရာကြီးလန်နှင့် အခြားသူများက သက်ပြင်းကိုချ၍ မခံမရပ်နိုင်ပင် ဖြစ်နေကြသည်။

အဆုံးသတ်တွင် သူတို့လူစုက ကြယ်ပင်လယ်ထဲ၌ အရှေ့ပင်လယ် နဂါးနန်းတော်မှ လက်အောက်ငယ်သား များ၏ အလောင်းများ လွင့်မျောနေသည့် အဖြစ်မှန်ကို သိရှိသွားသလို အရှေ့ပင်လယ်ပြင်မှ

အစွမ်းထက် ကျင့်ကြံသူများကို နဂါးမျိုးနွယ်စု၏
ရှေးဟောင်းလမ်းဆီ ခေါ်ဆောင်လာသည့် ခေါင်းကိုးလုံး မောင်နှမ၏
ရည်ရွယ်ချက် အစစ်အမှန်ကိုလည်း သိရှိသွားကြ၏။

ဤဆေးလုံးကို သန့်စင်ပြီးလျှင် ဝိညာဉ်အလုံးစုံ ပျောက်ဆုံး၍ လုံးဝ
သေဆုံးသွားရမည် ဖြစ်ပြီး လူဝင်စားရန် အခွင့်အလမ်း မရှိဟုပင်
ခန့်မှန်းရသည်။

ဆရာကြီးတစ္ဆ၏ စကားဆုံးသည်နှင့် ဆရာကြီးလန်နှင့်
အခြားသူများက သက်ပြင်းချလိုက်ပြီး တခဏမျှ
တိတ်ဆိတ်သွားကြသည်။

သိပ်မကြာခင်မှာပင် ဆရာကြီးဝမ်က

"ဒီလိုဆို ငါတို့ကရော သူတို့နည်းလမ်းအတိုင်း ကျင့်သုံးမလို့လား"

ဟု မေးခွန်းထုတ်လိုက်သည်။

ဆရာကြီးတစ္ဆေက ပေါ့ပါးစွာ ခေါင်းညိတ်လိုက်ပြီး လုကျန်း ဆီသို့

လှမ်းကြည့်ကာ

"ငါတို့မှာလည်း စတေးဖို့ လူရှိနေတာပဲ မဟုတ်လား"

ဟု ရေရွတ်လိုက်သည်။

"ဘာ.."

ဆရာကြီးတစ္ဆေ၏ စကားကိုကြားလျှင် ဖန်ရှင်း၏ အမူအရာက ရုတ်တရက် ပြောင်းလဲသွားသည်။

အပိုင်း(၁၂၇၁) ပြီး၏

အပိုင်း(၁၂၇၂) အောင်းလီလွတ်မြောက်လာခြင်း

ဆရာကြီးတစ္ဆေက တကယ်ကို ထူးခြားသည့်လူဟု ဆိုရမည်။

သဲလွန်စ အနည်းငယ်ကို အခြေပြု၍ ခေါင်းကိုးလုံး

မောင်နှမအသုံးပြုသည့် နည်းလမ်းကိုပင် ဖော်ထုတ်နိုင်ခဲ့သည်။

ယခုအခါတွင် ဆရာကြီး တစ္ဆေက ခေါင်းကိုးလုံး မောင်နှမနှင့် တူညီသော နည်းလမ်းကို အသုံးပြု၍ ဆေးလုံးကို ဖော်စပ်ရန် တစ်စုံတစ်ဦးကို စတေးလိုနေသည်။

သို့ရာတွင် အဓိက ပြဿနာမှာ ခေါင်းကိုးလုံး မောင်နှမတွင် စတေးရန် လက်အောက်ငယ်သား အများအပြား ရှိပြီး ၎င်းတို့တွင် ဆေးလုံးအဖြစ် သန့်စင်ရန် လူမရှိခြင်းပင်။

ဆရာကြီးလန်နှင့် အခြားသူများကမူ လက်ရှိအချိန်တွင် စတေးရန် အသင့်တော်ဆုံးလူ အဖြစ် လုကျန်းကို သတ်မှတ်ထားကြ၏။

လုကျန်းက အနက်ရောင် သတ္တဝါများကြောင့် ဒဏ်ရာ အကြီးအကျယ် ရနေပြီး အသက်ယွဲ့ယွဲ့သာ ကျန်ရှိတော့သည် မဟုတ်ပါလား။

သို့ရာတွင် ဖန်ရှင်းက အကြီးအကဲများ၏ အကြံအစည်ကိုသဘောမတူပေ။

ဆရာကြီးလန်နှင့် အခြားသူများကမူ တာအိုနှလုံးသား ခိုင်မာသည့်အတွက် လုကျန်းကို စတေးပစ်ရန် အခိုင်အမာဆုံးဖြတ်ထားကြသည်။

၎င်းတို့က အင်မော်တယ် အစစ်အမှန်သာ ဖြစ်လာမည် ဆိုလျှင် ဆွေမျိုးရင်းချာများကိုပါ စွန့်လွှတ်နိုင်သည်အထိ တာအိုနှလုံးသား ခိုင်ကြည်ကြသည်။

"ငါသဘောမတူဘူး"

ဆရာကြီးလန်နှင့် အခြားသူများက တပုလ္လင်ခွေ၍ ထိုင်နေသော လုကျန်းအား လှည့်ကြည့် လိုက်သောအခါတွင် ဖန်ရှင်းက ခါးခါးသီးသီး ငြင်းဆိုလိုက်သည်။

သူ့လေသံက အရမ်း တင်းမာပြီး ညှိနှိုင်းဖို့ ရည်ရွယ်ချက်ပင် လုံးဝရှိပုံမရပေ။

ဆရာကြီးလန်နှင့် အခြားသူ အားလုံးကမူ ဖန်ရှင်းကို

အထင်သေးသော အကြည့်ဖြင့် ကြည့်လိုက်ကြသည်။

"ဟားဟား.. မိတ်ဆွေလေးဖန်.. စိတ်လျော့ပါ.. အခုက ခေါင်းမာနေရမဲ့ အချိန် မဟုတ်ဘူးလေ"

ဆရာကြီးဝမ်က ငြိမ်းချမ်းရေးကို လိုလားသော လေသံဖြင့် ချိုသာစွာ ပြောလိုက်သည်။

"မိတ်ဆွေလေးနဲ့ လုကျန်းက ဆက်ဆံရေးကောင်းတွေ ရှိမှန်း ငါတို့ သိပါတယ်.. နောက်ပြီး လုကျန်းက မင်းအခက်အခဲနဲ့ကြုံတွေ့စဥ်က မင်းရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့သူပဲလေ.. ဒါပေမဲ့ အင်မော်တယ်လမ်းကို ခြေချပြီးကတည်းက ငါတို့မှာရည်ရွယ်ချက် တစ်ခုပဲရှိတယ်.. အဲ့ဒါက အင်မော်တယ် ဖြစ်လာဖို့ပဲ.. လုကျန်းကို သေရာကနေ မကယ်တင်နိုင်မှတော့ ဘာလို့ အသုံးမချနိုင်ရမှာလဲ.. မိတ်ဆွေလေး.. မင်း တစ်ခုတော့ နားလည်သင့်တယ်.. မိတ်ဆွေလေး အခက်အခဲထဲ ကျရောက်ရတာက လုကျန်းရဲ့ အတွက်အချက် မှားယွင်းမှုကြောင့် ဆိုတာပဲ.."

"ငါနားလည်ပါတယ်.. ဘာပဲဖြစ်ဖြစ် အဖိုးကြီးလုက ငါ့အသက်ကို ကယ်တင်ခဲ့တာက အမှန်တရားပဲလေ"

ဖန်ရှင်း၏ စကားလုံးတွေက ရိုးစင်းလှသော်လည်း ဆရာကြီးလန်နှင့် အခြားသူများကို အရှက်ရှစေသည်။

ဖန်ရှင်း၏ ခေါင်းမာမှုကို ကြည့်ပြီး သူတို့ ခဏမျှ စိတ်တိုဒေါသထွက်ခဲ့ကြ၏။

လုကျန်းက ဆေးလုံးအဖြစ် သန့်စင်ရန် အသင့်တော်ဆုံး ရွေးချယ်မှု ဆိုတာ ထင်ရှားနေသည်။

"ကောင်စုတ်လေး.. မင်း ဒီဆယ်စုနှစ်တွေကို ဘယ်လို ကျော်ဖြတ်လာခဲ့တာလဲ.. အခြေအနေက ဘယ်လောက် အရေးကြီးနေလည်း မပိုင်းခြားတတ်ဘူးလား.. နဂါးမင်းသားကို လွှတ်ပေး ဆိုတော့လည်း မင်းမလွှတ်ချင်ဘူး.. အခုလည်းဆေးလုံးသန့်စင်ဖို့ အဖိုးကြီးလုကို သုံးမယ် ဆိုတော့လည်း ခွင့်မပြုဘူး.. မင်းက ဘာဖြစ်ချင်နေတာလဲ"

အဖွားအိုက စကားပြောရင်း မာန်ပါလာပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ဖန်ရှင်းကို မကျေမနပ် ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူမက ဆရာကြီးလန်.. ဆရာကြီးတစ္ဆေတို့နှင့် အတူ လုကျန်းဆီသို့ ဖြည်းညင်းစွာ လျှောက်သွားကြသည်။

ဆရာကြီးဝမ်ကမူ ခဏမျှ တုံ့ဆိုင်းနေပြီးမှ သူမတို့ နောက်သို့လိုက်လာခဲ့၏။

သူတို့သုံးယောက်၏ ပစ်မှတ်မှာ လုကျန်း ဖြစ်သည်။

လက်ရှိ အခြေအနေတွင် အစီအရင်ကို ဆက်လက် အသုံးပြုခြင်းထက် လုကျန်းကို ဆေးလုံးအဖြစ် သန့်စင်လိုက်ခြင်းက ပိုမို သင့်တော်ကြောင်း ထင်ရှားနေသည်။

အကြီးအကဲများက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး စိတ်သဘောထားချင်း နားလည်လိုက်ကြသည်။

သူတို့ အားလုံးက လုကျန်းကို စတေးပြီး ဆေးလုံး ဖော်စပ်လိုနေသည် မဟုတ်ပါလား။

ဖန်ရှင်း၏ အမူအရာကမူ ပြောင်းလဲနေပြီး အကြီးအကဲများကိုရွံရှား မုန်းတီးနေမိသည်။

သူသည် ဤလူများ၏ ရည်ရွယ်ချက်များကို သဘာဝကျကျ နားလည် သဘောပေါက်ခဲ့သည်။

အထူးသဖြင့် ၎င်းတို့၏ မတရားသော သဘောထားကို ရွံရှာနေမိသည်။

သို့ရာတွင် ဤလူများက ကိုယ်ကျိုး အတွက်သာ စိတ်ပိုင်းဖြတ်ထားပြီး သူ၏ သဘောထားကို လုံးဝ ဂရုမစိုက်မှန်း သိသာထင်ရှားနေ၏။

အထူးသဖြင့် အဖွားအိုက ဖန်ရှင်းကို လှောင်ပြောင်သော အကြည့်ဖြင့် ကြည့်နေခဲ့သည်။

"ဟားဟား.. ကောင်စုတ်လေး မင်းက ကိုယ့်ကိုယ်ကို အရေးပါတဲ့သူလို့ တကယ်ပဲ ထင်နေတာလား.. မင်းရဲ့ မောက်မာမှုကို ငါသည်းမခံနိုင်တော့ဘူး.. နှစ်ပေါင်းများစွာ ငါအသက်ရှင်လာတာ ငါ့ကို ဘယ်သူမှ မအော်ငေါက်ရဲခဲ့ဘူး.. မင်းက ငါအဖွားကြီးနဲ့

တစ်ပွဲတစ်လမ်း စမ်းချင်နေလို့လား"

ဖန်ရှင်းနှင့် အဖွားအိုတို့ အခြေအတင် ဖြစ်နေသော အချိန်မှာပင် ဆရာကြီးဝမ်.. ဆရာကြီးလန် နှင့် ဆရာကြီး တစ္ဆေတို့က မျက်စိမှိတ်ကာ တပုလ္လင်ခွေ၍ ထိုင်နေသော လုကျန်းအနားသို့ ရောက်ရှိလာသည်။

သူတို့သုံးယောက်က လုကျန်းကို ဖိအားပေး၍ ဆေးလုံးအဖြစ် သန့်စင်တော့မည်မှာ သိသာ ထင်ရှားနေသည်။

လုကျန်း၏ အထွတ်အထိပ်ကို ရောက်လိုသည့် အင်မော်တယ်အိပ်မက်က မကြာမီ အဆုံးသတ်တော့မည် ဖြစ်သည်။

"ဆေးလုံးဖော်စပ်ဖို့ တကယ်ပဲ အဖိုးကြီးလုရဲ့ အသက်ကို စတေးရမှာလား"

ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဖန်ရှင်းက ကူကယ်ရာမဲ့သော ခံစားချက်များ ရရှိနေသည်။

"ဒါက သဘာဝပဲလေ.. ဆေးလုံးလုပ်ဖို့ ဘယ်သူ့ကိုမှ မစတေးဘူး ဆိုရင် ကြယ်ပင်လယ်ကြီးကို ဘယ်လိုလုပ် ဖြတ်ကျော်နိုင်မှာလဲ"

အဖွားအိုက ထေ့ငေါ့သော အမူအရာဖြင့် ပြောလိုက်သည်။

"မင်းက နဂါးမင်းသားကိုလည်း အစီအရင် အတွက် အစားမထိုးချင်ဘူး ဆိုတော့ လုကျန်းကို စတေးရုံပဲ ရှိတော့တာပေါ့.. ဘယ်တတ်နိုင်ပါ့မလဲ"

အဖွားအိုက ဖန်ရှင်းကိုပင် အပြစ်တင်လိုက်၏။

"မင်းက ငတုံးငအ မဟုတ်ရင်တော့ ဒီအမှန်တရားကို မင်းနားလည်လာလိမ့်မယ်.. ဘယ်လိုပဲဖြစ်ဖြစ် လုကျန်းက သေရတော့မှာပဲလေ... သူ့ကို အသုံးချလိုက်တာက ပိုမကောင်းဘူးလား"

အဖွားအို၏စကားကို နားထောင်ပြီးနောက် ဖန်ရှင်းက တုံ့ပြန်မှုမလုပ်တော့ဘဲ လုကျန်းကို တစ်ချက်ကြည့်၍ သက်ပြင်းချကာနဂါးနန်းတော်ဆီသို့ လျှောက်လာခဲ့သည်။

ဖန်ရှင်း၏ အားကိုးရာမဲ့နေသော အမူအရာကို ကြည့်လျှင် အဖွားအိုက အလွန် ပျော်ရွှင်သွားခဲ့သည်။

သို့ရာတွင် မမျှော်လင့်ထားသည့် အချက်က ဖန်ရှင်းက ခန္ဓာကိုယ်ကို ရုတ်တရက် ပြန်လှည့်ကာ သူမကို အလစ် တိုက်ခိုက်လိုက်ခြင်းပင်။

ဖန်ရှင်း၏ တိုက်ကွက်က အဖွားအို၏ သေကွင်း သေကွက်များဆီသို့ ဦးတည်နေပြီး ရက်စက်ကြမ်းကြုတ်မှုများ ပြည့်နှက်နေသည်။

"ကောင်စုတ်လေးက လက်မလျှော့ချင်သေးဘူးကိုး.. ဒီလို အသုံးမဝင်တဲ့အရာကို လုပ်နေတာ တကယ်ကို ရယ်စရာ ကောင်းတာပဲ"

အဖွားအိုက ဖန်ရှင်း၏ အလစ်အငိုက်ဖမ်း တိုက်ခိုက်မှုကိုအသာအယာ ရှောင်တိမ်းလိုက်ပြီး ခနဲ့လိုက်သည်။

ထို့နောက်တွင် အဖွားအိုက မကောင်းဆိုးဝါး မိုလ်ချုပ် ရုပ်သေးကို စေလွှတ်ကာ ဖန်ရှင်းကို ပြင်းထန်စွာ တိုက်ခိုက်စေလိုက်၏။

"မင်းရဲ့ အရည်အချင်းလေးနဲ့ အခြေအနေ တစ်ခုလုံးကို ပြောင်းလဲနိုင်မယ်လို့ ထင်နေလား"

အဖွားအိုက ခနဲ့လိုက်ပြီး တစ်ချိန်တည်းမှာပင် သူမ၏ ညှိုးနွမ်းခြောက်သွေ့သော ဆံပင်များကို ဖန်ရှင်းထံ လွင့်ပျံစေခဲ့သည်။

"ဝုန်း"

ဖန်ရှင်းက မကောင်းဆိုးဝါး မိုလ်ချုပ် ရုပ်သေးကို ဖောက်ခွဲလိုက်သော်လည်း အဖွားအို၏ ဆံပင်များက ကောင်းကင်ယံကနေ ရောက်ရှိလာသည်။

သူတို့ နှစ်ဦးက ကျင့်ကြံမှု ကွာဟချက် ကြီးမားသောကြောင့် အဖွားအို၏ တိုက်ခိုက်မှုကို ရေရှည်တွင် မခုခံနိုင်မှန်း ဖန်ရှင်းက သိသည်။

ထို့ကြောင့် သူက အဖွားအိုကို မတိုက်ခင်ကပင် ကြိုတင်ပြင်ဆင်ထားခဲ့၏။

ဖန်ရှင်းက သူ့ခါးပေါ်ရှိ အရိုးစုဦးခေါင်းထဲမှ
အောင်းလီကိုလွှတ်ပေးလိုက်သည်။

ရွှေရောင်အလင်းများ တောက်ပလာပြီး ရောမနဂါး တစ်ကောင်က
ကြယ်ရောင်စုံသော ကောင်းကင်ကြီးထဲတွင် ထွက်ပေါ်လာသည်။

အောင်းလီ၏ ရွှေရောင် အလင်းတန်း အရှိန်အဝါကြောင့်
ပတ်ဝန်းကျင်ကို ဖုံးလွှမ်းမတတ် ဖြစ်နေသော အဖွားအို၏
ဆံပင်များက ပြတ်တောက်သွားရသည်။

"ဟားဟား နောက်ဆုံးတော့ မင်းငါ့ကို လွှတ်ပေးရပြီပေါ့"

အောင်းလီက ဝမ်းသာအားရ ရေရွတ်လိုက်ပြီး ဖန်ရှင်းကို
ဒေါသတကြီး ကြည့်လိုက်သည်။

သူ၏ အမူအရာက သူ့ကို အကျဉ်းချထားသည့် ဖန်ရှင်းကို
လက်စားချေလိုကြောင်း ထင်ရှားနေသည်။

"သောက်ရူး.. လုပ်သင့်တာကို အရင်လုပ်ပါ.. ငါတို့ ပြဿနာက နောက်မှ ရှင်းလို့ရတယ်"

ဖန်ရှင်းက အောင်းလီကို ကြိမ်းမောင်းလိုက်၏။

ထိုအခါမှ အောင်းလီက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာအဖွားအိုကို တွေ့လိုက်ရသည်။

"သေစမ်း"

အောင်းလီက ကြုံးဝါးလိုက်ပြီး သူ၏ ဦးတည်ချက်ကိုပြောင်းလဲကာ အဖွားအိုဆီသို့ ခုန်ဝင်လိုက်သည်။

အပိုင်း(၁၂၇၂) ပြီး၏

အပိုင်း(၁၂၇၃) ဝင်္ဂလည်သောအဖွားအို

အောင်းလီက ဖန်ရှင်း၏ စကားကို နားထောင်ပြီး အဖွားအိုကို

တိုက်ခိုက်လိုက်သည်။

"နဂါး အစစ်အမှန်ကို ခွေးတစ်ကောင်လို အမိန့်နာခံအောင် ဘယ်လိုတောင် လေ့ကျင့်ပေးထားတာလဲ"

အဖွားအိုက စိတ်ထဲကနေ အထိတ်တလန့် ရေရွတ်လိုက်သည်။

ဤနဂါးမင်းသားနှင့် ရင်ဆိုင်တိုက်ခိုက်ရန် သူမ ထံတွင် ရည်ရွယ်ချက်မရှိပေ။

နဂါးတံခါးဝ အပြင်ဘက်တွင် ဤနဂါးမင်းသားက သူတို့ငါးယောက်ကိုပင် တစ်ယောက်ထဲဖြင့် တိုက်ခိုက်နိုင်စွမ်း ရှိရာ သူမ တစ်ယောက်တည်းဖြင့် မည်သို့ ကိုင်တွယ်နိုင်ပါမည်နည်း။

ယင်းအချိန်မှာပင် အောင်းလီက အဖွားအို၏ အနားသို့ လျှပ်တပြက် ရောက်ရှိလာပြီး အဖွားအိုကို ရစ်ပတ်လိုက်သည်။

အောင်းလီက သူ၏ နဂါးခန္ဓာကိုယ်ဖြင့် တင်းတင်းကျပ်ကျပ် ရစ်ပတ်လိုက်ရာ အဖွားအို၏ ခန္ဓာကိုယ် ထက်ဝက်ခန့် ကွဲထွက်မတတ်

ဖြစ်နေပြီး ပါးစပ်မှ သွေးများပင် ထွက်ကျလာသည်။

"ကောင်လေး.. မင်းဘယ်လိုမှ တားမြစ်နိုင်မှာ မဟုတ်ဘူး"

အဖွားအိုက နဂါး၏ အနှိပ်စက်ကို ခံနေရသဖြင့် ရှက်ရွံ့ဒေါသဖြစ်ကာ ဖန်ရှင်းကို နာနာကြည်းကြည်း ပြောလိုက်သည်။

ထိုအချိန်တွင် ဆရာကြီးလန်တို့က ရန်ပွဲကို သတိပြုမိသွားပြီး ထိတ်လန့်သွားကြသည်။

ဖန်ရှင်းနှင့် အောင်းလီ၏ တုံ့ပြန်မှုက တကယ်ပင် ကြောက်စရာကောင်းနေ၏။

"ဒီကလေးက လုကျန်းကြောင့် ဒီလိုတွေ လုပ်နေတာလား"

"မိတ်ဆွေလေးဖန်.. မင်းဘာလို့ ဒီလိုလုပ်ရတာလဲ.. ငါတို့တွေရှေ့ဆက်ဖို့ ကျန်နေသေးတယ်လေ.. တစ်ယောက်နဲ့ တစ်ယောက် အငြင်းမပွားကြရင် ပိုမကောင်းဘူးလား"

ဆရာကြီးဝမ်က ဖန်ရှင်းကို ဖျောင်းဖြလိုက်သည်။

သူ့စိတ်ထဲတွင် ဖန်ရှင်းကို မုန်းတီး ဒေါသ ထွက်နေသော်လည်း အပြင်ပန်းတွင်မူ ဖော်ရွေသော အမူအရာကိုသာ ဆင်မြန်းထား၏။

"အင်မော်တယ်လမ်းက သဘာဝအတိုင်း ရှေ့ဆက်လျှောက်ရမှာပဲ.. အဲ့ဒါအတွက် စတေးဖို့ အဖိုးအိုလု တစ်ယောက်ပဲ ရှိတာလား"

ဖန်ရှင်းက လက်နှစ်ဖက်ကို နောက်ပစ်ကာ တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

"မင်း.."

ဆရာကြီးလန်က ရုတ်တရက် တစ်စုံတစ်ရာကို တွေးမိကာ ထိတ်လန့်သွားသည်။

"ငါတို့မှာ အဖိုးကြီးလုအပြင် နောက်ထပ် ရွေးချယ်မှုတစ်ခု ရှိပါသေးတယ်.. မင်းတို့ရဲ့ အစီအစဉ်ကို ငါမဖျက်ဆီးချင်ပါဘူး..

အခု ဒီအဖွားကြီးကလည်း သိပ်အသုံး မဝင်တော့ဘူး.. မင်းတို့ သူ့ကို ဆေးလုံးအဖြစ် သန့်စင်မလား.. ဒါမှမဟုတ် ငါအဆုံးသတ်ရမလား"

ဖန်ရှင်းက အေးစက်သော လေသံဖြင့် စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ကောင်စုတ်လေး မင်းသတ္တိတွေ ရှိနေတယ်လား.. ငါ့ကို ဒီလိုမျိုးလုပ်ဖို့ ဘယ်ကနေ သတ္တိတွေ ရလာတာလဲ"

အဖွားအိုက ဖန်ရှင်း၏ ရည်ရွယ်ချက်ကို သိလိုက်ရသည်နှင့် ထိတ်လန့် တုန်လှုပ်စွာ အော်ဟစ်လိုက်၏။

"ဟက်.. မင်းအလှည့်ကျတော့ ကြောက်နေပြီပေါ့လေ.. ဒါကဝဋ်လည်တာပဲ"

ဖန်ရှင်းက အဖွားအိုကို လှောင်ပြောင်သော အကြည့်ဖြင့် ကြည့်၍ ရေရွတ်လိုက်သည်။

အကြီးအကဲများက မမျှော်လင့်ထားသော အခြေအနေနှင့် ရင်ဆိုင်ရ၍

တစ်ဦးကို တစ်ဦး ကြည့်လိုက်ကြသည်။

လက်ရှိအချိန်တွင် ဆေးလုံးအဖြစ် သန့်စင်ရန် လူတစ်ဦးကတော့ အမှန်တကယ် လိုအပ်နေသည်။

အမှန်အတိုင်း ဆိုရလျှင် ဖန်ရှင်းက အကြီးအကဲငါးဦး ထက်ပင် အင်မော်တယ်လမ်းကို ခရီးဆက်ရန် အရေးတကြီး ဖြစ်နေသည်။

အကြောင်းရင်းမှာ ခေါင်းကိုးလုံး မောင်နှမ လက်ထဲသို့ ကျရောက်နေသည့် နဂါးမင်းသမီးကို ကယ်တင်လိုသောကြောင့်ပင်။

သို့ရာတွင် သူ့အသက်ကို ကယ်တင်ခဲ့သည့် လုကျန်းက ဆေးလုံးအဖြစ် ပြောင်းလဲသွားမည်ကိုတော့ သူမလိုလားချေ။

ထို့ကြောင့် ဖန်ရှင်းက တခြားနည်းလမ်း တစ်ခုကို စဉ်းစားခဲ့ခြင်း ဖြစ်သည်။

အကြီးအကဲများက အသုံးမဝင်သောသူကို ဆေးလုံးအဖြစ် ဖော်စပ်တော့မည် ဖြစ်သောကြောင့် ဖန်ရှင်းက သူနှင့်မျက်နှာကြော

မတည့်သည့် အဖွားအိုကို အသုံးမဝင်သည့်လူ ဖြစ်စေရန် လုပ်ဆောင်လိုက်သည်။

အကယ်၍သာ အဖွားအိုကို သန့်စင်ပြီး ဆေးလုံး ရလာခဲ့လျှင်လုကျန်း၏ ခန္ဓာကိုယ်ထဲမှ သတ္တဝါများကို ဖိနှိပ်နိုင်ပြီး လုကျန်း၏ အသက်ကို အနည်းငယ် ဆွဲဆန့်နိုင်မည် ဖြစ်သည်။

ဆရာကြီးဝမ်တို့က လုကျန်းနှင့် အာဃာတ မရှိကြ၍ မရက်စက်လိုကြသော်လည်း လက်တွေ့ကျသော ရွေးချယ်မှုကို ပြုလုပ်ခဲ့ရသည်။

ယခုအခါတွင် ဖန်ရှင်းက ၎င်းတို့ကို နောက်ထပ် ရွေးချယ်စရာတစ်ခု ဖန်တီးပေးလိုက်ပြီ ဖြစ်သည်။

အဖွားအိုကို ဆေးလုံးအဖြစ် သန့်စင်ပြီး လုကျန်း၏ အသက်ကို ဆွဲဆန့်နိုင်လျှင် အစီအရင် ပညာရှင် ဖြစ်သည့် လုကျန်းက အဖွားအိုထက် များစွာ အကျိုးပြုနိုင်မည်မှာ သေချာသလောက်ပင်။

အချိန်ခဏလေး အတွင်းမှာပင် အဖွားအိုက အမှန်တကယ်အမှိုက်

ဖြစ်သွားခဲ့၏။

ယင်းက အဖွားအို အထိတ်တလန့် ဖြစ်နေရသည့် အကြောင်းရင်းလည်း ဖြစ်သည်။

ဖန်ရှင်း၏ အကြံအစည်က ထိရောက်သည်ဟု ဆိုရမည်။

အဖွားအိုက စိတ်ပျက်အားငယ်နေပြီး တစ်ကိုယ်လုံး တုန်ယင်ကာ ရူးသွပ်လုနီးပါးပင် ဖြစ်နေသည်။

"ဝမ်.. ငါ့ကို ကူညီပါဦး"

အဖွားအိုက ဝိညာဉ်စိတ်အာရုံကို ဆရာကြီးဝမ်ထံ ပို့လွှတ်၍ အကူအညီ တောင်းလိုက်သည်။

"မင်းရဲ့နည်းလမ်းက မဆိုးပါဘူး.. ဆေးလုံး သန့်စင်ဖို့ လူတစ်ဦးပဲ လိုအပ်တယ်.. ဘယ်သူ ဖြစ်ရမယ် ဆိုတာ အရေးမကြီးဘူး"

ဆရာကြီးဝမ်က ပြောလိုက်သည်။

"အမှန်အတိုင်း ပြောရရင် ငါတို့လည်း လုကျန်းကို မစတေးချင်ပါဘူး.. လုကျန်းရဲ့ အစီအရင် ပညာရပ်က ကောင်းကင်နဲ့မြေကြီး ကြားမှာ တကယ်ကို ကြီးကျယ်ခမ်းနားတယ်"

ဆရာကြီးတစ္ဆေက ဖန်ရှင်း၏ တောင်းဆိုမှုကို လက်ခံမည့် သဘောမျိုး ပြောဆိုလိုက်၏။

"နင်တို့တွေ.. "

သူတို့နှစ်ဦး၏ စကားကိုကြားလျှင် အဖွားအိုက စိတ်ပျက်လက်ပျက်ဖြင့် အော်ဟစ်လိုက်သည်။

ယင်းအချိန်တွင် အောင်းလီက အဖွားအို၏ ခန္ဓာကိုယ်ကိုပို၍ တင်းကျပ်စွာ ဖျစ်ညှစ်လိုက်ရာ အဖွားအို၏ အရိုးများ အားလုံး ကျိုးကြေသွား၏။

"ယောက်ဖ.. အဖွားကြီးကို လွှတ်ပေးလိုက်တော့.. "

ဖန်ရှင်းက အောင်းလီကို အမိန့်ပေးလိုက်သည်။

အောင်းလီက ဖန်ရှင်း၏ အချုပ်အနှောင် ခံထားရ၍ ဒေါသထွက်နေသော်လည်း နှစ်ဦးသား နားလည်မှု အနည်းငယ်တော့ ကျန်ရှိနေပါသေးသည်။

"ဘာလို့ပြန်လွှတ်ရမှာလဲ.. မင်းရဲ့ တာအိုနှလုံးသားက ခိုင်မာမှုမရှိဘူးဆိုတာ ငါသိသားပဲ.. ငါအခုပဲ ဒီအဖွားကြီးကို မျိုချလိုက်တော့မယ်"

"တိတ်စမ်း.. ငါ့မှာ မင်းထက် ပိုကောင်းတဲ့ နည်းလမ်း ရှိတယ်"

ဖန်ရှင်းက အောင်းလီကို ကြိမ်းမောင်းလိုက်ပြီး သူ၏ အကြံအစည်ကို ဝိညာဉ်စိတ်အာရုံဖြင့် အောင်းလီထံ ပို့ပေးလိုက်သည်။

ဖန်ရှင်း၏အကြံအစည်ကို ကြားသိရသည်နှင့် အောင်းလီက အေးစက်စက် အမူအရာဖြင့် အဖွားအိုကို အမြီးဖြင့် ရစ်ပတ်ကာ ကြယ်ပင်လယ်ထဲရှိ အဖြူရောင် ကျောက်တုံး အများအပြား ရှိသည့် နေရာသို့ ပို့ဆောင်လိုက်သည်။

အောင်းလီ၏ လက်ထဲမှ လွတ်မြောက်သွားသော်လည်း အဖွားအိုက
အဖြူရောင် ကျောက်တုံးများကြား ရောက်ရှိသွားသည်။

သူမ၏ကျင့်ကြံမှုက အဆင့်မြင့်သော်လည်း လက်ရှိအချိန်တွင်
စွမ်းအားများက ကုန်ခန်းလုနီးပါး ဖြစ်နေပြီ ဖြစ်သည်။

သိပ်မကြာခင်မှာပင် မရေမတွက်နိုင်သော
အနက်ရောင်အလင်းမျှင်များက အဖြူရောင် ကျောက်တုံးထဲမှ
ထွက်လာကြပြီး သူမ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားကြသည်။

"ကောင်စုတ်လေး...မင်းငါ့ကိုလုပ်ရဲလား"

အဖွားအိုက နာကျင်စွာ အော်ဟစ်နေပြီး လွတ်မြောက်ရန် ခက်ခက်ခဲခဲ
ရုန်းကန်နေသော်လည်း အသုံးမဝင်ခဲ့ပေ။

ဤအခိုက်အတန့်မှာပင် သူမ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော
အနက်ရောင် သတ္တဝါ အရေအတွက်က လုကျန်းထက်ပင်
သာလွန်သွားခဲ့သည်။

အနီး ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူများက အဖွားအို၏
ဆိုးရွားလာသော ကံကြမ္မာကို ကြည့်ကာ တုန်လှုပ်သွားကြ၏။

တစ်ချိန်တည်းမှာပင် ဖန်ရှင်း၏ လုပ်ရပ်ကို
ကြောက်လန့်လာကြသည်။

မူလက ဖန်ရှင်းကို ကျင့်ကြံမှု အဆင့်နိမ့်ပါး၍ ၎င်းတို့က
အလေးမထားခဲ့ကြပေ။

ဤဖြစ်ရပ်ကို မြင်ပြီးနောက်တွင်မူ ဤကလေးကို
လျော့မတွက်သင့်မှန်း သူတို့ သိလိုက်ကြ၏။

"မိတ်ဆွေကြီးဖန်.. အနက်ရောင် သတ္တဝါတွေကြောင့် ခန္ဓာကိုယ်
အရမ်းကြီး ပျက်စီးသွားရင် ဆေးရဲ့ စွမ်းရည်က မကောင်းတော့ဘူး
ဆိုတာ မင်းရဲ့နဂါးကို ငါသတိပေးလိုက်ဦးမယ် "

အဖွားအို၏ အဆုံးသတ်က ရှောင်လွှဲ၍ မရတော့ပေ။

ဆရာကြီးတစ္ဆေက ဖန်ရှင်းကို ပေါ့ပါးစွာ ပြောလိုက်ပြီး မီးခိုးငွေ့ကဲ့သို့ အသွင်ပြောင်းကာ အောင်းလီထံ ပျံသန်းလိုက်သည်။

ယင်းအခိုက်မှာပင် ဖန်ရှင်းက တစ်စုံတစ်ရာကို ခံစားမိလိုက်ပြီး ရုတ်တရက် မျက်မှောင်ကြုတ်၍ ရေရွတ်လိုက်သည်။

"တစ်စုံတစ်ရာ... မှုမမှန်တာတော့ အသေအချာပဲ"

အပိုင်း(၁၂၇၃) ပြီး၏

အပိုင်း(၁၂၇၄) သိုသိပ်လွန်းသောဆရာကြီးတစ္ဆေ

အောင်းလီ၏ လက်ချက်ဖြင့် အဖွားအိုက ကြယ်ပင်လယ်ထဲတွင် ဒုက္ခပင်လယ် ဝေနေခဲ့သည်။

သူမက မည်သည့် နည်းနှင့်မျှ အသက် ရှင်သန် နိုင်တော့မည် မဟုတ်ချေ။

"သတိထား.."

ယင်းအခိုက်အတန့်တွင် ဖန်ရှင်းက တစ်စုံတစ်ရာကို သတိထားမိပြီး အောင်းလီကို သတိပေးလိုက်သည်။

သို့ရာတွင် အောင်းလီက အတွေးလွန်နေသဖြင့် သေချာမကြားလိုက်ရပေ။

"ဒီကောင်က ဆရာကြီး တစ္ဆေနဲ့ ငါ့မကောင်းကြောင်း ပြောနေလား မသိဘူး"

အောင်းလီက မကျေမနပ် ရေရွတ်လိုက်၏။

အစောပိုင်းတွင် သူက ဆရာကြီးတစ္ဆေနှင့် ဖန်ရှင်းတို့ စကားပြောဆိုနေသည်ကို သတိပြုမိခဲ့သည် မဟုတ်ပါလား။

ယင်းအချိန်မှာပင် ဆရာကြီးတစ္ဆေက အောင်းလီထံသို့ ရောက်ရှိလာခဲ့သည်။

ဆရာကြီးတစ္ဆေက သေခါနီးဆဲဆဲ ဖြစ်နေသော အဖွားအိုကိုလုံးဝ ဂရုမစိုက်တော့ပေ။

သူက အောင်းလီ၏ အနားသို့ ရောက်သည်နှင့် အလစ်တိုက်ခိုက်လိုက်ရာ ဖန်ရှင်းက ရုတ်တရက် တုန်လှုပ်သွားပြီး အောင်းလီဆီသို့ ကပျာကယာ ပျံသန်းလာခဲ့သည်။

သူ၏အမြန်နှုန်းက လျှပ်စီးကဲ့သို့ပင်။

"ဟားဟား.. မိတ်ဆွေလေးဖန်က ဘာတွေ အလောတကြီး ဖြစ်နေတာလဲ"

အေးစက်သော လှောင်ပြောင်သံ တစ်သံက ထွက်ပေါ်လာသည်။

အသံပိုင်ရှင်က ဆရာကြီးလန်ပင် ဖြစ်၏။

ဆရာကြီးလန်က သူ၏ ရုန့်ရင်းသော စွမ်းအားဖြင့် ဖန်ရှင်းကို တိုက်ခိုက်လိုက်ရာ ကြောက်မက်ဖွယ် စွမ်းအင်လှိုင်းများက

ဖန်ရှင်းဆီသို့ ရောက်ရှိသွားသည်။

ယင်း စွမ်းအင်လှိုင်းများနှင့် ရင်ဆိုင်လိုက်ရသောကြောင့် ဖန်ရှင်းက အောင်းလီဆီသို့ မသွားနိုင်တော့ဘဲ စွမ်းအင်လှိုင်းများကို ခုခံလိုက်ရသည်။

"ဝုန်း"

သူက ပေတစ်ရာခန့် လွင့်ထွက်သွားပြီး ချွေးတဒီးဒီးပင် ကျဆင်းလာသည်။

"မင်းက ဘာလို့ ငါ့ကို တိုက်ခိုက်ရတာလဲ"

အောင်းလီ၏ တုံ့ပြန်မှုကလည်း နွေးထွေးမှု မရှိချေ။

ဆရာကြီးတစ္ဆေ၏ အလစ် တိုက်ခိုက်မှုကို သူက တည်ငြိမ်စွာပင်

ခုခံနိုင်ခဲ့သည်။

အကြောင်းရင်းမှာ သူက ဖန်ရှင်းမှလွဲ၍ မည်သူ့ကိုမှ မယုံကြည်ခဲ့သောကြောင့် ဖြစ်၏။

ယင်းအချိန်မှာပင် ဆရာကြီးတစ္ဆေက အောင်းလီကို ဓားဖြင့် တိုက်ခိုက်လိုက်ရာ အောင်းလီကလည်း လက်သည်းဖြင့် ပြန်လည် တိုက်ခိုက်လိုက်၏။

"ဝုန်း"

နဂါးလက်သည်း၏ စွမ်းအားကြောင့် ကြယ်ရောင်စုံသောကောင်းကင်က ပြိုကွဲလုနီးပါး ဖြစ်သွားပြီး မိုးခြိမ်းသံများပင် မရေမတွက်နိုင်အောင် ထွက်ပေါ်လာသည်။

အောင်းလီက ပင်ကိုကပင် ရက်စက်ကြမ်းကြုတ်သူ ဖြစ်ပြီးအင်မော်တယ်နီးပါး အစွမ်းထက်သည့် အစစ်အမှန် နဂါးလည်း ဖြစ်၏။

သူက မွေးဖွားလာကတည်းကပင် သဘာဝလွန် စွမ်းအားများဖြင့် မွေးဖွားလာသည်။

သူ၏ ကျင့်ကြံမှုအဆင့် တိုးတက်လာသည်နှင့် အမျှ အစစ်အမှန် နဂါး စွမ်းရည်များကလည်း နိုးထလာခဲ့သည်။

ထို့ကြောင့် အဆင့်တူချင်း ယှဉ်ဆိုင်ရလျှင် အောင်းလီက ပြိုင်ဘက်ကင်းဟု ဆိုနိုင်ပြီး အခြားသူများထက် ခေါင်းတစ်လုံးမက သာလွန်နေခဲ့သည်။

သူက နဂါးတံခါးဝတွင် ကျင့်ကြံသူ ငါးဦးနှင့် အပြင်းအထန် တိုက်ခိုက်ခဲ့ဖူးသည်။

သို့ရာတွင် ဆရာကြီးတစ္ဆေ၏ တိုက်ခိုက်မှုက ထိုအချိန်ကထက် အဆများစွာ ပြင်းထန်၍ ကြောက်မက်ဖွယ် ကောင်းနေသည်။

ထူးဆန်းသည်မှာ ဆရာကြီး တစ္ဆေက နဂါးမျိုးနွယ်စု၏ တိုက်ခိုက်ရေး နည်းစနစ်များကို နားလည်နေခြင်းပင်။

ထက်မြက်သော ကိုယ်ခံပညာ ပါရမီ ရှိလျှင်ပင် ထိုမျှ နားလည်နေရန် မဖြစ်နိုင်ချေ။

ထို့ကြောင့်ပင် ဆရာကြီးတစ္ဆေက အောင်းလီ၏ လက်သည်းတိုက်ကွက်များကို အလွယ်တကူ ရှောင်ရှားနိုင်ခဲ့ခြင်း ဖြစ်၏။

သူ၏ တိုက်ကွက်က ထိရောက်မှု မရှိသဖြင့် အောင်းလီက ဒေါသအိုး ပေါက်ကွဲလာသည်။

တစ်ချိန်က ငါးယောက် တစ်ယောက် အထက်စီးမှ တိုက်ခိုက်နိုင်သော အောင်းလီမှာ ယခုအခါတွင် ဆရာကြီး တစ္ဆေ တစ်ယောက်ထဲကိုပင် အသေအလဲ တိုက်ခိုက်နေရသည်။

တစ်ဖက်တွင်လည်း ဖန်ရှင်းက ဆရာကြီးလန်နှင့် ပြင်းထန်သော တိုက်ပွဲကို ဆင်နွဲနေခဲ့သည်။

ဖန်ရှင်းက ဆရာကြီးလန်ကို အောင်းလီထံသို့ မသွားစေရန်တတ်နိုင်သမျှ ဟန့်တားနေခဲ့သည်။

အကယ်၍သာ ဆရာကြီးလန်က ဆရာကြီးတစ္ဆေနှင့် ပူးပေါင်းမိသွားလျှင် အောင်းလီက အန္တရာယ်နှင့် မလွဲမသွေ ကြုံရတော့မည် မဟုတ်ပါလား။

"ဟင်.. ဘာတွေ ဖြစ်ကုန်ကြတာလဲ"

ဆရာကြီးဝမ်က ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် အနည်းငယ် တုန်လှုပ်သွားခဲ့သည်။

လက်ရှိအချိန်တွင် သူက တကယ်ကို စိတ်ရှုပ်နေခဲ့သည်။

သူ၏အမြင်အရ ဖန်ရှင်းက လုကျန်း၏ နေရာတွင် အဖွားအိုကို အစားထိုးရန် ကြိုးစားခြင်းသာ ဖြစ်ပြီး ယင်းအကြံကလည်း သင့်လျော်သည့် အကြံဟု ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် အဖွားအို၏ အခန်းကဏ္ဍနှင့် ယှဉ်လျှင် လုကျန်းက ပို၍ အရေးပါနေခြင်းကြောင့်ပင်။

သို့ဆိုလျှင် ဆရာကြီးတစ္ဆေနှင့် ဆရာကြီးလန်က အဘယ်ကြောင့် မိစ္ဆာလေးတို့နှင့် အသေအကြေ တိုက်ခိုက်နေရပါသနည်း။

"ပြောစရာရှိရင် အေးဆေး ဆွေးနွေးလို့ ရပါတယ်.. ဘာလို့ ရန်ဖြစ်နေကြတာလဲ"

ဆရာကြီးဝမ်က ကပျာကယာ ဖျောင်းဖြလိုက်သည်။

သူက တိုက်ပွဲကို ကြည့်ရင်း စိုးရိမ်လာပြီး ချွေးများပင် ထွက်လာသည်။

သို့ရာတွင် ဆရာကြီးတစ္ဆေ.. အောင်းလီ.. ဆရာကြီးလန်နှင့် ဖန်ရှင်းတို့က သူ၏စကားကို အရေးလုပ်ရန် အချိန်မရှိခဲ့ပေ။

"ဘာကြောင့်လဲ.. ဘာလို့ အသေအကြေ တိုက်နေရတာလဲ"

ဆရာကြီးဝမ်က တိုက်ပွဲကို ဝင်တိုက်၍ ကူညီချင်သော်လည်း မည်သည့်ဘက်မှ ဝင်တိုက်ရမှန်း မသိ ဖြစ်ကာ တုံ့ဆိုင်းနေသည်။

သူ့ကို ဆရာကြီးလန်က ဖိတ်ခေါ်ထားသည့်မှာ မှန်သော်လည်းသူ၏စိတ်ထဲတွင် ဖန်ရှင်းနှင့် အောင်းလီကို လိုလားနေသောကြောင့် ဒွိဟ ဖြစ်နေခဲ့ခြင်းပင်။

ယခုအချိန်တွင် သူက ဆရာကြီးလန်နှင့် ဆရာကြီး တစ္ဆေ၏ ရည်ရွယ်ချက် အမှန်ကို သိချင်နေခဲ့သည်။

"ကြယ်ပင်လယ်မှာ ငါ့ကို အန္တရာယ်ပြုဖို့ ကြိုးစားနေတာ မင်းပဲ မဟုတ်လား.."

ဖန်ရှင်းက ဆရာကြီးဝမ်ကို တိုက်ခိုက်နေရင်းမှ ဆရာကြီးတစ္ဆေကို အော်ဟစ် ပြောဆိုလိုက်သည်။

"မင်းငါ့ကို အနက်ရောင်ကြိုး ပစ်ပေးတာ ငါ့ကို ကယ်တင်ဖို့မဟုတ်ဘဲ ငါ့ခါးက ကမ္ဘာငယ်လေးကို ယူချင်လို့ မဟုတ်လား"

ဖန်ရှင်း၏ အော်ဝေါက်သံကြောင့် ဆရာကြီးဝမ်ကတစ်စုံတစ်ရာကို အနည်းငယ် နားလည်သွားပြီး ဆရာကြီးတစ္ဆေကို ထိတ်လန့်စွာ

ကြည့်လိုက်မိသည်။

အဆုံးသတ်တွင် ထိုအချိန်က လက်သည် တရားခံက ဆရာကြီး တစ္ဆေမှန်း ဆရာကြီးဝမ်က ရှင်းရှင်းလင်းလင်း သိလိုက်ရ၏။

"ဒီနှစ်ယောက် ဘာအကွက်တွေ ရွှေ့ချင်နေတာလဲ"

ဆရာကြီးဝမ်က ဆရာကြီးလန်နှင့် ဆရာကြီး တစ္ဆေကို ရည်ရွယ်၍ စိတ်ထဲကနေ ရေရွတ်လိုက်သည်။

"ဟားဟား.. ဖန်ရှင်း.. မင်းက အရမ်းတော်တာပဲ"

ဆရာကြီးတစ္ဆေက ဖန်ရှင်း၏ စွပ်စွဲမှုကို ငြင်းဆန်မနေဘဲ ရယ်မော၍ ပြောလိုက်သည်။

ယခုအချိန်တွင် သူက အောင်းလီကို အပေါ်စီးမှနေ၍ တိုက်ခိုက်နေသည်။

သူ၏စွမ်းအားက အောင်းလီထက် များစွာ အားနည်းနေသည်မှာ
ထင်ရှားသော်လည်း အောင်းလီ၏ တိုက်ကွက်များ..
အလှည့်အပြောင်းများကို ကြိုတင် သိနေသကဲ့သို့
စိတ်အေးလက်အေးပင် တိုက်ခိုက်နေသည်။

အောင်းလီက နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေရပြီး
ဆရာကြီးတစ္ဆေကို ထိခိုက်အောင်လုပ်ရန် မဖြစ်နိုင်သလောက်ပင်။

"ဒီဆရာကြီး တစ္ဆေက ဘယ်လိုလုပ်ပြီး ဒီလောက်
အစွမ်းထက်နေတာလဲ"

ဆရာကြီးတစ္ဆေက ထက်မြက်သော စိတ်အာရုံကို ပိုင်ဆိုင်သည်က
လွဲလျှင် သူတို့လူစုထဲ၌ အားအနည်းဆုံးဟု သူက ယူဆထားခဲ့သည်။

ယခုတော့ ဆရာကြီး တစ္ဆေက သူတို့အားလုံး
အသေအလဲတိုက်ခိုက်နေရသည့် နဂါးမင်းသားကိုပင်
အကျပ်အတည်း တွေ့အောင် လုပ်ဆောင်နေသည်။

ရှင်းလင်းစွာ ဆိုရလျှင် အောင်းလီက ဆရာကြီးတစ္ဆေကို
ပြန်လည်ခုခံရန်ပင် မဖြစ်နိုင်တော့သည် အထိ ရုပ်ပျက်ဆင်းပျက်

ဖြစ်နေသည်။

"လီအာ.. ငါလမ်းတစ်လျှောက် မင်းနဲ့အမြဲ နီးနီးကပ်ကပ် နေချင်ပေမဲ့ အခွင့်အရေး မရခဲ့ဘူး"

ဆရာကြီးတစ္ဆေက အောင်းလီကို အေးစက်စက် ကြည့်လိုက်ပြီး ခပ်တိုးတိုး ပြောလိုက်သည်။

"မင်းက ဉာဏ်ကောင်းပေမဲ့ အယုံလွယ်လွန်းတယ်"

ဆရာကြီးတစ္ဆေက အောင်းလီကို ပေါ့ပါးစွာ ပြောလိုက်သည်။

"ငါနည်းလမ်းပေါင်းစုံ သုံးပြီး မင်းလွတ်အောင် ကြံစည်ခဲ့ရတာက မင်းက ငါ့ဆန္ဒအတိုင်း အလုပ်လုပ်ပေးမယ်လို့ ထင်လို့ပဲ"

"လီအာ.. ဘာလို့ ဟိုသူစိမ်း ပြောတဲ့ စကားကို နားထောင်နေတာလဲ"

ဆရာကြီးတစ္ဆေက အောင်းလီကို ညင်သာစွာ ပြောလိုက်သည်။

"မင်း.. မင်း ဘယ်သူလဲ"

ဆရာကြီးတစ္ဆေ၏ စကားကို ကြားလျှင် အောင်းလီက ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်လာသည်။

သူ့ကို လီအာဟု ခေါ်ဆိုသောသူက နဂါးနန်းတော်တွင် နဂါးဘုရင်ကလွဲလျှင် တစ်ယောက်ထဲသာ ရှိသည်။

"သားလေး.. မင်းရဲ့အမေကို တကယ်ပဲ မေ့သွားပြီလား"

ဆရာကြီးတစ္ဆေက ရုတ်တရက် ရယ်မောလိုက်ပြီး သူ၏ အမှောင်စွမ်းအင်ဖြင့် ရုပ်ဖျက်ထားမှုကို ဖယ်ရှားလိုက်ရာ ချောမောသော အမျိုးသမီး တစ်ဦး၏ မျက်နှာက ပေါ်ပေါက်လာသည်။

ထိုအမျိုးသမီး၏ အလှက ညို့ငင်နိုင်စွမ်း အပြည့်ရှိပြီး ပြိုင်ဘက်မရှိသော အလှမျိုးကို ပိုင်ဆိုင်ထားသူဟုပင် ညွှန်းဆိုနိုင်လောက်သည်။

သို့ရာတွင် အောင်းလီ၏ မျက်လုံးထဲတွင်မူ ထိုအမျိုးသမီးက အိပ်မက်ဆိုး တစ်ခုလို ဖြစ်နေခဲ့သည်။

အပိုင်း(၁၂၇၄) ပြီး၏

အပိုင်း(၁၂၇၅) ညို့ငင်ခြင်းမှော်အတတ်

ဆရာကြီး တစ္ဆေ၏ ပကတိမျက်နှာကို အားလုံးက မြင်တွေ့လိုက်ရပြီ ဖြစ်သည်။

ဖန်ရှင်းက တစ်စုံတစ်ရာကို မှန်းဆထားပြီ ဖြစ်သော်လည်း ယင်းမျက်နှာကို မြင်လိုက်ရသော အခါတွင်မူ စိတ်မလှုပ်ရှားဘဲ မနေနိုင်တော့ချေ။

ယွဲ့မိန်အာ..

ဟုတ်ပါသည်.. ဆရာကြီးတစ္ဆေဟု သူ့ကိုယ်သူ အမည်ပေးထားသောသူမှာ အရှေ့ပင်လယ် နဂါးနန်းတော်မှ နဂါး

မယ်တော်ကြီး ယွဲ့မိန်အာ ဖြစ်နေ၏။

လမ်းခရီး တစ်လျှောက်တွင် ဆရာကြီးတစ္ဆေ၏ သရုပ်မှန်ကို စဉ်းစားခဲ့သည့် အပြင် ထိုကိစ္စနှင့် ပတ်သက်၍ လုကျန်းနှင့်လည်း ဆွေးနွေးခဲ့ဖူးသေးသည်။

သို့ရာတွင် အဖြေ မထုတ်နိုင်ခဲ့ဘဲ ဆရာကြီးတစ္ဆေကို လျှို့ဝှက်လွန်းသော လူတစ်ယောက်ဟုသာ သတ်မှတ်လိုက်ရသည်။

ယခုတော့ အဖြေထွက်လာပြီ ဖြစ်၏။

ဆရာကြီးတစ္ဆေက သူတို့ မသိသည့် သူတစ်ယောက် မဟုတ်ပေ။

ဆန့်ကျင်ဘက် အနေဖြင့် သူ၏ ဂုဏ်သတင်းက ကျန်အကြီးအကဲ လေးယောက်ထက်ပင် ပို၍ ကျော်ကြားနေခဲ့သည်။

သူမက နတ်ဆိုးပြည်နယ်၏ နံပါတ်တစ် အလှဆုံး ဖြစ်ခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် နဂါးဘုရင်နှင့် လက်ထပ်ပြီး နဂါးနန်းဆောင်၏ နဂါးမယ်တော် ရာထူးသို့ပင် တက်လှမ်းနိုင်ခဲ့သည်။

ဤမျှ ဂုဏ်သတင်း ကြီးမားသည့် နဂါးမယ်တော်က အဘယ်ကြောင့် သူတို့နှင့်အတူ လိုက်ပါလာရသနည်း။

ဖန်ရှင်းက မည်မျှပင် မှန်းဆထားသော်လည်း ဆရာကြီး တစ္ဆေက နဂါးမယ်တော် ဖြစ်နေလိမ့်မည်ဟု ယောင်၍ပင် မတွေးမိပေ။

ခေါင်းကိုးလုံး မျိုးနွယ်စု ခေါင်းဆောင်က နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်း ပေါ်သို့ အရှေ့ပင်လယ်မှ အစွမ်းထက်ဗိုလ်ချုပ်များ အပြင် နဂါးနန်းတော် တစ်ခုလုံးကိုပါ ရွှေပြောင်းသွားခဲ့သည်။

နဂါးမယ်တော် ယွဲ့မိန်အာက ခေါင်းကိုးလုံး မျိုးနွယ်စုခေါင်းဆောင်၏ ညီမ ဖြစ်ရာ ရှေးဟောင်းလမ်းဆီ လိုက်ပါသွားပြီဟု အားလုံးက ထင်ခဲ့ကြသည်။

"နဂါးမယ်တော်က ဘယ်လိုလုပ် ဒီနေရာမှာ ရှိနေတာလဲ"

ခေါင်းကိုးလုံး နွယ်စု ခေါင်းဆောင်က ရှေးဟောင်းလမ်းကို ပြတ်ပြတ်သားသား လျှောက်လှမ်းခဲ့သော်လည်း သူမကမူ

ထျန်းယွမ်တိုက်တွင် ကျန်ရစ်နေခဲ့သည် မဟုတ်ပါလား။

ယခုအခါတွင် နဂါးမယ်တော် ယွဲ့မိန်အာက သူမ၏ ဘဝမှန်ကို ပြောပြပြီး အောင်းလီကို ထိန်းချုပ်ရန် ကြိုးစားနေသည်။

သူမ၏ ခွန်အားက အောင်းလီလောက် မသန်မာသော်လည်း သူမက အောင်းလီ၏ နည်းစနစ်များကို နားလည်ပြီးထက်မြက်သော စိတ်အာရုံကို ပိုင်ဆိုင်ထားသည်။

ယခုအချိန်တွင် ဖန်ရှင်းက အောင်းလီ အတွက် အလွန်အမင်းစိတ်ပူနေခဲ့သည်။

သူမ၏ သရုပ်မှန်ကို ဖော်ပြရန် ရည်ရွယ်ချက် မရှိသော နဂါးမယ်တော်က သူမ၏ သရုပ်မှန်ကို ပွင့်လင်းစွာ ထုတ်ဖော်လိုက်ပြီး အောင်းလီကို နူးညံ့စွာ ပြုံးပြလိုက်သည်။

သူမ၏ အပြုံးက ချိုမြသော်လည်း အောင်းလီ၏ နှလုံးသားထဲတွင် အိပ်မက်ဆိုး တစ်ခုလိုပင်။

"ဆရာကြီးတစ္ဆေက မင်းလား.. ဒါ.. ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

အောင်းလီက ဟန်ပင် မဆောင်နိုင်တော့ဘဲ တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

"သားလေး.. မင်းအမေကို မမေ့သေးဘူးကိုး"

နဂါးမယ်တော်က စကားပြောရင်း အောင်းလီ၏ အနားသို့ ချဉ်းကပ်လာသည်။

သေချာစွာကြည့်လျှင် အောင်းလီ၏ လည်ပင်းအောက်၌ ရှည်သွယ်သွယ် အနက်ရောင် အပ်တစ်ချောင်း ရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

ယင်းအပ်က အသားထဲ တစ်လက်မခွဲခန့် ဖောက်ဝင်နေသော်လည်း အောင်းလီက နာကျင်ပုံမရပေ။

ယင်းကဲ့သို့ အပ်ကိုးချောင်းက အောင်းလီ၏ ခန္ဓာကိုယ် နေရာအနှံ့တွင်

အနေအထား အမျိုးမျိုးနှင့် စိုက်ဝင်နေသည်။

"ငါမင်းကိုသတ်မယ်.."

နဂါးမယ်တော်က ချိုမြသော လေသံဖြင့် စည်းရုံးနေသော်လည်း အောင်းလီက ဒေါသတကြီး ကြုံးဝါးလိုက်၏။

သူ၏ နဂါး မျက်လုံးတစ်စုံက သွေးနီရောင်ပင် သန်းလာသည်။

သူ့မှတ်ဉာဏ်ထဲတွင် နဂါးမယ်တော်နှင့် ပတ်သက်၍ ဆိုးဝါးသော အမှတ်တရများ ရှိမနေသော်လည်း ဖန်ရှင်း၏ ပြောပြမှုကြောင့် နဂါးမယ်တော်၏ ရက်စက်မှုကို သိခဲ့ရသည်။

ဖန်ရှင်းက သူ၏ မောင်နှမများကို နဂါးမယ်တော် စားပစ်လိုက်သည့် အကြောင်းများကိုပါ ပြောပြထားသဖြင့် အောင်းလီက ဤမျှ ခါးခါးသီးသီး ဖြစ်နေခြင်းပင်။

သူ၏မုန်းတီးမှုကို နှလုံးသားထဲတွင် ရေးထွင်းထားသည်မှာကြာပြီ ဖြစ်ပြီး စကားလုံးဖြင့်ပင် ဖော်ပြနိုင်မည် မဟုတ်ပေ။

"မင်း"

အောင်းလီက ဒေါသများ တလိမ့်လိမ့် တက်လာပြီး ကမ္ဘာပေါ်တွင် အထက်မြက်ဆုံး လက်နက်ဟု ညွှန်းဆိုနိုင်သည့် ဦးချိုဖြင့် တိုက်ခိုက်လိုက်သည်။

သူက ဒေါသအိုး ပေါက်ကွဲနေပြီး ယခုအချိန်တွင် ဘာကိုမှ ဂရုမစိုက်နိုင်တော့ချေ။

ဤသို့ တုံ့ပြန်လာနိုင်သည်ကို နဂါးမယ်တော်က ကြိုတင်မျှော်လင့်ထားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် နဂါးဦးချိုနှင့် ရင်ဆိုင်ရသော အခိုက်တွင် ကြောက်ရွံ့ခြင်း အလျဉ်း မရှိဘဲ နူးညံ့သိမ်မွေ့စွာ ပြုံးပြလိုက်သည်။

သူမ၏ အပြုံးတွင် သတ္တဝါ အားလုံးကို ညို့ငင်နိုင်သည့် ဖော်မပြနိုင်သော စွမ်းအားများ ပါဝင်နေသည်။

ထိုအပြုံးက ကောင်းကင်နှင့် မြေကြီးကြားရှိ တောက်ပမှုအားလုံးကို ချက်ခြင်း လုယက်သွားသလိုပင်။

အောင်းလီပင် ထိုအပြုံး၏ အောက်၌ ခဏမျှ နစ်မြောသွားခဲ့သည်။

တိုက်ပွဲကို စောင့်ကြည့်နေသည့် ဆရာကြီးဝမ်ပင် ညို့ငင်မှုကို ခံခဲ့ရပြီး နဂါးမယ်တော်၏ အပြုံးကို စွဲလန်းသော အရိပ်အယောင်များ မျက်နှာထက်တွင် ပေါ်ပေါက်လာသည်။

ဖန်ရှင်းနှင့် တိုက်ခိုက်နေသည့် ဆရာကြီးလန်၏ မျက်လုံးထဲတွင်လည်း ရူးသွပ်စွာ စွဲလန်းသည့် အရိပ်အငွေ့များ ပေါ်ပေါက်လာ၏။

ထိုအပြုံးကို မြင်ခွင့်ရမည် ဆိုလျှင် ဘာမဆို စွန့်လွှတ်နိုင်သည်အထိပင် ၎င်းတို့က စိတ်ကူးယဉ်နေခဲ့ကြသည်။

"မင်း..."

အောင်းလီက နဂါးမယ်တော်၏ အပြုံးကြောင့် ခဏမျှ

မှင်တက်သွားပြီး သူ့မျက်နှာပေါ်ရှိ အမုန်းတရားများက ချက်ချင်းပင် ဒီရေကျသွားကဲ့သို့ ပျောက်ကွယ်သွားသည်။

ယင်းအချိန်မှာပင် နဂါးမယ်တော်၏ ရီသံသဲ့သဲ့ ထွက်ပေါ်လာပြီး အောင်းလီ၏ နဂါးခန္ဓာကိုယ်တွင် စိုက်ဝင်နေသည့် ရှည်လျားသော အနက်ရောင် အပ်ကိုးချောင်းက ညင်သာစွာ တုန်ခါသွားကာ အသားထဲသို့ ပို၍ နစ်ဝင်သွားသည်။

ထိုနည်းစနစ်က နဂါးမယ်တော်၏ ကျော်ကြားသော ညို့ငင်ခြင်း မှော်အတတ်ပင်။

သူမ၏ ညို့ငင်ခြင်း နည်းစနစ်က အသံ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်သော်လည်း ဤကြယ်ရောင်စုံသော ကောင်းကင်တွင် အသံ ထုတ်လွှင့်ခြင်းမျိုး မရှိသည့်အပြင် နတ်ဘုရား စိတ်အာရုံ၏ ထုတ်လွှင့်မှုကလည်း အသံကဲ့သို့ တူညီသော အကျိုး သက်ရောက်မှုကို မရရှိနိုင်ချေ။

ထို့ကြောင့် သူမက ရယ်မောသံဖြင့် ငွေအပ်ကိုးချောင်းကို လှုံ့ဆော်လိုက်ပြီး အောင်းလီ၏ ခန္ဓာကိုယ်ထဲသို့ ပို့လိုက်ခြင်း ဖြစ်သည်။

ရလဒ်က သူမကို အလွန်ပင် ကျေနပ်စေသည်။

အောင်းလီက အလွန်သန်မာသော်လည်း အတွေ့အကြုံပိုင်းတွင် အတော်လေး နုနယ်နေသည် မဟုတ်ပါလား။

"ငါ့အစ်ကိုက ငါ့ကိုစွန့်ပစ်ပြီး ထျန်းယွမ်မှာ တစ်ယောက်တည်းထားခဲ့တော့ ငါစိတ်ပျက်လုနီးပါး ဖြစ်ခဲ့ရတယ်.. ငါ့အစ်ကိုက ငါ့ကို ဒီလို ဆက်ဆံမယ်လို့ ငါတစ်ခါမှ မထင်ခဲ့မိဘူး.. ငါတို့ မောင်နှမ နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် နှစ်ပေါင်းများစွာ မှီခိုလာခဲ့ကြတယ်.. နောက်ဆုံးတော့ အင်မော်တယ် ဖြစ်လာဖို့ အခွင့်အရေး ရခဲ့ပေမဲ့ ညီမဖြစ်တဲ့ ငါ့ကို စွန့်ပစ်ခဲ့တယ်.. အဲဒီလိုအချိန်မှာ မင်းပြန်ရောက်လာတာက တကယ်ကို အံ့သြစရာပဲ.."

နဂါးမယ်တော်က ကမ္ဘာပေါ်တွင် အောင်းလီနှင့် အရင်းနှီးဆုံးလူကဲ့သို့ ပြုံးကာ စကား တပြောပြောဖြင့် အောင်းလီ အနားသို့ ဖြည်းညှင်းစွာ ချဉ်းကပ်လာသည်။

"ဒီကမ္ဘာမှာ မင်း အသက်ရှင်နေဦးမယ်လို့ ငါတကယ်

မမျှော်လင့်ထားဘူး.."

"မင်းရဲ့စိတ်တွေ ပြန်ကောင်းလာမယ် လို့လည်း ငါမထင်ခဲ့ဘူး.. မင်းက ပုံမှန် အခြေအနေကို ပြန်ရောက်သွားတဲ့ အပြင် ကျင့်ကြံမှု အခြေခံတွေ တဟုန်ထိုး တိုးတက်လာတာ ကြောက်ခမန်းလိလိပဲ.."

"ငါ့ရဲ့ သဘာဝလွန် စွမ်းအားတွေကို ချိုးဖျက်နိုင်တဲ့ အစွမ်းအစ ဘယ်သူ့မှာ ရှိနေလည်း ငါတကယ် မသိပေမယ့် ကိစ္စတော့ မရှိပါဘူးလေ.."

သူမက ခပ်တိုးတိုး ရေရွတ်လိုက်ရင်း အောင်းလီ၏ အနားသို့ ရောက်လာသည်။

သူမ၏ လက်တွေက ဖြူဖွေးနေပြီး ပါးပြင်ကပန်းပွင့်လို နူးညံ့သိမ်မွေ့နေသည်။

လက်ချောင်းထဲတွင်မူ ပုလဲဆံထိုးကို ကိုင်ဆောင်ထားသည်။

သူမ၏လက်က အောင်းလီ၏ ခေါင်းပေါ်သို့

တဖြည်းဖြည်းရွေ့လျားလာသည်။

"မင်း သူ့ကို ထိဝံ့ရင် ငါမင်းကို ဖမ်းမိတာနဲ့ ဆောင်ကြာမြိုင်ပို့ပြီး စီးပွားရှာပစ်မယ်..."

ဖန်ရှင်းက နဂါးမယ်တော် လက်ထဲမှ ပုလဲဆံထိုးကို အဝေးကနေ မြင်လိုက်ရလျှင် ဒေါသတကြီး အော်ဟစ်လိုက်သည်။

အောင်းလီကို ရူးသွပ်စေခဲ့သည့် ပုလဲဆံထိုး(ဝါ) မှော်ပုတီးစေ့ကို သူဘယ်လိုလုပ်ပြီး မေ့ပစ်နိုင်မည်နည်း။

ထိုပစ္စည်းကြောင့်ပင် ဖန်ရှင်းက အောင်းလီကို မိုးကြိုးရေကန်တွင် ကုသခဲ့ရပြီး ဆယ်စုနှစ်များစွာ ကြာမှ ပြန်တွေ့ခဲ့ရသည်။

"ဝှစ်.. ဝှစ်.. ဝှစ်"

ဖန်ရှင်းက နဂါးမယ်တော်ကို အစွမ်းကုန် တားမြစ်ရန် သူ၏ မှော်လက်နက် အားလုံးကို ထုတ်ဖော်လိုက်ရာ ကြယ်ရောင်စုံသော ကောင်းကင်ထက်တွင် မှော်လက်နက်များက မြစ်တစ်စင်းလို

ဖြစ်သွားခဲ့၏။

ဆရာကြီးလန်က ဖန်ရှင်းကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

သူ၏ ကျင့်ကြံမှု အဆင့်ဖြင့် ဤကလေးကို မတားမြစ်နိုင်စရာ ဘာအကြောင်းမှ မရှိချေ။

"ပုတီးစေ့ကို မင်းခေါင်းပေါ်မှာ အမေ ထပ်ထည့်ထားမယ်.. ဒီတစ်ခါတော့ မဖြုတ်နဲ့တော့..."

နဂါးမယ်တော်က နူးညံ့စွာပြုံး၍ ကလေးကို ချော့မြူသလိုမျိုး ပျော့ပျောင်းစွာ ပြောလိုက်သည်။

"အရင်ထက်စာရင် မင်းက အင်မော်တယ် နီးပါး အစွမ်းထက်နေပြီဆိုတော့ အမေ့အတွက် ပိုအသုံးဝင်တာပေါ့"

အောင်းလီက နဂါးမယ်တော်၏ ရည်ရွယ်ချက်ကို ရိပ်စားမိသော်လည်း ခန္ဓာကိုယ်က လှုပ်မရ ဖြစ်နေသည်။

သူက နဂါးမယ်တော်၏ ညို့ငင်ခြင်း မျော်အတတ် အောက်တွင် ခုခံနိုင်စွမ်း မရှိခဲ့ပေ။

"မင်းတို့ မောင်နှမတွေက ငါ့ကို နဂါးမျိုးနွယ်စုရဲ့ သစ္စာဖောက်လို့ ပြောကြတယ်.. အခုကြည့်စမ်း.. ငါက တကယ်ပဲ သစ္စာဖောက်နဲ့ တူနေလို့လား"

အပိုင်း(၁၂၇၅) ပြီး၏

စာစဥ်(85)ပြီး၏။

စောင့်ဆိုင်းပေးကြတဲ့အတွက် ကျေးဇူးပါနော်။

အဲ့ဒီအတွက်လည်း ပရိုမိုရှင်း တစ်ခုခု ပြန်လုပ်ပေးပါ့မယ်။

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၆)

အပိုင်း(၁၂၇၆) လူယုတ်မာနစ်ယောက်ကိုသတ်လိုက်

သမိုင်းက တစ်ပတ် ပြန်လည်လာသည်ဟု ဆိုရမလိုပင်။

နဂါးမယ်တော် ယွဲ့မိန်အာ လက်ထဲက ပုလဲပန်းက အောင်းလီ၏ ခေါင်းပေါ်သို့ ဖြည်းဖြည်းချင်း ကျဆင်းလာသည်။

တစ်ချိန်က ယခုကဲ့သို့ပင် အောင်းလီက လုပ်ကြံခံရဖူးပြီး မည်သူ့ကိုမှ အမှတ်မရတော့သည် အထိ ရူးသွပ်ခဲ့ဖူးသည်။

ယခုမူ သူက ယခင်ကဲ့သို့ မဟုတ်တော့ဘဲ အင်မော်တယ် နီးပါး အစွမ်းထက်သူ ဖြစ်လာခဲ့ပြီ ဖြစ်သည်။

"အရှေ့ပင်လယ်ကို ဂျွန်းထိုးမှောက်ခုံ မွှေနှောက်ခဲ့တဲ့ နတ်ဆိုးပြည်နယ်ရဲ့ တစ်ချိန်က အလှဘုရင်မက တကယ်ကို အံ့သြစရာပဲ"

ဆရာကြီးဝမ်က တအံ့တသြ ရေရွတ်လိုက်ပြီး အောင်းလီ၏ ခေါင်း၌ ပုလဲပန်း အစိုက်ခံရတော့မည့် မြင်ကွင်းကို မကြည့်ရက်သဖြင့် ခေါင်းကို တစ်ဖက်သို့ ညင်သာစွာ လှည့်လိုက်သည်။

ယခုအချိန်တွင် သူက ကြားနေရန် စိတ်ထဲတွင် ဆုံးဖြတ်ချက် ချထားပြီ ဖြစ်ရာ ယွဲ့မိန်အာနှင့် ဆရာကြီးလန်ကို အနှောင့်အယှက် ပေးတော့မည် မဟုတ်ပေ။

ယွဲ့မိန်အာနှင့် ဆရာကြီးလန်တို့က လက်ရှိတွင် အသာစီးရနေ၍ ဤအစီအစဉ်ကို ကြံစည်ခဲ့သည်မှာ ကြာမြင့်နေပြီ ဖြစ်ကြောင်း သိသာထင်ရှားနေသည်။

"ဟားဟားဟား.. သတ်ပစ်လိုက်.. အဲ့ဒီနဂါးစုတ်ကို သတ်ပြီး ဟိုခွေးကောင်ကိုပါ ပြာဖြစ်အောင်လုပ်ပစ်လိုက်"

တစ်ဖက်တွင်လည်း အနက်ရောင်သတ္တဝါများ၏ နှိပ်စက်မှုကို ခံနေရသည့် အဖွားအိုက ပြင်းထန်စွာ အော်ဟစ်နေ၏

သူမ၏ မျက်နှာက ရှုံ့တွပ်မှုများဖြင့် ပြည့်နှက်နေပြီး မျက်လုံးများက ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားနေသည်ကို ပြသနေသည်။

ဖန်ရှင်းနှင့် အောင်းလီတို့၏ နှိပ်စက်ခြင်းကို ခံခဲ့ရသော သူမက

အောင်းလီ၏ ကြေကွဲဖွယ် အခြေအနေ အတွက် သူမ၏ မုန်းတီးမှု အားလုံးကို ဖွင့်ထုတ်ခဲ့သည်။

ယခုအချိန်တွင် သူမက နဂါးမယ်တော် ယွဲ့မိန်အာကို အဆုံးမဲ့ကျေးဇူးတင်ရှိနေခဲ့သည်။

အကယ်၍ သူမသာ လွတ်မြောက်ခဲ့လျှင် ထိုနှစ်ယောက်နှင့် သူသေကိုယ်သေ တိုက်ခိုက်မိမည်မှာ အသေအချာပင်။

"ငါတကယ် အမှားလုပ်မိခဲ့ပြီလား"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်ပြီး နှလုံးသား တစ်ခုလုံး လေးလံလာသလို ခံစားလာရ၏။

ယခုအချိန်တွင် ဆရာကြီးလန်က သူ့ကို သွားလမ်းကို ပိတ်ဆို့ထားခဲ့သည်။

သူက ဖောက်ထွက်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သော်လည်း ဆရာကြီးလန်က သူ့ကို အသေအလဲ ပိတ်ဆို့ထားသောကြောင့်

နဂါးမယ်တော်က အောင်းလီကို ဒုက္ခပေးတော့မည့် မြင်ကွင်းကို ကြည့်ရှုရုံသာ တတ်နိုင်ခဲ့သည်။

"အောင်းလီ.. ဒီတစ်ခါတော့ မင်းကို ငါမကယ်နိုင်တော့ဘူး ထင်တယ်"

ဖန်ရှင်းက စိတ်ပျက်ဝမ်းနည်းစွာ ရေရွတ်လိုက်သည်။

နဂါးမယ်တော် ယွဲ့မိန်အာ၏ ပုလဲပန်းက အောင်းလီ၏ ဦးခေါင်းထိပ်သို့ ကျဆင်းလာသည်ကို မြင်လိုက်ရသောအခါ ဖန်ရှင်းက တုန်လှုပ်သွားသည်။

သူ့အတွက်တော့ ထိုခံစားချက်မျိုးက အတော်လေး ခါးသီးနေသည်။

သို့ရာတွင် ကံကောင်းစွာဖြင့် ထင်မှတ်မထားသော မြင်ကွင်း တစ်ခုက ရုတ်တရက် ပေါ်ပေါက်လာသည်။

နဂါးမယ်တော် ယွဲ့မိန်အာ၏ ပုလဲပန်းကို မည်သူမျှ မတားနိုင်တော့သည့် အချိန်တွင် ဖော်မပြနိုင်သော

မုန်းတီးမှုများနှင့်အတူ နက်နဲသော အသံတစ်ခု ထွက်ပေါ်လာသည်။

"သေချင်နေပြီလား"

အသံနှင့် အတူ တပုလ္လင်ခွေ၍ ထိုင်နေသော လုကျန်းက ရုတ်တရက် မျက်လုံးပွင့်လာသည်။

သူ့မျက်လုံးထဲတွင် အလင်းတန်းများ ထွက်ပေါ်လာပြီး နဂါးမယ်တော်အား လှမ်းကြည့်လိုက်သည်။

သူက တာအိုအုတ်မြစ်ကို လောင်ကျွမ်းစေကာ ခန္ဓာကိုယ်ထဲမှ အနက်ရောင် သတ္တဝါများကို အတင်းအကျပ် မောင်းထုတ်ခဲ့သည်။

ဆရာကြီးလန်တို့ လူစု ဆေးလုံးအဖြစ် သူ့ကို သန့်စင်မည်ဟုတိုင်ပင်စဉ်က မျက်လုံး မဖွင့်ခဲ့သည့် လုကျန်းက နဂါးမယ်တော်၏ အစီအစဉ် ထမြောက်ခါနီးမှ မျက်လုံးပွင့်လာသည်။

တာအိုအုတ်မြစ်ကို လောင်ကျွမ်းစေလိုက်သောကြောင့် သူ၏ ခွန်အားက လက်ရှိတွင် အဆမတန် တိုးပွားနေ၏။

ချက်ချင်းပင် သူက ယွဲ့မိန်အာဆီသို့ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ယင်းအချိန်တွင် အောင်းလီ၏ ခေါင်းကို ပုလဲပန်း ထိုးစိုက်ရန် အာရုံစိုက်နေသော ယွဲ့မိန်အာက သူမ၏ နောက်ကျောမှ ကြောက်မက်ဖွယ် ကောင်းသော အော်ရာကို ရုတ်တရက် ခံစားမိလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

"ဝုန်း"

နဂါးမယ်တော်က သူမ၏ လုပ်ငန်းစဥ်ကိုပင် အဆုံးမသတ်နိုင်တော့ဘဲ လွင့်ထွက်သွားသည်။

လုကျန်း၏ ကျင့်ကြံမှုအဆင့်က သူမထက် ပိုမိုမြင့်မားသည့်အပြင် အဆုံးမဲ့ ဒေါသများပါ အဆစ်ပါလာသောကြောင့် လက်ဝါးရိုက်ချက်က အတော်လေး ပြင်းထန်ပြီး သူမ၏ ခံနိုင်ရည် ကန့်သတ်ချက်ကိုပင် ကျော်လွန်နေသည်။

သူမက အတော်လေး ထိခိုက်ဒဏ်ရာ ရသွားပြီး သူမ၏ နူးညံ့လှပသော မျက်နှာက ပုံပျက်ပန်းပျက် ဖြစ်သွားရသည်။

"လုကျန်း နင်က ငါ့အစီအစဥ်ကို ဖျက်ဆီးရဲတယ်လား"

နဂါးမယ်တော် ယွဲ့မိန်အာ၏ ကြုံးဝါးသံက စူးရှစွာ ထွက်ပေါ်လာသည်။

"မင်းက ငါ့ကို ဆေးလုံးလုပ်ဖို့ အရင် ကြံစည်တာလေ.. မင်းရဲ့ဆန္ဒအတိုင်း ငါက ဘာလို့ လိုက်လုပ်ရမှာလဲ"

လုကျန်းက ဒေါသတကြီး ပြောဆိုလိုက်သည်။

"ငါမပါရင် မင်းတို့ နဂါးတံခါးဝကိုတောင် ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး.. မင်းတို့တွေက နဂါးလေးကို အသုံးချဖို့ ငါ့ရဲ့အသက်နဲ့ ဖန်ရှင်းကို အကျပ်ကိုင်ခဲ့တာ ငါမသိဘူးများ ထင်နေလား"

"ငါက မျက်စိမှိတ်နေပေမဲ့ မင်းတို့တွေ တိုင်ပင်တာ အကုန် ရှင်းရှင်းလင်းလင်း ကြားနေရတယ်.. ဟားဟား.. ခရီးမထွက်ခင်က

ငါတို့တွေ အချင်းချင်း ဒုက္ခမပေးဘူးလို့ ကတိထားကြပေမဲ့ ငါ့ကို အသက်ဆေးလုံးအဖြစ် အသုံးချဖို့ မင်းတို့ ကြံစည်ခဲ့ကြတယ်.. အဲ့ဒီအချိန်က ဘယ်သူမှ ငါ့ဘက်ကနေ မရပ်တည်ပေးခဲ့ဘူး.. ဖန်ရှင်းတစ်ယောက်ပဲ ရပ်တည်ပေးခဲ့တယ်.. ဘယ်သူက ရန်သူ ဘယ်သူက မိတ်ဆွေ ဆိုတာကို ငါမခွဲခြားတတ်ဘူးလို့ မင်းထင်နေလား"

စကားဆုံးသည်နှင့် လုကျန်းက နဂါးမယ်တော်ဆီသို့ အပြေးအလွှား သွားရောက်ပြီး သတ်ဖြတ်လိုသော အော်ရာများဖြင့် ခင်းကျင်းထားသော အစီအရင် အလံများကို နဂါးမယ်တော်ဆီသို့ တိုက်ရိုက် ပစ်လွှင့်လိုက်ရာ အလံများက လေဆင်နှာမောင်းနှယ် ပြေးဝင်သွားပြီး နဂါးမယ်တော်ကိုအတွင်းဒဏ်ရာ အပြင်းအထန် ရစေခဲ့သည်။

"လုကျန်း.. ငါတို့ရဲ့ ဆက်ဆံရေးကို တစ်ကနေ ပြန်စလို့ ရပါတယ်.. ဒီနဂါးကို ထိန်းချုပ်ပြီးတာနဲ့ အင်မော်တယ်လမ်းကို ငါတို့ အေးဆေး လျှောက်လှမ်းလို့ရပြီ.. နင်ငါ့ကို တားချင်သေးလား"

"ချီးထဲမှပဲ မင်းရဲ့ အင်မော်တယ်လမ်းကို မင်းဘာသာမင်း သွားစမ်း"

လုကျန်းက စကားပြောရင်း ဒေါသအိုး ပေါက်ကွဲလာပြီး အတွင်းဒဏ်ရာ အပြင်းအထန် ရနေသည့် ယွဲ့မိန်အာကို တိုက်ခိုက်လိုက်ရာ ယွဲ့မိန်အာက ကြိုးပြတ်သွားသော စွန်ကဲ့သို့ လွင့်ထွက်သွားပြီး သွေးတစ်လုတ်ကို အန်ထုတ်လိုက်ရသည်။

"ငါလုကျန်းက ထျန်းယွမ်တိုက်ရဲ့ အစီအရင် နတ်ဘုရားပဲ.. မင်းတို့တွေ ဆေးလုံးလုပ်ဖို့ အလွယ်တကူ ခွင့်ပြုမဲ့လူစားလို့ ထင်နေလား"

လုကျန်းက ဒေါသတကြီး ကျယ်လောင်စွာ ကြုံးဝါးလိုက်သည်။

ထိုအသံက နဂါးမယ်တော်၏ ညို့ငင်ခြင်း အစွမ်းဖြင့် မိန်းမောနေသည့် အောင်းလီကို ရုတ်တရက် အသိပြန်ဝင်လာစေခဲ့သည်။

အောင်းလီက အသိပြန်ဝင်လာသည်နှင့် သူ၏ ခန္ဓာကိုယ်ထဲမှ အနက်ရောင်အပ်များ အားလုံးကို အပြင်သို့ ရောက်အောင် တွန်းထုတ်လိုက်သည်။

သူက အိပ်မက်ဆိုးကနေ လန့်နိုးလာသကဲ့သို့ တုန်လှုပ်နေပြီး ဒေါသ

အကြီးအကျယ် ထွက်နေသည်။

"သေစမ်း"

အောင်းလီက ကျယ်လောင်စွာ ကြုံးဝါးလိုက်ပြီး လုကျန်း၏ လက်ချက်ကြောင့် ဒဏ်ရာ အကြီးအကျယ် ရနေသည့် နဂါးမယ်တော်ကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

တစ်ချိန်က အမုန်းတရား အဟောင်း အပါအဝင် အမုန်းတရားအသစ်နှင့် အတူ အောင်းလီ၏ တိုက်ခိုက်မှုက ကြောက်ခမန်းလိလိ ပြင်းထန်နေသည်။

အောင်းလီက အစစ်အမှန် အင်မော်တယ်နီးပါး အစွမ်းထက်သောကြောင့် အောင်းလီ၏ ခွန်အားကုန် ထုတ်သုံး၍ တိုက်ခိုက်မှုကို ဒဏ်ရာ အပြင်းအထန် ရနေသော နဂါးမယ်တော် ယွဲ့မိန်အာက ပြန်လည်တုံ့ပြန်မှု မလုပ်နိုင်မည်မှာ သေချာသလောက်ပင်။

"သူ့ကို သတ်လို့မဖြစ်ဘူး"

ဆရာကြီးဝမ်က တုန်လှုပ်ချောက်ခြားစွာ အော်ဟစ်လိုက်ပြီး နဂါးမယ်တော်ကို ကယ်တင်ရန် ပြင်ဆင်လိုက်သည်။

အခြေအနေ ရုတ်ခြည်း ပြောင်းလဲသွားမှုက သူ့ကို အနည်းငယ် ကမောက်ကမ ဖြစ်စေခဲ့သည်။

နဂါးမယ်တော်ဘက်တွင် ရပ်တည်ရန် သူ မရည်ရွယ်ထားသော်လည်း အေင်းလီက နဂါးမယ်တော်ကို သတ်ရန်ကို မလိုလားခဲ့ပေ။

သူမက သေသင့်သည့်အပြစ်ကို ကျူးလွန်နေပါစေ.. ဆေးလုံး ဖော်စပ်သည့် နည်းလမ်းကို သူမ တစ်ယောက်တည်းသာ သိသည် မဟုတ်ပါလား။

သူ့စိတ်ထဲ ဘယ်လိုပင် တွေးနေပါစေ နဂါးမယ်တော်ကို ကယ်တင်ဖို့က နောက်ကျသွားပြီ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လုကျန်းက သူ၏သွားလမ်းကို ပိတ်ဆို့ထားသောကြောင့်ပင်။

"မိစ္ဆာလေး.. မင်းရဲ့အပြစ်က သေသင့်နေပြီ.. လုကျန်းကို ကယ်တင်ပြီး ငါတို့ အားလုံးရဲ့ အင်မော်တယ် မျှော်လင့်ချက်တွေ အားလုံးကို မင်းဖျက်ဆီးပစ်လိုက်တယ်"

ဆရာကြီးလန်က ဖန်ရှင်းကို ဒေါသတကြီး ပြစ်တင် ကြိမ်းမောင်းလိုက်သည်။

တစ်ချိန်တည်းမှာပင် သူက အောင်းလီ၏ တိုက်ကွက်ကို နဂါးမယ်တော် ကိုယ်စား ခုခံလိုက်ပြီး နဂါးမယ်တော်ကို သူ၏ ကမ္ဘာငယ်လေးထဲသို့ ဆွဲသွင်းလိုက်သည်။

ထိုမြင်ကွင်းကြောင့် ဖန်ရှင်းနှင့် လုကျန်း သာမက အောင်းလီပင် မှင်တက်သွားသည်။

၎င်းတို့၏ မျက်နှာပေါ်တွင် ထိတ်လန့်မှုနှင့် စိတ်လှုပ်ရှားမှုတို့က ရောယှက်နေပြီး ထုတ်ဖော်ပြောဆိုရန် မဖြစ်နိုင်သလောက်ပင်။

ယင်းနောက်တွင် ဖန်ရှင်းက ကမ္ဘာငယ်လေး ရှိရာသို့

စိုက်ကြည့်လိုက်ပြီး လက်ဝှေ့ရမ်းကာ ဒေါ်သတကြီး အမိန့်ပေးလိုက်သည်။

"အောင်းလီ.. ဒီလူယုတ်မာ နှစ်ယောက်ကို သတ်လိုက်"

အပိုင်း(၁၂၇၆) ပြီး၏

အပိုင်း(၁၂၇၇) ကြယ်ပင်လယ်ထဲတွင်ကျန်ရစ်ခြင်း

အစောပိုင်းက ယင်ဇ်ပူဇော်လုနီးပါး ဖြစ်နေသည့် လုကျန်းကြောင့် အခြေအနေ တစ်ခုလုံး ပြောင်းလဲသွားလိမ့်မည်ဟု ဘယ်သူမှ မမျှော်လင့်ထားကြပေ။

ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့၏ သဘာဝလွန် စွမ်းအားများက အလွန်ပင် ကြောက်စရာ ကောင်းလှသည်။

အထူးသဖြင့် နဂါးမယ်တော်၏ ညို့ငင်ခြင်း မှော်အစွမ်းမှလွတ်မြောက်လာသော အောင်းလီက အရှက်သိက္ခာနှင့် ဒေါ်သတရား အောက်တွင် ရှူးသွပ်နေသော

နဂါးတစ်ကောင်ကဲ့သို့ဖြစ်နေသည်။

ယင်းအတွက်ကြောင့် နဂါးမယ်တော်က အလွန်လေးလံသောဖိအားကို ခံစားခဲ့ရပြီး ဆရာကြီးလန်၏ ကမ္ဘာငယ်လေးတွင် ပုန်းရှောင်ရန်သာ တတ်နိုင်တော့သည်။

အစောပိုင်းက အောင်းလီကို ညို့ငင်ခြင်း အစွမ်းဖြင့် အခွင့်ကောင်း ယူလိုသော နဂါးမယ်တော်က အောင်းလီ နိုးထလာပြီးနောက် အောင်းလီနှင့် နီးကပ်ရန် အခွင့်အရေး လုံးဝ မရှိတော့ပေ။

သူမက ဒဏ်ရာ အပြင်းအထန် ရရှိနေသဖြင့် သူမ၏ ညို့ငင်ခြင်း မှော်အစွမ်းကလည်း အောင်းလီကို သက်ရောက်မှု ရှိမည် မဟုတ်တော့ချေ။

တစ်နည်းပြောရလျှင် လုကျန်း၏ လက်ချက်ကြောင့် သူမ ကြိုးစား အားထုတ်ခဲ့သည့် အောင်းလီကို ထိန်းချုပ်၍ ရမည့် တစ်ခုတည်းသော အခွင့်အရေးကို ဆုံးရှုံးခဲ့ရသည်။

လုကျန်းက ပုံမှန်ထက်ပို၍ ကြောက်မက်ဖွယ် ကောင်းသော

အစွမ်းသတ္တိကို ပြသခဲ့သည်။

ယင်းမှာ လုကျန်းက ကိုယ်ပိုင် အခြေတည် အုတ်မြစ်ကို လောင်ကျွမ်းစေလိုက်သောကြောင့်ပင်။

ယခုတော့ ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့က တိုက်ပွဲစစ်မြေပြင်တွင် အသာစီး အနေအထားမှ ရှိနေကြ၏။

"မင်းတို့ ကမ္ဘာငယ်လေးထဲ ပုန်းလိုက်တာနဲ့ လုံခြုံသွားပြီလို့ထင်နေလား"

အောင်းလီက ဒေါသထွက်သွားပြီး သူ၏ နဂါးခန္ဓာကိုယ်ဖြင့် ကမ္ဘာငယ်လေးကို ရွှေဘောလုံးကဲ့သို့ ရိုက်ချလိုက်သည်။

"နဂါးစုတ်.. ငါ့ကို ညှင်းဆဲနှိပ်စက်တဲ့ အတွက် မင်းသေသင့်တယ်.. မင်းဘာလို့ မသေသေးတာလဲ"

အဖွားကြီးက အောင်းလီကို တရစပ် ကြိမ်းမောင်းနေရုံသာတတ်နိုင်ခဲ့သည်။

ဆရာကြီးဝမ်ကလည်း ဖန်ရှင်းတို့ သုံးယောက်
နဂါးမယ်တော်ယွဲ့မိန်အာကို သတ်လိုက်မည်အား စိုးရိမ်နေသည်။

ထို့ကြောင့် သူက ထိတ်လန့်တကြား သတိပေးလိုက်သည်။

"မိတ်ဆွေလေးဖန်.. စိတ်အေးအေးထားပါ..
ငါတို့တွေအေးအေးဆေးဆေး ဆွေးနွေးလို့ရပါတယ်"

"ဘာကို ဆွေးနွေးရမှာလဲ.. ငါ့ကို လာမကူတဲ့ အတွက် မင်းက
ငါ့ရဲ့ရန်သူပဲ"

ဖန်ရှင်းက ပြင်းထန်စွာ ကြုံးဝါးလိုက်ပြီး လက်ဝှေ့ရမ်းလိုက်ရာ
သမာဓိမီးများက တကယ့် မီးမိုးရွာချသကဲ့သို့ ကြယ်ရောင်စုံသော
ကောင်းကင်ကြီးတွင် ပြည့်နှက်သွားသည်။

ဆရာကြီးဝမ်က ဖန်ရှင်းထက် ကျင့်ကြံမှု အဆင့် မြင့်မားသော်လည်း
ဖန်ရှင်း၏ တိုက်ခိုက်မှုနှင့် ထိပ်တိုက် ရင်ဆိုင်ရလျှင် ယှဉ်နိုင်ဖို့
မလွယ်ကူချေ။

အောင်းလီကလည်း နဂါးမယ်တော်၏ ညို့ငင်ခြင်း မှော်အစွမ်းတွင် ဖမ်းမိလုနီးပါး ဖြစ်ခဲ့ရသောကြောင့် နဂါးမယ်တော်ကို နာကြည်းမုန်းတီးနေသည်။

လုကျန်းကလည်း ဆေးလုံးအဖြစ် ဖော်စပ်ခံရလုနီးပါး ကြိစည်ခံခဲ့ရသောကြောင့် ရင်ထဲတွင် ဒေါသများ ပြည့်နှက်နေသည်။

သူတို့ သုံးယောက်လုံးက လက်ရှိအချိန်တွင် နဂါးမယ်တော်တို့ကို သတ်ပစ်ရန်သာ ဆန္ဒရှိနေခဲ့သည်။

"ဖန်ရှင်း.. မင်း ငါတို့ကို ဘယ်လောက်ပဲ မုန်းနေပါစေ.. အခြေအနေ တစ်ခုလုံးကို ခြုံငုံစဉ်းစားသင့်တယ်.."

ဆရာကြီးလန်က ဖျောင်းဖြလိုက်သည်။

ဆရာကြီးလန်နှင့် နဂါးမယ်တော်တို့က နှစ်ယောက်တစ်ဖွဲ့ ဖြစ်နေကြသည်မှာ သိသာ ထင်ရှားနေသည်။

နဂါးမယ်တော်က ကမ္ဘာငယ်လေးထဲသို့ သွင်းခံရလိုက်ကတည်းက နှုတ်ဆိတ်နေခဲ့ရပြီး ဆရာကြီးလန်ကလည်း အသက်ရဲရဲပင် မရှူရဲသည့် အခြေအနေကို ရင်ဆိုင်နေရသည်။

ပို၍ဆိုးဝါးသည့် အချက်မှာ အရှုးနဂါး အောင်းလီက ကမ္ဘာငယ်လေးကို ဘောလုံးကဲ့သို့ ပုတ်ကစားနေခြင်းပင်။

အကယ်၍သာ ဤအခြေအနေကို မထိန်းချုပ်နိုင်လျှင် နောက်ဆက်တွဲဖြစ်လာနိုင်သည့် အရှုပ်အထွေးကို မည်ကဲ့သို့ ကိုင်တွယ်ရမှန်းပင် မသိတော့ချေ။

"ငါတို့ လက်ထဲကနေ လွတ်အောင် ပြေးနိုင်လည်း ကြယ်ရောင်ကောင်းကင်ကြီးထဲ အသက်ရှင်နိုင်မယ်လို့ ထင်နေလား"

ကမ္ဘာငယ်လေးကို ဖြိုဖျက်၍ မရသော်လည်း ကမ္ဘာငယ်လေးထဲမှ လူများ ကြားအောင်တော့ ပြော၍ရပါသေးသည်။

ထို့ကြောင့် ဖန်ရှင်းက နဂါးမယ်တော်တို့ ကြားအောင် အော်ဟစ်လိုက်ခြင်းပင်။

"မင်းတို့တွေ ငါတို့ကို မုန်းနေတာ သိပါတယ်.. ဒါပေမဲ့ ခဏတာ ဒေါသစိတ်လေးကြောင့် အင်မော်တယ် ဖြစ်ဖို့ အခွင့်အရေးကောင်းကို ဆုံးရှုံးခံတော့မလို့လား"

ဆရာကြီးလန်၏ ဖျောင်းဖြသော အသံက ကမ္ဘာငယ်လေးထံမှ ထွက်ပေါ်လာသည်။

"ငါတို့ရဲ့ အဓိကပန်းတိုင်က အင်မော်တယ် ဖြစ်လာဖို့ပဲ.. မဟာမိတ် ဆက်ဆံရေးတွေ ဆိုတာက မှန်တစ်ချပ်လိုပဲ.. မင်းတို့ အင်မော်တယ် မဖြစ်ချင်ဘူး ဆိုတာ သေချာလို့လား.. ငါတို့ကို သတ်ရင် ပျက်စီးခြင်းရှစ်ပါး သဟဇာတ ခြောက်ပါး အစီအရင်ကို မခင်းကျင်းနိုင်တော့ဘူး ဆိုတာလည်း မမေ့နဲ့.. ငါတို့ သွားရမဲ့ခရီးက အရှည်ကြီး ကျန်သေးတယ်.. ဒီလိုအချိန်မှာ အမုန်းတွေကို လွှတ်ချထားသင့်တယ်"

ဆရာကြီးလန်၏ စကားကို ကြားသည်နှင့် ဆရာကြီးဝမ်က သက်ပြင်းချ၍

"ဒီစကားကအမှန်ပဲ"

ဟု ထောက်ခံလိုက်သည်။

သို့ရာတွင် လုကျန်းနှင့် အောင်းလီတို့က ယခုအချိန်ထိ လက်လျှော့ချင်ပုံ မရသေးပေ။

အင်မော်တယ်လမ်းကို ဖြတ်ကျော်ရန်အတွက် အမုန်းတရားကို လျစ်လျူရှုပြီး ၎င်းတို့နှင့် ပူးပေါင်းရန် လိုအပ်ပါသလော။

"ငါတို့က မင်းနဲ့ ပူးပေါင်းလိမ့်မယ်လို့ မင်းတို့ မျှော်လင့်နေတာလား"

ဖန်ရှင်းက အေးစက်သော အသံဖြင့် ပြောလိုက်သည်။

"ဒီမှာ အမြဲပိတ်မိနေမယ် ဆိုရင်တောင် မင်းတို့ကိုတော့ ရအောင်သတ်မယ်"

ထိုကဲ့သို့ ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် ဆရာကြီးလန်က စကားတစ်ခွန်းမှ မပြောနိုင်တော့ပေ။

အောင်းလီကမူ ဖန်ရှင်း၏ စကားကို ကြားလျှင် အလွန်ပျော်ရွှင်သွားသည်။

ယင်းနောက်တွင် အောင်းလီက သူ၏ ကြောက်မက်ဖွယ် ကောင်းသော နဂါးတစ်ကောင်၏ စွမ်းအားကို လွန်ကဲစွာ ဖော်ထုတ်လိုက်ပြီး အရူးတစ်ယောက်ကဲ့သို့ ကမ္ဘာငယ်လေးဆီသို့ ပြေးဝင်လာသည်။

"ဘာလို့ ဒီလိုမျိုး အခြေအနေမှာ သူသေကိုယ်သေ တိုက်ခိုက်မှုကို ကြုံနေရတာလဲ"

ဆရာကြီးလန်က ကူကယ်ရာမဲ့စွာ ရေရွတ်လိုက်သည်။

"ငါက ဒီကမ္ဘာငယ်လေးထဲမှာ ရှိနေတယ်.. နတ်နန်းတော်နဲ့သာ မတိုက်ခိုက်ရင် ငါ့ကို ဘယ်လိုမှ ထိခိုက်စေမှာ မဟုတ်ဘူး.. ဒီလို အခြေအနေမျိုးမှာ တိုက်ခိုက်တာက အမြတ်ထက် အရှုံးကပဲ ပိုများလိမ့်မယ်"

ဆရာကြီးလန်က တတ်နိုင်သမျှ ဖျောင်းဖြကြည့်လိုက်၏။

"အောင်းလီ.. ဒီလူယုတ်မာရဲ့ကမ္ဘာငယ်လေးကို ကြယ်ပင်လယ်ထဲ တိုက်ရိုက် တွန်းပို့လိုက်"

ဖန်ရှင်း၏ အမိန့်ကိုရသည်နှင့် အောင်းလီက ကမ္ဘာငယ်လေးကို ဘောလုံးကဲ့သို့ ကြယ်ပင်လယ်ကြီးထံ ပုတ်ထုတ်လိုက်သည်။

ကြယ်လမ်းကြောင်းထဲတွင် အနက်ရောင် သတ္တဝါများ၏ အန္တရာယ် ရှိနေသည့် အတွက် ဆရာကြီးလန်က ချောက်ခြားသွားခဲ့သည်။

"မိစ္ဆာလေး မင်းက အရမ်းရက်စက်တာပဲ"

ဆရာကြီးလန်က ကမ္ဘာငယ်လေးထဲကနေ ကြုံးဝါးလိုက်သည်။

"ထားလိုက်ပါ.. သူတို့က ကိုယ့်ကိုယ်ကိုယ် အရမ်းသန်မာတယ်လို့ ထင်နေတဲ့အတွက် သူတို့ကို ဒီနေရာမှာပဲ ထာဝရ နေခိုင်းလိုက်တော့မယ်"

ထိုအချိန်မှာပင် နဂါးမယ်တော်၏ အသံက ကမ္ဘာငယ်လေး ထဲကနေ

ရုတ်တရက် ထွက်ပေါ်လာသည်။

ယင်းနောက်တွင် ကမ္ဘာငယ်လေးထဲမှ အသံများက
အချိန်အတော်ကြာ တိတ်ဆိတ် ငြိမ်သက်သွားခဲ့သည်။

ကြည့်ရသည်မှာ နဂါးမယ်တော်နှင့် ဆရာကြီးလန်တို့က
တစ်စုံတစ်ရာကို ဆွေးနွေးနေကြပုံရသည်။

သိပ်မကြာခင်မှာပင် ဆရာကြီးလန်၏ သက်ပြင်းချ၍ ရေရွတ်သံက
ထွက်ပေါ်လာသည်။

"ဒါက တစ်ခုတည်းသော နည်းလမ်းပဲ.. အရှည်ကို
မတွေးတဲ့သူတွေက ဒီနေရာမှာ ပိတ်မိဖို့ပဲ ထိုက်တန်တယ်"

ဆရာကြီးလန်၏ ကြုံးဝါးသံက ကမ္ဘာငယ်လေးထံမှ
ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် သူက ကမ္ဘာငယ်လေးကို ကြယ်ပင်လယ်ထဲမှ
အသားကုန် ရုန်းထွက်လိုက်ပြီး ဆရာကြီးဝမ်ဆီသို့

ဦးတည်လိုက်သည်။

"ငါတို့ ထွက်သွားတော့မယ်.. မင်းတို့က အင်မော်တယ်လမ်းကိုဖြတ်ကျော်ဖို့ မျှော်လင့်ချက် မရှိတော့ဘူး"

ဆရာကြီးလန်က ကြုံးဝါးလိုက်ပြီး ချီတုံချတုံဖြစ်နေသည့်ဆရာကြီးဝမ်ကို နတ်ဘုရား စိတ်အာရုံဖြင့် တစ်စုံတစ်ရာပြောကာ ကမ္ဘာငယ်လေးထဲသို့ ဆွဲခေါ်လိုက်သည်။

ထိုမျှနဲ့ မပြီးသေးဘဲ ကမ္ဘာငယ်လေးက သေလုဆဲဆဲ အဖွားကြီးကိုပါ ကမ္ဘာငယ်လေးထဲသို့ ဆွဲသွင်းလိုက်သည်။

"နင်တို့ ငါ့ကို ဘာလုပ်မလို့လဲ"

ကမ္ဘာငယ်လေးထဲကို ရောက်သည်နှင့် အဖွားအိုက ထိတ်လန့်တကြားမေးလိုက်သည်။

"နင့်ကို ဆေးလုံးဖော်စပ်မလို့"

နဂါးမယ်တော်က ပေါ့ပေါ့ပါးပါးပင် ပြောဆိုလိုက်၏။

သိပ်မကြာခင်မှာပင် ကမ္ဘာငယ်လေး၏ ထိပ်၌ ဆေးလုံးတစ်ခု ပေါ်ထွက်လာသည်။

နဂါးမယ်တော်တို့ လူစုက အဖွားကြီးကို ဆေးလုံးအဖြစ် ဖော်စပ်လိုက်ပြီ ဖြစ်သည်။

သူမတို့လူစုက ကမ္ဘာငယ်လေးကို ကြယ်ပင်လယ်ထဲသို့ ရဲရဲကြီးပင် မောင်းနှင်သွားခဲ့၏။

ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့သာ ဤနေရာတွင် ကျန်ရစ်ခဲ့ကြသည်။

နဂါးမယ်တော်တို့ ထွက်သွားသဖြင့် ပျက်စီးခြင်း ရှစ်ပါး သဟာဇာတ ခြောက်ပါး အစီအရင်ကို ဖန်ရှင်းတို့က အသုံးပြုနိုင်မည် မဟုတ်တော့ပေ။

"တောက်"

ပြိုင်ဘက်က ထွက်ပြေးသွားသဖြင့် အောင်းလီက ကျိတ်မနိုင်ခဲမရ ဖြစ်နေပြီး ကျယ်ပြောလှသော ကြယ်ပင်လယ်ကြီးကို အေးစက်စက် အမူအရာဖြင့် ကြည့်လိုက်သည်။

ကြီးမားကျယ်ပြန့်သော ကြယ်ပင်လယ်ကြီးထဲတွင် ၎င်းတို့ သုံးဦးထဲသာ ကျန်ရှိတော့သည်။

"နဂါးဘုရားကျောင်းကို သွားကြရအောင်"

ဖန်ရှင်းက အောင်းလီနှင့် လုကျန်းကို တည်ငြိမ်စွာ ပြောလိုက်သည်။

သူ၏မျက်နှာတွင် အားငယ်သော အရိပ်အယောင်ကိုပင် မမြင်ရဘဲ အတော်လေး တည်ငြိမ်နေသည်။

ဤသို့ဖြင့်ပင် သူတို့သုံးယောက်က နဂါးဘုရားကျောင်းထံ ရောက်လာခဲ့သည်။

"ဟားဟား.. မင်းတို့နှစ်ယောက်က ငါ့အဘိုးကြီးနဲ့ အတူ သေဖို့အတွက် ဒီလိုနေရာမှာ မနေသင့်ဘူး..."

လုကျန်းက ပွင့်ပွင့်လင်းလင်းပင် ပြောဆိုလိုက်သည်။

သူ၏မျက်နှာက မီးခိုးရောင် သန်းနေဆဲ ဖြစ်ပြီး အနည်းငယ် အထီးကျန်နေပုံရသည်။

"ဟမျ့"

ထိုစကားကို ကြားလျှင် အောင်းလီက အေးစက်စက် အသံပေးလိုက်သည်။

သူက လုကျန်းကို သိပ်သဘောမကျပေ။

အဘိုးအို လုကျန်းက ကူကယ်ရာမဲ့စွာ ပြုံးလိုက်ပြီး ဖန်ရှင်းကိုကြည့်လိုက်သည်။

"မိတ်ဆွေလေးဖန်.. မင်းဘာတွေ တွေးနေတာလဲ"

"အင်း.. ဘာမှမဟုတ်ပါဘူး"

လုကျန်းကို ပြန်ဖြေပြီးသည်နှင့် ဖန်ရှင်းက အောင်းလီဆီသို့ လှည့်လိုက်ပြီ ီး

"ဝက်တွေကို အစာကျွေးဖို့ အချိန်ရောက်ပြီ"

ဟု ရေရွတ်လိုက်သည်။

ဖန်ရှင်းက ဤခရီးစဥ်တွင် ရိက္ခာပြတ်လတ်မှု မရှိစေရန် ဝက်များကို ခေါ်လာခဲ့ပြီး ဝက်စာကျွေးရန် အောင်းလီကို အမိန့်ပေးလိုက်ခြင်းပင်။

အပိုင်း(၁၂၇၇) ပြီး၏

အပိုင်း(၁၂၇၈) ငါ့မှာ နည်းလမ်းရှိတယ်

"ဝက်စာ မင်းဘာသာမင်း ကျွေးပါလား"

အောင်းလီက ဖန်ရှင်းကို မကျေမနပ် ပြန်ပြောလိုက်သည်။

"ဝက်တွေပါ ခေါ်လာတယ်ဆိုတော့ ကောင်စုတ်လေးက ဒီနေရာမှာ အချိန်အကြာကြီး နေထိုင်ဖို့ ကြိုတင် ကြံစည်ခဲ့တာများ ဖြစ်နေမလား"

ဖန်ရှင်း၏ ပြင်ဆင်ထားမှုက ပြည့်စုံလွန်းသဖြင့် လုကျန်းပင် သံသယ အနည်းငယ် ဝင်လာသည်။

ထို့နောက်တွင် သူတို့ သုံးယောက်လုံးက နတ်နန်းတော်ထဲသို့ ဝင်ရောက်လိုက်သည်။

လုကျန်းက အထဲကို ရောက်သည်နှင့် အရက်အိုးများ စီတန်းထားသည့် နေရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

သူ့အတွက်က အရက်သာရှိလျှင် အရာအားလုံးကို စွန့်လွှတ်ရလည်း ဝန်လေးနေမည် မဟုတ်ပေ။

"မင်းငါ့ကို တစ်ခုခု ပြောစရာ မရှိဘူးလား"

စကားတစ်ခွန်းမှ မပြောဘဲ လုကျန်းနှင့် အတူ အရက်သောက်နေသော ဖန်ရှင်းကို ကြည့်ရင်း အောင်းလီက မနေသာတော့ဘဲ မေးခွန်းထုတ်လိုက်သည်။

"မင်းကိုငါက ဘာပြောရမှာလဲ.. နေပါဦး
မင်းရဲ့မိထွေးနဲ့တိုက်ခိုက်တုန်းက မင်းအရမ်း တက်ကြွနေတယ် မဟုတ်လား.. အခု ဘာဖြစ်နေတာလဲ"

ဖန်ရှင်းက အောင်းလီကို ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"ငါတို့တကယ်ပဲ ဒီမှာနေရတော့မှာလား"

"ဒီမှာ နေဖို့ အဆင်မပြေစရာ ဘာရှိလဲ.. ငါ့မှာ သိုလှောင်ထားတဲ့ ရိက္ခာတွေ အများကြီးရှိတယ်.. ဝက်တွေ အများကြြ ရှိတယ်..

နှစ်အတော်ကြာတဲ့အထိ အစားအသောက် အတွက် ပြဿနာ မရှိဘူး.. ဒါ့အပြင် ငါတို့က ကျင့်ကြံသူတွေမို့ နှစ်ရာနဲ့ချီပြီး စားစရာ မလိုဘူး.. ငတ်မွတ် ခေါင်းပါးလို့ မသေပါဘူး.. ငါ့မှာ ဝိညာဉ်ဆေးလုံးတွေလည်း အများကြီး ကျန်ပါသေးတယ်.. ဒါကြောင့် အရမ်းကြီး စိတ်ပူစရာ မလိုဘူး.. ငါတို့က အနှစ်တစ်ထောင်လောက် ရှင်သန်နိုင်သေးတယ်လို့ ငါအာမခံပါတယ်"

"မဖြစ်ဘူး.."

ထိုစကားကို ကြားလျှင် အောင်းလီက အထိတ်တလန့် ရေရွတ်လိုက်သည်။

"ငါ့အမတော်ကို ကယ်တင်ရဦးမယ်"

"ဒါဆို မင်းကိုယ်မင်း ဓားနဲ့ထိုးစမ်း"

"ချီးထဲမှပဲ ငါက ဘာလို့ထိုးရမှာလဲ"

"မင်းကို အိပ်မက်နဲ့ လက်တွေ့ ခွဲခြားပြီး နားလည်အောင်လို့လေ"

ဖန်ရှင်း၏ စကားကို ကြားလျှင် အောင်းလီက ခေါင်းငိုက်စိုက်ကျသွားပြီး သက်ပြင်းများကို မှုတ်ထုတ်လိုက်သည်။

"အခုလိုဖြစ်ရတာ ငါ့ကြောင့်လည်း ပါပါတယ်.. ကံမကောင်းစွာပဲ ငါတို့ထဲက ဘယ်သူမှ ဆေးလုံးဖော်စပ်နည်းကို မသိကြဘူး.. ငါ့အဘိုးကြီးကတော့ သိပ်မကြာခင် သေရတော့မှာ ဆိုတော့ ထားလိုက်တော့.. ငါမသေခင်တော့ မင်းတို့ လူငယ်တွေကို ဒီကြယ်ပင်လယ်ကြီးက လွတ်မြောက်အောင် ကူညီချင်ပါတယ်"

"အိုး ဒါဆို ခင်ဗျားက အင်မော်တယ် မဖြစ်ချင်တော့ဘူးပေါ့"

ဖန်ရှင်းက လုကျန်းကို ခနဲ့၍ ပြောလိုက်သည်။

"ငါက မကြာခင် သေရတော့မဲ့လူလေ.. ဘယ်လိုလုပ်ပြီး အင်မော်တယ် ဖြစ်တော့မှာလဲ.. မင်း ငါ့စိတ် မရိုးမရွ ဖြစ်အောင် တမင်လုပ်တာ မဟုတ်လား"

လုကျန်းက ဒေါသတကြီးပင် တုံ့ပြန် ပြောဆိုလိုက်သည်။

"သေရတော့မယ် ဆိုရင်လည်း သေခါနီးမှာ ဘာလို့ ဒေါသထွက်နေသေးလဲ"

ဖန်ရှင်းက ရယ်မော၍ လုကျန်းကို ပြောလိုက်သည်။

"ဟမ့်.. မင်းတို့ ကလေးတွေက တကယ် ပြောရဆိုရ ခက်တာပဲ"

လုကျန်းက အနည်းငယ် စိတ်ဆိုးသော လေသံဖြင့် ရေရွတ်လိုက်၏။

အနက်ရောင် သတ္တဝါများ လက်ချက်ကြောင့် သေလုနီးပါး ဖြစ်နေသော အချိန်တွင် ဖန်ရှင်းက လာစနေသောကြောင့် သူက အနည်းငယ် စိတ်ကွက်သွားခြင်းပင်။

ထို့နောက်တွင် လုကျန်းက အရက်ကို မော့သောက်လိုက်သည်။

အောင်းလီကမူ နှုတ်ဆိတ်နေပြီး ဤနေရာတွင် ပိတ်မိနေမည်ကို စိုးရိမ်မှုများ ပြည့်နှက်နေသည်။

လုကျန်းက ဒေါသထွက်ထွက်နှင့် အရက်ကို မော့သောက်ပြီး သက်ပြင်းချလိုက်ရာ အရက်ကို အားရပါးရမော့နေသည့် ဖန်ရှင်းက မျက်မှောင်ကြုတ်၍ လုကျန်းကို ကြည့်လိုက်မိသည်။

အချိန်အတော်ကြာမှ လုကျန်းက

"မင်းဒီနေရာမှာ အမြဲနေရမှာကို မစိုးရိမ်ဘူးလား"

ဟု ဖန်ရှင်းကို မေးလိုက်သည်။

"ဘာလို့စိတ်ပူရမှာလဲ"

ဖန်ရှင်းက ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေလိုက်သည်။

ထိုစကားကိုကြားလျှင် လုကျန်းက ဘာပြန်ပြောရမှန်း မသိအောင် စကားလုံးများ ခေတ္တ ပျောက်ကွယ်သွားသည်။

ခဏအကြာမှ လုကျန်းက

"ငါက ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲ အရိုးထုတ်ရမှာကို စိုးရိမ်နေတာပါ"

ဟု ဖန်ရှင်းကို ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် ဖန်ရှင်းက မျက်တောင်ကို ပေကလပ်ပေကလပ် လုပ်၍ အတန်ကြာအောင် ပြုံးပြလိုက်သည်။

"ငါလိုလူက ဘာမှ ပိတ်မိစရာ အကြောင်းမရှိဘူး..နေပါဦး မင်းက ဘာကို စိတ်ပူနေတာလဲ"

"မင်း.. မင်း.. ခုနက ဘာပြောလိုက်တာလဲ

လုကျန်းက အထိတ်တလန့် အမူအရာဖြင့် မေးလိုက်၏။

အောင်းလီပင် စိတ်ဝင်စားသွားပြီး ဖန်ရှင်း၏ မျက်နှာကို စေ့စေ့

ကြည့်လိုက်သည်။

ဖန်ရှင်းက လုကျန်းနှင့် အောင်းလီကို တည်ငြိမ်စွာကြည့်လိုက်ပြီး

"ငါ ဒီနေရာမှာ ပိတ်မိနေတယ်လို့ တစ်ခါမှ မပြောဘူးနော်.. ငါဒီမှာ အနားယူနေတာပါ.. ငါလိုလူက နဂါးမယ်တော် မရှိတာနဲ့ပဲ ဒီနေရာမှာ ပိတ်မိစရာလား"

ထိုစကားကြောင့် လုကျန်းနှင့် အောင်းလီက အံ့အားသင့်သွားသည်။

သူတို့၏ မျက်လုံးများက အံ့သြမှင်သက်သည့် အမူအရာသို့တဖြည်းဖြည်း ပြောင်းလဲသွားသည်...

"မင်း ဆေးလုံး ဖော်စပ်နည်းကို သိတယ်လား"

အောင်းလီက စိတ်လှုပ်ရှားစွာ မေးမြန်းလိုက်သည်။

ထိုစကားကို ကြားသည်နှင့် လုကျန်းက ရုတ်တရက် ထိတ်လန့်သွားပြီး

အမှုအရာ ပျက်ယွင်းသွားသည်။

ဖန်ရှင်းသာ ဆေးလုံးဖော်စပ်နည်းကို သိလျှင် သူ့ကို အချိန်မရွေး သန့်စင်ပြီး ကြယ်ပင်လယ်ထဲတွင် ပစ်ချသွားနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် သူ့အတွက် ထိုအရာက သတင်းကောင်း မဟုတ်မှန်း ထင်ရှားနေခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဖန်ရှင်းတို့ နှစ်ယောက်သာ ဤနေရာမှ ထွက်သွားနိုင်မည် ဆိုလျှင် သူ့အသက်ကို စွန့်လွှတ်မည်ဟု စိတ်ထဲကနေ ဆုံးဖြတ်ထားခဲ့သည်။

"ဟားဟား.. ဆေးဖော်စပ်နည်းလား.. "

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်ပြီး လုကျန်း၏ ခန္ဓာကိုယ်အနံ့ကို စူးရှသော မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

ထိုအကြည့်ကြောင့် လုကျန်း၏ မျက်နှာက ရုတ်တရက် အနည်းငယ် မှိန်ဖျော့သွားသည်။

အောင်းလီက ဤပြဿနာကို ဖြေရှင်းရန် ဖန်ရှင်းတွင် နည်းလမ်းရှိနေမှန်း သိလိုက်သော်လည်း ရှင်ပြမှုမရှိခဲ့ပေ။

သူက လုကျန်းကို သဘောမကျ၍ နှလုံးသားထဲတွင် ရန်သူအဖြစ် မှတ်ယူခဲ့သော်လည်း လုကျန်းက ဖန်ရှင်းကို ကယ်တင်ခဲ့သူမှန်း သိထားသည်။

ထို့ကြောင့် လုကျန်းကို ဆေးလုံးဖော်စပ်ပြီး ၎င်းတို့၏ မျှော်လင့်ချက်ကို အသက်သွင်းမည့် ကိစ္စအား ငြင်းဆန်ချင်ခဲ့သည်။

"ကောင်စုတ်လေး.. လိုအပ်လာရင် ငါအဘိုးကြီးက အသက်ကို စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး.. ဒါပေမယ့် မင်း ငါအကူအညီတောင်းတဲ့ ကိစ္စတချို့ကို ဖြည့်ဆည်းပေးမယ် လို့တော့ ကတိပေးရမယ်"

"ဘယ်လိုအကူအညီလဲ"

လုကျန်း၏ လေးနက်သော စကားသံကြောင့် ဖန်ရှင်းက အနည်းငယ် လန့်ဖြန့်သွားပြီး အလျင်စလို မေးလိုက်သည်။

လုကျန်းက ခဏမျှ ငြိမ်သက်နေပြီးမှ

"ပထမဦးဆုံး အနေနဲ့ ငါသေရင် ငါ့အလောင်းကို ကြယ်ရောင်စုံကောင်းကင်မှာ မလွှင့်ပစ်ဘဲ ကျောက်စိမ်း ခေါင်းတလားထဲမှာ ထည့်ထားပြီး မဟာအင်မော်တယ်ဘုံမှာ မြှုပ်နှံပေးရမယ်.. အင်မော်တယ် မဖြစ်လိုက်ပေမဲ့ အင်မော်တယ်တွေ ရှိတဲ့နေရာမှာ မြှုပ်နှံခွင့်ရချင်တယ်"

"ဒါက သဘာဝကျပါတယ်"

ဖန်ရှင်းက ခပ်သွက်သွက်ပင် အဖြေပေးလိုက်သည်။

"ဒုတိယအနေနဲ့ မင်း ထျန်းယွမ်တိုက်ကို ပြန်ဖို့ အခွင့်အရေးရခဲ့ရင် ငါအဘိုးကြီး ကျန်ခဲ့တဲ့ မျိုးဆက်ကိုရှာပြီး အင်အားကြီးတဲ့ မျိုးနွယ်စုကြီး ဖြစ်လာတဲ့အထိ ပြုစုပျိုးထောင်ပေးပါ.. ငါတာဝန်မကျေခဲ့တာတွေကို မင်းက ပြန်ဖြည့်ဆည်းပေးပါ"

"ကောင်းပြီလေ ဒါက ပြဿနာကြီး မဟုတ်ပါဘူး "

ဖန်ရှင်းက ပြုံး၍ ခေါင်းညိတ်လိုက်ပြီး အောင်းလီကို ကြည့်လိုက်သည်။

ထိုစကားက ကြွားလုံး မဟုတ်ပေ.. သူ၏ လက်ရှိကျင့်ကြံမှု အဆင့်နှင့် အောင်းလီ၏ အထောင်အပံ့ဖြင့်သာ ဆိုလျှင် မျိုးနွယ်စုကြီးတစ်ခုကို ပျိုးထောင်ဖို့က တကယ်ကို မခက်ခဲပေ။

"တတိယအချက်က..."

လုကျန်းက စကားကို ခဏရပ်တန့်လိုက်ပြီး လေးလေးနက်နက် တွေးတော စဉ်းစားလိုက်သည်။

အချိန်အတော်ကြာပြီးမှ နောက်ဆုံးတွင် သူက ခေါင်းကို ခါရမ်း၍ ပြောလိုက်သည်။

"ငါ့ရဲ့ အစီအရင်ပညာရပ်က ဖူစန်းတောင်က လူထူးဆန်းကို ယှဉ်နိုင်မယ်လို့ ငါယုံကြည်တယ်.. ငါ့မှာ အခုထိ ဆက်ခံသူ မရှိသေးဘူး.. ငါမသေခင်မှာ မင်းကို ငါ့ ဘဝတစ်လျှောက်

လေ့လာခဲ့တဲ့ ပညာရပ်တွေကို လက်ဆင့်ကမ်းခဲ့မယ်.. အနာဂတ်မှာ မင်းထျန်းယွမ်တိုက်ကို ပြန်ရောက်ရင် ငါ့အတွက်ဆက်ခံသူကို ရှာပြီး ငါ့ရဲ့ပညာကို လက်ဆင့်ကမ်းပေးရမယ်.. ပြီးရင် ဂိုဏ်းတစ်ခု ထူထောင်ပေးပြီး ဂိုဏ်းရဲ့ ဘိုးဘေးနေရာမှာ ငါ့ကိုထားပေးရမယ်.. ဒါက ငါ့ရဲ့နာမည်ကို ထျန်းယွမ်တိုက်မှာ ထာဝရ ကျန်ရစ်စေနိုင်လိမ့်မယ်"

"ကောင်းပြီလေ.."

ဖန်ရှင်းက သက်သောင့်သက်သာပင် သဘောတူလိုက်သည်။

"စတုတ္ထ တောင်းဆိုမှုအနေနဲ့.. "

"ခင်ဗျားဟာက မပြီးသေးဘူးလား"

ဖန်ရှင်းက စိတ်မရှည်နိုင်တော့ဘဲ ပြောလိုက်သည်။

"ငါအဘိုးအိုက မင်းတို့နှစ်ယောက် အတွက် အသက်ကို စွန့်လွှတ်ရမှာလေ.. ငါ့ရဲ့နောက်ဆုံး ဆန္ဒကိုတော့

ကူညီပေးသင့်တာပေါ့"

"ခင်ဗျား သေတော့မယ်ဆိုလည်း သေလို့ရပြီ.. ဘာလို့ ဒီလောက်ထိ အရစ်ရှည်နေတာလဲ"

ထိုစကားကို ကြားလျှင် လုကျန်းက ခါးသီးစွာ ပြုံးလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ငါအဘိုးကြီးက ဟိုစုန်းမထက် ကံကောင်းပါတယ်လေ.. မသေခင်လေးတော့ ငါ့ရဲ့ဆန္ဒတွေကို ပြောခွင့်ရလိုက်တယ်"

"မင်းငါ့ကို ဘာတွေ ပြောခဲ့လို့လဲ ငါမမှတ်မိတော့ဘူးနော်"

ဖန်ရှင်းက လုကျန်းကို ပြောလိုက်ပြီး အရက်ကို မော့သောက်လိုက်သည်။

"မင်းဘာလို့ စာနာမှုမရှိတာလဲ.. အဘိုးကြီးလုက ငါတို့ အတွက် သူ့ကိုယ်သူ စတေးဖို့ ဆုံးဖြတ်ထားတာလေကွာ"

ဘေးက နားထောင်နေသည့် အောင်းလီပင် မနေနိုင်တော့ဘဲ မကျေမနပ် ဝင်ပြောလိုက်သည်။

"အင်းမေ့လိုက်ပါ...ဒါကလည်း ဒီအဘိုးကြီးရဲ့ကံပေါ့"

လုကျန်းက သက်ပြင်းတစ်ချက် ချကာ ရေရွတ်လိုက်ပြီး အဝတ်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဆွဲဆန့်၍ တပုလ္လင်ခွေထိုင်လိုက်ကာ

"လုပ်ငန်းစတော့"

ဟု လေးနက်စွာ ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက လုကျန်းကို ထူးဆန်းသလိုကြည့်လိုက်ပြီး

"ဘာလုပ်ငန်းကို ပြောတာလဲ"

ဟု ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"ငါအဘိုးကြီးကို ဆေးလုံးဖော်စပ်ဖို့လေ.. "

"ချီးထဲမှပဲ ငါမှ ဆေးလုံး ဖော်စပ်နည်း မသိတာ"

ဖန်ရှင်း၏ စကားကို ကြားလျှင် လုကျန်းနှင့် အောင်းလီတို့ နှစ်ဦးလုံး အံ့အားသင့်သွားပြီး ဖန်ရှင်းကို ထူးဆန်းသော မျက်လုံးများဖြင့် ကြည့်ကာ အနည်းငယ် ဒေါသ ထွက်လာကြသည်။

၎င်းတို့၏ အကြည့်များကို ရိပ်စားမိသည့် ဖန်ရှင်းက ရယ်မောလိုက်ပြီး

"ငါ့မှာ ထွက်သွားဖို့ နည်းလမ်း ရှိတယ်လို့ ငါပြောခဲ့ပေမဲ့ ငါ့ရဲ့နည်းလမ်းက ဆေးလုံး ဖော်စပ်ဖို့လို့တော့ မပြောခဲ့ပါဘူး"

"ဒါပေမဲ့ ငတုံးတစ်ယောက်ကတော့ ဆေးလုံးဖော်စပ်ဖို့ သူ့ကို ငါက စတေးမယ်လို့ တွေးနေမှာ သေချာတယ်"

အပိုင်း(၁၂၇၈) ပြီး၏

အပိုင်း(၁၂၇၉) ဒါကကျင့်ကြံခြင်း အစရင်းအမြစ်တဲ့လား

အချိန်အတော်ကြာ စကားပြောပြီးမှ ဖန်ရှင်းက ဆေးလုံးမဖော်စပ်တတ်မှန်း လုကျန်းတို့ နှစ်ယောက် သိလိုက်ရသည်။

အောင်းလီက ဖန်ရှင်း၏ မျက်လုံးတွေကို ကြည့်ရင်း သဘောမကျသဖြင့် သူ့ခြေဖဝါးကိုသာ ပြန်ကုတ်နေလိုက်၏။

လုကျန်း၏ မျက်နှာကမူ အရင်ကထက် ပို၍ နီမြန်းနေသည်။

သူက ဆေးလုံးအဖြစ် သန့်စင်ရာတွင် သူ့ကိုယ်သူ စတေးရန် ဆုံးဖြတ်ပြီး နောက်ဆုံး ဆန္ဒများကိုပင် မှာကြားနေခဲ့သည်။

သို့ရာတွင် အချိန်အတော်ကြာမှ မိစ္ဆာလေးက ဆေးလုံး မဖော်စပ်တတ်ဘူးဟု ဖွင့်ပြောလာခဲ့သည်။

လုကျန်းက အံကြိတ်လိုက်ပြီး ဖန်ရှင်းကို လည်ပင်း ညှစ်သတ်ချင်စိတ်ပင် ပေါက်လာသည်။

သူက ဖန်ရှင်းကို မျက်လုံးများပြူး၍ ကြည့်လိုက်သည်။

ဖန်ရှင်းသာ သေချာ မရှင်းပြနိုင်လျှင် သူတကယ် လည်ပင်းညှစ်သတ် မိတော့မည် ဖြစ်သည်။

"ဆေးလုံး မဖော်စပ်ဘဲ ဒီနေရာကနေ ဘယ်လို လွတ်မြောက်နိုင်မှာလဲ"

အောင်းလီက အနည်းငယ် စိတ်မကြည်မလင် ဖြစ်နေရာမှမေးခွန်းထုတ်လိုက်၏။

"ငါ့မှာ နည်းလမ်းရှိပါတယ်"

ဖန်ရှင်းက အရက်အိုးကို ဘေးသို့ချလိုက်ပြီး ပြောလိုက်ရာ လုကျန်း၏ မျက်လုံးများက ချက်ချင်းပင် တောက်ပသွားသည်။

ဖန်ရှင်း၏ အမူအရာက တည်ငြိမ်နေပြီး အလွန်ယုံကြည်မှု ရှိနေသည်ဟု သူခံစားနေရ၏။

"ဟားဟား.. အဘိုးကြီးလု.. ဘာမှစိတ်မပူနဲ့.. မင်းရဲ့ ညစ်ပတ်နေတဲ့ ခန္ဓာကိုယ်ကို ဆေးလုံးဖော်စပ်မှာ မဟုတ်ဘူး.. ငါအစောပိုင်းက မင်းကို စနောက်နေတာပါ.. မင်းမှာ နောက်ဆုံး ဆန္ဒတွေ ဘယ်နှစ်ခုရှိရှိ မင်းကိုယ်တိုင် လုပ်လို့ရပါတယ်.. ငါ့မှာလည်း ဒီကနေ ထွက်သွားနိုင်မဲ့ နည်းလမ်းရှိပါတယ်.. ဒါပေမဲ့ နဂါးမယ်တော်ရဲ့ နည်းလမ်းလို ဆေးလုံးဖော်စပ်ဖို့တော့ မလိုပါဘူး"

"တကယ်လား"

ထိုစကားကို ကြားသည်နှင့် တစ်ပြိုင်နက် အောင်းလီနှင့် လုကျန်းတို့က တစ်ချိန်တည်းမှာပင် ခေါင်းထောင်သွားကြသည်။

"ငါ မင်းတို့နှစ်ယောက်ကို မလိမ်ပါဘူး"

ထိုစကားကို ပြောပြီးနောက် ဖန်ရှင်းက လက်နှစ်ဖက်နောက်ပစ်ကာ

ဘုရားကျောင်း၏ အဆုံးရှိ အရိုးသေတ္တာဆီသို့
လျှောက်သွားလိုက်သည်။

"နားလည်အောင် ရှင်းပြစမ်းပါ"

အောင်းလီနှင့် လုကျန်းတို့က တစ်ချိန်တည်းတွင်
စိတ်လှုပ်ရှားနေကြသည်။

၎င်းတို့က ဖန်ရှင်း၏ အနောက်သို့ ကမန်းကတန်း
လိုက်လာကြသော်လည်း ဖန်ရှင်းကို အနှောင့်အယှက် မပေးရဲကြချေ။

"ဒါက ရိုးရိုးလေးပါ.. ငါက ဘာကို ထပ်ရှင်းပြရဦးမှာလဲ"

ဖန်ရှင်းက လှောင်ပြောင်၍ ပြောလိုက်ပြီး အရိုးသေတ္တာကို ဖွင့်ရန်
သူ့လက်ကို မြှောက်လိုက်သည်။

"သတိထားပါ.."

အောင်းလီနှင့် လုကျန်းတို့ နှစ်ယောက်စလုံးက လန့်ဖြန့်သွားပြီး နောက်သို့ ခုန်ဆုတ်သွားကြသည်။

ထိုအရိုးသေတ္တာထဲတွင် ကြယ်ပင်လယ်ထဲမှ ကြောက်မက်ဖွယ်အဖြူရောင် ကျောက်တုံးမျိုး ကျောက်တုံး တစ်တုံး ရှိနေသည်ကို သူတို့နှစ်ယောက် သိထားကြသည်။

ယခု ဖန်ရှင်းက ထိုပစ္စည်း ထည့်ထားသည့် အရိုးသေတ္တာကို ဖွင့်ဖို့ ကြံစည်နေသောကြောင့် သူတို့ အံ့သြသွားကြ၏။

"ငါ့ကို လာကူညီဦးလေ"

ဖန်ရှင်းက စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

"ဘာလို့ ဒီသေတ္တာကို ဖွင့်မှာလဲ.. ကြယ်ပင်လယ်ထဲက အနက်ရောင်သတ္တဝါတွေ ဒီသေတ္တာထဲ ရှိနေတယ် မဟုတ်လား"

ဖန်ရှင်း၏ အမူအရာက လေးနက်တည်ကြည်၍ ယုံကြည်မှုအပြည့် ရှိနေသော်လည်း အောင်းလီက သိချင်စိတ်ကို မမျိုသိပ်နိုင်ပေ။

"မင်း သိချင်ရင် လာခဲ့.. ငါက မင်းကို လှည့်စားမယ်လို့ ထင်နေလား"

ဖန်ရှင်းက မရှင်းပြဘဲ ဒေါသတကြီးပြောလိုက်သည်။

ထိုစကားကိုကြားလျှင် အောင်းလီနှင့် လုကျန်းက ခဏလောက် တုံ့ဆိုင်းသွားပြီးမှ ဖန်ရှင်း၏ အနားသို့ လျှောက်လာခဲ့သည်။

ယင်းနောက်တွင် သူတို့သုံးဦးက လက်ဆန့်ထုတ်၍ ခွန်အားများကို ပေါင်းစည်းလိုက်ပြီး သေတ္တာ၏ လေးလံသော အဖုံးကို ဖွင့်လိုက်ကြသည်။

သေတ္တာ၏အဖုံး ပွင့်လာသည်နှင့် လုကျန်းနှင့် အောင်းလီက ပေအနည်းငယ် နောက်သို့ ခုန်ဆုတ်သွားကြသည်။

"ဘာလုပ်နေတာလဲ "

ဖန်ရှင်းက လုကျန်းတို့ နှစ်ယောက်ကို မထီမဲ့မြင်ကြည့်၍

ပြောလိုက်သည်။

ထိုစကားကြောင့် အောင်းလီနှင့် လုကျန်းက အနည်းငယ်ရှက်သွားပြီး

"ငါတို့ ဒီသေတ္တာကို သိပ်စိတ်မချလို့ပါ"

ဟု ပြောလိုက်၏။

ဖန်ရှင်းက ပြုံးလိုက်ပြီး

"မင်းတို့ဘာသာ ကြည့်ကြည့်စမ်း.. ဒီသေတ္တာထဲမှာ ဘာရှိနေလဲ"

ဖန်ရှင်း၏ စကားကြောင့် အောင်းလီ နှင့် လုကျန်း တို့က ထူးဆန်းသော အမူအရာဖြင့် တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်သည်။

အချိန်အတော်ကြာပြီးမှ ၎င်းတို့က ရှေ့တိုး၍ မဝံ့မရဲ ကြည့်လိုက်၏။

"ဒါက အဖြူရောင် ကျောက်တုံးပဲ မဟုတ်လား..."

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"မှားတယ်.. ဒါက မဟာအခွင့်အရေးကြီးပဲ.. ကံကောင်းခြင်းပဲ"

အောင်းလီနှင့် လုကျန်းတို့က ခဏမျှ အေးစက်သွားပြီး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ဖန်ရှင်းကို ရူးသွားပြီလားဟု စိုးရိမ်သော မျက်ဝန်းများဖြင့် ၎င်းတို့က ကြည့်လိုက်သည်။

"ဒီသေတ္တာက ဒီမှာ အမြဲရှိနေတယ်.. ခေါင်းကိုးလုံး မျိုးနွယ်စု ခေါင်းဆောင်က ယူမသွားရဲဘူး.. ဒီသေတ္တာကို သူဖွင့်ဖူးသလားတောင် မသေချာဘူး"

ထိုစကားကို ပြောနေသည့် ဖန်ရှင်း၏အမူအရာက ယခုအချိန်တွင် အလွန်လေးနက်နေသည်။

"ဒီကျောက်တုံးက သူ့ရဲ့ လှည့်စားမှုတစ်ခု မဖြစ်နိုင်ဘူးလား"

လုကျန်းက မေးခွန်းထုတ်လိုက်၏။

"ကျောက်တုံးက လှည့်ကွက် မဟုတ်ဘူး.. ဒါက ကံကောင်းမှု.. ဆိုရရင် နဂါးဘိုးဘေးတွေ ထားခဲ့တဲ့ ကံကြမ္မာက ဒီကျောက်တုံးကို ရည်ညွှန်းတယ်လို့ ပြောလို့ရတယ်"

ဖန်ရှင်းက ပြုံး၍ ပြန်ဖြေလိုက်သော်လည်း သူ့စကား၏ အဓိပ္ပါယ်ကို လုကျန်းတို့က သေချာ နားမလည်ခဲ့ပေ။

"ဒီရှေးဟောင်းလမ်းကို ခြေချပြီးကတည်းက ငါတွေးနေတာ.. နဂါးမျိုးနွယ်စုရဲ့ ဘိုးဘေးတွေက သူတို့ရဲ့ သားစဉ်မြေးဆက်တွေအတွက် ချန်ထားမဲ့ ပစ္စည်းတွေကို ဘယ်နေရာမှာ ဖွက်ထားမယ်ဆိုတာပဲ.. အဆုံးမှာတော့ ဒီရှေးဟောင်းလမ်းကို သူတို့ရဲ့ မျိုးဆက်တွေပဲ ခြေချမှာ ဖြစ်တဲ့အတွက် ရတနာတွေကို မြင်သာတဲ့နေရာမှာပဲ ထားလိမ့်မယ်လို့ ငါကောက်ချက်ချခဲ့တယ်.."

ဖန်ရှင်းက လေသံတိုးတိုးလေးဖြင့် ပြောလိုက်ပြီး သေတ္တာထဲက ကျောက်တုံးကို ညွှန်ပြကာ

"အထဲမှာ ဘာရှိမယ်ထင်လဲ"

ဟုမေးလိုက်သည်။

ဤမေးခွန်းကို အမေးခံလိုက်ရသော အခါတွင် လုကျန်းနှင့် အောင်းလီတို့က အနည်းငယ် အံ့အားသင့်သွားကြသည်။

အဖြူရောင် ကျောက်တုံးက သဘာဝအားဖြင့် သာမန် ကျောက်တုံး တစ်တုံးသာ ဖြစ်ပြီး ၎င်းကို ကြယ်ရောင်စုံ ကောင်းကင်တွင် နေရာတိုင်း၌ တွေ့မြင်နိုင်သည်။

ထိုကျောက်တုံးနှင့် ပတ်သက်ပြီး အထူးအဆန်း မရှိသော်လည်း ကျောက်တုံးထဲတွင် နေထိုင်ကြသည့် အနက်ရောင်သတ္တဝါများကမူ တကယ်ပင် ကြောက်မက်ဖွယ် ကောင်းလှသည်။

အစပိုင်းတွင် ၎င်းတို့ကို ကြယ်ပင်လယ်မှ ထူးဆန်းသော သတ္တဝါဟု

ကြယ်သတ္တဝါဟု ထင်ခဲ့ကြသေးသည်။

၎င်းတို့က လူတို့၏ အသွေးအသားကို မျိုချကာ အော်ရာကို စုပ်ယူသော်လည်း နောက်ပိုင်းတွင် နဂါးမယ်တော်က ထိုအရာကို သက်ရှိမဟုတ်ဟု သုံးသပ်ခဲ့ပြီး ၎င်းတို့၏ သဘောသဘာဝက သက်ရှိသတ္တဝါများနှင့် တူညီနေခြင်းသာ ဖြစ်ကြောင်း နဂါးမယ်တော်က ၎င်းတို့ကို အမှတ်မထင် ထောက်ပြခဲ့ဖူးသည်။

ဒါက သက်ရှိ မဟုတ်သည့် ပစ္စည်းတစ်ခု ဆိုလျှင်ပင် နဂါးဘိုးဘေး ချန်ရစ်ခဲ့သော ကံကြမ္မာကောင်းနှင့် မည်သို့ သက်ဆိုင်နေပါသနည်း။

"ဟားဟား.. နဂါးမျိုးနွယ်စုရဲ့ ဘိုးဘေးတွေက တကယ့်ကို ရက်ရောတာပဲ.."

"သူတို့ ချန်ရစ်ခဲ့တဲ့ ကံကြမ္မာကောင်းက တကယ့်ကို အံ့သြစရာကောင်းတယ်"

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်သည်။

"နဂါးအရိုး ဘုရားကျောင်းမှာ မှော်ရတနာတွေ အများကြီး ထားခဲ့ကြပေမဲ့ အဲဒီ မှော်ရတနာတွေက ကြီးကျယ်ခမ်းနားတဲ့ ကံကြမ္မာတွေ မဟုတ်ဘူး.. တကယ့်ရတနာက ဒီအရာပဲ.. နဂါးမျိုးနွယ်စု ဘိုးဘေးတွေက သေခြင်းတရားကနေ အသက်ရှင်သန်ခွင့် ရှာဖွေတဲ့ နည်းလမ်းနဲ့ ဖွက်ထားခဲ့ကြတယ်.. မင်းတို့စဥ်းစားကြည့်စမ်း.. အဖြူရောင်ကျောက်တုံးတွေ ကြယ်ပင်လယ်ထဲမှာ အများအပြား ရှိရဲ့သားနဲ့ ဘာလို့ သေတ္တာထဲကိုထည့်ပြီထားရတာလဲ.. အကြောင်းရင်းက အနာဂတ် မျိုးဆက်သစ်တွေ သူတို့ကိုယ်သူတို့ နားလည်နိုင်ဖို့ ဒီကျောက်တုံးထဲမှာ သဲလွန်စတချို့ ရှိတယ်လို့ မြင်သာစေဖို့ပဲ"

"ဒီကျောက်တုံးမှာ ပါရှိတဲ့အရာက အမှန်တကယ် တန်ဖိုးကြီးမားတဲ့ ပစ္စည်းဥစ္စာ ဖြစ်ပြီး အလွန်အရေးပါတဲ့ အရင်းအမြစ် တစ်ခုလည်း ဖြစ်တယ်.. အဲ့ဒီအရာရဲ့ အမည်ကို ဆိတ်ငြိမ်သော မြေဆီလွှာလို့ ခေါ်တယ်.. အဲ့ဒီအရာက နဂါးမယ်တော် ပြောသလို သက်ရှိ မဟုတ်ပေမဲ့ သဘာဝတရားချင်း ဆင်တူနေတယ်"

"ငါထင်တာ မမှားရင် ဒီကြယ်စီးကြောင်းထဲမှာ အင်မော်တယ်သင်္ချိုင်းတစ်ခု သေချာပေါက် ရှိလိမ့်မယ်"

"အင်မော်တယ်တွေက အင်မော်တယ်သင်္ချိုင်းမှာ သေဆုံးပြီးနောက်

သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဝိညာဉ်ရေး အသွင်ပြောင်းလဲခြင်း ဖြစ်လာပြီး ဒီလို မြေဆီလွှာတွေကို မွေးဖွားလာခဲ့ပုံရတယ်.. ဒီမြေဆီလွှာတွေကို အသုံးချတတ်ရင် အသက်စတေးစရာ မလိုဘဲ သိက္ခာရှိရှိ ဒီနေရာကနေ ထွက်သွားနိုင်မှာပဲ.. တကယ်တော့ ဒီအရာက ကျင့်ကြံခြင်း အရင်းအမြစ်တွေပဲ"

"ကျင့်ကြံခြင်း အရင်းအမြစ်လား"

အောင်းလီ နှင့် လုကျန်းတို့က ချက်ချင်းပင် ထိတ်လန့်သွားပြီး အချိန်အတော်ကြာအောင် ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ဒါက သူတို့ကို စိတ်ဆင်းရဲစေပြီး သတ်လုနီးပါး ဖြစ်စေနိုင်သည့် တည်ရှိမှုဆိုတာ ရှင်းလင်းနေသော်လည်း ဖန်ရှင်းကမူ တကယ့် ရတနာတစ်ခုလို ပြောဆိုနေသည်။

ယင်းမှာ ဖန်ရှင်းကို သူတို့က မယုံကြည်သောကြောင့် မဟုတ်ဘဲ ဖန်ရှင်း၏ စကားတွေက မယုံကြည်နိုင်လောက်အောင် ကြောက်ဖို့ ကောင်းလွန်းသောကြောင့် ဖြစ်သည်။

"ဒါတွေ အားလုံးကို မင်းကိုယ်တိုင် တွက်ဆထားတာလား"

"ဟမ့်...ငါက ဉာဏ်ကောင်းတယ် ဆိုပေမဲ့ တခြား အကူအညီတော့ ယူခဲ့ရတာပေါ့ဟ"

"ဘာအကူအညီလဲ"

အောင်းလီနှင့် လုကျန်းက ကမန်းကတန်း မေးလိုက်သည်။

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး ကြည့်မှန်ကဲ့သို့ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။

"ဒါက ထာဝရမေမေ ပေးလိုက်တဲ့ မူလအစကို မြင်နိုင်တဲ့ရတနာကြောင့်ပဲ"

"မင်းကိုယ်တိုင် ဒီလောက် အစွမ်းအစ မရှိတာ ငါသိသားပဲ"

အောင်းလီက ဖန်ရှင်းကို မထီမဲ့မြင် ပြောလိုက်သော်လည်း

အနည်းငယ် ယုံကြည်သွားခဲ့သည်။

"ဒါပေမယ့် ဒီအရာက အရမ်းအန္တရာယ် များလွန်းတယ်..."

လုကျန်းက ခဏလောက်စဉ်းစားပြီးမှ လေသံတိုးတိုးဖြင့်
ပြောလိုက်သည်။

"အန္တရာယ်များမှန်း သိရင် ခင်ဗျားအရင် စမ်းကြည့်လိုက်..
ဘာပဲဖြစ်ဖြစ် ခင်ဗျားက သေရတော့မှာ ဆိုတော့
ကျရှုံးသွားရင်လည်း ဘာမှထူးမသွားဘူး မဟုတ်လား"

ဖန်ရှင်းက အလွန်တရာ အေးဆေးတည်ငြိမ်သော အသံဖြင့်
လုကျန်းကို ပြောလိုက်သည်။

အပိုင်း(၁၂၇၉) ပြီး၏

အပိုင်း(၁၂၈၀) ဆရာတူအကိုလို့မှတ်ထားရင်ရပြီ

"စမ်းကြည့်ရမှာလား"

ဖန်ရှင်း၏ စကားကိုကြားလျှင် လုကျန်းက ငိုရမလား ရယ်ရမလားပင် မသိတော့ဘဲ အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

ကောင်စုတ်လေး၏ အကြံအစည်က သူ့အတွက် အသက်ဆက်ရှင်ရန် မျှော်လင့်ချက် ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း စမ်းသပ်ခံရမည် ဟူသည့် အကြောင်းပြချက်က တကယ်ပင် ဒေါသထွက်စရာ ကောင်းနေသည်။

သူကဲ့သို့ ထျန်းယွမ်တိုက်၏ ဒဏ္ဍာရီတစ်ခု ဖြစ်သည့် အစီအရင် နတ်ဘုရားတစ်ပါးက ကောင်စုတ်လေး ပြုသမျှ နုရမည့် အစမ်းသပ်ခံဘဝသို့ ရောက်ရတော့မည်လော။

လုကျန်းက မသိစိတ်ကနေ ဖန်ရှင်းကို ပြန်လည် ချေပမည့်တော့မည် ဖြစ်သော်လည်း စကားက ပါးစပ်ဝနားတွင် တစ်ဆို့သွားပြီး သက်ပြင်းကိုသာ ချလိုက်သည်။

ကောင်စုတ်လေးတွင် သူ့ကို စမ်းသပ်ခံအဖြစ် အသုံးချရုံကလွဲ၍

ဒုတိယနည်းလမ်း မရှိတော့ပုံ ရသည် မဟုတ်ပါလား။

ဖန်ရှင်းက သူ၏ အကြံအစည်ကို လုကျန်း ငြင်းဆိုလိမ့်မည်ဟု မထင်ချေ။

တကယ်တမ်း ဖန်ရှင်းတွင် ထာဝရနတ်ဘုရား ပေးလိုက်သည့် သီးသန့်မြေပုံ တစ်ခု ရှိနေပါသေးသည်။

ထိုမြေပုံကို နတ်နန်းတော် တစ်နေရာတွင် ထာဝရ နတ်ဘုရားက ထားရှိပေးခဲ့၏။

ကြယ်ရောင်စုံ ကောင်းကင်တွင် ရှိရှိသမျှ အရာအားလုံး နီးပါးက ထိုမြေပုံထဲတွင် ပါဝင်သည်။

ခေါင်းကိုးလုံးမျိုးနွယ်စု ခေါင်းဆောင်ကို ထာဝရနတ်ဘုရား ပေးလိုက်သော မြေပုံက ဤမြေပုံလောက် မပြည့်စုံချေ။

ဖန်ရှင်း၏အမြင်တွင် ဤအရာက ပုံမှန်ပင်။

ထာဝရနတ်ဘုရားနှင့် ခေါင်းကိုးလုံး ပိုးကောင်၏ ဆက်ဆံရေးက အရောင်းအဝယ် သဘောမျိုး ဆက်ဆံရေးသာ ဖြစ်ပြီး သူနှင့် ထာဝရနတ်ဘုရားကမူ သားအမိဆက်ဆံရေး ဖြစ်နေသည် မဟုတ်ပါလား။

ထာဝရ နတ်ဘုရား ပေးလိုက်သည့် မြေပုံတွင် မရေမတွက်နိုင်သော ကောင်းကင်ဘုံ အရင်းအမြစ်များနှင့် အရာဝတ္ထုများ ရှိသည့် နေရာကို မှတ်တမ်းတင်ထားသည်။

အနက်ရောင် သတ္တဝါများဟု ထင်မှတ်ခဲ့သည့် ဆိတ်ငြိမ်မြေဆီလွှာက မြေပုံထဲတွင် မှတ်တမ်း တင်ထားသော ရှားပါးပစ္စည်းများနှင့် ယှဉ်နိုင်လုနီးပါးပင်။

ဖန်ရှင်းက သူ့ကိုယ်သူ စပါးလှောင်အိမ်ထဲသို့ ပြုတ်ကျနေသော ကြွက်တစ်ကောင်လို ခံစားနေရသည်။

နဂါးအရိုး ဘုရားကျောင်းရှိ အရိုးသေတ္တာထဲတွင် အဖြူရောင် ကျောက်တုံးကို ရှာတွေ့ပြီးသည့် တိုင်အောင် အနက်ရောင် အရာဝတ္ထု၏ သရုပ်မှန်ကို ဖန်ရှင်းက စဉ်းစားခန်း ဝင်နေခဲ့သည်။

ယင်းနောက်တွင် အသိအမြင်ကျမ်းနှင့် နတ်ဆိုးကြေးမုံမှန်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်ပြီး ထွက်ပေါ်လာသည့် ရလာဒ်ကလည်း သူ့ကို ကျေနပ်စေခဲ့သည်။

အနက်ရောင် အရာဝတ္ထုများက ကျင့်ကြံသူ၏ အသွေးအသားနှင့် အော်ရာကို ကိုက်စားခြင်းမှာ ကျင့်ကြံသူ၏ အသွေးအသား နှင့် အော်ရာတွင် အစွမ်းထက်သော ဝိညာဉ်စွမ်းအား ပါဝင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် ခေါင်းကိုးလုံး မျိုးနွယ်စု ခေါင်းဆောင်က လျှို့ဝှက်ဆန်းကြယ်သော ဆေးဖော်စပ် နည်းလမ်းကို အသုံးပြု၍ ခန္ဓာကိုယ်ရှိ ဝိညာဉ်ရေးဆိုင်ရာ အော်ရာ အတက်အကျများကို ယာယီဖုံးကွယ်ထားနိုင်သည့် ဆေးလုံးကို ဖော်စပ်ခဲ့ခြင်း ဖြစ်သည်။

ခေါင်းကိုးလုံး မျိုးနွယ်စု ခေါင်းဆောင်၏ လုပ်ရပ်က ယခုအချိန်တွင် ပြန်စဉ်းစားမိလျှင် သူ့အတွက် ရယ်စရာ ဖြစ်နေသည်။

ထိုလူ၏ လုပ်ရပ်က ထီးကို ကိုင်ပြီး ကောင်းကင်က ကျလာသည့် ရွှေတွေကို အဝေးကို ရောက်အောင် တွန်းထုတ်နေသလိုပင်။

ရှင်းလင်းစွာဆိုရလျှင် အဖိုးထိုက်တန်သည့် ရတနာကို တန်ဖိုး
နားမလည်၍ သဘာဝအတိုင်း ထွက်ပြေးခဲ့ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် နဂါးမယ်တော်တို့ လူစု ထွက်ပြေးစဉ်က နောက်သို့
မလိုက်ဘဲ အမြန်မောင်းထုတ်ရန်သာ စိတ်အားထက်သန်နေခဲ့ခြင်းပင်။

သူက ဓားပြတစ်ဦး ဖြစ်ရာ သဘာဝအားဖြင့် ရတနာများကို
ဝေမျှလိုစိတ် မရှိချေ။

"ဒီလို ကြောက်စရာကောင်းတဲ့ အရာတွေကို ကျင့်ကြံခြင်း
အရင်းအမြစ် အဖြစ် အသုံးပြုဖို့ဆိုတာ တကယ် ဖြစ်နိုင်ပါ့မလား"

လုကျန်းက အနည်းငယ် စိုးရိမ်နေသော အချိန်တွင် အောင်းလီက
မယုံသင်္ကာ လေသံဖြင့် မေးလိုက်၏။

"အဲ့ဒါဆို မင်းအရင် စမ်းကြည့်လိုက်လေ"

ဖန်ရှင်းက ခပ်ထေ့ထေ့ ပြန်ဖြေလိုက်ရာ အောင်းလီရော လုကျန်းပါ

ဘာစကားမှ ထပ်မဟရဲတော့ချေ။

"အိုး.. သေသွားလည်း ဘာအရေးလဲ.. ငါ့အဖြစ်က သေမထူးနေမထူးပဲလေ"

လုကျန်းက သူ၏ ကံကြမ္မာအတွက် စွန့်စားရန် ဆုံးဖြတ်လိုက်သည်။

"ငါ့ရဲ့နည်းလမ်းက သိပ်ပြီး စိတ်မချရပေမဲ့ ဖြစ်နိုင်မယ်လို့ ငါယုံကြည်တယ်"

ထိုစကားကိုကြားလျှင် လုကျန်းက အံ့အားသင့်သွားသည်။

"ဘာလို့ စိတ်မချရတာလဲ.. "

"ဒီဆိတ်ငြိမ် မြေဆီလွှာက ခန္ဓာကိုယ်ထဲက အသွေးအသားနဲ့ အော်ရာတွေကို စုပ်ယူစားသုံးတဲ့ သဘာဝရှိတယ်.. ဘယ်လောက်ပဲ ရှုန်းကန်နေပါစေ.. ရလာဒ်က ပင်လယ်ထဲကို ပြုတ်ကျသွားတဲ့ ကျောက်တုံးလိုပဲ"

"မင်းပြောတာ ဟုတ်တယ်.. ငါ့အဘိုးကြီးက နည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့ပေမဲ့ အနက်ရောင် အရာဝတ္ထုတွေကို ဖယ်ရှားလို့ မရခဲ့ဘူး"

"ဟက်.. ဒီအရာဝတ္ထုတွေကို မောင်းထုတ်လို့မှ မရတာ"

"ဒါဆို မင်းရဲ့အယူအဆကို ပြောလို့ရမလား"

"အင်း.. ခင်ဗျားလုပ်ရမှာက မြေဆီလွှာကို ဖယ်ရှားဖို့ မကြိုးစားဘဲ အဲ့ဒါကို သန့်စင်ပြီး ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခု ဖြစ်လာအောင် လုပ်ရမယ်"

"သန့်စင်ရမှာလား"

လုကျန်းက သိသိသာသာပင် အံ့အားသင့်သွားပြီး ဖန်ရှင်းကို ပြူးကျယ်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်သည်။

"ဟုတ်တယ်.. သန့်စင်ပစ်ရမယ်.. ကျင့်ကြံခြင်း လမ်းစဥ်ထဲ ငါ

ဝင်ရောက်ခါစက ဆိုရင် တစ်စုံတစ်ယောက်က ငါ့ကို လှည့်စားပြီး ခန္ဓာကိုယ်ထဲမှာ နတ်ဆိုးကို မွေးမြူခဲ့တယ်.. အဆုံးမှာတော့ ငါ့ရဲ့ ဆရာသမား တစ်ယောက်က နတ်ဆိုးကို ဖယ်ရှားစရာ မလိုဘဲ အကျပ်အတည်းကို ဖြေရှင်းတဲ့နည်းလမ်း သင်ပေးခဲ့တယ်.. အခု အခက်အခဲကလည်း အတိုင်းအတာ တစ်ခု အထိတော့ အဲ့ဒီတုန်းက အခြေအနေနဲ့ ခပ်ဆင်ဆင် တူတယ်.. ငါ့ဆရာသမားရဲ့ နည်းလမ်းကို မင်းကိုပြောပြမယ်.. သေချာ အာရုံစိုက်ပြီး နားထောင်ပါ"

"ကျေးဇူးအများကြီး တင်ပါတယ်.. မိတ်ဆွေလေးဖန်"

လုကျန်းက ကျင့်ကြံခြင်းတွင် နှံ့စပ်သူတစ်ယောက် ဖြစ်သည်။

ဖန်ရှင်း၏ စကားကို နားထောင်ပြီးနောက် ဤကိစ္စက ဖြစ်နိုင်ချေ ရှိသည်ကို သဘာဝကျကျ သဘောပေါက်သွားပြီး အလျင် အမြန် ကျေးဇူးတင်လိုက်သည်။

သို့ရာတွင် ဖန်ရှင်းက သူ့ကို သင်ပေးခါနီးတွင် ခဏမျှ တိတ်ဆိတ်သွားသည်။

"ဘာဖြစ်လို့လဲ.. မိတ်ဆွေလေးဖန်"

လုကျန်းက အချိန်အတော်ကြာအောင် စောင့်ဆိုင်းခဲ့သော်လည်း ဖန်ရှင်းထံမှ ညွှန်ပြမှုကို မခံရ၍ မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး.. ရုတ်တရက် ငါ့ဆရာကို သတိရသွားလို့ပါ.."

ထိုစကားကို ပြောပြီးနောက် ဖန်ရှင်းက လည်ချောင်း ရှင်းထုတ်လိုက်ပြီး

"ငါ့ဆရာရဲ့ နည်းလမ်းကို သင်ပေးလို့က အဆင်ပြေပါတယ်.. ဒါပေမယ့် မင်းတစ်ခုကိုတော့ သဘောတူရမယ်"

လုကျန်းက ထိုစကားကိုကြားလျှင် အံ့အားသင့်သွားပြီး

"တောင်းဆိုစရာရှိလို့လား"

ဟု မေးလိုက်သည်။

ဖန်ရှင်းက လုကျန်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး

"ငါ့ဆရာရဲ့ လျှို့ဝှက်နည်းပညာကို မင်းကို ငါပြောပြနိုင်ပါတယ်.. ဒါပေမဲ့ ငါတို့ဂိုဏ်းက ပညာကို သူစိမ်းတစ်ယောက်ဆီ လက်ဆင့်ကမ်းဖို့က မဖြစ်နိုင်ဘူးလေ.. ဒါက ကျင့်ကြံခြင်း လောကရဲ့ အခြေခံ စည်းမျဉ်း ဆိုတာ ခင်ဗျားသဘောပေါက်မှာပါ"

ဖန်ရှင်း၏ စကားကိုကြားလျှင် လုကျန်းက လေးနက်သောအသံဖြင့်

"အဲ့ဒါဆို ငါက ဘယ်လိုလုပ်မှ သင်ယူနိုင်မှာလဲ"

"ငါ့ဆရာကို ဆရာလို့ မှတ်ယူရမယ်"

ဟု ပြောလိုက်၏။

"ချီးထဲမှပဲ.. ငါက မင်းဆရာရဲ့ ဘိုးဘေးတွေ ထက်တောင် အသက်ကြီးတယ်လေ.. ငါက တကယ်ပဲ မင်းရဲ့ ဆရာကို

ဆရာအဖြစ် အသိအမှတ် ပြုရမှာလား"

"အင်း.. ဒီနည်းလမ်းကို ငါတို့ ဂိုဏ်းဝင်ဖြစ်မှပဲ သင်ပေးလို့ရမယ်.. မင်းရဲ့ အသက်က အရေးကြီးလား.. ဂုဏ်သိက္ခာက အရေးကြီးလား ဆိုတာ ဆုံးဖြတ်ပေါ့"

ဖန်ရှင်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

အောင်းလီကလည်း လုကျန်း မည်သို့ ဆုံးဖြတ်ချက် ချမည်ကို စိတ်လှုပ်ရှားနေသည်။

ကံကောင်းထောက်မစွာပင် လုကျန်းက မူလကတည်းက အင်မော်တယ် ဖြစ်ရန် အရာအားလုံးကို စွန့်လွှတ်ထားသူဖြစ်သည်။

သူက ကူကယ်ရာ မဲ့နေသော်လည်း မျက်စိတစ်မှိတ် အတွင်းမှာပင် မည်သည့်အရာက အရေးပါလည်း ဆိုသည်ကို ပိုင်းခြားနိုင်ခဲ့သည်။

သူက သက်ပြင်းရှည်ကြီး ချပြီးနောက် မတ်တပ်ထရပ်ကာ ဖန်ရှင်းကို ဂါရဝပြုလိုက်ပြီး

"တပည့်လုကျန်းက ဆရာကြီးဖန်ကို လေးလေးစားစား ဂါရဝပြုပါတယ်"

ဟု ပြောလိုက်၏။

"ငါက မင်းရဲ့ဆရာ မဟုတ်ဘူး.. ဆရာတူအကို ဆိုတာ မှတ်ထားရင် ရပြီ"

ထိုစကားကို ပြောရင်း ဖန်ရှင်းက လက်ဝှေ့ရမ်းကာ သက်ပြင်းချလိုက်ပြီး

"ငါတို့ရဲ့ ဆရာကို မိစ္ဆာကြီးဝမ်လူလို့ ခေါ်တယ်"

ဟု လုကျန်းကို ပြောလိုက်သည်။

အပိုင်း(၁၂၈၀) ပြီး၏

အပိုင်း(၁၂၈၁) ပြန်လည်မွေးဖွားလာသောလုကျန်း

လုကျန်းက အမြတ်နည်းနည်း ရခဲ့သည်ဟု ခံစားမိခဲ့သည်။

အနည်းဆုံးတော့ သူက မိန္တာလေး၏ တပည့် ဖြစ်မလာခဲ့ပေ။

သို့ရာတွင် သူကဲ့သို့ ဂုဏ်သိက္ခာ ကြီးမားသည့် ကျင့်ကြံသူ တစ်ယောက်က ကလေးတစ်ယောက်ကို ဆရာတူအကို အဖြစ်အသိအမှတ် ပြုခဲ့ရသောကြောင့် အနည်းငယ် စိတ်ဓာတ်ကျနေမိသည်။

သူဆရာတင်ခဲ့ရသော ဝမ်လူ အမည်ရှိ သခင်က မည်သို့သောသူ ဖြစ်သည်ကို သူတကယ် မသိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ဝမ်လူကို ဆရာအဖြစ် သတ်မှတ်ရသည်ကသူ့အတွက် အကျိုး မယုတ်ခဲ့သည်ကတော့ အမှန်ပင်။

ယင်းနောက်တွင် ဖန်ရှင်းက သက်ပြင်းချ၍ လျှို့ဝှက်နည်းလမ်းကို လုကျန်းအား သင်ပေးခဲ့သည်။

ထိုနည်းလမ်းက ယင်ယန်ချပ်ပြား နည်းစနစ်ကို မကျင့်မီ ကနဦး လေ့ကျင့်ခဲ့ရသည့် နည်းလမ်း ဖြစ်သည်။

လုကျန်းက ကျင့်ကြံခြင်းနှင့် ပတ်သက်၍ နှံ့စပ်သဖြင့်အချိန်တိုအတွင်းမှာပင် သဘာတရားကို နားလည်သွားခဲ့သည်။

ဖန်ရှင်းဆီမှ နည်းလမ်းကို သင်ကြားပြီးနောက် လုကျန်းက ဉာဏ်အလင်းရပြီး နဂါးအရိုး ဘုရားကျောင်း တံခါးဝနားသို့သွားကာ တပုလ္လင်ခွေ၍ ထိုင်ချလိုက်သည်။

လုကျန်းက လေးလေးနက်နက် တွေးတောလိုက်ပြီး သက်ပြင်းချကာ ဖန်ရှင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ယခုအချိန်တွင် သူ့ခန္ဓာကိုယ်ထဲမှ မြေဆီလွှာက ဖိနှိပ်ဖို့ ပိုမိုခက်ခဲလာပြီ ဖြစ်၏။

"ယင်နဲ့ယန်က ပြောင်းပြန်ဖြစ်ပြီး နေနဲ့လက တညီတညွတ်တည်း မွေးဖွားလာတယ်.. ကောင်းကင်နဲ့ မြေကြီးက ပေါင်းစည်းသွားပြီး.. "

လုကျန်းက သူ၏ ဝိညာဉ်ရေးဆိုင်ရာ အတွေးအမြင်များကိုထုတ်လွှင့်ခဲ့သည်။

သူက ဗဟုသုတ နှံ့စပ်သောကြောင့် အချိန်ခဏအတွင်းမှာပင် ပို၍ လေးနက်သော ထိုးထွင်းသိမြင်မှုကို ဖမ်းဆုပ်မိခဲ့သည်။

လုကျန်း ကျင့်ကြံနေစဉ်အတွင်း ဖန်ရှင်းက အောင်းလီကို သင်ပြပေးနေသည်။

ထိုသို့ အောင်းလီကို သင်ပြနေစဉ်အတွင်း လုကျန်း၏ အော်ရာက ရုတ်တရက် အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။

လုကျန်း၏ မျက်နှာက ရုတ်တရတ် လေးနက်လာပြီး လက်ထဲတွင် ယင်ယန်တံဆိပ်တော် တစ်ခု ပေါ်ပေါက်လာသည်။

ဤအခိုက်အတန့်တွင် သူ၏ မေးရိုးအောက်ရှိ မုတ်ဆိတ်များက လေမတိုက်ဘဲ အလိုအလျောက် လှုပ်ယမ်းနေသည်။

"ဝေါ့"

ရုတ်တရက် လုကျန်း၏ မျက်နှာက မည်းနက်လာပြီး ပါးစပ်မှ သွေးတစ်လုတ်ကို အန်ထုတ်လိုက်၏။

"မအောင်မြင်ဘူးလား"

အောင်းလီက လန့်ဖျပ်သွားပြီး လုကျန်းကို ကယ်တင်ရန် လျင်မြန်စွာ ခုန်ထွက်လိုက်သည်။

"မလောနဲ့.. ဒါက အစပဲရှိပါသေးတယ်"

ဖန်ရှင်းက အောင်းလီကို ဖမ်းဆွဲ၍ ပြောလိုက်သည်။

ထို့ကြောင့် အောင်းလီက သူ၏ကိုယ်ရှိန်ကို

အလျင်အမြန်သတ်လိုက်ပြီး မျက်တောင်မခတ်ဘဲ လုကျန်းကို ကြည့်လိုက်သည်။

သိပ်မကြာခင်မှာပင် လုကျန်း၏ အော်ရာက ရေဝဲတစ်ခုလိုဖြစ်လာသည်။

အံ့သြစရာကောင်းသည်မှာ အလင်းမျှင်ကဲ့သို့ အနက်ရောင်အရာဝတ္ထုတွေက လုကျန်း၏ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားခြင်းပင်။

တခဏအတွင်းမှာပင် လုကျန်း၏ ပတ်ဝန်းကျင်၌ အလင်းမျှမျှားဖြင့် ပြည့်နှက်သွားသည်။

"အဲဒါက..."

"ငါ့ရဲ့နည်းလမ်းက အသုံးဝင်သားပဲ"

ဖန်ရှင်းနှင့် အောင်းလီက ထိုမြင်ကွင်းကို ကြည့်ရင်း စိတ်လှုပ်ရှား ဝမ်းသာနေကြသည်။

တဖြည်းဖြည်းနှင့် အလင်းမျှင်များက ဧရိယာ
သုံးပေခန့်ကိုဖုံးလွှမ်းလာသောကြောင့် ဖန်ရှင်းတို့က ဆယ်ပေခန့်
နောက်ပြန်ဆုတ်လိုက်ရသည်။

သူတို့နှစ်ယောက်က လုကျန်းထံ မချဉ်းကပ်ရဲသော်လည်း လုကျန်းက
ယခုအချိန်အထိ အသက်ရှင်နေသေးသဖြင့် သူတို့၏ နည်းလမ်းက
အလုပ်ဖြစ်ကြောင်း သိရှိလိုက်ကြသည်။

သူတို့က လုကျန်းကို စောင့်ကြည့်ရင်း လုကျန်း၏
ချီအော်ရာပြောင်းလဲသွားသည်ကို သတိထားမိလိုက်သည်။

"သူ့ရဲ့ ချီအော်ရာက ပြောင်းလဲသွားသလိုပဲ"

အောင်းလီက နဂါးအစစ်အမှန် ဖြစ်၍ အာရုံခံထူးချွန်သောကြောင့်
ယင်းအချက်ကို အရင်ဆုံး သတိထားမိလိုက်သည်။

"ဟုတ်တယ်.. သူ့ရဲ့ချီက လူသားချီနဲ့ မဆိုင်တော့သလိုဘဲ...
နတ်ဘုရားသတ္တဝါတွေရဲ့ ချီနဲ့ ဆင်တူတယ်"

"မဟုတ်ဘူး.. ငါတို့နဂါးမျိုးနွယ်နဲ့ ပိုတူနေတယ်"

အောင်းလီက လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

ယခုအချိန်တွင် လုကျန်း၏ အော်ရာ ပြောင်းလဲမှုက ကြောက်မက်ဖွယ် ကောင်းနေသည်။

ကျင့်ကြံခြင်းနှင့် ပတ်သက်၍ နတ်ဘုရားသတ္တဝါများက သွေးစွမ်းအားကို အားကိုး၍ ကျင့်ကြံကြသော်လည်း လူသားမျိုးနွယ်ကမူ စဥ်ဆက်မပြတ် သင်ယူပြီး မိမိကိုယ်ကို အခြေခံ ခိုင်မာအောင် လုပ်ဆောင်ကာ တာအိုဘာသာ၏ သော့ချက်များကို နားလည်ရန် လိုအပ်သည်။

ယခု လုကျန်း၏ အော်ရာက နတ်ဘုရား သတ္တဝါများ၏ အော်ရာကဲ့သို့ အနည်းငယ် ပြောင်းလဲသွားခြင်းသာ ဖြစ်သည်။

အောင်းလီ အတွက်ကမူ လုကျန်း၏ အော်ရာက နဂါးမျိုးနွယ် နှင့် ဆင်တူနေခဲ့သည်။

နဂါးမျိုးနွယ်က လူသားများနှင့် နတ်ဆိုးများ၏
ကျင့်ကြံခြင်းလမ်းစဥ်ကို ရောနှော ကျင့်ကြံနိုင်သော အစွမ်း ရှိသည်။

နဂါးမျိုးနွယ်များက နတ်ဘုရားသတ္တဝါများ ကဲ့သို့ပင်
သွေးစွမ်းအားများကို အမွေဆက်ခံနိုင်၏။

ထိုကဲ့သို့ အမွေဆက်ခံမှု စွမ်းအားက လူသား ကျင့်ကြံသူများ ရရှိရန်
ခက်ခဲသော်လည်း ယခုအခါတွင် လုကျန်းက ထိုကဲ့သို့သော
အခြေအနေမျိုးကို ထင်ရှားစွာ ရရှိနေပြီ ဖြစ်သည်။

ဤအခိုက်အတန့်တွင် ဖန်ရှင်းက နဂါးမျိုးနွယ်စု
ဘိုးဘေးများချန်ရစ်ခဲ့သည့် ရှေးဟောင်းလမ်း၏ ကံကြမ္မာကို
နားလည်ခဲ့သည်။

ယင်းအချိန်မှာပင် လုကျန်း၏ ပတ်ဝန်းကျင်ရှိ
တဟုန်းဟုန်းတောက်လောင်နေသော သမာဓိ မီးတောက်က
ခြောက်သွေ့စ ပြုလာသည်။

သမာဓိမီးတောက်က လေထဲတွင် ဖယောင်းတိုင်မီးစလို ယိမ်းနွဲ့နေပြီး အချိန်မရွေး ငြိမ်းသွားတော့မည့် အနေအထားကို ရောက်ရှိနေသည်။

"ကျရှုံးသွားတာလား"

အောင်းလီက တအံ့တသြ ရေရွတ်လိုက်သည်။

ဖန်ရှင်းက လုကျန်းကို အချိန်အတော်ကြာ အကဲခတ်ပြီးမှ

"မဟုတ်ဘူး.. မြေဆီလွှာ မလုံလောက်တာ"

ဟု အောင်းလီကို ရှင်းပြလိုက်သည်။

ယင်းနောက်တွင် ဖန်ရှင်းက ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲမှ အဖြူရောင် ကျောက်တုံးတစ်တုံးကို အင်မော်တယ်ကြိုးဖြင့် ရစ်ပတ်၍ ဆွဲယူလိုက်ပြီး လုကျန်း၏ သမာဓိ မီးတောက် ထဲသို့ ပစ်ထည့်ပေးလိုက်သည်။

ထိုသဘောတရားက ဆေးဖက်ဝင် အပင်များကို ဆေးမီးဖိုထဲ ထည့်သွင်း လိုက်သည်နှင့် ဆင်တူသည်။

လုကျန်း၏ ပတ်ဝန်းကျင်ရှိ သမာဓိ မီးတောက်က အားနည်းသော်လည်း တောက်လောင်နေဆဲ ဖြစ်သည်။

ဖန်ရှင်းက နောက်ထပ် ကျောက်တုံးတစ်တုံးကို မီးတောက်ထဲသို့ ထပ်ထည့်ပေးလိုက်သည်။

လုကျန်းက မြေဆီလွှာ အများအပြားကို သန့်စင်လိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပေ။

ဤအရာဝတ္ထုက လူအများအပြားကို သတ်ဖြတ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိထားသော်လည်း ယခုအချိန်တွင် လုကျန်းက ကျင့်ကြံမှု အရင်းအမြစ် အဖြစ် အသုံးပြုနေသည်။

ဖန်ရှင်းက ကျောက်တုံး ဆယ်ခုထက် မနည်း လုကျန်းထံ ပို့ဆောင်ပေးခဲ့ရသည်။

ကျောက်တုံးထဲမှ အနက်ရောင် အရာဝတ္ထုများက လုကျန်း၏ ခန္ဓာကိုယ်ထဲသို့ အလုအယက် ဝင်သွားကြပြီး လုကျန်း၏ အသွေးအသားနှင့် အော်ရာကို သိသိသာသာပင် ကိုက်စားဝါးမျို နေကြ၏။

ထို့အတူ လုကျန်း၏ အသက်ရှူသံကလည်း ပိုပိုပြီး ထူးဆန်းလာသည်။

သူ၏ အသက်ရှူသံက ရုတ်တရက် အားပြင်းလိုက် ရုတ်တရက် နှေးကွေးလိုက် ဖြစ်နေ၏။

သူ့ပတ်ဝန်းကျင်တွင် သွေးနံ့တွေနှင့် မီးတောက်တွေ ပျောက်ကွယ်သွားသော အချိန်တွင် ကြယ်ရောင်စုံ ကောင်းကင်ကြီး၏ အလယ်၌ လုကျန်းက သစ်သားပန်းပုရုပ် အဖြစ် ပြောင်းလဲသွားကာ မလှုပ်မယှက် ထိုင်နေသည်။

သူ့ထံ၌ အော်ရာ အတက်အကျကို ဖန်ရှင်းနှင့် အောင်းလီကခံစား၍ မရခဲ့ချေ။

"သူ သေသွားပြီလား"

အောင်းလီက လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

သူ၏ အမူအရာက ဖော်ပြ၍ မရအောင် စိတ်လှုပ်ရှားနေသည်။

"သူတကယ် သေသွားတာလား"

ဖန်ရှင်းကလည်း လုကျန်းကို ခဏမျှ အကဲခတ်ပြီး ရေရွတ်လိုက်၏။

အောင်းလီက စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ဖန်ရှင်းကို ကြည့်လိုက်သည်။

အကယ်၍ လုကျန်းသာ သေဆုံးသွားခဲ့လျှင် ဖန်ရှင်း၏ နည်းလမ်းက ကျရှုံးသွားပြီဟု ဆိုနိုင်ပေသည်။

ရုတ်တရက် ဖန်ရှင်းက တစ်စုံတစ်ရာကို တွေးမိပြီး ရှေးဟောင်းဓားကို ဆွဲထုတ်ကာ လုကျန်းဆီသို့ လျှောက်သွား၍ အနီးကပ်

အကဲခတ်လိုက်သည်။

"လုကျန်းက သေပြီ.. ဒါပေမဲ့ သူပြန်လည် မွေးဖွားခဲ့ပုံရတယ်"

ဖန်ရှင်းက ခပ်တိုးတိုး ရေရွတ်လိုက်ပြီး ဓားနှင့် ခုတ်ချလိုက်ရာ သစ်သားပန်းပုရုပ်က ကွဲထွက်သွားပြီး အထဲမှ နို့နှစ်ရောင် အလင်းတန်းများ ထွက်ပေါ်လာသည်။

"ဟားဟား.. ငါ့ရဲ့အခွံကို ဓားနဲ့ ခုတ်ပေးတဲ့အတွက် ဆရာတူအကိုတော်ဖန်ကို ကျေးဇူးတင်ပါတယ်"

နို့နှစ်ရောင် အလင်းတန်းက လူတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး တစ်ချိန်တည်းမှာပင် လုကျန်း၏ ဝမ်းသာအားရ စကားသံက ထွက်ပေါ်လာသည်။

အပိုင်း(၁၂၈၁) ပြီး၏

အပိုင်း(၁၂၈၂) ကပ်ဘေးမိုးကြိုးဖြင့်သန့်စင်ခြင်း

အောင်းလီ၏ အုံ့အားသင့်နေသော မျက်လုံးများ အောက်တွင် လုကျန်း၏ ပုံသဏ္ဍာန်က တဖြည်းဖြည်း ထင်ရှားလာသည်။

"ဘယ်လိုခံစားရလဲ"

ဖန်ရှင်းက လုကျန်းကို တိုက်ရိုက်ကြည့်ကာ အလျင်စလို မေးလိုက်သည်။

ထိုစကားကိုကြားလျှင် လုကျန်းက ပြုံး၍ မျက်လုံးများကို ဖြည်းညှင်းစွာ မှိတ်လိုက်သည်။

ခဏလောက် စဉ်းစားပြီးမှ သူက မျက်လုံး ပြန်ဖွင့်လိုက်ပြီး

"ငါအခု ကိုယ့်ကိုယ်ကို ယုံကြည်မှု အရမ်း ရှိနေတယ်.. လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ချီက ကပ်ဘေးရှစ်ခုကို ငါကျော်ဖြတ်နိုင်ခဲ့ပေမဲ့ နောက်ဆုံး ကပ်ဘေးကိုတော့ ကျော်ဖြတ်ဖို့ မဝံ့မရဲဖြစ်ခဲ့တယ်.. နဝမမြောက် ကပ်ဘေးက အရမ်းကို အန္တရာယ်ကြီးလွန်းတယ် ဆိုပေမဲ့ အခုချိန်မှာတော့ ငါအေးအေးဆေးဆေး

ကိုင်တွယ်နိုင်လောက်ပါပြီ"

"နဝမမြောက် ကပ်ဘေးကိုလား"

ဖန်ရှင်းနှင့် အောင်းလီတို့က လုကျန်း၏ စကားကို ကြားလျှင် တစ်ချိန်တည်းမှာပင် အံ့အားသင့်သွားကြသည်။

အင်မော်တယ် အဖြစ်သို့ မရောက်မီ ကျင့်ကြံမှု လမ်းကြောင်းတွင် ကပ်ဘေးကိုးခုသည် အကြီးမားဆုံး တံခါးပေါက်ဖြစ်သည်ကို သံသယရှိစရာပင် မလိုချေ။

ကျင့်ကြံသူများက ကပ်ဘေးများကို ကိုယ့်နည်းကိုယ်ဟန်ဖြင့်ရင်ဆိုင်ခဲ့ကြသည်။

ဥပမာအားဖြင့် ဆိုရလျှင် အောင်းလီက မိုးကြိုးရေကန်တွင် အိပ်စက်နေရင်းဖြင့်ပင် အင်မော်တယ် ဖြစ်ရန် ခြေလှမ်း တစ်ဝက်လောက်သာ လိုတော့သည့် အဆင့်သို့ တိုက်ရိုက် တက်လှမ်းသွားခဲ့သည်။

ဖန်ရှင်းကမူ ကပ်ဘေးများကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရပြီး ကပ်ဘေး တတိယအဆင့်တွင် ရပ်တန့်နေခဲ့သည်။

နောက်ထပ် အဆင့်တက်ရန်မှာလည်း ပြည့်စုံ လုံလောက်မှု မရှိသေးချေ။

လုကျန်းအတွက်မူ နဝမမြောက် ကပ်ဘေးက သေခြင်းရှင်ခြင်း အတားအဆီး တစ်ခုလို ဖြစ်နေ၏။

ယခု ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်ပြီးနောက် နဝမြောက် ကပ်ဘေးကို ရင်ဆိုင်ရန် ယုံကြည်မှု ရှိနေပြီ ဖြစ်ကြောင်း ပြတ်ပြတ်သားသားပင် ထုတ်ဖော် ပြောဆိုလိုက်သည်။

လုကျန်းက ထိုစကားကို ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သော်လည်း ထိုစကားထဲတွင် လေးနက်သော အဓိပ္ပါယ်များ ရှိနေသည်။

ဆိုရလျှင် ဆိတ်ငြိမ်မြေဆီလွှာက လုကျန်းအတွက် အကန့်အသတ်မဲ့ ဖြစ်နိုင်ချေများကို ပေးစွမ်းခဲ့ပုံရသည်။

ယခင်က ကပ်ဘေး အဌမအဆင့်တွင် လမ်းဆုံးနေခဲ့သော လုကျန်းက ယခုအခါတွင် နောက်ထပ် လမ်းစတစ်ခုကို မြင်နေရပြီ မဟုတ်ပါလား။

"ခွန်အားအခြေအနေ ဘယ်လိုရှိလဲ"

ဖန်ရှင်းကမျက်မှောင်ကြုတ်၍မေးခွန်းထုတ်လိုက်သည်။

"အရင်ကဆိုရင် ငါက အစီအရင် ပညာရပ်တွေကိုပဲ လေ့လာလိုက်စားတော့ ကျင့်ကြံဖို့ အချိန် သိပ်မရလိုက်ဘူး.. ဒါကြောင့် ငါ့မိတ်ဆွေတွေနဲ့ ယှဥ်ပြိုင်တဲ့ အချိန်ကျရင် အမြဲတမ်း တစ်ပန်း ရှုံးနေခဲ့တယ်.. ဟားဟား.. အခုချိန်မှာ ယှဥ်ပြိုင်ရမယ် ဆိုရင်တော့ သူတို့ကို လွယ်လွယ်ကူကူ အနိုင်ရမယ်လို့ ငါယုံကြည်တယ်"

"ကောင်းလိုက်တာ"

ဖန်ရှင်းက အလွန်ဝမ်းသာသွားပြီး မျက်နှာတစ်ခုလုံးလန်းဆန်းသွားသည်။

"ဂုဏ်ယူပါတယ် ညီတော်လု.."

ဖန်ရှင်းက လုကျန်းကို ဂါရဝပြု၍ ဂုဏ်ပြုစကား ဆိုလိုက်သည်။

"ဟားဟား.. ဒါက အကိုတော်ဖန်ရဲ့ လမ်းညွှန် ပြသမှုကြောင့်ပါ"

လုကျန်းက ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

"ကဲ ယောက်ဖ.. ဒီတစ်ခေါက်က မင်းအလှည့်ပဲ"

ဖန်ရှင်းက အောင်းလီဘက်သို့လှည့်၍ ပြောလိုက်သည်။

"မင်းငါ့ကို ယောက်ဖလို့ မခေါ်လို့ မရဘူးလား"

အောင်းလီက မကျေမနပ် ပြောလိုက်၏။

"မြန်မြန်လုပ် အချိန်မဖြုန်းနဲ့"

ဖန်ရှင်းက အောင်းလီကို မျက်လုံးပြူးကြည့်၍ ပြောလိုက်သည်။

"မင်းက ငါ့ကိုဆို အမြဲအနိုင်ကျင့်တယ်"

အောင်းလီက ညီးညူလိုက်သည်။

သိပ်မကြာခင်မှာပင် လုကျန်းက သူ့ အဆင့်မြင့်ထားသော နည်းလမ်းနှင့် အတွေ့အကြုံများကို အောင်းလီကို မျှဝေပေးလိုက်၏။

အောင်းလီက လုကျန်းကို ကျေးဇူးတင်စကား ပြောပြီး ဘုရားကျောင်း၏ တံခါးဝနားသို့ ဖြည်းညင်းစွာ လျှောက်သွားခဲ့သည်။

သူက လူသားမျိုးနွယ်၏ နည်းလမ်းကို ကျင့်ကြံရမည် ဖြစ်သောကြောင့် လူသားပုံစံ အဖြစ်သို့ ပြောင်းလဲကာ ဘုရားကျောင်း အဝင်ဝတွင် တင်ပုလ္လင် ခွေ၍ ထိုင်နေခဲ့သည်။

"သတ္တိရှိရှိ ကျင့်ကြံပါ.. ငါ မင်းကို ကူညီဖို့ ဒီနေရာမှာ အသင့်ရှိနေမယ်"

အောင်းလီက အနည်းငယ် တုံ့ဆိုင်းနေသေးသည်ကို မြင်လိုက်ရသဖြင့် ဖန်ရှင်းက ဝိညာဉ်ရေးဆိုင်ရာ အတွေးတစ်ခုကို ပို့လွှတ်လိုက်သည်။

အောင်းလီက ရွေးချယ်စရာ မရှိသော လုကျန်းနှင့် မတူပေ။

သူက ခြေလှမ်းတစ်ဝက် အင်မော်တယ်(ဝါ) အင်မော်တယ်နီးပါး အစွမ်းထက်သူ ဖြစ်သည်။

ထို့ကြောင့် ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်ခြင်းက သူ့အတွက် ကြီးမားသော အလောင်းအစားကို ပြုလုပ်သည်နှင့်ဆင်တူသည်။

သို့ရာတွင် ဖန်ရှင်း၏ စကားကို ရုတ်တရက် ကြားလိုက်ရပြီးနောက် သူက အရမ်း သက်သောင့် သက်သာ ရှိသလို ခံစားလိုက်ရသည်။

ယင်းနောက်တွင် သူက လက်ကိုမြှောက်၍

စွမ်းအားများကိုဖြည်းညင်းစွာ လှည့်ပတ်လိုက်သည်။

လူစကားသံနှင့် ဆင်တူသည့် နဂါး ဘာသာစကားကို အောင်းလီက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဂျိန်း.. ဂျိန်း.. "

ထိုသို့ ရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် အောင်းလီ၏ ပတ်ဝန်းကျင်တွင် မိုးကြိုးများ လွှမ်းခြုံသွားသည်။

ပတ်ဝန်းကျင်တွင် စီးဆင်းနေသော မိုးကြိုးများက တဖြည်းဖြည်း တောက်ပလာပြီး နောက်ဆုံးတွင် မိုးကြိုးပင်လယ်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ယင်းမိုးကြိုးပင်လယ်ကြီးက မီတာတစ်ရာအထိ တိုက်ရိုက်ပျံ့နှံ့သွားခဲ့သည်။

မိုးကြိုးပင်လယ်က ကျောက်တုံးမည်မျှကို ဆွဲယူလိုက်မှန်းပင် မရေတွက်နိုင်တော့ချေ။

ကျောက်တုံးထဲမှ အနက်ရောင် အရာဝတ္ထုများကို အောင်းလီက သူ၏ အားကောင်းသော ဝိညာဉ်စွမ်းအားဖြင့် ဆွဲဆောင်နိုင်ခဲ့ပုံရသည်။

"နဂါးသွေးအစစ်က မျှော်လင့်ထားသလိုပဲ.. ဆိတ်ငြိမ်မြေဆီလွှာကို အားကောင်းကောင်းနဲ့ ဆွဲဆောင်နိုင်ခဲ့တယ်..."

လုကျန်းက အောင်းလီကိုကြည့်ကာ တအံ့တသြ ရေရွတ်လိုက်သည်။

သူက ကျောက်တုံး ဆယ်ခုလောက်ကိုသာ သန့်စင်နိုင်စွမ်း ရှိသော်လည်း အောင်းလီကမူ ဒါဇင်နှင့်ချီသည့် ကျောက်တုံးများကို သူ့ထက် သုံးဆခန့် သန့်စင်နိုင်ခဲ့သည်။

အောင်းလီက ဆိတ်ငြိမ်မြေဆီလွှာကို လုကျန်းကဲ့သို့ အင်မော်တယ်မီးဖြင့် သန့်စင်ခြင်း မဟုတ်ဘဲ မိုးကြိုးစွမ်းအားဖြင့် သန့်စင်ခဲ့ခြင်း ဖြစ်သည်။

သူတို့၏ မျက်စိရှေ့ရှိ ပြိုးပြိုးပြက်ပြက် လင်းလက်နေသော မိုးကြိုးစွမ်းအား အောက်မှာပင် အောင်းလီ၏ အသက်ရှူသံက

သိသိသာသာ ပြောင်းလဲလာသည်။

"ဒီမိုးကြိုးတွေက ဘာမိုးကြိုးလဲ"

လုကျန်းက အံ့အားသင့်နေသော အမူအရာဖြင့် မေးလိုက်သည်။

"ကပ်ဘေးမိုးကြိုး"

ဖန်ရှင်းက လေးနက်သော အသံဖြင့် ပြန်ဖြေလိုက်သည်။

"နဂါးလေးက ကပ်ဘေးမိုးကြိုးနဲ့ သန့်စင်နေတာလား.. ဒီနဂါးလေးရဲ့ အလားအလာက ကောင်းကင်ကိုတောင် အံ့တုနိုင်လောက်တယ်"

လုကျန်းက စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်ဘဲ တုန်လှုပ်သောအသံဖြင့် ပြောလိုက်သည်။

"ရန်သူကို ကာကွယ်ဖို့ မိုးကြိုးစွမ်းအားကို လွတ်လွတ်လပ်လပ် အသုံးချနိုင်တဲ့သူကို ငါတွေ့ဖူးတယ်"

"ငါ့ယောက်ဖရဲ့ ကပ်ဘေးမိုးကြိုး စွမ်းအားက မင်းတွေ့ဖူးတဲ့ သူတွေထက် ပိုပြီး ကြောက်စရာကောင်းတယ်..."

ဖန်ရှင်းက အောင်းလီကို ကြည့်ရင်း ထာဝရနတ်ဘုရားကိုယ်တိုင် သန့်စင်သော မှော်လက်နက်များကိုပင် သတိရသွားသည်။

ထိုမှော်လက်နက်များက အလွန်ပင် အစွမ်းထက်သော်လည်းအောင်းလီကို ထိုးဖောက်နိုင်မည်ဟု သူမထင်ပေ။

ယောက်ဖနဂါးက ကျင့်ကြံမှု အဆုံးသတ်သောအခါတွင် အင်မော်တယ်နှင့် ယှဉ်နိုင်သော ရုပ်ခန္ဓာကို ပိုင်ဆိုင်နိုင်ပါသလော။

ဖန်ရှင်းက အရာအားလုံးကို ဖျက်ဆီးနိုင်သည့် ရောမနဂါးကြီး၏ အသွင်အပြင်ကို တွေ့လိုက်ရသောအခါ ရုတ်တရက် ထိတ်လန့်သွားသည်။

ဆိတ်ငြိမ်မြေဆီလွှာက နဂါးဘိုးဘေးများ ချန်ရစ်ခဲ့သည့် အမွေအနှစ်

ဖြစ်သောကြောင့် သန့်စင်ပြီးလျှင်ပြီးချင်း အောင်းလီနှင့် သဟဇာတဖြစ်စွာ ပေါင်းစည်းသွားခဲ့သည်။

ယခုအချိန်တွင် သူ၏ ကျင့်ကြံမှု အလားအလာက သူ့ဘိုးဘေးများထက် သာလွန်နေပြီဟု ဆိုနိုင်သည်။

ဖန်ရှင်းပင်လျှင် သူ၏ ယောက်ဖက အနာဂတ်မှာ ဘယ်လောက်ထိ အစွမ်းထက် လာမလည်း ဆိုသည်ကို ခန့်မှန်း၍ မရချေ။

"ဒီအတိုင်းဆို ယောက်ဖကို ဘယ်သူမှ ထိန်းနိုင်မှာ မဟုတ်ဘူး"

ဖန်ရှင်းက တစ်ကိုယ်တည်း တီးတိုး ရေရွတ်လိုက်သည်။

"ဒီကောင့်ကို အပိုးချိုးထားပြီး သင်ခန်းစာ ကောင်းကောင်း ပေးထားရမယ်.. ဒါမှနောင်ကို ငါ့အပေါ် အပေါ်စီးကနေ မဆက်ဆံရဲမှာ"

အပိုင်း(၁၂၈၂) ပြီး၏

အပိုင်း(၁၂၈၃) ဒီတစ်ခါငါအလှည့်

လုကျန်း နဲ့ ယှဉ်လျှင် အောင်းလီက ဆိတ်ငြိမ် မြေဆီလွှာကိုသန့်စင်ဖို့ အချိန်ပို ကြာမြင့်နေသည်။

လုကျန်းက သုံးနာရီခန့်သာ အချိန်ယူခဲ့ရသော်လည်း အောင်းလီကမူ တစ်ရက်ကြာသည်အထိ ပြီးဆုံးမည့် အရိပ်အယောင်မပြခဲ့ပေ။

ထို့ပြင် သန့်စင်မှုမှာလည်း လုကျန်းထက် ဆယ်ဆကျော် ပိုသာနေသည်။

အောင်းလီ သန့်စင်ထားသည့် ဆိတ်ငြိမ်မြေဆီလွှာ အရေအတွက်က လုကျန်းလို လူသားတစ်ယောက် လုပ်နိုင်စွမ်းထက် အဆများစွာ ကျော်လွန်နေသည်။

အရေအတွက် ဒါဇင်နှင့်ချီပြီး သန့်စင်ပြီးသော အခါတွင် မိုးကြိုးပင်လယ်ကြီးက တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။

ပတ်ဝန်းကျင်ရှိ မိုးကြိုးက ယခုအချိန်တွင်
မပြင်းထန်တော့သော်လည်း အောင်းလီ၏ နေရာရှိ မိုးကြိုးကမူ
ယခင်ထက်ဆယ်ဆခန့် ပို၍ ကြောက်စရာကောင်းသော စွမ်းအားများ
ပါဝင်နေသည်ဟု ဖန်ရှင်းက ခံစားမိသည်။

ဆိုရလျှင် အောင်းလီ၏ ပုံစံက အဖိုးတန် ဓားတစ်လက်ကို ဓားအိမ်ထဲ
ထည့်ထားသလိုပင်။

မိုးကြိုးပင်လယ်၏ အလယ်ဗဟိုရှိ အောင်းလီက
လျှို့ဝှက်ဓားတစ်ချောင်းနှယ် ကြောက်မက်ဖွယ် ကောင်းနေသည်။

"နောင်ကျရင် မင်းကို ငါသတိထားပြီး ဆက်ဆံမှ ရတော့မယ်.. "

ဖန်ရှင်းက စိတ်ထဲတွင် တိတ်တဆိတ် တွေးလိုက်သည်။

လက်ရှိတွင် အောင်းလီကို သူ အမှန်တကယ်ပင်
လျော့မတွက်ရဲတော့ချေ။

"နဂါးမျိုးနွယ်စုရဲ့ မိုးကြိုး ထိန်းချုပ် နည်းစနစ်က ကောင်းကင်နဲ့

မြေကြီးကို တစ်သားတည်း ဖြစ်အောင် လုပ်နိုင်မယ်လို့ အဖေပြောတာ ငါငယ်ငယ်က ကြားဖူးတယ်.. အဖွေ့ရဲ့ စကားအရတော့ နဂါးမျိုးနွယ်စုရဲ့ အမြင့်ဆုံး စွမ်းအားတွေကို နှိုးဆွနိုင်ရင် အင်မော်တယ် ဘုရင်ကိုတောင် စိန်ခေါ်နိုင်တယ်တဲ့"

မိုးကြိုးများ ပျောက်ကွယ်သွားသည်နှင့် အမျှ အောင်းလီ၏ အသံက တိုးညင်းစွာ ထွက်ပေါ်လာသည်။

"အရင်တုန်းက ဘိုးဘေးနဂါးတွေ အစွမ်းထက်တဲ့ အကြောင်းကို အဖေပြောပြရင် ဖြစ်နိုင်ပါ့မလားလို့ ငါတွေးမိခဲ့ဖူးတယ်.. အခုတော့ အဖေပြောတဲ့ စကားကို ငါယုံကြည်သွားခဲ့ပြီ"

စကားဆုံးသည်နှင့် အောင်းလီက တပုလ္လင်ခွေ၍ ထိုင်ရာမှ မတ်တပ်ရပ်ကာ ဖန်ရှင်းတို့ နားသို့ လျှောက်လာခဲ့သည်။

ယခုအချိန်တွင် သူက သာမန်လူငယ်လေး တစ်ယောက်ကဲ့သို့ ဘာမှ မထူးခြားသလို ဖြစ်နေသည်။

သို့ရာတွင် သူ ရှေ့ကို လျှောက်လာသည်နှင့် ဖန်ရှင်းရော လုကျန်းပါ ရုတ်တရက် အမူအရာ ပြောင်းသွားပြီး မသိစိတ်ကနေ

နောက်ပြန်ဆုတ်သွားကြသည်။

"ငါ့မျက်လုံးထဲမှာ မြင်လိုက်ရတာက သာမန် လူတစ်ယောက် လမ်းလျှောက်လာတာပဲ.. ဒါပေမယ့် အသိစိတ်ထဲမှာတော့ အရာအားလုံးကို ဝါးမျိုသွားနိုင်တဲ့ ပျက်စီးခြင်း ပင်လယ်ကြီးကို မြင်လိုက်ရသလိုပဲ.."

အောင်းလီ၏ မျက်လုံးများတွင် ဖော်မပြနိုင်သော အလင်းရောင် တစ်မျိုးက ညင်သာစွာ လွင့်မျောနေသည်။

ထို အလင်းရောင်က အဖြူရောင်လည်း မဟုတ် အနက်ရောင်လည်း မဟုတ်ချေ။

ထိုအရောင်က လောက၌ တစ်ခါမှ မပေါ်ဖူးသေးသော အရောင်ဖြစ်ပြီး အရာအားလုံးကို လွှမ်းခြုံနိုင်သည့် အပြင် ထိုအရောင်ကို ဖော်ပြရန် စကားလုံးပင် မရှိပေ။

"ဘယ်လိုခံစားနေရလဲ"

ဖန်ရှင်းက မသိစိတ်ကနေ နောက်သို့ ခြေတစ်လှမ်း ဆုတ်ပြီးနောက် အောင်းလီကို အလျင်စလို မေးမြန်းလိုက်၏။

"ငါ အင်မော်တယ် ဖြစ်သွားသလို ခံစားနေရတယ်.."

ထိုစကားကို ပြောနေစဉ် အောင်းလီ၏ မျက်လုံးမှ အရောင်များ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

"အင်မော်တယ်လား"

ဖန်ရှင်းက ထိုစကားကို ကြားလျှင် အံ့အားသင့်သွားသော်လည်း သဘောတရားကို ခဏမျှ နားမလည်ခဲ့ပေ။

အောင်းလီက သူ၏စကားကို သက်သေပြရန် မည်သည့်စကားလုံးများ သုံးရမည်ကို ရှင်းရှင်းလင်းလင်း တွေးတောနေလိုက်သည်။

အချိန် အတန်ကြာ တိတ်ဆိတ်နေပြီးမှ သူက

"မိုးကြိုးရေကန်ထဲမှာ ငါအိပ်ခဲ့တဲ့ အတွက် ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အင်မော်တယ်ဖြစ်ဖို့ ခြေလှမ်းတစ်ဝက်လောက်ပဲ လိုတော့တယ်.. ဒါပေမဲ့ ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်ပြီးနောက်မှာတော့ အင်မော်တယ် ဖြစ်ဖို့ စာရွက်ပါး တစ်ချက်စာလောက်ပဲ လိုတော့တယ်လို့ ငါထင်တယ်"

ဟု ဖန်ရှင်းကို ရှင်းပြလိုက်၏။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက သဘောပေါက်သွားပြီး အောင်းလီကို လေးနက်စွာ ကြည့်လိုက်သည်။

လက်ရှိအချိန်တွင် အောင်းလီက အင်မော်တယ် အင်မော်တယ် အဆင့်နှင့် အကန့်အသတ်မရှိ နီးစပ်နေပြီ ဖြစ်သည်။

ဆိုရလျှင် အောင်းလီက အင်မော်တယ်ဖြစ်ရန် သေချာနေပြီ ဖြစ်၏။

"ကောင်းပြီလေ.. ဒါဆို ငါ့အလှည့်ရောက်ပြီပေါ့"

ဖန်ရှင်းက အောင်းလီကို ပုခုံးပုတ်၍ ပြောလိုက်သည်။

လုကျန်းနှင့် အောင်းလီတို့ နှစ်ဦးလုံးက ဆိတ်ငြိမ်မြေဆီလွှာကို အောင်မြင်စွာ သန့်စင်ပြီး ကြီးကျယ်သော အောင်မြင်မှုကို ရရှိသွားကြသည်။

ယခု သူ့အလှည့်သို့ ရောက်လာပြီ ဖြစ်သည်။

လုကျန်းနှင့် အောင်းလီတို့က ဖန်ရှင်းအတွက် စိုးရိမ် ပူပန်နေကြသည်။

ဒါကိုလည်း အပြစ်မဆိုသာချေ။

ကျင့်ကြံခြင်းနှင့် ပတ်သက်လျှင် ကပ်ဘေး တတိယအဆင့်သာ ရှိသေးသည့် ဖန်ရှင်းက သူတို့ နှစ်ဦးထက် အဆများစွာ ပိုမို နိမ့်ကျနေသည် မဟုတ်ပါလား။

ထိုသို့ ကျင့်ကြံမှု အဆင့်နိမ့်ပါးသောကြောင့် ဆိတ်ငြိမ်မြေဆီလွှာကို အောင်မြင်စွာ သန့်စင်နိုင်လိမ့်မည်ဟု တစ်ထစ်ချ ပြောဆိုရန်

ခက်ခဲနေသည်။

ရှင်းလင်းစွာဆိုရလျှင် ဆိတ်ငြိမ်မြေဆီလွှာ သန့်စင်သည့် နည်းလမ်းကို ဖန်ရှင်းက အဆိုပြုခဲ့ခြင်း ဖြစ်သော်လည်း အန္တရာယ်နှင့် ပတ်သက်လျှင် သုံးယောက်ထဲ၌ သူက အန္တရာယ် အကြီးမားဆုံး ဖြစ်နေသည်။

"အကိုတော်ဖန်.. ငါအဘိုးကြီးက အကိုတော်ရဲ့ နည်းလမ်းကို နေ့ရောညပါ စဉ်းစားပြီး အဆင့်မြှင့်ထားပေးတယ်.. အကိုတော်ရဲ့ ကျင့်ကြံမှုက အားနည်းပေမဲ့ ဒီအဆင့်မြှင့်ထားတဲ့ နည်းလမ်းနဲ့ ဆိုရင်တော့ အဆင်ပြေမှာပါ"

စကားဆုံးသည်နှင့် လုကျန်းက သူအဆင့်မြှင့်ထားသည့် နည်းလမ်းကို ဖန်ရှင်း၏ စိတ်နှလုံးထဲသို့ ဝိညာဉ်အာရုံဖြင့် ပို့လွှတ်လိုက်သည်။

အောင်းလီ ကျင့်ကြံနေစဉ် အတွင်း လုကျန်းက ဖန်ရှင်း၏ ချီ.. သွေး.. ဝိညာဉ်စွမ်းအားတို့နှင့် ကျောက်တုံးတစ်တုံးတွင် ပါဝင်သော ဆိတ်ငြိမ်မြေဆီလွှာ ပမာဏကို အသေးစိတ် တွက်ချက်ကာ ဖန်ရှင်း၏ ခံနိုင်ရည်စွမ်းကို တွက်ချက်ခဲ့သည်။

"ကျောက်တုံး သုံးတုံးလား"

ဖန်ရှင်းက ခဏလောက် စဉ်းစားပြီးမှ လုကျန်းကို ကြည့်၍ ရေရွတ်လိုက်သည်။

"ဟုတ်တယ်.. ကျောက်တုံး သုံးတုံးပဲ.. အများဆုံးကတော့ လေးတုံးပေါ့.. ဒီလိုမှ မဟုတ်ရင် အကိုတော်ရဲ့ ကန့်သတ်ချက်ကို ကျော်လွန်သွားလိမ့်မယ်"

"အင်းပါ"

ဖန်ရှင်းက ခေါင်းညိတ်၍ ပြန်ဖြေလိုက်သည်။

သူ၏ ကျင့်ကြံမှုအဆင့်နှင့် ဆိုလျှင် ထိုမျှလောက်ကိုသာ သန့်စင်နိုင်မှန်း သူကောင်းစွာ သိထားခဲ့သည်။

"ငါ မင်းကို စောင့်ကြည့်နေမယ်"

အောင်းလီက ဖန်ရှင်းကို စိုးရိမ်သော လေသံဖြင့် ပြောလိုက်သည်။

"ကောင်းပြီ"

ဖန်ရှင်းက အောင်းလီ စိုးရိမ်နေသည်ကို နားလည်သဘောပေါက်၍ ပြုံးလိုက်ပြီး အောင်းလီ၏ ပုခုံးပေါ်သို့လက်တင်ကာ ရှေ့ကို လျှောက်သွား၍ တပုလ္လင်ခွေထိုင်လိုက်သည်။

တစ်ချိန်တည်းမှာပင် လုကျန်းက သူအတိအကျ တွက်ချက်ထားသည့် ကျောက်တုံး သုံးတုံးကို ဖန်ရှင်း၏ ပတ်ဝန်းကျင်တွင် အစီအရင်တစ်ခု ဖန်တီး၍ ထားလိုက်သည်။

ယခုအချိန်တွင် လုကျန်းက ကျောက်တုံးကို လက်ဗလာဖြင့်ပင်ကိုင်တွယ်ရဲနေပြီ ဖြစ်၏။

ဆိတ်ငြိမ်သောမြေကို သန့်စင်ခြင်း လုပ်ငန်းစဉ်က ပေါ့သေးသေး မဟုတ်ကြောင်း သူတို့အားလုံး နားလည်ထားကြသည်။

ထို့ကြောင့် လုကျန်းက ဖန်ရှင်းကို ကာကွယ်ရန်

အကောင်းဆုံးကြိုးစားခဲ့ခြင်း ဖြစ်သည်။

"ကဲ ငါစတော့မယ်"

ဖန်ရှင်းက ကြယ်ရောင်စုံ ကောင်းကင်ထက်တွင် တပုလ္လင်ခွေ၍ ထိုင်နေရင်းမှ လုကျန်းတို့ကို အသိပေးလိုက်သည်။

သူ့စကားကို ကြားလျှင် လုကျန်းနှင့် အောင်းလီတို့ နှစ်ဦးလုံးက နောက်ဆုတ်သွားကြသည်။

"ယင်ယန်နည်းစနစ်.. ကောင်းကင်နဲ့ မြေကြီးက အကန့်အသတ်မရှိဘူး.. "

ဖန်ရှင်းက မျက်လုံးကို ဖြည်းညင်းစွာ မှိတ်လိုက်ပြီး လက်နှစ်ဖက်ကို စက်ဝိုင်းသဏ္ဍာန် အပေါ်အောက် တစ်လှည့်စီ ဝှေ့ရမ်းလိုက်သည်။

သူက ထိုနည်းစနစ်ကို အကြိမ်တစ်ရာလောက် အသုံးပြုခဲ့ဖူးသူဖြစ်သောကြောင့် လုကျန်းနှင့် အောင်းလီထက် ပို အကျွမ်းတဝင်ဖြစ်နေသည်။

ဖန်ရှင်းက ကျောက်တုံး သုံးတုံးရှိ ဆိတ်ငြိမ်မြေဆီလွှာကို ခန္ဓာကိုယ်ထဲသို့ ဖြည်းညှင်းစွာ သယ်ဆောင်ကာ သမာဓိမီးဖြင့် သန့်စင်ရန် ကြိုးစားလိုက်၏။

"တော်သေးတယ်.. အကိုတော်ဖန်က ငါတို့နှစ်ယောက်ထက် ဒီနည်းလမ်းနဲ့ အကျွမ်းတဝင် ရှိနေတယ်.. နောက်ပြီး သူ့ရဲ့ ခံနိုင်ရည်စွမ်းကို ငါတွက်ချက် ပေးထားတော့ ကျောက်တုံး သုံးတုံးလောက်က သူ့ကို အန္တရာယ် ဖြစ်စေမယ်လို့ ငါမထင်ဘူး"

ဖန်ရှင်း၏ အသွင်အပြင်ကို မြင်ရလျှင် လုကျန်းက အနည်းငယ် စိတ်သက်သာရာရပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အင်း.."

အောင်းလီက လုကျန်းနှင့် စကားပြောချင်စိတ် မရှိ၍ ခပ်ပြတ်ပြတ်သာ ပြန်ဖြေလိုက်သည်။

အချိန်အတော်ကြာပြီးမှ

"ဘာမှမဖြစ်ဘူးလို့ မျှော်လင့်ရတာပဲ"

ဟု လုကျန်းကို ဝတ္တရားကျေ ပြောလိုက်သည်။

"ဟားဟား..အရာရာက ငါတို့ ထိန်းချုပ်မှုအောက်မှာပဲ..
အကိုတော်ဖန်က အန္တရာယ်ကင်းမှာပါ"

လုကျန်းက ပြုံး၍ ပြောလိုက်သော်လည်း စကားမဆုံးခင်မှာပင်
မျက်နှာအမူအရာက ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။

အကြောင်းရင်းမှာ ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်နေသော
ဖန်ရှင်းကြောင့်ပင်။

ဆိတ်ငြိမ်မြေဆီလွှာက ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်နှင့် အမျှ
သူ၏ ခန္ဓာကိုယ်အတွင်းရှိ သမာဓိမီးအစစ်က ပို၍ပြင်းထန်လာသည်။

မမျှော်လင့်ဘဲ တစ်ချိန်တည်းမှာပင် ကြယ်ရောင်စုံ ကောင်းကင်၌
ကြီးမားသော မီးတောက် တစ်ခု ဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်တွင်

ထူးဆန်းသော အော်ရာ တစ်ခုက ရုတ်တရက် ထွက်ပေါ်လာသည်။

ယင်းနောက်တွင် ကြယ်စီးကြောင်းထဲမှ မရေမတွက်နိုင်သော ကျောက်တုံးများက ဖန်ရှင်း ဆီသို့ ပြေးဝင်သွားကြသည်။

"ဒါ.. ဒါက ဘယ်လိုဖြစ်တာလဲ"

အောင်းလီနှင့် လုကျန်းက ထိတ်လန့် တုန်လှုပ်စွာဖြင့် ရေရွတ်လိုက်ပြီး ၎င်းတို့၏ ဝိညာဉ်များ ဆုံးရှုံးသွားသကဲ့သို့ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ မျက်နှာ အမူအရာများက ပြောင်းလဲသွားကြသည်။

အပိုင်း(၁၂၈၃) ပြီး၏

အပိုင်း(၁၂၈၄) ကမ္ဘာတစ်ခုမွေးဖွားခြင်း

မူလက လုကျန်း သေသေချာချာ တွက်ချက်ထားသည့် ရလဒ်မှာ ကျောက်တုံး သုံးတုံးသာ ဖြစ်သည်။

မတော်တဆမှုများကို တားဆီးရန် အတွက် ကြီးမားသော အစီအရင် တစ်ခုကိုပင် လုကျန်းက ဖန်တီးပေးခဲ့သည်။

သို့သော် သန့်စင်မှုအစမှာပင် ဤကဲ့သို့ ထိန်းမနိုင် သိမ်းမရ အခြေအနေ တစ်ခု ပေါ်ထွက်လာမည်ဟု မည်သူမှ မထင်မှတ်ထားခဲ့ပေ။

မမြင်နိုင်သည့် ဆွဲငင်အားတစ်ခုက ကျောက်တုံး မည်မျှကို ဆွဲဆောင်နိုင်မှန်းပင် ခန့်မှန်း၍ မရချေ။

ဖန်ရှင်းထံ လာနေသည့် ကျောက်တုံး အရေအတွက်က ဆယ်ဂဏန်းမကတော့ဘဲ ရာနှင့်ပင် ချီလာသည်။

ထို့အပြင် အဝေးကနေ ရောက်လာသည့် ကျောက်တုံးများလည်း ရှိသေးသည်။

အဆုံးသတ်တွင် ကျောက်တုံးများက အုံလိုက်ကျင်းလိုက် ဖန်ရှင်းထံ ပြေးဝင်သွားကြသည်။

ယခုအချိန်တွင် ဖန်ရှင်း၏ ပတ်ဝန်းကျင်၌ ကျောက်တုံးများ လွှမ်းခြုံနေသဖြင့် ဖန်ရှင်း မည်သည့် နေရာတွင် ရှိနေသည်ကိုပင် မမြင်ရတော့ပေ။

အသေအချာ မသိလျှင် ကျောက်တုံး အစုအဝေးက ဖန်ရှင်းကိုမြုပ်နှံထားသည့် သင်္ချိုင်းဂူတစ်ခုလို ဖြစ်နေသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ "

လုကျန်းနှင့် အောင်းလီက တစ်ချိန်တည်းမှာပင် ထိတ်လန့်တုန်လှုပ်သွားပြီး ဖန်ရှင်းကို ကယ်ဆယ်ရန် ပျံသန်းလိုက်သော်လည်း ဖန်ရှင်း၏ အနီးသို့ မရောက်နိုင်ခဲ့ပေ။

အကြောင်းရင်းမှာ ကျောက်တုံးများက ဖန်ရှင်းကို ကျစ်ကျစ်လစ်လစ် လွှမ်းခြုံထားသောကြောင့် ဖြစ်သည်။

ထို့အပြင် ကျောက်တုံးများက အဆက်မပြတ် ပျံသန်းလာနေသောကြောင့် လုကျန်းက အထိတ်တလန့် ဖြစ်သွားသည်။

"အခြေအနေ မကောင်းဘူး.. နောက်ဆုတ်ရအောင်"

လုကျန်း၏ ကူကယ်ရာမဲ့သော စကားကို ကြားသည်နှင့် အောင်းလီက ခပ်သွက်သွက်ပင် နောက်ဆုတ်လိုက်သည်။

အံ့သြစရာဖြစ်ရပ်လား.. ဝမ်းနည်းစရာ ဖြစ်ရပ်လား အသေအချာ မသိသေးသော်လည်း သူတို့ရှေ့မှ မြင်ကွင်းက စိတ်ကူးထားတာထက်ပင် ပိုနေသည်။

"ဒါဘယ်လိုဖြစ်တာလဲ.. ငါလုံးဝ နားမလည်တော့ဘူး"

ကပ်ဘေးတတိယအဆင့် ကျင့်ကြံသူက ဤမျှ များပြားသည့်မြေဆီလွှာများကို မည်ကဲ့သို့ သန့်စင်နိုင်မည်နည်း။

ယင်းအချိန်မှာပင် ကြယ်ရောင်စုံသော ကောင်းကင်၌ ပုံရိပ်များ ပေါ်ပေါက်လာသည်။

လုကျန်း မြေဆီလွှာကို သန့်စင်သော အချိန်တွင် ဆယ်ပေခန့်

ပတ်လည်၌ သမာဓိမီးများ လွှမ်းခြုံနေခဲ့သည်။

အောင်းလီ အလှည့်၌လည်း ပေတစ်ရာနီးပါး ကျယ်ဝန်းသောမိုးကြိုးပင်လယ်ကြီးကို ထင်ရှားစွာ တွေ့ရသည်။

ယခု ဖန်ရှင်း၏ အလှည့်တွင်မူ ပတ်ဝန်းကျင်၌ ကမ္ဘာကြီး၏ အစိတ်အပိုင်းနှင့် ဆင်တူသည့် ပုံရိပ်များ ဖြစ်ပေါ်လာသည်။

ထိုပုံရိပ်ထဲတွင် တောင်တန်းများ.. ပင်လယ်များ.. မြစ်များနှင့် သတ္တဝါတချို့ပင် ပါဝင်နေသည်။

ဤပုံရိပ်ယောင် အတိုင်းအတာက အလွန်ပင် ကျယ်ဝန်းပြီးတွက်ချက်ဖို့ပင် မလွယ်ကူပေ။

"အဲ့ဒီတောင်က ဘာလို့ ဖုန်းချန်းတောင်နဲ့ တူနေတာလဲ

လုကျန်းက ပုံရိပ်ယောင် တောင်ကြီးတစ်ခုကို တအံ့တသြ လှမ်းကြည့်၍ ရေရွတ်လိုက်သည်။

"ဒီပင်လယ်က တကယ်ကို ရင်းနှီးနေသလိုပဲ.. အာ.. ဒါက ငါ့ရဲ့ ဇာတိမြေဖြစ်တဲ့ အဇူရာပင်လယ်ပြင် မဟုတ်လား"

အောင်းလီက မျက်မှောင်ကြုတ်၍ ကြည့်ကာ ရေရွတ်လိုက်သည်။

"ဘာတွေ မှားနေတာလဲ"

ဖန်ရှင်းလို ကျင့်ကြံမှု အဆင့်နိမ့်သူ အလှည့်ရောက်မှ ဤကဲ့သို့ထူးခြား ဖြစ်စဥ်များ အဘယ်ကြောင့် ဖြစ်လာရသနည်း။

အစစ်အမှန် အင်မော်တယ်ပင် ဤမျှ များပြားသော ကျောက်တုံး အရေအတွက်ကို ကိုင်တွယ်ဖို့ မလွယ်ကူပေ။

သို့ဆိုလျှင် ဖန်ရှင်း၏ နောက်ခံက နက်နဲလွန်း၍ စိတ်ကူးပင် မယဉ်နိုင်လောက်အောင် ဖြစ်နေသလော သို့မဟုတ် အရာအားလုံးကို ထိန်းမနိုင်သိမ်းမရ ဖြစ်နေသလော။

...

...

"ဒါက ဘယ်လိုဖြစ်တာလဲ"

ယင်းအချိန်တွင် ဖန်ရှင်းက သူ့ပတ်ဝန်းကျင်ရှိ ကျောက်တုံးများကို ကြည့်ကာ တအံ့တသြ ဖြစ်နေသည်။

ဆိတ်ငြိမ် မြေဆီလွှာကို သန့်စင်သောအခါတွင် ထိုကဲ့သို့ မြင်ကွင်းမျိုး ရုတ်တရက် ပေါ်ပေါက်လာလိမ့်မည်ဟု သူဘယ်တုန်းကမှ စိတ်မကူးမိခဲ့ချေ။

ဆိတ်ငြိမ်မြေဆီလွှာကို သူ့ခန္ဓာကိုယ်ထဲသို့ ပထမဆုံး ထည့်သွင်းလိုက်သော အချိန်တွင် အရာအားလုံးက ပုံမှန်ဖြစ်နေခဲ့သည်။

လုကျန်း၏ ထင်မြင်ယူဆချက်က အလွန်ပင် တိကျသည်ဟု ဆိုရမည်။

သူ၏ လက်ရှိ ကျင့်ကြံမှု အဆင့်က ကျောက်တုံး သုံးတုံးထက်ပို၍ မသန့်စင်နိုင်ချေ။

သို့ရာတွင် လက်ရှိ အခြေအနေအရ ဖန်ရှင်း၏ သန့်စင်ခြင်းလုပ်ငန်းစဥ်တွင် ပြဿနာ တစ်ခု ရှိနေသည်မှာ သေချာနေ၏။

ဖန်ရှင်းက စတင် သန့်စင်သည်နှင့် အသိစိတ် ပင်လယ်ထဲတွင် ထိုင်နေခဲ့သည်။

တခြားသူများ၏ အသိစိတ်ပင်လယ်က သာမန်သာ ဖြစ်သော်လည်း ဖန်ရှင်း၏ အသိစိတ်ပင်လယ်ကမူ အသိစိတ်လောကကြီး(ဝါ) အတုအယောင် လောကကြီးဟု ညွှန်းဆိုနိုင်ပေသည်။

ခေါင်းတလားမှ ရရှိသည့် တာအို ကျမ်းစာများကို ကျင့်ကြံပြီးနောက် သူ၏ ကျင့်ကြံမှု လမ်းကြောင်းက အခြားသော ကျင့်ကြံသူများနှင့် တဖြည်းဖြည်း ကွဲပြား ခြားနား လာခဲ့သည်။

အပေါ်ယံ ခြားနားချက်ကို ရှာဖွေရန် ခက်ခဲသော်လည်း
အတွင်းပိုင်းတွင်မူ အလွန် ကွဲပြားသည်ဟု ဆိုနိုင်သည်။

ဥပမာပြောရလျှင် ကနဦးတွင် သူ၏ အသိစိတ် ပင်လယ်က
ပုံရိပ်ယောင်နှင့် အစစ်အမှန်ကြားရှိ လွတ်လပ်သောကမ္ဘာဟု
ခေါ်ဆိုနိုင်ပြီး တောင်တန်းများ.. မြစ်များ.. ပင်လယ်များအပြင်
မရေမတွက်နိုင်သော သားရဲများနှင့် မိစ္ဆာတချို့ပင် ရှိနေသည်။

ယင်းက ပုံရိပ်ယောင်နှင့် လက်တွေ့ကမ္ဘာကြားရှိ ကမ္ဘာတစ်ခုသာ
ဖြစ်သော်လည်း အတိုင်းအတာ တစ်ခုအထိ လက်တွေ့ကမ္ဘာနှင့်
ဆင်တူသည်ဟု ဆိုနိုင်သည်။

ဖန်ရှင်းက သူ၏ အသိစိတ်ကမ္ဘာ ထဲတွင် ထိုင်နေရင်း
ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်နေသော အချိန်တွင် အသိစိတ်ကမ္ဘာ၏
မြေကြီးက တုန်လှုပ်သွားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

ဆိတ်ငြိမ်မြေဆီလွှာ သန့်စင်မှုနှင့် အတူ တာအို၏ အရင်းအမြစ်က
သဘာဝအတိုင်း ပေါ်ထွန်းလာခဲ့သည်။

ဤအသိစိတ်ကမ္ဘာ၏ ပြောင်းလဲမှုက မဟာ ပထဝီမြေကြီးကိုပင်

တုန်လှုပ်စေသော အပြောင်းအလဲ ဖြစ်သည်။

ဆိတ်ငြိမ်မြေဆီလွှာများကို သန့်စင်ပြီးနောက် အသိစိတ်ကမ္ဘာ၏ ဖြစ်တည်မှုက စိတ်ကူးယဉ် တည်ရှိမှုကနေ တဖြည်းဖြည်း အမှန်တကယ် ဖြစ်လာသည်။

မူလက အတုအယောင်ကမ္ဘာ တစ်ခုသာ ဖြစ်သော်လည်း ယခုအခိုက်အတန့်မှာပင် လက်တွေ့ကမ္ဘာ အဖြစ်သို့ ပြောင်းလဲသွားပုံရသည်။

ဆိုရလျှင် ထိုဆိတ်ငြိမ်မြေဆီလွှာက ဖန်ရှင်း၏ အသိစိတ်ကမ္ဘာကို လက်တွေ့ကမ္ဘာ အဖြစ်သို့ ပြောင်းလဲစေခဲ့သည်။

ဒါက အရမ်း တုန်လှုပ်ဖို့ကောင်းသည့် ပြောင်းလဲမှုတစ်ခုပင်။

ဖန်ရှင်းက ထိုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု တစ်ခါမှ မတွေးထားသဖြင့် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ယင်းကဲ့သို့ တုန်လှုပ် ချောက်ခြားမှုအောက်တွင်

ဖန်ရှင်းကတစ်စုံတစ်ရာကို ခပ်ရေးရေးမျှ ခန့်မှန်းနိုင်ခဲ့၏။

အသိစိတ်ကမ္ဘာ၏ ကောင်းကင်နှင့်မြေကြီး ပိုင်းခြားမှုတွင် ယင်နှင့်ယန် ချီနှစ်ခု ရှိနေသည်။

၎င်းတို့မှာ သူ၏ဝိညာဉ်ချီနှင့် ဆိတ်ငြိမ် မြေဆီလွှာတို့မှ ထူးခြားစွာ မွေးဖွားလာခြင်း ဖြစ်သည်။

ရိုးရှင်းစွာ ပြောရလျှင် ဤယင်နှင့်ယန် အစွန်းနှစ်ဖက် ပေါ်ပေါက်လာမှုက မရည်ရွယ်ဘဲ မမျှော်လင့်ထားသည့်အခြေအနေ တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

"ဒါက ကမ္ဘာတစ်ခုရဲ့မွေးဖွားခြင်းပဲ.. အစစ်အမှန်ကမ္ဘာ"

ယခုအချိန်တွင် ဖန်ရှင်း၏ အသိစိတ်ကမ္ဘာထဲရှိ အရာအားလုံးက အတုအယောင် ဖြစ်တည်မှုတွေကို ချိုးဖျက်စ ပြုနေပြီ ဖြစ်သည်။

ဤဖြစ်စဉ်မျိုးကို ဖန်ဆင်းခြင်း၏ လျှို့ဝှက်ဆန်းကြယ်သောဖြစ်ရပ် တစ်ခုဟုသာ ဖော်ပြနိုင်ပေသည်။

ကျယ်ပြောလှသော အသိစိတ်ကမ္ဘာနှင့် ယှဉ်လျှင် ဆိတ်ငြိမ်မြေဆီလွှာ ပမာဏက သိသိသာသာ နည်းပါးလွန်းနေသည်။

မည်သို့ပင်ဖြစ်စေ လက်တွေ့ကမ္ဘာအဖြစ် ပြောင်းလဲသွားသည်နှင့် ကိုယ်ပိုင် စည်းမျဉ်း ဥပဒေသများ စတင် ဖြစ်ပေါ်လာသည်။

ဖန်ရှင်း၏ ခန္ဓာကိုယ်က ရုတ်တရက် တွင်းနက်ကြီး အဖြစ်သို့ ပြောင်းလဲသွားသည် သာမက လက်တွေ့ကမ္ဘာမှ တံခါးပေါက် တစ်ခု အဖြစ်သို့ပါ ပြောင်းလဲသွားခဲ့သည်။

အောင်းလီနှင့် လုကျန်းတို့၏ မျက်လုံးထဲတွင် ထိုမြင်ကွင်းက အလွန် ကြောက်စရာ ကောင်းနေမည်မှာ သေချာနေသည်။

လူတစ်ဦးက ဤမျှလောက် များပြားသော ဆိတ်ငြိမ်မြေဆီလွှာများကို မည်ကဲ့သို့ သန့်စင်နိုင်မည်နည်း။

ထို့ကြောင့် ဖန်ရှင်းက သန့်စင်ခြင်း လုပ်ငန်းစဉ်ကို မလုပ်ဆောင်နိုင်တော့ဟု ၎င်းတို့က ထင်မှတ်ခဲ့ကြသည်။

တကယ်တမ်းတွင် ဖန်ရှင်းက လက်တွေ့ကမ္ဘာကို ဖြည့်ဆည်းရန် မြေဆီလွှာများကို အသုံးပြုနေခဲ့ခြင်း ဖြစ်သည်။

အဖြူရောင် ကျောက်တုံးများက ငြိမ်သက်နေသော ရေကန်ထဲသို့ ပြုတ်ကျသွားသလိုပင်.. ကျောက်တုံးများက တစ်တုံးချင်းရော အစုအပြုံလိုက်ပါ ဖန်ရှင်း၏ အသိစိတ်ကမ္ဘာထဲသို့ စိမ့်ဝင်သွားကြသည်။

ကျောက်တုံး အပိုင်းအစများက ဦးတည်ရာတစ်ခုထဲ ဆီသို့ တစ်ဟုန်ထိုး ပြေးသွားပြီးနောက် ကြယ်ရောင်စုံ ကောင်းကင်တွင် လေဟာနယ်ကြီးသာ ကျန်ရှိခဲ့သည်။

အဝေးကကြည့်လျှင် ဤကြယ်ရောင်စုံသော ကောင်းကင်၌ ကြောက်စရာကောင်းသော သားရဲတစ်ကောင် ထွက်ပေါ်လာပြီး ကျောက်တုံးများကို စားသောက်နေသည်ဟုပင် ထင်ရ၏။

အပိုင်း(၁၂၈၄) ပြီး၏

အပိုင်း(၁၂၈၅) ထူးဆန်းသောရဲတိုက်

"အို ဘုရားသခင်.. ငါ့ရဲ့ အသိစိတ်ကမ္ဘာကြီးက တကယ်ပဲ ဒီဆိတ်ငြိမ် မြေဆီလွှာ အားလုံးကို ဝါးမျိုသွားမှာလား"

ရေဝဲဗဟိုတွင် ရှိနေသည့် ဖန်ရှင်းက ထူးဆန်းသော ပြောင်းလဲမှုများကြောင့် တုန်လှုပ်သွားခဲ့သည်။

ယခုအချိန်တွင် သူက စကားမပြောနိုင်ဘဲ သူ၏ ဝိညာဉ်အာရုံကို ထုတ်လွှင့်နေရုံသာ တတ်နိုင်ခဲ့ပြီး အပြောင်းအလဲကို သဘောပေါက်သွားသလို ခံစားလိုက်ရသည်။

ဖန်ရှင်း၏ အပြောင်းအလဲကို သတိပြုမိသော လုကျန်းနှင့် အောင်းလီတို့ကမူ ငိုချင်စိတ်ပင် ပေါက်လာသည်။

မိစ္ဆာလေး၏ ခန္ဓာကိုယ်က သေးငယ်သော်လည်း ကြီးမားသော တွင်းနက်ကြီးတစ်ခု ရှိနေပုံရသည်။

သို့ရာတွင် မိစ္ဆာလေးက သမုဒ္ဒရာ တစ်ခုလုံးကို အမှန်တကယ်

မျိုချနိုင်ပါသလော။

စစ်စစ်အားဖြင့် ထိုမေးခွန်းက ကြောက်စရာကောင်းပြီး ကျိုးကြောင်း ဆီလျော်မှု မရှိပေ။

"အကိုတော်ဖန် ဘာတွေဖြစ်နေလည်း ဆိုတာ ငါတကယ် ဉာဏ်မမီတော့ဘူး"

လုကျန်းက အချိန်အတော်ကြာအောင် မှင်တက်နေပြီးမှ သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

"အကိုတော်ဖန်က အံ့သြဘနန်း ဖြစ်ရပ်ကို ဖန်တီးနေတာပဲ"

"ဟမ့်.. ဘာအံ့သြစရာ ဖြစ်ရပ်လဲ.. ဒါက ဓားပြတိုက်နေတာပဲ"

လုကျန်း၏ စကားကို ကြားလျှင် အောင်းလီက အချိန်အတော်ကြာ အောင့်အီးထားခဲ့ရသည့် သူ၏ဒေါသကို နောက်ဆုံးတွင် ဖွင့်ချလိုက်သည်။

အောင်းလီ၏ ဒေါသတကြီး အော်ဟစ်သံကြောင့် လုကျန်းကခဏမျှ မှင်တက်နေပြီးမှ ရုတ်တရက် ရယ်မောလိုက်သည်။

ဤအချိန်တွင် အောင်းလီ၏ ရင်ထဲမှ ခံစားချက်ကို သူအမှန်တကယ် နားလည် ကိုယ်ချင်းစာမိသည်။

အောင်းလီက နဂါးအစစ်အမှန် ဖြစ်သော်လည်း နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းတွင် ဆိတ်ငြိမ် မြေဆီလွှာ မည်မျှ ရှိနေလည်း မသိချေ။

ဆိတ်ငြိမ် မြေဆီလွှာ၏ သဘောတရားကို နားမလည်မီက ဤဆိတ်ငြိမ် မြေဆီလွှာသည် ရှေးဟောင်းလမ်းကို ဖြတ်ကျော်သူများအတွက် ကပ်ဘေးတစ်ခု ဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် ဖန်ရှင်း၏ ရှင်းပြမှုကြောင့် ဤကပ်ဘေးကြီးက ကံကောင်းခြင်း အသိုက်အမြုံ အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

မည်သို့ပင်ဖြစ်စေ ဤဆိတ်ငြိမ် မြေဆီလွှာက နဂါးမျိုးနွယ်စု၏

သဘာဝလွန် စွမ်းရည်များကို နှိုးဆွနိုင်ကြောင်း အောင်းလီက တွေ့ရှိသွားပြီ ဖြစ်သည်။

ထို့ကြောင့် ဤမြေဆီလွှာက နဂါးမျိုးနွယ်စု အတွက် မည်မျှ အရေးကြီးသည်ကို သိရှိသွားခဲ့၏။

ဆိုရလျှင် ၎င်းမြေဆီလွှာက နဂါးမျိုးနွယ်စုကို နောက်တစ်ဆင့်သို့ ပို့ဆောင်ပေးနိုင်သည့် ရှားပါး အရင်းအမြစ် တစ်ခုလည်း ဖြစ်သည်။

နဂါးမျိုးနွယ်စု၏ ဘိုးဘေးတွေက ဤကဲ့သို့ အားကောင်းသောအရင်းအမြစ်များကို ကြယ်ရောင်စုံ ကောင်းကင်တွင် စုပုံထားလိမ့်မည်ဟု အောင်းလီက တကယ် မသိခဲ့ချေ။

ယခု အခြေအနေက အောင်းလီကို တကယ်ပင် စိတ်ဓာတ်ကျစေသည်။

အဘယ်ကြောင့် ဆိုသော် ဖန်ရှင်းက နဂါးမျိုးနွယ်စု၏ အရင်းအမြစ် အားလုံးကို လုံးဝ သိမ်းယူနေသောကြောင့်ပင်။

မူလက ဖန်ရှင်း အတွက် စိုးရိမ်နေခဲ့သော အောင်းလီမှာ အချိန်ကြာလာသည်နှင့် အမျှ ဖန်ရှင်း၏ စွမ်းဆောင်မှုကို တုန်လှုပ်လာခဲ့သည်။

ဖန်ရှင်း၏ ကျင့်ကြံမှုဖြစ်စဉ်က လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်မက်ဖွယ် ကောင်းကြောင်း သူမြင်တွေ့ခဲ့ရသည်။

အောင်းလီက ကြယ်ပင်လယ်ထဲရှိ မြေဆီလွှာ အားလုံးကို ဝါးမျိုနေသော ဖန်ရှင်းအား မြင်လျှင် ဖန်ရှင်းအပေါ် စိုးရိမ်မှုများတဖြည်းဖြည်း လျော့နည်းလာပြီး နဂါးမျိုးနွယ်စု၏ အရင်းအမြစ် အတွက် စိတ်ပျက် ဝမ်းနည်းနေခဲ့သည်။

သူ၏ကိုယ်ပိုင် ကြီးကျယ် ခမ်းနားသော အရင်းအမြစ်ကို မိစ္ဆာလေးက တစ်ပြားမှ မကုန်ကျဘဲ သိမ်းယူသွားသည် မဟုတ်ပါလား။

သို့ရာတွင် မည်မျှပင် အရင်းအမြစ်အတွက် စိတ်ပျက်ဝမ်းနည်းနေပါစေ.. ဖန်ရှင်းကို ပေါ့ပေါ့ဆဆ မတားမြစ်ရဲချေ။

အဆုံးမရှိသော ဆိတ်ငြိမ်မြေဆီလွှာကို အသိစိတ်ကမ္ဘာထဲသို့ ထည့်သွင်းလိုက်သည်နှင့် အမျှ ပြောင်းလဲမှု အားလုံးက သဘာဝအတိုင်း ဖြစ်ပေါ်လာသည်။

သူ၏ အသိစိတ်ကမ္ဘာက လက်တွေ့ကမ္ဘာ အဖြစ်သို့ ပြောင်းလဲသွားပြီး ကိုယ်ပိုင် စည်းမျဥ်း ဥပဒေသများပင် ပေါ်ပေါက်လာသည်။

ထိုဖြစ်စဥ်အတွင်း အသိစိတ်ကမ္ဘာတွင် အချိန်နှင့် အာကာသများပင် ဖြစ်ပေါ်လာသည်။

ဖန်ရှင်းက အချိန်နှင့် အာကာသ သဘောတရားကိုပင် ဂရုမစိုက်အားဘဲ စောင့်ကြည့်ရုံသာ တတ်နိုင်ခဲ့သည်။

သူ၏ အသိစိတ်ကမ္ဘာ၌ မြေငလျှင်များ ဖြစ်ပေါ်လာသောအခါ အသိစိတ်ကမ္ဘာထဲရှိ လျှို့ဝှက်ဆန်းကြယ်သော မြူခိုးများ ရှိရာ အရပ်တွင် တစ်စုံတစ်ဦးက သက်ပြင်းချလိုက်သည်။

"တာအိုရဲ့ သဘောတရားကို ဖမ်းဆုပ်မိသွားတာလား"

မြူခိုးများရှိရာ အရပ်ထဲရှိ လူတချို့က တအံ့တသြ ရေရွတ်လိုက်ကြသည်။

"သူ့ရဲ့တာအိုက မပြည့်စုံသေးဘူး.. တာအို နှလုံးသားကိုလည်း မဖော်ထုတ်ရသေးဘူး.. ဘယ်လိုလုပ် တာအို သဘောတရားကို ဖမ်းဆုပ်မိမှာလဲ"

"ဟားဟား.. ဒါက တိုက်ဆိုင်မှု တစ်ခုလို့ ငါထင်တယ်"

တစ်စုံတစ်ယောက်က ရယ်မော၍ ပြောလိုက်သည်။

"ဒီကမ္ဘာမှာ တိုက်ဆိုင်မှု ဆိုတာ မရှိဘူး.. အားလုံးက ကံစီမံရာ အစီအစဉ် တကျ ဖြစ်လာတာပဲ"

သဘောထားကွဲလွဲသူ အချို့ ရှိနေသော်လည်း တစ်စုံတစ်ယောက်က ပြတ်သားစွာ ပြောလိုက်သည်။

"ဟားဟား.. အရာအားလုံးက မင်းပြောတဲ့အတိုင်း ကောင်းကင်က ဆုံးဖြတ်ပြီးသား ဆိုရင် ငါကတော့ ဆက်အိပ်လိုက်ဦးမယ်"

ထိုလူ၏ စကားအဆုံးတွင် အားလုံးက တိတ်ဆိတ်သွားခဲ့သည်။

အချိန်အတော်ကြာမှ သူတို့ထဲမှ တစ်ယောက်က

"မင်းပြောတာ မှန်တယ်.. ဆက်ခံသူကို ရှာဖို့အတွက်သာ မဟုတ်ရင် ဒီနေရာမှာ ဆက်အိပ်နေတာ အကောင်းဆုံးပဲ"

"ရိုးရိုးသားသား ပြောရရင် ထိုက်ရှန်းတာအိုရဲ့ ရွေးချယ်မှုကို ငါသိပ်သဘောကျတာ မဟုတ်ဘူး"

"ငါလည်း အတူတူပဲ"

"ဒီစကားကို ငါလည်း ထောက်ခံတယ်"

"......."

"......."

ထိုလူစုထဲမှလူများက တစ်ယောက်ပြီး တစ်ယောက် ထိုက်ရှန်းတာအို၏ ရွေးချယ်မှုကို သဘောမကျကြောင်း ဖော်ပြခဲ့ကြသည်။

ယင်းအချိန်တွင် တစ်ယောက်က ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"ထိုက်ရှန်းတာအိုက အင်မော်တယ် ဆယ်ပါးက သူတို့ရဲ့အမွေအနှစ်ကို ချန်ထားခဲ့ကြတယ်.. အမွေအနှစ် တစ်ခုကိုရွေးချယ်ဖို့ အတွက် ထိုက်ရှန်းတာအိုရဲ့ စံနှုန်းတွေက အရမ်းတင်းကျပ်တယ် ဆိုပေမဲ့ ဒီကလေးရဲ့ လှည့်စားတာကို ခံခဲ့ရမယ်လို့ ဘယ်သူက ခန့်မှန်းမိမှာလဲ.. ဒီကလေးက ထိုက်ရှန်းအင်မော်တယ်တွေရဲ့ ကြီးကျယ် ခမ်းနားတဲ့ အစီအစဥ်ကို ဖျက်ဆီးဖို့ ရောက်လာတယ်လို့တောင် ငါထင်ခဲ့မိတယ်.. "

"ဘာပဲဖြစ်ဖြစ် အခုချိန်မှာ သူက ထိုက်ရှန်းရဲ့ ပါရမီရှင်ပဲ"

"အကိုတော်ထျန်းမိုက ဒီကလေးအပေါ် အကောင်းမြင်နေတာလား"

တစ်စုံတစ်ယောက်က မေးခွန်းထုတ်လိုက်သည်။

"တကယ်တော့ ဒီကလေးမှာ အဆင်မပြေတာတွေ အများကြီး ရှိပေမဲ့ သူလုပ်ခဲ့တာက ငါတို့ မျှော်လင့်ထားတာထက်ကို တကယ် ကျော်လွန်သွားခဲ့ပြီ"

"ဒါဆိုလည်း ငါတို့ သိမ်းထားသမျှ အရာအားလုံးကို သူနဲ့အတူ မထားခဲ့ရမှာလဲ"

"မင်းတို့ ဆီမှာ ရှိသမျှ သူ့ကို ပေးလို့ရတယ်.. ငါတို့ဆီမှာ ချန်ထားမဲ့ အသေးအဖွဲလေးတွေကိုတော့ သူ မကပ်တွက်လောက်ဘူးလို့ မျှော်လင့်ပါတယ်"

သဘောထား ကွဲလွဲမှုများ ရှိခဲ့သော်လည်း အသိစိတ်ကမ္ဘာက အတုအယောင်မှ အစစ်အမှန်သို့ ပြောင်းလဲသွားသောကြောင့် ခိုင်မာသော ဆုံးဖြတ်ချက် တစ်ခု ဖြစ်လာခဲ့သည်။

ဖန်ရှင်းက မြူခိုးများ ရှိရာအရပ်မှ ထူးဆန်းသော ပုဂ္ဂိုလ်များ၏ အတွေးအမြင် ဖလှယ်ခြင်းများကို မသိရှိခဲ့ပေ။

သူက အသိစိတ်ကမ္ဘာထဲရှိ ကောင်းကင်နှင့် မြေကြီးကို တိတ်တဆိတ် ကြည့်ရင်း ပုံရိပ်ယောင်ကနေ တကယ့်အစစ်အမှန် အသွင်ပြောင်းခြင်း၏ လျှို့ဝှက်ဆန်းကြယ်မှုကို နားလည် သဘောပေါက်ခဲ့သည်။

အစစ်အမှန် ကမ္ဘာကြီး၏ အဆုံးသတ် အဝေး တစ်နေရာတွင် ထူးဆန်းသော ရဲတိုက်ကြီးတစ်ခု ပေါ်ပေါက်နေသည်။

အံ့ဩစရာမှာ ဖန်ရှင်းက အစစ်အမှန် ကမ္ဘာထဲရှိ အရာအားလုံးကို ထိန်းချုပ် ထားနိုင်သော်လည်း ထူးဆန်းသော မျှော်စင်နှင့်ပတ်သက်၍မူ ဘာမှမသိချေ။

"ဒီလို ထူးဆန်းတဲ့ ရဲတိုက်က ငါ့ခန္ဓာကိုယ်ထဲကို ဘယ်တုန်းက ရောက်လာတာလဲ"

ဖန်ရှင်းက သံသယအပြည့်ဖြင့် ရဲတိုက်ကို အကဲခတ်ရင်းအချိန် အတော်ကြာမှ တစ်စုံတစ်ရာကို ရုတ်တရက် သဘောပေါက်သွားခဲ့သည်။

"ဒီရဲတိုက်က မြူခိုးထဲက လူယုတ်မာတွေ ငါ့ကို ပေးတာများလား"

အပိုင်း(၁၂၈၅) ပြီး၏

အပိုင်း(၁၂၈၆) မင်းရဲ့ဝိညာဉ်စွမ်းအင်က အားနည်းလွန်းတယ်

"ဒီလူယုတ်မာတွေက မြူခိုးထူထပ်တဲ့ နေရာတွေမှာ ပုန်းနေလေ့ရှိပြီး ငါ့ကို တစ်ချိန်လုံး စောင့်ကြည့်နေပုံရတယ်.. သူတို့ပျော်တဲ့အခါ တစ်ခါတရံ အရိပ်အမြွက် ပေးတတ်ပေမဲ့ တိုက်ရိုက်တော့ ငါနဲ့ တစ်ခါမှ ထွက်မတွေ့ကြဘူး.. သူတို့က ငါ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေပေမဲ့ ငါသေရင်တောင် ဂရုစိုက်မဲ့အရိပ်အယောင်ကို မပြခဲ့ဖူးဘူး.. ဒီလူယုတ်မာတွေက ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာ အလကားလာနေကြတဲ့ သူတွေဆိုတော့ အားနာလာပြီး ဌားရမ်းခအနေနဲ့ ပေးတာများလား"

ဖန်ရှင်းက အသိစိတ်ကမ္ဘာ၏ အဆုံးရှိ ထူးဆန်းသည့် မျှော်စင်ကို

စိုက်ကြည့်ကာ စိတ်ထဲကနေ ရေရွတ်လိုက်သည်။

မြူခိုးထူထပ်သော ဧရိယာထဲရှိ တည်ရှိမှုများနှင့် ပတ်သက်၍ သူ အမြဲတမ်း စိုးရိမ်နေခဲ့ရသည်။

သို့သော် ထိုအထဲတွင် နတ်ဆိုးဘိုးဘေး မပါဝင်ပေ။

ထိုအဘိုးအိုက မြူခိုးဧရိယာထဲမှ ဖြစ်သော်လည်း သူ့ကို ဓားပညာရပ်များ သင်ကြားပေးခဲ့သည်။

ယခုတော့ နတ်ဆိုးဘိုးဘေးက ထျန်းယွမ် ကုန်းမြေတိုက်ကြီးတွင် ထာဝရနတ်ဘုရားနှင့် အတူတကွ ကျန်ရစ်ခဲ့ပြီး မြူခိုးဧရိယာ၏ တည်ရှိမှုနှင့် လုံးဝ ပြတ်တောက်သွားခဲ့ပြီ ဖြစ်သည်။

ဤထူးဆန်းသော ရဲတိုက်က မြူခိုးဧရိယာမှ လူထူးဆန်းများ နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု ဖန်ရှင်းက ယုံကြည်ခဲ့၏။

"ဝှစ်"

အသိစိတ်ကမ္ဘာက အစစ်အမှန် ကမ္ဘာအဖြစ်
ပြောင်းလဲသွားသော်လည်း ယင်းကမ္ဘာက ဖန်ရှင်း၏
ကိုယ်ပိုင်ကမ္ဘာဖြစ်သည်။

စည်းမျဥ်း ဥပဒေသ အားလုံးက သူနှင့် အလိုအလျောက်
ချိတ်ဆက်ထားသောကြောင့် ခြေတစ်လှမ်းမျှ လှမ်းလိုက်သည်နှင့်
ထူးဆန်းသော ရဲတိုက်၏ အနီးသို့ ရောက်ရှိသွားသည်။

ရဲတိုက်၏ လျှို့ဝှက်ဆန်းကြယ် တည်ရှိမှု စွမ်းရည်ကို မည်သို့
စမ်းသပ်ရမလဲ တွေးနေစဥ်မှာပင် အိပ်မက်ဆိုး တစ်ခုမှ
နိုးထလာသော လူတစ်ယောက်က တောက်လောင်နေသော
နေရောင်ခြည်ကို ရုတ်တရက် မြင်လိုက်ရ၍ ခေါင်း
မတရားကိုက်သွားသကဲ့သို့ သူ၏ ဝိညာဥ်က ကွဲကြေလုနီးပါး
ဖြစ်သွားခဲ့ရသည်။

ရှင်းလင်းစွာ ဆိုရလျှင် ဖန်ရှင်းက ရဲတိုက်အနီးသို့ ရောက်သည်နှင့်
မခံမရပ်နိုင်သော နာကျင်မှုများကို ခံစားခဲ့ရခြင်းပင်။

ယင်းအချိန်မှာပင် ရဲတိုက် ထံမှ ထူးခြားသော အသံတစ်သံ

ထွက်ပေါ်လာသည်။

"တာအိုမိတ်ဆွေ.. မင်းမှာ မေးစရာ မေးခွန်းတွေ အများကြီး ရှိတာကို
ငါသိပါတယ်.. ငါလည်း မင်းကို ပြောစရာတွေ အများကြီး ရှိတယ်..
ဒါပေမယ့် မင်းရဲ့ ဝိညာဉ်စွမ်းအားက အခုချိန်ထိ
အားနည်းနေသေးတယ်.. မင်းနဲ့ စကားပြောလည်း ငါတို့ကို
မင်းမြင်ရမှာ မဟုတ်ဘူး.. ဒါကြောင့် အခုတော့ ပြန်နှင့်လိုက်ဦး"

ထိုအသံကို ကြားလိုက်ရလျှင် ဖန်ရှင်း၏ နာကျင် ကိုက်ခဲမှုများက
ပျောက်ကွယ်သွားပြီး မေ့မြောသွားသလို ခံစားလိုက်ရ၏။

သူ့မျက်လုံးကို ပြန်ဖွင့်လိုက်သောအခါ သူက ရှေ့သို့ လုံးဝ
လျှောက်မသွားခဲ့သလိုပင်.. ယခင်နေရာမှာပဲ ရပ်နေသေးသည်ကို
တွေ့လိုက်ရသည်။

ကိုးထပ်ရှိသည့် ထူးဆန်းသော ရဲတိုက်ကြီးက အရင်အတိုင်း
အဝေးတစ်နေရာတွင် ရှိနေဆဲပင်။

"ငါ့ဝိညာဉ်စွမ်းအားက အရမ်း အားနည်းနေလို့လား"

ရဲတိုက်ထဲမှ စကားကြောင့် ဖန်ရှင်းက အနည်းငယ် နားမလည်နိုင်အောင် ဖြစ်သွားသည်။

သူက ခေါင်းတလားထံမှ ရရှိသည့် ကျမ်းစာကို လေ့ကျင့်ခဲ့သောကြောင့် သူ၏ ဝိညာဉ်စွမ်းအားက ရွယ်တူများနှင့် ယှဉ်လျှင် အမြဲတစေ သာလွန်နေခဲ့သည်။

ယခုအချိန်တွင် သူ၏ စိတ်ဝိညာဉ်စွမ်းအားက အတော်လေး ထက်မြက်နေပြီး ပြိုက်ဘက်ကင်းလု အနေအထားဟုပင် ညွှန်းဆိုနိုင်ပေသည်။

ဤအထဲတွင် မွေးရာပါ သဘာဝတရားရ စိတ်ဝိညာဉ် ထက်မြက်မှု ရှိသည့် နဂါးမယ်တော် ယွဲ့မိန်အာကိုမူ ခြွင်းချက်ထားရမည် ဖြစ်သည်။

သို့ရာတွင် ရဲတိုက်ထဲမှ လူကမူ သူ၏ ဝိညာဉ်စွမ်းအားကို အလွန် အားနည်းသည်ဟု ပြောဆိုခဲ့သည့် အပြင် ၎င်းတို့၏ ရုပ်ခန္ဓာအစစ်ကို မြင်နိုင်စွမ်း မရှိဟုပင် နှိမ့်ချ ပြောဆိုခဲ့သည်။

ယင်းက အင်မော်တယ်ပုဂ္ဂိုလ်၏ အခြေတည်ဝိညာဉ်ကို တိုက်ရိုက် မတွေ့ဆုံနိုင်သည့် အဓိပ္ပါယ်ပေလော။

ဖန်ရှင်းက သေမျိုး မဟုတ်တော့သည့် ကပ်ဘေးတတိယ အဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ရာ ထိုကဲ့သို့ ပြောဆိုမှုကို မခံမရပ်နိုင် ဖြစ်နေသည်။

"ငါက ဘာလို့ မင်းရဲ့ခန္ဓာကိုယ် အစစ်အမှန်ကို မတွေ့နိုင်ရမှာလဲ.. ငါ့ကို တွေ့စေချင်ရင် မင်းရဲ့ ခန္ဓာကိုယ်က အော်ရာတွေကို နည်းနည်းလောက် လျှော့ထားလိုက်ပါလား"

ဖန်ရှင်းက အနည်းငယ် မကျေမနပ်ဖြစ်ကာ အော်ဝေါက်ရင်း ရှေ့သို့ ထပ်မံ လျှောက်သွားလိုက်သည်။

သို့ရာတွင် ထူးဆန်းသော ရဲတိုက်ထံမှ အသံထပ်မံ ထွက်ပေါ်မလာတော့ချေ။

ရဲတိုက်အတွင်းမှ လူက သူ့ကို ဂရုမစိုက်တော့ပုံ ရသည်။

ဖန်ရှင်းက နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် အရှုံးပေးလိုက်ရသည်။

သူ၏ စိတ်ဝိညာဉ်က အမှန်တကယ်ပင် အားနည်းလွန်းသည်မှာ ထူးဆန်းသော ရဲတိုက်ကို ရင်ဆိုင်ရသောအခါတွင်ပို၍ ထင်ရှားလာသည်။

"ဆက်လုပ်နေရင် ခေါင်းကိုက်ပြီး စိတ်ဝိညာဉ် မတည်မငြိမ်ဖြစ်လာတာပဲ အဖတ်တင်မယ်"

ရဲတိုက်ဆီသို့ အတင်းအကျပ် သွားလျှင် စိတ်ဝိညာဉ် ကွဲကြေမည့် အကြောင်းကို သူ့စိတ်ထဲတွင် သိထားသည်။

"ချီး... လူယုတ်မာတွေက ငါ့ကို သုံးမရတဲ့ ရဲတိုက်တစ်ခုကို လာဌားနေသလိုပဲ"

ဖန်ရှင်းက မကျေမနပ်မှုတွေ ပြည့်နှက်လာပြီး စိတ်ထဲကနေ တိတ်တဆိတ် ကျိန်ဆဲလိုက်သည်။

ထိုအခါမှ အနည်းငယ် စိတ်သက်သာရာ ရသွားသလို ခံစားလိုက်ရ၏။

ရဲတိုက်ဆီသို့ မသွားနိုင်သော အကြောင်းရင်းမှာ သူ၏ ဝိညာဉ်စွမ်းအင် မလုံလောက်မှုမှန်း သိသောကြောင့် ဖန်ရှင်းက ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ခဲ့သည်။

တစ်နေ့ကျလျှင် ထိုရဲတိုက်ဆီသို့ ရောက်အောင် သွားမည်ဟု ဖန်ရှင်းက ဆုံးဖြတ်ချက် ချလိုက်၏။

"အသိစိတ်ကမ္ဘာက တကယ့် အစစ်အမှန်ကမ္ဘာ အဖြစ် ပြောင်းလဲသွားပြီ.. ဒါဆို ရဲတိုက်က ဘာလဲ.. ငါ့ကမ္ဘာလား ဒါမှမဟုတ် တခြား အရာတစ်ခုများလား"

ထူးဆန်းသော ရဲတိုက်ကို အဝေးကနေ ကြည့်ရင်း ဖန်ရှင်းက ရေရွတ်လိုက်သည်။

ယခု သူ၏ အသိစိတ်ကမ္ဘာကို စိတ်ဝိညာဉ်ကမ္ဘာဟု ခေါ်ဆို၍

မရတော့ချေ။

အကြောင်းရင်းမှာ အတုအယောင် မဟုတ်တော့ဘဲ တကယ့်တည်ရှိမှု ဖြစ်လာသောကြောင့်ပင်။

ဖုန်းချန်းတောင်ကဲ့သို့ ခမ်းနားထည်ဝါသော တောင်ကြီးအပြင် နဂါးမင်းသမီးနှင့် ချစ်တင်းနှောရာမှ ဖြစ်ပေါ်လာသည် နဝမမြောက် သွေးပြန်ကြောကလည်း တစ်ကမ္ဘာလုံးကို ဖြတ်သန်း စီးဆင်းနေသည့် သမုဒ္ဒရာကြီးအဖြစ် အသွင်ပြောင်းသွားသည်။

သစ်ပင်နတ်ဆိုး ပေးခဲ့သော သစ်သားဓာတ်များမှ ပေါက်ဖွားလာသည့် အဆုံးမဲ့ စွမ်းအားများနှင့် သူ့စိတ်ဝိညာဉ်ကပေါင်းစပ်ကာ ကောင်းကင်ပေါ်တွင် ပြင်းထန်စွာ လောင်မြိုက်နေသည့် နေမင်းကြီး ဖြစ်လာသည်။

မည်သို့ပင် ကြည့်ကြည့်.. ဤအစစ်အမှန် ကမ္ဘာကြီးက ဖန်ရှင်း၏ အစစ်အမှန် ကမ္ဘာကြီး ဖြစ်သည်။

နတ်ဆိုး တစ်သောင်း ဆေးလုံးကြောင့် ထောင်နှင့်ချီသည့် နတ်ဆိုးများကို ပိုင်ဆိုင်ခဲ့ရသော်လည်း ၎င်းနတ်ဆိုးများမှာ

အစစ်အမှန်နှင့် အတုအယောင်ကြားမှ အရိပ်အယောင်မျှသာ ဖြစ်သည်။

ထိုနတ်ဆိုးများကို တကယ့် တည်ရှိမှု အဖြစ် မပြောင်းလဲနိုင်ခဲ့သောကြောင့် ဉာဏ်ကမ္ဘာကြီး ပေါ်ပေါက်လာပြီး နောက်တွင် နတ်ဆိုးများ၏ တည်ရှိမှုက ပျက်သုန်းသွားပုံရသည်။

ယခု ဉာဏ်ကမ္ဘာကြီးက မဟာကမ္ဘာကြီး၏ ရွေ့ပြေးပုံစံနှင့်ဆင်သော်လည်း သက်ရှိသတ္တဝါ ရှိမနေခဲ့ပေ။

"ငါ့ရဲ့ဝက်တွေကို အရင်ထည့်ပြီး စမ်းသပ်ရမယ်"

ဖန်ရှင်းက တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

ဉာဏ်ကမ္ဘာကြီးက သူမတော်တဆ ဖန်တီးထားသော ကမ္ဘာကြီး ဖြစ်သော်လည်း ဉာဏ်ကမ္ဘာနှင့် ပတ်သက်ပြီး အနည်းငယ်မျှပင် မသိခဲ့ချေ။

"ဆိတ်ငြိမ်မြေဆီလွှာလည်း သန့်စင်ပြီးပြီ ဆိုတော့ ငါအပြင်ကိုထွက်ဖို့

အချိန်သင့်ပြီ"

ထိုအတွေး ပေါ်လာသောအခါ ဖန်ရှင်းက ကောင်းကင်ကို မော့ကြည့်လိုက်သည်။

သို့ရာတွင် သူ့စိတ်တွေက အနည်းငယ် ပြောင်းလဲသွားသည်။

အဘယ်ကြောင့်ဆိုသော် လက်တွေ့ဘဝထဲကို ပြန်သွားချင်တဲ့အခါ ရုတ်တရက် သူ၏ ခန္ဓာကိုယ်က လှုပ်မရတော့ သောကြောင့် ဖြစ်သည်။

သူ့ရဲ့ ခန္ဓာကိုယ် အစစ်အမှန်ကို တစ်စုံတစ်ရာက အထက်စီးကနေ ဖိနှိပ် ချုပ်နှောင်ထားသလို ဖြစ်နေပြီး လက်တွေ့ဘဝကို ပြန်ရန် အခက်တွေ့နေသည်။

ဖန်ရှင်းက အနည်းငယ် ထိတ်လန့်သွားပြီးနောက် အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ရာ မျက်လုံးများပင် ကျဉ်းမြောင်းသွား၏။

"ဝှစ်"

သူ၏ တစ်ကိုယ်လုံးက ရုတ်တရက် ကောင်းကင်သို့ ခုန်တက်သွားခဲ့သည်။

သူ၏ အသက်ရှူသံ ထွက်ပေါ်လာပြီး အစစ်အမှန်ကမ္ဘာကို မရည်ရွယ်ဘဲ လှုံ့ဆော်လိုက်သလို ဖြစ်သွားသောကြောင့် အစစ်အမှန် ကမ္ဘာထဲ၌ ကြောက်မက်ဖွယ် ကောင်းသော ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။

မြေကြီးဖြစ်စေ.. တောင်တန်းဖြစ်စေ.. သမုဒ္ဒရာ ဖြစ်စေ စွမ်းအား အားလုံးက ဖန်ရှင်းကို အထောက်အပံ့ ပေးခဲ့ပြီး ကောင်းကင်ပေါ်သို့ ပျံတက်နေသည့် ခန္ဓာကိုယ်ကို ပိုမို သန်မာစေခဲ့သည်။

ဤကမ္ဘာကြီး တစ်ခုလုံး၏ စွမ်းအား ရင်းမြစ်တစ်ခုလုံးက ဖန်ရှင်း တစ်ဦးတည်းကိုပင် ထောက်ပံ့ပေးခဲ့၏။

....

....

"လှုပ်ရှားမှုတွေ ငြိမ်သက်သွားပြီ ဆိုတော့ ကျင့်ကြံတာ ပြီးပြီထင်တယ်"

ကြယ်ရောင်စုံ ကောင်းကင်ရှိ လုကျန်းနှင့် အောင်းလီတို့က သူတို့ရှေ့ရှိ မြင်ကွင်းကို စိုက်ကြည့်၍ ရေရွတ်လိုက်ကြသည်။

"ငါလည်း အဲ့လိုပဲထင်တယ်"

အောင်းလီက မှုန်ကုပ်ကုပ် အမူအရာဖြင့် လုကျန်းကို ပြောလိုက်၏။

သူ၏မျက်စိရှေ့မှ မြင်ကွင်းက တကယ်ကို ထူးဆန်းနေသည်။

မရေမတွက်နိုင်သော ကျောက်တုံးများက ဖန်ရှင်းကို ဖုံးလွှမ်းထားသည့် ပုံစံမှာ ကြီးမားသော ကြယ်ကြီးတစ်လုံး(ဝါ) တိုက်ကြီးတစ်ခုဟုပင် ထင်ရသည်။

ဖန်ရှင်း၏ ခန္ဓာကိုယ်က တိုက်ကြီး၏ ဗဟိုချက်တွင် ရှိနေ၏။

ဆွဲငင်မည့် ကျောက်တုံးများ ပတ်ဝန်းကျင်ရှိ ကြယ်စီးကြောင်းထဲတွင် မရှိတော့သဖြင့် ဖန်ရှင်း၏ အလေ့အကျင့် ပြီးဆုံးသွားပုံရသည်။

သို့ရာတွင် ဖန်ရှင်း မည်သည့်နေရာတွင် ရှိနေသည်ကို မမြင်ရသောကြောင့် အောင်းလီရော လုကျန်းပါ ထိုအချက်ကို အတည်မပြုနိုင်ခဲ့ပေ။

"သူ အခု တိုက်ကြီးတစ်ခုလုံးရဲ့ ဖိနှိပ်မှုကို ခံနေရပုံပဲ.. သူ့ရဲ့ ကျင့်ကြံမှု ပြီးသွားရင်တောင် အပြင်ထွက်နိုင်ပါ့မလား"

အောင်းလီက စိုးရိမ်စွာ ရေရွတ်လိုက်သည်။

"ငါတော့ အခုချိန်ထိ နားမလည်သေးဘူး"

လုကျန်းက သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

သူ၏ ရှေ့မှ မြင်ကွင်းက သူနှင့် အောင်းလီ၏ နားလည်နိုင်စွမ်းကိုပင်

ကျော်လွန်နေသည် မဟုတ်ပါလား။

သူတို့ နှစ်ဦးက ဖန်ရှင်းကို တူးဖော်ရန်
စဉ်းစားနေချိန်မှာပင်အကန့်အသတ်မဲ့ ကြီးမားသော ကျောက်တုံး
အစုအပုံကြီးက အဆုံးမရှိ တုန်ခါသွားသည်။

ကျောက်တုံး အစုအပုံထဲမှ တစ်စုံတစ်ရာ အပြေးအလွှား
ထွက်လာတော့မည် ဟူသော အသိက ချက်ချင်းပင် သူတို့၏ အာရုံကို
စွဲဆောင်သွားပြီး မျက်တောင် မခတ်တမ်း စိုက်ကြည့်နေမိကြသည်။

"သူထွက်လာတော့မှာလား"

လုကျန်းက တုန်လှုပ်သွားပြီး လေသံ တိုးတိုးဖြင့် ရေရွတ်လိုက်သည်။

သူ၏စကား မဆုံးခင်မှာပင် တိုက်ကြီးတစ်ခုကွဲသို့ ကျောက်တုံး
အစုအပုံကြီးက တဟုန်ထိုး တုန်ခါသွားပြီး ပင့်ကူမျှင်လို
အက်ကြောင်းတစ်ခု ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ယင်းအက်ကြောင်းက တဖြည်းဖြည်း ကြီးမားလာပြီး

သိပ်မကြာခင်မှာပင် တစ်စုံတစ်ဦးက ခုန်ထွက်လာ၏။

ဖြစ်စဉ်ကို အသေအချာ မသိလျှင် အကန့်အသတ်မဲ့ ကြီးမားသော တိုက်ကြီးတစ်ခုမှ သတ္တဝါအသစ် တစ်ကောင် မွေးဖွားလာသည်ဟုပင် ထင်ရသည်။

အပိုင်း(၁၂၈၆) ပြီး၏

အပိုင်း(၁၂၈၇) ဝက်တွေဖမ်းဖို့နည်းလမ်းကောင်း

ကြယ်ရောင်စုံ ကောင်းကင်ကြီး၏ အောက်တွင် လူတစ်ယောက်က ကျောက်တုံး အစုအပုံများ ကြားမှ ထွက်ပေါ်လာသည်။

ထိုလူက ဖန်ရှင်းပင် ဖြစ်သည်။

အောင်းလီနှင့် လုကျန်းတို့က ဖန်ရှင်း၏ ပုံသဏ္ဍာန်ကို စေ့စပ်စွာ အကဲခတ်လိုက်ရာ ဖန်ရှင်း၏ ချီစွမ်းအားက ထူးဆန်းနေသည်ကို သတိထားမိလိုက်သည်။

တကယ်တမ်း ပြောရရင် အစောပိုင်းက အံ့သြဖွယ် မြင်ကွင်းများကြောင့် သူတို့ နှစ်ယောက်က ဖန်ရှင်း၏ အနားသို့ မသိစိတ်ကနေ မချဉ်းကပ်ဝံ့ကြပေ။

"ဟင်.. ဒီလို တိုက်ကြီးက ဘယ်ကနေ ရောက်လာတာလဲ"

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ ဖန်ရှင်းက အိပ်မက်တစ်ခုမှ နိုးလာသကဲ့သို့ ရေရွတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အတူတူ ထွက်လာကြသော အောင်းလီနှင့် လုကျန်းတို့ကလည်း စကား မပြောနိုင်လောက်အောင် မှင်တက်နေကြ၏။

၎င်းတို့ရှေ့ရှိ ကျောက်တုံးအစုအပုံ (ဝါ) တိုက်ကြီးကို ကြည့်ကာ ထိတ်လန့်သွားကြသည်။

ကြယ်ရောင်စုံ ကောင်းကင်ကြီးတွင် မူလက ဆိတ်ငြိမ်မြေဆီလွှာ ပါဝင်သည့် အဖြူရောင် ကျောက်တုံးများသာ တွေ့ရသော်လည်း

တိုက်ကြီးတစ်ခုက ရုတ်တရက် ပေါ်ပေါက်လာ၏။

၎င်း၏ ထုထည်က ကောင်းကင်ယံတွင် ဒုတိယတန်းစား ကြယ်တစ်လုံးကဲ့သို့ ကြီးမားနေသည်။

ဆိတ်ငြိမ်မြေဆီလွှာကို သန့်စင်စ အချိန်တွင် ပတ်ဝန်းကျင်၌ ထိုကဲ့သို့ တိုက်ကြီး မရှိသဖြင့် ဖန်ရှင်း အံ့သြနေသည်မှာ အဆန်းတကြယ်တော့ မဟုတ်ချေ။

"အဆင်ပြေရဲ့လား"

မလှမ်းမကမ်းတွင် ရှိနေသော အောင်းလီနှင့် လုကျန်းက စိတ်လှုပ်ရှားစွာ ချဉ်းကပ်လာပြီး အလောတကြီး မေးလိုက်သည်။

"ငါလား"

ဖန်ရှင်းက လုကျန်းတို့ နှစ်ဦးကို ပြုံး၍ ကြည့်လိုက်ပြီး

"အားလုံး အဆင်ပြေပါတယ်.. "

"မင်းဘာလို့ ငါ့ဘိုးဘေးတွေရဲ့ အမွေအနှစ်ကို
ဒီလောက်ထိဖြုန်းတီးလိုက်တာလဲ"

အောင်းလီက အောင့်အီး မနေနိုင်တော့ဘဲ မေးခွန်းထုတ်လိုက်သည်။

"အေး.. အဲ့ဒါ ဘယ်လိုဖြစ်တာလဲ"

လုကျန်းကလည်း သိချင်စိတ် ပြင်းပြစွာဖြင့် ဝင်မေးလိုက်၏။

"အင်း.. ငါလည်း သေချာမသိဘူး"

ဖန်ရှင်းက ရှင်းပြချင်သော်လည်း တကယ်တမ်းတွင် သူကိုယ်တိုင်
ရှင်းရှင်းလင်းလင်း နားမလည်သေးသဖြင့် ဘာမှမရှင်းပြတော့ပေ။

"ထူးဆန်းတယ် ထူးဆန်းတယ်..."

လုကျန်းက ဖန်ရှင်း ပြောသမျှကို လုံးဝ နားမထောင်ဘဲ ဖန်ရှင်း၏ ခန္ဓာကိုယ်ပေါ်သို့ သံသယ မျက်ဝန်းများဖြင့် စူးစမ်းစွာ ကြည့်နေခဲ့သည်။

"ဒီကြယ်စီးကြောင်း ပတ်ဝန်းကျင်က ဆိတ်ငြိမ်မြေဆီလွှာတွေကို ဒီတစ်လအတွင်း မင်းကိုယ်တိုင် အကုန်ယူလိုက်တာ သိရဲ့လား.. မင်းသာ အဲ့ဒါတွေကို သန့်စင်ခဲ့ရင် မင်းခန္ဓာကိုယ်ရဲ့ အော်ရာက ဘယ်လိုအကြောင်းနဲ့မှ ငါ့ထက် အားနည်းစရာ မရှိဘူး.. ဆိတ်ငြိမ်မြေဆီလွှာတွေက ဘယ်ရောက်သွားတာလဲ"

"တစ်လတောင် ရှိပြီလား"

ဖန်ရှင်းက မယုံကြည်နိုင်သော လေသံဖြင့် အံ့အားသင့်စွာ ရေရွတ်လိုက်သည်။

"အတိအကျ ပြောရရင် တစ်လနဲ့ ခုနစ်ရက်ပဲ.. ငါတို့ မေးရတာက မင်းအတွက် စိုးရိမ်လို့ပါ"

အောင်းလီက အေးဆေး တည်ငြိမ်စွာ ပြောလိုက်သည်။

တကယ်လည်း လုကျန်းနှင့် သူက ဤပြဿနာအတွက် စိုးရိမ်နေကြသည်။

ဤမျှ များပြားသည့် ဆိတ်ငြိမ် မြေဆီလွှာကို သန့်စင်ပြီးလျှင် မည်သူမဆို ကြီးမားသည့် အပြောင်းအလဲတွေ ဖြစ်လာနိုင်သည်။

သို့ရာတွင် ဖန်ရှင်းက ယခင်အတိုင်း ၎င်းတို့နှင့် အလွန်ကွာခြားဆဲ ဖြစ်ပြီး အော်ရာ အပြောင်းအလဲ သိပ်မရှိချေ။

ကြယ်ရောင်စုံ ကောင်းကင်ကြီး၏ ဆိတ်ငြိမ်မြေဆီလွှာ ထက်ဝက်နီးပါးကို သူကိုယ်တိုင် ဝါးမျိုလိုက်သည်မှာ ထင်ရှားသော်လည်း ချီပြောင်းလဲမှုမှာ အားလုံးထဲတွင် အနည်းဆုံး ဖြစ်၏။

အသေအချာ ခံစားကြည့်မှသာ ဖန်ရှင်း၏ ခန္ဓာကိုယ်ထဲမှ ပျက်စီးခြင်း အော်ရာများ လျှံထွက်နေသည်ကို တွေ့နိုင်သည်။

ထိုအော်ရာက သာမန်ထက် ထူးကဲသော အော်ရာမျိုး ဖြစ်သော်လည်း

အားနည်းလွန်းသဖြင့် သာမန်အော်ရာ အဖြစ်သာခံစားမိမည် ဖြစ်သည်။

"အသိစိတ်ကမ္ဘာကြီးကို ဖြည့်ဆည်းဖို့ မြေဆီလွှာကို ငါသုံးခဲ့တယ်လို့ မင်းတို့ကို ဘယ်လိုရှင်းပြရမှာလဲ..."

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

ဆိတ်ငြိမ်မြေဆီလွှာ အများအပြားက သူ၏ အသိစိတ်ကမ္ဘာသို့ ဝင်ရောက်လာပြီး အစစ်အမှန်ကမ္ဘာ အဖြစ် ပြောင်းလဲစေခဲ့သော်လည်း သူ၏ ကိုယ်ပိုင် ခန္ဓာကိုယ် အတွက်မူ အနည်းငယ်သာ သန့်စင်နိုင်ခဲ့သည်။

"တစ်ခုခုတော့ ဖြစ်သွားတာ တကယ်ပဲ.. ဒါပေမဲ့ ငါအဲ့ဒါကို အရင် လေ့လာဖို့လိုတယ်.. အဖြေရှာပြီးရင်တော့ မင်းတို့ကို ရှင်းပြပါ့မယ်"

ဖန်ရှင်းက ခဏလောက် စဉ်းစားပြီးမှ လေးလေးနက်နက် ပြောလိုက်သည်။

ထို့နောက် သူက တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ပြီး

"အိုး.. ငါကျင့်ကြံနေတာ တစ်လလောက် ရှိပြီဆိုတော့ ဝက်တွေအစာငတ်ပြီး သေသွားပြီလား မသိဘူး"

စကားဆုံးသည်နှင့် အောင်းလီနှင့် လုကျန်းတို့၏ တုံ့ပြန်မှုကိုပင် မစောင့်တော့ဘဲ ဖန်ရှင်းက နတ်နန်းတော်ထဲသို့ အလျင်အမြန် ပြေးဝင်လိုက်သည်။

သူက ဝက်များ အစာငတ်၍ သေသွားမည်ကို တကယ်ပင်စိတ်ပူနေခဲ့၏။

ကံကောင်းစွာပင် ဝက်များက အလွန် ဆာလောင်နေပုံရသော်လည်း မသေသေးပေ။

သို့ရာတွင် နတ်နန်းတော် တစ်ခုလုံးက ပြောင်းဆန်နေသည်ကို တွေ့လိုက်ရ၏။

ဝက်ချေးများက နတ်နန်းတော်ထဲတွင် ပလစ်နေပြီး ဝက်များက

ချီးများကို တက်နင်း၍ ချောလဲကာ နတ်နန်းတော်ထဲရှိ အရက်အိုးများကို ဝင်တိုက်ထားပုံရသည်။

"ဟာ သွားပါပြီ"

မျှော်လင့်မထားသော မြင်ကွင်းကြောင့် ဖန်ရှင်းက ဒေါသထွက်သွားပြီး ဝက်များကို ရိုက်နှက်ရန် လက်ကို မြှောက်လိုက်ရာ မျှော်လင့်မထားသော မြင်ကွင်းတစ်ခုက ပေါ်ပေါက်လာသည်။

မြှောက်ထားသော သူ၏ လက်ဖဝါးကနေ ကြီးမားသော ရေဝဲတစ်ခု ပေါ်လာပြီး ဝက်များကို ရုန်းကန်ရန် အခွင့်အရေးပင် မပေးဘဲ ဆွဲယူသွားခဲ့သည်။

ရေဝဲကြီးက ခဏလောက် လည်ပတ်နေပြီးနောက် ဝက်တွေအားလုံးက ပျောက်ကွယ်သွားခဲ့၏။

"ဒါက.. "

ဖန်ရှင်းက လက်ကို မြှောက်ထားရင်းမှ ခဏမျှ
စကားမပြောနိုင်အောင် မှင်တက်နေခဲ့သည်။

တစ်ခဏ အတွင်းမှာပင် ဝက်အားလုံး ဘယ်ဆီကို ရောက်သွားမှန်း
သူသိလိုက်၏။

"ငါ့ရဲ့ ကိုယ်ပိုင် အစစ်အမှန်ကမ္ဘာ"

ဝက်တွေ အားလုံးက အစစ်အမှန်ကမ္ဘာ၏ မြက်ခင်းပြင်ပေါ်တွင်
ပေါ်လာခဲ့သည်။

၎င်းတို့က နေရာအသစ်ကို ရုတ်တရက်
ရောက်ရှိလာသဖြင့်ခဏလောက် မှင်တက် နေကြသော်လည်း
ပတ်ဝန်းကျင် အသစ်က အန္တရာယ် မရှိသည်ကို သိလိုက်ရလျှင်
မြက်များကို ပျော်ရွှင်စွာ စားသုံးကာ ပြေးလွှား ဆော့ကစားနေကြ၏။

ဖန်ရှင်းက မရည်ရွယ်ဘဲ ဝက်များ အားလုံးကို အသိစိတ်ကမ္ဘာထဲသို့
ဆွဲခေါ်မိခဲ့သည်။

ဤဝက်တွေကို အသိစိတ်ကမ္ဘာထဲတွင်
ရှင်သန်နိုင်မလားစမ်းသပ်ကြည့်ရန် သူယခင်က တွေးထားခဲ့ဖူးသည်။

ယခုတော့ မရည်ရွယ်ဘဲ သူ့ဆန္ဒက ပြည့်မြောက်သွားပြီဖြစ်သည်။

ပိုပြီး အံ့သြစရာ ကောင်းသည်က ဤဝက်အုပ်စုကို အသိစိတ်ကမ္ဘာထဲ
ခေါ်သွင်းသည့် နည်းလမ်းပင်။

အမှတ်မထင် ထိတွေ့မိခဲ့သော ဤနည်းစနစ်က ကမ္ဘာပေါ်တွင်
အစွမ်းထက်ဆုံး နည်းစနစ်များနှင့်ပင် နှိုင်းယှဥ်နိုင်၏။

"ကြယ်စီးကြောင်း ပတ်လမ်း ပရမ်းပတာ ဖြစ်သွားတာကြောင့်
ဆိတ်ငြိမ်မြေဆီလွှာ ပါရှိတဲ့ ကျောက်တုံးတွေက
ကြယ်ရောင်စုံကောင်းကင်ကြီးထဲမှာ ပရမ်းပတာ လွင့်မျောကုန်ပြီ"

"မြန်မြန်ထွက်လာခဲ့.. ဒီလိုမျိုး အရင်းအမြစ်က လက်တွေ့မှာ
အရမ်းအသုံးဝင်တယ်.. ရနိုင်သလောက် စုဆောင်းရမယ်"

နတ်နန်းတော် အပြင်ဘက်မှ အောင်းလီနှင့် လုကျန်းတို့၏

သတင်းပို့မှုကြောင့် ဖန်ရှင်းက နတ်နန်းတော်ထဲမှ အလျင်အမြန် ထွက်လာခဲ့သည်။

ယခုအချိန်တွင် မြစ်ကြီးတစ်စင်း ကဲ့သို့ အင်အားကြီးသော ကြယ်စီးကြောင်းက ၎င်း၏ မူလလမ်းကြောင်းကို ဆုံးရှုံးသွားကာ ကောင်းကင်ယံတွင် ပြန့်ကျဲနေသော ကြယ်မိုးများ ကဲ့သို့ ကျောက်တုံးများက အရပ်ရပ်သို့ ပျံ့လွင့်သွားသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ ဖန်ရှင်း၏ ဆွဲငင်မှုကြောင့် ကြယ်စီးကြောင်း ထဲရှိ ကျောက်တုံးများ လျော့နည်းသွားပြီး ကျောက်တုံး တစ်ခုနှင့်တစ်ခု ကြားရှိ ဆွဲငင်အားများ ပျောက်ကွယ်သွားသောကြောင့် ဖြစ်သည်။

ဤအရှိန်နှုန်းဖြင့် ဆိုလျှင် နာရီ အနည်းငယ်ခန့်မှာပင် ကျောက်တုံးများက လုံးလုံး ပြန့်ကျဲသွားလိမ့်မည် ဖြစ်၏။

အကယ်၍ နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းပေါ်ကို နောက်ထပ် လူတစ်စု ခြေချတဲ့အခါ ဤကျောက်တုံးများကို လုံး၀ တွေ့ရတော့မည် မဟုတ်ချေ။

အောင်းလီနှင့် လုကျန်းက ထိုအချက်ကို သတိထားမိပြီးကျောက်တုံးများကို ရနိုင်သလောက် စုဆောင်းရန် ဆန္ဒရှိနေကြသည်။

ရှင်းလင်းစွာ ဆိုရလျှင် ဤအရင်းအမြစ် အမျိုးအစားက အမှန်တကယ် ရှားပါးပြီး ကျင့်ကြံသူများအတွက် အဖိုးမဖြတ်နိုင်သည့် ရတနာ ဖြစ်နေသည် မဟုတ်ပါလား။

ဤသို့ဖြင့် အောင်းလီနှင့် လုကျန်းက သိုလှောင်အိတ်ကို ဖွင့်ကာ ကျောက်တုံးများကို ကောက်ထည့်ရန် စတင် လုပ်ဆောင်ခဲ့ကြသည်။

လွင့်မျောနေသည့် ကျောက်တုံး အရေအတွက်နှင့် ယှဉ်လျှင် သူတို့၏ လှုပ်ရှားမှုက အသေးအဖွဲ ဖြစ်နေသည်။

"ငါ့ကိုခွင့်ပြုပါ"

ဖန်ရှင်းက အောင်းလီကို ခွင့်တောင်းလိုက်ပြီး လက်နှစ်ဖက်ကို မြှောက်လိုက်ကာ

ပါးစပ်မှလည်း

"ဝက်တွေလာခဲ့စမ်း"

ဟု အော်ဟစ်လိုက်၏။

တစ်ချိန်တည်းမှာပင် ကြောက်မက်ဖွယ် မြင်ကွင်းတစ်ခုပေါ်ပေါက်လာသည်။

ဖန်ရှင်း၏ လက်ဖဝါးနှစ်ဖက်တွင် ကြီးမားသော ရေဝဲကြီးများနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသော ဆွဲငင်အားများလည်း ဖြစ်ပေါ်လာသည်။

ကြယ်စီးကြောင်းထဲတွင် ပရမ်းပတာ လွင့်မျောနေသောကျောက်တုံးတွေ အားလုံးက ရေဝဲထဲသို့ ပြေးဝင်သွားကြ၏။

"ဒါ.. ဒါက ဘယ်လို မှော်စွမ်းအားမျိုးလဲ"

ဖန်ရှင်း၏ နည်းစနစ်က သူ၏ ကျင့်ကြံမှုအခြေခံနှင့် အသိပညာကို ကျော်လွန်နေသဖြင့် လုကျန်က တအံ့တသြ မေးလိုက်သည်။

"ဝက်တွေကို ဖမ်းဖို့ နည်းလမ်းကောင်း တစ်ခုပါ.. ဟားဟား ငါက စတာပါ.. တကယ်က စကြဝဠာ သိုလှောင်ကမ္ဘာ မှော်အစွမ်းပါ"

ဖန်ရှင်းက လုကျန်းကို ပြန်ဖြေလိုက်သည်။

အပိုင်း(၁၂၈၇) ပြီး၏

အပိုင်း(၁၂၈၈) ကြင်နာတတ်သောလုကျန်း

"ဝက်ဖမ်းတဲ့ နည်းလမ်းလား"

ထိုအမည်ကို ကြားလျှင်ကြားချင်း လုကျန်းနှင့် အောင်းလီတို့က ဖန်ရှင်း သူတို့ကို လှည့်စားနေသည်ဟု ထင်မှတ်မိသွားသော်လည်း စကြဝဠာ သိုလှောင်ကမ္ဘာဟု ကြားလျှင် ထိတ်လန့်သွားကြသည်။

ဖန်ရှင်းက ယခုအချိန်တွင် လက်ဝါးနှစ်ဖက်မှ ကြောက်မက်ဖွယ် ဆွဲငင်အားဖြင့် ဝေလငါးတစ်ကောင်ကဲ့သို့ ကျောက်တုံးများကို စုပ်ယူလျက်ရှိသည်။

ရှေးခေတ်ကာလကနေ ယနေ့ခေတ်အထိ တာအိုကျင့်ကြံသူ များစွာ တို့က စကြဝဠာ သိုလှောင်ကမ္ဘာ မှော်အစွမ်းကို တတ်မြောက်ထားကြသည်။

သို့ရာတွင် စကြဝဠာ သိုလှောင်ကမ္ဘာခြင်း တူသော်လည်းစွမ်းအား ကွာခြားချက်မှာ ကြီးမားလှသည်။

အခြားသူများ၏ စကြဝဠာ သိုလှောင်ကမ္ဘာက ကြက်.. ဘဲနှင့် သားရဲငယ်များကို ဖမ်းရန် အသေးစား လှည့်ကွက်မျှသာ ဖြစ်သော်လည်း ဖန်ရှင်း ယခုပြသနေသည့် စကြဝဠာ သိုလှောင်ကမ္ဘာ၏ အစွမ်းကမူ ဝေလငါးများကိုပင် ဖမ်းယူနိုင်သောသဘာဝလွန် စွမ်းအားကြီးတစ်ခု ဖြစ်နေသည်။

ယခုအချိန်တွင် ဖန်ရှင်းက ဘာကိုမှ ဂရုမစိုက်ဘဲ ကြယ်စီးကြောင်းတွင် လမ်းလျှောက်နေပြီး မြင်မြင်သမျှ

ကျောက်တုံးများကို သိမ်းယူနေသည်။

"ဒီလိုမျိုး မှော်အစွမ်းကို ငါ့တစ်သက်မှာ ဆယ်ခါလောက် မြင်ဖူးပေမဲ့ အကိုတော်ဖန်ရဲ့ မှော်အစွမ်းကတော့ အားလုံးထဲမှာကြောက်စရာ အကောင်းဆုံးပဲ"

လုကျန်းက သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

"အကိုတော်ဖန်ရဲ့ မှော်အစွမ်းက ရှေးခေတ် သူတော်စင်တွေနဲ့တောင် ယှဉ်နိုင်ပြီး ဖော်မပြနိုင်လောက်အောင် လျှို့ဝှက်ဆန်းကြယ်လွန်းတယ်"

"ဒီလိုဆိုမှတော့ ဒီကျောက်တုံးတွေ အလဟဿ မဖြစ်ရအောင်ငါတို့ သူ့ဆီကို လမ်းကြောင်း လွှဲလိုက်ရင် ကောင်းမယ်"

အောင်းလီက လုကျန်းကို ပြောလိုက်သည်။

လုကျန်းက အောင်းလီ၏ ဆိုလိုရင်းကို ချက်ချင်းပင် နားလည်လိုက်၏။

တစ်ချိန်တည်းမှာပင် နှစ်ဦးလုံးက ဆန့်ကျင်ဘက် လမ်းကြောင်း နှစ်ခုဆီသို့ အလျင်အမြန် ပျံသန်းသွားကြသည်။

ထို့နောက်တွင် ပရမ်းပတာ လွင့်မျောနေသည့် ကျောက်တုံးများကို ဖန်ရှင်း၏ ဆွဲငင်အား စီးကြောင်းထဲသို့ လမ်းကြောင်းပြောင်းပေးလိုက်သည်။

ဖန်ရှင်းကလည်း အချိန်ကြာလာလေ မှော်အစွမ်းကို နားလည်လာလေ ဖြစ်ကာ ဆွဲငင်နိုင်သည့် အကွာအဝေးကို ပိုမိုချဲ့ထွင်လာနိုင်ခဲ့၏။

ဆယ်ပေ..

ပေတစ်ရာ..

ပေထောင်ချီ အကွာအဝေးမှ ကျောက်တုံးများကိုပင် ဆွဲငင်နိုင်သည် အထိ သူ၏ မှော်အစွမ်းက ပြင်းထန်လာသည်။

သူ၏ လက်ဖဝါးနှစ်ဖက်တွင် တွင်းနက်ကြီး ရှိနေသကဲ့သို့

ကျောက်တုံးအားလုံးက အလွယ်တကူ စီးဝင်သွားပြီး
အသိစိတ်ကမ္ဘာထဲသို့ ရောက်ရှိသွားကြသည်။

ကျောက်တုံးများ ဝင်ရောက်လာသည်နှင့် အသိစိတ်ကမ္ဘာထဲတွင်
ကြယ်ပွင့်များ ပေါ်ပေါက်လာပြီး ကောင်းကင် တစ်ခုလုံးကို
ဖုံးလွှမ်းသွားသည်။

"အံ့ဩစရာပဲ"

ကြယ်ပွင့် ကောင်းကင်အောက်ရှိ ထူးဆန်းသော ရဲတိုက်ထံမှ
စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်သော အသံတစ်သံ ထွက်ပေါ်လာသည်။

"ဒီကလေးရဲ့ ကြီးကျယ်ခမ်းနားတဲ့ စွမ်းရည်တွေကချီးကျူးစရာပဲ"

"ဘာပဲဖြစ်ဖြစ် နဂါးမျိုးနွယ်စုရဲ့ နှစ်ပေါင်း ထောင်နဲ့ချီပြီး
အချိန်ယူခဲ့ရတဲ့ အမွေအနှစ်တွေကို ဒီကလေးက တစ်ချီတည်းနဲ့
သိမ်းပိုက်နိုင်တာတော့ အံ့ဩစရာပဲ"

"………"

"........."

ထူးဆန်းသော ရဲတိုက်ထဲမှ လူများ ပြောဆို ဆွေးနွေးနေကြသော အချိန်တွင် ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့က ပြင်ပကမ္ဘာကြီးတွင် ကျောက်တုံးများကို စုစည်းရန် ခုနှစ်ရက်ကြာ အလုပ်ရှုပ်နေခဲ့သည်။

၎င်းတို့သုံးဦးက ကြယ်ရောင်စုံ ကောင်းကင်ကြီးရှိ ကျောက်တုံးအရေအတွက် ခုနှစ်ဆယ် ရာခိုင်နှုန်းခန့်ကို ပြန်လည် ဆည်ယူနိုင်ခဲ့သည်။

မူလက မရေမတွက်နိုင်သော ကျောက်တုံးများဖြင့် ဖုံးလွှမ်းထားသည့် ဤကြယ်ပင်လယ်ကြီးက ယခုအချိန်တွင် လေဟာနယ် ကဲ့သို့ ဖြစ်လာသည်။

ဖန်ရှင်းက ဆိတ်ငြိမ်မြေဆီလွှာ လေးဆယ် ရာခိုင်နှုန်းခန့်ကို အစစ်အမှန် ကမ္ဘာအတွက် သန့်စင်ခဲ့ပြီး သုံးဆယ်ရာခိုင်နှုန်းကိုမူ စုဆောင်း သိမ်းဆည်းထားခဲ့၏။

"ဒီဆိတ်ငြိမ်မြေဆီလွှာတွေက ငါတို့ နဂါးမျိုးနွယ်စု ပိုင်တယ်ဆိုတာ မင်းမှတ်ထားရမယ်.."

အောင်းလီက ဖန်ရှင်းကို ဒေါသတကြီး ပြောလိုက်သည်။

"ဘာကြောင့်လဲ"

ဖန်ရှင်းက မသိစိတ်ကနေ ပြန်လည် မေးခွန်းထုတ်လိုက်မိသည်။

"မင်းငါတို့ နဂါးမျိုးနွယ်စုရဲ့ အမွေအနှစ် တော်တော်များများကို သန့်စင်လိုက်ပြီလေ.. နဂါးမျိုးနွယ်စုရဲ့ အခြေခံအုတ်မြစ် အတွက် အနည်းငယ် ချန်ထားသင့်တယ်လို့ မထင်ဘူးလား"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အောင်းလီကို ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

အသေအချာ တွေးကြည့်လျှင် ဆိတ်ငြိမ် မြေဆီလွှာများက နဂါးမျိုးနွယ်စု၏ သားသမီး မြေးမြစ်များ အတွက်

ရည်ရွယ်ထားခဲ့သော ရတနာများ ဖြစ်သည်။

ဖန်ရှင်းက ခဏလောက် စဉ်းစားပြီးမှ သက်ပြင်းချလိုက်ပြီး

"ဒါက ငါ့ကို တကယ် အကျပ်ရိုက်စေတယ်.. ငါ့ရဲ့ စည်းမျဥ်း အတိုင်း လုပ်ကြတာပေါ့"

"ဘယ်လိုစည်းမျဥ်းလဲ"

အောင်းလီက အံ့အားသင့်စွာ မေးမြန်းလိုက်သည်။

"မိတ်ဆွေရဲ့ ပစ္စည်းဖြစ်နေရင် တစ်ဝက်ပဲယူတဲ့ စည်းမျဥ်းလေ"

ဖန်ရှင်းက လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

"တစ်ဝက်ပဲ ပြန်ရမှာလား.. ငါတို့က ဆွေမျိုးတွေပဲလေ"

အောင်းလီက ဖန်ရှင်းကို မကျေမနပ် ပြောဆိုလိုက်သည်။

မူလက ဖန်ရှင်းကို ယောက်ဖအဖြစ် အသိအမှတ် မပြုချင်သော်လည်း နဂါးမျိုးနွယ်စု၏ အခြေခံအုတ်မြစ်နှင့် ပတ်သက်နေ၍ အသိအမှတ်ပြုသော လေသံဖြင့် ပြောလိုက်သည်။

အောင်းလီ၏ စကားကို ကြားလျှင် ဖန်ရှင်းက ခေါင်းကုတ်၍ သက်ပြင်းရှည်ကို ချလိုက်ပြီး

"ငါမင်းကို သုံးပုံနှစ်ပုံ ပေးပါ့မယ်"

ဟုပြောလိုက်သည်။

"ဒါက ဆွေမျိုးဆီက လုယက်ခံရတာပဲ.. ဟားဟား"

အောင်းလီ၏ ဖြစ်အင်ကို ကြည့်ကာ လုကျန်းက ရယ်မောလိုက်၏။

"ဟက်.. အခုမှ နဂါးမျိုးနွယ်စုရဲ့ ရတနာကို လုယက်တာ မဟုတ်ဘူး..

မင်းအမတော်ရဲ့ ရတနာသိုက်ကိုလည်း ငါလုယက်ဖူးတယ်.. အဲ့ဒီမှာပဲ သူနဲ့ငါနဲ့ ညားကြတာပေါ့ကွာ"

ဖန်ရှင်းက အောင်းလီ မခံနိုင်အောင် ပြောဆိုလိုက်ရာ အောင်းလီက ဒေါသအိုး ပေါက်ကွဲသွားသည်။

"ဖန်ရှင်း.. မင်း ငါ့အမကို မတရားကျင့်လိုက်တာ မဟုတ်လား"

....

....

ဆိတ်ငြိမ်မြေဆီလွှာ အရင်းအမြစ်များကို အောင်းလီက ပြန်လည် ရယူလိုသည်မှာ ဖြစ်နိုင်ခြေ မရှိသော်လည်း နဂါးမျိုးနွယ်စု၏ ရှေးဟောင်းလမ်းပေါ်ရှိ ပထမဆုံး အခက်အခဲကမူ အမှန်တကယ် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

သူတို့လူစုက ရှေးဟောင်းလမ်းကို ဆက်လျှောက်ရင်း သုံးရက်မြောက်နေ့တွင် ကြယ်ရောင်စုံ ကောင်းကင်၌

လူသေအလောင်းတစ်လောင်းကို တွေ့ရှိလိုက်ကြသည်။

ထိုအလောင်းမှာ စုန်းမကြီးဟု ခေါ်ဝေါ်ကြသည့် ပိန်ပါးပါးအဖွားအို၏ အလောင်းပင် ဖြစ်၏။

ကြည့်ရသည်မှာ နဂါးမယ်တော်က သူမကို ဆေးလုံးဖော်စပ်၍ အသားခွံကို ဤနေရာတွင် စွန့်ပစ်ထားခဲ့ပုံရသည်။

"အင်မော်တယ်ဖြစ်ဖို့ လူဘယ်နှစ်ယောက်လောက် နီးစပ်ခဲ့လို့လဲ.. ကြယ်ရောင်စုံ ကောင်းကင်ကြီးမှာ အရိုးတွေက ညှိုးနွမ်းနေပြီး ဝိညာဉ်တွေက ညတိုင်း သီချင်းဆိုနေလေရဲ့"

အဖွားအို၏ အလောင်းကို မြင်ရလျှင် လုကျန်းက စိတ်မကောင်း ဖြစ်သွားပြီး ကဗျာလိုလို စာသားတစ်ခုကို ရေရွတ်လိုက်သည်။

ထို့နောက်တွင် အဖွားအို၏ အလောင်းကို ကြယ်ကြီး တစ်လုံးထံတွင် လုကျန်းက မြှုပ်နှံပေးခဲ့၏။

တစ်ချိန်က သူ့ကို ဆေးလုံးဖော်စပ်ရန် မကောင်းကြံစည်ခဲ့သော

အဖွားအို အပေါ် ဤမျှလောက် စေတနာ ထားနိုင်သော လုကျန်း၏ စိတ်ဓာတ်မှာ ချီးကျူးဖို့ပင် ကောင်းနေ၏။

အဖွားအိုကို မြုပ်နှံပေးနေသောကြောင့် အချိန်နှောင့်နှေး သွားသော်လည်း ဖန်ရှင်းနှင့် အောင်းလီတို့က လုကျန်းကို နှလုံးသားထဲကနေ နားလည်ပေးခဲ့သည်။

အဖွားအို၏ အဖြစ်ဆိုးကို မြင်ပြီး လုကျန်း၏ တာအိုနှလုံးသားက အားနည်းသွားပြီလားပင် မပြောနိုင်ချေ။

"ရှေးဟောင်းလမ်းက ရှည်လျားတယ်.. ငါတို့ အေးအေးဆေးဆေးပဲ ခရီးဆက်ကြတာပေါ့"

လုကျန်းက ခရီးကို အလောတကြီး သွားစရာ မလိုကြောင်း ပြောလိုက်၏။

"အေးအေးဆေးဆေး သွားလို့မရဘူး.. တကယ်တော့ ကြယ်ရောင်စုံ ကောင်းကင်မှာ ရတနာတွေ အများကြီး ကျန်သေးတယ်..

စကားဆုံးသည်နှင့် ဖန်ရှင်းက ထာဝရနတ်ဘုရား နတ်နန်းတော်ထဲတွင် ထားခဲ့သော မြေပုံကို ထုတ်ပြလိုက်သည်။

ထို့နောက် ဖန်ရှင်းက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး

"ထာဝရမေမေရဲ့ မြေပုံကြောင့်သာ မဟုတ်ရင် ဒီကြယ်ရောင်စုံ ကောင်းကင်ထဲမှာ ရတနာတွေ အများကြီး ရှိနေမှန်း ငါသိမှာမဟုတ်ဘူး"

အပိုင်း(၁၂၈၈) ပြီး၏

အပိုင်း(၁၂၈၉) နတ်နန်းတော်ကိုအဆင့်မြှင့်ခြင်း

ကျယ်ပြောလှသော ကြယ်ရောင်စုံ ကောင်းကင်ကြီးက လူအချို့၏ အမြင်တွင် အရာရာ ဆိတ်သုဉ်း ပျောက်ကွယ်နေသော နေရာ ဖြစ်နေသလို လုကျန်းကဲ့သို့ အင်မော်တယ်လမ်းစဉ်ကို ရှာဖွေသူများ၏ အမြင်တွင်လည်း ဤလမ်းက ခြောက်သွေ့ငြီးငွေ့ဖွယ်ရာ အတိ ဖြစ်နေသည်။

သို့ရာတွင် ဖန်ရှင်း၏ မျက်လုံးထဲတွင်မူ ဤကြယ်ရောင်စုံ ကောင်းကင်ကြီးက ရတနာများဖြင့် ပြည့်နှက်နေသော အိမ်တစ်လုံးလို ဖြစ်နေ၏။

"တွေ့လား.. ငါ့ရဲ့မြေပုံထဲမှာ လေးရာ ခြောက်ဆယ့် ခုနှစ်မျိုးသော ကြယ်တွေဆီမှာရှိတဲ့ သတ္တု အမျိုးမျိုးကို မှတ်တမ်းတင်ထားတယ်.. အဲ့ဒါတွေကို မှော်လက်နက်တွေ ပြုလုပ်တဲ့ နေရာမှာ အသုံးပြုနိုင်တယ်.. သိကြတဲ့အတိုင်း ငါတို့ ထျန်းယွမ်တိုက်မှာ ရှားပါးသံသတ္တုတွေကို စုဆောင်းပြီး ဓားသွန်းလုပ်တာကိုနှစ်သက်တဲ့ ဓားသမားတွေ ရှိတယ်.. ဒီကြယ်ရောင်စုံကောင်းကင်မှာ အဖိုးထိုက်တန်တဲ့ သံသတ္တုတွေက ထျန်းယွမ်တိုက် ထက်တောင် ပေါ်များနေသေးတယ်"

ထို့နောက်တွင် ဖန်ရှင်းက အောင်ပွဲခံသော အမူအရာဖြင့်

"အခုတော့ အဲ့ဒီရတနာတွေက ငါတို့ ပတ်ပတ်လည်မှာ ရှိနေခဲ့ပြီ"

ဟု ဝမ်းသာအားရ ရေရွတ်လိုက်သည်။

ထိုစကားကို ကြားလျှင် အောင်းလီနှင့် လုကျန်းတို့က

အံ့အားသင့်သွားကြသည်။

ဖန်ရှင်းက အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိဘဲ ပြောမှာမဟုတ်ဘူး ဆိုသည်ကို သူတို့က သိထားသည် မဟုတ်ပါလား။

ဖန်ရှင်းက အောင်းလီတို့ကို ရှင်းပြရင်း စိတ်လှုပ်ရှားလာသည်။

"ဟားဟား.. ငါသခင်နဲ့ ထိပ်တိုက် တိုးမှတော့ ဒီရတနာတွေ အကုန်လုံးကို ရအောင် ယူရမှာပေါ့.. ဒီရတနာတွေက နဂါးမျိုးနွယ်စုနဲ့ ဘာမှ မဆိုင်တဲ့ ပိုင်ရှင်မဲ့ရတနာပဲ.. အောင်းလီ.. ရတနာတွေ ယူပြီးမှ ငါ့ကို ဝေစုလာမတောင်းနဲ့"

"ကဲသွားကြရအောင်"

စကားဆုံးသည်နှင့် ဖန်ရှင်းက အရိုးစုဦးခေါင်းခွံကို မောင်းနှင်လိုက်ပြီး အောင်းလီနှင့် လုကျန်းကမူ ရတနာများကို သိမ်းယူလိုက်၏။

"ငါတို့က အင်မော်တယ်လမ်းကို လျှောက်နေတာလား.. ဒါမှမဟုတ် သူ့အတွက် ပစ္စည်းသယ်တဲ့ အလုပ်သမား လာလုပ်တာလား"

အောင်းလီနှင့် လုကျန်းတို့က သူတို့၏ အဖြစ်ကို တွေးမိကာ ရယ်ရမလား ငိုရမလားပင် မသိတော့ဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

....

....

ယခင်ကဆိုလျှင် ထာဝရနတ်ဘုရား၏ အလွန်တရာတန်ဖိုးရှိသော ကြယ်မြေပုံကို ဖန်ရှင်းက ဝေမျှလိုခြင်းမရှိပေ။

ယခုမူ လူရင်းများသာ ကျန်ရှိသောကြောင့် ဝေမျှခဲ့ခြင်း ဖြစ်၏။

လမ်းခရီး တစ်လျှောက်တွင် သူတို့က ကြယ်ကြီးများကို စူးစမ်းလေ့လာခဲ့ကြပြီး အဖိုးတန် သံသတ္တုများကို ရှာတွေ့လျှင် သိမ်းဆည်းခဲ့ကြသည်။

ဖန်ရှင်းနှင့် အောင်းလီတို့က တက်ကြွစွာ ရှာဖွေနေသော်လည်း

လုကျန်းကမူ ရတနာများကို ရှာဖွေရင်း ငြီးငွေ့လာသည်။

သူက အရင်ကတည်းက မည်သည့်အရာကိုမှ စိတ်မဝင်စားဘဲ
အစီအရင် ပညာရပ်ကိုသာ စိတ်ပါဝင်စားသောသူ ဖြစ်၏။

ယခုအခါတွင် ဖန်ရှင်းက မရေမတွက်နိုင်သော
အင်မော်တယ်သတ္တုများကို ရှာဖွေပြီး နတ်နန်းတော်ထဲတွင်
စုပုံထားခဲ့သည်။

လုကျန်းက ထိုသတ္တုများ၏ သဘာဝကို နေ့ရောညပါ လေ့လာရင်း
သူ၏စိတ်ကို နစ်မြုပ်ထားလိုက်၏။

ဖန်ရှင်းက ဤခရီးတွင် ပစ္စည်း အများအပြားကို
ယူဆောင်လာခဲ့သည်။

ယခင်က လမ်းခရီးတွင် အန္တရာယ်တွေ့လျှင် အကြီးအကဲ ငါးဦးက
ဖြေရှင်းသော်လည်း ယခုအခါတွင် သူတို့ဘာသာ ဖြေရှင်းခဲ့ရသည်။

ပြဿနာ တစ်ခုခုကြုံလျှင် အောင်းလီက သူ၏ကြောက်မက်ဖွယ်

သဘာဝလွန် စွမ်းအားများဖြင့် ရှေ့ထွက်၍ ဖြေရှင်းခဲ့သည်။

အဆုံးသတ် ပြောရလျှင် ရှေးဟောင်းလမ်းက ဖန်ရှင်းလို ဓားပြတစ်ဦး အတွက် ကျေနပ်ဖွယ်ကောင်းနေသည်။

အကယ်၍ ဇနီးမယား အနည်းငယ်သာ သူနှင့်အတူ လိုက်ပါလာလျှင်မူ ပို၍ ပြည့်စုံသွားလိမ့်မည် ဖြစ်သည်။

ယခုမူ နဂါးတစ်ကောင်.. အဘိုးအိုတစ်ဦးနှင့် အတူ တစ်နေ့တာကို နေ့စဥ် ဖြတ်သန်းနေရ၏။

ထိုအတွေးကြောင့် နဂါးမင်းသမီး အောင်းယန်ကျာကို ပို၍ လွမ်းဆွတ်လာခဲ့သည်။

ရှင်းလင်းစွာဆိုရလျှင် သူ့အတွက် ဒီခရီးက နဂါးမင်းသမီးပျောက် ရှာပုံတော်ပင် ဖြစ်သည် မဟုတ်ပါလား။

....

....

ကြယ်ရောင်စုံ ကောင်းကင်တွင် အချိန်အတိအကျ မရှိသည့်အပြင် အချိန်ဥပဒေသကလည်း ပုံမှန် မဟုတ်ပေ။

သူတို့သုံးယောက်က အချိန်အတော်ကြာ ခရီးထွက်လာသော်လည်း ခဏလေးဟုပင် ထင်နေခဲ့၏။

ဖန်ရှင်းက အချိန်ကို ရေတွက်ရန် အလွန်ပျင်းရိသူ ဖြစ်သည်။

ယခုအချိန်တွင် ဖန်ရှင်းက သူ၏ အစစ်အမှန်ကမ္ဘာနှင့် အတော်လေး ရင်းနှီး ကျွမ်းဝင်နေပြီ ဖြစ်၏။

ယခင်က နတ်နန်းတော်တွင် သိမ်းဆည်းထားသော ဆေးဖက်ဝင် မျိုးစေ့အချို့က အစစ်အမှန် ကမ္ဘာထဲတွင် အသီးအပွင့်များ ပွင့်နေပြီ ဖြစ်သည်။

ထိုကမ္ဘာထဲသို့ ထည့်သွင်းထားသော ရာချီသည့်

ဝက်များထဲမှတစ်ကောင်ပင် ရွှေအမြုတေအဆင့်ကို ရောက်ရှိနေပြီ ဖြစ်၏။

လုကျန်းက အင်မော်တယ် သတ္တုများနှင့် မှော်ရတနာများကို အသုံးပြုကာ ဖန်ရှင်း၏ နတ်နန်းတော်ကို ပိုမို ကျယ်ဝန်းအောင် အဆင့်မြှင့်တင်ပေးခဲ့သည်။

ဤသို့ဖြင့် နတ်နန်းတော်က ယခင်ထက် ပေပေါင်း တစ်သောင်းခန့် ကြီးမားလာသည်။

....

....

ဖန်ရှင်းတို့အဖွဲ့က ခေါင်းကိုးလုံး တီကောင်အဖွဲ့နှင့် နဂါးမယ်တော်တို့ အဖွဲ့ကို ယခုအချိန်အထိ လိုက်မမီကြသေးပေ။

သူတို့ လူစုက ခရီးဆက်လာရင်း မမျှော်လင့်သောအရာနှင့် ကြုံလိုက်ရသည်။

ယင်းမှာ မြေပုံထဲမှ လမ်းကြောင်းက ပြင်ပတွင် ပျောက်ဆုံးနေသောကြောင့်ပင်။

ဤနဂါးမျိုးနွယ်စု ရှေးဟောင်းလမ်းက အံ့သြစရာ ကောင်းလောက်အောင် ရှည်လျားသည်။

ယနေ့တွင် ဖန်ရှင်းက အရိုးစု ဦးခေါင်းခွံ၏ ပါးစပ်ဝတွင် ထိုင်၍ အရက်ကို ပျင်းရိစွာ သောက်ရင်း ရုတ်တရက် ခေါင်းမော့၍ တစ်နေရာသို့ ကြည့်လိုက်၏။

အဝေးတစ်နေရာတွင် လျှို့ဝှက်ဆန်းကြယ်သော ဟင်းလင်းပြင်တစ်ခု ရှိနေသည်။

ထို ဟင်းလင်းပြင် အောက်ရှိ ကြယ်များကြားတွင် ကြီးမားသော တိုက်ကြီးတစ်ခုကို ခပ်ရေးရေး တွေ့မြင်နိုင်သည်။

ဟင်းလင်းပြင်၏ အပြင်ဘက် ကြယ်ရောင်စုံ ကောင်းကင်တွင် အဖြူရောင် ကျောက်စိမ်း ရထားလုံး တစ်ခု ရှိနေသည်။

"ဒါက.. "

ဖန်ရှင်း၏ လက်ထဲမှ အရက်အိုးက ချော်ထွက်သွားပြီး အရက်များက အာကာသ ဥပဒေသကြောင့် သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင် တိတ်တဆိတ် လွင့်မျောနေသည်။

"ငါ့ဆီ လာနေတာလား"

ဖန်ရှင်းက သူ့မျက်စိရှေ့မှ မြင်ကွင်းကို စိုက်ကြည့်နေစဉ်မှာပင် ကျောက်စိမ်း ရထားလုံးက သူ့ဆီသို့ ပျံသန်းလာသည်။

ထိုရထားလုံးပေါ်မှ လူများက တစ်ဦးနှင့်တစ်ဦး စိတ်ဝိညာဉ်ချင်း ဆက်သွယ်၍ စကား ပြောဆိုနေကြပြီး ၎င်းတို့၏ စကားလုံးများက ဖော်မပြနိုင်သော ပျော်ရွှင်မှုများနှင့် ရောထွေးနေပုံရသည်။

ထို့နောက်တွင်တော့ ရထားလုံး အနောက်ဘက်ရှိ ရိုးရှင်းသော ခေါင်းလောင်းက ရုတ်တရက် မြည်လာသည်။

ကြယ်ရောင်စုံ ကောင်းကင်ယံ၌ မည်သည့်အသံမျှ မကြားရသော်လည်း ခေါင်းလောင်းသံက ထင်ထင်ရှားရှား ထွက်ပေါ်လာသည်မှာ ထူးဆန်းနေ၏။

အောင်းလီနှင့် လုကျန်းတို့က ခေါင်းလောင်းသံကို ကြားလျှင် နတ်နန်းတော်ထဲမှ ပြေးထွက်လာကြသည်။

"နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်း ဖြစ်တဲ့ ဒီကျယ်ပြောလှတဲ့ကောင်းကင်မှာ ဘယ်သူတွေ ရှိနေတာလဲ"

ဖန်ရှင်းက တအံ့တဩ ရေရွတ်လိုက်သည်။

သူ၏ စကားသံ မဆုံးခင်မှာပင် ကျောက်စိမ်းရထားလုံးက သူတို့ဆီသို့ ရောက်ရှိလာသည်။

"ဆရာကြီး လေးယောက်ရဲ့ အမိန့်အရ မိတ်ဆွေတို့ ရောက်လာမှာကို လွန်ခဲ့တဲ့ အနှစ် သုံးဆယ်ထဲက ငါတို့သိထားခဲ့တယ်..
နောက်ဆုံးတော့ မိတ်ဆွေတို့ ရောက်လာကြပြီပေါ့"

ကျောက်စိမ်း ရထားလုံးပေါ်မှ ဘုန်းတော်ကြီး တစ်ပါးက ဖော်ရွေစွာ ပြောလိုက်သည်။

ဤကျောက်စိမ်း ရထားလုံးပေါ်တွင် နတ်ဆိုးအော်ရာများ လွှမ်းခြုံနေသည့် ချစ်စဖွယ် မိန်းကလေးတစ်ဦး.. တာအိုကျင့်ကြံသူ တစ်ဦးနှင့် ဘုန်းတော်ကြီး တစ်ပါးတို့ လိုက်ပါလာကြသည်။

သူတို့သုံးဦးက ဖန်ရှင်းတို့ သုံးဦးကို တွေ့လျှင် မိတ်ဆွေဟောင်းများနှင့် ပြန်လည် ဆုံတွေ့ရသကဲ့သို့ ဖော်ရွေသော အမူအရာများ ရှိနေကြသည်။

"တကယ်ပဲ ငါတို့ ရောက်လာမှာကို ကြိုသိနေတာလား"

ဖန်ရှင်းက သံသယ မကင်းသော လေသံဖြင့် မေးလိုက်၏။

"ဟုတ်ပါတယ်.. သခင်ဖန်ရှင်း.. အရှေ့ပင်လယ် နဂါးမင်းသားအောင်းလီနဲ့ အစီအရင် နတ်ဘုရား လုကျန်းတို့ ရောက်လာမှာကို ငါတို့တွေ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ထဲက ကြိုသိနေခဲ့တာပါ "

အပိုင်း(၁၂၈၉) ပြီး၏

အပိုင်း(၁၂၉၀) အင်မော်တယ်ကမ္ဘာ

ဖန်ရှင်း.. အောင်းလီ နှင့် လုကျန်းတို့က ကျောက်စိမ်းရထားလုံး သူတို့ဆီသို့ ချဉ်းကပ်လာသည်ကို မြင်လျှင် ထိတ်လန့် တုန်လှုပ်သွားပြီး လှုပ်ရှားရန် အသင့်ပြင်ထားကြသည်။

သို့ရာတွင် ကျောက်စိမ်း ရထားလုံးတွင် လိုက်ပါလာသောသူများက သူတို့ကို ဖော်ရွေစွာ ဆက်ဆံပြီး သူတို့သုံးယောက်၏ နာမည်ကိုပါ အတိအကျ ပြောလိုက်သော အခါတွင် သူတို့ သုံးယောက်လုံးက အံ့ဩ မှင်တက်သွားကြသည်။

"ငါတို့ နာမည်တွေကို ဘယ်လိုသိတာလဲ"

ဖန်ရှင်းတို့ လူစု၏ စိတ်ထဲတွင် ထိုအတွေးက တစ်ချိန်တည်းဝင်ရောက်လာပြီး အထိတ်တလန့် ဖြစ်သွားကြသည်။

မည်သို့ပင်ကြည့်ကြည့်...ထိုသုံးဦးကို သူတို့ မသိသလို ၎င်းတို့၏ အော်ရာကိုလည်း ရင်းနှီးကျွမ်းဝင်မှု မရှိပေ။

ရှင်းလင်းစွာ ဆိုရလျှင် သူတို့က ထိုသုံးဦးကို မသိသော်လည်း ထိုသုံးဦးက သူတို့၏ နာမည် အတိအကျကို သိနှင့်နေခဲ့၏။

မည်သို့ပင် ဖြစ်စေကာမူ ထိုသုံးဦးလုံးက သူတို့ကို ဖော်ရွေစွာဆက်ဆံကြပြီး အားလုံးထဲတွင် ကျင့်ကြံမှု အနိမ့်ဆုံး ဖြစ်သည့်သူ့ကိုပင် လေးလေးစားစား ဆက်ဆံနေ၏။

"မင်းတို့က ဘယ်သူတွေလဲ"

အောင်းလီက ထိုသုံးဦးကို အေးစက်စွာ ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

"ဟားဟား.. တတိယမင်းသားလေး စိတ်မဆိုးပါနဲ့"

ဘုန်းတော်ကြီးနှင့် မိန်းကလေးကြားရှိ တာအိုကျင့်ကြံသူက ပြုံးရွှင်စွာ

ပြောလိုက်သည်။

"ငါက တာအိုသခင်ရဲ့ တပည့်ပါ.. ဒီဘက်က နတ်ဆိုးမိန်းမပျိုကတော့ နတ်ဆိုးသခင်ရဲ့ တပည့်ပေါ့.. ဘုန်းတော်ကြီးကတော့ ဗုဒ္ဓသခင်ရဲ့ တပည့်ပါ.. ငါတို့က သခင်လေးပါးရဲ့ အမိန့်အရ မင်းတို့ သုံးယောက်ကို ကြိုဆိုဖို့ ဒီမှာ စောင့်နေတာ နှစ်ဝက်ရှိပြီ.. ဒီနေ့ မင်းတို့နဲ့ တွေ့ရလို့ ငါတို့ အရမ်းပျော်နေမိတယ်"

"တာအိုသခင်တို့.. နတ်ဆိုးသခင်တို့.. ဗုဒ္ဓသခင်တို့ ဆိုတာ ဘာတွေလဲ"

တာအို ကျင့်ကြံသူ၏ စကားကို ကြားလျှင် ဖန်ရှင်းတို့ သုံးယောက်က အံ့အားသင့်သွားကြသည်။

အထူးသဖြင့် သူတို့ကို ကြိုတင်၍ နှစ်ဝက်မျှ စောင့်ဆိုင်းနေသည် ဟူသော တာအို ကျင့်ကြံသူ၏ စကားကို ကြားလိုက်ရသည့်အခါ သူတို့၏စိတ်က မုန်တိုင်းထန်သွားသည့်နှယ် ရှုပ်ထွေးသွားခဲ့သည်။

ထိုလူများ၏ စကားအရ ဆိုလျှင် သူတို့လူစု ဤနေရာသို့ ရောက်လာမည်ကို နှစ်သုံးဆယ်ခန့် ကြိုတင်၍ ခန့်မှန်းနိုင်သူတစ်ဦး

ရှိနေပါသလော။

"ဟားဟား.. မိတ်ဆွေလေးတို့ သုံးယောက်ဆီမှာ မရေမတွက်နိုင်တဲ့ မေးခွန်းတွေ ရှိနေမယ် ဆိုတာကို ငါ သိပါတယ်..ဒါတွေကို စိတ်မပူပါနဲ့.. တာအိုသခင်နဲ့ တွေ့တဲ့အခါ သိလာပါလိမ့်မယ်"

"ကဲ တာအိုမိတ်ဆွေတို့ ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲမှာခရီးဆက်ရင်း ပင်ပန်းလာပြီ ဆိုတော့ ငါတို့နဲ့ လိုက်ပြီး ရေချိုးအနားယူကြရအောင်.. "

ချစ်စရာ ကောင်းသော အမျိုးသမီးက ညှို့ဝတ် ကျေပွန်ချင်သော အမူအရာဖြင့် ဖော်ရွေစွာ ပြောလိုက်သည်။

ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့ကမူ ပို၍ပင် ပဟေဠိဖြစ်လာ၏။

၎င်းတို့က ကျောက်စိမ်း ရထားလုံးပေါ်မှ လူများ၏ အသေးစိတ် အချက်အလက်များကို နားမလည်နိုင်ဟု ခံစားနေမိကြသည်။

ဖန်ရှင်းက သူတို့လူစုထဲတွင် ဒေါသအကြီးဆုံး ဖြစ်သည့်

အောင်းလီဘက်သို့ လှည့်ကာ စိတ်ဝိညာဉ်ချင်း ဆက်သွယ်၍ သတိပေးလိုက်၏။

"အခုလာတဲ့ သုံးယောက်ရဲ့ကျင့်ကြံမှုက လျော့တွက်လို့ မရဘူး.. သူတို့ထဲမှာ ဘုန်းတော်ကြီးက ကျင့်ကြံမှု အမြင့်ဆုံးပဲ.. ဘာပဲဖြစ်ဖြစ် ငါတို့လူစု သတိထားရမယ်"

"ဒီနေရာက တကယ် ထူးဆန်းတယ်...
ရှေးဟောင်းလမ်းပေါ်မှာဘယ်လိုလုပ် ရှိနေတာလည်း မသိဘူး..
အခြေအနေကို အသေအချာ မသိသေးဘဲ တိုက်ခိုက်လိုက်လို့ မဖြစ်ဘူး.. ဒါကြောင့် သူတို့နဲ့အတူ အရင်လိုက်သွားပြီး လူကောင်းလား.. မိစ္ဆာလားဆိုတာ ကြည့်ကြတာပေါ့"

ဖန်ရှင်းက အောင်းလီနှင့် လုကျန်းကို စိတ်ဝိညာဉ်ချင်း ဆက်သွယ်၍ သတိပေးပြီးသည်နှင့် လာရောက် ကြိုဆိုသူ သုံးယောက်ကို ပြုံးရွှင်သော အမူအရာဖြင့် ဦးညွှတ်လိုက်သည်။

"မိတ်ဆွေတို့ သုံးယောက်ကို ကျေးဇူးအများကြီး တင်ပါတယ်.. ရိုးရိုးသားသား ပြောရရင် ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲမှာ အချိန်တွေ ကုန်ဆုံးခဲ့ရတဲ့အတွက် ဒီလို ဒဏ္ဍာရီနယ်မြေကိုရုတ်တရက်

မြင်လိုက်ရတဲ့အခါ အမြင်မှားတယ်လို့တောင် ထင်နေမိတယ်.. ဒါနဲ့ ငါ့ကို အမေးအမြန်း ထူတယ်လို့ မထင်ပါနဲ့.. မင်းတို့ရဲ့ နယ်မြေကို ဘယ်လိုခေါ်လည်း ဆိုတာ သိလို့ရမလား"

"ခစ်ခစ်.. "

ချစ်စရာကောင်းသော အမျိုးသမီးက သူမ၏ ပါးစပ်ကို လက်ကလေးဖြင့် ပိတ်၍ ရယ်မောလိုက်သည်။

ထို့နောက် သူမက

"ဒါက နယ်မြေ မဟုတ်ပါဘူး.. နင်တို့ ရှာနေတဲ့နေရာပါ"

"အင်မော်တယ်ကမ္ဘာလား"

သူမ၏ စကားထဲမှ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ကြားလိုက်ရလျှင် လုကျန်းက ထိတ်လန့်သွားခဲ့သည်။

ဖန်ရှင်းနှင့် အောင်းလီတို့၏ မျက်နှာများတွင်ပင် ထူးဆန်းသော အမူအရာများ ရှိနေ၏။

"မိတ်ဆွေတို့ သုံးယောက်ကို ဂုဏ်ပြုပါတယ်"

ဖန်ရှင်းတို့ မှင်တက်နေသည့် အချိန်မှာပင် ဘုန်းတော်ကြီးက ပြုံးရွှင်သော မျက်နှာထားဖြင့် ဂုဏ်ပြုလိုက်သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဖန်ရှင်းတို့ သုံးယောက်က တစ်ချိန်တည်းမှာပင် သံသယအပြင်းအထန် ဝင်လာကြသည်။

"ငါတို့ဆီ ရောက်လာတဲ့ လူတွေ အားလုံးက နင်တို့လိုပဲ.. ဒါပေမဲ့ ငါတို့က ရှင်းပြဖို့ စိတ်မပါဘူး.. ဘာလို့လည်း ဆိုတော့ နင်တို့ကိုယ်တိုင် မကြာခင် မြင်ရတော့မှာလေ"

ချစ်စရာကောင်းသော အမျိုးသမီးက ပြောလိုက်၏။

"ကဲ.. ငါ့နောက်ကနေ လိုက်ခဲ့တော့.. မိတ်ဆွေတို့
နေမဲ့နေရာကိုရှင်းလင်းဖို့ အမိန့်ပေးထားပြီးပြီ"

စကားဆုံးသည်နှင့် တာအိုကျင့်ကြံသူက ဖန်ရှင်းကို
ရထားလုံးဆီသို့ဖိတ်ခေါ်လိုက်သည်။

ရထားလုံးထဲ ဝင်လိုက်သောအခါ အတော်လေး ကျယ်ကျယ်ဝန်းဝန်း
ရှိမှန်း ဖန်ရှင်းက သတိထားမိလိုက်သည်။

ထိုအခါမှ ရထားလုံးထဲတွင် ထိုသုံးဦးအပြင်
အမျိုးသမီးငါးယောက်ရှိနေမှန်း သိလိုက်ရ၏။

သူတို့ ရောက်လာသည်နှင့်
အမျိုးသမီးတစ်ယောက်ကခေါင်းလောင်းကို တီးလိုက်သည်။

ခေါင်းလောင်းသံ ထွက်ပေါ်လာလျှင် အမျိုးသမီး တစ်ယောက်က
ကုချင်းတီးကာ နောက်တစ်ယောက်က ပုလွေကို စတင်မှုတ်လိုက်၏။

ကျန်နှစ်ယောက်ကမူ ပန်းပွင့်များ ထည့်ထားသည့် ချင်းတောင်း အသေးလေးထဲမှ ပန်းပွင့်များကို ပန်းမိုးများ ရွာချနေသကဲ့သို့ အပြိုင်အဆိုင် ကြဲနေကြသည်။

သူတို့ ဖြတ်သန်းလာသော ခရီးစဉ်တစ်လျှောက်တွင် မကြုံစဖူး ခမ်းနား ကြီးကျယ်သော မြစ်ကြီးများ နှင့် တောင်တန်းကြီးများကို တွေ့ခဲ့ရသည်။

"သခင်ဖန်ရှင်း.. ဒီကို ရောက်လာတော့ ဘယ်လို ခံစားနေရလဲ"

ဖန်ရှင်း၏ အနားတွင် ထိုင်နေသည့် နူးညံ့သိမ်မွေ့ပြီး ဆွဲဆောင်မှု ရှိသော နတ်ဆိုးမိန်းမပျိုက ဖန်ရှင်းကို ညင်သာစွာ ပွေ့ဖက်ကာ သူမ၏ သွယ်လျသော လက်ချောင်းလေးများဖြင့် စပျစ်သီးကို ခွံပေးရင်း မေးလိုက်သည်။

"ဟားဟား.. အရမ်းပျော်တာပေါ့.. မိန်းမလှလေး အနားမှာ ရှိနေတော့ ခွန်အား ပြည့်နေသလိုတောင် ခံစားမိတယ်"

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်ပြီး နတ်ဆိုးမိန်းမပျို ခွံပေးသည့် စပျစ်သီးကို ကိုက်ရင်း သူမ၏ လက်ချောင်းကိုပါတမင်တကာ

ကိုက်လိုက်သည်။

"ခစ်ခစ်.. ရှင်က ကျမရဲ့ လက်ပါ ကိုက်စားမလို့လား..."

နတ်ဆိုး မိန်းမပျိုက ကန့်ကလျ ပြောလိုက်ပြီး ဖန်ရှင်း၏ ဘယ်ဘက်ပါးကို ခပ်ဖွဖွလေး ပွတ်သပ်လိုက်သည်။

ဖန်ရှင်းက ထူးဆန်းစွာ ရယ်မောလိုက်ပြီး သူ၏လက်ကို ဆန့်ကာ သူမ၏ ခါးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်ရာ သူမ၏ နွေးထွေးသော ကိုယ်ခန္ဓာနှင့် အတော်လေး နီးကပ်သွားပြီး သူမ၏ မွှေးရနံ့များက ဖန်ရှင်း၏ နှာခေါင်းကို ကလူကျီစယ်သွား၏။

ဖန်ရှင်း၏ အသားယူသော အပြုအမူကို နတ်ဆိုး မိန်းမပျိုက မငြင်းဆန်ဘဲ ပါးစပ်ကိုအုပ်၍ တခစ်ခစ် ရယ်မောလိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

အနောက်ဘက်တွင် ထိုင်နေသော အောင်းလီက ဖန်ရှင်း၏ အပြုအမူကို ကြည့်ကာ စိတ်ချင်းဆက်သွယ်၍ ဒေါသတကြီး

အော်ဟစ်လိုက်သည်။

"ငါ့ညီမကို သစ္စာဖောက်တဲ့ အပြုအမူတွေ ငါ့ရှေ့မှာ မလုပ်မိစေနဲ့"

"သောက်ရူးနဂါး.. ဒါက ဟန်ဆောင်နေတာ... နားလည်လား"

ဖန်ရှင်းက နောက်ပြန်လှည့်မကြည့်ဘဲ စိတ်ချင်းဆက်သွယ်၍ အောင်းလီကို ပြောလိုက်သည်။

"ငါတို့က အခု ထူးဆန်းတဲ့ နေရာကို ရောက်နေတာ.. သူတို့နဲ့လိုက်လျောညီထွေ ဖြစ်အောင် နေထိုင်ရမယ်.. မသိရင် ငါ့ဆီကနေ သင်ယူစမ်းပါ"

"မင်းဟာက ဟန်ဆောင်တာရော ဟုတ်ရဲ့လား.. မင်းရဲ့လက်က ဘယ်နားမှာ ဝဲနေလည်းဆိုတာ ငါမသိဘူးများ ထင်နေလား"

ကျောက်စိမ်းရထားလုံးက မြို့ရွာများပေါ်တွင် ပျံသန်းသွားသည့်အခါ အောက်ဘက်ရှိ လူများက အထူးအဆန်း သဖွယ်အော်ဟစ်၍ အမွှေးတိုင်ဖြင့်ပါ ပူဇော်နေကြ၏။

တချို့ဆိုလျှင် ဒူးထောက်၍ ဆုများကိုပင် တောင်းဆိုနေကြသည်။

"ငါသာ အသေအချာ မသိထားရင် ဒီနေရာကို ထျန်းယွမ်တိုက်လို့ ထင်မိမှာ အသေအချာပဲ..."

လုကျန်းက သူ့စိတ်ထဲမှ ခံစားချက်များကို ဖန်ရှင်းထံ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒါက ထျန်းယွမ်တိုက်လိုပါပဲ.."

ဖန်ရှင်းက လုကျန်းကို ပြောလိုက်ပြီး နတ်ဆိုးမိန်းမပျိုကို ပြုံးပြလိုက်သည်။

တကယ်လည်း ဤနေရာမှ လွင်ပြင်များ.. တောင်များ.. ရှည်လျားသောမြစ်များ.. မြို့ကြီးများနှင့် မြို့ကြီးပေါ်တွင်နေထိုင်သောသူများက ထျန်းယွမ်တိုက်နှင့် တစ်ထေရာတည်းနီးပါး တူနေသည်။

ခြားနားချက်ကမူ ဤနေရာရှိ အင်မော်တယ် ချီစွမ်းအင်က ထျန်းယွမ်တိုက်ထက် ပေါများနေခြင်းပင်။

ဤနေရာတွင် နေထိုင်သော သာမန်လူများပင် ကျန်းမာ၍ အသက်ရှည်ကြသည်။

ကျင့်ကြံမှု အခြေခံ မရှိသောသူပင်လျှင် ခွန်အားသန်မာကြသည်။

"ဂုဏ်ထူးဆောင် ဧည့်သည်တွေ ရောက်လာပြီလို့ သခင်လေးယောက်ကို သတင်းပို့လိုက်ဦးမယ်.. မိတ်ဆွေတို့ သုံးယောက်က သခင်လေးယောက် မခေါ်ခိုင်းခင် ဒီတောင်မှာ အနားယူလိုက်ပါဦး"

ကျောက်စိမ်း ရထားလုံးက မြေပြင်နှင့် နီးကပ်စွာ ပျံသန်းသွားပြီး တစ်နာရီခန့် အကြာတွင် ကြီးကျယ် ခမ်းနားသော တောင်ကြီး တစ်ခုဆီသို့ ရောက်ရှိလာသည်။

နတ်ဆိုးမိန်းမပျိုတို့က ဖန်ရှင်းတို့ကို တောင်ပေါ်ရှိ နန်းဆောင်တစ်ခု အရှေ့တွင် ချပေးလိုက်ပြီး ပြန်လည် ထွက်ခွာသွားကြသည်။

သူတို့လူစု နန်းတော်ရှေ့သို့ ရောက်သည်နှင့် မရေမတွက်နိုင်သော စစ်သည်တော်များနှင့် ကျွန်များက သူတို့ကို နှုတ်ဆက်ရန် နန်းတော်ထဲမှ ထွက်လာကြသည်ကို တွေ့လိုက်ရသည်။

သူတို့အားလုံးက ဖန်ရှင်းတို့ကို အလွန် ရိုသေသော အမူအရာဖြင့် ဦးညွှတ် နှုတ်ဆက်လိုက်ကြသည်။

"ဒါ.. ဒါက တကယ်ပဲ အင်မော်တယ်ကမ္ဘာလား"

လုကျန်းက အလွန် တုန်လှုပ်နေပြီး စိတ်ထဲကနေ ကူကယ်ရာမဲ့စွာ ရေရွတ်လိုက်သည်။

ဖန်ရှင်း၏ အမူအရာကလည်း အနည်းငယ် ထူးဆန်းနေသည်။

ဤစစ်သည်များနှင့် ကျွန်အုပ်စုက ရွှေအမြုတေ အဆင့်တွင် ရှိနေသည်ကို သူသတိထားမိခဲ့သည်။

ထိုအထဲတွင် တပ်စုမှူးများကဲ့သို့ လူအနည်းငယ်ကမူ ဝိညာဉ်ဖူးငုံအဆင့် ကျင့်ကြံသူများ ဖြစ်နေကြသည်။

အပိုင်း(၁၂၉၀) ပြီး၏

စာစဥ်(၈၆) ပြီး၏

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၇)

အပိုင်း(၁၂၉၁) လာရောက်ခေါ်ဆောင်ခြင်း

ရွှေအမြုတေ အဆင့် ကျင့်ကြံသူများနှင့် ဝိညာဉ်ဖူးငုံအဆင့် ကျင့်ကြံသူများမှာ ဤနေရာတွင် အမှန်တကယ် ကျွန်တစ်ဦး၏

အသွင်အပြင်မျှသာ ဖြစ်နေသည်။

ယင်းကို ကြည့်ကာ ဖန်ရှင်း.. လုကျန်းနှင့် အောင်းလီတို့၏ စိတ်ထဲတွင် အနည်းငယ် ထိတ်လန့်သွားကြသည်။

၎င်းတို့၏ လက်ရှိ ကျင့်ကြံမှုအဆင့်က ကပ်ဘေးအဆင့် ဖြစ်၍ ကျင့်ကြံခြင်း လောကတွင် ရှားပါးသော တည်ရှိမှုဟု ဆိုနိုင်သော်လည်း ရွှေအမြုတေ အဆင့်နှင့် ဝိညာဉ်ဖူးငုံ အဆင့်တို့မှာမူ ရှားပါးသော တည်ရှိမှု မဟုတ်ပေ။

သို့သော် ထျန်းယွမ်တိုက်တွင်မူ ထိုအဆင့်အတန်းသည် အချို့နေရာငယ်များတွင် ဂိုဏ်းတစ်ခုကို စတင် တည်ထောင်နိုင်သည့် အဆင့်အတန်းတွင် ရှိကြပြီး ဘိုးဘေး အဆင့်အတန်းတွင် ရှိကြသည်။

ထိုသူများက ထျန်းယွမ်တိုက်တွင် ကိုးကွယ်ခံများ ဖြစ်ပြီး ကျွန်များ မဟုတ်ကြသော်လည်း ယခု သူတို့ မျက်စိရှေ့မှောက်ရှိ သူများကမူ ကျွန်များ ဖြစ်နေကြပြီး သူတို့ကို တလေးတစား ဒူးထောက်၍ ဂါရဝပြုနေကြ၏။

"မဟာ အင်မော်တယ်ဘုံမှ ကြိုဆိုပါတယ် "

ကျေးကျွန်များက တညီတညွတ်တည်း သံပြိုင်ရေရွတ်လိုက်ပြီးနောက် ဖန်ရှင်းတို့ သုံးယောက်ကို နန်းတော်ထဲသို့ ခေါ်ဆောင်သွားကြသည်။

ထို့နောက်တွင် အစေခံများက ထျန်းယွမ်တိုက်၏ ဧည့်ဝတ်ပြုသည့် ထုံးစံအတိုင်းပင် ဖန်ရှင်းတို့ကို ရေမိုးချိုး သန့်စင်ပေးခဲ့ပြီး ကြိုဆိုပွဲတစ်ခုပင် ကျင်းပပေးခဲ့သည်။

ထိုကြိုဆိုပွဲ အခမ်းအနားတွင် ဝိညာဉ်ဖူးငုံ အလယ်အဆင့် ကျင့်ကြံသူတစ်ဦးက ဖန်ရှင်းတို့နှင့် အတူထိုင်၍ ဧည့်ဝတ်ပြုခဲ့၏။

ထိုလူက စကားပြောရာတွင် လိမ်မာပါးနပ်သူ တစ်ဦးဖြစ်ပြီးဖန်ရှင်းတို့ သုံးယောက်ကို စိတ်အားထက်သန်မှု အပြည့်ဖြင့် အရက်ငှဲ့ပေးနေသည်။

ဖန်ရှင်းကမူ စိတ်ထဲတွင် အကြံတစ်ခု ရှိနေသဖြင့် သတိလက်လွတ်

မဖြစ်အောင် အရက်ကို ထိန်းထိန်းသိမ်းသိမ်းသာ သောက်နေခဲ့သည်။

"ဒီနေရာအကြောင်း ပြောပြလို့ ရမလား"

ဖန်ရှင်းက စူးစမ်းသော လေသံဖြင့် ဝိညာဥ်ဖူးငုံအဆင့် ကျင့်ကြံသူကို မေးစမ်းကြည့်လိုက်သည်။

"မနက်ဖြန်ကျရင် ဧည့်သည်တော်တို့ကို တစ်ယောက်ယောက်က ရှင်းပြပါလိမ့်မယ်.. ကျနော် ပြောနိုင်တာကတော့ ဧည့်သည်တော်တို့ ဆယ်စုနှစ်များစွာ ကြယ်တွေကြားမှာ ခရီးသွားလာရကျိုး နပ်မှာပါ"

"ငါတို့က ဆယ်စုနှစ်များစွာ ခရီးထွက်ခဲ့တာလား"

ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့က မျက်မှောင်ကြုတ်သွားကြသော်လည်း နောက်ထပ် မေးခွန်းများ ထပ်မမေးတော့ပေ။

ထို့နောက်တွင် ညဥ့်နက်သည်အထိ ဖန်ရှင်းတို့က ဧည့်ခံပွဲကို

ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့ကြပြီး အနားယူရန် အိပ်ခန်းသို့ ပြန်လာခဲ့ကြသည်။

အိပ်ခန်းကို ရောက်သည်နှင့် လုကျန်းက သူတို့လူစု စကား လွတ်လွတ်လပ်လပ် ပြောဆို၍ ရစေရန် မှော်စက်ဝိုင်းဖြင့် စည်းတားထားလိုက်ပြီး ဖန်ရှင်းနှင့် အောင်းလီကို ပြောလိုက်သည်။

"ထူးဆန်းတယ်.. တကယ်ကို ထူးဆန်းတယ်.. ငါတို့ မဟာ အင်မော်တယ်ဘုံကို တကယ် ရောက်နေတာ ဖြစ်နိုင်ပါ့မလား.. ငါတို့တွေ လမ်းတစ်ဝက်လောက်ပဲ ရောက်သေးတာ ရှင်းနေတာပဲဟာ"

ထိုစကားကိုကြားလျှင် အောင်းလီက ရယ်မောလိုက်ပြီး

"ငါတို့ နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်း အဆုံးကို ရောက်သွားတယ် ဆိုရင်တောင် နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းကမ္ဘာမှာပဲ ဖြစ်သင့်တယ်"

"ငါတို့က တာအိုဘာသာနဲ့ ဆက်နွယ်တဲ့ကမ္ဘာကို

ရောက်သွားတာများလား"

လုကျန်းက အနည်းငယ် စိတ်လှုပ်ရှားသော လေသံဖြင့် ပြောလိုက်သည်။

သူက တာအိုကျင့်ကြံသူ တစ်ယောက် ဖြစ်ရာ ထိုသို့ တွေးတောမိခြင်းကို အပြစ်မဆိုသာချေ။

ယခုအချိန်တွင် သူ၏ စိတ်လှုပ်ရှားနေမှုကို ထုတ်ဖော်ပြသရန်ပင် မတတ်နိုင်တော့ချေ။

"မင်းပြောသလို တာအိုဘာသာနဲ့ ဆက်နွယ်နေတဲ့ ကမ္ဘာကြီးဆိုရင် နတ်ဆိုးသခင်နဲ့ ဗုဒ္ဓသခင်က ဘယ်လိုလုပ်ပြီး ဒီရောက်နေမှာလဲ"

ဖန်ရှင်းက လုကျန်းကို မထီမဲ့မြင် စိုက်ကြည့်၍ လုကျန်း၏ ခန့်မှန်းချက်များကို ပယ်ချလိုက်သည်။

လုကျန်းကလည်း သူ၏သုံးသပ်ချက်

မှားယွင်းနေသည်ကိုသဘောပေါက်လိုက်ပြီး ရှက်ကိုးရှက်ကန်းဖြင့်

"ဘာပဲပြောပြော ဒီနေရာက ထူးခြားနေတာတော့ အမှန်ပဲ.. ချီစွမ်းအင် သိပ်သည်းလွန်းတဲ့ အပြင် ဒီနေရာမှာ ရှိတဲ့ ဘယ်အရာမဆို ထျန်းယွမ်တိုက်ထက် ပိုသာလွန်နေတယ်.. ဒီနေရာက ဒဏ္ဍာရီထဲက မဟာအင်မော်တယ်ဘုံနဲ့ ဆင်တူတယ် ဆိုပေမဲ့ ဘာကြောင့်မှန်းတော့ မသိဘူး.. ဒီနေရာကို ရောက်ပြီးတာနဲ့ ပြန်ထွက်မသွားချင်တော့တဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်လာတယ်"

ဟု ပြန်ပြောလိုက်၏။

"ဒါက ငါတို့ နဂါးမျိုးနွယ်စု ရှေးဟောင်းကမ္ဘာရဲ့ စစ်ဆေးရေးဂိတ်များ ဖြစ်နေမလား"

အောင်းလီက လေးနက်သော အမူအရာဖြင့် ဝင်ပြောလိုက်သည်။

"မင်းတို့ နဂါးတွေက ထျန်းယွမ်တိုက်ထက် သာလွန်တဲ့ ကမ္ဘာကြီးကို ဖန်တီးနိုင်လို့လား"

ဖန်ရှင်း၏ စကားများက အောင်းလီကို နှုတ်ဆိတ်သွားစေသည်။

သူတို့ ရောက်ရှိနေသော တိုက်ကြီးက ထျန်းယွမ်တိုက်ထက် အဘက်ဘက်မှ သာလွန်နေပြီး တော.. တောင်.. မြစ်ချောင်းများအပြင် မရေမတွက်နိုင်သော သတ္တဝါများလည်း အသက်ရှင်နေထိုင်ကြသည်။

ရှင်းလင်းစွာ ဆိုရလျှင် ဤတိုက်ကြီးတွင် နေထိုင်သည့် သတ္တဝါများ၏ ကျင့်ကြံမှု အဆင့်နှင့် သက်ရှိ အရေအတွက်က ထျန်းယွမ်ကုန်းမြေ တိုက်ကြီးထက် လုံးဝအားမနည်းပေ။

နဂါးမျိုးနွယ်စု၏ ဘိုးဘေးများက မည်မျှပင် အစွမ်းထက်စေကာမူ ထျန်းယွမ်တိုက်ထက် သာလွန်နေသည့် တိုက်ကြီးကို စစ်ဆေးရေးဂိတ် အဖြစ် အသုံးချနိုင်လောက်သည် အထိတော့ အစွမ်းအစ မရှိပေ။

"ဒီနေရာက လူတွေက ငါတို့ရောက်လာမှာကို ဘယ်လိုလုပ် ကြိုသိနေကြတာလဲ.. မဟုတ်မှလွဲရော နဂါးမယ်တော်နဲ့ ဆရာကြီးလန်တို့က ဒီကို ရောက်နေကြတာများလား"

"ဟူး.. ဒီနေရာက သံသယ ဝင်စရာတွေ အရမ်းများနေတယ်.. ငါတို့တွေ သတိထားမှ တော်ကာကျမယ်"

လုကျန်းက သက်ပြင်းချ၍ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် အောင်းလီကလည်း ခေါင်းညိတ်၍ သဘောတူလိုက်သည်။

ဘာပဲဖြစ်ဖြစ် လုကျန်းပြောတဲ့ ကိစ္စတွေက တကယ်ကို သံသယဝင်စရာ ကောင်းနေ၏။

"ငါတစ်ခု စဉ်းစားမိတယ်.. အကယ်၍ ဒီလူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရရင် ငါတို့ အသာရနိုင်ပါ့မလား"

ဖန်ရှင်းက ခပ်ယွဲ့ယွဲ့ပြုံး၍ မေးခွန်းထုတ်လိုက်သည်။

သူ၏စကားကြောင့် အောင်းလီနှင့် လုကျန်းတို့က တွေဝေသွားကြသည်။

ဤမေးခွန်းက အရေးမကြီးဟု ထင်ရသော်လည်း တကယ်တမ်းတွင် စဉ်းစားသင့်သော အရာဖြစ်သည်။

သူတို့ သုံးယောက်၏ လက်ရှိ ကျင့်ကြံမှု အဆင့်က ထိပ်တန်းဟု ဆိုနိုင်သော်လည်း သူတို့ကို လာရောက် ကြိုဆိုသည့် ကျင့်ကြံသူ သုံးယောက်ကလည်း ခေသူတော့ မဟုတ်ချေ။

ထို့အပြင် ရွှေအမြုတေအဆင့် နှင့် ဝိညာဉ်ဖူးငုံအဆင့် ကျင့်ကြံသူများလည်း ရှိနေပါသေးသည်။

ထိုလူများ အပြင် သူတို့၏ ဆရာဆိုသည့် ဗုဒ္ဓသခင်.. နတ်ဆိုးသခင်နှင့် တာအိုသခင်တို့လည်း ရှိနေသေးသည် မဟုတ်ပါလား။

"ဒါတွေကို မနက်ဖြန်တော့ သိရမှာပဲ"

သုံးယောက်သား အချိန်အတော်ကြာ ဆွေးနွေးပြီးနောက် တပုလ္လင်ခွေထိုင်ကာ ဒုတိယနေ့ ရောက်မည့် အချိန်ကို ငြိမ်သက်စွာ စောင့်ဆိုင်းနေကြသည်။

"တာအိုမိတ်ဆွေ သုံးယောက်.. မနေ့ညက ကောင်းကောင်း အနားယူဖြစ်ရဲ့လား.. ဒီနေ့ ဆရာက မိတ်ဆွေတို့ကို ဖိတ်ခေါ်ခိုင်းလိုက်တယ်.. သုံးယောက်လုံး အဆင်သင့် ဖြစ်မယ်လို့ မျှော်လင့်ပါတယ်"

ဒုတိယနေ့ နံနက်တွင် ဘုန်းတော်ကြီး.. တာအိုကျင့်ကြံသူ နှင့်နတ်ဆိုး မိန်းကလေးတို့က တောင်ပေါ်သို့ ရောက်လာပြီး ဖန်ရှင်းတို့ကို တွေ့ဆုံ၍ ပြောလိုက်သည်။

"မနေ့က သခင်လေးယောက်ဆီကို မိတ်ဆွေတို့ သုံးယောက်ရောက်လာတဲ့ အကြောင်း ငါတို့ သတင်းပို့ထားပါတယ်.. ဒါပေမဲ့ နတ်ဆိုးသခင်နဲ့ ဗုဒ္ဓသခင်က ဘာမှ အကြောင်း မပြန်ခဲ့ဘူး..

တာအို သခင်ကတော့ အရမ်းပျော်နေပြီး မိတ်ဆွေတို့ သုံးယောက်ကို ခေါ်လာဖို့ အမိန့်ပေးလိုက်တယ်"

"နတ်ဆိုးသခင်က ဘယ်သူလဲ"

ဖန်ရှင်းတို့ သုံးယောက်က စိတ်ပိုင်းဆိုင်ရာအရ ပြင်ဆင်ထားပြီး ဖြစ်သော်လည်း မမေးဘဲ မနေနိုင်တော့ချေ။

ဤနေရာကို ပထမဆုံး ရောက်စဥ်က တာအိုသခင်.. နတ်ဆိုးသခင်နှင့် ဗုဒ္ဓသခင်ဟူသည့် စကားများကို ကြားခဲ့ရသည်။

သို့ရာတွင် သခင်လေးပါးဟု ဆိုနေသောကြောင့် ထိုသခင်သုံးပါး အပြင် အခြား မည်သူရှိသေးသနည်း။

ဖန်ရှင်းနှင့် လုကျန်းတို့က အောင်းလီကို ကူကယ်ရာမဲ့စွာဖြင့်တစ်ချက် ကြည့်လိုက်သည်။

ကျန်သခင်တစ်ပါးက နဂါးသခင် ဖြစ်နိုင်ပါသလော။

"နေပါဦး.. မင်းတို့ ပြောနေတဲ့ သခင်သုံးပါးရဲ့ ဇစ်မြစ်ကို ပြောပြလို့ရမလား"

ဖန်ရှင်းနှင့် လုကျန်းတို့ အတွေးနက်နေသော အချိန်တွင် လုကျန်းက စူးစမ်း၍ မေးမြန်းလိုက်၏။

တာအိုကျင့်ကြံသူက အောင်းလီကို ပြုံးပြလိုက်ပြီး

"ငါပြောနိုင်တာက သခင်သုံးပါးလုံးက စိတ်သဘောထား ပြည့်ဝပြီး သက်ရှိတွေ အားလုံးကို ဉာဏ်အလင်းဖွင့်ပေးဖို့ ကရုဏာရှိကြတယ်"

"မင်းတို့ပြောတော့ သခင်လေးပါးရှိတယ်ဆို.. ကျန်တဲ့သခင်ကဘယ်သူလဲ"

ဖန်ရှင်းက မေးခွန်းထုတ်လိုက်သည်။

တာအိုကျင့်ကြံသူက ယဉ်ကျေးစွာ ဦးညွတ်၍

"ဟားဟား... ငါအဘိုးကြီးကို ဒီကိစ္စ မေးမဲ့အစား သခင်သုံးပါးကို အရင်လိုက်တွေ့တာ မကောင်းဘူးလား"

ဟု ပြုံး၍ ပြောလိုက်သည်။

"ကောင်းပြီလေ...ဒါဆိုလည်း ကျေးဇူးပြုပြီး ငါတို့ သုံးယောက်ကို လမ်းပြပေးပါ"

ဖန်ရှင်းက တာအိုကျင့်ကြံသူကို ဆက်၍ မေးခွန်း မထုတ်တော့ဘဲ ပေါ့ပါးစွာ ပြုံး၍ ပြောလိုက်သည်။

"သူက ဗုဒ္ဓအစစ်ပဲ ဖြစ်ဖြစ်.. အင်မော်တယ် အတုပဲ ဖြစ်ဖြစ်.. ငါတို့ ခဏနေ တွေ့ရင် သိရမှာပဲလေ"

အပိုင်း(၁၂၉၁) ပြီး၏

အပိုင်း(၁၂၉၂) လေးနက်သော တရားတော်

တာအိုသခင် နေထိုင်သည့် အနန္တတောင်က ဖန်ရှင်းတို့ အခြေချသော တောင်တန်း၏ အရှေ့ဘက်ဒေသတွင်တည်ရှိသည်။

တမန်တော်သုံးဦးက အလာတုန်းက အတိုင်းပင် ကျောက်စိမ်းရထားကို အသုံးပြုကာ ဖန်ရှင်းတို့ကို အနန္တတောင်သို့ ခေါ်ဆောင်လာခဲ့သည်။

လမ်းခရီး တစ်လျောက်တွင် မရေမတွက်နိုင်သော တောင်တန်းများနှင့် မြစ်များကို ဖြတ်ကျော်ခဲ့ရသည်။

နေ့တစ်ဝက်လောက် ကြာလျှင် တောအုပ်တစ်ခုကို ဖြတ်ကျော်ပြီးနောက် တောင်တန်းတစ်ခုကို တွေ့လိုက်ရသည်။

တောင်တန်း၏ ပတ်ဝန်းကျင် နေရာတိုင်းတွင် မြူခိုးများနှင့်

လေပြည်များ တိုက်ခတ်နေပြီး ထူးခြားဆန်းပြားသော ပန်းခင်းများ အစီအရီ ရှိနေသည်။

တောင်ခြေရင်းတွင် "အနန္တတောင်"ဟု ခန့်ညားစွာ ရေးထားပြီးဝိညာဉ်ဖူးငုံအဆင့် မိုလ်ချုပ်များက အစောင့်အကြပ်များ အဖြစ် ရှိနေကြသည်။

"ညော့်သည်တော်တွေ ရောက်လာပြီ.. ဂိတ်တံခါးကို ဖွင့်လိုက်တော့"

တာအိုကျင့်ကြံသူ ယွီကျီးကျီက အလွန် စိတ်လှုပ်ရှားနေပြီးဂိတ်တံခါးဝသို့ မရောက်မီမှာပင် အလျင်စလို အော်ဟစ်ကာ အမိန့်ပေးလိုက်သည်။

ဘုန်းတော်ကြီး ဖုချန်နှင့် နတ်ဆိုးမိန်းမပျိုတို့ကမူ ယွီကျီးကျီလောက် စိတ်လှုပ်ရှားမှု မရှိချေ။

"ဆရာက အနောက်ဘက်က တောင်မှာ တရားဟောနေတယ်.. ဂုဏ်ထူးဆောင် ညော့်သည့်တော်တွေ ကြွပါ"

ဝိညာဥ်ဖူးငုံ အထွတ်အထိပ် အဆင့် အစောင့်အကြပ်များက ရှိသေစွာ ပြောလိုက်ပြီး ဘယ်ညာနှစ်ဖက်ခွဲ၍ ဂိတ်တံခါးရှေ့တွင် စီတန်းလိုက်သည်။

ဖန်ရှင်းတို့ သုံးယောက်က ကျောက်စိမ်း ရထားလုံး ပေါ်မှ ဆင်းကာ ဂိတ်တံခါးထဲသို့ ဝင်ရောက်ရန် ပြင်လိုက်သည်။

ယင်းအချိန်တွင် တောင်တန်းကို စောင့်ကြပ်နေသော ကျင့်ကြံသူ တစ်ဦးက ရှေ့သို့ တိုးလာပြီး

"အနန္တတောင်ကို ဝင်ချင်ရင် တောင်ရဲ့ စည်းမျဉ်းတွေကို လိုက်နာရမယ်.. ကမ္ဘာငယ်လေးကို ဒီနေရာထဲ ယူဆောင်လာဖို့ ခွင့်မပြုဘူး.. ကျေးဇူးပြုပြီး ဂုဏ်ထူးဆောင် ဧည့်သည်တော်တို့ အနန္တတောင်ရဲ့ စည်းမျဉ်းကို လိုက်နာပေးပါ"

"ငါ့ကမ္ဘာငယ်လေးကို ထားခဲ့ရမှာလား"

ရုတ်တရက်မို့ ဖန်ရှင်းက ထိတ်လန့်တကြားပင် ဖြစ်သွားသည်။

လုကျန်းနှင့် အောင်းလီတို့ကလည်း ဤအခိုက်အတန့်တွင် မျက်မှောင်ကြုတ်သွားကြသည်။

ကမ္ဘာငယ်လေးက မည်သို့သော ရတနာနည်း။

ယင်းက ကမ္ဘာပေါ်တွင် ထိပ်တန်း မှော်လက်နက်ဟု ခေါ်ဆိုနိုင်လောက်ပြီး အစစ်အမှန် အင်မော်တယ်တိုင်းမှာပင် မရှိကြပေ။

အထူးသဖြင့် လုကျန်း၏ ပြင်ဆင်မှုဖြင့် ယခင်ထက် အဆင့်မြင့်သွားသည့် ဖန်ရှင်း၏ ကမ္ဘာငယ်လေးပင်။

ထိုကမ္ဘာငယ်လေးက ရွှေကျီးကန်း၏ ကမ္ဘာငယ်လေးနှင့် မယှဉ်နိုင်သေးသော်လည်း ပထမတန်းစား ကမ္ဘာငယ်လေးဟု ဆိုနိုင်နေပြီ ဖြစ်သည်။

ရှင်းလင်းစွာ ဆိုရလျှင် ဤကမ္ဘာငယ်လေးက ဖန်ရှင်း၏ အဖိုးအတန်ဆုံး မှော်လက်နက်တစ်ခု ဖြစ်၏။

"အိုး.. ငါ့ကို အပြစ်တင်လိုက်ပါ တာအိုမိတ်ဆွေကြီး.. ငါ့ရဲ့ပေါ့လျော့မှုပါပဲ.. ငါသတိပေးဖို့ မေ့သွားတာပါ.. ငါတို့ ဆီမှာ ဒီလို စည်းမျဉ်းမျိုး တကယ်ပဲ ရှိပါတယ်.. ဒါပေမဲ့ စိတ်မပူပါနဲ့.. အချိန်တန်ရင် ပြန်ရမယ်လို့ ငါအာမခံပါတယ်"

တာအိုကျင့်ကြံသူ ယွီကျီးကျီက ပြုံး၍ရှင်စွာ ပြော၍ ဖန်ရှင်းကိုဖျောင်းဖြလိုက်သည်။

"ရပါတယ်.. ငါဒီနေရာမှာ အပ်ထားခဲ့ပါ့မယ်"

ဖန်ရှင်းက ပေါ့ပါးစွာ ပြောလိုက်ပြီး ခါးတွင် ချိတ်ထားသည့် အရိုးစုဦးခေါင်းခွံကို ချွတ်ကာ ပေးအပ်လိုက်သည်။

ထိုကဲ့သို့ ပြောဆိုရ လွယ်ကူမည်ဟု မထင်မှတ်ထားသဖြင့် စစ်ဗိုလ်ချုပ်များနှင့် အစောင့်အကြပ်များပင် အံ့သြသွားကြသည်။

"နားလည်ပေးလို့ ကျေးဇူးတင်ပါတယ်.."

ယွီကျီးကျီက သက်ပြင်းချ၍ ကျေးဇူးတင်စကား ပြောလိုက်ပြီး ဖန်ရှင်းနှင့် အခြားသူများကို ဂိတ်တံခါးထဲသို့ ဝင်ရောက်ရန် ဖိတ်ခေါ်လိုက်သည်။

ဂိတ်တံခါးထဲသို့ ခြေချမိသည်နှင့် ဖန်ရှင်းတို့ သုံးယောက်က ချက်ချင်းဆိုသလို အံ့သြသွားကြသည်။

"ဒီထဲကို ရောက်တာနဲ့ ငါ့ခန္ဓာကိုယ် တစ်ဝိုက်က အင်မော်တယ်ချီတွေက ဆယ်ဆလောက် သိပ်သည်းလာသလိုပဲ.. အသက်ရှူစရာ မလိုတော့ဘူးလို့တောင် ခံစားရတယ်"

"ငါ့ခန္ဓာကိုယ်ကို ဖြတ်သန်း စီးဆင်းနေတဲ့ ချီတွေက စိတ်ဝိညာဉ်တွေကို ဆေးကြော သန့်စင်ပေးနေသလိုပဲ.. ငါ့ရဲ့စွမ်းအားတွေက ဖြည်းဖြည်းချင်း တိုးတက်လာတယ်.. အင်မော်တယ် ဆေးရည်ထဲမှာ အိပ်စက်နေသလိုပဲ"

"ဒီမှာ လေ့ကျင့်ခွင့်ရတဲ့သူက အတော် ကံထူးတဲ့လူလို့ ပြောရမယ်..."

လုကျန်းက ပတ်ဝန်းကျင်ကို မိန်းမောသလို ကြည့်လိုက်ပြီးစိတ်ထဲကနေ ရေရွတ်လိုက်သည်။

ဖန်ရှင်းပင်လျှင် မတုန်လှုပ်ဘဲ မနေနိုင်တော့ချေ။

ဤနယ်မြေရှိ အင်မော်တယ် စွမ်းအင်က သူတို့ နေထိုင်သည့်တောင်တန်းထက် ဆယ်ဆခန့် ပိုမိုပြင်းထန်နေပြီး အခြားနေရာများနှင့် ယှဉ်လျှင်မူ အဆတစ်ရာခန့်ပင် ပို၍ ကြွယ်ဝနေသည်။

ဆိုရလျှင် ဤကဲ့သို့သော ချီသိပ်သည်းဆ မြင့်မားသည့် နယ်မြေက ကျင့်ကြံသူတိုင်း၏ အိပ်မက်တစ်ခု ဖြစ်သည်။

အင်မော်တယ် စွမ်းအင် အလွန်ကြွယ်ဝသဖြင့် ဤနေရာတွင် ကျင့်ကြံခြင်းသည် အခြားနေရာတွင် ကျင့်ကြံခြင်းထက်

သဘာဝအားဖြင့် ရလဒ်နှစ်ဆကို ရရှိစေမည် ဖြစ်၏။

တခြားနေရာတွင် နှစ်ထောင်ချီ ကျင့်ကြံရမည့် အချိန်ကာလထက် ဤနေရာတွင် ကျင့်ကြံလျှင် နှစ်အနည်းငယ်သာ ကြာမြင့်နိုင်မည် ဆိုလည်း မမှားပေ။

"ဟားဟား ငါ့ဆရာက အနောက်ဘက်တောင်မှာ တရားဟောနေတယ်.. မိတ်ဆွေတို့ ငါနဲ့လိုက်ခဲ့ကြပါ"

ယွီကျီးကျီက အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်ကာ ပြုံး၍ ပြောလိုက်ပြီး ရှေ့ကနေ လမ်းပြအဖြစ် ဦးဆောင်သွားခဲ့သည်။

သူတို့ လူစုက တိမ်တွေပေါ်မှ မပျံသန်းကြဘဲ တောင်တက်လမ်း အတိုင်းသာ လမ်းလျှောက်ခဲ့ကြသည်။

ဤနေရာရှိ အင်မော်တယ်စွမ်းအင်က သိပ်သည်းလွန်းသဖြင့်ဖန်ရှင်းတို့က ကြာကြာလျှောက်ရလေ ကောင်းလေဟု တွေးမိကာ လမ်းလျှောက်၍ သွားရသည်ကိုပင်

ပျော်ရွှင်နေကြသည်။

တောင်တက်လမ်း တစ်လျှောက်တွင် သားရဲများနှင့် သဘာဝ အတိုင်းပေါက်နေသည့် ဆေးဖက်ဝင် အပင်များကို တွေ့နေရသည်။

ထို့အပြင် ရှားပါး နှင်းကြာပန်းများကိုလည်း မကြာခဏ မြင်တွေ့ခဲ့ရသည်။

ပတ်ဝန်းကျင်မှ အဖိုးတန် ပစ္စည်းများကို ကြည့်ကာ ဖန်ရှင်းက ခိုးယူရန် အတော်လေး လက်ယားလာပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ စိတ်ထိန်းထားရသည်။

တစ်နာရီခွဲလောက် လမ်းလျှောက်ပြီးနောက် သူတို့လူစုက တောင်အနောက်ဘက်သို့ ရောက်လာခဲ့ပြီး မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရသည်။

ထိုမြင်ကွင်းက ရှေးစာအုပ်များတွင် မှတ်တမ်းတင်ထားသည့်အတိုင်း အင်မော်တယ်များ တရားဟောနေသည့် မြင်ကွင်းနှင့်ဆင်တူနေသည်။

ချိုင့်ဝှမ်းများကြားတွင် လူဒါဇင်ပေါင်းများစွာ တင်ပုလ္လင်ခွေထိုင်ကာ ကျမ်းစာများကို နားထောင်နေကြသည်။

ထိုကျင့်ကြံသူများက ကပ်ဘေး ပထမအဆင့်များ ဖြစ်ကြောင်း ထင်ရှားနေသော်လည်း တရားတော်ကို ရိုသေစွာ နာယူနေကြ၏။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် တရားသံမှလွဲ၍ ဆူညံသံအနည်းငယ်ကိုပင် မကြားရပေ။

ချိုင့်ဝှမ်း၏ အလယ်တွင် စင်မြင့် တစ်ခုရှိနေပြီး ဝတ်စုံဖြူဝတ်ကျင့်ကြံသူ တစ်ဦးက တပုလ္လင်ခွေထိုင်၍ ကျမ်းစာလိပ်ကို ကိုင်ကာ ဖြည်းညင်းစွာ ရွတ်ဆိုနေသည်။

ထိုဝတ်စုံဖြူဝတ် ကျင့်ကြံသူ၏ အနောက်ဘက်တွင်ယပ်တောင်ကို ကိုင်ထားသည့် ကျင့်ကြံသူ နှစ်ဦးက တည်ငြိမ်စွာ မတ်တပ် ရပ်နေကြသည်။

ထိုနှစ်ဦး၏ ခြေရင်းတွင် ဆေးမီးဖိုတစ်ခု ရှိနေပြီး ထိုမီးဖိုထဲမှ ခရမ်းရောင် လေများက ယပ်တောင်မှ လေအရှိန်ကြောင့် အငွေ့များ တလူလူ လွင့်နေသည်။

"ကျင့်စဉ်ရဲ့ ရည်ရွယ်ချက်က ကောင်းကင်လမ်းကို နားလည်ဖို့ပဲ.. ကောင်းကင်နဲ့ ကမ္ဘာတွေက ကျယ်ပြောပြီး အကန့်အသတ် မရှိဘူး ဆိုပေမဲ့ အမှန်တကယ်တော့ တစ်ခုနဲ့တစ်ခု ဆက်စပ်နေကြတယ်"

ဖန်ရှင်းနှင့် အခြားသူများ ဤနေရာသို့ ရောက်ရှိလာသောအခါ စင်မြင့်ပေါ်မှ ကျင့်ကြံသူ၏ ကျမ်းစာရွတ်ဆိုသံကို ကြားလိုက်ရသည်။

အစပိုင်းတွင် သူတို့သုံးဦးက အနည်းငယ် သံသယ ဖြစ်ကာ သတိထား နေကြသော်လည်း ထိုလူ ရှင်းပြသည့် ကျမ်းစာအနည်းငယ်ကို မသိစိတ်က နားထောင်မိပြီးနောက် နှလုံးသားထဲတွင် စီးဝင်သွားသလို ခံစားလိုက်ရ၏။

ထိုလူပြောသမျှ စကားလုံးတိုင်းကို လေးနက်သည့် အမှန်တရားများဟု ခံစားခဲ့ရပြီး သူတို့၏ ကိုယ်ပိုင် ဉာဏ်အလင်းပင် အနည်းငယ် ပွင့်သွားသလို ခံစားခဲ့ရသည်။

ထိုသဘောတရားကို အပြည့်အဝ နားလည်လျှင် ခြေလှမ်းတစ်ဝက် အင်မော်တယ်ဖြစ်ဖို့ သေချာသလောက်ပင်။

"ဒီအဘိုးကြီး.. ဒီအဘိုးကြီးက သေချာပေါက် အစစ်အမှန် အင်မော်တယ်ပဲ.. ပြောလို့ မရဘူး.. အင်မော်တယ်ဘုရင်တောင်ဖြစ်နေနိုင်တယ်"

လုကျန်း၏ အသက်ရှူသံက ပို၍ပင် မြန်ဆန်လာသည်။

"ငါလည်း အဲ့ဒီလို ခံစားမိတယ်. သူပြောတာက တာအိုဘာသာရဲ့ အမှန်တရား လမ်းစဉ် ဖြစ်ပေမယ့် ငါ့ရဲ့ နဂါးကျင့်စဉ်နဲ့လည်း တိုက်ဆိုင်နေတယ်..."

သူတို့ နှစ်ယောက်ရဲ့ အမူအရာကိုကြည့်လျှင် စင်မြင့်ပေါ်မှလူ၏ တရားတော်ကို စွဲလမ်းနေမှန်း သိသာနေသည်။

ဝတ်စုံဖြူဝတ် တာအိုသခင် ရေရွတ်သော ကျမ်းစာများက သူတို့၏

စိတ်နှလုံးကို ဆွဲဆောင်သွားပုံရပြီး ကြည်ညိုမှု အပြည့် ရှိလာစေ၏။

"မဟုတ်သေးဘူး.. ဒါက မှုမမှန်ဘူး..."

တာအိုသခင် ရေရွတ်သော ကျမ်းစာများက အလွန် လေးနက်လွန်းသည်ဟု ဖန်ရှင်းက ခံစားမိသည်။

ကျမ်းစာများကို နားထောင်ပြီးနောက် အချိန်အတော်ကြာ နားမလည်နိုင်ခဲ့သော ခေါင်းတလားထဲမှ ကျမ်းစာများကိုပင် အတော်လေး နားလည်သွားသလို ခံစားမိလိုက်၏။

သို့ရာတွင် ဖန်ရှင်းက ပင်ကိုဗီဇအရ ရိုသေမှု မရှိသူ ဖြစ်ရာအခြားသူများထက် ကျမ်းစာကို စွဲလန်းရာတွင် နှေးကွေးနေသည်။

ကျမ်းစာကို နားထောင်နေသည့် လုကျန်းနှင့် အောင်းလီတို့၏ အစပိုင်းမှာပင် တဖြည်းဖြည်း စွဲလမ်းလာပုံကို ကြည့်ကာ ဖန်ရှင်းက လန့်ဖြန့်သွား၏။

"တကယ့် အင်မော်တယ်ဘုရင် အစစ် ဟောတယ် ဆိုရင်တောင် ဒီငတုံးနှစ်ကောင်ကို ဒီလောက်မြန်မြန် သဘောပေါက်အောင်ဟောနိုင်မှာ မဟုတ်ဘူး"

ဖန်ရှင်းက ထိုသို့ တွေးမိလေ တုန်လှုပ်လာလေလေ ဖြစ်လာပြီး သံသယဖြစ်စရာ အတွေးများကို မတွေးဘဲ မနေနိုင်တော့ချေ။

လူသားမျိုးနွယ်၏ ကျင့်ကြံပုံနှင့် နဂါးမျိုးနွယ်စု၏ နည်းလမ်းက တစ်ခုနှင့်တစ်ခု ဆင်တူသည်ဟု ထင်ရသော်လည်း အမှန်တကယ်တွင် ကွဲပြားသည်။

တာအိုသခင် ရေရွတ်နေသော ကျမ်းစာများက မည်မျှပင် ကျိုးကြောင်း ဆီလျော်မှု ရှိစေကာမူ လုကျန်း တစ်ယောက်တည်းကိုသာ လေးလေးနက်နက် စိတ်ခံစားမှု ဖြစ်စေနိုင်ပြီး အောင်းလီကို ဆွဲဆောင်နိုင်စရာ အကြောင်းမရှိချေ။

ထို့ကြောင့် ယခုလို တစ်ချိန်တည်းတွင် ကျမ်းစာကို စွဲလမ်းနှစ်သက်သွားသည်က အနည်းငယ် ထူးဆန်းနေသည်

မဟုတ်ပါလား။

"အတွေးထဲမှာ မျောမနေနဲ့.. နိုးထတော့"

ဖန်ရှင်းက စိတ်ဝိညာဉ် အတွေးတစ်စကို ထုတ်လွှတ်၍ လုကျန်းတို့ကို သတိပေးလိုက်သော်လည်း သက်ရောက်မှု မရှိခဲ့ချေ။

"ငါတို့ကို အနှောင့်အယှက် မပေးစမ်းနဲ့.. ပြီးတဲ့အထိ နားထောင်ပါရစေဦး"

"ဒီလူပြောတာ အရမ်း ကျိုးကြောင်းဆီလျော်တယ်.. မင်းလည်း နားထောင်သင့်တယ်"

အောင်းလီက ဖန်ရှင်း၏ သတိပေးမှုကို မနာခံသည့်အပြင် သူနှင့်အတူ နားထောင်ရန် ဖန်ရှင်းကိုပါ ပြန်လည် ဖျောင်းဖြနေသည်။

လုကျန်းနှင့် အောင်းလီတို့က ယခုအချိန်တွင် တာအိုသခင်၏

ဟောကြားမှုကိုသာ အမှန်တကယ် ကြားချင်နေကြသည်။

ဖန်ရှင်းက လုကျန်းနှင့် အောင်းလီတို့၏ အခြေအနေကို မြင်လျှင်ပို၍ပင် စိတ်ပူပန်သွားသည်။

ပတ်ဝန်းကျင်မှ ကျင့်ကြံသူ အားလုံးကလည်း တာအို သခင်၏ ဟောကြားချက်တွင် နစ်မြောနေကြ၏

ယင်းအချိန်မှာပင် ဖန်ရှင်းက ရုတ်တရက် အကြံတစ်ခုကို တွေးမိလိုက်ပြီး လက်ခုပ်ကို အားရပါးရတီးကာ ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ကောင်းတယ်.. ကောင်းတယ်.. ဟောတာ အရမ်းကောင်းတယ်"

"ဖြောင်း.. ဖြောင်း.. ဖြောင်း.. ဖြောင်း"

တိတ်ဆိတ်သော ချိုင့်ဝှမ်းတွင် ရုတ်တရက် ကျယ်လောင်သောအသံများ ထွက်ပေါ်လာသောကြောင့်

တာအိုသခင်၏ ကျမ်းစာ ရေရွတ်သံက ရပ်တန့်သွားသည်။

ကျမ်းစာကို နားထောင်နေကြသည့် ကျင့်ကြံသူများက အနှောင့်အယှက် ပေးသည့် ဖန်ရှင်းကို ဒေါသတကြီး ကြည့်လိုက်ကြ၏။

ဖန်ရှင်းကမူ ထိုအကြည့်များကို ဘာမှမဖြစ်သလို ပြန်ကြည့်လိုက်ပြီး

"တရားက အရမ်းကောင်းလွန်းတော့ မချီးကျူးဘဲ မနေနိုင်ဖြစ်သွားတာပါ"

ဟု ခပ်တည်တည်ဖြင့်ပင် ဆင်ခြေပေးလိုက်သည်။

အပိုင်း(၁၂၉၂) ပြီး၏

အပိုင်း(၁၂၉၃) ကျေးဇူးကန်းသော ခေါင်းကိုးလုံးတီကောင်

ကောင်းကင်ဘုံမှ အသံကဲ့သို့ သာယာသော တရားသံများက ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံကြောင့် ရပ်တန့်သွားရာ ကျင့်ကြံသူများ၏ တရားအပေါ် ကြည်နူးစွာ စီးမျောနေမှုကလည်း ပြတ်တောက်သွားရသည်။

ဤအခိုက်အတန့်တွင် လက်ခုပ်တီး၍ ခပ်တည်တည် ဆင်ခြေပေးနေသော ဖန်ရှင်းကို သတ်ဖြတ်လိုသော အကြည့်များဖြင့် အားလုံးက စုပြုံ၍ ကြည့်နေကြ၏။

တရားသံ ရပ်တန့်သွားသဖြင့် လုကျန်းနှင့် အောင်းလီတို့ကရုတ်တရက် အသိဝင်လာသည်။

သူတို့ နှစ်ယောက်လုံးက လေးနက်သော အမူအရာဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ဟားဟား.. ဒီက မိတ်ဆွေက ဘယ်သူများလဲ"

စင်မြင့်ပေါ်တွင် ထိုင်နေသည့် ဝတ်စုံဖြူဝတ် တာအို ကျင့်ကြံသူက

ဖန်ရှင်းကို တည်ငြိမ်စွာ ကြည့်၍ မေးခွန်းထုတ်လိုက်၏။

"တာအိုသခင် ခွင့်လွှတ်ပေးပါ.. သူက "

ယွီကျီးကျီက အလွန်ထိတ်လန့်စွာဖြင့် မြေပြင်ပေါ်သို့ ကမန်းကတန်း ဒူးထောက် ဦးညွှတ်၍ ပြောလိုက်သည်။

"ဟားဟား.. တာအိုသခင်က ကျနော့်ရဲ့ အပြစ်တွေကို သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးပါ.. ကျနော်က ထျန်းယွမ်တိုက်ကနေ ဒီနယ်မြေကို ရောက်လာတဲ့ ကျင့်ကြံသူပါ.. တာအိုသခင်ရဲ့ တရားတော်ကို နားထောင်မိပြီး ကျေနပ်အားရလွန်းလို့ လက်ခုပ်တီးလိုက်မိတာပါ"

ဖန်ရှင်းက ယွီကျီးကျီ၏ မိတ်ဆက်ပေးခြင်းကိုပင် မစောင့်ဘဲ တာအိုသခင်ကို ရယ်မော၍ ပြောလိုက်ပြီး ရှေ့သို့ လျှောက်သွားခဲ့သည်။

"ကျေနပ်အားရတာနဲ့ တရားပွဲကို အနှောင့်အယှက် ပေးရလား.. ဒါက

ဘယ်လို အပြစ်မျိုးလည်း ဆိုတာ နားမလည်ဘူးလား.. "

"စစ်သည်တော်တွေ.. တာအိုသခင်ရဲ့ တရားပွဲ အခိပ္ပါယ်မဲ့ နှောင့်ယှက် ခံနေရတာကို ဘာလို့ အရေးမယူသေးတာလဲ"

"သောက်သုံးမကျတဲ့ တမန်တော်တွေက ဘယ်က ကလေကချေတွေကို တရားပွဲဆီ ခေါ်လာတာလဲ"

တရားတော်ကို နာကြားနေသည့် ကျင့်ကြံသူများက ဒေါသထွက်ကာ မတ်တပ် ထရပ်လိုက်ကြပြီး စစ်သည်တော်များကို အမိန့်ပေးလိုက်ကြသည်။

"ဒါက..."

ထိုစကားများကို ကြားလိုက်ရသည်နှင့် ဖန်ရှင်းတို့ကို တာဝန်ခံ၍ ခေါ်လာသည့် ယွီကျီးကျီက အနည်းငယ် ရှက်သွားပြီး တခဏမျှ အေးခဲသွားသလို ခံစားလိုက်ရသည်။

ဖန်ရှင်းကမူ ဘာစကားမှ မပြောဘဲ ခပ်ပြုံးပြုံး အမူအရာဖြင့်သာ ရှိနေသည်။

အောင်းလီနှင့် လုကျန်းတို့ကမူ ထိတ်လန့် တုန်လှုပ်နေကြပြီး အချိန်မရွေး တိုက်ပွဲဝင်ရန် အဆင်သင့်ပြင်သည့် အနေဖြင့် ၎င်းတို့၏ ချီများကို တိတ်တဆိတ် လှုံ့ဆော်ထားလိုက်ကြသည်။

"ဟားဟား.. ငါ့ရဲ့ညော့်သည်တော်တွေကို စိတ်မဆိုးပါနဲ့ ကျင့်ကြံသူတို့"

ဤအခိုက်အတန့်မှာပင် ဝတ်စုံဖြူဝတ် တာအိုသခင်က ပြုံးရွှင်စွာ ပြောလိုက်သည်။

"ဒါက ဒီက ညော့်သည်တော်ရဲ့ အမှား မဟုတ်ပါဘူး.. တကယ်တော့ ငါကိုယ်တိုင် သူတို့ကို ခေါ်ခိုင်းထားတာပဲ.. ဒါပေမဲ့ တရားထဲမှာ စိတ်နစ်ပြီး သူတို့ကို မေ့သွားခဲ့တယ်.. ဟားဟား.. ဒီနေ့တော့ နောက်ကျနေပြီ ကျင့်ကြံသူတို့.. ဘာလို့ မပြန်ကြသေးတာလဲ.. နောက် သုံးလလောက်ကြာရင် ငါဒီကို ပြန်ရောက်လာပြီး တရားဟောဦးမှာပဲလေ"

"အို"

တာအိုသခင်၏ စကားကို ကြားလျှင် ကျင့်ကြံသူများကတိတ်ဆိတ်သွားပြီး ဖန်ရှင်းကို မကျေမနပ် ကြည့်လိုက်ကြ၏။

ထို့နောက်တွင် ၎င်းတို့က တာအိုသခင်ကို ဂါရဝပြု နှုတ်ဆက်ကာ ဖန်ရှင်း၏ အနားကနေ တစ်ယောက်ပြီး တစ်ယောက် ဖြတ်လျှောက်၍ မကျေမနပ်ကြည့်ကာ ပြန်သွားကြသည်။

"မင်းဒီမှာ ဆက်နေရင် ငါ့လက်က မလွတ်စေရဘူး"

တချို့လူများကမူ ဖန်ရှင်းကို ကြိုးဝါးပြီးမှ ထွက်ခွာသွားကြသည်။

ကျင့်ကြံသူအားလုံး ထွက်ခွာသွားသောအခါ တာအိုသခင်က ဖန်ရှင်းတို့ သုံးယောက်ကို လက်ယပ်၍ ခေါ်လိုက်ပြီး

"လာပါ ဒီကိုလာခဲ့ပါ"

"စင်မြင့်က ပိစိလေး.."

ဖန်ရှင်းက စိတ်ထဲကနေ လှောင်ပြောင်လိုက်သော်လည်း အပြင်ဘက်တွင်မူ လုကျန်းနှင့် အောင်းလီတို့ နည်းတူ တာအိုသခင်ကို ယဥ်ကျေးစွာ ဂါရဝပြု နှုတ်ဆက်၍ စင်မြင့်ပေါ်သို့ တစ်ချိန်တည်းမှာပင် ပျံသန်းလိုက်ကြသည်။

"ဟူး.. တာအိုသခင်က အစစ်အမှန် အင်မော်တယ် ဆိုတာသေချာတယ်.. သူ့ရဲ့ ကျင့်ကြံမှုအဆင့်က ငါတို့ နားမလည်နိုင်လောက်တဲ့ အထိပဲ"

စင်မြင့်နှင့် နီးကပ်လာသည်နှင့် အမျှ တာအိုသခင်ကို လက်လှမ်း မမီနိုင်သည့် ကြယ်ရောင်ကောင်းကင်ကြီးလို ခံစားလာရသည်။

ထို့အပြင် တာအိုသခင်၏ အရှိန်အဝါက သူတို့ကို ဦးညွှတ်စေနိုင်စွမ်း

ရှိသော်လည်း အော်ရာ အတက်အကျများကိုမူ မခံစားမိပေ။

ဤအခိုက်အတန့်တွင် ဖန်ရှင်းတို့ သုံးယောက်လုံးက အံ့သြတုန်လှုပ်သွားပြီး အမှားအယွင်း အနည်းငယ်မျှပင် မပြုလုပ်ရဲတော့ချေ။

တာအိုသခင်က ဖန်ရှင်းတို့ကိုကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"လွန်ခဲ့သည့် အနှစ်သုံးဆယ် ကတည်းက ဧည့်သည်တော် သုံးဦးလာမှာကို ကြိုသိနေခဲ့လို့ တပည့်တစ်ဦးစီကို ကြယ်ရောင်စုံ ကောင်းကင်ကြီးမှာ ကြိုဆိုခိုင်းခဲ့တယ်.. နောက်ဆုံးတော့ ဧည့်သည်တော်တို့ သုံးယောက်လုံး ရောက်လာကြပြီပေါ့"

"ငါတို့ လာမယ်လို့ ကြိုတွက်ထားတာ ဒီအဘိုးကြီးလား"

ဖန်ရှင်းက အနည်းငယ် ထိတ်လန့်သွားပြီး ထူးဆန်းသလို ခံစားနေရ၏။

ဤလူက လွန်ခဲ့ အနှစ်၃၀ လောက် ကတည်းက သူတို့ရောက်လာမည်ကို ကြိုသိခဲ့ပါသလော။

ဖန်ရှင်းက ထိုသို့ မယုံကြည်ချင်သလို စိတ်ထဲရှိ သံသယစိတ်ကလည်း ပိုမို ပြင်းထန်လာသည်။

လုကျန်းနှင့် အောင်းလီတို့ကမူ သူနှင့် မတူဘဲ တာအိုသခင်ကိုကြည်ညိုလေးစားမှု အပြည့်ဖြင့် ကြည့်နေကြသည်။

"ဟားဟား.. အင်မော်တယ်အဆင့်က အရမ်း အံ့သြဖို့ကောင်းတာပဲ.. အနှစ်၃၀မှာ ဘာဖြစ်မယ် ဆိုတာတောင် ကြိုတင်သိနိုင်တယ်.. ဒီလို အဆင့်က အန္တိုင်းမဲ့ အဆင့်ပဲ"

ဖန်ရှင်းက ရယ်မောရဲ စိတ်အား ထက်သန်သော အမူအရာဖြင့် တာအိုသခင်ကို မြှောက်ပင့် ပြောဆိုလိုက်သည်။

"ဟမ့်.. ငါတို့ ဆရာသာ သိချင်ရင် အနှစ်သုံးဆယ် မပြောနဲ့.. အနှစ် ငါးရာလောက်ကိုတောင် ကြိုတင်သိနိုင်တယ်..

ဘာတွေအဆန်းတကြယ် လုပ်နေတာလဲ"

တာအိုသခင်၏ အနောက်ဘက်မှ ယပ်တောင် ကိုင်ထားသည့် လူငယ် ကျင့်ကြံသူက ဖန်ရှင်းကို အထင်သေးစွာ ကြည့်၍ ပြောလိုက်သည်။

"နို့နံ့တောင် မစင်သေးတဲ့ ကောင်လေး.. ငါစကားပြောနေတာကို အနှောင့်အယှက် မပေးနဲ့.. ထွက်သွားစမ်း"

ဖန်ရှင်းက ယပ်တောင် ကိုင်ထားသည့် လူငယ် ကျင့်ကြံသူကိုစိုက်ကြည့်၍ ကြိမ်းမောင်းလိုက်ရာ လူငယ် ကျင့်ကြံသူက အရှက်ရသွားပြီး မျက်နှာကြီး နီရဲသွားသည်။

ထို့နောက်တွင် ဖန်ရှင်းက လူငယ်ကို လျစ်လျူရှုလိုက်ပြီး တာအိုသခင် ဘက်သို့ လှည့်၍

"မဟာ အင်မော်တယ်ဘုံကို ခရီးဆက်ဖို့ ငါတို့မှာ စားရိတ်ပြတ်နေပြီ.. ငါတို့ကို အရင်းအမြစ် နည်းနည်းလောက် ချေးလို့ရမလား"

ဖန်ရှင်းက ငွေချေးတာကို အကြောင်းပြပြီး ဤနေရာက တမန်တော်သုံးဦး ပြောသလို မဟာအင်မော်တယ်ဘုံ ဟုတ်မဟုတ် တစ်ဖက်လှည့်ဖြင့် စစ်ဆေးလိုက်သည်။

သို့ရာတွင် လုကျန်းနှင့် အောင်းလီတို့ကမူ ဖန်ရှင်း၏ ရည်ရွယ်ချက်ကို နားမလည်သဖြင့် မျက်စိမျက်နှာ ပျက်နေကြသည်။

"ချီးထဲမှပဲ.. ဒီလိုအချိန်ကြီးမှာ ဘာလို့ တိုက်ရိုက်ကြီး အချေးအငှား လုပ်နေရတာလဲ"

တမန်တော်သုံးဦးပင် ဖန်ရှင်း၏ ရဲတင်းမှုကြောင့် စကားမပြောနိုင်အောင် ဖြစ်သွားရသည်။

"ဟားဟား.. ငါအဘိုးကြီးက မင်းတို့တွေ မဟာ အင်မော်တယ်ဘုံကို ရှာနေတာ သိပါတယ်..."

တာအိုသခင်က တည်ငြိမ်စွာပင် ပြုံးရယ်၍ ပြောလိုက်သည်။

"မင်းတို့ သုံးယောက် ရောက်လာမယ်လို့ လွန်ခဲ့တဲ့ အနှစ်၃၀ထဲက ကြိုသိပြီးသားပါ.. ကဲ မင်းတို့ ရောက်လာပြီဆိုတော့ ငါ့ကို ဘာတောင်းဆိုချင်လဲ.. တာအိုရဲ့ သဘောတရားတွေကို ရှင်းပြပေးပါ ဆိုရင်တောင် ငါ မင်းတို့ နားလည်အောင် ရှင်းပြပေးပါ့မယ်"

ထိုစကားကို ကြားလျှင် လုကျန်းက စိတ်လှုပ်ရှားသွားပြီး တာအိုသခင်ကို ကြည့်လိုက်သည်။

တာအိုသခင်က ထိုအကြည့်၏ အဓိပ္ပါယ်ကို သဘောပေါက်ပြီးလုကျန်းကို စူးစိုက်ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။

"တာအိုရဲ့ သဘာဝက ဘာလဲ"

ထိုမေးခွန်းကြောင့် လုကျန်းက အမှန်တကယ် ထိတ်လန့်သွားပြီး

"တာအိုရဲ့ သဘာဝက ကောင်းကင်နဲ့ မြေကြီးရဲ့ နိယာမပဲ.. ငါ အဲ့ဒီလောက်ထိပဲ နားလည်ပါတယ်.."

"ဟားဟား မဆိုးပါဘူးကွ"

တာအိုသခင်က လုကျန်း၏ အဖြေကို ကြားလျှင် သူ၏ မုတ်ဆိတ်မွေးကို ပွတ်သပ်၍ ပြုံးလိုက်ပြီ

"တာအိုက ကောင်းကင်နဲ့ မြေကြီးရဲ့ အမြင့်မြတ်ဆုံး နိယာမဖြစ်ပြီး ကျယ်ပြောလှတဲ့ စကြာဝဠာကြီးတွေ.. လူသားတွေ.. နတ်ဘုရားတွေနဲ့ ဗုဒ္ဓတွေ အားလုံးက တာအိုထဲမှာ ရှိနေကြတယ်...ဆိုလိုတာက တာအိုက အရာရာပဲ.. မင်း ဘာလို့ ဒီဘဝမှာ တာအိုကို ကျင့်ကြံရတာလဲ"

"ဘာအတွက်လဲ ဟုတ်လား "

လုကျန်းက တာအိုသခင်၏ မေးခွန်းကြောင့် အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။

"အဘိုးကြီးလုက အသက်ရှည်ချင်လို့ တာအိုကို ကျင့်ကြံနေတာ..

သူက သေရမှာ ကြောက်တယ်လေ"

လုကျွန်း မဖြေရသေးခင်မှာပင် ဖန်ရှင်းက လုကျွန်း ကိုယ်စား ဝင်ဖြေပေးလိုက်သည်။

"ဒါနဲ့ တာအိုသခင်ကို မေးရဦးမယ်.. ဒီနေရာက မဟာအင်မော်တယ်ဘုံ ဆိုတော့ တာအိုဘာသာရဲ့ ရှေးဟောင်းကမ္ဘာက ဘယ်ရောက်သွားတာလဲ"

ဖန်ရှင်း၏ မေးခွန်းကိုကြားလျှင် တာအိုသခင်က ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်ပြီး တာအိုနှင့် ပတ်သက်၍ လုကျွန်းကိုဆက်လက် မသင်ပြနိုင်တော့ဘဲ စကားစပြတ်သွားသည်။

အချိန်အတော်ကြာမှ တာအိုသခင်က ကြယ်ရောင်စုံကောင်းကင်ကို မျှော်ကြည့်လိုက်ကာ

"ဒီနေရာက မဟာအင်မော်တယ်ဘုံ အသစ်ပါ.. တကယ့် တာအိုကမ္ဘာ..နဂါးကမ္ဘာ.. အနောက်ကောင်းကင်ဘုံ နဲ့ နတ်ဆိုးဘုံတွေ အားလုံးက ပျက်စီးသွားကြပြီ.. အဲ့ဒီကနေ လွတ်မြောက်လာတဲ့

ငါတို့က ဒီနယ်မြေမှာ ပြန်လည် စုစည်းခဲ့ကြပြီး ဘုံအသစ်ထူထောင်ခဲ့ကြတယ်.. ငါတို့ရဲ့အဓိက ရည်ရွယ်ချက်က လမ်းလွဲနေတဲ့ ကျင့်ကြံသူတွေကို တရားဟောပြီး သွန်သင်ပြသဖို့ပဲ"

"ဘုံလေးခုနဲ့ ဖွဲ့စည်းထားတဲ့ မဟာအင်မော်တယ်ဘုံက ပျက်စီးသွားပြီလား"

ဖန်ရှင်းတို့ သုံးယောက်လုံးက တိုင်ပင်မထားဘဲ တစ်ချိန်တည်းမှာပင် ထိတ်လန့်တကြား ရေရွတ်လိုက်ကြသည်။

တာအိုသခင်က ဤနယ်မြေနှင့် ပတ်သက်၍ သူတို့၏ သံသယများကို ဖြေရှင်းပေးခဲ့သော်လည်း ထိုအရာကပင် သူတို့၏ ရင်ထဲ၌ ပိုမိုကြီးမားသော ပဟေဋ္ဌိတစ်ခုကို ဖြစ်ပေါ်လာစေခဲ့သည်။

မဟာအင်မော်တယ်ဘုံက မည်သည့် ကပ်ဘေးကြောင့် ပျက်စီးသွားရသနည်း။

"မဟာအင်မော်တယ်ဘုံ အသစ် ဖြစ်တဲ့ ဒီနယ်မြေက မူလနယ်မြေကို မီနေပါပြီ.. ဒါက လက်ရှိ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော

အင်မော်တယ် နယ်မြေပါ"

တာအိုသခင်က ဖန်ရှင်းတို့ကို ရှင်းပြလိုက်သည်။

ယွီကျီးကျီကလည်း သက်ပြင်းချ၍ လေသံတိုးတိုးဖြင့် ဝင်ပြောလိုက်သည်။

"တာအိုကျင့်ကြံသူ သုံးယောက်.. ငါ့ဆရာက မင်းတို့ကို မလိမ်ပါဘူး.. မင်းတို့ရဲ့ ခရီးစဉ်က ဒီနေရာမှာ အဆုံးသတ်သွားပြီ.. ဆက်သွားချင်သပ ဆိုရင်လည်း ကြယ်ရောင်စုံ ကောင်းကင်မှာ သေဖို့တစ်လမ်းပဲ ရှိတော့တယ်"

"ဒီနေရာက ခရီးစဉ်ရဲ့ အဆုံးသတ်ဆိုရင် ခေါင်းကိုးလုံးတီကောင်ကရော ဘယ်နေရာမှာလဲ"

အောင်းလီက ရုတ်တရက် ကောက်ကာငင်ကာ မေးခွန်းထုတ်လိုက်သည်။

သူက ပေါ့ပေါ့ပါးပါးပင် မေးလိုက်သော်လည်း "ခေါင်းကိုးလုံးတီကောင်" ဟူသည့် စကားလုံး ထွက်လာသည်နှင့် တပြိုင်နက် ပတ်ဝန်းကျင် တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

တမန်တော်သုံးဦး အပြင် အနီးနားရှိ စစ်ဗိုလ်ချုပ် အားလုံး၏ မျက်နှာ အမူအရာတွေပါ အကြီးအကျယ် ပြောင်းလဲသွားကြသည်။

လူတချို့ကမူ သတ်ဖြတ်လိုသော အမူအရာဖြင့်

"အဲဒီ ကျေးဇူးကန်းတဲ့ သားရဲအကြောင်းကို မပြောစမ်းနဲ့”

ဟု ကြုံးဝါးလိုက်ကြသည်။

အပိုင်း(၁၂၉၃) ပြီး၏

အပိုင်း(၁၂၉၄) ကောင်းကင်နန်းတော်ဘယ်မှာလဲ

"ခေါင်းကိုးလုံး တီကောင်က တကယ်ပဲ ဒီကို ရောက်လာတာကိုး"

ဤနယ်မြေရှိ လူများ၏ စကား အသုံးအနှုန်းများက ဖန်ရှင်းတို့ သုံးယောက်ကို ခေါင်းကိုးလုံး တီကောင် အကြောင်း သဲလွန်စ ရစေခဲ့သည်။

"ဘယ်လို ကျေးဇူးကန်းတာလဲ ငါ့ကို နားလည်အောင် ရှင်းပြပါ"

ဖန်ရှင်းက အနည်းငယ် စိတ်လှုပ်ရှားသော လေသံဖြင့် မေးလိုက်သည်။

ပတ်ဝန်းကျင် တစ်ခုလုံးက ခဏမျှ တိတ်ဆိတ်နေပြီးနောက်တွင် တာအိုသခင်က ယွီကျီးကျီကို လက်ဝှေ့ရမ်းပြလိုက်သည်။

ထိုအဓိပ္ပါယ်ကို နားလည်သည့် ယွီကျီးကျီက ရှေ့သို့ တိုးလိုက်ပြီး

"မိတ်ဆွေတို့ သုံးယောက်ကို ဖုံးကွယ်မထားပါဘူး.. ငါတို့နယ်မြေကို နှစ်အနည်းငယ် သို့မဟုတ် ဆယ်စုနှစ်တိုင်းမှာ ကျင့်ကြံသူတွေ

ရောက်လာလေ့ ရှိတယ်.. ငါတို့ကလည်း ဘယ်သူ့ကို မဆို နွေးနွေးထွေးထွေး ကြိုဆိုခဲ့ကြပါတယ်.. ဒါပေမဲ့ ငါတို့က ဘယ်လောက်ပဲ ရိုးသားနေပါစေ လူတိုင်းကတော့ ငါတို့လိုမရိုးသားကြဘူးလေ"

"ဟူး..."

ယို့ကျီးကျီ၏ စကားကို ကြားလျှင် ပတ်ဝန်းကျင်မှ လူများ၏ သက်ပြင်းချသံများ အစီအရီ ထွက်ပေါ်လာသည်။

ယို့ကျီးကျီက သူ၏စကားကို ပြန်ဆက်လိုက်သည်။

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ခေါင်းကိုးလုံး တီကောင်က နဂါးနန်းတော် ကမ္ဘာငယ်လေးကို မောင်းနှင်ပြီး ဒီကို ရောက်လာခဲ့တယ်"

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကလား"

ယှီကျီးကျီ၏ စကားက ဖန်ရှင်းတို့ သုံးယောက်၏ စိတ်နှလုံးကို လှိုင်းတံပိုး သဖွယ် လှုပ်ခတ်သွားစေခဲ့သည်။

သူတို့ကို ပထမဆုံး ထိတ်လန့်စေသည့် အရာက ခေါင်းကိုးလုံး တီကောင် ဤနယ်မြေကို ရောက်လာသည့် အချိန်ကာလ ဖြစ်၏။

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကလား ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

သူတို့နှင့် ခေါင်းကိုးလုံးတီကောင်က ကြယ်ရောင်စုံ ကောင်းကင်လမ်းကို ရှေ့ဆင့်နောက်ဆင့် ခရီးထွက်ခဲ့ကြသည်။

အချိန်ကာလအားဖြင့် ဆိုလျှင် ဆယ်ရက်မျှသာ ကွာခြားမှုရှိခဲ့သည်။

သူတို့သုံးယောက်က ဆိတ်ငြိမ် မြေဆီလွှာကို သန့်စင်နေခဲ့၍ တစ်လကျော်မျှ နှောင့်နှေးနေခဲ့သော်လည်း နောက်ပိုင်းတွင် သူတို့ သုံးယောက်၏ တိုးတက်လာသော ခွန်အားကြောင့် ခရီးဆက်သည့် အမြန်နှုန်းကလည်း တိုးတက်လာသည်။

ရှင်းလင်းစွာ ဆိုရလျှင် ခေါင်းကိုးလုံး တီကောင်က သူတို့ထက် တကယ်မြန်တယ် ဆိုလျှင်ပင် သူတို့ထက် အနှစ်သုံးဆယ်လောက် စောပြီး ဤနယ်မြေကို ရောက်လာဖို့ ဆိုသည်မှာ အခွင့်ပင်မရှိပေ။

ယွီကျီးကျီ၏ အမူအရာက လိမ်ညာနေသည့်ပုံ မပေါက်သဖြင့် သူတို့သုံးယောက်က စိတ်ထဲမှ ထိတ်လန့် တုန်လှုပ်သွားသော်လည်း ယွီကျီးကျီ ပြောသမျှကို ဆက်လက် နားထောင်နေခဲ့သည်။

"လောကမှာ သက်ရှိတွေက အသက်ရှည်ဖို့အတွက် တာအိုကို ရှာဖွေကြတယ်.. အင်မော်တယ် အကျင့်တွေကို ကျင့်ကြံပြီးအင်မော်တယ် ဘဝကို ရောက်နိုင်ကြတယ်"

"ခေါင်းကိုးလုံး တီကောင်က ငါ့ဆရာ တာအိုသခင်ကို သူ့ဆရာအဖြစ် တင်မြှောက်ပြီး လမ်းညွှန်မှုကို တောင်းခံခဲ့တယ်.. ငါ့ဆရာကလည်း သူ့ကို အရမ်းတန်ဖိုးထားတယ်.. နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို လျှောက်လာတာလို့ သိခဲ့ရပြီးနောက်မှာ ဆရာလို့ အသိအမှတ် ပြုစရာ မလိုဘူးလို့တောင် ပြောခဲ့တယ်.. ဆရာက အခြားသခင်တွေနဲ့ပါ ဆွေးနွေးပြီး သူ့ကို နဂါးသခင် ရာထူးကို ပေးအပ်ဖို့ပါ တိုင်ပင်ခဲ့တယ်"

"ဟမ့်.. တီကောင်က ဘယ်လိုလုပ် နဂါးသခင်လုပ်မှာလဲ"

အောင်းလီက ဒေါသတကြီး ပြောလိုက်ရာ ဖန်ရှင်းက အောင်းလီ၏ လက်ကို ဖမ်းညှစ်၍ သတိပေးလိုက်ရသည်။

အောင်းလီ မကျေမနပ် ဖြစ်လည်း ဖြစ်ချင်စရာပင်။

ခေါင်းကိုးလုံး တီကောင်က နဂါးမျိုးနွယ်စု၏ ကံကြမ္မာကို ခိုးယူသော တရားခံ ဖြစ်သော်လည်း နဂါးသခင်အဖြစ် ချီးမြှောက်ခံရလု ဆဲဆဲ ဖြစ်ခဲ့သည် မဟုတ်ပါလား။

သို့ရာတွင် ဖန်ရှင်း၏ သတိပေးခြင်းကို ခံရပြီးနောက် အောင်းလီက ယခုအချိန်မှာ ဒေါသထွက်ရမည့် အချိန် မဟုတ်ကြောင်း ကောင်းကောင်းသိသည်။

"အဟမ်း.. "

တာအိုသခင်က အောင်းလီ အဘယ်ကြောင့် ဒေါသထွက်နေသည်ကို

ရိပ်စားမိကာ ယို့ကျိုးကျိုကို ချောင်းဟန့်၍ သတိပေးလိုက်၏။

ယို့ကျိုးကျိုကလည်း ချက်ချင်းပင် သဘောပေါက်လိုက်သည်။

"တာအိုသခင်နဲ့ အခြား လေးစားထိုက်တဲ့ သခင်အချို့က သူ့အပေါ်မှာ အမြဲ ကောင်းခဲ့ရုံတင်မက သူနဲ့အတူ ပါလာတဲ့ သူ့ရဲ့တူတွေ တူမတွေကိုပါ လေ့ကျင့် သင်ပြပေးခဲ့ကြတယ်.. ဒါပေမဲ့ ဒီလူက တကယ် ဆိုးယုတ်တဲ့ ရည်ရွယ်ချက်တွေကို ဖုံးကွယ်ထားမှန်း ဘယ်သူမှ မထင်ခဲ့ကြဘူး"

ထိုစကားကို ပြောရင်း မုန်းတီးလာသဖြင့် ယို့ကျိုးကျိုက အံတင်းတင်း ကြိတ်လိုက်ပြီး

"တကယ်တော့ ခေါင်းကိုးလုံး တီကောင်က ဝံပုလွေလို ကောက်ကျစ်တဲ့ လူစားပဲ.. သူက ငါတို့နဲ့ သုံးနှစ်ကြာ သစ္စာရှိရှိနေထိုင်ခဲ့တယ်.. သူက ဒီက လူတိုင်းကို ယဥ်ကျေး သိမ်မွေ့စွာ ဆက်ဆံတတ်တော့ လူရောနတ်ပါ ဒေါသဖြစ်စေမဲ့ လုပ်ရပ်ကိုကျူးလွန်လိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ.. တစ်နေ့မှာတော့ သူက ကောင်းကင်နန်းတော်ကို ခိုးဝင်ပြီး စီနီယာ အကိုလေးယောက်ကို သတ်သွားခဲ့တယ်.. နန်းတော်ထဲက

အင်မော်တယ် အသက်တစ်ဝက်နဲ့ တန်ဖိုးရှိတဲ့ ပစ္စည်း အများအပြားကိုယူပြီး ထွက်ပြေးသွားခဲ့တယ်"

"တကယ်မုန်းစရာပဲ"

"အဲဒီ တီကောင်က သေသင့်တဲ့ အပြစ်သားပဲ"

ယွီကျီးကျီ၏ စကားကိုကြားလျှင် ပတ်ဝန်းကျင်မှ လူတွေက ဒေါသထွက်ကာ ကျယ်လောင်စွာ အော်ဟစ် ကျိန်ဆဲလိုက်ကြသည်။

ဖန်ရှင်း.. အောင်းလီနှင့် လုကျန်းတို့ကလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အံ့သြသွားကြသည်။

အထူးသဖြင့် ယွီကျီးကျီ၏ စကားများကို နားထောင်ပြီးနောက် ဖန်ရှင်းက ခေါင်းကိုးလုံး တီကောင်ကို အနည်းငယ် သဘောကျသွားခဲ့သည်။

"ဒီတီကောင်က အံ့ဩစရာပဲ"

ယွီကျိုးကျီ၏ နှုတ်မှ ထွက်ကျလာသော စကားအရ ခေါင်းကိုးလုံးတီကောင်က မကောင်းသော ရည်ရွယ်ချက်များကို ဖုံးကွယ်ထားပြီး ယုံကြည်မှုကို လှည့်စားခဲ့သည့် ကျေးဇူးကန်းသူ တစ်ဦးဖြစ်သော်လည်း နောက်ဆုံးတွင် ရတနာကို ခိုးယူကာ ထွက်ပြေးသွားခဲ့သည်။

ဤကဲ့သို့သော စရိုက်က သူနှင့် ဆင်တူသည်ဟု ဖန်ရှင်းက ခံစားမိလိုက်၏။

မဟာအင်မော်တယ်ဘုံ ပျက်စီးပြီးနောက် ဤနေရာက တစ်ခုတည်းသော အင်မော်တယ်ဘုံ အသစ် ဖြစ်သည်။

ဤနေရာသို့ ရောက်လာသော သူများက သခင်သုံးပါး၏ အရှိန်အဝါကြောင့် ထိန်းထိန်းသိမ်းသိမ်း နေကြရသော်လည်း ခေါင်းကိုးလုံး တီကောင်ကမူ အယုံသွင်း လှည့်စား၍ ရတနာများကိုပါ ခိုးယူ ထွက်ပြေးသွားခဲ့သည်။

ခေါင်းကိုးလုံး တီကောင်၏ အချိန်အခါကောင်းကို သည်းခံစောင့်ဆိုင်းတတ်သည့် ဖွဲလုံ့လက တကယ်ပင် သူ့အတွက် လေးစားစရာ ကောင်းနေသည်။

"မိတ်ဆွေကြီး.. ခေါင်းကိုးလုံး တီကောင် ခိုးယူသွားတဲ့ အင်မော်တယ် အသက်တစ်ဝက်က ဘာကို ရည်ညွှန်းတာလည်း သိလို့ရမလား"

အကုန်လုံး တိတ်ဆိတ်နေသော အချိန်တွင် လုကျန်းက မဝံ့မရဲ မေးမြန်းလိုက်သည်။

"သစ္စာဖောက် သားရဲအကြောင်း သိရရင် တော်သင့်ပြီ မဟုတ်လား.. ဘာလို့ လျှာရှည်ပြီး ထပ်မေးနေရတာလဲ"

တာအိုသခင်၏ နောက်တွင် ရပ်နေသည့် လူငယ် ကျင့်ကြံသူ တစ်ယောက်က အေးစက်စက် ပြောလိုက်သည်။

လူငယ်ကျင့်ကြံသူ၏ စကားကြောင့် လုကျန်းက ထိုအကြောင်းကို ဆက်လက် မမေးမြန်းတော့ပေ။

"ချီးထဲမှပဲ.. မပြောချင်ရင်လည်း အစထဲက အဲ့ဒီ အကြောင်းကို ချန်ထားခဲ့ပါလား.. ငါပြောတာ မှန်တယ်မလား တာအိုသခင်"

ဖန်ရှင်းက တာအိုသခင်ကို ပြုံးရွှင်စွာ ပြောလိုက်သည်။

"ဟားဟား.. မင်းတို့သုံးယောက် ထဲမှာ မင်းက ကျင့်ကြံမှု အနိမ့်ဆုံး ဆိုပေမဲ့ စကားအကြွယ်ဆုံးပဲ"

"တကယ်တော့ အင်မော်တယ် အသက်က အင်မော်တယ်ကမ္ဘာကနေ လွတ်မြောက်လာတဲ့အခါ ငါတို့ထဲက လူအနည်းငယ်က ယူလာတဲ့ အမွေအနှစ်တွေပဲ.. ငါတို့က အဲ့ဒါကို ကောင်းကင်နန်းတော်မှာ သိမ်းဆည်းခဲ့ကြတယ်.. ခေါင်းကိုးလုံး တီကောင်ခိုးယူစဥ်က အချိန်မီ သိရှိသွားခဲ့လို့သာ အသက်တစ်ဝက်ပဲပါသွားခဲ့ရတာပဲ.. "

တာအိုသခင်က စိတ်ဆင်းရဲသော လေသံဖြင့် ပြောလိုက်သည်။

သူက အထွတ်အထိပ် ကျင့်ကြံသူ တစ်ယောက်ဖြစ်သော်လည်း

အင်မော်တယ် အသက်တစ်ဝက်ကို ကောင်းစွာမကာကွယ်နိုင်ခဲ့၍ ယူကြုံးမရ ဖြစ်နေပုံပင်။

အင်မော်တယ် အသက်တစ်ဝက်က မည်သို့ အသုံးဝင်သည်ကို မသိရသော်လည်း တာအိုသခင်၏ အမူအရာကိုကြည့်၍ အလွန်အဖိုးတန်သော ရတနာဖြစ်မှန်း ဖန်ရှင်းက ရိပ်စားမိလိုက်သည်။

"ခေါင်းကိုးလုံး တီကောင်က ဝံပုလွေလို ကျေးဇူးကန်းတယ်.. သေသင့်တဲ့ အပြစ်သားပဲ "

ဖန်ရှင်းက ရုတ်တရက် ကောက်ကာငင်ကာ ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။

သူ၏ မာန်ပါသော စကားသံကြောင့် အောင်းလီနှင့် လုကျန်းပင် နားမလည်နိုင် ဖြစ်ကာ မှင်တက်သွားကြသည်။

ယင်းအချိန်မှာပင် ဖန်ရှင်း၏ စိတ်ဝင်တစား မေးမြန်းလိုက်သော အသံက ထွက်ပေါ်လာသည်။

"အိုး.. ဒါနဲ့ ကောင်းကင်နန်းတော်က ဘယ်နေရာမှာလဲ"

အပိုင်း(၁၂၉၄) ပြီး၏

အပိုင်း(၁၂၉၅) သခင်နှစ်ပါးကြွချီလာခြင်း

"ကောင်းကင်နန်းတော်ရဲ့ တည်နေရာကို မေးတာက နည်းနည်း သိသာလွန်းတယ်လို့ မထင်ဘူးလား"

လုကျန်းနှင့် အောင်းလီတို့က ဖန်ရှင်း၏ စကားကို နားထောင်ပြီးနောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ဤမြားပြကောင်က ခေါင်းကိုးလုံး တီကောင်ကို ကြိမ်းမောင်းနေသော်လည်း ကောင်းကင်နန်းတော်၏ တည်နေရာကို သိသည်နှင့် ချက်ချင်း သွားလိမ့်မည်ကို သူတို့နှစ်ယောက်က သိထားကြသည်။

"ဟမ့်.. ကောင်းကင်နန်းတော်ရဲ့ တည်နေရာကို သခင်လေးပါးက လွဲလို့ ဘယ်သူမှ မသိကြဘူး.. မဆိုင်တဲ့ မေးခွန်းတွေ မမေးပါနဲ့"

ယွီကျီးကျီက အနည်းငယ် ဒေါသထွက်လာပြီး အေးစက်စက် ပြောလိုက်သည်။

"ဒါဆို ကောင်းကင်နန်းတော် အကြောင်း မမေးတော့ဘူး.. အင်မော်တယ်အသက် အကြောင်း ရှင်းပြပါလား.. "

ဖန်ရှင်းက ယွီကျီးကျီကို လျှောင်ပြောင်သော လေသံဖြင့် ပြောလိုက်၏။

"ဟားဟား.. အင်မော်တယ်အသက်က မျိုးဆက်သစ်တွေအတွက် ပြင်ဆင်ထားတဲ့အရာပါ.. တကယ်တော့ ငါအဘိုးအိုက ခေါင်းကိုးလုံးတီကောင် ခိုးယူသွားတဲ့ အသက်တစ်ဝက်ထက် သူသတ်ပစ်ခဲ့တဲ့ တပည့်လေးယောက်ထဲက ငါ့ရဲ့တပည့်လေးကို နှမြောမိတာပါ.. ဒီကလေးက တကယ်ကို ကြိုးစားတော့ ငါအရမ်း မျှော်လင့်ထားခဲ့တဲ့ ကလေးပဲ.. နောက်ဆုံးတော့ လောဘသား

တစ်ဦးကြောင့် သေဆုံးခဲ့ရတယ်"

"ဆရာ.. ကျေးဇူးကန်းတဲ့ သားရဲအတွက် ဝမ်းနည်းမနေပါနဲ့.. တစ်နေ့ကျရင် တပည့် သစ္စာဖောက် သားရဲကို လိုက်ရှာပြီး သတ်ပစ်ပါ့မယ်"

ယပ်တောင်ကိုင်ထားသည့် လူငယ်ကျင့်ကြံသူက ကြုံးဝါးလိုက်သည်။

"ထားပါ.. လူတိုင်းမှာ ကံကြမ္မာကိုယ်စီ ရှိကြတယ်.. ငါအဘိုးကြီးတောင် သူဒီလိုလုပ်မယ်လို့ ကြိုမသိနိုင်ခဲ့ဘူးလေ"

တာအိုသခင်က လက်ဝှေ့ရမ်းလိုက်ပြီး ခါးသီးသော အတိတ်ကို ပြောစရာ မလိုအပ်တော့ကြောင်း အချက်ပြလိုက်သည်။

ဖန်ရှင်းကမူ အင်မော်တယ် အသက် အကြောင်းကို သိရှိပြီးနောက် ထပ်ခါတလဲလဲ တွေးတောနေခဲ့သည်။

"အင်မော်တယ်အသက်က မျိုးဆက်သစ်တွေ အတွက် ဆိုတော့

ငါတို့ကလည်း မျိုးဆက်သစ်တွေပဲ မဟုတ်ဘူးလား"

ဖန်ရှင်း၏ မေးခွန်းက တိုက်ရိုက်ဆန်လွန်းပြီး လူတိုင်း၏ မျက်လုံးအစုံကို ဆွဲဆောင်သွားခဲ့သည်။

တာအိုသခင်က ထိုစကားကို ကြားလျှင် ကြင်နာစွာ ပြုံးလိုက်ပြီး

"တာအိုကို မထိတွေ့ဖူးသူတိုင်းကို ဒီအဘိုးကြီးက မျိုးဆက်သစ်တွေလို့ သတ်မှတ်ထားတယ်.. အင်မော်တယ် ကံကြမ္မာတွေမှာ ကြီးမားတဲ့ ကံတရားတွေနဲ့ ဘေးဥပါဒ်တွေ ရှိတယ်.. ကုသိုလ်တရား မလုံလောက်ဘဲ အင်မော်တယ် အသက်ကိုအတင်းအကြပ် ယူမယ်ဆိုရင် ကိုယ့်ကိုယ်ကို အန္တရာယ်ကျအောင် လုပ်တာနဲ့ အတူတူပဲ.. "

ဖန်ရှင်းက တာအိုသခင် ရှင်းပြသည့် စကားထဲမှ အဓိကအချက်များကို မှတ်သား၍ ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"ကုသိုလ်များများ ရအောင် ဘယ်လိုလုပ်ရမလဲ "

"ရိုးရိုးလေးပါပဲ.. အချိန်တိုင်းမှာ ကုသိုလ်ကို ပွားများနေရမယ်"

တာအိုသခင်က ပြုံး၍ ရှင်းပြလိုက်သည်။

ယင်းအချိန်မှာပင် ယပ်တောင်ကိုင်ထားသည့် လူငယ်ကျင့်ကြံသူက ရုတ်တရက် ဝင်ပြောလိုက်သည်။

"ဆရာ.. ခေါင်းကိုးလုံး တီကောင် အကြောင်းကို မေ့သွားပြီလား "

ထိုစကားကို ပြောပြီးသည်နှင့် လူငယ်ကျင့်ကြံသူက ဖန်ရှင်းတို့ကို ရည်ရွယ်၍ ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ငါတို့နယ်မြေက အေးချမ်းတယ်.. လူတိုင်းက တာအိုကို ကျင့်ကြံကြပြီး ကမ္ဘာကြီးကို မစွန်းထင်းစေခဲ့ဘူး.. အင်မော်တယ် ကံကြမ္မာအမွေကို ဆက်ခံဖို့ အတွက်လည်း လူတိုင်းက တရားမျှမျှတတ ပြိုင်ဆိုင်ခွင့် ရှိကြတယ်.. အပြင်လူတွေ

ရောက်လာတာနဲ့ အင်မော်တယ် အသက်ကို ပေးအပ်မယ်လို့တော့ မထင်နဲ့.. အင်မော်တယ် အသက်ကို လိုချင်ရင် ငါ့ဆရာဆီမှာ တပည့်ခံပြီး အမွေဆက်ခံဖို့ ကြိုးစားခွင့်ရှိတယ်.. တာအိုရဲ့ သဘောတရားတွေကို မပြတ် ဆင်ခြင်ပါ.. တာအိုကို နားလည်ရင် အင်မော်တယ်အသက်ကို ရရှိမှာပါ"

"ဆရာတင်ရဦးမှာလား..."

ဖန်ရှင်းက အနည်းငယ် စိတ်ပျက်သော လေသံဖြင့် ရေရွတ်လိုက်သည်။

"ဟုတ်တယ်.. ဒီလို စည်းကမ်းမျိုးရှိတာ ငါအဘိုးကြီးတောင်မေ့လျော့နေတယ်"

တာအိုသခင်က ပြုံး၍ ပြောလိုက်သည်။

၎င်း၏စကားက အကျပ်ကိုင်သော ခံစားချက်မျိုး မရှိသော်လည်း အနည်းငယ် ဆင်တူသော အဓိပ္ပါယ်မျိုး သက်ရောက်နေသည်။

ဖန်ရှင်းတို့က အင်မော်တယ် အသက်ကို လိုချင်သည်ဖြစ်စေ.. မလိုချင်သည်ဖြစ်စေ.. တာအိုသခင်က ဤနယ်မြေ၏ ကိုးကွယ်ခံ အဓိပတိ တစ်ဦး ဖြစ်ပုံရသည်။

သူတို့က ဤနေရာမှ ထွက်ခွာသွားချင်သော ဆန္ဒရှိလျှင်ပင်လွယ်ကူမည် မဟုတ်မှာ သေချာသည်။

အဆုံးသတ်တွင် သူတို့လူစုက ဘယ်သွားလို့ ဘယ်လာရမှန်းပင် မသိသေးသလို သူတို့ အဖြေရှာမရသေးသည့် ပြဿနာတွေလည်း အများကြီး ရှိနေသေးသည် မဟုတ်ပါလား။

ထို့ကြောင့် ၎င်းတို့၏ စကားကို ဦးစွာလိုက်နာပြီး ၎င်းတို့၏ ယုံကြည်မှုကို အရင်ဦးဆုံး ရယူရန် ဆုံးဖြတ်လိုက်သည်။

"ကျနော် လုကျန်းက တာအိုသခင်ကို ဆရာအဖြစ်အသိအမှတ်ပြုချင်ပါတယ်.. "

ဖန်ရှင်း စိတ်ကူးနေသည့် အချိန်မှာပင် လုကျန်းကခပ်သွက်သွက်ပင် အသိအမှတ် ပြုလိုက်သည်။

"ငါလည်း တပည့်ခံချင်ပါတယ်.."

ဖန်ရှင်းကလည်း လေးနက်စွာ ဦးညွှတ်၍ အလျင်အမြန် ပြောလိုက်သည်။

အောင်းလီကမူ ဂုဏ်သိက္ခာ ကြီးမားသော အစစ်အမှန် နဂါးတစ်ကောင် ဖြစ်သဖြင့် ဒူးထောက်ဦးညွှတ်၍ ဆရာတင်ရမည်ကို ရှက်ရွံ့နေသည်။

"ယောက်ဖ ဘာလုပ်နေတာလဲ.. မြန်မြန် အသိအမှတ် ပြုလိုက်လေ"

ဖန်ရှင်းက ဝိညာဉ်အတွေးတစ်စကို အောင်းလီဆီ ပို့လွှတ်လိုက်ပြီး အောင်းလီ၏ ဒူးခေါက်ကွေးကို ခြေဖြင့်ကန်ကျောက်လိုက်ရာ အောင်းလီက ဒူးထောက်လျက်သား ဖြစ်သွား၏။

"ငါလည်း တာအိုသခင်ကို ဆရာအဖြစ် မှတ်ယူချင်ပါတယ်.. အမြင့်မြတ်ဆုံးသော တာအို သဘောတရားတွေကို သင်ပြပေးပါ"

အောင်းလီက စိတ်မပါတပါ ပြောလိုက်သည်။

"ဟားဟား.. တပည့်လေးတို့ ဒီအတွက်တော့ စိတ်ချပါ..."

တာအိုသခင်က အလွန်ပျော်ရွှင်နေပုံရပြီး ပြုံးရွှင်စွာ ပြောလိုက်သည်။

"မင်းတို့တွေ ငါ့သခင်ကို မင်းတို့ရဲ့ ဆရာအဖြစ် ခံယူထားရင် လုံ့လစိုက်ထုတ်ပြီး ကြိုးစားရမယ်...”

ယပ်တောင်ကိုင်ထားသည့် လူငယ်ကျင့်ကြံသူက ဆောင့်ကြွားကြွားအမူအရာဖြင့် ဖန်ရှင်းတို့ကို ပြောလိုက်သည်။

ဆရာနှင့်တပည့် အပြန်အလှန် အသိအမှတ် ပြုနေသော အချိန်တွင် အဝေးကနေ နက်နဲသော အသံနှစ်သံက တစ်ချိန်တည်း

လွင့်ပျံလာသည်။

"ကောင်လေးတို့ ဘာတွေ အရင်လိုနေတာလဲ"

"ဟားဟား.. ဗုဒ္ဓသခင်တို့ ကြွလာကြပြီကိုး.. ဘာလဲ.. ငါတပည့်အသစ်တွေ ရတာကို ဂုဏ်လာပြု ကြတာလား"

တာအိုသခင်က ကောင်းကင်ကို မျှော်ကြည့်၍ ပြောလိုက်သည်။

မူလက မျက်နှာ မသာမယာ ဖြစ်နေသော ဘုန်းတော်ကြီးနှင့်နတ်ဆိုးမိန်းမပျိုတို့မှာ အဝေးကအသံကို ကြားသည်နှင့် ရွှင်ပြသွားကြသည်။

သူတို့နှစ်ယောက်က ချက်ချင်းပင် လေထဲသို့ ခုန်တက်၍ ဒူးထောက် ဂါရဝပြုလိုက်ကြ၏။

"ဆရာ့ကို ကြိုဆို ဂါရဝပြုပါတယ်"

သိပ်မကြာခင်မှာပင် အနန္တတောင်သို့ လူနှစ်ယောက် ရောက်လာကြသည်။

တစ်ဦးက ခန္ဓာကိုယ် အလွန်ကြီးမားပြီး အမြင့်ပေ၃ဝလောက်ရှိကာ ကြာပန်းပေါ်တွင် ထိုင်နေသည်။

ထိုလူ၏ မျက်နှာက အစဉ်အမြဲ ပြုံးနေပြီး ရွှေရောင် တဝင်းဝင်း တောက်ပနေသော ဝမ်းဗိုက်ကို ပွတ်သပ်ကာ ကြာပန်းပေါ်မှ ဆင်းလာခဲ့၏။

နောက်တစ်ဦးကမူ အစိမ်းရောင်ဝတ်စုံဝတ် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး ဖြစ်ပြီး ခေါင်းထက်မှ ဆံပင်ဖြူများက လေထဲတွင် လွင့်မျောနေသည်။

ထိုလူ၏ မျက်လုံးနှင့် ရင်ဆိုင်မိလျှင် ဖန်ရှင်းက တုန်လှုပ် ချောက်ခြားသလို ခံစားလိုက်ရပြီး နောက်သို့ ခြေတစ်လှမ်းပင် အယောင်ယောင်အမှားမှား ဆုတ်မိလိုက်သည်။

ပို၍ အံ့သြစရာကောင်းသည်က ယခု ရောက်လာသော ကျင့်ကြံသူများ၏ အဆင့်ကို တာအိုသခင်ကဲ့သို့ မှန်းဆနိုင်စွမ်း မရှိခြင်းပင်။

ဖန်ရှင်းက တိုက်ရိုက် မမေးဝံ့သော်လည်း ၎င်းတို့သုံးဦးစလုံး၏ ကျင့်ကြံမှု အဆင့်ကို အင်မော်တယ် အဆင့်ဟုသံသယ ရှိနေသည်။

"ဟားဟား.. မိတ်ဆွေနှစ်ယောက်က အခမ်းအနား လာကြည့်တာလား.. ငါအခုပဲ တပည့်အသစ် သုံးယောက် လက်ခံခဲ့တယ်"

တာအိုသခင်က မတ်တပ်ထရပ်၍ ကျန်သခင်နှစ်ပါးကို ဂါရဝပြု နှုတ်ဆက်ကာ ပြောလိုက်၏။

"ဟားဟားဟား.. တာအိုသခင်.. မင်းဒီလို လူလည်ကျလို့ မရဘူးလေ.. ငါတို့ကို လှည့်စားဖို့ ကြိုးစားနေတာလား"

အစဉ်အမြဲ ပြုံးရယ်နေတတ်သော ဗုဒ္ဓသခင်က ကျယ်လောင်စွာ ရယ်မော၍ ပြောလိုက်သည်။

"ငါတို့ နှစ်ယောက် တရားကျင့်နေတဲ့ အချိန်ကို အခွင့်ကောင်းယူပြီး တပည့်တွေကို အပိုင်စီးဖို့ ကြိုးစားခဲ့တာ မရှက်ဘူးလား"

အစိမ်းရောင်ဝတ် နတ်ဆိုးသခင်က ဒေါသတကြီး ကြုံးဝါးလိုက်သည်။

"ငါမင်းတို့ဆီ အကြောင်းကြားခိုင်းခဲ့တာပဲလေ"

တာအိုသခင်က အရှက်ပြေ ဆင်ခြေပေးလိုက်သည်။

နတ်ဆိုးသခင်ကမူ တာအိုသခင်ကို လုံးဝ အလျှော့ပေးလိုပုံ မရပေ။

သူက ဖန်ရှင်းတို့ သုံးယောက်ကို စူးစိုက်ကြည့်လိုက်ပြီးနောက် တာအိုသခင် ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"မင်းက သုံးယောက်လုံးကို တပည့်အဖြစ် လိုချင်နေတယ်.. ဒါဆိုလည်း သူတို့ တစ်ဦးချင်းစီရဲ့ စိတ်ဆန္ဒအမှန်ကို ငါမေးလိုက်မယ်.. ဘယ်လိုလဲ"

အပိုင်း(၁၂၉၅) ပြီး၏

အပိုင်း(၁၂၉၆) တပည့်လုပွဲ

"သခင်သုံးပါးက တပည့်လုနေကြတာလား"

ဗုဒ္ဓ သခင်နှင့် နတ်ဆိုးသခင်၏ အပြုအမူက ဖန်ရှင်း၏ နှလုံးသားထဲတွင် အဓိပ္ပာယ်မဲ့သော ခံစားချက်ကို ပေါ်ပေါက်စေခဲ့သည်။

မူလက ၎င်းတို့သုံးယောက်က ယာယီအားဖြင့် တာအိုသခင်ကို

ဆရာတင်ပြီး ယုံကြည်မှုရစေရန် ကြိုးစားခဲ့ကြသည်။

ယခုတော့ ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့က တာအိုသခင် ကွက်ကျော် ရိုက်သွားသည်ကို မခံမရပ်နိုင် ဖြစ်ကာ ဒေါသထွက်နေပုံရ၏။

ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့က သူတို့ကိုယ် သူတို့ မိတ်ဆက်ခြင်း မရှိသော်လည်း ဖန်ရှင်းက ၎င်းတို့၏ ဝိသေသ လက္ခဏာကို လွယ်လွယ်ကူကူပင် မှန်းဆမိခဲ့သည်။

တာအိုသခင်ကို ထိပ်တိုက် ဆူပူ ကြိမ်းမောင်းရဲသည့်သူမှာ ဤနယ်မြေတွင် ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်သာ ရှိသည် မဟုတ်ပါလား။

ယခုတော့ သခင်သုံးပါးက ထိပ်တိုက် ရန်တွေ့နေကြပြီ ဖြစ်သည်။

ကျင့်ကြံခြင်း လောကတွင် ထူးကဲသော ပါရမီရှိသည့် တပည့်များကို တပည့်လက်ခံလိုခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပေ။

အကြောင်းရင်းမှာ အရည်အချင်းရှိသော တပည့်ကို လက်ခံခြင်းသည် မိမိ၏ အမွေအနှစ်ကို လက်ဆင့်ကမ်းနိုင်ရုံသာမက တစ်ချိန်ချိန်တွင် ပြန်လည် စောင့်ရှောက်ရန် အတွက်ပါ အားကိုးနိုင်မည် ဖြစ်သည်။

သို့ရာတွင် ၎င်းတို့ကဲ့သို့ အဆင့်အတန်းမျိုးက တပည့်အပြိုင်အဆိုင် လုယူနေရသည်အထိ ဖြစ်သင့်ပါသလော။

"ဘာလို့ ဒီလောက်ထိ တပည့် ငမ်းငမ်းတက် လိုချင်နေကြတာလဲ"

ဖန်ရှင်းက စိတ်ထဲကနေ ရေရွတ်လိုက်ပြီး စကားမပြောဘဲ အခြေအနေကို ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။

"နတ်ဆိုးသခင်နဲ့ ဗုဒ္ဓသခင်.. သူတို့သုံးယောက်လုံးက ငါ့တပည့် ဖြစ်ပြီးသွားပြီလေ.. မင်းတို့ နှစ်ယောက်က အခုမှ အတင်းအကျပ် လာလုတာက ရုပ်မပေါက်လွန်းဘူးလား"

တာအိုသခင်က ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်ကို ပြစ်တင် ရှုတ်ချလိုက်သည်။

"ငါတို့ သုံးယောက်လုံးက လွန်ခဲ့တဲ့ နှစ်သုံးဆယ်ထဲက ငါတို့ဆီ ဒီကလေးတွေ ရောက်လာရင် တရား မျှမျှတတ ဆုံးဖြတ်မယ်လို့ သဘောတူထားပြီးပြီလေ.. တာအိုသခင်.. မင်းဒီလိုမျိုး မရိုးမသား မလုပ်သင့်ဘူး"

"သူတို့သုံးယောက်ကို ငါတို့ရဲ့ တပည့်တွေက တစ်ချိန်တည်းမှာ ရှာတွေ့ခဲ့တာ.. မင်းတစ်ယောက်ထဲ အပိုင်သိမ်းတာက ဖြစ်သင့်ရဲ့လား"

ဗုဒ္ဓသခင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဒါနဲ့.. ဒီတပည့်သုံးယောက်ကို ငါတို့က ဘယ်လို ရွေးချယ်မှာလဲ"

နတ်ဆိုးသခင်က တွေးတွေးဆဆ ပြောလိုက်သည်။

"ဟားဟား.. ဒီတပည့်တွေက ငါတို့ တာအိုဘာသာရဲ့ ကျင့်ကြံသူတွေပဲ.. မင်းတို့ရဲ့ တပည့် ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"......."

"......."

အချိန်အတော်ကြာသည်အထိ သခင်သုံးပါးက အဆက်မပြတ်ငြင်းခုံနေကြသည်။

သူတို့သုံးယောက် ငြင်းခုံကြသောအခါတွင် အခြားတပည့်များက နှုတ်ဆိတ်နေပြီး မည်သူမျှ စကားဝိုင်းထဲ ဝင်မပြောဝံ့ကြပေ။

လက်တွေ့ကျကျ ပြောရလျှင် ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့က သုံးယောက်လုံးကို တပည့်အဖြစ် လက်ခံရန် မရည်ရွယ်ခဲ့သော်လည်း တာအိုသခင်ကမူ ခေါင်းမာစွာ ငြင်းဆိုနေသည်။

ဤကဲ့သို့ အခြေအနေမျိုးတွင် ရလဒ်တစ်ခုပဲ ထွက်ပေါ်နိုင်သည်ကို ဖန်ရှင်းက သိရှိပြီးသား ဖြစ်သည်။

ယင်းမှာ သူတို့သုံးဦးကို တစ်ဦးကျစီ အညီအမျှ ခွဲဝေ၍ တပည့် လက်ခံခြင်းပင်။

ထိုအချိန်မှာပင် ဖန်ရှင်းက ရုတ်တရက် အကြံတစ်ခုကို စဉ်းစားမိလိုက်သည်။

ထိုအကြံမှာ သခင်သုံးပါး အချင်းချင်း ပြဿနာတက်နေသည်ကို အကြောင်းပြု၍ ဤနယ်မြေ၏ ပဟေဋ္ဌိများကို ရှင်းလင်းပစ်ရန် ဖြစ်သည်။

"တာအိုသခင်.. မင်းခေါင်းမာနေလည်း ငါတို့ အလျှော့ပေးမှာမဟုတ်ဘူး.. ငါတို့ နှစ်ယောက် ဒီကို ရောက်လာကတည်းက လက်ဗလာနဲ့ ပြန်စရာ အကြောင်းမရှိဘူး.. ဒီသုံးယောက်ကို ငါတို့ တစ်ယောက်စီ လက်ခံလိုက်ရင် မကောင်းဘူးလား"

အချိန်အတော်ကြာ ငြင်းခုံပြီးနောက်တွင် နတ်ဆိုးသခင်က အားလုံး အဆင်ပြေစေမည့် နည်းလမ်းကို ပြောဆို၍ ညှိနှိုင်းလိုက်သည်။

"ဟားဟား.. နတ်ဆိုးသခင်ပြောတာက ကျိုးကြောင်းဆီလျော်ပါတယ်.. ဒါက အမျှတဆုံး နည်းလမ်းပဲ.. တာအိုသခင်.. မင်းဝေ့လည်ကြောင်ပတ် လုပ်နေတာကို ရပ်လိုက်သင့်ပြီ"

ဗုဒ္ဓသခင်က ရယ်မော၍ ပြောလိုက်ပြီး နတ်ဆိုးသခင်၏ စကားကို ထောက်ခံလိုက်သည်။

"ငါတို့ သုံးယောက်လုံးက တပည့်မွေးပြီး ပြုစု ပျိုးထောင်တာကို နှစ်သက်ကြတဲ့သူတွေပါ.. မင်းငါတို့ကို ကိုယ်ချင်းစာမယ်လို့ မျှော်လင့်ပါတယ်"

နတ်ဆိုးသခင်၏ စကားကိုကြားလျှင် တာအိုသခင်က နှုတ်ဆိတ်ကာ အနည်းငယ် မကျေမနပ် ဖြစ်သွားသော်လည်း တပည့် သုံးယောက်လုံးကို သူတစ်ဦးတည်း လက်ဝါးကြီး အုပ်ရန် မဖြစ်နိုင်ကြောင်းကို စိတ်ထဲတွင် နားလည်လိုက်သည်။

သူက ရွေးချယ်စရာ မရှိတော့သဖြင့် သခင်နှစ်ပါး၏ အလိုကို

လိုက်ရတော့မည် ဖြစ်၏။

"မင်းတို့ အဘိုးကြီး သုံးယောက် ရန်ဖြစ်ရတဲ့ အကြောင်းရင်းက ရယ်စရာ ကောင်းလိုက်တာ"

သခင်သုံးပါး စကားများ ရန်ဖြစ်နေသော အချိန်တွင် ဖန်ရှင်းက သတ္တိရှိရှိ ဝင်ပြောလိုက်ရာ အားလုံး၏ အာရုံက သူ့ဆီသို့ စုပြုံရောက်ရှိလာသည်။

"ဟမ့် သခင်သုံးပါးက သူ့လို ကျင့်ကြံမှု အဆင့်နိမ့်တဲ့သူ အတွက် ရန်ဖြစ်နေတယ်လို့ ထင်နေလား မသိဘူး"

တချို့က လှောင်ပြောင်၍ ဖန်ရှင်းကို ကြည့်နေကြသည်။

ဖန်ရှင်းက ပတ်ဝန်းကျင်မှ လူများ၏ အတွေးများကို ရိပ်စားမိသောကြောင့် ချက်ချင်းပင် ပြောလိုက်၏။

"ငါက နှစ်အနည်းငယ်ပဲ ကျင့်ကြံရသေးပေမဲ့

လောကရဲ့အမှန်တရားတွေကို နားလည်ပါတယ်.. ဆရာသမား ဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်း ထားပြီး လေးစားရတဲ့သူပါ.. အစောပိုင်းတုန်းက ငါတို့ သုံးယောက်လုံး တာအိုသခင်ကို ဆရာအဖြစ် တင်မြှောက်ခဲ့ပြီးပြီ.. ဒါပေမဲ့ သခင်နှစ်ပါးက ရုတ်တရက်ရောက်လာပြီး ငါတို့ ဆရာတပည့်တွေကို ခွဲခွာဖို့ လုပ်ဆောင်ခဲ့ကြတယ်.. အကယ်၍ ငါတို့က သခင်နှစ်ပါးကို တပည့်ခံလိုက်ရင် ဆရာဖြစ်တဲ့ တာအိုသခင် အပေါ် လေးစားမှု မရှိရာ ကျမနေဘူးလား"

သူ၏စကားကြောင့် မည်သူမှ စကားမပြောနိုင် ဖြစ်ကာ ပတ်ဝန်းကျင်က အချိန်အတော်ကြာ တိတ်ဆိတ်သွားသည်။

သခင်သုံးပါးက ခွန်အားနှင့် ကျင့်ကြံမှုတွင် သူ့ထက် အဆပေါင်းများစွာ သာလွန်သော်လည်း စကားပြောစွမ်းရည်နှင့်ပတ်သက်လျှင်မူ ဖန်ရှင်းကို မမီပေ။

သူက လောက စည်းမျဉ်းများကို ပြော၍ သခင်နှစ်ပါးကို အခက်တွေ့အောင် တမင် လုပ်ဆောင်ခဲ့သည်။

ထိုသို့ ပြုလုပ်မှသာ သခင်နှစ်ပါးထံမှ တောင်းဆိုမှုများ

ပြုလုပ်နိုင်မည် မဟုတ်ပါလား။

"ကောင်လေး ပြောတာ မှန်တယ်"

ဗုဒ္ဓအရှင်က ဖန်ရှင်း၏ စကားကို ထောက်ခံလိုက်သည်။

"ဒါဆိုရင် သခင်နှစ်ပါးလုံးကို ပြောပါရစေ.. ငါတို့ သုံးယောက်က ဆရာနဲ့ တပည့်ကြားက ကံကြမ္မာကြောင့် တာအိုသခင်နဲ့ ဆုံစည်းခွင့်ရခဲ့ကြတယ်.. တာအိုသခင်ဆီကနေ သခင်နှစ်ပါးက ပြန်လည်လုယူတာ သင့်လျော်မှု ရှိရဲ့လား"

ဖန်ရှင်းက ချက်ကျလက်ကျ ထပ်မံ ပြောဆိုလိုက်ရာ ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်က ဘာဆက်ပြောရမှန်း မသိအောင် ကျဥ်းထဲကျပ်ထဲ ကျရောက်သွားသည်။

"ကောင်လေး.. မင်းဆီမှာ ဗုဒ္ဓဘာသာ အစဉ်အလာနဲ့ သင့်တော်တဲ့ လျှို့ဝှက် ဗုဒ္ဓ စွမ်းအင်တွေ ရှိနေတယ်လို့ ငါခံစားနေရတယ်.. မင်းက ငါ့ရဲ့တပည့်လုပ်ဖို့ ထိုက်တန်တယ် ဆိုတာ သိရဲ့လား"

အချိန်အတော်ကြာမှ ဗုဒ္ဓသခင်က ဖန်ရှင်းကို ပြုံး၍ ပြောဆိုလိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ခပ်ထွေ့ထွေ့ ရယ်လိုက်ပြီး

"ငါတို့ သုံးယောက်လုံးရဲ့ ရည်ရွယ်ချက်က အင်မော်တယ် ဖြစ်ဖို့ပဲ.. ငါတို့က တာအိုကို အထူးပြု ကျင့်ကြံကြတဲ့ သူတွေဆိုမှတော့ ဗုဒ္ဓဘာသာကို ထပ်ပြီး သင်ယူစရာ လိုသေးလို့လား"

"ကောင်လေး.. အင်မော်တယ် ဖြစ်ဖို့က တာအိုကို ကျင့်ကြံမှမဟုတ်ဘူး.. ဗုဒ္ဓကျင့်စဥ် ကျင့်ရင်လည်း ဖြစ်နိုင်သလို ငါ့ရဲ့နတ်ဆိုး မျော်အစွမ်းကို ကျင့်ရင်လည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်တယ်.. အင်မော်တယ်အသက်က ငါတို့သုံးယောက်ယူလာခဲ့တာ.. တာအိုသခင်တစ်ယောက်ထဲ အပိုင်မဟုတ်ဘူး.. ငါတို့ ဆီမှာ တပည့်ခံရင်လည်း အင်မော်တယ်အသက်ကို အမွေဆက်ခံပိုင်ခွင့် ရှိတယ်"

အစိမ်းရောင်ဝတ် နတ်ဆိုးသခင်က ပြုံး၍ ပြောလိုက်သည်။

"ဒါတကယ်ပဲလား"

ဖန်ရှင်းက ဘာမှ မသိ နားမလည်သော အမူအရာဖြင့် ဟန်လုပ်ကာ မေးလိုက်သည်။

ဗုဒ္ဓသခင်က သံပူနေသော အချိန်တွင် နာနာရိုက် ဟူသော စကားကို ဆွဲကိုင်ကာ

"ဟားဟား.. မင်းရဲ့ အနာဂတ်အတွက် မင်းကိုယ်တိုင်စိတ်ကြိုက် ရွေးချယ်သင့်တယ်.. ဘာမဟုတ်တဲ့ စည်းမျဉ်းတွေနဲ့ ကိုယ့်ရဲ့ တက်လမ်းကို မဖျက်ဆီးသင့်ဘူး"

ဟု ဆွဲဆောင်လိုက်သည်။

ထိုစကားကိုကြားလျှင် ဖန်ရှင်းက ခဏလောက် စဉ်းစားဟန် ဆောင်လိုက်ပြီးမှ ရုတ်တရက် ပြောချလိုက်သည်။

"ဒါဆို အင်မော်တယ်အသက်က ဘာလည်းဆိုတာ အရင်သိရမှဖြစ်မယ်.. ဒါမှ ငါတို့နဲ့ ကိုက်ညီမဲ့ အမွေအနှစ်ကို ရွေးချယ်လို့ရမှာပေါ့.. ငါပြောတာ မှန်တယ်မလား"

အပိုင်း(၁၂၉၆) ပြီး၏

အပိုင်း(၁၂၉၇) ကျမ်းစာအမွေအနှစ် လက်ဆင့်ကမ်းခြင်း

"အင်မော်တယ်အသက်က ဘာလည်းဆိုတာ အရင်သိရမှ ဖြစ်မယ်"

ဖန်ရှင်းက ထိုသို့ပြောသောအခါတွင် သခင်သုံးပါး အပါအဝင် ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူ အားလုံးက တိတ်ဆိတ်သွားကြသည်။

မူလက တာအိုသခင် တစ်ပါးတည်းကသာ ဖန်ရှင်းတို့ သုံးဦးကို တပည့်အဖြစ် လက်ခံခဲ့သော်လည်း ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့

ရောက်လာပြီးနောက် တာအိုသခင်နှင့် အငြင်းအခုံဖြစ်ခဲ့ကြသည်။

အဆုံးသတ်တွင်မူ ဖန်ရှင်းက အင်မော်တယ်အသက်ကို သိရမှ ဆရာဖြစ်သူကို ရွေးချယ်နိုင်မည်ဟု အဓိပ္ပါယ် သက်ရောက်သော စကားမျိုးကို ပြောဆိုခဲ့သည်။

အစောပိုင်းက ဆရာက တပည့်ကို ရွေးချယ်သော်လည်း ယခုအခါတွင် တပည့်က ဆရာကို ပြန်လည် ရွေးချယ်နေသော မြင်ကွင်းမှာ အံ့အားသင့်စရာ ကောင်းနေ၏။

အင်မော်တယ် အသက်ကို မြင်တွေ့ခွင့်ရရန် ဖန်ရှင်း၏ တောင်းဆိုမှုကို ကြားလျှင် သခင်သုံးပါးက ခဏမျှ မှင်တက်နေပြီး မည်သို့ ငြင်းဆိုရမည်ကိုပင် မသိခဲ့ပေ။

"သခင်သုံးပါးက ဘာလို့ တွန့်ဆုတ်နေတာလဲ"

အောင်းလီက မသိမသာ လှောင်ပြောင်လိုက်သည်။

"ငါတို့ သုံးယောက်ရဲ့ အစွမ်းအစနဲ့ အင်မော်တယ် အသက်ကိုလုယက်ပြီး ထွက်ပြေးမယ် ဆိုရင်တောင် လွတ်မြောက်မှာမဟုတ်ဘူးလေ.. ကြည့်ရတာ ခေါင်းကိုးလုံး တီကောင်က အင်မော်တယ် အသက်ကို သိမ်းယူသွားပုံပဲ.. ဒီမှာ အင်မော်တယ်အသက် မရှိတော့ဘူး မဟုတ်လား"

အောင်းလီ၏ ထက်မြက်သော လျှာစွမ်းကြောင့် ဖန်ရှင်းက ခေါင်းပုတ်၍ ချီးမွမ်းချင်စိတ်ကို မနည်းထိန်းထားရသည်။

ဤနဂါးလေးက တစ်ခါတရံ မောက်မာပြီး တုံးအပုံ ရသော်လည်း ယခု သူ၏ စကားကြောင့် သခင်သုံးပါးက အရှက်ရကာ မျက်နှာကြီး နီရဲလာခဲ့၏။

"အတင့်ရဲလိုက်တာ"

နတ်ဆိုးသခင်က သည်းခံမနိုင်တော့ဘဲ ဒေါသတကြီး မာန်မဲလိုက်သည်။

"တာအိုဆွေးနွေးပွဲက ဆယ်နှစ်တစ်ကြိမ် ကျင်းပတယ်.. အဲ့ဒီပွဲမှာ

မျိုးဆက်သစ် လူငယ်တွေက အင်မော်တယ်အသက်ကို မြင်တွေ့နိုင်တယ်.. အင်မော်တယ် အသက်က အရေးကြီးတဲ့အရာမို့ မင်းတို့ စိတ်ထင်တိုင်း ကြည့်ခွင့် မရှိပေမဲ့ တာအို ဆွေးနွေးပွဲ ပြီးတဲ့အခါမှာ အင်မော်တယ်အသက်က ဘယ်လိုပုံစံမျိုးလည်း ဆိုတာ လေ့လာခွင့် ရပါလိမ့်မယ်"

"တာအိုဆွေးနွေးပွဲက ဆယ်နှစ်တစ်ကြိမ်လား"

ဖန်ရှင်းက အနည်းငယ် အထိတ်တလန့် ရေရွတ်လိုက်ပြီး ယွီကျီးကျီကို လှည့်ကြည့်လိုက်သည်။

ယွီကျီးကျီက ချက်ချင်းပင် တာအိုဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းပြပေးခဲ့သည်။

"တာအို ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်က တပည့်တွေရဲ့ ရင်ထဲက သံသယတွေကို အဖြေရှာပေးတာပဲ.. ဆွေးနွေးပွဲမှာ သခင်လေးပါးက သဘောကျတဲ့သူကိုပဲ အင်မော်တယ် အမွေအနှစ် ဆက်ခံခွင့် ပေးမှာပါ.. အင်မော်တယ် အမွေအနှစ်ကို ရရှိတဲ့သူက ငါတို့ရဲ့ အင်မော်တယ်ဘုံအသစ်မှာ ပဉ္စမသခင် အဖြစ် သတ်မှတ်ခံရမယ်လို့

သတ်မှတ်ထားကြတယ်"

"ဆယ်နှစ်တစ်ကြိမ် ကျင်းပတယ်ပဲ ထားတော့.. နှစ်ပေါင်းများစွာကြာတဲ့အထိ ဘယ်သူမှ မအောင်မြင်ဘူးလား"

ဖန်ရှင်းက ဤပြဿနာ၏ ချို့ယွင်းချက်ကို ချက်ချင်း ဆိုသလို ရှာဖွေတွေ့ရှိပြီး မေးခွန်းထုတ်လိုက်သည်။

ယွီကျီးကျီက ခဏမျှ အံ့အားသင့်သွားပြီးမှ မျက်မှောင်ကြုတ်၍ ပြန်လည် ရှင်းပြလိုက်၏။

"အခုထိတော့ ဘယ်သူမှ အမွေ မဆက်ခံနိုင်သေးပါဘူး.. ဒါပေမဲ့ ဒီအတွက် မစိုးရိမ်ပါနဲ့.. အခု ငါတို့မှာ အရည်အချင်း အလွန်မြင့်မားတဲ့ စီနီယာတွေ ရှိနေပါပြီ.. သိပ်မကြာခင်မှာပဲ အင်မော်တယ် အမွေအနှစ်ကို ဆက်ခံနိုင်မဲ့လူ ထွက်ပေါ်လာလိမ့်မယ်လို့ ငါထင်ပါတယ်"

"အင်း.. "

ဖန်ရှင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူက ခေါင်းကုတ်၍ ပြန်လည် မေးခွန်းထုတ်လိုက်၏။

"ဒါက နည်းနည်းတော့ ရှက်စရာကောင်းတယ်.. အင်မော်တယ်အသက်က ဘာမှန်း မသိရဘဲနဲ့ ဘယ်အမွေအနှစ်က ငါတို့နဲ့ သင့်တော်တယ် ဆိုတာ ဘယ်လိုလုပ် သိနိုင်မှာလဲ"

"မထူးပါဘူး.. ငါတို့မှာ ရွေးချယ်စရာ မရှိမှတော့ တာအိုသခင်နောက်ကို လိုက်ပြီး ကျင့်ကြံဖို့ပဲ ရှိတော့တာပေါ့"

"အဲဒါကောင်းတယ်"

ဖန်ရှင်း၏ စကားကို ကြားလျှင် တာအိုသခင်က အလွန် ဝမ်းသာသွားပြီး ခေါင်းညိတ်၍ တုံ့ပြန်ပြောဆိုလိုက်သည်။

သို့ရာတွင် ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင် နှစ်ဦးအတွက်မူ ထိုစကားက အရှိုက်ကို မိမိရရ ထိုးခံထိသည့် အလား ရှုံ့မဲ့စေခဲ့၏။

ဖန်ရှင်းက သူတို့နှစ်ဦးကို တမင်တကာ အခက်တွေ့အောင် လုပ်နေမှန်း သိသော်လည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဖို့ နည်းလမ်း ရှာမတွေ့လျှင် တပည့် လက်ခံသည့် ကိစ္စရပ်တွင် တာအိုသခင်၏ အနိုင်ပိုင်းခြင်းကို ခံရတော့မည် ဖြစ်သည်။

"ဟားဟား.. အင်မော်တယ်အသက်ကို အရင်မကြည့်ရဘူး ဆိုရင်တောင် မင်းတို့နဲ့ လိုက်ဖက်မယ့် အမွေအနှစ်ကို ရွေးဖို့ နည်းလမ်း တစ်ခုတော့ ရှိပါသေးတယ်"

အစဥ်အမြဲ ပြုံးနေတတ်သည့် ဗုဒ္ဓသခင်က ကြင်နာစွာ ပြုံး၍ ပြောလိုက်သည်။

"အမ်"

မမျှော်လင့်သော စကားကြောင့် ဖန်ရှင်းက မသိစိတ်ကနေ မျက်ခုံးကို ပင့်တင်လိုက်မိပြီး ဗုဒ္ဓသခင် ပြောသမျှကို ချေပရန်

ဆုံးဖြတ်ထားလိုက်သည်။

သို့ရာတွင် ဗုဒ္ဓသခင်၏ နှုတ်ကို ဖွင့်လိုက်သည်နှင့် သူက ရုတ်တရက် ထိတ်လန့်သွားပြီး စကားတစ်ခွန်းမှ ပြန်လည်မချေပနိုင်တော့ပေ။

"နောက်ဆုံးတော့ ငါတို့သုံးယောက်လုံး တပည့် အရမ်းလိုချင်တဲ့ အကြောင်းရင်းက ငါတို့ရဲ့ ဂိုဏ်းကို အောင်မြင်ကျော်ကြားချင်ပြီး ငါတို့ရဲ့ အမွေအနှစ်ကို ဆက်ခံစေချင်လို့ပဲ..."

"အကယ်၍ မင်းတို့ထဲက အင်မော်တယ် ဖြစ်လာရင် ဆရာလုပ်တဲ့သူက မျက်နှာပွင့်တာပေါ့.. ကဲ...အမွေအနှစ်ကို မှန်မှန်ကန်ကန် ရွေးချယ်ဖို့ အင်မော်တယ် အသက်ကို ကြည့်ဖို့ မလိုတော့ဘူး.. ငါတို့သုံးယောက်လုံးရဲ့ ကျင့်စဉ်တွေ မင်းတို့ကို ပေးလိုက်မယ်.. မင်းတို့တွေ ကျင့်ကြံ ကြည့်လိုက်ရင် ဘယ်အမွေအနှစ်က မင်းတို့နဲ့ သင့်တော်မယ်ဆိုတာ သဘာဝကျကျ နားလည်လာလိမ့်မယ်.. ငါ့ရဲ့ အစီအစဉ်က မင်းတို့ အတွက် အဆင်ပြေတယ် မဟုတ်လား"

ဗုဒ္ဓသခင်၏ မမျှော်လင့်ထားသော စကားကြောင့် ဖန်ရှင်းက ထိတ်လန့်တုန်လှုပ်ကာ ဆွံ့အသွားပြီး မည်သို့ တုံ့ပြန်ရမည်ကိုပင်

မသိတော့ပေ။

အောင်းလီနှင့် လုကျန်းတို့ပင်လျှင် သူတို့ရှေ့ရှိ အရာအားလုံးကို အိပ်မက်တစ်ခုလို ခံစားလိုက်ရသည်။

သခင်သုံးပါး၏ အစီအစဉ်က သူတို့သုံးဦးအပေါ်တွင် စေတနာပိုလွန်းနေသည် မဟုတ်ပါလား။

အထူးသဖြင့် ကျင့်ကြံခြင်း လောကတွင် မိမိတို့ သက်ဆိုင်ရာဂိုဏ်း၏ အမွေအနှစ် ကျမ်းစာများကို သူစိမ်းတရံအား လက်ဆင့်ကမ်း လေ့လာခွင့်ပေး၍ မရချေ။

ထို့ကြောင့်ပင် ဖန်ရှင်းက ယင်ယန်နည်းစနစ်ကို လုကျန်းအား မသင်ကြားမီ ဝမ်လူကို ဆရာအဖြစ် သတ်မှတ်စေခဲ့ခြင်းပင်။

ယခုတော့ သခင်သုံးပါးက ရက်ရက်ရောရောပင် ကျမ်းစာများ လက်ဆင့် ကမ်းပေးနေသည်မှာ အံ့အားသင့်စရာ ကောင်းနေသည်။

သခင်သုံးပါးက ဖန်ရှင်းတို့ သုံးယောက်ထံမှ အဖြေကို စောင့်ဆိုင်းနေခဲ့သည်။

"ဒီကိစ္စကို အနာဂတ်မှာ ရွှေကျီးလေးကို ပြောပြရင် ယုံမှာ မဟုတ်လောက်ဘူး..."

ဖန်ရှင်းက ယခုအချိန်တွင် အတော်လေး စိတ်လှုပ်ရှားနေသည်။

"ငါတို့ ဘယ်လိုလုပ်သင့်လဲ.. လေ့လာရမှာလား"

လုကျန်းက ဖန်ရှင်းကို ကြည့်၍ မေးလိုက်သည်။

"ငါတို့မှာ ရွေးချယ်စရာမှ မရှိတော့တာ.. လေ့လာရုံပဲ ရှိတော့တာပေါ့"

အောင်းလီကမူ သခင်သုံးပါး၏ အမွေအနှစ်ကို စမ်းကြည့်ရန် စိတ်အားထက်သန် နေသဖြင့် လုကျန်း၏ မေးခွန်းကို ဖန်ရှင်း ကိုယ်စား ကမန်းကတန်း ဝင်ဖြေလိုက်သည်။

"သခင်သုံးပါးရဲ့ အမွေအနှစ်တွေက အလွန် တန်ဖိုးရှိမှာ အသေအချာပဲ.. ဘာလို့ မလေ့လာရမှာလဲ.. ဒီလိုမျိုး ခွင့်ပြုပေးတဲ့အတွက် ကျေးဇူး အရမ်းတင်ပါတယ် "

ဖန်ရှင်းက သခင်သုံးပါးလုံးကို ယဉ်ကျေးစွာ ဦးညွှတ်၍ပြောလိုက်သည်။

ထို့နောက်တွင် သခင်သုံးပါးက ဖန်ရှင်းတို့ သုံးယောက်ကိုစေ့စေ့စပ်စပ် အကဲခတ်လိုက်၏။

"မင်းကို တစ်ချက် ကြည့်လိုက်တာနဲ့ သန့်စင်တဲ့ တာအိုကျင့်ကြံသူမှန်း သိသာနေတယ်.. ဒါကြောင့် ငါ့ရဲ့ အသွင်ပြောင်း တာအိုကျင့်စဉ်ကို အရင်ဆုံး ကျင့်ကြံသင့်တယ်.. ပြီးမှ တခြားနည်းလမ်းတွေကို သင်ယူပေါ့"

တာအိုသခင်က လုကျန်းကို ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

လုကျန်းက အလွန်ရိုသေစွာ ဦးညွှတ်၍ပြန်ဖြေလိုက်သည်။

ယင်းအချိန်တွင် ဗုဒ္ဓသခင်ကလည်း ဖန်ရှင်းကိုကြည့်၍ မိန့်ကြားလိုက်သည်။

"မင်းက ငါတို့ ဗုဒ္ဓဘာသာနဲ့ ဆက်နွယ်မှု ကြီးမားတဲ့သူ ဖြစ်တဲ့အတွက် စိတ်ကျင့်စဉ်ကို အရင်ဆုံး ကျင့်ကြံသင့်တယ်.. မင်းနဲ့အဆင်မပြေဘူး ဆိုမှ ဟိုနှစ်ယောက်ရဲ့ အမွေအနှစ်ကို ကျင့်ဖို့ ငါအကြံပေးချင်တယ်"

"ကောင်းပါပြီ.. ဗုဒ္ဓသခင် ပြောသလို ကျင့်ကြံပါ့မယ်"

ဖန်ရှင်းက ရိုသေစွာ ပြန်ဖြေလိုက်သည်။

"နဂါးမျိုးနွယ်နဲ့ သင့်တော်တဲ့ နည်းလမ်းတစ်ခု ငါ့မှာရှိတယ်.. အခုမင်းကို ငါအရင် လွှဲပေးလိုက်မယ်.. တကယ်လို့ ကျေနပ်မှုမရှိရင်တော့ တခြား အမွေအနှစ် နှစ်ခုကို ဆက်လက်

လေ့လာပေါ့"

အစိမ်းရောင်ဝတ် နတ်ဆိုးသခင်ကလည်း လေးနက်သော အမူအရာဖြင့် အောင်းလီကို ပြောလိုက်သည်။

ထို့နောက်တွင် သခင်သုံးပါးက သူတို့၏ ကျင့်စဥ်များကို ဝိညာဥ် အာရုံဖြင့် လွှဲပြောင်းပေးလိုက်သည်။

ဖန်ရှင်းတို့ သုံးယောက်က သခင်သုံးပါး၏ ခွင့်ပြုချက်ဖြင့် သူတို့ ရရှိထားသည့် နည်းလမ်းများကို အချင်းချင်း ဖလှယ်လိုက်ကြသည်။

သခင်သုံးပါး၏ ကွဲပြားခြားနားသည့် ကျင့်စဥ် နည်းစနစ်များက သူတို့၏ အသိစိတ် ပင်လယ်ထဲတွင် စွဲမြဲသွားပြီ ဖြစ်၏။

မူလတွင် သူတို့သုံးဦးက ထိုကျင့်စဥ်များကို သံသယ ရှိနေကြသော်လည်း အနည်းငယ်မျှ လေ့လာပြီးသည့် နောက်တွင် ကျင့်စဥ်များ၏ နက်နဲသည့် သဘောတရားများကို နားလည်သွားကြသည်။

"ဒီကျင့်စဉ်တွေက အံ့သြစရာပဲ"

"ဒါက အမှားအယွင်း လုံးဝ မရှိတဲ့ အစစ်မှန်ဆုံး ကျမ်းစာတွေပဲ"

အပိုင်း(၁၂၉၇) ပြီး၏

အပိုင်း(၁၂၉၇) ကျမ်းစာ၏သွေးဆောင်မှုကိုခံရခြင်း

ဖန်ရှင်းတို့ သုံးယောက်က သခင်သုံးပါးကို အနည်းနှင့် အများ သံသယ ရှိခဲ့ကြသည်။

ဖန်ရှင်းက ကျင့်ကြံမှု အခြေခံ အားနည်းသော်လည်း ငယ်စဉ်ကတည်းကပင် ခေါင်းတလားထဲမှ တာအိုကျမ်းစာ အားလုံးကို အမွေဆက်ခံခဲ့သူ ဖြစ်ရာ ကျင့်စဉ်နှင့် ပတ်သက်၍ နားလည်သဘောပေါက်မှု အပိုင်းတွင် နိမ့်ကျခြင်း မရှိပေ။

အောင်းလီနှင့် လုကျန်းတို့ကမူ အစစ်အမှန် အင်မော်တယ် အဆင့်နှင့် အလွန်နီးစပ်သော သူများဖြစ်ရာ ကျမ်းစာတွင် ဆန်းကျယ်သော အရာတစ်ခု ရှိနေသရွေ့ ၎င်းတို့၏ အသိပညာဖြင့် သိရှိနိုင်လိမ့်မည် ဖြစ်သည်။

သို့ရာတွင် ကျမ်းစာများကို အနည်းငယ်မျှ လေ့လာပြီးနောက်တွင် သူတို့ ရရှိထားသည့် ကျမ်းစာများက အမှန်တကယ်ပင် ဘာသာတရား သုံးပါး၏ အမြင့်မြတ်ဆုံးသော အမွေအနှစ်များ ဖြစ်နေခဲ့သည်။

ထိုကဲ့သို့ အနည်းငယ်လေ့လာရုံဖြင့် ချက်ခြင်း အတည်ပြုနိုင်ခြင်းမှာ ၎င်းတို့ သုံးဦးစလုံးက သခင်သုံးပါး ပြောသည့်အတိုင်းပင် ၎င်းတို့နှင့် သက်ဆိုင်သည့် ကျမ်းစာများကို လေ့လာခဲ့၍ ဖြစ်သည်။

ဖန်ရှင်းက ဗုဒ္ဓဘာသာနှင့် ဆက်နွယ်မှုရှိပြီး ဗုဒ္ဓရှန်းလျူ၏ အကိုတော် ဖြစ်သည့် အပြင် ဗုဒ္ဓသစ်သီးကိုလည်း ပိုင်ဆိုင်ထားသည်။

နဂါးမင်းသား အောင်းလီကမူ နတ်ဆိုးသားရဲ အနွယ်ဝင်

ဖြစ်သောကြောင့် နတ်ဆိုးသခင်၏ ကျမ်းစာနှင့် သင့်တော်မှု ရှိနေခဲ့သည်။

လုကျန်းကမူ တာအိုဘာသာကို နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံလာသူ ဖြစ်ရာ ကျမ်းစာ၏ အခြေခံ သဘောတရားကို နားလည်ရန် အချိန်များစွာ မလိုအပ်ခဲ့ပေ။

ဖန်ရှင်းက ဗုဒ္ဓသခင် ပေးအပ်လိုက်သည့် စိတ်ကျင့်စဉ်ကို ဆင်ခြင်မိသည်နှင့် သူ့ခန္ဓာကိုယ်ထဲမှ ဗုဒ္ဓသစ်သီးက ကျမ်းစာ၏ လျှို့ဝှက်ဆန်းကြယ်မှုကို ခံစားမိပြီး သွေးကြောများနှင့် ပေါင်းစပ်သွားသည်။

"မူမမှန်ဘူး.. ဒီကျမ်းစာသုံးခုမှာ ဆန်းကြယ်တဲ့ လျှို့ဝှက်ချက် တစ်ခုခု ရှိရမယ်"

ဤမျှ ကြီးမားသော ကံကြမ္မာမျိုးကို အလကား ရရှိလိမ့်မည်ဟု ဖန်ရှင်းက မထင်ခဲ့ပေ။

မှတ်သားထားသင့်သည်မှာ ဤကျမ်းစာ သုံးစောင်ကိုသာ

ထျန်းယွမ်တိုက် အတွင်းသို့ ပစ်ချလိုက်လျှင် သွေးထွက်သံယို သတ်ဖြတ်ခြင်းများက မလွဲမသွေ ဖြစ်ပေါ်လာလိမ့်မည် ဖြစ်သည်။

ဤကျမ်းစာသုံးခုက လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှေးခေတ် မျိုးနွယ်စုများ၏ အခြေခံအုတ်မြစ် ဖြစ်လာဖို့ လုံလောက်သည်ထက်ပင် ပိုနေသည်ဟု ဆိုနိုင်သည်။

ယင်းကဲ့သို့ အလွန် အဖိုးထိုက်တန်သော တာအိုကျမ်းစာကို သခင်သုံးပါးက အခြားသူများထံ အဘယ်ကြောင့် လွယ်ကူစွာ လက်ဆင့်ကမ်း နိုင်ရပါသနည်း။

ကျမ်းစာက အလွန်ဆန်းကြယ်သလို ပြီးပြည့်စုံလွန်းနေ၍ ဖန်ရှင်းတို့ သုံးယောက်က သံသယများ ပြင်းထန်လာသည်။

ကျမ်းစာသုံးခုကို အပြီးအပိုင် အမွေဆက်ခံပြီးနောက်တွင် သူတို့သုံးဦးက ဘာစကားမှ မပြောနိုင်ဘဲ အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေမိကြသည်။

"ဟားဟား သုံးရက်လောက်ဆိုရင် မိတ်ဆွေတို့ သုံးယောက်

ရွေးချယ်ဖို့ လုံလောက်ပြီ မဟုတ်လား"

နတ်ဆိုးသခင်က ကျန်သခင်နှစ်ပါးကို မျက်လုံးမှိတ်ပြလိုက်ပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီဂုဏ်ထူးဆောင် ဧည့်သည် သုံးယောက်ကို သူတို့ကို နေရာချပေးထားတဲ့ ဝမ်စုတောင်ကို ပြန်ပို့လိုက်.. သုံးရက်လောက်ကြာတော့မှ သူတို့ဆီက အဖြေကို တောင်းကြတာပေါ့ "

အနန္တတောင်၏ လက်အောက်ငယ်သား အားလုံးက တာအိုသခင်၏ လက်အောက်ငယ်သားများ ဖြစ်သော်လည်း နတ်ဆိုးသခင်၏ စကားများကို လေးလေးစားစား နားထောင်ကြသည်။

ထို့နောက် ယွီကျီးကျိ.. ဘုန်းတော်ကြီး ဖုချန်နှင့် နတ်ဆိုးမိန်းမပျိုတို့က ဖန်ရှင်းတို့ သုံးယောက်ကို ဝမ်စုတောင်သို့ ခေါ်ဆောင်သွားခဲ့သည်။

ယင်းအချိန်တွင် ဖန်ရှင်းတို့ သုံးယောက်က ကျမ်းစာများကို လေ့လာဖို့သာ အာရုံစူးစိုက်နေပြီး တခြားအရာများကို လျစ်လျူရှုကာ

ဂရုမစိုက်အားကြတော့ပေ။

"ဟားဟား.. ဖန်ရှင်းလို့ ခေါ်တဲ့ ကလေးက နည်းနည်းတော့ ဆက်ဆံရခက်သားပဲ..."

အားလုံး ထွက်သွားကြပြီး နောက်တွင် တာအိုသခင်.. ဗုဒ္ဓသခင်.. နတ်ဆိုးသခင် သုံးဦးသာ ကျန်ရှိတော့သည်။

တာအိုသခင်က ရုတ်တရက် သက်ပြင်းချကာ နူးညံ့စွာ ပြုံးလိုက်ပြီး ယခုလေးတင် သူတို့သုံးယောက်ကို အကျပ်တွေ့အောင် လုပ်ခဲ့သည့် ဖန်ရှင်းကို ချီးကျူးလိုက်သည်။

"ဒီကလေးက ခေါင်းကိုးလုံး တီကောင်လို သတိထားသင့်တဲ့သူပဲ.. ဒါပေမဲ့ နှစ်ထောင်ပေါင်း များစွာမှာ ခေါင်းကိုးလုံးတီကောင်က လွဲလို့ အခြားဘယ်သူက ငါတို့လက်ကနေ လွတ်သွားဖူးလို့လဲ"

ဗုဒ္ဓသခင်က ရယ်မော၍ ပြောလိုက်သည်။

"ဟက်.. ထျန်းယွမ်တိုက်က ငတုံးတွေက ရယ်စရာပဲ.. သူတို့ကငါတို့ရဲ့ အစီအစဉ်တွေကို မသိဘဲ အင်မော်တယ်တွေ ဖြစ်ချင်နေကြသေးတယ်"

နတ်ဆိုးသခင်က လှောင်ရယ်၍ ပြောလိုက်၏။

"ဟားဟား.. သူတို့သာ အင်မော်တယ် မဖြစ်ချင်ဘူး ဆိုရင် ငါတို့က လှည့်စားဖို့ အခွင့်အရေး ဘယ်လိုလုပ် ရနိုင်မှာလဲ"

ဗုဒ္ဓသခင်က ရယ်မော၍ ပြောလိုက်သည်။

"သုံးရက်လောက်ပါပဲ.. ဒီသုံးယောက်လုံးက ဘယ်လောက်ပဲသတိရှိနေပါစေ အမြဲတမ်း နိုးကြားနေမယ်လို့တော့ ငါမထင်ဘူး.. ငါတို့ရဲ့ ကျမ်းစာတွေက ပြီးပြည့်စုံတဲ့ ကျမ်းစာတွေပဲလေ"

....

....

"ဒီကျမ်းစာက ဘာမှ အမှားမပါဘူး.. ငါအဘိုးကြီး.. တာအို သခင်ကို စိတ်ရင်းနဲ့ ကျေးဇူးတင်ချင်လိုက်တာ"

ဝမ်စုတောင်သို့ ပြန်ရောက်ပြီးနောက် ဖန်ရှင်းတို့ သုံးယောက်က အချိန် အတိုင်းအတာ တစ်ခုအထိ ကျမ်းစာကို လေ့လာရင်း အချိန်ကို ကုန်ဆုံးစေခဲ့သည်။

အထူးသဖြင့် တာအိုကို နှစ်ထောင်ပေါင်း များစွာ လေ့လာခဲ့သည့် လုကျန်းက တာအိုသခင်ကို စိတ်ရင်းဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေခဲ့သည်။

တာအိုသခင်သာ သူ့ရှေ့တွင် ရှိနေလျှင် တာအိုသခင်၏ ကြင်နာမှုအတွက် တံ့ဆိုင်းခြင်းမရှိဘဲ ဒူးထောက်မိမည် ဖြစ်၏။

ကျင့်ကြံသူ အတွက် အရေးကြီးဆုံးမှာ ကျင့်စဉ်အပေါ် ယုံမှားသံသယ မရှိခြင်း ဖြစ်သည်။

မူလ အမှန်တရားများနှင့် အဆုံးအမများနှင့် နှိုင်းယှဉ်လျှင် သဘာဝလွန် စွမ်းအားများနှင့် မှော်လက်နက်များက အသေးအဖွဲများသာဖြစ်သည်။

ယခု သူတို့ သုံးယောက် ရရှိခဲ့သော အမွေအနှစ်က မူလအမှန်တရားနှင့် အဆုံးအမ ဖြစ်သည်။

"ငါအဘိုးကြီးက တိုင်းတာလို့ မရနိုင်တဲ့ တာအို အသွင်ပြောင်းစွမ်းရည်ကျမ်းမှာ တာအိုဘာသာရဲ့ အခြေခံအကျဆုံး မူတွေ ပါဝင်နေတယ်လို့ ခံစားမိနေတယ်.. ဒီကျမ်းစာရဲ့ အမြင့်ဆုံးနယ်ပယ်ထိ ကျင့်ကြံနိုင်မယ်ဆိုရင်.. အင်မော်တယ် မပြောနဲ့.. အင်မော်တယ်ဘုရင်ကိုတောင် ဒီအဘိုးကြီးက အရေးလုပ်စရာမလိုတော့ဘူး"

လုကျန်းက မျက်လုံးများ တောက်ပစွာဖြင့် ရေရွတ်လိုက်သည်။

"ငါ ဒီပညာကို လေ့ကျင့်တော့မယ်"

အောင်းလီကလည်း ယခုအချိန်တွင် လုကျန်းနည်းတူ စိတ်လှုပ်ရှားနေသည်။

"နတ်ဆိုး သခင်ပေးလိုက်တဲ့ နတ်ဆိုးကျမ်းစာက တကယ်ကို ငါ့အတွက် အကျိုးရှိစေတယ်.. ငါ့ရဲ့ နဂါးသွေးတောင်မှ ဒီကျမ်းစာမှာပါတဲ့ စွမ်းအားကြောင့် တိုးတက်လာသလို ခံစားနေရတယ်.. ဒီကျမ်းစာကို ငါလေ့ကျင့်ရင် ရှေးနတ်ဆိုးတွေရဲ့ အထွတ်အထိပ် လမ်းစဥ်ကို ငါနားလည်မှာ အသေအချာပဲ.. အဲ့ဒီလိုသာ ဆိုရင် အစစ်အမှန် နဂါးရဲ့ အမြင့်ဆုံး နယ်ပယ်ကိုတောင် ရောက်သွားနိုင်တယ်"

"ငါလည်း နတ်ဆိုးသခင်ပေးတဲ့ ဒီကျင့်စဥ်ကို ကျင့်ဖို့ဆုံးဖြတ်လိုက်ပြီ"

အောင်းလီက အလောတကြီး လေသံဖြင့် ပြောလိုက်သည်။

"မဟုတ်သေးဘူး.."

တပုလ္လင်ခွေ၍ ထိုင်နေသော ဖန်ရှင်းက သူတို့နှစ်ဦး၏ စကားကို ကြားလိုက်ရလျှင် ရုတ်တရက် ထိတ်လန့်သွားပြီး ခေါင်းမော့၍

"ကျင့်ကြံလို့မဖြစ်ဘူး.. ထိန်းထားရမယ်.. လုံးဝ ကျင့်လို့ မဖြစ်ဘူး.."

ဟု အော်ဟစ်လိုက်သည်။

"ဘာလို့လဲ...ဒီကျမ်းစာက ပြီးပြည့်စုံတယ်လေ.."

လုကျန်းက ကူကယ်ရာမဲ့စွာဖြင့် ဖန်ရှင်းကို ပြောလိုက်သည်။

"ဘာလို့လည်းဆိုတော့ အရမ်း ပြီးပြည့်စုံနေလို့ပဲ"

" ကောင်းကင်က သူ့အလိုလို ကျလာတဲ့ ရတနာတွေဆို ငါ ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဘူး.. သူတပါးပေးတဲ့ ကြင်နာမှုတွေကို အလွယ်တကူ မယုံခဲ့ဖူးဘူး.. ဒီကျမ်းစာတွေကို အဲဒီလူကြီး သုံးယောက်က ငါတို့ဆီ လက်ဆင့်ကမ်းပေးခဲ့တယ်.. သူတို့မှာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ ရှိနေမယ် ဆိုတာ ငါ

မယုံဘူး.. ဒီကျမ်းစာတွေက တစ်ခုခု မှားနေမယ်ဆိုတာ သေချာတယ်"

"ငါလည်း အစကတော့ မင်းလို ထင်တာပဲ.."

အောင်းလီက ဖန်ရှင်း၏ စကားကို ချေပလိုက်သည်။

"ဒါပေမယ့် ငါတို့ တစ်ရက်လောက် စူးစမ်းပြီး လေ့လာလေလေ.. ဒီကျမ်းစာမှာ လေးနက်တဲ့ အမှန်တရားတွေ ပါဝင်နေတယ် ဆိုတာ ဖမ်းဆုပ်မိလေလေပဲ.. ကျမ်းစာမှာ ဘာအမှားအယွင်းမှ မရှိတာ သေချာပါတယ်"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ဘာဆက်ပြောရမည်ကိုပင် မသိတော့ချေ။

သူက ကျမ်းစာနှင့် ပတ်သက်၍ သတိပေးခဲ့သော်လည်းအောင်းလီက ကျမ်းစာ၏ ဆွဲဆောင်မှု အောက်သို့ ရောက်ရှိနေပြီ ဖြစ်၏။

အောင်းလီက မိုးကြိုးရေကန်တွင် အိပ်စက်၍ ကျင့်ကြံမှုအလျင်အမြန် တိုးတက်လာသူ ဖြစ်ရာ ကျမ်းစာ၏ သွေးဆောင်မှုကို သဘာဝအတိုင်း မခုခံနိုင်ခဲ့ပေ။

လုကျန်းသည်လည်း ထိုနည်း လည်းကောင်းပင်။

သူက အဖိုးမဖြတ်နိုင်သော တာအိုကျမ်းစာကို မြင်လျှင် အရက်သမားတစ်ယောက်က မရေမတွက်နိုင်အောင် များပြားသော အရက်ပုလင်းများကို မြင်လိုက်ရသလို အငမ်းမရ ဖြစ်နေသည်။

ဆန့်ကျင်ဘက်အနေဖြင့် ဖန်ရှင်းက ၎င်းတို့ထက် ကျင့်ကြံမှု အဆင့် နိမ့်ကျသူဖြစ်ရာ ကျမ်းစာ၏ ဖြားယောင်း သွေးဆောင်မှုက အောင်းလီတို့ထက် များစွာ နိမ့်ကျနေသည်။

ဖန်ရှင်းက အောင်းလီတို့၏ အခြေအနေကို ကြည့်၍ သခင်သုံးပါး၏ ရည်ရွယ်ချက်ကို အနည်းငယ်မျှ ရိပ်မိသွားခဲ့သည်။

သူတို့ သုံးဦးစလုံးက ကျမ်းစာများကို ရရှိပြီးနောက်တွင် ကျမ်းစာထဲရှိ လှည့်ကွက်များကို ရှာဖွေသည်ဖြစ်စေ အကြောင်းအရာကို

သိချင်သည်ဖြစ်စေ ကျမ်းစာကို စတင်ကျင့်ကြံသည့် အချိန်မှစ၍ ဖယ်ရှားဖို့ မဖြစ်နိုင်တော့ပေ။

ကျမ်းစာကို ကျင့်ကြံနေသမျှ ပြဿနာတွေ ရှိလာမှာ သေချာသလောက်ပင်။

"ငါမကျင့်ဘဲ မနေနိုင်ဘူး.. ဒီကျမ်းစာက ငါ့ကို အထွတ်အထိပ်အဆင့်ထိ ရောက်စေမှာ အသေအချာပဲ.. ဘယ်လို လှည့်ကွက်ပဲဖြစ်ဖြစ် ငါဒီကျမ်းစာကို ကျင့်မှဖြစ်မယ်"

ဖန်ရှင်းက သခင်သုံးပါး၏ လှည့်ကွက်ကို တွေးတောနေသည့် အချိန်မှာပင် လုကျန်းထံမှ ဆုံးဖြတ်ချက် ချလိုက်သော စကားသံ ထွက်ပေါ်လာသည်။

သို့ရာတွင် ထိုစကားကို နားထောင်နေသည့် ဖန်ရှင်း၏ ရင်ထဲ၌မူ သွေးကြောများ ပြတ်တောက်သွားသလို ခံစားလိုက်ရသည်။

အပိုင်း(၁၂၉၈) ပြီး၏

အပိုင်း(၁၂၉၉) အသိစိတ်ကမ္ဘာထဲထည့်သွင်းခြင်း

ကျင့်ကြံမှု အဆင့်မြင့်လေ.. အင်မော်တယ် အဆင့်နှင့် နီးစပ်လေ.. ဤကျမ်းစာများ၏ သွေးဆောင်မှုကို တွန်းလှန်ရန် ပို၍ ခက်ခဲလေလေပင်။

ဖန်ရှင်းသည်ပင် ဗုဒ္ဓသခင် ပေးအပ်သည့် စိတ်ကျမ်း၏ ဆွဲဆောင်မှုကို ခံခဲ့ရသည်။

စိတ်ကျင့်စဉ်ကိုသာ ကျင့်ကြံသွားလျှင် ဗုဒ္ဓဘာသာ၏ အမြင့်ဆုံးနှင့် အလေးနက်ဆုံးသော နယ်ပယ်များကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းပြီး ဗုဒ္ဓ အဖြစ်ကိုပင် အတွေးတစ်ခုတည်းဖြင့် ရှုမှတ်၍ ရောက်ရှိနိုင်မည် ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓဘွဲ့ထူး၏ မူလပိုင်ရှင်မှာ ရှန်းလျူ ဖြစ်နေသောကြောင့် ကျမ်းစာ၏ သွေးဆောင်မှုက သူ့အပေါ် အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

လုကျန်းနှင့် အောင်းလီကမူ သူနှင့် မတူပေ။

သူတို့က သူ့ထက် ပို၍ အားကောင်းသူများ ဖြစ်သောကြောင့် ကျမ်းစာတွေ၏ သွေးဆောင်မှုကို ပို၍ ခံနေရသည်။

ယခုဆိုလျှင် လုကျန်းက ကျမ်းစာ၏ သွေးဆောင်မှုကို လုံးဝ မထိန်းချုပ်နိုင်တော့ဘဲ စတင် ကျင့်ကြံရန် အဆင်သင့် ဖြစ်နေပြီ ဖြစ်သည်။

ယင်းအခြေအနေကို မြင်လျှင် ဖန်ရှင်းက ထခုန်မိမတတ် ထိတ်လန့်သွားသည်။

ဤကျမ်းစာတွင် အမှန်တကယ် ပြဿနာ ရှိနေကြောင်း သက်သေပြရန် တိကျ သေချာသော အထောက်အထား မရှိသော်လည်း လေ့ကျင့်၍ မဖြစ်နိုင်ဟု သူ့စိတ်ထဲကနေ အလိုလို ခံစားမိနေသည်။

ကျမ်းစာကို စတင် လေ့ကျင့်နေသမျှ ကာလပတ်လုံး သခင်သုံးပါး၏ ထောင်ချောက်ထဲသို့ ကျရောက်လိမ့်မည် ဖြစ်၏။

"အစ်ကိုတော် ဖန်ရှင်း.. မင်းငါ့ကို မတားပါနဲ့တော့.. ဒီကျမ်းစာတွေကို လေ့လာပြီးတဲ့ နောက်မှာ တာအိုနဲ့ ပိုမို နီးစပ်လာပြီလို့ ငါခံစားနေရတယ်.. ဒါက လှည့်စားမှု ဖြစ်နေရင်တောင် ငါအဘိုးကြီးက စွန့်စားဖို့ ဆန္ဒရှိတယ်"

လုကျန်းက ဖန်ရှင်း၏ စိတ်ပူပန်မှုကို သဘာဝကျစွာ ရိပ်စားမိပြီး လေးနက်သော အသံဖြင့် ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက အနည်းငယ် လန့်ဖြန့်သွားပြီး လုကျန်းကို တားမြစ်ရန် မလွယ်ကူတော့မှန်း သိလိုက်သည်။

လုအဘိုးကြီးက အမှန်အတိုင်း ပြောနေတာ သူသိသည်။

"ငါ လေ့ကျင့်တော့မယ်"

အောင်းလီက ရှက်ရွံ့သော အမူအရာဖြင့် ရုတ်တရက် လေသံနှိမ့်၍ ပြောလိုက်သည်။

"ငါနတ်ဆိုးကျမ်းစာရဲ့ ဆွဲဆောင်မှုကို ဥပေက္ခာ မပြုနိုင်ဘူးလေ.."

"ခွေးကောင်လေး"

ဖန်ရှင်းက ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်ရာအောင်းလီက လန့်သွားပြီး စကားထပ်မပြောရဲတော့ပေ။

ထို့နောက်တွင် ဖန်ရှင်းက ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။

"လူယုတ်မာနှစ်ကောင်.. မင်းတို့ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်တော့ဘူးလား.. သူတို့ ခန့်မှန်းထားတဲ့ အချိန်ထက်တောင် ပိုစောနေသေးတယ်.. သူတို့က မင်းတို့ကို ထိန်းထားဖို့ အနည်းဆုံး သုံးရက်လောက် အချိန်ယူရမယ်လို့လည်း ခန့်မှန်းထားတယ် ဆိုတာ မစဉ်းစားမိဘူးလား.. အဘိုးကြီးလု.. မင်းက လူယုတ်မာပဲ.. အသက်ရှည်ချင်တာနဲ့ပဲ ဘာကိုမှ

မမြင်တော့ဘူးလား.. နဂါးစုတ်.. မင်းအမတော်က တခြားသူရဲ့ လက်ထဲမှာ ရှိနေသေးတယ် ဆိုတာ မမေ့နဲ့.. သူမကို တစ်ယောက်တည်း ပစ်ထားပြီး မင်းက ကျင့်ကြံဖို့ လုပ်နေတယ်ပေါ့လေ"

ထိုစကားများမှ တဆင့် အောင်းလီနှင့် လုကျန်းတို့က ဖန်ရှင်း၏ နှလုံးသားထဲမှ ဒေါသကို ခံစားမိလိုက်သည် ။

"အကိုတော်ဖန်.. ဒါကို နားလည်ဖို့ သိပ်အကြာကြီး အချိန်ယူရမှာ မဟုတ်ပါဘူး..."

"ကျွန်တော် ဒီကျင့်စဉ်ကို လေ့ကျင့်ထားရင် အမတော်ကို ကယ်တင်တဲ့ နေရာမှာ အထောက်အကူ ဖြစ်မှာပါ.."

အချိန်အတော်ကြာပြီးနောက် အောင်းလီနှင့် လုကျန်းတို့က ရှက်ကိုးရှက်ကန်းဖြင့် ဆင်ခြေပေး၍ ပြန်ဖြေလိုက်သည်။

၎င်းတို့၏ အသွင်အပြင်ကို ကြည့်လျှင် ကျမ်းစာ၏ သွေးဆောင်မှု

အောက်သို့ လုံးလုံးလျားလျား ကျရောက်သွားမှန်း သိသာနေသည်။

ဖန်ရှင်းက အသက်ကို ခပ်ပြင်းပြင်းရှူပြီး ရုတ်တရက် နှုတ်ဆိတ်သွားခဲ့သည်။

ကျမ်းစာက အောင်းလီတို့ နှစ်ဦးကို အမှန်တကယ် ဖြားယောင်းနေမှန်း သူ့စိတ်ထဲတွင် ကောင်းကောင်းသိသည်။

သူတို့ နှစ်ယောက်လုံးက သူ့ကို လေးစားဆဲမို့လို့သာ သူနှင့်စကားပြောရာတွင် စိတ်ရှည် သည်းခံနေကြခြင်း ဖြစ်သည်။

ထိုသို့မဟုတ်လျှင် သူ့ကို အနှောင့်အယှက်အဖြစ် ရှုမြင်ကာမောင်းထုတ်ကြမည်မှာ အသေအချာပင်။

ဆက်လက် တားနေလျှင် အဆုံးသတ်၌ သူတို့က ရန်သူတွေတောင် ဖြစ်သွားနိုင်သည်။

ပိုအရေးကြီးသည်က သူကိုယ်တိုင်ပင် ဗုဒ္ဓဘာသာ၏

စိတ်ကျင့်စဥ်ကြောင့် ပြင်းပြင်းထန်ထန် ဖြားယောင်းခံခဲ့ရခြင်းပင်။

ထို့ကြောင့် ဖန်ရှင်းက သူ၏ အသိစိတ်ပင်လယ်ထဲတွင် ထည့်ထားသည့် သခင်နှစ်ပါး၏ တာအိုကျမ်းစာနှင့် နတ်ဆိုးကျမ်းစာတို့ကို မကျင့်ကြံဝံ့တော့ပေ။

ဤခံစားချက်က သူ့ကို တကယ်ပင် ဒေါသထွက်စေသည်။

"အကိုတော် ငါတို့ကို မတားပါနဲ့တော့"

လုကျန်းက ရှက်ရွံ့သောလေသံဖြင့် ပြောလိုက်သည်။

"တကယ်တော့ ဂုဏ်ကျက်သရေရှိတဲ့ သခင်သုံးပါးက ငါတို့အပေါ် ရန်လိုတဲ့ ရည်ရွယ်ချက်တွေ မရှိပါဘူး"

"ဟုတ်တယ်.. ငါတို့က အရမ်း အတွေးများပြီး ထိတ်လန့်နေတာပါ.. အမှန်တော့.. သူတို့သာ ငါတို့အပေါ် အကောက်ကြံချင်ရင် ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ ကျင့်စဥ်တွေကို ငါတို့ဆီ တကူးတက

လွှဲပေးနေစရာ မလိုအပ်ဘူးလေ.. သူတို့ရဲ့.လက်တစ်ဖက်ကို လှုပ်လိုက်ရုံနဲ့တင် ငါတို့သုံးယောက်လုံး ကိစ္စပြတ်သွားနိုင်တာပဲ မဟုတ်လား.. ဘာလို့ သူတို့က ခက်ခဲအောင် လုပ်ပြီး ကျမ်းစာကို ပေးနေတော့မှာလဲ"

အောင်းလီက ဖန်ရှင်းကိုပင် ချက်ကျလက်ကျ ရှင်းပြ၍ ပြန်လည် ဖျောင်းဖြနေသည်။

"ကောင်းပြီလေ.. မင်းတို့ကို မတားမြစ်တော့ဘူး"

ဖန်ရှင်းက သက်ပြင်းကို မှုတ်ထုတ်၍ ပြောလိုက်သည်။

ထိုစကားကြောင့် အောင်းလီနှင့် လုကျန်းတို့က ဖန်ရှင်းကို အထိတ်တလန့် ကြည့်မိလိုက်ကြ၏။

"ဒီလို ဆန်းကြယ်တဲ့ ကျင့်စဉ်ကို လေ့ကျင့်ချင်တာက လူ့သဘာဝပဲ.. ငါနားလည်နိုင်ပါတယ်.. ဒါပေမယ့် အခြေအနေ အားလုံးကို ဂရုစိုက်ရမယ်.. အနည်းဆုံးတော့ ငါတို့ ဒီနယ်မြေမှာ အချိန်အများကြီး မဖြုန်းမိဖို့ သေချာအောင် လုပ်ရမယ်.. ဒီကျင့်စဉ်ရဲ့

အနှစ်သာရကို တစ်လအတွင်း နားလည်နိုင်မလား ဆိုတာကို သိရအောင် အရင် ဆွေးနွေးကြည့်ရအောင်"

လုကျန်းနှင့် အောင်းလီတို့က ဖန်ရှင်း တားမြစ်မည်ကို အနည်းငယ် စိုးရိမ်နေသော်လည်း ဖန်ရှင်း၏ စိတ်လျော့လိုက်သော စကားကို ကြားလျှင် ဝမ်းသာသွားကြသည်။

"ငါ အပြင်းအထန် လေ့ကျင့်လိုက်ရင် မကြာခင် နားလည်သွားမှာပါ"

"ဟုတ်တယ်.. ဒီကျမ်းစာကို နားလည်ဖို့အတွက် အချိန်အများကြီး မလိုဘူးလို့ ငါထင်တယ်..."

အောင်းလီနှင့် လုကျန်းတို့ ဝမ်းသာအားရ ပြန်ဖြေနေစဥ်မှာပင်ဖန်ရှင်းက သူတို့အနားသို့ လမ်းလျှောက်လာသည်။

ဖန်ရှင်းက သူတို့နှစ်ဦးကို လေ့ကျင့်ရန် သဘောတူလိုက်သဖြင့် သူတို့က အလွန်တရာ ကျေနပ်နေကြ၏။

ဖန်ရှင်းက သူတို့ နှစ်ယောက် အနားကို ရောက်သည်နှင့် လက်ကို မြှောက်ကာ လေထဲတွင် တစ်စုံတစ်ရာကို ရေးဆွဲနေသကဲ့သို့ လှုပ်ရှားလိုက်သည်။

"ငါလေထဲမှာ ဘာရေးထားလည်း ဆိုတာ လာကြည့်စမ်း"

ဖန်းရှင်းက လေးနက်သော အမူအရာဖြင့် ပြောလိုက်ရာအောင်းလီတို့ နှစ်ဦးလုံးက စိတ်ဝင်စားသွားပြီး ချက်ချင်းပင် ဖန်ရှင်းအနားသို့ ကပ်လာကြသည်။

ယင်းအချိန်မှာပင် လေထဲတွင် တစ်စုံတစ်ရာ ရေးဆွဲနေသောဖန်ရှင်း၏ လက်ဖဝါးနှစ်ဖက်တွင် ကြီးမားသော ရေဝဲကြီးများနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသော ဆွဲငင်အားများလည်း ဖြစ်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ထိုရေဝဲကြီးက အောင်းလီနှင့် လုကျန်းတို့ကို စုပ်ယူလိုက်ပြီး ဖန်ရှင်း၏ အသိစိတ်ကမ္ဘာထဲသို့ ပို့ဆောင်လိုက်သည်။

"ဟူး.. "

အောင်းလီတို့ကို အသိစိတ်ကမ္ဘာထဲ ထည့်သွင်းပြီးနောက် ဖန်ရှင်းက သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

သူ့အတွက် အောင်းလီတို့ နှစ်ဦးအပေါ် စကြဝဠာ သိုလှောင် စွမ်းရည် ထုတ်သုံးရသည်က အလွန်ပင် အန္တရာယ်များသည်။

အောင်းလီတို့ နှစ်ဦးသာ သူ၏စွမ်းအားကို ခုခံလိုက်လျှင် သူက အပြင်းအထန် ဒဏ်ရာ ရရှိသွားလိမ့်မည် ဖြစ်သည်။

သို့သော် ကံကောင်းစွာပင် အောင်းလီတို့ နှစ်ဦးက သူ့အပေါ် ယုံကြည်မှု အပြည့် ရှိနေကြ၍သာ အဆင်ပြေစွာဖြင့် အသိစိတ်ကမ္ဘာထဲ ထည့်သွင်းနိုင်ခဲ့ခြင်း ဖြစ်၏။

"ဒီလောက်တောင် လေ့ကျင့်ချင်တဲ့ကောင်တွေကို ငါ့ရဲ့ အသိစိတ်ကမ္ဘာထဲမှာ ချုပ်နှောင်ထားတာ အကောင်းဆုံးပဲ"

ဖန်ရှင်းက အောင်းလီတို့ကို အသိစိတ်ကမ္ဘာထဲ ထည့်သွင်းပြီးနောက် အခြေတည်အဆင့်ကို ရောက်နေပြီ ဖြစ်သည့် ဝက်နှစ်ကောင်ကို အသိစိတ်ကမ္ဘာထဲကနေ ဆွဲထုတ်ကာ အောင်းလီနှင့်လုကျန်းတို့၏ အသွင်အပြင်အတိုင်း ပြောင်းလဲစေလိုက်သည်။

ထို့နောက် သူက ၎င်းတို့၏ အော်ရာကို တခြားသူများ မရိပ်မိစေရန် အစီအရင်တစ်ခုပါ ခင်းကျင်းထားလိုက်၏။

"မင်းတို့ ဘယ်မှ လိုက်မသွားဘဲ ဒီမှာစောင့်နေနော်.. ငါပြန်လာခဲ့မယ်..."

ဖန်ရှင်းက ဝက်နှစ်ကောင်ကို လေသံတိုးတိုးဖြင့် အမိန့်ပေးပြီးနောက်တွင် နန်းတော်ထဲမှ ထွက်ခွာလာခဲ့သည်။

"အိုး.. ဆရာကြီးဖန်.. ဘယ်သွားမလို့လဲ"

ဖန်ရှင်းက လေထဲသို့ ခုန်တက်လိုက်သည်နှင့် တစ်စုံတစ်ယောက်နှင့်

ပက်ပင်းတိုးမိကာ မေးခွန်းထုတ် ခံလိုက်ရသည်။

ထိုလူက တခြားလူ မဟုတ်ပေ.. ဖန်ရှင်းတို့ကို ညွှန်ခံပွဲ ကျင်းပပေးခဲ့သည့် ဝမ်စုတောင်၏ တာဝန်ခံ ဖြစ်သည်။

"ဟားဟား.. ငါ့မိတ်ဆွေ နှစ်ယောက်က အရှူးအမူး ကျင့်ကြံနေကြတယ်လေ.. ငါကတော့ နည်းနည်း မွန်းကျပ်လာလို့လမ်းလျှောက်ထွက်မလို့"

ထိုစကားကို ရယ်မော၍ ပြောပြီးသည်နှင့် ဖန်ရှင်းက တာဝန်ခံ၏ တုံ့ပြန် ပြောဆိုမှုကိုပင် မစောင့်တော့ဘဲ ထွက်ခွာသွားလိုက်သည်။

ဝမ်စုတောင်၏ တာဝန်ခံက ဖန်ရှင်းကို တားမြစ်၍ ရသော်လည်း အေးအေးလူလူပင် လွှတ်ပေးလိုက်၏။

....

....

"တောင် တာဝန်ခံ.. သူတို့ကို အပြင်မထွက်အောင် တားရမှာမဟုတ်လား"

လှိုဏ်ဂူတစ်ခုထဲတွင် ကလေးတစ်ယောက်က စိုးရိမ်သောလေသံဖြင့် မေးခွန်းထုတ်လိုက်သည်။

"ဟားဟား.. တမင်လွှတ်ပေးလိုက်တာ"

တောင်တာဝန်ခံက ပြုံး၍ ကလေးငယ်၏ မေးခွန်းကို ပြန်ဖြေလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီကောင်လေးရဲ့ ကမ္ဘာငယ်လေးကို ငါတို့ထိန်းသိမ်းထားတယ်.. အဲ့ဒါမရှိရင် ဒီနယ်မြေမှာ သူဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး.. သူ့သူငယ်ချင်း နှစ်ယောက်စလုံးက မိစ္ဆာရောဂါကို ခံစားနေရပြီး ပြန်လှည့်ဖို့ ခက်ခဲနေပြီ.. ဒီကောင်လေးက အားလုံးထဲမှာ ကျင့်ကြံမှုအနိမ့်ဆုံးပဲ"

"ထွက်ပြေးမယ် ဆိုရင်တောင် လွတ်စရာ အကြောင်းမရှိဘူး.. ဒါကြောင့်လည်း သခင်သုံးပါးက ငါ့ဆီမှာ စိတ်ချလက်ချ သူတို့ကို အပ်ထားခဲ့တာပေါ့"

အပိုင်း(၁၂၉၉) ပြီး၏

အပိုင်း(၁၃၀၀) မိတ်ဆွေဟောင်းနှင့်ပြန်တွေ့ခြင်း

ဖန်ရှင်းက ဝမ်စုတောင်မှ ထွက်ခွာပြီးနောက် သူ၏ ခန္ဓာကိုယ်ကို တိမ်တွေကြားထဲတွင် ပုန်းကွယ်ကာ မိုင်ပေါင်း သောင်းနှင့်ချီ ခရီးနှင်ခဲ့သည်။

သူ့ကိုရှာဖွေရန် မည်သူကမှ မှော်စွမ်းအား အသုံးပြုသည်ကို သတိမထားမိသဖြင့် သခင်သုံးပါး၏ ချုပ်ကိုင်မှုမှ ယာယီ လွတ်မြောက်သွားပြီဟု ဖန်ရှင်းက ယုံကြည်ခဲ့သည်။

"ဒီအင်မော်တယ် နယ်မြေရဲ့ လျှို့ဝှက်ဆန်းကြယ်မှုကို ဒီအခွင့်အရေးကို အသုံးချပြီး စူးစမ်းရမယ်"

ဝမ်စုတောင်မှ လွတ်မြောက်လာပြီး နောက်တွင် ဝမ်စုတောင်တွင် ဆက်နေခြင်းက အလွန် အန္တရာယ်များသည်ဟု ပထမဦးဆုံး အကြိမ် သူခံစားမိလိုက်သည်။

သူက သခင်သုံးပါး အကြောင်းကို မတွေးတောဘဲ မနေနိုင်တော့ချေ။

သခင်သုံးပါး၏ အမွေအနှစ်များကို ကျင့်ကြံလိုသည့် ဆန္ဒအား ထိန်းသိမ်းရ ခက်ခဲသော်လည်း ထိုဆန္ဒက အလွန်ပင် အန္တရာယ် များသည်ကို သူကောင်းကောင်း သိသည်။

ထို့ကြောင့်ပင် သူက အောင်းလီနှင့် လုကျန်းတို့ကို အကြိမ်ကြိမ်တားမြစ်ခဲ့ခြင်း ဖြစ်၏။

ဖန်ရှင်းက သူ၏ အသွင်အပြင်ကို ဖုံးကွယ်ပြီးနောက် အင်မော်တယ် ကုန်းမြေတိုက်ကြီးကို လေ့လာခဲ့ပြီး တိုက်ကြီးအထက်ရှိ

ကြယ်ရောင်စုံ ကောင်းကင်ကြီးကိုလည်း ကြည့်ရှုနေခဲ့သည်။

အင်မော်တယ်ဘုံ အသစ်တွင် သူနားမလည်နိုင်သည့် အရာတွေ အများကြီး ရှိနေသည်။

ဤနေရာမှ သခင်သုံးပါးက အလွန် လျှို့ဝှက်ဆန်းကြယ်လွန်းသောကြောင့် ဖန်ရှင်းက ထွက်ပြေးရန်သာ ဆုံးဖြတ်လိုက်၏။

သူက လုကျန်းနှင့် အောင်းလီကို အသိစိတ်ကမ္ဘာထဲ ဆွဲသွင်းပြီး အခြေတည် အဆင့် ဝက်နှစ်ကောင်ကို ၎င်းတို့ အသွင်ပြောင်း၍ ထားရစ်ခဲ့ကာ ကြယ်ရောင်စုံ ကောင်းကင်ကြီး ဆီသို့ ထွက်ပြေးရန် ဆုံးဖြတ်ခဲ့သည်။

ထိုကဲ့သို့ ထွက်ပြေးရန် ကြိုးစားသည်က လွယ်ကူသည့် အလုပ်တော့ မဟုတ်ပေ။

ကြယ်ရောင်စုံ ကောင်းကင်ကြီးက အကန့်အသတ်မရှိ ကျယ်ပြောရာ လမ်းကြောင်း မသိလျှင် မရေမတွက်နိုင်သည့် ကြယ်တွေကြား၌

ပျောက်ဆုံးသွားနိုင်ပေသည်။

ဖန်ရှင်း ယခု လုပ်ရမည့် အရာက ရှေးဟောင်းလမ်း၏ ကျန်ရှိသော လမ်းကြောင်းကို ဆက်သွားရန်ပင် ဖြစ်သည်။

"ခေါင်းကိုးလုံး တီကောင်ကတော့ ဒီနယ်မြေကနေ လွတ်သွားပုံရတယ်.."

ဖန်ရှင်းက ခေါင်းကိုးလုံးတီကောင် အကြောင်းကို တွေးရင်းသူ၏ အဖြစ်နှင့် အတော်လေး ဆင်တူနေသည်ဟုပင် တွေးမိလိုက်သည်။

သူ့ကို ကူကယ်ရာမဲ့ ဖြစ်စေသည့် တစ်ခုတည်းသော အရာမှာ ခေါင်းကိုးလုံး တီကောင်ကိစ္စက ဤနယ်မြေ၏ လျှို့ဝှက်ချက်ဖြစ်နေသည့် အတွက် ပွင့်ပွင့်လင်းလင်း မေးမြန်း စုံစမ်းရန် ခက်ခဲနေခြင်း ဖြစ်၏။

အင်မော်တယ် နယ်မြေကို နေ့တစ်ဝက်လောက် လှည့်လည်သွားလာပြီးနောက် အရာအားလုံးက ပုံမှန်ဖြစ်ပြီး

ထျန်းယွမ်တိုက်နှင့် အနည်းငယ် ကွဲပြားကြောင်း ခံစားမိခဲ့သည်။

ဤနယ်မြေတွင် သတ္တဝါပေါင်းစုံ နေထိုင်ကြပြီး တာအိုဘာသာက ထိပ်ဆုံးနေရာတွင် ရှိသည်။

"ခေါင်းကိုးလုံး တီကောင်က လွှန်ခဲ့တဲ့ အနှစ်သုံးဆယ်က လွတ်မြောက်ခဲ့တာ ဆိုတော့ စုံစမ်းဖို့ ခက်ခဲတယ်.. နဂါးမယ်တော်တို့လည်း ဘယ်ရောက်သွားနေလည်း မသိဘူး"

ဖန်ရှင်းက လမ်းလျှောက်လာစဉ် နှလုံးသားထဲ၌ မေးခွန်းတစ်ခု တဖြည်းဖြည်း ပေါ်လာခဲ့သည်။

သခင်သုံးပါးက သူတို့ ရောက်လာမည်ကို အနှစ်သုံးဆယ်ကြိုတင် သိရှိနေမည်ဟု သူမယုံပေ။

သူတို့ ရောက်လာမည်ကို သိရသည့် အကြောင်းရင်းက တစ်စုံတစ်ယောက်က ပြောပြလိုက်ခြင်းကြောင့်သာ ဖြစ်နိုင်လောက်၏။

ထိုသတင်း ပေါက်ကြားခဲ့သူက နဂါးမယ်တော်ဆီမှ ဖြစ်နိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် ခေါင်းကိုးလုံးတီကောင်က သံသယဖြစ်ဖွယ်ရာ ရှိသော် လည်း ၎င်းတို့ သုံးဦး ရောက်လာမည်ကို အတိအကျ မပြောနိုင်သောကြောင့်ပင်။

နဂါးမယ်တော်က ဤနယ်မြေသို့ ရောက်နေပြီ ဆိုလျှင် အဘယ်ကြောင့် သတင်းသဲ့သဲ့မျှပင် မကြားရပါသနည်း။

ပြဿနာ အားလုံးက ကျိုးကြောင်းဆီလျော်မှု မရှိသောကြောင့် ဖန်ရှင်း၏ သံသယက ပို၍ပင် များပြားလာသည်။

"ဘာမဟုတ်တဲ့ အရာတွေနဲ့ အချိန်ကုန်ဆုံးခဲ့ရတာကို နောင်တရမိတယ်.. နောက်ဘဝမှာ တွေ့ရမဲ့ မိန်းမတွေက မင်းရဲ့ အလှကို ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ..."

ဤကဲ့သို့ လှည့်လည်သွားလာနေစဉ် သုံးရက်မြောက်သောနေ့တွင်

ဖန်ရှင်းက နားထဲတွင် ကဗျာရွတ်သံလိုလို စကားသံကို ရုတ်တရက် ကြားလိုက်ရသည်။

ထိုအသံက အဝေးမှ ဖြစ်သော်လည်း ကြည်လင် ပြတ်သားစွာ ကြားရသည့် အပြင် ဖော်မပြနိုင်သည့် လျှို့ဝှက်ဆန်းကြယ်သော အရှိန်အဝါ ရှိနေသည်။

ထိုထက် ပို၍ အရေးကြီးသည်မှာ ဖန်ရှင်းက ထိုအသံ၌ အလွန်ရင်းနှီးသလို ခံစားနေရခြင်းပင်။

ချက်ချင်းပင် သူက အသံလာရာဆီသို့ ထွက်လာခဲ့ရာ တောင်တက်လမ်းတစ်ခုကို ဖြတ်လျှောက်ရင်း ချိုင့်ဝှမ်းတစ်ခု ဆီသို့ ရောက်ရှိသွားခဲ့သည်။

ချိုင့်ဝှမ်းထဲတွင် တဲအိမ်လေး တစ်လုံး ရှိနေပြီး ထိုတဲအိမ်၏ အရှေ့ဘက်တွင် ဆံပင်ရှည်ရှည်နှင့် အဘိုးအိုတစ်ဦးက တပုလ္လင်ခွေထိုင်၍ ကုချင်း တီးခတ်နေသည်။

"တာအိုနဲ့ အလွန်နီးစပ်နေတဲ့ နယ်ပယ်ပါလား"

ဖန်ရှင်းက ထိုလူ၏ အရှိန်အဝါကို ခံစားမိလျှင် အံ့အားသင့်သွားသည်။

ထိုလူက ဖန်ရှင်း ရောက်လာသည်ကို မြင်လျှင် ခေါင်းမော့၍ ပြုံးပြလိုက်ရာ ဖန်ရှင်းက အံ့အားသင့်သွားခဲ့သည်။

ကုချင်း တီးခတ်နေသည့်သူက ဖန်ရှင်း၏ မိတ်ဆွေဟောင်းတစ်ယောက်ပင်။

"တိတ်ဆိတ်နေတဲ့လေနဲ့ ခါးသီးတဲ့မိုးက ရောယှက်နေတယ်.. မိတ်ဆွေလေးဖန် မတွေ့တာတောင် အတော်ကြာပြီ.. ငါ့ရဲ့ တဲအိမ်ထဲမှာ အခါးရည် သုံးဆောင်ပါဦး"

ထိုလူက ဖန်ရှင်းကို ပျူငှာစွာဖြင့် ဖိတ်ခေါ်လိုက်သည်။

ဖန်ရှင်းက ခပ်ယဲ့ယဲ့ ပြုံး၍ ရှေ့သို့ လျှောက်သွားလိုက်က ာ

"ဆရာကြီးဝမ်.. ငါ မင်းကို ဒီနယ်မြေမှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ဘူး "

ဟုတ်ပါသည်.. မိုးသဲနေသောညတွင် ကုချင်းကို တီးခတ်နေသူမှာ ဆရာကြီးဝမ်ပင် ဖြစ်သည်။

ထူးဆန်းသည်မှာ ကပ်ဘေး အဌမအဆင့် ဆရာကြီးဝမ်က သူနှင့် ပြန်လည် ဆုံတွေ့သောအခါတွင် အင်မော်တယ် အသွင်အပြင် ဖြစ်လာခဲ့ခြင်းပင်။

ဆရာကြီးဝမ်၏ ကျင့်ကြံမှုအဆင့်က ယခင်လို မဟုတ်တော့သည့် အပြင် ဖော်မပြနိုင်အောင် နှံ့စပ် ကျယ်ဝန်းသော တာအိုအသိအမြင်များ ရှိနေပုံ ရသည်။

"မင်း ဒီအင်မော်တယ်နယ်မြေကို ရောက်ကတည်းက ငါမင်းကိုစောင့်နေတာပါ"

ဆရာကြီးဝမ်က ရယ်မော၍ ပြောလိုက်သည်။

"ဘယ်လိုလုပ် မင်းတစ်ယောက်တည်း ဖြစ်နေတာလဲ.. ဆရာကြီးလန်နဲ့ နဂါးမယ်တော်တို့ရော"

ဖန်ရှင်းက ပတ်ဝန်းကျင်ကို မျက်စိကစား၍ ဆရာကြီးဝမ်ကိုမေးခွန်းထုတ်လိုက်၏။

"ဟားဟား.. ဘာမှ လိုက်ရှာမနေနဲ့.. ဒီတဲအိမ်ထဲမှာ ငါတစ်ယောက်တည်းပဲ ရှိတယ်.. သူတို့နှစ်ယောက်ကတော့ ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲ သေသွားလောက်ပြီလို့ ငါထင်တယ်"

ဆရာကြီးဝမ်က ရယ်မော၍ ပြောလိုက်ပြီး အခါးရည် ပူပူလေး တစ်ခွက်ကို ဖန်ရှင်း၏ အရှေ့၌ ညင်သာစွာ ချပေးလိုက်သည်။

"အမ်"

ထိုစကားကိုကြားလျှင် ဖန်ရှင်းက အနည်းငယ် ထိတ်လန့်သွားပြီး ဆရာကြီးဝမ်ကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

နတ်ဘုရား စိတ်အာရုံနှင့် ပတ်သက်လာလျှင် နဂါးမယ်တော်က ဆရာကြီးဝမ်ထက် များစွာ သာလွန်နေသည့် အပြင် ဆရာကြီးလန်ကလည်း ကမ္ဘာငယ်လေး၏ ခွန်အားနှင့် ကာကွယ်မှုအရ ဆရာကြီးဝမ်ထက် များစွာ သန်မာနေသည်။

ထို့ကြောင့် ကြယ်ရောင်စုံ ကောင်းကင်ကြီး၌ သေမည်ဆိုလျှင် ဆရာကြီးဝမ်ကသာ ပို၍ ဖြစ်သင့်သည် မဟုတ်ပါလော။

ဆရာကြီးဝမ်ထံမှ မျှော်လင့်မထားသည့် စကားကြောင့် ဖန်ရှင်းက သံသယဝင်လာခဲ့သည်။

"ဟားဟား.. မိတ်ဆွေလေးဖန်က ငါ့စကားအပေါ် သံသယဝင်နေတာ ငါသိပါတယ်.. "

ဆရာကြီးဝမ်က ပေါ့ပါးစွာပြုံး၍ ပြောလိုက်သည်။

"ကြယ်ရောင်စုံ ကောင်းကင်ကြီးမှာ အန္တရာယ်တွေ အများကြီးရှိတယ် ဆိုပေမယ့် လူတွေရဲ့ နှလုံးသားက ပိုလို့တောင် အန္တရာယ်များတယ်.. မင်းတို့ဆီက ထွက်လာပြီးနောက်မှာ နဂါးမယ်တော်က စုန်းမကြီးကို ဆေးလုံးအဖြစ် သန့်စင်ခဲ့တယ်.. ဒါပေမဲ့ အဲ့ဒီဆေးလုံးက ကြယ်ပင်လယ်ကို ဖြတ်ကျော်ဖို့ မလုံလောက်ဘူး ဖြစ်နေတယ်.. အဲ့ဒီအချိန်မှာ သူတို့နှစ်ယောက်က ငါ့ကို ဆေးလုံးအဖြစ် သန့်စင်ဖို့ ကြိုးစားခဲ့ကြတယ်.. ကံကောင်းစွာပဲ ကြယ်ပင်လယ်ကြီးက ရုတ်ချည်း ပြောင်းလဲသွားပြီး ကြယ်ကျောက်တုံးတွေက နေရာအနှံ့ ပြန့်ကျဲသွားမယ်လို့ ဘယ်သူက ထင်မိမှာလဲ.. ငါလည်း သူတို့ဆီကနေ ထွက်ပြေးနိုင်ခဲ့တယ်.. "

"ဒါဆို ငါက မထင်မှတ်ဘဲ ဆရာကြီးဝမ် အသက်ကို ကယ်ခဲ့မိတာပေါ့.."

ဖန်ရှင်းက စိတ်ထဲကနေ အထိတ်တလန့် ရေရွတ်လိုက်မိသည်။

ကြယ်ပင်လယ်ကို ပရမ်းပတာ ဖြစ်စေသည့် အကြောင်းရင်းမှာ

သူကိုယ်တိုင် ဖြစ်နေသည် မဟုတ်ပါလား။

"ဒါနဲ့နေပါဦး.. မင်းက ငါနဲ့ဘာလို့ တွေ့ချင်ရတာလဲ"

ဖန်ရှင်းက စူးစမ်းသော လေသံဖြင့် မေးလိုက်သည်။

"ဟားဟား.. မိတ်ဆွေလေးဖန်က အရင်ကလို ပွင့်ပွင့်လင်းလင်းပဲကိုး.. ဟုတ်တယ်.. ငါမင်းကို တွေ့ချင်နေတဲ့ အကြောင်းရင်းက တိုက်တွန်းစရာ ရှိလို့ပဲ.. ကြီးကျယ် ခမ်းနားတဲ့ အခွင့်အရေးက မင်းရဲ့ရှေ့မှာ ရောက်နေပြီ.. ဒါက ထူးခြားတဲ့ အခွင့်အရေးပဲ.. မိတ်ဆွေလေးဖန်.. မင်းတို့ဆိုင်း မနေသင့်ဘူး"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ဆရာကြီးဝမ်ကို တအံ့တသြကြည့်လိုက်ပြီး

"မင်းက သခင်သုံးပါးရဲ့ အမွေအနှစ်ကို အမြန်လေ့ကျင့်ဖို့ ငါ့ကို နားချနေတာလား"

"ဒါက မင်းအတွက်ပဲလေ.. လေ့ကျင့်ရင် ဘယ်လိုအကျိုးကျေးဇူးရှိလည်း ဆိုတာ သိချင်ရင် ငါ့ကိုပဲကြည့်လေ"

စကားဆုံးသည်နှင့် ဆရာကြီးဝမ်က သူ၏ချီကို လှုံ့ဆော်၍ ခန္ဓာကိုယ်တစ်ခုလုံးကို ထုတ်ဖော်ပြသလိုက်ရာ အင်မော်တယ် အရှိန်အဝါများ ဖြာထွက်လာသည်ကို တွေ့လိုက်ရသည်။

သို့သော် ယင်းအချိန်မှာပင် ခန်းမအပြင်ဘက်ရှိ ညကောင်းကင်ယံတွင် ရုတ်တရက် လျှပ်စီးလက်ကာ ကောင်းကင်နှင့် မြေကြီးက နေ့အလင်းရောင်ကဲ့သို့ လင်းလက်သွားသည်။

လျှပ်စီးလက်လာသောအခါ ဆရာကြီးဝမ်၏ ဂုဏ်သိက္ခာရှိသော အမူအရာက ရုတ်တရက် ပြောင်းလဲသွားပြီး

"ကယ်ကြပါ.."

ဟု အော်ဟစ်လိုက်သည်။

အပိုင်း(၁၃၀၀) ပြီး၏

အပိုင်း(၁၃၀၁) မိစ္ဆာအဆိပ်

ကောင်းကင် တစ်ပြင်လုံးတွင် လျှပ်စီးလက်ပြီး မိုးဖွဲဖွဲကျနေသောကြောင့် ညက နေ့ခင်းဘက်ကဲ့သို့ ဖြစ်နေသည်။

ဆရာကြီးဝမ်၏ အမူအရာက ယခုအချိန်တွင် သိသိသာသာပင် ပြောင်းလဲနေသည်။

ဖန်ရှင်းက တစ်ခုခု မှားယွင်းနေပြီဟု ရိပ်စားမိလိုက်သော်လည်း မျက်နှာ အမူအရာကမူ လုံးဝ ပြောင်းလဲသွားခြင်း မရှိပေ။

ဆရာကြီးဝမ်က လျှပ်စီးလေး လက်တာလောက်ကို အဘယ်ကြောင့် ကြောက်ရွံ့နေရပါသနည်း။

ဖန်ရှင်း၏ လက်ရှိ ကျင့်ကြံမှုအဆင့်ဖြင့် စိတ်ဝိညာဉ် အားနည်းသူများသာ လျှပ်စီးလက်ခြင်းကို ကြောက်ရွံ့ကြောင်း ကောင်းစွာသိထားခဲ့သည်။

သို့ဆိုလျှင် ဆရာကြီးဝမ်က စိတ်ဝိညာဉ် အားနည်းနေပါသလော။

ဆရာကြီးဝမ်ကမူ အစောပိုင်းက ကယ်ကြပါဟု အော်ဟစ်နေသူမှာ သူမဟုတ်သည့် အလား တည်ငြိမ်စွာဖြင့် စကားဆက်ပြောနေခဲ့သည်။

"ဟားဟား.. မိတ်ဆွေလေးဖန်.. မင်းအရင်က ငါ့ရဲ့ ကျင့်ကြံမှု အဆင့်ကို သိပါတယ်.. ဆရာကြီးလန်နဲ့ အခြားသူတွေထက် ငါက ကျင့်ကြံမှုမှာ အနည်းငယ် နိမ့်ကျတယ် ဆိုပေမဲ့ အခုချိန်မှာတော့ ငါ့ရဲ့ ကျင့်ကြံမှုက သူတို့ထက် အဆများစွာ သာလွန်နေခဲ့ပြီ"

ဆရာကြီးဝမ်က ကျယ်လောင်စွာ ရယ်မော၍ ပြောလိုက်သည်။

ယခုလေးတင် အကူအညီတောင်းသည့် မြင်ကွင်းက မသိလျှင် ပုံရိပ်ယောင် တစ်ခု အလားပင်။

"ဒါက နှစ်၃၀ကြာ ကျင့်ကြံခြင်းရဲ့ ရလာဒ်တစ်ခုပဲ.. မကြာသေးခင်ကမှ ငါ တာအိုနဲ့ အနည်းငယ် နီးစပ်ခဲ့ပြီး အင်မော်တယ် ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ခဲ့တယ်.. မိတ်ဆွေလေးဖန်က ထျန်းယွမ်တိုက်ရဲ့ ပါရမီရှင်တစ်ယောက်ပါ.. အရည်အချင်းက ငါ့ထက် အများကြီးသာပါတယ်.. အခု ကံကြမ္မာကောင်းက အရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဆိုတော့ လက်လွတ်မခံပါနဲ့"

ဆရာကြီးဝမ်က ဖန်ရှင်းကို တိုက်တွန်းနေသော်လည်း ဖန်ရှင်းထံမှ ဘာမှ ထူးခြားသည့် အရိပ်အယောင်ကို မတွေ့ရချေ။

ခဏအကြာတွင် ဖန်ရှင်းက ဆရာကြီးဝမ်ကို စေ့စေ့ကြည့်လိုက်ပြီး

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ငါတို့ ရောက်လာမယ်လို့ ထုတ်ဖော်ခဲ့တဲ့သူက မင်း မဟုတ်လား"

ထိုစကားကို ကြားလျှင် ဆရာကြီးဝမ်က အနည်းငယ် လန့်ဖြန့်သွားပြီး ခေါင်းခါလိုက်ကာ

"မင်းတို့ကို ကြယ်ပင်လယ်ထဲမှာ သေသွားပြီလို့ပဲ ငါထင်ခဲ့တာ.. သခင်သုံးပါး ငါ့ကို မေးတုန်းက နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းမှာ လူငယ်တွေ ကျန်ရစ်ခဲ့တယ်လို့ပဲ ဖြေခဲ့တာပါ.. မင်းတို့ ရောက်လာမယ်လို့ သူတို့ ကြိုသိနေတာက ငါ့ရဲ့လက်ချက် မဟုတ်ပါဘူး"

"မင်းမဟုတ်ရင် ငါတို့ထဲက တစ်ယောက်ယောက်က ဖော်ထုတ်လိုက်တာ သေချာနေပြီ"

ဖန်ရှင်းက မည်သူ့ လက်ချက် ဖြစ်နိုင်သည်ကို စဥ်းစားရင်း အကြမ်းဖျင်း အဖြေတစ်ခုကိုတော့ ရရှိလိုက်သည်။

"ဟားဟား.. မိတ်ဆွေလေးဖန်.. မင်း ဒီအကြောင်းတွေ ဆက်ပြောနေရင် ငါတို့ရဲ့ ခင်မင် ရင်းနှီးမှုတွေ ပျက်စီးရလိမ့်မယ်.. တခြား အကြောင်းတွေပဲ ပြောကြတာပေါ့"

ဆရာကြီးဝမ်က အခါးရည်ကို တစ်ကျိုက် မော့သောက်ရင်း ပြုံး၍ ပြောလိုက်သည်။

"ဟက်.. ကြယ်ပင်လယ်ကို ဖြတ်ကျော်စဉ်က နဂါးမယ်တော်ဆီ ငါ့ရဲ့ ညီတော်ကို ဆေးလုံး ဖော်စပ်ဖို့ လွှဲဆော်ခဲ့တာ မှတ်မိသေးလား"

ဖန်ရှင်းက ဖြည်းညင်းစွာ ပြော၍ အခါးရည်ကို မော့သောက်လိုက်သည်။

"ဘယ်တုန်းကလဲ..."

ဆရာကြီးဝမ်က ရုတ်တရက် အနည်းငယ် စိတ်ရှုပ်ထွေးသွားပြီး ဖန်ရှင်း၏ စကားကို နားမလည်ခဲ့ပေ။

"ဟားဟားဟား.. မင်းတို့ ဆေးလုံးဖော်စပ်ဖို့ ကြိုးစားခဲ့တဲ့ လုကျန်းက ငါ့ရဲ့ ဂိုဏ်းတူညီတော် ဖြစ်သွားပြီ.. မင်းနဲ့ငါက ထျန်းယွမ်တိုက်ကနေ အတူတူ ခရီးနှင်ခဲ့ကြပေမဲ့ ဒီလိုမျိုး မပြေလည်နိုင်တဲ့ အမုန်းတရားတွေ ရှိနေတယ်.. မင်းကို ငါသတ်ပစ်မှာ မကြောက်ဘူးလား"

ဖန်ရှင်း၏ ရန်လိုသော စကားများက ဆရာကြီးဝမ်ကို မှင်တက်စေခဲ့ပြီး ဘာရည်ရွယ်ချက်ဖြင့် ပြောနေမှန်း နားမလည်နိုင်ခဲ့ပေ။

ယင်းအချိန်မှာပင် ဖန်ရှင်းက နဂါးဘုရင်၏ မိုးကြိုးနည်းစနစ်ကို အသုံးပြု၍ ဆရာကြီးဝမ်၏ ပတ်ပတ်လည်ကို မိုးကြိုးများဖြင့် ဝိုင်းရံထားလိုက်သည်။

"အမှန်အတိုင်း ပြောစမ်း.. ဘာလို့ ငါ့ကို ထောင်ချောက်ထဲ ဆွဲသွင်းနေတာလဲ"

ဖန်ရှင်းက ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။

တစ်ချိန်တည်းမှာပင် ဆရာကြီးဝမ်က ဖန်ရှင်း၏ ရည်ရွယ်ချက်ကို ချက်ခြင်း နားလည်ခဲ့ပြီး တုန်လှုပ်ခြောက်ခြားကာ မျက်နှာက ဖြူဖပ်ဖြူရော် အဖြစ် ပြောင်းလဲသွားသည်။

အစောပိုင်းက အလွန်ကြောက်မက်ဖွယ် ကောင်းသည့်ချီစွမ်းအားကို ထုတ်ဖော်ပြသခဲ့သည့် ဆရာကြီးဝမ်မှာ မိုးကြိုးများ၏ အလယ်တွင်

မျက်စိမျက်နှာ ပျက်နေသည်။

"ဖြန်း"

ဖန်ရှင်းက ဆရာကြီးဝမ်က ပါးရိုက်ချလိုက်ရာ ဆရာကြီးဝမ်က ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်သွားပြီး အထိတ်တလန့် ဖြစ်သွားခဲ့သော်လည်း ဘာမှမတုံ့ပြန်ခဲ့ချေ။

"တစ်ချိန်က နဂါးမယ်တော်နဲ့အတူ ငါတို့ကို ကြယ်ပင်လယ်ထဲမှာ ပစ်ထားခဲ့တာ မှတ်မိသေးလား.. ဟက်.. ဒါတောင် မင်းကငါ့ကို ကျမ်းစာကို ကျင့်ကြံဖို့ သွေးဆောင်နေသေးတယ်"

ဖန်ရှင်းက ဆရာကြီးဝမ်ကို စေ့စေ့ကြည့်ကာ လှောင်ပြောင်၍ ပြောလိုက်သည်။

ထို့နောက် သူက ဆရာကြီးဝမ်၏ ခန္ဓာကိုယ်ကို လက်ဝါးဖြင့် ပုတ်လိုက်ရာ ဆရာကြီးဝမ်၏ ခန္ဓာကိုယ်က ပျောက်ကွယ်သွားခဲ့သည်။

"မင်းပြောတော့ ကျမ်းစာက အရမ်း အစွမ်းထက်တယ်ဆို.. အခုကြည့်လေ.. သခင်သုံးပါးရဲ့ ကျမ်းစာကို အနှစ်၃၀လောက် လေ့ကျင့်ခွင့် ရတာတောင် မင်း ငါ့ကို ယှဉ်နိုင်လို့လား.. "

ဖန်ရှင်းက ဆရာကြီးဝမ်ကို ခနဲ့လိုက်သည်။

ယခုအချိန်တွင် ဆရာကြီးဝမ်က ဖန်ရှင်း၏ အသိစိတ် ကမ္ဘာထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

သို့ရာတွင် အသိစိတ်ကမ္ဘာထဲမှ ပုံမှန်ထက် ဆန်းကြယ်နေသော မြင်ကွင်းများကို မြင်လိုက်ရလျှင် ဆရာကြီးဝမ်က ထိတ်လန့်သွားသည်။

"မင်း.. မင်းမှာ ကမ္ဘာငယ်လေး ရှိနေသေးတာလား.. ငါသိရသလောက်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀က ခေါင်းကိုးလုံးတီကောင်ရဲ့ ဖြစ်ရပ်ကြောင့် ဒီအင်မော်တယ် နယ်မြေမှာ ကမ္ဘာငယ်လေးကို ခွင့်မပြုတော့ဘူး မဟုတ်လား"

ဆရာကြီးဝမ်က မယုံကြည်နိုင်သော လေသံဖြင့် တအံ့တသြ ရေရွတ်လိုက်သည်။

လက်ရှိတွင် အသိစိတ်ကမ္ဘာ ထဲရှိ ဆရာကြီးဝမ်၏ အသွင်အပြင်မှာ အလွန် ပြောင်းလဲနေ၏။

ပြင်ပကမ္ဘာတွင် ရှိစဥ်က ခန့်ညားသော ဆရာကြီးဝမ်မှာ အသိစိတ်ကမ္ဘာထဲတွင် ဝါးခြမ်းပြားကဲ့သို့ ပိန်လှီနေသည်။

သူ၏ချီမှာလည်း အချိန်မရွေး ငြိမ်းသက်သွားတော့မည့် ဖယောင်းတိုင်ကဲ့သို့ အားနည်းလွန်းနေသည်။

ကပ်ဘေးအဌမအဆင့် ဆရာကြီးဝမ်က ယခုအချိန်တွင် အခြေတည် အဆင့် ကျင့်ကြံသူထက်ပင် အားနည်းနေသည်ကိုဖန်ရှင်းက သံသယမရှိပေ။

"မင်းဘယ်လိုဖြစ်လို့ ဒီလောက်တောင် အားနည်းသွားရတာလဲ"

ဖန်ရှင်းက အေးစက်သော လေသံဖြင့် မေးခွန်းထုတ်လိုက်သည်။

"စိတ်မပူနဲ့.. ငါ့ရဲ့ အသိစိတ် ကမ္ဘာငယ်လေးကို ဘယ်သူမှ ရှာတွေ့မှာမဟုတ်ဘူး.. ဒီကမ္ဘာငယ်လေးက ဘာမှ မထူးခြားပေမဲ့ သူများတွေရဲ့ အမြင်တွေကို ဖုံးကွယ်တဲ့ နေရာမှာတော့ ပထမတန်းစားပဲ"

"ကဲ စိတ်ချလက်ချ ဖြေလို့ရပြီ.. မင်းဘယ်လိုမျိုး ကြုံခဲ့ရတာလဲ"

ဖန်ရှင်းက ဆရာကြီးဝမ်ကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

"ငါ သတိလက်လွတ်ဖြစ်ပြီး မိစ္ဆာ အဆိပ် မိသွားတာပါ"

ဆရာကြီးဝမ်က ဝမ်းနည်းမှုနှင့် ဒေါသများ ရောယှက်နေသော လေသံဖြင့် ပြန်ဖြေလိုက်သည်။

"ငါက နတ်ဆိုးသခင်ပေးတဲ့ ကျမ်းစာကို ကျင့်မိပြီး

အခုလိုဖြစ်သွားတာပဲ"

"ဒါဆို ဒီကျမ်းစာကို လေ့ကျင့်တာက မင်းရဲ့စွမ်းအားတွေကို ဆုံးရှုံးစေခဲ့တာပေါ့"

ဖန်ရှင်းက ထပ်မံ အတည်ပြုလိုသော သဘောဖြင့် မေးမြန်းလိုက်သည်။

ထိုစကားကို ကြားလျှင် ဆရာကြီးဝမ်က မချိပြုံး ပြုံး၍ ခေါင်းခါလိုက်ပြီး

"ဒီကျမ်းစာကို ကျင့်ကြံရင် တာအိုကို တကယ် ရရှိနိုင်ပါတယ်"

ဟု ပြန်ဖြေလိုက်သည်။

"တကယ်ကြီး ရနိုင်တာလား"

ဖန်ရှင်းက ဆရာကြီးဝမ်ထံမှ ထင်မှတ်မထားသည့် စကားကြောင့် မှင်တက်သွားပြီး ဆရာကြီးဝမ်ကို မယုံကြည်နိုင်စွာ ကြည့်နေမိသည်။

"ရနိုင်ပါတယ်"

ဆရာကြီးဝမ်က ခေါင်းညိတ်၍ ပြန်ဖြေလိုက်သည်။

"ဒါပေမဲ့ တာအိုကို ရလိုက်တာနဲ့ မင်း ကိုယ့်ကိုကိုယ် ဆုံးရှုံးသွားရလိမ့်မယ်"

အပိုင်း(၁၃၀၁) ပြီး၏

အပိုင်း(၁၃၀၂) အဆိပ်သင့်ခြင်း

"ရှင်းအောင်ပြောစမ်းပါ"

ဆရာကြီးဝမ်၏ မရေရာသော အဖြေက ဖန်ရှင်း၏ နှလုံးသားကို

နစ်မြုပ်သွားစေခဲ့သည်။

အချိန်အတော်ကြာပြီး နောက်တွင် သူက လေးနက်သော လေသံဖြင့် ပြောဆိုလိုက်သည်။

ဆရာကြီးဝမ်ကလည်း ခဏလောက်စဉ်းစားပြီးမှ လေးနက်သော အမူအရာဖြင့် ပြန်ဖြေလိုက်သည်။

"ကြယ်ပင်လယ်ထဲက ပရမ်းပတာ ဖြစ်ရပ်ကြောင့် ငါက နဂါးမယ်တော်နဲ့ ဆရာကြီးလန်တို့ လက်ထဲကနေ လွတ်မြောက်ခဲ့တယ်.. အဲ့ဒီနောက်မှာတော့ ကြယ်ရောင်စုံ ကောင်းကင်ကြီးထဲမှာ တစ်ယောက်တည်း ခရီးဆက်ခဲ့ရတယ်.. ကံကောင်းထောက်မစွာပဲ နဂါးမယ်တော်ရဲ့ လက်ထဲက ကြယ်မြေပုံကို မြင်ဖူးတဲ့အတွက် ခုနစ်ရက်လောက် လမ်းလျှောက်ပြီးတဲ့ နောက်မှာ အဆုံးမဲ့ အမှောင်ထုတိမ်တိုက် နေရာကို ရောက်ရှိခဲ့တယ်.."

"အဆုံးမဲ့ အမှောင်ထု တိမ်တိုက်လား"

ဖန်ရှင်းက ထိတ်လန့်တကြား ရေရွတ်လိုက်ရာ ဆရာကြီးဝမ်ပင်

အနည်းငယ် လန့်ဖြန့်သွားခဲ့သည်။

ထို့နောက်တွင် ဖန်ရှင်းက အဆုံးမဲ့ အမှောင်ထု တိမ်တိုက်အကြောင်း သူသိထားသမျှကို ရှင်းပြလိုက်သည်။

"ထာဝရနတ်ဘုရားရဲ့ မြေပုံမှာ အဆုံးမဲ့ အမှောင်ထု တိမ်တိုက်နဲ့ ပတ်သက်ပြီး မှတ်တမ်းတင် ထားတာကို ငါဖတ်ဖူးတယ်..

အကန့်အသတ်မဲ့ ကျယ်ပြောတဲ့ ကြယ်ရောင်စုံ ကောင်းကင်ကြီးမှာ အချိန်နဲ့ အလင်း အပြင် အရာအားလုံးကို စုပ်ယူနိုင်တဲ့ တည်ရှိမှု တစ်မျိုး ရှိတယ်.. အဲ့ဒီ အရာက ကောင်းကင်မှာတည်ရှိနေတဲ့ တံခါးပေါက်နဲ့ ဆင်တူပြီး သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ တည်နေရာ ရွှေ့ပြောင်းခြင်း ဝင်ပေါက်တစ်ခုပဲ.. အရာခပ်သိမ်းကို ဝါးမျိုနိုင်တယ် လို့လည်း အဆိုရှိကြတယ်"

"ဒီကြောက်စရာကောင်းတဲ့ အဆုံးမဲ့အမှောင်ထု တိမ်တိုက်ထဲကို မင်းဝင်ခဲ့တာလား"

ဖန်ရှင်းကို ရုတ်တရက် ဆရာကြီးဝမ်ကို မေးခွန်းထုတ်လိုက်သည်။

"အင်း.. ငါအဲ့အချိန်က အဆုံးမဲ့ အမှောင်ထု တိမ်တိုက်က ဘာလည်း ဆိုတာကို သေချာမသိခဲ့ဘူး.. နဂါးမျိုးနွယ်စု ဘိုးဘေးတွေ ဖန်တီးထားတဲ့ ဝင်ပေါက်တစ်ခုလို့ပဲ ထင်နေခဲ့တာ.. အဲ့ဒီကနေ တဆင့် အင်မော်တယ် နယ်မြေထဲကို ရောက်လာခဲ့တာပဲ"

"အနှစ်သုံးဆယ်လောက် ငါတို့ထက် စောရောက်နေတဲ့အကြောင်းရင်းက အချိန်ကာလကို ကသောင်းကနင်း ဖြစ်စေခဲ့တဲ့ အဆုံးမဲ့ အမှောင်ထု တိမ်တိုက်ကြောင့်ပေါ့"

ဖန်ရှင်းက ရင်ထဲက ပဟေဠိပုစ္ဆာ တစ်ခုကို အဖြေရရှိသွားခဲ့သည်။

"ဒါနဲ့ မင်းကို မေးရဦးမယ်.. တာအိုသခင်ရဲ့ တာအို အသွင်ပြောင်းကျမ်းကို လေ့ကျင့်ပြီးတဲ့ နောက်မှာ ဘယ်လိုခံစားရလဲ"

"တာအိုသခင်ဆီကနေ အဲ့ဒီကျမ်းစာကို ရရှိတော့ ငါအရမ်းပျော်ရွှင်ခဲ့ရတယ်.. စိတ်ထဲမှာ သံသယအချို့

ဝင်မိပေမဲ့ကျမ်းစာကို လေ့လာပြီးနောက်မှာ ငါလေ့ကျင့်ဖို့ ဘယ်လိုမှ မစောင့်ဆိုင်းနိုင်တော့တဲ့ အထိ စိတ်လောသွားခဲ့တယ်.. ငါ တာအိုအသွင်ပြောင်းကျမ်းကို ကျင့်နေတဲ့အချိန်မှာ တာအိုနဲ့ အကန့်အသတ်မရှိ နီးကပ်နေပြီလို့ ခံစားခဲ့ရပြီး အင်မော်တယ် ဖြစ်ဖို့ ခြေတစ်လှမ်းသာ လိုတော့တယ်လို့ ခံစားခဲ့ရတယ်"

"ကျမ်းစာကို ကျင့်ကြံရင်းနဲ့ ဉာဏ်အလင်းတစ်ခုကို ရရှိခဲ့တယ်.. အဲဒီခံစားချက်ကို စကားလုံးနဲ့ ဖော်ပြဖို့တောင် ခက်ခဲတယ်.. ကမ္ဘာကြီး တစ်ခုလုံးကို ပေါင်းစည်းလိုက်သလိုပဲ.. ရှေးခေတ်က မဟာကေရာဇ် ပန်ဂု ဖြစ်လာသလို.. အကန့်အသတ်မဲ့ကမ္ဘာကြီးက ငါ့ခန္ဓာကိုယ်ထဲကို ရောက်သွားသလို.. ငါက လောကနိယာမ တရားအားလုံးကို ကျွမ်းကျင် ပိုင်နိုင်ပြီး ဘာမဆို လုပ်နိုင်သလိုမျိုး ခံစားခဲ့ရတယ်.. အဲ့ဒီအချိန်မှာ တာအိုကိုဖမ်းဆုပ်နိုင်ပြီလို့ ငါ့ကိုယ်ငါ သိလိုက်တယ်.. အဲဒီ ခံစားချက်က အရမ်းကောင်းတယ်..."

ဖန်ရှင်းက ဆရာကြီးဝမ်ကို အနှောင့်အယှက် မပေးဘဲ အေးအေးဆေးဆေး စကားပြောခွင့် ပြုထားလိုက်သည်။

"ဒါပေမယ့် ဘယ်လောက်ပဲ ခံစားချက် အစစ်အမှန်ပဲ ဖြစ်ဖြစ် ဒါက အိပ်မက်ပူဖောင်း တစ်ခုလိုပါပဲ.. "

"သုံးရက်ကြာပြီးတဲ့နောက်မှာ ငါ့ရဲ့ကျင့်ကြံမှု အားလုံးနီးပါး ဆုံးရှုံးသွားတာကို တွေ့လိုက်ရတယ်.. "

ဖန်ရှင်းက ဆရာကြီးဝမ်၏ စကားကို နားထောင်ရင်း ကျမ်းစာ၏ အခြေအနေမှန်ကို နားလည်သွားခဲ့သည်။

"သခင်သုံးပါး ပေးအပ်တဲ့ ကျမ်းစာကို ကျင့်ကြံတာက တာအိုကို တကယ်ပဲ ရရှိစေမှာပါ.. ဒါပေမဲ့ အဲဒါက တာအို အစစ်အမှန် မဟုတ်ဘဲ တာအိုကို နားလည်ခြင်းပဲ ဖြစ်တယ်.. တာအိုနားလည်ခြင်းကနေ ရရှိတဲ့ အသီးအပွင့်ကိုတော့ သခင်သုံးပါးက လုယူသွားခဲ့ကြတယ်"

"တကယ့် တာအိုက လူတွေကို ကြီးကျယ်တဲ့ လွတ်လပ်မှုနဲ့ ပျော်ရွှင်မှုကို ပေးစွမ်းပေမယ့် ဒီတာအိုကတော့ လူတွေကို ကြီးမားတဲ့ ချုပ်နှောင်မှု နဲ့ အကြောက်တရားကို ပေးစွမ်းတယ်"

"တာအိုဆိုရင်တောင် ဒီလို တာအိုကို မိစ္ဆာတာအို လို့ပဲ ခေါ်ဆိုသင့်တယ်"

"မင်းကို တစ်ခု အကြံပေးလိုက်မယ်.. ဒီနယ်မြေကနေ အခွင့်အရေးရတုန်း လွတ်အောင် ပြေးတော့"

ဆရာကြီးဝမ်က စိတ်ရင်းအတိုင်း ပြောလိုက်သည်။

မူလက ဖန်ရှင်းကို အကောက်ကြံခဲ့သော်လည်း ယခုအချိန်တွင် သူက စေတနာထား၍ ပြောဆိုနေခဲ့သည်။

"ငါ မသွားနိုင်ဘူး.."

ဖန်ရှင်းက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်း၍ ပြောလိုက်သည်။

"ဘာလို့ မပြေးတာလဲ.. မင်းသူတို့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး.. ခေါင်းကိုးလုံး တီကောင်တောင်မှ သူတို့ကို မတိုက်နိုင်ဘူး.. မင်းမှာအခု ကမ္ဘာငယ်လေးလည်း ရှိနေတယ်.. အဲဒါက မင်းရဲ့တစ်ခုတည်းသော အခွင့်အရေးပဲ.. ဒီအချိန်မှ မပြေးရင် လွတ်မြောက်ဖို့ တစ်သက်လုံး မစဥ်းစားနဲ့တော့"

"ငါက ထွက်ပြေးချင်ပေမဲ့ ဒီနှစ်ကောင်ကြောင့် ပြေးလို့မရဘူးလေ"

ဖန်ရှင်းက မချိပြုံး ပြုံး၍ ပြောလိုက်၏။

ထို့နောက်တွင် အသိစိတ်ကမ္ဘာထဲရှိ နေရာတစ်ခုသို့ ဆရာကြီးဝမ်ကို ခေါ်ဆောင်သွားခဲ့သည်။

ထိုနေရာတွင် ကြေးနီ တိုင်လုံး နှစ်လုံး ရှိနေပြီး လူနှစ်ယောက်ကို ချည်နှောင်ထားသည်။

ထိုနှစ်ယောက်မှာ အောင်းလီနှင့် လုကျန်းတို့ ဖြစ်ပြီး ၎င်းတို့၏ မျက်နှာများက နာကျင်လွန်းသော အမူအရာဖြင့် ရှုံ့မဲ့နေသည်။

အနက်ရောင် အခိုးအငွေ့များက ၎င်းတို့၏ ခန္ဓာကိုယ်ထဲမှ ရံဖန်ရံခါ ထွက်ပေါ်လာပြီး ၎င်းတို့ကို ချည်ထားသည့် သံကြိုးကိုပင် လောင်ကျွမ်းစေသည်။

ဖန်ရှင်းက ထိုမြင်ကွင်းကို ညွှန်ပြလိုက်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"ဒီနှစ်ကောင်က ဘယ်လိုမှ ပြောလို့ဆိုလို့ မရဘူးလေ.. ဒါကြောင့် အသိစိတ်ကမ္ဘာထဲ ထည့်ပြီး အတင်းအကျပ် ဖိနှိပ်ထားလိုက်တာပဲ.. ဒါပေမဲ့ ငါ့ရဲ့အသိစိတ်ကမ္ဘာက မိစ္ဆာအဆိပ်ကို မဖယ်ရှားနိုင်ခဲ့ဘူး"

ဖန်ရှင်းက ခေါင်းကို ညင်သာစွာ ခါရမ်း၍ ပြောလိုက်ပြီး သူ၏အင်္ကျီလက်စကို အနည်းငယ် ခါလိုက်ရာ အောင်းလီတို့နည်းတူ သူ့ခန္ဓာကိုယ်မှ အနက်ရောင် အခိုးအငွေ့များ ထွက်လာသည်ကို ဆရာကြီးဝမ်က တွေ့လိုက်ရသည်။

"ငါလည်း စိတ်ကျမ်းကို ခဏတာ လေ့လာမိတာကြောင့် မိစ္ဆာအဆိပ်မိသွားခဲ့တယ်.. သူတို့နဲ့ကွာခြားတာက မိစ္ဆာအဆိပ်ကို ငါက ယာယီ ဖိနှိပ်ထားလို့ ရတာပဲ..."

"ငါ ဒီအဆိပ် အကြောင်းကို နားမလည်ဘူး.. အဆိပ်သင့်မှုကနေ ရုန်းမထွက်နိုင်မှာ စိုးရိမ်မိတယ်"

ဖန်ရှင်းက လေးနက်စွာ ပြောလိုက်သည်။

"ဒီအဆိပ်ကို ဖြေရှင်းဖို့ နည်းလမ်း မရှိလောက်ဘူး.. ဘာလို့လည်းဆိုတော့ မိစ္ဆာအဆိပ်က တာအိုနှလုံးသားမှာ တိုက်ရိုက်သက်ရောက်နေတဲ့ ကျိန်စာတစ်ခု ဖြစ်နေလို့ပဲ"

အပိုင်း(၁၃၀၂) ပြီး၏

အပိုင်း(၁၃၀၃) နှစ်တစ်သောင်းအတွင်း နံပါတ်တစ်နတ်ဆိုး

ဆရာကြီးဝမ်က ဤထူးဆန်းသော မိစ္ဆာအဆိပ် အတွက် တိကျသော အဖြေတစ်ခုကို ပေးလိုက်သည်။

တာအိုနှလုံးသားမှာ သက်ရောက်နေတဲ့ကျိန်စာ..

ခြုံငုံ၍ ပြောရလျှင် ဒါက လူတွေကို အကူအညီမဲ့သလို

ခံစားရစေမည့် အညှာကိုင်ခြင်း တစ်မျိုး ဖြစ်သည်။

ကျမ်းစာကို လေ့လာမိသည်နှင့် ကျင့်ကြံသူ၏ တာအိုနှလုံးသား အပေါ် ကျိန်စာ သက်ရောက်မှု ဖြစ်တည်လာပြီး အသွေးအသား အားလုံးကို စုပ်ယူသွားမည် ဖြစ်သည်။

ကျမ်းစာ သုံးခုလုံးက ကျင့်ကြံသူ၏ တာအို နှလုံးသားကို ပြင်းထန်သောအဆိပ်နှင့် တူသည့် ကျိန်စာကို သက်ရောက်စေသည်။

"ဒါကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုမှ မရှိဘူးလား"

ဖန်ရှင်းက ဆရာကြီးဝမ်ကို လေးနက်စွာ မေးလိုက်သည်။

သူ၏ ကျင့်ကြံမှုဆိုင်ရာ ဗဟုသုတက ဆရာကြီးဝမ်လောက် မနှံ့စပ်၍ မေးခွန်းထုတ်လိုက်ခြင်းပင်။

သူက ရလာဒ်ကို လက်မခံနိုင် ဖြစ်နေခြင်း ဆိုလည်း မမှားပေ။

"တစ်နည်းတော့ ရှိပါသေးတယ်"

ဆရာကြီးဝမ်က ခဏမျှ စဉ်းစားလိုက်ပြီးနောက် ရုတ်တရက် စကားတစ်ခွန်းကို ပြောလိုက်ရာ ဖန်ရှင်း၏ အာရုံကို ချက်ချင်းပင် ဖမ်းစားနိုင်ခဲ့သည်။

"မိစ္ဆာ အဆိပ်က ကျင့်ကြံမှု အဆင့်မြင့်လေ ဒုက္ခပိုရောက်လေပဲ.. တာအိုနှလုံးသားကို ဖယ်ထုတ်လိုက်ရင်တော့ အဆိပ်သင့်မှုကနေ ပြန်ကောင်းလာပါလိမ့်မယ်"

"ဆက်မပြောနဲ့တော့.."

ဆရာကြီးဝမ်၏ စကားမဆုံးခင်မှာပင် ဖန်ရှင်းက ဖြတ်ပြောလိုက်သည်။

သူက ဆရာကြီးဝမ်၏ ဆိုလိုရင်းကို နားလည်သည်။

အကယ်၍ မိစ္ဆာ အဆိပ်ကို ဖြေရှင်းရန် တာအို နှလုံးသားကိုဖယ်ရှားလိုက်လျှင် သူတို့သုံးယောက်လုံးက ကျင့်ကြံခြင်းလမ်းစဥ်ကနေ သွေဖယ်သွားမည် ဖြစ်ပြီး သာမန်လူအဖြစ် ဘဝတစ်လျှောက်လုံး နေထိုင်သွားရတော့မည် ဖြစ်၏။

ဤနည်းလမ်းက ထိရောက်သော်လည်း ဖန်ရှင်းက လက်မခံနိုင်ခဲ့ပေ။

"မင်းရဲ့ အကြံပေးမှုအတွက် ကျေးဇူးတင်ပါတယ်.. ဒါပေမဲ့ ငါအဲ့ဒီလို လုပ်လို့ မဖြစ်ဘူး.. ငါသာမန်လူ အဖြစ် ပြောင်းလဲသွားရင် ငါ့မိန်းမကို ကယ်တင်နိုင်မှာ မဟုတ်တော့ဘူး"

ထိုစကားကို ကြားလျှင် ဆရာကြီးဝမ်က ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"ဒီနယ်မြေက အရမ်းဆန်းကြယ်တယ်...မင်းမှာ လွတ်မြောက်ဖို့ အခွင့်အရေး မရှိဘူး.. မင်းရဲ့ ခန္ဓာကိုယ်ထဲက မိစ္ဆာအဆိပ်က အချိန်မရွေး ထဖောက်နိုင်တဲ့အတွက် သခင်သုံးပါးနဲ့ ထိပ်တိုက် တွေ့ဖို့လည်း မဖြစ်နိုင်ဘူး.. ရိုးရိုးသားသား ပြောရရင် မင်းရဲ့

အခြေအနေက သေနေ့ကို ထိုင်စောင့်နေတာနဲ့ အတူတူပဲ"

"ဒီသခင်သုံးပါးက အလွန် ရက်စက်ယုတ်မာတဲ့ နည်းလမ်းကို အသုံးပြုပြီး ငါတို့ကို ဒုက္ခလှလှ ပေးခဲ့တာပဲ"

ဆရာကြီးဝမ်က စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သည်။

ယင်းအချိန်မှာပင် ဖန်ရှင်း၏ စိတ်နှလုံးထဲသို့ အတွေးတစ်စဝင်ရောက်လာသည်။

"မဟုတ်သေးဘူး.. ခေါင်းကိုးလုံး တီကောင်က မိစ္ဆာအဆိပ်ကိုဘယ်လို အံတုလိုက်တာလဲ"

ဖန်ရှင်း၏ အားသာချက်က အခက်အခဲနှင့် တွေ့လေ စိတ်တည်ငြိမ်လေ ဖြစ်ရာ မိစ္ဆာအဆိပ်ကို ဖြေရှင်းနိုင်မည့် သဲလွန်စကို စတင် သတိထားမိလိုက်သည်။

သခင်သုံးပါးက ခေါင်းကိုးလုံး တီကောင်ကို ဘာမှမလုပ်ဘဲ နေမည်

မဟုတ်ဟု သူသိသည်။

သို့ဆိုလျှင် ခေါင်းကိုးလုံး တီကောင်က မိစ္ဆာအဆိပ်ကို မည်ကဲ့သို့ တွန်းလှန်၍ ၎င်းတို့၏ လက်ထဲကနေ လွတ်မြောက်သွားရသနည်း။

"ခေါင်းကိုးလုံးတီကောင်လား"

ဆရာကြီးဝမ်က မချိပြုံး ပြုံးလိုက်ပြီး

"သူနဲ့ ငါတို့က ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ"

ဟု သက်ပြင်းချ၍ ပြောလိုက်သည်။

"မင်းနဲ့ အောင်းလီတို့က ခေါင်းကိုးလုံး တီကောင်နဲ့ ရန်သူ ဖြစ်နေပေမဲ့ ထျန်းယွမ်တိုက်ရဲ့ နှစ်ပေါင်းတစ်သောင်း အတွင်း နံပါတ်တစ် နတ်ဆိုးက ခေါင်းကိုးလုံး တီကောင်ဆိုတာ မသိသေးဘူးလို့ ငါထင်တယ်"

"သူက အနှစ်တစ်သောင်း အတွင်း နံပါတ်တစ် နတ်ဆိုးလား"

ဖန်ရှင်းက ဆရာကြီးဝမ်၏ စကားကြောင့် ထိတ်လန့်သွားပြီး ဆရာကြီးဝမ်ကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိသည်။

ခေါင်းကိုးလုံး တီကောင်က အစွမ်းထက်တယ် ဆိုတာ သူအမြဲသိသော်လည်း ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော ဂုဏ်ပုဒ်ကိုပိုင်ဆိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့ပေ။

"ခေါင်းကိုးလုံးတီကောင်က ကျင့်ကြံခြင်းမှာ ပါရမီ အရမ်းပါတယ်.. ထျန်းယွမ်တိုက်ရဲ့ သူတော်စင် ကိုးပါးတောင် သူ့ကို မလေးမခန့် မလုပ်ရဲဘူး"

"သူ့မှာ ဒီလောက် ကြီးကျယ်တဲ့ အရည်အချင်းတွေ ဘယ်လိုလုပ် ရှိနိုင်မှာလဲ"

ဖန်ရှင်းက အံ့အားသင့်ကာ ကူကယ်ရာမဲ့နေသည်။

"ခေါင်းကိုးလုံး တီကောင်က ရှေးခေတ် အမွေအနှစ်ကို ရရှိခဲ့တယ်ဆိုတဲ့ ကောလဟာလတွေတောင် ရှိခဲ့တယ်"

ဆရာကြီးဝမ်က သူသိထားသမျှကို ဖောက်သည်ချလိုက်သည်။

"အဲ့ဒီအမွေအနှစ်က ရှေးသူတော်စင် တစ်ဦးရဲ့ ပြီးပြည့်စုံတဲ့ အမွေအနှစ် ဖြစ်ဖို့များတယ်.. သူက ညီမဖြစ်သူ နဂါးမယ်တော် အုပ်ချုပ်တဲ့ နဂါးနန်းတော်မှာ အထူး ဧည့်သည်တော် အဖြစ် နေထိုင်ခဲ့တယ်.. နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့တာတွေကိုတော့ မင်းသိထားပြီးပြီလို့ ငါထင်တယ်"

"ခေါင်းကိုးလုံး တီကောင်ရဲ့ လက်ရှိ ခွန်အား အရ ကပ်ဘေးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေပြီလို့ ငါ သံသယရှိတယ်.. ဒါကြောင့် သခင်သုံးပါးက သူ့ကို အနိုင်ကျင့်ဖို့ မဝံ့မရဲ ဖြစ်ပြီး နဂါးသခင်ဘွဲ့နဲ့ ဆွဲဆောင်ခဲ့တာ ဖြစ်မယ်.. ဒါပေမယ့် ခေါင်းသုံးလုံး တီကောင်ကို လှည့်စားဖို့က ဒီလောက်နဲ့ မဖြစ်နိုင်ဘူးလို့ ငါထင်တယ်.. သူက ကျမ်းစာသုံးခုကို အစကတည်းက လက်မခံခဲ့တာလည်း ဖြစ်နိုင်သလို ဖြေရှင်းဖို့ နည်းလမ်း ရှိနေတာလည်း ဖြစ်နိုင်တယ်..တိုတို ပြောရရင် သူက အင်မော်တယ် အသက်ကို ခိုးယူပြီး ထွက်ပြေးသွားခဲ့ပေမဲ့ တူ..

တူမတွေကိုတော့ အင်မော်တယ် နယ်မြေမှာ ချန်ထားရစ်ခဲ့တယ်"

"အကယ်၍ ခေါင်းကိုးလုံး တီကောင်မှာ ဖြေရှင်းမဲ့ နည်းလမ်း ရှိရင် နဂါးမယ်တော်လည်း တတ်မြောက်မှာ အသေအချာပဲ.. ဒါပေမယ့် နဂါးမယ်တော်က ဘယ်ရောက်နေလည်း မသိဘူး"

ဆရာကြီးဝမ်၏ သုံးသပ်ချက်များက ထင်ကြေးများသာ ဖြစ်သော်လည်း ဖန်ရှင်းက ခေါင်းကိုးလုံး တီကောင် အကြောင်းကို အနည်းငယ် နားလည်သွားခဲ့သည်။

အကယ်၍ ဤလူကသာ မိစ္ဆာအဆိပ်ကို ဖြေရှင်းနိုင်မည် ဆိုလျှင် ဤလူက သူနှင့် မယှဉ်သာအောင် အစွမ်းထက်သည်ကို ဝန်ခံရတော့မည် ဖြစ်၏။

ဖန်ရှင်းက ကိုယ်လွတ်ရုန်းရန် အခွင့်အရေး ရှိသော်လည်း အောင်းလီနှင့် လုကျန်းကို စတေးဖို့ ဆန္ဒမရှိခဲ့ပေ။

"နဂါးမယ်တော် ယွဲ့မိန်အာကိုသာ ရှာတွေ့ရင် မိစ္ဆာ အဆိပ်သင့်တာကို

ဖြေရှင်းဖို့ မျှော်လင့်ချက် ရှိပါသေးတယ်"

ဖန်ရှင်းက မျက်မှောင်ကြုတ်၍ တိုးတိုးလေး ရေရွတ်လိုက်သည်။

ထိုစကားကိုကြားလျှင် ဆရာကြီးဝမ်က မချိပြုံး ပြုံးလိုက်ပြီး

"ကြယ်ပင်လယ်ထဲမှာ ငါတို့ ကွဲကွာခဲ့ရတာ ဆိုတော့ နဂါးမယ်တော်ရဲ့ အသက်ရှင်သန်ဖို့ အလားအလာက အရမ်းနည်းတယ်လို့ ငါထင်တယ်"

ဟု တွေးတွေးဆဆ ပြောလိုက်သည်။

"မင်းတောင် အင်မော်တယ် နယ်မြေကို အသက်ရှင်လျက် ရောက်ခဲ့သေးတာပဲ.. သူတို့က မင်းထက် စွမ်းအားကြီးပြီး ကမ္ဘာငယ်လေးလည်း ရှိတယ်.. ဘာလို့ အသက်မရှင်နိုင်ရမှာလဲ"

"အသက်ရှင်လျက် ဒီနယ်မြေကို ရောက်လာရင်တောင် နဂါးမယ်တော်ရဲ့ ပါးနပ်မှုအရ မှုမမှန်တာကို သတိပြုမိမှာပဲ.. သူမက ဒီနယ်မြေကို ကျွေ့ပတ်ပြီး ထွက်သွားမယ်လို့ ငါထင်တယ်..

ဆရာကြီးလန်ရဲ့ ကမ္ဘာငယ်လေးက လူတွေရဲ့ အမြင်ကို ဖုံးကွယ်ထားနိုင်တယ် ဆိုတော့ ထွက်ပြေးမယ် ဆိုရင်တောင် အခက်အခဲ မရှိလောက်ဘူး "

ဆရာကြီးဝမ်၏ စကားက အဓိပ္ပာယ်ရှိသော်လည်း ဖန်ရှင်းကမျက်မှောင်ကြုတ်ပြီး သဘောမတူချင်ခဲ့ပေ။

အချိန်အတော်ကြာပြီးမှ ဖန်ရှင်းက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ပြီး လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

"သူမသာ အသက်ရှင်ခဲ့ရင် ဒီနယ်မြေမှာပဲ ရှိနေမှာ သေချာတယ်.. ဘယ်ကိုမှ ထွက်သွားမှာ မဟုတ်ဘူး"

ထိုစကားကြောင့် ဆရာကြီးဝမ်က အံ့အားသင့်သွားသည်။

"မင်းဘာလို့ ဒီလောက် သေချာနေတာလဲ"

ဖန်ရှင်း၏ ပါးစပ်ထောင့်တွင် ထူးဆန်းသော အပြုံးတစ်ခု ရုတ်တရက်

ပေါ်ပေါက်လာသည်။

"ဦးလေးက တူ တူမတွေကို မလိုချင်ပေမဲ့ ရင်နဲ့လွယ်ပြီး မွေးခဲ့ရတဲ့ အမေကတော့ သူ့ကလေးကို မလိုချင်ဘဲ မနေဘူးလေ"

အပိုင်း(၁၃၀၃) ပြီး၏

အပိုင်း(၁၃၀၄) သူ့ရဲ့ဆွေမျိုးတွေကို ငါကိုယ်တိုင် သတ်ချင်တယ်

"ခေါင်းကိုးလုံးတီကောင်က အင်မော်တယ် အသက်ကို ခိုးယူပြီး ထွက်ပြေးသွားခဲ့ပေမဲ့ တူ.. တူမ တွေနဲ့ လက်အောက်ငယ်သား တွေကိုတော့ ဒီနယ်မြေမှာ ချန်ထားခဲ့တယ် မဟုတ်လား.. ဒါဆို သူတို့ ဘယ်ရောက်နေလဲ မင်းသိလား

ဖန်ရှင်းက ဆရာကြီးဝမ်ကို မေးခွန်းထုတ်လိုက်သည်။

"ခေါင်းကိုးလုံးတီကောင် စွန့်ပစ်ခဲ့တဲ့ ဆွေမျိုးတွေလား"

ဆရာကြီးဝမ်က ဖန်ရှင်း၏ စကားကိုကြားလျှင် တအံ့တသြ ရေရွတ်လိုက်ကာ အချိန်အတော်ကြာအောင် တွေးတောလိုက်သည်။

"သူတို့ကို ငါတစ်ခါမှ မတွေ့ဖူးပေမဲ့ ကြားဖူးတယ်.. ခေါင်းကိုးလုံး တီကောင်က သူတို့ကို ဓားစာခံ သဘောမျိုးနဲ့ သခင်သုံးပါးဆီမှာ သင်ယူစေခဲ့တယ်.. ဒါကြောင့်လည်း သခင်သုံးပါးက ပေါ့ဆမိပြီး ခေါင်းကိုးလုံးတီကောင် လွတ်မြောက်ခဲ့တာပဲ.. ခေါင်းကိုးလုံး တီကောင်ရဲ့ ဆွေမျိုးတောင် အလွှတ်မပေးဘဲ ချနင်းတဲ့ လုပ်ရပ်က တကယ်ကို ရက်စက် ယုတ်မာလွန်းတယ်"

"အမှန်အတိုင်း ပြောရရင် ခေါင်းကိုးလုံး တီကောင် လွတ်မြောက်သွားတဲ့ အတွက် အဲဒီ ဓားစာခံတွေကို ကွပ်မျက်သင့်ပေမဲ့ အခု ပြန်စဉ်းစားကြည့်မိတော့ တစ်ခုခု လွဲချော်နေတယ် ဆိုတာ ထင်ရှားနေတယ်"

"ကြည့်ရတာ မိစ္ဆာအဆိပ်ကြောင့် ရလာမဲ့ တာအို အသီးအပွင့်ကို လုယူဖို့အတွက် တစ်နေရာရာမှာ ထိန်းသိမ်းထားတဲ့ပုံပဲ"

"မင်းနဲ့ငါနဲ့ အတွေးတူတယ်.. ငါသူတို့ကို ရှာလိုက်ဦးမယ် "

ဖန်ရှင်းက ထိုစကားကို ပြောပြီးသည်နှင့် အသိစိတ်ကမ္ဘာထဲမှ ထွက်ရန် ပြင်လိုက်သည်။

"ဘယ်မှာသွားရှာမှာလဲ"

"သားသမီးကို တွေ့ချင်ရင် အမေကို အရင်ရှာရတာပေါ့"

ဖန်ရှင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ဝမ်စုတောင်သို့ ပြန်လာခဲ့သည်။

ဝမ်စုတောင်သို့ ရောက်လျှင် တောင်တာဝန်ခံက ဖန်ရှင်းကို ပြုံးပြလိုက်သည်။

ဖန်ရှင်းက ဘာစကားမှ ပြောမနေတော့ဘဲ သူ၏ အခန်းထဲသို့သာ တန်းတန်းမတ်မတ် ဝင်သွားလိုက်သည်။

ဖန်ရှင်း ပြန်လည် ရောက်ရှိလာသည်ကို မြင်လျှင် အခြေတည်အဆင့် ဝက်နှစ်ကောင်က အလွန်ပင် ဝမ်းသာသွားကြပြီး သူတို့၏ သခင်က သူတို့နှစ်ယောက်လုံးကို စွန့်ပစ်လုနီးပါး ဖြစ်ပျက်ခဲ့သည်ကို မသိခဲ့ကြပေ။

"မင်းတို့တွေ အသိစိတ်ကမ္ဘာထဲ ပြန်သွားလိုက်တော့"

ဖန်ရှင်းက ဝက်နှစ်ကောင်ကို အသိစိတ်ကမ္ဘာထဲ ပြန်ထည့်လိုက်ပြီး အောင်းလီနှင့် လုကျန်းကို ပြင်ပကမ္ဘာသို့ ခေါ်ထုတ်လိုက်သည်။

"ငါမင်းတို့ကို ကျင့်ကြံဖို့ မတားနိုင်မဲ့ အတူတူ ထပ်ပြီး ဖိအားမပေးချင်တော့ဘူး"

"မင်းတို့ နှစ်ယောက်လုံး ငါ့ရဲ့စေတနာကို နားလည်ရင် ဒီအခန်းထဲကနေ ဘယ်ကိုမှ မသွားဖို့ ကတိပေးရမယ်"

အောင်းလီနှင့် လုကျန်းက အသိစိတ် ကမ္ဘာထဲတွင် နှစ်ရက်မျှ

ဖိနှိပ်ခံလိုက်ရသဖြင့် ဖန်ရှင်းကို သိပ်မကြည်ချင်ကြပေ။

သို့ရာတွင် ဖန်ရှင်း၏ ယခင် လုပ်ရပ်များက သူတို့ကောင်းကျိုးကိုသာ ရှေးရှုကြောင်း သိရှိထားသဖြင့် ဖန်ရှင်း၏ စကားကို လိုက်နာရန် ဆုံးဖြတ်လိုက်ကြသည်။

ထို့နောက်တွင် သုံးရက်မြောက်နေ့၌ ဖန်ရှင်းက အောင်းလီတို့ကို ထားခဲ့ပြီး အနန္တတောင်သို့ တစ်ဦးတည်း ရောက်လာခဲ့သည်။

ထိုနေ့တွင် အနန္တတောင်၏ အတွင်းအပြင်၌ ကျင့်ကြံသူများက သက္ကတသံနှင့် ရေရွတ်သည့် ကောင်းကင် တေးသီချင်းများကို တညီတညွတ်တည်း သီဆိုနေကြသည်။

တောင်တစ်ခုလုံးတွင် နတ်ဆိုးများ.. ဘုန်းတော်ကြီးများနှင့်.. တာအိုကျင့်ကြံသူများ ပြည့်နှက်နေသည်။

ဤကဲ့သို့ စည်စည်ကားကား ဖြစ်ခဲ့သည့် နောက်ဆုံး အချိန်မှာ လွန်ခဲ့သည့် နှစ်၃၀လောက်က ဖြစ်၏။

"ကောင်လေး.. မင်းမိတ်ဆွေနှစ်ယောက်ရော မပါဘူးလား"

ကောင်းကင်ထက်တွင် တပုလ္လင်ခွေ၍ ထိုင်နေသည့် သခင်သုံးပါးက လှေကားထစ်ကနေ တက်လာသည့် ဖန်ရှင်းကို မေးခွန်းထုတ်လိုက်သည်။

ဖန်ရှင်းက သခင်သုံးပါးကို တိုက်ရိုက်ကြည့်၍ ရိုသေစွာ ပြောလိုက်သည်။

"လေးစားရတဲ့ ဆရာသခင်သုံးပါးက ငါတို့ သုံးယောက်ကို ချီးမြှောက်ချင်လို့ အမွေအနှစ် ကျမ်းစာတွေ ပေးအပ်ခဲ့တယ်.. ဒီလိုကြင်နာမှုမျိုးကို ဘယ်မှာမှ မရရှိခဲ့ဖူးပါဘူး.. ဒီနေ့တော့ ဆရာသခင်သုံးပါးကို ကြို့ပြီး တောင်းပန်ပါရစေ.. ငါ့ရဲ့ မိတ်ဆွေနှစ်ယောက်က သခင်သုံးပါး ပေးလိုက်တဲ့ ကျမ်းစာကို စိတ်ပါဝင်စားပြီး အပြင်းအထန် လေ့ကျင့်နေကြတယ်.. ဒီကိုလာဖို့ ခေါ်ခဲ့သေးပေမဲ့ လိုက်မလာခဲ့ကြဘူး"

ထိုစကားကို ကြားလျှင် သခင်သုံးပါးက အနည်းငယ်

ပျော်ရွှင်သွားခဲ့သော်လည်း သေချာမှုရှိအောင် နတ်ဘုရား စိတ်အာရုံဖြင့် ဝမ်စုတောင်တွင် ကျန်ခဲ့သည့် အောင်းလီနှင့် လုကျန်းကို စစ်ဆေးလိုက်သည်။

အောင်းလီနှင့် လုကျန်းတို့ မိစ္ဆာအဆိပ် ပြင်းထန်စွာ မိနေကြသည်ကို မြင်လျှင် သခင်သုံးပါးက အလွန်ပျော်ရွှင်သွားကြ၏။

ထိုနှစ်ဦး၏ အလားအလာက သူတို့ မျှော်မှန်းထားသည်ထက် သာလွန်နေခဲ့သည်။

ဗုဒ္ဓသခင်ကမူ ထိုနှစ်ဦး၏ အလားအလာကို ကြည့်ရင်း ဖန်ရှင်းကို ရွေးချယ်မိသည်ကို နောင်တရနေသည်။

ထိုနှစ်ဦးနှင့် ယှဉ်လျှင် ဗုဒ္ဓစိတ်ကျမ်းကို ကျင့်ကြံရန် သူ လမ်းညွှန်ပေးခဲ့သည့် ဖန်ရှင်းက ကျင့်ကြံမှုတွင် အတော်လေးနိမ့်ကျနေသည် မဟုတ်ပါလား။

အနာဂတ်၌ ဤကောင်လေးကို အသုံးပြုဖို့ အချိန်ရောက်လာလျှင်

အသုံးဝင်မှု လျော့နည်းနေမည်မှာ သေချာနေသည်။

သို့သော် အနန္တတောင်တွင် ယခုအချိန်၌ ကျင့်ကြံသူ အများအပြား ရှိနေသဖြင့် ဗုဒ္ဓသခင် အပါအဝင် သခင်သုံးပါးလုံးက သူတို့၏ အမူအရာများကို ကြည်ညိုဖွယ် ဖြစ်အောင် အတတ်နိုင်ဆုံး လုပ်ယူခဲ့ကြသည်။

တာအိုသခင်က ပေါ့ပါးစွာ ရယ်မောလိုက်ပြီး

"ဒီနှစ်ယောက်ရဲ့ ကျင့်ကြံမှု အပေါ် စွဲလမ်းမှုက အံ့သြစရာပဲ.. ဒါလည်း ကောင်းတာပဲ.. သူတို့ ကျင့်ကြံလို့ ပြီးမှပဲ ဆရာတပည့် အခမ်းအနားကို ပြန်လုပ်ကြတာပေါ့.. အသိအမှတ်ပြုပြီးရင်တော့ သူတို့နှစ်ယောက်က ငါနဲ့ နတ်ဆိုးသခင်ရဲ့ တပည့်တွေ ဖြစ်လာပြီး မင်းကတော့ ဗုဒ္ဓသခင်ရဲ့ တပည့် ဖြစ်လာလိမ့်မယ်"

ဟု ပြောလိုက်သည်။

"ဆရာသခင်သုံးပါးက ငါ့ရဲ့ တရားဝင် ဆရာသခင် မဖြစ်ခင်မှာ ဝန်ခံစရာတစ်ခု ရှိတယ်.. လွှန်ခဲ့တဲ့သုံးရက်က ငါ မကောင်းမှု

တစ်ခုကို ကျူးလွန်မိခဲ့တယ်"

ထိုစကားကို ကြားလျှင် သခင်သုံးပါးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်လို မကောင်းမှုမျိုးလဲ"

ဗုဒ္ဓသခင်က ပြုံး၍ မေးလိုက်သည်။

"လူတစ်ယောက်ကို သတ်လိုက်မိတာပါ"

ဖန်ရှင်းက အလွန်တရာ ဝမ်းနည်းနေသော လေသံဖြင့် ပြန်ဖြေလိုက်သည်။

"အသေးစိတ်ရှင်းပြပါ"

ဗုဒ္ဓသခင်က လေးနက်သောအသံဖြင့် ပြောလိုက်၏။

"ငါ ကြယ်ရောင်စုံ ကောင်းကင်မှာ ခရီးဆက်တုန်းက ဝမ်လို့အမည်ရတဲ့ လူနဲ့အတူ ခရီးထွက်ခဲ့တယ်..ဒါပေမဲ့ အဲ့ဒီလူက ငါ့ကို လှည့်စားပြီး ကြယ်ပင်လယ်ထဲမှာ ပစ်ထားခဲ့တယ်.. ကံကောင်းချင်တော့ လွန်ခဲ့တဲ့ သုံးရက်က ငါ သူနဲ့ ထိပ်တိုက် ဆုံခဲ့တယ်လေ.. ဒါကြောင့် စိတ်မထိန်းနိုင်တော့ဘဲ တစ်ခါတည်း သတ်ပစ်ခဲ့တယ်.. လောကမှာ ငါအမုန်းဆုံး လူက သုံးမျိုးပဲ ရှိတယ်.. ပထမက ငါ့ကို သတ်ချင်တဲ့သူတွေ.. ဒုတိယက ငါ့ကို အနိုင်ကျင့်ချင်တဲ့ သူတွေ.. တတိယက ငါ့သူငယ်ချင်းတွေကို အနိုင်ကျင့်ချင်တဲ့ သူတွေပဲ.. ဒီဆရာကြီးဝမ်ဆိုတဲ့သူက အချက်သုံးချက်လုံးနဲ့ ကိုက်ညီနေတယ်လေ"

သူ၏စကားက ကျိုးကြောင်း ဆီလျော်သော်လည်း သခင်သုံးပါးကို အံ့အားသင့်စေသည်။

"မင်းသတ်ခဲ့တဲ့လူက ထျန်းယွမ်တိုက်က ဝမ်တင်းယွင်လား"

အချိန်အတော်ကြာပြီးမှ တာအိုသခင်က

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ဒီလူက ငါ့ကို ဆရာတစ်ယောက်အနေနဲ့ ကိုးကွယ်ခဲ့ဖူးတယ်"

"အို.. တောင်းပန်ပါတယ်.. ငါမသိလိုက်လို့ပါ"

ဖန်ရှင်းက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

သခင်သုံးပါးလုံးက ဖန်ရှင်း လိမ်ပြောနေသည်ဟု သံသယမဝင်ခဲ့ကြပေ။

ဤကိစ္စက ဖန်ရှင်းသာ မပြောလျှင် သူတို့သိစရာ အကြောင်းမရှိ၍ ဖြစ်သည်။

"အမုန်းတရားတွေက တာအိုနှလုံးသားကို အနှောင့်အယှက်ပေးတတ်တယ်.. ဒီလိုမျိုး ဖြေရှင်းလိုက်တာလည်း တစ်မျိုးကောင်းပါတယ်လေ"

တာအိုသခင်က ဖန်ရှင်းကို အပြစ်မတင်ဘဲ ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သည်။

ထိုစကားကို ကြားသည်နှင့် ဖန်ရှင်းက သူ၏ ရည်ရွယ်ချက်အစစ်အမှန်ကို ထုတ်ပြောလိုက်သည်။

"ဆရာသခင်ပြောတာ မှန်ပါတယ်.. တာအိုနှလုံးသား အနှောင့်အယှက် ဖြစ်ရင် အတွေးတွေများပြီး ကျင့်ကြံမှုက ရှေ့ကို မရောက်တော့ဘူး.. ချစ်လှစွာသော ငါ့ရဲ့ ဆရာသခင်တွေကို အမှန်အတိုင်း ပြောပါရစေ.. ငါနဲ့ ခေါင်းကိုးလုံး တီကောင်ကြားမှာ ကြီးမားတဲ့ ရန်ငြိုးတွေ ရှိတယ်.. ခေါင်းကိုးလုံးတီကောင်က ထွက်ပြေးသွားတယ် ဆိုပေမဲ့ သူ့ရဲ့ဆွေမျိုးတွေကတော့ ဒီမှာ ကျန်ရစ်ခဲ့တယ်လို့ သိရတယ်"

"အာ.. အို.. ဟင်"

ခေါင်းကိုးလုံးတီကောင် ဟူသော အမည်ကို ကြားသည်နှင့် ပတ်ဝန်းကျင် တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကာ

အာမေဋိတ်သံများပင် ထွက်ပေါ်လာသည်။

"မင်းက သူတို့ကို ဘာလုပ်မလို့လဲ"

နတ်ဆိုးသခင်က မေးခွန်းထုတ်လိုက်သည်။

"ခေါင်းကိုးလုံး တီကောင်နဲ့ ငါနဲ့ ကြားမှာ ကမ္ဘာမကြေတဲ့ ရန်ငြိုးတွေ ရှိတယ်.. သူ့ရဲ့ ဆွေမျိုးတွေကို ငါကိုယ်တိုင် မသတ်နိုင်ရင် ကျင့်ကြံခြင်းကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်မယ်လို့ မထင်ဘူး.."

အပိုင်း(၁၃၀၄) ပြီး၏

အပိုင်း(၁၃၀၅) ငါကအရှက်မရှိတာတော့အမှန်ပဲ

တစ်စုံတစ်ယောက်ကို သတ်ခွင့်ရမှ ကျင့်ကြံမည်ဟု အနုနည်းဖြင့် အကျပ်ကိုင်သော တပည့်မျိုးကို သခင်သုံးပါးက တစ်ခါမှ မတွေ့ဖူးပေ။

"ဒီလို အတွေးမျိုးက အဓိပ္ပါယ်မရှိဘူး.. ကျင့်ကြံသူတွေက တာအို နှလုံးသားကို ဂရုစိုက်သင့်တယ် ဆိုပေမဲ့ ရန်ငြိုးထားတာမျိုးကတော့ သင့်တော်မှု မရှိဘူး"

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ တာအိုသခင်က အေးစက်စွာ ပြောလိုက်သည်။

"အခွင့်အရေးရရင် ငါတို့ မင်းကို အဲဒီလူတွေနဲ့ တွေ့ခွင့်ပေးပြီး ရန်ငြိုးကို ဖြေရှင်းခွင့်ပေးမယ်.. ဒါပေမယ့် ရန်ငြိုးကို ဒီလိုမျိုး ဖြေရှင်းလို့ မင်းရဲ့ကျင့်ကြံမှုကို အကူအညီ ပေးနိုင်မှာ မဟုတ်ဘူး.. မင်းရဲ့သတ်ဖြတ်ချင်တဲ့ ရည်ရွယ်ချက်တွေကို နောင်အနာဂတ်မှာ ထိန်းချုပ်ပြီး ဗုဒ္ဓသခင်ရဲ့ အမွေအနှစ်ကို ဆက်ခံမယ်လို့ ငါမျှော်လင့်ပါတယ်"

ထိုကဲ့သို့ ကြားရလိမ့်မည်ဟု မျှော်လင့်ထားပြီးသား ဖြစ်၍ ဖန်ရှင်းက ပြုံးရွှင်စွာဖြင့် ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"ဆရာသခင်တို့.. သူတို့နဲ့ ဘယ်အချိန်မှာ တွေ့ခွင့်ပေးမှာလဲ"

"ငါတို့ ဒီကိစ္စကို ဆွေးနွေးလိုက်ဦးမယ်.. မင်းဒီမှာပဲ စောင့်နေပါ"

သခင်သုံးပါးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး အတူတူ ထွက်ခွာသွားကြသည်။

"ဟားဟား မိစ္ဆာသုံးကောင် ဘာတွေ ဆွေးနွေးဦးမလည်း မသိဘူး"

ဖန်ရှင်းက ခေါင်းခါရမ်း၍ သခင်သုံးပါး၏ နောက်ကျောကို ကြည့်ကာ ရယ်မောလိုက်သည်။

သခင်သုံးပါးက ခေါင်းကိုးလုံး တီကောင်ကို မုန်းတီးသော လူများစွာ၏ ရှေ့တွင် သူ၏ တောင်းဆိုချက်ကို လုံးလုံးလျားလျား မပယ်ချဝံ့သည်ကို သူကောင်းစွာ သိသည်။

သခင်သုံးပါး ဆွေးနွေး တိုင်ပင်နေသည့် အချိန်မှာပင် ခေါင်းကိုးလုံး တီကောင်၏ ဆွေမျိုးတွေကို သတ်ခွင့် တောင်းဆိုလိုက်သည့် သတင်းက နေရာအနှံ့ ပျံ့နှံ့သွားခဲ့သည်။

....

....

"ထူးဆန်းတယ်.. ဒီကလေးက ဘာလို့ ဒီလောက်တောင် လူသတ်ချင်နေရတာလဲ.. "

"သူ့ရဲ့ကျင့်ကြံမှုမှာ အနှောင့်အယှက် မဖြစ်ဖို့ ခေါင်းကိုးလုံး တီကောင်ရဲ့ ဆွေမျိုးတွေကို သတ်ပစ်ချင်တယ်ဆိုတာ တကယ်ရော ဟုတ်ရဲ့လား"

သခင်သုံးပါးက ဖန်ရှင်း၏ တောင်းဆိုမှုနှင့် ပတ်သက်၍ ဆွေးနွေးနေကြပြီး သူတို့၏ လေသံတွင် သက်ာမကင်း ဖြစ်နေသော အရိပ်အယောင်များ ပါဝင်နေသည်။

"ငါ့အမြင်အရတော့ ဒီကလေးက ငါတို့ ထင်သလောက် မယဉ်ပါးဘူး.. သူ့ကို အရမ်း အလိုလိုက်ရင် ဒုတိယ

ခေါင်းကိုးလုံးတီကောင် ဖြစ်လာနိုင်တယ်.. သူလုပ်သမျှကို လျစ်လျူရှုထားမယ်ဆိုရင် အနေးနဲ့အမြန် ငါတို့ကို ဒုက္ခပေးလာမယ်လို့ ငါထင်တယ်"

နတ်ဆိုးသခင်က အေးစက်စွာ ပြောလိုက်သည်။

"ဟုတ်တယ်.. ခေါင်းကိုးလုံး တီကောင်ရဲ့ သင်ခန်းစာက ရှိထားတော့ ငါတို့ ပိုသတိထားမှ တော်ကာကျမယ်.."

တာအိုသခင်ကလည်း နတ်ဆိုးသခင်၏ ထင်မြင်ချက်ကို ပေါ့ပါးစွာ ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

တာအိုသခင်နှင့် နတ်ဆိုးသခင်က ခေါင်းကိုးလုံး တီကောင်၏ ဆွေမျိုးများကို ဖန်ရှင်းက သတ်ပစ်မည်ကို စိုးရိမ်နေကြသည်။

တစ်စုံတစ်ရာ မှားယွင်းခဲ့လျှင် အဆုံးသတ်၌ သူတို့၏ အကြံအစည်က ပျက်စီးသွားရလိမ့်မည် ဖြစ်သည်။

သူတို့နှစ်ဦး၏ သဘောထားက တူညီသော်လည်း သူတို့ဘေးနားက ဗုဒ္ဓသခင်ကမူ သူတို့နှစ်ဦးနှင့် ဆန့်ကျင်ဘက် အတွေးအမြင် ရှိနေသည်။

"မင်းတို့ နှစ်ယောက်ကတော့ ပေါ့ပေါ့ပါးပါး ပြောနိုင်တာပေါ့.. မင်းတို့ရဲ့ တပည့်တွေက မိစ္ဆာအဆိပ်ကနေ နောက်ပြန် မလှည့်နိုင်တော့ဘူးလေ.. ဟမ့်.. မင်းတို့နှစ်ယောက် အဆင်ပြေသွားပေမဲ့ ငါကတော့ အဆင်မပြေသေးဘူး.. ရိုးရိုးသားသား ပြောရရင် ဒီကလေးက ငါ့ရဲ့ ဗုဒ္ဓဘာသာမှာ ယဇ်ပူဇော်ဖို့ သင့်တော်တယ်လို့ ငါထင်တယ်.. ခေါင်းကိုးလုံး တီကောင်ရဲ့ ဆွေမျိုးတွေက ဒီကလေးထက် အဖိုးတန်နေလို့လား.. ခေါင်းကိုးလုံးတီကောင်ရဲ့ သင်ခန်းစာက အတိတ်မှာ ပြီးဆုံးသွားပြီ.. ဒါကြောင့် ငါတပည့်ကို ကောင်းကောင်း နှစ်သိမ့်ပေးပြီး မြန်မြန် လေ့ကျင့်ခွင့်သာ ပေးလိုက်စမ်းပါ.. "

ဗုဒ္ဓသခင်၏ စကားကို ကြားသည့် တိုင်အောင် တာအိုသခင်နှင့် နတ်ဆိုးသခင်က သဘောမတူချင်ကြသေးပေ။

"ဒီကလေးက မင်းတို့ နှစ်ဦးရဲ့ တပည့်တွေထက် ကျင့်ကြံမှု အတော်လေး နိမ့်ကျပေမဲ့ ငါက အနစ်နာခံပြီး လက်ခံပေးခဲ့တယ်..

မင်းတို့တွေ ငါ့ရဲ့ တောင်းဆိုမှုကို လိုက်လျောသင့်တယ်လို့ မထင်ဘူးလား"

ထိုစကားကို ကြားမှ တာအိုသခင်နှင့် နတ်ဆိုးသခင်၏ အမူအရာက ပြောင်းလဲသွားသည်။

သူတို့နှစ်ဦးက အချိန်အတော်ကြာမှ သက်ပြင်းချလိုက်ပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ကောင်းပြီလေ.. ငါတို့ သဘောတူတယ်.. ဒါပေမဲ့ ခေါင်းကိုးလုံးတီကောင်ရဲ့ ဆွေမျိုးတွေကိုတော့ မသတ်ပါစေနဲ့"

....

....

"ဟားဟား.. ဂျူနီယာ ဖန်ရှင်း.. မင်းရဲ့ တာအိုနှလုံးသားမှာ အစွဲအလန်းတွေ ရှိနေမှာကို ဆရာက မမြင်ချင်ဘူး.. ဒါကြောင့်

အရှေ့ပင်လယ်က နဂါးလေးတွေနဲ့ မင်းနဲ့ကြားက အမုန်းတရားတွေကို ဖြေရှင်းဖို့ ဆရာက အခွင့်အရေး ပေးလိုက်တယ်.. မနက်ဖြန် နံနက်ကျရင် မင်းကို သူတို့နဲ့ တွေ့ဖို့ ငါလာခေါ်မယ်.. နဂါးလေးတွေနဲ့ စကား ကောင်းကောင်း ပြောပြီး အမုန်းတရားတွေကို ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"

သခင်သုံးပါး ကိုယ်စား ဗုဒ္ဓသခင်၏ တပည့်ဖြစ်သည့် ဘုန်းတော်ကြီး ဖုချန်က ဖန်ရှင်းကို အကြောင်းပြန်လိုက်သည်။

ဗုဒ္ဓသခင်က သူ့ကို မြန်မြန်ဆန်ဆန် လေ့ကျင့်စေလို၍ သူ၏ တောင်းဆိုချက်ကို သဘောတူလိုက်ပုံရသည်။

ထို့နောက်တွင် ဖန်ရှင်းက ဝမ်စုတောင်သို့ ပြန်လာခဲ့သည်။

ညနက်ချိန်ရောက်သောအခါ သူက ခန်းမ အဝင်ဝတွင် အရက်ထိုင်သောက်၍ တစ်စုံတစ်ရာကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေခဲ့သည်။

သူက အနန္တတောင်တွင် နဂါးလေးများကို

သတ်ပစ်မည်ဟုကြုံးဝါးထားသဖြင့် နဂါးမယ်တော်က သေချာပေါက် ဆက်သွယ်လာမည်ဟု မျှော်လင့်နေခြင်း ဆိုလည်း မမှားပေ။

အောင်းခွမ်း.. အောင်းပိုင် စသည့် နဂါးမင်းသားများက ခေါင်းကိုးလုံး တီကောင်၏ တူများ ဖြစ်ကြပြီး နဂါးမယ်တော် ယွဲ့မိန်အာ၏ သားအရင်းများ ဖြစ်ကြသည်။

နဂါးမယ်တော်သာ ကြယ်ပင်လယ်မှ လွတ်မြောက်ပြီး ဤနယ်မြေသို့ ရောက်လာလျှင် သူမ၏ သားတွေကို ကယ်တင်ရန် ပုန်းအောင်း၍ ကြံစည်နေမည်မှာ သေချာသလောက်ပင်။

ယခုအချိန်ထိ နဂါးလေးများ သခင်သုံးပါး လက်ထဲ၌ ရှိနေပုံထောက်လျှင် သူမ၏ အကြံအစည်က မအောင်မြင်သေးမှန်း သိသာ ထင်ရှားနေသည်။

နဂါးမယ်တော်က ဤနယ်မြေတွင် ရှိနေကြောင်း သက်သေအထောက်အထားများ မရှိသော်လည်း ဖန်ရှင်းက သူ၏သုံးသပ်ချက်ကို အပြည့်အဝ ယုံကြည်နေခဲ့သည်။

သူ၏ရည်ရွယ်ချက် အစစ်အမှန်မှာ နဂါးမယ်တော်ကို တွေ့အောင် ရှာပြီး လုကျွန်းနှင့် အောင်းလီကို ကုသခိုင်းရန် ဖြစ်၏။

အကယ်၍ နဂါးမယ်တော်က ငြင်းဆန်လျှင် သူမ၏ သားသမီးများ အသက်နှင့် အကျပ်ကိုင် ခြိမ်းခြောက်မည် ဖြစ်သည်။

ဖန်ရှင်းက အချိန်အတော်ကြာ စောင့်ဆိုင်းနေခဲ့သော်လည်းနဂါးမယ်တော်က ပေါ်မလာခဲ့ပေ။

ထို့ကြောင့် ဖန်ရှင်းက ဒေါသတကြီးဖြင့် အရက်ပုလင်းကို ရိုက်ခွဲလိုက်ပြီး အေးစက်စက် ကြုံးဝါးလိုက်သည်။

"ယွဲ့မိန်အာ.. မင်းအခုနေ ထွက်လာရင် မင်းရဲ့ ကလေးတွေကို ငါကယ်တင်ပေးမယ်.. မင်းမထွက်လာဘူး ဆိုရင်တော့ မင်းရဲ့ သားသမီးတွေရဲ့ အလောင်းကိုပဲ မြင်စေရမယ်လို့ ငါကတိပေးတယ်"

ထိုသို့ ပြောလိုက်သည့် အချိန်တွင် သူ၏အမူအရာက အေးတိအေးစက် ဖြစ်နေပြီး စကားသံတွင် သတ်ဖြတ်ချင်စိတ်များ

ပြည့်နှက်နေသည်။

သိပ်မကြာခင်မှာပင် ကျောက်စရစ်ခဲတစ်လုံးက သူ့ရှေ့သို့ လိမ့်လာသည်။

၎င်းက နေရာတိုင်းတွင် မြင်တွေ့နိုင်သည့် မထင်မရှား ကျောက်စရစ်ခဲလေး တစ်ခုသာ ဖြစ်သည်။

သို့သော် ဖန်ရှင်းက ထိုကျောက်စရစ်ခဲလေးကို မြင်သောအခါတွင် အားရပါးရ ရယ်မောလိုက်ပြီး

"ဟားဟား.. နောက်ဆုံးတော့ မင်းပေါ်လာပြီပေါ့"

ဟု ရေရွတ်လိုက်သည်။

သူ၏စကားကို ကျောက်စရစ်ခဲက ဘာမှ ပြန်မဖြေသော်လည်း သူ့ရှေ့ရှိ လေထဲတွင် ဆံချည်မျှင်တမျှင် ရှိနေသည်။

ဖန်ရှင်းက ချက်ချင်းပင် ဆံချည်မျှင်ကို ဆွဲယူ၍ အသိစိတ်ကမ္ဘာထဲသို့ ဆွဲသွင်းလိုက်သည်။

"မင်းငါ့ကို ဒီလို အတင်းအကြပ် လာတွေ့အောင် လုပ်တာ ငါ ဘယ်လောက် အန္တရာယ်များလဲ မင်းသိလား"

ဆံချည်မျှင်က အသိစိတ်ကမ္ဘာထဲသို့ ရောက်သည်နှင့် နဂါးမယ်တော် အဖြစ်သို့ အံ့အားသင့်ဖွယ် ပြောင်းလဲသွားခဲ့သည်။

သို့ရာတွင် ၎င်းမှာ နဂါးမယ်တော်၏ အားနည်းသော ကိုယ်ပွားတစ်ခုသာ ဖြစ်၏။

နဂါးမယ်တော်က တခြားသူတွေ သတိပြုမိမည်ကို စိုးရိမ်သည့်အတွက် ကိုယ်ပွားခန္ဓာကိုယ်တွင် ဝိညာဉ်စွမ်းအားကိုအတိုင်းအတာ တစ်ခုအထိ အကြီးအကျယ် ကန့်သတ်ထားခဲ့သည်။

ဆိုရလျှင် ထိုကိုယ်ပွား ခန္ဓာကိုယ်မျိုးက သတင်းပို့ဖို့ အတွက်သာ

အသုံးပြုနိုင်သည်။

"မင်းမှာ ဘယ်လောက် အန္တရာယ်ရှိလဲ ငါ ဂရုမစိုက်ဘူး.. ဘာပဲဖြစ်ဖြစ် မင်းထွက်မတွေ့ ဖြစ်ခဲ့ရင်တော့ ငါက ငါ့ရဲ့ စကားအတိုင်း လုပ်မိမှာပဲ"

"ဒါနဲ့မင်း ဒီကို ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

ဖန်ရှင်းက နဂါးမယ်တော် ယွဲ့မိန်အာကို မေးခွန်းထုတ်လိုက်၏။

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ် ကတည်းက ငါရောက်နေခဲ့တာပါ.. တကယ်တော့ ဒီနယ်မြေကို ဆရာကြီးဝမ်နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ငါတို့ ရောက်ခဲ့ကြတယ်.. ဒီနယ်မြေကို ရောက်တော့ ငါ့အကိုတော်ရဲ့ အော်ရာကို ခံစားမိခဲ့တယ်.. စုံစမ်းကြည့်တော့မှ ငါ့အကိုတော်က ငါ့ရဲ့ကလေးတွေကို ထားပစ်ပြီး ထွက်ပြေးသွားတယ်လို့ သိခဲ့ရတယ်.. ငါကမ္ဘာငယ်လေးမှာ အနှစ်သုံးဆယ်လောက် ပုန်းအောင်းနေခဲ့ပြီး ငါ့ကလေးတွေကို ကယ်တင်နိုင်မဲ့ အချိန်အခါကောင်းကို စောင့်ဆိုင်းနေခဲ့တယ်"

"ဒီနှစ်သုံးဆယ် အတွင်းမှာ မင်း ဘယ်သူ့ကိုမှ မကယ်ခဲ့တင်နိုင်ခဲ့ဘူး မဟုတ်လား"

ဖန်ရှင်းက နဂါးမယ်တော် ယွဲ့မိန်အာ၏ မျက်လုံးများကို စူးစိုက်ကြည့်၍ ခနဲ့လိုက်သည်။

"ငါ အခြေအနေတွေ အားလုံးကို လေ့လာပြီးပြီ.. တာအို ဆွေးနွေးပွဲကျင်းပတဲ့ အချိန်ကျရင် ငါ့ကလေးတွေကို ကယ်တင်မှာပါ.. ငါ့ကလေးတွေကို ငါ့ဘာသာ ကယ်တင်နိုင်တယ်.. မင်းရဲ့ ရက်စက်ယုတ်မာတဲ့ နည်းလမ်းတွေကိုတော့ အသုံးမပြုချင်ဘူး "

နဂါးမယ်တော်၏ စကားကိုကြားလျှင် ဖန်ရှင်းက အနည်းငယ် ရှက်ရွံ့သွားပြီး

"ဒီမှာ ယွဲ့မိန်အာ.. ငါက အရှက်မရှိတာတော့ အမှန်ပဲ.. ဒါက ယုတ်မာတယ်လို့ ဆိုလိုတာ မဟုတ်ဘူးလေ"

ဟု တုံ့ပြန်ပြောဆိုလိုက်သည်။

အပိုင်း(၁၃၀၅) ပြီး၏

စာစဥ်(၈၇) ပြီးပါပြီ။

စာရှုသူများကို လေးစားလျက်

လျှမ်းလျှမ်းဝေ

ကောင်းကင်ကိုဓားပြတိုက်မယ် စာစဥ်(၈၈)

အပိုင်း(၁၃၀၆) ငါကမင်းရဲ့ယောက္ခမ

ဖန်ရှင်းက နဂါးမယ်တော်၏ သူ့ကိုရည်ညွှန်းသည့် " မင်းရဲ့ရက်စက်ယုတ်မာတဲ့ နည်းလမ်းကို အသုံးမပြုချင်ဘူး" ဟူသော စကားကို လက်မခံနိုင်ဘဲ ရှင်းပြလိုက်သည်။

ငြင်းခုံမှုအပြီးတွင် ခဏတာ တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပြီးနောက် ဖန်ရှင်းက အရင်ဦးဆုံး စကားပြောရန် ဆုံးဖြတ်လိုက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်ကာ

"အပိုတွေပြောမနေနဲ့.. မင်းအမှောင်ထဲမှာ ပုန်းနေတာ နှစ်၃၀ရှိပြီ..

မင်းသာ အရမ်းတော်နေရင် ဒီအချိန်ဆို လူကယ်ပြီးလောက်ပြီ..
ငါဒီကို လာရတဲ့ အကြောင်းရင်းကို မင်းသိမယ်လို့ ငါထင်တယ်"

"မင်း မိထားတဲ့ မိစ္ဆာအဆိပ်ကို ဖယ်ရှားဖို့ ငါ့ကို
ကူညီပေးစေချင်တာလား"

နဂါးမယ်တော်က တည်တည်ငြိမ်ငြိမ် ပြန်ဖြေလိုက်သော်လည်း
သူမ၏ မျက်နှာ အမူအရာကမူ ခပ်ရွှဲ့ရွှဲ့ ဖြစ်နေသည်။

ဖန်ရှင်းက ခေါင်းကို ညင်သာစွာ ညိတ်လိုက်ပြီး

"မင်းငါ့ကို မိစ္ဆာ အဆိပ်ဖယ်ရှားဖို့ မကူညီပေးရင် မင်းရဲ့ ကလေး
အားလုံးကို ငါသတ်ပစ်မယ် ဆိုတာ မင်းသိထားသင့်တယ်"

"မင်း"

နဂါးမယ်တော်၏ မျက်နှာက ရုတ်ခြည်း ပြောင်းလဲသွားပြီး
ကြောက်မက်ဖွယ် အေးစက်စက် အရှိန်အဝါ တစ်ခုပင်
ထွက်ပေါ်လာသည်။

သူမက ဖန်ရှင်းကို စူးစိုက်၍ ကြည့်လိုက်သော်လည်း ဖန်ရှင်း၏ အမူအရာကမူ အပြောင်းအလဲ မရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိနေသည်။

နဂါးမယ်တော်၏ အမူအရာကို အကဲခတ်ရင်း ဖန်ရှင်းသည် နဂါးမယ်တော်က သူနှင့် လိုလိုလားလား ပူးပေါင်းရန် မရှိကြောင်း ရိပ်စားမိလိုက်ပြီး ပြင်းပြင်းထန်ထန် ထပ်မံခြိမ်းခြောက်လိုက်၏။

"မင်းငါ့ကို မကူညီချင်ဘူး ဆိုရင် မင်းရဲ့ ကလေး အားလုံးကို ငါသေချာပေါက် သတ်ပစ်မယ်"

"ငါတို့က မိတ်ဆွေတွေ မဟုတ်ဘူး.. ငါတို့မှာ ခင်မင်မှုလည်း မရှိဘူး.. ဒါကြောင့် ငါပြောခဲ့တာတွေက အမှန်ပဲဆိုတာ မင်းသိမှာပါ"

ဖန်ရှင်းက နဂါးမယ်တော်၏ မျက်လုံးများကို ကြည့်၍ ပြုံးရွှင်စွာ ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် နဂါးမယ်တော်က တိတ်ဆိတ်သွားသည်။

သူမက ဖန်ရှင်း၏ ခြိမ်းခြောက်မှုကြောင့် တကယ့်ကို ကူကယ်ရာမဲ့နေသည်။

"ဒီကောင်လေးက လူကောင်း မဟုတ်တာ သေချာတယ်"

ဖန်ရှင်း ဆိုသော ကောင်လေးက သူသာ ကံဆိုးလျှင် အခြားသူများကိုပါ စိတ်မချမ်းမြေ့စေမည့်သူ ဖြစ်ကြောင်း နဂါးမယ်တော်က ရိုးရှင်းစွာ သဘောပေါက်သွားခဲ့သည်။

ထိုအချက်ကို သဘောပေါက်သွားသည့် နဂါးမယ်တော်ဟာ ဖန်ရှင်း၏ ခြိမ်းခြောက်သော စကားများကို လုံးဝသံသယ မရှိတော့ချေ။

"မိစ္ဆာအဆိပ်ကို ဘယ်လိုရှင်းရမလဲ ငါသိပါတယ်.."

အချိန်အတော်ကြာ နှုတ်ဆိတ်နေပြီးမှ နဂါးမယ်တော်က ဖြည်းညှင်းစွာ ပြောလိုက်သည်။

"ဒါပေမယ့် မင်းငါ့ကို အရင်ကူညီပေးရမယ်"

နဂါးမယ်တော်၏ ပထမစကားက ဖန်ရှင်း၏ တစ်ကိုယ်လုံးရှိ ဖိအားများကို အနည်းငယ် ပြေလျော့သွားစေခဲ့သော်လည်း ဒုတိယစကားကမူ သူ့ကို အနည်းငယ် လက်မခံနိုင် ဖြစ်စေခဲ့သည်။

"မင်းရဲ့ ကမ်းလှမ်းချက်ကို လက်ခံရအောင် ငါ့ကို တုံးလို့ ထင်နေလား.. ငါက မင်းရဲ့ကလေးတွေကို ဝီရိယ စိုက်ထုတ်ပြီး ကယ်တင်ပြီးမှ မင်းက ရုတ်တရက် ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ.. ဒီလို ထွက်ပြေးနိုင်တဲ့ ကမ္ဘာငယ်လေးကလည်း မင်းဆီမှာ ရှိနေတယ်လေ"

ဖန်ရှင်း၏ ချက်ကျလက်ကျ စကားကိုကြားလျှင် နဂါးမယ်တော်က မျက်မှောင်ကြုတ်သွားပြီး

"ဒါဆို မင်းငါနဲ့ ဘယ်လို ညှိနှိုင်းချင်လဲ"

"ခွေးမ.. မင်းငါ့ရဲ့ လူနှစ်ယောက်ကို အရင်ဆုံး ကယ်တင် ပေးရမယ်.. အဲ့ဒါဆို ငါမင်းရဲ့ အယုတ်တမာလေးတွေကို ကယ်တင်ပေးမယ်"

"ခွေးမ"ဟူသော အသုံးအနှုန်းကို ရုတ်တရက် ကြားလိုက်ရလျှင် နဂါးမယ်တော်က ဒေါသ ထောင်းခနဲ ထွက်သွားသော်လည်း အချိန်မီ ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။

"မင်းလူတွေကို ကယ်တင်ပြီးမှ မင်းငါ့ကို သစ္စာဖောက်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို နည်းလမ်း မရှိတော့ဘူး.. ငါ့ဘဝ တစ်လျှောက်မှာ ဒီလိုမျိုး စေ့စပ်ညှိနှိုင်းမှုမျိုး ကြုံရတိုင်း ငါကပဲ အခွင့်ကောင်း ယူခဲ့တာကြီးပဲ.. မင်းသာ သူတို့ကို အရင် ကုသပေးရင် မင်းရဲ့လူတွေကို ကယ်တင်ဖို့ ငါကူညီပေးမယ်.. ငါ မင်းကို မလိမ်ဘူးလို့ ကတိပေးတယ်"

"မင်းရဲ့ကတိကို ငါက ယုံမယ် ထင်လို့လား"

"ဟားဟား.. မင်းမှာ ကလေးတွေ အများကြီး ရှိတာပဲ"

ထိုစကားကိုပြောရင်း ဖန်ရှင်းက နဂါးမယ်တော်ကို စေ့စေ့ကြည့်လိုက်ပြီး

"မင်းငါ့ကို မယုံရင် မင်းသဘော မတူမချင်း မင်းရဲ့ ကလေးတွေကို ငါတစ်ယောက်ပြီး တစ်ယောက် သတ်ပစ်ရတော့မှာပေါ့.."

"မင်း.."

နဂါးမယ်တော်က ရုတ်တရက် တိတ်ဆိတ်သွားသော်လည်း သူမ၏ မျက်လုံးများတွင် အေးစက်စက် ဖြစ်နေပြီး ဒေါသကို အတော်လေး ထိန်းချုပ်ထားရကြောင်း သိနိုင်သည်။

အချိန်အတော်ကြာပြီးနောက် နဂါးမယ်တော်က သက်ပြင်းချလိုက်သည်။

နောက်ဆုံးတွင် သူမက ဖန်ရှင်းကို အခွင့်ကောင်း မယူနိုင်ခဲ့ကြောင်း ဝန်ခံလိုက်ပုံရသည်။

သူတို့နှစ်ဦးစလုံးက အရှက်မရှိသူ ဖြစ်သော်လည်း ဖန်ရှင်း၏ အရှက်မဲ့မှုကို သူမက လုံးဝ မယှဉ်နိုင်ချေ။

သူမက စိတ်ဆိုးနေသော်လည်း အခြေအနေ အားလုံးကို

တွက်ဆပြီးနောက် သက်ပြင်းကို ခပ်တိုးတိုး ချလိုက်ပြီး

"မင်းရဲ့လူတွေကို ကုသပေးပါ့မယ်"

ဟု ပြောလိုက်သည်။

"ဘယ်လိုကုသမှာလဲ"

ဖန်ရှင်းက စိတ်ဝင်တစား မေးမြန်းလိုက်၏။

"သူတို့ကို ကုသပြီးရင် မင်းငါ့လူတွေကို ကယ်တင်ပါ့မယ်လို့ အရင်ကျိန်ဆိုရမယ်.."

"သူတို့ကို ကယ်တင်ပေးမဲ့ အပြင် ကျိန်စာကို ငါကတိ ဖောက်ဖျက်ရင် မင်းရှေးဟောင်းလမ်းကို ချောမွေ့စွာ ဖြတ်ကျော်ပြီး အင်မော်တယ် ဖြစ်ပါစေ.."

ဖန်ရှင်းက တုံ့ဆိုင်းမှု မရှိဘဲ ကျိန်ဆိုလိုက်ရာ နဂါးမယ်တော်ပင်

ခဏမျှ မှင်တက်သွားခဲ့သည်။

"တကယ်တော့ ဒီမိစ္ဆာအဆိပ်က ကုသဖို့ မခက်ပါဘူး.."

ထိုစကားကို ပြောပြီးနောက် နဂါးမယ်တော်က
အတန်ကြာစဉ်းစားဟန် ပြုလိုက်ပြီး

"ကျင့်ကြံမှု အားကောင်းလေ.. မိစ္ဆာအဆိပ်ရဲ့ ဖိအားကို ခံရလေပဲ..
ဒါကြောင့် သူတို့ရဲ့ကျင့်ကြံမှု အခြေခံ
အုတ်မြစ်တွေကိုဖျက်ဆီးပစ်လိုက်ပါ"

နဂါးမယ်တော်၏ စကားမဆုံးခင်မှာပင် အရက်အိုးကို ကိုင်ထားသည့်
ဖန်ရှင်းက ဒေါသထွက်သွားပြီး အရက်အိုးကို ပစ်ပေါက်လိုက်သည်။

"ဘွားတော်.. မင်း ကစားချင်ရင် ငါမင်းနဲ့ ကစားမယ်..
မင်းရဲ့ကလေးတွေကိုတော့ သေပြီသာ မှတ်လိုက်တော့"

ဖန်ရှင်းက နဂါးမယ်တော်ကို စိုက်ကြည့်ရင်း အေးစက်စက်
ကြိုးဝါးလိုက်သည်။

နဂါးမယ်တော်က ဖန်ရှင်း၏စကားကြောင့် ရုတ်တရက် ထိတ်လန့် တုန်လှုပ်သွားသော်လည်း ခဏအကြာတွင် နူးညံ့စွာ ပြုံးလိုက်ပြီး

"ငါ့စကားကို ဆုံးအောင် နားထောင်ပါဦး.. ကျင့်ကြံမှုအခြေခံကို ဖျက်ဆီးတဲ့ နည်းလမ်းက တစ်ခုတည်းသော နည်းလမ်း မဟုတ်ဘူးလို့ ငါပြောချင်တာပါ.. တခြားနည်းလမ်းတွေ ရှိပေမဲ့ ဒီနည်းလမ်းလောက်တော့ မရိုးရှင်းတာ အမှန်ပဲ.. ဒီနည်းလမ်းကတော့ လူတိုင်း အသုံးပြုလို့ရတဲ့ နည်းလမ်းပေါ့"

ထိုစကားကို ပြောရင်း နဂါးမယ်တော်က ရယ်မောလိုက်ပြီး

"မိစ္ဆာအဆိပ်ကို ငါကုသနိုင်မယ်လို့ မင်းယုံကြည်မှု ရှိနေတာ ငါ့အကိုက ဒီနေရာကနေ လွတ်မြောက်သွားလို့ မဟုတ်လား"

နဂါးမယ်တော်၏ စကားကို ကြားလျှင် ဖန်ရှင်းက နှုတ်မှ ပြန်မဖြေသော်လည်း ခေါင်းညိတ်၍ ထိုစကားကို လက်ခံကြောင်း အမူအရာ ပြသလိုက်သည်။

"မင်းထင်တာ မှန်ပါတယ်.. ငါ့အကိုက မိစ္ဆာ အဆိပ်ကို တကယ်ဖြေရှင်းနိုင်မှာ သေချာတယ်.. ဒါမှမဟုတ်ရင် သူက မိစ္ဆာ အဆိပ် မမိလိုက်တာလည်း ဖြစ်နိုင်တယ်"

"မိုးလင်းခါနီးပြီ.. ခဏနေ ဘုန်းတော်ကြီး ဖုချန်က ငါ့ကို လာခေါ်တော့မယ်.. မင်းပေါက်ကရ စကားတွေ ပြောပြီး အချိန်ဖြုန်းနေဦးမှာလား"

ဖန်ရှင်းက နဂါးမယ်တော်ကို စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် နဂါးမယ်တော်က ထိတ်လန့်သွားပြီး

"ငါသေချာပြောပါ့မယ်.. မိစ္ဆာ အဆိပ်ကို ဖြေရှင်းတဲ့ နည်းလမ်းက တကယ်ကို ရိုးရှင်းတယ်.. ဒါက တာအိုနှလုံးသားကို ကျရောက်လာတဲ့ ကပ်ဆိုးတစ်ခုပဲ.. တိတိကျကျ ပြောရရင် သခင်သုံးပါးရဲ့အမွေအနှစ်က တာအိုကို ရှာဖွေလိုတဲ့စိတ်ကို လွှမ်းမိုးသွားတာပဲ"

နဂါးမယ်တော်၏ စကားကိုကြားလျှင် ဖန်ရှင်းက ခေါင်းကိုငုံ့၍

အလေးအနက် တွေးတောနေမိသည်။

ဖန်ရှင်း၏ ဖြစ်အင်ကိုကြည့်ကာ နဂါးမယ်တော်က ရယ်မောလိုက်ပြီး

"ဟင်းဟင်း.. အခု မင်းရဲ့ပုံစံက ဘယ်လိုဖြစ်နေလည်း ဆိုတော့ ဘဝတစ်လျောက်လုံး လူပျိုကြီး ဖြစ်ခဲ့လို့ အလှပဂေးလေးရဲ့ရှေ့မှာ ရှက်ကြောက်ပြီး ခေါင်းငုံ့နေတာနဲ့ ဆင်တူတယ်"

သူမ၏စကားကို ကြားလျှင် ဖန်ရှင်းက အံ့အားသင့်ကာ ခေါင်းပြန်မော့လိုက်ပြီး နဂါးမယ်တော်၏ တစ်ကိုယ်လုံးကို အားမနာတမ်း သိမ်းကြုံး ကြည့်လိုက်သည်။

"မင်းသာ ကလေးပေါင်း များစွာရဲ့ အမေမှန်း သိမထားခဲ့ရင် ငါအခုမင်းကို တက်လုပ်မိမှာ အသေအချာပဲ"

"ဟော့.. ငါက မင်းရဲ့ယောက္ခမလေ"

နဂါးမယ်တော်က ရှက်ရွံ့စွာ ပြန်ဖြေလိုက်သည်။

ခဏကြာမှ သူမက

"သခင်သုံးပါးရဲ့ တာအိုအမွေအနှစ်က တာအိုနှလုံးသားကို လွှမ်းမိုးသွားပေမဲ့ မင်းသာ တာအိုအမွေအနှစ်ကို တကယ် နားလည်သွားရင် သူ့အလိုလို ဖြေရှင်းနိုင်သွားလိမ့်မယ်"

"တာအိုအမွေအနှစ်ကို နားလည်အောင် လုပ်ရမှာလား"

ဖန်ရှင်းက တအံ့တသြ ရေရွတ်လိုက်သည်။

လက်ရှိသူ၏ အသိပညာ ဗဟုသုတအရ အမှန်နှင့် အမှားကို သဘာဝကျကျ ပိုင်းခြားနိုင်ရာ နဂါးမယ်တော် ပြောသောစကားက အမှန်ပဲဆိုတာကို သူကောင်းစွာ သိလိုက်သည်။

"တာအိုကို လိုချင်ပေမယ့် ဘယ်နှစ်ယောက်က ရခဲ့လို့လဲ.. တာအိုကို ဘယ်လိုလွယ်လွယ်နဲ့ ရနိုင်မှာလဲ"

ဖန်ရှင်းက အနည်းငယ် စိတ်ပျက်သော လေသံဖြင့်ပြောလိုက်သည်။

"သခင်သုံးပါးရဲ့ အမွေအနှစ်က တာအိုကို ရှာဖွေတဲ့နည်းလမ်း ဆိုပေမယ့် တခြားသူတွေရဲ့ တာအိုဆီကို ဦးတည်သွားလိမ့်မယ်"

"သခင်သုံးပါးရဲ့ အမွေအနှစ်ကို အပြည့်အဝ နားမလည်ရင် ဇဝေဇဝါဖြစ်ပြီး တခြားသူတွေ အကျိုးအတွက် မင်္ဂလာဝတ်စုံနည်းလမ်းလို ဖန်တီးမိကြမှာ ဖြစ်ပေမဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တကယ် နားလည် သဘောပေါက်နိုင်ရင်တော့ ဆန့်ကျင်ဘက် ရလာဒ်ကို ရရှိလိမ့်မယ်.. "

နဂါးမယ်တော်က ဖန်ရှင်း နားလည်အောင် ရှင်းပြလိုက်သည်။

အပိုင်း(၁၃၀၆) ပြီး၏

အပိုင်း(၁၃၀၇) ငါကိုယ်လွတ်မရုန်းချင်ဘူး

လေးလေးနက်နက် တွေးတော ဆင်ခြင်နေသည့် ဖန်ရှင်းကိုကြည့်ပြီး နဂါးမယ်တော်က ပြုံး၍ ပြောလိုက်သည်။

"လမ်းကြောင်းတွေ မတူညီကြပေမဲ့ တူညီတဲ့ ဦးတည်ရာကိုသွားတဲ့ သဘောတရားကတော့ အတူတူပါပဲ.. ငါက လမ်းညွှန်မှုပဲ ပေးနိုင်တယ်.. မိစ္ဆာ အဆိပ်ကို ဖြေရှင်းနိုင်ဖို့က မင်းပေါ်မှာပဲ လုံးဝ မူတည်တယ်.. မင်းသတ္တိရှိရှိနဲ့ သခင်သုံးပါးရဲ့ အမွေအနှစ်ကို ကျင့်ကြံရမယ်"

စကားပြောရင်း သူမ၏ အသွင်အပြင်က ပို၍ လေးနက်လာသည်။

"ငါ့ကလေးတွေကို ဖမ်းထားတဲ့ တည်နေရာ အတိအကျကို ငါစုံစမ်းပြီးပြီ.. သူတို့ကို သခင်သုံးပါးက ကောင်းကင်နက်မြစ်ထဲမှာ အကျဉ်းချထားတယ်.. ဒါပေမယ့် ကံမကောင်းစွာပဲ ကောင်းကင်နက်မြစ်ရဲ့ အထက်ပိုင်းမှာ အလွန်တရာမှ လျှို့ဝှက်ဆန်းကြယ်တဲ့ တည်ရှိမှုတစ်ခု ရှိနေတယ်.. သူ့ရဲ့ စိတ်ဝိညာဉ်က အလွန် အစွမ်းထက်မြက်ပြီး အလုံးစုံ သိမြင်လု နီးပါး ဖြစ်နေတယ်.. အင်မော်တယ် နယ်မြေတစ်ခုလုံးတောင်သူ့ကို ဖုံးကွယ်ဖို့ ခဲယဉ်းတယ်.. အဲ့ဒီလူက ကျန်သခင်သုံးပါးထက် လျှို့ဝှက်တယ်.. သူ့ကို ဘုံသခင်လို့လည်း ခေါ်ကြတယ်"

"သူ ရှိနေတဲ့အတွက် ပြီးခဲ့တဲ့ နှစ်တွေမှာ ငါ့လူတွေကို မကယ်တင်ဝံ့ခဲ့ဘူး.. ဒါပေမယ့် ဆယ်နှစ်ပြည့်တိုင်းမှာ

ကောင်းကင်နက်မြစ်ကနေ သူ ထွက်သွားပြီး တာအို ဆွေးနွေးပွဲကို တက်ရောက်လေ့ရှိတာ ငါသတိထားမိခဲ့တယ်.. ဒါကြောင့် အဲ့ဒီအချိန်ကို ငါ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းနေခဲ့တာပဲ"

"ငါမင်းကို ကူညီပေးမှာပါ.. မင်း အန္တရာယ် ကျရောက်လောက်တဲ့ အထိ ငါမတောင်းဆိုပါဘူး.. တာအိုဆွေးနွေးပွဲမှာ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ပြီး အချိန်ဆွဲထားပေးရင် ရပါပြီ.. ငါ့ကလေးတွေကို ငါ့ဘာသာ ကယ်တင်ပါ့မယ်"

နဂါးမယ်တော်က အနည်းငယ် စိတ်လှုပ်ရှားစွာဖြင့် သူမ၏ အစီအစဥ်တွေကို ပြောပြလိုက်သည်။

"သခင်သုံးပါးရဲ့ အမွေအနှစ်ကို နားလည်သဘောပေါက်အောင် ကျင့်ကြံဖို့ ဖြစ်နိုင်ပါ့မလား"

ဖန်ရှင်းက နဂါးမယ်တော်ကို သေချာအောင် မေးမြန်းလိုက်၏။

"ဖြစ်နိုင်ပါတယ်"

နဂါးမယ်တော်၏ ကိုယ်ပွားက ဖန်ရှင်း၏ စကားကို အတည်ပြုပေးပြီးသည်နှင့် အသိစိတ်ကမ္ဘာထဲမှ ပျောက်ကွယ်သွားပြီး အသိစိတ်ကမ္ဘာထဲတွင် ဆံချည်မျှင်သာ ကျန်ရစ်ခဲ့သည်။

အခန်းဝသို့ လိမ့်လာသော ကျောက်စရစ်ခဲလေး ထဲတွင်မူ နဂါးမယ်တော်နှင့် ဆရာကြီးလန်က ဖန်ရှင်းနှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေးနေကြ၏။

စစ်စစ်အားဖြင့် ကျောက်စရစ်ခဲလေးမှာ ဆရာကြီးလန်၏ အပြာရောင် ကမ္ဘာငယ်လေး ဖြစ်သည်။

"ဒီကောင်လေးကို မိစ္ဆာ အဆိပ်ဖယ်ရှားတဲ့ နည်းလမ်းတော့ ပြောပြပြီးပြီ.. တာအိုအမွေအနှစ်ကို နားလည် သဘောပေါက်ဖို့က သူ့အပေါ်မှာပဲ မူတည်တော့တယ်"

နဂါးမယ်တော်က သက်ပြင်းချ၍ ရေရွတ်လိုက်သည်။

"ဒါပေမယ့် သတိထားရမှာက ဒီကောင်လေးက သူကိုယ်တိုင် ကံဆိုးမှုတွေ ကြုံရတဲ့အချိန် တခြားသူတွေ ပျော်နေတာကို မြင်ချင်တဲ့ လူမျိုး မဟုတ်ဘူး.. သူက တာအို အမွေအနှစ်ကိုသေချာပေါက်

ရှာတွေ့လိမ့်မယ်လို့ ငါယုံကြည်တယ်"

"တစ်ချိန်က ရန်သူပဲ ဖြစ်နေပါစေ.. ဒီအချိန်မှာတော့ ငါတို့တွေဒီကောင်လေးနဲ့ ကျောချင်း ကပ်ထားသင့်တယ်"

ဆရာကြီးလန်က လက်ရှိ အခြေအနေကို သုံးသပ်၍ ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် နဂါးမယ်တော်က သက်ပြင်းချလိုက်ပြီး

"ကောင်လေးရဲ့ မိစ္ဆာ အဆိပ်ကို ဘယ်သူမှ ကူပြီး ဖယ်ရှားပေးလို့မရဘူး.. မိစ္ဆာ အဆိပ်ကို ဖယ်ရှားချင်ရင်တော့ တာအိုအမွေအနှစ်ကို အဆုံးစွန်ထိ နားလည် သဘောပေါက်နိုင်မှပဲ ဖြစ်လိမ့်မယ်.. သူမလုပ်နိုင်ရင်တော့ သခင်သုံးပါးရဲ့ ထိန်းချုပ်မှုကို ခံရလိမ့်မယ်.. သူဖြတ်ကျော်နိုင်ခဲ့ရင်တော့ အရာအားလုံးကို စိတ်ပူစရာ မလိုဘဲ ငါ့ကလေးတွေကို အေးအေးဆေးဆေး ကယ်တင်နိုင်လိမ့်မယ်.. ဒါပေမဲ့ အင်မော်တယ် အသက်နဲ့ ပတ်သက်တဲ့ အချက်တစ်ချက်ကို ငါသူ့ကို မပြောပြခဲ့ဘူး.. အဲ့ဒီအချက်ကို ပြောပြလိုက်ရင် သူသံသယ ဖြစ်သွားမှာ စိုးလို့ပဲ"

"သံသယဖြစ်သွားမှာ စိုးတဲ့အချက် ဟုတ်လား"

နဂါးမယ်တော်၏ စကားကို ကြားလျှင် ဆရာကြီးလန်က အနည်းငယ် လန့်ဖြန့်ကာ ရေရွတ်လိုက်သည်။

"ဟုတ်တယ်.. ငါသူ့ကို မပြောခဲ့တဲ့ အကြောင်းရင်းက သူ့ကို သေစေနိုင်တဲ့အချက် ဖြစ်နေလို့ပဲ.."

....

....

"နဂါးမယ်တော်က မင်းကို သူသိသမျှတွေ တကယ်ပြောပြခဲ့တာ သေချာရဲ့လား"

ဖန်ရှင်း၏ အသိစိတ်ကမ္ဘာထဲတွင် ဆရာကြီးဝမ်က မေးခွန်းထုတ်လိုက်သည်။

"နဂါးမယ်တော် ပြောတာက မှန်သည်ဖြစ်စေ.. မှားသည်ဖြစ်စေ
တာအို အသွင်ပြောင်း ကျင့်စဉ်ကို အဆုံးစွန်ထိ ကျင့်ကြံဖို့က
ဘယ်လိုလုပ် လွယ်ကူနိုင်မှာလဲ"

"မင်းရဲ့ကိုယ်ပိုင် တာအိုကို ဒီအမွေအနှစ်ကနေ ကျင့်ကြံချင်တယ်
ဆိုရင်တော့ ဒါက စိတ်ကူးယဉ်မှု တစ်ခုလို့ မှတ်ယူနိုင်တယ်..
တာအိုအမွေအနှစ်ကို ဘယ်သူကများ အဆုံးစွန်ထိ ကျင့်ကြံနိုင်လို့လဲ..
မင်းက ကျင့်ကြံနိုင်ရင်တောင် မိန်းမောနေတဲ့ ဟိုနှစ်ယောက်က
ဘယ်လိုလုပ် ကျင့်ကြံနိုင်မှာလဲ"

ဆရာကြီးဝမ်က ဖန်ရှင်းကို ပြောရင်း စိတ်ဓာတ် ကျချင်သလိုပင်
ဖြစ်လာသည်။

"ဒါ့အပြင် မင်းမှာ အချိန်သိပ်မရှိတော့ဘူး.. သုံးလမပြည့်မီမှာ..
တာအိုဆွေးနွေးပွဲ ကျင်းပဖို့ အချိန်ရောက်ပြီလေ"

"အကယ်၍ အဲ့ဒီအချိန်မှာ နဂါးမယ်တော် ပြောတဲ့အတိုင်း
မင်းရဲ့ကိုယ်ပိုင် တာအိုကို ရှာမတွေ့ခဲ့ရင်တော့ ငါ့လိုပဲ
ဖြစ်သွားလိမ့်မယ်..."

ဆရာကြီးဝမ်၏ စကားကြောင့် ဖန်ရှင်းက တိတ်ဆိတ်သွားခဲ့သည်။

ယခုလက်ရှိ သူ၏ အခြေအနေက ပိုလို့တောင် မျှော်လင့်ချက်မဲ့နေသည်ဟု စဉ်းစားမိသည်။

နဂါးမယ်တော်က သူ့ကို ဖြစ်နိုင်ချေရှိသည့် လမ်းကြောင်းကို ညွှန်ပြပေးခဲ့ရင်ပင် လမ်းကြောင်းက ခက်ခဲနေဆဲ ဖြစ်နေသည်။

ပထမဆုံးအနေဖြင့် ဤနည်းလမ်းက ကိုယ့်ကိုကိုယ် ကယ်တင်နိုင်သော်လည်း အောင်းလီနှင့် လုကျန်းတို့ကိုတော့ ကယ်တင်နိုင်မည် မဟုတ်ပေ။

ရှင်းလင်းစွာ ဆိုရလျှင် ဖန်ရှင်းက တာအိုကို အဆုံးစွန်ထိနားလည် သဘောပေါက်လျှင်ပင် ကိုယ့်ကိုယ်ကိုယ်သာ ကယ်တင်နိုင်မည် ဖြစ်သည်။

ဖန်ရှင်း အတွက်တော့ အောင်းလီနှင့် လုကျန်းကို ထားရစ်ပြီးတစ်ယောက်တည်း ကိုယ်လွတ်ရုန်းရန် မဖြစ်နိုင်ပေ။

အဆုံးသတ်တွင် သူကိုယ်တိုင်ပင် တာအိုကို အဆုံးစွန်ထိနားလည်သဘောပေါက်နိုင်မည်ဟု အာမခံချက် မရှိချေ။

"ငါကိုယ်လွတ်ရုန်းလို့ မရဘူး.. တစ်ယောက်က ငါ့ရဲ့ ယောက်ဖ.. တစ်ယောက်က ငါ့ရဲ့ ဂိုဏ်းတူညီတော်.. ငါ့ရဲ့ယောက်ဖကို မကယ်တင်ခဲ့ရင် ငါ့မိန်းမနဲ့ ပြန်တွေ့တဲ့အခါ ငါဘယ်လိုမျက်နှာနဲ့ ရှင်းပြရမှာလဲ"

ဖန်ရှင်းက စိတ်ပျက်လက်ပျက် ရေရွတ်လိုက်၏။

အချိန်အတော်ကြာ နှုတ်ဆိတ်နေပြီးမှ သူက တစ်စုံတစ်ရာကို တွေးမိလိုက်ပြီး

"ငါ အောင်းလီနဲ့ လုကျန်းကို ကယ်တင်နိုင်မဲ့ နည်းလမ်းကို စဉ်းစားမိပြီ.. "

"ဘယ်လိုနည်းလမ်းလဲ"

ဆရာကြီးဝမ်က အနည်းငယ် အံ့အားသင့်စွာ မေးမြန်းလိုက်သည်။

ဖန်ရှင်းက ခါးသီးစွာ ပြုံးလိုက်ပြီး

"မိစ္ဆာ အဆိပ်ရဲ့သဘောတရားက တိရစ္ဆာန်လည်ပင်းမှာ ချည်ထားတဲ့ သံကြိုးနဲ့ တူတယ်လို့ မင်းမထင်ဘူးလား"

"အင်း...နည်းနည်းတော့ ဆင်တူတယ်"

ဆရာကြီးဝမ်က ခေါင်းညိတ်၍ ပြန်ဖြေလိုက်သည်။

"သံကြိုးသာရှိရင် တိရစ္ဆာန်တွေကို သားသတ်ရုံမှာပဲ ဖြစ်ဖြစ် မြက်ခင်းပြင်မှာပဲ ဖြစ်ဖြစ် ကိုယ်ကြိုက်နှစ်သက်တဲ့ နေရာမှာ ချည်နှောင်ထားလို့ ရသလိုပဲ.. ငါ့မှာသာ သူတို့နှစ်ဦးကို ချုပ်ကိုင်နိုင်တဲ့ သံကြိုးရှိရင် သူတို့ရဲ့ မိစ္ဆာအဆိပ်ကို မဖယ်ရှားနိုင်ရင်တောင် ယာယီဖိနှိပ်ထားနိုင်ပြီး တစ်နေ့နေ့မှာ ကုသနိုင်မှာပဲ.."

"ဘာကို အတိအကျ ဆိုလိုချင်တာလဲ.."

ဆရာကြီးဝမ်က ဖန်ရှင်း၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း နားမလည်သဖြင့် ပြန်လည် မေးခွန်းထုတ်လိုက်သည်။

ဖန်ရှင်းက အသိစိတ်ကမ္ဘာ၏ ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပြီး

"ငါတာအို အမွေအနှစ်ကို အောင်မြင်အောင် ကျင့်ကြံရမယ်.. ဒီကံကြမ္မာကို ရှောင်လွှဲဖို့က မဖြစ်နိုင်တော့တဲ့ အတွက် ငါမလွဲမသွေ တိုက်ပွဲဝင်ရမဲ့ အတူတူ ဒီထက် ပိုကြီးကျယ်အောင် ကျင့်ကြံရမယ်"

သူ၏ ခန့်ညားထည်ဝါသော အသံက သူ၏အတွေးတွေကို ပေါ်လွင်စေသည်။

သူတစ်ယောက်တည်းနှင့် သက်ဆိုင်သည့် အသိစိတ်ကမ္ဘာထဲတွင် ထိုအသံက မိုးခြိမ်းသံကဲ့သို့ နေရာအနှံ့ ပျံ့နှံ့သွားသည်။

"ငါဒီအမွေအနှစ် သုံးမျိုးကို တစ်ပြိုင်နက်တည်း လေ့ကျင့်မယ်"

"ဘာ.. မင်းက ဘာသာတရား သုံးပါးရဲ့ အမွေအနှစ်ကို

တစ်ပြိုင်နက်တည်း ကျင့်ကြံမယ် ဟုတ်လား"

ဖန်ရှင်း၏ စကားကိုကြားလျှင် ဆရာကြီးဝမ်က ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

အပိုင်း(၁၃၀၇) ပြီး၏

အပိုင်း(၁၃၀၈) သုံးဆပြင်းထန်သောသွေးဆောင်မှု

"မိတ်ဆွေလေး ဖန်ရှင်း ရှိလားဟေ့"

ဘုန်းတော်ကြီး ဖုချန်က နောက်တစ်နေ့တွင် ချိန်းဆိုထားသည့် အတိုင်း ရောက်ရှိလာသည်။

သူက ဖန်ရှင်း တောင်းဆိုသည့် ဆန္ဒကို ဖြည့်ဆည်းပေးရန် ကောင်းကင်နက်မြစ်သို့ လာရောက် ခေါ်ဆောင်ခြင်း ဖြစ်သည်။

သို့ရာတွင် နန်းတော်ထဲမှနေ၍ ဖန်ရှင်း၏ တုံ့ပြန်ပြောဆိုမှုကို

မကြားခဲ့ရသဖြင့် သံသယဝင်လာခဲ့၏။

ထိုအကြောင်းကို သခင်သုံးပါးအား
သတင်းပို့လိုက်သောအခါဗုဒ္ဓသခင်က သူ၏ စွမ်းအားဖြင့်
နန်းတော်တွင်းကို စစ်ဆေးကြည့်လိုက်သည်။

နန်းတော်၏ ပင်မခန်းမဆောင်ထဲတွင် တပုလ္လင်ခွေ၍ ထိုင်နေသော
ဖန်ရှင်းကို တွေ့လိုက်ရသောအခါ ဗုဒ္ဓသခင်က ခုန်ပေါက်မတတ်
ဝမ်းသာသွားသည်။

"ကောင်းကင်နက်မြစ်ကို မသွားရတဲ့အကြောင်းရင်းက
ဒါကြောင့်ကိုး.. ကောင်လေးက စပြီး လေ့ကျင့်နေတဲ့ပုံပဲ"

တာအိုသခင်က စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်သည်။

"အမှန်ပဲ.. ဒီကလေး အခုကျင့်နေတာက နှလုံးသားထဲမှာ ဒေါသကို
ချုပ်တည်းထားနိုင်တဲ့ ငါရဲ့ ဗုဒ္ဓစိတ်ကျမ်းပဲ.."

ဗုဒ္ဓသခင်ကလည်း ဝမ်းသာသော လေသံဖြင့် ပြန်ဖြေလိုက်သည်။

ပြဿနာများစွာကို ဖြစ်ပေါ်စေခဲ့သော မိစ္ဆာလေးသည် ယခုအခါတွင် သူတို့ကို အံ့ဩလောက်အောင် လုပ်ပြနေခဲ့သည်။

မိစ္ဆာလေးကို အမြန်ဆုံး ကျင့်ကြံစေရန် ဘယ်လိုနည်းလမ်းကိုအသုံးပြုရမလည်း စဥ်းစားရ ကျပ်နေသော အချိန်မှာပင် မထင်မှတ်သော ဖြစ်ရပ်များ ဖြစ်ပေါ်လာပြီး သူတို့ တွေးထားတာထက်ပင် ပိုမိုကောင်းမွန်အောင် ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့သည်။

"အကုန် အဆင်ပြေသွားပြီ.. တာအိုဆွေးနွေးပွဲ မတိုင်ခင် သူတို့သုံးယောက်ကို ဘယ်သူကမှ အနှောင့်အယှက် မပေးရဘူး"

သခင်သုံးပါးက ချက်ချင်းပင် အမိန့်ထုတ်ပြန်ခဲ့သည်။

မတော်တဆ ထိခိုက်မှု မှန်သမျှကို ရှောင်ရှားဖို့ ဤအမိန့်ကိုထုတ်ပြန်ခဲ့ရသော်လည်း ဖန်ရှင်းတို့ သုံးယောက်လုံးက ကျင့်စဥ်ထဲတွင် အလွန် နက်နဲစွာ နစ်မြောနေသည်ကို တွေ့လိုက်ရသည်။

အဆုံးသတ်တွင် မိစ္ဆာလေးတို့ သုံးယောက်က သူတို့၏ လှည့်ကွက်ထဲသို့ ကျရောက်သွားခဲ့ချေပြီ။

"ဟားဟား.. လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင် အတွင်းမှာ ဒီတစ်ခေါက် ကျင်းပမဲ့ တာအိုညီလာခံလောက် ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဖူးဘူး..."

နတ်ဆိုးသခင်က ရွှင်လန်းသော အမူအရာဖြင့် အားရပါးရရယ်မောလိုက်သည်။

"ဒီတစ်ခါတော့ ဘုံသခင် ကျေနပ်မယ်လို့ထင်လား"

"ဟားဟား.. ဗုဒ္ဓစိတ်ကျမ်းရဲ့ ဆွဲဆောင်မှုကနေ ဒီကောင်လေး လွတ်မြောက်နိုင်မယ်လို့ ငါမယုံဘူး.. အခုတော့ အားလုံးအဆင်ပြေသွားပြီပေါ့"

ဗုဒ္ဓသခင်က အားရပါးရ ရယ်မော၍ ကျေနပ်စွာ ရေရွတ်လိုက်သည်။

....

....

ဖန်ရှင်းက အပြင်ဘက်မှ လှုပ်ရှားမှုအားလုံးကို လုံးဝသတိမထားမိပေ။

သူက အမွေအနှစ် သုံးခုလုံးကို ကျင့်ကြံရန် ဆုံးဖြတ်ချက်ချပြီးနောက်တွင် အချိန်မဖြုန်းဘဲ စတင် လေ့ကျင့်ခဲ့သည်။

လုကျန်းနှင့် အောင်းလီတို့ကမူ အမွေအနှစ်သုံးခုထဲမှ တစ်ခုကိုရွေးချယ် ကျင့်ကြံရင်း ကျမ်းစာ၏ ဆွဲဆောင်မှုကို ခံခဲ့ရကာ ယခုအချိန်အထိ ရုန်းမထွက်နိုင်ခဲ့ကြပေ။

ဖန်ရှင်းကမူ နည်းလမ်းသုံးသွယ်၏ အမွေအနှစ်ကို အကြမ်းဖျင်း သိရှိနားလည်ရန် ဦးစွာပထမ ဖတ်ရှုလိုက်သည်။

ထိုသို့ ဖတ်ရှုနေရင်း ဗုဒ္ဓစိတ်ကျမ်း.. တာအိုအသွင်ပြောင်းကျမ်းနှင့် အရှေ့အင်ပါယာနတ်ဆိုးကျမ်းတို့၏ အဓိပ္ပါယ်အစစ်အမှန်ကို

နားလည်ဖို့ ကြိုးစားရင်း ထိုကျမ်းများတွင် မှတ်တမ်း တင်ထားသည့် အမှန်တရားနှင့် နည်းလမ်းတွေကို နားလည်လာသည်။

ရုတ်တရက် ကြောက်မက်ဖွယ်ကောင်းသော ခံစားချက်က ဒီရေကဲ့သို့ ရောက်ရှိလာသည်။

တာအိုကို ရဖို့ အလွန်နီးစပ်သည့် အနေအထားကို ရောက်ရှိလာသည့် ပျော်ရွှင်မှုမျိုးကိုပါ ခံစားလာရသည်။

ကျင့်ကြံခြင်းလမ်း၏ အကြီးမားဆုံး ပြဿနာကို ရုတ်တရက် ကြုံလိုက်ရသလိုမျိုး ဤပြဿနာကို နားလည်သရွေ့ ကောင်းကင်နှင့် လူသားကြားက ကွာဟချက်တွေကို ဖြတ်ကျော်ပြီး အင်မော်တယ် နယ်ပယ်ထဲကို အမှန်တကယ် ဝင်ရောက်သွားနိုင်မည်ဟု ထင်မြင်လာသည်။

ထို့ထက် ပို၍အရေးကြီးသည်မှာ ဤနယ်ပယ်နှင့် အလွန်နီးကပ်နေပြီ ဖြစ်သောကြောင့် လက်ချောင်းလေး လှုပ်လိုက်ရုံဖြင့်ပင် ထိုနယ်ပယ်ကို အလွယ်တကူ ဖြတ်ကျော်သွားနိုင်သည်ဟု ထင်မြင်လာခြင်းပင်။

ထို့ကြောင့်ပင် ကျင့်ကြံသူ အပေါင်းတို့က ဤအမွေအနှစ်သုံးခုကို စွဲလမ်းသွားကြခြင်း ဆိုလည်းမမှားပေ။

လုကျန်းက တာအိုကျင့်ကြံမှုတွင် အစောပိုင်းထဲက အတော်လေး ပေါက်ရောက်ထားသဖြင့် အခြားလူများထက်ကျမ်းစာ၏ ဆွဲဆောင်မှုကို ပို၍ ခံစားခဲ့ရသည်။

ကျင့်ကြံသူများအတွက် အင်မော်တယ်ခရီးကို ရောက်လုနီးပြီဟု ခံစားရသည်ထက် ပို၍ပြင်းထန်သော သွေးဆောင်မှု မရှိပေ။

ဖန်ရှင်းက အမွေအနှစ်သုံးခုကို သင်ယူရန် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပေ။

သို့သော် ယခုအချိန်တွင်မူ သူက အမွေအနှစ် သုံးခုကို တစ်ပြိုင်နက် ကျင့်ကြံခဲ့ပြီး သွေးဆောင်မှုကလည်း လုကျန်းတို့ထက် သုံးဆခန့် ပြင်းထန်နေသည်။

ထို့ကြောင့် စတင် ကျင့်ကြံသည်နှင့် သူက လုကျန်းနှင့် အောင်းလီတို့ထက်ပင် ပိုမို နက်ရှိုင်းစွာ ပိတ်မိနေခဲ့သည်ဟု

ဆိုနိုင်ပေသည်။

အမွေအနှစ် တစ်ခုစီက လေးနက်လွန်းသော်လည်း ဖန်ရှင်း၏ အသိပညာနှင့် အခြေခံက အလွန် အားနည်းလွန်းနေ၏။

ဆိုရလျှင် အခက်ခဲဆုံး သင်္ချာပုစ္ဆာကို အတွေ့အကြုံ မရှိသေးသော ကျောင်းသား တစ်ယောက်က ဖြေရှင်းနေရသလို ဖြစ်နေသည်။

ဖန်ရှင်းက ကမ္ဘာပေါ်တွင် အခက်ခဲဆုံး ပြဿနာကို ဖော်ထုတ်ရတော့မည် ဖြစ်သည်။

သူ့အနေဖြင့် ကျမ်းစာကို အစွန်းရောက်သည် အထိ နားလည်ဖို့နေနေသာသာ ဘာလုပ်လို့ လုပ်ရမှန်းပင် မသိချေ။

"ငါအမိုက်ဆုံး လုပ်ရပ်ကို လုပ်လိုက်ပုံပဲ"

"ငါ့ဦးနှောက်နဲ့ ဒီနားမလည်နိုင်တဲ့ အမှန်တရားတွေကို ငါဘယ်လို နားလည်နိုင်မှာလဲ..."

"အဘိုးကြီးလု.. အောင်လီ.. မင်းတို့ လူယုတ်မာ နှစ်ကောင်ကို ကယ်တင်ချင်တဲ့စိတ်ကြောင့် ငါဒုက္ခရောက်နေရပြီ"

ဝမ်းနည်းပူဆွေးပြီး သေချင်လာသလို ခံစားရင်း ဖန်ရှင်းက ၎င်းတို့နှစ်ဦး၏ ဆွေမျိုးဆယ့်ရှစ်ဆက်ကိုပါ ဆဲဆိုလိုက်၏။

သူ့ရင်ထဲတွင် နောင်တမရဘဲ မနေနိုင်အောင် ဖြစ်နေသည်။

သို့ရာတွင် နောင်တဆိုသည်က နောင်မှ တရသည့်အရာ မဟုတ်ပါလား။

ရှေ့တစ်လှမ်း တိုးလိုက်သည်နှင့် အမှောင်တစ်လမ်းကိုသာ ဆက်သွား၍ ရနိုင်ပြီး နောက်ဆုတ်ဖို့ နည်းလမ်းလည်း ရှိမနေခဲ့ချေ။

ထို့ကြောင့် သူ့စိတ်ထဲမှာ ဘယ်လောက်ပဲ ဝမ်းနည်းပူဆွေးမှုတွေ ခံစားရပါစေ အံကြိတ်၍ ဆက်လက် ကျင့်ရုံသာ တတ်နိုင်ခဲ့သည်။

ပြင်ပကမ္ဘာတွင်မူ ဖန်ရှင်းက မျက်မှောင်ကြုတ်ကာ တင်ပုလ္လင်ခွေ၍

ထိုင်နေပုံရပြီး စိတ်ရှုပ်ထွေးမှုများ ပြည့်နှက်နေသော အမူအရာ ဖြစ်နေသည်။

အသိစိတ်ကမ္ဘာတွင်မူ လေထုအလယ်တွင် တင်ပုလ္လင်ခွေ၍ ထိုင်နေပြီး ခန္ဓာကိုယ် ပတ်ပတ်လည်တွင် မရေမတွက်နိုင်သော ပိုးစုန်းကြူးများ ပျံဝဲနေ၏။

သူ့ပတ်ဝန်းကျင်တွင် ပိုးစုန်းကြူးများ အဆက်မပြတ် စုပြုံလာသည့် အသွင်အပြင်က အလွန်ပင် လျှို့ဝှက်ဆန်းကြယ်နေသည်။

အဝေးမှ စောင့်ကြည့်နေကြသည့် ဆရာကြီးဝမ်နှင့် ဖန်ရှင်း၏ တပည့်ဝက်ကလေး တစ်သိုက်ကမူ ဖန်ရှင်း၏ အခြေအနေကို ကြည့်ကာ သက်ပြင်းကို ဘယ်နှစ်ကြိမ် ချမိမှန်းပင် မရေတွက်နိုင်တော့ချေ။

"ဘာသာတရားသုံးပါးရဲ့ စစ်မှန်တဲ့ အဓိပ္ပါယ်ကို နားလည်အောင် သူ့နည်းသူ့ဟန်နဲ့ ရှာချင်နေတဲ့ပုံပဲ.. ဘယ်လောက်တောင် ခက်ခဲလိုက်တဲ့ အလုပ်လဲ.."

ဆရာကြီးဝမ်က ခေါင်းကို ညင်သာစွာ ခါရမ်း၍ စိတ်ဓာတ်ကျစွာ

ရေရွတ်လိုက်သည်။

ယင်းအချိန်တွင် ဖန်ရှင်းက ကျမ်းစာ၏ သွေးဆောင်မှုမှ အလွန်အမင်း ရုန်းကန်နေရသဖြင့် စိတ်ပျက်အားငယ်သော ခံစားချက်များပင် ဝင်ရောက်လာသည်။

သူ့အတွက် အမွေအနှစ် သုံးပါး၏ သွေးဆောင်မှုလမ်းကြောင်းကို လိုက်လံ ကျင့်ကြံရုံမှတပါး ရွေးချယ်စရာ မရှိတော့ချေ။

သို့သော် ထိုသို့ ပြုလုပ်လိုက်သည်နှင့် ဆရာကြီးဝမ်လို ဖြစ်သွားမည်ကို သူကောင်းစွာ သိနေခဲ့၏။

ကံမကောင်းစွာပဲ သူက စိတ်ရှိတိုင်း မလုပ်ဆောင်နိုင်တော့ချေ။

....

....

"ဗုဒ္ဓဘာသာရဲ့ သစ္စာတရားကို ပိုသတိထားရမယ်.. ဥပါဒါန်ကြောင့်
မဟုတ်တဲ့ ဥပေက္ခာတရားတွေကို လိုက်နာရမယ်..
မလိုအပ်တာတွေကို နှလုံးမသွင်းမိစေနဲ့"

ဖန်ရှင်း ရှုးခါမတတ်ဖြစ်နေသော အချိန်တွင် ရုတ်တရက်
နူးညံ့သိမ်မွေ့သည့် အသံတစ်သံက သူ့နားထဲသို့ ဝင်ရောက်လာသည်။

ထိုအသံက သူ နားမလည်နိုင်သည့် စကားလုံးတွေကို
အလင်းပြလိုက်သလို ရုတ်တရက် သူ့စိတ်ထဲမှ သံသယတစ်ခုကို
ပြေလည်သွားစေခဲ့သည်။

ထိုအချိန်တွင် သူ၏နှလုံးသားထဲတွင် နားမလည်နိုင်သော
အမှန်တရားအချို့ကို ကိုယ်စားပြုသည့် ပူဖောင်းတစ်ခုလို အရာက
ရုတ်တရက် ကွဲအက်သွားပြီး အလင်းအနည်းငယ်အဖြစ်သို့
ပြောင်းလဲကာ ၎င်းနှင့်အတူ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်
ပျောက်ကွယ်သွားခဲ့သည်။

"ဟားဟား.. တာအိုဘာသာက ဘာမှမလုပ်ဘူး ဆိုပေမဲ့
ဘာမှမလုပ်တာကိုက တစ်လျှောက်လုံး လုပ်နေတာပဲ..."

ဖန်ရှင်း၏ နားထဲတွင် နောက်ထပ် အေးစက်သော အသံတစ်ခု ထွက်ပေါ်လာပြီး ဖန်ရှင်း၏ နှလုံးသားထဲမှ သံသယအစိုင်အခဲများကို ဖြည်းညှင်းစွာ ဖြေဖျောက်ပေးလိုက်သည်။

"နတ်ဆိုးမျိုးစိတ် တစ်ခုတည်းမှ အသက်ကိုယူရန်..
လူသားမျိုးနွယ်အား ကံကောင်းစေရန်.. လောကမှအသက်ကို ယူရန်"

ဖန်ရှင်း၏ နားထဲတွင် အမျိုးမျိုးသော အသံမျိုးစုံက ရုတ်တရက် ထွက်ပေါ်လာခဲ့ပြီး မရေမတွက်နိုင်သော သံသယများကို ချက်ခြင်း ဖြေရှင်းပေးနေသည်။

ဖန်ရှင်းက ရုတ်တရက် ထိတ်လန့် တုန်လှုပ်သွားပြီး သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ထူးဆန်းသော တည်ရှိမှု အများအပြားက သူ့ပတ်ပတ်လည်တွင် ရှိနေသည်ကို သတိထားမိလိုက်သည်။

၎င်းတို့က သူ့ကို ဉာဏ်အလင်းများ ဖွင့်ပေးကာ မရေမတွက်နိုင်သော မေးခွန်းများကို ဖြေကြားပေးခဲ့ပြီး သင်ကြားပြသခဲ့၏။

....

....

"ဒါက ဘယ်လိုဖြစ်တာလဲ"

ဆရာကြီးဝမ်၏ မျက်လုံးများက ထိတ်လန့်ပြူးကျယ်နေသည်။

ယခုအချိန်တွင် ဤအသိစိတ်ကမ္ဘာ၏ အဆုံး၌ မြင့်မား၍ ထူးဆန်းသော ရဲတိုက်ကြီးတစ်ခု တောက်ပစွာ ပေါ်ထွက်လာသည်ကို သူအံ့သြစွာ မြင်လိုက်ရသည်။

ထို့အပြင် ထိုရဲတိုက်ထဲမှ ထူးဆန်းသော တည်ရှိမှုများ ထွက်လာကြပြီး ဖန်ရှင်း၏ပတ်ပတ်လည်တွင်ထိုင်နေကြသည်။

၎င်းတို့ထဲတွင် ဗုဒ္ဓများ.. သက်လတ်ပိုင်းအရွယ် တာအိုကျင့်ကြံသူများနှင့် ထူးဆန်းသော မွန်းစတားများပင် ပါဝင်နေသည်။

ယခုအချိန်တွင် ဖန်ရှင်းက အလွန် အံ့အားသင့်ပြီး ပျော်ရွှင်နေသည်။

ဤကဲ့သို့ အရေးကြီးသော အချိန်တွင် ထူးဆန်းသော ရဲတိုက်ထဲမှ သူများက သူ့ကို အကူအညီ ပေးလိမ့်မည်ဟု သူဘယ်တုန်းကမှ မထင်ထားခဲ့ပေ။

"ငါ..ဘယ်လိုလုပ်ရမလဲ.. ငါ့ကို ညွှန်ပြပေးပါဦး"

ဖန်ရှင်းက ထူးဆန်းသော တည်ရှိမှုများကို ပြောလိုက်သည်။

"မင်းရဲ့သေရေးရှင်ရေးကို ငါတို့က လျစ်လျူရှုပြီး မင်းရဲ့ အသိစိတ်ကမ္ဘာမှာပဲ ငါတို့က အမြဲကပ်နေခဲ့တာဆို.. မင်းကို ဘာလို့ကူညီရမှာလဲ"

ထူးဆန်းသော တည်ရှိမှုများထဲမှ တချို့က ဖန်ရှင်းကို အခွင့်အရေးရတုန်း ထော့ငေါ့လိုက်သည်။

အခြားဖြစ်တည်မှုတစ်ခုကမူ ဖန်ရှင်း၏ အဖြေကို စောင့်မနေဘဲ

"အရင်တုန်းက မင်း အားကြီးတဲ့ ရန်သူနဲ့ ကြုံခဲ့ရတဲ့အခါမျိုး.. ဒါမှမဟုတ် ကြီးမားတဲ့ ဘေးဒုက္ခ ကြုံနေတဲ့ အခါမျိုးတွေမှာ ငါတို့က မင်းကို မကူညီခဲ့ဘူး.. အဲဒါက မင်းကိုယ်တိုင် ရှာဖွေတဲ့ ပြဿနာမို့လို့ ငါတို့မှာ ကူညီစရာ အကြောင်းပြချက် မရှိဘူး.. ဒါပေမဲ့ အခုက ငါတို့ရဲ့အမွေအနှစ်တွေကို မင်းကျင့်ကြံနေတာ ငါတို့မြင်နေရတယ်လေ.. ဒါကြောင့် ငါတို့အားလုံး မင်းကို လိုလိုလားလား သင်ပေးဖို့ ဆုံးဖြတ်လိုက်တာပဲ"

အပိုင်း(၁၃၀၈) ပြီး၏

အပိုင်း(၁၃၀၉) တာအိုကိုသဘောပေါက်ခြင်း

"သူတို့က ငါ့ကို သင်ပေးတော့မှာလား..."

ဖန်ရှင်းက ထူးဆန်းသော ရဲတိုက်ထဲမှ လူများကို နားလည်ရခက်နေသည်။

သို့ရာတွင် ရဲတိုက်ထဲမှ လူများ၏ စွမ်းရည်က သူကိုယ်တိုင်နှင့် လုကျန်းတို့၏ ဘေးဆိုးများကို ဖြေရှင်းနိုင်မည်ဟု သူကောင်းစွာ ယုံကြည်ထားခဲ့သည်။

၎င်းတို့က အမွေအနှစ် သုံးပါးကို နားလည်ရန် နှင့် အဆုံးစွန်ထိ ဉာဏ်အလင်း ရရှိစေရန် ဖန်ရှင်းကို အကူအညီ ပေးတော့မည် ဖြစ်၏။

ထိုသို့ မမျှော်လင့်ထားသော ဖြစ်ရပ်ကြောင့် ဖန်ရှင်းက အံ့အားသင့်ကာ တုန်လှုပ်သွားပြီး မျှော်လင့်ချက်များ တဖန် နိုးထလာခဲ့သည်။

သူက စိတ်ကို အာရုံစူးစိုက်ပြီး ပျံ့လွင့်နေသော အတွေးများကို စုစည်းကာ ဤဘာသာတရား သုံးပါး၏ အမွေအနှစ်အမှန်ကို တိတ်တဆိတ် သဘောပေါက်လာခဲ့သည်။

"ဗုဒ္ဓဘာသာဖြစ်ဖြစ်.. တာအိုဘာသာပဲ ဖြစ်ဖြစ်.. နတ်ဆိုးပဲဖြစ်ဖြစ်.. ရှေးခေတ်က ပေါ်ပေါက်လာခဲ့တာပဲ.. အမွေဆက်ခံမှုတစ်ခုစီရဲ့ အမှန်တရားနဲ့ ထိုးထွင်းဉာဏ် အားလုံးကို အပြည့်အဝ နားလည်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး"

ဖန်ရှင်း၏ နားထဲတွင် တိုးညှင်းသော အသံတစ်ခု ထွက်ပေါ်လာပြီး သူ့စိတ်ထဲမှ သံသယများကို ဖြေရှင်းပေးနေသည်။

"လမ်းကိုရှာရုံဆို ရပါပြီ.. အရာအားလုံးကို ကျော်လွှားဖို့ မလိုပါဘူး..."

"မဆုတ်မနစ် ကျင့်ကြံမှုကနေ ငါ့ရဲ့ကိုယ်ပိုင် ဦးတည်ချက်ကို ငါရှာတွေ့ပြီး သံသယတွေကို ဖြေရှင်းနိုင်ခဲ့တယ်.. ငါ တာအိုကို ရရှိတော့မှာလား"

"ကမ္ဘာပေါ်မှာရှိတဲ့ သတ္တဝါတိုင်းက တာအိုကို ရရှိနိုင်ပါတယ်"

မရေမတွက်နိုင်သော တီးတိုးသံများ.. မရေမတွက်နိုင်သော ဉာဏ်ပညာများက ဤအခိုက်အတန့်တွင် ဖန်ရှင်း၏ နှလုံးသားထဲသို့ ဖြတ်သန်းသွားကြသည်။

"စကြာဝဠာကြီးက အကန့်အသတ်မရှိ ကြီးမားတဲ့အပြင် အံ့သြဖွယ်ရာတွေနဲ့ ပြည့်နှက်နေတယ်"

"ဒီကျယ်ပြောလှတဲ့ စကြဝဠာထဲမှာ တူညီတဲ့ အရွက်နှစ်ရွက်ကို မင်းရှာတွေ့နိုင်ပေမယ့် တူညီတဲ့ တာအိုကိုတော့ မင်းဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ဘူး..."

စာကြောင်းတိုင်းတွင် ကြီးကျယ်သော အမှန်တရားများ ပါဝင်နေသောကြောင့် ထိုအသံများကို ပြင်ပလူများက ရှင်းရှင်းလင်းလင်း မကြားနိုင်ကြပေ။

ယင်းက စကားလုံး အနည်းငယ်မျှသာ ဖြစ်သော်လည်း ၎င်းတို့၏ အနက်အဓိပ္ပါယ် တစ်စုံတစ်ရာကိုပင် အလွယ်တကူ နားလည်ရန် မဖြစ်နိုင်ချေ။

ထူးဆန်းသော သူများကမူ ထိုစကားများ၏ အမှန်တရားများကို ဖန်ရှင်း၏နှလုံးသားထဲထိ ရောက်အောင် ဖြည်းညှင်းစွာ လုပ်ဆောင်နေသည်။

၎င်းတို့က ဖန်ရှင်း၏ ဉာဏ်အလင်းများကို ဖွင့်ပေးခဲ့ပြီး အဓိက အမွေအနှစ် သုံးပါး၏ အဆုံးမရှိသော သံသယများကို ဖြေရှင်းကာ အမွေအနှစ်သုံးခုကို ကောင်းစွာ အမွေဆက်ခံနိုင်ရန်နှင့် နှလုံးသားထဲမှ

အတားအဆီးများကို ဖြေရှင်းပေးခဲ့သည်။

ဆရာကြီးဝမ်နှင့် ဝတုတ်တုတ် ဝက်လေးများကမူ ကောင်းကင်ကို ကြောင်စီစီဖြင့် ငေးကြည့်နေကြသည် ။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့က လေထဲတွင် တပုလ္လင်ခွေ၍ ထိုင်နေသော ဖန်ရှင်း၏ ပတ်ဝန်းကျင်၌ ထူးဆန်းသည့် တည်ရှိမှုများကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

၎င်းတို့က ကျမ်းစာများကို အဆက်မပြတ် ရွတ်ဆိုနေပြီး ဖန်ရှင်းကို တစ်စုံတစ်ရာ ညွှန်ကြားပြသနေသည်ကို ၎င်းတို့က တွေ့လိုက်ရသည်။

သူတို့က မတော်တဆ စကားလုံးတချို့ကို ဖမ်းဆုပ်ပြီး အဓိပ္ပါယ်ကို နားလည်အောင် ကြိုးစားလျှင်ပင် အမှန်တကယ် နားလည်ဖို့ မဖြစ်နိုင်ချေ။

ဤအရာက သူတို့၏ ကံကြမ္မာနှင့်လည်း သက်ဆိုင်နေသည်။

"ဒါက အမွေအနှစ် တစ်ခုခုကို နားလည်သွားတာ များလား"

ဆရာကြီးဝမ်ပင် လေထဲမှ မြင်ကွင်းကိုကြည့်ကာ မည်သည့်
အဓိပ္ပါယ်ကို ဖွင့်ဆိုရမှန်း မသိတော့ပေ။

"တာအိုဆိုတာက လက်ဆင့်ကမ်းချင်တိုင်း ရတဲ့အရာ မဟုတ်ဘူး.. ဆရာက တပည့်ကို.. မိဘက သားသမီးကို လက်ဆင့်ကမ်း ပေးချင်ရင်တောင် ကိုယ်ပိုင် တာအိုအမြင် မရှိရင် တာအိုကို ရနိုင်မှာမဟုတ်ဘူး.. "

"မင်း ဒီနေ့ ကြုံတွေ့ခဲ့ရတဲ့ ပြဿနာက မင်းရဲ့ ချီနဲ့ တခြားသွေးကြောတွေကို ငါးစာအဖြစ် တစ်စုံတစ်ယောက်က သူ့နည်းသူ့ဟန်နဲ့ အသုံးချသွားတာ ဖြစ်နိုင်တယ်.. တာအိုက အရင်လာပြီး ရံဖန်ရံခါ လာရောက် ထိတွေ့သလိုမျိုးပေါ့"

"တာအိုမှာ သာလွန်မှုတွေ သိမ်ငယ်မှုတွေ မရှိဘူး.. တာအိုကို ရရှိဖို့က ကိုယ်တိုင်က တာအို ဖြစ်လာဖို့ပဲ..."

"တာအိုအမွေအနှစ် သုံးပါးက တာအိုကို ရှာဖွေဖို့ မတူညီတဲ့ နည်းလမ်းသုံးမျိုးသာ ဖြစ်ပြီး အဆုံးစွန် နားလည်သွားရင်တော့ အမှန်တရားက တစ်မျိုးတည်းပါပဲ"

ဖန်ရှင်းက သူတစ်ခါမှ မတွေ့ဖူးသည့် အမှန်တရားနှင့် ဉာဏ်ပညာ အမျိုးမျိုးကို နားလည်ရန် ရုန်းကန်နေရသောကြောင့် မျက်မှောင်ပင် ကြုတ်လာသည်။

ဆိုရလျှင် သူ၏ အသိစိတ်ပင်လယ်ထဲမှ ထူးဆန်းသော တည်ရှိမှုများက တကယ့်ကို အစွမ်းထက်လွန်းလှသည်။

၎င်းတို့၏ မှော်အစွမ်းတွေ သူယခုထိ မမြင်ဖူးသေးသလို ကျင့်ကြံခြင်းအဆင့်ကို အတိအကျ မသိရသေးသော်လည်း ၎င်းတို့၏ ဉာဏ်ပညာနှင့် အမှန်တရားတချို့ကမူ တကယ်ကို မြင့်မားလွန်းနေသည်။

ဤဉာဏ်ပညာနှင့် သစ္စာတရားအားလုံးက နောက်ဆုံးတွင် စကားစုတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

"တာအိုကို ရှာရင် ဘာသာတရား သုံးပါးရဲ့ အဆုံးအမကို လိုက်နာဖို့ မလိုဘူး.. ကျင့်ကြံဖို့ပဲ လိုတယ်.."

"မင်းရဲ့ နှလုံးသားကို မေးကြည့်စမ်း"

အဆုံးသတ်တွင် မနက်ခင်း ခေါင်းလောင်းသံလို ကျယ်လောင်လေးနက်ပြီး ကြည်လင်သောအသံက သူ၏ နှလုံးသားထဲတွင် ပဲ့တင်ထပ်လာသည်။

"သမိုင်းမတင်မီ စကြာဝဠာနဲ့ များပြားလှတဲ့ ကမ္ဘာတွေ အားလုံးမှာ တာအို ပါဝင်တယ်"

"တာအိုက မင်းရဲ့ နှလုံးသားထဲမှာလည်း ရှိတယ်"

....

....

နောက်ဆုံးစကားက ဖန်ရှင်း၏ အသိစိတ်ပင်လယ်ထဲသို့ စိမ့်ဝင်လာပြီးနောက် ဖန်ရှင်း၏ မျက်လုံးက ရုတ်တရက် ပွင့်လာသည်။

အလွန် ကြောက်စရာ ကောင်းသည့် အရာတစ်ခုကို မြင်လိုက်ရသလို တစ်ကိုယ်လုံး၌ ချွေးတွေ ရွှဲစိုနေသော်လည်း သူ့မျက်လုံးထဲတွင်မူ စိတ်ကြွဆေးပြားကြီးကို ချက်ခြင်း ဆိုသလို ရရှိလိုက်သလိုမျိုး စိတ်လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာသည်။

"ကောင်းကင်နဲ့ မြေကြီးကို တာအိုမှာ ဝှက်ထားတယ်.. တကယ်တော့ တာအိုက နှလုံးသားထဲမှာပဲ ရှိနေတယ်"

"ဒါက အံ့ဩစရာပဲ.. ငါအရင်က ရှာမတွေ့ခဲ့ပေမဲ့ အခုတော့ ရှာတွေ့ခဲ့ပြီ.. တာအိုက ငါ့မှာ ရှိပြီးသား အရာတွေကို ပြန်လည်ရယူဖို့ပဲ"

ထိုသို့ တွေးမိလိုက်သည်နှင့် ဖန်ရှင်းက ရုတ်တရက် သူ့လက်ကို ဆန့်တန်းလိုက်ရာ သူ၏ စွမ်းအားများ တဟုန်ထိုး တိုးတက်လာပြီး အသိစိတ်လောကမှ တစ်စုံတစ်ခုက အလံကြီး တစ်ခုလို လွင့်ပျံလာကာ သူ့လက်ထဲသို့ ကျရောက်သွားခဲ့သည်။

ထိုအရာက ကျမ်းစာတစ်ခုဖြစ်၏။

ဖန်ရှင်းက သူ့လက်ထဲမှ ကျမ်းစာကို တောက်ပသော မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

"ခေါင်းတလားက ရရှိတဲ့ သတ္တမကျမ်းစာ.. အမြင့်မြတ်ဆုံးသော လမ်းစဥ်ကို ရှာခြင်းဆိုတဲ့ ဒီကျမ်းစာက လောကီတရားအားလုံးကို တွန်းလှန်ပြီး လွန်ကဲစွာ ပြောင်းလဲနိုင်တယ်"

"ဒါက အမြင့်မြတ်ဆုံးသော အဋ္ဌမကျမ်းစာ.. အရာခပ်သိမ်းကိုကောက်ချက်ချခြင်း အကြောင်းအရာ"

"အရင်က ငါဒီကျမ်းစာတွေကို နားမလည်ခဲ့တာ အံ့သြစရာတော့ မဟုတ်ဘူး.. ဒီနယ်ပယ်ကို ငါမရောက်သေးတဲ့အတွက် ကမ္ဘာကြီးကို စိတ်နှလုံးနဲ့ မမြင်နိုင်သေးလို့ပဲ.."

"တာအိုကို လိုချင်ရင် ငါ့ရဲ့ နှလုံးသားကို ပြန်မေးကြည့်ရမယ်"

ဖန်ရှင်းက ကျမ်းစာကို ကိုင်ပြီး ရုတ်တရက် ရယ်မောလိုက်ရာ သူ့အသံက အသိစိတ်ကမ္ဘာ တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

အောက်ဘက်ရှိ ဆရာကြီးဝမ်နှင့် ဝကစ်ကစ် ဝက်တပည့်များကမူ ဖန်ရှင်း ဖြစ်ပျက်နေသည်ကို ဘာမျှ နားမလည်ဘဲ ဆွံ့အစွာ ငေးကြည့်နေကြသည်။

ဖန်ရှင်း၏ အနီး တစ်ဝိုက်ရှိ မရေမတွက်နိုင်သော အသွင်အပြင်များထဲမှ တစ်ချို့က ဖန်ရှင်းကို လက်နှစ်ဖက်ဖြင့် ဦးညွှတ်ကြပြီး အချို့က ဖန်ရှင်း၏ ခန္ဓာကိုယ်ပေါ်တွင် တစ်စုံတစ်ရာကို မြင်လိုက်ရသကဲ့သို့ ရယ်မောလိုက်ကြသည်။

ထိုရယ်မောခြင်းက တစ်စုံတစ်ရာကို ဂုဏ်ပြုသော ရယ်မောခြင်းမျိုး ဖြစ်၏။

ဒီနောက်တွင် ၎င်းတို့က ကျေနပ်သွားကြပြီး ၎င်းတို့၏ ပုံရိပ်များက တဖြည်းဖြည်း မှိန်ဖျော့ကာ ထူးဆန်းသော ရဲတိုက်ဆီ ပြန်လည် ဝင်ရောက် သွားကြသည်။

သိပ်မကြာမီမှာပင်မှာပင် အစောပိုင်းက ထင်ထင်ရှားရှား မြင်နေရသည့် ထူးဆန်းသော ရဲတိုက်က ဘယ်ကိုရောက်သွားမှန်း မသိအောင် ပျောက်ကွယ်သွားသည်။

ယင်းအချိန်တွင် ဖန်ရှင်းက ငြိမ်သက်စွာ ထိုင်နေပြီး တစ်ကိုယ်လုံးတွင် ကြောက်မက်ဖွယ် အရှိန်အဝါများ ထွက်ပေါ်နေသည်။

အစောပိုင်းက သူ့ပတ်ဝန်းကျင်တွင် ပျံ့ဝဲနေသည့် ကြယ်စုများကဲ့သို့ ပိုးစုန်းကြူးတွေက သူ့ခန္ဓာကိုယ်ထဲသို့ အဆက်မပြတ် ဝင်ရောက်သွားကြသည်။

ဆရာကြီးဝမ်က လေထဲမှ ဖန်ရှင်းကို မော့ကြည့်ရင်း ထူးဆန်းသော ခံစားချက် တစ်ခုကို ရရှိနေသည်။

ယခုအချိန်တွင် ဖန်ရှင်း၏ အနီးတစ်ဝိုက်၌ အချိန်နှင့် အာကာသ သဘောတရား မရှိတော့ပေ။

အဆုံးသတ်တွင် ဖန်ရှင်းက အားရပါးရ ရယ်မောလိုက်ပြီး လက်ထဲမှ ကျမ်းစာကို လေထဲသို့ ပစ်လွှင့်လိုက်သည်။

ကျမ်းစာက လေထဲသို့ လွင့်သွားပြီးနောက် သူ၏ တာဝန်ကို ပြီးမြောက်သွားသလို ရုတ်တရက် ပျက်စီးသွားပြီး အမှုန်အမွှားများက

လိပ်ပြာတစ်ကောင်လို လေထဲတွင် ပျံ့လွင့်သွားသည်။

ထိုအချိန်တွင် ဖန်ရှင်း၏ မျက်လုံးများက အေးစက်သောအလင်းရောင်များဖြင့် ပြည့်နှက်နေသည်။

"တာအိုကို ရရှိဖို့ ခက်ခဲတယ်လို့ ငါ့ရှေ့မှာ ပြောတဲ့သူရှိရင် ငါသူ့ကို သွေးထွက်တဲ့အထိ ပါးရိုက်ပစ်မယ်"

ထိုသို့ ကြုံးဝါး ပြီးသည်နှင့် သူ၏ခန္ဓာကိုယ်ကို အချိန်အတိုင်းအတာ တစ်ခုအထိ ဖုံးလွှမ်းထားသော လျှို့ဝှက်ဆန်းကြယ်သည့် အော်ရာက ရုတ်တရက် ပျောက်ကွယ်သွားခဲ့၏။

ယင်းအခြေအနေကို မြင်ရလျှင် ဆရာကြီးဝမ်က စိတ်လှုပ်ရှားစွာဖြင့် မေးခွန်းထုတ်လိုက်သည်။

"မိတ်ဆွေလေးဖန်.. မင်း.. တာအိုကို ရသွားပြီလား"

ထိုစကားကိုကြားလျှင် ဖန်ရှင်းက တုံ့ဆိုင်းမှု မရှိဘဲ ခေါင်းညိတ်လိုက်သည်။

ဆရာကြီးဝမ်က ဝမ်းသာအားရဖြင့်

"မင်း အမွေအနှစ် သုံးခုထဲက ဘယ်လမ်းစဉ်ကို ဆုပ်ကိုင်နိုင်ခဲ့တာလဲ"

ဟု အလောတကြီး ထပ်မံ မေးခွန်းထုတ်လိုက်သည်။

ဆရာကြီးဝမ်၏ မေးခွန်းကို ကြားလျှင် ဖန်ရှင်းက

"ဒီမေးခွန်းက ငါ့ကို သိမ်ငယ်စေတယ်"

ဟု စိတ်ပျက်စွာ ပြန်ဖြေလိုက်သည်။

အပိုင်း(၁၃၀၉) ပြီး၏

အပိုင်း(၁၃၁၀) ကောင်းကင်နန်းတော် ထွက်ပေါ်လာခြင်း

အချိန်က သဲလွန်စမရှိဘဲ ရွေ့လျားနေပြီး
မျက်စိတစ်မှိတ်အတွင်းမှာပင် ဆယ်နှစ်တစ်ကြိမ် ကျင်းပသည့်
တာအိုဆွေးနွေးပွဲ အချိန်အခါသို့ ရောက်ရှိလာခဲ့သည်။

ယခုတစ်ကြိမ် တာအိုဆွေးနွေးပွဲ၏ အဓိက ဇာတ်ဆောင်များမှာ
ဖန်ရှင်းတို့ သုံးယောက် ဖြစ်သည်မှာ သေချာသလောက်ပင်။

ယွီကျီးကျီ.. ဘုန်းတော်ကြီး ဖုချန်နှင့် နတ်ဆိုးမိန်းမပျိုတို့က
သခင်သုံးပါး၏ အမိန့်တော်ကို လိုက်နာပြီး တာအို ဆွေးနွေးပွဲတွင်
ပါဝင်ရန် ဖန်ရှင်း တို့ကို လာရောက် ခေါ်ဆောင်ခဲ့ကြသည်။

ဒုတိယနေ့ နံနက်စောစောတွင် ဝမ်စုတောင်၏ ကြီးကြပ်ရေးမှူး
စီစဉ်ပေးသော ကျောက်စိမ်း ရထားလုံးကြီးသည် တောင်ခြေရင်းတွင်
ရပ်ကာ ဖန်ရှင်းတို့ သုံးယောက်ကို တင်ဆောင်သွားခဲ့သည်။

၎င်းတို့သွားကြမည့် ဖေးရှန်ရေကန်သည် ဤနယ်မြေရှိ
အံ့ဖွယ်နေရာတစ်ခု ဖြစ်သည်။

ထိုနေရာက သခင်သုံးပါး၏ နယ်မြေအလယ်တွင် တည်ရှိပြီး တာအို

ဆွေးနွေးပွဲတိုင်း၏ ပင်တိုင်ကျင်းပရာ နေရာ ဖြစ်သည်။

လက်ရှိအချိန်တွင်မူ ဆယ်နှစ်တစ်ကြိမ် ကျင်းပသည့် တာအိုဆွေးနွေးပွဲကို ကြည့်ရှုရန် သာမန်လူဖြစ်စေ ကျင့်ကြံသူဖြစ်စေ ဖေးရှန်ရေကန်သို့ အပြေးအလွှား သွားရောက်နေကြပြီ ဖြစ်၏။

ဖေးရှန်ရေကန်သို့ ရောက်ရန် နာရီဝက်ခန့် အလိုတွင် ဖန်ရှင်းတို့က အရှေ့ဘက်တွင် တောင်ကြီးလေးခုကို မြင်တွေ့လိုက်ရသည်။

ထိုတောင်များ အလယ်တွင် ရေကန်ကြီးတစ်ခု ရှိနေသည်။

တောင်သုံးလုံး၏ တောင်ထိပ်တွင်မူ တာအိုသခင်.. ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့က ၎င်းတို့၏တပည့်များကို ဦးဆောင်ကာစခန်းချ၍ ရှိနေခဲ့သည်။

ကျောက်စိမ်းရထားလုံးက အဝေးမှ တောင်ကြီးတစ်လုံး ရှေ့တွင် ရပ်တန့်လိုက်ပြီး ဖန်ရှင်းနှင့် တခြားသူတွေက ရထားလုံးပေါ်မှ ဆင်းကာ သခင်သုံးပါးကို ရိုရိုသေသေ ဂါရဝ ပြုလိုက်သည်။

"တပည့်သုံးယောက် ရောက်ရှိလာပါပြီ.. သခင်တို့"

"အိုး.. ကောင်းပြီ.."

သခင်သုံးပါးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

၎င်းတို့၏ မျက်လုံးများတွင် ရှင်လန်းသော အရိပ်အယောင်များ ထင်ထင်ရှားရှား ထွက်ပေါ်နေသည်။

သူတို့၏ စွမ်းအားဖြင့် ဖန်ရှင်းတို့ကို စစ်ဆေးကြည့်လိုက်သောအခါ သုံးယောက်လုံး၏ အခြေအနေက ရှုပ်ထွေးပြီးအခြေအနေ မဟန်ကြောင်း တွေ့လိုက်ရသည်။

ထိုအခြေအနေက သူတို့ စိတ်ကူးထားတာထက်ပင် ပိုကောင်းသော ရလာဒ် ဖြစ်နေသည်။

"လာ.. မင်းတို့ သုံးယောက် ငါတို့ အနားမှာ လာထိုင်ပါ"

သခင်သုံးပါးက ကျေနပ်သော အမူအရာဖြင့် အခြားသူများနှင့် မတူဘဲ ဖန်ရှင်းတို့ကို အရေးပေး ဆက်ဆံလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်တစ်ထောင် အတွင်းမှာ တာအို ဆွေးနွေးပွဲတွေကိုအကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကျင်းပခဲ့ပေမဲ့ အင်မော်တယ် ကံကြမ္မာကို အမွေဆက်ခံနိုင်တဲ့ သူတွေ အများကြီး မရှိခဲ့ဘူး.. လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်က ခေါင်းကိုးလုံးတီကောင်ကြောင့် ဒီနယ်မြေမှာ မငြိမ်မသက် ဖြစ်ခဲ့တယ်.. အခုတော့ ရေခံမြေခံကောင်းတဲ့ ထျန်းယွမ်တိုက်ကနေ မင်းတို့ သုံးယောက် ရောက်လာခဲ့ပြီ.. ငါတို့ရဲ့ အမွေအနှစ်တွေကို ဆက်ခံရတာ မင်းတို့ အရမ်း ကံကောင်းတယ်.. တာအိုဆွေးနွေးပွဲမှာ ကောင်းကောင်း စွမ်းဆောင်ပြီး ဘုံသခင်ရဲ့ မျက်နှာသာကို ရလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်.."

"ဆရာကြီးရဲ့ မျှော်မှန်းချက် အတိုင်း ဖြစ်အောင် ကြိုးစားပါ့မယ်"

ဖန်ရှင်းတို့ သုံးယောက်က လက်ရှိအချိန်တွင် သခင်သုံးပါးကို ဦးညွှတ်ရန်မှ တပါး ရွေးချယ်စရာ မရှိပေ။

"ဟားဟား.. ဘာမှထပ်မပြောနဲ့တော့.. ဘုံသခင် ကျေနပ်သွားမှာ

သေချာတယ်"

နတ်ဆိုးသခင်က တာအိုဆရာ၏ စကားကို အနှောင့်အယှက် ပြုကာ ရေရွတ်လိုက်ပြီး အင်္ကျီလက်များကို ဝှေ့ယမ်းလိုက်သည်။

"အားလုံး ကိုယ့်နေရာကိုယ် နေရာယူကြတော့"

သူ့အသံက အကျယ်ကြီး မဟုတ်သော်လည်း မိုးကုပ်စက်ဝိုင်းကနေ အဝေးကို လှိမ့်ဝင်လာသည့် မိုးခြိမ်းသံလို ပျံ့လွင့်သွားသည်။

တခဏအတွင်းမှာပင် ဆူညံနေသော ကျင့်ကြံသူ အားလုံးက ငြိမ်သက်သွားကြသည်။

ပတ်ဝန်းကျင် လေထုက အလွန် ထူးဆန်းနေပြီး သခင်သုံးပါး ရှိနေသည့် တောင်သုံးလုံးကို မရေမတွက် နိုင်သော မျက်လုံးများက ကြည့်နေကြသည်။

ယင်းအချိန်မှာပင် သခင်သုံးပါးက လေထဲသို့ ဖြည်းညှင်းစွာ ပျံသန်းလိုက်ပြီး လေထဲ၌ ဘေးချင်းကပ်လျက် ရပ်ကာ

တောင်ဘက်အရပ်သို့ တညီတညွတ်တည်း ကြည့်၍

"ဘုံသခင်ကို တာအိုဆွေးနွေးပွဲဆီ ကြွလာဖို့ လေးစားစွာ ဖိတ်ကြားအပ်ပါတယ်"

ဟု အော်ဟစ်လိုက်သည်။

ထိုကြွေးကြော်သံကို ကြားသည်နှင့် အောက်ဘက်ရှိ လူအပေါင်းတို့က တောင်ဘက်သို့ ဦးညွတ်၍ သခင်သုံးပါး နည်းတူ အော်ဟစ်ခဲ့ကြသည်။

၎င်းတို့၏ ထူးဆန်းသော အပြုအမူကြောင့် ဖန်ရှင်းကရုတ်တရက် ခေါင်းလှည့်ကာ တောင်ဘက်သို့ လှည့်ကြည့်လိုက်၏။

ဖေးရှန်ရေကန်၏ ပတ်ပတ်လည်တွင် တောင်လေးတောင် ရှိပြီး သုံးခုမှာ သခင်တွေ အသီးသီး ရှိသော်လည်း စတုတ္ထတောင်ကမူ အလွတ်ချည်း ဖြစ်နေကာ တပည့်များနှင့် အခြွေအရံ သင်းပင်းကိုပင် မတွေ့ရပေ။

ထိုတောင်ထိပ်တွင် ကျောက်စိမ်း ကုလားထိုင် တစ်လုံးသာ ရှိနေ၏။

ကြည့်ရသည်မှာ ဤလျှို့ဝှက်ဆန်းကြယ်သော စတုတ္ထသခင်(ဝါ) ဘုံသခင်သည် အခြားသခင် သုံးပါးထက် အဆင့်အတန်းမြင့်ပုံ ရနေသည်။

သခင်သုံးပါးပင် ဦးညွှတ် နှုတ်ဆက်ရသည့်သူက မည်သို့သော အသွင်အပြင်မျိုးလည်း ဆိုသည်ကို သူအရမ်း သိချင်နေခဲ့သည်။

ထိုအခိုက်တွင် အားလုံးက ခေါင်းငုံ့နေကြပြီး ဘယ်သူမှ မော့မကြည့်ဝံ့ကြပေ။

ဖန်ရှင်းသည်ပင် ယခုအချိန်၌ သူ့ကိုယ်သူ ခေါင်းမမော့မိစေရန် အလွန် သတိထားနေရသည်။

လက်ဖက်ရည် တစ်အိုးကျက်စာ အချိန်ထိ ခေါင်းငုံ့ပြီးနောက်တွင် တာအိုသခင်၏ ကြေငြာသံ ထွက်ပေါ်လာခဲ့သည်။

"ဘုံသခင်ရောက်လာပြီ"

ထိုစကားကို ကြားမှ လူတိုင်းက သက်ပြင်းချကာ ခေါင်းမော့၍ တောင်ဘက် တောင်ထိပ်ဆီသို့ တစ်ဖန် ဦးညွှတ်လိုက်ကြသည်။

ဖန်ရှင်းက တောင်ထိပ်ဆီသို့ ကြည့်လိုက်သော်လည်းနားမလည်နိုင်ဖြစ်ကာ အံ့သြနေမိသည်။

တောင်ဘက်ရှိ တောင်ထိပ်တွင် ကျောက်စိမ်း ကုလားထိုင်အလွတ်မှလွဲ၍ မည်သူ့ကိုမှ မတွေ့ရချေ။

"အချိန်နီးနေပြီ.. ကောင်းကင်နန်းတော်ကို ဖွင့်လိုက်ရအောင်"

တာအိုသခင်က အခြားသခင် နှစ်ယောက်ကို ညှိနှိုင်းလိုက်၏။

ထို့နောက်တွင် သူတို့သုံးယောက်က ဖေးရှန်ရေကန် ဆီသို့တစ်ပြိုင်နက်တည်း လက်ဆန့်ထုတ်လိုက်ရာ ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ရေကန်အောက်ခြေက အတိုင်းအဆမရှိ တုန်ခါလာပြီး ရေအောက်မှ

နန်းတော်တစ်ခုက အပေါ်သို့ တိုးထွက်ကာ ကောင်းကင်ပေါ်သို့ တည့်မတ်စွာ ပျံသန်း၍ လေထုအလယ်တွင် ရပ်တန့်သွားခဲ့သည်။

ဖန်ရှင်း အပါအဝင် လူတိုင်းက ဤနန်းတော်ကြီးကို မြင်လိုက်ရသောအခါ ခမ်းနား ကြီးကျယ်လွန်းသည်ဟု ခံစားလိုက်ရသည်။

ရုတ်တရက် စိတ်ထဲတွင် နန်းတော်ကြီးကို ကိုးကွယ်ချင်သည့် ဆန္ဒများပင် ဝင်ရောက်လာသည်။

"ဒီနန်းတော်ထဲမှာ အင်မော်တယ် အသက် ရှိနေတာလား"

ဖန်ရှင်းက အတော်လေး စိတ်လှုပ်ရှားနေသည်။

သူက ကောင်းကင်နန်းတော် ရှိသည့် နေရာကို စုံစမ်းနေခဲ့သော်လည်း ရေကန် အောက်ခြေမှာ ဝှက်ထားမည်ဟု မထင်မှတ်ခဲ့ပေ။

"အချိန်အတော်ကြာ ရှာလိုက်ရပေမဲ့ အဆင်ပြေပါတယ်.. ဘာပဲဖြစ်ဖြစ် ကောင်းကင်နန်းတော်ရဲ့ အသွင်အပြင်ကို

မြင်လိုက်ရပြီပဲလေ"

"ဟားဟား.. ခွဲခွာရမယ့် အချိန်ကို ရောက်လာပြီ..
မင်းဘာကိုစောင့်နေတာလဲ"

ဗုဒ္ဓသခင်က ကောင်းကင်နန်းတော်ကို လှမ်းကြည့်ရင်း ဖန်ရှင်းကို ပြုံး၍ ပြောလိုက်သည်။

"ကောင်းပြီ.. အင်မော်တယ် အသက်က ငါ့အတွက်ပဲ"

ဖန်ရှင်းက အသက်ကို ခပ်ပြင်းပြင်းရှူ၍ ပြောလိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်သည်။

ဖန်ရှင်း၏ စကားကိုကြားရလျှင် ဗုဒ္ဓသခင်က အနည်းငယ် အံ့သြသွားပြီး သံသယမျက်ဝန်းဖြင့် ကြည့်လိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

ဖန်ရှင်းက ကောင်းကင်သို့ ပျံတက်သွားသည်ကို မြင်လျှင် အခြားတောင်ထိပ်မှ လူအများအပြားကလည်း ကောင်းကင်ပေါ်သို့

ခုန်တက်လိုက်ကြသည်။

"တာအိုဆွေးနွေးပွဲကို တက်ရောက်လာတဲ့ သူတွေထဲမှာ သခင်သုံးပါးရဲ့ တပည့်တွေ အပြင် နတ်ဘုရား သတ္တဝါတွေပါ ပါဝင်နေပါလား.. ဒီလူတွေ အားလုံးက ကောင်းကင်နန်းတော် အပေါ်မှာ ရိုသေလေးစားတဲ့စိတ် ရှိတဲ့အပြင် ကျင့်ကြံခြင်း အဆင့်တွေကလည်း နိမ့်ကျမှုမရှိဘူး.. ကပ်ဘေးအဆင့် ကျင့်ကြံသူတွေတောင် ပါဝင်နေတယ်.. "

ဆွေးနွေးပွဲကို တက်ရောက်လာသူများက အလွန်အစွမ်းထက်ကြပြီး ဖန်ရှင်းထက် အားနည်းပုံမရပေ။

"အားလုံးကြိုးစားကြ.. မင်းတို့ရဲ့ တာအိုအသိတွေနဲ့ အင်မော်တယ်ဖြစ်အောင် တက်လှမ်းကြ"

"ဟေး..."

တာအိုသခင်၏ အသံ ထွက်ပေါ်လာသည်နှင့် အောက်ဘက်မှလူများက တခဲနက် အားပေးလိုက်ကြ၏။

"ဒီတစ်ခေါက်တော့ ဘုံသခင် ကျေနပ်မယ်လို့ ထင်တယ်"

နတ်ဆိုးသခင်က ဗုဒ္ဓသခင်နှင့် တာအိုသခင်ကို ပြောလိုက်သည်။

ယင်းအချိန်တွင် ဆွေးနွေးပွဲတွင် ပါဝင်သူ အားလုံးက ကောင်းကင်နန်းတော်ကို မမှိတ်မသုန် စိုက်ကြည့်နေကြသည်။

ဖန်ရှင်းကမူ အောက်ဘက်မှ အော်ဟစ်သံများကြောင့် သည်းမခံနိုင်ဖြစ်ကာ အောက်ကို ငုံ့ကြည့်လိုက်သည်။

ထင်မှတ်မထားသော မြင်ကွင်းကြောင့် သူ့တစ်ကိုယ်လုံး ထိတ်လန့်သွားပြီး သက်ပြင်းရှည်ကြီး ချလိုက်ကာ နှလုံးများပင် တဆက်ဆက် တုန်ယင်သွားသည်။

"ဒီနယ်မြေမှာ သခင်သုံးပါးရဲ့ တပည့်တွေနဲ့ သာမန်လူတွေပဲ ရှိနေသင့်တာလေ.. ဘယ်လိုလုပ် နေရာတကာမှာ မိစ္ဆာတွေပဲ ရှိနေရတာလဲ"

အပိုင်း(၁၃၁၀) ပြီး၏

အပိုင်း(၁၃၁၁) ကောင်းကင်နန်းတော်ထဲ ဝင်ရောက်ခွင့်ရခြင်း

ဤနယ်မြေကို ရောက်ရှိလာကတည်းက ဤနယ်မြေ၏
ပုံစံအစစ်အမှန်ကို ဖန်ရှင်းက မမြင်ခဲ့ရပေ။

ယခုအောက်သို့ အမှတ်မထင် ငုံ့ကြည့်မိသည့် အခါမှသာ ကြောက်ရွံ့
တုန်လှုပ်စရာ မြင်ကွင်းကို တွေ့လိုက်ရခြင်း ဖြစ်သည်။

သို့ရာတွင် ယခုအချိန်က ထိုကိစ္စကို တွေးနေရမည့် အချိန်
မဟုတ်သောကြောင့် သူက အောက်ကို ငုံ့မကြည့်တော့ဘဲ
အခြားသူများ ဆွေးနွေး ပြောဆိုနေသည်ကို
နားထောင်နေလိုက်သည်။

ဒီကို မလာခင်ကတည်းက စည်းမျဉ်းစည်းကမ်းတွေ အားလုံးကို
နတ်ဆိုး မိန်းမပျိုက သူ့ကို အသိပေးထားပြီ ဖြစ်သည်။

တာအိုဆွေးနွေးပွဲ၏ လုပ်ရိုးလုပ်စဉ်က တာအိုဘာသာကို ဆွေးနွေးရန် ဖြစ်သည်။

လူတစ်ယောက်က တာအို၏ အခြေခံ သဘောတရားတွေကို ပြောပြပြီး နှစ်သက် သဘောကျတဲ့ အခါတိုင်းတွင် ကောင်းကင်နန်းတော်က တံခါးဖွင့်၍ ဝင်ရောက်ရန် ဖိတ်ခေါ်လိမ့်မည် ဖြစ်သည်။

ကောင်းကင်နှန်းတော်သို့ ဝင်ရောက်ပြီး အင်မော်တယ် အသက်ကို အမွေဆက်ခံနိုင်လျှင် အင်မော်တယ် ဖြစ်သွားမည် ဖြစ်ပြီး အောင်မြင်မှု မရခဲ့လျှင် အခြားလူက နန်းတော်ထဲ ဆက်လက် ဝင်ရောက်ရမည် ဖြစ်သည်။

အမျိုးမျိုးသော ပြိုင်ဘက်များနှင့် ရင်ဆိုင်ရသော အခါတွင် လူတိုင်းက လေးနက်သော မျက်နှာထားဖြင့် ထိုင်နေကြပြီးလူအများ၏ ဝေဖန်မှုပစ်မှတ် အဖြစ် မလိုလားသဖြင့် မည်သူမှ စကားစ မပြောကြပေ။

အချိန်အတော်ကြာ ငြိမ်သက်စွာ ထိုင်ပြီးနောက် တာအိုဝတ်စုံဝတ်ဆင်ထားသည့် ကပ်ဘေးအဆင့် ကျင့်ကြံသူက

လေးနက် တည်ကြည်သော အမူအရာဖြင့် ပထမဆုံး စကား စပြောခဲ့သည်။

"ဒီဆွေးနွေးပွဲက တာအိုကို ဆွေးနွေးဖို့ ရည်ရွယ်ခဲ့တာပါ.. ဒါပေမယ့် ငါတို့ ကိုယ်တိုင်က တာအိုကို မရရှိသေးတဲ့ အတွက် ဘယ်လိုလုပ် တာအိုနဲ့ ပတ်သက်တဲ့ အမှန်တရားတွေကိုဆွေးနွေးနိုင်မှာလဲ.. တာအို အမှန်တရားကို မပြောနဲ့ဦး.. အဆုံးမဲ့အမှောင်ထု တိမ်တိုက်လို့ လူသိများတဲ့ အရာအားလုံးကို ဝါးမျိုနိုင်တဲ့ အရာကိုတောင် အခုချိန်ထိ ပဟေဠိ ဖြစ်နေကြဆဲပဲ"

တာအို ကျင့်ကြံသူက ပါးစပ်ကိုဖွင့်လိုက်သည်နှင့် သူ့စကားကို ချေပဖို့ လူတိုင်းက စေ့စေ့စပ်စပ် နားထောင်နေကြသည်။

သို့ရာတွင် ထိုလူ၏ ကျင့်ကြံမှုက အားနည်းခြင်း မရှိသည့်အပြင် တာအိုဘာသာကို လေ့လာရာတွင် အလွန် စေ့စေ့စပ်စပ် လေ့လာ ဆည်းပူးခဲ့သောကြောင့် ချေပရန် စကားလုံးများကို အခြားလူများက ရုတ်တရက် ရှာမတွေ့ခဲ့ကြပေ။

ထိုလူ၏ စကားများက အတော်ပင် သဘာဝကျနေသည်။

"အဆုံးမဲ့အမှောင်ထု တိမ်တိုက် ဖြစ်စဥ်လို ပရမ်းပတာ ဖြစ်စဥ်က အရာခပ်သိမ်းကို အဆုံးမရှိ မျိုချနိုင်တယ်.. ဒီစွမ်းအားက ကမ္ဘာပေါ်မှာ အပြင်းထန်ဆုံးသော အဖျက်စွမ်းအားလည်း ဖြစ်တယ်.. ဆန့်ကျင်ဘက် ပြောရရင် အနန္တဖြစ်နိုင်ခြေ အမျိုးမျိုး ရှိတယ်.. အချိန်နှင့် အာကာသက ငြိမ်သက်သွားပြီး သေခြင်းရှင်ခြင်းတောင် မသေချာတော့ဘူး.. ကမ္ဘာပေါ်မှာရှိတဲ့ အရာအားလုံးမှာ အကြွင်းမဲ့ သီအိုရီ မရှိဘူး.. ကျင့်ကြံသူတွေက ကောင်းကင်နဲ့ မြေကြီးရဲ့ အမှန်တရားကို နားလည်သင့်တယ်"

တာအိုကျင့်ကြံသူက ဘယ်အရာမှ မမြဲကြောင်း အဆုံးမဲ့အမှောင်ထု တိမ်တိုက်ကို ဥပမာထား၍ ဆွေးနွေးခဲ့သည်။

ယင်းအခိုက်အတန့်မှာပင် အနက်ရောင် ဝတ်စုံဝတ် အဘိုးအို တစ်ဦးက

"ငါတို့ နတ်ဘုရားသတ္တဝါတွေက ကြယ်ရောင် ကောင်းကင်မှာ မွေးဖွားလာခဲ့တဲ့ သတ္တဝါပဲ.. ဒါပေမယ့် ကြယ်ရောင်စုံနေတဲ့ ကောင်းကင် စကြာဝဠာကြီးဟာ သက်ရှိတွေ နေထိုင်တဲ့ နေရာကြီးအဖြစ် ထာဝရ အဆုံး မသတ်နိုင်ဘူး ဆိုတာတော့ ငါသိတယ်.. ရှင်သန်ဖို့အတွက် အစွမ်းကုန် ကြိုးစားသင့်တယ်.. စကားများများ ပြောနေရုံနဲ့ မလုံလောက်ဘူး.. မင်းရဲ့ ခံယူချက်မှာ

နည်းနည်းတော့ ပြဿနာ ရှိနေပုံရတယ်.. မင်းမှာ အရှက်
ရှိသေးတယ် ဆိုရင် မင်းပါးစပ်ကို ပိတ်ထားလိုက်တော့"

ထိုစကားကို ကြားလျှင် တာအိုကျင့်ကြံသူက ရုတ်တရက်
ဒေါသထွက်ကာ အေးစက်စက် ကြိမ်းမောင်းလိုက်သည်။

"ခွေးမသား.. မင်းလို ကျွန်စုတ်က ငါ့ကို ကြိမ်းမောင်းရဲတာလား.. "

ထိုစကားကြောင့် အနက်ရောင်ဝတ် အဘိုးအို၏ အမူအရာက
ပြောင်းလဲသွားပြီး

"မူလစကြဝဠာခေတ်က ဆိုရင် ငါတို့အားလုံးက တန်းတူညီတူပဲ..
မင်းက ငါ့ကိုကျွန်လို့ သုံးနှုန်းရဲတယ် ပေါ့လေ"

"ဟားဟား.. မင်းတို့နှစ်ယောက်လုံးက ဒီလိုပဲ ငြင်းခုံနေရင်
လမ်းများကို ရောက်သွားလိမ့်မယ်.. အမှန်တရားကို
ဘယ်လိုနားလည်နိုင်မှာလဲ"

နံဘေးမှ တစ်ယောက်က သူတို့နှစ်ယောက်လုံးကို

ပြစ်တင်ရှုတ်ချလိုက်သည်။

ဖန်ရှင်းတို့ သုံးယောက်ကမူ စကားလုံးတိုက်ပွဲကို စိတ်မဝင်စားဘဲ အေးအေးလူလူသာ ရှိနေခဲ့သည်။

ယခုအချိန်တွင် လူငါးဦးမှ ခြောက်ဦးခန့် ပါဝင် ဆွေးနွေးကြပြီး အကျိတ်အနယ် ငြင်းခုံနေကြသည်။

သခင်သုံးပါးကမူ ၎င်းတို့ ဆွေးနွေးနေသည်ကို စိတ်ဝင်တစား နားထောင်နေဟန် ရှိသော်လည်း တကယ်တမ်းတွင် စိတ်ပျက်နေကြသည်။

"တာအိုဆိုတာက အံ့ဩလောက်အောင် လျှို့ဝှက်ဆန်းကြယ်ပြီး နားမလည်နိုင်တဲ့ အရာတစ်ခုပဲ"

အချိန်အတော်ကြာ ငြင်းခုံပြီးနောက်တွင် လူတစ်ဦးက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သူ၏အသံမှာ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်ပြီး အခြားသူများ၏

အသံကို ဖိနှိပ်လိုက်သလိုပင်။

တစ်ချိန်တည်းမှာပင် ကောင်းကင်နန်းတော်၌ ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပြီး ငြိမ့်ညောင်းသော ခေါင်းလောင်းသံ တစ်သံ ထွက်ပေါ်လာသည်။

ထို့နောက်တွင် ကောင်းကင်နန်းတော်၏ တံခါးက ပွင့်သွားပြီး ကောင်းကင်မှ ဝိညာဉ်ရေး အလင်းတန်း တစ်ခုက ဆင်းသက်လာကာ ထိုကျင့်ကြံသူ၏ ဦးခေါင်းပေါ်သို့ ကျရောက်သွား၏။

"ကောင်းကင် နန်းတော်ထဲကို ပထမဆုံး ဝင်ခွင့်ရခဲ့တာပဲ..."

တာအို အကြောင်း ပြောနေကြသူတိုင်းက ထိတ်လန့်တုန်လှုပ်စွာ ရေရွတ်လိုက်ပြီး ထိုကျင့်ကြံသူကို မနာလိုစွာ ကြည့်လိုက်ကြ၏။

"ဟားဟား.. ကောင်းကင်ဘုံက မျက်နှာသာပေးလို့ ကျေးဇူးတင်ပါတယ်.. ငါဒီဘဝမှာ နောင်တရစရာ မရှိတော့ပါဘူး"

ထိုစကားကို ပြောပြီးသည်နှင့် ကျင့်ကြံသူက အခြားသူများကို

ဦးညွတ်ကာ ကောင်းကင်နန်းတော် ထဲသို့ ဝင်ရောက်သွားခဲ့သည်။

"မဖြစ်သင့်ဘူး"

ဖန်ရှင်းက စိတ်ထဲတွင် ရေရွတ်ရင်း အေးစက်သော အကြည့်ဖြင့် ကောင်းကင်နန်းတော်ကို မျှော်ကြည့်လိုက်သည်။

အခြားသူများကလည်း စိုးရိမ်သော အမူအရာဖြင့် မျှော်ကြည့်လိုက်ကြသည်။

သူတို့၏ နှလုံးသားထဲတွင်မူ အင်မော်တယ်အသက်ကို ထိုကျင့်ကြံသူ အမွေဆက်ခံသွားမည်ကို အမှန်ပင် စိုးရိမ်နေခဲ့ကြသည်။

ထိုသူသာ စွမ်းဆောင်နိုင်ခဲ့လျှင် အင်မော်တယ် ဖြစ်နိုင်မည့် ဤအခွင့်အရေးကို မရနိုင်တော့ပေ။

သူတို့အတွက် ဤအင်မော်တယ် အသက် သို့မဟုတ် အင်မော်တယ် အသက် တစ်ဝက်သည် ဤဘဝတွင် အင်မော်တယ် ဖြစ်လာရန် အကြီးမားဆုံး မျှော်လင့်ချက်လည်း ဖြစ်သည်။

အချိန်အတော်ကြာအောင် စောင့်ပြီးနောက်တွင်
ကောင်းကင်နန်းတော်ထဲရှိ ကျင့်ကြံသူထံမှ သက်ပြင်းရှည်ကြီးကို
ရုတ်တရက် ကြားလိုက်ရသဖြင့် တိတ်ဆိတ်သွားကြသည်။

တာအိုကို ဆွေးနွေးနေကြသော အခြားလူများ အားလုံး၏
မျက်နှာတွင် ဝမ်းသာသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သက်ပြင်းချသံကို နားထောင်၍ ထိုလူက အင်မော်တယ် အသက်ကို
မရရှိခဲ့ကြောင်း ထင်ရှားနေသည်။

ရှင်းလင်းစွာ ဆိုရလျှင် ထိုလူက အောင်မြင်မှု မရရှိခဲ့ပေ။

"ငါက အရှေ့အင်ပါယာရဲ့ နတ်ဆိုးကျမ်းကို လေ့လာပြီးနောက်မှာ
ငါ့ဘဝမှာရှိတဲ့ အကြီးမားဆုံး သံသယတွေကို ဖြေရှင်းနိုင်ခဲ့တယ်.."

ပထမလူ ကျဆုံးသွားသည်နှင့် အခြားတစ်ယောက်က တာအိုကို
ဝင်ရောက် ဆွေးနွေးလိုက်သည်။

ဖန်ရှင်းက အစောပိုင်းတွင် ကောင်းကင်နန်းတော်ထဲကို တခြားသူတွေ အရင်ဝင်ဖို့ စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းနေခဲ့သော်လည်း ယခုအချိန်တွင်မူ အထဲကို ဝင်ရောက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့ကြောင့် ဖန်ရှင်းက အရှေ့အင်ပါယာ ကျမ်းစာကို ကျင့်ကြံခဲ့သော နတ်ဘုရားသတ္တဝါကို မေးခွန်းထုတ်လိုက်၏။

"မင်းရဲ့ အကြီးမားဆုံး သံသယက ဘာလဲ"

ထိုစကားကို ကြားလျှင်
နတ်ဘုရားသတ္တဝါကဖန်ရှင်းကိုအထိတ်တလန့်ကြည့်ကာ

"ငါ့ရဲ့သံသယက ငါက သဘာဝအတိုင်း မွေးဖွားလာတာ အမှန်ပဲလား ဆိုတာပဲ.. နေပါဦး မင်းက ဘာကြောင့် မေးတာလဲ"

နတ်ဘုရား သတ္တဝါက လေသံမာမာဖြင့် ပြန်မေးလိုက်သည်။

သူ၏လေသံကို ထောက်ရှုလျှင် သူက ဖန်ရှင်းကို

ရန်သူကြီးလိုသဘောထားနေမှုန်း သိသာနေသည်။

တကယ်တမ်းတွင် တာအိုဆွေးနွေးသူ အများစုက အစကတည်းကပင် ဖန်ရှင်းတို့ သုံးယောက်ကို ရန်သူ အဖြစ်သတ်မှတ် ထားကြခြင်း ဖြစ်သည်။

ဖန်ရှင်းက ၎င်းတို့၏သဘောထားကို ရိပ်စားမိသော်လည်း ၎င်းတို့ကို မျက်လုံးထဲတွင်ပင် မထည့်ခဲ့ပေ။

သူက နတ်ဘုရားသတ္တဝါ၏ စကားကိုကြားလျှင် လှောင်ရယ်လိုက်ပြီး

"ဟက်.. မင်းအဖေက မင်းအမေနဲ့ တွေ့လို့ မင်းကို မွေးလာတာ..
မင်းရဲ့ သမီးနဲ့ ငါနဲ့ လက်ထပ်တဲ့အခါ ကျရင် ဒီလို
ရိုးရှင်းတဲ့မေးခွန်းကို သဘာဝကျကျ မင်းဖြေရှင်းနိုင်သွားလိမ့်မယ်..
ကဲယောက္ခထီးကြီး ဘာတွေ သံသယရှိသေးလဲ"

ထို စကားများက နတ်ဘုရား သတ္တဝါကို အလွန်အမင်း ဒေါသထွက်စေခဲ့သည်။

"ငါက ဒီမှာ တာအို အကြောင်းကို ပြောနေတာ.. မင်းက ငါ့ကို ဒီလို စော်ကားတာ ဘာအကြောင်းကြောင့်လဲ"

ယင်းအချိန်တွင် သူ့ဘေးနားမှ တစ်ယောက်က ဖန်ရှင်းကို ရွတ်ချလိုက်သည်။

"မင်းရဲ့စကားတွေက အောက်တန်းကျလွန်းတယ်.. ဒီမှာ ဆွေးနွေးဖို့ မင်းမှာ ဘာအရည်အချင်းတွေ ရှိလို့လဲ"

"ဟားဟား ထျန်းယွမ်တိုက်က သတ္တဝါတွေက ဉာဏ်ရည်ပြည့်မီပုံ မရဘူး..."

"......."

"......."

အပြစ်တင် ရွတ်ချသည့် စကားသံများကို ဖန်ရှင်းက အချိန်အတော်ကြာ နားထောင်ပြီးနောက်တွင် မိုးခြိမ်းသံကဲ့သို့ အသံဖြင့် ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"မင်းတို့က တာအိုရဲ့ အမှန်တရား အကြောင်း ပြောချင်တာလား.. တာအိုဆိုတာ အရာအားလုံးကို ကိုယ်စားပြုတယ်.. အပင်တွေ.. ကြက်..ခွေး စတဲ့ တိရစ္ဆာန် အားလုံးမှာ တာအိုရှိတယ်.. အပြောအဆို အမူအကျင့် ငိုခြင်းရယ်ခြင်း တို့မှာလည်းတာအိုရှိတယ်.. ငါက တာအိုအကြောင်း ဆွေးနွေးဖို့ လာခဲ့တာမှန်ပေမဲ့ စကားချိုချို လေးတွေကို မသုံးတတ်ဘူး"

ဖန်ရှင်း၏ ထိုစကားကို လေးလေးနက်နက် ပြောခဲ့ရာ လူတိုင်းကို တိတ်ဆိတ်သွားစေခဲ့သည်။

ဆင်ခြင်တုံ တရားမဲ့ပုံရသော လူတစ်ယောက်၏ စကားက အဓိပ္ပါယ် ရှိနေသဖြင့် ရုတ်တရက် ငြင်းဆိုရန် ခက်ခဲသွားခဲ့၏။

ထိုအခိုက်တွင် ခေါင်းလောင်းတီးသံကို ကြားလိုက်ရပြီး ကောင်းကင်နန်းတော်၏ သစ်သားတံခါးက ကျွီခနဲ အော်သံနှင့် အတူ ပွင့်သွားလေသည်။

"ဒါ.. ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

တာအိုကို ဖန်ရှင်းနှင့် အခုလေးတင် ဆွေးနွေးနေသည့် သူတွေက တုန်လှုပ်သွားပြီး ဒေါသတွေတောင် ထွက်လာကြသည်။

"တံခါးက ဘာလို့ ဒီလိုကောင်ကို လွယ်လွယ်နဲ့ ဖွင့်ပေးနေတာလဲ "

ထိုအချိန်တွင် ဖန်ရှင်းက ၎င်းတို့ကို အာရုံစူးစိုက်မှု လုံးဝမပြုဘဲ သူ့ခေါင်းပေါ်သို့ ဆင်းသက်လာသော ဝိညာဥ်ရေးရာ အလင်းတန်းများကိုသာ မော့ကြည့်လိုက်သည်။

သူက စိတ်ထဲကနေ လှောင်ရယ်နေမိသည်။

"ငတုံးအုပ်စု.. မင်းတို့ အာပေါက်မတတ် ငြင်းခုံနေလည်း ကောင်းကင်နန်းတော်ထဲ ဝင်ခွင့်ရမှာ မဟုတ်ဘူး.. ဘာလို့လည်း ဆိုတော့ နန်းတော်ထဲ ဝင်ရောက်ရမဲ့ သူတွေကို အစောပိုင်းထဲက သတ်မှတ်ထားလို့ပဲ"

ထိုသို့ တွေးလိုက်ရင်း သူက ကိုယ့်ကိုယ်ကို ရုတ်တရက် ဂုဏ်ယူသလို ခံစားလိုက်ရသည်။

အပိုင်း(၁၃၁၁) ပြီး၏

အပိုင်း(၁၃၁၂) ကောင်းကင်နက်မြစ်

"ဟားဟား.. မမျှော်လင့်ထားပေမယ့် ငါ့ရဲ့ တပည့်က ကောင်းကင်နန်းတော်ကို အရင်ဆုံး ဝင်ခွင့်ရသွားခဲ့ပြီ.. ကြည့်ရတာ ဘုံသခင်က သူ့အဖော် နှစ်ယောက်ထက်တောင် သူ့ကို ပိုသဘောကျသွားတဲ့ပုံပဲ"

ဖန်ရှင်းက ကောင်းကင်နန်းတော်ဆီသို့ လျှောက်သွားသည်ကိုမြင်လျှင် ဗုဒ္ဓသခင်က သူ၏ စူနေသော ဝမ်းဗိုက်အား ပွတ်သပ်ကာ ရယ်မော၍ ပြောလိုက်သည်။

ဤဆွေးနွေးပွဲတွင် အခြား ကျင့်ကြံသူများမှာ အဖြည့်သဘောမျှသာ ဖြစ်ပြီး ထျန်းယွမ်မှ လာသော ကျင့်ကြံသူ သုံးယောက်ကိုသာ အဓိက ယင်ဇပူဇော်လိုခြင်း ဖြစ်၏။

မူလတွင် ဗုဒ္ဓသခင်က ဖန်ရှင်းကို ရွေးချယ်စရာ မရှိ၍သာ

အနစ်နာခံသည့် အနေဖြင့် ယူလိုက်ရခြင်း ဖြစ်သည်။

သို့ရာတွင် ယခုအခါ၌ ဖန်ရှင်း၏ အော်ရာက ထူးခြားနေသဖြင့် ဘုံသခင်၏ စိတ်ဝင်စားမှုကို ဦးစွာ ရရှိခဲ့ပြီ ဖြစ်သည်။

"ဟားဟား.. မင်းတို့ ငါ့ကို မနာလို မဖြစ်ကြပါနဲ့.. ဒီအချိန်က အဆုံးအဖြတ်ပေးဖို့ စောလွန်းပါသေးတယ်.. "

ဗုဒ္ဓသခင်၏ ဝင့်ကြွားသော စကားသံကို ကြားလျှင် တာအိုသခင်နှင့် နတ်ဆိုးသခင်တို့က အလွန်ကျေနပ်မှု မရှိကြပေ။

တစ်ဖက်တွင်လည်း ကောင်းကင် နန်းတော် အောက်ဘက်ရှိ တာအိုဆွေးနွေးသူ အများစုက ဒေါသထွက်နေကြသည်။

သူတို့အတွက်က ကောင်းကင်နန်းတော်ထဲကို စောစောဝင်ရောက်ခွင့် ရသည်က တုန္နိုင်းမရသည့် ဂုဏ်တစ်ခု ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အင်မော်တယ် ကံကြမ္မာကို ယခုအချိန်ထိမည်သူမှ အမွေဆက်ခံခွင့် မရရှိသေးရာ ဤကောင်လေးသည်လည်း ခြွင်းချက်

မဟုတ်လောက်ချေ။

အဆုံးသတ်တွင် သူတို့၏ နှလုံးသားထဲ၌ နက်ရှိုင်းသော ခံစားချက်တစ်ခု မွေးဖွားလာသည်။

ထိုခံစားချက်မှာ အင်မော်တယ် ကံကြမ္မာက ငါ့အတွက်ပဲ ဖြစ်ရမည် ဟူသော ခံစားချက်ပင် ဖြစ်သည်။

အတိအကျပြောရရင် ဒီလို အတွေးမျိုးက နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသောကြောင့် တစ်ယောက်ကို တစ်ယောက် လေးစားမှုမျိုးလည်း မရှိကြချေ။

အခြားသူများက အဆုံးမရှိသော ဆန္ဒနှင့် မနာလိုစိတ်များ ဖြစ်ပေါ်နေသော်လည်း လုကျန်းနှင့် အောင်းလီတို့၏ မျက်နှာကမူ ယခုအချိန်အထိ မတုန်မလှုပ် ရှိနေသည်။

"ဒါက အင်မော်တယ်အသက် ရှိတဲ့နေရာမှ ဟုတ်ရဲ့လား "

ဖန်ရှင်းက နန်းတော် အတွင်းသို့ ရောက်သည်နှင့် သူ့နောက်မှ

သစ်သားတံခါးက အလိုအလျောက် ပိတ်သွားခဲ့သည်။

သူက နန်းတော်၏ အတွင်းပိုင်းကို အကဲခတ်လိုက်သောအခါ အလွန် သန့်ရှင်းသပ်ရပ်ပြီး ဖုန်မှုန့် အမှုန်အမွှားများကိုပင် မတွေ့ရပေ။

သို့ရာတွင် အတွင်းပိုင်း အပြင်အဆင်ကမူ အလွန် ရိုးရှင်းလွန်းနေသည်။

တစ်နည်းအားဖြင့် ဆိုရလျှင် အပြင်အဆင် လုံးဝ မရှိသော ခန်းမ အလယ်တွင် သူက ရောက်ရှိနေခြင်း ဖြစ်သည်။

ဖန်ရှင်းက ရှေ့ကို ဆက်လက် လျှောက်လာရာ ကုလားထိုင် တစ်လုံးပေါ်တွင် ရှိနေသော အလင်းဘောလုံးကြီး တစ်လုံးကို တွေ့လိုက်ရသည်။

သူက အလင်းဘောလုံးကို အနီးကပ် ကြည့်လိုက်သောအခါ အလင်းဘောလုံး ပေါ်ရှိ အရောင်က သူ့တစ်ကိုယ်လုံးကို ဖုံးအုပ်ထားသကဲ့သို့ ပို၍ပို၍ နက်နဲလာသည်ကို ခံစားလိုက်ရသည်။

"ဒီနေရာက အံ့ဩစရာပဲ"

"ကောင်လေး.. မင်းမှာ ရှိသမျှ အရာတွေ အားလုံး ငါ့ကိုပေးပါ"

ဖန်ရှင်း၏ နှလုံးသားထဲသို့ နူးညံ့သိမ်မွေ့စွာ ဖြားယောင်းသွေးဆောင်ရန် ကြိုးစားနေသော အသိစိတ်တစ်ခု၏ အသံက ရုတ်တရက် ဝင်ရောက်လာသည်။

"မင်းကျင့်ကြံတဲ့ တာအိုက ငါ့ရဲ့တာအိုပဲ.. မင်းတစ်ယောက်တည်း ကြိုးစားပြီး ကပ်ဘေး ထောင်ပေါင်း များစွာကို ဖြတ်ကျော်မယ် ဆိုရင်လည်း မင်းရဲ့ ကိုယ်ပိုင်အောင်မြင်မှုတွေကို မင်းရရှိနိုင်တော့မှာ မဟုတ်ဘူး.. အဲဒီလမ်းက မင်းနဲ့ အမြဲ အလှမ်းဝေးနေဦးမှာပဲ.. မင်းဘယ်တော့မှ ရလဒ်ကို မရရှိနိုင်ဘူး.. ဒါပေမယ့် ငါ မင်းကို အခု အခွင့်အရေးပေးမယ်.. မင်းမှာရှိတဲ့ အရာအားလုံးကို ငါ့ကိုပေးရမယ်"

"ငါ့ကိုပေးရင် မင်းလိုချင်တာ ရလိမ့်မယ်.."

"လာပါ မင်းမှာ ရှိသမျှကို ငါ့ကိုသာ အကုန်ပေးလိုက်.. မင်းလိုချင်တဲ့ တာအိုကို ငါပြန်ပေးမယ်"

သွေးဆောင် စည်းရုံးနေသော စကားသံက ဖန်ရှင်း၏ နှလုံးသားထဲသို့ ထပ်မံ ဝင်ရောက်လာသည်။

ထိုအရာက ဖန်ရှင်းဆီမှ သူတောင်းဆိုသည့် အရာကိုသာ ရလျှင် ကမ္ဘာပေါ်မှာ ရှိသည့် အရာအားလုံးကို လက်ဆောင်ပေးမည့်အလား မက်လုံးပေးနေသည်။

ယခုအချိန် ဖန်ရှင်း၏ မျက်လုံးများကို သေချာ အကဲခတ် ကြည့်လျှင် အဆုံးမရှိ စိတ်ရှုပ်ထွေးနေမှန်း သိသာနေသည်။

အာရုံစူးစိုက်မှု ကင်းမဲ့နေပုံရသော ဖန်ရှင်းက ခေါင်းကို မော့၍ ရုတ်တရက် ရယ်မောလိုက်သည်။

"ဘာလို့ ငါ့ကို အရင်မပေးတာလဲ"

....

....

"ဒီကောင်လေးကို သန့်စင်တဲ့အချိန်က ဘာလို့ ဒီလောက်ကြာနေတာလဲ"

ယင်းအချိန်တွင် ပြင်ပလောကရှိ တောင်သုံးလုံး အထက်မှ နတ်ဆိုးသခင်က မျက်မှောင်ကြုတ်ကာ ပြောလိုက်၏။

တာအိုသခင်က နှိမ့်ချစွာ ပြုံးလိုက်ပြီး

"ထျန်းယွမ်က သတ္တဝါတွေမှာ သဘာဝက ပေးတဲ့ ကောင်းချီးမင်္ဂလာတွေ ရှိတယ်.. သူတို့က မူလ အင်မော်တယ် မွေးရပ်မြေမှာ မွေးဖွားလာတဲ့သူတွေပဲ.. သူတို့က ကျင့်ကြံမှု မြင့်သည်ဖြစ်စေ.. နိမ့်သည်ဖြစ်စေ.. သူတို့ရဲ့ ကံကြမ္မာကို ပြင်ပလူတွေက ယှဉ်ပြိုင်ဖို့ ခက်ခဲတယ်.. ဘုံသခင်အတွက် ထျန်းယွမ်က သတ္တ ဝါတွေက အကောင်းဆုံး အားဖြည့်စာ ဖြစ်မှာ သေချာတယ်.. ဘာလို့လည်း ဆိုတော့ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ဝမ်လို့ခေါ်တဲ့ လူက ဘုံသခင်ကို အလွန် ကျေနပ်စေခဲ့တယ်လေ"

"သူ့အတွက် ထျန်းယွမ်တိုက်က သတ္တဝါတွေကို ငါတို့ကို

ရှာခိုင်းထားတာ.. အခုနောက်ဆုံးတော့ ဒီသုံးကောင်ကို တွေ့လိုက်ရတာပဲ"

"ဘုံသခင်ကို ကြာတယ်လို့ မပြောနဲ့လေ.. အရသာရှိတဲ့ အစာကို စားမှတော့ အေးအေးဆေးဆေး အရသာခံ စားမှာပေါ့"

"နှမြောစရာက ဒီသုံးယောက်ပြီးရင် ဒီလိုမျိုး အစားအစာကိုထပ်ရဖို့ နှစ်ပေါင်း ဘယ်လောက်တောင် စောင့်ရဦးမလည်း မသိတာပဲ"

ဗုဒ္ဓသခင်က သက်ပြင်းချ၍ ပြောလိုက်သည်။

"ငါတို့ကိုယ်တိုင် ထျန်းယွမ်တိုက်ကို သွားရှာဖို့ကလည်း မဖြစ်နိုင်ဘူး.. ဘုံသခင်ကလည်း ထျန်းယွမ်ကို သွားချင်စိတ် ရှိပေမဲ့ လက်တွေ့မှာ မဖြစ်နိုင်သေးဘူး"

"ငါတို့က ဒီအမှန်တရားကို နားလည်ကြပေမယ့် ဘုံသခင်က စွဲလန်းသွားပြီး သူ့အတွက် ထျန်းယွမ်တိုက်က သက်ရှိသတ္တဝါတွေကို ငါတို့ကို ရှာခိုင်းဖို့ တွန်းအားပေးလာမှာကို ငါကြောက်နေမိတယ်.."

"ဟားဟား.. အဲ့လောက်ထိလည်း စိတ်မပူကြပါနဲ့..
ထျန်းယွမ်တိုက်က သက်ရှိတွေဖြစ်တဲ့ နဂါးမင်းသားတွေနဲ့
ပင်လယ်ဗိုလ်ချုပ်တွေ ရှိနေသေးတာပဲလေ.. သူတို့က
မမှည့်သေးတဲ့အသီးလို ဖြစ်နေပေမဲ့ အချိန်တန်ရင်တော့ စားသုံးလို့
ရတဲ့ အဆင့်ထိ ရောက်လာမှာ သေချာပါတယ်"

သခင်သုံးပါးက ဝိညာဉ်အသိချင်း ဖလှယ်၍ အနာဂတ်ကို
ဆွေးနွေးနေကြရင်း နန်းတော်မှ ရလဒ်ကို စောင့်မျှော်နေကြသည်။

ယနေ့တွင် ကောင်းကင်နက်မြစ်၌ သူတို့ မမျှော်လင့်ထားသည့်
ကြီးကျယ်သော အပြောင်းအလဲများကို ကြုံတွေ့နေရသည်။

ဤနယ်မြေ၏ တောင်ဘက်တွင် ကောင်းကင်နက်မြစ်ဟု
အမည်ရသည့် အားကြီးသော မြစ်တစ်စင်း ရှိနေသည်။

မြစ်ထဲရှိ အနက်ရောင် လှိုင်းလုံးတွေ တဟုန်းဟုန်း ထနေသည့်
အရပ်တွင် အနက်ရောင် သံတိုင်တွေကို ဒါဇင်ပေါင်းများစွာ
စိုက်ထူထားပြီး ထိုသံတိုင်များပေါ်တွင် ဒါဇင်နဲ့ချီသည့် လူတွေကို
ကြိုးနှင့် ချည်နှောင်ထားသည်။

၎င်းတို့က ခေါင်းကိုးလုံးတီကောင် စွန့်ပစ်သွားခဲ့သည့်
နဂါးမင်းသားများနှင့် ပင်လယ်စစ်သူကြီးများ ဖြစ်ကြ၏။

အနှစ်သုံးဆယ်ကြာ ညှဥ်းပန်းမှုဒဏ်များက ဤနဂါးသားတော်များနှင့်
မြေးတော်များကို ဒုက္ခရောက်စေခဲ့ပြီး သူတို့၏ နှလုံးသားများကို
စိတ်ပျက်မှုများနှင့် ပြည့်နှက်စေခဲ့သည်။

မြစ်ထဲမှ လှိုင်းလုံးများ၏ အသံက နေ့ရောညပါ ငိုကြွေး
မြည်တမ်းနေသော တစ္ဆေသရဲကဲ့သို့ တုန်လှုပ် ချောက်ခြားဖွယ်
ကောင်းနေသည်။

ထိုအသံကို နားထောင်ရသည်မှာ သံတိုင်ပေါ်မှ
အကျဥ်းသားများအတွက် ငြီးငွေ့နေပြီ ဖြစ်၏။

"ငါ့သားသမီးတွေ မင်းတို့ အဆင်ပြေကြရဲ့လား.."

အသံနှင့်အတူ ကောင်းကင်နက်မြစ်ထဲမှာ ကျောက်စရစ်ခဲ တစ်လုံးက
လေထဲသို့ ပျံသန်းသွားကာ ကမ္ဘာငယ်လေး တစ်ခု အဖြစ်သို့
ပြောင်းလဲသွားသည်။

ယင်းနောက်တွင် ဝင်ပေါက်တစ်ခု ပွင့်လာပြီး အထဲမှ လှပသော ရုပ်သွင်ရှိသည့် အမျိုးသမီး တစ်ဦးက ရုတ်တရက် ပြေးထွက်လာသည်။

"မယ်တော်လား"

ထိုအမျိုးသမီးကို မြင်လျှင် သံတိုင်ပေါ်မှ ဝမ်းသာအားရ ပြောလိုက်သော အသံ လေးငါးသံက တစ်ပြိုင်နက် ထွက်လာခဲ့၏။

"ငါ့ကလေးတွေ မင်းတို့ကိုကယ်ဖို့ ငါရောက်လာပြီ.."

....

....

"မကောင်းတော့ဘူး.. တစ်ယောက်ယောက်က ကောင်းကင်နက်မြစ်မှာ ပြဿနာလုပ်နေပြီ.."

ဘုံသခင်က ဖန်ရှင်းကို မျိုချမည့် အချိန်ကို စောင့်ဆိုင်းနေသော သခင်သုံးပါးက ကောင်းကင်နက်မြစ်၏ မူမမှန်ပုံကို သတိထားမိလိုက်သည်။

သူတို့ သုံးဦးက တစ်ချိန်တည်းတွင် လန့်ဖြန့်သွားကာကောင်းကင်နက်မြစ် ဆီသို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။

သူတို့၏မျက်နှာများတွင် အံ့အားသင့်နေသည့် အမူအရာများပြည့်နှက်နေ၏။

မည်သူက ယခုလိုအချိန်တွင် ကောင်းကင်နက်မြစ်ကို ပြဿနာ ရှာဝံ့ပါသနည်း။

အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမည်ကို မကြောက်ရွံ့ပါသလော။

"ခေါင်းကိုးလုံး တီကောင်များလား"

လွတ်နေသော တောင်ထိပ်မှ ရုတ်တရက် စကားသံ တစ်သံ ထွက်ပေါ်လာသည်။

ထိုစကားကိုကြားလျှင် သခင်သုံးပါးက တုန်လှုပ်သွားခဲ့သည်။

"ဘုံသခင်က ခေါင်းကိုးလုံး တီကောင်ရဲ့ နာမည်ကို ဘာကြောင့် ပြောတာလဲ.. ဒီအချိန်မှာ ခေါင်းကိုးလုံး တီကောင်က ပြဿနာရှာနေတာ ဖြစ်နိုင်ပါ့မလား"

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ဖြစ်ခဲ့တဲ့ ခေါင်းကိုးလုံး တီကောင်ရဲ့ ဘေးဒုက္ခက နောက်တစ်ကြိမ် ထပ်ဖြစ်လာတာများလား"

အပိုင်း(၁၃၁၂) ပြီး၏

အပိုင်း(၁၃၁၃) ငါ့ကိုအကူအညီပေးပါ

လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က ခေါင်းကိုးလုံး တီကောင် ဖန်တီးခဲ့သော ပြဿနာက ၎င်းတို့၏ နှလုံးသားထဲတွင် အတိုင်းအတာ တစ်ခုအထိ အမှန်တကယ် နာကျင်စရာ ဖြစ်နေသည်။

ဘုံသခင်က ကောင်းကင်နက်မြစ်၏ အပြောင်းအလဲကို ရုတ်တရက် သတိပြုမိပြီး အခြေအနေကို စစ်ဆေးကြည့်လိုက်ရာ ခေါင်းကိုးလုံး တီကောင်နှင့် ဆင်တူသည့် အော်ရာကို ခံစားလိုက်ရသည်။

ယခုအချိန်တွင် နဂါးမယ်တော်က သူမ၏ မှော်စွမ်းအားဖြင့် အနက်ရောင် သံတိုင်များကို ဆွဲနှုတ်ကာ သံတိုင် ပေါ်တွင် ချည်နှောင် ခံထားရသော သူမ၏ သားသမီးများကို တစ်ယောက်ပြီး တစ်ယောက် ကယ်တင်နေသည်။

အနက်ရောင် သံတိုင်များကို ဆွဲထုတ်သောအခါ မြစ်ရေက ထိန်းမနိုင်သိမ်းမရ ဖြစ်လာပြီး လှိုင်းတံပိုးများက လိမ့်တက်လာသည်။

"ဒါက ဘယ်လို ဖြစ်တာလဲ.. ခေါင်းကိုးလုံးတီကောင် ပြန်ရောက်လာတာများလား"

"ငါတို့လက်ချက်နဲ့ မသေရသေးလို့ အသေခံချင်လို့ ဖြစ်မှာပေါ့"

"မဟုတ်ဘူး.. အဲဒါက ခေါင်းကိုးလုံးတီကောင် မဟုတ်ဘူး.. အော်ရာက ဆင်တူတယ် ဆိုပေမယ့် သူ့ထက်တော့ အများကြီး အားနည်းနေတယ်"

သခင်သုံးပါး၏ အာရုံက တာအိုဆွေးနွေးပွဲတွင် မရှိတော့ဘဲ မငြိမ်မသက် ဖြစ်နေသည်။

"အတင့်ရဲတဲ့သူကို ဖမ်းလိုက်"

လွတ်နေသော တောင်ပေါ်မှ ဘုံသခင်၏ ကျာပွတ်ကဲ့သို့ စူးရှထက်မြက်သော အသံက ဒေါသတကြီး ထွက်ပေါ်လာသည်။

"တာအို တပည့်တွေ.. ကျူးကျော်သူကို နှိမ်နင်းဖို့ ငါ့နောက်ကို လိုက်ခဲ့ကြ"

တာအိုသခင်က ဘုံသခင်၏ အမိန့်ကို လျစ်လျူမရှုဝံ့ဘဲ လေထဲသို့ ပျံသန်းကာ အော်ဟစ်လိုက်ပြီး ကောင်းကင်နက်မြစ်ရှိသည့် တောင်ဘက်အရပ်သို့ ပျံသန်းလိုက်သည်။

သူနှင့် သက်ဆိုင်သည့် တာအိုတပည့် အားလုံးက
သူ့နောက်ကလိုက်ပါလာသည်မှာ သက်တန့်ကြီးတစ်ခု ကဲ့သို့ပင်။

"ဗုဒ္ဓတပည့်တွေ ငါနဲ့လိုက်ခဲ့ကြ"

"နတ်ဆိုးတပည့်တွေ အားလုံး ငါ့နောက်ကို လိုက်ခဲ့ကြ"

ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်ကလည်း မနှောင့်နှေးဝံ့ဘဲ
တစ်ချိန်တည်းမှာပင် အမိန့်ပေးလိုက်၏။

လွန်ခဲ့သည့် အနှစ်သုံးဆယ်က ခေါင်းကိုးလုံး တီကောင်၏
ဘေးဒုက္ခက ၎င်းတို့အပေါ်တွင် အိပ်မက်ဆိုး တစ်ခုလို
သက်ရောက်နေခဲ့သည်။

ဘာသာတရား သုံးပါး၏ တပည့်များကို သတ်ဖြတ်ပြီး ၎င်းတို့၏
အင်မော်တယ် အသက်ထက်ဝက်ကို နှုတ်ယူသွားခြင်းသည်
မည်သည့်အခါကမျှ အနှောင့်အယှက် မရှိဘဲ
အေးချမ်းသာယာခဲ့သော ဤနယ်မြေအတွက်
တုန်လှုပ်ချောက်ချားစရာ ဖြစ်စေခဲ့သည်။

ယခုတစ်ကြိမ်တွင်လည်း ခေါင်းကိုးလုံး တီကောင်သာ ဖြစ်နေခြင်းက သူတို့ကို ပို၍ တုန်လှုပ်စရာ ဖြစ်စေခဲ့သည်။

အရေးပေါ် အခြေအနေကြောင့် အင်မော်တယ် နယ်မြေရှိ စစ်တပ်ကလည်း တစ်ချိန်တည်းမှာပင် တောင်ဘက်အရပ်သို့ ချီတက်သွားခဲ့၏။

ဆန့်ကျင်ဘက် အနေဖြင့် တာအိုဆွေးနွေးပွဲကို မည်သူမျှ ဂရုမစိုက်နိုင်တော့ပေ။

ဆွေးနွေးပွဲတွင် ပါဝင်သူများကမူ ချီတုံချတုံ ဖြစ်နေကြပြီး ကူညီသင့်မသင့် ဝေခွဲမရ ဖြစ်နေကြ၏။

"သွားကြရအောင်.."

....

....

ကောင်းကင်နက်မြစ်တွင်မူ နဂါးမယ်တော်က သူမ၏ သားသမီးများကို ကယ်ထုတ်ပြီး၍ ပင်လယ် ဗိုလ်ချုပ်များကို ကယ်တင်ရန် အသင့်ဖြစ်နေသည်။

ယင်းအချိန်မှာပင် သူမက သခင်သုံးပါးနှင့်အတူ ဤနေရာကိုချီတက်လာသည့် စစ်တပ်ကြီးကိုပါ မြင်လိုက်ရသည်။

သခင်သုံးပါးက သူမထက် အားကောင်းပြီး အဆများစွာ အဆင့်မြင့်မားကာ ခေါင်းကိုးလုံး တီကောင်ပင် ရင်မဆိုင်ဝံ့သောသူများ ဖြစ်သည်။

သူမက သခင်သုံးပါးကို လှမ်းမြင်လိုက်သည်နှင့် ထိတ်လန့်သွားပြီး

"သူတို့ ငါ့ကို ဖမ်းဖို့လာနေပြီ.. ငါထွက်သွားမှဖြစ်မယ်"

ဟု အော်ဟစ်လိုက်သည်။

"နဂါးမယ်တော် ငါတို့ကို ကယ်ပါဦး.."

သံတိုင်မှာ ကြိုးနှင့် ချည်ခံထားရသည့် ပင်လယ် ဗိုလ်ချုပ်ကြီးတွေက သနားစဖွယ် အော်ဟစ်လိုက်ကြသည်။

အနှစ်သုံးဆယ်ကြာ အကျဉ်းချ ခံရပြီးနောက် ဤတစ်ကြိမ်က သူတို့အတွက် လွတ်မြောက်ရန် တစ်ခုတည်းသော အခွင့်အရေး ဖြစ်နေသည် မဟုတ်ပါလား။

သို့ဖြစ်ရာ ၎င်းတို့က ဤအခွင့်အရေးကို မည်ကဲ့သို့ အလွတ်ခံနိုင်မည်နည်း။

"သူတို့ ချီတက်လာတာ အရမ်းမြန်တယ်.."

နဂါးမယ်တော်က အဝေးမှ ချီတက်လာသည့် စစ်တပ်ကြီးကို ကြည့်ကာ တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

မူလက အကျဉ်းသားအားလုံး၏ အသက်ကို ကယ်တင်ရန် ကိုယ်ပိုင်

အစီအစဉ်ကို သူမက ချမှတ်ထားခဲ့သည်။

သို့ရာတွင် သခင်သုံးပါးက မြေကြောကို ရှုံ့လိုက်သကဲ့သို့ ခြေတစ်လှမ်းထဲဖြင့် မိုင်ထောင်ပေါင်း များစွာကို ချက်ချင်း ရောက်လာခဲ့သည်။

"သခင်သုံးပါးက အင်မော်တယ် ဖြစ်နေရင်တောင် ဒီလောက်တော့ မမြန်သင့်ဘူး ထင်တယ်"

နဂါးမယ်တော်က အနည်းငယ် ပဟေဠိ ဖြစ်နေသော်လည်း ထိုအချက်ကို ဆက်လက် မတွေးအားတော့ပေ။

လက်ရှိတွင် သူမက အန္တရာယ် ကျရောက်နေပြီး သားသမီးများကိုလည်း ကယ်ဆယ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူမ၏ ကြိုးစားအားထုတ်မှုများ အလဟဿ မဖြစ်အောင် ပင်လယ်မိုလ်ချုပ်များကို မငဲ့တော့ဘဲ ထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

၎င်းတို့က သူမအပေါ် သစ္စာစောင့်သိကြသည့် လက်အောက်ငယ်သားများ ဖြစ်သော်လည်း ယခု အခက်အခဲမှ လွတ်မြောက်ရန်အတွက် ၎င်းတို့ကို ကယ်တင်မည့် အခွင့်အရေးကို လက်လျှော့ လိုက်ရတော့မည် ဖြစ်သည်။

"သွားကြရအောင်"

ဆုံးဖြတ်ချက် ချပြီးသည်နှင့် နဂါးမယ်တော်က ပင်လယ် မိုလ်ချုပ်များကို လှည့်ပင် မကြည့်တော့ဘဲ ကမ္ဘာငယ်လေးထဲသို့ ဝင်ရောက်ကာ ထွက်ခွာသွားခဲ့သည်။

"နဂါးဘုရင်မကြီး ငါ့တို့ကို ကယ်ပါဦး…"

"နဂါးဘုရင်မ.. ငါတို့ကို မထားခဲ့ပါနဲ့…"

"အကြံပေး လိပ်အိုကြီးဖြစ်တဲ့ ငါက မင်းကို သိပ်သစ္စာရှိခဲ့ပေမဲ့ မင်းငါ့ကို စွန့်ပစ်ခဲ့တယ်.."

နဂါးမယ်တော်၏ စွန့်ပစ်ခံလိုက်ရသောကြောင့် ပင်လယ်

မိုလ်ချုပ်များက ချက်ချင်းပင် စိတ်ပျက်လက်ပျက် ခံစားခဲ့ရပြီး အချို့မှာ မျက်ရည်များပင် ကျလာကြသည်။

"ဘယ်ကို ပြေးမှာလဲ"

နဂါးမယ်တော် နှင့် ဆရာကြီးလန်တို့ မလွတ်မြောက်မီတွင် သခင်သုံးပါး၏ ကျယ်လောင်သော အသံက ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်နက်မြစ်၏ မြစ်ရေက ကမ္ဘာငယ်လေးရှေ့တွင် ရေတံတိုင်းကြီး တစ်ခု အဖြစ်သို့ ပြောင်းလဲကာ ဟန့်တားလိုက်သည်။

သို့ရာတွင် ထိုရေတံတိုင်းက ဆရာကြီးလန်တို့ကို ကြီးကြီးမားမား မခြိမ်းခြောက်နိုင်ခဲ့ပေ။

"မြန်မြန် ဖမ်းပြီး သတ်ပစ်လိုက်"

ဘုံသခင်၏ စိတ်မရှည်သော စကားသံများက သခင်သုံးပါး၏ နားထဲတွင် ပဲ့တင်ထပ်နေသည်။

"စိတ်မပူပါနဲ့.. ခေါင်းကိုးလုံးတီကောင်ရဲ့ သွေးဆိုးကြီးမျိုး ဘယ်တော့မှ ထပ်မဖြစ်လာစေရဘူး.."

တာအိုသခင်က ကျယ်လောင်စွာ ကြုံးဝါးလိုက်ပြီး အရှိန်ကိုမြှင့်ကာ ရှေ့သို့ ပြေးသွားခဲ့သည်။

သူ့နောက်တွင် ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့ကလည်း လျှပ်စီးကဲ့သို့ အမြန်နှုန်းဖြင့် လိုက်ပါလာကြသည်။

သို့သော် ကောင်းကင်နက်မြစ်နှင့် နီးကပ်လာသည်နှင့်အမျှ သူတို့နားထဲတွင် ကြားနေရသည့် ဘုံသခင်၏ စူးရှသော အသံက ရုတ်တရက် ပျောက်ကွယ်သွားသည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် ဘုံသခင်၏ ကြောက်လန့်တကြား အကူအညီ တောင်းသောအသံက ထွက်ပေါ်လာသည်။

"မဟုတ်သေးဘူး.. ငါ့ကိုကူညီပါ.. ငါ့ကိုကူညီပါ"

ဘုံသခင်၏ စူးရှသော အသံက သခင်သုံးပါး၏ နားထဲသို့ တိုးဝင်လာရာ သူတို့သုံးယောက်ကို ချက်ချင်းပင် အထိတ်တလန့် ဖြစ်သွားစေခဲ့သည်။

ဘုံသခင်ကဲ့သို့သော တည်ရှိမှုက အဘယ်ကြောင့် အကူအညီလိုအပ်နေရပါသနည်း။

"သောက်ကလေး.. အတင့်ရဲလိုက်တဲ့ ကလေး..."

"မင်း.. မင်း ငါ့ရဲ့ အင်မော်တယ် အသက်ကို ဘယ်လိုလုပ် ခိုးယူရဲတာလဲ"

ဘုံသခင်၏ အသံက ထပ်မံ ထွက်ပေါ်လာသည်။

အသံကို သုံးသပ်ရလျှင် ဘုံသခင်က ထိတ်လန့်ကြောက်ရွံ့ကာ ငိုကြွေးနေပုံရသည်။

"မကောင်းတော့ဘူး.. ကောင်းကင်နန်းတော်မှာ တစ်ခုခု ဖြစ်နေပြီ.."

သခင်သုံးပါး၏ နှလုံးသားက တစ်ချိန်တည်းမှာပင် တုန်လှုပ်သွားသည်။

သူတို့က ဖေးရှန်ရေကန် ရှိရာ အရပ်ဆီသို့ မယုံကြည်နိုင်စွာ ကြည့်လိုက်ကြသည်။

ဘုံသခင်၏ တုံ့ပြန်သော အသံက ခေါင်းကိုးလုံးတီကောင် အင်မော်တယ် အသက်တစ်ဝက် ခိုးယူသွားစဥ် ကထက်ပင် ပို၍ ပြင်းထန်နေသည်။

"ပြန်သွားကြစို့"

သခင်သုံးပါးက ဘုံသခင်၏ အမိန့်ကို လျစ်လျူမရှုဝံ့ဘဲ ကျယ်လောင်စွာ အော်ဟစ်၍ ကောင်းကင်နန်းတော်သို့ ပြန်ရန် အလျင်စလို ပြန်လှည့်လိုက်သည်။

အောက်ခြေ တပည့်တွေနှင့် တခြားသူတွေကမူ ဖြစ်ပျက်နေသည်ကို

အသေအချာ နားမလည်ကြပေ။

တချို့က ဖေးရှန်ရေကန်ဆီသို့ ပြန်လှည့်ပြီး တချို့ကမူ ရှေ့ကိုသာ ဆက်၍ အပြေးအလွှား သွားခဲ့ကြသည်။

"မြန်မြန်… သူ့ကို ရပ်ကြစမ်း"

သခင်သုံးပါးက အလျင်အမြန် ပြန်လာချင်သော်လည်း အနည်းငယ် ဝေးနေသဖြင့် တခဏအတွင်း မရောက်နိုင်ခဲ့ပေ။

ဘုံသခင်ကမူ အတော်လေး ထိန်းမနိုင်သိမ်းမနိုင် ဖြစ်ကာ ဝမ်းနည်းသော အသံဖြင့် ကျယ်လောင်စွာ အော်ဟစ်နေသည်။

သာမန်လူမျိုးများနှင့် ဒါဇင်နှင့်ချီသော ကျင့်ကြံသူများကမူ ဘာဖြစ်နေမှန်း မသိလိုက်ပေ။

"မြန်မြန် တားလိုက်…"

ဘုံသခင်၏ စူးရှ၍ ဂဏှာမငြိမ်သော လေသံက
ထပ်မံထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်နန်းတော်က ပြင်းထန်စွာ
ဖြိုခွဲခံလိုက်ရသကဲ့သို့ ရုတ်တရက် ပွင့်ထွက်သွားခဲ့သည်။

နန်းတော်၏ တံတိုင်းများနှင့် ခေါင်မိုးတွေ အားလုံးက အရုပ်မျက်နှာ
ပေါင်းစုံသို့ လွင့်ပျံသွားသည်။

ယင်းက နန်းတော်ထဲက အရာအားလုံးကို ထုတ်ဖော်
ပြသလိုက်သလိုပင်။

ထိုအချိန်မှာပင် ဤနယ်မြေရှိ ကျင့်ကြံသူအားလုံးက မမေ့နိုင်သော
မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်။

လေထုထဲတွင် လူငယ်တစ်ဦးက လွင့်မျောနေသည်။

ထိုလူငယ်၏ ပါးစပ်က ခေါင်းထက် ပိုကြီးနေပြီး သူ့တစ်ကိုယ်လုံး၏
အရွယ်အစားထက် သုံးဆလောက် ရှိသည့် အလင်းဘောလုံးကို

မျိုချဖို့ အတင်းအကျပ် ကြိုးစားနေခဲ့သည်။

အပိုင်း(၁၃၁၃) ပြီး၏

အပိုင်း(၁၃၁၄) နယ်မြေ၏သရုပ်မှန်

အလင်းဘောလုံးကြီးကို မျိုချဖို့ အာရုံစိုက်နေသည့် ဖန်ရှင်းက သူ့ပတ်ဝန်းကျင်မှ အပြောင်းအလဲတွေကို သတိပြုမိခဲ့သည်။

ဤအလင်းဘောလုံးက မျိုချရန် သိပ်မလွယ်သော်လည်း သူက ချက်ချင်းပင် အသက်ကို ခပ်ပြင်းပြင်းရှူကာ ပါးစပ်ကို နည်းနည်းကျယ်အောင် ဖွင့်၍ အလင်းဘောလုံးကို ပါးစပ်ထဲသို့ အတင်း တွန်းထည့်လိုက်ပြီး တိုက်ရိုက် မျိုချလိုက်သည်။

အလင်းဘောလုံးက သူ့ဆီမှ အရာအားလုံးကို အတင်းအကျပ် တောင်းဆိုနေသဖြင့် စိတ်ပေါက်ပေါက်ဖြင့် မျိုချလိုက်ခြင်းပင်။

"ဟင်.. ဒါက ဘာဖြစ်နေတာလဲ"

လူတိုင်းနီးပါးက သူတို့ရှေ့မှ မြင်ကွင်းကို မှင်တက်စွာ ကြည့်နေကြသည်။

ထိုမြင်ကွင်းက အလွန်တရာမှ အဓိပ္ပါယ်မဲ့သည်ဟု ခံစားလိုက်ရသော်လည်း မရယ်နိုင်မောနိုင်ကြပေ။

"သူဘာလုပ်နေတာလဲ"

"အင်မော်တယ် အသက်ကို အမွေဆက်ခံချင်ရင် ဒီလိုမျိုး မျိုချရတာလား"

ပတ်ဝန်းကျင်မှ ပြောဆိုသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"အင်မော်တယ် နယ်မြေက သတ္တဝါတွေ အားလုံး.. ငါ့အမိန့်ကိုနားထောင်စမ်း.. မိစ္ဆာလေးကို အမြန်ဆုံး ဖမ်းမိအောင် လုပ်ဆောင်ကြ"

ရုတ်တရက် ဘုံသခင်၏ အသံက ထွက်ပေါ်လာပြီး လူတိုင်း၏

စိတ်နှလုံးသို့ ပျံ့လွင့်သွားသည်။

ဘုံသခင်၏ အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ထိုလူများ၏ စိတ်သဘောထားက တိုက်ရိုက် ပြောင်းလဲသွားပုံ ရပြီး ၎င်းတို့၏ စိတ်ထဲတွင် ဆန္ဒတစ်ခုက ရုတ်တရက် ပြင်းပြလာသည်။

ယင်းဆန္ဒမှာ မိစ္ဆာလေးကို အမြန်ဆုံး ဖမ်းမိရန်ပင် ဖြစ်သည်။

ထိုဆန္ဒက မိစ္ဆာအဆိပ် ကဲ့သို့ပင် သူတို့ကို ပြင်းထန်စွာသွေးဆောင်နေသည်။

"ငါ့ကို နာကျင်အောင် လုပ်ရဲတဲ့ အပြစ်က သေသင့်တယ်"

ဘုံသခင်၏ အသံကြောင့် တစ်ဒါဇင် ကျော်သော ကျင့်ကြံသူများက တစ်ချိန်တည်းမှာပင် ကောင်းကင်ယံသို့ ခုန်တက်လာ၏။

သို့သော် ယင်းအခိုက်အတန့်မှာပင် မူလက ဒါဇင်နှင့်ချီသော လူများကြားတွင် ရောနှောနေသော အောင်းလီနှင့် လုကျန်းတို့က ရုတ်တရက် မျက်လုံးများ ပွင့်လာခဲ့သည်။

လုကျန်းက သူ၏ လက်နှစ်ဖက်ကို ဝှေ့ရမ်းကာ ရာနှင့်ချီသောအလံများကို လေထဲသို့ ပစ်လွှင့်၍ ကျင့်ကြံသူများကို ဟန့်တားထားလိုက်သည်။

အောင်းလီကလည်း သူ၏ မူလ ပုံသဏ္ဍာန် ဖြစ်သော ရွှေနဂါးအသွင်သို့ ပြောင်းလဲလိုက်ပြီး ကြောက်မက်ဖွယ် အော်ရာများကို ထုတ်ဖော်ကာ လေထဲတွင် ဟိန်းဟောက်လိုက်သည်။

"ငါ့ယောက်ဖကို ဘယ်သူ ဟန့်တားရဲလဲ"

"ငါ့အကိုတော်ကို ထိခိုက်အောင် လုပ်ရဲရင် တက်ခဲ့စမ်း"

သူတို့နှစ်ယောက် တစ်ပြိုင်နက် ကြုံးဝါးလိုက်သည်နှင့် ဒါဇင်နှင့်ချီသည့် ကျင့်ကြံသူများက ရပ်တန့်သွားပြီး ရှေ့ကို မတက်ဝံ့ကြတော့ပေ။

"မဖြစ်နိုင်ဘူး.. မဖြစ်နိုင်ဘူး.. ငါ့ရဲ့ ဆန္ဒကို ဒီနှစ်ယောက်က ဘယ်လိုလုပ် လွန်ဆန်နိုင်ရတာလဲ... မိစ္ဆာအဆိပ်

ပြောသွားတာများလား"

ဘုံသခင်၏ ထိတ်လန့်တကြား ရေရွတ်သံက ထွက်ပေါ်လာပြန်သည်။

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ဂုဏ်ယူသော လေသံဖြင့်

"ဒီနှစ်ယောက်ထဲမှာ တစ်ယောက်က ငါ့ယောက်ဖ.. တစ်ယောက်က ငါ့ရဲ့ ဂိုဏ်းတူညီတော်ပဲ.. သူတို့က ငါ့စကားက လွဲပြီး ဘယ်သူ့စကားမှ နားမထောင်ဘူး"

"မင်း... မင်း သူတို့ရဲ့ မိစ္ဆာအဆိပ်တွေကို ဘယ်လို ဖြေရှင်းခဲ့တာလဲ... ဒါက ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ"

ဘုံသခင်က ယခုအချိန်အထိ မယုံနိုင်သေးသော လေသံဖြင့် ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

"မင်းရဲ့ မိစ္ဆာအဆိပ်က ငါ့အတွက် အသုံးမဝင်ဘူးဆိုတာ အခုချိန်ထိ မင်းမသိသေးဘူးလား"

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်သည်။

"ငါ့မှာ ကိုယ်ပိုင်တာအို ရှိနေပြီ.. မင်း ငါ့ကို ဘယ်လိုလုပ် လွှမ်းမိုးနိုင်မှာလဲ"

"မင်းမှာ တာအို ရှိရင်တောင် ကိုယ့်ကိုယ်ကိုယ်ပဲ ကာကွယ်နိုင်သင့်တယ်.. ဘာလို့ ဟိုနှစ်ယောက်ကိုပါ ငါ့ရဲ့ဆန္ဒကနေ ကာကွယ်နိုင်ရတာလဲ"

ဘုံသခင်က ဒေါသတကြီး မေးခွန်းထုတ်လိုက်၏။

"ဟက်.. ဒါက တခြားသူ အတွက်တော့ မဖြစ်နိုင်ဘူး.. ဒါပေမဲ့"

စကားပြောရင်း ဖန်ရှင်းက ကောင်းကင်၏ အမြင့်ဆုံး နေရာအထိ ပျံသန်းလိုက်ပြီး အောက်ဘက်ကို ဖိနှိပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော အသံက

ထွက်ပေါ်လာသည်။

မူလက ဘုံသခင်၏ ဆန္ဒဖြင့် အတင်းအကျပ် တိုက်တွန်းမှုကို ခံခဲ့ရ၍ ဖန်ရှင်းကို ဟန့်တားခဲ့သော ကျင့်ကြံသူများမှာ ရုတ်တရက် ခေါင်းထိုးကိုက်ကာ နာကျင်စွာ အော်ဟစ်လိုက်သည်။

ယင်းမှာ ဖန်ရှင်းက သူ၏ ဆန္ဒကို ၎င်းတို့ထံသို့ ထည့်သွင်းလိုက်သောကြောင့် ဖြစ်သည်။

အချိန်အနည်းငယ် ကြာပြီးနောက်တွင် ၎င်းတို့က မကြုံစဖူး ငြိမ်သက်မှုကို ရရှိခဲ့သည်။

"ဘာဖြစ်တာလဲ"

"ဒါက ဘယ်လို ခံစားချက်မျိုးလဲ"

ကျင့်ကြံသူတွေက ပတ်ဝန်းကျင်ကို မယုံကြည်နိုင်စွာ လှည့်ပတ်ကြည့်လိုက်သည်။

လူတိုင်း၏ မျက်နှာပေါ်တွင် အိပ်မက်ဆိုးကြီး တစ်ခုကနေ နိုးထလာရသည့် အမူအရာများ ထင်ထင်ရှားရှား ဖြစ်ပေါ်နေသည်။

အိပ်မက်ထဲတွင် ၎င်းတို့က တပ်မက်မှုများဖြင့် လောင်ကျွမ်းခံထားရသော ဆာလောင်နေသည့် တစ္ဆေသရဲ တစ်ကောင်ကဲ့သို့ ဖြစ်နေပြီး စည်းမျဉ်းများနှင့် အကျင့်စာရိတ္တများကိုပင် မေ့လျော့နေခဲ့သည်။

ယခုအခါတွင် ဆန္ဒမီးများ ငြိမ်းသက်သွားကာ ကြီးလေးသော အကျိုးဆက်များကို တွေးတောမိပြီး ချက်ချင်းပင် ထိတ်လန့်ကြောက်ရွံ့ကာ အလွန် နောင်တရနေကြသည်။

အရင်က ဘာကြောင့် ဒီလိုလုပ်ခဲ့တာလည်း ဆိုသည်ကိုပင် နားမလည်နိုင်တော့ပေ။

"အတင့်ရဲလိုက်တဲ့ မိစ္ဆာလေး.. ဘုံသခင်ကိုတောင် ထိခိုက်ရဲတယ်.."

ကြွေးကြော်သံနှင့်အတူ ကောင်းကင်နက်မြစ်မှ ပြန်လာသော

သခင်သုံးပါးနှင့် နောက်လိုက် နောက်ပါများက ဖန်ရှင်းတို့ကို ဝိုင်းရံထားလိုက်သည်။

ဖန်ရှင်းကမူ ၎င်းတို့၏ စကားများကို လုံးဝ ဂရုမစိုက်ဘဲ အေးစက်စက် မျက်လုံးများဖြင့်သာ ကြည့်နေလိုက်သည်။

ထို့နောက် သူက အိပ်မက်မှ နိုးထလာသော တာအို ကျင့်ကြံသူများဘက်သို့ ကြည့်လိုက်ပြီး

"မင်းတို့တွေရဲ့ စိတ်နှလုံးကို ပြုစားထားတဲ့ ဒီနယ်မြေရဲ့ သရုပ်မှန်ကို ပြသပေးမယ်"

ဟု ကြုံးဝါးလိုက်သည်။

ယင်းနောက်တွင် သူက လက်နှစ်ဖက်ကို ဝှေ့ယမ်း၍ လျှို့ဝှက်စွမ်းအားအချို့ကို ထုတ်သုံးလိုက်ရာ ကြောက်မက်ဖွယ် ကောင်းသော အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။

ဤနယ်မြေက အင်မော်တယ်စွမ်းအင် သိပ်သည်းသော နယ်မြေ

ဖြစ်ကြောင်း ထင်ရှားသော်လည်း ချက်ချင်းဆိုသလို နေရာတိုင်းက မှောင်မိုက်နေသော နေရာတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဤနယ်မြေ၏ နေရာတိုင်းက အကြွင်းအကျန် ကြယ်တစ်လုံးကဲ့သို့ပင် အပျက်အစီးများဖြင့် ပြည့်နှက်နေသည်။

"သာမန်လူတွေနဲ့ အဆောက်အဦးတွေက ဘယ်ရောက်သွားတာလဲ"

တာအိုကျင့်ကြံသူများက တအံ့တသြ ရေရွတ်လိုက်သည်။

၎င်းတို့က နယ်မြေတစ်ခုလုံးတွင် သာမန်လူများကို မတွေ့ရတော့ဘဲ ထိုအစား တစ္ဆေသရဲများ.. နတ်ဆိုးများနှင့် မိစ္ဆာများကိုသာ တွေ့လိုက်ရသည်။

တာအိုသခင်.. ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့ကလည်း ယခုအခါတွင် မူလပုံစံသို့ ပြောင်းလဲသွားကြသည်။

ဗုဒ္ဓသခင်က ဆူဖြိုးသော ဖားတစ်ကောင် ဖြစ်ပြီး ကြာပန်းပေါ်တွင် ထိုင်ကာ အုံးဂွမ်ဟု အော်ဟစ်နေသည်။

နတ်ဆိုးသခင်ကမူ ပုပ်ပွနေသော နတ်ဘုရားသတ္တဝါ တစ်ကောင် ဖြစ်ပြီး မျက်နှာပေါ်ရှိ အသား အများစုမှာ ထိတွေ့မိရုံဖြင့် ကြွေလုမတတ် ပုပ်ပွနေသည်။

ဤဒဏ္ဍာရီ နယ်မြေကြီး၏ သရုပ်မှန်က ယခုအချိန်တွင် ငရဲထက်ပင် ဆိုးရွားလွန်းနေသည်။

အရာအားလုံးက စိတ်ကူးယဉ် ပုံရိပ်ယောင်များသာ ဖြစ်ပြီး သူတို့လို တာအိုကျင့်ကြံသူများသာ အစစ်အမှန်တွေ ဖြစ်နေ၏။

"ဒါက လှည့်စားမှု တစ်ခု ဖြစ်နိုင်ပါ့မလား..
ပုံရိပ်ယောင်ကိုဘယ်လိုလုပ်ပြီး အစစ်အမှန်လို အသုံးချနိုင်ရတာလဲ"

"ငါတို့က မိစ္ဆာနယ်မြေမှာ မှားယွင်းပြီး ရှင်သန်နေခဲ့မိတာပဲ.."

"ဒီလောက် ထိတ်လန့်စရာ ကောင်းတဲ့ ကမ္ဘာကြီးကို အသွင်ပြောင်း သွားတဲ့သူက ဘယ်သူများလဲ.. ဒီလောက် ပြင်းထန်တဲ့ မှော်အစွမ်းကို ပိုင်ဆိုင်ထားတဲ့သူက ဘယ်သူလဲ"

အောင်းလီနှင့် လုကျန်းအပြင် တာအို ကျင့်ကြံသူများပါ ယခုအချိန်တွင် လုံးဝကို အံ့အားသင့်နေကြသည်။

ကိုယ့်မျက်စိနဲ့ကိုယ် အမှန်တရားကို တပ်အပ် မြင်ရရင်တောင် မယုံနိုင်သော ခံစားချက်မျိုးကို ဖြစ်ပေါ်စေသည့် ဤနယ်မြေကြီးကို မည်သူက ဖန်တီးထားပါသနည်း။

ဒဏ္ဍာရီလာ အင်မော်တယ် ဘုရင်တောင် ဒီလောက် လေးနက်သည့် အရာကို စွမ်းဆောင်နိုင်သော အစွမ်းသတ္တိ ရှိနိုင်ဖို့ ဖြစ်နိုင်ပါသလော။

"သတ်ပစ်လိုက်.. သူတို့ကို သတ်ပစ်ပြီး ငါ့ရဲ့ အင်မော်တယ် အသက်ကို ပြန်ယူလာခဲ့"

ဘုံသခင်၏ ဒေါသတကြီး အမိန့်ပေးသော အသံက ထွက်ပေါ်လာပြန်သည်။

"ငါတို့ရဲ့ အင်မော်တယ် နယ်မြေကို ပြန်ပေးစမ်း"

နတ်ဆိုးများနှင့် မိစ္ဆာအားလုံးက တညီတညွတ်တည်း အော်ဟစ်ကာ ဖန်ရှင်း ဆီသို့ တည့်တည့်မတ်မတ် ပြေးဝင်သွားကြသည်။

အထူးသဖြင့် တာအိုသခင် အဖြစ်မှ ပြောင်းလဲသွားသော ဆိတ်.. ဗုဒ္ဓသခင် အဖြစ်မှ ပြောင်းလဲသွားသော ဖားပြုတ်နှင့် နတ်ဆိုးသခင် အဖြစ်မှ ပြောင်းလဲသွားသော အလောင်းကောင် နတ်ဆိုးတို့ပင်။

လုကျန်းနှင့် အောင်းလီတို့ကလည်း စွမ်းအားများကို လှုံ့ဆော်ကာ တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်ကြသည်။

ဤကမ္ဘာကြီး တစ်ခုလုံးက အတုအယောင်များ ဖြစ်သော်လည်း ထိုသခင်သုံးပါး၏ ကြောက်မက်ဖွယ် စွမ်းအားကမူ အစစ်အမှန် ဖြစ်သည်။

ဤမျှ ထိတ်လန့်စရာ ကောင်းသော အခိုက်အတန့်တွင် ဖန်ရှင်းက အရာအားလုံးကို ကြိုတင် မျှော်လင့်ထားသကဲ့သို့ တည်ငြိမ်စွာ ရှိနေခဲ့သည်။

"ငါနဲ့တိုက်ချင်တာလား"

သူသည် လက်နှစ်ဖက်ကို နောက်ပစ်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်ရင်း သခင်သုံးပါးကို အေးအေးလူလူပင် ပြောလိုက်သည်။

"ခေါင်းကိုးလုံး တီကောင်နဲ့ ပတ်သက်ပြီး မင်းတို့ ပြောနေတာ ငါအကုန်ကြားတယ်.. ခေါင်းကိုးလုံး တီကောင်က ငါနဲ့ယှဉ်ရင် ဘာမို့လို့လဲ.. ငါ့လို ဓားပြဘိုးအေရဲ့ ပြဿနာ ရှာတာကို ခံပြီးရင် ခေါင်းကိုးလုံး တီကောင်ထက်တောင် ငါ့ကို လွမ်းနေမယ်လို့ ငါပြောရဲတယ်"

အပိုင်း(၁၃၁၄) ပြီး၏

အပိုင်း(၁၃၁၅) တိုက်ပွဲစတင်ခြင်း

ရိုးရှင်းစွာပြောရလျှင် ဖန်ရှင်းက ခေါင်းကိုးလုံး တီကောင်၏ စွမ်းဆောင်ရည်ကို အမှန်တကယ်ပင် မထီမဲ့မြင်ပြုခဲ့သည် ။

ခေါင်းကိုးလုံးတီကောင်က ဤနယ်မြေမှ လူများကို အထင်ကြီးသွားစေသော်လည်း "ခေါင်းကိုးလုံး တီကောင်၏

ဘေးဒုက္ခ" ဟု ခေါ်သည့် လုပ်ရပ်များကို သေသေချာချာ စဉ်းစားကြည့်လျှင် အထင်ကြီးလောက်စရာ စွမ်းဆောင်ရည်မျိုးကို လောက်လောက်လားလား မတွေ့ရချေ။

ခေါင်းကိုးလုံးတီကောင်က သခင်သုံးပါး၏ ယုံကြည်မှုကို လှည့်စားခဲ့သူ ဖြစ်ကာ ထိုအချိန်က ဖေးရှန်ရေကန်ထဲတွင် ဝှက်မထားရသေးသော ကောင်းကင်နန်းတော်သို့ ခိုးဝင်၍ အစောင့်အနည်းငယ်ကို သတ်ပစ်ခဲ့သည်။

ယင်းနောက်တွင် ကောင်းကင်နန်းတော်ထဲမှ အင်မော်တယ်အသက်တစ်ဝက်ကို ခိုးယူသွားကာ အဆုံးသတ်တွင် သူ၏ ဆွေမျိုးများနှင့် လက်အောက်ငယ်သားများ အားလုံးကို စွန့်ပစ်ပြီး အရှက်မရှိစွာဖြင့် ကြယ်ရောင်ကောင်းကင်သို့ ထွက်ပြေးသွားခဲ့သည်။

ထိုလုပ်ရပ်က အလွန်ပင် ရှက်စရာကောင်းပြီး ဓားပြဘိုးအေတစ်ယောက် ဖြစ်သည့် ဖန်ရှင်းက ခေါင်းကိုးလုံး တီကောင်ထက် သူက စွမ်းဆောင်ပြနိုင်သည်ဟု ယုံကြည်ထားခဲ့သည်။

"သူ့ပတ်ပတ်လည်ကို ဝိုင်းထားကြ..."

"သူ့ကိုသတ်.. သတ်ပစ်လိုက်.."

အသေအချာ သတိထားကြည့်လျှင် သခင်သုံးပါး၏ နောက်လိုက်နောက်ပါများ၌ ပုံမှန်အသိဉာဏ် ရှိမနေကြဘဲ မျက်လုံးများတွင် အမုန်းတရားများ လွှမ်းကဲစွာ ထပ်ဟပ်နေသည်ကို တွေ့နိုင်ပေသည်။

နေရာတိုင်းတွင် ရှိနေသော်လည်း မျက်စိဖြင့် မမြင်နိုင်ဟု ထင်ရသော ဘုံသခင်၏ အသံကလည်း အဆက်မပြတ် စူးရှစွာ ထွက်ပေါ်နေသည်။

သူက ကျယ်လောင်စွာ ကြွေးကြော်ကာ လက်အောက်ငယ်သားများကို ရှေ့သို့ တက်ရန် တိုက်တွန်း၍ ဖန်ရှင်းကို သတ်ပစ်ရန် အမိန့်ပေးနေသည်။

"ယောက်ဖ.. ငါတို့နှစ်ယောက် မင်းကို ကာကွယ်ပေးထားမယ်.. ဒီနယ်မြေကနေ ထွက်ဖို့ အခွင့်အရေး ရှာကြည့်ပါလား"

အောင်းလီက တိုးညှင်းသော လေသံဖြင့် ဖန်ရှင်းကို ပြောလိုက်သည်။

သူ့မျက်လုံးများက အေးစက်စက် ဖြစ်နေပြီး သတ်ဖြတ်လိုသော ဆန္ဒများ ထင်ရှားစွာ ဖြစ်ပေါ်နေသည်။

"ဒီနယ်မြေက အန္တရာယ်တွေ ပြည့်နှက်နေပြီး ရှင်းပြဖို့ ခက်ခဲပေမဲ့ လက်ရှိမှာတော့ နယ်မြေရဲ့ သရုပ်မှန်ကို ငါတွေ့မြင်ခဲ့ရပြီ.. ဒီနယ်မြေက မှော်စွမ်းအား တစ်မျိုးမျိုးနဲ့ ဖုံးအုပ်ထားတာကြောင့် အမျိုးမျိုးသော အပြောင်းအလဲတွေ ဖြစ်လာပုံရတယ်.. ဒီနေရာက သတ္တဝါတွေရဲ့ စွမ်းရည်တွေက ကြောက်မက်ဖွယ် ကောင်းတယ်လို့ ထင်ရပေမဲ့ ငါ့အမြင်မှာတော့ အဲ့ဒီအစွမ်းတွေကို သူတို့က ဒီနယ်မြေမှာပဲ အသုံးပြုနိုင်ပုံရတယ်.. ငါတို့ ဒီကနေ ရုန်းထွက်နိုင်သမျှ ကာလပတ်လုံး ဘေးကင်းလိမ့်မယ်လို့ ငါထင်တယ်"

လုကျန်းက သုံးသပ် ပြောဆိုလိုက်သည်။

"ခေါင်းကိုးလုံး တီကောင်က ဒါကို သိထားလို့.. ဒီနယ်မြေက လူတွေ သူ့နောက် လိုက်လာမှာကို မကြောက်ဘဲ အင်မော်တယ် အသက် တစ်ဝက်ကို ခိုးပြီး ထွက်ပြေးခဲ့တာပဲ"

"ထျန်းယွမ်တိုက်က မိတ်ဆွေတို့.. ငါတို့ရဲ့ အသိစိတ်တွေကို ပြန်ရအောင် လုပ်ဆောင်ပေးလို့ ကျေးဇူးတင်ပါတယ်.. ဒီနယ်မြေထဲကနေ ရုန်းထွက်ဖို့ အတူ လက်တွဲနိုင်မယ် လို့လည်း ငါတို့ မျှော်လင့်ပါတယ်"

အစောပိုင်းကမှ အသိစိတ် ပြန်ဝင်လာသော တာအိုကျင့်ကြံသူများက ၎င်းတို့၏ အသံများကို တိတ်တဆိတ် ထုတ်လွှင့်လိုက်သည်။

ယခုအခါတွင် ၎င်းတို့အားလုံးက ပြင်းထန်စွာ ဝိုင်းရံခံထားရသော်လည်း ၎င်းတို့ တစ်ဦးစီတွင် ခွန်အားကောင်းများ ရှိကြသဖြင့် ဤနေရာမှ လွတ်မြောက်နိုင်မည်ဟု ယုံကြည်မှုအချို့ ရှိနေဆဲ ဖြစ်သည်။

"ဟားဟား.. ငါထွက်ပြေးမယ်လို့ ဘယ်သူပြောလဲ"

ဖန်ရှင်းက တာအိုကျင့်ကြံသူများ၏ တိုက်တွန်းချက်ကို နားထောင်ပြီးနောက် အေးစက်စက် ရယ်မော၍ ပြောလိုက်သည်။

"မင်း.."

ထိုစကားကိုကြားလျှင် အားလုံးက ထိတ်လန့်သွားပြီး ဖန်ရှင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်ကြသည်။

ဖန်ရှင်းက သူ၏ ရည်မှန်းချက်များကို ဖုံးကွယ် မထားဘဲ လှည့်ကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံး၍ ပြောလိုက်သည်။

"ဒီနေရာက တကယ့် အင်မော်တယ် နယ်မြေ မဟုတ်ဘဲ ပုံရိပ်ယောင် နယ်မြေတစ်ခု ဖြစ်ပေမဲ့ တချို့ ရတနာတွေကတော့ အစစ်အမှန်ပဲ.. အင်မော်တယ် အသက်တစ်ဝက်ကို မျိုချနိုင်ရုံလောက်နဲ့တော့ ငါ မတင်းတိမ်နိုင်သေးဘူး.. ဒီနယ်မြေရဲ့ နက်နဲတဲ့ နေရာမှာ မှော်လက်နက် တစ်မျိုးမျိုး ဒါမှမဟုတ် ဆေးလုံးတွေနဲ့ တန်ဖိုးကြီးတဲ့ တခြားအရာတွေ ရှိနေဦးမှာ အသေအချာပဲ"

သူ့အသံက တိုးတိုးလေးသာ ဖြစ်သော်လည်း စကားလုံးတွေထဲတွင် သူ၏ စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ဖို့ ခက်ခဲနေသည်။

သူ့မျက်လုံးတစ်စုံကလည်း ဤနယ်မြေ၏ နက်နဲရာကို တိုက်ရိုက်

ကြည့်ရှုနေသည်။

"ဒါ.. ဒါက အတင့်ရဲလွန်းတယ် မဟုတ်လား"

သူ၏စကားကို ကြားလျှင် အားလုံးက အသက်ရှူရ ကြပ်သွားသလို ခံစားလိုက်ရသည်။

သူတို့ အသိစိတ်ဝင်လာပြီးနောက် မိစ္ဆာလေး၏ စွမ်းဆောင်ရည်ကို မှင်တက်သွားခဲ့သည်။

ဤကောင်လေးက ကျင့်ကြံမှုအဆင့် နိမ့်ကျသည်မှာ ထင်ရှားသော်လည်း သူတို့ အပေါ်တွင် ကျရောက်နေသည့် မိစ္ဆာအဆိပ်ကို ချေဖျက်၍ သူတို့ကို ကယ်တင်ကာ ဤနယ်မြေ၏ သရုပ်မှန်ကို ပြသပေးခဲ့သည်။

ဤနယ်မြေမှ လွတ်မြောက်နိုင်သ၍ ကြီးမားစွာ အောင်ပွဲခံ၍ ရသော်လည်း မိစ္ဆာလေး၏ အသွင်အပြင်ကို ကြည့်လျှင် ဒီထက်ပိုပြီး ရတနာများကို လိုချင်နေသေးမှန်း သိသာနေသည်။

"ဟား ဟား.."

တစ်ဖက်တွင်တော့ အောင်းလီနှင့် လုကျန်းက ဖန်ရှင်း၏ စကားကို နားထောင်လေလေ စိတ်ထဲတွင် တုန်လှုပ်လာ လေလေ ဖြစ်သည်။

"ကောင်းပြီ စလိုက်ရအောင်"

ဖန်ရှင်းက အခြားသူများနှင့် ဤကိစ္စကို ဆွေးနွေးနေရန် စိတ်မဝင်စားဘဲ အောင်းလီကို ရယ်မော၍ ပြောလိုက်သည်။

တခြားလူတွေက သူ၏ဆန္ဒကို လိုက်လျောမည်မှာ မသေချာသော်လည်း လုကျန်းနှင့် အောင်းလီတို့ကမူ သူ့ကိုတစ်ယောက်တည်း ထားသွားဖို့ မဖြစ်နိုင်မှန်း ဖန်ရှင်းက သိသည်။

အကယ်၍ ဤလူနှစ်ယောက်က သူ့ကို ထားသွားမည် ဆိုလျှင်ပင် ဘုံသခင်က ဆန္ဒဖြင့် ချုပ်ကိုင်သကဲ့သို့ ဖန်ရှင်းက ၎င်းတို့နှစ်ဦးကို ထိန်းချုပ်နိုင်ပေသည်။

"သူတို့ထဲက တစ်ဦးမှ လွတ်မြောက်ခွင့် ပေးလို့မဖြစ်ဘူး"

ဖန်ရှင်းနှင့် အခြားသူများကြား ဆွေးနွေးမှုက ခဏမျှသာ ရှိသေးသော်လည်း သခင်သုံးပါး၏ နောက်လိုက်နောက်ပါများကမူ ၎င်းတို့ကို ဖမ်းဆီးရန် အဆင်သင့် ဖြစ်နေပြီ ဖြစ်သည်။

မရေမတွက် နိုင်သော နတ်ဆိုးများ.. တစ္ဆေသရဲများ.. မိစ္ဆာများက ရှေ့သို့ တစ်ဟုန်ထိုး ပြေးတက်လာကြသည်။

တိုက်ပွဲပတ်ဝန်းကျင်က အနက်ရောင် အခိုးအငွေ့များ ဖုံးလွှမ်းသွားပြီး နတ်ဆိုးစွမ်းအင်များက ကောင်းကင်သို့ တဟုန်ထိုး မြင့်တက်သွားသည်။

မရေမတွက်နိုင်သော ရန်သူများက ဦးတည်ချက် တစ်ခုထဲသို့ ပြေးဝင်၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

"သတ်.. သတ်ပစ်.. သွေးကိုသောက်.. အသားကိုစား.."

နတ်ဆိုးများနှင့် မကောင်းဆိုးဝါးများက ဖန်ရှင်းဆီသို့

ပြေးတက်လာကြသော်လည်း တာအိုကျင့်ကြံသူများနှင့်
ဦးစွာရင်ဆိုင်လိုက်ရသည်။

တာအိုကျင့်ကြံသူ များကလည်း ၎င်းတို့၏
မှော်အစွမ်းများကိုအစွမ်းကုန် အသုံးချပြီး မကောင်းဆိုးဝါးများနှင့်
တိုက်ခိုက်လိုက်ကြ၏။

ဤသို့ဖြင့်ပင် ရုန်းရင်းသော တိုက်ပွဲတစ်ခုက စတင် ဖြစ်ပေါ်လာသည်။

"မိစ္ဆာလေးကို ဖမ်းဆီးကြ.. "

ယင်းအချိန်တွင် မျက်စိဖြင့် မမြင်ရဘဲ နေရာ အနှံ့အပြားတွင်
ရှိနေသည်ဟု ထင်ရသော ဘုံသခင်က ဖန်ရှင်းတို့၏ ရည်ရွယ်ချက်ကို
ရိပ်စားမိပြီး ကျယ်လောင်စွာ ကြုံးဝါးလိုက်သည်။

ထိုအသံတွင် အဆုံးမဲ့ ကြောက်မက်ဖွယ် ကောင်းသည့်
အမိန့်ပါဝါယ်တစ်ခု ပါရှိနေသည်။

"ဗုဒ္ဓသခင်.. မင်းသူတို့ကို ထွက်မပြေးအောင် တားထားလိုက်"

ဘုံသခင်၏ အမိန့်ပေးသံကို ကြားသည်နှင့် ဗုဒ္ဓသခင်က သူ၏လက်ကို မြှောက်၍ ပေထောင်ချီ အကွာတွင် ရှိသည့် ဖန်ရှင်းကို လှမ်းရိုက်လိုက်သည်။

"ငါ သူ့ကို တားမယ်"

ဗုဒ္ဓသခင်၏ ကြောက်မက်ဖွယ်ကောင်းသော ထိုးနှက်ချက်ကို မြင်နေရသော်လည်း လုကျန်းက တည်ငြိမ်စွာ ရေရွတ်လိုက်သည်။

"ကြယ်ပင်လယ်ထဲက မြေဆီလွှာကို သန့်စင်ပြီး ငါ့ရဲ့အခြေခံအုတ်မြစ်ထဲ ပေါင်းစည်းပြီးပြီ.. ငါ့ရဲ့ အစီအရင် နည်းစနစ်တွေနဲ့ စမ်းကြည့်ဖို့ပဲ လိုတော့တယ်"..."

ယခုအချိန်တွင် လုကျန်း၏ ပုံသဏ္ဌာန်က ဗုဒ္ဓအတုထက် များစွာ သာလွန်သော ရုပ်ဆင်းသဏ္ဌာန် ရှိနေသည်။

သူက အလံများကို အဆင်မပြတ် ပစ်လွှတ်လိုက်ရာ လေထုထဲတွင် အလံများက ပြည့်နှက်သွားပြီး တစ်ခုနှင့် တစ်ခု ချိတ်ဆက်ကာ

အင်မော်တယ် စွမ်းအင်များ ပြည့်နှက်နေသည့် တိမ်တိုက် တစ်ခုလို ဖြစ်သွားသည်။

ယင်းအင်မော်တယ် တိမ်တိုက်က ဗုဒ္ဓသခင်၏ လက်ဝါးရိုက်ချက်ကို ခံဆောင်လိုက်ရာ ဗုဒ္ဓသခင်၏ လက်ဝါးချက်က အလဟဿ ဖြစ်သွားခဲ့ရသည်။

"ငါက နတ်ဘုရား သတ္တဝါတစ်ကောင် ဖြစ်ပေမဲ့ ငါ့ရဲ့အလောင်းကောင် ခန္ဓာကိုယ်ကို ဘုံသခင်ရဲ့ လမ်းညွှန်မှုနဲ့နတ်ဆိုးအဖြစ် ပြောင်းလဲခဲ့တယ်.. ငါက နတ်ဘုရား သတ္တဝါနဲ့နတ်ဆိုးတွေရဲ့ သဘာဝလွန်စွမ်းအား နှစ်မျိုးလုံးကို အသုံးပြုနိုင်တယ်.. ဒီနေ့တော့ မင်းတို့တွေ ပြေးဖို့ မစဉ်းစားကြနဲ့တော့"

စကားသံနှင့်အတူ နယ်မြေတစ်ခုလုံးကို ခွဲခြမ်းပစ်ရန် အလားအလာ ရှိသော နတ်ဆိုးစွမ်းအင်က ဖန်ရှင်းဆီသို့ ဦးတည်လာသည်။

ထိုနတ်ဆိုးစွမ်းအားက ရှင်းပြ၍ မရလောက်အောင် ကြောက်မက်ဖွယ် ကောင်းနေသည်။

ယင်းအချိန်မှာပင် အဆုံးမဲ့ ဟိန်းဟောက်သံနှင့် အတူ ရွှေရောင်တောက်ပနေသော နဂါးဦးချိုတစ်စုံက ဖန်ရှင်း၏ အရှေ့ကနေ နတ်ဆိုးစွမ်းအင်ကို ခုခံလိုက်သည်။

နတ်ဆိုးသခင်၏ ထိုးနှက်ချက်ကို အချိန်မီ တားဆီးလိုက်သူက အောင်းလီပင် ဖြစ်၏။

"ကမ္ဘာပေါ်မှာ အမွန်မြတ်ဆုံးဖြစ်တဲ့ ငါ့လို နဂါးသွေး အစစ်အမှန်ကို အလောင်းကောင် နတ်ဆိုးလေးက ဘယ်လိုလုပ် နှိုင်းယှဉ်နိုင်မှာလဲ"

အောင်းလီက နတ်ဆိုးသခင်ကို အထင်သေးစွာ ရေရွတ်လိုက်သည်။

ပရမ်းပတာ ဖြစ်နေသော ပတ်ဝန်းကျင်ရှိ လူတိုင်း၏ တိုက်ခိုက်မှုက ရုတ်တရက် ရပ်တန့်သွားသည်။

ထိုအချိန်မှာပင် ဖန်ရှင်းက လက်နှစ်ဖက်ကို နောက်ပစ်ကာ ဟန်ပါပါဖြင့် ရှေ့သို့ တိုးထွက်လာသည်။

"မင်း ထွက်ပြေးမယ်လို့ ငါထင်ခဲ့တာ.. ဒါပေမယ့် မင်းငါတို့ဆီ

အသေလာခံမယ်လို့တော့ မထင်ခဲ့မိဘူး"

တာအိုသခင်က လှောင်ပြောင်သော အမူအရာဖြင့် ရေရွတ်လိုက်သည်။

သူ၏ မျက်လုံးများတွင် သတ်ဖြတ်လိုသော ရည်ရွယ်ချက် များ ပြည့်နှက်နေသည်။

"တာအိုကျင့်ကြံသူတွေကို မင်း ဘယ်လို ကယ်တင်လိုက်လည်း ငါ မသိပေမယ့် ကပ်ဘေး တတိယ အဆင့်နဲ့ ငါတို့နယ်မြေကို နှောင့်ယှက်ဖို့ ဘယ်ကနေ သတ္တိတွေ ရလာတာလဲ.. "

"မင်းက ကပ်ဘေး တတိယအဆင့်သာ ရှိပေမဲ့ တစ်ဖက်လူက အစစ်အမှန် အင်မော်တယ်နဲ့ ယှဉ်နိုင်တဲ့ စွမ်းရည် ရှိနေတာကို မင်းသိရဲ့လား"

ထိုစကားကို ကြားလျှင် ဖန်ရှင်းက ခပ်ယဲ့ယဲ့ပြုံး၍သာ တာအိုသခင်ကို ကြည့်နေလိုက်သည်။

ထို့နောက် သူက လက်ဝါးနှစ်ဖက်ကို အချင်းချင်း ပွတ်လိုက်ပြီး တာအို သခင်ကို ကြည့်က ာ

"ငါမင်းနဲ့ မတိုက်ခင် မေးချင်တာရှိတယ်... မင်း ပါးရိုက်ခံရတာကို မြည်းစမ်းဖူးလား.. ကမ္ဘာတစ်ခုလုံးကို ရင်ဆိုင်ဖူးလား"

အပိုင်း(၁၃၁၅) ပြီး၏

အပိုင်း(၁၃၁၆) အစစ်အမှန်ကမ္ဘာကြီးရဲ့အစွမ်း

တာအိုသခင်က သူ့ကိုယ်ပိုင် ခွန်အားအောက်တွင် ရှိနေခဲ့ပြီး ခုခံနိုင်စွမ်းပင် ရှိပုံမရသော ဖန်ရှင်းက သူ့ကို စူးစိုက် ကြည့်နေသောကြောင့် အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့သည်။

"ထျန်းယွမ်က သတ္တဝါ အများစုက တကယ်ကို အရည်အချင်းရှိတယ် ဆိုတာ ငါဝန်ခံပါတယ်..ဒါပေမဲ့ အဲဒီထဲမှာ မင်းမပါဘူး.. မင်းလောက်ကို ငါက ဂရုစိုက်နေမယ်များ ထင်နေလား"

တာအိုသခင်က ဖန်ရှင်းကို လှောင်ပြောင်သော အမူအရာဖြင့် အထင်သေးစွာ ပြောလိုက်သည်။

ထို့နောက်တွင် သူ၏ စွမ်းအားများကို လှုံ့ဆော်၍ ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"ကောင်လေး.. ငါ့ရဲ့ ကျင့်ကြံမှုက မင်းထက် မြင့်မားတယ်.. ဒါ့အပြင် ဘုံသခင်ရဲ့ ကောင်းချီးကိုလည်း ရရှိခဲ့တယ်.. အစစ်အမှန် အင်မော်တယ်တွေကိုတောင် မရှုံးနိမ့်နိုင်ဘူးလို့ ငါပြောရဲတယ်"

"မင်းက အခုမှ ကပ်ဘေး တတိယအဆင့်မှာပဲ ရှိသေးတယ်.. ငါ့နဲ့ တိုက်ခိုက်ဖို့ ဘယ်ကနေ ယုံကြည်မှုရလာတာလဲ"

စကားဆုံးသည်နှင့် တာအိုသခင်က ကောင်းကင် ပိုင်းဖြတ် စည်းတံဆိပ်ကို ထုတ်ဖော်ကာ ဖန်ရှင်း၏ ဦးခေါင်းဆီသို့ ရည်ရွယ်၍ တိုက်ခိုက်လိုက်သည်။

သူ၏တံဆိပ်တော်က ကောင်းကင်နှင့် မြေကြီး၏ စွမ်းအားဖြင့် ပေါင်းစပ်ထား၍ အဆုံးမရှိ ပြင်းထန်နေသည်။

ထူးဆန်းသောရဲတိုက်မှ လူများ၏ လမ်းညွှန်မှု အောက်တွင် ဖန်ရှင်းက သခင်သုံးပါး၏ အမွေအနှစ်ကို စေ့စေ့စပ်စပ် လိုက်နာ ကျင့်သုံးခဲ့ပြီး ဘာသာတရား သုံးခုလုံး၏ အဆုံးအမများကို ကောင်းစွာ နားလည်ခဲ့ကာ သူ၏ကိုယ်ပိုင် တာအိုနှလုံးသားကို တွေ့ရှိခဲ့သည်။

ဖန်ရှင်းက တာအိုသခင်၏ တိုက်ခိုက်မှုကို မြင်လျှင် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး လက်ဟန်တစ်ခု ပြုလုပ်၍ စည်းတံဆိပ်တော် တစ်ခု ထုတ်ဖော်ကာ ခုခံလိုက်၏။

"ဝုန်း.. ဝုန်း"

ကောင်းကင်နှစ်ခြမ်း တိုက်မိသလိုမျိုး.. လေထုအလယ်တွင် စွမ်းအားချင်း ထိပ်တိုက်ဆုံမိပြီး အဆုံးမဲ့ ကောင်းကင်မီးလျှံများက ပေါက်ကွဲထွက်သွားခဲ့သည်။

"ငါ့မှာ အဆုံးမဲ့ အင်မော်တယ် စွမ်းအားတွေ ရှိတယ်.. မင်း ငါ့ကို ဘယ်လို တိုက်ခိုက်နိုင်မှာလဲ"

တာအိုသခင်က တံဆိပ်တော် တစ်ခုကို ထပ်မံ ထုတ်ဖော်၍ သူ၏စွမ်းအားကို မြှင့်တင်လိုက်ရာ တံဆိပ်တော်က ပိုမိုအားကောင်းလာပြီး အောက်ဘက်ရှိ မြေကြီးပင် ကွဲအက်လာသည်။

သို့ရာတွင် ဖန်ရှင်းက ဂရုမစိုက်ဘဲ အသက်ကိုသာ ခပ်ပြင်းပြင်းရှူလိုက်သည်။

သူ့မျက်နှာတွင်မူ ထူးဆန်းသော အပြုံးတစ်ခု ပေါ်ပေါက်လာသည်။

"ငါ့မှာ ကမ္ဘာတစ်ခုရှိတယ်"

နှစ်ယောက်စလုံးက တစ်ချိန်တည်းမှာပင် သူတို့၏ ခွန်အားတွေကို အစွမ်းကုန် မြှင့်တင်လိုက်ကြတယ်။

တာအိုသခင်၏ နက်ရှိုင်းသော စွမ်းအားက ဘယ်လောက်အထိ အားကောင်းလာမှန်းပင် မသိနိုင်တော့သည် အထိပင်။

လူတို့၏ စိတ်ကူးကို ကျော်လွန်၍ အစစ်အမှန် အင်မော်တယ်ထက်ပင်

သာလွန် ကြောက်မက်ဖွယ်ကောင်းသော တံဆိပ်တော်သည် တိုက်ကြီးတစ်ခုကဲ့သို့ ပြင်းထန်နေသည်။

ယင်းအချိန်မှာပင် ဖန်ရှင်းက အစစ်အမှန် ကမ္ဘာကဲ့သို့ပြောင်းလဲနေပြီ ဖြစ်သည့် သူ၏ အသိစိတ်ကမ္ဘာကို ပြင်ပသို့ ထုတ်ယူလိုက်သည်။

ထိုကမ္ဘာကြီး၏ စွမ်းအားက အတိုင်းအဆမရှိ ကြောက်မက်ဖွယ် ကောင်းနေပြီး ဖန်ရှင်းက ထိုကမ္ဘာကြီး၏ အချက်အချာ ဖြစ်နေသည်။

"ဒါ...ဒါက ဘယ်လို မှော်စွမ်းအားမျိုးလဲ..."

တာအိုသခင်၏ မျက်လုံးများက တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသကဲ့သို့ လိပ်ပြာလွင့်လုမတတ် ထိတ်လန့်သွားသည်။

"မင်းမှာ ကမ္ဘာငယ်လေး ဘယ်လိုရှိနေတာလဲ.. မဟုတ်ဘူး... မဟုတ်ဘူး.. ဒါက ကမ္ဘာငယ်လေး မဟုတ်ဘူး.. ကမ္ဘာငယ်လေးက ဒီလောက်အထိ အစွမ်းထက်ဖို့ မဖြစ်နိုင်ဘူး..."

အစစ်အမှန် ကမ္ဘာ၏ ဖိနှိပ်မှုကြောင့် တာအိုသခင်၏

စည်းတံဆိပ်တော်တွင် မရေမတွက်နိုင်သော အက်ကွဲကြောင်းများ ပေါ်ပေါက်လာ၏။

သူ၏ တံဆိပ်တော်က မည်မျှပင် အစွမ်းထက်သည် ဖြစ်ပါစေ.. ကမ္ဘာတစ်ခု၏ အလေးချိန်နှင့် နှိုင်းယှဉ်၍ မရနိုင်ချေ။

သိပ်မကြာခင်မှာပင် အစစ်အမှန် ကမ္ဘာ၏ တိုက်ရိုက် ဖိအားက တံဆိပ်တော်ကို လုံးလုံးလျားလျား ကွဲအက်သွားစေခဲ့သည်။

"အဆုံးမဲ့ တာအို အသွင်ပြောင်းခြင်း.. ကောင်းကင်နှင့် မြေကြီးထဲ ပုန်းကွယ်ခြင်း"

အစောပိုင်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသော တာအိုသခင်က ဖန်ရှင်းနှင့် ရင်မဆိုင်ရဲတော့ဘဲ ဤနယ်မြေ၏ စည်းမျဉ်းများကို အသုံးပြုကာ ပုန်းအောင်းရန် ကြိုးစားလိုက်သည်။

"ဟားဟား.. ပုန်းလို့ရမယ်လို့ ထင်နေလား.. မင်းက ကောင်းကင်နဲ့ မြေကြီးထဲမှာ ပုန်းနေရင် အဲ့ဒီ ကောင်းကင်နဲ့မြေကြီးကို ငါဖျက်ဆီးပစ်မယ်"

ဖန်ရှင်းက တာအိုသခင်ကို လျှောင်ပြောင်၍ ရေရွတ်လိုက်သည်။

ထို့နောက် သူက အစစ်အမှန် ကမ္ဘာကြီး၏ စွမ်းအားကို သုံး၍ ကောင်းကင်ပေါ်ကနေ မြေကြီးကို လက်သီးဖြင့် ဆောင့်ချလိုက်ရာ မရေမတွက် နိုင်သော တွင်းနက်ကြီးများ ဖြစ်ပေါ်လာသည်။

"ထွက်လာခဲ့စမ်း"

ဖန်ရှင်းက ယခုအချိန်တွင် အသိစိတ်ကင်းမဲ့သော သားရဲတစ်ကောင်နှင့် ဆင်တူပြီး မြေပြင်ကို လက်သီးဖြင့် တရစပ် ထိုးနှက်နေခဲ့သည်။

ကောင်းကင်မှ ကြွေကျလာသော ကြယ်ပွင့်များကဲ့သို့ လက်သီးချက်တိုင်းက ဤပျက်စီးနေသော နယ်မြေထဲကို ထိုးကျသွားသည်။

ယင်းက မရေမတွက်နိုင်သော ကြယ်များ တစ်ပြိုင်နက်ကြွေကျ လာသကဲ့သို့ပင်။

ဤနယ်မြေကြီး တစ်ခုလုံးက ပရမ်းပတာ ဖြစ်လာပြီး အက်ကွဲလာသောကြောင့် မကောင်းဆိုးဝါး နတ်မိစ္ဆာများက ဤနယ်မြေ၏ အဆုံးသတ်ကို ရောက်နှင့်ပြီဟု တွေးကာ ထွက်ပြေးခဲ့ကြသည်။

လုကျန်းနှင့် အောင်းလီအပြင် တာအို ကျင့်ကြံသူများနှင့် တိုက်ခိုက်နေသော ပြိုင်ဘက်များပင် ထိတ်လန့်လာကြပြီး ၎င်းတို့နှင့် ယှဉ်ပြိုင်ရန် စိတ်အားထက်သန်မှု မရှိကြတော့ပေ။

ယခုအချိန်တွင် ဖန်ရှင်း၏ အသွင်အပြင်ကို တင်စား ဖော်ပြရန် မည်သည့် စကားလုံးကို အသုံးပြုရမှန်း မသိတော့သည်အထိပင်။

"သူတကယ်ပဲ ဒီနယ်မြေကြီးကို ဖျက်ဆီးပစ်တော့မှာလား"

"ဒီလူက ထျန်းယွမ်တိုက်ကမှ ဟုတ်ရဲ့လား..
ကြယ်ရောင်စုံကောင်းကင်မှာ ကျော်ကြားခဲ့တဲ့ ဒဏ္ဍာရီလာ
နတ်ဆိုးကြီးများလား"

အံ့သြစရာ ကောင်းသည့် မြင်ကွင်းကို ကြည့်ပြီး ဤနယ်မြေရှိ သတ္တဝါတွေ အားလုံးက ယုန်ထင်ကြောင်ထင် ဖြစ်ကုန်ကြသည်။

ဤမြင်ကွင်းကို မျက်စိဖြင့် တပ်အပ် မမြင်ရခင်က ကျင့်ကြံခြင်း အရာတွင် နိမ့်ပါးသော ဖန်ရှင်းကို ယခုလောက်ထိ အစွမ်းထက် နေလိမ့်မည်ဟု မည်သူကမှ မထင်ခဲ့ကြချေ။

ဒီလိုစွမ်းအားမျိုးက မိစ္ဆာလေးကဲ့သို့ ကျင့်ကြံမှု အားနည်းသော သူမျိုး ပိုင်ဆိုင်နိုင်သောအရာ မဟုတ်ပေ။

ထိုထက်ပို၍ ပြောရလျှင် ဤအရာက လုံး၀ သဘာ၀မကျပေ။

ယခုအချိန်တွင် မိစ္ဆာလေး၏ ရက်စက်ကြမ်းကြုတ်သည့် အမူအရာကို မြင်သူတိုင်းက ဤနယ်မြေကြီးကို တကယ်ပဲ ဖြိုခွဲပစ်မည် ဆိုသည်ကို သံသယ မ၀င်မိကြချေ။

"ငါမင်းနဲ့ တိုက်ချင်ပေမယ့် မင်းက အိမ်ထဲမှာ ပုန်းနေပြီး အပြင်မထွက်ရဲဘူး ဆိုမှတော့ မင်းရဲ့အိမ်ကို ဖြိုဖျက်ပြီး မင်းကို အပြင်ထွက်လာခိုင်းမယ်"

....

....

"မိစ္ဆာလေးရဲ့အစွမ်းက ကြောက်စရာကြီးပါလား"

ဖန်ရှင်း၏ ပြင်းထန်သော တိုက်ခိုက်မှုအောက်တွင် တာအိုသခင်က သေလုမြောပါး ခံစားခဲ့ရပြီး မြေပိုးကောင် တစ်ကောင်ကဲ့သို့ ပုန်းအောင်းကာ ခေါင်းကိုပင် လုံးဝ မဖော်ပြရဲတော့ပေ။

ဖန်ရှင်း၏ ခြိမ်းခြောက်မှုကို ခံနေရသော တာအိုသခင်၏ အသံက တုန်လှုပ်ချောက်ချားစွာ ထွက်ပေါ်လာသည်။

"တကယ်တော့ ဒါက သူဖုံးကွယ်ထားတဲ့ ကမ္ဘာငယ်လေးမဟုတ်ဘူး.. သူကိုယ်တိုင်က ရိုးရှင်းတဲ့ ကမ္ဘာငယ်လေးပဲ.. မဟုတ်ဘူး.. ကမ္ဘာငယ်လေး မဟုတ်ဘူး.. ဒါက ကမ္ဘာကြီး.. သူ့မှာ ကိုယ်ပိုင် ကမ္ဘာကြီး ရှိနေတယ်"

"ဟားဟားဟား..."

တာအိုသခင်၏ ကြောက်ရွံ့တုန်လှုပ်စွာ ရေရွတ်မှုကို ကြားလျှင်ဖန်ရှင်းက ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"အဘိုးကြီး ထွက်လာစမ်း.. ငါနဲ့ ပူးပေါင်းပြီး ဒီနယ်မြေရဲ့အရှင်သခင်ကို ဖမ်းဆီးလိုက်ရအောင်"

"ငါထွက်လာရင် မင်းငါ့ကို သတ်မှာပေါ့.. ငါထွက်လာမှာ မဟုတ်ဘူး.."

တာအိုသခင်က အကြောက်အကန် ငြင်းဆိုလိုက်သည်။

ယင်းအချိန်မှာပင် ဤအပျက်အစီး နယ်မြေကြီး၏ နက်နဲသောနေရာမှ တံခါးတစ်ချပ် ပွင့်သွားသကဲ့သို့ အင်မော်တယ် နတ်ဆိုး ဝိညာဥ်များက လှိုင်းလုံးကြီးများလို ပြေးတက်လာသည်။

ယင်းအင်မော်တယ် နတ်ဆိုး ဝိညာဥ်များက နတ်ဆိုးသခင်၏ စွမ်းအားထက်ပင် အဆတစ်ရာခန့် ပြင်းထန်နေ၏။

ဤအပျက်အစီး နယ်မြေကြီး၏ တစ်နေရာတွင် ထိုအရာများကို ဖန်တီးနေသော ဘုံသခင် ရှိနေသည်။

"မင်းက ဘယ်လို အသွင်အပြင်မျိုးလည်း ဆိုတာ ငါတကယ်ကြည့်ချင်တယ်"

ဖန်ရှင်းက ဤအပျက်အစီး နယ်မြေ၏ နက်နဲရာသို့ တည့်တည့်စိုက်ကြည့်ကာ လှောင်ရယ်၍ ပြောလိုက်သည်။

"ဟားဟားဟား.. ငါ မင်းကို သန့်စင်တဲ့အခါ မင်း ငါ့ကို မြင်နိုင်ပါလိမ့်မယ်..."

"ဟားဟား.. မင်းပြောတာကို ကြားတာနဲ့ မင်း ငါ့အကြောင်းကို လုံးဝ မသိသေးဘူး ဆိုတာ သိသာနေတယ်..."

ဖန်ရှင်းက ခပ်ထေ့ထေ့ ရယ်မောလိုက်ပြီး ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

ထို့နောက် သူ၏ လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ ကြီးမားသော ရေဝဲကြီးများ ဖြစ်ပေါ်လာပြီး အင်မော်တယ် နတ်ဆိုး ဝိညာဉ်များကို နဂါးတစ်ကောင် ကဲ့သို့ စုပ်ယူလိုက်သည်။

"ငါကပဲ သူတပါးကို အမြဲတမ်း လုယက်ခဲ့တာ.. ဘယ်သူက ငါ့ကို လုယက်နိုင်မှာလဲ"

အပိုင်း(၁၃၁၆) ပြီး၏

အပိုင်း(၁၃၁၇) ကပ်ဘေးမိုးကြိုးစေလွှတ်ခြင်း

မင်း ငါ့ရဲ့ အင်မော်တယ် ဝိညာဉ်ကို ဘယ်လို အတင့်ရဲပြီး ယူရဲတာလဲ.. အတင့်ရဲလိုက်တာ"

ဖန်ရှင်း၏ လုပ်ရပ်က ဘုံသခင်ကို ရူးသွပ်မတတ် ဒေါသထွက်စေခဲ့သည်။

ဖန်ရှင်းက စကြဝဠာ သိုလှောင်အိတ် အစွမ်းဖြင့် အင်မော်တယ် နတ်ဆိုး ဝိညာဉ် အားလုံးကို စုပ်ယူပစ်လိုက်ခြင်းပင်။

ယခုအခါတွင် တာအိုသခင်က ဖန်ရှင်းကို အလွန်အမင်းကြောက်လန့်နေပြီး အထွတ်အထိပ်သို့ ရောက်ရှိနေသော သူ၏ စွမ်းအားနှင့် လိုက်လျောညီထွေ မနေနိုင်လောက်အောင် ဖြစ်နေသည်။

သူက ထိတ်လန့် တကြားဖြင့် အော်ဟစ်လိုက်သည်။

"ဘုံသခင်.. ငါ့ကိုကယ်ပါ.. ငါမသေချင်သေးဘူး.. အင်မော်တယ်ဘုရင် ဖြစ်ချင်သေးတယ်"

"အင်မော်တယ်ဘုရင် ဖြစ်လည်း မင်းကို တစ္ဆေသရဲ ဖြစ်အောင် ငါလုပ်ပစ်မယ်"

ဖန်ရှင်းက တာအိုသခင်ကို မထီမဲ့မြင်ပြုပြီး အေးစက်စက် ပြောလိုက်သည်။

"ဝုန်း"

စကားဆုံးသည်နှင့် ဖန်ရှင်းက တာအိုသခင် ရှိနေသည့် နေရာသို့ လက်သီးဖြင့် ထိုးချလိုက်သည်။

"ဝုန်း.. ဝုန်း.. ဝုန်း"

တာအိုသခင်ကလည်း ဆက်လက် မပုန်းကွယ်ရဲတော့ဘဲ ဖန်ရှင်း၏ လက်သီးချက်ကို ခုခံလိုက်ရာ ကြောက်မက်ဖွယ်ပေါက်ကွဲသံများက မရေမတွက်နိုင်အောင် ဖြစ်ပေါ်လာသည်။

ပေါက်ကွဲသံက အဝေးရှိ ကြယ်ရောင်စုံ ကောင်းကင်ကြီးထိပင် ပျံ့နှံ့သွားခဲ့သည်။

တာအိုသခင်၏ အင်မော်တယ် မှော်စွမ်းအားက အလွန်ကြောက်မက်ဖွယ် ကောင်းသော်လည်း တစ်ကမ္ဘာလုံးကို ထိန်းချုပ်ထားသည့် ဖန်ရှင်း၏ ရုန့်ရင်းသော စွမ်းအားနှင့် ယှဉ်လိုက်လျှင် ခြေတစ်လှမ်းလောက် နောက်ကျ ကျန်နေမှန်း သိသာနေသည်။

တာအိုသခင်က အံကြိတ်၍ ဖန်ရှင်းနှင့် ဆက်လက် တိုက်ခိုက်နေခဲ့၏။

သူနှင့် ဖန်ရှင်းတို့ နှစ်ဦးစလုံးက ကြောက်မက်ဖွယ် စွမ်းအားများနှင့် အတူ အဆုံးမရှိ ကိုယ်ခံပညာများကို ထုတ်သုံးခဲ့ကြသည်။

၎င်းတို့နှစ်ဦး၏ ထိပ်တိုက် ရင်ဆိုင်မှုမှ ဖြစ်ပေါ်လာသော ချီစက်ကွင်းများကြောင့် ပတ်ဝန်းကျင်ရှိ မရေမတွက်နိုင်သော မကောင်းဆိုးဝါး မိစ္ဆာများက ပေါက်ကွဲထွက်သွား၏။

ချီစက်ကွင်းမှ လွတ်မြောက်သူ တချို့ကမူ ဝေးရာသို့ ထွက်ပြေးသွားကြသည်။

တိုက်ပွဲ စစ်မြေပြင်ထဲမှ နှစ်ယောက်တွင် တစ်ယောက်က ဘုံသခင် ကောင်းချီး ပေးထားသည့် အင်မော်တယ် နတ်ဆိုး မှော်စွမ်းအားကို ထုတ်သုံးနေပြီး တစ်ယောက်က စိတ်ကူးယဉ် ဆန်လွန်းသော အသိစိတ်ကမ္ဘာကို ထိန်းချုပ်ကာ တိုက်ခိုက်နေသည်။

ဤ ကြောက်မက်ဖွယ် ကောင်းသော တိုက်ပွဲတွင် ဖန်ရှင်းက အသာစီးရခဲ့ပြီး တာအိုသခင်ကို ဖိနှိပ်နိုင်ခဲ့သည်။

သူ၏ ကြောက်စရာ ကောင်းသော စွမ်းအားက ခေါင်းတလားကျမ်းစာများကို နားလည်ပြီး နောက်တွင် ပြီးပြည့်စုံသော ပေါင်းစပ်မှု တစ်ခု ဖြစ်လာသည်။

"မင်းက ငါနဲ့ တိုက်ခိုက်ဖို့ အများကြီး လိုအပ်နေပါသေးတယ်"

ဖန်ရှင်းတို့ အပြင်းအထန် တိုက်ခိုက်နေချိန်တွင် ဘုံသခင်က ဖန်ရှင်းကို ခနဲ့လိုက်သည်။

"မင်းမှာ တစ်ကယ့် ခန္ဓာကိုယ် ရှိပုံ မပေါ်ဘူး.. မင်းက တခြားသူတွေကိုပဲ ရှေ့ထွက်ခိုင်းနေတဲ့ ငကြောက် တစ်ယောက်ပဲ"

ဖန်ရှင်းက တာအိုသခင်ကို တိုက်ခိုက်ရင်း ဘုံသခင်ကို ကြိမ်းမောင်းလိုက်သည်။

"မင်း ငါ့ကို လျှော့တွက်နေတာလား.."

ဖန်ရှင်း၏ စကားကြောင့် ဘုံသခင်က ဒေါသအိုး ပေါက်ကွဲကာ ရူးသွပ်လုနီးပါး အော်ဟစ်လိုက်သည်။

"မင်းကိုယ်တိုင်က ကမ္ဘာကြီး ဖြစ်နေတဲ့ အတွက် မင်းရဲ့ ခွန်အားက အင်မော်တယ်ဘုရင်နဲ့တောင် ယှဉ်နိုင်လိမ့်မယ်.. ဒါပေမဲ့ မင်းရဲ့ကျင့်ကြံမှုက မလုံလောက်ဘူး.. အရမ်း အားနည်းလွန်းတယ်.. အချိန်တန်ရင် မင်းရော မင်းရဲ့ ကမ္ဘာကြီးကိုပါ ငါသန့်စင်နိုင်လိမ့်မယ်"

ဘုံသခင်က ကျယ်လောင်သော အသံဖြင့် အော်ငေါက်ရင်း အဆုံးမဲ့ အင်မော်တယ် တိမ်တိုက်များနှင့် နတ်ဆိုးစွမ်းအင်များကို ဤပျက်စီးနေသော နယ်မြေ၏ ကောင်းကင်ယံ၌ စုဝေးလာစေခဲ့သည်။

ယင်း တိမ်တိုက်ထဲတွင် အဆုံးမဲ့ ဖျက်ဆီးနိုင်သော အလွန်ကြောက်စရာ ကောင်းသည့် အော်ရာများ ထွက်ပေါ်နေသည်။

"အဲဒါ... ကပ်ဘေးမိုးကြိုးကို ဖြစ်ပေါ်စေတဲ့ အရင်းအမြစ်တွေ မဟုတ်လား"

လုကျန်းက အဆုံးမဲ့ အင်မော်တယ် တိမ်တိုက်များနှင့် နတ်ဆိုးစွမ်းအင်များကို အဝေးမှ မြင်လိုက်ရလျှင် မျက်နှာပေါ်ရှိ အမူအရာက ရုတ်တရက် အလွန် ပြောင်းလဲသွားသည်။

သူက တိမ်တိုက်ထဲကနေ အလွန် ရင်းနှီးပြီး ကြောက်မက်ဖွယ် ကောင်းသော အငွေ့အသက်ကို ရုတ်တရက် ခံစားလိုက်ရသည်။

ကပ်ဘေးမိုးကြိုး..

ကျင့်ကြံသူတိုင်းက အဆုံးသတ်တွင် မိုးကြိုးကပ်ဘေးမှ မလွတ်မြောက်နိုင်ပေ။

ဤမိုးကြိုးကပ်ဘေးက ကောင်းကင်နှင့် မြေကြီး၏ အလိုဆန္ဒကို အမှန်တကယ် ထင်ထင်ရှားရှား ပြသခြင်းပင် ဖြစ်သည်။

ကပ်ဘေးမိုးကြိုးက ထျန်းယွမ်တိုက်မှာတင် မဟုတ်ဘဲ မည်သည့်ကမ္ဘာတွင် မဆို ကောင်းကင်နှင့် မြေကြီး၏ အလိုတော်အရ တည်ရှိမှု ဖြစ်သည်။

ထျန်းယွမ်တိုက်တွင် ရှိစဥ်ကဆိုလျှင် လုကျန်းက မိမိကိုယ်မိမိ ယုံကြည်မှု မရှိသောကြောင့် နဝမမြောက် မိုးကြိုးကပ်ဘေးကို ရင်မဆိုင်ရစေရန် ဆိတ်ငြိမ်ရာ အရပ်တွင် နှစ်ထောင်ပေါင်းများစွာ

ပုန်းအောင်းနေခဲ့ရသည်။

ယခု သူက မိုးကြိုးကပ်ဘေး၏ အရိပ်အယောင်ကို ထပ်မံ ခံစားလိုက်ရသော်လည်း အရင်ကလို မကြောက်ရွံ့တော့ပေ။

ယခုအချိန်တွင် ဘုံသခင်က ဖန်ရှင်းကို မည်သို့မည်ပုံ ကိုင်တွယ်ချင်သည်ကို လုကျန်းက ကောင်းစွာ ရိပ်မိသွားခဲ့သည်။

ဘုံသခင်၏ အသွင်အပြင်ကို လက်ရှိအချိန်အထိ မမြင်ရသေးသော်လည်း ဘုံသခင်က ဉာဏ်ရည် အလွန် ထက်မြက်သည်မှာ သေချာသည်။

ယခုအချိန်တွင် ဖန်ရှင်းက အသိစိတ်ကမ္ဘာကို ဗဟိုပြု၍ အဆုံးမရှိသော တန်ခိုးစွမ်းအားကို ပိုင်ဆိုင်နေသည်။

သို့ရာတွင် သူ့မှာလည်း အားနည်းချက်တွေ ရှိနေပါသေးသည်။

သူ၏ အားနည်းချက်မှာ ကျင့်ကြံမှု အားနည်းခြင်းပင် ဖြစ်သည်။

အစစ်အမှန် ကမ္ဘာတစ်ခုလုံးကို အုပ်စိုးသည် ဖြစ်ပါစေ.. ကျင့်ကြံမှု မလုံလောက်သော အချက်က လျစ်လျူရှု၍ မရသောအချက် ဖြစ်သည်။

ကျင့်ကြံမှု မလုံလောက်သည့်သူတွေ အကြောက်ဆုံးက ဘယ်အရာနည်း။

ထိုအရာက ကျင့်ကြံမှုနယ်ပယ်ထက် ကျော်လွန်သော ကပ်ဘေးမိုးကြိုးပင် ဖြစ်ကြောင်း သံသယ ဖြစ်ဖွယ်ရာမရှိပေ။

ဘုံသခင်က ဤပျက်စီးနေသော နယ်မြေကို ရှင်းလင်းစွာ သန့်စင်ထားခဲ့ပြီး ပြိုင်ဘက်ကို ပြင်းထန်စွာ ထိုးနှက်ရန် ကပ်ဘေးမိုးကြိုးကို ထုတ်ဖော်ခဲ့သည်။

ဘုံသခင် အတွက်လည်း ဤချဥ်းကပ်မှုက ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေ၏။

ပြင်းထန်သော ကပ်ဘေးမိုးကြိုးကို ထုတ်ဖော်လိုက်လျှင်

ဤနယ်မြေကြီး ပျက်စီးသွားမည်မှာ သိသာ ထင်ရှားနေသည်။

သို့သော် ဖန်ရှင်းကိုသာ အနိုင်ရလျှင်
ဘယ်လောက်ဆုံးရှုံးသည်ဖြစ်စေ.. ဘုံသခင်က တွန့်ဆုတ်နေမည်
မဟုတ်ပေ။

လက်ရှိအခြေအနေအတွက် ဤဆုံးရှုံးမှုက တကယ်ကို
ထိုက်တန်သည်ဟု ဆိုနိုင်သည် မဟုတ်ပါလား။

အလွန် ထက်မြက်သော နယ်ပယ်မှသာ ကပ်ဘေးမိုးကြိုးကို
ရင်ဆိုင်နိုင်မည် ဖြစ်သည်။

"ဂျိန်း.. ဂျိန်း.. ဂျိန်း"

အင်မော်တယ် တိမ်တိုက်များနှင့် နတ်ဆိုးစွမ်းအင်များ စုစည်းလာကာ
ဖော်မပြနိုင်အောင် ကြောက်မက်ဖွယ် ကောင်းသည့် မိုးခြိမ်းသံများ
ထွက်ပေါ်လာသည်။

ယင်းအချိန်တွင် တာအိုသခင်က စွမ်းအားများကို

စုစည်းထားလိုက်သည်။

မိုးကြိုးများ ဖုံးလွှမ်းသွားသော အချိန်က ဖန်ရှင်းကို သတ်ပစ်ရန် သူ၏ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်နေသည်။

"ငါလာပြီ"

အောင်းလီက ကပ်ဘေးမိုးကြိုး သက်ဆင်းလာသည့် မြင်ကွင်းကို အဝေးမှ မြင်လိုက်ရလျှင် အံ့အားသင့်ကာ ပြေးတက်လာခဲ့သည်။

သူက ကပ်ဘေးမိုးကြိုးကို သူ၏ ခန္ဓာကိုယ်ကို အသုံးပြု၍ တားဆီးရန် ဆုံးဖြတ်လိုက်ခြင်းပင်။

သို့ရာတွင် အောင်းလီနှင့် တိုက်ခိုက်နေသည့် နတ်ဆိုးသခင်ကအောင်းလီ၏ အကြံအစည်ကို ရိပ်စားမိပြီး အစွမ်းကုန် ဟန့်တား ထားလိုက်ရာ နဂါးဦးချို ပိုင်ရှင် ဖြစ်သည့် အောင်းလီက ဖန်ရှင်းကို မကူညီနိုင်တော့ပေ။

ထိုအချိန်မှာပင် အဆုံးမဲ့ တိမ်တိုက်ကြားကနေ

ထူထဲသောမိုးကြိုးတစ်စင်းက ဖန်ရှင်းဆီသို့ ကျဆင်းသွားသည်။

ထိုမိုးကြိုးက ထျန်းယွမ်တိုက်တွင် ဖန်ရှင်း ရင်ဆိုင်ခဲ့ရသော
ကပ်ဘေးမိုးကြိုးထက် အဆမတန် ပြင်းထန်နေသည်။

"အကိုတော်ဖန် ထွက်ပြေးတော့.."

ဗုဒ္ဓသခင်နှင့် အပြင်းအထန် တိုက်ခိုက်နေသော လုကျန်းက
စိတ်မထိန်းနိုင်တော့ဘဲ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ဖန်ရှင်းက ဤနယ်မြေကြီးတွင် မွေးဖွားလာသူ မဟုတ်သောကြောင့်
လျင်မြန်စွာ ထွက်ပြေးနိုင်လျှင် ဤမိုးကြိုးကပ်ဘေးမှ
လွတ်မြောက်နိုင်ပါသေးသည်။

မွေးရပ်မြေ ဖြစ်သည့် ထျန်းယွမ်တိုက်တွင် ဆိုလျှင်မူ သူက
ထွက်ပြေး၍မရဘဲ ကပ်ဘေးမိုးကြိုးက သူ့ကို မထိမချင်း
သူ့နောက်ကို လိုက်လာမှာ ဖြစ်သည်။

"ဂျိန်း.. ဂျိန်း.. ဂျိန်း.. ဂျိန်း.."

အဆုံးမရှိသော မိုးခြိမ်းသံများက ကပ်ဘေးမိုးကြိုးများ အဖြစ်သို့ ပြောင်းလဲသွားပြီး ဖန်ရှင်း၏ ခန္ဓာကိုယ်ကို မိုင်ထောင်ပေါင်း များစွာအထိ နစ်မြုပ်စေခဲ့သည်။

"ယောက်ဖ..."

"အကိုတော်..."

အောင်းလီနှင့် လုကျန်းတို့က ထိုမြင်ကွင်းကို မြင်လျှင် တစ်ချိန်တည်းမှာပင် လန့်ဖြန့်ကာ အော်ဟစ်လိုက်ကြသည်။

ကပ်ဘေးမိုးကြိုးကို ကြည့်ကာ ဖန်ရှင်း ကယ်တင်ခဲ့သည့် တာအို ကျင့်ကြံသူများ၏ မျက်လုံးများက အနည်းငယ် မှိန်ဖျော့သွားခဲ့သည်။

သူတို့က ဖန်ရှင်းကို အလေးအနက် ထားခဲ့ကြသူများ ဖြစ်ရာမိုးကြိုးပင်လယ်ထဲ ဖန်ရှင်း နစ်မြုပ်နေသော မြင်ကွင်းကြောင့် သူတို့၏ ရှင်သန်နိုင်မည့် အခွင့်အရေးက မသေချာတော့သလိုခံစားလိုက်ရသည်။

"ဝုန်း"

"ဝုန်း"

"ဟားဟား.. သေစမ်း.. သေလိုက်စမ်း"

ဘုံသခင်ကို မရေမတွက် နိုင်သော ကပ်ဘေးမိုးကြိုးများကို စေလွှတ်ရင်း အားရပါးရ ရယ်မောလိုက်သည်။

ယခုအချိန်တွင် ကပ်ဘေးမိုးကြိုးကြောင့် ဤနယ်မြေကြီးပျက်စီးသွားလည်း ဘုံသခင်က ဂရုမစိုက်နိုင်တော့ပေ။

သူက ဖန်ရှင်းကို အသက်ရှူဖို့ အခွင့်အရေးပင် မပေးဘဲ ကပ်ဘေးမိုးကြိုးကို ဆက်တိုက် ဖြိုခွဲစေခဲ့သည်။

ထိုမြင်ကွင်းကို ကြည့်၍ ဘုံသခင်က ဖန်ရှင်းကို သေစေရုံတင် မဟုတ်ဘဲ အစိတ်စိတ် အမွှာမွှာ ဖြစ်စေရန် ရည်ရွယ်နေမှန်း

သိသာနေသည်။

အပိုင်း(၁၃၁၇) ပြီး၏

အပိုင်း(၁၃၁၈) စိတ်ရင်းဖြင့်ကျေးဇူးတင်ရှိခြင်း

တစ်...နှစ်.. သုံး.. လေး..

မိုးကြိုးတစ်စင်း.. မိုးကြိုးနှစ်စင်း.. မိုးကြိုးသုံးစင်း..
မိုးကြိုးလေးစင်း..

ဤနယ်မြေရှိ သက်ရှိသတ္တဝါများ အနေဖြင့် ကျင့်ကြံရာတွင်
အဆင့်တစ်ခုကို ရောက်လျှင် အနည်းနှင့် အများ ဆိုသလို
မိုးကြိုးကပ်ဘေးကို ကြုံတွေ့ကြရလေ့ ရှိသည်။

သူတို့က မိုးကြိုးကပ်ဘေးကို မြင်ဖူးကြသော်လည်း ဤမျှ
ကြောက်စရာ ကောင်းသော မိုးကြိုးကပ်ဘေးကိုမူ တခါမှ မတွေ့ဖူးဟု
ကျိန်ဆိုရဲပေသည်။

သူတို့ ကြုံတွေ့ရသော မိုးကြိုးကပ်ဘေး အများစုတွင် မိုးကြိုးတစ်စင်း သို့မဟုတ် နှစ်စင်းသာ ရှိပေသည်။

ကောင်းကင်နှင့်မြေကြီး၏ အပြည့်စုံဆုံးသော နိယာမတရားများရှိသော ထျန်းယွမ်တိုက်တွင်မူ မိုးကြိုးကပ်ဘေးက တစ်စင်း.. နှစ်စင်းတည်း မဟုတ်ဘဲ အများအပြား ရှိသည်။

ဆိုလိုသည်မှာ ပထမ မိုးကြိုးကပ်ဘေးတွင် မိုးကြိုးတစ်စင်း.. ဒုတိယ မိုးကြိုးကပ်ဘေးတွင် မိုးကြိုး နှစ်စင်း.. တတိယ မိုးကြိုးကပ်ဘေးတွင် သုံးစင်း.. အစရှိသဖြင့် ရေတွက်လျှင် နဝမမြောက် မိုးကြိုးကပ်ဘေး၌ မိုးကြိုးကိုးစင်း ရှိမှန်း သိနိုင်ပေသည်။

သို့ရာတွင် ဖန်ရှင်း ယခု ကြုံတွေ့နေရသည့် မိုးကြိုးကပ်ဘေးကမူ မိုးကြိုးအစင်းပေါင်း မရေမတွက်နိုင်အောင် ရှိနေပြီးမိုးကြိုးပင်လယ်ထဲ ရောက်ရှိနေသလိုပင် ဖြစ်နေသည်။

ဘုံသခင်က ဖန်ရှင်း မသေမှာ စိုးရိမ်၍ မိုးကြိုးကပ်ဘေးတွေ အားလုံးကို တစ်စုတစ်စည်းတည်း စေလွှတ်လိုက်သလိုပင်။

ပြောစရာ မလိုလောက်အောင်ပင် ဖန်ရှင်း တည်ရှိနေသည့်နေရာက လက်ရှိအချိန်တွင် မိုးကြိုးကပ်ဘေးကြောင့်ကြီးမားသော တွင်းနက်ကြီးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဖန်ရှင်းကို အားကိုးနေရသည့် တာအိုကျင့်ကြံသူများက မိုးကြိုးကပ်ဘေးကို ငေးကြည့်ရုံမှတပါး ဖန်ရှင်းဆီသို့ ခြေတစ်လှမ်းပင် မလှမ်းဝံ့ကြပေ။

အောင်းလီနှင့် လုကျန်းတို့ပင် လက်ရှိအချိန်၌ တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့ရာတွင် သူတို့၏ မျက်လုံးများကမူ အဆုံးမဲ့ စိုးရိမ်မှုများဖြင့် ပြည့်နှက်နေသည်။

သူတို့က ဖန်ရှင်း အပေါ် ယုံကြည်မှုအပြည့် ရှိသော်လည်းပြင်းထန်သည့် မိုးကြိုးကပ်ဘေးကြောင့် မရေမရာ ဖြစ်လာသည်။

"သူ သေချာပေါက် ကျော်ဖြတ်နိုင်မှာ မဟုတ်လောက်ဘူး.."

လုကျန်းက စိတ်ထဲတွင် ဝမ်းနည်းစွာ တွေးမိလိုက်သည်။

"ထျန်းယွမ်တိုက်ရဲ့ နဝမမြောက် မိုးကြိုးကပ်ဘေးကို တွန်းလှန်ဖို့ ယုံကြည်မှုရှိပေမဲ့ ဒီမိုးကြိုးကပ်ဘေးကိုတော့ ငါခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

အောင်းလီကလည်း လည်ချောင်းများ ခြောက်သွေ့လာသလို ခံစားနေရ၍ တံတွေးကိုသာ မျိုချနိုင်ခဲ့သည်။

မိုးကြိုးရေကန်ကနေ နိုးထ လာကတည်းက မည်သည့် မိုးကြိုးကပ်ဘေးကိုမှ မကြောက်ခဲ့သော်လည်း ယခု မိုးကြိုးကပ်ဘေးကိုတော့ သူ့စိတ်ထဲကနေ တကယ်ကို ကြောက်ရွံ့နေခဲ့သည်။

သူ၏စိတ်ထဲ၌

"ငါသာဆိုရင် ဒီမိုးကြိုးကပ်ဘေးကနေ ရှင်သန်နိုင်ပါ့မလား"

ဟူသော သံသယ မေးခွန်းများပင် ဖြစ်ပေါ်လာသည်။

"ဟားဟား.. ဒီတစ်ခါတော့ မင်းမသေချင်လည်း သေရတော့မယ်"

ဘုံသခင်၏ ခြောက်ကပ်ကပ် ရယ်မောသံက အဆုံးမဲ့ ပျော်ရွှင်မှုများဖြင့် ရောနှောနေသည်။

"မြန်မြန်သေစမ်း.. မင်းသေရင် မင်းရဲ့ကမ္ဘာကြီးကို ငါသန့်စင်ပြီး ဒီနယ်မြေကို တကယ့် ဒဏ္ဍာရီလာ နယ်မြေကြီး အဖြစ် ငါဖန်တီးမယ်"

မိုးကြိုးကပ်ဘေး ပြီးဆုံးမည့်အချိန်.. လျှပ်စီးကြောင်းတွေပျောက်ကွယ်သွားမည့် အချိန်ကို အားလုံးက စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

လက်ရှိအချိန်တွင် တိုက်ပွဲအားလုံးက မသိစိတ်ကနေ ရပ်တန့်သွားပြီး နောက်တစ်ကြိမ် ထပ်မံ တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိကြတော့ပေ။

လေထဲမှ အင်မော်တယ် တိမ်တိုက်များနှင့် နတ်ဆိုးစွမ်းအင်များ

ပျောက်ကွယ်သွားသောအခါ မိုးကြိုးကပ်ဘေးက သဘာဝအတိုင်း ကြာရှည် မခံတော့ဘဲ အရင်းအမြစ် မရှိသော ရေကဲ့သို့ ဖြစ်လာသည်။

ခဏကြာပြီးနောက် မိုးကြိုးများက တစ်စင်းပြီး တစ်စင်း ပျောက်ကွယ်သွားခဲ့၏။

အဆုံးသတ်တွင် မိုးကြိုးကပ်ဘေးက ပြီးဆုံးသွားပြီ ဖြစ်သည်။

မိုးကြိုးကပ်ဘေးနှင့် စက်ကွင်း မလွတ်သည့် နေရာများတွင် မြက်တစ်ပင်တောင်မှ မကျန်ရှိခဲ့ပေ။

ကျိုးကြေနေသော ကျောက်တုံး အပိုင်းအစများနှင့် ကျောက်စရစ်များပင် ပျောက်ကွယ်သွားကာ အနှိုင်းမဲ့ ချောမွေ့သော ဖန်သားရောင် အဖြစ်သို့ ပြောင်းလဲသွားသည်။

မိုးကြိုးထိမှန်သည့် အစိတ်အပိုင်းတစ်ခုလုံးက နတ်လက်နက်ဖြင့် ခုတ်ချလိုက်သကဲ့သို့ ချောမွေ့သပ်ရပ်နေသည်။

မိုးကြိုးကပ်ဘေး ပျောက်ကွယ်သွားသည်နှင့် အမျှ ကျင့်ကြံသူအားလုံး၏ မျက်လုံးများက မိုးကြိုးကပ်ဘေးကြောင့် ဖြစ်ပေါ်လာသည့် တွင်းနက်ကြီး၏ အောက်ခြေကိုသာ ရောက်ရှိနေသည်။

ထိုနေရာတွင် တစ်ကိုယ်လုံး မည်းနက်နေပြီး ဝတ်ရုံများ စုတ်ပြတ်သတ်နေသည့် လူတစ်ယောက်က ငြိမ်သက်စွာ ထိုင်နေ၏။

"သူသေသွားပြီလား"

တာအိုကျင့်ကြံသူ တစ်ယောက်က တုန်ယင်သောလေသံဖြင့် ရေရွတ်လိုက်သည်။

မီးလောင်ကျွမ်း၍ မည်းနက်နေသော လူက ကျောက်တုံး ကဲ့သို့ မလှုပ်မယှက် ဖြစ်နေပြီး တုံ့ပြန်မှု လုံးဝ မရှိခဲ့ပေ။

"ဟားဟားဟား"

ရုတ်တရက် ဘုံသခင်၏ စိတ်လှုပ်ရှားစွာ ရယ်မောလိုက်သောအသံက

ထွက်ပေါ်လာသည်။

"သေပြီ.. မင်း နောက်ဆုံးတော့ သေပြီ.."

ဘုံသခင်၏အသံကို ကြားလျှင် လုကျန်း.. အောင်းလီနှင့် တာအိုကျင့်ကြံသူများ၏ စိတ်ဓာတ်က လုံးဝကို အားလျော့သွားသည်။

"ဟေး.. "

မကောင်းဆိုးဝါး.. နတ်မိစ္ဆာများကမူ ရုတ်တရက် အားရဝမ်းသာ ဟစ်ကြွေး လိုက်ကြပြီး ကခုန် အောင်ပွဲခံလိုက်ကြ၏။

ထိုအသံက ကြယ်ရောင် ကောင်းကင်ဆီသို့ပင် ပျံ့နှံ့သွားသည်။

....

....

"ဘယ်သူသေတာလဲ"

တာအိုကျင့်ကြံသူတွေ စိတ်ဓာတ်ကျပြီး မကောင်းဆိုးဝါးနတ်မိစ္ဆာတွေ ပျော့်ရှင်မှု အထွတ်အထိပ် ရောက်နေသော အချိန်တွင် ပေါ့ပေါ့ပါးပါး မေးလိုက်သော အသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာပြီး မကောင်းဆိုးဝါး နတ်မိစ္ဆာများ၏ ပျော်ရွှင်မှု အားလုံးကို တစ်ဝက်တစ်ပျက်မှာပင် မြေမြုပ်ပစ်လိုက်သည်။

အားလုံးသော လူများ၏ မျက်လုံးများက တွင်းနက်ကြီး၏ အောက်ခြေဆီသို့ စိုက်ကြည့်လိုက်ကြသည်။

ဤအခိုက်အတန့်တွင် တွင်းနက်ကြီး အောက်ခြေရှိ ဖန်ရှင်း၏ ခန္ဓာကိုယ်ထဲတွင် ချီများက တစ်ဟုန်ထိုး မြင့်တက်လာပြီး တခဏချင်းမှာပင် အလွန် ကြောက်စရာကောင်းသည့် အဆင့်ထိ ထိုးတက်သွားခဲ့၏။

တုန်လှုပ် ခြောက်ခြားစရာ ကောင်းလောက်အောင် ချီများ မြင့်တက်လာသော အချိန်တွင် ဖန်ရှင်း၏ မျက်လုံးက ရုတ်တရက်ပွင့်လာခဲ့သည်။

သူ၏ မျက်လုံးအရောင်က ကောင်းကင်ပေါ်က ကြယ်တွေထက်ပင် ပိုမိုတောက်ပနေ၏။

ထိုမျက်လုံးနှစ်လုံးကြောင့်ပင် ဤအပျက်အစီး နယ်မြေကြီးက ပို၍ တောက်ပလာခဲ့သည်။

ဖန်ရှင်းက မျက်လုံးများကို ဖွင့်ပြီးနောက် ဖြည်းညှင်းစွာ ထရပ်လိုက်သည်။

သူ၏ အဆုံးမရှိ လောင်ကျွမ်းနေသော အသားအရေကို နတ်အလင်းရောင်များက ပြန်လည် ကုစားပေးလိုက်ပြီး နောက်တွင် သူ၏တစ်ကိုယ်လုံးကို တာအိုဘာသာနှင့် နတ်ဆိုးစွမ်းအင် တစ်မျိုးမျိုးက ဝတ်စုံ တစ်စုံနှယ် ဖုံးလွှမ်းနေသည်။

တစ်ချိန်တည်းမှာပင် သူ့မျက်လုံးများက တစ်နေရာသို့ ကြည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သူက အကြွင်းမဲ့ ရိုးသားသော အသံဖြင့် တိုးတိုးလေး ရေရွတ်လိုက်သည်။

သူ့ဘဝမှာ မည်သူ့ကိုမှ ကျေးဇူးတင်တယ်ဟု မပြောခဲ့သော်လည်း ဤအချိန်တွင်တော့ ရိုးသားစွာ ပြောခဲ့သည်။

"ဒါ.. ဘယ်လိုဖြစ်နိုင်မှာလဲ.."

အချိန်အတော်ကြာပြီးနောက် ဘုံသခင်၏ တုန်လှုပ်ချောက်ခြားသော အသံက ထွက်ပေါ်လာသည်။

"မင်း.. မင်း ဘယ်လို ရှင်သန်နိုင်ခဲ့တာလဲ"

"ဒီလောက် ပြင်းထန်တဲ့ မိုးကြိုးကပ်ဘေးကို အစစ်အမှန် အင်မော်တယ် တောင်မှ မခံနိုင်လောက်ဘူး.. မင်းက ဘယ်လို နည်းလမ်းသုံးပြီး လွတ်မြောက်ခဲ့တာလဲ"

"မင်းက ကပ်ဘေး တတိယအဆင့်ပဲ ရှိတာ သေချာပါတယ်..

ဘယ်လိုလုပ်ပြီး မရေမတွက်နိုင်တဲ့ မိုးကြိုးကပ်ဘေးတွေကို တွန်းလှန်နိုင်ရတာလဲ"

ဘုံသခင်၏ အသံက ပိုမို ကျယ်လောင်လာပြီး ရှုးသွပ်လုနီးပါး ဖြစ်နေ၏။

သူ၏ ဆူပူကြိမ်းမောင်းသော စကားက ပတ်ဝန်းကျင်မှ လူများကို တုန်လှုပ် ချောက်ခြားစေသည်။

အထူးသဖြင့် အောင်းလီနှင့် လုကျန်းကဲ့သို့ ဖန်ရှင်း၏ ခွန်အားကို နားလည်သူများ အတွက် ပို၍ပင် နားလည်ရ ခက်နေသည်။

ဖန်ရှင်းက ခံနိုင်ရည်စွမ်းထက် ကျော်လွန်နေသော မိုးကြိုးကပ်ဘေးကို မည်ကဲ့သို့ ကျော်ဖြတ်နိုင်ခဲ့ပါသနည်း။

ဤမိုးကြိုးကပ်ဘေးသည် ထျန်းယွမ်တိုက်၏ နဝမမြောက် မိုးကြိုးကပ်ဘေးနှင့် ယှဉ်နိုင်သည်အထိ ပြင်းထန်သည်။

သို့ဆိုလျှင် ဖန်ရှင်းက ကပ်ဘေးကိုးခုကို တိုက်ရိုက် ခုခံနိုင်သည်ဟု

ဆိုလိုရာ ရောက်နေပါသလော။

......

......

"ဟားဟား.. ဘာမဟုတ်တဲ့ မိုးကြိုးကပ်ဘေးက ဘယ်လိုလုပ်ငါ့ကို တားနိုင်မှာလဲ"

မရေတွက်နိုင်သော လူများ၏ သံသယ အကြည့်များကို ဖန်ရှင်းက လျစ်လျူရှုလိုက်ပြီး သူ၏လက်ရှိ အသွင်အပြင်ကိုကြည့်ကာ ဝင့်ကြွားလိုက်သည်။

"ငါထျန်းယွမ်တိုက်မှာ ရှိစဉ်ကဆိုရင် လူတိုင်း မက်မောကြတဲ့ခေါင်းတလား ဆီက ကျမ်းစာတွေကို ရရှိခဲ့တယ်.. နဂါးမျိုးနွယ်စုရဲ့ ရှေးဟောင်းလမ်းကို ခြေချတော့လည်း ဆိတ်ငြိမ်မြေဆီလွှာကို ရရှိပြီး အစစ်အမှန် ကမ္ဘာကြီးကို ပုံဖော်နိုင်ခဲ့တယ်.. ဒီနယ်မြေမှာလည်း ဘာသာတရား သုံးပါးလုံးရဲ့အမွေအနှစ်တွေကို ကျင့်ကြံနိုင်ခဲ့တယ်.."

"ငါ့မှာ အဘက်ဘက်က တိုးတက်လာပေမဲ့ ကျင့်ကြံမှု အဆင့်ကတော့ အားနည်းနေခဲ့တယ်.. ဒါကို မြှင့်တင်ဖို့ မိုးကြိုးကပ်ဘေးကို တကယ်ပဲ လိုအပ်နေခဲ့တယ်"

"မင်းက ငါ့ကို မိုးကြိုးကပ်ဘေးကို သုံးပြီး သတ်ချင်ပေမဲ့ အဲ့ဒါက မမျှော်လင့်ဘဲ ငါ့အတွက် လက်ဆောင်တစ်ခုလို ဖြစ်သွားခဲ့တယ်.. အရင်းအနှီး စိုက်မထုတ်ရဘဲ ရရှိတဲ့ ဒီဓားပြတိုက်မှုအတွက် တကယ်ကို ကျေးဇူးတင်ပါတယ်.. အဲ့ဒါကြောင့်ပဲ ငါ့ခန္ဓာကိုယ်ကို သန့်စင်စေပြီး ငါ့ဝိညာဉ်ကို ပြန်လည်ပုံဖော်ဖို့ လုပ်နိုင်ခဲ့တယ်.. ငါ့ရဲ့ ကျင့်ကြံမှု အခြေခံကို ပြန်လည် သွန်းလုပ်ပြီးနောက်မှာ ငါ့ရဲ့ ကျင့်ကြံမှု လမ်းကြောင်းက ပြီးပြည့်စုံလုနီးပါး ဖြစ်သွားခဲ့ပြီ"

"ဒါတွေအားလုံးက မင်းကြောင့်ပဲ"

ဖန်ရှင်းက ဤနယ်မြေ၏ နက်နဲရာအရပ်သို့ ဦးညွှတ်၍ ဂါရဝပြုလိုက်သည်။

"ငါ မင်းကို ကျေးဇူးတင်ပါတယ်"

စကားဆုံးသည်နှင့် သူက လေဟာနယ်ကို ဆုပ်ဖြဲကာ တည်နေရာ ရွှေ့ပြောင်းသော အစွမ်းကို ထုတ်သုံး၍ တာအိုသခင် ရပ်နေသည့် နေရာသို့ ခြေလှမ်းကာ တိုက်ခိုက်လိုက်၏။

သူ၏ အမြန်နှုန်းကို ဖော်ပြရန်ပင် မဖြစ်နိုင်ပေ။

"ဝုန်း.."

မျက်တောင် တစ်ခတ်စာ အချိန်လေးမှာပင် တာအိုသခင်၏ ခန္ဓာကိုယ်က နှစ်ခြမ်းကွဲထွက်သွားသည်။

အပိုင်း(၁၃၁၈) ပြီး၏

အပိုင်း(၁၃၁၉) ဘုံသခင်နှင့်တွေ့ဆုံခြင်း

ဘုံသခင်မပြောနှင့်.. အောင်းလီနှင့် လုကျန်းပင် ဖန်ရှင်းကို လျော့တွက်ထားမိကြသည်။

မိုးကြိုးကပ်ဘေးက ကောင်းကင်နှင့် မြေကြီး၏ အလိုတော်ကို ထင်ထင်ရှားရှား ပြသခြင်း ဖြစ်ပြီး ကောင်းကင်နှင့်မြေကြီး၏ ဟန်ချက်ညီမှုကို အနှောင့်အယှက် ဖြစ်စေသော ကွဲလွဲချက်များကို ဖယ်ရှားပေးသည်။

ကပ်ဘေးမိုးကြိုးက ကျင့်ကြံမှုအခြေခံ လုံလောက်လျှင် အခွင့်အလမ်းနှင့် ကံကောင်းမှု တစ်ခု ဖြစ်သည်။

ယနေ့တွင်မူ ဖန်ရှင်းက မိုးကြိုးကပ်ဘေး၏ အကူအညီဖြင့် ခန္ဓာကိုယ်ကို သန့်စင်ကာ ကျင့်ကြံမှု အခြေခံကို ပြန်လည် ပြုပြင်ထားနိုင်ခဲ့၏။

ဤမိုးကြိုးကပ်ဘေးကို မသန့်စင်မီအထိ ဖန်ရှင်းက တစ်ကမ္ဘာလုံးကို ထိန်းချုပ်နိုင်သည် ဖြစ်စေ မထိန်းချုပ်နိုင်သည် ဖြစ်စေ.. ဘာသာတရား သုံးပါး၏ အဆုံးအမများကို သူ့နည်းသူ့ဟန်ဖြင့် နားလည်ခဲ့သည် ဖြစ်စေ.. သူ၏ စစ်မှန်သော ကျင့်ကြံမှုအဆင့်သည် ကပ်ဘေး တတိယအဆင့်သာ ဖြစ်သည်။

သို့ဆိုလျှင် မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီးနောက် သူက

မည်သို့သော ကျင့်ကြံမှု အဆင့်ကို ရောက်ရှိနေပြီနည်း။

ယင်းအချက်ကို အောင်းလီနှင့် လုကျန်းပင် အတိအကျ
မခန့်မှန်းရဲပေ။

အဘယ်ကြောင့် ဆိုသော် ဖန်ရှင်း ပြသခဲ့သည့် ခွန်အားက
ချဲ့ကားလွန်းရာ ကျနေသောကြောင့်ပင်။

ဖန်ရှင်းက တာအိုသခင်ဆီသို့ ခြေတစ်လှမ်းထဲဖြင့် အရောက်လှမ်း၍
လုပ်ကြံ သတ်ဖြတ်ခဲ့သည်။

တာအိုသခင်(ဝါ) မွန်းစတား တစ်ကောင်က ဘုံသခင်၏
ကောင်းချီးပေးမှုကြောင့် အစစ်အမှန် အင်မော်တယ်လောက်
အစွမ်းပြနေသော်လည်း တကယ်တမ်းတွင် ကပ်ဘေးတတိယအဆင့်
သို့မဟုတ် စတုတ္ထအဆင့်လောက်သာ ခွန်အားရှိသည်။

မည်သို့ပင်ဖြစ်စေ ကပ်ဘေး တတိယအဆင့် သို့မဟုတ် စတုတ္ထအဆင့်
မွန်းစတား တစ်ကောင်ကို တစ်ချက်တည်းဖြင့် မည်သူက
သတ်ဖြတ်နိုင်မည်နည်း။

ဖန်ရှင်းကို အားကိုးသည့် တာအိုကျင့်ကြံသူများ၏ မျက်လုံးများက တောက်ပလာပြီး အဆုံးမဲ့ ယုံကြည်မှုများ မွေးဖွားလာသည်။

ထိုမြင်ကွင်းကိုမြင်လျှင် မကောင်းဆိုးဝါး နတ်မိစ္ဆာတွေ အားလုံးက တစ်ချိန်တည်းမှာပင် ကြောက်လန့်တကြား ဖြစ်ကုန်ကြသည်။

တာအိုသခင် အသတ်ခံရသည်ကို မြင်လိုက်ရလျှင် နတ်ဆိုးသခင်နဲ့ ဗုဒ္ဓသခင်တို့ပင် ဆက်လက်တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိတော့ပေ။

"သူ့ကို ဟန့်တားလိုက်.. ဟန့်တားလိုက်ကြ"

ဗုဒ္ဓသခင်နှင့် နတ်ဆိုးသခင်တို့က ကျယ်လောင်သော အသံဖြင့် အော်ဟစ်လိုက်သော်လည်း ကိုယ်တိုင်ကမူ နောက်တစ်ကြိမ် တိုက်ခိုက်လိုခြင်း မရှိတော့သဖြင့် မဟန့်တားခဲ့ကြပေ။

....

....

"ဘာလို့ ဒီလောက်ကြီးကျယ်တဲ့ တိုက်ပွဲကြီးကို ဖန်တီးရတာလဲ"

နဂါးမယ်တော်တို့ လူစုက ကောင်းကင်နှင့် မြေကြီးကို ချေမှုန်းပစ်နိုင်လောက်သည့် ဖန်ရှင်း၏ စွမ်းရည်များကို မြင်လိုက်ရသောအခါ မျက်နှာက သွေးမရှိတော့ သကဲ့သို့ ဖြူဖျော့သွားပြီး ချက်ချင်းပင် ကြောက်လန့်သွားခဲ့သည်။

သူမက ဘုံသခင်၏ အာရုံကို ပြောင်းစေရန် ဖန်ရှင်းကို အသုံးချဖို့ စီစဉ်ခဲ့သည်။

သူမ၏ နှလုံးသားထဲတွင် အဖြစ်ချင်ဆုံး ဆန္ဒမှာ ဖန်ရှင်းနှင့်ဘုံသခင် အတူတူ ပျက်သုဉ်းသွားပြီး သူမက သူမ၏ ကလေးတွေနှင့် အတူ ဘေးကင်းရာသို့ ထွက်ပြေးရန် ဖြစ်၏။

ယခု သူမ လေ့လာရသလောက် မိစ္ဆာလေး၏ တိုက်ပွဲက ဖြစ်သင့်တာထက်ပင် ကြီးကျယ် ခမ်းနားလွန်းနေသည်။

"သူတို့တွေ ရန်ဖြစ်နေတုန်း ငါတို့ အကျိုးအမြတ်ရအောင် လုပ်သင့်တယ်"

နဂါးမင်းသား တစ်ဦးက ရက်စက်ကြမ်းကြုတ်သော အမူအရာဖြင့် ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် နဂါးမယ်တော်က ခဏမျှ မှင်တက်သွားမိသည်။

သူမက အနည်းငယ် တုန်လှုပ်သွားသည်မှာ သိသာထင်ရှားနေသည်။

သူမက အရှေ့ပင်လယ်၏ အခြေခံအုတ်မြစ်များ ဖြစ်သည့် သူမ ကယ်တင်ခဲ့သော နဂါးလေးများကို ကြည့်လိုက်သည်။

ထို့နောက်တွင် သူမက ခေါင်းကို ခါရမ်းလိုက်ပြီး

"မဖြစ်ဘူး.. အဲ့ဒါက အန္တရာယ် အရမ်းကြီးလွန်းတယ်.. ဒီမကောင်းဆိုးဝါးလို နေရာကနေ မြန်မြန် ထွက်သွားရအောင်.. မင်းတို့ ဦးရီးတော်ကို အမီလိုက်ဖို့က ပိုအရေးကြီးတယ်.."

ထိုစကားကို ပြောပြီးနောက် သူမက ခေတ္တ ရပ်တန့်ကာ သက်ပြင်းချလိုက်ပြီး

"မိစ္ဆာလေးက အရည်အချင်း အတော်လေး ရှိပုံရတယ်.. ငါ သူ့ကို လျှော့တွက်မိခဲ့တယ်.. ဒီလောက် ကြီးမားတဲ့ တိုက်ပွဲအောက်မှာ သူလွတ်မြောက်နိုင်ခဲ့ရင်တော့ မင်းတို့ရဲ့ ဦးရီးတော်ကို သူဆုံးမနိုင်လိမ့်မယ်လို့ ငါတကယ် ယုံကြည်တယ်.."

"မယ်တော်.. ဦးရီးတော် သွားတာပဲ အနှစ်သုံးဆယ်ရှိပြီ.. ငါတို့ သူ့ကို လိုက်မီဖို့ မဖြစ်နိုင်ဘူးလေ"

နဂါးမင်းသား တစ်ပါးက ရုတ်တရက် တွေးတွေးဆဆ ပြောလိုက်၏။

"မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ နဂါးသွေးတွေ ရှိနေတယ် ဆိုတာ မမေ့နဲ့.. မင်းဘယ်လိုများ ဒီလောက်တောင် ကြောက်လန့်နေတာလဲ"

အောင်းပိုင်က အေးစက်စက် ရေရွတ်လိုက်သည်။

နှစ်ပေါင်းသုံးဆယ် နီးပါး အကျဉ်းချခံထားရသည့် သူမ၏ ကလေးများကို နှစ်သိမ့်ပေးဖို့ အတတ်နိုင်ဆုံး ကြိုးစားနေသည့် နဂါးမယ်တော်က အောင်းပိုင်၏ စကားကို ကြားလျှင် အနည်းငယ် လန့်ဖြန့်သွား၏။

ပြောမပြနိုင်လောက်အောင် ထူးဆန်းသော ခံစားချက် တစ်ခုက သူမ၏ စိတ်ထဲတွင် ပေါ်ပေါက်လာသည်။

"ဒါက နဂါးမင်းသားတွေရဲ့ မောက်မာခြင်း တစ်မျိုးပဲလား"

....

....

"ဟားဟားဟား.. အချစ်လေး.. မင်းဘယ်နေရာမှာ ရှိနေလဲ.. ငါ့ကို လာကြည့်ခွင့် ပေးစမ်းပါ"

ဖန်ရှင်း၏ လှောင်ရယ်သံများ ထွက်ပေါ်လာသော အချိန်တွင်ကောင်းကင်နက်မြစ်က ကောင်းကင်ဆီသို့

တိုက်ရိုက်စီးဆင်းသွားသည်။

ထိုသို့ စီးဆင်းလာသည်နှင့်အမျှ ဤနယ်မြေ၏ နက်နဲရာ အရပ် ဆီသို့ ဦးတည်သွားသော လျှို့ဝှက်လမ်းကြောင်း တစ်ခု ဖြစ်ပေါ်လာသည်။

ဆိုရလျှင် ဤနယ်မြေကြီးက လှိုဏ်ဂူတစ်ခု အဖြစ်သို့ ပြောင်းလဲသွားပုံရသည်။

စတုတ္ထမြောက် သခင်(ဝါ)ဘုံသခင်၏ ခန္ဓာကိုယ် အစစ်အမှန်သည် ဤလှိုဏ်ဂူ၏ နက်နဲသော နေရာတွင် ရှိရမည်ဟု သူ ကောက်ချက်ချခဲ့ပြီ ဖြစ်သည်။

လက်ရှိအချိန်တွင် သူက လှိုဏ်ဂူအတွင်း၌ အန္တရာယ်များ ရှိနေမည်ကို သိသော်လည်း အတင့်ရဲစွာဖြင့် ဝင်သွားလိုက်သည်။

"သတ်ပစ်.. သတ်.. သူ့ကိုသတ်"

ဘုံသခင်၏ အက်ကွဲ စူးရှသော အသံကို ကြားသည်နှင့် မရေမတွက်နိုင်သော မိစ္ဆာများနှင့် အလောင်းကောင်များက

အရပ်မျက်နှာ အသီးသီးမှ ပြေးထွက်လာကြသည်။

၎င်းတို့က ဖန်ရှင်း၏ ခြေလှမ်းကို ရပ်တန့်ဖို့ ကြိုးစားသော်လည်း တာအိုသခင် လောက်ပင် အစွမ်းအစ မရှိရာ ဖန်ရှင်း၏ ခြေလှမ်းကို မည်ကဲ့သို့ ရပ်တန့်နိုင်ပါမည်နည်း။

ဖန်ရှင်းက ၎င်းတို့က လုံးဝဂရုမစိုက်ဘဲ အသိစိတ်ကမ္ဘာထဲမှဝက်ဝတုတ်လေး အကောင်နှစ်ဆယ်ကို ထုတ်ယူလိုက်သည်။

"သတ်လိုက်"

ထို့နောက် ဖန်ရှင်းက မကောင်းဆိုးဝါးများကို လက်ညှိုးထိုးပြ၍ ဝက်ကလေးများကို အမိန့်ပေးလိုက်၏။

ဝက်အကောင် နှစ်ဆယ်တွင် ခေါင်းဆောင်တစ်ဦးသာ ရွှေအမြုတေ အဆင့်ဖြစ်ပြီး ကျန်ဝက်ကလေးများမှာ အခြေတည်အဆင့်သာ ရှိသည်။

သို့ရာတွင် ၎င်းတို့ ဝတ်ဆင်ထားသည့် ချပ်ဝတ်တန်ဆာများနှင့် မျော်လက်နက်များကမူ အထွတ်အထိပ်အဆင့် မျော်ရတနာအဆင့်များ ဖြစ်ကြ၏။

မူလတွင် ဝက်ကလေးများက အိမ်မွေးဝက်မျှသာ ဖြစ်သော်လည်း ယခုအခါတွင် တောဝက်ကဲ့သို့ ရက်စက်ကြမ်းကြုတ်သော အမူအရာအပြည့် ရှိနေသည်။

ဖန်ရှင်းက အလောင်းကောင်များကို ၎င်းတို့နှင့် လက်လွှဲလိုက်ပြီး လှိုဏ်ဂူ၏ နက်နဲရာဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့၏

"ကယ်ကြပါ.. သူရဲကောင်းဖန် ငါတို့ကို ကယ်ပါဦး..."

တစ်နေရာသို့ အရောက်တွင် အနက်ရောင် သံတိုင်များပေါ်၌ တုပ်နှောင် ခံထားရသည့် အရှေ့ပင်လယ်၏ စစ်သူကြီးများကဖန်ရှင်းကို သနားစဖွယ် အကူအညီ တောင်းနေသည်။

ထိုသူများက နဂါးမယ်တော်၏ သားသမီးများနှင့် အတူ အကျဉ်းချ

ခံထားရသူများ ဖြစ်ကြောင်း ဖန်ရှင်းက သိလိုက်သည်။

ယင်းနောက်တွင် ဖန်ရှင်းက လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ စကြဝဠာ သိုလှောင်အစွမ်းဖြင့် အသိစိတ်ကမ္ဘာထဲသို့ ၎င်းတို့အားလုံးကို ထည့်သွင်းလိုက်သည်။

၎င်းတို့ကို မေးခွန်းထုတ်ရန် နှလုံးသားထဲတွင် တစ်စုံတစ်ခု ရှိနေသော်လည်း ယခုအခါ၌ သူ့တွင် အချိန်မရှိခဲ့ပေ။

"မင်း.. မင်း အတော် အတင့်ရဲတာပဲ.. မင်းငါ့ကို ဘယ်လိုတောင် ရိုင်းပြနေတာလဲ"

လှိုဏ်ဂူ၏ နက်နဲသော နေရာသို့ ရောက်လာလေ ဘုံသခင်၏ စူးရှရှ အသံက ပို၍ ဒေါသအိုး ပေါက်ကွဲလာလေ ဖြစ်နေသည်။

"ဟက်.. ငါနဲ့တွေ့ပြီးရင် ငါဘယ်လို အတင့်ရဲလည်း မင်း သဘာဝကျကျ သိသွားပါလိမ့်မယ်..."

ဖန်ရှင်းက လှောင်ပြောင် ရယ်မောရင်း အလျှင်အမြန်

လမ်းလျှောက်၍ ဝင်လာခဲ့သည်။

"သတ်ပစ်"

ဘုံသခင်က မရေမတွက်နိုင်သော နတ်ဆိုးများနှင့် မကောင်းဆိုးဝါးများကို ပုံရိပ်ယောင် အဖြစ် ဖန်တီးကာ ဖန်ရှင်းကို ခြောက်လန့်ခဲ့သည်။

၎င်းပုံရိပ်များကိုမြင်လျှင် ဝက်ကလေးများက ကြောက်လန့်တကြားဖြစ်ကာ ဖန်ရှင်း၏ နောက်တွင် ပုန်းအောင်း လိုက်ကြသည်။

"မကြောက်နဲ့.. ဒါက တကယ့် အစစ်တွေ မဟုတ်ဘူး"

ဖန်ရှင်းက တစ်ချက် ကြည့်လိုက်သည်နှင့် လှည့်စားမှုဖြစ်ကြောင်း သိရှိလိုက်ပြီး ဝက်ကလေးများကို မကြောက်လန့်ရန် ပြောဆိုလိုက်သည်။

"မင်းက သိပ်တော်နေတယ်ပေါ့လေ.. ငါ မင်းကို ငရဲဆယ့်ရှစ်ထပ်ရဲ့

အောက်ဆုံးထပ်မှာ ထားလိုက်မယ်..."

ဘုံသခင်က စူးရှစွာ အော်ဟစ်လိုက်ပြီး ငရဲတမျှ ပူလောင်သော ပတ်ဝန်းကျင်ကို ဖန်တီးလိုက်သော်လည်း ဖန်ရှင်းက သူ၏ ပတ်ဝန်းကျင်ကို နှင်းခဲကမ္ဘာ အဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။

"ဘုံသခင်.. အခု ငါ့မှာ အပြစ်ကင်းတဲ့ နှလုံးသားရှိတယ်.. မင်းရဲ့ ထင်ယောင်ထင်မှား လှည့်စားမှုတွေ ဘယ်လောက်ပဲ ပြင်းထန်နေပါစေ.. ငါ့ကို ဘယ်လိုလုပ် အနိုင်ယူနိုင်မှာလဲ"

ဖန်ရှင်းက ရယ်မော၍ ပြောလိုက်ပြီး အမြန် လမ်းလျှောက်လာခဲ့သည်။

နှင်းခဲကမ္ဘာမှ ရေခဲတွေရော.. ငရဲကမ္ဘာမှ မီးတောက်တွေပါ သူ့ကို လုံးဝ ထိခိုက်အောင် မလုပ်နိုင်ခဲ့ပေ။

"ဒီနတ်ဘုရားက ဘယ်သူနဲ့မှ မပတ်သက်ခဲ့တာ နှစ်ပေါင်း ရာနဲ့ချီနေပြီ.. အခုတော့ မင်းကို ခြွင်းချက် တစ်ခု အဖြစ် ထားရတော့မှာပေါ့.."

ထိုစကားကို ပြောပြီးနောက် ဘုံသခင်၏ အသံက ရုတ်တရက် တိတ်ဆိတ်သွားသည်။

ခဏအကြာတွင် သူက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဂျိန်း"

ကျယ်လောင်သော အသံနှင့်အတူ တင်းကြပ်စွာ ပိတ်ထားသော လှိုဏ်ဂူ၏ ကျောက်တံခါးက ပွင့်လာပြီး အတွင်းထဲမှ ခွန်အားကြီးမားပုံ ရသော အဘိုးအိုတစ်ဦးက ဖြည်းညင်းစွာ ထွက်လာခဲ့၏။

သူ၏မျက်လုံးများက အေးစက်စက် ဖြစ်နေပြီး မျက်လုံးထဲတွင် အဆုံးမဲ့ ကမ္ဘာတစ်ခု ရှိနေပုံရသည်။

အဘိုးအို၏ လူသတ်ငွေ့လွှမ်းသော မျက်လုံးကို ရင်ဆိုင်ရလျှင် ဖန်ရှင်း၏ တပည့်များ ဖြစ်သည့် ဝက်ကလေးများက တုန်လှုပ်သွားကြ၏။

"ဆရာ.. ဒါက ဘယ်လို ဖြစ်တည်မှုမျိုးလဲ.. ဆရာထက် အများကြီး စွမ်းအားကြီးတယ်"

"ဆရာ ကျနော်တို့ မြန်မြန် ထွက်ပြေးရအောင်"

အချိန်အတော်ကြာပြီးနောက် ဝက်ကလေးများက ထွက်ပြေးရန် ထိန်းမနိုင်သိမ်းမရ ယောက်ယက်ခတ် နေကြသည်။

ဖန်ရှင်းကမူ တုန်လှုပ်သည့် အရိပ်အယောင် စိုးစဥ်းမျှမရှိဘဲ အဘိုးအိုနှင့် မျက်လုံးချင်းဆိုင်၍ ကြည့်နေ၏။

အဘိုးအို၏ အသွင်အပြင်က အင်မော်တယ် စွမ်းအင်များ ပြည့်နှက်နေပုံရကာ လူတကာထက် သာလွန်သော အော်ရာများ ထွက်ပေါ်နေသည်။

ထိုနေရာတွင် ငြိမ်သက်စွာ ရပ်နေရုံဖြင့်ပင် အဘိုးအိုက ကောင်းကင်နှင့် မြေကြီး၏ ဗဟိုချက်.. စကြဝဠာ၏ ဘုရင်တစ်ပါး ဖြစ်နေသကဲ့သို့ပင်။

"သူက ဒဏ္ဍာရီလာ အင်မော်တယ်ဘုရင်များလား"

"ကောင်လေး.. မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာတာပဲ"

ကြောက်မက်ဖွယ် ကောင်းသော တည်ရှိမှု ဖြစ်သည့် အဘိုးအိုက အေးစက်စက် ရေရွတ်လိုက်သည်။

"ဟုတ်လို့လား"

ရိုးသားစွာ ပြောရရင် အဘိုးအိုကို ကြည့်မိရုံဖြင့် ဖန်ရှင်းကနောက်လှည့်၍ ထွက်ပြေးချင်စိတ် ပေါက်နေပြီ ဖြစ်သည်။

ဖန်ရှင်းက စိတ်ပိုင်းဆိုင်ရာ ဖိအားများ ခံစားနေရသော်လည်း ဟန်ကိုယ်ဖို့ ဆိုသည့် အတိုင်း အံကို တင်းတင်းကြိတ်၍ လှောင်ပြောင် ရယ်မောလိုက်သည်။

"မင်းက ဘယ်သူပဲဖြစ်ဖြစ်.. သတ္တိရှိရင် ငါ့ကို လာတိုက်စမ်း..

မင်းမတိုက်ရင် ငါအရင် လာတိုက်ပြီ"

ထိုစကားကို ကြားသည်နှင့် အင်မော်တယ် ဘုရင်တစ်ပါးလို တည်ရှိနေသည့် အဘိုးအို၏ အမူအရာက ရုတ်တရက် ပြောင်းလဲသွားပြီး

"မတိုက်နဲ့.. မတိုက်နဲ့ သူရဲကောင်းလေး.. ငါတောင်းပန်ပါတယ်"

ဟု သနားစဖွယ် ပြောဆိုလိုက်သည်။

အပိုင်း(၁၃၁၉) ပြီး၏

အပိုင်း(၁၃၂၀) ထိုက်စုကြေးမုံမှန်

မူလက ဖန်ရှင်းသည် ဘုံသခင်၏ ခန္ဓာကိုယ် အစစ်အမှန်ကို ရှာတွေ့လျှင် အပြင်းအထန် တိုက်ခိုက်ရမည်ဟု မျှော်မှန်းထားသော်လည်း လက်တွေ့တွင် ဘုံသခင်က အကြောက်ကြီးကြောက်ကာ တောင်းပန် တိုးလျှိုးနေသည်။

အဘိုးအို၏ ခန္ဓာကိုယ်မှ အင်မော်တယ် အော်ရာများကတဖြည်းဖြည်း ပျောက်ကွယ်သွားပြီး သူ၏ အိုမင်းသော ရုပ်သွင်က တဖြည်းဖြည်း နုပျိုကာ ကလေးတစ်ယောက် အဖြစ်သို့ ပြောင်းလဲသွားသည်။

ဘုံသခင် တစ်ဖြစ်လဲ ကလေးငယ်က မြေပြင်ပေါ်တွင် သနားစရာကောင်းစွာ ဒူးထောက်ကာ ဖန်ရှင်းကို အပြစ်ကင်းသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ဝက်ကလေးများက ဖန်ရှင်း၏ ရှေ့တွင် ဒူးထောက်၍ အသနားခံနေသော ဘုံသခင်ကို စိုက်ကြည့်နေကြသည်။

"ဒါက ဆံပင်မပေါက်တဲ့ ယုန်မျိုးလား"

"ဒါက ယုန်မဟုတ်ဘူး.. ကလေးပဲ.. နားရွက်နည်းနည်း ရှည်တာတစ်ခုပဲ"

ဖန်ရှင်းက အချိန်အနည်းငယ်ယူ၍ အနီးကပ် ကြည့်ရှုပြီးနောက်တွင် သူ့ရှေ့တွင် ဒူးထောက်နေသည့် အရာကို သေချာသိသွားခဲ့သည်။

ကလေးက အသက်နှစ်နှစ်လောက်သာ ရှိသေးသော်လည်း ဖြူဖွေး၍ ဝဝလုံးလုံး ခန္ဓာကိုယ်ရှိကာ ချွန်ထက်သော နားရွက်နှစ်ခု ရှိနေသည်။

ကလေးငယ်က အပြစ်ကင်းစင်သော ယုန်ကလေးကဲ့သို့ ဖန်ရှင်းကို ကြောက်ရွံလုမတတ် ဝမ်းနည်းစွာ စိုက်ကြည့်နေသည်။

"သခင်.. ကျနော့်ကို သနားပါ.. နောက်တခါ မရိုင်းပြဝံ့တော့ပါဘူး"

ကလေးငယ်(ဝါ)ဘုံသခင်က အဆက်မပြတ် ဦးညွှတ်၍ သနားစဖွယ် ပြောဆိုနေသည်မှာ ရယ်စရာပင် ကောင်းနေ၏။

ငယ်ရွယ်လွန်းသော ကလေးကိုကြည့်ကာ မူလက အသေအကြေ တိုက်ခိုက်မည်ဟု အားခဲထားသော ဖန်ရှင်းပင်ရှက်ရွံ့သွားရသည်။

ထိုအချင်းအရာကို မြင်လျှင် ကလေးငယ်က အတင့်ရဲလာပြီး

"ကြည့်စမ်း ငါ့လို အရမ်း အားနည်းပြီး ချစ်ဖို့ကောင်းတဲ့ ကလေးကို

တိုက်ခိုက်ဖို့ ကြိုးစားနေတာ မရှက်ဘူးလား"

"သေစမ်း.. နောလေး"

ဖန်ရှင်းက သည်းမခံနိုင်တော့ဘဲ ကလေး၏ လက်ကိုဆွဲ၍ လေထဲသို့ တိုက်ရိုက် မြှောက်တင်ကာ ကျန်လက်တစ်ဖက်ဖြင့် နားရွက်ကို ဆွဲလိမ်လိုက်သည်။

"မင်းက မာနကြီးတဲ့သူ မဟုတ်လား.. ဘာတွေ ဟန်ဆောင်နေတာလား"

"အိုး.. နာတယ်.. နာတယ်.."

ကလေးငယ်က နာကျင်စွာ အော်ဟစ်ရင်း ဖန်ရှင်းကို အံ့အားသင့်သွားခဲ့သည်။

သူ ဒီလောက် သနားစရာ ကောင်းအောင် ဟန်ဆောင်နေပြီးမှ မိစ္ဆာလေးက အဘယ်ကြောင့် မမျှော်လင့်ဘဲ စိတ်ဆိုးသွားရသနည်း။

သူက ဖန်ရှင်း၏လက်ထဲမှ အကြောက်အကန် အော်ဟစ်ရုန်းကန်ရင်း ဖန်ရှင်း၏ မျက်နှာကို ကန်ထည့်လိုက်သည်။

သို့ရာတွင် ဖန်ရှင်း၏ လက်ရှိအဆင့်ဖြင့် ဖန်ရှင်းကို ထိခိုက်အောင် မည်ကဲ့သို့ လုပ်ဆောင်နိုင်ပါမည်နည်း။

ကလေးငယ်က စိတ်ပျက်လက်ပျက်ဖြင့် ခန္ဓာကိုယ်ကို ဖြေလျော့ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်၏။

"သခင် ကျနော့်ကို အသေသာ သတ်ပစ်လိုက်ပါ.. ဘာပဲဖြစ်ဖြစ် ကျနော် အသက်မရှင်ချင်တော့ဘူး.."

"ဖြန်း.."

ဖန်ရှင်းက ကလေးငယ်၏ စကားကို လျစ်လျူရှုလိုက်ပြီး ပါးပိတ်ရိုက်ကာ ကလေးငယ်၏ ငိုသံများကို လည်ချောင်းထဲသို့ ပြန်သွင်းပေးလိုက်၏။

ထို့နောက် ကလေးငယ် ထွက်လာခဲ့သည့် သူ့ရှေ့ရှိ ကျောက်တံခါးကို လှမ်းကြည့်လိုက်ရာ သူ့မျက်လုံးများက တောက်ပသွားသည်။

ကလေးငယ်က ကျောက်တံခါးမှ ထွက်လာပြီး နောက်တွင် ကျောက်တံခါးကို ပြန်ပိတ်လိုက်သော်လည်း အနည်းငယ်ဟနေသော နေရာမှ အင်မော်တယ်စွမ်းအင် အငွေ့အသက်များထွက်ပေါ်နေသည်။

"မလုပ်နဲ့.. သခင်.. အထဲကို ဝင်လို့မဖြစ်ဘူး"

ဖန်ရှင်း၏ အကြံအစည်ကို ရိပ်စားမိလျှင် ကလေးငယ်က ထိတ်လန့်တကြား အော်ဟစ်လိုက်၏။

"သူရဲကောင်းကြီး.. ငါ့ရဲ့ ရှုံးနိမ့်မှုကို ဝန်ခံပါတယ်.. ငါက မင်းလောက် မတော်ပါဘူး.. မင်းက ဆိုးသွမ်းတဲ့ ခေါင်းကိုးလုံးတီကောင် ထက် ပိုအစွမ်းထက်တယ် ဆိုတာကို ငါတကယ်ဝန်ခံပါတယ်.. ငါမင်းကို ထပ်မစော်ကားရဲတော့ပါဘူး.. ငါ့ရဲ့အင်မော်တယ် အသက်တစ်ဝက်ကိုလည်း ပေးခဲ့ပြီးပါပြီ.. ဒီကနေသာ မြန်မြန်ထွက်သွားပါတော့.. အနာဂတ်မှာ ထျန်းယွမ်တိုက်မှာ ရှိတဲ့ သတ္တဝါတွေကို ငါဘယ်တော့မှ မထီမဲ့မြင် မလုပ်တော့ဘူးလို့ ကတိပေးပါတယ်.. ကျေးဇူးပြုပြီး ထွက်သွားပါတော့.. ဒီတံခါးကို

မဖွင့်ပါနဲ့.. ဒီတံခါးရဲ့ နောက်မှာ အရမ်း ကြောက်စရာကောင်းတဲ့ အရာတစ်ခု ရှိနေလို့ပါ.."

ကလေးငယ်က တားမြစ်နေသော်လည်း ဖန်ရှင်းက ဂရုစိုက်မနေဘဲ တံခါးကို ခဏလောက် ကြည့်ရှုပြီးနောက် လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း"

ဖန်ရှင်းက အလွန် လေးလံပုံရသော ကျောက်တံခါးကို လက်ဖဝါးဖြင့် ရိုက်ချလိုက်ရာ အဆုံးမရှိသော မီးခိုးမြူမှုန်များက ပြန့်ကျဲသွားပြီး ချက်ချင်း ဆိုသလိုပင် မှောင်မိုက်သော ဝင်ပေါက် တစ်ခု ဖြစ်ပေါ်လာသည်။

ထိုအခိုက်တွင် ထိုနေရာမှ ပြင်းထန်သော အင်မော်တယ် စွမ်းအင်များ ထွက်ပေါ်လာသည်။

"အင်မော်တယ် စွမ်းအင်တွေက ဒီကနေ ထွက်လာပုံရတယ်."

ဖန်ရှင်း၏ အမူအရာက တည်ငြိမ်နေပုံရသော်လည်း စိတ်ထဲတွင် စိုးရိမ်ပူပန်မှုများ ရှိနေသည်။

ဤနယ်မြေ၏ ထင်ယောင်ထင်မှား ပုံရိပ်ယောင်များကို မချိုးဖျက်ခင် ဤနယ်မြေက တကယ့် အင်မော်တယ် နယ်မြေလို အင်မော်တယ် စွမ်းအင်တွေ ပြည့်နှက်နေသည်ဟု ခံစားခဲ့ရသော်လည်း ပုံရိပ်ယောင်တွေကို ဖျောက်ဖျက်ပြီးသည့် နောက်တွင် ဤနယ်မြေက မှော်ဆန်လွန်းသည့် နယ်မြေ တစ်ခု ဖြစ်ပြီး ပြည့်စုံမှု မရှိသေးသော ကမ္ဘာကြီး ဖြစ်နေသည်ကို တွေ့ခဲ့ရသည်။

နတ်ဆိုးများနှင့် မိစ္ဆာအနည်းစုမျှသာ စုစည်းမိသော်လည်း ဤနတ်ဆိုးနယ်မြေတွင် အံ့သြစရာ အင်မော်တယ် စွမ်းအင်များ ရှိနေသေးကြောင်းတော့ ဝန်ခံရပေမည်။

ဤနယ်မြေက မကောင်းဆိုးဝါး နတ်မိစ္ဆာများ ကျက်စားရာ နယ်မြေ ဖြစ်ရာ အင်မော်တယ် စွမ်းအင်က ဘယ်ကလာပါသနည်း။

နတ်ဆိုးစွမ်းအင်က ဤနယ်မြေ၏ အရင်းအမြစ် ဖြစ်သည်ကို ယခုအချိန်အထိ ဖန်ရှင်းက နားလည်ထားသော်လည်း အင်မော်တယ် စွမ်းအင်၏ အရင်းအမြစ်ကမူ ဤနေရာမှထွက်ပေါ်လာကြောင်း

ယခုမှ သိလိုက်ရသည်။

"မဝင်ပါနဲ့.. ငါ ရှုံးနိမ့်တာကို ဝန်ခံပါတယ်.. မင်းလည်း အင်မော်တယ် အသက်ကို ရပြီးပြီပဲ.. သွားပါတော့"

လေထဲသို့ မြှောက်ခြင်းကို ခံရသော ကလေးငယ်က ကူကယ်ရာမဲ့စွာဖြင့် သနားစဖွယ် ထပ်မံ အော်ဟစ်လိုက်သည်။

"ပါးစပ်ပိတ်ထားစမ်း"

ဖန်ရှင်းက ကလေးငယ်ကို စကား ထပ်မပြောဝံ့အောင်ကြိမ်းမောင်းလိုက်ပြီး တံခါးပေါက်ထဲကို ဝင်လာခဲ့သည်။

အထဲကိုရောက်ပြီးနောက် အံ့ဩလွန်းသဖြင့် ဖန်ရှင်းက သက်ပြင်းရှည်ကိုပင် ချရန် မေ့လျော့နေသည်။

ဤနေရာရှိ အင်မော်တယ် စွမ်းအင်က ပြင်းထန်လွန်းလှသည်။

ယောင်းချီမျိုးနွယ်စု၏ မက်မွန်တောထဲမှ နှစ်တစ်ထောင်မက်မွန်သီး စားလိုက်ရသလိုမျိုး စိတ်ကို လန်းဆန်းသွားစေ၏။

ဖန်ရှင်းက ဤနေရာ၏ အပြင်အဆင်ကို လျင်မြန်စွာ အကဲခတ်လိုက်ရာ ဤနေရာက အလုံပိတ် သင်္ချိုင်းတစ်ခု ဖြစ်နေသည်ကို သိလိုက်ရသည်။

ထူးခြားသည်မှာ သာမန်သင်္ချိုင်းများနှင့် မတူဘဲ ရှေးဟောင်းစာအုပ်စင် အနည်းငယ် ရှိနေခြင်းပင်။

ဆိုရလျှင် ဤနေရာက လုံး၀ အလုံပိတ်ထားသည့် သင်္ချိုင်းတစ်ခု ဖြစ်သည်။

သင်္ချိုင်း၏ အဆုံးတွင် ယဇ်ပလ္လင်တစ်ခု ရှိနေပြီး ထို ယဇ်ပလ္လင်ပေါ်တွင် အံ့ဩဖွယ်ရာ လင်းလက် တောက်ပနေသည့် အရာတစ်ခု ရှိနေ၏။

ထိုအရာက ရှေးဟောင်း ကြေးမုံမှန်တစ်ခု ဖြစ်သည်။

ဤ သချိုင်း ပတ်ဝန်းကျင်က ကြီးကျယ် ခမ်းနားသော အင်မော်တယ် စွမ်းအင်များကို အဆက်မပြတ် ထုတ်လွှတ်နေသည်။

"ဘုံသခင်.. ကြေးမုံထဲ ဝင်ချင်လား..."

သူက ကလေးငယ်ကို မျက်လုံးချင်း ဆိုင်ကြည့်၍ ပြောလိုက်သည်။

"မလုပ်ပါနဲ့"

ကလေးငယ်က ဖန်ရှင်း၏စကားကို ကြားလျှင် အကြောက်အကန် ငြင်းဆိုလိုက်သည်။

"သွားပါ ကလေးရယ်..."

ဖန်ရှင်းက ရယ်မောကာ ကလေးငယ်ကို မှန်ဆီသို့ ပစ်ထည့်လိုက်သည်။

ကလေးငယ်က မှန်ထဲသို့ ဝင်ရောက်သွားပြီး နောက်တွင် ထူးဆန်းသော မြင်ကွင်းတစ်ခု ပေါ်ပေါက်လာသည်။

မှန်မျက်နှာပြင်က ရေမျက်နှာပြင်ကဲ့သို့ ပြန့်ကားသွားပြီး ကလေးငယ်၏ ဒေါသထွက်နေသော ပုံရိပ်က ထွက်ပေါ်လာသည်။

"မင်းကို နောက်ဆုံး အခွင့်အရေး တစ်ခု ပေးမယ်.. ငါ့ကို မနှောင့်ယှက်နဲ့.."

ကလေးငယ်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

သူ့အသံက နားကွဲမတတ် ကျယ်လောင်နေသော်လည်း ဖန်ရှင်းက လုံးဝ ဂရုမစိုက်ဘဲ အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ကာ မှန်ကိုသာ စူးစိုက်ကြည့်လိုက်သည်။

"အင်မော်တယ် ဘုရင်ရဲ့ မှော်ရတနာ.. ထိုက်စု ကြေးမုံမှန်.."

ဖန်ရှင်း၏ ကျင့်ကြံမှု အဆင့်အတန်း မြင့်မားလာသည်နှင့် အမျှ အသိအမြင်ကျမ်းကလည်း တဖြည်းဖြည်း အဆင့်မြင့်လာ၏။

ထို့ကြောင့် ကြေးမုံမှန်၏ ဇစ်မြစ်ကို ဖန်ရှင်းက
ဖော်ထုတ်နိုင်ခဲ့ခြင်းပင်။

ထိုက်စုကြေးမုံမှန်..

မှော်အစွမ်း ရှိပြီး အတုအယောင်များကို အစစ်အမှန် အဖြစ်သို့
ပြောင်းလဲစေကာ လူတို့၏ စိတ်နှလုံးများကို ပြောင်းလဲစေသည်။

အင်မော်တယ်ဘုရင် ဆိုသည်မှာ အဘယ်နည်း။

ဒဏ္ဍာရီအရ အင်မော်တယ်ဘုရင် ဆိုသည်မှာ မဟာအင်မော်တယ်ဘုံရှိ
ထိပ်တန်း အင်မော်တယ် မျိုးနွယ်စုကို ပေးအပ်သည့်
ဂုဏ်ထူးဆောင်ဘွဲ့ ဖြစ်ပြီး စကြာဝဠာတွင် အပြင်းထန်ဆုံး တည်ရှိမှု
တစ်ခု ဖြစ်သည်။

ထျန်းယွမ်တိုက်၏ ကျင့်ကြံသူများက အင်မော်တယ် လမ်းစဥ်ကို
လိုက်စား ကြသော်လည်း အင်မော်တယ်ဘုရင်သည် အင်မော်တယ်
များထဲတွင် အမြင့်ဆုံး ဖြစ်၏။

ယခုမူကား အင်မော်တယ် ဘုရင်၏ မှော်လက်နက်ကို သူ့မျက်စိဖြင့် မြင်နေရပြီ ဖြစ်သည်။

ဤနယ်မြေက ဤမျှ ထူးဆန်းနေသည်မှာ အံ့သြစရာ မဟုတ်တော့ပေ။

ဖန်ရှင်းက တာအိုကို မထိတွေ့မီအထိ ဤနယ်မြေ၏ လှည့်စားမှုကို မမြင်နိုင်ခဲ့ပေ။

အမှန်မှာ ဤကြေးမုံမှန်သည် အင်မော်တယ် ဘုရင်၏ မှော်လက်နက်တစ်ခု ဖြစ်သည်။

၎င်းက အရာအားလုံးကို သဘာဝကျကျ မြင်နိုင်ပြီး အလုံးစုံကို သိမြင်နိုင်သည့် မှန်တစ်ချပ် ဖြစ်သော်လည်း ကိုယ်ပိုင် စိတ်ဝိညာဉ်ရှိပြီးသား ဖြစ်နေ၏။

သခင်သုံးပါးနှင့် ဤနယ်မြေရှိ မွန်းစတားများကို မှော်ကြေးမုံမှန်၏ စိတ်ဝိညာဉ်က ထိန်းချုပ်ထားသည်မှာ သေချာသည်။

၎င်းက ကိုယ့်ဘာသာကိုယ် တိုက်ခိုက်နိုင်သည့် စွမ်းအား များများစားစား မရှိချေ။

ထို့ကြောင့် ဤနေရာမှ သိပ်သည်းလွန်းသည့် အင်မော်တယ် စွမ်းအင်များဖြင့် မကောင်းဆိုးဝါးများကို ကောင်းချီးပေးကာ ဤနယ်မြေကို စိတ်တိုင်းကျ ခြယ်လှယ် လုပ်ဆောင် နေခဲ့ခြင်း ဖြစ်သည်။

"ဒီနေရာမှာ အင်မော်တယ် ဘုရင် တစ်ပါးရဲ့ ရတနာတစ်ခု ရှိနေမယ်လို့ ငါမထင်ခဲ့ဘူး.. မထင်မှတ်ဘဲ ငါအင်မော်တယ် ဘုရင်ရဲ့ မှော်ရတနာကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ"

ဖန်ရှင်းက ကြေးမုံမှန်ကို ကြည့်ကာ ပျော်ရွှင်လာပြီး ဤနေရာရှိ အရာရာတိုင်းက တန်ဖိုးရှိသည်ဟု ခံစားလာရသည်။

အပိုင်း(၁၃၂၀) ပြီး၏

စာရှုသူများကိုလေးစားလျက်

လျှမ်းလျှမ်းဝေ